www.dhammadownload.com

ဗဒိသောတုံဇကျော်

သောင်ကန်သရာတော်ဘုရားကြီး

ပြန်ဆိုရေးသားတော်မူခဲ့သော

ပိုတော်စို

ဒီးရာဒါးခေယျ

ဒေတိဝတ္ထု

တတိယတွဲ

ခင်ချိုထွန်းစာပေ

အမှတ်-၆၆၊ ဥဂျ-လမိုး၊ ရန်ကုန်မြို့

www.dhammadownload.com

သင္ဥဒ္ဒါဂၢ်ာအား ဒွမ်း ၃ – ပါး

၁။ သီဂၢန်မှန်က၊ မကျန်ဂၢအောင်၊ လုံးဝကုန်စင်၊ အကုန်မြင်–
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည်းတရား၊ များအပြားဒွဲ၊ ဟောထားစဖွယ်၊
နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်–
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြလေ၊ များလေနေ၏၊ ဣန္ဒြေစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ဆွဲစုံလင်၊ အကုန်မြင်–
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

(အဂ္ဂဉ်နေ့ကာဘိဝံသ)

ဤစာအုပ်တွင်–

၁။ အထက်ပါ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးတွင် သိထိုက်သော အရာဟူသမျှကို သိတော်မူသောကြောင့် ဖြစ်ပေါ်လာသမျှ အကြောင်း အရာများ၏အခြေအမြစ်များကို အတိတ်ဖြစ်ရပ်နှင့် ဆက်စပ်၍သိတော်မူသဖြင့်–

၂။ ဟောကြားသင့်ပုံ အတိတ်ဖြစ်ရပ်အစုံတို့ကို ဇာတိသရ-ဉာဏ်တော်မြတ်ဖြင့် ထင်ဟပ်ပေါ်လွင်စေပြီးလျှင် ထိုက်သင့်ရာရာ ဖြစ်တော်စဉ် ဇာတ်တော်များဖြင့် အတင့်အတယ် ခြယ်လှယ် တန်ဆာဆင်လျက်–

၃။ မူရင်းဇာတ်ဆောင်တို့၏ အဋ္ဌာသယ, ဣန္ဒြေနှင့်, အကျင့်စရိုက်တို့အား ထိုက်တန်သော, လိုက်လျောသော, အံဝင်ခွင်ကျဖြစ်သော, တိုက်ရိုက်ဆက်စပ်သော ဝေးကွာလှသော ကမ္ဘာကမ္ဘာ ဘဝပေါင်းများစွာမှ ဖြစ်ရပ်တစ်ခုဖြင့် စပ်ဟပ်ဖော်ဆောင်ကာ သစ္စာကိုပါပြလျက် ဆွဲဆွေတော်မူပုံအစုံစုံကို အာရုံယူမှတ်သား၍ စိတ်ထားပြုပြင်နိုင်ရုံတွင်မက ဗဟုသုတများနှင့် ပြည့်စုံစေနိုင်ပြီး နည်းယူမှတ်သားဖွယ်တို့ကိုပါ တွေ့ရှိခံစားရမည်ဖြစ်ပါသည်။

www.dhammadownload.com

မဂ်လာဘုံကျော်

ညောင်ကန်ဆရာတော်ဘုရားကြီး

ပြန်ဆိုရေးသားတော်မူခဲ့သော

ပုံတော်စုံ

ဝါးကုဋိဝါးခဆယ်

ရာတော်ဝတ္ထု

(တတိယတွဲ ဇာတ်ပေါင်း-၁၁၄)

စင်္ကြိုတွန်းစာပေ
အမှတ်၊ ၈၆၊ ၃၇လမ်း၊ ရန်ကုန်မြို့.

www.dhammadownload.com

ငါးရာငါးဆယ်ဇာတ်ဝတ္ထု (၅၅၀-တတွဲ)

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် (၃၈/၉၅) (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၆ / ၉၁) (၂)

ဒုတိယအကြိမ် အုပ်ရေ - ၁၀၀၀

၁၉၉၅ - မေလ

တန်ဖိုး - ၁၀၀

စာအုပ်ချုပ် - ဦးသိန်းထွန်း စာအုပ်ချုပ်အဖွဲ့.

အဖုံးနှင့်အတွင်းပုံနှိပ်သူ ..... ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်း အော့ဖ်ဆက် ပုံနှိပ်တိုက်
အမှတ် - ၅၀ / ၅၂၊ ဒဂုံသီရိလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ..... ဦးအောင်ကြီး မြ (၀၉၈၆)
ရွှေပုရပိုဒ်စာပေ
အမှတ် - ၅၊ တင့်ဆန်းလမ်း
ဝဇ္ဇာလစ်၊ ရန်ကုန်။

ပြန်ချီရေး
သန်းမြင့်မြင့် - ပိဋကတ် စာအုပ်ဆိုင်
အမှတ် (၃၇)၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

ခင်ချိုထွန်းစာပေ
အမှတ် - ၈၆၊ ၃၇-လမ်း၊
ရန်ကုန်မြို့။ ဖုန်း-၇၁၁၄၄

www.dhammadownload.com



သာကီဝင် ဆွေတော်မျိုးတော်တို့၏ မာန်တံခွန်ကို နိမ်ချိုးခြင်းအကျိုးငှါ အမျိုးမျိုးသော
တန်ခိုးပြာဋိဟာတို့ကို ပြတော်မူစဉ်

www.dhammadownload.com

နိဒါန်း

ကိုယ်တိုင်လည်းသိ၊ သိထိုက်သူကိုလည်းသိစေ

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သချေ်လေးရပ် တစ်သိန်းကပ် ကာလပတ်လုံး သဗ္ဗညုတဉာဏ်တော်အတွက် အင်္ဂါခြေလက် အသက်ကိုပါစွန့်လျက် ပါရမီတော်များကို ဖြည့်ဆည်းပူးတော်မူခဲ့လေသည်။ ယင်းသို့ ဖြည့်ဆည်းပူးတော်မူခဲ့သဖြင့်လည်း ထိုက်ထိုက်တန်တန် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလေသည်။

ပထမစွမ်းအား

ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် သိထိုက်, သိသင့်သော တရားမှန်သမျှကို အကြွင်းအကျန်မရှိစေဘဲ မိမိအလိုလို ကိုယ်တော်တိုင်သိမြင်တော်မူပြီးဖြစ်လေသည်။ ထိုသို့အကြွင်းအကျန်မရှိ ကုန်စင်အောင်သိတော်မူခြင်းသည်လည်း "သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝကုန်စင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "ပထမ-စွမ်းအား" ဖြစ်သည်။

ထိုသဗ္ဗညုတဉာဏ်တော်၏ ပထမစွမ်းအားဖြင့် သိပြီးဖြစ်သော တရားများတွင် ဘုရားရှင်တို့နှင့်သာဆိုင်သောတရား, ပစ္စေကဗုဒ္ဓါတို့နှင့်သာဆိုင်သော တရား, ရဟန္တာပုဂ္ဂိုလ်များနှင့်သာ ဆိုင်သောတရား, အနာဂါမ်-သကဒါဂါမ်-သောတာပန်တို့နှင့်သာ အသီးသီးဆိုင်သော တရားတို့ဟူ၍ အကန့်အသပ် အပိုင်းအခြားရှိ၏။

ထိုသို့ အကန့်အသပ်, အပိုင်းအခြားရှိသော တရားများစွာတို့မှ ထိုက်သင့်ရာရာ တရားတော်တို့ကို ထိုက်သင့်ရာရာ ပုဂ္ဂိုလ်တို့အား ပိုင်းခြား၍ သိစေ, ရစေတော်မူလေသည်။ ထိုသို့သိစေ, ရစေတော်မူသောကြောင့်လည်း ထိုထိုသိပြီး, ရပြီးသူတို့သည် နိဗ္ဗာ်သောင်တစ်ဖက်ကမ်းသို့ တက်လှမ်း အေးငြိမ်း၍ ချမ်းသာကိန်းကြီးများ ဆိုက်ခဲ့ကြပေသည်။

ဒုတိယစွမ်းအား

ထိုသို့ ချမ်းသာကိန်းကြီးများ ဆိုက်ခဲ့ကြရခြင်းသည်၊ ထိုထိုသိထိုက်သူတို့အား "သိသောတရား၊ များအပြားဌ်၊ ဟောထား၀ယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "ဒုတိယ-စွမ်းအား"ဖြင့် ဟောနည်းဟောပုံ နည်းစုံ ဟောကြားတော်မူသောကြောင့် ဖြစ်ပေသည်။

ဆန်းကျယ် စုံလင်သောနည်းတို့ဖြင့် ဟောဖော်ညွှန်ပြ ဆုံးမရာတွင်လည်း ဓမ္မပဋိဂ္ဂါဟက-တရားတော်ကို ခံယူသူတို့တွင် တရားရမည့်ပုဂ္ဂိုလ် ကျွတ်ထိုက်သူ

www.dhammadownload.com

(ခ) ငါးရာငါးဆယ်ဇာတ်ဝတ္ထုနိဒါန်း

တို့တွင် မည်၏သည့်ပုဂ္ဂိုလ်တွင် မည့်သည်ကုန်ခြေနှင့် စရိုက်လွန်ကဲသည် အစရှိသည်ဖြင့် သေချာစွာသိသဖြင့် ထိုထိုပုဂ္ဂိုလ်၏ ထိုထိုကုန်ခြေ, စရိုက်တို့နှင့် လိုက်လျောညီထွေရှိစေရန် ရွေးချယ် ညွှန်ကြား ဟောတော်မူသောအားဖြင့် မဂ်လမ်း, ဖိုလ်လမ်းသို့ လျှောက်လှမ်းနိုင်ကြပြီး သံသရာဝဋ်ဇာတ်တွင် အဝိဇ္ဇာ, တဏှာတို့၏ စိုးမိုးချုပ်ချယ်ခြင်းမှ လွတ်လပ်သည့် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းနိုင်ငံတော်ကြီးကို တည်ထောင် ခဲ့စားနိုင်သော သစ္စာအသိ, မဂ္ဂင်ကျင့်စဉ်တို့ဖြင့် ရရှိခဲ့စားကြရပေသည်။

တတိယစွမ်းအား ထိုသို့ အဝိဇ္ဇာ, တဏှာ-တို့၏ စိုးအုပ်ချုပ်ချယ်ခြင်းမှ လွတ်လပ်သော အေးငြိမ်းနိုင်ငံတည်ထောင် ခဲ့စားနိုင်ခြင်းမှာ "ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ကုန်ခြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ် စုံလင်၊ အကုန်မြင်၊ သဗ္ဗညုတဉာဏ်တော် အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "တတိယ-စွမ်းအား"ဖြင့် သတ္တဝါတို့၏ ကျွတ်ထိုက်-မကျွတ်ထိုက်သော ကုန်ခြေ, စရိုက်တို့သိပြီး သိတော်မူသည့်အဟိုင်း လိုက်လျောညီထွေ ဟောကြားတော်မူလေသောကြောင့် ဖြစ်ပေသည်။

ငါးရာငါးဆယ်ဇာတ်တော်များကို ဟောကြားပုံ

ဧကနိပါတ်မှ အသီတိနိပါတ်အထိ ဇာတ်တော်များနှင့် မဟာနိပါတ် ဇာတ်တော်များတွင် ဘုရားရှင်သည် ဖြစ်ပေါ်လာသောအကြောင်းအား လျော်စွာ ထိုထိုပုဂ္ဂိုလ်တို့၏ အတိတ်ဖြစ်ရပ် ဇာတ်လမ်းတို့တွင် တစ်ထပ်တည်းတူညီသော ဖြစ်ရပ်တို့ကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်းအားဖြင့် ပြန်ပြောင်းကြည့်ရှု၍ စံပြုဟောကြားတော်မူခြင်းဖြစ်၏။ ထိုသို့ နှိုးနွှယ်ဆက်စပ် ဖြစ်ရပ်ဖြစ်ပုံကို စုံလင်ပြည့်ဝအောင် ဟောကြားသဖြင့် အေးငြိမ်းမှုကို ခံစားကြရပေသည်။

အကြောင်းရင်းခံ (ဒေဝဒတ်ကဲ့သို့) ပုဂ္ဂိုလ်အတွက် တိုက်ရိုက်အကျိုး မများစေသော်လည်း အခြားသော တရားနာပရိသတ်တို့မှာ အကျိုးခံစားကြရပေသည်။ ထိုသို့ အကျိုးခံစားစေနိုင်အောင်လည်း ထိုထိုပရိသတ်၏ စရိုက်နှင့် ထိုက်တန်သောဖြစ်ရပ်ကို ရွေးထုတ်စီစဉ် တန်ဆာဆင်၍ ဟောတော်မူခြင်းဖြစ်၏။ ထို့ကြောင့် ငါးရာငါးဆယ်ဇာတ်တော်များသည် "ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"ဟူသော စကားအရ ဥပမာဖြင့်ဖော်ပြလျှင် သိလွယ်မြင်လွယ်ကြသဖြင့် ဥပမာနှင့်တူသော တိုက်ရိုက်ဖြစ်ရပ်တို့ဖြင့် ကျွတ်ထိုက်-တရားသိထိုက်သော သတ္တဝါတို့အား တရားသံဝေဂဖြစ်စေရန် တရားသိစေရန် အလွယ်ကူဆုံးသော ဟောပြောနည်းဖြင့် ဟောထားသော ဇာတ်တော်များဖြစ်၏။

www.dhammadownload.com

ယင်းဓာတ်တော် များသည် မူရင်းအရေအတွက်အား ဖြင့် ၅၄၇-ဓာတ်ရှိလေသည်။ သို့ရာတွင် ခေါ်ဝေါ်လွယ်စေရန်အတွက် (၅၅၀)ငါးရာငါးဆယ်ဟု ခေါ်တွင်နေခြင်း ဖြစ်သည်။ (ပုဂံဝန်ထောက်မင်းပြုစုသော ဓာတ်စာရင်းတွင်ကား- ၁။ ဝေလာမ ဓာတ်၊ ၂။ မဟာဂေါဝိန္ဒဓာတ်၊ ၃။ သုမေဓပဏ္ဍိတဓာတ်-ဟူသော ဓာတ် ၃-ဓာတ်တို့ကို ပကိဏ္ဏကနိပါတ်၏ အဆုံး၌ ထည့်သွင်းရေတွက်ကာ (ပကိဏ္ဏက-၁၆ ဖြစ်၍) ဓာတ်ပေါင်း (၅၅၀)ငါးရာငါးဆယ်ဖြစ်လေသည်။)

ဓာတ်အဋ္ဌကထာဆရာ လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း (ယခုအခေါ်-သီရီလင်္ကာ)၌ မဟာနာမ-မင်းအုပ်စိုးစဉ် သာသနာသက္ကရာဇ်၉၃၀-ခုနှစ်ကျော်လောက်တွင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်သည် ပိဋကတော်များ၏ အဖွင့်အဋ္ဌကထာကျမ်းများ ရေးသားပြုစုတော်မူခဲ့လေသည်။ ထိုသို့ အဋ္ဌကထာကျမ်းများကို ပြုစုရေးသားရာ၌ ခုနှစ်ကနိကာယ်တွင် ပါဝင်သော မြတ်စွာဘုရားရှင်သည် အကျဉ်းဂါထာများဖြင့် ဟောထားအပ်သည့် ဓာတကပါဠိတို့ကို အကျယ်ဖွင့်ဆို၍ "ဓာတကဋ္ဌကထာ"ကို ရေးသားပြုစုတော်မူခဲ့လေသည်။

ညောင်ကန်ဆရာတော် (၁၁၁၅ - ၁၁၈၃) အရှင်မဟာဗုဒ္ဓဃောသ ရေးသားခဲ့သော ဓာတကဋ္ဌကထာများသည် ပါဠိဘာသာဖြင့် ရေးသားဖွင့်ဆိုထားသော ကျမ်းစာများဖြစ်၍ ပါဠိဘာသာကို မကျွမ်းကျင်သော လူပုဂ္ဂိုလ်များအတွက် ဖတ်ရှုလေ့လာဖို့ ခက်ခဲလှပေသည်။ ထို့ကြောင့် ဘာသာပြန်အကျော် ညောင်ကန်ဆရာတော်သည် ပါဠိဘာသာ မကျွမ်းကျင်သူများအတွက် အမြော်အမြင်ကြီးစွာဖြင့် ဓာတ်အဋ္ဌကထာများကို အပြည့်အစုံ ဝိရိယကြီးစွာ မြန်မာစကားပြေ ပြန်ဆိုရေးသားခဲ့ပေသည်။ ယင်းညောင်ကန်ဆရာတော်သည် အလုံမြို့၊ ညောင်ကန်ကျေးရွာ၌ ၁၁၁၅-ခုနှစ်တွင် ဖွားမြင်၍ အသက် ၁၅-နှစ်တွင် သာမဏေပြုကြောင်းနှင့် ၁၁၈၃-ခုနှစ်၊ သက်တော်-၆၈၊ သီကျွာတော် ၄၈-ဝါ အရတွင် ပျံလွန်တော်မူကြောင်း မှတ်တမ်းများတွင် တွေ့ရှိရလေသည်။

ဋီကာ, နိဿယ, ဂဏ္ဌိနှင့် မြန်မာပြန် အဋ္ဌကထာမြန်မာပြန်များ မပေါ်မီ ဓာတ်ဋီကာနှစ်ကျမ်း, ဓာတ်ပါဠိတော် နိဿယကျမ်း, ဓာတ်ဂဏ္ဌိကျမ်း, ဓာတ်အဋ္ဌကထာ နိဿယကျမ်းများ ပေါ်ပေါက်ခဲ့ပေသည်။ ဋီကာကျမ်းများမှာ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) အနုရာဓပြို့၏အနောက်ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလ မထေရ်ရေးသားသော ဓာတ်ဋီကာနှင့် ပဋ္ဌမသင်္ဂါရနာတင် ဘဝရှင်မင်းတရားကြီး(မင်းတုန်း) လက်ထက် မောင်းထောင်ကြီး

www.dhammadownload.com

ဃ) ငါးရာငါးဆယ်ဇာတ်ဝတ္ထုနိဒါန်း

မြန်မာစကားပြေမပြန်ခင် ကမ္ဘာတွင်နှံ့.

ရွာဇာတိ၊ ဒုတိယမောင်းထောင်ဆရာတော် ရေးသားသော ဇာတ်ဦးကဟု၍ ဦးကာနှစ်ကျမ်း ရှိခဲ့လေသည်။ စကားပြေမြန်မာပြန်များမှာ ပိကတ်တော်သမိုင်းအရ-တပယင်းမြို့.စီရင်စုမှန်တိုင်းပင်ဆရာတော် ရေးသားသော စကားပြေနှင့် မင်္ဂလာဘုံကျော် စံကျောင်းတော်နေ ဒုတိယညောင်ကန်ဆရာတော် ရေးသားသော (ယခုဖတ်ရှုရမည့်) စကားပြေဟု၍ နှစ်ကျမ်းမျှ ပေါ်ပေါက်ခဲ့လေသည်။

ဤဇာတ်တော်များမှာ မြန်မာဘာသာဖြင့် မပြန်ဆိုမီ ရှေးယခင်ကပင် ကမ္ဘာအရပ်ရပ်သို့ ပျံ့.နှံ့.နေကြောင်းကို အရိပ်အမြွက် သိရှိရပေသည်။ ၎င်းမှာ သက္ကဋ္ဌစာပေတွင် ထင်ရှားသော ပဥ္စတန္တ ရကျမ်းတစ်စောင်ရှိလေရာ ယင်းကျမ်းတွင် ပါရှိသော မူလအခြေခံများကို ဘုရားရှင်ဟောကြားတော်မူအပ်သော ဇာတ်တော်များနှင့် တူညီစွာတွေ့.ရှိရကြောင်း သက္ကဋ္ဌကျမ်းကျင်သူတို့၏ အဆိုအရ သိရှိရပေသည်။ ထိုပဥ္စတန္တ ရကျမ်းမှာ ဘာသာအမျိုးမျိုးပြန်ဆိုထားသည့် ကျမ်းတစ်စောင်ဖြစ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့.နှံ့.နေသောကြောင့် ဇာတ်တော်များသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့.နှံ့.နေကြောင်း ထောက်ရှုသိရခြင်းဖြစ်သည်။

ဖြန့်.ချိထုတ်ဝေ

ကမ္ဘာသို့ သွယ်ဝိုက်ပျံ့.နှံ့.နေသော ဇာတ်တော်များကို မြန်မာပြည်သူတို့ အလွယ်တကူ ကြည့်ရှုမှတ်သားနိုင်ရန် ပါဠိတော်ဂါထာများကို အနက်ပြန်ဆို နိဿယရေးပြီး အဋ္ဌကထာ ပါဠိဘာသာများကို မြန်မာစကားပြေ ရေးသားပြန်ဆိုထားသော "ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဇာတ်ဝတ္ထုများ" အပြည့်အစုံ(ပထမ တွဲမှ ပဥ္စမတွဲအထိ) ငါးတွဲလုံးကို "ခင်ချိုထွန်းစာပေ၊ အမှတ် ၈၆/၃၇-လမ်း၊ ရန်ကုန်မြို့." မှ တန်ဖိုးအရင်းအနှီးများစွာဖြင့် ရင်းနှီးမြှုပ်နှံ၍ စာချစ်သူ ဓမ္မသုတေသီများအတွက် မေတ္တာ စေတနာ ရှေ့.ထား၍ ရိုက်နှိပ်ဖြန့်.ချိလိုက်ပေသတည်း။

ပါဠိဆရာကြီးဦးစိုးမြင့်

(သာသနဓဇသီရိပဝရမဟာစရိယ)

၁၃၃၆-ခု၊ ၁၉၉၅-ခု

www.dhammadownload.com

မာတိကာ

ကာတ်အမည်　　အကြောင်းအရာဖော်ပြချက်　　စာမျက်နှာ

ပဋ္ဌကနိပါတ်
(၁-မဏိကုဏ္ဍလဝဂ်)

၁။ **မဏိကုဏ္ဍလကာတ်။**　ပစ္စုပ္ပန်ဝတ္ထု = (ဒုကနိပါတ်၊ ပဗ္ဗတူပတ္ထရကာတ်တွင်ရှု)　၂
အတိတ်ဝတ္ထု = နှောင်အိမ်(ထောင်)တွင်းဌ် စွာန်ရ၊ ရန်သူကိုတရားဟောပြသောမင်း　၂
ကာတ်ပေါင်းခန်း = ဘုရားလောင်း ဗာရာဏသိမင်း　၄
၂။ **သုကာတကာတ်။** = အဖသေ၍ ငိုကြွေးသော သူကြွယ်အား ဘုရားရှင်တရားဟော　၅
အတိတ်ဝတ္ထု = နွားသေကိုမြင်, ရေပေး၍ ဖခင်အား ဆုံးမသောသား　၅
ကာတ်ပေါင်းခန်း = ဘုရားလောင်း သား သုကာတသတို့သား　၉
၃။ **ဝေနသာခကာတ်။** ပစ္စုပ္ပန်ဝတ္ထု = ထူးဆန်းသောပြာသာဒ်ကို ဆောက်စေပြီး
လက်သမားမျက်စိကို ဖောက်သောမင်းသား　၁၀
အတိတ်ဝတ္ထု=မင်းတစ်ထောင်တို့၏ မျက်စိကိုဖောက်သောမင်း မျက်စိကန်း၍ငရဲကျ　၁၀
ကာတ်ပေါင်းခန်း = ဘုရားလောင်း ဒိသာပါမောက္ခဆရာ　၁၅
၄။ **ဥရဂကာတ်** = သားသေ၍စိုးရိမ်ပူဆွေးသောသူကြွယ်အား ဘုရားရှင်တရားဟော　၁၅
အတိတ်ဝတ္ထု =မရဏသတိပွား၍ သားသေသော်လည်း
မငိုသောမိသားစု သိကြားမစခြင်း　၁၆
ကာတ်ပေါင်းခန်း = ဘုရားလောင်း ပုဏ္ဏား　၂၃
၅။ **ယဒုကာတ်။** ပစ္စုပ္ပန်ဝတ္ထု = နှောင်အိမ်(ထောင်)ထဲတွင်
မဂ်ဖိုလ်ရသောအမတ်(အရှုံးထဲမှအမြတ်)　၂၄
အတိတ်ဝတ္ထု =နှောင်အိမ်(ထောင်)ထဲတွင် စွာန်ရ၍ တောထွက်သောမင်း　၂၅
ကာတ်ပေါင်းခန်း = ဘုရားလောင်း တောထွက်သော ယဒုမင်း　၂၇
၆။ **ကောရဏ္ဍိယကာတ်။** ပစ္စုပ္ပန်ဝတ္ထု = လူမြင်တိုင်းသိလခံယူဆောက်တည်ခိုင်းသော
အရှင်သာရိပုတ္တရာ　၂၈
အတိတ်ဝတ္ထု =လူမြင်တိုင်းသိလခံယူဆောက်တည်ခိုင်းသော ဆရာကိုတပည့်ဆုံးမ　၂၈
ကာတ်ပေါင်းခန်း = ဘုရားလောင်း တပည့်ကောရဏ္ဍိယလုလင်　၃၂
၇။ **လဋုကိကာတ်။** ပစ္စုပ္ပန်ဝတ္ထု = ရုန့်ရင်းကြမ်းတမ်း, သနားမရှိ
အနိုင်ကျင့်တတ်သော ဒေဝဒတ်　၃၃
အတိတ်ဝတ္ထု =ကျီး, ယင်, ဖားတို့နှင့်ပေါင်း၍ ဆင်ကြမ်းကိုသတ်သော နဲပြည်စုတ်　၃၃
ကာတ်ပေါင်းခန်း = ဘုရားလောင်း ဆင်မင်း　၃၈

www.dhammadownload.com

ကတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၈။ **စူဠဓမ္မပါလကတ်**=ဘုရားရှင်အားသတ်ရန်နည်းမျိုးစုံဖြင့် ကြံစည်သောဒေဝဒတ် ၃၉
အတိတ်ဝတ္ထု =ဘုရားလောင်းသားကိုသတ်၍
သန်လျက်ပန်းပြုသောမင်း မြေမျိုခံရ ၃၉
ကတ်ပေါင်းခန်း = ဘုရားလောင်း ဓမ္မပါလမင်းသား ၄၄

၉။ **သုဝဏ္ဏမိဂကတ်**။ ပစ္စုပ္ပန်ဝတ္ထု = မိစ္ဆာအယူရှိသော လင်ကို မိမိနှင့်အတူ
ရဟန္တာဖြစ်စေ၍ ယောကျ်ားမများနှင့် ကျွန်တို့ကိုပါ အယူမှန်စေသောအမျိုးသမီး ၄၄
အတိတ်ဝတ္ထု =အသက်ပေး၍ လင်သမင်ဖိုကို ကယ်တင်သော သမင်မ ၄၇
ကတ်ပေါင်းခန်း = ဘုရားလောင်း သမင်မင်း ၅၁

၁၀။ **သုယောနန္ဒီကတ်**။ = မာတုဂါမကြောင့် သာသနာမှ ငြီးငွေ့သောရဟန်း ၅၁
အတိတ်ဝတ္ထု=ပြင့်ပြည့်စုံစုဂဠုန်ပြည်၌နေရသော်လည်း စောင်းသမားနှင့် ဖောက်ပြန် ၅၂
ကတ်ပေါင်းခန်း = ဘုရားလောင်း ဂဠုန်မင်း ၅၆

(၂-ဝဏ္ဏရောဟဝဂ်)

၁။ **ဝဏ္ဏရောဟကတ်**= အဂ္ဂသာဝကနှစ်ပါးကိုကုန်းတိုက်သော စားကြွင်းစား-ပြေးရ ၅၇
အတိတ်ဝတ္ထု =ငြေ့နှင့်ကျားကို ကုန်းတိုက်သောမြေခွေး ပြေးရ ၅၉
ကတ်ပေါင်းခန်း = ဘုရားလောင်း ရက္ခစိုးနတ် ၆၁

၂။ **သီလဝီမံသကတ်**။ ပစ္စုပ္ပန်ဝတ္ထု = သီလနှင့်ဗဟုသုတ အဘယ်ကမြတ်သည်ကို
စုံစမ်းသောပုဏ္ဏား ၆၂
အတိတ်ဝတ္ထု = ။ ပုရောဟိတ် ၆၃
ကတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ရဟန်းပြုသော ပုဏ္ဏား ၆၅

၃။ **ဟိရိကတ်**။ ပစ္စုပ္ပန်ဝတ္ထု = (ကေနိယတ်၊ နဝမဝဂ်အဆုံးကတ်နှင့်အတူ) ၆၆
အတိတ်ဝတ္ထု = (၎င်း) ၆၆
ကတ်ပေါင်းခန်း = ဘုရားလောင်း ဗာရာဏသီသူဋ္ဌေး ၆၈

၄။ **ခဇ္ဇောပနကကတ်**။ ပစ္စုပ္ပန်ဝတ္ထု= (မဟာဥမင်္ဂကတ်တွင် ထင်ရှားမည်) ၆၈

၅။ **အဟိတုဏ္ဍိကကတ်**။ = သားသမက်ကို ဆဲရေးရိုက်ပုတ်သော ရဟန်းကြီး ၆၉
အတိတ်ဝတ္ထု =အလမ္ဘာယ်ထံမှ မျောက်ထွက်ပြေးခြင်း ၆၉
ကတ်ပေါင်းခန်း = ဘုရားလောင်း စပါးကုန်သည် ၇၂

www.dhammadownload.com

ကာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၆။ **ဂုမ္ဗိယကာတ်။** ပစ္စုပ္ပန်ဝတ္ထု = တန်ဆာဆင်သောအမျိုးသမီးကိုမြင်၍
သာသနာမှငြိုးငွေ့သော ရဟန်း ၇၂
အတိတ်ဝတ္ထု = ဘိလူး၏အဆိပ်ခတ်သော ပျားလပို့တို့ကိုစား၍ သေကြရသူများ ၇၂
ကာတ်ပေါင်းခန်း = ဘုရားလောင်း လှည်းကုန်သည်မှူး ၇၅

၇။ **သာဠိယကာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ်သည် မြတ်စွာဘုရား၏
ထတ်လန့်ခြင်းကိုမဖြစ်စေနိုင် ၇၅
အတိတ်ဝတ္ထု = သူတစ်ပါးကို မကောင်းကြံ၍ ကိုယ်သာခံရသော ဆေးဆရာ ၇၅
ကာတ်ပေါင်းခန်း = ဘုရားလောင်း ပညာရှိသူငယ် ၇၈

၈။ **တစသာရကာတ်။** ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ ပညာပါရမီတော် ၇၈
အတိတ်ဝတ္ထု = ဆေးသမားသေ၍အဖမ်းခံရသော်လည်း မကြောက်သောသူငယ်များ ၇၈
ကာတ်ပေါင်းခန်း = ဘုရားလောင်း ပညာရှိသူငယ် ၈၁

၉။ **မိတ္တဝိန္ဒကာတ်။** ပစ္စုပ္ပန်ဝတ္ထု = (မဟာမိတ္တဝိန္ဒကကာတ်တွင် ထင်ရှားမည်) ၈၂
အတိတ်ဝတ္ထု = အလိုရမ်မက်ကြီး၍ ဥဿဒငရဲသို့ရောက်သော မိတ္တဝိန္ဒက ၈၂
ကာတ်ပေါင်းခန်း = ဘုရားလောင်း နတ်သား ၈၄

၁၀။ **ပလာသကာတ်။** = ကိလေသာသည် ပညောင်ပင်နှင့်တူ၍ ရုံရှာသင့်ကြောင်း ၈၅
အတိတ်ဝတ္ထု = ပေါက်ပင်၌ ပညောင်ပင်ပေါက်သည်ကို မဖျက်သောရက္ခစိုး ငိုရ ၈၅
ကာတ်ပျောင်းခန်း = ဘုရားလောင်း ရွှေဟင်္သာမင်း ၈၈

(၃-အဒွဝဂ်)

၁။ **ဒီဃီတိကောသလကာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဘုရားရှင်၏စကားကိုနာမထောင်း,
ခိုက်ရန်ပြုကြသော ရဟန်းတစ်စု ၈၉
အတိတ်ဝတ္ထု = မိဘစကားနားထောင်၍ လက်၌ရောက်သောရန်သူကိုပင်မသတ်သူ ၈၉
ကာတ်ပေါင်းခန်း = ဘုရားလောင်း ဒီဃာဝုမင်းသား ၉၂

၂။ **မိဂပေါတကကာတ်။** = ဘပည့်သာမဏေသေ၍ ပြင်းစွာငိုသောရဟန်းကြီး ၉၂
အတိတ်ဝတ္ထု=သားအမှတ်ပြု၍မွေးသောသမင်သေ၍ ငိုသောရသေ့ကို သိကြားဆုံးမ ၉၃
ကာတ်ပေါင်းခန်း = ဘုရားလောင်း သိကြားမင်း ၉၅

၃။ **မူသိကကာတ်။** ပစ္စုပ္ပန်ဝတ္ထု = မိမိကိုသတ်မည့်သားနှင့်
ကစားခြင်း, တရားနာခြင်းပြုသော ဗိမ္မိသာရ ၉၆
အတိတ်ဝတ္ထု = ဆရာပေးသောဂါထာဖြင့် သားကသတ်မည့်ဘေးမှလွတ်သောမင်း ၉၆
ကာတ်ပေါင်းခန်း = ဘုရားလောင်း ဒီဃာပါမောက္ခဆရာ ၁၀၁

www.dhammadownload.com

ကာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၄။ **စုဠမနုဂ္ဂဟကာတ်။** ပစ္စုပ္ပန်ဝတ္ထု = မယားဟောင်းဖြားယောင်း၍
သာသနာမှငြိုးငွေ့သောရဟန်း ၁၀၁
အတိတ်ဝတ္ထု = သူခိုးကို မားရိုးကမ်းသော မိန်းမကြောင့် စုဠမနုဂ္ဂဟသေရ ၁၀၂
ကတ်ပေါင်းခန်း = ဘုရားလောင်း သိကြားမင်း ၁၀၈

၅။ **ကပေါတကာတ်။** ပစ္စုပ္ပန်ဝတ္ထု = လျှပ်ပေါသော ရဟန်းတစ်ပါး ၁၀၉
အတိတ်ဝတ္ထု = အစား၌လျှပ်ပေါသောကြီး အမွေးနုတ်ခံရ၍သေ ၁၀၉
ကာက်ပေါင်းခန်း = ဘုရားလောင်း ခိုင်ဂက် ၁၁၂

ဆက္ကနိပါတ်
(၁-အဝါရိယဝဂ်)

၁။ **အဝါရိယကာတ်**=ရဟန်းတော်အားညှဉ်းဆဲသည့် ကြမ်းတမ်းသောကူးတို့သမား ၁၁၅
အတိတ်ဝတ္ထု = မင်းဆရာရသေ့အား ညှဉ်းဆဲသော ကူးတို့သမား မင်းဒဏ်ခံရ ၁၁၆
ကတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ ၁၂၁

၂။ **သေတကေတုကာတ်။** ပစ္စုပ္ပန်ဝတ္ထု = (ဥဒ္ဒါလကာတ်၌ ထင်ရှားမည်) ၁၂၂
အတိတ်ဝတ္ထု = သိလနှင့်ဗေဒင် အဘယ်ကနိဗ္ဗာန်ဝင်ကြောင်းခွဲခြား ၁၂၂
ကတ်ပေါင်းခန်း = ဘုရားလောင်း ပုရောဟိတ် ၁၂၈

၃။ **ဒရီမုခကာတ်။** ပစ္စုပ္ပန်ဝတ္ထု = မဟာဘိနိက္ခမန=မြတ်သော တောထွက်ခြင်း ၁၂၈
အတိတ်ဝတ္ထု = သူတော်ကောင်းတို့၏ အဆုံးအမ၌တည်၍ စျာန်အဘိညာဉ်ရ ၁၂၈
ကတ်ပေါင်းခန်း = ဘုရားလောင်း မင်း ၁၃၆

၄။ **နေရုကာတ်။** ပစ္စုပ္ပန်ဝတ္ထု = အယူဝါဒမခိုင်မြဲဘဲ ကျေးဇူးမသိတတ်သူတို့ထံနေ၍
ဆင်းရဲသောရဟန်း ၁၃၆
အတိတ်ဝတ္ထု = သူယုတ်သူမြတ် မခွဲခြားသောအရပ်၌မနေဘဲ ဟသ်ာညီနောင်ပြန် ၁၃၇
ကတ်ပေါင်းခန်း = ဘုရားလောင်း အစ်ကိုဟသ်ာ ၁၄၀

၅။ **အာသင်္ကာကာတ်** = မယားဟောင်းဖြားယောင်၍ သာသနာမှငြိုးငွေ့သောရဟန်း ၁၄၀
အတိတ်ဝတ္ထု = ကြာပွင်သန္ဓေ သတို့သမီးကို ရရန် သုံးနှစ်စောင့်ရသောမင်း ၁၄၁
ကတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ ၁၄၈

၆။ **မိဂါလောပကာတ်။** = ဆိုနိုင်ခက်(ဆုံးမစကား နားမထောင်)သော ရဟန်း ၁၄၉
အတိတ်ဝတ္ထု=ဆုံးမစကား နားမထောင်ဘဲပုံတက်၍ ငေးကြေပျက်စီးရသောလင်းဟ ၁၄၉
ကတ်ပေါင်းခန်း = ဘုရားလောင်း အဖလင်းဟမင် ၁၅၂

www.dhammadownload.com

ဇာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၇။ **သိရိကာလကဏ္ဏိဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ကိုယ်တိုင်စင်ကြယ်ပြီးစင်ကြယ်သော အခြံအရံရှိသော အနာထပိဏ်သူဌေး ၁၅၂
အတိတ်ပတ္ထု=သူဌေး၏မသုံးစွဲသေးသော သိရိသယနဋ္ဌ အိပ်ခွင့်ရသော နတ်သမီး ၁၅၃
ဇာတ်ပေါင်းခန်း = ဘုရားလောင်း သူဌေး ၁၆၃

၈။ **ကုက္ကုဋ္ဌဇာတ်**=တန်ဆာဆင်သောမိန်းမကိုမြင်၍ သာသနာမှငြိုးငွေ့သောရဟန်း ၁၆၃
အတိတ်ဝတ္ထု=လှည်းပတ်၍ကြက်တို့ကိုစားသောကြောင်မ ကြက်မင်းကိုလှည့်၍မရ ၁၆၃
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ကြက်မင်း ၁၆၆

၉။ **ဓမ္မဓဇဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = အံ့ဖွယ်သရဲကိုဖြစ်စေသော ရဟန်း ၁၆၇
အတိတ်ဝတ္ထု = သူတော်ကောင်းယောင်ဆောင်သောကျီး ပျက်စီးသကြေ ၁၆၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ငှက်မင်း ၁၇၁

၁၀။ **နန္ဒိယမိဂဇာတ်။** = အမိအဖတို့ကို လုပ်ကျွေးသောရဟန်း ဘုရားချီးမွမ်း ၁၇၁
အတိတ်ဝတ္ထု = မိဘကိုလုပ်ကျွေးသောသမင် ဘုရင့်မြားမခု၍ အားလုံးချမ်းသာရ ၁၇၂
ဇာတ်ပေါင်းခန်း = ဘုရားလောင်း သမင်မင်း ၁၇၈

(၂-ခရပုတ္တာဝဂ်)

၁။ **ခရပုတ္တဇာတ်။** = မယားဟောင်းဖြားယောင်း၍ သာသနာမှငြိုးငွေ့သောရဟန်း ၁၇၈
အတိတ်ဝတ္ထု = မယားအလိုလိုက်၍ သေတွင်းဝရောက်သောမင်း သိကြားကယ် ၁၇၉
ဇာတ်ပေါင်းခန်း = ဘုရားလောင်း သိကြားမင်း ၁၈၆

၂။ **သူစိဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ ပညာပါရမီတော် ၁၈၇
အတိတ်ဝတ္ထု=ပန်းပဲရွာ အပ်ရောင်းသွားသော ပန်းပဲသမား ပန်းပဲဆရာသမီးကိုရ ၁၈၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ပန်းပဲသမား ၁၉၂

၃။ **တုဏ္ဍိလဇာတ်။** = ချွတ်ချွတ်သံကြားလျှင်ပင် သေမှာကြောက်သော ရဟန်း ၁၉၃
အတိတ်ဝတ္ထု=မေတ္တာပါရမီဖြင့်ရဲရင့်စွာဆို၍ သေဘေးမှလွတ်သော ဝက်ညီနောင် ၁၉၄
ဇာတ်ပေါင်းခန်း = ဘုရားလောင်း နောင်တော်ဝက် ၁၉၉

၄။ **သုဝဏ္ဏကက္ကဋကဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = အရှင်အာနန္ဒာ မြတ်စွာဘုရားအတွက် အသက်ကိုစွန့်ခြင်း ၂၀၀
အတိတ်ဝတ္ထု = ကျီးနှင့်မြွေကိုသတ်၍ ကျေးဇူးဆပ်သော ရွှေပုစွန် ၂၀၁
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ပုစွာ ၂၀၇

www.dhammadownload.com

ဇာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၅။ **မယ္ဟကဇာတ်။** = မစား:ရက်, မသုံး:ရက်ဘဲထား:သောပစ္စည်း: မင်း:ဘဏ္ဍာဖြစ်ရ ၂၀၈
အတိတ်ဝတ္ထု=အပရစေတနာပျက်ခြင်း:, အစ်ကို၏သား:ကိုသတ်ခြင်း:ပြုသော သူဌေး: ၂၀၉
ဇာတ်ပေါင်း:ခန်း: = ဘုရား:လောင်း: အစ်ကိုရသေ့ ၂၁၄

၆။ **ဝိဇာဓရဇာတ်။** = မြတ်စွာဘုရား:သည် လောကအကျိုး:ငှာ ကျင့်တော်မူခြင်း: ၂၁၄
အတိတ်ဝတ္ထု = ဝိဇုမိုရ်ကြောင့် ရဟန်း:များကိုနှင် ပစ္စေကဗုဒ္ဓါနှင့်
သိကြား:ကြောင့် အမြင်မှန်ရသောမင်း: ၂၁၅
ဇာတ်ပေါင်း:ခန်း: = ဘုရား:လောင်း: သိကြား:မင်း: ၂၂၁

၇။ **သီယာဝပုပ္ပဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ပဒုမာပွင့်အနံ့.ကို ခံသောရဟန်း:အား:
အနံ့.သူခိုး:ဟုပြောသော နတ်သမီး: ၂၂၂
အတိတ်ဝတ္ထု = ပဒုမာပွင့်အနံ့.ကိုခံသောရသေ့အား: ပြောဆိုဆုံး:မသော နတ်သမီး: ၂၂၂
ဇာတ်ပေါင်း:ခန်း: = ဘုရား:လောင်း: ရသေ့ ၂၂၅

၈။ **ဝိယာသဒဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = အာကစား:သန်သောရဟန်း:များ:အား:
အရှင်မောဂ္ဂလာန်ထိတ်လန့်.စေခြင်း: ၂၂၆
အတိတ်ဝတ္ထု = တောဠ်ရသေ့ပြု၍အား:ကစား:သောရသေ့တို့.ကို
သိကြား:မင်း:ကျေး:သား:ဆုံး:မ ၂၂၆
ဇာတ်ပေါင်း:ခန်း: = ဘုရား:လောင်း: သိကြား:မင်း: ၂၂၉

၉။ **ဝဋ္ဋကဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = လျပ်ပေါသော ရဟန်း:တစ်ပါး: ၂၃၀
အတိတ်ဝတ္ထု = ငုံး:များဆူဖြိုး:၍ ကျီး:များပိန်လှိခြင်း:အကြောင်း:(ငုံး:နှင့်ကျီး:) ၂၃၀
ဇာတ်ပေါင်း:ခန်း: = ဘုရား:လောင်း: ငုံး:ငှက် ၂၃၂

၁၀။ **ပါရာဝတဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = လျပ်ပေါသော ရဟန်း:တစ်ပါး: ၂၃၃
အတိတ်ဝတ္ထု = အစာဠ်လျပ်ပေါသောကျီး: အမွေး:အတောင်အနုပ်ခံရ၍ သေရ ၂၃၃
ဇာတ်ပေါင်း:ခန်း: = ဘုရား:လောင်း: ခိုငှက် ၂၃၆

သတ္တကနိပါတ်
(၁-ကုက္ကုဝဂ်)

၁။ **ကုက္ကုဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = (တေသကုဏ်ဇာတ်တွင်ရှု) ၂၃၇
အတိတ်ဝတ္ထု = အိမ်အထွက်, ရှောက်သီး:, ပဒုမာကြာပွင့်တို့.ကိုပြ၍
မင်း:အား:ဆုံး:မသောအမတ် ၂၃၇

www.dhammadownload.com

ဇာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ပညာရှိအမတ် ၂၄၂

၂။ **မနောဇဇာတ်။** =ဆန့်ကျင်ဘက်ကို ပေါင်းသောရဟန်း(မဟိလာမုခဇာတ်ပြန်ရှု) ၂၄၂

အတိတ်ဝတ္ထု=ဖခင်စကားမနာယူဘဲ မြေခွေးယုတ်ကိုပေါင်းသောခြင်္သေ့ မြားဒဏ်ထိ ၂၄၃

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဖခင်ခြင်္သေ့မင်း ၂၄၈

၃။ **သုတနုဇာတ်။** = အမိကိုလုပ်ကျွေးသောရဟန်း(သာမဇာတ်၌ထင်ရှားမည်) ၂၄၈

အတိတ်ဝတ္ထု = အမိကိုလုပ်ကျွေးလျက် ဘီးလူထဲ

ထမင်းပို့သွားသော သူဆင်းရဲလုလင် ၂၄၈

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သူဆင်းရဲသုတနုလုလင် ၂၅၅

၄။ **ဂိဇ္ဈဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = အမိကိုလုပ်ကျွေးသော ရဟန်း ၂၅၆

အတိတ်ဝတ္ထု = မိဘတို့ကိုလုပ်ကျွေးသောလင်းတ ကျော့ကွင်းမှလွတ်၍ ချမ်းသာ ၂၅၆

ဇာတ်ပေါင်းခန်း = ဘုရားလောင်း လင်းတမင်း ၂၅၉

၅။ **ဒဒ္ဒဘုပ္ပဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = အရှင်ဥပနန္ဒထေရ် လောဘကြီးပုံ ၂၆၀

အတိတ်ဝတ္ထု = ငြင်းခုံသော ဖျံနှစ်ကောင်တို့အား

ငါးကြင်းခေါင်းနှင့်အမြီးကိုပေး၍ အလယ်သားကိုယူသော မြေခွေး ၂၆၂

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရက္ခစိုးနတ် ၂၆၇

၆။ **ပဏ္ဏကဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = မယား၏ဟောင်းဖြားယောင်းသော ရဟန်း ၂၆၈

အတိတ်ဝတ္ထု = ဘုရင်၏ ဝမ်းသွေးသွန်ရောဂါကို ဆေးမပါဘဲ ကုသောအမတ် ၂၆၈

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သေနကပညာရှိအမတ် ၂၇၅

၇။ **သတ္တုဘဿဇဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ ပညာပါရမီတော် ၂၇၅

အတိတ်ဝတ္ထု = ပဏ္ဏားအိုး၏ပြဿနာကို အဖြေမှန်ရှာပေးသော ပညာရှိ ၂၇၈

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သေနကပညာရှိ ၂၈၈

၈။ **အဋ္ဌိသေနဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = အတောင်းအရမ်းထူသော ရဟန်းများ ၂၈၉

အတိတ်ဝတ္ထု = ဘုရင်းမင်းကဖိတ်ကြားသော်လည်း ဘာကိုမျှမတောင်းသောရသေ့ ၂၈၉

ဇာတ်ပေါင်းခန်း = ဘုရားလောင်း အဋ္ဌိသေနရသေ့ ၂၉၃

၉။ **ကပိဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ်ကိုမြေမျိုခြင်းစကား ၂၉၄

အတိတ်ဝတ္ထု=ပညာမဲ့သောမျောက်မိုက်ကိုပေါင်းသော မျောက်များ အတူသေကြရ ၂၉၄

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ပညာရှိမျောက်မင်း ၂၉၈

၁၀။ **ဗကဇာတ်။** = ဘုရားရှင်ဗြဟ္မာပြည်ကြွ၍ ဗကဗြဟ္မာနှင့် ပြောဟောခြင်း ၂၉၉

အတိတ်ဝတ္ထု = ဗကဗြဟ္မာ၏ ရွာကောင်မှတို့ကို ဘုရားရှင်ဟော်ပြ၍ ကယ်ခဲ့ ၃၀၂

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ကပ္ပရရသေ့ ၃၀၇

www.dhammadownload.com

ဇာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

(၂-ဂန္ဓာရဝဂ်)

၁။ **ဂန္ဓာရဇာတ်** = အရှင်ပိလိန္ဒဝစ္ဆမထေရ်ဆေးပစ္စည်းများ သိုလှောင်စုဆောင်းခြင်း ၃၀၈
အတိတ်ဝတ္ထု = တိုင်းပြည်နှင့်တကွ မင်းအဖြစ်ကိုစွန့်နိုင်လျက်
ဆားမျှကိုသိမ့်သောရသေ့အား ဆရာရသေ့ဆုံးမ ၃၀၉
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဂန္ဓာရမင်းရသေ့ ၃၁၆

၂။ **မဟာကပိဇာတ်**။ = မြတ်စွာဘုရား ဆွေတော်မျိုးတော်တို့အတွက် ကျင့်ခြင်း ၃၁၆
အတိတ်ဝတ္ထု = မျောက်အပေါင်းတို့ အသက်ကိုကယ်သော မျောက်မင်း ၃၁၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း မျောက်မင်း ၃၂၃

၃။ **ကုမ္ဘကာရဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = ညဉ့်အခါ ကိုလေသာကိုကြံကုန်သော
ရဟန်းတို့အား ဘုရားဆုံးမ ၃၂၄
အတိတ်ဝတ္ထု = သရက်, လက်ကောက်, သားတစ်, ဥသဘတို့မှသံဝဂယူ၍
ပစ္စေကဗုဒ္ဓါဖြစ်ကြသော မင်းများနှင့် ရသေ့ပြုသောဇနီးမောင်နှံ ၃၂၄
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ပုရိဿိဒ် ၃၂၄

၄။ **ဒဠ္ဍမဿဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = ပျိုရွယ်စဉ်ကပြုခဲ့ဖူးသော *ဆင်မ၏ကျေးဇူးကို
မမေ့သင့်ကြောင်း ဥတေနမင်းအား ဘုရားဆုံးမခြင်း ၃၂၅
အတိတ်ဝတ္ထု = ပျိုရွယ်စဉ်ကပြုခဲ့ဖူးသော ဆင်မ၏ကျေးဇူးကို
မမေ့သင့်ကြောင်း ဘုရင်အား ဘုရားလောင်းဆုံးမ ၃၂၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ပညာရှိအမတ် ၃၄၁

၅။ **သောမဒတ္တဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = တပည့်သာမဏေသဖြစ်၍
သည်းစွာငိုကြွေးမဆုံးသော ရဟန်းကြီး ၃၄၂
အတိတ်ဝတ္ထု=မွေးထားသောဆင်ငယ်သဖြင့် ငိုကြွေးသောရသေ့အား သိကြားဆုံးမ ၃၄၂
ဇာတ်ပေါင်းခန်း = ဘုရားလောင်း သိကြားမင်း ၃၄၆

၆။ **သုသီမဇာတ်**။ = မြတ်စွာဘုရား၏ မြတ်သောတောထွက်ခြင်းစကား ၃၄၇
အတိတ်ဝတ္ထု = ပြည်စည်းစိမ်ကိုစွန့်၍ တောထွက်သော သုသီမမင်း ၃၄၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း သုသီမမင်း ၃၅၃

၇။ **ကောဋ္ဌသိမ္ဗလိဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = ကာမဝိတက်ကိုကြံသော
ရဟန်းငါးရာတို့အား ဘုရားရှင်ဆုံးမပုံ ၃၅၄
အတိတ်ဝတ္ထု = ကြီးစွာသော ဂင်္ဂါနှင်ဌက်ကိုမကြောက်ဘဲ
ငှက်ငယ်မကိုကြောက်သော ရက္ခစိုး ၃၅၄
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရက္ခစိုးနတ် ၃၅၇

www.dhammadownload.com

ဇာတ်အမည်　　အကြောင်းအရာဖော်ပြချက်　　စာမျက်နှာ

၈။ **ဓူမကာရီဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = မင်းမူထမ်းသူရဲအဟောင်းတို့အား မချိုးမြှောက်ဘဲ အသစ်တို့ကိုသာချိုးမြှောက်၍ စစ်ရှုံးရသောမင်း ၃၅၈

အတိတ်ဝတ္ထု = အသစ်ဖြစ်သောသူရဲတို့ကိုသာ ချိုးမြှောက်၍ စစ်ရှုံးသောမင်းအား ဝိဓူရဆုံးမ ၃၅၉

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဝိဓူရပညာရှိ ၃၆၂

၉။ **ဇာဂရဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = နိုးကြားထကြွသောသီတင်းသည်ကြောင့် လှည်းကုန်သည်တို့ဘေးကင်း ၃၆၃

အတိတ်ဝတ္ထု=နတ်သမီးမေးသော အိပ်သောသူ, နိုးသောသူအကြောင်း ရသေ့ဖြေဆို ၃၆၄

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ ၃၆၇

၁၀။ **ကုမ္မာသပိဏ္ဍဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = ဘုရားရှင်အား မုယောမုန့်လှူ၍ နေ့ချင်းမိဖုရားဖြစ်သော ပန်းသည် ၃၆၇

အတိတ်ဝတ္ထု = အရှင်ပစ္စေကဗုဒ္ဓါအား မုန့်လှူခဲ့ရ၍ မင်းဖြစ်ရ, မိဖုရားဖြစ်ရခြင်း ၃၆၉

ဇာတ်ပေါင်းခန်း = ဘုရားလောင်း မင်း ၃၇၇

၁၁။ **ပရန္တပဇာတ်**။ = မြတ်စွာဘုရားအား သတ်ရန် ဒေဝဒတ်လုံ့လပြုခြင်း ၃၇၈

အတိတ်ဝတ္ထု = ကျွန်နှင့်ဖောက်ပြားသောမိဖုရားကြောင့် ဘုရင်လုပ်ကြံခံရ ၃၇၈

ဇာတ်ပေါင်းခန်း = ဘုရားလောင်း မင်းသား ၃၈၇

အဋ္ဌကနိပါတ်
(ကစ္ဆာနိဝဂ်)

၁။ **ကစ္ဆာနိဇာတ်**။ = အမိလုပ်ကျွေးသောသားအား မယားကုန်းတိုက်၍မရ၊ ၃၈၉

အတိတ်ဝတ္ထု=တရားသေပြီဟု ဆွမ်းသွတ်လိုသောအမယ်အိုကို သိကြားမင်း မ-စ ၃၉၂

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သိကြားမင်း ၃၉၉

၂။ **အဋ္ဌသဒ္ဒဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = အသံကြီး ၄-မျိုးအကြောင်း ကောသလမင်းအား ဘုရားရှင်ဟောကြား ၃၉၉

အတိတ်ဝတ္ထု=ဗျိုင်းသံနိမိတ်စသော အသံနိမိတ်ရှစ်မျိုးအကြောင်း ရသေ့ဖြေကြား ၄၀၀

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ ၄၀၉

၃။ **သုလသာဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = မိန်းမမာယာဖြင့် ခိုးသူကိုသတ်သောကျွန်မ ၄၁၀

အတိတ်ဝတ္ထု = မိမိကိုသတ်မည့်ခိုးသူလင်အား မာယာဉာဏ်ဖြင့်သတ်သူ ပြည့်တန်ဆာမ ၄၁၁

www.dhammadownload.com

(ပ) မာတိကာ

ဏာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

ဏာတ်ပေါင်းခန်း = ဘုရားလောင်း တောင်စောင့်နတ် ၄၁၇

၄။ **သုမင်္ဂလဏာတ်။** = ဘုရားရှင် ရာဇောဝါဒသုတ္တန်ကို ဟောတော်မူခြင်း ၄၁၇

အတိတ်ဝတ္ထု = ပစ္စေကဗုဒ္ဓါအား မြားဖြင့်ပစ်မိသော

ဥယျာဉ်စောင့်နှင့် ဘုရင်မင်းမြတ် ၄၁၇

ဏာတ်ပေါင်းခန်း = ဘုရားလောင်း ဘုရင်မင်း ၄၂၄

၅။ **ဂင်္ဂမာလဏာတ်။** ပစ္စုပ္ပန်ဝတ္ထု= ဥပုသ်သည်တို့အား ဘုရားရှင်တရားဟောခြင်း ၄၂၅

အတိတ်ဝတ္ထု = နေ့ဝက်ဥပုသ်ကြောင့် ဒုတိယဘဝ၌မင်းဖြစ်သော်လည်း

ဆင်းရဲသောဘဝအကြောင်းကို မပြောလိုသောမင်း ၄၂၅

ဏာတ်ပေါင်းခန်း = ဘုရားလောင်း ဥဒယမင်း

၆။ **စေတိယဏာတ်။** ပစ္စုပ္ပန်ဝတ္ထု = မုသားစကားပြောသော ဒေဝဒတ်မြေမျိုခံရ ၄၄၀

အတိတ်ဝတ္ထု = ခုနစ်ကြိမ်တိတိမုသားစကားဆိုသော စေတိယမင်း မြေမျိုး ၄၄၀

ဏာတ်ပေါင်းခန်း = ဘုရားလောင်း ကပိလပုဏ္ဏား ၄၅၂

၇။ **ဣန္ဒြိယဏာတ်။** ပစ္စုပ္ပန်ဝတ္ထု = မယား၊ဟောင်းအိမ်ထောင်သစ်ပြုမည်ဆို၍

လူထွက်လိုသောရဟန်း ၄၅၂

အတိတ်ဝတ္ထု = ပြည့်တန်ဆာမကို စွဲလန်းသောရသေ့အား

ရသေ့လေးဦးနှင့် သရဘင်္ဂဆရာဆုံးမ ၄၅၅

ဏာတ်ပေါင်းခန်း = ဘုရားလောင်း သရဘင်္ဂဆရာရသေ့ ၄၆၄

၈။ **အာဒိတ္တဏာတ်။** = စိစစ်ရွေးချယ်၍ ကောသလမင်း အတုမရှိအလှူပေး ၄၆၄

အတိတ်ဝတ္ထု = စိစစ်ရွေးချယ်လှူလို၍ ပန်းခုနစ်ဆုပ်

သစ္စာတမန်ဖြင့် ပစ္စေကဗုဒ္ဓါတို့အား မင်းကြီးပင့်ပုံ ၄၆၅

ဏာတ်ပေါင်းခန်း = ဘုရားလောင်း မဟာရောရုဝမင်း ၄၇၁

၉။ **အဋ္ဌာနဏာတ်။** ပစ္စုပ္ပန်ဝတ္ထု = ကိလေသာကြောင့် ငြီးငွေ့သောရဟန်းအား

မိန်းမတို့၏အပြစ်ကိုပြခြင်း ၄၇၂

အတိတ်ဝတ္ထု = မိန်းမကိုမုန်း၍ရသေ့ပြုသူ ယုန်ချို၊

လိပ်မွေး-စသည့် မဖြစ်နိုင်ရာကိုတွေ့မှ ပြန်မည်ပြောခြင်း ၄၇၂

ဏာတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ ၄၇၈

www.dhammadownload.com

ဏာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၁၀။ **ဒီပိဏာတ်**= ဆိတ်ကုလား:မ၏ မာယာဟန်ကြောင့် မဖမ်းရဲဘဲ သစ်ထွက်ပြေး:ရ ၄၇၉
အတိတ်ဝတ္ထု = မာယာဟန်အသုံး:မှား၍ သစ်စား:ခံရသော ဆိတ်ကုလား:မ ၄၈၀
ဏာတ်ပေါင်:ခန်: = ဘုရား:လောင်: ရသေ့ ၄၈၅

နဝကနိပါတ်

၁။ **ဂိဇ္ဈဏာတ်** =ဆရာဥပဇ္ဈာယ်နှင့်သီတင်:သုံ:ဖော်တို့ဆုံ:မသည်ကို မခံသောရဟန်: ၄၈၇
အတိတ်ဝတ္ထု=အဖလင်:တစကား:နာ:မထောင်ဘဲ အမြင့်သို့ပျံ၍ပျက်စီ:သောလင်:တ ၄၈၈
ဏာတ်ပေါင်:ခန်: = ဘုရား:လောင်: **ဆုံ:မခက်သောလင်:တ**၏အဖ ၄၉၂
၂။ **ကောသမ္ဗီဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = သုတ္တန်ဆောင်နှင့် ဝိနည်:ဆောင်ရဟန်တို့
အသင်:ကွဲမှု ဘုရား:တား:၍မရ ၄၉၃
အတိတ်ဝတ္ထု = အဖကိုသတ်သောရန်သူမင်:ကိုပင် သိ:ခံသော
ဒီဃာဝု၏သာဓကနှင့်ပင် ဟောမရ၏ ပါလိလေယျကတောသို့ ဘုရား:ကြွ ၄၉၅
ဏာတ်ပေါင်:ခန်: = ဘုရား:လောင်: ဒီဃာဝုမင်:သား ၅၀၀
၃။ **မဟာသုဝဏ္ဏဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = နေရန်ကျောင်:ရလျက်
ဆွမ်:ကောင်:မစား:ရသဖြင့်တရား:မရဟုဆိုသောရဟန်:အား ဘုရား:ဆုံ:မခြင်: ၅၀၀
အတိတ်ဝတ္ထု = သိကြား:ဖျက်၍ ရေသဖန်:ပင်ပျက်သော်လည်:
ရောင့်ရဲလွယ်သောကျေ:မင်: ၅၀၁
ဏာတ်ပေါင်:ခန်: = ဘုရား:လောင်: ကျေ:မင်: ၅၀၇
၄။ **စူဠသုဝဏ္ဏဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = ဘုရား:ရှင်ဝေရဉ္ဇာပြည်၌ မုယောဆွမ်:ကို
ဝါတွင်:သုံ:လဘဉ်:ပေ:ရ ၅၀၇
အတိတ်ဝတ္ထု = သိကြား:ဖျက်၍ ရေသဖန်:ပင်ပျက်သော်လည်:
ရောင့်ရလွယ်သောကျေ:မင်: ၅၀၈
ဏာတ်ပေါင်:ခန်: = ဘုရား:လောင်: ကျေ:မင်: ၅၁၁
၅။ **ဟရိတစဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = တန်ဆာဆင်သော မာတုဂါမကိုမြင်၍
သာသနာမှငြိုး:ငွေ့သောရဟန်: ၅၁၂
အတိတ်ဝတ္ထု = မိဖုရား:ခါ:ဝတ်လျှောကျသည်ကိုမြင်၍
စျာန်လျှောအကျင့်ပျက်သော ရသေ့ ၅၁၂
ဏာတ်ပေါင်:ခန်: = ဘုရား:လောင်: မိန်:မန့်မန့်သောတောသို့ အပြီ:ကြွသောရသေ့ ၅၁၉

www.dhammadownload.com

ဇာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၆။ **ပဒကုသလမာဏဝဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ခြေရာကောက်အတတ်ကျွမ်းကျင်သော
ခုနစ်နှစ်အရွယ်သူကြွယ်သား ၅၁၉
အတိတ်ဝတ္ထု=ခြေရာကောက်အတတ်ဖြင့် ခိုးသူမင်းနှင့်ပုရောဟိတ်တို့ကို ဖမ်းစေသူ ၅၂၀
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ပဒကုသလလုလင် ၅၃၈

၇။ **လောမသကဿပဇာတ်။** = ကိလေသာကြောင့် သာသနာမှငြိုးငွေ့သောရဟန်း ၅၃၉
အတိတ်ဝတ္ထု = ကိလေသာတုန်လှုပ်ခြင်းကြောင့် ဘုရင့်သမီးနှင့်တွဲ၍
ယဇ်ပွဲဝင်မည့်ဆဲဆဲသော ရဿေ ၅၃၉
ဇာတ်ပေါင်းခန်း = ဘုရားလောင်း လောမသကဿပရဿေ ၅၄၆

၈။ **စက္ကဝါကဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ပစ္စည်းဥစ္စာ, အစားအသောက်ကြောင့် ဝိသာခါ,
အနာထပိဏ်စသည့်အိမ်တို့သို့သွားသော ရဟန်း ၅၄၇
အတိတ်ဝတ္ထု = စက္ကဝါဂ်ၚက်တို့လှသလို လှချင်သောကျီး ၅၄၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း စက္ကဝါဂၚက် ၅၅၂

၉။ **ဟလိဒ္ဒိရာဂဇာတ်။** = အပျိုကြီးဖြားယောင်းခံရသော ရဟန်းတစ်ပါး ၅၅၃
အတိတ်ဝတ္ထု=မိန်းမဖျက်ဆီးခံရသောရဿေငယ် ဖခင်ရဿေဆုံးမ၍ဈာန်အဘိညာဉ်ရ ၅၅၃
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဖခင်ရဿေ ၅၅၇

၁၀။ **သမုဂ္ဂဇာတ်။** = မာတုဂါမကို တောင့်တ၍ သာသနာမှငြိုးငွေ့သောရဟန်း ၅၅၈
အတိတ်ဝတ္ထု = မိန်းမကိုကြိုက်၌ထည့်၍
ဝမ်း၌မျိုထားသော်လည်း မလုံခြုံ၊ ဝိဇ္ဇာဓိရ်နှင့်ဖောက် ၅၅၈
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဒီဗ္ဗစက္ခုရဿေ ၅၆၅

၁၁။ **ပူတိမံသဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ရူပါရုံစသည်တို့၌ ကပ္ပန္ဒြေကို
စောင့်စည်းသင့်ကြောင်း ဘုရားရှင်ဟော ၅၆၆
အတိတ်ဝတ္ထု = ဆင်ခြင်ဉာဏ်ရှိသော ဆိတ်မအား မြေခွေးလှည့်စား၍မရ ၅၆၇
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရက္ခစိုးနတ် ၅၇၃

၁၂။ **တိတ္တိရဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ်အရှက်မရှိကြောင်း
အဇာတသတ်နှင့်ပေါင်း၍ ဘုရားအားသေကြောင်း ကြံစည်ခြင်းစကား ၅၇၄
အတိတ်ဝတ္ထု = ဖွတ်ငယ်, ခါနှင့်နွားငယ်တို့ကို
သတ်စားသောရဿေယုတ် ကျားကုတ်၍သေ ၅၇၄
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ခါပညာရှိ ၅၈၂

www.dhammadownload.com

ကာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

ဒသကနိပါတ်

၁။ **စတုဒ္ဒါရကာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဆုံးမခက်သောရဟန်းတစ်ပါးအကြောင်း ၅၈၅
အတိတ်ဝတ္ထု = အမိစကားကိုမနာယူသော မိတ္တဝိန္ဒက
ငရဲပန်းကိုနတ်ပန်ထင်၍ ငရဲသို့ကျ ၅၈၆
ကာတ်ပေါင်းခန်း = ဘုရားလောင်း နတ်မင်း ၅၉၃
၂။ **ကဏ္ဍကာတ်။** = အတိတ်ဖြစ်ရပ်တစ်ခုကို အကြောင်းပြု၍ ဘုရားရှင်ပြုံးခြင်း ၅၉၄
အတိတ်ဝတ္ထု = ကဏ္ဍရသေ့ဖြစ်စဉ် သိကြားဆုပေး၍ သိကြားအား တရားဟော ၅၉၅
ကာတ်ပေါင်းခန်း = ဘုရားလောင်း ကဏ္ဍရသေ့ ၆၀၆
၃။ **စတုပေါသထိကာတ်။** (ပုဏ္ဏာကာတ်တွင် ထင်ရှားဖြစ်မည်။) ၆၀၆
၄။ **သခ်ကာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဘုရားနှင့်တကွရဟန်းငါးရာကို ဖိနပ်အဦးထား၍
ပရိကွရာရှစ်ပါး ခုနစ်ရက်ပတ်လုံးလွှဲသော ဒါယကာ ၆၀၆
အတိတ်ဝတ္ထု = ကုန်ရောင်းအသွားသဘော်ပေါ်မတတ်မိ အရှင်ပစ္စေကဗုဒ္ဓါအား
ဖိနပ်လွှဲရကျိုးကြောင့် သဘော်ပျက်သော် နတ်သမီးကယ်မ ၆၁၇
ကာတ်ပေါင်းခန်း = ဘုရားလောင်း သခ်ပဏ္ဍား ၆၁၇
၅။ **စူဠဟောဓိကာတ်။** = ဒေါသကြီးသော ရဟန်းအား ဘုရားရှင်တရားဟော ၆၁၈
အတိတ်ဝတ္ထု = ရသေ့ပြုသော ဇနီးမောင်နှံ၊ ရသေ့မကို
ဘုရင်ဆောင်သော်လည်း ဒေါသကိုနှိမ် ၆၁၉
ကာတ်ပေါင်းခန်း = ဘုရားလောင်း စူဠဟောဓိရသေ့ ၆၂၈
၆။ **ကဏ္ဍဒီပါယနကာတ်။** ပစ္စုပ္ပန်ဝတ္ထု = အရှက်အကြောက်မဲ့စွာ
သာသနာမှငြီးငွေ့ကြောင်းပြောသော ရဟန်း ၆၂၉
အတိတ်ဝတ္ထု = မိတ်ဆွေနှစ်ဦးရသေ့ပြုပုံ၊ တစ်ဦးတံကျင်လှျို့ခံရပုံ၊
သစ္စာပြု၍ မြွေဆိပ်ပျယ်ပုံ ၆၂၉
ကာတ်ပေါင်းခန်း = ဘုရားလောင်း ကဏ္ဍဒီပါယနရသေ့ ၆၄၄
၇။ **နိဂြောဓကာတ်။** ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ကျေးဇူးကို မသိတတ်သောဒေဝဒတ် ၆၄၅
အတိတ်ဝတ္ထု = ကျေးဇူးရှင်ကို ကျေးဇူးကန်းသူစစ်သူကြီး ရာထူးချခံရ ၆၄၅
ကာတ်ပေါင်းခန်း = ဘုရားလောင်း နိဂြောဓမင်း ၆၅၆

www.dhammadownload.com

ဏာတ်အမည်　　အကြောင်းအရာဖော်ပြချက်　　စာမျက်နှာ

၈။ **တက္ကလဏာတ်** = အဖနှင့်ကုန်းတိုက်သောမယား အိမ်မှအနှင်ခံရ၍ တောင်းပန် ၆၅၇
အတိတ်ဝတ္ထု=ယောကွမကိုသတ်ခိုင်းသောမိန်းမ သားငယ်ကြောင့် အိမ်မှအနှင်ခံရ ၆၅၉
ဏာတ်ပေါင်းခန်း = ဘုရားလောင်း ပညာရှိသားငယ် ၆၆၉

၉။ **ဓမ္မပါလဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = အလောင်းမင်းသားသေပြီဟု နတ်ပြောစကားကို
မယုံခဲ့သော မင်းကြီး ၆၆၉
အတိတ်ဝတ္ထု=ဒီသာပါမောက္ခဆရာက သင့်သားသေပြီပြောလည်း မယုံသောပုဏ္ဏား ၆၇၀
ဏာတ်ပေါင်းခန်း = ဘုရားလောင်း ဓမ္မပါလသတို့သား ၆၈၀

၁၀။ **ကုက္ကုဠဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ်သည် လေးသမားစသည်တို့ကို
သွတ်၍ ဘုရားကိုသတ်ရန် ကြံမှု ၆၈၁
အတိတ်ဝတ္ထု = ကြက်မင်းအားစားရန် လှည့်စားသော်လည်း မရ၍ စွန်ပြေးရခြင်း ၆၈၁
ဏာတ်ပေါင်းခန်း = ဘုရားလောင်း ကြက်မင်း ၆၈၇

၁၁။ **မဋ္ဌကုဏ္ဍလီဏာတ်**=ချစ်စွာသောသားသေ၍ မစားမသောက်ငိုနေသောသူကြွယ် ၆၈၇
အတိတ်ဝတ္ထု = သားသေ၍ငိုသောပုဏ္ဏားကို သားနတ်သားကငိုပြ၍ သတိရခြင်း ၆၈၈
ဏာတ်ပေါင်းခန်း = ဘုရားလောင်း နတ်သား ၆၉၃

၁၂။ **ဗီဇဂာရသောသိယဏာတ်** = ဆွမ်းနှင့်ရေကိုပင် လျှပြီးမှသုံးဆောင်သောရဟန်း ၆၉၄
အတိတ်ဝတ္ထု = ၅-ဆက်တိုင်တိုင် အလှူပေးသဖြင့် သိကြားနတ်မျာဖြစ်ကြသော်လည်း
၆-ဆက်မြောက် သား အလှူဖြတ်၍ သိကြားနှင့် နတ်တို့ဆုံးမ ၆၉၅
ဏာတ်ပေါင်းခန်း = ဘုရားလောင်း သိကြားမင်း ၇၀၇

၁၃။ **စက္ကဝါကဏာတ်**။ = ပစ္စည်းလေးပါးတို့၌ တပ်မက်သော ရဟန်းတစ်ပါး ၇၀၇
အတိတ်ဝတ္ထု=အစား၌တပ်မက်သောကျီး စက္ကဝါက်တို့ထံမှ အလိုမကျ၍ပြန်ပြေးရ ၇၀၈
ဏာတ်ပေါင်းခန်း = ဘုရားလောင်း စက္ကဝါက်ငှက်မင်း ၇၁၃

၁၄။ **ဘူရိယပညဏာတ်**။ = (မဟာဥမင်္ဂဏာတ်တွင် ထင်ရှားမည်။) ၇၁၃

၁၅။ **မဟာမင်္ဂလဏာတ်**။ ပစ္စုပ္ပန်ဝတ္ထု = မင်္ဂလာအမှန်ကိုမသိကြ၍ ၁၂-နှစ်လွန်မှ
သိကြားတောင်းပန်သဖြင့် မင်္ဂလသုတ်တော်ကို ဘုရားဟောခြင်း ၇၁၄
အတိတ်ဝတ္ထု = ရှေးအခါဗာရဏသီပြည်မှ မင်္ဂလာပြဿနာကြောင့်
မင်္ဂလာရှစ်ပါး ရသေ့ဟောကြား ၇၁၆
ဏာတ်ပေါင်းခန်း = ဘုရားလောင်း ဆရာရကွီတရသေ့ ၇၂၅

www.dhammadownload.com

ဇာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၁၆။ **ယဒုပဏ္ဍိတဇာတ်။** = (မဒ္ဒကုက္ကုလိဝတ္ထုနှင့်တူ)သားသေ၍ ငိုသောသူကြွယ် ၇၂၆
အတိတ်ဝတ္ထု = ကံသမင်းဆက်မှ သားသေ၍ငိုသော ဝါသုဒေဝမင်းအား
လ-မှ ယုန်ရုပ်ကိုပြ၍ငိုတောင်းပြီး တရားပြသော ညီမင်းသား ၇၂၆
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ယဒုပဏ္ဍိတမင်းသား ၇၄၅

ဇကာဒသကနိပါတ်

၁။ **မာတုပေါသကဇာတ်။** ပစ္စုပ္ပန်ဝတ္ထု =အမိအား လုပ်ကျွေးသော မထေရ်တစ်ပါး ၇၄၇
အတိတ်ဝတ္ထု = အမိကိုလုပ်ကျွေးသော ဆင်ဖြူတော် မင်းဖမ်းယူခြင်းမှပြန်လွှတ်ရ ၇၄၈
ဇာတ်ပေါင်းခန်း = ဘုရားလောင်း အမိကိုလုပ်ကျွေးသော ဆင်ဖြူတော်မင်း ၇၅၆

၂။ **ဇုဏ္ဍဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဘုရားရှင်အား **အမြဲအလုပ်အကျွေးရွေးချယ်၊**
အရှင်အာနန္ဒာဆုရစ်ပါးတောင်း ၇၅၆
အတိတ်ဝတ္ထု = ကျောင်းသားဘဝကတိုက်မိ၍
ထမင်းခွက်ကျကွဲသူအား ဆုပေးသောမင်း ၇၆၁
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဇုဏ္ဍမင်း ၇၆၈

၃။ **ဓမ္မဒေဝပုတ္တဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ဘုရားရှင်၏ သာသနာစက်ကိုဆန့်ကျင်သော
ဒေဝဒတ် မြေမျိုခြင်း ၇၆၈
အတိတ်ဝတ္ထု =တရားကျင့်သောနတ်သားအား စစ်ထိုးလိုသောနတ်သား မြေမျိုခံရ ၇၆၉
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဓမ္မနတ်သား ၇၇၅

၄။ **ဥဒယဘဒ္ဒဇာတ်။** = သာသနာတော်မှ ဆန့်ကျင်သော ရဟန်းတစ်ယောက် ၇၇၆
အတိတ်ဝတ္ထု = အနှစ်ခုနစ်ရာမိန်းမနှင့်အတူနေလည်း တဏှာမဖြစ်သော
မင်းနှင့်မိဖုရားတို့ သိကြားနှင့်သိကြားမိဖုရားဖြစ်ကြ ၇၇၆
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဥဒယဘဒ္ဒတစ်ဖြစ်လဲ သိကြားမင်း ၇၉၁

၅။ **ပါနီယဇာတ်။** ပစ္စုပ္ပန်ဝတ္ထု = ညဉ့်အခါ ကာမဝိတက်ကို ကြံကုန်သော
ရဟန်းငါးရာတို့အား ဘုရားရှင်တရားပြ ၇၉၂
အတိတ်ဝတ္ထု = ပစ္စေကဗုဒ္ဓါငါးပါးတို့၏ သံဝေဂတရားကြောင့်
ဘုရင်မင်း ရသေ့ပြုခြင်း ၇၉၂
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ရသေ့ပြုသောမင်း ၈၀၂

www.dhammadownload.com

ဇာတ်အမည်　　အကြောင်းအရာဖော်ပြချက်　　စာမျက်နှာ

၆။ **ယုဓဉ္ဇယဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = စကြာမင်းဖြစ်အံ့သည်ကို ပယ်၍တောထွက်သဖြင့်
သဗ္ဗညုဘုရားဖြစ်ရ ၈၀၃
အတိတ်ဝတ္ထု = ပင့်ကူအိမ်, မြက်ပင်ဖျားမှ ဆီးနှင်းပေါက်ဖြင့်
သံဝေဂယူ၍ ရသေ့ပြုသောမင်းသား ၈၀၃
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ယုဓဉ္ဇယမင်းသား ၈၁၀

၇။ **ဒသရထဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = အဖသေ၍စိတ်ညစ်ပြီး အမှုကိစ္စတို့ကို
စွန့်သောသူကြွယ်အား ဘုရားရှင်ဆုံးမ ၈၁၁
အတိတ်ဝတ္ထု = ခမည်းတော်သေကြောင်းကြားသော်လည်း မငိုဘဲ
ခမည်းတော်၏ စကားကိုနာယူ၍ မင်းပြု ၈၁၁
ဇာတ်ပေါင်းခန်း = ဘုရားလောင်း ခမည်းတော်စကားကို နာယူ၍
မင်းပြုသော ရာမသုခမိန် ၈၂၁

၈။ **သံဝရဇာတ်**။ ပစ္စုပ္ပန်ဝတ္ထု = တောဠှတရားကျင့်ရာ တရားမရ၍ ဝိရိယလျှော့ကာ
ဘုရားကိုသာဖူး၍ နေလိုသောရဟန်း ၈၂၂
အတိတ်ဝတ္ထု = ဘုရားလောင်းအမတ်၏ အဆုံးအမကိုနာယူ၍
မင်းဖြစ်ရသော မင်းသားငယ် ၈၂၃
ဇာတ်ပေါင်းခန်း = ဘုရားလောင်း အမတ် ၈၃၁

၉။ **သုပ္ပါရကဇာတ်** =မြတ်စွာဘုရား၏ပညာပါရမီတော်၏ အံ့ဖွယ်ကောင်းကြောင်း ၈၃၁
အတိတ်ဝတ္ထု = မြတ်သောပညာကြောင့် ပစ္စည်းများရ၍ ဗလဝါမုခသမုဒ္ဒရာမှ
သစ္စာတန်ခိုးဖြင့် သဘော်သားများနှင့်တကွ ပြန်ရောက်သော သဘော်သူကြီး ၈၃၂
ဇာတ်ပေါင်းခန်း = ဘုရားလောင်း သုပ္ပါရကသုခမိန် ၈၄၃

ငါးရာငါးဆယ်ဇာတ်ဝတ္ထု
တတိယတွဲ မာတိကာပြီး၏။

* * * * *

www.dhammadownload.com

ပုံတော်စုံ

ငါးရှငါးဆယ်ဇာတ်ဝတ္ထု

ပဏ္ဍကနိပါတ်

....

နံမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁- မဏိကုဏ္ဍလဝဂ် ၁-မဏိဏ္ဍလဇာတ်

ကောသလနှင့် ဗာရာဏသီမင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော ထမ္မညူမြတ်စွာဘုရားသည် "ဇီနော ရထဿံ မဏိကုဏ္ဍလေစ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဏိကုဏ္ဍလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ နန်းတွင်း၌ ပြစ်မှားသောအမတ်ကို မြကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ * ဝတ္ထုကို အောက်၌ ချ့.အပ်ပြီ။

အတိတ်ဝတ္ထု။ ဤမဏိကုဏ္ဍလဇာတ်၌လည်း ဘုရားလောင်းသည် ဗာရာဏသီမင်းဖြစ်၏။ ပြစ်မှားသောအမတ်သည် ကောသလမင်းကို ဆောင်၍ ကာသိတိုင်းကို ယူစေ၍ ဗာရာဏသီမင်းကို နှောင်ဖွဲ့စေ၍ နှာ့ဉ်အိမ်၌ ထားစေ၏။ မင်းသည် ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၏။ ခိုးသူမင်း၏ ကိုယ်၌ပူခြင်းသည် ဖြစ်၏။ ခိုးသူမင်းသည် ဗာရာဏသီမင်းအထံသို့ ဆည်းကပ်၍-

၁။ ဇီနော ရထသံ မဏိကုဏ္ဍလေ စ၊
ပုတ္တော စ ဒါရေ စ တဒေဝ ဇီနော။
သဗ္ဗေသု ဘောဂေ သု အသေသိကေသု၊
ကသ္မာ နု သန္တပ္ပသိ သောကထာလေ-

ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

၁။ ဓဟ္မာရာဇ၊ မြတ်သောမင်းကြီး။ တုံ၊ သင်မင်းကြီးသည်။ တဒေဝ ထို့ဖော၌၌လျှင်။ ရထသံ၊ ရထားမြင်းကိုလည်းကောင်း။ မဏ္ဍိကုဏ္ဍလေ စ၊ ပတ္တာမြား နားတောင်းတို့ကို လည်းကောင်း။ ဇီနော၊ စွန့်သည်။ အသိ၊ ဖြစ်၏။ ပုတ္တော်စ၊ သားတို့ကိုလည်းကောင်း။ ဒါရေ စ၊ မယားတို့ကိုလည်းကောင်း။ ဇီနော၊ စွန့်သည်။ အသိ၊ ဖြစ်၏။ အသေသိကေသု၊ အကြွင်းမရှိကုန်သော။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဘောဂေသု၊ စည်းစိမ်တို့၌။ ဇီနော၊ ရှုံးသည်။ အသိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သောကထာလေ၊ သောက ဖြစ်ခြင်းသော ကာလ၌။ နု သန္တပ္ပသိ၊ မြတ်သောမင်း သနည်း။

သောကကင်းဝေးနှိုင်ရေး

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၂။ ပုဗ္ဗေဝ မေ စံ ဝိဇဲဟန္တိ ဘောဂါ၊
မဒ္ဒာမာ မနေ ပုဗ္ဗတရံ ဇဟာတိ။
အဃဿတာ ဘေဒဂိနော ဇာမကာမိ၊
တသ္မာ နု သောစာမဟံ သောကကာလေ။

* ဒုကနိပါတ် ပဗ္ဗတူပတ္ထရဇာတ်တွင်

www.dhammadownload.com

၃။ ဥဒေတိ အာပူရတိ ဇေတိ စန္ဒော၊
အန္ဓံ တမေတ္တာန ပလေတိ သူရိယော။
ဝိဓိးတာ မယာ သတ္တာ်က လောကမ္မာ၊
တသ္မာ နု ဿာစာမဟံ သောကကာလေ-

ဟူဧော ဤနှစ်ဂါထာတို့ကို ဆို၏။

၂။ ကာမဏာမိ၊ ကဒမဂုဏ်တို့ကိုအလိုရှိသောမင်း။ ဘောဂါ၊ စည်းစိမ်တို့သည်မူလည်း။ မစ္စံ၊ သတ္တဝါကို။ ပုဗ္ဗဝ၊ ရှေးဦးစွာလျှင်၊ ဝိဇဟန္တိ၊ စွန့်ကုန်၏။ မဓစွာ၊ သတ္တဝါသည်မူလည်း။ ဓနံ၊ ဥစ္စာတို့ကို။ ပုဗ္ဗတရံ၊ ရှေးဦးစွာ။ ဇဟာတိ၊ စွန့်၏။ ဘောဂိနော၊ စည်းစိမ်ရှင်တို့သည်။ အသသတဒ၊ မမြဲကုန်။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ သောကကာဝလေ၊ သောကဖြစ်ကောင်းသော ကာလ၌။ နု ဿာစာမိ၊ ဓစိုးရိမ်။

၃။ သတ္တာ်က၊ ရန်သူဖြစ်သော ကောသလမင်း။ လောဏဓမ္မာ၊ လွယ်ကဲတို့ကို။ မယာ၊ ငါသည်။ ဝိဒိတစ၊ သိအပ်ကုန်၏။ စန္ဒော၊ လသည်။ ဥဒေတိ၊ တက်၏။ အာပူရတိ၊ ပြည့်၏။ ဝေတိ၊ ဝင်၏-ချုပ်၏-ကုန်၏။ သူရိယော၊ နေသည်။ အန္ဓံ၊ အမိုက်မှောင်ကို။ ဓမေန္တော၊ ဖျက်စီးလျက်။ တမေတ္တာန၊ ထွန်းတောက်စေ၍။ ပလေတိ၊ ဝင်၏။ ဧဝမေဝ၊ ဤအတူလျှင်။ ဘောဂါ၊ စည်းစိမ်တို့သည်။ ဥပဓ္ဓန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏။ နဿန္တိ စ၊ ပျက်လည်းပျက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ အဟံ၊ ငါသည်။ ဧသဓမ္မတာလေ၊ သောကဖြစ်ကောင်းသော ကာလ၌။ နု ဿာစာမိ၊ ဓစိုးရိမ်။

ဤသို့ ဘုရားလောင်းသည် ခိုးသူမင်းအား တရားဟော၍ ယာခုအခါ၌ ထိုခိုးသူမင်းကိုလျှင် နာယူစေလိုရကား-

၄။ ဆလဿေ ဂိဟိ ကာမဘောဂီ နု သာဓု၊
ဆဿညုတော ပဗ္ဗဇိတော နု သာဓု။
ရာဇာ နု သာဓု ဆနိသမ္မကာရီ၊
ဓယော ပဏ္ဍိတော ဧဿာဓနာ တံ နု သာဓု။

www.dhammadownload.com

၅။ နိသမ္မ ခတ္တိယော ကယိရာ၊ နးနိသမ္မ ဒိသမ္မတိ။
နိသမ္မကာရိနော ရာဇ၊ ယသော ကိတ္တိ စ ဝဏ္ဏတိ.

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

မကောင်းသောအရာမျှား.

၄။ ကာမကာမိ၊ ကာဧဂိုဏ်တို့ကို အလိုရှိသောမင်းကြီး။ အလွန်သစ်ပျင်းသော။ ကာမဘောဂီ၊ ကာမချမ်းသားကို ခံစားသော။ ဂိဟိ၊ လူသည်။ နသာဓု၊ မနကောင်း။ ဆာသည်တော၊ မဒစောင့်ရှောက်သော။ ပဗ္ဗဇိတော၊ ရဟန်းသည်။ နသာဓု၊ မနကောင်း။ အနိယမ္မကာရီ၊ မစုံစမ်းမဆင်ခြင်ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ နသာဓု၊ မနကောင်း။ ဓမ္မိတော၊ ပညာရှိသည်။ ယော ကောဓနော၊ အကြောင်းမျက်ထွက်ခြင်းကို ပြု၏၊ တံ၊ ထိုဆဖျက်ထွက်ခြင်းသည်။ နသာဓု၊ မကောင်း။

အရာရာမှာဆင်ခြင်ပါ

၅။ ခတ္တိယော၊မင်းသည်။ နိသမ္မ၊ စုံစမ်းဆင်ခြင်၍။ ကယိရာ၊ ပြုရာ၌၊ ဒိသမ္မတိ၊ မင်းသည်။ အနိသမ္မ၊ မစုံစမ်းမဆင်ခြင်၍။ နကယိရာ၊ မပြုရာ၊ ရာဇာ၊ မင်းကြီး။ နိသမ္မကာရိနော၊ စုံစမ်းဆင်ခြင်၍ ပြုလေ့ရှိသော မင်းဆာ။ ယသော စ၊ စည်းစိမ်ဆဲဆဲရသည် လည်းကောင်း။ ကိတ္တိ စ၊ ကျော်စောခြင်းသည် လည်းကောင်း။ ဝဏ္ဏတိ၊ ပွားစေ၏။

ခိုးသူမင်းသည် ဘုရားလောင်းကို ကန်ကော့၍ မင်းအဖြစ်ကို အပ်နှင်း၍ မိမိဇနပုဒ်ဌာလျှင် သွား၏။

ဇာတ်ပါဠိ။ သဗ္ဗညုမြတ်စွာဘုရားသည်ကျွမ်းမမှဒဿနာကိုဆောင်တော်မူ၍ "ယခုအခါ၌ အာနန္ဒာသည် ထိုအခါ ကောသလမင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်းဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စူးစမ်းဆင်ခြင်၊ ဉာဏ်နှင့်ယှဉ်၍၊ မြင့်မင်းကျင့်ရာ)
ငရဲဘေးစွာသော မဂတိ ကုဏ္ဍသဇာတ်သည် ပြီး၏။

www.dhammadownload.com

၂။သုဇာတဇာတ်

သားလိမ္မာကြောင့် အစ်ချမ်းသာ

ဟောတော်မူရာဌာန။ နတ်နှင့်စကဉ်သော လောကကို ဆုံးမတော်မူတတ်သော သင်္ဘဉ်သည်မြတ်စွာဘုရားသည် "ကိုးနု သန္တဲ့ရမာနောဝ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဇာတဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် အာဘ့သေသောသူကြွယ်ကို အာဒေါကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုသူကြွယ်သည် အာဘသေလွန်လတ်သော် သောတကို ဖျောက်အံ့သော်ငှာ မတတ်နိုင်သဖြင့် ငိုကြွေးလျက် သွားသတတ်။ သင်္ဘဉ်မြတ်စွာဘုရားသည် ထိုသူကြွယ်၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ ဪဝတ္ထိုပြည်သို့ ဆွမ်းခံကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူလျက် ရှိခိုး၍နေသော ထိုသူကြွယ်ကို "ရတနာသုံးပါးသို့ ဆည်းကပ်တတ်သော ဒါယကာ သင် စိုးရိမ်သလော" ဟု မိန့်တော်မူ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား....စိုးရိမ်ပါ၏" ဟု နားတော်လျှောက်သည်ရှိသော် "ဒါယကာ....ရှေးပညာရှိတို့သည် ပညာရှိတို့၏ စကားကို ကြားရ၍ အာဘသေလွန်သည်ရှိသော် မစိုးရိမ်ကုန်" ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ။လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူကြွယ်အိမ်၌ ဖြစ်၏။ ဘုရားလောင်းအား "သုဇာတ သတို့သား" ဟူသော အမည်ကို မှည့်ကုန်၏။ သုဇာတသည် အရွယ်ရောက်လတ်သော် အဘိုးသည် သေလွန်၏။

သေကဖြစ်သောအစာ

ထိုအခါ သုဇာတ၏ အဘသည် အာဘသေလွန်သောကာလမှ စ၍ သေကသည် နှိပ်စက်အပ်သည်ဖြစ်၍ သုသာန်မှ အရိုးတို့ကိုဆောင်၍ မိမိ

www.dhammadownload.com

ဥယျာဉ်၌ မြေစေတီတည်၍ ထိုးမြစေတီ၌ ထိုအရိုးတို့ကိုမြှုပ်၍ ရောက်တိုင်း ရောက်တိုင်းသောအခါ၌ စေတီကို ပန်းတို့ဖြင့် ပူဇော်၍ ဆင်ခြင်လျက် ငို၏။ ရေမချိုး မလိမ်းမကျံ့ မစား မသောက် အမှုတို့ကို မစီရင်။

သေကောင်ကိုဖျောက်ခြင်း

ဘုရားလောင်းသည် ထိုအဘကိုမြင်၍ "ငါ့အဘသည် ငါ့အဘိုးသေသောတာလမှစ၍ သောကနှိပ်စက်လျက် သွား၏၊ ငါ့ကိုထား၍ ငါမှတစ်ပါး ငါ့အဘ သိစိမ့်သောဌာန စွမ်းနိုင်သောသူသည် မရှိ၊ ငါသည် ငါ့အဘကို တစ်ခုံသော ဥပါယ်ဖြင့် သောကကင်းအောင် ပြုအံ့ဟု ရှာပဋ္ဌေးသေကိုမြင်၍ မြက်ကိုလည်းကောင်း, ရေကိုလည်းကောင်း, ဆောင်၍ ထိုနွားသေ၏ ရှေ့၌ထား၍ 'စားလော့, သောက်လော့ဟု' ဆို၏။ လာတိုင်းလာတိုင်း လုပ်တိုင်းသောသူတို့သည် ထိုဘုရားလောင်းကိုမြင်၍ "အချင်းသုဇာတ... သင်သည် နွားသေအား မြက်, ရေကို ပေး၏၊ အဘယ့်ကြောင့် ရှုးသနည်း" ဟု ဆိုကုန်၏။ သုဇာတသည် တစ်စုံတစ်ခုသောစကားကို မဆို။ ထိုအခါ သုဇာတ၏ အဘအထံသို့ သွား၍ 'သင့်သားသည် ရှုး၏၊ နွားသေအား မြက်၊ ရေကိုပေး၏'ဟ ဆိုကုန်၏။ ထိုစကားကိုကြား၍ သူကြွယ်အား အဘဋ္ဌိုးရိမ်ခြင်းသည် ပြေ၍ သားဋ္ဌိုးရိမ်ခြင်းသည် တည်၏၊ သူကြွယ်သည် လျင်မြန်စွာသွား၍ "သုဇာတ... သင်သည် ပညာရှိမဟုတ်လော၊ အဘယ့်ကြောင့် နွားသေအား မြက်, ရေကို ပေးသနည်း" ဟု ဆိုလို၍...

၆။ ကိ နု သန္တရမာနော၀၊ လာယိတ္ထာ ဟရိတံ တိက္ခံ၊
ခါဒ ခါဒါတိ လုပသိ၊ ဂတဃန္တံ ဇရဂ္ဂ၀ံ။

၇။ န ဟိ အန္နေန ပါနေန၊ မတော ဂေါဏော သမုဋ္ဌဟေ၊
တဉ္စ တုစ္ဆံ ဝိလပသိ၊ ယထာ တံ ဒုမ္မတိ တထာ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၆။ သုဇာတ၊ သုဇာတ၊ တုံ၊ သင်သည်။ ဂတဃန္တံ၊ သေပြီးသော၊ ဇရဂ္ဂ၀ံ၊ နွားအိုကို၊ သန္တရမာနော၀၊ အားဆေးတလျင်ကဲ့သို့ဖြင့်။ ဟရိတံ၊

www.dhammadownload.com

စိမ်းသော၊ တိဏ်၊ မြက်ကို၊ လဒယိတ္ထ၁၊ ရိတ်၍။ ခါဒ ခါဒါတိ၊စား၊လော့ စား၊လော့ ဟူ၍၊ ကိ ုနု လပသိ၊ အဘယ်ကြောင့်ဆိုသနည်း။

၇။ အန္ဓေန၊ အစာပေး၊သဖြင့်လည်း၊ကောင်း။ ပါနေန၊ ရေပေး သဖြင့် လည်း၊ကောင်း။ မတောဒေဝါဏော၊ နွား၊သေသည်၊ နဟိ သမုဋ္ဌဟေ၊ မထသလျှင်ကတည်း။ ဒုမ္မတိ၊ ပညာမရှိသော၊သူသည်၊ တံ၊ ထို စကား၊ကို။ ဝိဒုလ၊ပဃ္ဍ ယထာ၊ ဆိုရာသကဲ့သို့။ တထာ၊ ထို့အတူ။ တွဉ္စ၊ သင်ဆည်လည်း။ တုစ္ဆံ၊ အချည်းနှီး၊သောစကား၊ကို။ ဝိလပသိ၊ ဆို၏။

ထို့နောက်မှ ဘုရား၊လောင်း၊သည်-

၈။ တထေဝ တိဋ္ဌတိ သိသံ၊ ဟတ္ထပါဒါ စ ဝါဠဓိ။
သော တာတ တထေဝ တိဋ္ဌတိ၊ ဧည ဧဝါဏော သမုဋ္ဌဟေ။

၉။ နေဝယျကဿ သိသဋ္ဌ၊ ဟတ္ထပါဒါ စ ဒိဿရေ။

ရှဒံ မတ္တိဏ ထူပသ္မိံ၊ နုနု တွဉ္စေဝ ဒုမ္မတိ-
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၈။ တာတ၊ ဘခင်။ သိသံ၊ဦး၊ခေါင်း၊သည်၊ တထေဝ၊ထို၌း၊အတူသာ လျှင်၊ တိဋ္ဌတိ၊တည်၏။ ဟတ္ထပါဒါ စ၊လက်ခြေတို့သည်လည်း။ တထေဝ၊ ထို၌း၌၊အတူသာလျှင်၊ တိဋ္ဌန္တိ၊တည်ကုန်၏။ ဝါဠဓိ၊ အမြီး၊သည်၊ တ၊ထေဝ၊ ထို၌း၊အတူသာလျှင်၊ တိဋ္ဌတိ၊တည်၏။ သော ဂေါဏော၊ ထိုနွား၊သည်။ တထေဝ၊ထို၌း၌၊အတူသာလျှင်၊တိဋ္ဌတိ၊တည်၏၊တသ္မာ၊ထို့ကြောင့်၊ သော ဂေါဏော၊ ထိုနွား၊သည်။ သမုဋ္ဌဟ၊ထရာ၏ဟူ၍၊ မ၊ည၊ ငါ အောက် မေ၏။

၉။ ဧယျကဿ၊ အဘို၊၏၊ သိသဋ္ဌ၊ဦး၊ခေါင်း၊သည်လျှင်း၊ကောင်း၊ ဟတ္ထပါဒါ စ၊ လက်ခြေတို့သည်လည်း၊ကောင်း။ နေဝ ဒိဿရေ၊ မထင်ကုန်သလျှင်၏တည်း။ တသ္မာ၊ ထို့ကြောင့်။ မတ္တိကထူပသ္မိံ ၊မြေစေတီ၌။ ရှဒံ၊ငို၊သော၊ တွဉ္စေဝ၊ သင်သည်သာလျှင်။ ဒုမ္မတိ နုနု၊ ပညာမရှိသည် မဟုတ်တုံလော။

www.dhammadownload.com

ထိုစကဲ့သ်းကိုကြား၍ ဘုရားလေ့ာင်း၏အဘသည် "ငါ့ဆာ်းကာ်းပညာရှိ၏၊ ပစ္စုပ္ပန်လောက, အမလွန်လောကဒွ်ကိစ္စကိုသိ၏၊ ငါ့ကိုမှာ်စိမ့်ဆာင့ာ ထိုအမှုကို ပြု၏" ဟု ကြံ၍ "အမောင်သုဇာတ....သင်သည် ပညာရှိ၏၊ ခပ်သိမ်းသော သစ်ါရတို့သည် အမြဲမရှိကုန်ဟူ၍ ငါသည် မှတ်မိပြီ၊ ယနေ့မှစ၍ ငါသည် မစိုးရိမ်အံ့၊ အာဘ၏လောကကို ပယ်သော သာ်းမည်သည်ကာ်း သင်ကဲ့သို့ဖြစ်ရာ၏" ဟုဆို၍ သာ်းဆာ်း ချီးမွမ်းလိုရကာ်း-

၁၀။ ဆာဒိတ္ထံ ဝတ မံ သန္တ်၊ ဃတသိတ္တံဝ ပါဝက်။
ဝါရိနာ ဝိယ သြသိဉ္စိ၊ သင်္ဃံ နိဗ္ဗာပယေ ဒရံ။

၁၁။ အဘ္ဘူဒ္ဓဝတ မေ သလ်ံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောဏပရေတဿ္မာ၊ ပိုတ္ထ သေးကံ် အပါနုဒိ။

၁၂။ သွးဟံ် အဘ်ဘူဒ္ဓံသဗ္ဗဉ်သို့၊ ဝိတ သောကော အနာဝိလော။
နှ သောစာမိ နှ ရွေဒါမိ၊ တဝ သုတ္တာဝ မာဏဝ။

၁၃။ ဇဝံ ကရောန်တိ သပ္ပညာ၊ ယေ ဟျာန်တိ အနိုကမ္မကာ။
ဝိနဝတ္တာန်တိ သောကမှာ၊ သုဇာတော့ ပိုတရံ ယထာ။

ဟူ၎သော ဤလေးဂါထာတို့ကို ဆို၏။

၁၀။ ဃတသိတ်ာ်၊ ထောပတ်ဖြင့် သွန်းအပ်သော်းပါဝက်ံ၊ မီးကို။ ဝါရိနာ၊ရေဖြင့်။ သြသိဉ္စိ ဝိယ သွန်းကိသကဲ့သို့။ ဆာဒိတ်ာ်၊သောကမီးဖြင့် ပြောင်ပြောင်တောက်သည်။ သန်္တ်၊ဖြစ်၎သော။ မံ၊ ငါ့ကို။ သုဇာတော၊ သုဇာတသည်။ နိဗ္ဗာပယေ ဝတ၊ငြိမ်းလေစ့ဟုကာ်း။ သင်္ဃ်၊အလုံးစုံသော။ ဒရံ၊ သောကကို။ နိဗ္ဗာပယေ၊ ငြိမ်းစေ၏။

၁၁-၁၂။ ယော သုဇာတော၊ အကြင်သုဇာဟာသည်။ သောကပရေတဿ၊သောကနှိပ်စက်သော၊ မေ၊ငါ၏။ ပိတုသေးကံ်၊ အဘ်ဘူဒ္ဓိုးရိမ်ခြင်းကို။ အပါနုဒိ၊ ပယ်၏။ မေ၊ငါ့အား။ ဟဒယဿိတံ်၊ နှလုံးဘ်မှိသော။ ယံ် သလ်ံ်၊အကြင်သောထင်ရှာင့်သည်။ အာသိ၊ဖြစ်၏။ တံ ဒလ်ံ၊ ထိုသေးကရှာင့်ကို၊ တေန သုဇာတန၊ထိုသုဇာတသည်။ ဝတ၊စင်စစ်။ အဘ်ဘူဒ္ဓံ

www.dhammadownload.com

နှုတ်အပ်၏။ မာဏဝ၊ လုလဲင်ငယ်။ တဝ၊သင်၏။ ဝစနံ၊စကားကို၊ သုတ္ဝာ၊ ကြားရှိလျှင်။ သဗ္ဗာဟံ၊ ထိုဝါသည်။ အမ္ဘော်ဋ္ဌဲသလွှာ၊ နှုတ်အပ်ပြီးသော ငြောင့်ရှိသည်။ အသ္မိ၊ဖြစ်၏။ ဝိတသောကော၊ စိုးရိမ်ခြင်းကင်း၏။ အနုဝိဒလော၊ စိတ်နောက်ခြင်းကင်း၏။ နု သော်စာမိ၊ မစိုးရိမ်။ နု ရောဒါမိ၊ မငို။

၁၃။ သုဇာဒတာ၊ သုဇာတသည်။ ပိတရံ၊ အဘ်ကို၊ သောကမှာ၊ စိုးရိမ်ခြင်းမှ၊ နိဝတ္တတိ ယဃာ၊နှစ်စေသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ အနုကမ္ပကာ၊သနားဘတ်ကုန်သော်၊ ယေ နရာ၊အကြင်လူတို့သည်။ သပ္ပညာ၊ ပညာရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တေ နရာ၊ ထိုလူတို့သည်၊ ကရောန္တိ၊ ပြုကုန်၏။ မသောကမှာ၊ သောကမှ။ ဝိနိဝတ္တန္တိ၊နှစ်ခစကုန်၏။

ဇာတ်ပေါင်း။ သဗ္ဗညု မြတ်စွာဘုရားသည် ဤမဲ့မှဒသနာတော်ကို ဆောင်တော်မူ၍ ထစွာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထစွာတို့ကို ပြုတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။ ဇာတိကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါဘုရား ထည်လျှင် ထိုအခါ သုဇာတဖြစ်ပြီး၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စိုးရိမ်ပူပန်း၊ မရှိရန်း၊ မြင်မှန်လိုအပ်စွာ။)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သုဇာတဇာတ်သည် ပြီး၏။

၉-ဒေဝနသုဇာတ်

ကြွမ်းကြုတ်သဖြင့် အစိုးရခြင်း၏ ပျက်စီးခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသောလောကကို ဆုံးမတော်မူသော် သဗ္ဗညု မြတ်စွာဘုရားသည် "နု ယိဒံ နိစ္စံ ဘဝိဿတိ"- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝေနသာခဇ်တ်ကို ဘဂ္ဂတိုင်း သံသုမာရဂိရိပြည်ကိုမှီ၍ ဘေသကဠာဝတာ ဦသီဘင်း သုံး နေ့တော် မူစဉ် ဗေဒီမင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ ဗောဓိမင်းသားသည်ကား ဥတေနမင်း၏ သားတည်း။ ထိုကာလ၌ သံသုမာရဂိရိမြို့၌ နေသော ဗောဓိမင်းသားသည် အပြီးတိုင် အတတ်တတ်သော တစ်ယောက်ခသာ လက်သမားကိုခေါ်စေ၍ တစ်ပါး သောမင်းတို့နှင့်မတူသည်ကိုပြု၍ ကောကနဒမည်သောပြာသာဒ်ကိုဆောက် လုပ်စေ၏။ ဆောက်လုပ်စေပြီး၍ကား "ဤလက်သမားသည် တစ်ပါးသော မင်းအား ဤသို့ သဘောရှိသော ပြာသာဒ်ကိုလည်း ဆောက်လုပ်ထု၏" ဟု ဝန်တိုသည်ဖြစ်၍ ထို လက်သမား၏ မျက်စိတို့ကို ထုတ်စေ၏။ ဗေဒဂဗိ မင်းသားသည် ထိုလက်သမား၏မျက်စိတို့ကို ထုတ်သောအဖြစ်သည် ရဟန်း သံဃာ၌ ထင်ရှားဖြစ်၏။ ထို့ကြောင့် တရားသဘင်၌ ရဟန်းတို့သည် 'ငါ့ရှင်တို့....ဗောဓိမင်းသားသည် ထိုသို့ သဘောရှိသော လက်သမားတို့၏ မျက်စိကို ထုတ်စေသဘတ်၊ ကြမ်းကြုတ် မျိန်ရင်းစွာ နိုင်ထက်ကလူ မူတတ်စွ" ဟု စကားကို ဖြစ်စေကုန်၏။ သပ္ပဉ္ဇု မြတ်စွာဘုရားသည် သာတော် မူလတ်၍ "ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးပါကုန်သ်" ဟု နှားတော် လျှောက်သည်ရှိသော် "ရဟန်းတို့....ဤဗောဓိမင်းသားသည် ထခုအခါ၌သာလျှင် ကြမ်းကြုတ်ရှန်ရင်းသည် နိုင်ထက်ကလူ မူတတ်သည် စဟုတ်သေး၊ ရှေးဦးလည်း မင်းတစ်ထောင်တို့၏ မျက်စိကို ထုတ်ခစ၍ သတ်၍ ထိုမင်းတို့၏ အသားတို့ဖြင့် နတ်ပူဇော်ခြင်းကို ပြုစေဖူး၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာ ပါမောက္ခ ဆရာဖြစ်၏။ ဇမ္ဗူဒိပ် အပြင်၌ မင်းသားလုလင် ပုဏ္ဏားသား လုလင်တို့သည် ဘုရားလောင်း၏ အထံ၌သာလျှင် အတတ်ကို သင်ကုန်၏။ ဗာရာဏသီမင်း၏ ဗြဟ္မဒတ်မည်သော မင်းသားသည် ဘုရားလောင်း အထံ၌ ဗေဒင်သုံးပုံကို သင်၏၊ ဗြဟ္မဒတ် မင်းသားသည်ကား ပကတိ အားဖြင့် ကြမ်းကြုတ် ရှန်ရင်း၏၊ နိုင်ထက်ကလူ မူတတ်၏။

ပါမောက္ခ၏ ဆုံးမစကား

ဘုရားလောင်း သည် ဏာဂံဝိဇ္ဇာ၏ အာစရိယအားဖြင့် ထိုမင်းသား၏ ရှန်ရင်းကြမ်းကြုတ်သော နိုင်ထက်ကလူ မူဟတ်သော အဖြဲကို သိ၍ "ဤမျောင်....သင်သည် ကြမ်းကြုတ်ရှန်ရင်း၏၊ နိုင်ထက်ကလူ မူတတ်၏၊

www.dhammadownload.com

ကြမ်းကြုတ်သဖြင့် ရဒသာစည်းစိမ်သည် ဆရှည်မတည်၊ ဆစိုးရခြင်းသည် ပျက်စီးထတ်၏၊ ထိုကြမ်းကြုတ်သော သူသည် သမုဒ္ဒရာ၌ လှေပျက်သော သူကဲ့သို့ တည်ရာကို မရသည် ဖြစ်၏၊ ထို့ကြောင့် ဤသို့ ကြမ်းကြုတ် ရှုန့်ရင်းသည် မဖြစ်လင့်" ဟု ထိုခင်းသားကို ဆုံးမလိုရကား၊

၁၄။ နယိဒံ နိစ္စံ ဘဝိဘ့ံ ဇြဟ္မဒတ္တ၊
ခေမံ သုဘိက္ခံ သုခတာ စ ကာယေ။
အတ္ထဆ္စယေ မာ အဟု သမ္မမ္ဟိဋ္ဌာ၊
ဘိန္နလိဝေါ သာဂရသ္သေဝ မဇ္ဈေ။

၁၅။ ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တာနိ ပသ္သတိ။
ကလ္လာဏကာရီ ကလ္လာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ လဘတေ ဖလံ၊

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၄။ ဇြဟ္မဒတ္တ၊ ဇြဟ္မဒတ်မင်းသား။ ခေမံ၊ ဘေးဘင်းသည်၏ အဖြစ်ဆည်လည်းကောင်း။ သုဘိက္ခံ၊ ဝမြောခြင်းဆည်လည်းဆောင်း။ သုခတာ စ၊ ချမ်းသာခြင်း၏ အဖြစ်သည်လည်းကောင်း။ ကာယေ၊ ကိုယ်၌။ ဤဒံ သဗ္ဗံ၊ ဤအလုံးစုံသည်။ နိစ္စံ၊ မြဲသည်။ နဘဝိတဗ္ဗံ၊ မဖြစ်ရာ။ အတ္ထဆ္စယေ၊ အစိုးရခြင်းကင်းသည်ရှိသော်၊ သာဂရဿ၊ သမုဒ္ဒရာ၏။ မဇ္ဈေ၊ အလယ်၌။ ဘိန္နလိဝေါ၊ လှေပျက်သော သူကဲ့သို့။ သမ္မမ္ဟိဋ္ဌာ၊ တွေဝေသည်။ မာ အဟု၊ မဖြစ်လင့်။

၁၅။ ပုရိသော၊ ယောကျ်ားသည်။ ယာနိ၊ အကြင်အမှုတို့ကို။ ကရောတိ၊ ပြု၏။ တေသံ၊ ထိုအမှုတို့၏။ ဖလံ၊ အကျိုးကို။ ဝိန္ဒန္တော၊ ရသည်ရှိသော်။ တားနိ၊ ထိုအမှုတို့ကို။ အတ္တာနိ၊ မိမိကိုယ်၌။ ပသ္သတိ၊ မြင်ရ၏။ ကလ္လာဏကာရီ၊ ကောင်းမှုကို ပြုလေ့ရှိသော သူသည်။ ကလ္လာဏံ၊ ကောင်းသည်ကို။ ပသ္သတိ၊ မြင်ရ၏။ ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ရှိသော သူသည်။ ပါပကံ၊ မကောင်းမှုကို။ ပသ္သတိ၊ မြင်ရ၏။ ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ အသီးကို။ ဟာရတေ၊ ဆောင်၏။

www.dhammadownload.com

လောဘကြီးသော ပုဇရာဟိတ်

ထိုပြဟ္မဒတ်မင်းသား သည် ဆရာကို ရှိခိုး၍ ဗာရာဏသီပြည်သို့သွား၍ အဘအဘွား အတတ်ကိုပြ၍ - အိမ်ရှေမင်းသားအဖြစ်၌တည်၍ အဘ သေလွန်လတ်သော် မင်းအဖြစ်သို့ ရောက်၏၊ ထိုမင်းအား ပိဂ်လမည်သော ပုဇရာဟိတ်သည် ရှိ၏။ ကြမ်းကြုတ်ရုန့်ရင်းသော နှိုင်ထက်ကလူမှုတတ်သော ထို ပိဂ်လပုဇရောဟိတ်သည် စည်းစိမ်၌ ထပ်မက်သဖြင့် "ငါသည် ဤပြဟ္မဒတ် မင်းကို အလုံးစုံသော ဇမ္မူဒိပ်၌ အလုံးစုံးသာ မင်းတို့ကို ဖမ်း၍ ယူစေ ရမူကား ကောင်း၏၊ ဤသို့ ဖမ်းယူသည်ရှိသော် 'ဤပြဟ္မဒတ်မင်းသည် ဧကရာဇ်ဖြစ်လတ္တံ၊ ငါသည်လည်း မြတ်းသာ ပုဇရောဟိတ် ဖြစ်လတ္တံ့" ဟု ကြံ၏၊ ကြံပြီး၍ ထိုပုဇရောဟိတ်သည် ပြဟ္မဒတ်မင်းကို လိုက်နာစေ၍ ပြဟ္မဒတ်မင်းသည် များစွာသော စစ်သည်တို့ဖြင့် မြို့မှထွက်၍ တစ်ယောက်ဆောမင်း၏ မြို့ကိုဝန်းရံ၍ ထိုမင်းကို ဖမ်း၏၊ ဤနည်းဖြင့် အလုံးစုံဆော ဇမ္မူဒိပ်၌ ပြည်ကိုယူ၍ မင်းတစ်ထောင် ခြံရံလျက် တက္ကသိုလ်ပြည်၌ မင်းဈေးဖြစ်ကို ယူအံ့ဟု သွား၍ ဘုရားလောင်းသည် မြို့ကိုပြုပြင်၍ သူတစ်ပါးတို့ မဖျက်ဆီးနိုင်သည်ကို ပြု၍ထား၏၊

မင်းတစ်ထောင်ဖြင့် ယင်ပူဇော်

ဗာရာဏသီမင်းသည် ဂင်္ဂါမြစ်နားဝယ် ကြီးစွာသော ပညောင်ပင်၏ အရင်း၌ တင်းထိမ်ဆာရံ၍ အထက်၌ ဗိဘာန်ကို ကြက်စေ၍ အိပ်ရာကို ခင်းစေ၍ နေ၏။ ထိုဗာရာဏသီမင်းသည် ဇမ္မူဒိပ်အပြင်၌ မင်းတစ်ထောင်တို့ကိုယူ၍ စစ်ထိုးငြားသော်လည်း တက္ကသိုလ်ပြည်ကို ယူအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ ပုဇရောဟိတ်ကို "ဆရာ....ငါတို့သည် ဤမျှကုန်သော မင်းတို့နှင့် တကွလာ၍လည်း တက္ကသိုလ်ပြည်ကို ယူအံ့သောငှာ မတတ်နိုင်ကုန်၊ အဘယ်သို့ ပြုအပ်သနည်း" ဟု မေး၏၊ "မြတ်သောမင်းကြီး....မင်း တစ်ထောင်တို့၏ မျက်စိကို ထုတ်၍ သဟ်၍ ငမ်းကိုခွဲ၍ ကောင်းမြတ်သော ဆားကိုယူ၍ ဤပညောင်ပင်စောင့်နတ်အား ပူဇော်ခြင်းကိုပြု၍ အဆူတို့ဖြင့် ပညောင်ပင်ကိုရစ်၍ သွေး လက်ငါးချောင်းရာ ပေးခြင်းတို့ကို ပြုကြကုန်အံ့၊ ဤသို့ ပြုသည်ရှိသော် ဆက္ကန်ဝင်တို့အား လျင်မြန်စွာလျှင် ဆောင်ခြင်းသည် ဖြစ်လတ္တံ့" ဟု ပုဇရောဟိတ်သည် လျှောက်၏၊ မင်းသည်

www.dhammadownload.com

"တောင်းပြီ" ဟု ဝန်ခံ၍ တင်းထိမ်တွင်း၌ ဆားကြီးကုန်သော လက်ပမ်းသည်တို့ကိုထား၍ တစ်ယောက် တစ်ယောက်သော မင်းကို ခေါ်စေ၍ နှိမ်စေသဖြင့်လျှင် မိန်းမာအောင်ပြုစေ၍ မျက်စိတို့ကိုထုတ်၍ အသားကို ယူ၍ ကိုယ်ကို ဂင်္ဂါမြစ်၌မျှော၍ ဆိုအပ်ပြီးသော အပြားရှိသော နတ်ပုဇော်ခြင်းကိုပြု၍ စစ်ထိုးစည်ကို ဘီးစေ၍ စစ်ထိုးအံ့သောငှာ သွား၏။

ဗာရာဏသီမင်း မျက်စိပျက်ပြီ

ထိုအခါ ပြအိုးတွင်းမှ တစ်ယောက်သော ဘီလူးသည် လာလတ်၍ ဗာရာဏသီမင်း၏ လက်ယာမျက်စိကို ထုတ်၍ သွား၏။ ထိုအခါ ဗာရာဏသီမင်းအား ကြီးစွာသော ဝေဒနာသည် ဖြစ်၏။ ထိုမင်းသည် ဝေဒနာသို့ ရောက်လတ်သော် လာလတ်၍ ပဉ္စောင်ပင်ရင်းဝယ် ခင်းအပ်သော နေရာ၌ ပက်လက်အိပ်၏။ တစ်ခုသော လင်းတသည် ထက်စွာထော အစွန်းရှိသော တစ်ခုသောအရိုးကိုယူ၍ ထိုပဉ္စောင်ပင်ဖျား၌ နားလျက် အသားကိုစား၍ အရိုးကို စွန့်ပစ်၏။ အရိုးစွန်းသည် လာလတ်၍ မင်း၏ လက်ဝဲမျက်စိ၌ သံတံကျင်တို့ဖြင့် ထိုးဘိသကဲ့သို့ ကျ၍ မျက်စိပေါက်၏။ ထိုခဏ၌ ဘုရားလောင်း၏ စကြဝဠာကို မူတ်မိ၏။

ဗာရာဏသီမင်း ငိုကြွေးခြင်း

ထိုမင်းသည် "ဤသတ္တဝါတို့သည်ကား များစွာအားလျော်စွာ အသီးဖြစ်သကဲ့သို့ ကံအားလျော်သော အကျိုးကို ခံစားရကုန်၏" ဟု ဆိုသော ဝါတို့ဆရာသည် ဤကိုမြင်၍ ဆိုယောင်တကား" ဟု ဆို၍-

၁၆။ ဣဒံ တဒါဒရိယဝစော၊ ပေါရာဏာစရိယော မဗြဝီ၊
မာ သု တုံ အကရိ ပါပံ၊ ယံ တံ ပစ္ဆာ ကတံ တပေ။

၁၇။ အယမေဝ သောပိ ဘိယျော ဝေနသာခေါ၊
ယမ္မိ ဣာတယိ' ခတ္တိယာနံ သဟဿံ။
အလက််ာ စန္ဒနသာရာနုလိတ္တော၊ တပေမဝ ဒုက္ခံ' ပစ္စာဂတံ မမံ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၆။ ဗြဟ္မဒတ္တဲ့၊ ဗြဟ္မဒတ်။ ဇယာ၊ သင်သည်။ ကတံ၊ ပြုအပ်။ သာ၊ ယံ ပါပံ၊ အကြင် မကောင်းမှုသည်။ ပစ္ဆာ၊ နောက်၌။ တပေ၊ ပူပန်စေ

www.dhammadownload.com

ရာဇာ၊ တံ ပါပံ၊ ထိုမကောင်းမှုကို။ တံ့၊ သင်သည်၊ မသူ အကုရိ၊ မပြု လင့်၊ ဣဒံ တံ ဝစနံ၊ ဤစကားသည်။ အခစရိယဝစော၊ ဆရာစကား တည်း၊ ဣဒံ တံ ဝစနံ၊ ဤစကားကို။ ပေါရာဏာစရိယော၊ ရှေးအတီ ထုံးပဝေဏီကို မူတ်မိသော ငါတို့ဆရာသည်။ မံ၊ ငါ့ကို။ အဗြဝိ၊ ဆိုပြီ။

၁၇။ ယမို အကြောင် ပညောင်ပင်၌။ ခတ္တိယာနံ၊ မင်းတို့၏။ သဟဿံ၊ တစ်ထောင်ကို။ ဃာတယိ၊ သတ်ပြီ။ အလက်တေ၊ တန်ဆာဆင်အပ်ကုန် သော၊ စန္ဒန သာရာနုလိတ္တော၊ စန္ဒကူးနှစ်တို့ဖြင့် လိမ်းကျံကုန်သော မင်း တို့ကို။ ဃာတယိ၊ သတ်ပြီ။ ဘိယျော၊ လွန်စွာ။ ဝေနသာခေါ၊ ပြန် သောအခက်ရှိသော။ သောပိ၊ ထိုပညောင်ပင်သည်လည်း။ အယမမဝ၊ ဤသစ်ပင်သည်ပင်လျှင်တည်း။ မယာ၊ ငါသည်။ ယံ ဒုက္ခံ၊ အကြောင်ဆင်းရဲ ကို။ ကတံ၊ ပြုအပ်ပြီ။ တမေဝ ဒုက္ခံ၊ ထိုဆင်းရဲသည်လျှင်။ မမံ၊ ငါ့သို့။ ပစ္စုဂဂတံ၊ တစ်ဖန်ပြန်၍ လာပြန်၏။

မိဖုရားကိုတမ်းတပုံ

ထိုမင်းသည် ဤသို့ငိုကြွေးလျက် မိဖုရားကြီးကိုအောက်မေ့၍-

၁၈။ သာမာစဒေါ စန္ဒနလိတ္တံဂတ္တာ၊
လဋ္ဌိဝ သောဘဉ္ဇနကဿ ဥဂ္ဂတာ။
အဒိဿာ ကာလံ ကရိဿာမိ ဥပ္ပဏိ၊
တံ မေ ဣဒံ ဒုက္ခတရံ ဘဝိဿတိ-

ဟူသောဂါထာကိုဆို၏။

၁၈။ ဥပ္ပဏိ၊ ငါ၏မိဖုရားသည်။ သာမာ စ ဒေါ၊ ရှေသောအဆင်း ရှိသလျှင်ကား၊ စန္ဒနလိတ္တဂတ္တာ၊ စန္ဒကူးလိမ်းကျံသော ကိုယ်ရှိ၏။ သောဘဉ္ဇနကဿ၊ ဒုန်သလွန်ပင်၏။ ဥဂ္ဂတာ၊ အထက်သို့တက်သော၊ လဋ္ဌိဝ၊ ညင်းညင်းသေးလွဲသည် ခတ်သည်ဖြစ်၍ တုန်လှုပ်သော အခက်ကဲ့သို့။ သောဘတိ၊ တင့်တယ်၏။ အဟံ၊ ငါသည်။ တံ ဥပ္ပဏိ၊ ထိုမိဖုရားကို။ အဒိဿာ၊ မမြင်မူ၍။ ကာလံ ကရိဿာမိ၊ သေအံ့။ တံ၊ ထိုမိဖုရားကို မမြင် ရခြင်းသည်။ မေ၊ ငါ့အား။ ဣဒံ၊ ဤခြင်းထက်။ ဒုက္ခတရံ၊ အလွန်ဆင်းရဲသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

www.dhammadownload.com

ထိုမင်းသည် ဤသို့မြည်တမ်းစဉ်လျှင် ဃ၍ ငရဲ၌ဖြစ်၏။ အစိုးရခြင်း၌ မက်မောသေးပုရောဟိတ်သည် ထိုမင်းကို ကွယ်ကာအံ့သောငှာ မတတ်နိုင်၊ မိမိအစိုးရဃောအဖြစ်သည် မိမိကိုကွယ်ကာအံ့သောငှာ မတတ်နိုင် ထိုမင်းသည် သေလတ်သော်လျှင် ဗိုလ်ပါအပေါင်းသည် ကွဲပြို၍ ပြေးကြ၏။

ဇာတ်ပေါင်း။ သင်္ဘာဥုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဗောဓိမင်းသားသည် ထိုအခါဗာရာဏသီမင်းဖြစ်ပူးပြီ၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပိင်္ဂလပုရောဟိတ်ဖြစ်ပူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာကြီးဖြစ်ပူးပြီ'' ဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ကြမ်းကြုတိမှုမျှား၊ ပြုသူအား၊ စီးပွားပျက်ကြောင်းသာ။)

သုံးခုတို့၏ပြည့်ကြွေးဖြစ်သော ဝေနသာခဇာတ်သည် ပြီး၏။

၄-ဥဂရဇာတ်

သေသူကို တ၍မငိုကြသူငါးဦး

ဟောတော်မူရာဌာန။ နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သင်္ဘာဥုမြတ်စွာဘုရားသည် ''ဥရဂေါဝတစံ ဇိက္ခံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥရဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သားသေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ပစ္စုပ္ပန်ဝတ္ထုသည်ကား မယားသေသောသူ၏ ဝတ္ထု၊ အဘသေသောသူ၏ဝတ္ထုနှင့် တူသလျှင်ကတည်း။

ဤဥရဂဇာတ်၌လည်း သင်္ဘာဥုမြတ်စွာဘုရားသည် ရှေးအတူသဖြင့် ထိုသားသေသော သူကြွယ်၏အိမ်သို့ ကြွတော်မူ၍ လာ၍ရှိခိုးလျက်နေသော ထိုသူကြွယ်ကို ''ဒါယကာ... သင်သည် စိုးရိမ်သသော'' ဟုမေးတော်မူ၍ ''ဘုန်းတော်ကြီးထော အရှင်ဘုရား.... အမိန့်တော်အတိုင်း မှန်ပေ

www.dhammadownload.com

၏၊ သားသေးသာ ကာလမှစ၍ အာကျွန်ုပ်စိုးရိမ်၏''ဟု လျှောက်သည် ရှိသော် ''ဒါယကာ....ကွဲပြိုတတ်သော သဒ္ဒေးရှိသော ဝတ္ထုမည်သည်ကား ကွဲပြိုသည်သာလျှင်ဖြစ်၏၊ ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုမည်သည်ကား ပျက်စီးတတ်သည်သားလျှင်ဖြစ်၏၊ ထိုသို့ပျက်စီးခြင်းသည်လည်း တစ်အိုမ်တည်း၌သာလျှင် ဖြစ်သည်မဟုတ် စင်စစ်သဖြင့်ကား အတိုင်းအရှည်မရှိကုန်သော် စကြဝဠာတို့ဝယ် ဘုံသုံးပါးတို့၌မသေတတ်သော သဘောရှိသောသူ မည်သည်မရှိ၊ ထိုသဘောဖြင့်လျှင် တည်ခြင်းငှာ စွမ်းနိုင်သော တစ်ခုသောသခံါရသည်လည်းမရှိ၊ ခပ်သိမ်းသောသတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏၊ ရှေးပညာရှိတို့သည်လည်း သားသေသည်ရှိသော် သောတ်သောသဘောရှိသောဝတ္ထုသည် သေမြဲသာလျှင်ဖြစ်၏၊ ပျက်စီးတတ်သော သဘောရှိသောဝတ္ထုသည် ပျက်စီးမြဲသာလျှင်ဖြစ်၏ဟု မစိုးရိမ်ကုန်''ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၏ တံခါးရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ ဥစ္စာကိုဖြစ်စေ၍ လယ်လုပ်သောအမှုဖြင့် အသက်မွေး၏။

အိမ်သား ၆-ယောက်

ဘုရားလောင်းအား သားတစ်ယောက်, သမီးတစ်ယောက် ကျွန်စုံယောက်သော သူငယ်တို့သည် ဖြစ်ကုန်၏။ ထိုဘုရားလောင်းသည် အရွယ်ရောက်သော သားအား တူဒသာအမျိုးမှ သူငယ်မကို ဆောင်၍ ပေး၏၊ ကျွဲသို့ ဘုရားလောင်းတစ်ယောက်, မယားတစ်ယောက်, သားတစ်ယောက်, သမီးတစ်ယောက်, ချွေးမတစ်ယောက်, ကျွန်မတစ်ယောက် အားဖြင့် ထို သူတို့သည် ခြောက်ယောက်ဖြစ်ကုန်၏။ ထို့ခြောက်ယောက်သော သူတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ချစ်စွာသောနေခြင်းဖြင့် နေကုန်၏။

သူဌေးကောင်းကျင့်ဝတ်

ဘုရားလောင်းသည် ငါးယောက်ကုန်သောသူတို့အား ''သင်တို့သည် အကြင် အကြောင်းရအပ်သောအမှုတ်ဖြင့်လျှင် အလှူကိုပေးကုန်လော့, သီလကို

www.dhammadownload.com

စောင့်ရှောက်ကုန်လော့, ဥပုသ်သုံးသော အမှုကိုပြုကြကုန်လော့, သေခြင်းဌာနေ အောက်မေ့ခြင်းကို ပြုကြကုန်လော့, သင်တို့၏ သေရအံ့သော အဖြစ်ကို မှတ်ကြကုန်လေ့၊ ဤသတ္တဝါအပေါင်းတို့အား သေရခြင်းသည် မြဲ၏၊ အသက်ရှင်ခြင်းသည် မမြဲ၊ ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၏၊ ကုန်ခြင်း ပျက်ခြင်း သဘာဝရှိကုန်၏၊ ညှဉ်ဌိလည်းကောင်း နေဌိ လည်းကောင်း မမေ့မမလျော့ ဖြစ်ကြကုန်လော့'' ဟု အဆုံးအမကိုပေး၏၊ ထိုင်းယောက်သော သူတို့သည် ကောင်းပြီဟု အဆုံးအမကို ဝန်ခံ၍ မမေ့မမလျော့ ဖြစ်ကြကုန်လျက် မရဏာဿတိကို ပွားစေကုန်၏။

သားကလေးသေဆုံးပြီ

ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သားနှင့်တကွ လယ်သို့ သွား၍ထွန်၏။ ဘုရားလောင်း၏သားသည် အမှိုက်ကိုစုံ၍ မီးတိုက်၏။ ထို အမှိုက်စု၏အနီး တစ်ခုသောတောင်ပို့၌ လျှင်သော အဆိပ်ရှိသောမြွေသည် နေ၏။ မီးခိုးသည် ထိုမြွေ၏မျက်စိကိုဆိုက်၍ ထိုမြွေသည် ''ဤသူကိုမှီ၍ ငါ့အား ဘေးဖြစ်၏'' ဟု အမျက်ထွက်ရကား တောင်ပို့မှထွက်၍ အစွယ်လေးချောင်းတို့ကို လွှတ်၍ ထိုယောကျ်ားကို ကိုက်၏။ ထိုယောကျ်ားသည် ပြန်၍လည်း၏။ ဘုရားလောင်းသည် ပြန်၍လာသော သားကိုမြင်၍ နှားတို့ကိုထား၍ လာသည်ရှိသော် သား၏ သေသောအဖြစ်ကိုသိ၍ ချီ၍ တစ်ခုသောသစ်ပင်ရင်း၌ အိပ်စေ၍ မျက်ရည်မယို, မငို။ ''ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏၊ သေတတ်သော သဘောရှိသော ဝတ္ထုသည်ကား သေ၏၊ ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စ ဖြစ်ကုန်၏၊ သေခြင်းလျှင် အပြီးရှိကုန်၏'' ဟု အနိစ္စအဖြစ်ကို သာလျှင် မှတ်၍ လယ်ထွန်၏။

တစ်အိမ်သားလုံး မငိုကြ

ထိုဘုရားလောင်းသည် လယ်၏အနီးဖြင့် သွားသော တစ်ယောက်သော အိမ်နီးချင်း ယောကျ်ားကိုမြင်၍ ''အငမောင်....သင်သည် အိမ်သို့ သွားအံ့လော'' ဟု မေး၍ ''သွားအံ့'' ဟု ဆိုသည်ရှိသော် ''ထိုသို့တပြီးကား.... ငါတို့အိမ်သို့လည်း သွား၍ ပုဏ္ဏားမကို ယခု ရွေးခ်ယ်ကဲ့သို့ နှစ်ယောက်စာထမင်းကို မဆောင်ခဲ့မူ၍ တစ်ယောက်စာထမင်းကိုသာလျှင် ဆောင်ခဲ့

www.dhammadownload.com

ကုန်လေ့၊ ရှေးကဲ့သို့ ကျွန်မတစ်ယောက်တည်းသာလျှင် အာဟာရကို ယူ၍ မလာမူ၍ ယနေ့ လေးယောက်သောသူတို့သည်လည်း စင်ကြယ်သော အဝတ်တို့ကို ဝတ်ကုန်၍ နံ့သာလက်စဲ့ကုန်၍ လာကုန်လေ့'' ဟု ပြောဆို ပါလေ ဟူ၍ ဆို၏။ ထိုအိမ်နီးချင်းယောကျ်ားလည်း ''ကောင်းပြီ'' ဟု သွား၍ ပုဏ္ဏားမအား ဘုရားလောင်းမွာတိုင်းသာလျှင် သွား၍ ပြောဆို၏။ ''အမောင်....အဘယ်သူသည် သင့်အား ဤသတင်းစကားကို မှာလိုက်သနည်း'' ဟု ပုဏ္ဏားမသည် မေး၏။ ''ရှင်မ....ပုဏ္ဏားသည် မှာလိုက်၏'' ဟု ဆိုသည်ရှိသော် ပုဏ္ဏေးမသည် ''ငါ့သားသေပြီ'' ဟု သိ၏။ ပုဏ္ဏေးမအား တုန်လှုပ်ခြင်းမျှသည်လည်း မဖြစ်။ ဤသို့ ကောင်းစွာ ပွားစေအပ်သော စိတ်ရှိသော စင်ကြယ်သော အဝတ်ကို ဝတ်သော နံ့သာလက်စဲ့သော ပုဏ္ဏေးမသည် ကျွန်မကို အားဟာရကို ယူခဲ့စေ၍ ကြင်းသောသူနှင့်တကွ လယ်သို့သွား၏။ တစ်ယောက်သောသူအား လည်း မျက်ရည်ယိုခြင်းခည်းသည်ဖြစ်။ ဘုရားလောင်းသည် သားကို အိပ်စေသော အရိပ်၌လျှင် ထိုင်၍ စား၏။ ပွားပြီးသော် ခပ်သိမ်းသော သူတို့သည်လည်း တင်းတို့ကို ယူဆောင်ကုန်၍ သေသောသူကို ထင်းပုံသို့တင်၍ နံ့သာ ပန်းတို့ဖြင့် ပူဇော်၍ မီးသင်္ဂြိုဟ်ကုန်၏။ တစ်ယောက်သော သူအားလည်း တစ်စက်သော မျက်ရည်ပေါက်မျှလည်း မကျ။ ခပ်သိမ်းသော သူတို့သည် တောင်းစွာ ပွားစေအပ်သော မရဏာသတိသာ ရှိကုန်၏။

အာဘ မငိုခြင်းအကြောင်း

ထိုသူတို့၏ သီလတန်ခိုးအားဖြင့် သိကြားမင်းမြီးနှောသည် ပူသော အခြင်းအရာကိုပြ၏။ သိကြားမင်းသည် ''ငါ့ကို အဘယ်သူသည်လျှင် နေရာမှ ရွှေ့စေလိုသနည်း'' ဟု ဆင်ခြင်လတ်သော် ''ထိုသူတို့၏ ကျေးဇူးတန်ခိုးအားဖြင့် ပူသောအခြင်းအရာကိုပြ၏'' ဟု သိ၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ''ငါသည် ထိုသူတို့၏အထံသို့သွား၍ ခြေသံ့သံနှင့်တူသော အသံကဲ့သို့စေ၍ ခြသေ့သံနှင့်တူသောအသံကို ဆိုသည်၏။ အဆုံး၌ ထိုသူတို့၏ အိမ်ဝယ် ရတနာခုနစ်ပါးဖြင့် ပြည့်သည်ကိုပြု၍ လခြင်းငှာသင့်၏'' ဟု လျှင်မြန်သဖြင့် ထိုသူတို့၏ အထံသို့ သွား၍ သုသာန်အနားဥ၌ရပ်၍ ''အမောင်တို့....သင်တို့သည် အဘယ်အမှုကို ပြုကုန်သနည်း'' ဟု ဆို၏။ ''တစ်ယောက်သေခြင်းကို သင်္ဂြိုဟ်ကုန်၏'' ဟု ဆိုသည်ရှိသော် ''သင်တို့

www.dhammadownload.com

သဲ့ည် လူကိုမသုဂ်ိုဟ်ကုန်၊ တစ်ခုသဲ့ သမင်ကိုသတ်၍ မီးဖုံတ်ကုံန်ယောင် တကား" ဟု ဆို၏။

"ဆာရှင်....သမင်ဖုတီသဲ့ အမှုမဟူတ်၊ လူကိုလျင် ငါတို့ သုဂ်ိုဟ်ကုန်၏" ဟု ဆိုသည်ရှိသော "ထိုသို့တပြီးကား သင်တို့၏ရန်သူဖြစ်လတ္တံ့" ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် "အရှင်....ရင်၌ဖြစ်သော သားတည်း၊ ရန်သူမဟုတ်" ဟု ဆို၏၊ "ထိုသို့တပြီးကား၊ သင်တို့သည် မချစ်သောသား ဖြစ်လတ္တံ့" ဟု သိကြားမင်းသည် ဆိုလေ၏။ "ဆာရှင်....အလွန်လျင် ချစ်သော သားတည်း" ဟု ဘုရားလောင်းသည် ဆို၏။ "ထိုသို့ ဆာလွန်ချစ်သောသားဖြစ်လျက် အဘယ်ကြောင့် မငိုသနည်း" ဟု သိကြားမင်းဆိုသည် ရှိသော် မငိုခြင်း၏ အကြောင်းကို ဆိုလိုသော ဘုရားလောင်းသည်-

၁၉။ ဥရဂေါ ဆစ် ဇိုဏ္ဏံ၊ ဟိတ္မာ ဂစ္ဆံတိ သန္တိနံ။
ဧဝံ သရီရေ နိဇ္ဇီဝေ၊ ပေတေ ကာလင်္ကတ သတိ။
၂၀။ ဒုယ္မာနော နု ဇနာတိ၊ ဉာတီနံ ပရိဒေဝိတံ။

တသ္မာ တေံ နု သောစာမိ၊ ဂတော သေ့တသ ယာ ဂတိ။

ဟူသော ရွေးဦးစွာဒသာ ဤဂါထာတို့ကို ဆို၏။

၁၉-၂၀။ သာမိ၊ အရှင်။ ဥရဂေါ၊ မြွေသည်။ တစ်ဇိုဏ္ဏံ၊ ဆာရေဟောင်းကို။ ဟိတ္မာ၊ စွန့်၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ တဿာ၊ ထို့အတူ မမပုတ္တော၊ ငါ့သားသည်။ သန္တိနံ၊ မိမိကိုယ်ကို။ ဟိတ္မာ၊ စွန့်၍။ ဂစ္ဆတိ၊ သွား၏၊ ဧဝံ၊ ဤသို့။ သရီရေ၊ ကိုယ်သည်။ နိဇ္ဇီဝေ၊ ခံဝားခြင်း မရှိသည်။ ပေတေ၊ တမလွန်ဘဝသို့လားသည်။ကာလင်္ကတ၊ သေလွန်သည်၊ သတိ၊ ရှိသော်။ ဒုယ္မာနော၊ မီးသုဂ်ိုဟ်အပ်သော သားသည်။ ဉာတီနံ၊ အဆွေအမျိုးတို့၏၊ ပရိဒေဝိတံ၊ ငိုကြွေးခြင်းကို။ နု ဇနာတိ၊ မသိ။ တသ္မာ၊ ထို့သား၏၊ ယာ ဂတိ၊ အကြင်ကတိသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို ကတိသို့။ သေ၊ ထို သားသည်။ ဂဘေ၊ သွား၏၊ တသ္မာ၊ ထိုးကြောင့်။ အဟံ၊ ငါသည်။ နတံ၊ ထို သုားကို။ နု သောစာမိ၊ မစိုးရိမ်။

အမိမငိုခြင်းအကြောင်း

သိကြားမင်းသည် ဘုရားလောင်း၏ စကားကိုကြား၍ ပုဏ္ဏားမကို "မိခင်....ဧကသောသူသည် သင်နှင့် အဘယ်သို့ တော်သနည်း" ဟုမေး၏၊

www.dhammadownload.com

''အရှင်... ဆယ်လပတ်လုံး ဝမ်းဖြင့်လွယ်၍ နို့တိုက်၍ လက်ခြေတို့ကို ကောင်းစွာပြုပြင်၍ ကြီးစေးသော သားတည်း'' ဟု ပုဏ္ဏားမ ဆို၏။ ''မိခင်....အဘသည်ကား ယောကျ်ားဖြစ်သောကြောင့် မငိုသည်ဖြစ်စေ၊ အမိနှလုံးသည်ကား နူးညံ့၏၊ သင်သည် အဘယ်ကြောင့်မငိုသနည်း'' ဟု မေးသည်ရှိသော် မငိုခြင်း၏ အကြောင်းကို ဆိုလိုသော ပုဏ္ဏားဓလည်-

၂၁။ အနဝ့ိတော တတော အာဂါ၊ နာနုညာတော ဣတော ဂတော။
ယထး ဂတော တထာ ဂတော၊ တတ္ထ ကာ ပရိဒေဝနာ။
၂၂။ ဒုယ္မားနော နု ဇာနာတိ၊ ညာတီနံ ပရိဒေဝိတံ။

တသ္မာ ဧတံ နု သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာတို့ကို ဆို၏။

၂၁။ သာမိ၊ အရှင်။ မမ၊ ငါ၏။ ပုဒ္တော၊ သားသည်။ အနဝ့ိတေ၊ မခေါဘဲ။ တတေ၊ ထိုဘဝတစ်ပါး။ ဣမံ့းကံ၊ ငါတို့၏။ ဂေဟံ၊ အိမ်သို့။ အာဂါ၊ လာ၏။ နာနုံညာတော၊ ခွင့်မလွှတ်ဘဲ။ ဣတော၊ ဤလူ.ပြည်မှ။ ဂတော၊ ဘဝတစ်ပါးသို့ သွား၏။ အဓဂတော ယထ့ာ၊ အလို အားလျော်က် လာသကဲ့သို့။ တထာ၊ ထိုအတူ။ ဂတော၊ အလိုအလျောက် သွား၏။ တတ္ထ၊ ထိုအလိုအလျောက် ဘဝတစ်ပါးလား၍ပ၌။ ပရိဒေဝနာ၊ ငိုကြွေးခြင်းသည်ကား။ ကာ၊ အဘယ်အကျိုးရှိအံ့နည်း။

၂၂။ ဒုယ့ဲမာနော၊ မိုးဖုတ်ဆင်သော သားသည်၊ ညာတီနံ၊ ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ ငိုကြွေးခြင်းကို၊ နု ဇာနာတိ၊ မသိ။ တသ္မာ၊ထိုကြောင့်၊ ဧတံ၊ ထိုသားကို၊ နု သောစာမိ၊ မစိုးရိမ်။ တ ဿ၊ ကိုသခ၏။ ယာဂတိ၊ အကြင်ကတိသည်၊ အတ္ထိ၊ရှိ၏။ သော၊ ထိုသားသည်။ တံ၊ ထိုကတိသို့။ ဂတော၊ လား၏။

နှမ မငိုခြင်းအကြောင်း

သိကြားမင်းသည် ပုဏ္ဏားမ၏စကားကို ကြား၍ သေးသားသူ၏နှမကို ''မိခင်....သေးသားသူသည် သင်နှင့် အဘယ်သို့တော်သနည်း'' ဟုမေး၏။ ''အရှင်...သေးသားသူသည် အကျွန်ုပ်မောင်တည်း'' ဟု ဆို၏။ ''မိခင်....

www.dhammadownload.com

နှမတို့သည်ကား မောင်တို့၌ ချစ်တတ်ကုန်၏၊ သင်သည် အဘယ်ကြောင့် မငိုသနည်း'' ဟု သိကြားမင်းသည် မေး၏။ သေသောသူ၏နှမ မငိုခြင်း၏ အကြောင်းကို ဆိုလိုရကား။

၂၃။ သစေ ရောဒေ ကိသာ အာသံ၊ တဿာမေ ကိံ ဖလံ သိယာ၊
ညာတိ့မိတ္တာ သုဟဇ္ဇခနံ၊ ဘိယ္ယော နော အရတီ သိယာ။
၂၄။ ဒုယ္ဟမာနော နု ဇာနာတိ၊ ညာတိနံ ပရိဒေဝိတံ၊
တသ္မာ တေ နံ နု သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

ဟူသော သုံးခုမြောက်သော ဂျိဂါထစတို့ကို ဆို၏။

၂၃။ သာမိ၊ အရှင်။ သစေ ရောဒေ၊ အာကယ်၌ငိုငြားအံ့။ ကိသာ၊ ကြုံလို့သည်။ အာသံ၊ ဖြစ်ရာ၏။ တဿာမေ၊ ထိုကျွန်ုပ်အား။ ကိံ ဖလံ၊ အဘယ်အကျိုးသည်။ သိယာ၊ ဖြစ်ရာသနည်း။ နော၊ အကျွန်ုပ်တို့၏။ ညာတိမိတ္တာ သုဟဇ္ဇာနံ၊ အဆွေအမျိုး အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်ကုန်သော သူတို့အား၊ ဘိယ္ယော၊ လွန်စွာ။ အရတီ၊ မမွေ့မလျော်ခြင်းသည်၊ သိယာ၊ ဖြစ်ရာ၏။

၂၄။ ဒုယ္ဟမာနော၊ မီးဖုတ်အပ်သော မောင်သည်၊ ညာတီနံ၊ အဆွေအမျိုးတို့၏။ ပရိဒေဝိတံ၊ ငိုကြွေးခြင်းကို။ နု ဇာနာတိ၊ မသိ။ တဿ၊ ထို့ကြောင့်။ တေ၊ ထိုသေသော မောင်ကို။ အဟံ၊ ငါသည်။ နု သောစာမိ၊ မစိုးရိမ်။ တဿ၊ ထိုမောင်၏။ ယာ ဂတိ၊ အကြင်ကတိသည်၊ အတ္ထိ၊ ရှိ၏။ သော၊ ထိုမောင်သည်။ တံ၊ ထိုကတိသို့၊ ဂတော၊ လား၏။

မယားမငိုခြင်းအကြောင်း

သိကြားမင်းသည် နှမစကားကိုကြား၍ မယားကို ''မိခင်....ထိုသေသောသူသည် သင်နှင့် အဘယ်သို့ တော်သနည်း'' ဟု မေး၏၊ ''အရှင်.... အကျွန်ုပ်လင်တည်း'' ဟု ဆို၏။ ''မိခင်....မိန်းတို့သည်ကား လင်သေလတ်သော် ကိုးကွယ်ရာမရှိကုန် မုဆိုးမဖြစ်ကုန်၏။ သင်သည်အဘယ်ကြောင့် မငိုသနည်း'' ဟု သိကြားမင်းသည် မေး၏။ ထို မယားသည်လည်း သိကြားမင်းအား မငိုခြင်း၏အကြောင်းကို ဆိုလိုရကား။

www.dhammadownload.com

၂၅။ ယထာပိ ဒါရကောစန္ဒံ၊ ဂစ္ဆန္တံ အနုရောဒတိ။
စေံ သမ္မဒမေဝေတံ၊ ယော ပေတ မနုဒသာစတိ။
၂၆။ ဒုယ္ဘမာနော နု ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မစ ဧတံ နု သောစာမိ၊ ဂတော သော တဿ ယာဂတိ.
ဟူသော လေးခုမြောက်သော ဤဂါထာတို့ကို ဆို၏။

၂၅။ သာမီ၊ အရှင်။ ယော၊ အကြင်ထူသည်၊ ပေတံ၊ သေသောသူကို။ အနုသောစတိ၊ စိုးရိမ်၏။ တဿ၊ ထိုသူ၏။ ဧတံ၊ ထိုစိုးရိမ်ခြင်းသည်။ ဒါရကော၊ ယူငယ်သည်။ ဂစ္ဆန္တံ၊ သွားသော။ စန္ဒံ၊ လပြည့်ဝန်းကို။ ဒိဿ၀၊ မြင်၍။ အနုရောဒတိ ယထာပိ၊ လကိုပေးလော့, ပေးလော့ဟု ငိုသကဲ့သို့လည်း။ ဧဝံ သမ္မဒမေဝ၊ ဤသို့ဖြစ်ခြင်းသည်သာလျှင်။ဟောတိ၊ ဖြစ်၏။

၂၆။ ဒုယ္ဘမာနော၊ မိုးဖုတ်အပ်သော လင်သည်။ ဉာတီနံ၊ ဆွမျိုးတို့၏ ပရိဒေဝိတံ၊ ငိုကြွေးခြင်းကို။ နု ဇာနာတိ၊ မသိ။ တသ္မစ၊ ထိုကြောင့်။ ဧတံ၊ ထိုဇာတ်ကို။ အဟံ၊ ငါသည်။ နု သောစာမိ၊ မစိုးရိမ်။ ဃသော၊ ထို လင်၏။ ယာဂတိ၊ အကြင်ဇာတိသည်။အတ္ထိ၊ ရှိ၏။ ဘံ၊ ထိုကဲသို့။သော၊ ထိုလင်သည်။ ဂတော၊ လား၏။

ကျွန်မ မငိုခြင်းအကြောင်း

သိကြားမင်းသည် မယားဇ၏စကားကိုကြား၍ ကျွန်မကို "မိခင်.... ထိုးသဖောသူသည် သင်နှင့် အဘယ်သို့ တော်သနည်း" ဟု မေး၏။ "သခင်... ထိုသေဒသာသူသည် အကျွန်ုပ်၏ အရှင်တည်း" ဟု ဆို၏။ "ဤသေဒသာသူသည် သင့်ကို နှိပ်စက်ရိုက်ပုတ်၍ ညှဉ်းဆဲအပ်သည် ဖြစ်လတ္တံ့၊ ထိုးသးသာသူမှ ငါသဲ့သည် ကောင်းစွာလွတ်ပြီဟု သင်မငိုသည် မဟုတ်လော" ဟု သိကြားမင်းသည် ဆို၏။ "သခင်... ဤသို့ မဆိုလင့်၊ သခင့်စကားသည် သေသောသူအား မးလျှောက်ပတ်၊ အကျွန်ုပ် အရှင့်သားသည် ခန္ဓီ မေတ္တာဇ ကရုဏာနှင့် ပြည့်စုံ၏၊ ရင်၌ကြီးသော သားကဲ့သို့ ဖြစ်၏" ဟု ဆို၏။ "ထိုသို့ဖြစ်လျက် အဘယ်ကြောင့် သင်မငိုသနည်း" ဟု သိကြားမင်းသည် မေး၏၊ ထိုကျွန်မသည်လည်း မငိုခြင်း၏ အကြောင်းကို ဆိုလိုရာဘား-

www.dhammadownload.com

၂၇။ ယထာ စ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္ပဒမေဝံ တံ၊ ယော ပေတ မနုသောစတိ။
၂၈။ ဒုယ္ဘမာနော နဂါနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နုသောစာမိ၊ ဂဒတာ သော တထာ ဂတိ.
ဟူသော ငါးခုမြောက်သော ဤဂါထာတို့ကို ဆို၏။

၂၇။ သာမိ၊ အရှင်။ ယော၊ အကြင်သူသည်။ ပေတံ၊ သေသောသူကို။ အနုသောစတိ၊ စိုးရိမ်၏။ တဿ၊ ထိုသူ၏။ ဧတံ၊ ထိုစိုးရိမ်ခြင်းသည်။ ဘိန္နော၊ ကွဲသော။ ဥဒကကုမ္ဘော၊ ရေအိုးသည်။ အပ္ပဋိသန္ဓိယော ယထာစ၊ တစ်ဖန်မစပ်ပြန်သကဲ့သို့လည်း။ ဧဝံ သမ္ပဒမေဝ၊ ဤသို့ဖြစ်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၂၈။ ဒုယ္ဘမာနော၊ မီးဖုတ်အပ်သော အရှင့်သားသည်။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ ငိုကြွေးခြင်းကို။ နဂဂါနာတိ၊ မသိ။ တသ္မာ၊ ထို့ကြောင့်၊ ဧတံ၊ ထိုသေသော အရှင့်သားကို။ အဟံ၊ ငါသည်။ နုသောစာမိ၊ မစိုးရိမ်၊ တဿ၊ ထိုအရှင့်သား၏။ ယာ ဂတိ၊ အကြင်ဂတိသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဂတိသို့။ သော၊ ထိုအရှင့်သားသည်။ ဂဒတာ၊ လားဟု၏။

သိကြားမင်း မစခြင်း

သိကြားမင်းသည် ထို အလုံးစုံသော သူဘို့၏ တရားစကားကိုကြား၍ ကြည်ညိုခြင်း ရှိသောကြောင့် "သင်တို့သည် မမေ့မလျော့ မရဏသတိကို ပွားစေကုန်လော့၊ သင်တို့သည် ယနေ့မှစ၍ မိမိလွတ်ဖြင့် အမှု ကို မပြုကုန်လင့်၊ သိကြား နတ်မင်းဖြစ်သော ငါသည် သင်တို့အိမ်၌ ရတနာ ခုနစ်ပါးတို့ကို အတိုင်းအရှည် မရှိသည်တို့ကို ပြုအံ့၊ သင်တို့သည် အလှူကို ပေးကုန်လော့၊ သီလကို စောင့်ကုန်လော့၊ ဥပုသ်သုံးသော အမှုကို ပြုကုန်လော့၊ မမေ့မလျော့ ဖြစ်ကုန်လော့" ဟု ထိုသူတို့အား အဆုံးအမကို ပေး၍ အိမ်၌ အတိုင်းအရှည်မရှိသော ဥစ္စာဖြင့် ပြည့်သည်ကို ပြု၍သွား၏။

ဇာတ်ပေါင်း။ ယဗ္ဘညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာ

www.dhammadownload.com

တို့ကို ပြတော်မူသည်၏အဆုံး၌ ထူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။ အဘယ်သို့ ဇာတ်ကိုဝပေါင်းတော်မူသနည်း၊ ဟူမူကား-ယခုအခါ ခုဋ္ဌ၊တွာသည် ထိုအခါ ကျွန်မဖြစ်ဖူးပြီ၊ ယခုအခါ ဥပုလဝဏ်သည် ထိုအခါသမီးဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားဖြစ်ဖူးပြီ၊ ယခုအခါ ခေမာသည် ထိုအခါ အမိပုဏ္ဏားမ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပုဏ္ဏားဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သေခြင်းတရား၊ မပြတ်ပုံး၊ စိတ်ထဲးခိုင်တည်မည်း)
လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥရဂဇာတ်သည် ပြီး၏။

၅-ဃဋ္ဋဇာတ်
မေတ္တားစျာန်ကြောင့် ရန်သူပူပန်ရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မာသမ္ဗုဒ္ဓဘုရားသည် အညေသောစက္ခု ရောဒနီ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဆုပ်သော ဤဃဋ္ဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တောသလမင်း၏ တစ်ယောက်သော အမတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ဝတ္ထုစကား ဆောက်၌ ဆိုအပ်ပြီးသော ဝတ္ထုနှင့်သာ တူသလျှင်ကတည်း။

အရှုံးထဲကအမြတ်

ဤဃဋ္ဋဇာတ်၌ကား ကောသလမင်းသည် မိမိအား ကျေးဇူးပြုသော အမတဲအား များစွာသော စည်းစိမ်ကိုးပး၍ ရန်တိုက်တတ်ကုန်သော သူတို့၏ စကားကိုယူ၍ နှောင်ဖွဲ့စေ၍ နှောင်အိမ်၌ သွင်းစေ၏။ ထိုအမတ်သည် နှောင်အိမ်၌ နေလျက်လျှင် သောတာပတ္တိဖိုလ်ကို ဖြစ်စေ၏၊ တောသလမင်းသည် ထိုအမတ်၏းကျေးဇူးကို မှတ်မိ၍ လွှတ်စေ၏၊ ထိုအမတ်သည် နံ့သာပန်းကိုယူ၍ မြတ်စွာဘုရားအထံးတော်သို့သွး၍ ဘုရားကိုရှိခိုး၍ နေ၏။ ထိုအခါ ထိုအမတဲကို မြတ်စွဲာဘုရားသည် ''ဒါယကာ....သင့်အား အကျိုးမဲ့ဖြစ်ဆလော'' ဟု မေးတော်မူ၍ ''ဘုန်းတော်ကြီးခသော အရှင်ဘုရား—အကျိုးမဲ့ဖြစ်၏၊ အကျိုးမဲ့ဖြင်ကား အကျွန်ုပ်အား အကျိုးသည် ရောက်၏။ သောတာပတ္တိ မဂ်ကို အကျွန်ုပ်သည် ဖြစ်စေ၏'' ဟု နှားတော်

www.dhammadownload.com

လျှောက်သည်ရှိသော် "ဒါယကာ.... သင်သည်သာလျှင် အကျိုးမဲ့ဖြင့် အကျိုးကို ဆောင်သည် မဟုတ်သေး၊ ငရဲပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့် အကျိုးကို ဆောင်ဖူးကုန်၏" ဟု မိန့်တော်မူ၍ ထိုဏမတ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏၊

အတိတ်ဝတ္ထု။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားဓလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၏။ "ဃဋ္ဋသတို့သား" ဟူသောအမည်ကို မှည့်ကုန်၏။ ထို ဃဋ္ဋမင်းသားသည် နောက်အခါ၌ တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိဿည်ဖြစ်၍ တရားသဖြင့် မင်းပြု၏။ ထိုဃဋ္ဋမင်း၏ နန်းတွင်း၌ တစ်ယောက်သော အမတ်သည် ပြစ်မှားသော် ဃဋ္ဋမင်းသည် ထိုအပြစ်ကို မျက်မှောက်အားဖြင့်သိ၍ ထိုအမတ်ကို တိုင်းပြည်မှနှင်ထုတ်စေ၏။

အာဃာတထားခြင်း

ထိုအခါ လာဝဝတ္ထိပြည်၌ ဓက်မည်သော မင်းဆည်းမင်းပြု၏၊ ထိုတိုင်းနိုင်ငံမှ နှင်ထုတ်သောအမတ်သည် ဓက်မင်း၏အထံသို့သွား၍ ခစား၏၊ အောက်၌ဆိုအပ်ပြီးသောနည်းဖြင့် ထိုအခတ်သည် ဓက်မင်းကို မိမိစကား ကို ယူစေ၍ ဗာရာဏသီပြည်ကို ယူစေ၏၊ ထိုဓက်မင်းသည်လည်း ပြည်ကို ယူ၍ ဘုရားလောင်းကို သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့စေ၍ နှောင်အိမ်သို့ သွင်းစေ၏၊ ဘုရားလောင်းသည် ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ် ဖွဲ့သဖြင့် နေ၏။ ဓက်မင်း၏ ကိုယ်၌ပူခြင်းသည် ဖြစ်၏၊

အာဃာတဖြေရှင်းမှုနည်း

ဓက်မင်းသည် သွား၍ ဘုရားလောင်း၏ ရှေ့ခြေကြွမုန့်တွေသော ပဉ္စင်္ဂ လော ပဒုမာကဲ့သို့ အာသဇရရှိုးသာ မျက်နှာကိုမြင်၍ ဘုရားဓလောင်းကို မေးလိုရကား-

၂၆။ အညေ သောစန္တိ ရောဒန္တိ၊ အဓညာ အဿုမုခါ ဇနေ၊
ပသန္နမုခ ဝဏ္ဏောသိ၊ ကဿ ဃဋ္ဋ နသောစသိ-

ဟူသော ရွှေးဦးစွာသော ဂါထာကို ဆို၏။

F:၄-၅၅၀(တတ္ထဲ)

www.dhammadownload.com

၂၉။ ဃဋ္ဌ၊ ဃဋ္ဌမင်း။ အညေ၊ တစ်ပါးသော သူတို့သည်း သောစဿို၊ စိုးရိမ်ကုန်၏။ ရောဒန္တိ၊ ငိုကုန်၏။ အညော၊ တစ်ပါးသော။ ဇနဒ၊ လူသည်။ အဿုမုခေါ၊ မျက်ရည်စတ်သော မျက်နှာရှိ၏၊ တုံ၊ သင်သည်။ ပသန္နေ မုခ-ဝဏ္ဏော၊ ကြည်သောမျက်နှာအဆင်းရှိသည်။ အသိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်။ နု သေဒစသိ၊ မစိုးရိမ်သနည်း။

စိုးရိမ်နေက ကျိုးမရ

ထိုအခါ ဓက်မင်းဏား ဘုရားလောင်းသည် မစိုးရိမ်သော အကြောင်းကို ဆိုလိုရကား-

၃၀။ နာဇ္ဇတိတဟရော သဲ့ဝကော၊ နာနာဂဘ သုခါဝဟော။
တသ္မာ ဓက် နု သောစာမိ၊ နတ္ထိ သောကော ဒုတိယဿာ။
၃၁။ သေဒစံ ပဏ္ဍုကိသော ဟောတိ၊ ဘတ္တဥ္ဆဿ နု ရုစ္စတိ။
အမိတ္တာ သုမနာ ဟောန္တိ၊ သလ္လဝိဒ္ဓဿ ရုပ္ပတော။
၃၂။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
နု မံတံ အာဂမိဿတိ၊ စေံ ဒိဋ္ဌပဒေါ ဏဟံ။
၃၃။ ယဿတ္ထိဒ နာလမေကော စ၊ သဗ္ဗဿာဓ ရသဒဟဏ္ဍော။
သဗ္ဗာပိ ပထဝီ တသိ၊ နု သုခံ အာဝဟိဿတိ-

ဟူသော ဤဂါထာတို့ကို ဆို၏။

၃၀။ ဓက်၊ ဓက်မင်း။ ဧသာကော၊ စိုးရိမ်ခြင်းသည်။ နာဇ္ဇတိတဟရော၊ လွန်းလွန်းလျှံသော ချမ်းသာကိုမူဆောင်။ နာ နာဂတ သုခါဝဟော၊ လာလတ္တံ့သော ချမ်းသာကိုမဆောင်။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ နု သောစာမိ၊ မစိုးရိမ်။ ဒုတိယဿာ၊ စျာန်ဟူသော ဆာဒဖာ်ကြောင့်။ သောဒကော စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။

၃၁။ သေဒံ၊ စိုးရိမ်သောသူသည်။ ပဏ္ဍု၊ ဖျော့တော့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကိသော ကြုံလှိသည်။ ဟောတိ၊ ဖြစ်၏၊ အဿ၊ ထို စိုးရိမ်သောသူသည်။ ဘတ္တဥ္ဆ၊ ဆစာကိုလည်း။ နု ရုစ္စတိ၊ မနှစ်သက်။ သလ္လဝိဒ္ဓဿ၊ စိုးရိမ်ခြင်းတည်းဟူသော ငြောင့်သည် စူးဝင်၍။ ရုပ္ပတော၊ ဖောက်

www.dhammadownload.com

ပြုန်သောသူအား။ အမိတ္တာ၊ ရန်သူတို့သည်။ သုမနာ၊ ဝမ်းမြောက်ကုန်ဆည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၉၂။ ဂါမေ ဝါ၊ ရွာ၌လည်းကောင်း။ ယဒိ၊ ထိုမြို့။ အရညေ ဝါ၊ တော၌လည်းကောင်း။ နိန္နေ ဝါ ချိုင့်ဝှမ်းရာ အရပ်၌ လည်းကောင်း။ ယဒိ၊ ထိုမြို့။ ထလေ ဝါ၊ ကုန်းကြည်း၌လည်းကောင်း။ တံ၊ ထိုစိုးရိမ်ခြင်းအရင်းရှိသော ပျက်စီးခြင်းသည်။ မံ၊ ငါသို့။ န အာဂမိဿတိ၊ မလာလတ္တံ့။ အဟံ၊ ငါသည်။ စေံ၊ ဤသို့။ ဒိဋ္ဌပဒေါ၊ မြင်အပ်သောစ်ဖြစ်၏။

၉၃။ ယဿ၊ အကြောင်မင်းအား။ အတ္ထာ၊ အကျိုးစီးပွားကို ဆောင်ကုန်သော အဆေခင်ပွန်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုအဆေခင်ပွန်းတို့တွင်။ ဧဓာဝ စ၊ တစ်ယောက်သောအဆေခင်ပွန်းသည်လည်း။ သဗ္ဗကာမရသာဟရော၊ စျာန်ချမ်းသာဟု ဆိုအပ်သော အလုံးစုံလိုအပ်သော အာရုယာကို ဆောင်ခြင်းငှာ။ အလံ၊ စွမ်းနိုင်သည်။ နု၊ မဟုတ်။ သဗ္ဗာပိ ပထဝီ၊ အလုံးစုံသော မြေသည်လည်း။ တဿ၊ ထိုမင်းအား။ သုခံ၊ စျာန်ချမ်းသာကို။ နု အာဝဟိဿတိ၊ မဆောင်လတ္တံ့။

ဓက်မင်းသည် ဤလေးဂါထာတို့ကို နာရှု၍ ဘုရားလေခင်းကို ကန့်တော့၍ မင်းအဖြစ်ကို အပ်နှင်း၍ သွား၏၊ ဘုရားလောင်းသည်လည်း အဓမ်တို့အား မင်းအဖြစ်ကို အပ်နှင်းခဲ့၍ ဟိမဝန္တာသို့ သွား၍ ရဟန်းပြု၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း။ သဗ္ဗညု မြတ်စွာဘုရားသည် ဤခုမမဒဿနာကို ဆောင်တော်မူ၍ "ယနုအခါ အာနန္ဒာသည် ထိုအခါ ဓက်မင်း ဖြစ်ဖူးပြီ၊ ယခုအခါငါဘုရားသည်လျှင် ထိုအခါ ဃဋ္ဋမင်း ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စိုးရိမ်ပူဆွေး၊ ဒုက္ခပေး၊ ငိုကြွေးမနေရာ။)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဃဋ္ဋဇာတ်သည် ပြီး၏။

၆-ကောရဏ္ဍိယဇာတ်

အလိုမရှိသူကိုပေးခြင်းဖြင့် ပစ္စည်းတန်ဖိုးလျော့ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လေးကကို ဆုံးမတော်မူတော်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဧကာ အရဉ်ည" အစရှိသော

www.dhammadownload.com

ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောရဏ္ဍိယဇာတ်ကို ငေတဝန်း ကျော်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတြာ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ အရှင်သာရိပုတြာ မထေရ်သည် လာတိုင်း လာတိုင်း ကုန်သော မုဆိုး တံငါ အစရှိကုန်သော ဒုဿီလတို့အား မြင်တိုင်း မြင်တိုင်း 'လျှင် "သီလကိုယူကုန်လော့, သီလကို ယူကုန်လော့" ဟု ဆို၍ သီလကိုပေး၏။ ထိုသူတို့သည် မထေရ်အား ခန့်ညားသည်၏ အဖြစ်ကြောင့် စကားကို ဖျက်ဆီးအံ့သောငှာ မဝံ့၍ သီလကိုယူကုန်၏၊ ယူပြီး၍ သီလကို မစောင့်ရှောက်ကုန်၊ မိမိတို့၏ အမှုတို့ကိုသာလျှင် ပြုကုန်၏။ မထေရ်သည် အတူနေဘပည်တို့ကိုခေါ်၍ "ငါ့ရှင်တို့... ဤမည်သောလူတို့သည် ငါ့ထံ၌ သီလကို ယူကုန်၏၊ ယူပြီး၍ သီလကို မစောင့်ရှောက်ကုန်" ဟု ဆို၏။ "အရှင်ဘုရား.... အရှင်ဘုရားတို့သည် ထိုလူတို့အား အလိုမရှိဘဲလျက် သီလကို ပေးကုန်၏၊ ထိုလူတို့သည် အရှင်ဘုရားတို့၏စကားကို ဖျက်ဆီးအံ့သောငှာ မဝံ့၍ သီလကိုယူကုန်၏၊ အရှင်ဘုရားတို့သည် ယနေ့မူစ၍ ဤသို့သဘောရှိသော သူတို့အား သီလကို မပေးပါကုန်လင့်" ဟု တဝည့်တို့က လျှောက်ကုန်၏။ မထေရ်သည် မနှစ်သက်သည် ဖြစ်၏။

ထိုအကြောင်းကိုကြား၍ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့... အရှင်သာရိပုတြာသည် မြင်တိုင်း မြင်တိုင်းသော လူတို့အားလျှင် သီလကို ပေး၏" ဟု စကားကိုဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ "ရဟန်းကို.... ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း" ဟု မေးတော်မူသတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နှားတော်လျှောက်သည်ရှိသော် "ရဟန်းတို့... သာရိပုတြာသည် ယခုအခါ၌သာလျှင် မြင်တိုင်း မြင်တိုင်းသောအရပ်၌ မတောင်းကုန်သော သူတို့အား သီလကို ပေးသည်မဟုတ်သေး၊ ရှေးဘဝလည်း မြင်တိုင်း မြင်တိုင်းသော ဇရင်တို့၌ မတောင်းကုန်သော သူတို့အား သီသကို ပေးဖူး၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ဇာတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားအမျိုး၌ဖြစ်၍

www.dhammadownload.com

အမည်ထား၍ဖြင့် ''ကောရဏ္ဍိယ'' မည်၏။ ထိုကောရဏ္ဍိယသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ၏ တပည့်ကြီး ဖြစ်၏။

လူတိုင်းကို သီလပေးခြင်း

ထိုအခါ ဒိသာပါမောက္ခဆရာသည် မြင်တိုင်းမြင်တိုင်းသော အရပ်၌ မတောင်းကုန်သော သူတို့အား သီလကိုယူကုန်လော့၊ သီလကိုယူကုန်လော့ ဟု သီလကို ပေး၏။ ထိုသူတို့သည် ယူပြီး၍လည်း မစောင့်ရှောက်ကုန်။ ဆရာသည် ထိုဇာတ်ကြောင်းကို တပည့်တို့အား ကြံုးလေ၏။ တပည့်တို့သည် ''ဆရာ....ဆရာတို့သည် ထိုသူတို့အား အလိုမရှိဘဲလျက် သီလကိုပေးကုန်၏၊ ထို့ကြောင့် ထိုသူတို့သည် ဖျက်ဆီးကုန်၏။ ယနေ့မှစ၍ တောင်းကုန်သော သူတို့အားသာလျှင် သီလကို ပေးကုန်လော့။ မတောင်းကုန်သော သူတို့အား မပေးပါကုန်လင့်'' ဟု ဆိုကုန်၏။ ဒိသာပါမောက္ခဆရာလည်း နှလုံးမသာယာခြင်းသည် ဖြစ်၏၊ ဤသို့ ဖြစ်ငြားသော်လည်း မြင်တိုင်းမြင်တိုင်းသော အရပ်တို့၌ သီလကို ပေးသည်သာလျှင်ဖြစ်၏။

ဆရာ့အကျင့်ကို ပျောက်စေခြင်း

ထိုအခါ တစ်နေ့သ၌ လူတို့သည် လာလတ်ကုန်၍ ပုဏ္ဏားတို့အား မင်္ဂလာရွတ်စိမ့်သောငှါ ဆရာကိုပင့်ဖိတ်ကုန်၏။ ဒိသာပါမောက္ခဆရာသည် ကောရဏ္ဍိယ လုလင်ကိုခေါ်၍ ''အမောင်...မင်္ဂလာရွတ်ရာသို့ ငါမသွား၊ သင်သည် ပုဏ္ဏားလုလင် ငါးရာတို့ကိုခေါ်၍ မင်္ဂလာရွတ်ရာသို့သွား၍လော့၊ မင်္ဂလာရွတ်ခြင်း၏ ပူဇော်သက္ကာရ အာလူဝတ်ကိုခံ၍ ငါတို့၏ အစုကို ဆောင်ခဲ့လော့'' ဟု ဆို၏။ ကောရဏ္ဍိယလုလင်သည် ''ကောင်းပြီ'' ဟု သွား၍ ပြန်လတ်သော် လမ်းအကြား၌ တစ်ခုသောချောက်ကိုမြင်၍ ''ငါတို့ဆရာသည် မြင်တိုင်းမြင်တိုင်းလော အရပ်တို့၌ မတောင်းကုန်သော သူတို့အား သီလကို ပေး၏၊ ယနေ့မှစ၍ တောင်းသောသူတို့အားသာလျှင် သီလကို ပေးအောက် ငါပြုအံ့'' ဟု ကြံ၏၊ ကြံပြီး၍ ထို ကောရဏ္ဍိယလုလင်သည် တစ်ပါးသောလုလင်တို့ ချမ်းသာစွာ နေကုန်စဉ် ထ၍ ကြိုးစွာသော ကျောက်ကိုခို၍ ချောက်ထဲသို့ အဖန်တလဲလဲလျှင် ချ၏၊

www.dhammadownload.com

ဆရာတပည့် အခေ့အတင်

ထိုအခါ ကောရဏ္ဍိယ လုလင်ကို တစ်ပါးသောလုလင်တို့သည် "ဆရာ.... အဘယ်ကြောင့် ဤသို့ပြုသနည်း" ဟု ဆို၏။ ကောရဏ္ဍိယလုလင်သည် တစ်စုံတစ်ခုသော စကားတို့ကို မဆို။ ထိုလုလင်တို့သည် လျင်မြန်စွာသွား၍ ဆရာအား ကြိုးကုန်၏။ ဆရာသည် လာလတ်၍ ကောရဏ္ဍိယလုလင်နှင့် တကွ စကားပြောလိုရကား-

၃၄။ ကောအရညေ ဂိရိကန္ဒရုယံ၊
ဂဂ္ဂယှ ပဂ္ဂယှ သေလံ ပဝေစ္ဆသိ။
ပုနပ္ပုနံ သန္တိရမာနရူပေါ၊
ကောရဏ္ဍိယ ကောနု တဝ ယိမတ္ထစ-

ဟူသော ရွှေဦးစွာသော ဤဂါထာကိုဆို၏။

၃၄။ ကောရဏ္ဍိယ၊ ယ။ တုံ၊ သင်သည်။ အရညေ၊ ဌာ။ ကော၊ တစ်ယောက်ထီး၊ တည်း။ ပုနပ္ပုနံ၊ လဲလဲ။ သန္တိရမာနရူပေါ၊ လျင်မြန်သော သဘောရှိသည်ဖြစ်၍။ သေလံ၊ ကျောက်ကို။ ပဂ္ဂယှ ပဂ္ဂယှ၊ ယူ၍ ယူ၍။ ဂိရိကန္ဒရုယံ၊ တောင်ချောက်၌။ ပဝေစ္ဆသိ။ ချ၏။ ဣဓ။ ဤချောက်ကိုဖို့ရာ၌။ တဝ။ သင်အား။ ကော အားတ္ထော နု၊ အဘယ်အကျိုးရှိသနည်း။

ကောရဏ္ဍိယလုလင်သည် ထိုစကားကိုကြား၍ ဆရာကိုသိစေလိုရကား-

၃၅။ အဟံ ဟိ မံ သာဂရဒေဝတန္တိ၊
သမံ ကရိဿာမိ ယထာပိ ပါဏိ။
ဝိကိရိယ ဆာနူနိ စ ပဗ္ဗတာနိ စ၊
တသ္မာ သေလံ ဒရိယာ ဂဏ္ဍိပါမိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၃၅။ အာစရိယ၊ ဆရာ။ သာဂရ သေဝိတန္တိ၊ မြစ်သမုဒ္ဒရာတို့သည် မှီဝဲဆာဖြစ်သော။ ဣမံ၊ ဤမြေကို။ သာနူနိ စ၊ မြေတောင်တို့ကို လည်းကောင်း။ ပဗ္ဗတာနိ စ၊ ကျောက်တောင်တို့ကိုလည်းကောင်း။ ဝိကိ

www.dhammadownload.com

ရိယ၊ ဖြို၍။ ပါဏိယထေရပိ၊ လက်ဝါးပြင်ကဲ့သို့လည်း။ သမံ၊ ညီညွတ်သည်ကို။ ကဲရိဿာမိ၊ ပြုအံ့။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ အဟံ၊ ငါသည်။ သေလံ၊ ကျောက်ကို။ ဒရိယာ၊ ချောက်၌။ ပက္ခိပါမိ၊ ချ၏။

ထိုစကားကိုကြား၍ ဆရာပုဏ္ဏားသည်-

၃၆။ နယိမံ မဟိ အရဟတိ ပါဏိကမ္မံ၊
သမံမနုဿော ကရဏာယ မေကော။
မညာမိ မညေဝဒရီ ဇိဂီသံ၊
ကောရဏ္ဍိယ ဟဒယသိ ဇိဝလောကံ.

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၃၆။ ကောရဏ္ဍိယ၊ ဆောရဏ္ဍိယ။ ဧးကာ၊ တစ်ယောက်သော။ မနုဿော၊ လူသည်။ ဣမံမဟိ၊ ဤမြေကြီးကို။ ပါဏိကမ္မံ၊ လက်ဝါးပြင်ကဲ့သို့ လုပ်၍။ သမံ၊ ညီညွတ်စွာ။ ကရဏာယ၊ ပြုခြင်းငှာ။ နှ အရဟတိ၊ မတတ်ကွဲ့ကွင်း။ ဣမညေဝဒရီ ဇိဂီသံ၊ ဤမြေကြီးသည်၊ ဤလူ့ပြည်ကို။ ယာယသိ၊ စွန့်ရအံ့ဟူ၍။ မညာမိ၊ ငါထင်၏။

ထိုစကားကို ကြား၍ ကောရဏ္ဍိယ လုလင်သည်။

၃၇။ သစေ အဟံ ဘူတဓရံ နသက္ကာ၊
သမံ မနုဿော ကရဏာယ ဧမဧကော။
ဧဝမေဝ တွံ ဗြဟ္မ ဣဒမ မနုဿော၊
နာနာဒိဋ္ဌိက နာနာယိဿသိ နေ-

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

၃၇။ ဗြဟ္မေ၊ ဆရာပုဏ္ဏား။ ဧကော၊ တစ်ယောက်၊သော။ မနုဿော၊ လူဖြစ်သော။ အဟံ၊ အကျွန်ုပ်သည်။ ဘူတဓရံ၊ မြေကြီးကို။ သမံကရဏာယ၊ ညီညွတ်စွာပြုခြင်းငှာ၊ သစေ နှ သက္ကာ၊ အကယ်၍ မတတ်နိုင်ငြား၊ အံ့၊ ဧဝမေဝ၊ ဤအတူလျှင် တွံ၊ သင်ဆရာသည်၊ နာနာဒိဋ္ဌိက၊ အထူးထူးသော

www.dhammadownload.com

အယူရှိကုန်သော၊ လူမေ မနုဿေ၊ ဤလူတို့ကို၊ နှ အာနယိဿသိ၊ မိမိ၏ အလိုသို့ဆောင်ခြင်းငှာ မတတ်နိုင်လတ္တံ့။

ထိုစကားကိုကြား၍ ဆရာသည် 'ကောရဏ္ဍိယ....သင်သည်ကား၊ သင့်သောစကားကို ဆို၏၊ ငါသည် ဤသို့ သဘောရှိသော အမှုကို မပြုအံ့''ဟု မိမိချုတ်ယွင်းသော အဖြစ်ကိုသိ၍-

၃၈။ သံခိတ္တရူပေန တုဝံ မမတ္ထံ၊
အာဠာသိ ဆောရဏ္ဍိယ ဧဝမေတံ။
ယထာ နု သက္ကာ ပထဝိ သမာယံ၊
ကာတုံ မနုဿေန တထာ မနုဿာ-

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏၊

၃၈။ ဆောရဏ္ဍိ ယ၊ ကောရဏ္ဍိယလုလင်။ တုဝံ၊ သင်သည်။ မမ၊ ငါ့အား။ သံခိတ္တရူပေန၊ အကျဉ်းချုံးသော ဥပမာဖြင့်၊ ဆတ္တံ၊ အကျိုးကို။ အာဠာသိ၊ ဆို၏။ တေံ၊ ထိုသင့်စကားသည်။ ဧဝံ၊ သင်ဆိုတိုင်းမှန်၏၊ အယံ ပထဝီ၊ ဤမြေကို။ သမံ၊ ညီညွတ်စွာ။ ကာတုံ၊ ပြုခြင်းငှာ။ နှ သက္ကာ ယထာ၊ မတတ်ကောင်းသကဲ့သို့။ တထာ၊ ထို့အတူ။ မနုဿေန၊ လူသည်။ မနုဿာ၊ လူတို့ကို။ သမံ၊ ညီညွတ်သည်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နှ သက္ကာ၊ မတတ်ကောင်း။

ဤသို့ ဆရာသည် လုလင်အား ချီးမွမ်းခြင်းကိုပြု၏၊ ပြုပြီး၍ တပည့်ဆိုသောအနက်ကိုသိ၍ အိမ်သို့ဆောင်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေဿနာကို ဟောတော်မူ၍ ''ယခုအခါ သာဂိုပုတြာသည် ထိုအခါ ဆရာပုဏ္ဏား ဖြစ်ပြီး၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆောရဏ္ဍိယ လုလင် ဖြစ်ပြီး''ဟု ဇာတ်ကိုပေါင်းတော်မူ၏။

(မြေတိုင်းမည်၊ လူတိုင်းသည်၊ မည်ကြွေးဝင်ပေ။)

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကောရဏ္ဍိယဇာတ်သည် ပြီး၏။

www.dhammadownload.com

၇-လင်္ဂုကိကဇာတ်

အားနည်းသောသူကို နိုင်ထက်ကလူမမှုအပ်းကြောင်း

ဟောတော်မူထုဋ္ဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ဝန္ဒာမိ တံ ကုဋ္ဌရ သင်္ခိဟာယနံ'' အစရှိသောဂါထာပုဒ်ဖြင့် တနံဆာဆင်အပ်သော ဤလင်္ဂုကိကဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့.... ဒေဝဒတ်သည် ကြမ်းကြုတ်ရှန့်ရင်း၏၊ နိုင်ထက်ကလူမှုတတ်၏၊ ဒေဝဒတ်အား သတ္တဝါတို့၌ သနားခြင်းမျှသည်လည်းမရှိ'' ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း'' ဟု မေးတော်မူလတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏'' ဟု နှားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့.... ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ဤရဏာမရှိသည်မဟုတ်သေး၊ ရှေးဦးလည်း ကရဏာ မရှိသည်သာလျှင် ထည်း'' ဟူ မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်မျိုးဦးဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကြည့်ညိုဖွယ်ရှိ၏။ ကြီးသောကိုယ်ရှိ၏၊ ဆင်ရွှေ့သေးငယ်ခြံရံလျက် ဆင်မင်းဖြစ်၍ ဟိမဝန္တာ၌ နေ၏။

ငှက်မလေး တောင်းပန်၍လွှတ်ပြီ

ထိုအခါ တစ်ခုသော နှံစုတ်ငှက်မသည် ဆင်တို့၏ သွားလာရာအရပ်၌ အဉတို့ကိုထား၏။ အဉတို့သည် ရင့်ကုန်လတ်သော် ငှက်ငယ်တို့သည် ပေါက်ကုန်၏။ ထိုငှက်ငယ်တို့သည် အတောင်မရောက်ကုန်သေးသည်ဖြစ်၍ ပျံခြင်းငှာ မစွမ်းနိုင်မီလျှင် ဘုရားလောင်းသည် ဆင်ရှစ်သောင်း ခြံရံလျက် အစာရှာအံ့သောငှာ ထိုအရပ်သို့ဆိုက်၏။ ထိုဘုရားအလောင်းကို နှံစုတ်ငှက်မသည် မြင်၍ ''ဤဆင်မင်းသည် ငါ့သားငယ်တို့ကို နင်း၍ သတ်လတ္တံ့၊ ယခု သားငယ်တို့၏ အရံအတား အကျိုးငှာ ဆင်မင်းကို တရားနှင့်

www.dhammadownload.com

ညီလျော်သော အစောင့် အရှောက်ကို တောင်းအံ့'' ဟု ကြံ၏၊ ကြံပြီး၍ ထို နှံစုတ်ငှက်မသည် အတောင်နှစ်ဖက်တို့ကို ယှက်၍ ဆင်မင်း၏ရှေ့၌ ရပ်၍-

၃၉။ ဝန္ဒာမိ တံ ကုဉ္ဇရ သင်္ဒိဟာဃနံ၊ အာရညကံယူထပတိံ' ယသဿိ'' ။
ပင်္ကေဟိ တံ ပဉ္ဇလိကံ ဘဏာမိ၊ မာ မေ ဝဓိ ပုတ္တဓနာ ဒုပ္ပလာယ၊

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏၊

၃၉။ ကုဉ္ဇရ၊ ဆင်မင်း။ သင်္ဒိဟာဃနံ၊ အနှစ်ခြောက်ဆယ်ရှိသော။ ကာလင်္ဂ် အားယုတ်သော၊ အာရညကံ၊ တောင်္ကျတဲစားသော။ ယူထပတိံ၊ ဆင်အပေါင်း၏မင်းဖြစ်သော၊ ယသဿိ၊ မျှားသောအခြံအရံရှိသော။ တံ၊ သင့်ကို။ အဟံ၊ ငါသည်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏၊ ပင်္ကေဟိ၊ အတောင်တို့ဖြင့်။ ပဉ္ဇလိကံ၊ လွန်အုပ်ချီခြင်းကို၊ ကရောမိ၊ ပြု၏၊ ဒုပ္ပ အာယ၊ အားနည်းသော၊ မေ၊ ငါ၏။ ပုတ္တဓနာ၊ သားငယ်တို့ကို၊ မာ ဝဓိ ဓယတ်ပါလင့်၊

ဟူထား အလောင်းသည် ''နှံစုတ်ငှက်မငယ်....သင်မစိုးရိမ်လင့်၊ ငါသည် သင့်သားတို့ကို စောင့်ရှောက်အံ့'' ဟုဆို၍ ငှက်ငယ်တို့၏ အဆက်၌ ရပ်၍ ရှစ်သောင်းသော ဆင်တို့သည် သွားကုန်ပြီးသော် နှံစုတ်ငှက်မကို ခေါ်၍ ''နှံစုတ်ငှက်မငယ်....ငါတို့နောက်၌ တစ်စီးတည်းခဲသာ ဆင်သည် လာလတ္တံ့၊ ထိုဆင်သည် ငါတို့စကားကို နားမထောင်လတ္တံ့၊ ထိုဆင်လာလတ်သော် ထိုဆင်ကိုလည်း ဓတောင်းပန်၍ သားငယ်ကို၏ ချမ်းသာခြင်းကို ပြုရစ်လော့'' ဟု ဆို၍ သွား၏။

တောင်းပန်ထောက်လည်း ဒုက္ခပေး

နှံစုတ်ငှက်မငယ်သည်လည်း ထို ဆင်မင်းအား ခရီးဦး ကြိုဆို၍ အတောင်နှစ်ဖက်တို့ဖြင့် လက်အုပ်ချီ၍-

၄၀။ ဝန္ဒာမိ တံ ကုဉ္ဇရ ကေစာရိဏံ၊ အာရညကံ ပဗ္ဗတသာနုဂေါစရံ၊
ပင်္ကေဟိ တံ ပဉ္ဇလိကံ ကရောမိ၊ မာ မေ ဝဓိ ပုတ္တဓနာ ဒုပ္ပလာယ၊

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

(၅၅၀-တ၊ လင္ဂုလိကဇာတ်)

ပုံ-၁။ နံစုတ်ငှက်မငယ်၏ သားငယ်တို့အား ဆင်ကြမ်းနင်းသတ်နေပုံ။

www.dhammadownload.com

www.dhammadownload.com

၄၀။ ကုဋ္ဌရ၊ ဆင်မင်း။ ကေစာရိ၊ တစ်စီးတည်းသော ကျက်စခန်းလွှဲသော၊ ဆာရည်ကပ်၊ ခတာဋ္ဌနေသော။ သဗ္ဗတသာနုဂေါစရံ၊ ကျောက်တောင် မြေတောင်တို့ဋ္ဌ အစာကိုရှာသော။ တံ၊ သင့်ကို၊ ပက္ခေဟိ၊ ဆတောင်တို့ဖြင့်။ ဆဟံ၊ ငါသည်။ ပဋ္ဌလိကံ၊ လက်အုပ်ချီခြင်းကို။ ကီရောမိ၊ ပြု၏။ ဒုဗ္ဗလာယ၊ အားနည်းသော။ မေ၊ ငါ၏။ ပုတ္တာကေ၊ သားငယ်တို့ကို။ မာ ဝဓိ၊ မသတ်ပါလင့်။

ထိုဆင်သည် နှံစုတ်ဌက်မ၏ စကားကိုကြား၍-

၄၁။ ဝဓိဿာမိ ခတ လဋ္ဌကိဂေ ပုတ္တကာနံ၊ ကိံ မေ တုံ ကာဟ္မသိ ဒုဗ္ဗလာသိ။

သတသဟဿာနိပိ တာဒိသီနံ၊ ဝါမေန ပါဒေန မဒ္ဒေါဏ ယေယျံ

ဟူးဿာ သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၄၁။ လဋ္ဌကိုကေ၊ နှံစုတ်ဌကီမယော်။ တေ၊ သင်၏။ ပုတ္တာနံ၊ သား၊ ငယ်တို့ကို၊ ဝဓိဿာမိ၊ ငါသတ်အံ့။ တုံ၊ ဃင်သည်၊ ဒုဗ္ဗလာ၊ အားနည်း စ္စာသည်၊ အသိ၊ ဖြစ်၏။ တုံ၊ သင်သည်။ မေ၊ ဝါအား။ ကိံ ကာဟသိ၊ အသို့ပြုနိုင်လတ္တံ့နည်း။ တာဒိသီနံ၊ သင်ကဲ့သို့ သဒၶါရှိကုန်သော၊ သတသဟဿာနိပိ၊ တစ်သိန်းသော ဌက်မတို့ကိုလည်း၊ ဝါမေန ပါဒေန၊ လွှက်ဝဲခြေဖြင့်သာ၊ ပဒ္မေါဏ ယေယျုံ၊ ငါသတ်အံ့။

ဤသို့ဆို၍ ထိုဆင်သည် နှံစုတ်ဌက်မယော်၏ သားငယ်တို့ကို ခြေဖြင့် နင်းချေ၍ ကျင်ငယ်ဖြင့်မျောစေ၍ မြည်ဟည်းလျက် ဖဲသွား၏။

နှံပြည်စုတ်ဌက်ကြိမ်းမောင်းသံ

နှံစုတ် ဌက်မယော်သည် သစ်ခက်ဋ္ဌနားရ၍ "ယခု သင်သည် မြည်ဟည်း လျက် သွား၏။ နှစ်ရက် သုံးရက်ဖြင့် ငါ့အမှုကို မြင်ရလတ္တံ့၊ ကိုယ်အား ထက် ဉာဏ်အားကြီးသော အဖြစ်ကို သင်မှသိနိုင်သည်ဖြစ်စေဦး၊ သင့်ကို သိစေအံ့" ဟု ခြိမ်းခြောက်၍လျှင်-

www.dhammadownload.com

၄၂။ နဟေဝ သမ္ဗတ္ထ ဗဒလန ကီစွံ၊
ဗလံ ဟိ ဗာလဿ ဝဓံဿယ ဟောတိ၊
တရိဿာမိ တေ နာဂရာဇ အနတ္ထံ၊
ယော မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလဿယ.

ဟူသော လေးခုမြောက်သော ဂျိုဂါထာကို ဆို၏။

၄၂။ နာဂရာဇ၊ ဆင်မင်း။ သမ္ဗတ္ထ၊ အလုံးစုံသောအရာ၌။ ဗဒလန၊ အားဖြင့်။ ကိစ္စံ၊ ပြုအပ်သည်။ နဟေဝ၊ မဟုတ်သလျှင်တည်း။ ဟိသစ္စံ၊ မှန်၏။ ဗလံ၊ ကိုယ်အားသည်။ ဗာလဿ၊ လူမိုက်အား။ ဝဓာယ၊ သတ်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ယောတုံ၊ အကြင်သင်သည်။ ဒုဗ္ဗလဿယ၊ အားနည်းသော။ မေ၊ ငါ၏။ ပုတ္တကေ၊ သားငယ်တို့ကို။ ဝဓိ၊ သတ်၏။ တေ၊ သင်၏။ အနတ္ထံ၊ အကျိုးမဲ့ကို။ ကရိဿာမိ၊ ငါပြုအံ့။

မိတ်ဆွေဖွဲ့၍ အကူအညီတောင်းပုံ

နှံစုတ်ငှက်မငယ်သည် ဤသို့ဆို၍ နှစ်ရှုက်သုံးရက် တစ်ခုသောကျီးကို ခစား၍ ထိုကျီးသည် နှစ်သက်သဖြင့် "သင်၏ အဘယ်အမှုကို ငါပြုရအံ့နည်း" ဟု မေးသတ်သော် "အရှင်....အကျွန်ုပ်အား ဆစ်ပါးသော ပြုဖွယ်ကိစ္စမရှိ၊ တစ်ခုသော ကေစာရ ဆင်၏မျက်စိတို့ကို အရှင်တို့သည် နှုတ်သီးဖြင့်ထိုး၍ ဖောက်ခြင်းတို့ကို အကျွန်ုပ် ဖောင့်တ၏" ဟု ဆို၏။ ကျီးသည် "ကောင်းပြီ" ဟု ဝန်ခံ၏၊

တစ်ခုသော ယင်မ မဲရိုင်းကို ခစား၏။ ထို ယင်မ မဲရိုင်းသည်လည်း "ငါသည် အာဃာတရှိသော သင့်ကိစ္စကို ပြုရအံ့နည်း" ဟု မေးလတ်သော် "ဤအရပ်ကြောင်းကြောင့် ကေစာရဆင်၏ မျက်စိတို့သည် ပေါက်ကုန်လတ်သော် ထိုမျက်စိတို့၌ အရှင်တို့သည် ပိုးလောက်ကို ချစိမ့်သောငှာ အကျွန်ုပ်အလိုရှိ၏" ဟု ဆို၍ ထို ယင်မ မဲရိုင်းသည်လည်း "ကောင်းပြီ" ဟု ဆိုလတ်သော် တစ်ခုသော ဖားတို့ ခစား၍ ဖားသည် "သင်၏ အဘယ်အမှုကို ပြုရအံ့နည်း" ဟု မေးလတ်သော် "အကြင်နေ့ခါ၌ ထို ကေစာရဆင်သည် ကန်းသည်ဖြစ်၍ ရေကို ရှာစလာတံ့ ထိုအခါ တောင်ထိပ်၌နေ၍ အသံပြု၊ လာ။ ထိုဆင်သည် တောင်ထိပ်သို့တက်လတ်သော် ဆင်းသက်၍

www.dhammadownload.com

ချောက်ကမ်းပါးပြတ်၌ အသံပြုလေ၄၊ အကျွန်ုပ်သည် အရှင်တို့တံမူ ထို အမှုကို တောင့်တ၏'' ဟု ဆို၏။ ဖခင်သည် ''တောင်းပြီ'' ဟုဝန်ခံ၏။

ဆင်မိုက်ကြီးသေရပြီ

ထိုအခါ တစ်နေ့သ၌ ကျီးသည် ဆင်၏ မျက်စိနှစ်ဖက်တို့ကို နှုတ်သီးဖြင့် ဖောက်၏၊ ယင်မမဲရိုင်းသည်ပိုးလောက်တို့ကို လွှတ်၏။ ဆင်သည် ပိုးလောက် ကိုက်၍ ဝေဒနာသို့ရောက်လျက် ရေငတ်သည်ဖြစ်၍ ရေရှာသွား၏။ ထို အခါ ဖခင်သည် တောင်ထိပ်၌နေ၍ အသံပြု၏။ ဆင်သည် ထိုအရပ်၌ ရှိသည် ဖြစ်လတ္တံ့ဟု ဘောင်ထိပ်သို့တက်၏။ ထိုအခါ ဖခင်သည် ဆင်း သက်၍ တောင်ကမ်းပါး၌ တည်၍ အသံပြု၏။ ဆင်သည် ထိုအရပ်၌ ရှိသည် ဖြစ်လတ္တံ့ဟု ကမ်းပါးပြတ်သို့ ရှေးရှုလာလတ်သော် လျှောကျ၍ သေ၏။

နှံစုတ်ငှက်မငယ်သည်ဖြစ် ဆင်သေသည်၏ အဖြစ်ကို သိ၍ ''ရန်သူ၏ ပျက် စီးခြင်းကို မြင်ရပြီ'' ဟု နှစ်သိမ့်ဝမ်းသာ ဆင်ခြေကျောက်၌ လူးလွှဲ၍ ကံအားလျော်စွာ လား၏။

ရန်မဖြစ်ကြနှင့်

သမ္မည်မြတ်စွာဘုရားသည် ''ရဟန်းတို့....ရန်မည်သည်ကို တစ်နုံတစ် ယောက်သော သူနှင့်တကွ မပြုအပ်၊ ဤသို့လျှင် အားနှင့်ပြည့်စုံသော ဆင်ကို လေးခုကုန်သော သတ္တဝါတို့သည် တစ်ပေါင်းတည်း၊ ဖြစ်ကုန်၍ အသက်ကုန်ခြင်းသို့ရောက်စေကုန်၏'' ဟုပြတော်မူအံ့သခင်ဘုရား-

၄၃။ ကာကဉ္စ ပဿ လဋ္ဌကိကံ၊ မဏ္ဍူကံ နီလမက္ခိကံ၊
ဧတေ နာဂံ အဃဝဘေသုံ၊ ပဿ ဒဝရဿ ဝေရိနံ။
တသ္မာ ဟိ ဝေရံ နာ ကယိရာထ၊ အပ္ပိယနာပိ ကေနစိ-

ဟူသော ဤဂါထာကို ဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

၄၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ကဲ့သကဉ္စ၊ ကျီးကိုလည်းထောင်း။ လဋ္ဌ ကိကဉ္စ၊ နှံစုတ်ငှက်မကိုလည်းကောင်း။ မဏ္ဍူကဉ္စ၊ ဖခင်ကိုလည်းကောင်း။ နီလမက္ခိကဉ္စ၊ ယင်မမဲရိုင်းကို လည်းထောင်း။ ပဿ၊ ရှုလော့။ ဧတေ၊ ထို

www.dhammadownload.com

လေးခုသော သတ္တဝါတို့သည်။ နဝင်း၊ ဆင်ကို။ အဃာဒတသုံ၊ သတ်နိုင်ကုန်ပြီ။ ဝေရိနံ၊ ရန်သူတို့၏။ ဝေရဿ၊ ရန်၏။ ၎တိ၊ ဖြစ်ခြင်းကို။ ပဿ၊ ရှုခလော့။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ အပ္ပိယန၊ မချစ်အပ်သော။ ကေန စိပိ၊ တစ်စုံတစ်ယောက်သော သူနှင့်လည်း။ သဒ္ဓိ၊ တကွ။ ဝေရံ၊ ရန်ကို။ န ဏယိရာထ၊ မပြုကုန်။

ဇာတ်ပေါင်း။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဧကစာရဆင်ဖြစ်ပုံပြု၊ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ ဆင်မင်းဖြစ်ပုံပြု၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(ကျိုး ယင် ငှက် ဖား၊ လေးဦးသား၊ စိတ်အားညီနေ ဆင်ကြီးသေ)

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဇင္ဇုကိကဇာတ်သည်ပြီး၏။

ဂ-စူဠဒွမ္မပါလဇာတ်

လက်ခြေကိုဖြတ်သော်လည် မငိုကြွေးသော ဘုရားအလောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လေးက်ကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အဟမေဝ ဒုသိယာ ဘူနဟတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဒွမ္မပါလဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သဗ္ဗညုမြတ်စွာဘုရားအား သတ်အံ့သောငှာ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောဇာတ်တို့၌ ဒေဝဒတ်သည် ဘုရားလောင်းကို ထိတ်လန့်စေခြင်းမျှကိုလည်း ပြုအံ့သောငှာ မတတ်နိုင်၊ ဤစူဠဒွမ္မပါလဇာတ်၌တော့ ဘုရားလောင်း၏ ခုနစ်လရှိသောကာလ၌ လက်ခြေ ဦးခေါင်းတို့ကို ဖြတ်စေ၍ သန်လျက်ပန်းမည်သည်ကို ပြုစေ၏။ ဒဒ္ဒရဇာတ်၌လည်း လည်ကိုကိုင်၍ သတ်၍ ခုံသေတ္တ်၌ အသားကို ချက်၍စား၏၊ ခန္ဓိဝါဒီ ဇာတ်၌လည်း နှစ်ခုသောကြိမ်တို့ဖြင့် အချက်တစ်ထောင်ရိုက်ခတ်ခြင်းတို့ဖြင့် ရိုက်ခတ်စေ၍ လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်စေ၍ မောင်းတို့၌ ကိုင်စေ၍ ငင်ထုတ်စေ၍ ပက်လက်အိပ်စေ၍ ရင်၌ ခြေဖြင့်ကျောက်၍ထွား၏၊ ဘုရားလောင်း

www.dhammadownload.com

ဃည် ထိုနှစ်၌ ဆာသက်ကုန်ခြင်းသို့ရောက်၏။ စူဠဒုန္ဒိယဇာတ်၌လည်းကောင်း၊ မဟာကပိဇာတ်၌ လည်းကောင်း ဘုရားလောင်းကို သေခဲ့၏။ ဤအတူ လျှင် ဘုရားဖြစ်သောကာလ၌လည်း အခါလေးမြောက် သတ်အံ့သောဌာ လုံ့လပြု၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ ရဟန်းတို့သည် တစ်နေ့သ၌ တရားသဘင် ဝယ်''ငါ့ရှင်တို့...ဒေဝဒတ်သည် ဘုရားအား သတ်အံ့သောဌာလျှင် လုံ့လ ပြု၏။ ဘုရားကိုသတ်အံ့ဟု လေးဆဲမားတို့ကို စေ၏၊ ကျောက်ကိုလှိမ့်၏၊ နာဠာဂိရိဆင်ကို လွှတ်၏''ဟု စကားကို ဖြစ်စေကုန်၏၊ သမ္ဗညူ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့...ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း''ဟု မေးတော်မူလတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏''ဟု နှားတော်ခံလျှောက်သည် ရှိသော် ''ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ့အား သတ်အံ့သောဌာ လုံ့လပြုသည်မဟုတ်ဆေး၊ ရှေးဘဝလည်း လုံ့လပြုသည်သာလျှင်ကတည်း၊ ယခုအခါ၌ထား ထိတ်လန့်ခြင်းမျှကိုလည်း ပြုအံ့သောဌာ မတတ်နိုင်၊ ရှေးဝူဠဒုမ္မဝါလမင်းသား ဖြစ်သောကာလ၌ မိမိသခင်ဖြစ်သော ငါ့ကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ သန့်လျက်ပန်း ပြုဖူး၏''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဓော်မူ၏။

အဘိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပဘာပမည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ စန္ဒာဒေဝီဘုရားမည်ရှိသော မိဖုရားကြီး ဝမ်း၌ ဖြစ်၏။ ''ဝူဠဒုမ္မဝါလ'' ဟူသောအမည်ကို မှည့်၏။ ထိုဝူဠဒုမ္မဝါလမင်းသားကို ခုနစ်လရှိသော ကာလ၌ မယ်တော်သည် နံ့သာရေဖြင့် ရေချိုးချ၍ ကစားစေလျက် နေ၏။ မင်းသည် မိဖုရားနေရာဌာနရပ်သို့ သွား၏။ မိဖုရားသည် သားကို ကစားစေလျက် သား၌ ချစ်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မင်းကိုမြင်၍လည်း နေရာမှ မထ၊ မင်းသည် ''မိဖုရားကား ယခုကပင်လျှင် သားကိုမှီ၍ မာနကိုပြု၏။ ငါ့ကို တစ်စုံတစ်ခုမျှ မမူတ်၊ သား ကြီးသည်ရှိသော်ကား ငါ၌ လူဟူသော အမူတ်ကိုမျှ မပြုလတ္တံ့၊ ယခုပင်လျှင် ထိုမင်းသားကို သတ်အံ့''ဟု ကြံပြီး၍ မင်းသည် ပြန်လည်၍ မင်း၏နေရာ၌ နေ၍ ''မိမိအစီအရင်ဖြင့် လာစေ'' ဟု ခိုးသူသတ်ကို ခေါ်စေ၏။

www.dhammadownload.com

ခိုးသူသတ်ဟယည် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက် နီသဒပန်းကို ပန်လျက်ပုဆိန်ကို ပခုံးဌာ၍ စဉ်းတီတုံးကိုယူ၍ မင်းအထံသို့ လာ၍ မင်းကိုရှိခိုး၍ ''အရှင်မင်းကြီး—အဘယ်ကို ပြုရအံ့နည်း'' ဟုဆို၍ ရပ်၏။ ''အသရေရှိသော အိပ်ရာတိုက်ခန်းသို့သွား၍ ဓမ္မပါလကို ဆောင်ခဲ့လော့'' ဟုဆို၏။ မိဖုရားသည်လည်း မင်းသည် အမျက်ထွက်၍ ပြန်လည်သောအဖြစ်ကိုသိ၍ ဘုရားလောင်းကို ရင်၌ အိပ်စေ၍ ငိုလျက်နေ၏။ ခိုးသူသတ်သည် သွား၍ မိဖုရားကို ကျောက်၌ ပုတ်ခတ်၍ လက်မှ မင်းသားကိုယူ၍ မင်း၏အထံသို့သွား၍ ''အရှင်မင်းကြီး....အဘယ်သို့ ပြုရအံ့နည်း'' ဟုဆို၏။ မင်းသည် တစ်ခုသောပျဉ်ကို ဆောင်စေ၍ ရွှေ့မူချ၍ ''ပျဉ်၌ ဓမ္မပါလကို အိပ်စေခဲလော့'' ဟုဆို၏။ စန္ဒာဒေဝီသည် သား၏နောက်မှငိုလျက်လိုက်၏။ တစ်ဖန် ခိုးသူသတ်သည် ''အရှင်မင်းကြီး....အသို့ပြုရအံ့နည်း'' ဟုဆို၏။ ''ဓမ္မပါလ၏ လက်တို့ကို ဖြတ်ခဲလော့'' ဟု ဆို၏။ စန္ဒာဒေဝီသည် မြတ်သောမင်းကြီး—ခုနစ်လလျှင် ရှိသော ငယ်သေးသော ကျွန်ုပ်သားသည် တစ်စုံတစ်ခုကို မသိ၊ သားဟာ အပြစ်သည် မရှိ၊ ထိုအပြစ်သည် ဖြစ်လတ်သော် အကျွန်ုပ်သာဖြစ်ရာ၏။ ထို့ကြောင့် အကျွန်ုပ်၏လွက်တို့ကို ဖြတ်လော့'' ဟု ပြုလိုရကား-

၄၄။ အဟမေဝံ ဒုသိယာ ဘူနဟတာ၊ ရညော မဟာပတာပဿဲ။
တေံ မုဉ္စတု ဓမ္မပါလံ၊ ဟဇ်ထွေ ဒေမ ဒေဝ ဆေဒဒဟိ-

ဟူသော ရွှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

၄၄။ အဟမေဝ၊ အကျွန်ုပ်သည်သာလျှင်။ မဟာ ပတာပဿဲရညော၊ မဟာပတာပဇ်း၏၊ ဒုသိယာ၊ အပြစ်ကိုပြု၏။ ဘူန ဟတာ၊ အစိုးအပွဲးကို ဖျက်ဆီး၏၊ ဒေဝ၊မင်းကြီး၊ တေံ ဓမ္မပါလံ၊ ဂျိဓမ္မပါလကို။ မုဉ္စတု၊ လွှတ်လော့၊ မေ၊အကျွန်ုပ်၏။ ဟတ္ထေ၊လက်တို့ကို။ ဆေဒဒဟိ၊ ဖြတ်စေလော့။

မင်းသည် ခိုးသူသတ်ကို ကြည့်၏။ ''မြတ်သောမင်းကြီး....အဘယ်သို့ပြုရအံ့နည်း'' ဟု ခိုးသူသတ်သည် ဆို၏။ ကြောမြင့်ခြင်းကို မပြုမူ၍ ''လက်တို့ကို ဖြတ်လော့'' ဟု ဆို၏။ ထိုခဏ၌ ခိုးသူသတ်သည် ထက်စွာသော ပုဆိန်ကိုယူ၍ မင်းသား၏ လက်နှစ်ဖက်တို့ကို နုစွားသောဝါးမှ ပေါက်သော အနည်ကျက်တို့ကိုကဲ့သို့ ဖြတ်၏။ မင်းသားသည် လက်တို့ကို ဖြတ်ဆဲပ်ကုန်

www.dhammadownload.com

သည်ရှိခသော် မျက်ရည်မယိုမငိုမူ၍လျှင် ခန္ဓီမေတ္တာကို ရွတ်ဆိုး၍ သည်းခံ၏။ စန္ဒာဒေဝီသည်ကား ဖြတ်အပ်သော လက်စုန်းကိုယူ၍ ခါးပိုက်၌ သွေးလိမ်းကျံသည်ဖြစ်၍ ငိုလျက်သွား၏။ တစ်ဖန် သူသတဲသည် "မြတ်သောမင်းကြီး....အဘယဲသို့ ပြုရအံ့နည်း"ဟု မေး၏။ "ခြေနှစ်ဖက်တို့ကို ဖြတ်လော့"ဟု ဆို၏။ ထိုစကားကို ကြား၍ စန္ဒဒေဝီထည်-

၄၅။ အဟမေဝ ဒုသိယာ ဘူနဟတာ၊ ရဉ္ဉော မဟာပတာပဿ။
တေံ မုဉ္စတု ဓမ္မပါလံ၊ ပါဒေ မေ ဒေဝ ဆေဒေဟိ.

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၅။ ဒေဝ၊ မင်းကြီး။ အဟုမေဝ၊ အကျွန်ုပ်သည်သာလျှင်၊ မဟာပတာပဿ ရဉ္ဉော၊မဟာပတာပမင်း၏။ ဒုသိယာ၊ အပြစ်ကိုပြု၏။ ဘူနဟတာ၊ ဆစ်းအပ်ငွေးကို ဖျက်ဆီး၏၊ တေံ၊ ဓမ္မပါလံ၊ ဤဓမ္မပါလကို။ မုဉ္စတု၊ လွှတ်လော့။ မေ၊အကျွန်ုပ်၏၊ ပါဒေ၊ ခြေတို့ကို။ ဆေဒေဟိ၊ ဖြတ်စေလော့။

မင်းသည်လည်း တစ်ဖန် ခိုးသူသတီကို စေ၏။ ခိုးသူသတီသည် ခြေနှစ်ဖက်တို့ကိုလည်း ဖြစ်၏၊ စန္ဒာဒေဝီသည် ခြေတို့ကိုလည်း ခါးပိုက်၌ ထား၍ သွေး လိမ်းကျံသည်ဖြစ်၍ ငိုလျက် "အရှင်မဟာပတာပမင်း....လက်ခြေပြတ်ကုန်သော သားတို့ကို အမိသည် လုပ်ကျွေးဆပ်ကုန်၏။ ကျွန်ုပ်သည် အခစားပြု၍ ကျွန်ုပ်သားကို လုပ်ကျွေးအံ့၊ ကျွန်ုပ်အား ဤသားကို ပေးလော့"ဟု ဆို၏၊ ခိုးသူသတ်သည် "မင်းကြီး အကျွန်ုပ်ကိစ္စ ပြီးပြီလော"ဟု မေး၏။ "မပြီးသေး"ဟု ဆို၏။ "မြတ်သော်မင်းကြီး....အဘယ်သို့ ပြုအံ့နည်း"ဟု ဆို၏။ "ဓမ္မပါလ၏ဦးခေါင်းကို ဖြတ်လော့"ဟု ဆို၏။ ထိုစကားကိုကြား၍ စန္ဒာဒေဝီသည်-

၄၆။ အဟဒေဝ ဒုသိယာ ဘူနဟတာ၊ ရဉ္ဉော မဟာပတာပဿ။
တေံ မုဉ္စတု ဓမ္မပါလံ၊ သီသံ မေ ဒေဝ ဆေဒေဟိ.

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၄၆။ ဒေဝ၊ မင်းကြီး။ အဟုမေဝ၊ အကျွန်ုပ်သည်သာလျှင်၊ မဟာပတာပဿ ရဉ္ဉော၊မဟာပတာပမင်း၏၊ ဒုသိယာ၊အပြစ်ကို ပြု၏၊ ဘူနဟ.

F·၆·၅၅၀(စာ·တွဲ)

www.dhammadownload.com

ဓာဝ၊ အစီးအပွားကို ဖျက်ဆီး၏။ တေ ဓမ္မပါလံ၊ ဤဓမ္မပါလကို။ မုဉ္စတု၊ လွှတ်လော့။ မေ၊ အာယုနှင့်၏။ သီသံ၊ ဦးခေါင်းကို။ ဆေဒေဟိ၊ ဖြတ်စေလော့။

မယ်တော်ငိုပုံ နှလုံးကွဲ

ဤသို့ဆိုပြီး၍လည်း မိမိ၏ဦးခေါင်းကို ညွှတ်၍ ခံ၏။ တစ်ပန်း ခိုးသူသတ်သည် "မြတ်သောမင်းကြီး၊ အဘယ်သို့ ပြုရအံ့နည်း" ဟု ဆို၏။ သန့်လျက်သွားဖြင့် ဓမ္မပါလကို ခံ၍ သန့်လျက်ပန်း မည်သည်ကို ပြုလော့" ဟု ဆို၏။ ခိုးသူသတ်သည် ဓင်းသားကိုယ်ကို ကောင်းကင်သို့ပစ်၍ သန့်လျက်သွားဖြင့် ခံ၍ သန့်လျက်ပန်းမည်သည်ကို ပြု၍ မြတ်သောပြာသဒဒိ အပြင်၌ ဖရိုဖရဲကြဲ၏။ စန္ဒာဒေဝီမိဖုရားသည် ဘုရားလောင်း၏အစားကို ခါးပိုက်၌ ထား၍ မြတ်သော ပြာသာဒ်အပြင်၌ ငိုလျက်.

၄၇။ နှ ဟိ နူနိမဿ ရညော၊ မိတ္တဝါမစ္စိ စ ဝိဇမရ သုဟဒါ။
ယေ နှ ဝဒန္တိ ရာဇာနံ၊ မာ ဃံ ဘာတယိ ဩရသံ ပုတ္တံ။

၄၈။ နှ ဟိ နူနိမဿ ရညော၊ မိတ္တာ ဉာတိ စ ဝိဇရေ သုဟဒါ။
ယေ နှ ဝဒန္တိ ရာဇာနံ၊ စာ ဃံ ဘာတယို အတြဇံ ပုတ္တံ.

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄၉။ ယေ ဇနာ၊ အကြင် အဆွေခင်ပွန်း အမှူးအမတ် နှလုံးနူးညံ့ကုန်သော သူတို့သည်။ ရာဇာနံ၊ မင်းကို။ ဒေဝ၊ မင်းကြီး။ ဩရသံ ပုတ္တံ၊ ရင်၌ဖြစ်သော သားကို။ မာ ဃံ ဘာတယိ၊ မသတ်လင့်ဟူ၍။ နှ ဝဒန္တိ၊ မဆိုမမြစ်ကြကုန်။ ဣမဿရညော၊ ဤမဟာပတာပမင်းအား။ မိတ္တာ၊ မြဲမြံသော အဆွေ ခင်ပွန်းလည်း ဖြစ်ကုန်သော။ အမစ္စာ စ၊ အမတ်လည်းဖြစ်ကုန်သော။ သုဟဒါ စ၊ နူးညံ့သော နှလုံးရှိသည်လည်း ဖြစ်ကုန်သော။ တေ ဇနာ၊ ထိုလူတို့သည်။ နှ ဟိ ဝိဇရေ နူန၊ မရှိကုန်ယောင်တကား။

၄၀။ ယေ ဇနာ၊ အကြင် အဆွေခင်ပွန်း အဆွေအမျိုး နှလုံးနူးညံ့ကုန်သော သူတို့သည်။ ရာဇာနံ၊ မင်းကို။ ဒေဝ၊ မင်းကြီး။ အတြဇံ၊ မိမိမှ

www.dhammadownload.com

ဖြစ်ဆော။ ပုတ္တံ၊သားကို။ မာ ဃဝါတာယိ၊ မသတိလင့်ဟူ၍။ နှ ဝဒန္တိ၊မဆို ဓမြစ်ကြကုန်။ ဣမဿရညော၊ ဤ မဟာပတာပဓင်းဟော်။ မိတ္တာ စ၊ ဆဆွေခင်ပွန်းလည်း ဖြစ်ကုန်သော။ ဉာတီ စ၊ အဆွေမျိုးလည်း ဖြစ်ကုန်သော။ သုဟဒါ စ၊ နူးညံ့သော နှလုံးရှိသည်လည်း ဖြစ်ကုန်သော။ တေ ဇနာ၊ ထိုလူတို့သည်။ နဟိ ဝိဇ္ဇံရေ နူန၊ မရှိကုန်ယောင်တကား။

စန္ဒီဒေဝီသည် ဤနှစ်ဂါထာတို့ကို ဆိုပြီး၍ လက်နှစ်ဖက်တို့ဖြင့် ၎င်သားကို မ-လျက်-

၄၉။ စန္ဒံနသာဇာ နုလိတ္တာ၊ ဗာဟာ ဆိဇ္ဇန္တိ ဓမ္မပါလသ။
ဒါယာဒဿ ပထဗျာ၊ ပါဏာ မေ ဗဟဝ ရုဇ္ဈန္တိ-

ဟူသော ဤဂါထာကို ဆို၏။

၄၉။ ပထဗျာ၊ ဆာဘဉ္စာဖြစ်သော မြေဆယ်ပြင်၌။ ဒါယာဒဿဲ၊ဆမွေခံ ဖြစ်သော၊ ဓမ္မပါလသ၊ ဓမ္မပါလ၏။ စန္ဒီနသာဇာနုလိတ္တာ၊ စန္ဒကုမာရနှစ်ပြင့် လိမ်းကျံဆပ်ကုန်သော။ ဗာဟာ၊ မောင်းတို့သည်။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏၊ ဗဟဝ၊ မင်းကြီး။ မေ၊ ဆာဘျုန်ပ်၏။ ပါဏာ-ပါဏ်း၊ အသက်သည်။ ရုဇ္ဈန္တိ-ရုဇ္ဈတိ၊ ချုပ်၏။

ဤသို့ငိုကြွေးသော စန္ဒာဒေဝီမိဖုရား၏ နှလုံးသည် မီးလောင်သော ဇီးတောင်၌ ဝါးကဲ့သို့ ကဲ့၏၊ ထိုမိဖုရားသည် ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊

မင်းကြီးမြမျိုခံရ

မင်းဃည်လည်း ပြဿဒ်အမြင့်မှ မြေသို့ကျ၏။ ထို့နောက်မှ ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မြေသည်မဟာပတာပမင်း၏ ကျေးဇူးမဲ့ကို ဆောင်အံ့သာဌာ မတတ်နိုင်ရကား နှစ်ဖြာကွဲ၍ ဟင်းလင်းသောအပြင်ကို ပေး၏၊ အဝီစိမှ မီးလျှံသည် တက်၍အမျိုးပေးသော ကမ္မလာဖြင့် ခြုံသဲကဲ့သို့ပြု၍ မဟာပတာပမင်းကိုယူ၍အဝီစိ၌ ပစ်ချ၏။

စန္ဒာဒေဝီမိဖုရားနှင့် ဘုရားလောင်း၏ အလှောင်းကို သင်္ဂြိဟ်ကြကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း။ သမ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ဒေဝဒတ်သည် ထိုအခါ မဟာပတာပမင်းဖြစ်ဖူးပြီး၊ ယခုအခါ မဟာပဇာပတိဂေါတမီသည် ထိုအခါ စန္ဒာဒေဝီမိဖုရား ဖြစ်ဖူးပြီး၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဓမ္မပါလမင်းသား ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမကိုစွဲ၊ သားကိုမဲ့၊ အလွဲပြုမိ အဝိစီး)

ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော စူဠဓမ္မပါလဇာတ်သည် ပြီး၏။

၉-သုဝဏ္ဏမိဂဇာတ်

ထင်၏ အသက်ကို မိုမီအသက်နှင့် လဲခြင်း

ဟောတော်မူရာဌာန။ နတိန္နင့်တကွသော လောကဲကို ဆုံးမတော်မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "ဝိက္ကမရေ ဟရိပါဒ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဆောပ်သော ဤသုဝဏ္ဏမိဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သောအမျိုးသမီး ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအမျိုးသမီးသည် သာဝတ္ထိပြည်၌ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့၏ အလုပ်အကျေးဖြစ်သော အမျိုးသမီးဖြစ်သတည်း၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာသုံးပါးအား ကြည်ညို၏၊ ဘုရားကိုမြတ်နိုး၏၊ တရားကိုမြတ်နိုး၏၊ သံဃာကို မြတ်နိုး၏၊ အကျင့်နှင့်ပြည့်စုံ၏၊ ပညာရှိ၏၊ ဒါန အစရှိသော ကောင်းမှုဌာန မေ့.လျော့၏။

ဗုဒ္ဓဘာသဒအမျိုးသမီး

ထိုအမျိုးသမီးကိုသဒ္ဓါတရားတို့ပြည့်ဝလျှင် အမျိုးမတူသော မိစ္ဆာဒိဋ္ဌိအမျိုးထည် တောင်း၏၊ ထိုအခါ အမျိုးသမီး၏ မိဘတို့သည် "ငါတို့သမီးကား သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာသုံးပါးအား ကြည်ညို၏၊ ရတနာသုံးပါးတို့ကိုလည်း မြတ်နိုး၏၊ ဒါနအစရှိသော တောင်းမှုဌာန မေ့.လျော့၏။ သင်တို့သည် မိစ္ဆာ အယူရှိကုန်၏၊ ဤသတို့သမီးအား အလိုရှိတိုင်း အလှူပေးစိမ့်သောငှာ လည်းကောင်း၊ တရားနာစိမ့်သောငှာ လည်းကောင်း၊

www.dhammadownload.com

ကျောင်းသို့ သွားစိမ့်သောငှာ လည်းကောင်း၊ သီလကို စောင့်ရှောက်စိမ့်သောငှာ လည်းစောင်း၊ ဥပုသ်သုံးသောအမှုကို ပြုစိမ့်သောငှာ လည်းကောင်း မပေးကုန်လတ္တံ့၊ ငါတို့သည် ငါ့တို့သမီးကို သင်တို့အား မပေးကုန်။ သင်တို့သည် မိမိတို့အား တူသော မိစ္ဆာအယူရှိသော အမျိုးသမီးကို ယူကြကုန်လော့'' ဟု ဆိုကုန်၏။

မိစ္ဆာဒိဋ္ဌိ အမျိုးတို့သည် ပယ်အပ်ကုန်သည်ရှိသော် ''သင်တို့၏သမီးသည် ငါတို့အိမ်သို့ရောက်၍ အလိုရှိတိုင်း သင်တို့ဆိုသော အလုံးစုံသောကုသိုလ်ကောင်းမှုကို ပြုစေသတည်း၊ ငါတို့ မဖြစ်ပါကုန်'' သင်တို့သမီးကို ငါတို့အား ပေးကုန်ပါလော့'' ဟု ဆို၏။ ''ထိုသို့တပြီးကား ယူကြကုန်လော့'' ဟု ဆိုအပ်ကုန်သည်ရှိသော် ကောင်းသောနက္ခတ်ဖြင့် မင်္ဂလာပြု၍ ထိုအမျိုးသမီးကို မိမိတို့၏အိမ်သို့ ဆောင်ကုန်၏။

ဘာသာခြားလင်ကိုအယူပြောင်းစေပုံ

ထိုအမျိုးသမီးသည် ဝိတ်အကျင့်နှင့် ပြည့်စုံ၏၊ လင်ကို နှတ်ကဲ့သို့ လုပ်ကျွေး၏၊ ယေဘုယျမယောကျ်ားသူ ယောကျ်ားမမိန်းမသူ ရောင်တို့၏ ဝတ်အစရှိသည်တို့ကိုပြု၏။ ထိုအမျိုးသမီးသည် တစ်နေ့သ၌ လင်ကို ''အရှင့်သား.... အကျွန်ုပ်တို့၏ ဆရာမထေရ်တို့အား အလှူပေးခြင်းငှာ အကျွန်ုပ် အလိုရှိ၏'' ဟု ဆို၏။ ''ရှင်မ....ကောင်းပြီ အလိုရှိတိုင်းပေးလော့'' ဟု ဆို၏။ ထိုအမျိုးသမီးသည် မထေရ်တို့ကို ပင့်ဖိတ်စေ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ မြတ်သော ဘုဉ်တို့ကို ဘုဉ်းပေးစေ၍ တင့်အပ်လျောက်ပတ်စွာနေ၍ ''အရှင်ဘုရားတို့ မိစ္ဆာအယူရှိသော သဒ္ဓါတရားမရှိသောအမျိုးသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိ။ အကျွန်ုပ် တောင်းပန်၏ - အရှင်ကောင်းတို့သည် ဤအမျိုးတို့သည် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို သိသည့်ကာလတိုင်အောင် ဤအိမ်၌လျင် ဆွမ်းကို ခံပါကုန်လော့'' ဟု လျောက်၏။ မထေရ်တို့သည် သည်းခံ၍ ထိုအိမ်၌ မပြတ် ဆွမ်းဘုဉ်းပေးကုန်၏။ တစ်ဖန် လင်ကို ''အရှင်သား....မထေရ်တို့သည် အိမ်သို့ မပြတ်ကြွလာကုန်၏၊ အဘယ်ကြောင့် သင်တို့သည် မဖူးကုန်သနည်း'' ဟုဆို၏။ ''ဆောင်းပြီ၊ ဖူးမြင်အံ့'' ဟု လင်သည်ဆို၏။ ထိုအမျိုးသမီးသည် နက်ဖြန် မဃထေရ်တို့သည် ဆွမ်းဘုဉ်းပေးပြီးသော် သင်အား အခွင့်ကြားစေ၏။

www.dhammadownload.com

လင်သည် ဆည်းကပ်၍ မထေရ်တို့နှင့်တကွ ပဋိသန္ဓာရပြု၍ လေးဂက်ပတ် စွဖခနေ၏။

မဂ်ဖိုလ်ရပြီးပြီ

ထိုအခါ ထိုယောကျ်ားအား အရှင်သာရိပုတြာဆည် တရားဟော၏။ ထို ယောကျ်ားသည် အရှင် သာရိပုတြာ၏ တရားစကားဌ် လည်း ကောင်း, ဣရိယာပုထ်တို့ဌ် လည်းကောင်း ကြည်ညို၍ ထိုအခါမှစ၍ မထေရ်တို့အား နေရာကိုခင်း၏။ သောက်ရေကိုစစ်၏၊ ဆွမ်းဘုဉ်းပေးစဉ် အာလုအကြစ်ဌ် တရားကိုနာ၏။ ထိုယောကျ်ားအား နောက်အဖို့ဌ် မိစ္ဆာအယူသည် ပျက်၏။ ထိုအခါ တစ်နေ့သဌ် မထေရ်သည် နှစ်ယောက်ကုန်သော လင်မယားတို့အားလည်း တရားဟာလျက် သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံးဌ် နှစ်ယောက်ကုန်သော လင်မယားတို့သည်လည်း သေတာပတ်တိဖိုလ်ဌ် တည်ကုန်၏။ ထိုအခါမှ စ၍ ထိုယောကျ်ား၏ အမိ အဘတို့ကို အစပြု၍ အယုတီသဖြင့် ခပ်သိမ်းကုန်သော ကျန်အမှူလုပ်ဖြစ်ကုန်သော သူတို့သည်လည်း မိစ္ဆာအယူကို ပျက်၍ ဘုရား, တရား, သံဃာကိုသာလျင် မြတ်နိုးကုန်၏။ ထိုအခါ တစ်နေ့သဌ် အမျိုးသမီးသည် လင်ကို "အရှင့်သား...အကျွန်ုပ်တို့အား အိမ်ဌ် နေခြင်းဖြင့် အလိုမရှိ၊ ရဟန်းပြုခြင်းငှာ အလိုရှိ၏" ဟု ဆို၏။ ထိုယောကျ်ားသည် "ရှင်မ....ကောင်းပြီ၊ ငါလည်းပြုအံ့ဟု များစွာသော အခြံအရံဖြင့် အမျိုးသမီးကို ရဟန်းမိန်းမတို့၏ ကျောင်းသို့ပို့၍ မိမိသည်လည်း ဘုရားအထံတော်သို့ ကပ်၍ ရဟန်းအဖြစ်ကို တောင်း၏။ ထိုယောကျ်ားကို မြတ်စွာဘုရားသည် ရဟန်းပြု၏။ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း ဝိပဿနာကို ပွားများ၍ မကြာမြင့်မီလျင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

ထိုအခါ တစ်နေ့သဌ် ရဟန်းတို့သည် တရားသဘင်ဌ် "ငါ့ရှင်တို့-ဤမည်သော ရဟန်းမိန်းမယ်သည် မိမိ၏လည်းကောင်း, လင်၏လည်းကောင်း အထောက်အပံ့ဖြစ်၏။ မိမိသည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၍ လင်ကို နိဗ္ဗာန်သို့ ရောက်စေ၏" ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာခတော်မူလတ်၍ "ရဟန်းတို့.... ယခုအခါ အဘဲယ်စကားဖြင့် စည်းဝေးကုနိသနည်း" ဟု နားတော်လျှောက်သည့်ရှိသော် "ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း"

www.dhammadownload.com

ဟု ဓေးတော်မူလတ်၍ ''ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏'' ဟု နားခံတော်လျှောက်သည်ရှိသော် ''ရဟန်းတို့....ထိုရဟန်းမိန်းမငယ်သည် ယခုအခါ၌သာလျှင် လင်ကို ထုဂကျော့ကွင်းမှ လွှတ်စေသည် မဟုတ်သေး၊ ရှေးပညာရှိတို့ကိုလည်းသေခြင်းဟူသော ကျော့ကွင်းမှ လွှတ်စေဖူး၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် အဆင်းလှ၏၊ ကြည့်ညိုဖွယ်ရှိ၏။ ခါပ်ရည်တို့ဖြင့် ဆာပြာ အပြစ်ပြုအပ်ကုန်သကဲ့သို့သော လက်ခြေတို့နှင့်လည်းကောင်း, ငွေစိုင်နှင့်တူကုန်သော ဦးချိုတို့နှင့်လည်းဆောင်း, ပတ္တမြားလုံးနှင့်တူကုန်သော မျက်စိတို့နှင့်လည်းကောင်း, ကမ္မလာနီအဆင်းနှင့်တူသော မျက်နှာတို့နှင့် လည်းကောင်း ပြည့်စုံ၏။ ထိုဘုရားလောင်း၏ မယားသည်လည်း ပျိုနု၏၊ အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏၊ ထိုဇင်မယားတို့သည် သင့်တင့်ညီညွတ်စွာနေခြင်းဖြင့် နေကုန်၏၊ ရှစ်သောင်းကုန်သော ဆန်းကြယ်ကုန်သော သမင်တို့သည် ဘုရားလောင်းကို ခစားကုန်၏။

သမင်မင်း ကျော့ကွင်းမိ

ထိုအခါ မုဆိုးတို့သည် သမင်တို့၏ လမ်းခရီးတို့၌ ကျော့ကွင်းကို ထောင်ကုန်၏၊ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သမင်တို့၏ ရှေ့မှသွားလတ်သော် ခြေ၌ ကျော့ကွင်းမိ၍ ''ကျော့ကွင်းကို ဖြတ်အံ့'' ဟု ငဲ့၏၊ အားရသည် ပြတ်၏၊ တစ်ဖန်ငဲ့လတ်သော် အသားသည် ပြတ်၏၊ တစ်ဖန်ငဲ့လတ်သော် အားကြာသည် ပြတ်၏၊ ကျော့ကွင်းသည် အရိုးသို့ဆိုက်၍တည်၏၊ ဘုရားလောင်းသည် ကိုက်ဖြတ်အံ့သောငှာ မတတဲနိုင်ရကား သဘောကိုကြောက်၍ ကျော့ကွင်းမိသော မြည်ခြင်းကို မြည်၏။

ထိုအသံကိုကြား၍ သမင်အပေါင်းသည် ပြေး၏၊ ဘုရားလောင်း၏ မယားသည်ကား ပြေးပြီး၍ သမင်တို့၏အတွင်း၌ ကြည့်လတဲ့သော် ဘုရားလောင်းကို မမြင်၍ ''ဤဘေးသည် ငါ၏ချစ်စွာသော လင်အားဖြစ်သော ဘေးသည်ဖြစ်ရာ၏'' ဟု လျင်မြန်သဖြင့် ဘုရားလောင်း၏အထံသို့ သွား၍ မျက်ရည်စွတ်သော မျက်နှာရှိသည်ဖြစ်၍ ငိုလျက် ''အရှင်သည်လည်း အားကြီး၏၊ ဤကျော့ကွင်းသည် ထင့်ကို ခံအံ့သောငှာ မတတ်နိုင်လတ္တံ့၊ အဟုန်

www.dhammadownload.com

ကိုဖြစ်ခဲ့၍ ထိုကျေးကျွန်းကိုဖြတ်ခဲ့လျှင်" ဟု အားထုတ်ခြင်းကို ဖြစ်စေလို ရကား-

၅၀။ ဝိက္ကမ ရေ ဟရိပါဒ၊ ဝိက္ကမ ရေ မဟာမိဂ၊
ဆိုန္ဒ ဝါရတ္တိကံ ပါသံ့၊ နစဟံ့ ဧဏော ဝနေ နု ရဒမေ-
ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၅၀။ ရေ ဟရိပါဒ၊ အို ရွှေအဆင်းနှင့်တူသော ခြင်္သေ့သော။ မဟာမိဂ၊ သမင်မြတ်၊ ဝိက္ကမ၊ ငင်လေး့။ ရေ ဟရိပါဒ၊ အို ရွှေအဆင်းနှင့်တူသော ခြင်္သေ့သော၊ မဟာမိဂ၊ သမင်မြတ်၊ ဝိက္ကမ၊ ငင်လေး့၊ ဝါရတ္တိကံ ပါသံ၊ သားရေလွန်ကျေးကွင်းကို၊ ဆိုန္ဒ၊ ဖြတ်လေး့။ အဟံ၊ အာကျန့်ပ်သည်။ ကော တစ်ယောက်ထည်း။ ဝနေ၊ ထော၌၊ နု ရဒမေ၊ မမွေ့လျော်နိုင်။

ထိုစကားကိုကြား၍ ဘုရားလောင်းသဓင်သည်-

၅၁။ ဝိက္ကမာမိ နု ပါရေမိ၊ ဘူမိံ သုမ္ဘာမိ ဝေဂသာ။
ဒဋ္ဌေန ဝါရတ္တိကော ပါဓော။ ပါဒံ မေ ပရိကန္တိတိ-

ဟူးဆာ နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၅၁။ ဘဒ္ဒေ၊ ရွှင်မ။ အဟံ၊ ငါသည်း ဝိက္ကာမာမိ၊ ငင်၏။ နု ပါရေမိ၊ ကျေးကွင်းကို ပြတ်စိမ့်သောငှာ မတတ်နိုင်။ ဝေဂသာ၊ အဟုန်အားဖြင့်။ ဘူမိံ၊မြေကို။ သုမ္ဘာမိ၊ကျောက်ကန်၏။ ဝါရတ္တိကော၊ပါသော၊ သားရေလွန်ကျေးကွင်းသည်။ ဒဋ္ဌေ၊မြဲမြံလှ၏။ မေ၊ငါ၏၊ ပါဒံ၊ခြေကို၊ ပရိကန္တိတိ၊ ထက်ဝန်းကျင်ဖြစ်၏။

ထိုအခါ ဘုရားလောင်းကို သမင်မသည် "အရှင်-မကြောက်လင့်၊ အကျွန်ုပ်သည် ကိုယ့်ဆစ္စမ်းဖြင့် မုဆိုးကို တောင်းပန်၍ အရှင့်အသက်ကို ဆောင်ယူအံ့၊တောင်းပန်အံ့သောငှာ အကယ်၍ မတတ်နိုင်လတ္တံ့၊အကျွန်ုပ် အသက်ကိုလည်း ပေး၍ အရှင့်အသက်ကို ဆောင်ယူအံ့" ဟု ဘုရားလောင်း

www.dhammadownload.com

ကို နှစ်သိမ့်စေ၍ သေးလိမ်းကျံသောဘုရားလောင်းကို မိမိကိုယ်၌ မှီစေ၍ ရှပ်၏။

မုဆိုးသည်လည်း သန်လျက်လှံကိုယူ၍ ကမ္ဘာကိုလောင်စေသော မီးထသကဲ့သို့ လှောင်းသမင်မသည် မုဆိုးကိုမြင်၍ "အရှင်....မုဆိုးသည် လာ၏၊ ကျွန်ုပ်ထည် ကိုယ့်အစ္စမ်းကို ပြုအံ့၊ အရှင်သည် မကြောက်လင့်" ဟု သမင်မငဲ့ကို နှစ်သိမ့်စေ၍ မုဆိုးအား ခရီးဦးကြို၍ လျှောက်ပတ်စွာ ရပ်နေ၍ မုဆိုးကို ရှိခိုး၍ "အရှင်....အကျွန်ုပ်လင် ရှေးအဆင်းနှင့်တူသော သမင်မငဲ့သည် အကျင့်သီလနှင့် ပြည့်စုံ၏၊ ရှစ်ဆယ်ငဲ့သော သမင်တို့၏ မင်းဖြစ်၏" ဟု ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို ဆို၍ သမင်မသည် စင်းလျက် မိမိအား သတ်ခြင်းငှာ တောင်းပန်လိုရှိ၏

၅၂။ အတ္ထရသ္မု ပလာသဒနိ၊ အသိံ နိဗ္ဗာဟ လုဒ္ဒက။
ပဌမံ မံ ဝဓိတ္ဝာန၊ ဟန ပစ္ဆာ မဟာမိဂံ-

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၅၂။ လုဒ္ဒက၊ မုဆိုး။ တွံ၊ သင်သည်၊ ပလာသာနိ၊ ပေါက်ဖက်တို့ကို။ အတ္ထရသ္မု၊ ခင်းလော့။ အသိံ၊ သန်လျက်ကို။ နိဗ္ဗာဟ၊ အိမ်မှုထုတ်လော့။ ပဌမံ၊ ရှေးဦးစွာ။ မံ၊ ငါ့ကို။ ဝဓိတ္ဝာန၊ သတ်၍။ ပစ္ဆာ၊ နောက်မှ။ မဟာမိဂံ၊ သမင်ကြီးကို။ ဟန၊ သတ်လော့။

မုဆိုးလွှတ်ပြီး ဆေးကုပေး

ထိုစကားကို ကြား၍ မုဆိုးသည် "လူဖြစ်သော မိန်းမသည်လည်း လင်၏အကျိုးငှာ ကိုယ့်အသက်ကိုစွန့်၊ ဤသမင်မသည်ကား တိရစ္ဆာန်ဖြစ်လျက် အသက်ကိုစွန့်၏၊ လူ၏ ဘာသာဖြစ်သော သာယာသော အသံဖြင့်လည်း ပြောဆို၏၊ ယနေ့ ငါသည် ဤသမင်မအား လည်းတောင်း, သမင်မ၏လင်အား လည်းကောင်း အသက်ကို ပေးအံ့'ဟု.

၅၃။ နု မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ဘာသန္တီ မာနုသိံ မိဂိံ။
တာဒိ ဘဒ္ဒေ သုခီ ဟောတိ၊ ဧသာ စာပိ မဟာမိဂါ-

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

F2-110(တတ္ထဲ)

www.dhammadownload.com

၅၃။ ဘဒ္ဒေ၊ ကောင်းမြတ်လိမ္မာသော သမင်မ။ မေ၊ ငါသည်။ ဤတစ်၊ ဤကာလမှု။ ပုဇ္ဈ၊ ရှု၌။ မာနုသိ၊ လူ့စကားကို။ ဘာသန္တိ၊ ဆိုသော၊ မ်ာ၊ သမင်မကို။ သုတံ ဝါ၊ ကြားဖူးခြင်းသည် လည်းကောင်း။ ဒိဋ္ဌံ ဝါ၊ မြင်ဖူးခြင်းသည် လည်းကောင်း၊ နု၊ မရှိ။ တဉ္စ၊ သင် သည်လည်း။ သုခီ၊ ချမ်းသာသည်။ ဟောဟိ၊ ဖြစ်လော့။ ဧသော၁စာပိ ဓဟာမိဓဂါ၊ ဤသမင်မကြီးထည်လည်း။ သုခီ၊ ချမ်းသာသည်။ ဟော်၁တု၊ ဖြစ်စေသတည်း။

ထိုသမင်မကို နှစ်သိမ့်စေ၍ မုဆိုးသည် ဘုရားလောင်း၏ အထံသို့ သွား၍ သားရေလွန်ကို ပခုံးပဲဖြင့်ဖြတ်၍ ခြေဦးငြိသော သားရေလွန်ကို ဖြည်းညင်းသာယာစွာထုတ်၍ အားကြာကို အကြောချင်း အသားကို အသားချင်း အားရကို အရေချင်းစပ်၍ ခြောင်လက်ဖြင့်ဆုပ်၏၊ ထိုဓာဠ်ဘုရားလောင်း၏ ဖြည့်အပ်သော ပါရမီ အာနုဘော်အားဖြင့် လည်းကောင်း, မုဆိုး၏မေတ္တာ အာနုဘော်အားဖြင့် လည်းကောင်း, သမင်မ၏ အဆွေခင်ပွန်းဌ် စောင့်ရှောက်သော တရား၏ အာနုဘော်အားဖြင့် လည်းကောင်း အကြော အသားအရေတို့သည် အချင်းချင်းစပ်ကုန်၏။ ဘုရားလောင်းသည် ချမ်းသာလျက် ဆင်းရဲကင်းလျက် ရပ်၏။

သမင်မဆုပေး၍

သမင်မသည် ချမ်းသာသော ဘုရားလောင်းကိုမြင်၍ ဝမ်းမြောက်ခြင်းဖြစ်၍ မုဆိုးအား အာနုမောဒနာပြုလို၍-

၅၄။ ဧဝံ လုဒ္ဓက နန္ဒိဿု၊ သဟ သဗ္ဗေဟိ ဉာတိတိ။
ယထာဟ မဇ္ဇ နန္ဒာမိ၊ မုတ္တံ ဒိသွာ မဟာမိဂံ-

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၅၄။ လုဒ္ဓကာ၊ မုဆိုး။ အဇ္ဇ၊ ယခု။ အဟံ၊ ငါသည်။ မုတ္တံ၊ လွတ်သော၊ မဟာမိဂံ၊ သမင်မင်းကို။ ဒိသွာ၊ မြင်၍။ နန္ဒာမိ ယထာ၊နှစ်သက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ တွံ၊ သင်သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော၊ ဉာတိဘိ၊ အဆွအမျိုးတို့နှင့်၊ သဟ၊ တကွ။ နန္ဒဿု၊နှစ်သက်စေသတည်း။

www.dhammadownload.com

သမင်မင်း တရားဟောခြင်း

ဘုရားလောင်းသည် ''ဤမုဆိုးကား ငါ၏ကိုးကွယ်ရာ ဖြစ်ပြီ၊ ငါသည်လည်း မုဆိုး၏ ကိုးကွယ်ရာဖြစ်သင့်၏'' ဟုကျက်စားရာမြေ၌ မြင်အပ်သော တစ်ခုသော ပတ္တမြားတုံးကို မုဆိုးအား ပေး၍ ''အခေါ်...ယနေ့မှစ၍ ပါဏာတိပါတ အစရှိသည်ကို မပြုလင့်၊ ဤပတ္တမြားဖြင့် ဥစ္စာကို ဖြစ်စေ၍သား မယားတို့ကို မွေးမြူကျွေးမွေး ဒုါန သီလအစရှိကုန်သော ကောင်းမှုတို့ကို ပြုလော့'' ဟု မုဆိုးအား အဆုံးအမကိုပေး၍ တောသို့ဝင်၏။

ဇာတ်ပေါင်း။ သမ္ဗည်ုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်စေတော်မူ၍ ''ယခုအခါ ဆန္နသည် ထိုအခါ မုဆိုးဖြစ်ဖူးပြီ၊ ယခုအခါ ရဟန်းမိန်းမငယ်သည် ထိုအခါ သမင်မဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သမင်မင်း ဖြစ်ဖူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လိမ္မာမယား၊ ရတုံငြား၊ လင်အားချမ်းသာရာ၊)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော သုဝဏ္ဏမိဂဇာတ် ပြီး၏။

၁၀-သုယောနန္ဒိဇာတ်

မိန်းမကိုစောင့်ရှောက် ထိန်သိမ်းခြင်းငှာ မတော်နိုင်ကြောင်း ဟောတော်မူရာ၌ဘုန်း နတ်နှင့်တကွသော လောကကို ဆုံးမတော်မူသော သမ္ဗည်ုမြတ်စွာဘုရားသည် ''ဝါတိ ဂန္ဓော တိမိရာနုံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုယောနန္ဒိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြိုးဝွံ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သမ္ဗည်ုမြတ်စွာဘုရားသည် ထိုရဟန်းကို ''ရဟန်း....သင်သည် ငြိုးငွေ့သောဟူသည် မှန်သလော'' ဟု မေးတော်မူ၍ ''မှန်ပေ၏'' ဟု နားတော်လျှောက်သည်ရှိသော် ''အဘယ်ကိုမြင်၍ငြိုးငွေ့သနည်း'' မေးတော်မူ၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား... တန်ဆာဆင်အပ်သော မိန်းမကို့မြင်၍ ငြိုးငွေ့၏'' ဟု နားခံတော်လျှောက်သည်ရှိသော် ''ရဟန်း....မိန်းမတို့ကို စောင့်ရှောက်ခြင်းငှာ မတတ်ဆောင်း၊ ရှေးပညာရှိတို့သည် ဂဠုန်ပြည့်၌ မိန်းမကိုထား၍ စောင့်ရှောက်ကုန်သော်လည်း

www.dhammadownload.com

စောင့်ရှောက်ခြင်းငှာ မတတ်နိုင်ကုန်'' ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တမ်မံမည် သောမင်းသည် မင်းပြု၏။ ထိုမင်းအား သုယောနန္ဒီမည်သော မိဖုရား ကြိုးသည် ရှိ၏။ ထိုမိဖုရားသည် မြတ်သောအဆင်းကိုဆောင်၏။

ဂဠုန်မင်း မိဖုရားကိုခိုးပြေးခြင်း

ထိုအခါ ဘုရားလောင်းသည် ဂဠုန်မျိုးဌာဖြစ်၏။ ထိုဇာစလဋ္ဌ နာဂဒီပကျွန်းသည် သေဒုမကျွန်း မည်၏။ ဘုရားလောင်းသည် သေဒုမကျွန်း ဂဠုန်ပြည်ဌာ နေ၏။ ထိုဘုရားလောင်းသည် ဗာရာဏသီသို့သွား၍ တမ္ဗမင်းနှင့်တကွ လုလင်၏အသွင်ဖြင့် ကြွေအန်ကစား၏။ ဘုရားလောင်း၏ ရုပ်သဏ္ဌာန်ကိုမြင်၍ အလုပ်အားကျားတို့သည် ''အကျွန်ုပ်တို့၏ မင်းနှင့်တကွ ဤသို့ သဘောရှိသော လုလင်ငယ်သည် ကြွေအန်ဘစား၏'' ဟု သုယောနန္ဒီ မိဖုရားအား လျှောက်ကုန်၏။ ထိုမိဖုရားသည် ထိုလုလင်ကို မြင်လို၍ တစ်နေ့သဋ္ဌ တန်ဆာဆင်၍ ကစားရာ ပွဲအပြင်သို့သွား၍ အလုပ်အကျွေးတို့၏ အတွင်းဌာရုပ်လျက် ထိုဘုရားလောင်းကို ကြည့်၏။ ဘုရားလောင်းသည်လည်း မိဖုရားကိုကြည့်၏။ နှစ်ယောက်သော သူတို့သည်လည်း အချင်းချင်း တပ်စွန်းသောစိတ်ရှိကုန်၏။ ဂဠုန်မင်းသည် မိမိ၏ အာနုဘော်အားဖြင့် ဗာရာဏသီမြို့၌ လေလာခြင်းကို ဖြစ်စေ၏။ နန်းပြိုအံ့သည်မှ ကြောက်သောကြောင့် မင်းအိမ်မှ လူတို့သည် ထွက်ကုန်၏။ ဂဠုန်မင်းသည် မိမိအာနုဘော်အားဖြင့် အမိုက်မှောင်ကိုပြု၍ မိဖုရားကိုယူ၍ ကောင်းကင်ဖြင့် သေဒုမကျွန်းပယ် မိမိဗိမာန်သို့ဝင်၏။ သုယောနန္ဒီမိဖုရား ရောက်ရာအရပ်ကို သိခဲသောသူတို့သည် မရှိကုန်၊ ထိုဂဠုန်မင်းသည် သုယောနန္ဒီမိဖုရားနှင့်တကွ ၉မှ. လျော်လျက် ဗာရာဏသီသို့သွား၍ မင်းနှင့်တကွ ကြွေအန်တစား၏။

စောင်းသမားသဂ္ဂဂဠုန်ဆီးရောက်ပြည်

တမ္ဗမင်းအား သဂ္ဂမည်သော စောင်းသမားသည် ရှိ၏။ တမ္ဗမင်းသည် မိဖုရား၏ ရောက်ရာအရပ်ကို မသိရကား ထိုစောင်းသမားကို ခေါ်၍

www.dhammadownload.com

"အမောင်....သွားချေ၊ အလုံးစုံသော ကြည်းကြောင်းခရီး ရေကြောင်းခရီးသို့သွား၍ မိဖုရား၏ ရောက်ရာအရပ်ကို ကြည့်ခဲ့ချေ" ဟု စေလွှတ်၏။

ထိုစောင်းသမားသည် ရိက္ခာတို့ကိုယူ၍ ရွာတံခါးမှစ၍ စုံစမ်းလျက် ကုရုကစ္ဆ သဘော်ဆိပ်သို့ရောက်၏။ ထိုအခါ ကုန်သည်တို့သည် ကုရုကစ္ဆ သဘော်ဆိပ်မှ လှေဖြင့် သုဝဏ္ဏဘူမိသို့ သွားကုန်၏။ ထိုစောင်းသမားသည် ထိုကုန်သည်တို့ကိုကပ်၍ "အရှင်တို့....အကျွန်ုပ်သည် စောင်းဆမားတည်း လှေခပိုင်းခြား၍ အရှင်တို့အား စောင်းတီးခြင်းကို ပြုပါအံ့၊ အကျွန်ုပ်ကိုလည်း ဆောင်ပါကုန်" ဟု ဆို၏။ ကုန်သည်တို့သည် "ကောင်းပြီ" ဟု လှေသို့တင်၍ လှေကို လွှတ်ကုန်၏။ ထိုကုန်သည်တို့သည် လှေဦးနားဆောင်လိုသည်၏ အဖြစ်ကြောင့် ထိုစောင်းသမားကိုခေါ်၍ "ငါတို့နားဆောင်ကုန်အံ့၊ စောင်းတီးလော့" ဟု ဆိုကုန်၏။ "အကျွန်ုပ်သည် အကယ်၍ စောင်းကို တီးပြားအံ့၊ ငါးတို့သည် လှုပ်ကုန်လတ္တံ့၊ ထိုအခါ သင်တို့၏ လှေသည် ပျက်စီးလတ္တံ့" ဟု ဆို၏၊ "လူတို့၏ အထံ၌ စောင်းတီးသည် ရှိသော် ငါးတို့၏လှုပ်ခြင်းမည်သည်မရှိ၊ စောင်းတီခြင်းကို ပြုလော့" ဟု ကုန်သည်တို့သည် ဆိုကုန်၏၊ ထိုသို့တပြီးကား အကျွန်ုပ်အား သင်တို့သည် အမျက်မထွက်ကြလင့်" ဟု ဆို၍ စောင်းကိုလှတ်၍ စောင်းသံနှင့်သီချင်းသံ, သီချင်းသံနှင့် စောင်းသံကို မလွန်စေမူ၍ စောင်းကိုတီး၏။ ထိုအသံဖြင့် လှုန်စွာယစ်ကုန်၍ ငါးတို့သည် လှုပ်ကုန်၏၊ ထိုအခါ တစ်ခုသော မကာရ်းသည် ရုန်၍ လှေတွင်းသို့ကျရကား လေသည် ကွဲပျက်၏၊ ယဂ္ဃမည်သော စောင်းသမားသည် ပျဉ်ချပ်၌ အိပ်၍ လေအားလျော်စွာ သွားသည်ရှိသော် သေဒုမကျန်း၌ ဂင်္ဂုန်မင်း၏ ဗိမာန်ဖြစ်သော ပညောင်ပင်၏ အနီးသို့ ရောက်၏၊

စောင်းသမား နှင့် သုယောဓနဇာတ်

သုံယောဓနဇာတ်မိဖုရားသည် ဂင်္ဂုန်မင်း ကြွအာန်ကစားအံ့သောငှာ သွားသောကာလ ဗိမာန်မှဆင်းသက်၍ ကမ်းနား၌ လှည့်လည်လတ်သော် သဂ္ဂမည်သော စောင်းသမားကိုမြင်၍ ထိုစောင်းသမားကိုသိ၍ "သင်အဘယ်သို့လာသနည်း" ဟု မေး၏။ စောင်းသမားသည် အလုံးစုံသောအကြောင်းကိုပြော၏၊ "ထိုသို့တပြီးကား သင်မကြွေးကဲလင့်" ဟု စောင်းသမားကို နှစ်သိမ့်ခစ၍ လက်ခမောင်းနှစ်ဖက်တို့ဖြင့် ပိုက်ချီ၍ ဗိမာန်သို့တင်၍ အိပ်ရာ

www.dhammadownload.com

ဤပြင်၌ အိပ်စေ၍ အပင်အပန်းပြေသော ကာလ၌ နတ်တို့၏ဘောဇဉ်ကို ပေး၍ နတ်နှံသားရေဖြင့် ရေချိုးစေ၍ နတ်၌ဖြစ်သော အဝတ်ကို ဝတ် စေ၍ နံ့သာပန်းတို့ဖြင့် တန်ဆာဆင်၍ တစ်ဖန် နတ်အိုင်ရာ၌အိပ်စေ၏။ ဤသို့ နေ့၌ခြိုးမြောက်၍ ဂဠုန်မင်းလာသောတာလ ဖုံးလွှမ်း၍သွားသော ကာလ၌ စောင်းသမားနှင့်တကွ ကိုးလသာ၏ ဆာစွမ်းဆောင်ဖြင့် မွေ့ လျော်၏။

မိဖုရားကြီးကိုတွေ့ခဲ့ပြီ

ထို့နောင်မှ လခွဲတစ်လ လွန်လတ်သော် ဗာရာဏသီ၌နေကုန်သော ကုန်သည်တို့သည် ထင်းရှူးအုံသောငှာ ထိုသေဒုမ္မကျွန်း ပညောင်ပင် ရင်းသို့ ရောက်ကုန်၏။ ထိုစောင်းသမားသည် ကုန်သည်တို့နှင့်တကွ လှေ စီး၍ ဗာရာဏသီပြည်သို့သွား၍ မင်းကိုမြင်၍ ကြွေအန့်ကစားသော ကာလ၌ စောင်းကိုယူ၍ မင်း၏အထံ၌ စောင်းတီးလျက်-

၁၅။ ဝါတိဂန္ဓော တိမိရာနံ၊ ကုဃမုဒ္ဒေါ စ ဃော်သဝါ။
ဒူရေ ဂတော သုယောဓနန္ဒီ၊ တမ္ဗ ကာမာ တုဒန္တိ မံ-

ဟူသော ရှေးဦးစွာထား ဤဂါထာကို ဆို၏၊

၁၅။ ဇမ္ဗ၊ တမ္ဗမင်းကြီး။ ဂဠုတာ၊ ဤဗာရာဏသီပြည်မှ။ ဒူရေ၊ ဝေးသော ဂဠုန်ပြည်၌။ သုဇယောဓနန္ဒီ၊ သုယောဓနန္ဒီ မိဖုရားသည်၊ ဝသတိ၊ နေ၏။ တတ္ထ၊ ထိုမိဖုရားနေရာ အရပ်၌၊ တိမိရာနံ၊ ပညောင်ပင်ကို ခြုံရုံ၍ ပေါက်ကုန်သော ကြည်းပန်းတို့၏။ ဂန္ဓော၊ အနံ့သည်။ ဝါတိ၊ လိုင်၏၊ ကု သမုဒ္ဒေါ စ၊ သမုဒ္ဒြာဃယ်သည်လည်း။ ဃောသဝါ၊ သည်းစွာမြည်၏၊ မံ၊ အာကျွန်ုပ်ကို၊ ကာမာ ကာမတို့သည်။ တုဒန္တိ၊ ထိုးကျင့်ကုန်၏။

ဂဠုန်မင်းနှင့် စောင်းသမား

ထိုစကားကိုကြား၍ ဂဠုန်မင်းသည်-

၁၆။ ကထံ သမုဒ္ဒ မတရိ၊ ကထံ အဒ္ဒက္ခိ သေဒုမံ။
ကထံ တသာ စ တုယ္ဟဉ္စ၊ အဟူ သဂ္ဂ သမာဂမော-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၆။ သဂ္ဂ၊ သဂ္ဂ။ တ္ဝံ၊ ဆင်သည်။ ကထံ၊ အဘယ်သို့။ သမုဒ္ဒံ၊သဲမုဒ္ဒါ ကို၊ အာဘရိ၊ ကူးသနည်း။ တထံ၊ အဘယ်သို့။ သေဒုမံ၊ သေဒုမကျွန်းကို၊ အဒ္ဒက္ခိ၊ မြင်သနည်း။ ကထံ၊ အဘယ်သို့။ တဿာ စ၊ ထို သုဒယောနန္ဒီ၏ လည်း၊ ကာင်း၊ တုယ္ဟဉ္စ၊ သင်၏လည်း ကောင်း၊ သမာဂမော၊ ပေါင်းဖော် ရခြင်းသည်၊ အဟု၊ ဖြစ်သနည်း။

ထိုနောင်မှ သုဂ္ဂမည်သော စောင်းသမားသည်-

၅၇။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနသိနံ။
မဏ္ဍရဟိ အဘိဒါ နာဝါ၊ ဖလကနာဟ မလိဝိ'။

၅၈။ သာ မံ သဒ္ဓာန မုဒုနာ၊ နိစ္စံ စန္ဒန ဂန္ဓိနိ။
အဇ်ဇန ဥဒ္ဓရိ ဟဒ္ဒါ၊ မာတာ ပုတ္တံဝ သြရသံ။

၅၉။ သာ မံ အဇ္ဇန ပါနေန၊ ဝတ္ထန သယနေန စ။
အတ္တာနာပိ စ မန္ဒက္ခိ၊ ဧဝံ တမ္မ ဝိဇာနာဟိ-

ဟူကုန်သော ဤသုံးဂါထာတို့ကို ဆို၏။

၅၆။ တမ္မ၊ ဘမ္မံမင်းကြီး။ ကုရုကစ္ဆာ၊ ကုရုကစ္ဆသဒ်ဘော်ဆိုပ်မှ။ ပယာတာနံ၊ သွားကုန်သော။ ဓနသိနံ၊ ဥစ္စာကိုရှာကုန်သော။ ဝါဏိဇာနံ၊ ကုန်သည်တို့၏။ နာဝါ၊ လှေသည်။ မဏ္ဍရဟိ၊ မကာရိုးတို့ခြောင့်။ အဘိဒါ၊ ကဲ၏။ အဟံ၊ အကျွန်ုပ်သည်။ ဖလကနာ၊ ပျဉ်ချပ်ဖြင့်။ အလိဝိ၊ ကူး၏။

၅၇။ တမ္မ၊ တမ္မမင်းကြီး။ နိစ္စ ၊ အမြဲ။ စန္ဒနဂန္ဓိနိ၊ စန္ဒကူးနံ့သာလိမ်းသော။ ဘဒ္ဒါ၊ ရှုဖွယ် ကြည့်ညိုဖွယ်သော။ သာ သုဒယောနန္ဒီ၊ ထိုသုဒယောနန္ဒီ မိဖုထူးသည်။ မံ၊ အကျွန်ုပ်ကို။ သဒ္ဓာန၊ သဒ္ဓါဖြင့်၊ သဒ္ဓါမွေ့သော။ မုဒုနာ၊ နူးညံ့သောစကားဖြင့်။ သမဿာသေတွာ၊နှစ်သိမ့်စေ၍။ မာတာ၊အမိသည်။ ပုတ္တံ၊ သားကို။ ဥဒ္ဓရိ ဣဝ၊ ချီသကဲ့သို့။ အဇ်ဇန၊ လက်မောင်းနှစ်ဖက်ဖြင့်။ ဥဒ္ဓရိ၊ ချီ၏၊

www.dhammadownload.com

၅၉။ တမ္မ၊ တမ္မမင်းကြီး။ မန္ဒကွဲ့ဝီ၊ နှူးညံ့သော အခြင်းအရာဖြင့် ကြည့်လေ့ရှိသော။ သာ၊ ထိုသုဒယာနန္ဒီ မိဖုရားသည်။ မံ၊ အကျွန်ုပ်ကို။ အန္ဒေန စ၊ ထမင်းဖြင့်လည်းကောင်း။ ပါနေန စ၊ အဖျော်ဖြင့် လည်းကောင်း။ ဝတ္ထေန စ၊ အဝတ်ဖြင့်လည်းကောင်း။ သယနေနေစ၊ အိပ်ရာဖြင့် လည်းကောင်း။ အတ္ထနာပိ စ၊ ကိုယ်ဖြင့်လည်းကောင်း။ သန္တပ္ပေသိ၊ ရောင့်ရဲစေ၏။ တံ၊ သင်မင်းကြီးသည်။ ဧဝံ၊ ဤသို့၊ ဝိဇာနာဟိ၊ သိလော့။

မိဖုရားကိုပြန်ပို့ခြင်း

ဂင်္ဂုန်မင်းသည် စောင်းသမားဆိုစဉ်လျှင်နှလုံးမသာယာသည်ဖြစ်၍ ''ငါသည် ဂင်္ဂုန်ပြည်၌နေလျက်လည်း ထိုမိန်းမကို စောင့်ခြင်းငှာ မတတ်နိုင်၊ သိလမရှိသော ထိုမိန်းမဖြင့် အဘယ်ပြုအံ့နည်း'' ဟု ထိုမိန်းမကိုဆောင်၍ မင်းအားပေး၍ ဖဲသွား၏။ ထိုအခါမှစ၍ တစ်ဖန်မလာတော့ပြီ။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဆစ္စံဘဒ္ဒိကို ပြတော်မူသည်၏အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

အဘယ်သို့ ဇာတ်ကိုပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဂင်္ဂုန်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိန်းမတို့အား၊ ထိန်းသိမ်းငြား၊ ဖောက်ပြားဓမ္မတာ။)

ဆယ်ခုတို့၏ ပြည့်ကြွေးဖြစ်သော သုဓောနန္ဒီဇာတ်သည် ပြီး၏။

ဘုန်းတော်အလွန်ကြီးမြတ်ဝေဘ်မူသော ဆင်ဖြူမျှးရှင် ကောဇ်မင်း မြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တစ်ရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စိုးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အဓရ.မျက်နှာအမှပ်၌ မဟာဥပရာဇ် မယ်တော် အရှင် မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မဂ်လာဘုံကျောင်းတော်၌ ကျောင်းတော်နေ ညောင်တန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော

www.dhammadownload.com

ပဉ္စဏာနိပါတ်ဇာတ်၌ ရှေးဦးစွာသော မဏ္ဍိကုက္ကုလဝဂ်သည် ဤမျှသော သဒ္ဒါ၏အစဉ် အနက်၏ အစဉ်အား ဖြင့် ဖြီးသွေးထွက်၏။

မဏ္ဍိကုက္ကုလဝဂ် ပြီး၏၊

၂၊ဝဏ္ဏရောဟဝဂ် ၁၁-ဝဏ္ဏရောဟဇာတ်

ကုန်းချောသော မြေခွေးအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ အံ့သော သမ္မာသမ္ဗုဒ္ဓါဘုရားသည် ''ဝဏ္ဏာရောဟန'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဝဏ္ဏာရောဟဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နှစ်ပါးကုန်သော အာဂန္တုကဝတ္ထု ကို အကြောင်းပြု၍ ဟော်ထောတ်မူ၏။

မထေရ် ၂ ပါး ကုန်းချောခဲ့ရပုံ

ပုစ္ဆာပြန်ဝတ္ထု။ အခါတစ်ပါး၌ နှစ်ပါးကုန်းသာ မဟာထေရ်တို့ သည် ''ဤဝါတွင်းထာလပတ်လုံး ဆိတ်ငြိမ်ရာအရပ်၌ စီးဖြန်းအပ်သော ဘာဝနာကို ပွားစေကုန်အံ့'' ဟု သမ္မာသမ္ဗုဒ္ဓါဘုရားကိုပန်၍ အခြံအရံကို ပယ်၍ ကိုယ်တိုင်လျှင် သပိတ်သင်္ကန်းတို့ကိုယူ၍ ဇေတဝန်ကျောင်းတော်မှ ထွက်၍ တစ်ခုသော ပစ္စန္တရွာကိုမှီ၍ တစ်ခုသောတောင်၌ နေကုန်၏။ တစ် လေလာက်သော စားကြွင်းစားသည် မထေရ်တို့ထံ ခစားလျက် ထိုတောဝယ် တင့်အပ်ရာအရပ်၌ နေ၏။ ထိုစားကြွင်းစားသည် မထေရ်တို့၏ ညီညွတ်သော နေခြင်းကိုမြင်၍ ''ဤ မထေရ်တို့သည် အလွန်လျှင် ညီညွတ်ကုန်လျက် နေကုန်၏၊ ဤမထေရ်တို့ကို အချင်းချင်း ကွဲပြားစိမ့်သောငှာ တတ်ကောင်းအံ့'' ဟု ကြံ၍ ရှင်သာရိပုတြာမထေရ်၏ အထံသို့ ဆည်းအပ်၍ ''အရှင်ဘုရား_ အရှင်ဘုရားတို့အား အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့် တစ်စုံတစ်ခုရန်ဖြစ်ပွားခြင်းသည် ရှိသလော'' ဟု မေး၏။ ''ဒါယကာ... အသို့နည်း'' ဟု အရှင်သာရိပုတြာ ဆို၏။ ''အရှင်ဘုရား အရှင်မဟာမောဂ္ဂလာန် မထေရ်သည် အကျွန်ုပ်လာသောကာလ၌ သာရိပုတြာသည် ဇာတ်အနွယ် အမျိုးအဆက်ဆက်တို့ဖြင့် လည်းကောင်း၊ အကြွားအမြင် ကျွမ်းဂန်

www.dhammadownload.com

အသင် အကြား တရားကိုသိခြင်း တန်ခိုးစွမ်တော်ဖြင့် လည်းကောင်း၊ အဘယ်မှာထူးအံ့နည်း' ဟု အရှင်ဘုရားတို့၏ ကျေးဇူးမဲ့ကိုလျှင် ဆို၍'' ဟု ဆို၏။ အရှင်သာရိပုတြာမ၊ထရ်သည် ပြုံး၍''ဒါယကာ....သင်သွားလော့''ဟု မိန့်တော်မူ၏။

ကုန်းတိုက်သူ ပြေးရပြီ

နောက်အခါ တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန် မထေရ်၏အထံသို့ ဆည်းစပ်၍ ထိုအတူလျှင် ဆို၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် လည်း ပြုံး၍ ''ဒါယကာ_သင်သွားလော့'' ဟု ဆို၍ အရှင်သာရိပုတြာမ၊ထရ်၏အထံသို့ ဆည်းကပ်၍ ''ငါ့ရှင် ဤစား ကြွင်းစားသည် အရှင်ဘုရားတို့၏ အထံ၌ တစ်စုံတစ်ခုသောစကားကို ဆိုသလော'' ဟု မေး၏။ ''ငါ့ရှင်ဆို၏'' ဟု မိန့်တော်မူ၏။ အကျွန်ုပ် အထံ၌လည်း ဆို၏။ ''ဤစား ကြွင်းစားကို နှင်ထုတ်ခြင်းငှာ သင့်၏'' ဟု အရှင်မဟာမောဂ္ဂလာန် မထေရ်သည် မိန့်တော်မူ၍ ''ငါ့ရှင် ကောင်းပြီ၊ နှင်ထုတ်လော့'' ဟု ဆိုသည်ရှိသော် အရှင်မဟာမော၇ဂ္ဂလာန်မ၊ထရ်သည် ''ဒါယကာ....သင်သည် ဤ၌မနေလင့်'' ဟု လက်ဖျစ်တီး၍ စားကြွင်းစားကို နှင်ထုတ်၏။

နှစ်ပါးကုန်သော မထေရ်တို့သည်လည်း ညီညာစွာနေ၍ မြတ်စွာဘုရား ထံထိတော်သို့ သွား၍ ဘုရား ကိုရှိခိုး၍ နေကုန်၏။ သင့္ဃာမြတ်စွာဘုရား သည် ပဋိသန္ထာရဖြူတော်မူ၍ ''ချမ်းသာစွာဖြင့် နေရကုန်၏လော'' ဟု မေးတော်မူ၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား....တစ်ယောက်သော စားကြွင်းစားသည် အကျွန်ုပ်တို့ကို ကဲ့ပြစ်ဒေါသဉာဏ်ဖြစ်၍ ကဲ့ပြားစိမ့် သောငှာ မဘတ်နိုင်၍ ပြေး၏'' ဟုနားတော်လျှောက်သည်ရှိသော် ''သာရိ ပုတြာ....ထိုစားကြွင်းစားသည် ယခုအခါ၌သာလျှင် သင်တို့ကို ကဲ့ပြားစေ အံ့ဟု ကဲ့ပြားစိမ့်သောငှာ မတတ်နိုင်သည်ဖြစ်၍ ပြေးသည်မဟုတ်မသေး၊ ရှေးဦးလည်း ပြေးဖူးသလျှင် ကတည်း'' ဟု မိန့်တော်မူ၍ အရှင်သာရိပုတြာ တို့စားကြွင်းစားသည် ယခုအခါ၌သာလျှင် သင်တို့ကို ကဲ့ပြားစေအံ့ဟု ကဲ့ပြားစ်မ့်သောငှာ မတတ်နိုင်သည်ဖြစ်၍ ပြေးသည်မဟုတ်သေး၊ ရှေးဦးလည်း ပြေးဖူးသလျှင် ကတည်း'' ဟု မိန့်တော်မူ၍ အရှင်သာရိပုတြာ မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တောင်၌ ရဟန်စိုးနတ်ဖြစ်၏။ ထိုအခါ ခြင်္သေ့၊ကျားတို့သည် ထိုတောဝယ် တောင်လိုဏ်၌ နေကုန်၏။

ကျားနှင်ခြင်္သေ့ကုန်းတိုက်ခံရပုံ

တစ်ခုသောမြေခွေးသည် ထိုခြင်္သေ့၊ ကျားတို့ကို ခစားလျက် ခြင်္သေ့၊ကျားတို့၏ စားကြွင်းကိုစား၍ ကြီးသောကိုယ်ရှိသည်ဖြစ်၍ တစ်နေ့သ၌ "ဝါသည် ခြင်္သေ့၊ကျားတို့၏အသားကို မစားရစဖူး၊ ငါသည် ဤခြင်္သေ့၊ကျားတို့ကို အချစ်ပျက်စိမ့်သောငှာ သင့်၏၊ အချစ်ပျက်ခြင်းကြောင့် ခိုက်ရန်ပြု၍ သေကုန်သော ခြင်္သေ့၊ကျားတို့၏အသားကို စားအံ့"ဟု ကြံ၏၊ ကြံပြီး၍ ထိုမြေခွေးသည် ခြင်္သေ့၊အထံသို့ကပ်၍ "အရှင်...အရှင်တို့အား ကျားနှင့် တစ်စုံတစ်ခု ခိုက်ရန်ဖြစ်ဖူးခြင်းသည် ရှိသလော"ဟု မေး၏၊ "အချင်းမြေခွေး....ခိုက်ရန်မဖြစ်စဖူး"ဟု ခြင်္သေ့၊သည် ဆို၏၊ "အရှင် ဤကျားသည် အကျွန်ုပ်လာသောဓာဒလွန်၍ ခြင်္သေ့၊ယည် ကိုယ်အဆင်းအား ဖြင့်လည်းကောင်း၊ အလုံးအရပ်အားဖြင့် လည်းကောင်း၊ အမျိုးအားလုံ့လဝီရိယအားဖြင့် လည်းကောင်း ငါ၏ တစ်ဆယ့်ခြောက်စိတ်တွင် တစ်စိတ်သောအဖို့ကိုမျှလည်း မမီဟု အရှင်တို့၏ ကျေးဇူးမဲ့ကိုလျှင် ဆို၏"ဟု ဆို၏။ ထိုအခါမြေခွေးကို ခြင်္သေ့၊သည် "သင်း သွားလော့၊ ထိုကျားသည် ဤသို့ မဆိုထိုက်တန်"ဟု ဆို၏။ ကျားအထံသို့ ဆည်းကပ်၍ ဤနည်းဖြင့်လျှင် ဆို၏။

ကျားနှင့်ခြင်္သေ့တိုင်ပင်ကြပြီ

ထိုစကားကိုကြား၍ ကျားသည်လည်း ခြင်္သေ့၊အထံသို့ ဆည်းကပ်၍ "အဆွေခင်ပွန်း....သင်သည် ဤသို့ ဆိုသနည်းလော"ဟု မေးလိုရကား-

၆၀။ ဝဏ္ဏာရောဟန ဇာတိယာ၊ ဗလနိက္ကမနေန စ။
သုဗာဟု နု မယာ သေဓယျာ၊ သုဒါဠ္ဟ ဣတိ ဘာသသိ-

ဖွဲ့သော ဓရှးဦးစွာသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၆၀။ သုဒါဠ၊ ခြခွေသ့်မင်း။ သုဗဟု၊ကျေးသည်။ ဝဏ္ဏောရောဟန၊ အဆင်း အလုံးအယပ်ဖြင့် လည်းကောင်း။ ဇာတိယာ၊ အမျိုးဖြင့် လည်းကောင်း။ ဗလနိုက္ကမနေန စ၊ အား လုံ့လဖြင့် လည်းကောင်း။ မယာ၊ ငါ့ထက်၊ နသေးယျာ၊မလွန် မမြတ်၊ ဣတိ၊ဤသို့။ တုံ၊သင်သည်။ ဘာသသိ၊ ဆိုသလော။

ထိုစကားကို ကြား၍ ခြေးသ့်သည်-

၆၁၊ ဝဏ္ဏောရောဟန ဇာတိယာ၊ ဗလနိုက္ကမနေန စ။
သုဒါဠော နမယာ ဒသယျော၊ သုဗဟု ဣတိ ဘာသ္သသိ။

၆၂၊ ဧဝံ ဧစမံ ဝိဟရန္တံ၊ သုဗဟု သမ္မ ဒုဋ္ဌသိ၊
နဒါနာဟံ တယာ သဒ္ဓိံ၊ သံဝါသ မဘိ ရောစယ။

၆၃။ ယော ပရေသံ ဝစနာနိ၊ သဒ္ဒဟေယျ် ယထာတထံ။
ခိပ္ပံ ဘိဇ္ဇေထ မိတ္တာသ္မိံ၊ ဧဝရူ ပသဒဝ ဗဟုံ။

၆၄၊ နသော မိတ္တော ယော သဒါ အပ္ပမတ္တော၊
ဘေဒါ သင်္ကီ ဧန္ဓမေဝါနုပသိ။
ယသ္မိဠ္ဆ ဧသတီ ဥရသီဝ၊ပုဇတ္တော၊
သဧဝ မိတ္တော ယော အဒဘေဇ္ဇော ပဒရဟိ-

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၆၁။ သုဒါဠော၊သည်။ ဝဏ္ဏော၊ရောဟန၊ အဆင်း အလုံးအယပ်အား ဖြင့် လည်းကောင်း။ ဇာတိယာ၊အမျိုးအားဖြင့်လည်းဧကောင်း။ ဗလနိုက္ကမနေန စ၊ အား လုံ့လဖြင့်လည်းကောင်း။ မယာ၊ငါ့ထက်။ နသေယျော၊ မလွန်မြတ်။ ဣတိ၊ဤသို့။သုဗဟု၊ကျေးဇူးသည်။ ဘာသသိ၊ဆိုသလော။

၆၂။ သမ္မ သုဗဟု၊ အရွယ်တူဖြစ်သော အဆွေကျေး၊ ဧဝံ၊ဤသို့၊ ဝိဟရန္တံ၊သင်နှင့် အညီအညွတ်နေသော၊ မံ ငါ့ကို။ သိဂ်ါလဿ၊မြေခွေး၏၊ ကုက္ကုံစကားကို။ ဂဟေတွာ၊ယူ၍၊ တုံ၊သင်သည်။ ဧစ ဒုဋ္ဌသိ၊ အကယ်၍

www.dhammadownload.com

ပြစ်မှားအံ့။ အဟံ၊ ဝါသည်။ ဣဒါနိ၊ ယခုအခါ၌၊ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ နေခြင်းကို။ နာဘိရောစယေ၊ မနှစ်သက်။

၆၃။ ယော၊ အကြင်သူသည်။ ပရဿ၊ သူတစ်ပါး၏။ ဝစနာနိ၊ စကားတို့ကို။ ယထာတထံ၊ အဟုတ်အမှန်အား၌ဖြင့်။ သဒ္ဒဟယျ၊ ယုံကြည်၍။ အသိ၊ ထိုသူမိုက်၌။ မိတ္တံ မိတ်သည်။ ခိပ္ပံ၊ လျင်စွာ။ ဘိဇ္ဇထ၊ ပျက်ရာ၏။ ဗဟုံ၊ များစွာ။ ဝေရဉ္စ၊ ရန်သည်လည်း။ ပသဝေ၊ ပွားရာ၏။

၆၄။ ယော၊ အကြင်သူသည်။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ မိတ္တသ၊ မိတ်၏။ ဝိနာသံ၊ ပျက်စီးခြင်းကို။ နာဒဿတိ၊ မမြင်ပေး။ ဘေဒါသင်္ကီ၊ မိတ်၏ပျက်စီးခြင်းကိုလျှင် ရှုံ့ချား၏။ ရန္ဓမေဝ၊ အခွင့်အပေါက်ကိုလျှင်။ အနုပသီ၊ အစဉ်ရှု၏။ သော၊ ထိုသူသည်။ မိတ္တော၊ မိတ်မည်၏။ ပုတ္တော၊ သားသည်။ ဥရသော်၊ အမိရင်ခွင်၌။ သေတိ၀၊ ချဲ့ချားခြင်းတင်းလျက် အိပ်သကဲ့သို့။ ယသ္မိံ စ၊ အကြင်သူ၌လည်း။ သေတိ၊ ချဲ့ချားခြင်းကင်းလျက် အိပ်၏။ ယော စ၊ အကြင်သူသည်လည်း။ ပရေဟိ၊ သူစာစ်ပါးတို့ကြောင့်။ အဘေဇ္ဇော၊ ဓကွဲမပြား။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ မိတ္တော၊ မိတ်မည်၏။

မြေခွေးထွက်ပြေးရပြီ

ဤသို့ လေးဂါထာတို့ဖြင့် ခြင်္သေ့သည် မိတ်၏ကျေးဇူးကို ဆိုသည်ရှိသော် ကျားသည် "ငါ့အား အပြစ်ရှိ၏" ဟု ခြင်္သေ့ကို ကန်တော့၏။ ထိုကျား ခြင်္သေ့တို့သည် ရှေးအတူသာလျှင် ညီညွတ်သော နေခြင်းဖြင့် နေကုန်၏။ မြေခွေးသည်ကား ပြေး၍ တစ်ပါးသို့သွား၏။

ဇာတ်ပေါင်း၊ ထေရ်ညွှတ်မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ စားကြင်းစားသည် ထိုအခါ မြေခွေးဖြစ်ပြီ၊ ယခုအခါ ဿရိပုတ္တရာသည် ထိုအခါ ခြင်္သေ့ဖြစ်ပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ကျားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ထိုအာခြာင်းကို မျက်မှောက်အားဖြင့်မြင်သော ထိုတောင်၌ ရုက္ခစိုးနတ်ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကုန်းတိုက်ပြောဆို၊ မိတ်ဆွကို၊ ကြည်ညိုမပျက်ရာ။)

ရှေးဦးစွာခသာ ဝဏ္ဏရောဟဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၂-သီလဝိမံသဇာတ်

ဗဟုသုတပညာထက် သီလကမြတ်ခြင်းအကြောင်း

ဟောတော်မူရာဌာနံ။ နတိနှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သီလံ သေယျော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သီလဝိမံသဇာတ်ကို ဧတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလကို စုံစမ်းသော တစ်ယောက်သောပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏၊

ပစ္စုပ္ပန်ဝတ္ထု။ မင်းသည် ဤပုဏ္ဏားကား သီလနှင့် ပြည့်စုံ၏ဟု ထိုပုဏ္ဏားကို တစ်ပါးကုန်သော ပုဏ္ဏားတို့ထက် မြတ်သည်ကိုပြု၍ ကြည့်၏။ ထိုပုဏ္ဏားသည် "မင်းကား သီလနှင့်ပြည့်စုံ၏ဟု ငါ့ကို တစ်ပါးသော ပုဏ္ဏားတို့ထက် မြတ်သည်ကို ပြု၍ကြည့်သလော၊ ထိုသို့မဟုတ်မူ အကြားအမြင်ကို ဆောင်ခြင်းနှင့် ယှဉ်၏ဟူ၍ ငါ့ကို တစ်ပါးသော ပုဏ္ဏားတို့ထက် မြတ်သည်ကိုပြု၍ ကြည့်သလော၊ သီလ၏ လည်းကောင်း၊ အကြားအမြင်၏ လည်းကောင်း မြတ်သောအဖြစ်ကို စုံစမ်းဦးအံ့" ဟု ကြံ၏။ ကြံပြီး၍ တစ်နေ့ဆဲ့ ရွေပန်းထိမ်သည်၏ အထံမှ အသပြာကိုယူ၏။ ရွေပန်းထိမ်သည်လည်း အရေးအမြတ် ပြုအပ်သည်၏ အဖြစ်ကြောင့် တစ်စုံတစ်ခုသော စကားကိုမဆို၊ နှစ်ကြိမ်ယူသော်လည်း တစ်စုံဘစ်ခုသောစကားကို မဆို၊ သုံးကြိမ်မြောက်၌ကား "လုယက်၍ စားသောသူတည်း" ဟု ဖမ်းယူစေ၍ မင်းအားပြု၏၊

ဗဟုသုတထက် သီလမြတ်ကြောင်း

ပုဏ္ဏားသည် "အဘယ်ကိုပြုသနည်း" ဟု မေးသည်ရှိသော် "ဥစ္စာကို လုံယက်၏" ဟု ဆို၏၊ "ပုဏ္ဏား....မှန်သလော" ဟု မေးသည်ရှိသော် "မြတ်စသောမင်းကြီး....အကျွန်ုပ်သည် ဥစ္စာကို မလုယက်၊ အကျွန်ုပ်အားကား သီလသည်တည်း မြတ်သလော, အကြားအမြင်သည်တည်း မြတ်ထလောဟု ကုက္ကုစ္စသည်ဖြစ်၏။ ထိုအကျွန်ုပ်သည် သီလ, အကြားအမြင်၊ ဤနှစ်ပါးတို့တွင် အဘယ်သည်လျှင် မြတ်သနည်း" ဟု စုံစမ်းလို၍ သုံးကြိမ် အသပြာကိုယူ၏။ ထို အကျွန်ုပ်ကို ရွေပန်းထိမ်သည် သည်နှောင့်ဖွဲ့၍

www.dhammadownload.com

အရှင်မင်းကြီးတို့အား ပြ၏။ ယခု အာကျန့်ပ်သည် အကြားအမြင်ထက်သီလ၏ မြတ်သည်၏အဖြစ်ကို သိအပ်ပြီ။ အာကျန့်ပ်အား အိမ်၌နေခြင်းဖြင့် အလိုမရှိ။ အာကျန့်ပ်သည် ရဟန်းပြုအံ့ ဟူ ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ အိမ်တံခါးကို မှကြည့်မူ၍လျှင် ဇေတဝန်ကျောင်းဧတဒဂ်သို့သွားပြီး၍ မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို တောင်း၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏားအား သာမဏေအဖြစ်, ပဉ္စင်းအဖြစ်ကို ပေးတော်မူ၏။ ထိုပုဏ္ဏားသည် ပဉ္စင်းဖြစ်၍ မကြာမြင့်မီ ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်၌တည်၏။ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့ ဤမည်သော ပုဏ္ဏားသည် မိမိ၏သီလကို စုံစမ်း၍ ရဟန်းပြု၍ ဝိပဿနာကို စီးဖြန်း၍ အရဟတ္တဖိုလ်၌တည်၏'' ဟု စကားကိုဖြစ်စေကုန်၏။ သမ္မည်မြတ်စွာဘုရားသည် လာတော်မူသတ်၍ ''ရဟန်းတို့....ယခုအခါ အာဘယ်စကားဖြင့် စည်းဝေးကုန်သနည်း'' ဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏' ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့....ယခုအခါ၌ ဤပုဏ္ဏားသည်သာလျှင် သီလကိုစုံစမ်း၍ ရဟန်းပြု၍ မိမိ၏တည်ရာကို ပြုသည်မဟုတ်သေး၊ ရှေး၌ ပုဗ္ဗာရှိသည်လည်း သီလကို စုံစမ်း၍ ရဟန်းပြု၍ မိမိ၏တည်ရာကို ပြုဖူးကုန်သလျှင်ကတည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဇာတ်ထူ။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်, ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်သင်၍ ဗာရာဏသီပြည်သို့လာ၍ မင်းကို ဖူးမြင်၏။ မင်းသည် ဘုရားလောင်းအား ပုရောဟိတ်အရာကို ပေး၏။ ဘုရားလောင်းသည် ပဉ္စသီတို့ကို စောင့်ရှောက်၏။ မင်းသည်လည်း ဘုရားလောင်းကို ''သီလရှိသော သူတည်း'' ဟု အလေးအမြတ် ပြု၍ ကြည့်၏။ ဘုရားလောင်းသည်ကား ''သီလနှင့် ပြည့်စုံ၏ဟု ငါ့ကို ကြည့်ဆလော၊ ထိုသို့မဟုတ်မူ အကြားအမြင်ကို ဆောင်ခြင်းနှင့်ယှဉ်သော သူတည်းဟု အလေးအမြတ်ပြု၍ ငါ့ကို ကြည့်သလော'' ဟု ကြံ၏။ ဆယ်စုံသောစကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်သာလျှင် ဖြစ်၏။

သီလ မှန်မြတ်ပုံ

ဤသီလဝိမံသဇာတ်၌ကား ပုဏ္ဏားသည် ယခု အာကျန့်ပ်သည် အကြားအမြင်ထက် သီလ၏ မြတ်နိုးအဖြစ်ကို သိအပ်ပြီဟု ဆို၍-

www.dhammadownload.com

၆၅။ သီလံ သေယျော သုကံ သေယျော့၊ ဣတိ မေ သံသယော အဟု။
သီသမေဝ သုတာ သေဓယျော၊ ဣတိ မေ နတ္ထိ သံသယော။

၆၆။ မောဃာ ဇာတိ စ ဝဏ္ဏော စ၊ သီလမေဝ ကိရုတ္တမံ။
သီလေန အနုပေတာသ၊ သုတေနတ္ထော နဝိဇ္ဇတိ။

၆၇။ ခတ္တိယော စ အဓမ္မဋ္ဌော၊ ဝေဿော်စာ ဓမ္မနိဿိတော။
တေ ပရိစ္စဇ်ဒေဘော လောကော်၊ ဥပပဇ္ဇန္တိ ဒုဂ္ဂတိ ။

၆၈။ ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလ ပုက္ကုသာ။
ဣဓ မမံ စရိတ္ဝာန၊ ဘဝန္တိ တိဒိဒေဝ သမာ။

၆၉။ န ဝေဒါ သမ္မရုယာယ၊ န ဇာတိ နာပိ ဗန္ဓဝါ။
သကဋ္ဌ သီလံ သုံသုဒ္ဓံ၊ သမ္မရုယ သုခါယ စ.

ဟူသော ဤငါးဂါထာတို့ကို ဆို၏။

၆၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ အကျွန်ုပ်အား။ သီလံ၊ သီလတည်း။ သေယျော၊ မြတ်သလော။ သုတံ၊ သုတသည်တည်း။ သေယျော၊ မြတ်သလော။ ဣတိ၊ ဤသို့။ သံသယော၊ ယုံမှားခြင်းသည်။ အဟု၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ သီလဓမဝ၊ သီလသည်လျှင်။ သုတာ၊ အကြားအမြင်ထက်။ သေဓယျော၊ မြတ်၏။ ဣဘိ၊ ဤသို့။ မေ၊ အကျွန်ုပ်သည်။ ဉာတော၊ သိအပ်ပြီ။ မေ၊ အကျွန်ုပ်အား။ သံသယော၊ ယုံမှားခြင်းသည်။ နတ္ထိ၊ မရှိ။

သီလမရှိ အသုံးမဝင်

၆၆။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇာတိ စ၊ အမျိုးသည်လည်း၊ ကောင်း။ ဝဏ္ဏော စ၊ အဆင်းသည်လည်းကောင်း၊ မောဃာ၊ အကျိုးမရှိကုန်။ သီလမေဝ၊ သီလသာလျှင်။ ဥတ္တမံ ကိရု၊ မြတ်သတတ်။ သီလေန၊ သီလနှင့်၊ အနုပေတာသ၊ မပြည့်စုံသောသူအား။ သုတေန၊ အကြားဆမြင်ဖြင့်။ ဆောတ္ထာ၊ အကျိုးသည်၊ နဝိဇ္ဇတိ၊ မရှိ။

၆၇။ အဓမ္မဋ္ဌော၊ တရားနှင့်မပြည့်စုံသော။ ခတ္တိယော စ၊ မင်းလည်း၊ ကောင်း။ အဓမ္မနိဿိတော၊ အဓမ္မကို မှီသော၊ ဝေဿော စ၊ ကုန်သည်လည်းကောင်း။ တေ ဥဘော၊ ထို နှစ်ယောက်ကုန်သော သူတို့သည်၊ လော

www.dhammadownload.com

ဟောလူ.ပြည် နတ်ပြည်တို့ကို။ ပရိစ္ဆေဒ၊ စွန့်ကုန်၍။ ဒုဂ္ဂတိ၊ ဒုဂ္ဂတိဘ၌။ ဥပပဇ္ဇန်၊ ဖြစ်ကုန်၏။

သီဇာရှိမှု အတူတူ

၆၈။ ခတ္တိယာ စ၊ မင်းတို့သည် လည်းကောင်း။ ဗြာဟ္မဏာ စ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ ဝေဿ စ၊ကုန်သည်တို့သည်လည်းကောင်း။ သုဒ္ဒါ စ၊ သူဆင်းရဲတို့သည်လည်းကောင်း။ စတ္တာလ ပုဂ္ဂလသာစ၊ သူသေကောင်ကိုစွန့်သော စတ္တာလ,ပန်းမိုက်သွန်မျိုးတို့သည်လည်းကောင်း။ဧဝံ၊ ဤသို့။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊တရားကို။ စရိတ္ဘာန၊ကျင့်၍။တိဒိဒဝ၊ နတ်ပြည်၌။ ဃမာ၊ တူကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

နောင်ဘဝတွက်သာ သီလသာ

၆၉။ ဝေဒါဓဗင်တို့သည်။ ဃမွဇာယာယ၊ တမ္မလွန်၌ စည်းစိမ်ချမ်းသာ ပေးခြင်းငှာ။ နဟာန္တိ၊မဖြစ်ကုန်။ ဇာတိပိ၊ အမျိုးတို့ဆည်းလည်း။ သမ္မဇာယာယ၊ တမလွန်ဘဝ၌ စည်းစိမ်ချမ်းသာကို ပေးခြင်းငှာ။ နဟာန္တိ၊ မဖြစ်ကုန်း ဗန္ဓဝါပိ၊ အဆွေအမျိုးတို့သည်ဆည်း။ သမ္မဇာယာယ၊ တမလွန်၌ စည်းစိမ်ချမ်းသာကို ပေးခြင်းငှာ။ နဟာန္တိ၊ မဖြစ်ကုန်။ သံသုဒ္ဓံ၊ စင်ကြယ်သော။ သကဥ္စသိလံ၊ မိမိသီလသည်သာလျှင်။ ဃမွဇာယ သုခါယ၊ တမလွန်၌ဖြစ်သော ချမ်းသာအကျိုးငှာ၊ ဟောတိ စ၊ ဖြစ်သလျှင်ကတည်း။

ဤသို့ ဘုရား၊လောင်းသည် သီလကျေးဇူးတို့ကို ချီးမွမ်း၍ မင်းကို ပြော၍ ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ ထိုနေ့၌လျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ပြဟ္မဉ့်ပြည်သို့ လားစေ၏။

ဇာတ်ပေါင်း။ သဗ္ဗညူ မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သီလကို စုံစမ်းသော ရသေ့ရဟန်းပြုသော ပုဏ္ဏား ဖြစ်ပြီ"ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဗဟုသုတ၊ မြောက်မြားစွာ၊ သီလထို့ထက်သာ)
နှစ်ဝုတို့၏ ပြည့်ကြောင်းဖြစ်သော သီလဝိမံသဇာတ်သည် ပြီး၏၊

www.dhammadownload.com

၁၃-ဟိရိဇာတ်

အဆွဲခင်ပွန်းယူတ် အကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ''ဟိရိ တရုန်'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဟိရိဇာတ်ကို ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ အဆွဲခင်ပွန်း ဖြစ်သော ပစ္စန္တရစ်နေ သူဌေးကို အားကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ နှစ်ပါးကုန်သော ဝတ္ထုတို့ကိုလည်း ကောဇနိပါတ် နဝမဝဂ်၏ အဆုံးဇာတ်၌ ခဲ့ပြီးသလျင်စတည်း။

အတိတ်ဝတ္ထု။ ဤ ဟိရိဇာတ်၌ကား-ပစ္စန္တအရပ်နေ သူဌေး၏ လူတို့ထည် လုယက်အပ်သော အလုံးစုံသော ဥစ္စာရှိကုန်သည်ဖြစ်၍ ပြေးကုန်၏ဟု ဗာရာဏသီသူဌေးအား ကြားခဲလျှောက်သည် ရှိသော် ဗာရာဏသီသူဌေးသည် ''မိမိအထံသို့ လာကုန်သော သူတို့အား ပြုအပ်သောအမှုကို ဝပြုကုန်သော သူတို့မည်သည်ကား ကျေးဇူးတုံ့ပြန်တတ်သော သူတို့ကို ဓရကုန်'' ဟု ဆို၍

၂၀။ ဟိရိ တရုန် ဝိဇိဂုစ္ဆမာနံ၊
တဝါဟမသ္မိ ဣတိ ဘာသမာနံ။
သေယျာနိ ကမ္မာနိ အနာဒိယန္တံ၊
နေသော မမန္တိ ဣတိ နံ ဝိဇညာ။

၂၁။ ယံ ဟိ ကယိရာ တံ ဝဒေ၊ ယံ နု ကယိရာ နု တံ ဝဒေ။
အကဓရာန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။

၂၂။ နု သော မိတ္တော ယော သဒါ အပ္ပမတ္တော၊
ဘေဒါသင်္ကီ ရန္ဓမဝါနုပဿီ၊
ယသ္မိဉ္စ သေတိ ဥရသီဝ ပုတ္တော၊
သဝေမိတ္တော ယော အဘေဇ္ဇော ပဒရဘိ။

၂၃။ ပါမောဇ္ဇ ကရဏံ ဌာနံ၊ ပသံသ ဝဟနံ သုခံ၊
ဖလာနိသံသော ဘာဝေတိ၊ ဝဟန္တော ပေါရိသံ ဓုရံ။

www.dhammadownload.com

၂၄။ ပဝိဝေကရသံ ပိတ္ဝာ၊ ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပ္ပီတိရသံ ပိဗံ.
ဟူသော ဤငါးဂါထာတို့ကို ဆို၏။

နှုတ်သက်သက်ကား မိတ်ဆွေမဟုတ်

၂၀။ ဟိရိ၊ ရှက်ခြင်းကို။ တရန္တော်၊ လွန်သော။ ဝိဇိဂုစ္ဆမာနံ၊ မိတ်ဆွေခင်ပွန်း၏ အဖြစ်ကို စက်ဆုပ်အပ်သော။ အဟံ၊ ငါကား။ တဝ၊ သင်၏။ မိတ္တော၊ အဆွေခင်ပွန်းသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘာသမာနံ၊ စကားမျှကိုသာလျှင် ဆိုသော။ သေယျာနိ၊ မြတ်ကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ အနာဒိယန္တော်၊ မပြုသော။ နံ၊ ထိုသူကို။ သေော၊ ဤသူသည်။ ဓမ၊ ငါ၏။ နမိတ္တော၊ အဆွေခင်ပွန်းမဟုတ်။ ဣတိ၊ ဤသို့။ ဝိဇာနာ၊ သိကုန်၏။

လက်ပါပါမှ မိတ်ဆွေစစ်

၂၁။ ယော၊ အကြင်သူသည်။ သဒါ၊ ဧာခါခပ်သိမ်း။ အပ္ပမတ္တော၊ မမေ့လျော့သည်ဖြစ်၍။ မိတ္တာသ၊ မိတ်၏။ ဝိနာသံ၊ ပျက်စီးခြင်းကို၊ နဒေတိ၊ မပေး။ ဘေဒါသင်္ကီ၊ မိတ်၏ပျက်စီးခြင်းကိုလျှင် ရှာ၍၊ ရန္ဓမေဝ၊ မိတ်ပျက်ခြင်း၏ အကြောင်းကိုလျှင်။ အနုပဿီ၊ အစဉ်ရှု၏။ သော။ ထိုသူသည်။ မိတ္တော်၊ မိတ်မည်၏။ ပုဗ္ဗော၊ သားသည်။ ဥရသိ၊ အမိရင်ခွင်၌။ နိဟုဿကော်၊ ရှာ၍ခြင်းကင်းလျက်။ သေတိလ္လဝ၊ အိပ်သကဲ့သို့။ ယသ္မိဉ္စ၊ အကြင်သူ၌လည်း။ မိတ္တော၊ အဆွေခင်ပွန်းသည်။ နိဟုသကော်၊ ရှာ၍ခြင်းကင်းသည်ဖြစ်၍၊ သေတော်၊ အိပ်၏။ ယော စ၊ အကြင်သူသည်လည်း။ ပရေဘိ၊ သူတစ်ပါးတို့ကြောင့်။ အနဘဇ္ဇော၊ မကဲ့မပြား။ သ-သော၊ ထိုသူသည်။ ဧဝ၊ စင်စစ်။ မိတ္တော၊ အဆွေခင်ပွန်းမည်၏။

www.dhammadownload.com

မိတ်ဒဿတာဝန် ၄-ပါး

၃၃။ ဖလာနိသံသော၊ ဇကျိုးအာနိသင်ကို မြင်သော၊ ပေါရိသံ၊ ယောကျ်းတို့သည် ဆောင်အပ်သော။ ခုရံ၊ဒါန သီလ ဘာဝနာ မိတ်ဖွဲ့သည်၏အဖြစ်ဟု ဆိုအပ်သော လေးပါးအပြားရှိသော ဝန်ကို။ ဝဟန္တော်၊ ရွက်ဆောင်သောသူသည်၊ ပါမောဇ္ဇကရုဏ်၊ မိတ်ဖွဲ့သည်၏အဖြစ်ဟု ဆိုအပ်သော ဝမ်းမြောက်ခြင်းကို ပြုတတ်သော။ ဌာနံ၊ ဖြစ်ကြောင်းကို လည်း ကောင်း။ ပသံသာ ဝဟနံ၊ ချီးမွမ်းခြင်းကို ရွက်ဆောင်တတ်သော။ သုခံ၊ ချမ်းသာကို လည်းကောင်း၊ ဘာဝေတိ၊ပွားစေ၏။

အမြိုက်ရသော ၃ ပါး

၃၄။ ပဝိဒဝကရသံ၊ ကာယဝိဝေကာ စိတ္တဝိဒဝက ဥပဓိဝိဝေကတို့ကို မှီ၍ဖြစ်သော ဝမ်းမြောက်ဝမ်းသာခြင်းဟူသော ရသကို။ပိတ္တာ၊သောက်၍။ ဥပသမဿ၊ ကိလေသာ ငြိမ်းခြင်း၏။ ဝဿနံ၊ အစွမ်းဖြင့်။ လဒ္ဓံ၊ ရအပ်သော။ ရသံ ဝါ၊ ဝမ်းမြောက်ဝမ်းသာခြင်းဟူသော ရသကိုလည်း။ပိတ္တာ၊ သောက်၍။ ဓမ္မပီတိရသံ၊ ဓမ္မပိတိဟု ဆိုအပ်သော ဝိမုတ္တိရသကို။ ပိဓံ၊ သောက်သေးသူသည်။ နိဒ္ဒရော၊ကိလေသာဟူသော ပူပန်ခြင်းမရှိသည်။ နိပ္ပါပေါ၊အကုသိုလ်မရှိသည်။ ဟောတိ၊ဖြစ်၏။

ဤသို့ ဘုရားလောင်းဘဝသည် ယုတ်မာသော အခဆဲခင်ပွန်းနှင့် ပေါင်းမိခြင်းကြောင့် ထိတ်လန့်ခြင်းဖြစ်၍ ပဝိဒဝက၏ အစွမ်းအားဖြင့် အမြိုက်နိဗ္ဗာန်သို့ ရောက်ရ၍ ဒေသနာ၏ အထွတ်ကို ယူ၏။

ဇာတ်ပေါင်း။ သဗ္ဗညု မြတ်စွာဘုရားသည် ဤမေမ္မဒေသနာကို ဆောင်တော်မူ၍ ''ယခုအခါ ငါဘုရားသည်လျှင် ထိုဒုဗ္ဘိက သူဌေးဖြစ်ပြီ'' ဟု ဇာတ်ကို ပေါင်းဆက်မူ၏။

(မိတ်ဆွေ ယုတ်မြတ်၊ ခွဲခြားမှတ်၊ ဒုပါင်းအပ်သင့်ပေသည်။)

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဟိရိဇာတ်သည် ပြီး၏။

၁၄-ခဇ္ဇောပနကဇာတ်

ကဲ့နုသန္တမို့ ပဒေ့ဒရဟ-အာစရိယသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ခဇ္ဇောပနက ပဉ္စာသည် မဟာဥမင်္ဂဇာတ်၌ အကျယ်အားဖြင့် ဖြစ်လတ္တံ့။

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ခဇ္ဇောပနက ဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၅-အဟိတုဏ္ဍိကဇာတ်

ဓမ္မာက်ကိုမွေးသော အလမ္ဘာယ် အကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗညူမြတ်စွာဘုရားသည် "ဓုတ္တောမို့" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဟိတုဏ္ဍိကဇာတ်ကို ဇေတဝန်ကျောင်း၌ ထာ၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ရဟန်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ဝတ္ထုကို အောက် သာလူကဇာတ်၌ ခဲ့ဖူးပြီး)

ဤ အဟိတုဏ္ဍိက ဇာတ်၌လည်း ထိုရဟန်းကြီးသည် ဤမည်သော ရွာသူ သားငယ်ကို ရဟန်းပြု၍ ဆဲရေး ရိုက်ပုတ်၏။ သဒ္ဓမ္မဏေဝယ် သည် ပြေး၍ လူထွက်၏။ နှစ်ကြိမ်မြောက်လည်း ထိုသူငယ်ကို ရှင်ပြု စေ၍ ရွေးဖာတူလျှင် ပြု၏။ သုံးကြိမ်မြောက်လည်း လူထွက်၍ တစ်ဖန် တောင်းပန်အပ်သည်ရှိသော် ကြည့်ခြင်းငှာလည်း အလိုမရှိ။ ရဟန်းတို့ သည် တရားသဘင်၌ "ဝါ့ရှင်တို့—ဤအမည်ရှိသော ရဟန်းကြီးသည်, မိမိ သာမဏေနှင့် ဖာတူတကွ နေခြင်းငှာ မတတ်နိုင်၊ ကင်း၍ နေခြင်းငှာလည်း မတတ်နိုင်၊ သာမဏေသည် ထိုရဟန်းကြီး၏ အပြစ်ကိုမြင်၍ ပြန်၍ ကြည့် ခြင်းငှာလည်း အလိုမရှိ၊ သာမဏေသည် စိတ်လိမ္မာ၏" ဟု စကားကို ဖြစ် စေကုန်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ "ရဟန်းတို့... ယခုအခါ အဘယ်စကားဖြင့်စည်းဝေးကုန်သနည်း" ဟု မေးတော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နားခံတော် လျှောက်လတ်သော် "ရဟန်းတို့....ယခုအခါ၌သာလျှင် ဤသာမဏေငယ်သည် စိတ် လိမ္မာသည်ဖြစ်၍ တစ်ကြိမ်တစ်ခါ အပြစ်ကိုမြင်၍ တစ်ဖန်ပြန်၍ ကြည့်ဖို့ သောငှာ အလိုမရှိသည် မဟုတ်သေး၊ ရှေး၌လည်း အလိုမရှိသည် သာလျှင် တည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် စပါးရောင်းသော ကုန်သည်မျိုး၌ဖြစ်၍ စပါးရောင်းသဖြင့် အသက်မွေး၏။

www.dhammadownload.com

အလမ္ဗာယ်မျောက်

ထိုအခါ တစ်ယောက်သော အလမ္ဗာယ်သည် မျောက်ကိုယူ၍ အဝေးတ်သင်၍ မြေကို ကစား၊စေ၍ ဗာရာဏသီပြည်၌ ပဲ့သဘင် ကြေး၊ကြော်လတ်သော် ထိုမျောက်ကို စပါး၊ရောင်း၊သောကုန်သည်၏အထံ၌ ထား၍ မြေကို ကစား၊လျက် ခုနစ်ရက်တို့ ပတ်လုံး လှည့်လည်၏။ ထိုကုန်သည်လည်း မျောက်အား ခဲဖွယ်ဘောဇဉ်ကို ပေး၏။ အလမ္ဗာယ်သည် ခုနစ်ရက်မြောက်သောနေ့၌ ပဲ့သဘင်ကစား၊ရာမှ လာ၍ ထိုမျောက်ကို ဝါး၊ခြမ်း၊စိတ်ဖြင့် သုံး၊ကြိမ်ရိုက်၍ မျောက်ကိုယူ၍ ဥယျာဉ်သို့သွား၍ နေ့ခင်ဖွဲ့၍ အိပ်ပျော်ခြင်း၊သို့ ရောက်၏၊

မျောက်ထွက်ပြေး၊ပြီ

မျောက်သည် အနေ့ခင်အဖွဲ့ကိုဖြေ၍ ဆရက်ပင်သို့တက်၍ သရက်သီး တို့ကို စား၍နေ၏။

မြွေက်ပင့်ခေါ်ခြင်း၊

အလမ္ဗာယ်လည်း နိုး၍ သရက်ပင်၌ မျောက်ကို မြင်၍ "ထိုမျောက်ကို ငါသည် ဖြေး၊ယောင်း၍ ယူခြင်း၊၌ သင့်၏၊" ဟူ ထိုမျောက်နှင့် တကွ စကား၊ပြောလိုရကား၊-

၂၅။ ဓုတ္တောမို့ သမ္မ သုခုမ၊ ဇုတေ အက္ခပဏ္ဍိတော။
ဟာရေဟိ အမ္ဗပက္ကာနိ၊ ဝိရိယန္တေ ဘက္ခယာမသေ-

ဟူသော ရွှေးဦး၊စွာသော ဤဂါထာကို ဆို၏၊

၂၅။ သမ္မသုခုမ၊ ကောင်း၊သော မျက်နှာရှိသော အချင်း၊မျောက်။ အဟံ၊ ငါသည်၊ ဇုဇ္ဇတ၊ ကြွေအန်ကစား၊ခြင်း၌၊ ဓုတ္တော၊ ကြွ၊း၊သည်။ အမို့၊ ဖြစ်၏၊ အက္ခပဏ္ဍိတော၊ ကြွေအန်တို့မှု ရှုံး၏၊ အမ္ဗပက္ကာနိ၊ သရက်သီး၊မည်တို့ကို၊ ဟာရေဟိ၊ ချ၊လော့။ တေ၊ သင်၏။ ဝိရိယံ၊ ဝိရိယကြောင့်ဖြစ်သော သရက်သီး၊မည်တို့ကို။ ဘက္ခယာမသေ၊ စား၊ကုန်အံ့။

ရန်သူမိတ်ဆွေသိပြီ၊လေ

ထိုစကား၊ကို၊ကြား၍ မျောက်သည်-

၂၆။ အလိကံ ဝတ မံ သမ္မ၊ အဘူတေန ပသံသသိ။
ကော တေ သုဒ္ဓော ဝါ ဒိဋ္ဌော ဝါ၊ သုံမုခေါ နာမ မက္ကဋော။

www.dhammadownload.com

၃၂။ အဇ္ဇာမိ တေ မံ သရသိ၊ ယံ တုံ မံ အဟိတုဏ္ဍိက။
ဓညာပဏ်ံ ပဝိသိတ္ဝာ၊ မုတ္တော ဆာတံ ဟနသိ မံ။
၃၃။ တာဟံ သရံ ဒုက္ခဿဃ်ု၊ အပိ ရဇ်ံ ပိ ကာရယေ။
နေဝ တံ ယာစိတော ဒဇ်ံ၊ တထာ ဟိ ဘယဘဇ်ိတော။
၃၄။ ယဉ္ဉ ဇညာ ကုလေ ဇာတံ၊ ဂဒ္ဒေ တိတ်ံ အမစ္ဆရိ။
တေန သခိဉ္ဉ မိတ်ဉ္ဉ၊ ဓိရော သန္ဓာတု မရဟတိ-
ဟူသော ဤလေးဂါထာတို့ကို ဆို၏၊

၂၅။ သမ္မ အဟိတုဏ်ိက၊ အချင်း အလံမွာယ်။ တုံ၊ သင်သည်။ မံ။ ငါ့ကို။ အဘူဒတန်၊ မဟုတ်မမှန်သောစကားဖြင့်။ ပသံသသိ၊ ချီးမွမ်းအံ့။ တဝ၊ သင်၏။ ဝစနံ၊ စကားသည်။ အလီကံ ဝတ၊ ချက်ယွင်းစွတကဝ်း။ တေ၊ သင်သည်။ ကော၊ အဘာယ်၌။ သုမုခါနာမ၊ ကောင်းသောမျက်နှာရှိသည်မည်သော။ မဏ္ဍဒ္ဒေဝီ၊ မျောက်ကို။ သုတော ဝါ၊ ကြားမူလည်း ကြားဖူးပါသနည်း။ ဒိဗ္ဗောဝါ၊ မြင်မူလည်း မြင်ဖူးပါသနည်း။

၂၆။ အဟိတုဏ်ိက၊ အလွမ်းယ်။ တုံ၊ သင်သည်။ ဓညာပဏ်ံ၊ စပါးစေ့သို့။ ပဝိသိတ္ဝာ၊ ဝင်၍။ မံ၊ ငါ့ကို။ မုတ္တော၊ လွှတ်၍။ ဆာတံ၊ ငတ်မွတ်ဆာလောင်သော။ မံ၊ ငါ့ကို။ ယံဟနသိ၊ အကြောင်ရိုက်ခြင်းကိုပြု၏။ တေ၊ သင်၏။ တုမံ၊ ဤရိုက်ခြင်းကို။ တုံ၊ သင်သည်။ အဇ္ဇာပို၊ ယခုလည်း။ သရသိ၊ အောက်မေ့လော့။

၂၇။ အဟံ၊ ငါသည်။ တံ ဒုက္ခဿဃ်ု၊ ထိုဆင်းရဲသဖြင့် အိပ်ရခြင်းကို။ သရံ၊ အောက်မေ့၏။ တယာ၊ သင်သည်။ မံ၊ ငါ့ကို။ ဘယဘဇ်ိတော၊ ဘေးဖြင့် ခြိမ်းခြောက်၏။ တထာဟိ၊ ထို့ကြောင့်လျှင်။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ ရဇ်ံပိ၊ မင်းအဖြစ်သို့လည်း၊ ကာရယေအပိ၊ ပြုပြောင်းအံ့။ ယာစိတော၊ သင်တောင်းအပ်သော။ အဟံ၊ ငါသည်။ တံ တဝ၊ သင်အား။ နေဝ ဒဇ်ံ၊ မပေးသလျှင်ကတည်း။

၂၉။ ကုသလ၊ အမျိုးဌ်၊ ဇာတံ၊ ဖြစ်သော၊ ဂဒ္ဒေ၊ ကိုယ်ဝန်ဌ်၊ တိတ်ံ၊ ရောင့်ရဲသော။ အမစ္ဆရိ၊ ဝန်မတိုသော။ ယဉ္ဉ၊ အကြောင်သူကိုလည်း။ ဇညာ၊ သိထု၏။ ဓိရော၊ ပညာရှိသည်။ တေန၊ ထိုသူနှင့်။ သခိဉ္ဉ၊ အဆွေခင်ပွန်း၏ အဖြစ်ကိုလည်းကောင်း။ မိတ်ဉ္ဉ၊ မိတ်၏အဖြစ်ကိုလည်းကောင်း။ သန္ဓာတုံ၊ စေ့စပ်အံ့သောငှာ။ အရဟတိ၊ ထိုက်၏။

www.dhammadownload.com

ဇာတ်ပေါင်း။ ဤသို့လျှင်ဆို၍ မျောက်သည် တောသို့ လျှင်မြန်စွာ ဝင်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆေးငင်တော်မူ၍ ''ယခုအခါ ရဟန်းကြီးသည် ထိုအခါ အလမွာယ်ဖြစ်ပြီ၊ ယခုအခါ သာမဏေသည် ထိုအခါ မျောက်ဖြစ်ပြီ၊ ယခုအခါ ဝါဘုရားသည်လျှင် ထိုအခါ စပါးကုန်ဆောင်းသောသူဖြစ်ပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မြောက်စား ခြောက်စား၊ ထိုသူအား၊ ရှောင်ရှား ဝေးဝေးခွာ။)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော အဟိတုဏ္ဍက ဇာတ်သည် ပြီး၏။

၁၆-ဂုမ္ဗိယဇာတ်

အဆိပ်ခတ်သော ဘီလူးအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''မဓုဝဏ္ဏံ မဓုနသံ'' အစရှိသော ဂါထာပုဒ်ဖြင့် တနံဆာဆင်အပ်သောဤဂုမ္ဗိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ တိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် ''ရဟန်း... သင်သည် ငြီးငွေ့သောဟူသည် မှန်သလော'' ဟု မေးတော်မူ၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား....မှန်ပေ၏'' ဟု နားတော်လျှောက်သည်ရှိသော် ''ဓာတယ်ကိုမြင်၍ သင်ငြီးငွေ့သနည်း'' ဟု မေးတော်မူ၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား...တန်ဆာဆင်သောမိန်းမကိုမြင်၍ ငြီးငွေ့၏'' ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်း... ဤငါးပါးသော ကာမဂုဏ်တို့မည်သည်ကား ဂုမ္ဗိယမည်သော တစ်နယ်ကဲသော ဘီလူးသည် လတ်တလော ဆေးတတ်သော ဆရာဆိပ်ကိုထည့်၍ ခရိုင်၌ ထားအပ်သော ဟျားဆရာနှင့် တူကုန်၏'' ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ ဆိပ်တိုက်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းထည့် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လှည်းကုန်သည်အမျိုး၌ ဖြစ်၍ ဆရွယ်ရောက်လတ်သော် ဗာရာဏသီပြည်မှ လှည်းငါးရာတို့ဖြင့် ဘက္ကာကိုယူ၍ကုန်ဆောင်းအံ့သောငှာ သွား၍ တောအုပ်ကြီးဆီဝသို့ရောက်၍

။ဝဲဃြနဒၡးဇေးငါးလဲးငှ ဥယဲဥဝဇၚလဲငဇၚဇၚခြဝ်ဂုဝ်ထွဇဇ ။၂-ဝဲ
(ဌဝဇကဇ်ဒိပ ၊ဃ-ဝ၆၆)

www.dhammadownload.com

www.dhammadownload.com

လှည်းကုန်သည်တို့ကို စည်းဝေးစေ၍ ''အချင်းတို့....ဤခရီး၌ အဆိပ်ရှိကုန်သော အရွက် အပွင့် အသီး အစရှိသည်တို့ ရှိကုန်၏။ ဘီလူးတို့သည်လည်း အဆိပ်ကိုထည့်၍ ထမင်းထုပ်, ပျစား, သစ်သီးတို့ကို ခရီး၌ ထားအပ်ကုန်၏၊ ထိုအရွက် အပွင့် အသီး အစရှိသည်တို့ကို မစားဘူးဘဲ စားလိုသည်ရှိသော် ငုခဲကို မပန်မူ၍ မစားကြကုန်လင့်'' ဟု ဆုံးမ၍ ခရီးသို့သွား၏။

အစာကို အရမ်းမစား၍

ထိုအခါ ဂုမ္ဗိယမည်သော တစ်ယောက်သောဘီလူးသည် တောအုပ်၏ အလယ်ခရီး၌ သစ်ရွက်တို့ကိုခင်း၍ လတ်တလော သေစေတတ်သော အဆိပ်နှင့် ယှဉ်ကုန်သော ပျားလပို့ခဲတို့ကို ထား၍ မိမိသည် ခရီး၏အနီး၌ ပျားကို ယူသကဲ့သို့လည်းကောင်း, သစ်ပင်တို့ကို ပေါက်သကဲ့သို့ လည်းကောင်း လှည့်လည်၏။ မသိကုန်သော သူတို့သည် စောင်းမှုအကျိုးငှာ ထားအပ်ကုန်သည် ဖြစ်လတ္တံ့ဟု စား၍ အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ဘီလူးတို့သည် လခလတ်ကုန်၍ ထိုလူသေတို့ကို စားကုန်၏။

ဘုရားလောင်း၏ လှည်းကုန်သည်တို့သည် ထားအပ်သော ပျားတို့ကို မြင်၍ လျှပ်ပေါသော သဘောရှိကုန်သော အချို့သော သူတို့သည် သည်းခံအံ့သောငှာ မဘတ်နိုင်ကုန်၍ စားကုန်၏၊ ပညာရှိကုန်သောသူတို့သည် ''ဘုရားအလောင်းကို မေး၍ စေးကုန်အံ့'' ဟု ယူ၍ ရပ်ကုန်၏။ ဘုရားလောင်းသည် ထိုလူတို့ကိုမြင်၍ လက်ဦး ရှိကုန်သော ပျားတို့ကို စွန့်စေ၏။ အကြင်သူတို့သည် ရှေးဦးစွာ စားကုန်၏၊ ထိုသူတို့သည် သေကုန်၏။ အကြင်သူတို့သည်လည်း ထက်ဝက်စားကုန်၏၊ ထိုသူတို့အား အောဇအန်စေထတ်သော ဆေးတို့ကိုပေး၍ အောဇအန်သောအာလဒ္ဓ စတုဓမ္မကိုပေး၏။ ဤသို့ ထိုသူတို့သည် ဘုရားလောင်း၏ အာနုဘော်အားဖြင့် အသက်ကို ရကုန်၏။ ဘုရားလောင်းသည် ချမ်းသစသဖြင့် လိုရာအရပ်သို့ သွား၍ ဘုဏ္ဏာကို ရောင်း၍ မိမိအိမ်သို့လျင် သွား၏၊

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍-

၈၀။ မစုံဝဏ္ဏံ မစုံရသံ၊ မစုံဂန္ဓံ ဝိသံ အဟု။
ဂုမ္မိဒယာ ယာသမေသာနေဝ၊ အရာညာ သြဒဟိ ဝိသံ။

ဒသ.၁၀.၅၅၀(တ.တွဲ)

www.dhammadownload.com

၈၁။ မဓူတိ မညုမာနာယ၊ ယေ တံ ဝိသ မခါဒိသုံ။
တေသံ တံ ကဋ္ဌုကံ အာသိ၊ မဂ္ဂဇန္တ နုပါဂမုံ။
၈၂။ ယေ စ ခေါ ပဋိသင်္ခါယ၊ ဝိသန္တံ ပရိဝဇ္ဇယုံ။
တေ အာတုရေသု သုခိတာ၊ ဒုယ္ဟမာနေသု နိဗ္ဗုတာ။
၈၃။ ဇဝမေဝ မနုဿေသု၊ ဝိသံ ကာမာ သမေဒဟိတာ။
အာမိသံ ဗန္ဓနဋ္ဌေတံ၊ မုစ္စုဇဝသော ဂုဟာသယော။
၈၄။ ဇဝမေဝ ဣမေ ကာမေ၊ အာတုရာ ပရိစာရိကေ။
ယေ သဒါ ပရိဝဇ္ဇန္တိ၊ သင်္ဂံ လောကေ ဥပစ္စဂုံ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

၈၀။ မဓုဝဏ္ဏံ၊ ပျားအဆင်းရှိသော၊ မဓုရသံ၊ ပျားအရသခရှိသော၊ မဓုဂန္ဓံ၊ ပျားအနံ့ရှိသော၊ ဝိသံ၊ အဆိပ်သည်။ အဟု၊ ဖြစ်၏။ ယဒသံ၊ အစာကို။ သေဒနေ၊ ရှာသော။ ဂုဗ္ဘိယော၊ ဂုမ္ဗိယဘီလူးသည်၊ အရဉ်း၊ တစ်၌၊ ဝိသံ၊ ဆိုအပ်ပြီးသော အဆိပ်ကို၊ သြဒဟိ၊ ထား၏။

၈၁။ ယေ၊ အကြင်သူတို့သည်။ တံ ဝိသံ၊ ထိုအဆိပ်ကို။ မဓူတိမညုမာနာယ၊ ပျားဟူထင်မှတ်သဖြင့်။ အခါဒိသုံ၊ စားကုန်၏။ တေသံ၊ ထို့သူတို့အား။ တံ၊ ထိုအဆိပ်သည်၊ ကဋ္ဌုကံ၊ ထက်သည်။ အာသိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်၊ မရဏံ၊ သေခြင်းသို့၊ ဥပါဂမုံ၊ ရောက်ကုန်၏။

၈၂။ ယေ စ ခေါ၊ အကြင်သူတို့သည်လည်း။ ပဋိသင်္ခါယ၊ ဆင်ခြင်၍၊ တံ ဝိသံ၊ ထိုအဆိပ်ကို၊ ပရိဝဇ္ဇယုံ၊ ကြဉ်ကုန်၏၊ တေ၊ ထိုသူတို့သည်။ အာတုရေသု၊ သေကုန်သောသူတို့၌။ သုခိတာ၊ ချမ်းသာကုန်၏။ ဒုယ္ဟမာနေသု၊ အဆိပ်လောင်ကုန်သော သူတို့၌။ နိဗ္ဗုတာ၊ ငြိမ်းကုန်၏။

ကာမဂုဏ်အဆိပ်များကိုရှောင်

၈၃။ ဇဝမေဝ၊ ဤအတူလျှင်၊ မနုဿေသု၊ လူတို့၌။ အာမသမော ဟိတာ၊ တာမဂုဏ်ငါးပါးတို့၏အပေါင်းတို့သည်၊ ဝိသံ၊ အဆိပ်မည်၏။ တေသံ၊ ထိုတာမဂုဏ်ငါးပါးဟူသော အဆိပ်သည်။ အာမိသဋ္ဌ၊ အာမိသသည်လည်း။ ဟော်တိ၊ ဖြစ်၏။ ဗန္ဓနဋ္ဌ၊ အနှောင်ဖွဲ့ဆည်လည်း။ ဟောတိ၊ ၏။ ဂုဟာသယော၊ ကိုယ်တည်းဟူသောလိုက်၌ အောင်းတတ်

www.dhammadownload.com

သော။ မစ္စုဝေသော၊ သေမင်းအသွင်သည်။ ဝါ၊ သေမင်းနှင့်တူသည်။ ဟဲ့ခတီ၊ ဖြစ်၏။

၈၄။ ဝေမေဝ၊ ဤအတူလျှင်။ယေ၊ အကြင်သူတို့သည်။ ပရိစာရိကေ၊ ကိုလေသာဖြင့် လုပ်ကျွေးတတ်ကုန်သော။ ဤမေ ကာမေ၊ ဤကာမတို့ကို။ အာဒတ္တရူ၊ ကြင်နာကြောက်ရွံ့ခြင်း ရှိကုန်သည်ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း။ ပရိဝဇ္ဇန္တိ၊ ကြဉ်ကုန်၏။ တေ၊ ထိုသူတို့သည်။ လောကေ၊ လောကဋ္ဌ။ သင်္ခ်၊ ကိလေသာကို။ ဥပစ္စဂုံ၊ လွန်ကုန်၏။

သစ္စာကို ပြသည်၏အဆုံး၌ ငြိုးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟုမူကား။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လှည်းကုန်သည်ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏၊

(ကာမဂုဏ်ငါး၊ အဆိပ်လား၊ လျှဉ်လျှံ၊ ဆေတတ်စွာ။)

ခြောက်ခုတို့၏ ပြည့်ကြွင်းဖြစ်သော ဂုံမွှိယဇာတ်သည် ပြီး၏။

၁၇-သဒ္ဒိယဇာတ်

သူမျှားမနာလို ကိုယ်အကျိုးမရှိကြောင်း

ဟောတော်မူရာဌာနနှင့်ပစ္စုပ္ပန်ဝတ္ထု။ နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ယွာယံ သာဒ္ဒိယ ဆဓပေါ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဆောင်သော ဤသဒ္ဒိယဇာတ်ကို ဧစဋ္ဌဝန်ကျောင်း၊တော်၌ သီတင်းသုံးနေတော်မူစဉ် ငါ့ရှင်တို့ ဒေဝဒတ်သည် သဗ္ဗညုမြတ်စွာဘုရားအား ထိတ်လန့်ခြင်းကို ဖြစ်စိမ့်သော ဌာန မတတ်နိုင်ဟူသော ရဟန်းတို့၏စကားကို အကြောင်းပြု၍ ဟောတော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွာငယ်၌ သူကြွယ်မျိုးဖြစ်၍ ငယ်သောကာလ မြေမှုန့်ကစားဖက်ဖြစ်သော သူငယ်တို့နှင့်တကွ ရွာတံခါးဝ၌အနီး ပညောင်ပင်ရင်း၌ ကစား၏၊

www.dhammadownload.com

သူ့မကောင်းကြံ ကိုယ့်ဘေးဒဏ်

ထိုအခါ တစ်ယောက်သော အားနည်းသော ဆေးသမားသည် ရှာဌ်ခ် တစ်စုံဘစ်ခုသောအမှုကို မရဘဲ ထွက်လုတ်သော် ထိုဆရပ်သို့ ထွေက်၍ သစ်ခွကြားမှ ဦးခေါင်းကိုထုတ်၍ အိပ်သော မြွေကိုမြင်၍ "ငါဆည် တစ်ခုသောရှာဌ်ခ်လည်း တစ်စုံတစ်ခုကိုမရ၊ ဤသူငယ်တို့ကို လှည့်စား၍ မြွေကိုက်စေ၍ ဆေးကု၍ တစ်စုံတစ်ခုကိုလျှင် ယူအံ့" ဟု ကြံ၍ ဘုရားလောင်းကို "အမောင်....ဆက်ရက်ငယ်ကိုမြင်သော် ယူအံ့လော့" ဟု ဆို၏၊ "ယူအံ့" ဟု ဆိုလတ်သော် "ကြည့်လော့၊ ထိုဆက်ရက်ငယ်သည် သစ်ခွကြားဌ်ခ် အိပ်၏" ဟု ဆို၏။ ဘုရားလောင်းသည် မြွေ၏အဖြစ်ကို မသိရကား၊ သစ်ပင်သို့ဘက်၍ ထိုမြွေကို လည်ဌ်ခ်ဆုပ်ကိုင်၍ "မြွေ" ဟုသိ၍ ဆုတ်နစ် စိမ့်သောငှ မပေးမူ၍ ကောင်းစွာကိုင်၍ လျင်မြန်သော အဟုန်ဖြင့် ပစ်၏။ ထိုမြွေသည် ဆေးသမား၏လည်ဌ်ခ် ကျ၍ လည်ကိုရစ်၍ "ကရ ကရ" ဟု ခဲ၍ ထိုအရပ်ဌ်ခ်လျှင် ထိုဆေးသမားကို လည်းစေ၍ ပြေး၏။ လူတို့သည် ခြံရံကုန်၏။

ဘုရားလောင်းသည် ထောက်လှသော ပရိသတ်အား တရားဟော ရကား-

၈၅။ ယွာယံ သင်္ဒိယ ဆေးပေါတိ၊ ကက္ခသပ္ပံ အဂါဟယိ။
တေန သမ္ပန် ယံ ဒဋ္ဌော၊ ဟတော ပါပါ နုသာသကော။

၈၆။ အဟန္တာဝရ မဟန္တာရံ၊ ယော နရော ဟန္တုမိစ္ဆတိ။
ဧဝံ သော နိဟနတော သေတိ၊ ယထာယံ ပုရိသော ဟတော။

၈၇။ အဟာန္တရမသာဒ္ဓေန်ံ၊ ယော နရော ဟန္တုမိစ္ဆတိ၊
ဧဝံ သော နိဟတော သေတိ၊ ယထာယံ ပုရိသော ဟတော။

၈၈။ ယထာ ပံသုမုဋ္ဌိ ပုရိသော၊ ဒဋ္ဌိဝိတံ ပဋိက္ခိပေ။
တမေဝ သော ရဇော ဟန္တိ၊ တထာယံ ပုရိသော ဟတော။

၈၉။ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ၊
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော-

ဟူသော ဤဂါထာတို့ကို ဆို၏။

www.dhammadownload.com

၈၅။ ယဉ်ဒါယံ၊ အကြောင်ဆေးသမားသည်။ ကဏ္ဍာသပ္ပံ၊ မြွေဟောက်ကို၊ သာဠိယဆေးပေါ်တိ၊ ဆက်ရက်ငယ်ဟူ၍။ အဂါဟယိ၊ ယူစေ၏။ ပါပါနုံသဒ-သဓောဝ၊ ဓဓောင်းသည့်ကို ဆုံးမတတ်ဃော။ အယံ၊ ဤဆေးသမားသည်။ တေနသမယေပွန၊ ထိုမြွေဟောက်သည်။ဒဋ္ဌော၊ခဲအပ်သည်ဖြစ်၍။ ဟဒတော၊ သွေ၏။

၈၆။ ယော နရော၊ အကြောင်သူသည်။ အဟန္တာရံ၊ ညဉ်းဆဲခြင်းငှာ မဆိုက်ခသာ့။ အဟန္တာရံ၊ သတ်ခြင်းငှာ မထိုက်သောသူကို။ ဟန္တုံ၊ သတ်ခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံပုရိသော၊ ဤဆေးသမားယောကျ်ား သည်။ ဟတော ယထာ၊ သေ၍ အိပ်ရသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သော နရော၊ ထိုသူသည်။ နိဟတော၊ သေ၍။ သေတိ၊ အိပ်ရ၏။

၈၇။ ယော နံရော၊ အကြောင်သူသည်။ အဟန္တာရံ၊ ညဉ်းဆဲခြင်းငှာ ဓထိုက်သော။ အဃာတေန္တံ၊ သတ်ခြင်းငှာ မထိုက်သောသူကို။ ဟန္တုံ၊ ညဉ်းဆဲသတ်ဖြတ်ခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံပုရိသော၊ ဤဆေး သဓောယောကျ်ားသည်။ ဟတော ယထာ၊ သေ၍ အိပ်ရသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သော နရော၊ ထိုသူသည်။ နိဟတော၊ သေ၍။ သေတိ၊ အိပ်ရ၏။

၈၈။ ပုရိသော၊ ယောကျ်ားသည်။ပဲသုမုဋ္ဌိံ၊ မြေမှုန့်ဆုပ်ကို။ပဋိဝါတံ၊ လေညာသို့။ ပဋိက္ခိပေ၊၊ပစ်လွှတ်ငြားအံ့။သောရဇော၊ထိုမြူသည်။တမေဝ၊ ထိုယောကျ်ားကိုသာလျှင်။ ဟန္တိယထာ၊ ညဉ်းဆဲသကဲ့သို့။ တထာ၊ ထို့အတူ။ အယံပုရိသော၊ ဤဆေးသမားယောကျ်ားသည်။ ဟတော၊ မိမိသည်လျှင် မိမိကိုယ်ကို သတ်အပ်သည်ဖြစ်၍။ သေတိ၊ အိပ်ရ၏။

၈၉။ ယော နရော၊ အကြောင်သူသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော။ သုဒ္ဓဿ၊ စင်ကြယ်သော။ ပေါသဿ၊ သတ္တဝါဖြစ်သော၊ အနင်္ဃဿ၊ အပြစ်မရှိသော။ နရဿ၊ လူအား။ ဒုဿတိ၊ ပြစ်မှား၏။ ပဋိဝါတံ၊ လေညာသို့။ ခိတ္တော၊ ပစ်အပ်သော။ သုခုမော ရဇော ဣဝ၊ သိမ်မွေ့သောမြူကဲ့သို့။ တမေဝ ဗာလံ၊ ထိုလူမိုက်တို့သာလျှင်။ ပါပံ၊ မကောင်းမှုသည်။ ပစ္စေတိ၊ တစ်ဖန်လာ၏။

www.dhammadownload.com

ဇာတ်ပေါင်း။ သဗ္ဗညု မြတ်စွာဘုရား သည် ဤ မမ္မဒဿနာကို ဆောင်တော်မူ၍ "ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဆေးသမားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိဒသာသူငယ် ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ့်ရှုးအတတ်၊ ကိုယ့်ကိုခတ်၊ ကိုယ့်ပဲတ် စူးတတ်သည်း)

ခုနစ်ခုတို့၏ ပြည့်စုံကြောင်းဖြစ်သော သာဠိယဇာတ်သည် ပြီး၏၊

၁၈-တစီသာရဇာတ်

သဲဘေးနှင့်တွေ့သော်လည်း မစိုးရိပ်အပ်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အမိတ္တဟတ္ထတ္ထဂတော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတစသာရဇာတ်ကို ဇေတဝနကျောင်းတော်၌ သီတင်း သုံးနေတော် မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်းတို့... ယခုအံ့ခါ၌သာလျှင် ငါဘုရားသည် ပညာရှိသည်, ဥပါယ်၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိသည်, ဥပါယ်၌ လိမ္မာသည်သာလျှင် ဖြစ်၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏၊

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရှာဝယ်၌ သူကြွယ်အမျိုး၌ ဖြစ်၏။ အလုံးစုံသောစကားကို ရှေး သာဠိယဇာတ်၌ကား- ဆေးသမားသည်ရှိသော် ရွာ၌ နေကုန်သော လူတို့သည် ထိုသူငယ်တို့ကို လူသတ်လူငယ်တို့ဟူ၍ တောက်တို့ဖြင့် နှောင့်ဖွဲ့၍ "မင်းဆား ပြကုန်အံ့" ဟု ဗာရာဏသီသို့ ဆောင်ကုန်၏။ ဘုရားလောင်းသည် ခရီးဆောင်းခြင်းသာလျှင် ကြွင်းသော သူငယ်တို့အား "သင်တို့သည် မကြောက်ကုန်လင့်၊ မင်းကို မြင်၍တည်း မကြောက်ကုန်ဘဲ နှစ်သက်ဖွယ်သော ဣန္ဒြရိကုန်သည် ဖြစ်ကုန်လော့၊ မင်းသည် သင်တို့နှင့်တကွ ရှေးဦးစွာ စကားကို ဆိုလတ္တံ၊ ထိုအခါမှစ၍ ငါဆည် ပြောအံ့" ဟု အဆုံးအမကို ပေး၏။ ထိုသူငယ်တို့သည် "ကောင်းပြီ" ဟု ဝန်ခံ၍ ဘုရားလောင်းဆိုတိုင်း ပြုကြကုန်၏၊

www.dhammadownload.com

ဘာ့ကြောင့် မကြောက်ကြသလဲ

မင်းသည် မကြောက်ကုန်သော နှစ်သက်ဖွယ်သော ဣန္ဒြေရှိကုန်သော ထိုသူငယ်တို့ကိုမြင်၍ "ဤသူငယ်တို့သည် စက်ဆုပ်ဖွယ်သော တောက်ဖြင့် ဖွဲ့ကုန်၍ ဆောင်အပ်ကုန်သည်ဖြစ်၍ ဤသို့ သဘောရှိသော ဆင်းရဲသို့ ရောက်ကုန်လျက်လည်း မကြောက်ကုန်၊ နှစ်သက်ဖွယ်သော ဣန္ဒြေရှိသည့် လျှင် ဖြစ်ကုန်၏၊ ထိုသူငယ်တို့၏မစိုးရိမ်သောအကြောင်းသည် အဘယ်နည်း" ဟု ထိုသူငယ်တို့ကို မေးလိုက်ရာ၊-

၉၀။ အမိတ္တာ ဟတ္ထတ္ထာဂတာ၊ တစ သာရ သမပ္ပိတာ။
ပသန္နမုခဝဏ္ဏာတ္ထာ၊ ကသ္မာ တုမ္ဟ နသောစထ-

ဟူသော် ရှေးဦးစွာသာ ဤဂါထာကို ဆို၏၊

၉၀၊ ဒါရကာ၊ သူငယ်တို့။ တုမ္ဟေ၊ သင်တို့သည်။ အမိတ္တာဟတ္ထတ္ထာဂတစ၊ ရန်ထူတို့၏လက်သို့ ရောက်ကုန်လျက်၊ တစသာရ ဆမပ္ပိဟာ၊ ဝါးလုံး တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်လျက်၊ ပသန္နမုခဝဏ္ဏာ၊ ကြည်လင်သော မျက်နှာ အဆင်းရှိကုန်သည်၊ ဆတ္ထာ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်၊ နသောစထ၊ မစိုးရိမ်ကြကုန်သနည်း"

စိုးရိမ်ဝိုကြွေး ဒုက္ခပေး

ထိုစကားကို ကြား၍ ဘုရားလောင်းသည်-

၉၁၊ နသောစနာယ နရိဒေဝနာယ၊
ဆတ္ထော စ လဇ္ဇာ အပိ အပွကော်ပိ။
သောစန္တိမေနံ ဒုဗ္ဘဂံ ဝိဒိတ္တာ၊
ပစ္စတ္ထိကာ အတ္တမနာ ဘဝန္တိ။

၉၂။ ယဒတာ စ ခေါ ပတ္ထိဒေဝာ အပဒါသု၊
နှ ဝေရတိ ဆတ္ထ ဝိနိစ္ဆယည္။
ပစ္စတ္ထိကာ တေ ဒုခိတာ ဘဝန္တိ၊
ဒိသ္မာ မုခံ ဆဝိကာရံ ပုထုဏ်ံ။

www.dhammadownload.com

၉၃။ ဇပေါန မန္တေန သုဘာသိတေန၊
အနုပုဒါနေန ပဓဝကိယာ ဝါ။
ယထာ ယထာ ယတ္ထံ လဘေထ အတ္တာ၊
တထာ တထာ တတ္ထ ပရက္ကမေယျ။

၉၄။ ယတောစဇာနေယျ အလဘ္ဘနေယျော၊
ဓယာဝ အညေန ဝါ သေဘးတ္ထာဒ။
အဒသာစမာနော အဓိဝါသယေယျ၊
ကမ္မံ ဒဋ္ဌံ ကိန္တိ အရောမိ ဒါနိ.

ဟူသော ဤဂါထာတို့ကို ဆို၏။

၉၁။ မဟာရာဇ၊ ပြောတ်သော မင်းကြီး။ သောစနာယ စ၊ စိုးရိမ်သဖြင့် လည်းကောင်း။ ပရိဒေဝနာယ စ၊ ငိုကြွေးသ'ဖြင့် လည်းတောင်း။ အပ္ပကောပိ အတ္ထော၊ အနည်းငယ်သော အကျိုးကိုလည်း။ အပိ၊ စင်စစ်။ နံ လဘ္ဘော၊ မရအပ်။ နေံ၊ ထိုသူကို။ သောစန္တံ၊ စိုးရိမ်သည်ကို။ ဒုခိတံ၊ ဆင်းရဲသည်ကို စိဒိတ္တော၊ သိ၍။ ပစ္စတ္ထိကာ၊ ရန်သူတို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၉၂။ ယဒတော စ ခေါ၊ အကြင်အခါ၌လည်း။ အာပဒါသု၊ ဘေးရန်တို့သည်။ ဥပဋ္ဌာသု၊ ဥပဋ္ဌာန်သည်ရှိသော်။ အတ္ထဝိနိစ္ဆယာသု၊ အကျိုး၏ အဆုံးအဖြတ်ကို သင်သော။ ပဏ္ဍိတော၊ ပညာရှိသည်။ နံ ဝေဒေတိ၊ မတုန်လှုပ်။ အဝိကာရံ၊ ပေါက်ပြန်ခြင်း မရှိသော။ ပုထုဏံ၊ များအတိုင်း ဖြစ်သော။ မုခံ၊ မျက်နှာကို။ ဒိသွာ၊ မြင်၍။ တေ ပစ္စတ္ထိကာ၊ ထိုရန်သူတို့သည်။ ဒုခိတာ၊ ဆင်းရဲကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ပြဿနာပြေကြောင်း ၅-ပါး

၉၃။ ဇဒပေါန၊ မန္တံရားမန်းသဖြင့်လည်းတောင်း။ မန္တေန စ၊ ပညာရှိတို့နှင့် တိုင်ပင်သဖြင့်လည်းကောင်း။ သုဘာသိဒဘန်၊ တောင်းစွာဆိုသော စကားဖြင့်လည်းကောင်း။ အနုပုဒါနေန၊ တရားစီရင်သော အမတ်တို့ အား တံစိုးပေးသဖြင့် လည်းကောင်း။ ပဓဝကိယာ ဝါ၊ ဆွေမျိုးစဉ်ဆက်ကို ပြဆိုသဖြင့်လည်းကောင်း။ ပစ္စတ္ထိကာ၊ ရန်သူတို့ကို။ ဇိနိတပုဗ္ဗာ၊ အောင်

www.dhammadownload.com

အပ်ကုန်၏။ ဣဒမသု ပဥ္စသုံ ကာရဏေသု၊ ဤငါးပါးသော အကြောင်းတို့တည်း။ ယထာ ယထာ၊ အကြင်အကြင် အကြောင်းဖြင့်။ ယတ္ထ၊ အကြင် အမှုဌာန်။ အတ္ထံ၊ အကျိုးကို။ လဘေထ၊ ရကုန်၏။ တထာ တထာ၊ ထိုထို အကြောင်းဖြင့်။ တတ္ထ၊ ထိုအမှုဌာန်၌ ပရက္ကမေယျ၊ လုံ့လပြုကုန်၏။

၉၄။ ယဒေတာ စ၊ အကြင်အခါ၌လည်း။ သေ ဆာတ္ထော၊ ဤအကျိုးကို။ မယာ ဒါ၊ ငါသည်လည်းကောင်း။ အဒုနာ ဝါ၊ တစ်ပါးသော သူသည်လည်းကောင်း။ အလဘ္ဘနေယျော၊ မရအပ်ဟူ၍။ ဇနေယျ၊ သိကုန်၏။ တထေဝ၊ ထိုအခါ၌။ ဆေသောစမာနော၊ မစိုးရိမ်သည်ဖြစ်၍။ ကမ္မံ၊ ကံသည်။ ဒဠှံ၊ မြဲမြံ၏။ ဣဒါနိ၊ ယခု။ ကိန္တိ ကဲရောမိ၊ အသို့ ပြုနိုင်အံ့နည်းဟု။ အဓိဝါသယေယျ၊ သည်းခံကုန်၏။

ခရီးသွားယောကျ်ား ရာထူးရ

မင်းသည် ဘုရားလေးဝင်း၏ တရားစကားကို ကြား၍ အမှုကို သုတ်ဆင်၍ အပြစ်မရှိသော အဖြစ်ကိုသိ၍ ထောက်တို့ကို ပယ်စေ၍ ဘုရားလောင်း အား ကြီးစွာသော စည်းစိမ်ကိုပေး၍ မိမိ၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်အရာကို ပေး၏။ ကြင်းဆော သူငယ်တို့အား လည်း စည်းစိမ်ကိုပေး၍ အရာအထူးကို ပေး၏။

ဇာတ်ပေါင်း။ သမ္မည္ဇ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်ထောက်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပဘာဝတီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ထေရ်ကြီး ဆရ်ငယ်တို့သည် ကိုအခါ သူငယ်များ ဖြစ်ကုန်ပြီး၊ ယခုအခါ ငါ ဘုရားသည်လျှင် ထိုအခါ ပညာရှိသော သူငယ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်၏။

(ဘေးရန်နှင့်ကြိမ်၊ မစိုးရိမ်၊ တည်ငြိမ်ဖြောင်းရာ၊)
ရွှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော တစဆာရဇာတ်သည် ပြီး၏။

၁၉-မိတ္တဝိန္ဒကဇာတ်

အလိုရမ်က်ကြီးသဖြင့် သင်ခုန်းစက်သို့ ရောက်ရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောဘကို ဆုံးမတော်မူတတ်သော သမ္မည္ဇ မြတ်စွာဘုရားသည် "ကျောဟံ ဒေဝါန မကရံ" ဆိုစ

www.dhammadownload.com

ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိတ္တဝိန္ဒကဇာတ်ကို ဖေ့ တဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော ရဟန်း တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ဝတ္ထုသည် မဟာမိတ္တဝိန္ဒကဇာတ်၌ ထင်စ့ာဖြစ်လတ္တံ့။

အတိတ်ဝတ္ထု။ ဤ မိတ္တဝိန္ဒကသည်ထား သမုဒ္ဒရာ၌ ပစ်ချအပ်သည် ရှိသော် အလွန် အလိုရမ်းကဲ ကြီးသည်ဖြစ်၍ ငရဲသူ သတ္တဝါတို့၏ ကျက်ရာ ဉဿဒငရဲကို တစ်ခုသော မြို့တည်းဟူသော အမှတ်ဖြင့် ဝင်၍ သင်ခုန်း စက်သို့ ရောက်၏။ ထိုအခါ ဘုရားလောင်းသည် နတ်သားဖြစ်၍ ဉဿဒ ငရဲကို လှည့်လည်၏။

ဘာကြောင့် သင်ခုန်းစက်အောက်ရောက်

မိတ္တဝိန္ဒကသည် ဘုရားလောင်းကို မြင်၍ မေးလိုရကား-

၉၅။ ကာဒဟံ ဒေဝါနမကရံ၊ ကိံပါပံ ပကတံ မယာ။
ယံ မေ သီရသ္မိံ ဥဟာစ့၊ စက္ကံ ဘမတိ မတ္ထကေ-

ဟူသော ရှေးဦးစွန်းသော ဤဂါထာကို ဆို၏။

၉၅။ သာမိ ဒေဝပုတ္တာ၊ အရှင်နတ်သား။ ဆဟံ၊ အကျွန်ုပ်သည်။ ဒေဝါနံ၊ နတ်တို့အား။ ကိံ၊ အဘယ်အမှုကို။ အကရံ၊ ပြုမိသနည်း။ ယံ ယေန ပါပေန၊ အကြောင်မကောင်းမှုဖြင့်။ မေ၊ အကျွန်ုပ်၏။ သီရသ္မိံ၊ ဦးခေါင်းထက်၌။ ဥဟာစ့၊ နှိပ်၍။ စက္ကံ၊ သင်ခုန်းစက်သည်။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဘမတိ၊ လည်၏။ မယာ၊ အကျွန်ုပ်သည်။ ကိံပါပံ၊ အဘယ်မှည်သော မကောင်းမှုကို။ ပကတံ၊ ပြုအပ်သနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၉၆။ ဆတိက္ကမ္မ ရမ္မကံ၊ သဒါမတ္တဉ္ဥ ဒုဘကံ။
ပြဟ္မတ္ထရဉ္ဥ ပါသာဒံ၊ ကေနတ္ထေန ဣဓာဂတော-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၉၆။ မိတ္တဝိန္ဒကဲ၊ မိတ္တဝိန္ဒက၊ တုံ၊ သင်သည်။ ရမ္မကံ၊ ဖလ်ဖြင့် ပြီး၍သော၊ ပါသာဒဉ္စ၊ ပြာသာဒ်ကိုလည်း၊ သဒါမတ္တံ၊ ငွေဖြင့်ပြီး

www.dhammadownload.com

သော။ ပါသာဒဉ္စ၊ ပြသာဒ်ကိုလည်းကောင်း။ ဒုဘက်၊ ပတ္တဲမြားဖြင့်ပြီး သော။ ပါသာဒဉ္စ၊ ပြသာဒ်ကိုလည်းကောင်း။ ဗြဟ္မတ္ထရုံ၊ ရွှေဖြင့်ပြီးသော။ ပါသာဒဉ္စ၊ ပြသာဒ်ကိုလည်းကောင်း။ အာတိက္ကမ္မ၊ လွန်၍။ ကေနဒတ္ထန်၊ အာဘယ်အကြောင်းကြောင့်။ ဣဓ၊ ဤရဲသို့။ အာဂတော၊လာသနည်း။

ပိုမျှားကောင်းမလား

မိတ္တဝိန္ဒဇာသည်-

၉၇။ ဣတော ဗဟုတရာ ဘောဂါ၊ အာထော မညေ ဘဝိဿရေ။
ဣတိ ဇောယ သညာယ၊ ပဿ မံ ဗျသနံ ဂတံ-

ဟူသော သုံးခုမြောက်သော ဤဂါထာကိုဆို၏။

၉၇။ သာမိ ဒေဝပုတ္တော၊ အဂ္ဂဉ်နတ်သား။ ဣတော၊ ဤလေးခုသော ပြာသာဒ်တို၌ စည်းစိမ်ချမ်းသာတို့ထက်။ အထော၊ ထို့အရပ်၌။ ဗဟုတရာ၊ အလွန်များကုန်သော။ ဘောဂါ၊ စည်းစိမ်တို့ဆည်။ ဘဝိဿရေ မညေ၊ ရှိကုန်ယောင်တကား။ ဣတိ ဇေဝယ သညာယ၊ ဤသို့သော အမှတ်ဖြင့်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ဂတံ၊ ရောက်သော။ မံ၊ ဝါ့ကို။ ပဿ၊ရှုပါလော့။

လောဘက တို့အရဆိုး

ထိုနောင်မှ ဘုရားလောင်းသည်-

၉၈။ စတုဒ္ဒိ အဋ္ဌဂရဟာ၊ အဋ္ဌာဘိစာပိ သောဋ္ဌသ။
သောဋ္ဌဿာဘိစ ဗာတ္တိံသ၊ အာတြစ္ဆံ ဓက္ကမာသဒေါ။
ဣစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေ။

၉၉။ ဥပရိ ဝိသာလံ ဒုပ္ပူရံ၊ ဣစ္ဆာ ဝိသဋ္ဌဂါမိနီ။
ယေ စ တံ အနုဂိဇ္ဈန္တိ၊ တေ ဟောန္တိ စက္ကဓာရိနော-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၉၈။ မိတ္တဝိန္ဒက၊ မိတ္တဝိန္ဒက။ တုံ၊သင်သည်။ စတုဒ္ဒိ၊ လေးယောက်သော နတ်သမီးတို့မှ၊ အဋ္ဌ၊ ရှစ်ယောက်သော နတ်သမီးတို့ကို၊ အဋ္ဌဂရဟာ၊ မှ၏။ အဋ္ဌာဘိ စာပိ၊ ရှစ်ယောက်သော နတ်သမီးတို့မှလည်း။ သောဋ္ဌသော

www.dhammadownload.com

တစ်ကျိပ်ခြောက်ယောက်သော နတ်သမီးတို့ကို။ ဆောဂမာ၊ ရတ်။ သောဠဿဘီ စ၊ တစ်ကျိပ်ခြောက်ယောက်သော နတ်သမီးတို့မှလည်း။ ဗာတ္တိံ ဆသုံးကျိပ်နှစ်ယောက်သော နတ်သမီးတို့ကို။ ဇေဋ္ဌကမာ၊ ရတ်။ အတြိစ္ဆံ၊ အလွန် အလိုကြီးသော သင်္ဃည်း စက်ံ၊ သင်ခုန်း စက်သို့။ ဆသဒေါ၊ ရောက်၏။ ဣစ္ဆာဟတသ၊ ဆထိုရမွက်သည် နှိပ်စက်အပ်သော၊ ပေါသဿ၊ ယောကျ်ား ဖြစ်သော သင်၏။ မတ္ထကေ၊ ထိပ်ထက်၌။ စက်ံ၊ သင်ခုန်း စက်သည်။ ဘမတိ၊ လည်၏။

၉၉။ မိတ္တဝိန္ဒကံ၊ မိတ္တဝိန္ဒကာ။ ဣစ္ဆာ၊ တဏှာသည်။ ဥပရိဝိသာလံ၊ အထက်၌ ကျယ်ခြင်းသို့။ ဒုပ္ပူရံ၊ ပြည့်စုံနိုင်ခဲခြင်းသို့။ ဂတာ၊ ရောက်၏။ ဝိသဋ္ဌဂါမိနီ၊ ပြန့်ခြင်းသို့ ရောက်၏။ ယေ စ၊ အကြင်ယောကျ်ားတို့သည်လည်း။ တံ၊ ထို ထဏှာကို။ အနုဂိဇ္ဈန္တိ၊ ဆဖန်တလဲလဲ တပ်စွန်း၍ယူကုန်၏။ တေ၊ ထို ယောကျ်ားတို့သည်။ စက်ဂေါရိနော၊ သင်ဓုန်းစက်ကို ဆောင်ရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မိတ္တဝိန္ဒဆကို စကားပြောစဉ်လျင် ကြိတ်သော ထိုသင်ဓုန်းစက်သည် လည်လျက်လုည့်၏။ ထို့ကြောင့် မိတ္တဝိန္ဒကသည် တစ်ဖန် ပြောဆိုအံ့သော ငှာ မတတ်နိုင်။ နတ်ဆဒေးသည် မိမိနေရာသို့လျင် သွား၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ "ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ မိတ္တဝိန္ဒက ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျင် ထိုအခါ နတ်သဒေးဖြစ်ဖူး ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အလိုရမွက်၊ ကြီးသူတွက်၊ အပျက်နှင့်သာ တွေ့ရမည်။)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော စိဉ္စဝိန္ဒက ဇာတ်သည် ပြီး၏။

၂၀-ပလာသဇာတ်

ရှိရှာအပ်သည်ကို မရှိရှာခြင်းကြောင့် ဘေးတွေ့ရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဟံသာ ပလာသမဝစ" အစရှိသော ဂါထာပုဒ်ဖြင့် တနံဆာဆင်ဆပ်သော ဤပလာသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိလေသာကို နှိပ်စက်ခြင်းကို အာရကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ ဇတ္ထုသည် ပလ္လာသဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ ဤပလ္လာသဇာတ်၌ကား-သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့.... ကိလေသာမည်သည်ကို အနည်းငယ် ဖြစ်ခြေးသော်လည်း ရှဉ့်ရှာအပ်၏၊ ကိလေသာ မည်သည်ကား ပညောင်ပင်ကဲ့သို့ ပျက်စီးခြင်းသို့ ရောက်စေတတ်၏။ ရှေးပညာရှိတို့သည်လည်း ရှဉ့်ရှာအပ်သည်တို့ကို ရှဉ့်ရှာကုန်သလျင်ကတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွှေဟသ်ာမျိုးဌာဖြစ်၍ စိတ္တကူဋ်ခတောင်ဝယ် ရွှေဂူဌာနေလျက် ဟ်မဝန္တာဝယ် ဇာတသရအိုင်၌ အလိုလိုဖြစ်သော သေးလုံးကိုစား၍ သွားလာ၏၊ ထို ဘုရားလောင်း၏ သွားလာရာခရီး၌ ပေါက်ပင်ကြီးလည် ရှိ၏။ ထို ဘုရားလောင်းသည် ပေါက်ပင်ကြီး၌ နား၍သွား၏။ လာသော်လည်း ပေါက်ပင်ကြီး၌ နား၍လာ၏။ ထိုအခါ ဘုရားလောင်းအား ထိုပေါက်ပင်၌ ရုက္ခစိုးနတ်နှင့် အကျွမ်းဝင်သည်ဖြစ်၍ နောက်အခါ တစ်ခုသောဥက်မလည် တစ်ခုသော ပညောင်ပင်၌ ပညောင်သီးမှည့်ကို စား၍ ထိုပေါက်ပင်သို့ သွား၍နား၏၊ အခွံ၌ ကျင်ကြီးကိုချ၏၊ ထိုပေါက်ပင်၌ ပညောင်ပင်ဝယ်သည် ပေါက်၏။ ပညောင်ပင်ငယ်သည်လည်း လက်လေးသစ်မျှရှိသော အာလ၌ နီသော အညွှန့်အရွက်ရှိသောအားဖြင့် တင့်တယ်၏၊

အန္ဓရာယ် လွယ်မထားနှင့်

ဟသ်ာမင်းသည် ထိုညောင်ပင်ငယ်ကိုမြင်၍ ရုက္ခစိုးနတ်ကို ခေါ်၍ "အဆွေပေါက်ပင်စောင့်နတ်.... ပညောင်ပင်မည်သည်ကစား ကြီးသည်ရှိသော် ထောက်ထားသစ်ပင်ကို ဖျက်ဆီးလေ၏၊ ဤပညောင်ပင်ငယ်ကို ကြီးစိမ့်သောငှာ မပေးလင့်၊ သင့်ဗိမာန်ကို ဖျက်ဆီးလတ္တံ့၊ မဆုတ်လျင် ပညောင်ပင်ကိုနုတ်၍ စွန့်ပစ်ခလော့၊ ရှဉ့်ရှာအပ်သည်နှင့် ယှဉ်သော ဝတ္ထုမည်သည်ကို ရှဉ့်ရှာခြင်းငှာ သင့်၏" ဟု ပေါက်ပင်စောင့်နတ်နှင့်တကွ သီဓေလိုရကား-

၁၀၀။ ဟံသာ ပလာသမဝစ၊ နိဂြောဓော သမွ ဇာယထိ။
အက်သ်ိဳ တေ နိသိန္နော၀၊ သော တေ ဓမ္မာနိ ဆိဒ္ဓတိ-

ဟူသော ရွှေငှက်စွာသော ဤဂါထာကို ဆို၏၊

www.dhammadownload.com

၁၀၀။ ဟံသော၊ ရွှေဟသ်ာသည်။ ပဃာသံ၊ ပေါက်ပင်စောင့်နတ်ကို၊ အဝစ၊ ဆို၏။ ကိ အဝစ၊ အဘယ်သို့ ဆိုသနည်း၊ ဟူမူကား။ သမ္မ၊ အဆွေ ပေါက်ပင်စောင့်နတ်၊ တ၊ သင်၏၊ အက်သို့၊ အခွင့်၊ နိသိန္နော၀၊ တည်လျက်လျှင်။ နိဂြောဓ၊ ပဓညောင်ပင်သည်၊ ဇာယတိ၊ ပေါက်၏၊ ဆော၊ ထို ပညောင်ပင်သည်၊ တ၊ သင်၏၊ ဓမ္မစနိ၊ အသက်တို့ကို၊ ဆိုဋ္ဌတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့၊ အဝေါစ၊ ဆို၏၊

ညောင်ပင်ကြီး လဲနေလိုက်ရုံပေါ့

ထိုစကားကိုကြား၍ ရွှေဟသ်ာ၏ဝကားကို မယုံလိုသည်ဖြစ်၍ ပေါက်နှင့်စောင့်နတ်သည်

၁၀၁။ ဇမ္ဗိတမေဝ နိဂြောဓေါ၊ ပတိဋ္ဌဿ ဘဝါမဟံ၊
ယဓ၊ မဓတာ ဝါ ပိတာ ဝါ၊ ဧဝ၊ မမသော၊ အဝိဿတိ·

ဟ္ဘာသ၊ နှစ်ခုမြောက်ဃော၊ ဤဂါထာကို ဆို၏၊

၁၀၁။ နိဂြောဓော၊ ပညောင်ပင်သည်။ စဇိတ၊ ကြိုး၊ခြင်း၊သို့လျှင်၊ ဂစ္ဆတု၊ ဆောက်စေ။ မဓတာ ဝါ၊ အမိသည်လည်း၊ကောင်း၊ ပိတာ ဝါ၊ အဘသည်လည်း၊ကောင်း၊။ ပုတ္တာနံ၊ သား၊တို့၏၊ ပတိဋ္ဌာ၊ တည်ထုတ်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ၊ အဟံ၊ ငါသည်။ အဿ၊ ထိုပညောင်ပင်၏။ ပတိဋ္ဌာ၊တည်ထုသည်၊ ဘဝါမိ၊ဖြစ်အံ့။ ဧသော၊ ဤပညောင်ပင်သည်။ မေ၊ ငါ၏၊ ပတိဋ္ဌာ၊ တည်ထုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊

ဟသ်ာမင်းသား ပြီ

ထို့နောင်မှ ဟသ်ာမင်းသည်·

၁၀၂။ ယံ တုံ အက်သို့ ဝဖုသိ၊ ခိဂ္ဂရုက္ခံ ဘယာနကံ၊
အာမန္တ ခေါ တံ ဂစ္ဆာမ၊ ဝုစ်မသ နှ ရွှတိ·

ဟ္ဘာသ၊ သုံးခုမြောက်ဃော ဤဂါထာကို ဆို၏၊

www.dhammadownload.com

၀၀၂။ ဒေဝ၊ နတိ။ ယံ-ယသ္မာ၊အကြင်ကြောင့်။ တ္ဝံ၊သင်သည်၊ ဘယာနကံ၊ ကြောက်ဓက်ဖွယ်ရှိသော။ ခီရရုက္ခံ၊ ပညောင်ပင်ငယ်ကို၊ ဆက်သို့၊ သစ်ခွဋ္ဌ၊ ဝဇုံသိ၊ကြီးပွား၊ဓ၏။ တသ္မာ၊ထို့ကြောင့်၊ တံ၊သင့်ကို၊ အာဒန္တ၊ခ၊သိ၊စရှိလျှင်။ မယံ၊ငါတို့သည်။ ဂစ္ဆာမ၊ ဇွားကုန်အံ့၊ တဿ၊ထိုပညောင်ပင်၏။ တုမှံ၊ ကြီးပွားခြင်းကို။ အာဓမ္မဟိ၊ငါတို့သည်။ နှ ရုစ္စတိ၊ မနှစ်သက်။

ဤသို့ဆို၍ ဟသ်ာဓင်းသည် ဆတောင်တို့ကို ဖြန့်၍ စိတ္တကူဋ်တောင်သို့ သာလျှင် သွား၏၊ ထိုမှစ၍ တစ်ဖန်မလာ။

ညောင်ပင်စောင့်နတ်

နောက်အဖို့၌ ပညောင်ပင်သည် ကြီး၏၊ ထိုပညောင်ပင်၌ တစ်ဦးသော ရုက္ခစိုးသည် ဖြစ်၏၊

ရုက္ခစိုး ငိုရပြီ

ပညောင်ပင်သည် ကြီးဆတ်သော် ပေါက်ပင်ကို ဖျက်ဆီး၏။ ဆောက်တို့နှင့် ဆက္ကလျှင် ရုက္ခစိုးနတ်၏ ဗိမာန်သည် ကျ၏။ ရုက္ခစိုးနတ်သည် ထိုကာလ၌ ဟသ်ာမင်း၏စကားကို ရှုတ်၍ "ဤလာလတ္တံ့သော ဘေးကို မြင်၍ ဟသ်ာမင်းသည် ထို၏၊ ငါသည်ကား ဟသ်ာမင်း၏စကားကို မလိုက်နာမိ"ဟု ငိုကြွေးလိုရကား-

၁၀၃။ ဣဒါနိ ခေါ မံ ဘာယတိ၊ မဟာဒုက္ခ နိဒဿနံ။
ဟံသသ အနုဘိညာယ၊ မဟာ မေ ဘယမာဂတံ-

ဟူသော လေးခုမြောက်လေး၌ ဤဂါထာကို ဆို၏၊

၈၀၃။ ဣဒါနိ ခေါ၊ ယခုအခါ၌လျှင်၊ မံ၊ငါ့ကို။ နိဂ္ဂြောဓော၊ ပညောင်ပင်သည်။ ဘာယတိ၊ ကြောက်စေ၏၊ ဟံသသ်၊ ဟသ်ာမင်း၏၊ မဟာနေဂုနိဒဿနံ၊ မြင်းမိုရ်တောင်နှင့်တူသော။ ဇစနံ၊စကားကို။ အနုဘိညာယ၊ မသိ၍။ မေ၊ ငါ့အား။ မဟာဘယံ၊ ကြီးစွာသောဘေးသည်၊ ဆာဂတံ၊လာ၏။

www.dhammadownload.com

သမ္မတုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍း

၁၀၄။ နှ တဿ ဝစ္ဆိ· ကုသလပ္ပသဿ်တ္ထာ၊
ယော ဝစ္ဆုမာနော ဃသတေ။
ပတိဋ္ဌံ တဿူပရောဓံ· ပရိသက််မာနော၊
ပတာရယိ မူလဝဓာယ ဓီရော·

ဟူသော ငါးခုမြောက်သော ဂျာဂါထာကို ဟောတော်မူ၏။

၁၀၄။ ဘိက္ခဝေ၊ရဟန်းတို့။ ယောဓမ္မော၊အကြင်တရား သည်။ ဝစ္ဆုမာနော၊ပွားသည်ရှိသော်။ အတ္တာနှာ၊မိမိ၏။ ပတိဋ္ဌံ၊တည်ရာကို။ ဃသတော ဖျက်ဆီး၏။ တဿ၊ထိုတရား၏။ ဝစ္ဆိ·၊ပွားခြင်းကို။ နှ ကုသလပ္ပသတ္ထာ၊ ပညာရှိတို့သည် မချီးမွမ်းဏာပ်။ တဿ၊ထိုတရား၏။ ဥပရောဓံ·၊ ဖျက်ဆီး ခြင်းကို။ ပရိသက််မာနော၊ရှာ·ရှာသော်။ ဓီရော၊ပညာရှိသည်၌။ မူလဝဓာယ၊ အမြစ်ကိုဖြတ်အံ့သောငှ့။ ပတာရယိ၊လုံ·လပ်၏။

ဇာတ်ပေါင်း။ သမ္မတုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏ အဆုံးဌာ၌ ငါးရာကုန်သော ရဟန်း တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကဝး· "ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ၌ရှေဟသ်ာမင်း ဖြစ်ပြီ" ဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ညောင်ပင်ငယ်မျစး၊ ကပ်လာငြား၊ ပယ်ရှားပစ်ရမည်။)

ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဏာသဇာတ်သည် ပြီး၏။

ပဏ္ဏာရောဟဝဂ် ပြီး၏။

၃·အဒ္ဓဝဂ် ၂၁-ဒီဃီတိကောသလဇာတ်

မိဘတို့၏စကဉ်းကို နားထောင်အပ်ကြောင်း

ဟောတော်မူရာဌာနး နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မတုမြတ်စွာဘုရားသည် "ဧဝံ ဘူတဿ တေ ရာဇ"

www.dhammadownload.com

အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒီဃိတိကောသလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ကောသမြို့ပြည်သား ဖြစ်ကုန်သော ခိုက်ရန်ဖြစ်ကြကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုဒကောသမြို့ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့ လာ၍ ကန်တော့သောကာလ၌ သဗ္ဗညုမြတ်စွာဘုရားသည် ထိုဒကောသမြို့ ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့.... သင်တို့သည် ငါ၏ရင်မှဖြစ်သော သားဖြစ်ကုန်၏။ သားတို့ချည်သည်ကား အဘသည် ပေးအပ်သော အဆုံးအမကို ဖျက်ဆီးခြင်းငှာ မသင့်၊ သင်တို့သည်ကား ငါ၏အဆုံးအမကို မလိုက်နာကုန်၊ ရှေးပညာရှိတို့သည် မိမိ၏ မိဘတို့ကို သတ်၍ ပြည်ကိုယူ၍ တည်ကုန်သော တော်၌ မိမိလက်သို့ ရောက်သော ရန်သူတို့ကဲ့လည်း မိဘတို့သည် ပေးအပ်ခသော အဆုံးအမကို ဖျက်ဆီးအံ့သောငှာ မသင့်၊ အဆုံးအမကို မဖျက်ဆီးကုန်အံ့ဟု နှလုံးသွင်း၍ မဖျက်ဆီးကုန်" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ (ဤဒီဃိတိဿကာသလဇာတ်၌ကား နှစ်ပါးကုန်သော ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုတို့သည်လည်း သံဃဘေဒကွန်းကွက်၌ အကျယ်အားဖြင့် ထင်စွာဖြစ်လတ္တံ့။)

မိဘစကား နားထောင်ပုံ

ထိုဒီဃာဝုမင်းသားသည်ကား တောင်၌ မိမိ ပေါင်ပေါ်၌ အိပ်သော ဗာရာဏသီမင်း၏ ဦးသျှောင်ကို ကိုင်၍ "ယခု မိဘကိုသတ်ခသော ရန်သူ၏ ဦးသျှောင်၌ ဆွဲကိုင်၍ အပိုင်းပိုင်းပြု၍ ဖြတ်အံ့" ဟု သန့်လျက်ကို မိုးလတ်သော် ထိုခဏ၌ မိဘတို့သည် ပေးအပ်သော အဆုံးအမကို အောက်မေ့၍ အသက်ကို စွန့်ရသော်လည်း မိဘတို့၏ အဆုံးအမကို မဖျက်အံ့၊ စင်စစ်မူကား မင်းကို ခြိမ်းခြောက်အံ့" ဟု ကြံ၍-

၁၀၅။ ဧဝံ ဘူတာသု တေ ရာဇ၊ အာဂတာသု ဝေသ မမ။

အတ္ထိ နု ကောစိ ပရိယာယော၊ ယော တံ ဒုက္ခာ ပမောစယေ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၀၅။ ရာဇ၊ မင်းကြီး။ မမ၊ ငါ၏။ ဝေသ-ဝသံ၊ နှိုင်ငံလက်တွင်းသို့။ အာဂတာသု၊ ရောက်သော။ ဧဝံဘူတာသု၊ ဤသို့ဖြစ်သော။ တေ၊ သင်မင်း

www.dhammadownload.com

ကြီးအား။ ယော၊ အကြင်အကြောင်းသည်။ တံ၊ သင်မင်းကြီးကို၊ ဒုက္ခ၊ ဆင်းရဲမှု။ ပမောစယော၊ လွတ်စေရာ၏။ ကောစိ၊ ဇာစ်စုံတစ်ခုသော။ သေခ ပရိယာယော၊ ထိုအကြောင်းသည်။ အာတို့ နု၊ ရှိသလော။

ထို့နောင်မှ မင်းသည်-

၁၀၆။ ဧဝံ ဘူတသ္မဲ့ ဧမေ တာတ၊ အာဂတသ္မာ ဝသေ တဝ၊
နုတ္ထ ိ နော ကောစိ ပရိယာယော၊ ဒယာမံ ဒုက္ခာ ပမောစယေ-
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၆။ တာတ၊ အမောင်။ တဝ၊ သင်၏။ ဝသေ-ဝသို့၊ နိုင်ငံလက်တွင်းသို့။ အာဂတသ၊ ရောက်သော၊ ဧဝံဘူတသ၊ ဤသို့ဖြစ်သော၊ မေ၊ ငါ့အား၊ ယော၊ အကြင်အကြောင်းသည်။ မံ၊ ငါ့ကို။ ဒုက္ခာ၊ ဆင်းရဲမှု ပမောစယေ၊ လွတ်စေရာ၏။ ကောစိ၊ တစ်စုံတစ်ခုသော။ သော ပရိယာယော၊ ထိုအကြောင်းသည်။ နုတ္ထိ၊ မရှိ။

ရန်ကိုရန်ချင်း မတုံ့နှင်းလင့်

ထို့နောင်မှ ဘုရားလောင်းသည်-

၁၀၇။ နာညံ့ သုစရိတံ ဇာဇ၊ နာညံ ဇာဇ သုဘာသိတံ။
တာယ ဇတ မရဏာဘာလေ၊ ဧဝမေ ဝိတရံ ဓနံ။

၁၀၈။ အဇ္ဇာဒ္ဓိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယ္ဟန္တိ၊ ဝေရံ ဒ့တသံ နု သမ္မတိ။

၁၀၉။ အဇ္ဇာဒ္ဓိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယ္ဟန္တိ၊ ဝေရံ တေသူပသမ္မတိ။

၁၁၀။ နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တိဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော-
ဟူသော ဤဂါထာတို့ကို ဆို၏။

၁၀၇။ ဇာဇ၊ မင်းကြီး။ မရဏာဘာလေ၊ သေအံ့သော ဘာလဉ်။ ဧဝမေဝ၊ ဤသို့လျှင်၊ ဣဘရံ၊ ဤအဆုံးအမမှ တစ်ပါးသော၊ ဓနံ၊ ဥစ္စာသည်။ တာယတိ၊ စောင့်၏။ သုစရိတံ၊ မိဘတို့သည် ပေးအပ်သော အဆုံးအမဟူသော သုစရိုက်ကို။ ထေးပတ္တာ၊ ထား၍၊ ဇာညံ၊ တစ်ပါးသော။ တံ ဓနံ၊ ထိုဥစ္စာကို၊ နုပသာမိ၊ ငါ မမြင်။ သုဘာသိတံ၊ မိဘတို့သည်

၁၀၈။ ဇာဇ၊ မင်းကြီး။ မရဏာဘာလေ၊ သေအံ့သော ဘာလဉ်။ ဧဝမေဝ၊ ဤသို့လျှင်၊ ဣဘရံ၊ ဤအဆုံးအမမှ တစ်ပါးသော၊ ဓနံ၊ ဥစ္စာသည်။ တာယတိ၊ စောင့်၏။ သုစရိတံ၊ မိဘတို့သည် ပေးအပ်သော အဆုံးအမဟူသော သုစရိုက်ကို။ ထေးပတ္တာ၊ ထား၍၊ ဇာညံ၊ တစ်ပါးသော။ တံ ဓနံ၊ ထိုဥစ္စာကို၊ နုပသာမိ၊ ငါ မမြင်။ သုဘာသိတံ၊ မိဘတို့သည်

www.dhammadownload.com

ယေးအပ်သော အဆုံးအမ ဟူသော ကောင်းသော စကားကို၊ ဌပေတွာ၊ ထား၍၊ အညံ့၊ တူစ်ပါးသော။ တံ ဓနံ၊ ထိုဥစ္စာကို၊ နု ပဿာမိ၊ ငါ မမြင်။

၁၀၈။ မံ၊ ငါ့ကို၊ အက္ကောစ္ဆိ၊ ဆဲရေးပြီ။ မံ၊ ငါ့ကို၊ အဝဓိ၊ ညှဉ်းဆဲပြီ၊ မံ၊ ငါ့ကို၊ အဇိနိ၊ အောင်ပြီ။ မေ၊ ငါ၏၊ သန္တကံ၊ ဥစ္စာကို၊ အဟာသိ၊ ဆောင်ပြီ။ ဣတိ၊ ဤသို့။ ယေ စ၊ အကြင်သူတို့သည်လည်း၊ တံ ဝေရံ၊ ထိုရန်ကို။ ဥပနယ္ဟန္တိ၊ ဖွဲ့ကုန်၏၊ တေသံ၊ ထိုသူတို့အား၊ ဝေရံ၊ ရန်သည်။ နု သမ္မတိ၊ မငြိမ်း။

၁၀၉။ မံ၊ ငါ့ကို၊ အက္ကောစ္ဆိ၊ ဆဲရေးပြီ၊ မံ၊ ငါ့ကို။ အဝဓိ၊ ညှဉ်းဆဲပြီ၊ မံ၊ ငါ့ကို၊ အဇိနိ၊ အောင်ပြီ၊ မေ၊ ငါ၏။ သန္တကံ၊ ဥစ္စာကို၊ အဟာသိ၊ ဆောင်ပြီ၊ ဣတိ၊ ဤသို့။ ယေ စ၊ အကြင်သူတို့သည်လည်း၊ တံ၊ ထိုရန်ကို။ နု ဥပနယ္ဟန္တိ၊ မဖွဲ့ကုန်၊ တေသံ၊ ထိုသူတို့အား၊ ဝေရံ၊ ရန်သည်၊ ဥပဆမ္မတိ၊ ငြိမ်း၏။

၁၁၀။ ဟိ သစ္စံ၊ ၏။ ဣဓ လောကေ၊ ဤလောက၌၊ ဝေရေန၊ ရန်တုံ့မူသဖြင့်။ ဝေရာနိ၊ ရန်တို့သည်၊ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ၊ နု သမ္မန္တိ၊ မငြိမ်းကုန်၊ ဇာတေဝရေန စ၊ ရန်တုံ့မပြုသဖြင့်ကား။ ဝေရာနိ၊ ရန်တို့သည်၊ သမ္မန္တိ၊ ငြိမ်းကုန်၏။ သေဓမ္မော၊ ဤရန် မပြုသဖြင့်လည်း ရန်ငြိမ်းခြင်း သဘောသည်၊ သနန္တနော၊ ရှေးဦး ဖြစ်သော သဘောဓမ္မတာ၏။

သမီးပေး၍ မင်းမြောက်ပြီ

ဘုရားလောင်းသည် ဤသို့ဆိုပြီး၍ "မြတ်သောမင်းကြီး.... အကျွန်ုပ်သည် သင်မင်းကြီး၌ မပြစ်မှား၊ သင်မင်းကြီးသည်ကား အကျွန်ုပ်ကို သတ်မည်လော" ဟု မေး၍ သန့်လျက်ကို ပေး၏။ မင်းသည်လည်း "အမောင်... ငါသည်လည်း သင်၌ မပြစ်မှားအံ့" ဟု ကျိန်စာရွက်ခြင်းကို ပြု၍ ဘုရားလောင်းနှင့်တကွ မြို့သို့သွား၍ အမတ်ဘို့အား ပြု၍ "ဤသူသည် သေလေ့သော ကောသလမင်း၏သား ဗီဃာဝုမင်းသား မည်၏၊ ဤဗီဃာဝုမင်းသားသည် ငါ့အား အသက်ကို ပေး၏၊ ဤဗီဃာဝုမင်းသားအား တစ်စုံတစ်ခုပြုခြင်းငှာ မရအပ်" ဟုဆို၍ မိမိသမီးကိုပေး၍ အဘာဥစ္စာဖြစ်သော မင်းဏဖြစ်၌ တည်စေ၏။ ထိုအခါမှစ၍ နှစ်ပါးကုန်သော မင်းသို့ဈေးသည်လည်း ညီညွတ်ကုန်သည်ဖြစ်၍ မင်းအဖြစ်ကို ပြုကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤမမွေဒေသနာကို ဆောင်တော်မူ၍ ''ယခုအခါ မြတ်သော မင်းမျိုးတို့သည် ထိုအခါ မယ်တော်ခမည်းတော်တို့ ဖြင့်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗိဿာဝုမင်းသား ဖြစ်ပြီ''ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရန်ကို ရန်ချင်း၊ ပတုံ့နှင်း၊ ငြိမ်းခြင်းခုမြဲသား။)

ရှေးဦးစွာသော ဧဃိတီးကာသလ ဇာတ်သည် ပြီး၏။

၇၂-မိဂပေါတက ဇာတ်

သေခြင်းတရားကို အောက်မေ့သင့်ကြောင်း

ဟောတော်မူရာ ဌာန။ နတ်နှင့်တကွသော လေးကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''အဂါရာ ပစ္စုပ္ပတ္တာ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိဂပေါတက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ပါးသောရဟန်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းကြီးဆည် တစ်ယောက်သော သူငယ်ကို ဆောမဇာပြုဆတတ်။ သာမဏေသည် ထိုရဟန်းကြီးကို ရိုးသစ္စာ လုပ်ကျွေးပြု၍ နောက်အဖို့၌ မချမ်းသာသဖြင့် သေ၏။ သာမဏော သေလွန်လတ်သော် ရဟန်းကြီးသည် သောကဒဋ္ဌတည်သည်ဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေးလျက် လှည့်လည်၏။

ရဟန်းတို့သည် မှတ်စိမ့်သောင့်ငှာ မတတ်နိုင်ကုန်သည် ဖြစ်၍ တရားသဘင်ဝယ် ''ငါ့ရှင်တို့... ဤမည်သော ရဟန်းကြီးသည် သာမဏေသည် သေခြင်းကြောင့်ငိုကြွေးလျက်လှည့်လည်၏။ ဤရဟန်းကြီးသည်မရဏဿတိကို ပွားစေခြင်းမှ အပဖြစ်သော ရဟန်းဖြစ်လတ္တံ့'' ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏''ဟု နားတော် လျှောက်သည် ရှိသော် ''ရဟန်းတို့....ယခုအခါ၌သာလျှင် ဤရဟန်းသည် သာမဏော သေလွန်လတ်သော် ငိုကြွေးလျက်သာသည် မဟုတ်သေး၊ ရှေးဘဝ၌လည်း ဤရဟန်း

www.dhammadownload.com

သည် ဤသာမဏေသလွန်လတ်သော် ငိုကြွေးလျက် သွားဖူးသလျင်
ကတည်း''ဟ မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။
အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်
မင်းသည် မင်းပြုသည်ရှိသော် ဘုရားလျောင်းသည် သိကြားဖြစ်၏။

ရသေ့ သမင်းလေးသော် ငိုခြင်း

ထိုအခါ တစ်ယောက်သော ကာသိတိုင်း၌ နေသော ပုဏ္ဏားသည်
ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ သစ်သီး ကြီးငယ်တို့ဖြင့် မျှတ၏။
ထိုရသေ့သည် တစ်နေ့သ၌ တောဝယ် အမိသေသော တစ်ခုသော သမင်
ငယ်ကို မြင်၍ ကျေးဇူးသို့ဆောင်၍ အစာကိုပေး၍ မွေး၏။ သမင်ငယ်
သည် ကြီးလတ်သော် အဆင်းလှ၏။ မြတ်သော တင့်တယ်ခြင်းနှင့် ပြည့်
စုံ၏။ ထိုသမင်ငယ်ကို ရသေ့သည် မိမိသားပြု၍ ဆောင်၏။ တစ်နေ့သ၌
သမင်ငယ်သည် များစွာသောမြက်ကိုစား၍ အစာခကျေသဖြင့် သေ၏။
ရသေ့သည် ''သားသေ၏'' ဟု ငိုကြွေးလျက် လှည့်လည်၏။

ထိုအခါ သိကြားမင်းသည် လောကကိုကြည့်လတ်သော် ထိုရသေ့ကို
မြင်၍ ''ဇိုရသေ့ကို သံဝေဂရစေအံ့'' ဟု ထာလတ်၍ ကောင်းကင်၌
ရွှမ်လျက်-

၁၁။ အဂါရာ ပစ္စုပေတာသ၊ အနာဂါရာသ တေ သတော။
သမဏာသ နု တံ သာဓု၊ ယံ ပေဿ မနုဿသာစသိ-

ဟူသော ရွှေးဦးစွဲသော ဂျိဂါထာကို ဆို၏။

၁၁။ တာပသ၊ ရွှင်ရသေ့။ တုံ၊ သင်သည်။ ပေတံ၊ သေသော
သူကို။ ယံ အနုဿသာစသိ၊ အကြင်စိုးရိမ်ခြင်းကို ပြု၏။ တံ၊ ထိုစိုးရိမ်ခြင်း
သည်။ အဂါရာ၊ အိမ်မှ။ ပစ္စုပေတာသ၊ ကင်း၍။ အနာဂါရာသ၊ အိမ်ရာ
ထောင်သော လူတို့၏ ကိစ္စမရှိသော်။ သမဏာသ၊ ရဟန်းသည်။ သတော၊
ဖြစ်သော။ ဧတာ၊ သင်အား။ နု သာဓု၊ မကောင်း။

အောက်မေ့လှပါသည်

ထိုစကားကိုကြား၍ ရသေ့သည်-

၁၁၂။ သံဝါသေန ဟာဒေ သက္က၊ မနုဿဿ မိဂဿ ဝါ။
ဟဒယေ ဇာယတေ ပေမံ၊ နု တံ သက္ကာ အဒဿဝိတုံ-

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

www.dhammadownload.com

၁၁၂။ သင်္ကာ၊သိကြား။ သံဝါသေန၊ ပေါင်းဖော်ခြင်းကြောင့်။ မနုဿ သဝါ၊ လူ၏ လည်းကောင်း။ မိဂသဝါ၊ သား၏ လည်းကောင်း။ ဟဒယေ၊ နှလုံးဌာ။ ပေမံ၊ချစ်ခြင်းသည်။ ဟဒ၀၊ စင်စစ်။ ဇာယတေ၊ ဖြစ်၏။ တံ၊ ထိုချစ်အပ်သောသူကို။ အာသော်စိတုံ၊ မစိုးရိမ်အံ့သောငှာ။ န သင်္ကာ၊ မဘာတ်ကောင်း။

သေမှ ငိုခြင်းမရှိပြီ

ထိုနောင်မှ သိကြားမင်းသည်-

၁၁၃။ မတံ မရိသံ ရောဒန္တိ၊ ယေရုဒန္တိ လပန္တိစ။
တသ္မာ တွံ ဣသိမာ ရောဒိ၊ ရောဒိတံ မောဃ မာဟု သန္တော။

၁၁၄။ ရောဒိတေန ဟဝေ ဗြဟ္မေ၊ မဒတာ ပေတော် သမုဒ္ဒဟော။
သဗ္ဗေ သင်္ကံမ ရောဒါမ၊ အညမညဿ ဉာတကော-

ဟူသော ဤနှစ်ဂါထာကို ဆို၏။

၀၀၃။ ဣသိ၊ ရသေ့။ ယေ၊ အကြင်သူတို့သည်။ မတံ စ၊ သေပြီး သေဒသူကို လည်းကောင်း။ မရိသံ စ၊ သေအံ့သောသူကိုလည်းကောင်း။ ရောဒန္တိ၊ မျက်ရည်ယိုကုန်၏။ လုပန္တိ၊ ဆိုမြည်တမ်းကုန်၏။ တေသံ၊ ထိုသူတို့အား။ အာသုပစ္စ ဝိ၀ သောနာမ၊ မျက်ရည်ပြတ်သော နေ့မည်သည်။ နတ္ထိ၊ ဓရှိ။ တသ္မာ၊ ကြောင့်။ တွံ၊ သင်သည်။ မာရောဒိ၊ မငိုလင့်။ ရောဒိတံ၊ ငိုခြင်းကို။ မောဃံ၊ 'အကျိုးမရှိဟု၍။ သန္တော၊ သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ မာရောဒိ၊ မငိုလင့်။

၁၁၄။ ဗြဟ္မေ၊ ရှင်ရသေ့။ ဟဝေ၊ စင်စစ်။ ရောဒိဒတန၊ ငိုသဖြင့်၊ ပေတော်၊ ပစ္စုပ္ပန်ဘ၀မှကင်းသော။ မဒေဘာ၊ သေသောသူသည်။ သမုဒ္ဒဟော၊ ထင်ဥးအံ့၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ဝါတို့သည်။ သင်္ကံမ၊ စည်းဝေး၍။ အညမညဿ၊ အချင်းချင်း၏၊ ဉာဘကော၊ ဆွမျိုးတို့ကို။ ရောဒါမ၊ ငိုကုန်အံ့။

ကျေးဇူးတင်ပါသည်

ရသေ့သည် ဤသို့ သိကြားဆိုစဉ် ငိုခြင်းသည် အကျိုးမရှိဟု မှတ်၍ သိကြားအား ချီးမွမ်းလိုရကား-

www.dhammadownload.com

၁၁၅။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ၊
ဝါရိနာ ဝိယ သြသိဉ္စိ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။
၁၁၆၊ အဗ္ဗဟိ ဝတ မေ သလ္လံ၊ ယ မာသိ ဟဒယဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တာသောကံ အပါနုဒိ၊
၁၁၇။ သောဟံ အဗ္ဘာ့ဠှ ဃလ္လာသ္မိ၊ ဝိတသောကော အနာဝိလော၊
နု သောစာမိ နု ရောဒါမိ၊ တဝ သုတ္တာန ဝါသဝ-
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၁၅။ ဃတသိတ္တံ၊ ထောပတ်ဖြင့် သွန်းလောင်းအပ်သော၊ ပါဝကံ၊ မီးကို။ ဝါရိနာ၊ ရေဖြင့်၊ သြသိဉ္စိဝိယ၊ သွန်းလောင်းဘိသကဲ့သို့။ ဝတ၊ စင်စစ်၊ အာဒိတ္တံ၊ သောကမီးဖြင့် ပြောင်ပြောင်တောက်သည်၊ သန္တံ၊ ဖြစ်သော။ မံ၊ ငါ့ကို။ နိဗ္ဗာပယေ၊ ငြိမ်းစေ၏၊ သဗ္ဗံ၊ အလုံးစုံသော။ ဒရံ၊ စိုးရိမ်ခြင်းကို၊ နိဗ္ဗာပယေ၊ ငြိမ်းစေ၏။

၁၁၆။ ယော တုံ၊ ဇာကြောင့် သင် သိကြားမင်းသည်။ သောကပရေတဿ၊ သောကဖြင့် နှိပ်စက်အပ်သော၊ မေ၊ ငါ၏။ ပုတ္တဓသောကံ၊ သဒ္ဒါ့ဓိုးရိမ်ခြင်းကို၊ အပါနုဒိ၊ ပယ်၏။ မေ၊ ငါ့အား၊ ဟဒယဿိတံ၊ နှလုံးဥ်မှီသော၊ ယံ သလ္လံ၊ အကြောင်သောစာတည်းဟူသော ငြောင့်သည်၊ အာသိ၊ ဖြစ်ပြီ။ တံ သလ္လံ၊ ထိုဒသာကတည်းဟူသောငြောင့်ကို၊ တေ-တယာ၊ သင်သည်။ အဗ္ဗဟိဝတ၊ နှုတ်အပ်စွတကဲ့သား။

၁၁၇။ ဝါသဝ၊ သိကြဲ့ားမင်း။ တဝ၊ သင်၏၊ ဝစနံ၊ စကားကို။ သုတ္ဝာန၊ နာရ၍။ သော ဆဟံ၊ ထိုငါသည်၊ အဗ္ဘာ့ဠှဒဒလ္လော၊ နှုတ်အပ်ပြီးသော သောကတည်းဟူသော ငြောင့်ရှိသည်။ အသ္မိ၊ ဖြစ်၏။ ဝိတသောကော၊ ကင်းသော၊ စိုးရိမ်ခြင်းရှိ၏။ အနာဝိလော။ စိတ်ဒုနာက်ခြင်းမရှိပြီ၊ ဣဒါနိ၊ ယခုအခါ၌၊ နု သောစာမိ၊ မစိုးရိမ်။ နု ရောဒါမိ၊ မငိုကြွေး။

သိကြားမင်းသည် ရသေ့ဆား ဆုံးမ၍ မိမိနေရာသို့လျင် သွား၏။

ဇာတ်ပေါင်း။ သမ္မာသမ္ဗုဒ္ဓဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ "ယခုအခါ ရဟန်းကြီးသည် ထိုအခါ ရသေ့ဖြစ်ပြီ၊ ယခု

www.dhammadownload.com

ဤခါ သာမဏေငယ်သည် ထိုအခါ သမင်ဖြစ်ပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ သိကြား ဖြစ်ပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သေပြီးသေသူ၊ ဇင်ဦမူ၊ ထိုသူပြန်မလာ။)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မိဂပေါတကဇာတ်သည် ပြီး၏။

၂၃-မူသိကဇာတ်

ဆရာ့စကားနားထောင်၍ သေဘေးမှလွှတ်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမဘော်မူတတ်သော သပ္ပဉ်ုမြတ်စွာဘုရားသည် ''ကုဟိ ဂတာ ကတ္ထ ဂတာ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမူသိက ဇာတိကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဇာတသတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ဝတ္ထုကို ဖောက် ကုသဇာတ်၌ ခဲ့ဖော်ပြီးသလျှင် ကတည်း။

ဤမူသိကဇာတ်၌လည်း သပ္ပဉ်ုမြတ်စွာဘုရားသည် ရှေးအတူသာလျှင် ဗိမ္မိသာရမင်းကို တစ်ကြိမ်, သား နှင့်တကွ ကစားလျက် ဘစ်ကြိမ် တဆုံး နာလျက်နေသည်ကို မြင်တော်မူ၍ သားကိုအမှီပြု၍ ဗိမ္မိသာရမင်းအား ဘေးဖြစ်အံ့သည်ကို သိတော်မူ၍ ''မြတ်သော မင်းကြီး....ရှေးမင်းကြီး တို့သည် ရှဉ့်ရှာအပ်ကုန်သည်ကို ရှဉ့်ရှာကုန်လျက် မိမိသားကို ငါသေသော ကာလ မှင်းပြုရစ်စေ'' ဟု တင့်အပ်လျောက်ပတ်သော အရပ်၌ ထားဖူးကုန်၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဘော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တက္ကသိုလ်ပြည်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ ဒိသာပါမောက္ခဆရာဖြစ်၏၊ ဘုရားလောင်း၏ အထံ၌ ဗာရာဏသီမင်း၏ ယဝ မည်သော မင်းသားသည် ခပ်သိမ်းသော အတတ်တို့ကို သင်၍ စိစစ်ခြင်းကုံပေး၍ သူ့းလိုသည်ဖြစ်၍ ဆရာကို ပန်၏၊ ဆရာသည် သားကိုအမှီပြု၍ ယဝမင်းသားအား အန္တရာယ်ဖြစ်အံ့သည်ကို

www.dhammadownload.com

အင်္ဂါဝိဇ္ဇာ၏ အစွမ်းအားဖြင့်သိ၍ ယဝမင်းသား၏ ထိုအန္တရာယ်ကို ပယ်အံ့ဟု တစ်ခုသော ဥပမားကို ဆောင်အံ့သာဌ အားထုတ်၏။

အသက်ကယ် ပထမဂါထာ

ထိုအခါ ဘုရားလောင်းအား တစ်ခုသောမြင်းသည် ရှိ၏။ ထိုမြင်း၏ ခြေ၌ အမာသည် ပေါက်၏။ ထိုအမာကို စောင့်ရှောက်အံ့သောဌ မြင်းကို အိမ်၌ထားကုန်၏။ ထိုအခါ တစ်ခုသောကြွက်သည် အိမ်မှထွက်၍ မြင်း၏ခြေ၌ အမာကိုခဲ၏။ မြင်းသည် သည်းခံအံ့သာဌ မတတဲ့နိုင်း စစ်နေ့သ၌ ဝေဒနာကို သည်းခံအံ့သောဌ မတတ်နိုင်သော ထိုမြင်းသည် ခဲအံ့ဓသာဌ လာ၊သာ ထိုကြွက်ကို ခြေဖြင့်ခတ်၍ ရေတွင်း၌ ကျစေ၏။ မြင်းထိန်းတို့သည် ကြွက်ကို မမြင်ကုန်သည်ရှိသော် "တစ်ပါးသော ဇနတို့၌ ကြွက်သည် လာလတ်၍ အမာကိုခဲ၏။ ယခုမထင်၊ အဘယ်သို့သွားသနည်း" ဟု ဆိုကုန်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို မျက်မှောက်ပြု၍ တစ်ပါးသောသူတို့သည် မသိရကား "ကြွက်သည် အဘယ်သို့သွားသနည်း" ဟု ဆိုကုန်၏။ ကြွက်ကိုသတ်၍ ရေတွင်း၌သည်၏အဖြစ်ကို ငါသာလျှင်သိ၏ဟု ကြံ၍ ထိုဘုရားလောင်းသည် ယခု ဤအကြောင်းကိုလျှင် ဥပမာပြု၍ ပထမဂါထာကိုဖွဲ့၍ မင်းသားအား ပေးအံ့ဟု ဂါထာဖွဲ့၍ ပေး၏။

ဒုတိယဂါထာ

ထိုဘုရားလောင်းသည် တစ်ပါးဓသာ ဥပမာကိုလည်း ရှာလတ်သော် အမာသည် အသားနုတက်၍ ထွက်၍ တစ်ခုသော မုယောစင်းသို့သွား၍ မုယောကို စားအံ့ဟု စောင့်ရန်းပေါက်ဖြင့် နှုတ်သီးကိုသွင်းကာ ထိုမြင်းကိုလျှင် မြင်၍ ထိုအကြောင်းကိုလျှင် ဥပမာပြု၍ ဒုတိယဂါထာကို ဖွဲ့၍ ယဝမင်းသားအား ပေး၏။

တတိယဂါထာ

တတိယဂါထာကား မိမိပညာအစွမ်းဖြင့်လျှင် ဖွဲ့၍ပေး၏။

"အမောင် သင်သည် မင်းအဖြစ်၌တည်၍ ညအခါ ရေချိုးအံ့သေးဌ ရေကန်သို့ သွားလတ်သော် စောင်းတန်းဦးတိုင်အောင် ပထမဂါထာကို

www.dhammadownload.com

ရွှတ်လျက် သွားလေလော့၊ သင်၏ နေရာပြာသာဒ်သို့ ဝင်သည်ရှိဆော် စောင်းတန်း ခြေရင်းတိုင်အောင် ဒုတိယဂါထာကိုရွှတ်လျက် သွားလေလော့'' ဟု မှာ၍ လွှတ်လိုက်၏။

သားကသတ်ရန်ကြံ

မင်းသားသည် သွား၍ အိမ်ရှေ့မင်းဖြစ်၍ အဘလွန်သဖြင့် မင်းပြု၍ ထိုယဝမင်းအား တစ်ယောက်သော သားသည် ဖွား၏။ ထိုသားသည် တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ၌ မင်းအဖြစ်၌ တပ်စွန်းသဖြင့် အဘကို သတ်အံ့ဟုကြံ၍ ဆရုပ်အကျေးတို့ကို ''ငါ၏အဘသည် ပျို၏၊ ငါသည် အဘသေသော ကာလကို မျှော်လျက်နေသည်ရှိသော် အိုမင်းအံ့၊ အိုမင်းသော ကာလ၌ ရဏဘ်သော မင်းအဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း'' ဟု ဆို၏။ ထို ဆရုပ် အကျေး တို့သည် ''အရှင် မင်းသား....ပစ္စန္တရစ်သို့ သွား၍ ခိုးသူတို့၏ အမှုကို ပြုအံ့သောဌာ မတတဲ့တော်၊ အရှင်မင်းသား၏ ရမည်းတော်ကို တစ်စုံတစ်ခုသော ဥပါယ်ဖြင့် သတ်၍ မင်းအဖြစ်ကို ယူလော့'' ဟု ဆိုကုန်၏။ ထိုမင်းသားသည် ''ကောင်းပြီ'' ဟု နှုန်းတွင်း တွင် ညအခါ မင်း၏ ရေချိုးရာ ရေကန်အနီးသို့ သွား၍ ထိုဆရုပ်၌ မင်းကိုသတဲ့အံ့ဟု ယန်လျက်ကို ကိုင်၍ ရှုပ်၏။

ဓင်းသည် ညချမ်းအခါ၌ မူသိကာမည်သော ကျွန်မကို ''သင် သွား၍ ရေဇာန်အပြင်၌ သုတ်သင်၍ လာခဲလော့၊ ငါ ရေချိုးအံ့'' ဟု သန်လျက်ကို ကိုင်၍ သွားစေ၏။

မူသိကာသည် သွား၍ ရေကန်အပြင်၌ သုတ်သင်သည်ရှိသော် မင်းသားကို မြင်၏။ မင်းသားသည် မိမိအမှု ထင်ရှားဖြစ်အံ့သည်မှ ကြောက်ထခဲကြောင့် မူသိကာကို နှစ်ပိုင်းဖြတ်၍ ရေကန်၌ ချ၏။

ပထမဂါထာကို ရွှတ်ပြီ

မင်းသည် ရေချိုးအံ့သောဌာ သွား၏။ ကြွင်းသော သူအပေါင်းသည် ''ယခုနမူသိကာမည်ခသော ကျွန်မသည် တစ်ဖန် မလာ၊ အဘယ်သို့ သွားသနည်း'' ဟု ဆို၏။ မင်းသည်-

၁၁၈။ ကုဟိ ဂဘာ စာတ္ထ ဂတာ၊ ဣတိ လာလပွတေ ဇနေဒ။

အဟ မေဝေဏော ဇာနာမိ၊ ဥဒပါနေ မူသိကာ ဟတာ ဟူသော ပဌမဂါထာကို ရွှတ်လျက် ရေကန်နားသို့ သွား၏။

www.dhammadownload.com

၁၁၈။ မူသိကာ၊ မူသိတာသည်း ကုဟိ်၊ အဘယ်သို့။ ဂတာ၊ သွားသည်နည်း။ ကတ္ထ၊ အဘယ်၌၊ ဂတာ၊ သွားသနည်း။ ဣတို့၊ ဤသို့။ ဇနေ၊ လူများသည်။ လာလပွဒတ၊ မြည်တမ်း၏။ မူသိကာ၊ မူသိကာကို။ ဥဒပါနေန၊ ဓရကန်၌။ ဟတာ၊ သုတ်၍ ချအပ်၏ဟု။ ဇတော၊ တစ်ဒယာက်တည်းသော။ အဟာဒမဝ၊ ငါသည်လျှင်။ ဇာနာမိ၊ သိ၏။

မင်းသားသည် "ငါပြုသော အမှုကို ငါ၏ အဘသည် သိအပ်ပြီ" ဟု ပြော၍ ထိုအကြောင်းကို အလုပ်အကျေးတို့အား ကြား၏။

ဒုတိယဂါထာကို ရွတ်ပြီ

ထိုအလုပ်အကျေးတို့သည် ခုနစ်ရက်လွန်လတ်သော် တစ်ဖန် ထိုမင်းသားကို "ရှင်မင်းသား....မင်းသည် အဆယ်၍ သိငြားအံ့၊ ဆိတ်ဆိတ်မနေရာ။ သင်မင်းသားအား ကြံ၍ ဆိုသည် ဖြစ်လတ္တံ့၊ ခမည်းတော်ကို သတ်လော့" ဟု ဆိုကုန်၏။ မင်းသားသည် တစ်ဖန် ထစ်နေသော်ဘဆန်လျက် ကိုစဲလျက် စောင်းတန်းခြေရင်း၌ ရပ်၍ မင်းသည် လာသောကာလ၌ ထိုမှ ဤမှ သတ်ခွင့်ကို ကြည့်၏။ မင်းသည်-

၁၁၉။ ယဒေ တုံ ဣတိစိတိ စ၊ ဂဒြဘော၀ နိ၀တ္တသိ။
ဥဒပါနေ မူသိကံ ဟန္တွာ၊ ယ၀ံ ဘဒ္ဒကဲတု မိစ္ဆသိ-

ဟူသော ဤဂါထာကို ရွတ်လျက် သွား၏။

၁၁၉။ တုံ၊ သင်သည်။ ယဒေ၊ ယ၀မင်း၌။ ဣတိစိတိ စ၊ ထိုမှ ဤမှ သတ်ခွင့်ကို ကြည့်လျက်လည်း။ ယဒေ၊ မုယောခင်း၌။ ဂဒြဘော၀၊ မြည်းစဲသို့။ နိ၀တ္တသိ၊ ထိုမှ ဤမှ ကြည့်၏။ ဥဒပါနေ၊ ရေကန်၌။ မူသိကံ၊ မူသိကာကို။ ဟန္တွာ၊ သတ်၍။ ယ၀ံ၊ ယ၀မင်းကို။ ဘဒ္ဒကဲတု၊ သတ်အံ့သောငှာ။ ဣစ္ဆသိ၊ အလိုရှိ၏။

တတိယဂါထာကို ရွတ်ပြီ

မင်းသားသည် "ခမည်းတော်သည် ငါ့ကို မြင်ပြီ" ဟု ထိတ်လန့်၍ ပြေး၏။ မှင်းသားသည် တစ်ဖန် လခဲ့ကို လွှန်စေ၍ "မင်းကို ယောက်မဖြင့် ရိုက်သတ်အံ့" ဟု ရှည်သော အရှိုးရှိသော တစ်ခုသော ယောက်မကို ကိုင်၍ ရပ်၏။ မင်းသည်-

www.dhammadownload.com

၁၂၀။ ဒဟရော စာသိ ဒုမ္မေဓ၊ ပဌမုပ္ပတ္တိကော သုသု။
ဒီဃဥ္ဆေတံ သမာသဇ္ဇ၊ နေတ ဒဿာမိ ဇီဝိတံ-
ဟူသော ဤတတိယဂါထာကို ရွတ်လျက် စောင်းတန်းထိပ်သို့ ထက်၏။

၁၂၀။ ဒုဒ္မေဓ၊ ပညာမရှိသော မင်းသား။ တံ၊ သင်ဃည်။ ဒဟရော၊ ငယ်သည်။ ပဌမုပ္ပတ္တိကော၊ ပထမအရွယ်၌ တည်သည်။ သုသု၊ မျိုသည်။ အသိ၊ ဖြစ်၏။ ဒီဃံ၊ ရှည်သော အရှိုးရှိုးသား။ ဇဉ္ဆေ၊ ထိုယောက်ခကို လည်း။ သမာသဇ္ဇ-ဂဒဟာဘာ၊ ကိုင်၍၊ သြလးမွှာ၊ ဆထာက်၍။ ဍံတော၊ တည်သည်။ အသိ၊ ဖြစ်၏။ တော၊ သင်အား။ ဇီဝိတံ၊ အသက်ကို။ နဒဿာမိ၊ ငါမပေး၊ အံ့။

မင်းသား တောင်းပန်ရပြီ

ထိုမင်းသားသည် ထိုနေ့၌ ပြေးအံ့သောဌာ မတတ်နိုင်၍ ''မြတ်သော မင်းကြီး၊ ဆာကျန်ပဲအား အသက်ကို ပေးပါလော့'' ဟု မင်း၏ ခြေရင်း၌ ဝပ်၏။ မင်းသည် မင်းသားကို ခြိမ်းခြောက်၍ သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့ပြီးလျှင် နှောင်အိမ်၌ သွင်းစေ၍ ထီးဖြူခဆောက်ဝယ် တန်ဆာဆင်ဆာပ်သော မင်း၏နေရာ၌ နေ၍ ငါတို့ဆရာ ဒိသာပါမောက္ခ ပုဏ္ဏားသည် ငါ၏ ဆန္ဒဆုယ်ကိုမြင်၍ ဤသုံးဂါထာတို့ကို ဆို၏ဟု ရှင်လန်းနှစ်သက်၍ ဥဒါန်းကြူးလိုရကား-

၁၂၁။ နာန္တလိကွဘဝနေန၊ နာဂ်ပုတ္တပိနန ဝါ။
ပုတ္တေန ဟိ ပတ္ထယိဒဘာ၊ သိလောဂေ ဟိ ပမောစိတော။

၁၂၂။ သဗ္ဗံ သုတ မဓိယေထ၊ ဟိန မုက္ကဋ္ဌ မဇ္ဈိမံ။
သဗ္ဗဿ အတ္ထံ ဇာနနယျ၊ နစ သဗ္ဗံ ပယောဇယေ။
ဟောတိ တာဒိသကော ကာဒလော၊ ယတ္ထ အတ္ထာဝဟံ သုတံ-
ဟူသော ဤနှစ်ဂါထာခွဲတို့ကို ဆို၏။

၁၂၁။ ပုဒ္တေန ဟိ၊ သားသည်လျှင်။ ယတ္ထယိတော၊ သတ်အံ့သော်ငှာ တောင့်တအပ်သော ငါသည်၊ အန္တလိက္ခဘဝနေန၊ ကောင်းကင်ဗိမာန်၌ နေသဖြင့်။ မရဏဒဘာ၊ ဒေသဘားမှ၊ နပမောစိတော၊ မလွတ်။ အာဂ်ပုတ္တပိနန ဝါ၊ ကိုယ်အင်္ဂါနှင့် တူသော သား၏ နှစ်သက်ခြင်းဖြင့်လည်း။ နပမောစိတော၊ မလွတ်။ သိလောကေဟိ၊ ဆရာဖွဲ့၍ ပေးအပ်ကုန်သော ဂါထာတို့ဖြင့်။ ပဒမောစိတော၊ ဖဲ့ဘေးမှ လွတ်၏။

www.dhammadownload.com

၁၂၂ သမ္ဗံ၊ အလုံးစုံးသော။ ဟီနမုက္ကဋ္ဌမဇ္ဈိမံ၊ အယုတ် အလတ် အမြတ် ဖြစ်သော။ သုတံ၊ သုတကို။ အဓီယေထ၊ သင်ရာ၏။ သမ္ဗဿ၊ အလုံးစုံးသော သုတ၏။ အတ္ထံ၊ အကျိုးကို။ ဇာနေယျ၊ သိရာ၏။ သမ္ဗံ၊ အယုတ် အလတ် အမြတ် ဖြစ်သော အလုံးစုံးသော သုတကို။ နစပယောဇနယ၊ မယှဉ်ရာသလျှင်တတည်း။ ယတ္ထ၊ အကြင်ကာလ၌။ သုတံ၊ သုတသည်။ အတ္ထဘဝဟံ၊ အကျိုးကိုဆောင်၏၊ တာဒိသဓာ၊ ထိုသို့, သဘောရှိသော။ ကာလော၊ ကာလသည်။ ဟောတိ၊ ဖြစ်၏။

နောက်အဖို့၌ မင်းလွန်သည်ရှိသော် မင်းသားသည် မင်းအဖြစ်၌ တည်၏၊

ဇာတ်ပေါင်း။ သမ္ဗညူ မြတ်စွာဘုရားသည် ဤ ဓမ္မ ဒေသနာကို ဆောင်တော်မူ၍ "ယခုအခါငါဘုရားသည်လျှင် ထိုအခါဒိသာပါမောက္ခ ဆရာ ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏၊

(ပညာရှိလျှင်၊ ဉာဏ်မြော်မြင်၊ ကြိုတင်သိကြသည်။)

သုံးခုတို့၏ ပြည့်စုံကြောင်းဖြစ်သော မူသိကဇာတ်သည် ပြီး၏။

၂၄-စူဠဓနုဂ္ဂဟဇာတ်

သူခိုး ဓားရိုးကမ်းခြင်း အကြောင်း

ဟောတော်မူရာဌာန။ နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "သမ္ဗံ ဘက္ခံ-" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော စူဠဓနုဂ္ဂဟ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ မယားဟောင်းသည် အကျန့်ပ်ကို ငြိုးခင့်စေ၏" ဟု နားတော်လျှောက်သည်ရှိသော် သမ္ဗညူ မြတ်စွာဘုရားသည် "ရဟန်း... ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုလေ့ရှိ၏၊ ရှေးဘဝလည်း ဤမိန်းမကို မှီ၍ သေဖူးပြီ၊ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ဖူးပြီ" ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏၊

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးခဿာအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားထောင်းသည် သိကြား ဖြစ်၏။ ထို အခါ ဗာရာဏသီပြည်၌ နေသော တစ်ယောက်သော ပုဏ္ဏားသည် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ လေးဆယ်မှုတ်၌ အပြီးသို့ ရောက်၏။ ''စူဠဓနုဂ္ဂဟ ပညာရှိ'' ဟူသော အမှည်သည် ဖြစ်၏။

ပါမောက္ခ၏ သမီး

ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိအား ''ဤသူသည် ငါနှင့်တူစွာ အတတ်ကို သင်၏'' ဟု ဆို၍ ဆရာသည် မိမိ သမီးကို ပေး၏။ စူဠဓနုဂ္ဂဟသည် ''ထို သတ္တိသမီးကိုယူ၍ ဗာရာဏသီပြည်သို့ သွားအံ့'' ဟု ခရီးသို့သွား၏။

သူခိုး ဓားရိုးကမ်း

လမ်းအကြား၌ တစ်ခုသော ဆင်သည် တစ်ခုသော အရပ်ကို ဆိတ်ညံသည်ကို ပြု၏။ ထိုအရပ်ကို တစ်စုံတစ်ယောက်သောသူသည် သွားအံ့သောငှာ မဝံ့။ စူဠဓနုဂ္ဂဟ ပညာရှိသည် လူတို့ထသည် မြစ်ကုန်စဉ်လျင် မယားကိုယူ၍ ထိုတောအုပ်သို့ သွား၏။ ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိအား တောအုပ်အလယ်၌ ဆင်သည် လိုက်၏။ စူဠဓနုဂ္ဂဟ ပညာရှိသည် ထိုဆင်ကို ဦးကင်း၌ မြားဖြင့်ပစ်၏။ မြားသည် ဖောက်ထွင်း၍ နောက်အဖို၌ ထွက်၏။ ဆင်သည် ထိုအရပ်၌လျင် လဲသွား၏။

စူဠဓနုဂ္ဂဟ ပညာရှိသည် ထိုအရပ်ကို ဘေးမရှိသည်ကိုပြု၍ ရွှေမှုတစ်ခုသော တောအုပ်သို့ ရောက်၏၊ ထိုတောအုပ်၌လည်း ငါးကျိပ်ကုန်းသော ခိုးသူတို့သည် ခရီးသွား လူမျှားကို လုယက်နှိပ်စက်ကုန်၏၊ စူဠဓနုဂ္ဂဟ ပညာရှိကို လူတို့သည် တားမြစ်အပ်လျက် ထိုတောအုပ်သို့လည်း သက်ဝင်၍ သားတို့ကို ထတ်၍ ခရီးဆန်း၌ အသားကိုကင်၍ စားကုန်သော ခိုးသူတို့၏ တည်ရာအရပ်သို့ ရောက်၏။

ခိုးသူတို့သည် တန်ဆာဆင်အပ်သော မယားနှင့်တကွ လာသော ထိုစူဠဓနုဂ္ဂဟပညာရှိကို မြင်၍ ''ထိုသူကို ဖမ်းကုန်အံ့'' ဟု အားထုတ်ခြင်းကို ပြုကုန်၏။ ခိုးသူကြီးသည် ပုရိသလက္ခဏာ၌ လိမ္မာ၏။ ထိုခိုးသူကြီးသည် စူဠဓနုဂ္ဂဟ ပညာရှိကိုကြည့်၍လျင် ''ဤယောကျ်ားကား မြတ်သော ယောကျ်းတည်း'' ဟု သိ၍ တစ်ယောခက်သောသူအားလည်း ထစိမ့်သောငှာ မပေး။

(၃၀c)　။ဂုံမှာဒေးကဒြေးထထ ဆွံးထိုင်းတေငြိုယလနွာ့လ ဆွံးမြွံးတေငြိုယလဝိုင်းနဲ့ ဒြေးနှံဖိုဂ်ထဆွံးယြဝိုင်းနဲ့ ငြိုဝင်းတကနွာတဟပ်မှာဇဒိမ်း ။၃-ဂုံ
(ဌာတဇာတပ်မှာဇဒိမ်း ၊ထ-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

စူဠဇနကဟ ပညာရှိသည် ''သားချေ၊ ငါတို့ဖို့ တစ်ခုသော အမဲတံစို့ကို ပေးကုန်လော့'' ဟုဆို၍ အမဲကို ဆောင်ချေဟု ခိုးသူတို့၏အထဲသို့ မယားကို စေ၏။ မယားသည် သားရှိ ''တစ်ခုသော အမဲတံစို့ကို ပေးကုန်လော့'' ဟုဆို၏။ ခိုးသူကြီးသည် အနှစ်သာယောကျ်ားတည်းဟု အမဲတံစို့ကို ပေးစေ၏။ ခိုးသူတို့သည် ငါတို့ကား ကျက်သောအမဲကို စားကုန်အံ့ဟု မကျက်သော အမဲတံစို့ကို ပေးကုန်၏။ စူဠဇနကဟ ပညာရှိသည် မိမိကိုယ်ကို ချီးမွမ်း၍ ငါ့အား မကျက်သော အမဲတံစို့ကို ပေးကုန်၏ဟု ခိုးသူတို့အား အမျက်ထွက်၏။ ခိုးသူတို့သည် ''ဤယောကျ်ားကား တစ်ယောက်တည်းသာလျှင်တည်း၊ အဘယ်သို့ပြုနိုင်လတ္တံ့နည်း၊ ငါတို့သည် မိန်းမ မဟုတ်ကုန်'' ဟု ခြိမ်း၍ ထကုန်၏။ စူဠဇနကဟ ပညာရှိသည် လေးဆယ့်ကိုးစင်းသော မြားတို့ဖြင့် ပစ်၍လည်း စေ၏။ ခိုးသူကြီးကို ပစ်အံ့သာဌာ မြား မရှိသည်ဖြစ်၏။ စူဠဇနကဟပညာရှိ၏ မြားကျည်၌ ငါးဆယ်ကုန်သော မြားတို့သည်သာလျှင် ရှိကုန်၏။ ထိုမြားတို့တွင် တစ်စင်းသောမြားဖြင့် ဆင်ကို ပစ်၏။ ကြင်းသောမြားတို့ဖြင့် လေးကျိပ်ကိုးယောက်ကုန်သော ခိုးသူတို့ကို ပစ်ပြီးလျှင် ခိုးသူကြီးကိုလည်း စေ၍ ခိုးသူကြီး၏ရင်၌ တက်စီးလျက် ထိုသူ၏ဦးခေါင်းကို ဖြတ်အံ့ဟု မယား၏လက်မှ သန်လျက်ကို ပေးစေ၏။ မယားသည် ထိုခဏ၌လျှင် မြင်သော ခိုးသူကြီးကို တပ်စွန်း၍ ခိုးသူလက်၌ အရှိုးကို လင်၏လက်၌ အသွားကို ထား၏။ ခိုးသူဃည် သန်လျက်ရှိုးကို ကိုင်၍ သန်လျက်ကိုထုတ်၍ စူဠဇနကဟ ပညာရှိ၏ဦးခေါင်းကို ဖြတ်၏။

လင်ပစ်မ၏ သောက

ခိုးသူကြီးသည် စူဠဇနကဟပညာရှိကို သတ်၍ မိန်းမကိုယူသွားသည်ရှိသော် အမျိုးကို မေး၏။ ထိုမိန်းမသည် ကျွန်ုပ်ကား တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ၏ သမီးတည်းဟုဆို၏။ သင့်ကို ဤယောကျ်ားသည် အဘယ်အကြောင်းအား ဖြင့်ရသနည်းဟု မေးခဲ့ကျွန်ုပ်၏အဘသည် ''ဤယောကျ်ားကဲ့ ငါနှင့် တူစွာ အတတ်ကို သင်၏ဟု နှစ်သက်၍ ဤယောကျ်ားအား အကျွန်ုပ်ကို ပေး၏၊ ကျွန်ုပ်သည် သင်၌ချစ်၍ တစ်ဖန် ပေးစားသောလင်ကို သတ်စေ၏'' ဟု ဆို၏။ ခိုးသူကြီးသည် ''ဤမိန်းမကား အဘ၌ပေးစားသော လင်ကို စင်လျက် သတ်သေး၏၊ တစ်ပါးသောလင်ကိုမြင်၍ ငါ့ကိုသည်း ဤဆတူလျှင် ပြုလတ္တံ့၊ ဤမိန်းမကို စွန့်ခြင်းငှာ သင့်၏'' ဟု ကြံ၍ သား

www.dhammadownload.com

လတ်သော် လမ်းအကြားတွင် ထိုခဏ၌ လာ၍ ရေပြည့်သော တိမ်သော တစ်ခုသောမြစ်ကိုမြင်၍ "ရှင်မ... ဤမြစ်၌ မိုးကျောင်းရဲ့၊ ကြမ်းကြုတ်၏၊ အသို့ပြုရကုန်အံ့နည်း" ဟု ဆို၏။ ထိုမိန်းမသည်လည်း "အရှင်.... အလုံးစုံသော တန်ဆာဥစ္စာကို ကျွန်ုပ် အားပါးရုံဖြင့် ထုပ်၍ ကမ်းတစ်ဖက်သို့ ပို့ဆောင်၍ တစ်ဖန်လာ၍ အကျွန်ုပ်ကိုယူ၍သွားလော့" ဟု ဆို၏။ ထိုခိုးသူကြီးသည် ကောင်းပြီဟု အလုံးစုံသော တန်ဆာဥစ္စာကိုယူ၍ မြစ်သို့ဆင်း၍ ကူးသကဲ့သို့ တစ်ဖက်ကမ်းသို့ ရောက်၍ ထိုမိန်းမကို စွန့်ပစ်၍ သွား၏။ ထိုမိန်းမသည် ထိုခိုးသူကြီးကိုမြင်၍ "အရှင်.... အဘယ့်ကြောင့် ငါ့ကို စွန့်ပစ်၍ သွားသနည်း၊ အဘယ်ကြောင့်ကျိသို့ ပြုသနည်း၊ လာခဲလော့၊ ငါ့ကိုလည်း ယူ၍သွားလော့" ဟု ထိုခိုးသူကြီးနှင့်တကွ စကားပြောလို့ကား.

၁၂၃။ သင္ဗ ဘုတ္တံ သမာဒါယ၊ ပါရံ တိဏ္ဏောသိ ဗြာဟ္မဏ။
ပစ္ဆာဥဇ္ဇ လဟုံ ခိပ္ပံ၊ မံပိ တာဒဒုဟိ ဒါနိဒဂါ-

ဟူသော ရှေးဦးစွာမဏာ ဤဂါထာကို ဆို၏။

၁၂၃။ ဗြာဟ္မဏာပုဏ္ဍားဒါ တံ၊ သင်္ဃသည်။ သင္ဗံ၊ အလုံးစုံသော။ ဘတ္တံ၊ ဥစ္စာကို။ သမာဒါယ၊ ယူ၍။ ပါရံ၊ ကမ်းတစ်ဖက်သို့။ တိဏ္ဏော၊ ကူးသည်။ အသိ၊ ဖြစ်၏။ လဟုံ၊ လျင်စွာ။ ပစ္ဆာဥဇ္ဇ၊ အစ်ဖန်လွှာလော့။ ဤဒါနိ၊ ယခု။ ဤတော၊ ဤဘက်မှ။ ခိပ္ပံ၊ လျင်စွာ။ မံပိ၊ ငါ့ကိုလည်း။ တာဒ၊ ရေဟိ၊ ဆောင်လော့။

ခိုးသူသည် ယိုစကားကိုကြား၍ ကမ်းနားဦး ရပ်လျက်ပင်.

၁၂၄။ အသန္ထိဟံ မံ စိရသန္ထုတောနု၊
နိမိံ ဘောတိ အဓုံ မုဒဝနု၊
မယာပိ ဒဘာတိ နိမိနယျ အည္ဇံ၊
ဤဒဘာ ဇဟံ ဒုရတဂံ ဂမိဿံ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၂၄။ ဘောတိ၊ ပုဏ္ဏားမ၊ တွံ၊ သင်သည်။ စိရသန္ထုတောနု၊ ကြာမြင့်စွာပေါင်းသော လင်ဖြင့်။ အသန္ထုတံ၊ မပေါင်းဖော်ဘူးသော။ မံ၊ ငါ့ကို။ နိမိံ၊ လဲလှယ်၍ ယူ၏။ မုဒဝနု၊ အပြုံမြဲသော လင်ဖြင့်။ အဓုံ၊ မပြုံသော ငါ့ကို။ နိမိံ၊ လဲလှယ်၍ ယူ၏။ ဘောတိ၊ ပုဏ္ဏားမ၊ တွံ၊ သင်သည်။ မယာပိ၊ ငါ့ဖြင့်လည်း။ အည္ဇံ၊ တစ်ပါးသော လင်ကို။ နိမိနေယျ၊ လဲလှယ်၍ ယူရာ၏။

www.dhammadownload.com

အဟံ၊ငါသည်။ ဣတော၊ ဤအနုပ်မှု။ ဒုရတရုံ၊အလွန်ဝေးသောအရပ်သို့။ ဂမိဿံ၊ပြေးသွားတော့အံ့။

ခိုးသူကြီးသည်ကား "သင်နေရစ်လော့" ဟုဆို၍ ကိုမိန်းမ ငိုကြွေးစဉ်လျှင် ထမ်းဆောင်သော ဘဏ္ဍာထုပ်ကိုယူ၍ ပြေး၏၊

ငါးစိမ်းမြင် ငါးကင်ပစ်

မိုက်စွာသော ထိုမိန်းမသည် အလွန် အလိုကြီးသည်၏ အဖြစ်ကြောင့် ဤသို့သဘာဝရှိသော ပျက်စီးခြင်းသို့ ရောက်လျက် ကိုးကွယ်ရာမရှိ၍ အနိုးဌ် တစ်ခုသော သမန်းမြက်ချုံသို့ ကပ်၍ ငိုလျက်နေ၏။ ထိုခဏဌ်သိကြားမင်းသည် လူ့ပြည်ကို ကြည့်လတ်သော် အလွန် အလိုကြီးသည်၏ အဖြစ်ကြောင့် လင်မယုတ်၍ ငိုသော ထိုမိန်းမကိုမြင်၍ ထိုမိန်းမကို နှိပ်၍ ရွက်စေ၍ လာအံ့ဟု မာတလိနတ်သား၊ ပဉ္စသီခ နတ်သားတို့ကို ခေါ၍ ထိုအရပ်သို့သွား၍ မြစ်နားဌ်ရပ်၍ မာတလိ သင်သည် ငါးဖြစ်လော့၊ ပဉ္စသီခ သင်သည် ငှက်ဖြစ်လော့၊ ငါကား မြေခွေးဖြစ်၍ နှုတ်သီးဖြင့် အမဲတုံးကိုခို၍ ထိုမိန်းမ၏ ရှေ့ရှုဖြစ်ဆော အရပ်သို့ ရောက်လတ်သော် သင်သည် ရေမှခုန်၍ ငါ၏ရှဉ့်ဌ် ကျလော့၊ ငါသည် နှုတ်သီးဖြင့်ခို၍သော အမဲတုံးကို စွန့်၍ ဖမ်းအံ့သောငှာ ပြေးလာအံ့၊ ထိုခဏဌ် ပဉ္စသီခ သင်သည် ထိုအမဲတုံးကို ခို၍ ကောင်းကင်သို့ ပျံလော့၊ မာတလိ သင်သည် ရေသို့ ကျလော့ဟု စေ၏။

ရှင်မင်းကြီး...ဘောင်းပြီဟု မာတလိသည် ငါး ဖန်ဆင်း၏။ ပဉ္စသီခသည် ငှက် ဖန်ဆင်း၏၊ သိကြားမင်းသည် မြေခွေး ဖန်ဆင်း၍ အမဲတုံးကို နှုတ်သီးဖြင့်ခို၍ ထိုမိန်း၏ ရှေ့ရှုအရပ်သို့ လာ၏၊ ငါးသည် ရေမှ ခုန်တက်၍ မြေခွေး၏ရှဉ့်ဌ်လျှ၏။ မြေခွေးသည် နှုတ်သီးဖြင့်ခိုသော အမဲတုံးကိုစွန့်၍ ငါးကိုဖမ်းအံ့သောငှာ ပြေး၏၊ ငါးသည် ခုန်၍ ရေသို့ကျ၏၊ ငှက်သည် အမဲဘုံးကိုခို၍ ကောင်းကင်သို့ ပျံ၏၊ မြေခွေးသည် ငါးအမဲတုံး နှစ်ခုတို့ကိုလည်း မရ၍ သမန်းမြက်ချုံကိုကြည့်လျက် မျက်နှာ မသာသည် ဖြစ်၍ နေ၏၊

၄-၀၄-၅၅၀(တ-တွဲ)

www.dhammadownload.com

ပါမောက္ခသမိုး ရယ်ခြင်း

ထိုမြေခွေးကိုမြင်၍ ''လွန်စွာသော အလိုရမ်းသည် နှိပ်စက်ဆပ်သော ဤမြေခွေးသည် ဆမဲတုံးလည်းမရ၊ ငါးလည်းမရ'' ဟု အိုးကိုခွဲဘိသကဲ့သို့ ထည်းစွာသော ရယ်ခြင်းကို ရယ်၏။

ဟဲ့ဘယ်သူ ရယ်သလဲ

ထိုရယ်သံကိုကြား၍ မြေခွေးသည်-

၁၂၅။ ကာယံ ဇွေဂဏကုမ္မေ၊ ကဆောတိ အဟု ဟာသိယံ။
နယိဓ နစ္စဂိတံ ဝါ၊ တာဠံ ဝါ သုံသမာဟိတံ။
အနုမို ဏာလေ သုသောဏိ၊ ကိံ နု ဇဋ္ဌသိ သောဘကော-

ဟူသော သုံးခုံမြောက်သော ဤဂါထာကို ဆို၏။

၁၂၅။ ဇွေဂဏကုမ္မေ၊ သမန်းမြတ်ချုံ၌။ ဆယ်၊ ဤမိန်းမသည်။ ဟာသိယံ၊ ကြီးစွာသောရယ်ခြင်းကို။ ကဆောတိ၊ ပြု၏။ ကာ၊အဘယ်မိန်းမသည်၊ အဟု၊ဖြစ်သနည်း။ ဣဓ၊ဤဆရပ်၌၊ နိစ္စဂိတံ ဝါ၊ ကခြင်းသီခြင်း၊ သည် လည်းခကာင်း။ သုသမာဟိတံ၊ကောင်းစွာပြုအပ်သော်။ တာဠံ ဝါ တီးမှုတ်ခြင်းသည် လည်းကောင်း။ နု၊ဓရှိခဲ့။ သုသောဏိ၊ ကောင်းစွာခါးရှိသော။ သောဘဏေ၊ တင့်တယ်စွာ ရှင်မ။ တွံ၊သင်သည်။ အနုမို၊ ကာလ၊လ၊ ငိုသင့်သော ဆာလဋ္ဌ။ ကိံ နု၊ အဘယ်ကြောင့်။ ဇဋ္ဌသိ၊သည်းစွာ ရယ်ဘိသနည်း။

မိုက်လှချည်လား

ထိုစကားကိုကြား၍ ထိုမိန်းမသည်-

၁၂၆၊ သိင်္ဂါလ ဗာလ ဒုမ္မေဓ၊ အပ္ပပညောသိ ဇမ္မုဏာ။
ဇီနော မစ္ဆဉ္ဆ ပေသိဉ္ဆ၊ ကပဏော ဝိယ စျာယသိ-

ဟူသော ခလးခု မြောက်သော ဤဂါထာကို ဆို၏။

၁၂၆၊ ဗာလ၊မိုက်သော။ ဒုဇ္ဇမ္မေ၊ပညာမရှိသော၊ ဇမ္ဗုကဲ့၊ အစဉ်း ကြီးသော။ သိင်္ဂါလ၊မြေခွေး။ တွံ၊သင်သည်။ အပ္ပပညော၊ ပညာမရှိသည်း အသိ၊ဖြစ်၏၊ မစ္ဆဉ္ဆ၊ငါးကိုလည်းကောင်း၊ ပေသိဉ္ဆ၊ အမဲကို လည်း

www.dhammadownload.com

ကောင်း။ ဇီနေဝ၊ ရှုံးသည် ဖြစ်၍။ ကပကော ဝိယ၊ ဥစ္စာတစ်ထောင် ရှုံးသော အထီးကျွန်သေခသူကဲ့သို့။ ဗျဝယသီ၊မှိုင်၏။

သင့်က ပိုမိုက်သည်

ထို့နောင်မှ မြေခွေးသည်-

၁၂၇။ သုဒဿံ ဝဇ္ဇံ မနုညံ၊ အတ္တဲနော ပန ဒုဒ္ဒသံ။
ဇီနာ ပတိဥ္ဆ ဇာရဥ္ဆ၊ မညေ တုညေဝ ဗျာယသီ-

ဟူသော ငါးခုမြောက်သော ဂျိဂုတ္ထာကို ဆို၏။

၁၂၇။ ပါပဓမ္မ၊ ယုတ်မာသော အကျင့်ရှိသော။ ဒုဿီလ၊ သီလ မရှိသော မိန်းမ။ အညံ၊ သူတစ်ပါးတို့၏။ ဝဇ္ဇံ၊ အပြစ်ကို။ သုဒဿံ၊ မြင်လွယ်၏။ အတ္တဲနော၊ မိမိ၏။ ဝဇ္ဇံ ပန၊ အပြစ်ကိုမူကား။ ဒုဒ္ဒသံ၊ မြင်ခဲ၏။ တုညေဝ၊ သင်သည်သာလျှင်။ ပတိဥ္ဆ၊ အဘပေးစားသော လင်ကို လည်းကောင်း။ ဇာရဥ္ဆ၊ သဓေဒက်လင်ကို လည်းကောင်း။ ဇီနာ၊ ရှုံးသည်ဖြစ်၍။ ဗျဝယသီ မညေ၊ ငါထက်မိုက်ယောင်တကား။

နောင်တရပါပြီ

ထိုမိန်းမသည် မြေခွေးစကားကို ကြား၍-

၁၂၈။ ဧဝမေဝ မိဂရာဇ၊ ယထာ ဘာသသိ ဧမ္မုဟာ။
ယံနူနာဟံ ဣတော ဂန္ဓာ၊ ဘတ္တာ ဟေဿံ ဝသာနုဂါ-

ဟူသော ဤဆဋ္ဌဂါထားကို ဆို၏။

၁၂၈။ မိဂရာဇ၊ သားတို့၏ မင်းဖြစ်သော၊ ဧမ္မုက၊ မြေခွေးမင်း။ တွံ၊ သင်သည်။ ဘာသသိ ယထာ၊ ဆိုသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဟောမိ၊ ဖြစ်ရချေ၏။ အဟံ၊ ငါသည်။ ဣတော၊ ဤအရပ်မှ၊ ဂန္ဓာ၊ သွား၍။ ပုန၊ တစ်ဖန်။ ယံ ဘတ္တာရံ၊ အကြင်လင်ကို။ လဘိတ္ဝာ၊ ရ၍။ နူန-ကေန္တနေဝ၊ စင်စစ်သဖြင့်လျှင်။ တဿ ဘတ္တုံ၊ ထိုလင်၏။ ဝသာနုဂါ၊ အလိုသို့လိုက်၍ ကျင့်သည်။ ဟေဿံ၊ ဖြစ်အံ့။

www.dhammadownload.com

ခြံခုန်စရှိ ခုန်တော့မှာပဲ

ထိုဇခါ သီလမရှိသော ထိုမိန်းမ၏ စကားကို ကြား၍ သိကြားမင်းသည်·

၁၂၉။ ယော ဟရေ မတ္တိကံ ထာလံ၊ ကံသထားလံပိ သော ဟရေ။
ကစာဠော တယာ ပါပံ၊ ပုနပေဝံ ကရိဿသိ·

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၁၂၉။ အနာစာရေ၊ ယုတ်မာသော အကျင့်ရှိသော မိန်းမ။ တုံ၊ သင်သည်၊ ကိုက်ထေသိ၊ အသို့ဆိုသနည်း။ ယော၊ အကြင်သူသည်၊ မတ္တိကံ ထာလံ၊ မြေခွက်ကို၊ ဟရေ၊ ခိုး၏။ သော၊ ထိုမြေခွက်ကိုမျှ ခိုးတတ်သောသူသည်။ ကံသထားလံပိ၊ ရွှေခွက် ငွေခွက် အစရှိသော ခွက်ကို လည်း၊ ဟရေ၊ ခိုးအံ့စင်းစင်းတည်း။ တယာ၊ သင်သည်၊ ဣဒံပါပံ၊ ဤမကောင်းမှုကို။ ကတ္တာ၊ ပြုအပ်ပြီးသလျှင်ကတည်း၊ ပုနပိ၊ တစ်ဖန် လည်း၊ တုံ၊ သင်သည်။ ဧဝံ၊ ဤအတူ၊ ကရိဿသိ၊ ပြုပြန်လတ္တံ့။

ဤသို့ သိကြားမင်းသည် ထိုမိန်းမကို ရှက်စေ၍ ဖောက်ပြန်သော အခြင်းအရာသို့ ရောက်စေ၍ မိမိနေရာသို့ သွား၏။

ဇာတ်ပေါင်း။ သမ္မည္ဇု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား· "ယခုအခါ ငြိုးငွေ့သော ရဟန်းသည် ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိ ဖြစ်ဖူးပြီ၊ ယခုအခါ ငြိုးငွေ့သော ရဟန်း၏ မယားဟောင်းသည် ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိ၏ မယား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ချောင်းကိုပစ်၍၊ မြစ်ကိုရှာ၊ ရေသာမျှား၍ ငါးမတွေ့)

လေးခုတို့၏ ပြည့်စုံကြွင်းဖြစ်သော စူဠဓနုဂ္ဂဟဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၅-ကဖေါတဇာတ်
လျှပ်ပေါ် လော်လည်ခြင်းကြောင့် ပျက်စီးရခြင်း

ဟောတော်မူရာဌာန။ နှတ်နှင့်တကွသော လေဘကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဣဒါနိခေါမို့-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဖေါတဇာတ်ကို ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော လျှပ်ပေါ်သော ရဟန်းကို အားကြွေးပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ လျှပ်ပေါ်သော ရဟန်းဝတ္ထုကို မျှားစွာ ခဲ့ဖူးပြီး သလျှင်ကာတည်း။

ထိုရဟန်းကိုကား သဗ္ဗညု မြတ်စွာဘုရားသည် "ရဟန်း....သင်သည် လျှပ်ပေါ်ခဲသော ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "ဘုန်းခေတ်ကြီးသော အရှင်ဘုရား မှန်ပေ၏" ဟု နားတော် လျှောက်သည် ရှိသော် "ရဟန်း....သင်သည် ယခုအခါ၌သာ လျှပ်ပေါ်သည် မဟုတ်သေး၊ ရှေးဘဝ်လည်း လျှပ်ပေါ်သည်သလျှင်ကတည်း၊ လျှပ်ပေါ်သည်၏ အဖြစ်ကြောင့် အသက်ကုန်ခြင်းသို့ ရောက်ဖူး၏" ဟူ မိန့်တော်မူ၍ အတိတ်ကို ဆောင် တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ပဘာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခိုမျိုးဘဝဖြစ်၍ ပဘာဏသီ သူဌေး၏ စားဖိုအိမ် အသိုက်အတောင်းဘဝ နေ၏။

ဟင်းခိုးစားသော ကျီးမိုက်ဒုက္ခ

ထိုအခါ တစ်ခုသော ကျီးသည် ငါးအမဲဘဝ် တပ်စွန်း၍ ထိုခိုနှင့် မိတ်ဖွဲ့၍ ထိုအသိုက်တောင်းဘဝ်လျှင် နေ၏။ ထိုကျီးသည် တစ်နေ့သဘ် မျှားစွာသော ငါးအမဲကိုမြင်၍ ငါးအမဲကို စားအံ့" ဟု အလွန် ညည်းညူ လျက် အသိုက်အတောင်းဘဝ်လျှင် အိပ်နေ၏၊ ခိုသည် "အခဆွ ကျီး....လောလော့၊ အစာရှာအံ့သောငှာ သွားကုန်အံ့" ဟု ဆိုသော်လည်း၊ ငါသည် အစာ မကျေခြင်းကြောင့် အိပ်၏၊ သင်သည် သွားလေလော့" ဟု ဆို၍ အစာရှာ မသွားမူ၍ ထိုခိုသွားသည်ရှိသော် "ငါ၏ ဆူးငြောင့်ဖြစ်သော ရန်သူသည် သွားပြီ၊ ယခုအခါ ငါသည် အလိုရှိတိုင်း ငါးအမဲကို စားအံ့"ဟု ကြံလျက်.

www.dhammadownload.com

၁၃၀။ ဣဒါနိ ခေါမှိ သုခီတော ဆရော၇ေါ၊
နိက္ကဏ္ဍကော နိပ္ပတိကော ကပေါတော။
ကာဟာမိ ဒါနိ ဟဒယဿ တုဋ္ဌိံ၊
တထာဟိ မံ မံသသဒ္ဒက် ဗလေတိ.

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

၁၃၀။ အဟံ၊ ငါသည်။ ဣဒါနိ ခေါ၊ ယခုအခါ၌လျှင်၊ သုခီတော၊ ချမ်းသာသည်။ ဆရော၇ေါ၊ ရောဂါမရှိသည်၊ နိက္ကဏ္ဍကော၊ဆူး ငြောင့်မရှိသည်။ ဆမှိ၊ ၏။ ကပေါတော၊ ခိုသည်။ နိပ္ပတိကော၊ ထွက်သွားလေပြီ။ ဣဒါနိ၊ ၌၊ ဟဒယဿ၊ နှလုံး၏။ တုဋ္ဌိံ၊ နှစ်သက်သော အမှုကို။ကာဟာမိ၊ ပြုအံ့။ တထာဟိ၊ ထို့ကြောင့်လျှင်။ မံသသဒ္ဒက်၊ အမဲ အမဲဟင်းမှ ကြွင်းသော ဟင်းသည်၊ မံ၊ ငါ၏၊ ဗလေတိ-ဗလံ ကဆိုဟိ၊ အား၊ လှုံ့လှဲကို ပြု၏။

စားဖိုသည်သည် ငါးအမဲကိုချက်၍ စားဖိုအိမ်မှထွက်၍ ကိုယ်မှခွေးကို သုတ်လျက်နေ၏၊ ကျီးသည် ထောင်းမှထွက်၍ အမဲကို ဝမ်းပြည့်အောင် စား၍ အမဲကိုထားသော တောင်းဘဲနား၍ "ကိရိ ကိရိ" ဟုအသံကိုပြု၏။ စားဖိုသည်သည် လျင်မြန်သဖြင့် လှလတ်၍ ကျီးကိုဖမ်း၍ အလုံးစုံသော အနာတောင်တို့ကို နုတ်၍ စိုသော ချင်း မုန်ညင်းစေ့တို့ကိုဆော်၍ ပုပ်သော ရက်တက်ရည်ဖြင့် နယ်၍ အလုံးစုံသောကိုယ်ကို လိမ်း၍ တစ်ခုသော အိုးခြမ်းကို သွေး၍ ချည်ကြိုးဖြင့် ထိုကျီး၏လည်ဘို ဖွဲ့ဆွဲ၍ အသိုက်နောင်းဘဲ လျင် ထား၍ သွား၏။

ခိုး၏လှောင်ပြောင်သံ

ခိုသည်လာလတ်၍ ထိုကျီးကိုမြင်၍ "ဗျိုင်းသည် ငါ့အဆွေ ကျီး၏ ဓနောင်းဘဲအိပ်၏ အဘယ်ဗျိုင်းနည်း၊ အဆွေခင်ပွန်းဖြစ်သော ကျီးသည် ကြမ်းကြုတ်၏၊ လာလတ်၍ သင့်ကိုညှဉ်းဆဲထု၏" ဟုပြက်ရယ်ပြုလိုရကား-

၁၃၁။ ကာ ယံ ဗလကာ သိခိနံ၊ စောရိ လဿံ ပိတာမဟာ။
သြရံ ဗလာကေ အာဂစ္ဆ၊ စက္ကော မေ ဝါယသော သခါ,

ဟူသော နှစ်ခုမြောက်ဇာတ ဂါထာကို ဆို၏။

www.dhammadownload.com

၁၃၁။ သီခိနီ၊ ဥိးစွန်းရှိသော၊ စောရီ၊ နေထုခတောင်းကိုခိုးသော။ လဿ ပိတာမဟာ၊ မိုးဟူသော အဘိုးရှိသော။ အယံ ဗလာကာ၊ ဤဗျိုင်း ဆောက်မသည်၊ ကာ၊ အဘယ်ဗျိုင်းဆောက်မနည်း။ ဗလာကေ၊ ဗျိုင်း ဆောက်မ။ ဩရံ၊ ဤအတွင်းသို့။ အာဂစ္ဆ၊ လာလော့။ မေ၊ ငါ၏။ သခါ၊ အဆွေခင်ပွန်းဖြစ်သော။ ဝါယသေးကျီးသည်။ စဇ္ဈော၊ ကြမ်း၏။

မလျှောင်ပုဂါနဲ့ခိုလေးရယ်

ထိုစကားကိုကြား၍ ကျီးသည်-

၁၃၂။ အလံ ဟိ တေ ဇဋ္ဌဲ ိတာယေ၊ မမံ ဒိသ္ဝာန ဒေိသံ။
ဝိလူနံ သူဒပုတ္တောန၊ပိဋ္ဌမဇ္ဈောန မက္ခိတံ-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၃၁၂။ သမ္မ၊ အဆွေ။ သူဒပုတ္တောန၊ စခးဖိုသည်သည်။ ဝိလူနံ၊ အမွေး အတေစင်ကိုနုတ်၍။ ပိဋ္ဌမဇ္ဈောန၊ ချင်း မုန့်ညင်းမှုန့်ဖျော်သော ရက်တက် ရည်ကြဲည်ဖြင့်။ မက္ခိတံ၊ လိမ်းကျံ အပ်သော။ ဒေိသံ၊ ဤသို့သဘောရှိသော ဆင်းရဲခြင်းရှိသော။ မမံ၊ ငါ့ကို။ ဒိသ္ဝာန၊ မြင်၍။ တေ၊ သင့်အား။ ဇဋ္ဌဲ တာယေ၊ ပြက်ရယ်ပြုခြင်းငှာ။ အလံ၊ မသင့်သလျင်ကတည်း။

သင့်မလဲ ပြင်လို့ ဆင်လို့

ခိုသည် ပြက်ရယ်ပြုလို၍လျှင် ဘစ်ဖန်-

၁၃၃။ သုန္နာတော သုဝိလိတ္တာ သိ၊ အန္ဒုပါနေန တပ္ပိတော။
ကဏ္ဏော စ တေ ဝေဋ္ဌဲရိယော၊ အဂမာ နူကဇဋ်လံ-

ဟူသော လေးခုမြောက်သော ဤဂါထာကိုဆို၏။

၁၃၃။ သမ္မ၊ အဆွေ။ တုံ၊ သင်သည်၊ သုန္နာတော၊ ကောင်းစွာ သုတ်သင်အပ်သည်။ သုဝိလိတ္တော၊ ကောင်းစွာ လိမ်းကျံ အပ်သည်။ အန္ဒုပါနေန၊ ထမင်းအခဖျော်ဖြင့်။ တပ္ပိတော၊ ရောင့်ရဲသည်။ အသိ၊ ဖြစ်၏။ တေ၊ သင်၏။ ကဏ္ဏော စ၊ လည်ဌဲလည်း။ ဝေဋ္ဌဲရိယော၊ ဝေဋ္ဌဲရိယ ပတ္တမြား ကို ဆင်ယင်အပ်၏။ တုံ၊ သင်သည်။ ကဇဋ်လံ၊ ဗာဇွဏသီပြည်တွင်းသို့။ အဂမာ နု၊ သွားခဲ့သလော။

ထို့နောက်မှ ကျီးသည်-

www.dhammadownload.com

၁၃၄။ မာ တေ မိတ္တော အမိတ္တော ဝါ၊ အဂမာသိ တဇင်္ကံလံ၊
ပိဋ္ဌောနိ တတ္ထ လာယိတ္ထာ၊ ကဏ္ဌေ ဗန္ဓန္တိ ဝဋ္ဋနံ။
ဟူသော ငါးခုနမြောက်သော ဤဂါထာကို ဆို၏၊

ငါတော့ဇနကရောက်ပြီ

၁၃၄။ ပါရာဝတ၊ ခို။ တေ၊ သင်၏။ မိတ္တော ဝါ၊ အဆွေခင်ပွန်းသည် လုပ်းကောင်း။ အမိတ္တောဝါ၊ အဆွေခင်ပွန်းမဟုတ်ဆောင့်ကြွက်သည်လည်းဆောင်း။ ကဇင်္ကံလံ၊ ဗာရာဏသီမြို့တွင်းသို့။ မာ အဂမာသိ၊ မသွားစေလင့်။ တတ္ထ၊ ထိုဗာရာဏသီမြို့တွင်း၌။ ပိဋ္ဌောနိ၊ အမွေးအတောင်တို့ကို။ လာယိတ္ထာ၊ နုတ်၍။ ကဏ္ဌေ၊ လည်၌။ ဝဋ္ဋနံ၊ အိုးခြမ်းကို။ ဗန္ဓန္တိ၊ ဖွဲချည်တတ်ကုန်၏။

အကောင်းစဝးချင်ဦး

ထိုစကားကိုကြား၍ ခိုသည်-

၁၃၅။ ပုနပါ ပဇ္ဇံသိ သမ္မ၊ သီသဉ္စိ တဝ တာဒိသံ။
နု ဟိ မဓုသကာ ဘောဂါ၊ သုဘဉ္ဇော ဟောန္တိ ပက္ခိနော-
ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၁၃၅။ သမ္မ၊ အဲဆို။ တွံ၊ သင်သည်။ ပုနပိ၊ တစ်ဖန်လည်း။ ဧဝံ ရှုပ်၊ ဤသို့ သဘောရှိသော ဆင်းရဲသို့။ အာပဇ္ဇသိ၊ ရောက်လတ္တံ့။ ဟိ ထစ်၊ မှန်၏။ တဝ၊ သင်၏။ သီလံ၊ အလေ့သည်း၊ တာဒိသံ၊ ထိုသို့သဘောရှိ၏၊ မာနုသကာ ဘောဂါ၊ လူ၌ဖြစ်ကုန်သော အသုံးအဆောင်တို့သည်။ ပက္ခိနော၊ ငှက်အား သုဘဉ္ဇံ၊ သုံးဆောင်လွယ်ကုန်သည်။ နု ဟောန္တိ၊ မဖြစ်ကုန်သလျှင်ကတည်း။

ဤသို့ ဘုရားလောင်းသည် ထိုကျီးကိုဆုံးမ၍ ထိုအိမ်၌ မနေမူ၍ အတောင်တို့ကိုဖြန့်၍ တစ်ပါးသောအရပ်သို့ ပျံသွား၏၊ ကျီးသည်လည်း ထိုအိမ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်၏။

ဇာတ်ပေါင်း။ သင့်ညှူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏အဆုံး၌ လျှပ်ပေါသော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။

www.dhammadownload.com

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား "ယခုအခါ လျှပ်ပေါသော ရဟန်းသည် ထိုအခါ ကျီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခိုဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်နှင့်မထိုက်၊ လိုချင်လိုက်၊ ကျီးမိုက်ခသရပြီ။)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော် ကပေါတဇာတ်သည် ပြီး၏။

အဒ္ဓဝဂ် ပြီး၏။

www.dhammadownload.com

တော်ခဝတာ-

မင်္ဂလာဘူမိ ကိတ္တိချေ၊ ဝသတာ မန္ဒီရေ ရမ္မေ။
ဂုရုနှစ ပြမ္မဘာသာယ၊ ဝုတ္တဂန္ဆာ ဂတေဒ နိဋ္ဌ်။

တော်ဝတာဒ၊ ဤမျှလေဒ စကား၊ အစဉ်ဖြင့်၊ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိကိတ္တိချေ၊ မင်္ဂလာဘူမိအမည်ရှိခသာ။ မန္ဒီရေ၊ အစရှုပ္ပရ ရွှေမြို့တော်ဆင်ဖြူများရှင် တထူးမင်းပြတ်၏ မိဖုထူးသည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝအစတာ၊ သီတင်းသုံးနေတော်မူလော။ ဂုရုနာ၊ ဆရာတော်သည်။ ပြမ္မဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆို အမိန့်ဖြင့်။ ဝုတ္တဂန္ဆာ၊ ဆုံးဖြတ်အပ်သော သုံးဝဂ်, ဇာတ်နှစ်ဆယ့်ငါး ဇာတ်ရှိသော ပဉ္စအနိပါတိကျမ်းသည်။ နိဋ္ဌံ၊ ပြီးခြင်းသို့ဂတေဒ၊ ထွက်၏။

ပဉ္စကနိပါတ် ဇာတ်ဝတ္ထု၊ ဤတွင်ပြီး၏။

www.dhammadownload.com

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ဆင်္ကန်ပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-အဝါရိယဝဂ် ၁-အဝါရိယဇာတ်

လူကို ယုတ်မြတ် မသိတတ်ခြင်းအကြောင်း

ဟောတော်မူရာ ဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ''မာဃု ကုဋ္ဌ ဘူမိပတိ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အဝါရိယဇာတ်ကို ဇေတဝန်ကျောင်းဘေဝ်၌ သီတင်း သုံး နေတော်မူစဉ် ကူးတို့ဆိပ်၌ တစ်ယောက်သော ကူးတို့သည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုကူးတို့သည်သည် မိုက်သည် ဖြစ်သတတ်၊ ဘုရား အစရှိကုန်သော ရတနာတို့၏ ကျေးဇူးကိုလည်း မသိ၊ တစ်ပါးကုန်သော ပုဂ္ဂိုလ်တို့၏ ကျေးဇူးကိုလည်း မသိ၊ ကြမ်းစာမ်း ရှုန့်ရင်း၏၊ နှုံထက်မှုတတ်၏။

www.dhammadownload.com

ရဟန်းကို ညှဉ်းဆဲပုံ

ထိုအခါ ဇနပုဒ်၌နေသော ရဟန်းတစ်ပါးသည် ''ဘုရားကို ဖူးမြင်အံ့'' ဟု လာလတ်သော် ညဉ့်အခါ၌ အစိရဝတီ မြစ်ဆိပ်သို့ ရောက်၍ ထိုကူးတို့သည်ကို ''ဒါယကာ....ထိုမှာဘက်သို့ သွားအံ့၊ ငါ့အား လှေကို ပေးပါလော့'' ဟု ဆို၏။ ''အရှင်ဘုရား....ယခု အချိန်မဟုတ်ပြီ၊ တစ်ရေ သောအခါ၌ နေဦးလော့'' ဟု ဆို၏။ ''ဒါယကာ...ဤအရပ်တွင် ဆာဘယ် ၌ နေရအံ့နည်း၊ ငါကို ယူ၍ သွားလော့'' ဟု ဆို၏၊ ကူးတို့သည်သည် အမျက်ထွက်၍ ''အချင်းရဟန်း....လာလော့'' ဟု မထေရ်ကို လှေသို့တင်၍ ဖြောင့်စွာမသွားမူ၍ လှေကို ဆောက်သို့ဆောင်၍ မြစ်၌ လှေကိုလှုပ်၍ ထိုရဟန်း၏ သပိတ်သင်္ကန်းကို စွတ်စိုစေ၍ ပင်ပန်းစေ၍ မှောင်မိုက်သော အခါမှ လှတ်လိုက်၏၊ ထိုအခါ ထိုရဟန်းသည် ကျောင်းသို့သွား၍ ထို နေ့၌ ဘုရားဆား ခစားခြင်း၏ အခွင့်ကို မရ၍ နက်ဖြန်နေ့၌ မြတ်စွာဘုရားသို့ ကပ်၍ ရှိခိုး၍ တင့်ဆပ်သောအရပ်၌ နေ၏၊ မြတ်စွာဘုရားသည် ပြုဆပ်ဆာ ပဋိသန္ဓာရရှိသည်ဖြစ်၍ ''ဆာဘယ်အခါ၌ လာသနည်း'' ဟု မေးတော်မူသည်ရှိသော် ''ဆရှင်ဘုရား...ယမန်နေ့က လာ၏'' ဟု နားတော်လျှောက်၏၊ ''ယမန်နေ့က လာသည်ဖြစ်လျက် ဆာဘယ်ကြောင့် ယနေ့မှ ငါဘုရားအား ပူးမြင်အံ့သောငှာ လာသနည်း'' ဟု မေးထော်မူသည်ရှိသော ထိုအကြောင်းကို လျှောက်၏၊ ထိုဆကြောင်းကို ကြား၍ မြတ်စွာဘုရားသည် ''ရဟန်း....ဤကူးတို့သည်သည် ယခုအခါ၌သာလျှင် ကြမ်းတမ်းရှုန့်ရင်းသည် နှိုင်ထက်မူတတ်သည် မဟုတ်သေး၊ ရှေး၌ဆည်း ဤကူးတို့သည်သည် ပညာရှိတို့ကို ပင်ပန်းစေ၏'' ဟု မိန့်တော်မူ၍ ထိုရဟန်း သည် တောင်းပန်ဆပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏၊

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ဆရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းကုန်သော အတတ် တို့ကို သင်၍ ရဟန်းပြု၍ ရှည်မြင့်စွာသော ကာလပတ်လုံး ဟိမဝန္တာ၌ သစ်သီးကြီးငယ်ဖြင့် မျှ၍ ချဉ်ဆား မှီဝဲအံ့သောငှာ ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌နေ၍ နက်ဖြန်နေ့၌ ဆွမ်းခံအံ့သောငှာ မြို့သို့ ဝင်၏၊

www.dhammadownload.com

မင်းကိုးကွယ်သော ရသေ.

ထိုအခါ မင်းသည် မင်းရင်ပြင်သို့ ရောက်လာသော ထိုရသေ့ကို မြင်၍ ထိုရသေ့၏ ဣရိယာပုထ်၌ ကြည်ညို၍ နန်းတွင်းသို့ ပင့်၍ ဆွမ်းကျွေး၍ ဝန်ခံခြင်းကို ယူ၍ မင်း၏ ဥယျာဉ်၌ နေစေ၍ တစ်နေ့ တစ်ကြိမ် ခစား အံ့ဩသာဌာ လာ၏။ ဘုရားလောင်း ရသေ့သည် ထိုမင်းကို "မြတ်သော မင်းကြီး....မင်းမည်သည် လေးပါးသော ဗြဂတိသို့ လိုက်ခြင်းတို့ကို ကြဉ်၍ မဒမ္မမလျှော့သာလျှင် ဈာန်းခံခြင်း မေတ္တာ ကရုဏာနှင့် ပြည့်စုံသည်ဖြစ်၍ မင်းပြုအပ်၏" ဟု ဆို၍ နှတိုင်း ဆုံးမလိုရကား-

၁။ မာဿု ကုဋ္ဌ ဘူမိပတိ၊ မာဿု ကုဋ္ဌ ရဇထသဘ။
လ္ဟဒ္ဒံ အပ္ပဋိကုဋ္ဌိဒန္တော၊ ရာဇာ ရဋ္ဌဿ ပူဇိတော့။
၂။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
သပ္ပတ္တ အနုသဒ္ဓသာမိ၊ မာဿု ကုဋ္ဌ ရဇထသဘ-

ဟူသော ဤနှစ်ဂါထာတို့ကို ဟော၏။

၁။ ဘူမိပတိ၊ မြေကို အစိုးရသော မင်းကြီး။ တုံ၊ သင်မင်းကြီး သည်။ မာဿု ကုဋ္ဌ၊ အမျက်မထွက်လင့်။ ရထေသဘ့၊ ရထားစီးချင်း မင်း တို့ထက်မြတ်သော မင်းကြီး။ တုံ၊ သင်မင်းကြီးသည်။ မာဿု ကုဋ္ဌ၊ အမျက်မထွက်လင့်။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပ္ပဋိကုဋ္ဌဒန္တော၊ အတုံ့အမျက် မထွက်သော။ ရာဇာ၊ မင်းကို။ ရဋ္ဌဿ၊ တိုင်းနိုင်ငံသူသည်။ ပူဇိတော၊ ပူဇော်အပ်၏၊

၂။ ရဇထသဘ၊ ရထားစီးချင်း မင်းတို့ထက်မြတ်သော မင်းကြီး။ ဂါမေ ဝါ၊ ရွာ၌လည်းကောင်း။ ယဒိ၊ ထိုမြို့။ အရညေ ဝါ၊ တော၌ လည်းကောင်း။ နိန္နေ ဝါ၊ ချိုင့်ဝှမ်းရာအရပ်၌လည်းကောင်း။ ယဒိ၊ ထိုမြို့။ ထလေ ဝါ၊ ကြည်း၌လည်းကောင်း။ သပ္ပတ္တ၊ အလုံးစုံသော အရပ်၌။ မာဿု ကုဋ္ဌ၊ အမျက်မထွက်လင့်။ လ္ဟတိ၊ ဤသို့။ အနုသာသာမိ၊ ငါ ဆုံးမ၏။

ဤသို့ ဘုရားလောင်းသည် မင်းအား လာတိုင်း လာတိုင်းသောနှင့် ဤဂါထာတို့ကို ဆို၏။ မင်းသည် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ဘုရား လောင်းအား အခွန် တစ်သိန်းထွက်သော ရွာမြတ်ကို ပေး၏။ ဘုရား လောင်းသည် ပယ်၏။

www.dhammadownload.com

ကူးတို့သူကြီးမိုက်

ဤသို့ ဘုရားလောင်းသည် ထိုမင်း၏ ဥယျာဉ်၌လျှင် တစ်ဆယ့်နှစ်နှစ် တို့ပတ်လုံး နေ၍ "အလွန်ကြာမြင့်စွာ နေအပ်ပြီဟု ဇနပုဒ်သို့ လှည့်လည် ခြင်းကို ရှေးဦးစွာ လှည့်လည်၍ လာအံ့" ဟု မင်းအား မပြောမဆိုမူ၍ ဥယျာဉ်စောင့်ကိုခေါ်၍ "ဒါယကာ....ငါသည် ငြီးငွေ့သော သဘောရှိ၏၊ ဇနပုဒ်ကို လှည့်လည်၍ လာအံ့၊ သင်သည် သွား၍ မင်းအား ပြော ဆိုရာ" ဟု ဆို၍ ဖဲသည်ရှိသော် ဂင်္ဂါကူးတို့ဆိပ်သို့ ရောက်၏။ ထိုကူးတို့ ဆိပ်၌ ကူးတို့သည်သည် အဝါရိယ၏ အဘ မည်၏။ ထိုကူးတို့ယသည်သည် မိုက်၏၊ ကျွေးရှိကုန်သော သူတို့၏ ကျေးဇူးကို မသိ၊ မိမိ၏ အကြောင်း ဥပါယ်ကို မသိ၊ ဂင်္ဂါသို့ ကူးလိုသော လူတို့ကို ရှေးဦးစွာ ကူးစေ၍ နောက်မှ အခကို တောင်းလေ့ရှိ၏။ အခကို မပေးကုန်သော သူတို့နှင့် တကွ ခိုက်ရန်ပြုလျက် ဆဲရေးခြင်း၊ သတ်ပုတ်ခြင်းသဘလျှင် အလွန်များ၏၊ နည်းလေသော လာဘ်ရှိ၏။

ဤသို့ သဘောရှိသော အလွန်မိုက်သော ကူးတို့သည်ကို ရည်၍ မြတ် စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၃။ အဝါရိယ ပိတာနှာမ၊ အဟု ဂင်္ဂါယ နဒီကစ၊
ပုဗ္ဗ ဇနံ တာရေတွာန၊ ပစ္ဆာ ယာစတိ ဝေတနံ၊
တေနဿ ဘဏ္ဍနံ ဟောတိ၊ နော ဘောဂေဟိ ဝစ္ဆတိ-

ဟူသော သုံးခုမြောက်သော ဂါထာကို ဟောတော်မူ၏။

၃။ ဂင်္ဂါယ၊ ဂင်္ဂါ၌။ နဒီကော၊ ကူးတို့သည်သည်။ အဝါရိယ ပိတာ နှာမ၊ အဝါရိယ၏ အဘမည်သည်။ အဟု၊ ဖြစ်၏၊ သော၊ ထိုကူးတို့သည် သည်။ ပုဗ္ဗေ၊ ရှေးဦး၌။ ဇနံ၊ ကူးတို့စီးသူ လူအပေါင်းကို။ တာရေတွာန၊ ကူးစေ၍၊ ပစ္ဆာ၊ နောက်မှ။ ဝေတနံ၊ အခကို။ ယာစတိ၊ တောင်း၏။ တေန၊ ထို့ကြောင့်၊ အဿ၊ ထိုသူအား။ ဘဏ္ဍနံ၊ ခိုက်ရန်သည်။ ဟောတိ၊ ဖြစ်၏၊ နော ဘောဂေဟိ၊ စည်းစိမ်တို့ဖြင့်။ နော ဝစ္ဆတိ၊ ဓပုဒ်းသလျှင်ကတည်း။

ကူးတို့ပိုပြီး အခတောင်းသော်

ဘုရားလောင်းသည် ထိုကူးတို့သူကြီးကို ဆပ်၍ "ဒါယကာ ငါ့ကို ထို မှာဘက်သို့ ပို့လော့" ဟု ဆို၏။ ထိုစကားကို ကြား၍ ထိုကူးတို့သည်သည်

www.dhammadownload.com

"ရဟန်း...ငါ့အား အခပေးလတ္တံ့လော" ဟု ဆို၏။ "ဒါယကာ...စည်းစိမ်၏ ပ့ဝ်းများခြင်းအကြောင်းမည်သော စကားကို သင့်အား ငါဆိုအံ့" ဟု ဆို၏။ ထိုစကားကိုကြား၍ ကူးတို့သည်သည် "ဤရဟန်းသည် ငါ့အား တစ်စုံတစ်ခုကို မချွတ်ပေးလတ္တံ့" ဟု ထိုရသေ့ကို ထိုမဗာဘက်သို့ ဆောင်၍ "ငါ့အား အခပေးလော့" ဟု ဆို၏။

စည်းစိမ်ပ့ဝ်းကြောင်းတရား

ထိုရသေ့သည် "ဒါယကာ...ကောင်းပြီ" ဟု ဆို၍ ရှေးဦးစွာ စည်းစိမ်၏ ပ့ဝ်းများခြင်း၏ အကြောင်းဖြစ်သော စကားကို ဆိုလိုရကား-

၄။ အတိဏ္ဍဉော ယာစသု၊ အပါရံ တာ့တ နာဝိဂာ။
အညော ဟိ တိဏ္ဍာယ မနော၊ အညော ဟောတိ ပါ၊ရသိနော-

ဟူသော ဤဂါထာကို ဆို၏။

၄။ တာတ နာဝိဂ၊ အမောင် ကူးတို့သူကြီး၊ အပါရံ၊ ကမ်းတစ်ဖက် သို့၊ အတိဏ္ဍိဉော၊ မကူးမီလျှင်၊ ယာစသု၊ အခကို့တောင်းလော့။ ဟိသစ်၊ ရှန်၏၊ တိဏ္ဍာယ၊ ကူးပြီးသောသူ၏၊ မနော့၊ စိတ်သည်။ အညော၊ ဓာစ်ပါး ဆည်း၊ ဟောတိ၊ ဖြစ်၏၊ ပါရေသိနော၊ ကူးလိုသော သူ၏၊ မနော၊ စိတ်သည်၊ အညော၊ ထစ်ပါးသည်၊ ဟောတိ၊ ဖြစ်၏။

ထူမှုရေးတရား

ထိုစကားကို ကြား၍ ကူးတို့သည်သည် "ဤရသေ့ကား ငါ့အား ရှေးဦးစွာ အဆုံးအမပေးသည် ဖြစ်လတ္တံ့၊ ယခုအခါ၌ ဤအဆုံးအမမှ တစ်ပါး တစ်စုံတစ်ခုကို ငါ့အား ပေးလတ္တံ့" ဟု ကြံ၏။ ထို့နောင် ဘုရားလောင်းသည် ထိုကူးတို့သည်ကို "ဒါယကာ...သင့်အား စည်းစိမ်၏ ပ့ဝ်းများခြင်း အကြောင်းဖြစ်သော ဤစကားကို ဆိုအပ်ပြီ၊ ယခုအခါ အကျိုးအကြောင်း၏ ပ့ဝ်းများခြင်း အကြောင်းဖြစ်သော စကားကို နာလော့" ဟု ဆို၍ ဆုံးမလိုက်ကား-

၅။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ၊
သမ္မတ္တ အာနုဘာဘိမိ၊ မဓဿု ကုဋ္ဌိတ္တ နာဝိဂ-

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅။ နာဝိက၊ ကူးတို့သူကြီး။ ဂါမေ ဝါ၊ ရွာဌ်လည်းကေဒင်း။ ယဒိ၊ ထိုမြို့။ အရညေ ဝါ၊ တောဌ်လည်းကောင်း၊ နိန္နေ ဝါ၊ ခဲ့ရိုင့်ဝှမ်းရာ အရပ်ဌ်လည်းကောင်း။ ယဒိ၊ ထိုမြို့။ ထလေ ဝါ၊ ကြည်းဌ်လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်ဌ်၊ မာဿု ကုဋ္ဌိတ္ထ၊ အမျက်မထွက်လင့်၊ ဣတိ၊ ဤသို့။ အနုသာသာမိ၊ ငါ ဆုံးမ၏။

ရဟန်းကို ရိုက်နှက်ပြီ

ဤသို့ ကူးတို့သည်အဲ့ဒး ဤဂါထာဖြင့် အကျိုးအကြောင်း၏ ပွဲးများခြင်း အကြောင်းဖြစ်သော စကားကို ဆို၍ "သင့်အား ဆိုအပ်သော ဤစကားသည် အကြောင်းအကျိုးကို ပွဲးစေတတ်သော စကားတည်း" ဟု ဆို၏။

ကိုယုတ်မာသော ယောကျ်ားသည် ထိုအဆုံးအမကို တစ်စုံတစ်ခု အရိုအသေပြုအပ်သည်ကို မအောက်မေ့သည်ဖြစ်၍ "ရဟန်း—ဤသည်အား သင်သည် ငါ့အား ပေးအပ်သော လှေလော" ဟု ဆို၏။ "ဒါယကာ—ဟုတ်၏" ဟု ဆိုသည်ရှိသော် ဤစကားဖြင့် ငါ့အား ဓလိုမရှိ၊ ငါ့အား တစ်ပါးသော ဝတ္ထုတည် မရှိ" ဟု ဆို၏။ "ထိုသို့ မရှိဘဲလျက် အာဘုယ့်ကြောင့် လှေကို စီးသနည်း" ဟု ရသေ့ကို ဂင်ါနားဌ်ခ လှည်း၍ ရင်ဌ်ထိုင်၍ ထိုရသေ့၏ မျက်နှာကိုလျင် ပုတ်ခတ်၏။

လူတိုင်းကို မဆုံးမအပ်

သမ္ဗဉူ မြတ်စွာဘုရားသည် "ရဟန်းတို့....ဤသို့လျင် အကြောင်ဆုံးမခြင်းကို ထိုမသေ့သည် ပေး၍ မင်း၏ အထံမှ ရွာမြတ်ကို ရ၏၊ ထိုအဆုံးအမကိုလျင် အလွန်မိုက်သော ကူးတို့သည်အား ဆို၍ မျက်နှာဌ် ပုတ်ခတ်ခြင်းကို ရ၏၊ ထို့ကြောင့် အဆုံးအမပေးသောသူသည် သင့်သေ့ဓလူအားသာလျင် ပေးအပ်၏။ မသင့်သောသူအား မပေးအပ်" ဟု မိန့်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ထိုဂါထာကို ဟောတော်မူသည်၏ အခြားမဲ့ဌ်-

၆၊ ယာ ယေဝါ နုသာသနိယာ၊ ဆုဇာ ဂါမဝရံ ဆဒ္ဒါ၊
တာယေဝါ နုသာသနိယာ၊ နာဝိဓော ပဟာဂိ မုခံ-

ဟူသော ဤဂါထာကို ဟောတော်မူ၏။

www.dhammadownload.com

၆။ ယာယေ ဝါ နုသာသနိယာ၊ ဆကြောင် အဆုံးအမဖြင့်လျှင်။ ရာဇာ၊ မင်းသည်။ ဂါမဝရံ ရွာမြတ်ကို၊ ဆဒ္ဒါ၊ ပေး၏။ တာယေဝါ နုသာသနိယာ၊ ထိုအဆုံးအမဖြင့်လျှင်။ နာဝိဒကာ၊ ကူးတို့သည်သည်း မုခံ၊ မျက်နှာကို။ ပဟရိ၊ ပုတ်ခတ်၏။

မင်းဒဏ်ခံရပြီ

ကူးတို့သည်သည် ရသေ့ကို ပုတ်ခတ်စဉ်လျှင် ကူးတို့သည်၏ မယား ဆည့် ထမင်းယူ၍ လာလတ်သော် ထိုယုတ်မာသော ယောကျ်ားကို မြင်၍ "အရှင်....ဤရသေ့သည်ကား မင်း၏ ဆရာဖြစ်၏၊ မသတ်ပုတ်လင့်" ဟု ဆို၏း ကူးတို့သမား်သည် တစ်ဖန် အမျက်ထွက်၍လျှင် "သင်သည် ပင်လျှင် ဤရသေ့စဉ်းလဲကို သတ်ပုတ်စိမ့်သောငှာ မပေးလင့်" ဟု ထို့ထိုမိန်းမကို သတိပုတ်၍ လည်းစေ၏။ ထိုအခါ ထမင်းခွက်သည် ကျ၍ကွဲ၏၊ မိန်းမ၏လည်း လေးသော ကိုယ်ဝန်ရှိသည်၏ အဖြစ်ကြောင့် ကိုယ်ဝန်သည် မြေ၌ကျ၏။ ထိုအခါ ထိုယောကျ်ားကို လူတို့သည် ခြံရံ၍ "သူသတ်၊ ခိုးသူတည်း" ဟု ဖမ်း၍ နှောင်ဖွဲ့၍ မင်းအား ပြကုန်၏။ မင်းသည် ဆုံးဖြတ်၍ ထိုကူးတို့သည်အား မင်းဒဏ်ကို ပြုစေ၏။

ဆဗ္ဗညူ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူလိုရကား-

၇။ ဘတ္တံ ဘိန္နံ ဟတာ ဘရိယာ၊ ဂဒ္ဒဟာ ဒ ပတိတော ဆမာ။
မိဂေါဝ ဇာတရူပေန၊ နတေန တွံ အဗန္ဓိ သုံ-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၇။ ဘတ္တံ၊ ထမင်းခွက်သည်။ ဘိန္နံ၊ ကွဲ၏။ ဘရိယာ၊မယားကို။ ဟဘာ၊ ထိတ်ပုတ်အပ်၏။ ဂဒ္ဒဟာ စ၊ ကိုယ်ဝန်သည်လည်း။ ဆမာ၊ မြေ၌၊ ပတိတော၊ ကျ၏။ မိဂေါ၊ သမင်သည်း ဇာတရူပေန၊ ရွှေ ဇင်္ဂြိုဖ်။ ဆတ္တာနုဘာ၊ မိမိ၏။ အတ္တာ၊ ဇကျွေးစီးပွားကို၊ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှာ။ နုသဂ္ဂေါ တိဂ္ဂဝ၊ မစ္စုမိန်းနှိုင်သကဲ့သို့။ သော ဗဟေလာ၊ ထိုသူမိုက်သည်။ ဒတန္၊ ထို အဆုံးဏမဖြင့်။ ဆတ္တာနုဘာ၊ မိမိ၏။ ဆတ္တာ၊ အကျွေးစီးပွားကို။ နာဗန္ဓိ၊ မဖြစ်စေနိုင်။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို

www.dhammadownload.com

ပြုတော်မူသည်၏ အဆုံး၌ ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား- "ယခုအခါ ကူးတို့သည်ပင်လျှင် ထိုအခါ ကူးတို့သည်ပင်ဖြစ်၏။ အာနန္ဒာသည် ထိုအခါ ဓင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားလည်လျှင် ထိုအခါ ရှာသ.ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဆိုးသွမ်းယုတ်မာ၊ ဆုံးမပဲ၊ကိုယ်မှာအကျိုးယုတ်။)
ရှေးဦးစွာသော အဝါရိယ ဇာတ်သည် ပြီး၏။

၂၄

၂၄. သေတဂကတုဇာတ်
မမှန်သောအကျင့်ဖြင့် အုံဖွယ်ကိုဖြစ်စေခြင်း

ဟောတော်မူရာဌာန။ နိတ်နှင့်တကွသော လေးစားကို ဆုံးမတော်မူတတ်သော သွေးညှဉ်းမြတ်စွာဘုရားသည် "မာ တာတကုဋ္ဌံ နု ဟိ သာဓု ထောဓော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသတဂကတု ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အုံဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောထောက်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် ဥဒ္ဒါလဇာတ်၌ ထင်စ္စာဖြစ်လတ္တံ့။)
အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ၌ကား ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာကုန်သော လုလင်တို့ကို ပဗဇ်ဆင်၏။

မာနကြီးသောလုလင်

ထိုလုလင်တို့၏ အကြီးဖြစ်သော သေတဂကတုမည်သော လုလင်သည် ဥဒီစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အမျိုးကိုမှီ၍ထို့သေတဂကတု လုလင်အား မာနကြီး၏။ ထိုသေတဂကတု လုလင်သည် တစ်နေ့သ၌ တစ်ပါးကုန်သော လုလင်တို့နှင့်အတူ မြို့မှထွက်၍ မြို့သို့ဝင်သော စက္ကားလကိုမြင်၍ "သင်္ဘာသည်

www.dhammadownload.com

အဘယ်သူနည်း'' ဟု မေး၍ ''ငါစက္ကာလတည်း'' ဟု ဆိုသည်ရှိသော် ထိုစက္ကာလ၏ ကိုယ်၌ ခတ်၍လာသော လေသည် မိမိကိုယ်၌ ခတ်မိသည်မှ ကြောက်လောကြောင့် ''သင်သည် စက္ကာလယုတ်တည်း၊ လေညာ၌ မနေလင့်'' ဟု ဆို၍ လျင်စွာ ထိုသူ၏ လေညာသို့သွား၏။ စက္ကာလသည် လျင်မြန်စွာသွား၍ သေတကေတု၏ လေညာ၌ ရပ်၏။ ထိုအခါ ထိုစက္ကာလကို ''ယုယုတ်....ပျက်စီးလေလော့'' ဟု လွန်စွာဆဲရေး၏။

စက္ကာလ အောက်ကျရပြီ

စက္ကာလသည် ''သင်ကား အဘယ် အမည်ရှိသနည်း'' ဟု မေး၏။ ''ငါသည် ပုဏ္ဏားလုလင် ဖြစ်၏'' ဟု ဆို၏။ ''ပုဏ္ဏားလုလင် ဖြစ်စေ ငါ မေးသော ပြဿနာကို ဖြေနိုင်လတ္တံ့'' လောဟု မေး၏။ ''ဖြေနိုင်၏'' ဟု ဆို၏။ သေတစေတုသည် မိမိကိုယ်ကို ကြံ၍ ''လှည့်လော့'' ဟု ဆို၏။ စက္ကာလသားသည် သေတကေတု၏စကားကို ပရိသတ်ကို မူတ်စေ၍ ''ပုဏ္ဏားလုလင်....အရပ်မည်သည် အဘယ်နည်း'' ဟု မေး၏။ ''အရပ်မည်သည် အရွှေအရပ် အစရှိကုန်သော အရပ်လေးမျက်နှာတည်း'' ဟု ဆို၏။ စက္ကာလအား သည် ''ငါသည် ဤအရပ်ကို မမေး၊ သင်သည် ဤမျှလောက်ကိုမျှ မသိဘဲလျက် ငါ၏ကိုယ်၌ ခတ်အပ်သော လေကိုစက်ဆုပ်၏'' ဟု ပုဏ္ဏားလုလင်ကို လည်ကုပ်၌ကိုင်၍ မိမိခြေကြား၌ ထားသဖြင့် လှည့်၏။

လုလင်တို့သည် ထိုအကြောင်းကို ဆရာအား ကြားကုန်၏။ ဆရာသည် ''အမောင်ဆေတကေတု စက္ကာလဲသည်ခြေကြား၌ထား၍လှည့်၏ဟူသည် မှန်သလော'' ဟုမေး၏၊ ''ဆရာ....မှန်၏၊ ထိုစက္ကာလသားသည် အကျွန်ုပ်ကို အရပ်မျက်နှာမျှကိုလည်းမသိဟု မိမိခြေကြား၌ထား၍လှည့်၏၊ကျွန်ုပ်သည် ယခုမြင်၍ ပြုအပ်သည်ကို ဆိုအံ့'' ဟု ဆို၍ အမျက်ထွက်၍ စက္ကာလသားကို ဆဲရေး၏။

အရပ်မျက်နှာမျှား

ထိုအခါ သေတဇေတုကို ဆရာသည် ''အမောင်သေတကေတု—ထို စက္ကာလအား အမျက်မထွက်လင့်၊ စက္ကာလသားသည် ပညာရှိ၏၊ ဤသို့

www.dhammadownload.com

သဘောရှိသော အနာရှ.အရပ်အစရှိသော အရပ်ကိုမမေး၊ တစ်ပါးသော အရပ်ကို မေး၏၊ သင်သည် မြင်ဖူးပြီ ကြားအပ်. သိအပ်သောတရားထက် မမြင်အပ် မကြားအပ်သော တရားသာလျှင် အလွန်များ၏''ဟု ဆို၍ ဆုံးမလိုရကား.

၇။ မာ တာတ ကုဋ္ဌိန ဟိ သာဓု ကောဓေ၊ ဗဟုံပိ တေ အဒိဋ္ဌ မဿုဘဉ္ဇ။
မာတာပိတာ ဒိသတာ သေတနကုတု၊ အာစရိယမာဟု ဒိသတံ ပသတ္ထာ။

၉။ အဂါရိနော အန္ဒ ပါန ဝတ္ထဒါ၊ အဝှါယိကာ တံပိ ဒိသံ ဝဒန္တိ။
တေးဒိသာ ပရမာ သေဘကေတု၊ ယံ ပတ္ထာ ဒုက္ခံ သုခိနော ဘာန္တိ.

ဟူသော ဤနှစ်ဂါတ်တို့ကို ဆို၏၊

၇။ တာတ သေတကေတု၊ အနမဉ်သေတကေတု၊ မာ ကုဋ္ဌိ၊ အမျက်မထွက်လင့်၊ ကောဓော၊ အမျက်သည်။ နှ ဟိ သာဓု၊ မကောင်း။ တေ၊ သင်သည်။ အဒိဋ္ဌဉ္စ၊ မမြင်အပ်သော တရားသည် လည်းကောင်း။ အဿုတဉ္စ၊ မကြားအပ်သော တရားသည် လည်းကောင်း။ ဗဟုံပိ-ဗဟုတရုံ၊ များစွာ၏၊ မာတာပိတာ၊ မိဘတို့သည်။ ဒိသဘဒး၊ အနှ.အရပ်မျက်နှာ မည်ကုန်၏။ အာစရိယံ၊ ဆရာကို။ ဒိသတံ၊ တောင်အရပ် မျက်နှာဟူ၍။ ပသတ္ထာ၊ ချီးမွမ်းအပ်ကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့သည်။ အာဟု၊ ဆိုကုန်၏။

၉။ အန္ဒ ပါန ဝတ္ထဒါ၊ ထမင်းအဖျော် အဝတ်ကို လှူတတ်ကုန်သော အဂါရိနော၊ အိမ်ဝဋ်နေကုန်သော လူတို့သည်၊ ဓမ္မိကသမဏဗြာဟ္မဏာ၊ တရား စောင့်သော ရဟန်းပုဏ္ဏားကို၊ အဝှါယိကာ၊ ပင့်ဖိတ်ကုန်၏။ တံပိ၊ ထို ဓမ္မိက သဓု ဗြဟ္မဏကိုလည်း။ ဒိသံ၊ အထက်အရပ်မျက်နှာဟူ၍၊ ဝဒန္တိ၊ ဆိုကုန်၏၊ သေတနကတု၊ သေတဆောတု။ ယံ၊ အကြောင်းဖြစ်သော်။ ပတ္ထာ၊ ရောက်၍။ ဒုက္ခံ၊ ဆင်းရဲရကုန်သော သူတို့သည်။ သုခိနော၊ ချမ်းသာခြင်း ရှိကုန်သည်။ ဘာန္တိ၊ ဖြစ်ကုန်၏၊ တေးဒိသာ၊ ဤသို့သော ဘုရားရှင်ကုန်သော နှစ်ဖွဲ့သော အရပ်သည်သာလျှင်။ ပရမာ၊ လွန်မြတ်သော။ ဒိသာ၊ အရပ်မည်၏။

www.dhammadownload.com

သေတကေတု ရသေ့ဖြဲ့ပြဳ

ဤသို့ ဘုရားလောင်းသည် သေတကေတုလုလင်အား အရိပ်မျက်နှာကို ပြောဆို၍ သေတကေတုသည်ကဲ့ား စကားလသည် ခြေကြွားဖြင့် လှည့်အပ်၏ဟု ထိုအရပ်၌ မနေမူ၍ တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခဆရာ့အထံ၌ ခပ်သိမ်းသောအတတ်တို့ကို သင်၍ ဆရာသည် ခွင့်ပြုအပ်သဖြင့် ဧကသိုလ်ပြည်မှထွက်၍ ခပ်သိမ်းကုန်သော အတတ်တို့ကိုသင်လျက် လှည့်လည်၏။ ထိုသေတကေတုသည် တစ်ခုသော ပစ္စန္တရစ်ကိုမှီ၍ နေကုန်သော ငါးရာကုန်သော ရဒသေ့တို့ကိုမြင်၍ ထိုရသေ့တို့၏ဆထံ၌ ရသေ့ရဟန်းပြု၍ ထိုရသေ့တို့သည် အကြင်ဗေဒင်ကို လည်းကောင်း, အကြင်မန္တန်ထုံးကျမ်းကို လည်းကောင်း မတတ်နိုင်ကုန်၊ ထိုဗေဒင် မန္တန်ထုံးကျမ်းကို သင်၍ ဂိုဏ်း၏ဆရာဖြစ်၍ ထိုရသေ့တို့ဖြင့် ခြံရံလျက် ဗာရာဏသီပြည်သို့ရောက်၏။ နက်ဖြန်နေ့၌ ဆွမ်းခံသွားသည်ရှိသော် မင်းရင်ပြင်သို့ရောက်၏။

ရသေ့တို့ အချင်းများ

မင်းသည် ရသေ့တို့၏ ဣရိယာပုထ်၌ ကြည်ညိုး၍ နန်းတွင်း၌ ဆွမ်းကျွေး၍ ရသေ့တို့ကို မိမိဥယျာဉ်၌ နေစေ၏။ မင်းသည် တစ်နေ့သ၌ ရဟန်းတို့ကို ဆွမ်းလုပ်ကျွေး၍ ယနေ့ညနေချမ်းအခါ၌ ဥယျာဉ်ဆွိသွား၍ "အရှင်တို့ကို ရှိခိုးအံ့" ဟု ဆို၏။ သေတကေတု ရသေ့သည် ဥယျာဉ်သို့သွား၍ ရသေ့တို့ကို စည်းဝေးစေလျက် "အချင်းရသေ့တို့.... ယနေ့ မင်းလာလတ္တံ့၊ မင်းမည်သည်ကို တစ်ကြိမ်နှစ်သက်စေ၍ အသက်ထက်ဆုံး ချမ်းသာစွာ အသက်မွေးခြင်းငှာ တတ်ကောင်း၏။ ယခု အချို့ကုန်သော ရသေ့တို့သည် ဆူးပေါ်၌ခင်းသော သားရေ၌ အိပ်ခြင်းကို ပြုကြကုန်လော့၊ အချို့ကုန်သော ရဒသေ့တို့သည် ဆောင့်ကြောင့်ထိုင်ခြင်း လုံ့လကို အားထုတ်ကြကုန်လော့။ အချို့ကုန်သော ရသေ့တို့သည် ရေ၌ဆင်းသောအမှုကို ပြုကြကုန်လော့၊ အချို့ကုန်သော ရသေ့တို့သည် ဗေဒင်ကို သရဇ္ဈာယ်ကြကုန်လော့" ဟု စီရင်၍ မိမိသည် ကျောင်းတံခါးဝယ် အမှီရှိသော အင်းပျဉ်၌နေ၍ ငါးပါးသော အဆင်းရှိသော ဆိုးရည်ဖြင့် ထွန်းပသော တစ်ခုတောင် အတိုင်းအရှည်ရှိသော တစ်ခုသော ပုရပိုက်ကို ဆန်းကြယ်သော အဆင်းရှိသောအခင်း၌ ထား၍ ကောင်းစွာသင်ပြီးသော

www.dhammadownload.com

ဖလေးယောက်ကုန်သော လုလင်တို့သည် မေးအုပ်ကုန်သော အနက်တို့ကို ပြောဆို၏။

မင်းမကြည်ညို၊ ပြီ

ထိုခဏ၌ မင်းသည် လာလတ်၍ မိန်ဆာအကျင့်ကို ကျင့်ကုန်သော ထို ရဟန္တာတို့ကို နှစ်သက်သည်ဖြစ်၍ သေတကေတုရဟန္တာကို တပ်၍ ရှိခိုး၍ တင့်အပ်သော အရပ်၌နေလျက် ပုရောဟိတ်နှင့်တကွ စကားပြောလိုသည် ဖြစ်၍-

၁၀။ ခုရာဇိနာ ဇင်္ဂီလာ ပက်ခန္ဓာ၊ ဒုမ္မက္ခရူပါ ယေ မေ ဇပ္ပန္တိ မန္တေ။
ကစ္စိ နုတေ မာနုသကေ ပယောဂေ၊ ဣဒံဝိဒု ပရိမုတ္တာ အပါယာ-
ဟူသော သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုဆို၏။

၁၀။ ဗြာဟ္မဏပုဏ္ဏား။ ခုရာဇိနာ၊ ခွာနှင့်တကွသော သစ်နက်ရေကို စသောင်းကုန်သော။ ဇင်္ဂီလာ၊ ဆန်ကျစ်ထုံးကုန်သော။ ပက်ခန္ဓာ၊ ဏည်စ်ဏကြေး ကပ်ငြိသော သွားရှိကုန်သော။ ဒုမ္မက္ခရူပါ၊ ညစ်နွမ်းသောသဘော ရှိကုန်သော။ ယေ ဣမေ၊ အကြင်ရဟန္တာတို့သည်။ မန္တေ၊ ဗေဒင်တို့ကို၊ ဇပ္ပန္တိ၊ သုရဇ္ဈာယ်ကုန်၏။ မာနုသကေ၊ လူတို့သည် ပြုအပ်ကုန်သော။ ပယောဂေ၊ ပယောဂ၌။ ဌိတာ၊ တည်ကုန်သော။ ဧတေ ဣဃယောဂါ၊ ထိုရဟန္တာတို့သည်။ ဣဒံ၊ ဤလောကကို။ ဝိဒူ၊ သိကုန်၍။ အပါယာ၊ အပါယ်မှ။ ပရိမုတ္တာ ကစ္စိနု၊ လွတ်ကုန်သလော။

ထိုစကားကိုကြား၍ ပုရောဟိတ်သည်-

၁၁။ ပါပါနိ ကဲမ္မာနိ ကတ္ဝာန ရာဇ၊ ဗဟူသုတာ ဧဝ နရေယျ
ဓမ္မံ။
သဟဿဒေါပိ နတံ ပဋိစ္ဆ၊ ဒုက္ခံဟ ပမုဉ္စေ စရဏံ အပတ္တာ-
ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၁၁။ ရာဇ၊ မင်းမြတ်။ ပါပါနိ ကမ္မာနိ၊ မကောင်းမှုတို့ကို။ကတ္ဝာန၊ ပြု၍။ ဗဟူသုတာ၊ များသော အကြားအမြင်ရှိသော သူသည်လည်း။ ဓမ္မံ၊ စာထားကို။ ဧဝ နရေယျ၊ အစဆယ်၍မကျင့်ငြားအံ့။ တံ၊ ထိုဗဒင်ကို။ ပဋိစ္ဆ၊ စွဲ၍။ စရဏံ၊ သီလသမာပတ်သို့။ အပတ္တာ၊ မဟုတ်မူ၍။ သဟဿဒေါပိ၊ ဗေဒင်တစ်ထောင်တတ်သော သူသည်လည်း။ ဒုက္ခာ၊ ဆင်းရဲမှ။ န ပမုဉ္စေ၊ မလွတ်ဟု။

www.dhammadownload.com

မေဓင်တိုသာမြတ်သည်

ထိုစကားကိုကြား၍ မင်းသည် ရဿ တို၌ ကြည်ညိုခြင်းကို ပယ်၏။ ထို့နောင်မှ သေတကေတုရဿသည် "ဤမင်းဏား ရဿ တို၌ ကြွေည် ညိုခြင်းကို ဖြစ်စေ၍ ထိုကြည်ညိုခြင်းကို ပုရောဟိတ်သည် ပဲ့ခွပ်ဖြင့် ခတ်၍ ဖြတ်သကဲ့သို့ ဖြတ်၏။ ငါသည် ထိုပုဏ္ဏားနှင့်တကွ စကားကို ဆိုခြင်းငှာ သင့်၏" ဟု သေတကေတုသည် ပုဏ္ဏားနှင့်တကွ ပြောဆိုလိုသည်ဖြစ်၍-

၁၂။ သဟသေဝေဒါပိ နံ တံ ပဋိစ္စ၊ဒုက္ခံဝ ပမုဉ္စေ စရဏာ အပတ္ထာ။
မညာမိ ဝေဒါ ဏဖလာ ဘဝန္တိ၊ သသံယမံ စရဏညေဝ သစ္စံ-
ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၁၂။ သဟဿဝေဒဒုါပိ၊ ဗေဒင် တစ်ထောင်ကိုတတ်သော ဆူဿည် လုည်း၊ တံ၊ ထို့ဗေဒင်ကို။ ပဋိစ္စ၊ စွဲ၍။ စရဏာ၊ သီလ သမာပတ်သို့။ အပတ္ထာ၊ မထွက်မူ၍။ ဒုက္ခာ၊ဆင်းရဲမှု။ နံ ပမုဉ္စေ၊ မလွတ်နိုင်စေငြားအံ့။ သသံယမံ၊ သီလနှင့်တကွသော။ စရဏညေဝ၊ သမာပတ်သည်သာလျှင်။ သစ္စံ၊ မှန်သည်။ ဘေဝေယျ၊ ဏကယ်၍ ဖြစ်ငြားအံ့။ ဝေဒါ၊ ဗေဒင်တို့သည်။ ဏဖလာ၊ အကျိုးမရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဤတိ၊ ဤသို့။ မညာမိ၊ ငါဧအာဂတ်မဲ့၏။

သမာပတ်သည်သာမြတ်၏

ထိုစကားကိုကြား၍ ပုရောဟိတ်သည်-

၁၃။ နဟဝေဒါ ဏဖလာ ဘဝန္တိ၊ သသံယမံ စရဏညေဝ သစ္စံ။
ကိတ္တိ ဟိ ပဒပဋိ ဏမိစ္စဝေဒေ၊ သန္တိ ပုဏေတိ စရဏေန
ဒန္တာ-

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၃။ ဝေဒါ၊ ဗေဒင်တို့သည်။ ဏဖလာ၊ အကျိုးမရှိကုန်သည်။ နဟဝ ဘဝန္တိ၊ မဖြစ်ကုန်သလျှင်ကတည်း။ သသံယမံ၊ သီလနှင့်တကွသော။ စရဏညေဝ၊ သမာပတ်သည်သာလျှင်။ သစ္စံ၊ မှန်၏။ ဝေဒေ၊ဗေဒင်တို့ကို။ ဏမိစ္စ၊ စွဲ၍။ ကိတ္တိ ဟိ၊ ကျော်စောခြင်းသို့လျှင်။ ပဒပဋိ၊ ရောက်၏။ စရဏေန၊ သီလ သမာပတ်ဖြင့်။ ဒန္တာ၊ ဆုံးမအပ်သော သူသည်။ သန္တိ၊ နိဗ္ဗာန်သို့၊ ပုဏေတိ၊ ရောက်၏။

www.dhammadownload.com

ရသေ့တို့လူထွက်ကြရပြီ

ဤသို့ ပုရောဟိတ်သည် သေတကေတု၏ ဝါဒကို ဖျက်၍ ခပ်သိမ်းကုန်သော ရသေ့တို့ကို လူထွက်စေ၍ ဓားလက်နက်တို့ကို ကိုင်စေ၍ မဟာန်တရက္ခမည်သော မင်းခစားတို့ကို ပြုစေ၍ မင်း၏ အလုပ်အကျွေးတို့ကို ပြုစေ၏။ ဤအနှယ်သည် မဟာန်တရက်တို့၏ အနှယ်ဖြစ်သတတ်။

ဇာတ်ပေါင်း။ သမ္မတုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ အံ့ဖွယ်သရဲကို ဖြစ်စေသော ရဟန်းသည် ထိုအခါသေတခကတုရသေ့ဖြစ်ပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါစက္ကာလဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပုရောဟိတ်ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သိက္ခာသီလ၊ စရဏ၊ ရောက်ရာ နိဗ္ဗာန်တိုင်း၊)

နှစ်ခုတို့၏ ပြည့်ကြေငြိုးဖြစ်သော သေတစေတုဇာတ်သည် ပြီး၏။

၃-ဒရီမုခဇာတ်

သူတော်ကောင်းတို့၏ဆုံးမခြင်းကို နာယူခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မတုမြတ်စွာဘုရားသည် "ပင်္ကေါစတာမာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဒရီမုခဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြတ်သော တောထွက်တော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုကို ဆိုအပ်ပြီးသလျှင်ကတည်း။)

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ၌ကား ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ထိုမဂဓမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏။ "ဗြဟ္မဒတ္တကုမာရ" ဟူသောအခေါ်ကို မူညီကုန်၏။ ထိုဘုရားလောင်း၏ ဖွားသောနေ့၌လျှင် ပုရောဟိတ်အစားလည်း သားသည် ဖွား၏၊ ပုရောဟိတ်သား၏ မျက်နှာသည် ရွှေအဆင်းကဲ့သို့ တင့်တယ်၏။

www.dhammadownload.com

ထို့ကြောင့် ပုရောဟိတ်သားအား ဒရိမုခဟူသော အမည်ကို မှည့်ကုန်၏။ ထိုနှစ်ယောက်ကုန်သော မင်းသား၊ ပုရောဟိတ်သား တို့သည်လည်း မင်းအိမ်၌သာလျှင် ကြီးကုန်၏။ ထိုနှစ်ယောက်ကုန်သောသူတို့သည် အချင်းချင်း ချစ်သော အဆွေခင်ပွန်း ဖြစ်ကုန်၏။

မင်းသား မင်းဖြစ်ပြီ

တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ "ခပ်သိမ်းကုန်သော ဇာတတ်တို့ကိုသင်၍ ခပ်သိမ်းကုန်သော ဆဓယ ဇာတတ်ပညာကိုလည်း သင်ကုန်အံ့၊ ဒေသအကျင့်ကိုလည်း သိရကုန်အံ့" ဟု ရွာနိုဂုံးအစရှိသည်တို့၌ လှည့်လည်ကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ နတ်ကွန်းဥဒုန်း၌ နေ၍ နက်ဖြန်နေ့၌ ဗာရာဏသီပြည်သို့ ဆွမ်းခံဝင်ကုန်၏။ ထိုဗာရာဏသီပြည်၌ တစ်ဦးသောအမျိုး၌ ပုဏ္ဏားတို့ကို ဆွမ်းကျွေး၍ မင်္ဂလာရှစ်သောအလှူကို လှူကုန်အံ့ဟု ဃနာဆွမ်းကို ချက်၍ နေရာတို့ကို ခင်းကုန်၏။ လူတို့သည် ဆွမ်းအလှိုင့်ဌာ သွားကုန်သော နှစ်ယောက်ကုန်သော ထိုသူတို့ကိုမြင်၍ "ပုဏ္ဏားတို့သည် လာကုန်၏ ဟု အိမ်သို့သွင်း၍ နေကြကုန်လော့" ဟူ ဆို၍ ဘုရားလောင်း၏နေရာ၌ ဖြူစင်သော အဝတ်ကို ခင်းကုန်၏။ ဒရိမုခနေရာ၌ ကမ္မလာနိကို ခင်းကုန်၏။ ဒရိမုခသည် ထိုနိမိတ်ကိုမြင်၍ "ယခု ငါ၏အားဆွေခင်ပွန်းသည် ဗာရာဏသီမင်း ဖြစ်လတ္တံ့၊ ငါသည် စစ်သူကြီးဖြစ်လတ္တံ့" ဟု သိ၏။ ထိုနှစ်ယောက်သော သူတို့သည် ထိုအိမ်၌ ဆွမ်းစား၍ မင်္ဂလာရှစ်သော အလှူဝတ်ကို ယူ၍ မင်္ဂလာကျွတ်၍ ထွက်၍ မင်း၏ဥယျာဉ်သို့ သွားကုန်၏။ ထိုဥယျာဉ်၌ ဘုရားလောင်းသည် မင်္ဂလာကျောက်ဖျာ၌အိပ်၏။ ဒရိမုခသည်ကား ဘုရားလောင်း၏ ခြေတို့ကို ဆုပ်နယ်လျက်နေ၏။

ထိုအခါ ဗာရာဏသီမင်းသည် သေ၍ခုနစ်ရက်ရှိသည်ဖြစ်၍ ပုရောဟိတ်သည် မှင်း၏အလောင်းကို သင်္ဂြိဟ်ခြင်းကိုပြု၍ သားမရှိသောပြည်၌ ခုနစ်ရက်မြောက်သောနေ့၌ ဗုဿရထားကို လွှတ်၏။ (ဗုဿရထား၏ ကိစ္စသည် မဟာဇနကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။)ဗုဿရထားသည် မြို့မှထွက်၍ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ခြံရံကုန်လျက် မျှားစွာသော အတွဲးအမှုတ်တို့ဖြင့် တီးမှုတ်ကုန်သဖြင့် ဥယျာဉ်တံခါးသို့ရောက်၏။ ဒရိမုခသည် တူရိယာသံကိုကြား၍ "အားဆုဖို့ ဗုဿရထားသည် ရောက်လာ၏။ ဤအဆွေသည် ယခု မင်းဖြစ်၍ ငါ့အား စစ်သူကြီးအရာကို ပေးလတ္တံ့၊

www.dhammadownload.com

ဝါ့ဆာ၊ အိမ်၌နေ၍ အဘယ်ဆာကျိုးရှိအံ့နည်း၊ တောထွက်၍ ရဟန်းပြုအံ့'' ဟု သူရားလေစင်းကို မတိုင်ပင်မူ၍ တင့်အပ်သောဆေးပဲသို့သွား၍ ပုန်းကွယ်ရာ၌နေ၏၊

ပုရောဟိတ်သည် ဥယျာဉ်တံခါး၌ ရထားကိုထား၍ ဥယျာဉ်သို့ဝင်သည် ရှိသော် မင်္ဂလာကျောက်ဖျာ၌ အိပ်ဓသာ ဘုရားလောင်းကိုမြင်၍ ခြေတို့၌ လက္ခဏာတို့ကို ကြည့်ရှု၍ ''ဤသူသည် ဘုန်းရှိသောသူတည်း၊ ကျွန်းငယ် နှစ်ထောင် ဆဉ့်ဆဲရံရှိကုန်လော ကျွန်းကြီး လေးကျွန်းတို့၌ မင်းဆဖြစ်ကိုပြုခြင်းငှာ စွမ်းနိုင်၏၊ တစ်ဖန် ထိုသူ၏ တည်ကြည်ခြင်းသည်ကား အသျှိသဘော်ရှိအံ့နည်း'' ဟု ခပ်သိမ်းသော အတီးအမှုတ်မျိုးကို တီးမှုတ်စေ၏၊

ဘုရားလောင်းသည် နိုး၍ မျက်နှာမှုပုဆိုးကို ပယ်၍ လူမျှားကိုကြည့်ရှု၍ တစ်ဖန် ပုဆိုးဖြင့် မျက်နှာကိုဖုံးလွှမ်း၍ အတန်ငယ်အိပ်၍ ငြိမ်းသော် ပူပန်ခြင်းရှိသည်ဖြစ်၍ ထ၍ ကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့လျက် နေ၏။ ပုရောဟိတ်သည် ပုဆစ်ဖြင့်ရပ်၍ ''ရှင်မင်းကြီး...ရှင်မင်းကြီးတို့ဆာ၊ မင်းအဖြစ်သည် ထွက်၏'' ဟု ဆို၏၊ ''ဆချင်း....ဓင်း၏ဆာ၊သည် မရှိလော'' ဟု မေး၏။ ''ဆရှင်မင်းကြီး_မရှိ'' ဟု ဆို၏။ ''ထိုသို့ တပြီးကား ဆောင်းပြီ''ဟု ဝန်ခံ၍ ဘုရားလောင်းဆာ၊ ဥယျာဉ်၌လျှင် ဆဘိသိက်သွန်းကြဲကုန်၏၊ ဘုရားလောင်းသည် ဆခြံဆရံမျာ၊သည်၏ ဆဖြစ်ကြောင့် ဒဂရိမုခကို မဆောက်မေ့မူ၍လျှင် ရထားကိုစီးလျက် လူဆပေါင်းခြံရံလျက် မြို့သို့ဝင်၍ လက်ယာရစ် လှည့်သည်ကိုပြု၍ မင်းအိမ်တံခါး၌ ရပ်လျက်လျှင် ဆမတ်တို့ဆာ၊ ဆထူဆထူးတို့ကိုစီရင်၍ ပြာသာဒ်သို့တက်၏၊

ဒဂရိမုခပစ္စေက ဗုဒ္ဓါဖြစ်ပြီ

ထိုခဏ၌ ဒဂရိမုခသည် ယခု ဥယျာဉ်သည် ဆိတ်ပြီဟူ လာလတ်၍ မင်္ဂလာကျောက်ဖျာ၌နေ၏၊ ထိုအခါ ဒဂရိမုခ၏ခရွ.၌ ဖက်ရွက်လျှော်သည်ကျ၏၊ ဒဂရိမုခသည် ထိုဖက်ရွက်လျှော်၌လျှင် ကုန်ခြင်း ပျက်ခြင်းသဘောကို နှလုံးထား၍ လက္ခဏာယဉ်သုံးပါးကို သုံးသပ်၍ မြေကို ပဲ့တင်ထပ်ခေါ်လျက် ပစ္စေက ဗောဓိညာဏ်ကို ဖြစ်စေ၏။ ထိုဒဂရိမုခဆာ၊ ထိုခဏ၌လျှင် လူ.အသွင်ကွယ်၍ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည် ခကောင်းကင်မှကျ၍ ကိုယ်၌ရောက်၏၊ ထိုခဏ၌လျှင် ရှစ်ပါးသော ပရိက္ခရာကို ဆောင်သော

www.dhammadownload.com

ဣရိယာပုထ်ိဖြင့် မြည့်ဖုံးသာ အဝါခြောက်ဆယ် ရပြီးသော မထေရ်ကဲ့သို့ ဖြစ်၍ တန်ခိုးဖြင့် ကောင်းကင်ပျံ၍ ဟိမဝန္တာအရပ်၌ နန္ဒမူလိုဏ်သို့ သွား၏။

မိတ်ဆွေကိုသတိရပြီ

ဘုရားလောင်းသည် တထူးသဖြင့် မင်းပြု၍ အခြံအရံများသည်၏ အဲဖြစ်ကြောင့်ကား အခြံအရံဖြင့် မွေ့လျော်သည်ဖြစ်၍ အနှစ်လေးဆယ်တို့ ပတ်လုံး ဒုရိမုခကို မအောက်မေ့မိ။ အနှစ်လေးဆယ် လွန်သောအခါ၌ ဘုရားလောင်းသည် ဒုရိမုခကို ထောက်မေ့၍ "ငါ၏ အဆွေခင်ပွန်းဖြစ်သော ဒုရိမုခသည် ရှိ၏၊ ထိုဒုရိမုခသည် အဘယ်မှာနည်း၊ ထိုဒုရိမုခကို မြင်လိုသည်ဖြစ်၍ ဘုရားလောင်းသည် ထိုအခါမှစ၍ နှန်းတွင်း၌ လည်း ကောင်း၊ ပရိသတ်၏အလယ်၌ လည်းကောင်း၊ အဘယ်မှာလျှင် ငါ၏ အဆွေခင်ပွန်းဖြစ်သော ဒုရိမုခသည် ရှိသနည်း၊ ယခု ငါ့အား ဒုရိမုခ၏ နေရာအရပ်ကို ထိုသေဒသူအား ကြီးစွာသော စည်းစိမ်ကို ပေးအံ့" ဟု ဆို၏။ ဤသို့ ထိုဒုရိမုခကို အဖန်တလဲလဲ ဆောက်မေ့စဉ်လျှင် ထိုဝင်းအား တစ်ပါးကုန်သော ဆယ်နှစ်တို့သည် လွန်ကုန်၏။

မိတ်ဆွေပစ္စေကဗုဒ္ဓါကို ဖူးမြင်ရပြီ

ဒုရိမုခ ပစ္စေကဗုဒ္ဓါသည်လည်း အနှစ်ငါးဆယ်လွန်သဖြင့် ဆင်ခြင်သည် ရှိသော် "ငါ့ကို အဆွေသည် ထောက်မေ့၏" ဟု သိ၍ ယခု ငါ့အဆွေသည် အိုပြီ၊ သားသမီးအစရှိသည်တို့ဖြင့် ပွားခြင်းသို့ရောက်ပြီ၊ သွား၍ တရားဟော၍ အဆွေကို ရဟန်းပြုစေအံ့" ဟု ဒုရိမုခ ပစ္စေကဗုဒ္ဓါသည် တန်ခိုးဖြင့် ကောင်းကင်မှ ဥယျာဉ်သို့သက်၍ ရွှေဆင်းတုကဲ့သို့ ကျောက်ဖျာ၌ နေ၏။ ဥယျာဉ်စောင့်သည် ဒုရိမုခကို မြင်၍ ကပ်၍ "အရှင်ဘုရား သည် အဘယ်အရပ်မှ လာသနည်း" ဟု မေး၏။ "နန္ဒမူလိုဏ်မှလာသည်" ဟု ဆို၏။ "အရှင်ဘုရားတို့သည် အဘယ်အမည်ရှိသနည်း" ဟု မေး၏။ "ဒုါယကာ....ငါသည် ဒုရိမုခ ပစ္စေကဗုဒ္ဓါမည်၏" ဟု ဆို၏။ "အရှင် ဘုရား—အကျွန်ုပ်တို့၏ မင်းကို သိကုန်သလော" ဟုမေး၏။ "လူဖြစ်သော ကာလ၌ ငါ့ကို၏ အဆွေခင်ပွန်းဖြစ်၍ သိ၏" ဟု ဆို၏။ "အရှင်ဘုရား—မင်းသည် ဖူးမြင်ခြင်းငှာ အလိုရှိ၏။ အရှင်ဘုရား လာသောအဖြစ်ကို

www.dhammadownload.com

မင်းအား ကြားအံ့''ဟု ဆို၏။ ''သွား၍ ပြောဆိုခဲ့လော့'' ဟု ဆို၏။ ထိုဥယျာဉ်စောင့်သည် သွား၍ ဒရိမုခ ပစ္စေကဗုဒ္ဓါ၏ ကျောက်ဖျာ၌ နေသောအဖြစ်ကို မင်းအား ပြောဆို၏။ မင်းသည် ''ငါ၏ အဆွေခင်ပွန်းကို ဖူးမြင်ရအံ့''ဟု ရထားစီး၍ များစွာသောအခြံအရံဖြင့် ဥယျာဉ်သို့ သွား၍ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ ပဋိသန္ထာရမှကိုပြု၍ လျောက်ပတ်စွာနေ၏။

ရဟန်းပြုရန် တိုက်တွန်းပုံ

ထိုအခါ မင်းကို ပစ္စေကဗုဒ္ဓါသည် ''ဗြဟ္မဒတ်မင်းသည် တရားသဖြင့် မင်းပြုပါ၏လော၊ ဆဂတိသို့ လားခြင်းသို့ မလိုက်သလော၊ ဥစ္စာ၏ အကျိုးငှာ လူတို့ကို မနှိပ်စက်သလော၊ အလှူအစရှိသော ကောင်းမှုတို့ကို ပြုပါ၏လော'' ဤသို့ အစရှိသည်တို့ကို ဆိုလျက် ပဋိသန္ထာရပြု၍ ''ဗြဟ္မဒတ် မင်း ယခုဆာခါဦး အသက်ကြီးပြီ၊ ဆင်မင်းကြီးသည် ကာမတို့ကိုစွန့်၍ ရဟန်းပြုခြိန်နီး တန်ပြီ'' ဟုဆို၍ မင်းအား တရားဟောလိုရကား-

၁၄။ ပဓက်ဂ စ ဆာမ ပလိပေါစ ကာမာ၊ ဘယဉ္စ မေတံ တိ မူလံ ပဝုတ္တံ။

ရဇော စ ဒူမော စ မယာ ပကာသိတော၊ ဟိတ္ဝာ တုဝံ ပဗ္ဗဇ ဗြဟ္မဒတ္တ-

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

၁၄။ ဗြဟ္မဒတ္တ၊ ဗြဟ္မဒတ်မင်း၊ ကာမာ၊ ကာမဂုဏ်တို့သည်။ ပဓေါ့စ၊ မြက် မွေခဲ့ ကြာ ဆာစရှိသည်နှင့်လည်း တူ၏။ ကာမာ၊ ကာမဂုဏ်တို့သည်၊ ပလိ-ပေါစ၊ ကြီးစွာသော ညွန်နှင့်လည်းတူ၏၊ တော်၊ ဤတာ့မကို။ တိမူလံ၊ အမြစ်သုံးခု ရှိသကဲ့သို့ သော။ ဘယဉ္စ၊ ဘေးဟူ၍လည်း။ ပဝုတ္တံ၊ ဟောတော်မူအပ်၏။ ရဇော စ၊ မြူဟူ၍ လည်းကောင်း။ ဒူဒမော စ၊ ဆိုး ဟူ၍လည်းကောင်း။ မယာ၊ ငါသည်၊ ပကာသိတော၊ ပြုအပ်၏၊ တုဝံ၊ သည်။ ဟိတ္ဝာ၊ ကာမဂုဏ်တို့ကိုစွန့်၍၊ ပဗ္ဗဇ၊ ရဟန်းပြုလော့။

ရဟန်းမပြုနိုင်ငံးပါ

ထိုစကားကိုကြား၍ မင်းသည် မိမိအား ကိုလသာတို့သည် နှောင်ဖွဲ့သည်၏အဖြစ်ကို ဆိုလို၍-

www.dhammadownload.com

၁၅။ ဂမိဒတာစ ရတ္တော စ အဓိမုစ္ဆိတောစ၊ ကာမေ သွဟံပြဟ္မဏ
ဘိ သရ္ဏပံ။
တံ နုဿဒဟ ဇီဝိကတ္ထော ပဟာတုံ၊ ကာဟာမိ ပုညာနိ အနုပဓ
ကာနိ.
ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၅။ ပြဟ္မဏ၊ မဏောင်းမှုကို အပပ္ပြသော ရှင်ရဟန်း။ အဟံ၊ အကျွန်ုပ်သည်။ တာမေသု၊ တာမဂုဏ်ကို၌။ ဂဓိတော စ၊ ဆပ်ငြိသည်လည်း။ ဒဟာမိ၊ ဖြစ်၏။ ရတ္တော စ၊ တပ်စွန်းသည်လည်း။ ဟောမိ၊ ဖြစ်၏။ အဓိမုစ္ဆိတော စ၊ အလွန် မက်မောသည်လည်း။ ဟောမိ၊ ဖြစ်၏။ ဇီဝိကတ္ထော၊ ဤသို့ သဘောရှိသော အသက်မွေးခြင်းဖြင့် အလို ရှိသော။ အဟံ၊ သည်။ ဘိ သရ္ဏပံ၊ ကြောက်မက်ဖွယ် အလွန်အားသန် သော သဘောရှိသော။ တံ၊ ထိုကာမကို။ ပဟာတုံ၊ ပယ်ခြင်းငှာ။ အနုဿ ဟေ၊ မစွမ်းနိုင်။ အနုပဓကာနိ၊ မျှားစွာကုန်သော။ ပုညာနိ၊ ဏောင်းမှုတို့ကို။ ကာဟာမိ၊ ပြုပါအံ့။

သန္ဓေယျရသောဆင်းရဲ

ဒရီမုခပစ္စေကဗုဒ္ဓါသည် "ဘုရားလောင်းသည် ရဟန်းပြုအံ့ဒသာဌာ မတတ်နိုင်" ဟူ၍ ဆိုသည်ရှိသော်လည်း ဝန်ချခြင်းကိုမပြု၍ အလွန်လျင်လည်း ဆုံးမလို၍-

၁၆။ ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊
သြဝဒေမာနော နကရောတိသာသနံ။
ကဒမေဝ သေယျော ကတိ မညမာနော၊
ပုနပ္ပုနံ ဂစ္ဆမုပေတိ မန္ဒော။

၁၇။ ယော ယောရရွံ နိရယံ ဥပေတိ၊ သုဘာသုဘံ မုတ္တကရီသ ပူရံ။
သတ္တာ သကာယေန ဇဟန္တိ ဂိဒ္ဓါ၊ တေ ဟောန္တိကာမေသု အဝီတရာဂါ.

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၁၆။ ယော၊ အကြင်သူသည်။ ဆတ္ထကာမဿ၊ ဆကျိုးစီးပွါးကို အလိုရှိသော။ ဟိတဒုက္ခမိုးနှာ၊ ဆစီးဆပွားကို စောင့်ရှောက်သော သူသည်၊ သြဝဒ္ဓမာနော၊ ဆုံးမသည်ရှိသော်၊ သဒ္ဓသနံ၊ ဆဆုံးဆမကို၊ နှတရော့တိ၊ မလိုက်နာ။ ဣဒမဝ၊ ဤငါ၏ ဆယူသည်သာလျှင်။ သေယျော၊ မြတ်၏။ ဣတိ၊ ဤသို့။ ဥညမာနော၊ ဆောက်မဲ့၏။ သော မန္တွော၊ ထိုပညာနည်းသောသူသည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဂဗ္ဘ ံ၊ ပဋိသန္ဓိနေခြင်းသို့။ ဥပေတိ၊ ရောက်၏။

၁၇။ သော၊ ထိုပဋိသန္ဓေနခြင်းသို့ ရောက်သောသူသည်။ ယောရူပံ၊ ကြမ်းကြုတ်သော သဘောရှိသော၊ သုဘာသုဘံ၊ သူတော်ကောင်းဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ဆသုဘဟူ၍ရှုအပ်သော၊ မုတ္တကရိသပူရံ၊ ကျောင်ကြီး ကျင်ငယ်ဖြင့် ပြည့်ထေး။ နိရုယံ၊ ဆမိဝမ်းဟူသော ငရဲသို့။ ဥပေတိ၊ ဆပ်ရ၏။ ယေ ဆတ္တာ၊ ဆကြင်သတ္တဝါတို့သည်၊ သ ကာယေ၊ မိမိကိုယ်၌။ ဂိဒ္ဓါ၊ မက်မောကုန်သည်ဖြစ်၍။ နဇဟန္တိ၊ စဓနံနိုင်ကုန်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်၊ ဆာမေသု၊ ကာဝဂုဏ်တို့၌၊ ဆဝိတထာဂါ၊ ဆွဂမကင်းကုန်သည်။ ဝဟာန္တိ၊ ဖြစ်ကုန်၏။

ဤသို့လျှင် ဒရိမုခ ပစ္စေဆဗုဒ္ဓါဿည် အမိဝမ်းသို့ဆက်ခြင်း ဆရင်းရှိသော ဆင်းရဲကိုလည်းကောင်း အမိသည် ဝမ်းဖြင့်ဆောင်ခြင်းဆရင်းရှိသော ဆင်းရဲကိုလည်းစောင်း ပြပြီး၍ ယခုဆခါ ကိုယ်ဝန်ဖွားခြင်း ဆရင်းရှိသော ဆင်းရဲကို ပြအံ့သေဝဉ့ာ-

၁၈။ မိဇ္ဇေန လိတ္တာ ရုဟိရေန မက္ခိတာ၊ သေမ္မေန လိတ္တာဝ ဥပနိက္ခမန္တိ။
ယံ ဟိ ထာယေန ဖုသန္တိ တာဝဒေဝ၊ သဗ္ဗံ ဆသာတံ ဒုခမေဝ ကေဝလံ။

၁၉။ ဒိဿာ ဝဒါမိ နံ ဟိ ဆညတော သဝံ၊ ပုဗ္ဗေ နိဝါသံ ဗဟုကံ သရာမိ-

ဟူသော အခဲနှင့်တကွ ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၀။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်၊ မိဇ္ဇေန၊ ကျောင်ကြီးဖြင့်၊ လိတ္တာ၊ လိမ်းကျံ ဆပ်ကုန်သည် ဖြစ်၍၊ ရုဟိရေန၊ သွေးဖြင့်၊ မက္ခိတာ၊ လိမ်းကျံ ဆပ်သည်ဖြစ်၍။ သေမ္မေန၊

www.dhammadownload.com

သလိပ်ဖြင့်။ လိတ္တာဝ၊ လိမ်းကျံအပ်ကုန်သည်ဖြစ်၍၊ ဥပနိက္ခမန္တိ၊ ဖွားရကုန်၏။ ဟိဆစ်၊ မှုန်၏။ တာဝဒေဝ၊ ထိုခဏလျင်းယံ၊ အကြင်ကျင်ကြီးအစရှိသော ဝတ္ထုကို။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသန္တိ၊ ထိကုန်၏။ သဗ္ဗံ၊ အလုံးစုံသော ကျင်ကြီးအစရှိသော ဝတ္ထုသည်း၊ အသာတံ၊ မသာယဘာအပ်သည်ဖြစ်၍။ ဧကော၀လံ၊ သက်သက်း၊ ဒုခမေဝ၊ ဆင်းရဲသောသဘောရှိသလျင်ကတည်း။

၁၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ သည်း၊ တ္တောက်၊ ဤမျှအတိုင်းအရှည်ရှိသော စကားကို။ဒီဃော၊ ကိုယ်တိုင်မြင်၍၊ ဝဒါမိ၊ဟော၏။ ဆည်းတာ၊ တစ်ပါးသောသူ၏ အထံမှ၊ သဝံ၊ ကြားရ၍၊ နဝဒါမိ၊ ငါမဟော။ အဟံ၊ ငါသည်။ ဗဟုကံ၊ များစွာသော။ ပုဗ္ဗနိဝါသံ။ ပုဗ္ဗနိဝါသဉာဏ်ကို၊ သရာမိ၊ အောက်မေ့နိုင်၏၊

မိတ်ဆွေ မစွေကဗုဒ္ဓါဖြန့်ကြမြို

ယခုဆခါ သမ္မည္ဆုမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ ဤသို့ ဒရိမုခ ပစွေကဗုဒ္ဓါသည်မင်းကို ကောင်းစွာဆိုအပ်သော၀စနောဖြင့် ချီးမြှောက်၍ ဟု မိန့်တော်မူ၍ အဆုံးဌ်-

၂၀။ စိတြာဟိ ဂါထာဟိ သုဘာသိတာဟိ၊ ဒရိမုခေါ နိဗ္ဗာပယိ သုဇေဓံ

ဟူသော ထက်ဝန်းသော ဤဂါထာကို ဟောတော်မူ၏၊

၂၀။ ဒရိမုခေါ၊ ဒရိမုခ ပစွေကဗုဒ္ဓါသည်း သုဘာသိတာဟိ၊ ကောင်းစွာဆိုအပ်ကုန်သော။ စိတြာဟိ၊ ဆန်းကြယ်ကုန်သော။ ဂါထာဟိ၊ ဂါထာတို့ဖြင့်း သုဇေဓံ၊ ကောင်းသောပညာရှိသော မင်းကို း နိဗ္ဗာပယိ သိ၏။

ဒရိမုခ ပစွေကဗုဒ္ဓါသည် ကာမတို့၌ အပြစ်ကိုပြ၍ မိမိစကားကိုယူစေ၍ ''မြတ်သောမင်းကြီး...ယခုဆခါ၌လျင် ရဟန်းပြုသည် မူလည်းဖြစ်စေ ဓပြုံသည်မူလည်းဖြစ်စေ ငါသည်ကား သင့်ထား ကာမတို့၌ အပြစ်ကိုလည်း ကောင်း၊ ရဟန်းပြုခြင်း၌ အကျိုးကိုလည်းကောင်း၊ ဟောအပ်ပြီ၊ သင်သည် မမေ့မလျော့ ဖြစ်ရစ်လော့''ဟု ဆို၍ ရွှေဟင်္သာမင်းကဲ့သို့ ကောင်းကင်၌ ပျံ၍ တိမ်တိုက်ကို နင်းလျက် နန္ဒမူလိုက်သို့သာလျင် သွား၏။

www.dhammadownload.com

မင်းကြီးရဟန်းပြုခြင်း

ဘုရားလောင်းသည် ဆယ်ခုသော လွှက်သည်းဖအပေါင်းတို့၏ အရောင်ဖြင့် ထွန်းပသော လက်အုပ်ကို ဦးခေါင်း၌ထား၍ ရှိခိုးလျက်လျှင် ပစ္စေကဗုဒ္ဓါဆည် မြင်ကောင်းသော အရပ်ကို လွန်သည်ရှိသော် သားတော် အကြီးကိုခေါ်၍ ပြည်ကိုအပ်နှင်း၍ လူမျှား၏ ငိုကြွေးစဉ် ဇာမတို့ကို စွန့်၍ ဟိမဝန္တာသို့ဝင်၍ ကျောင်းဆောက်၍ မကြာမြင့်မီလျှင် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ အသက်၏အဆုံး၌ ပြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ မျှားစွာကုန်သော ရဟန်းတို့သည် သောတာပန် အစရှိသည်တို့သည့် ဖြစ်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူအစ-ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းဖြစ်ပြီး။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တရားကိုနာ၊ ကျွင့်ကောင်းစွာ၊ ချမ်းသာကြရပြီ။)

သုံးခုတို့၏ ပြည့်စုံကြောင်းဖြစ်သော ဒဂိမုခဇာတ်သည် ပြီး၏။

၄-နေရဇာတ်

ဂုဏ်ကျေးဇူးမသိရာအရပ်၌ မနေအပ်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော သောကကို ဆုံးမတော်မူဘဲတော်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကာဏောလာ ကာကသ္ဓဿစ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနေရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းကို အကြောင်းပြု၍။ ဟောတော်မူ၏

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် သဗ္ဗညုမြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍တစ်ခုသော ပစ္စန္တရစ်အရပ်သို့ သွား၏။ လူတို့ဆည်ထိုရဟန်း၏ ဣရိယာပုထ်၌ကြည်ညိုကုန်၍ ထိုရဟန်းကို ဆွမ်းလုပ်ကျွေးမွေ ဝန်ခံခြင်းကိုယူ၍ တောင်း ကျောင်းဆောက်၍ ထိုကျောင်း၌ နေစေကုန်၏။ ထိုရဟန်းအား ပူဇော်သက္ကာရကို အလွန်လျှင် ပြုကြကုန်၏။ ထိုအခါ

www.dhammadownload.com

သဿတ အယူရှိကုန်သော သူတို့သည် လာကုန်၏။ ထိုလူတို့သည် ထိုသဿတ အယူရှိကုန်သော သူတို့၏ စကားကိုကြား၍ မထေရ်ကို စွန့်ကုန်၍ သဿတ အယူတို့ကို ယူကုန်၍ ထိုသဿတ အယူရှိသော သူတို့အား ဿဿလျင် ပူဇော် သက္ကာရကို ပြုကုန်၏။ ထိုနောင်မှ ဥစ္ဆေဒအယူရှိကုန်သော သူတို့သည် လာကုန်၏၊ ထိုလူတို့သည် သဿတဝါဒကို စွန့်ကုန်၍ ဥစ္ဆေဒဝါဒကိုလျှင် ယူကုန်၏။ ထိုနောင်မှ တစ်ပါးကုန်သော အစေလကတို့သည် လာကုန်၏၊ ထိုလူတို့သည် ဥစ္ဆေဒဝါဒကို စွန့်ကုန်၍ အစေလကဝါဒကို ယူကုန်၏။

ထိုရဟန်းသည် ကျေးငှဲးရှိ-မရှိကို မသိကုန်သော ထိုလူတို့၏ အထံ၌ ဆင်းရဲသဖြင့်နေ၍ ဝါကျွတ်သည်ရှိသော် ပဝါရဏာပြု၍ သင်္ဃာနုမြတ်စွာဘုရားအထံတော်သို့သွား၍ ပြဋိသန္ထာရဝတ်ကို ပြုပြီးသော် ဤသို့ အာဘယ်အရပ်၌ ဝါဆိုသနည်း'' ဟု မေးတော်မူ၍ ''အရှင်ဘုရား .... ပစ္စန္တရစ်ရွာကိုမှီ၍ ဝါဆိုပါ၏'' ဟု နှားတော်လျှောက်သည်ရှိသော် ''ချမ်းသာစွာ နေရ၏လော'' ဟု မေးတော်မူအပ်သည်ဖြစ်၍ ''အရှင်ဘုရား.... ကျေးငှဲးရှိ-မရှိကို မသိကုန်သော သူတို့၏ အထံ၌ ဆင်းရဲစွာ နေရ၏'' ဟု လျှောက်၏။ ''ရဟန်း ရှေးပညာရှိတို့သည် တံခွန်ဆွန်အမျိုး၌ ဖြစ်ကုန်သော်လည်း ကျေးငှဲး ရှိ-မရှိ မသိကုန်သော သူတို့နှင့်တကွ တစ်နေ့မျှလည်း မနေကုန်။ သင်သည် မိမိ၏ကျေးငှဲး ရှိ-မရှိကို မသိရာ အရပ်၌ အာဘယ်ကြောင့် နေသနည်း'' ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်းတင်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွှေဟင်္သာမျိုး၌ ဖြစ်၏။ ဘုရားလောင်းအား ညီသည်လည်းရှိ၏။ ထိုဟင်္သာ ညီနှောင်တို့သည် စိတ္တကူဋ်တောင်၌ နေကုန်လျက် ဟိမဝန္တာအရပ်၌ အလိုလိုဖြစ်သော သလေးကို စားကုန်၏။ ထိုဟင်္သာညီနှောင်တို့သည် တစ်နေ့သ၌ ထိုအရပ်၌ ကျက်စား၍ စိတ္တကူဋ်တောင်သို့ လာကုန်လတ်သော် လမ်းအကြား၌ တစ်ခုသော နေရာအမည်ရှိသော ရွှေတောင်ကိုမြင်၍ ထိုတောင်ထိပ်၌ နားကုန်၏။

ရွှေတောင်နားရွှေကျေး

ထိုတောင်ကိုမှီ၍ နေကုန်သော ငှက်အပေါင်းတို့သည်လည်း၊ ကောင်း၊ အခြေလေးချောင်းရှိကုန်သော သားတို့သည်လည်း၊ ကောင်း၊ ကျက်စားရာ

www.dhammadownload.com

မြေ၌ အထူးထူးသော အဆင်းရှိကုန်၏၊ တောင်သို့ဝင်သော ကာလမှစ၍ ခပ်သိမ်းကုန်သော ထိုသတ္တဝါတို့သည် တောင်၏အနောက်ကြောင့် ရှေ့အဆင်းရှိကုန်၏။ ထိုအဆင်းဘုံမြင်၍ ဘုရားလောင်း၏ညီသည် အနောက်ဘုံကို မသိ၍ "ဤတောင်၌ အကြောင်းအသို့နည်း" ဟု အစ်ကိုနှင့်တကွ ပြောဟောလိုသည်ဖြစ်၍-

၂၀။ ကာကောလာ ကာကသဏ်ဍာ စ၊ မယဉ္စ ပတတံ ဝရော။
သဗ္ဗေဝ သဒိသာ ဟောမ၊ ဣမံ အာဂမ္မ ပဗ္ဗတံ။
၂၁။ ဣဓ သီဟာ စ ဗျဂ္ဃာ စ၊ သိင်္ဂါလာ စ မိဂါဓမာ။
သဗ္ဗေဝ သဒိသာ ဟောန္တိ၊ အယံ ကောနာမ ပဗ္ဗတော-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၀။ ဘဒ္ဒတိက၊ နောင်တော် ဟသ်ဳမင်း၊ ဣမံ ပဗ္ဗတံ၊ ဤကောင်သို့။ အာဂမ္မ၊ ဆောက်ကုန်၍။ ကာကောလာ စ၊ တောကျီးတို့သည် လည်း ကောင်း။ ကာ က-သဏ်ဍာ စ၊ ပဏ်တိကျီးအပေါင်းတို့သည်လည်းကောင်း။ ပတတံ၊ ငှက်တို့တွင်။ ဝရော၊ မြတ်ကုန်သော။ မယဉ္စ၊ ငါတို့သည် လည်း ကောင်း။ သဗ္ဗေဝ၊ အလုံးစုံသောလျှင်ဖြစ်ကုန်သော ငှက်တို့သည်။ သဒိသာ၊ အဆင်းတူမျှကုန်သည်၊ ဟောမ၊ ဖြစ်ကုန်၏။

၂၁။ ဣဓ၊ ဤတောင်၌။ သီဟာ စ၊ ခြင်္သေ့တို့သည်လည်းကောင်း။ ဗျဂ္ဃာ စ၊ ကျားတို့သည်လည်းကောင်း။ မိဂါဓမာ၊ သားတကာတို့အောက် ဆယုတ်ဆုံး ဖြစ်ကုန်သော။ သိင်္ဂါလာ စ၊ မြေခွေးတို့သည်လည်းကောင်း။ သဗ္ဗေဝ၊ အလုံးစုံကုန်သော သားတို့သည်လျှင်။ သဒိသာ၊ အဆင်းတူမျှကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံ ပဗ္ဗတော၊ ဤတောင်သည်၊ ကောနာမ၊ အဘယ်အမည်ရှိသော တောင်နည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၂၂။ ဣမံ ဒနုဂ္ဂတိ ဇာနန္တိ၊ မန္ဒသာ ပဗ္ဗတုတ္တမံ၊
ဣဓ ဝဿန္တိ သမ္ဗန္ဓာ၊ ဝသန္တိ သဗ္ဗပါဏိနော-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၂။ ကွမ၊ ဤဘောင်၌။ သဗ္ဗပါဏီးနာ၊ ခပ်သိမ်းသောသတ္တဝါတို့သည်း ဝဏ္ဏေန၊ ရှေအဆင်းနှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်သည်ဖြစ်၍။ ဝသန္တိ၊ နေကုန်၏။ ဥတ္တမံ၊ မြတ်ဒသာ။ ကွမံ ပဗ္ဗတံ၊ ဤတောင်ကို။ နေရွှေတ်၊ နေရွှေတောင်ဟူ၍။ မနုဿာ၊ လူတို့သည်း ဇာနန္တိ၊ သိကုန်၏း

မနေအပ်သောနေရာမျှား

ထိုစကားကိုကြား၍ ညီတော် ဟသ်ာမင်းသည်-

၂၃။ ဆမာနနာ ယတ္ထ သိယာ၊ သန္တိဝနံ ဝါ ဝိမာနနာ။
ဟီနသမ္မာနနာ ဝါပိ၊ န တတ္ထ ဝသတိ' ဝသေ။

၂၄း ယတ္ထာလဿော စ ဒက္ခော စ၊ သူရော ဘီရူ စ ပဏ္ဍိယာ။
န တတ္ထ သန္တေ်ဝ ဝသန္တိ၊ အဝိသေသကရော နရော။

၂၅း နာယံ နေရှ ဝိဘင်္ဂတိ၊ ဟီန မုက္ကဋ္ဌိ မဇ္ဈိမေ။
အဝိသေသကရော နေရှ၊ ဟန္ဒ နေရံ ဇဟာမသေ-

ဟူကုန်သော ကြင်းသော ဤဂါထာတို့ကို ဆို၏။

၂၃။ ယတ္ထ၊ အကြင်အရပ်၌း သန္တာနံ ဝါ၊ သူတော်ကောင်းတို့ ဆားလည်း။ ဆမာနနာ၊ ရှိသေခြင်း ပူဇော်မြတ်နိုးခြင်း မရှိသည်။သိယာ ဖြစ်ရာ၏။ ဝိမာ-နနာ၊ မထိမဲ့မြင်ပြုခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဟီနသမ္မာနနာ ဝါပိ၊ ယုတ်မာသောသူတို့အား ရှိသေခြင်း ပူဇော်မြတ်နိုးခြင်း ရှိသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ တတ္ထ ဝသတိ' အသို့ နိဝါသေ၊ ထို အရပ်၌။ နာ ဝသေ၊ မနေကုန်။

၂၄။ ယတ္ထ၊ အကြင်အရပ်၌။ အလဿော စ၊ ပျင်းသော အတတ် ပညာမရှိသောသူသည် လည်းကောင်း။ ဒုက္ခော စ၊ လိမ္မာသောသူသည် လည်းကောင်း။ သူရော စ၊ ရဲရင့်သောသူသည် လည်းဖြစ်၊ ဘီရူ စ၊ ကြောက်တတ်သောသူသည် လည်းကောင်း။ ပဏ္ဍိယာ၊ တူမျှသော ပူဇော်ခြင်းကို ရကုန်၏။ နရော၊ လူကို။ အဝိသေသကရော၊ အထူးကို မပြုဘတ်။ တတ္ထ၊ ထိုအရပ်၌။သန္တော၊ သူတော်ကောင်းတို့သည် နဝသန္တိ၊ မနေကုန်း

www.dhammadownload.com

၂၅။ အယံနရ၊ ဤနေရဘောင်သည်။ ဟီနမုက္ကဋ္ဌမစ္ဆိမေ၊ အယုတ်အမြတ် အလတ်ဖြစ်ကုန်သော သူတို့ကို၊ န ဝိဘဇတိ၊ အထူးမပြု၊ နရ၊ နေရအမည်ရှိသော တောင်သည်။ ဒုဝိသေသကရာ၊ အထူးပြုခြင်းမှုကြောင်း၏။ နေရံ၊ နေရတောင်ကို။ ဟန္ဒ၊ လှတ်လှတ်၊ ဇဟာမသေ၊ စွန့်ကြဲကုန်အံ့။

ဤသို့ဆို၍ ဟသ်ာညီနောင်တို့သည် ပျံ၍ စိတ္တကူဋ်ခေါင်သို့လျင် သွား၊ ကုန်၏။

ဇာတ်ပေါင်း။ သပ္ပညူမြတ်စွာဘုရား၊သည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတိကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူသနည်း ဟူမူကား·ယခုအခါ အာနန္ဒာထည် ထိုအခါ ညီဟသ်ာဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျင် ထိုအခါ အစ်ကိုဟသ်ာဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(ခဲ့ခြားမမြင်၊ ထိုရပ်တွင်၊ ခုပင်မနေရာ။)

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော နေရဇာတ်သည်ပြီး၏။

၅-အာသင်္ကဇာတ်

ကာမဂုဏ်ကြောင့် ဆင်းရဲရခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သပ္ပညူမြတ်စွာဘုရားသည် ''သာသာဝတီ နာမ ဃတာ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာသင်္ကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် ဂျန္ဒြိယဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊)

ဤအာသင်္ကဇာတ်၌ကား မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ ''ရဟန်း....သင်သည် ငြီးငွေ့၏ဟူသည် မှန်သလော'' ဟု မေးတော်မူလတ်၍ ''အရှင်ဘုရား... မှန်ပေ၏'' ဟု နားတော်လျှောက်သည်

www.dhammadownload.com

ရှိသော် "အဘဲယ်သူသည် ငြိုးငွေ့စေသနည်း" ဟု မိန့်တော်မူ၍ "အရှင်ဘုရား....မယားဟောင်းသည် ငြိုးငွေ့စေအပ်၏" ဟု နားဘော်လျှောက်သည်ရှိသော် "ရဟန်း....ဤမိန်းမသည် သင်၏အကျိုးမဲ့ကို ပြုလေ့ရှိ၏။ သင်သည် ရှေးဦးလည်း ဤမိန်းမကိုမှီ၍ စစ်အင်္ဂါလေးပါးနှင့် ယှဉ်၍ ဟိမဝန္တာအရပ်၌ ကြီးစွာသော ဆင်းရဲကိုခံလျက် သုံးနှစ်ပတ်လုံး နေရပြီး" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ပဒုမာသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိရာဝယ် ပုဏ္ဏားမျိုးဌာဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အဘတ်ရှိသည်ဖြစ်၍ ရသေ့ရဟန်းပြု၍ တေးသစ်မြစ် သစ်သီး အာဟာရရှိသည်ဖြစ်၍ အဘိညာဉ်တို့ကို လည်းကောင်း၊ သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌နေ၏။

သံသေဒဇမယ်

ထိုအခါ ဘုန်းနှင့်ပြည့်စုံသော တစ်ယောက်သော သတ္တဝါသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ ထိုဟိမဝန္တာအရပ်၌ ပဒုမာက်နှံဝယ် တစ်ခုသော ပဒုမာတိုက်၌ သူငယ်မအဖြစ်ဖြင့် ဖြစ်၏။ ကြင်းကုန်သော ပဒုမာတို့သည် ဟောင်းသည်၏အဖြစ်သို့ ရောက်၍ ကြွေကုန်သော်လည်း ဤပဒုမာဃသည် ကြီးသောအငုံဖြစ်၍ တည့်သည်သာတည်း။ ရသေ့သည် "ဤအကြောင်းကား အဘယ်နည်း" ဟု ကြံ၍ ရသနုပ်ကိုဝတ်၍ ကူးသွားပြီးလျှင် ထိုပဒုမာကိုဖွင့်၍ ထိုသူငယ်မကိုမြင်လတ်သော် "သမီး" ဟူသော အမှတ်ကို ဖြစ်စေ၍ ကျောင်းသို့ဆောင်၍ မွေး၏။ ထို သူငယ်မသည် နောက်အဖို့၌ တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိသည်ဖြစ်၍ အလှန်အဆင်းလှ၏။ မြတ်သောအဆင်းကို ဆောင်၏၊ လူတို့၏အဆင်းကို လွန်၏၊ နတ်တို့အဆင်းကိုကား မမီတတ်။

ဖလ်ပြာသဒဲပေါ်နေရပြီ

ထိုအခါ သိကြားမင်းသည် ဘုရားလောင်းအား ခစားအံ့သောငှာလာ၏၊ သိကြားမင်းသည် ထိုသတို့သမီးကိုမြင်၍ "ဤ သတို့သမီးကို အဘယ်မှုရသနည်း" ဟု မေး၏။ "ငါသည် ပဒုမာအိုင်မှ ရ၏" ဟုသော

www.dhammadownload.com

စကားကို ကြား၏။ ''ဤမိန်းမအား အဘယ်ကိုရခြင်းငှာ သင့်သနည်း'' ဟု မေး၏။ ''နေထုကိုလည်းကောင်း, ဆဝတ်တန်ဆာ ဘောဇဉ်အစီအရင်ကိုလည်းကောင်း ရခြင်းငှာ သင့်၏'' ဟု ဆို၏။ သိကြားမင်းသည် ''အရှင်ဘုရား....ကောင်းပြီ'' ဟု ထိုရသေ့၏ ကျောင်းဆန်း၌ ဖလ်ပြာသဒ်ကို ဖန်ဆင်း၍ နတ်၌ဖြစ်သော အစတ်စာန်ဆာ နတ်၌ဖြစ်သော ထမင်းအဖျော်တို့ကို ဖန်ဆင်း၏။ ထိုပြာသဒ်သည် ထိုသတ္တိသမီး၏ ကိုယ်လက်သုတ်ထင်သော ထာလ၌ သက်၍ မြေ၌တည့်၏၊ တက်သောကာလ၌ ပျံတက်၍ ကောင်းကင်၌ တည့်၏။

မုဆိုးတွေ့၍ မင်းအားလျှောက်သော်

ထိုသတ္တိသမီးသည် ဘုရားလောင်းအား ဝတ်ကြီးဝတ်ဝယ်ကုံပြုလျက် ပြာသာဒ်၌နေ၏။ ထိုသတ္တိသမီးကို တစ်ယောက်သော တောသွားမုဆိုးသည် မြင်၍ ''အရှင်ဘုရား....ဤသတ္တိသမီးသည် အရှင်ဘုရားနှင့် အဘယ်သို့တော်ထနည်း'' ဟု မေး၍ ''ငါ၏သမီးတည်း'' ဟူသော စကားကို ကြား၍ ဗာရာဏသီပြည်သို့သွား၍ ''အရှင်မင်းကြီး.... အကျွန်ုပ်သည် ဟိမဝန္တာအရပ်၌ ဤသို့သဘောရှိသော တစ်ယောက်သော် ရသေ့သမီးကို မြင်ခဲ့၏'' ဟု မင်းအား ကြား၏။

မင်းကြီးလာ၍တောင်းခြင်း

ဗာရာဏသီမင်းသည် ကြားခြင်းဟူသောနှီးနှောခြင်းဖြင့်ပွဲအပ်သည်ဖြစ်၍ မုဆိုးကိုခရီးညွှန်ပြု၍ စစ်အင်္ဂါလေးပါးဖြင့်ထိုအရပ်သို့သွား၍သစ်တပ်တည်၍ မုဆိုးကိုခေါ်၍ အမတ်အပေါင်းခြံရံလျက် ကျောင်းသို့ဝင်၍ရဟန်းတို့အား ဝတ်ကိုပြု၍ ''အရှင်ဘုရား... မိန်းမတို့ မည်သည်ကား မြတ်သော အကျင့်ကိုကျင့်သော ရသေ့ရဟန်းအား မလျှောက်ပတ်၊ အရှင်ဘုရားတို့၏ သမီးကို အကျွန်ုပ် လုပ်ကျွေးအံ့'' ဟုဆို၏။ ဘုရားလောင်းသည်ကား ဤပဒုမာ၌ အဘယ်နည်းဟု တွေးတောခြင်း ရှိသည်ဖြစ်၍ ရေသို့သက်၍ ဆောင်အပ်သည်၏ အဖြစ်ကြောင့် သတ္တိသမီးအား ''အာသင်္ဘ'' ဟူသော အမည်ကို မှည့်၏၊

www.dhammadownload.com

နာမည်ကို ပြောနိုင်လျှင် ယူသွားလေ

ဘုရားလောင်းသည် ''မြတ်သော မင်းကြီး....ဤသတ္တိသမီးကို ယူ၍ သွားလော့'' ဟု ဖြောင့်စွာ မဆိုမူ၍ ''မြတ်သော မင်းကြီး....ဤ သတ္တိသမီးအား လျှို့ဝှက်အပ်သော သိမ်မွေ့သော အမည်ရှိ၏၊ အမည်ကို သိသည်ရှိသော် ယူသွားလေလော့'' ဟု ဆို၏။ ''အရှင်ဘုရား....အရှင်ဘုရား တို့သည် ပြောဆိုအပ်ကုန်သည်ရှိသော် သိရကုန်အံ့'' ဟု ဆို၏။ ''ငါသည် သင်မင်းကြီးအား မဆို၊ သင်မင်းကြီးသည် အမည်ကိုသိလျှင် ယူ၍ သွားလေလော့'' ဟု ဆို၏။ ဗာရာဏသီ မင်းသည်လည်း ''ကောင်းပြီ'' ဟု ဝန်ခံ၍ ထိုနွေမှစ၍ အမတ်တို့နှင့်တကွ ''ဤသတ္တိသမီးသည် ဘယ်အမည် ရှိသနည်း'' ဟူ အမည်ကို ဆင်ခြင်၏။ ထိုပြဟ္မဒတ်မင်းသည် ''သိနိုင်ခဲကုန်သော အကြင်အမည်တို့သည် ရှိကုန်၏ ထိုအမည်တို့ကို ကြား၍ ဤအမည် ရှိသည် ဖြစ်လတ္တံ့'' ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် ''ဤအမည် မဟုတ်'' ဟု ဆို၏။ မင်းအားလည်း အမည်ကို ဆင်ခြင်စဉ် တစ်နှစ်လွန်၏၊ ဆင် မြင်း လူ သူတို့ကို ခြေသံ့ အစရှိကုန်သော သတ္တဝါတို့ဆည်းဖမ်းကုန်၏၊ မြေတို့သည် နှိပ်စက်ကုန်၏၊ မျှားစွာကုန်သော လူတို့သည် ပင်ပန်းကုန်သည်ဖြစ်၍ သေကုန်၏။ မင်းသည် ''ဤမိန်းမဖြင့် အဘယ် အကျိုး ရှိအံ့နည်း'' ဟု ဘုရားလောင်းအား ဆို၍ သွား၏။ အာသက်ာ သတ္တိသမီးသည် ဖလ်လေသာပြတင်းကို ဖွင့်၍ ရပ်၏။

နတ်မိမယ် စကားဆို

မင်းသည် ထိုအာသက်ာ သတ္တိသမီးကို မြင်၍ ''ငါတို့သည် သင်၏ အမည်ကို သိအံ့သောငှာ မတတ်နိုင်ကုန်၊ သင်သည် ဟိမဝန္တာအရပ်၌သာ လျှင် နေရစ်လော့၊ ငါတို့သည် သွားကုန်အံ့'' ဟု ဆို၏။ ''မြတ်သော မင်းကြီး....သွားသည်ရှိသော် ငါကဲ့သို့သော မိန်းမကို အဘယ်မှာ ရနည်း၊ တာဝတိံသာ နတ်ပြည်၌ စိတ္တလှတာ ဥယျာဉ်၌ အာသာဝတီမည်သော နွယ်သည်ရှိ၏။ ထိုအာသာဝတီနွယ်၏ အသီး၏ အတွင်း၌ နတ်အဖျော်သည် ဖြစ်၏၊ ထိုနတ်အဖျော်ကို တစ်ကြိမ် သောက်သည်ရှိသော် သေးလတို့ပတ်လုံး ယစ်ကုန်၍ နတ်၏အိပ်ရာ၌ အိပ်ကုန်၏၊ ထိုအာသာဝတီနွယ်၏ အသီးသည်ကား အနှစ်တစ်ထောင် ရှိသဖြင့် သီး၏၊ သူရကြွေးကုန်သော နတ်သားတို့သည် ဤအာသာဝတီနွယ်မှ နတ်၏ အဖျော်ဖြစ်သော

www.dhammadownload.com

အသီးကို ရလတ္တံ့ဟု ချင်ခြင်းကို သည်းခံ၍ အနှစ်တစ်ထောင်ပတ်လုံး မပြတ်သွား၍ ထိုအာသာဝတီန္ဒယ်ကို ရောဂါကင်းပါ၏လော့ဟု ကြည့်ကုန်၏၊ သင်မင်းကြီးသည်ကား တစ်နှစ်ဖြင့်သာလျှင် ငြီးငွေ့၏၊ တောင့်တခြင်း၏ အကျိုးကို ရခြင်းမည်သည် ချမ်းသာ၏၊ မငြီးငွေ့လင့်'' ဟု ဆို၍-

၂၆။ အာသာဝတီ နာမ လတာ၊ ဇာတာ စိတ္တံလတာ ဝနေ။
တဿာ ဝဿသဟဿေန၊ ကော်နိဗ္ဗတ္တတေ ဖလံ။
၂၇။ တံ ဒေဝါ ပယိရုပါသန္တီ၊ ဓာဝ ဒူရဖလေ သတိ။
အာသိသေဝ တုဝံ ရာဇ၊ အာသာ ဖလဝတီ သုခါ-

ဟူကုန်သော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၆။ မဟာရာဇ၊ မြတ်းသာမင်းကြီး။ စိတ္တံလတာဝနေ၊ စိတ်လတာ ဥယျာဉ်၌။ အာသာဝတီနာမ၊ အာသာဝတီမည်သော။ လတာ၊ နွယ်သည်။ ဇာတာ၊ ဖြစ်၍။ တဿာ၊ ထိုအာသာဝတီနွယ်အား။ ဝဿသဟဿေန၊ အနှစ်တစ်ထောင်ရှိသဖြင့်။ ကော်၊ တစ်လုံးသော။ ဖလံ၊ အသီးဆည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။

၂၇။ မဟာရာဇ၊ မြတ်းသာမင်းကြီး။ တာဝ၊ ရှေးဦးစွာ။ ဒူရဖလေသတိ၊ ဝေးစသော အသီးရှိသည်ဖြစ်လျက်။ တံ၊ ထိုအာသာဝတီန္ဒယ်ကို။ ဒေဝါ၊ နတ်တို့သည်။ ပယိရုပါသန္တိ၊ အကြိမ်များစွာ အဖန်တလဲလဲ ဆည်းကပ်ကုန်၏။ ရာဇ၊ မင်းကြီး။ တုဝံ၊ သင်မင်းကြီးသည်။ အာသိသေဝ၊ တောင့်တရာသလျှင်ကတည်း။ အာသာဖလဝတီ၊ တောင့်တခြင်း၏ အကျိုးကိုရခြင်းသည်။ သုခါ၊ ချမ်းသာ၏။

မင်းကြီး စိတ်ပျက်ပြန်

မင်းသည် ထိုအာသက်ဝ မင်းသမီး၏ စကားဖြင့် ကပ်ငြိ၍ တစ်ဖန် အမတ်တို့ကို စည်းဝေးစေ၍ မှဲခြင်းကို ပြုစေ၍ အမည်ကိုရှာလျက် တစ်ဖန် တစ်နှစ်ပတ်လုံးလည်း နေ၏။ ထိုသတ္တိသမီး၏ ဆမည်ကား အဘယ်သို့နည်းဟု မေး၍ ဤအမည်ရှိ၏ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် ပယ်သလျှင်ကာတည်း။ တစ်ဖန် မင်းသည် ''ငါ့အား ဤမိန်းမဖြင့် အဘယ်အကျိုး ရှိအံ့နည်း'' ဟု ဆို၍ သွား၏၊ ထိုသတ္တိသမီးဆည်လည်း လေသာပြတင်း၌ ရပ်၍ ကိုယ်ကို ပြ၏၊ ဗာရာဏသီမင်းသည် ''သင်ဆည် နေရစ်လော့ ငါတို့သည် သွားကုန်အံ့'' ဟု ဆို၏။

www.dhammadownload.com

နတ်မိမယ်စကားဆို

"မြတ်သောမင်းကြီး အာဘယ့်ကြောင့်သွားအံ့နည်း" ဟု ဆို၏။ "သင်၏အမည်ကို သိခြင်းငှာ မတတ်နိုင်" ဟု ဆို၏။ "မြတ်သောမင်းကြီး.... အာဘယ့်ကြောင့် အမည်ကို မသိလတ္တံ့နည်း၊ တောင့်တခြင်း ဟူသည်ကား မပြည့်စုံသော မည်သည်မရှိ၊ တစ်ခုသောဗျိုင်းသည် တောင်ထိပ်၌ တည်လျက် မိမိဘာဝင့်တအပ်သည်ကို ရ၏၊ သင်မင်းကြီးသည် အာဘယ့်ကြောင့် မရလတ္တံ့ရှိအံ့နည်း။ မြတ်သောမင်းကြီး....သည်းမံဦးလော" ဟု ဆို၍ "မြတ်သောမင်းကြီး....တစ်ခုသောဗျိုင်းသည် တစ်ခုသော ပဒုမာအိုင်၌ အစာကိုယူ၍ တောင်ထိပ်၌နား၏။ ထိုဗျိုင်းသည် တစ်နေ့သ၌ ထိုတောင်ထိပ်၌လျင်နေ၍ နက်ဖြန်နေ့၌ ငါသည် ဤတောင်ထိပ်၌ ချမ်းသာစွာနေလျက် ဤတောင်ထိပ်မှ မသက်မူ၍ ဤအရပ်၌ နေလျက်လျင် အစာကိုယူ၍ ရောက်သောက်၍ ဤနေ့ပတ်လုံး နေရမူကား၊ ကောင်း၏ဟုကြံ၏၊ ထိုအခါ ထိုနေ့၌လျင် သိကြားမင်းသည် အသုရာတို့ကို နှိပ်နင်း၍ တာတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားလျက် ငါ၏နှလုံးအလိုသည် အပြီးသို့ရောက်ပြီ။ တစ်ပါးသော တစ်စုံတစ်ယောက်သောနှလုံးအလိုမပြည့်သော သူသည် ရှိလေသးသလောဟု ကြံ၏။ ကြံပြီး၍ သိကြားမင်းသည် ဆင်ခြင်သည်ရှိသော် ထိုဗျိုင်းကိုမြင်၍ ဤဗျိုင်း၏ နှလုံးအလိုကို အပြီးသို့ရောက်စေအံ့ဟု ဗျိုင်း၏ နေရာမှ မနိမ်းမဝေးသော အရပ်၌ မြစ်တစ်ခုသည် ရှိ၏။ ထိုမြစ်ကို သိကြားသည် ရေအလျဉ်ဖြင့် ပြည့်သည်ကို ပြု၍ တောင်ထိပ်သို့ စီးစေ၏။ ဗျိုင်းသည် ထိုးတောင်ထိပ်သို့ စီးသော မြစ်၌ နေလျက်လျင် ငါးတို့ကိုစား၍ ရောက်သောက်၍ ထိုနေ့ပတ်လုံး ထိုးတောင်ထိပ်သို့ စီးသော မြစ်၌လျင် နေ၏။ ရေသည်လည်း လျော့ကျ၍သွား၏၊ "မြတ်သောမင်းကြီး....ဤသို့ ဗျိုင်းသည်လျက်လည်း ရှေးဦးစွာ တောင့်တခြင်း အကျိုးကို ရ၏။ သင်မင်းကြီးသည် အာဘယ့်ကြောင့် မရလတ္တံ့နည်း" ဟု ဆို၍-

၂၈။ အာသိသေနတဝ သောပက္ခိ၊ အာသိသေတေဝသော ဒိဇော။
တဿ စာသာ သမိဇ္ဈတိ၊ တာဝ ဒူရဂတာ သတီ။
အာသိသေဝ တုဝံ ရာဇ၊ အာသာ ဖလဝတီ သုခါ-

ဟူသော ဤဂါထာကို ဆို၏၊

F.၁၉-၂၂၀(တတ္ထဲ)

www.dhammadownload.com

၂၇။ မဟာဆုဇ်၊ မြတ်သောမင်းကြီး။ တာဝ၊ ရွှေးဦးစွာ။ ဒူရဂတာသတိ၊ ဝေးစွာသော အဖြစ်သည် ဖြစ်လျက်၊ သော ပက္ခ်ိ၊ ထိုဗျိုင်းငှက်သည်း အာသိသေတေဝ၊ တောင့်တသလျှင်ကတည်း။ သေဒိဇော ထိုဗျိုင်းငှက်သည်။ အာသိသေဒတဝ၊ တောင့်တသလျှင်ကတည်း။ တဿစ၊ ထိုဗျိုင်းငှက်အားလည်း။ ဆာသာ၊ တောင့်ကခြင်း၏ အကျိုးသည်၊ သမိဇ္ဈတိ၊ ပြည့်စုံသေး၏။ ဆာဇ၊ မင်းကြီး။ တုဝံ၊ သင်မင်းကြီးသည်။ အာသိဒသဝ၊ တောင့်တဆုသလျှင်ကဲတည်း။ အာသာဖလဝတိ၊ တောင့်တခြင်း၏ အကျိုးကို ရခြင်းသည်။ သုခါ၊ ချမ်းသာ၏၊

မင်းကြီးစိတ်ပျက်ပြိန်ခြင်း

မင်းသည် သတ္တိသမီး၏ စကားကိုကြား၍ အဆင်း၌ ထပ်စွန်း၍ စကားဖြင့် ကပ်ငြို၍ သွားအံ့ဒသာငှ့ မတတ်နိုင်၍ အမတ်တို့ကို စည်းဝေးစေ၍ အမည်တစ်ဆူကို ပြုစေ၏။ အမည်ဘစ်ဆု၏ အစွမ်းအားဖြင့် ရှာလျက်လည်း မင်းအား တစ်ဖန် တစ်နှစ်သည် လွန်ပြန်၏။ မင်းသည် သုံးနှစ်လွန်သဖြင့် ဘုရားလောင်းသို့ တပ်၍ အမည်တစ်ဆု၏ အစွမ်းအားဖြင့် "ဤအမည်ရှိဆည် ဖြစ်လတ္တံ့လော" ဟု မေး၏။ "မြတ်သောမင်းကြီး သင်၏သည် မသိ" ဟု ဆို၏။ မင်းသည် "ယခု ငါတို့သည် သွားကုန်အံ့" ဟု ဘုရားလောင်းကို ရှိခိုး၍ သွား၏။

ဆာသက်ဘ သတ္တိသမီးသည်လည်း ဖလဲလသာပြုတင်းကိုမှီ၍ ရပ်၏။ မင်းသည် ထိုသတ္တိသမီးကိုမြင်၍ "သင်သည် နေရစ်လော့ ငါတို့သည် သွားကုန်အံ့" ဟု ဆို၏။ "မြတ်သောမင်းကြီး....ဆာဘယ် ကြောင့်သွားအံ့နည်း" ဟု ဆို၏။ "သင်သည် ငါ့စကားဖြင့်သာလျှင် ရောင့်ရဲစေ၏။ ကာမနှင့်ယှဉ်သော မွေ့လျော်ခြင်းဖြင့် မဆောင့်ရဲစေ၊ သင်၏ ဃာယာသော စကားဖြင့် ကပ်ငြို၍နေသော ငါ့အား သုံးနှစ်တို့သည် လွန်ကုန်ပြီ၊ ယခုဆခါ သွားအံ့" ဟု ဆို၍-

၂၉။ သံသေသိ ခေါ် မံ ဝါစာယ၊ ပနဝ သံသေသိ တမ္မုနာ။
မာဏာ ဃေရိယျကဿဝ၊ ဝဏ္ဏဝန္တော ဘဂန္ဓိကာ။

၃၀။ ဆဖလံ မမုရုံ ဝါစံ၊ ယော မိတ္တေသု ပကုပ္ပတိ။
ဆဒ္ဒဒ် ဝိယ ဘောဂုံ၊ သန္ဓိ တေန သ ဇီရတိ။

www.dhammadownload.com

၃၁။ ယံ ဟိ ကယိရာ တံ ဟိ ဝဇေ၊ ယံ နကယိရာ နတံ ဝဇေ့။
အကတရောန္တံ ဘာသမာနံ၊ ပရိဇ်ဝနန္တိ ပဏ္ဍိတာ။
၃၂။ ဗလဥ္စ တဝ မေ ခီဏံ၊ ပါထေယျဉ္စ နဝိဇ္ဇတိ၊
သဒက် ပါကာ့ပရောဓေယ၊ ဟန္ဒ ဒါနိ ဝဇာမဟံ·
ဟူကုန်သော ဤဂါထာတို့ကို ဆို၏။

၂၉။ ဘဒ္ဒေ၊ ရှင်မ၊ သေရေယျကဿ၊ လိပ်ဆူးရွေ၏။ ဝဏ္ဏဝန္တော အဆင်းရှိသော။ အာဂန္ဓိကာ၊ အနံ့ မရှိသော။ မာလာဇ္ဈဝ၊ ပန်းကဲ့သို့။ တံ၊ ရှင်မသည်။ မံ၊ ငါ့ကို။ ဝါစာယ ခေါ၊ စကားဖြင့်သာလျှင်။ သံသေသိ၊ ရောင့်ရဲစေ၏။ ကမ္မုနာ၊ အမှုဖြင့်ကား။ နေဝ သံသေသိ၊ မရောင့်ရဲစေ။

၃၀။ ဘဒ္ဒေ၊ ရှင်မ၊ ယေး၊ အကြင်သူသည်။ မိတ္တော်သူ၊ အဆွေခင်ပွန်းတို့၌။ ဝိသဇ်၊ စွဲန့်လှတ်အပ်ဆော။ ဘောဂံ၊ စည်းစိမ်ကို။ အဒဒံ၊ မဒပးဘဲလျက်။ အဖလံ၊ အကျိုးမရှိသော။ မဓုရံ၊ သာယာသော။ ဝါစံ၊ စကားကို။ ပကုဗ္ဗတိ၊ ပြောဆို၏။ တေန၊ ထို့သူနှင့်။ သဒ္ဓိ၊ တကွ၊ အာသ၊ ထိုအဆွေခင်ပွန်း၏။ သန္ဓီ၊ မိတ်ဖွဲ့ခြင်းသည်။ ဇီရတိ၊ ပျက်၏။

၃၁။ ဘဒ္ဒေ၊ ရှင်မ၊ ယံ၊ အကြင်အမှုကို။ ကယိရာ၊ ပြုရာ၏။ တံ ဟိ၊ ထိုအမှုကိုလျှင်။ ဝဇေ၊ ဆိုရာ၏။ ယံ၊ အကြင်အမှုကို။ နကယိရာ၊ မပြုရာ။ တံ၊ ထိုအမှုကို။ နဝဇေ၊ မဆိုရာ။ ဘာသမာနံ၊ ဆိုလျက်။ အကတရောန္တံ၊ စပြုဆောင်သူကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပရိဇာနန္တိ၊ သိကုန်၏။

၃၂။ ဘဒ္ဒေ၊ ရှင်မ။ ဝတာ၊ စင်စစ်၊ မေ၊ ငါ့အား။ ဗလဉ္စ၊ ဗိုလ်ပါသည်လည်း။ ခီဏံ၊ ကုန်ပြီ။ ပါထေယျဉ္စ၊ ရိက္ခာသည်လည်း။ နဝိဇ္ဇတိ၊ မရှိ။ ပါကဋော-ပရောဓေယ၊ အသက်၏ ပျက်စီးခြင်း၌။ သာသဒက်၊ ယုံမှားစေ၏။ ဟန္ဒ ဒါနိ၊ ယခု။ အဟံ၊ ငါသည်။ ဝဇာမိ၊ သွားအံ့။

နတ်မိုမယ်နာမည်ကိုပြောပြီ

အာသင်္ဃ သတို့သမီးသည် မင်း၏စကားကို ကြား၍ ''မြတ်သော မင်းကြီး....သင်မင်းကြီးသည် ငါ့အမည်ကို မသိဟုဆို၏၊ သင်မင်းကြီးသည် ငါ၏အမည်ကို ဆိုအပ်သလျှင်ကတည်း၊ ဤအမည်သည်တား ငါ၏အမည်တည်း၊ ဤဘအား ပြောဆို၍ ငါ့ကိုယူသွားခဲလော့'' ဟု ဆို၍ မင်းနှင့်ဘက္ခု စကားပြောလိုရကား·

www.dhammadownload.com

၃၃။ ဘေဒေဝ ဟိ မေ နာမံ၊ ယံ နာမသ္မိ ရဇဏသဘ။
အာဂဇမေဟိ မဟာရာဇ၊ ပိတရာ မန္ဓာတုယာမေဟံ·
ဟူသော ဤဂါထာကို ဆို၏။

၃၃။ ရဇဏသ္ဘ၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ အကျွန်ုပ်၏။ ယံနာမံ၊ အကြင် အာသင်္ကာဟူသော အမည်သည်။ အသ္မိ ဖြင်၏။ ဘေဒေဝ ဟိ နာမံ၊ ထိုအာသင်္ကာဟူသောအကျွန်ုပ်၏အမည်ကိုလျှင်၊ တုဝံ၊ သင် မင်းကြီးသည်။ ဝဒသိ၊ ဆို၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အာဂဇမေဟိ၊ ငံ့ဦးခလဲ့။ ဇဟံ၊ အကျွန်ုပ်သည်။ ပိတရံ၊ အဘကို။ အာမန္ဓာယာမိ၊ တိုင်ပင်ဦးအံ့။

အာသင်္ကာကိုရပေပြီ

မင်းသည် ဘုရားလောင်း၏အထံသို့ သွား၍ "အရှင်ဘုရား....အရှင်ဘုရားဘို့၏သမီးသည် အာသင်္ကာမည်၏" ဟုဆို၏။ "မြတ်သောမင်းကြီး....အမည်ကိုသိသော ကာလမှစ၍ ယူ၍သွားလော့" ဟုဆို၏။ မင်းသည် ဘုရားလောင်းကို ရှိခိုး၍ ဖလ်ဗိမာန်တံခါးသို့သွား၍ "ရှင်မ....သင့်အဘသည် ငါ့အား သင့်ကိုပေးအပ်ပြီ၊ လာလော့! ယခုသွားအံ့" ဟု ဆို၏။ "မင်းကြီး....ငံ့ဦးလော့၊ အကျွန်ုပ်သည် အဘကို တိုင်ပင်ဦးအံ့" ဟု ပြောသဲ့ဒ်မှသက်၍ ဘုရားလောင်းကို ရှိခိုး၍ ကန်တော့၍ မင်း၏အထံသို့ လာ၏။ မင်းသည် အာသင်္ကာ သတို့သမီးကိုယူ၍ ဗာရာဏသီပြည်သို့သွား၍ သားသမီးတို့ဖြင့် ပွားလတ်၍ ချစ်စွာသော နေခြင်းဖြင့်နေ၏။ ဘုရားလောင်းသည် မယုတ်သော စွမ်းရှိသည်ဖြစ်၍ ငြဟ္မာပြည်၌ဖြစ်၏။

ဇာတ်ပေါင်း။ သမ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတင်မူသနည်း၊ ဟူမူကား၊ ယခုအခါ မယာ.ဟောင်းသည် ထိုအခါ အာသင်္ကာသတို့သမီး ဖြစ်ပုံးပြီ၊ ယခုအခါ ငြိုးငွေ့သောရဟန်းသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် တိုအခါ ရဇသ.ဖြစ်ပြီ၊ ဤသို့ ဇာတ်ကိုးပါင်း၊ တော်မူ၏။

(မိန်းမတို့မှာ၊ ချစ်သော့ခါ၊ လိုရာပေးတတ်သည်)

ငါးခုတို့၏ ပြည့်စုံကြစင်းဖြစ်သော အာသင်္ကာဇာတ်သည်ပြီး၏။

www.dhammadownload.com

၆-မိဂါလေ၊ပဇာတ်

ပညာရှိတို့စကားကိုမနာယူ၍ ပျက်စီးရခြင်း

ဟောတော်မူရာ ဌာန။ နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်မသာ သဗ္ဗညုမြတ်စွာဘုရားသည် "နဇမေ ရုစ္စိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိဂါလေ၊ဇာတ်ကို ဧတဝဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော တစ်ယောက်သော ရဟန်းကို အာဒါနကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ "ရဟန်း....သင်သည် ဆိုနိုင်ခက်သတတ်ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "အရှင်ဘုရား.... မှန်ပေ၏" ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်း....သင်သည် ယခုအခါ၌သာလျှင် ဆိုနိုင်ခက်သည်မဟုတ်သေး၊ ရှေး၌လည်း ဆိုနိုင်ခက်ဖူးပြီ၊ ဆိုနိုင်ခက်သည်၏အဖြစ်ကိုမှီ၍ ပညာရှိတို့စကားကို နားမထောင်မူ၍ ဝေရမ္ဘာလေဝ၌ ပျက်စီးခြင်းသို့ ရောက်ဖူးပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လင်းတမျိုးဌ်ဖြစ်၍ အာပနန္ဒအမည်ရှိ၏။ ထိုအာပနန္ဒ လင်းတမင်းသည် လင်းဘအခေါင်း ခြံရံလျက် ဂိဇ္ဈကူဋ်တောင်၌ နေ၏။

အလွန်မြင့်စွာပျံလျှင်

ထိုအာပနန္ဒ လင်းတမင်း၏သား သည် မိဂါလေဝပမည်၏။ အား အစွမ်းနှင့် ပြည့်စုံ၏၊ ထို မိဂါလေဝပ လင်းတသည် တစ်ပါးကုန်သော လင်းတတို့၏ ဇာပိုင်းအခြားကို လွန်၍ အလွန်မြင့်စွာပျံ၏။ လင်းတတို့သည် "သင်၏သားသည် အလွန်မြင့်စွာပျံ၏" ဟု လင်းတမင်းအား ကြားကုန်၏။

ပျက်စီးတတ်သည်

လင်းတမင်းသည် သားကိုခေါ်၍ "အားမာင် သင်သည် အလွန်မြင့်စွာပျံသတတ်၊ အလွန်မြင့်စွာပျံသော လင်းတသည် ဇာသက်ကုန်ခြင်းသို့ ရောက်ဒ တို့" ဟု ဆိုလို၍-

www.dhammadownload.com

၃၄။ နမေ ရုစ္စိ မိဂါလေဝပ၊ ယဿ တေ တာဒိသီ ဂတိ၊
အတုစ္စံ တာတ ပတသိ၊ အာဘုမိံ တာတ သေဝိသိ၊
၃၅။ စတုက္ကဏ္ဏံ ဂေဒါရံ၊ ယဒါ တေ ပထဝီ သိယာ၊
တတော တာတ နိဝတ္တသု၊ မာသု ဧတ္တော ပရံ ဂမိ၊
၃၆။ သန္တိ အညေပိ သကုဏာ၊ ပတ္တယာနာ ဝိဟင်္ဂမာ။
အက္ခိတ္တာ၊ ဝါတဝေဂေန၊ နဒ္ဒာ တေ သဿတီသမာ-

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၃၄။ တာတ မိဂါလေဝပ၊ ချစ်သခင် မိဂါလေဝပ။ တုံ၊ သင်သည်။ အတုစ်၊ အလွန်မြင့်စွာ။ ပတတိ၊ ပျံ၏။ တာတ မိဂါလေဝပ၊ ချစ်သား မိဂါလေဝပ။ တုံ၊ သင်သည်။ အာဘုမိံ၊ အထူမဟုတ်သည်ကို၊ သေဝသိ၊ မှီဝဲ၏။ ယဿ တေ၊ အကြင်သင်၏၊ တာဒိသီ၊ ထိုသို့သဘောရှိသော၊ ဂတိ၊ အလွန်မြင့်စွာပျံခြင်းကို။ မေ၊ ငါသည်။ နာ ရုစ္စိ၊ မနှစ်သက်။

၃၅-၃၆ တာတ မိဂါလေဝပ၊ ချစ်သား မိဂါလေဝပ။ ယဒါ၊ အကြင်အခါ၌။ တေ၊ သင်အား။ ပထဝီ၊ မြေသည်၊ စတုက္ကဏ္ဏံ၊ လေးထောင့်ရှိသော၊ ဂေဒါရံ၊ လယ်ကဲ့သို့။ သိယာ၊ ထင်သည်ဖြစ်အံ့၊ တတော၊ ထို အရပ်မှ၊ နိဝတ္တသု၊ ပြန်ခဲ့လော့၊ ဧတ္တော၊ ဤထက်။ ပရံ၊ လွန်စွာ။ မာသု ဂမိ၊ မပျံလင့်။ အညေပိ၊ သင်မှတစ်ပါးလည်း ဖြစ်ကုန်သော။ ဝိဟင်္ဂမာ၊ ကောင်းကင်သို့ပျံကုန်သော။ ပတ္တယာနာ၊ အဒေါင်ဟူသော ယာဉ်ရှိကုန်သော၊ သကုဏာ၊ လင်းတတို့သည်၊ သန္တိ၊ ရှိကုန်၏။ သဿတီသမာ၊ မိမိကိုယ်ကို အမြဲတည်သော မြေ တောင် အစရှိသည်တို့နှင့် အတူထင်ကုန်သော။ တေ၊ ထိုလင်းတတို့သည်။ ဝါတ-ဝေဂေန၊ လေ၏အဟုန်ဖြင့်၊ အက္ခိတ္တာ။ လွှင့်အပ်ကုန်သည်ဖြစ်၍။ နဒ္ဒာ၊ မိမိ အနှစ်တစ်ထောင်ရှိသော အသက်အတိုင်းအရှည်ကို မပြည့်စေမူ၍ ပျက်စီးကုန်၏၊

တန်ဆေးလွန်ဘေး

မိဂါလေဝပ လင်းတသည် အဆုံးအမကို မခံသည်၏ အဖြစ်ကြောင့် အဘစကားကို နားမထောင်မူ၍ ပျံသဖြင့် အဘသည် ကြားအုပ်သော ဆပိုင်းဆခြားကိုမြင်၍ ထိုအပိုင်းဆခြားကိုလွန်၍ကာလလေသို့ ရောက်၏၊ ထိုကာလးလ့ကိုလည်း လွန်၍ပျံသည်ရှိသော် ဝေရမ္ဘလေဝသို့ရောက်၏။ ထိုအခါ ထိုမိဂါလေဝပ လင်းတကို ဝေရမ္ဘလေတို့သည် ခတ်ကုန်၏၊

www.dhammadownload.com

မိဂါလောပ လင်းတသည် ဝေရမ္ဘ လေတို့သည်ခတ်ကာမျှ၌လျှင် အပိုင်း အပိုင်းပြတ်၍ကောင်းကင်၌ ကွယ်ပျောက်လေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၃၇။ အကတ္တာ အပနဒ္ဓဿ၊ ပိတု ဝုဒ္ဓဿ သာသနံ။
ကာလဝါတေ အတိက္ကမ္မ၊ ဝေရမ္ဘာနံ ဝသံ အဂါ။

၃၈။ တဿ ပုတ္တာ စ ဒါရာ စ၊ ယေ စညေ အနုဇီဝိနော။
သဗ္ဗေ ဗျသန မာပါဒုံ၊ အနောဝါဒ ကရေ ဒိဇေ။

၃၉။ ဧဝံပိ ဣဓ ဗုဒ္ဓါနံ၊ ယော ဝါကျံ နာဝ ဗုဇ္ဈတိ၊
အတိသိမံ စရော ဒိတ္တော၊ ဂိဇ္ဈော ဝါတိတ သာသနော။
သဗ္ဗေ ဗျသနံ ပပ္ပေါန္တိ၊ အကတ္တာ ဗုဒ္ဓသာသနံ။

ဟူကုန်သော ဤဂါထာတို့ကို ဟောတော်မူ၏။

၃၇။ ဘိက္ခဝေ၊ ရဟန်းတို့။ မိဂါလောပေါ၊ မိဂါလောပ လင်းတသည်။ ဝုဒ္ဓဿ၊ ကြီးသော။ ပိတု၊ အဘဖြစ်သော။ အပနဒ္ဓဿ၊ အပနဒ္ဓ၏။ သာသနံ၊ အဆုံးအမကို။ အကတ္တာ၊ နားမထောင်မူ၍။ ကာလဝါတေ၊ ကာလလေတို့ကို။ အတိက္ကမ္မ၊ လွန်၍။ ဝေရမ္ဘာနံ၊ ဝေရမ္ဘလေတို့၏။ ဝသံ၊ နှိုင်ငံသို့။ အဂါ၊ ရောက်၏။

၃၈။ တဿ၊ ထိုမိဂါလောပ လင်းတ၏။ ပုတ္တာ စ၊ သားတို့သည် လှည်းဇာဝင်း။ ဒါရာ စ၊ မယားတို့သည် လည်းကောင်း။ အညေ၊ တစ်ပါးကုန်သော။ အနုဇီဝိနော၊ မိဂါလောပ လင်းတကိုမှီ၍ အသက်မွေးကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ယေ စ၊ အကြင်လင်းတတို့သည် လည်းကောင်း၊ ဒိဇေ၊ မိဂါလောပ လင်းတသည်၊ အနောဝါဒကရေ၊ အဆုံးအမကို နားမထောင်သည်ရှိသော်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ အာပါဒုံ၊ ရောက်ကုန်၏။

၃၉။ ဧဝံပိ၊ ဤအတူလည်း။ ဣဓ၊ ဤသာသနာတော်၌၊ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဝါကျံ၊ စကားကို။ ယော၊ အကြင်သူသည်။ နာဝ ဗုဇ္ဈတိ၊ မသိသလျှင်ကတည်း။ အတိသိမံ၊ အပိုင်းအခြားကိုလွန်၍။ စရော၊ ကျင့်၏။ ဒိဇ္ဇော၊ ကြမ်းတမ်း၏။ အတိတ သာသနော၊ အဆုံးအမကို လွန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တော၊ ထိုသူတို့သည်။ ဗုဒ္ဓသာသနံ၊ ဘုရားအဆုံးအမကို။ အကတ္တာ၊ နားမထောင်မူ၍။ ဂိဇ္ဈော၊

www.dhammadownload.com

မိဂါလောပ လင်းတကဲ့သို့။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပပြေါန္တိ၊ ရောက်ကုန်၏။

ဇာတ်ပေါင်း။ သမ္ဗဲညုမြတ်စွာဘုရားသည် ဤမမ္မဒဿနာကိုဆောင်တော်မူ၍ "ယခုအခါငါဘုရား သည်သာလျှင် ထိုအခါ အပနဒ္ဓမည်သော လင်းတမင်း ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဘုရားဆုံးမ၊ လွန်ပါက၊ မုချပျက်စီးရာ။)

ခြောက်ခုတို့၏ ပြည့်ကြွေးဖြစ်သော မိဂါလောပဇာတ်သည်ပြီး၏။

၇. သိရိကဋကဏ္ဍီဇာတ်

ကောင်းသောအကျင့်သီလသည် ကျက်သရေမည်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗညုမြတ်စွာဘုရားသည် "ကာနု ကာဋ္ဌေန ဝဏ္ဏော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိရိဓာဋ္ဌကဏ္ဍီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနထပိဏ်သူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထို အနာထပိဏ်သူဌေးသည် သောတာပတ္တိဖိုလ်၌တည်သောကာလမှစ၍ ပဉ္စသီတို့ကို မကျိုးမပျက်သည်တို့ကိုပြု၍ စောင့်၏။ အနာထပိဏ်သူဌေး၏ မယားသည်လည်းတောင်း၊ သားသမီးတို့သည်လည်းကောင်း၊ အခကိုယူ၍ အမှုတော်ကို လုပ်ကုန်သော ခပ်သိမ်းကုန်သော သူတို့သည်လည်းတောင်း၊ စောင့်ကုန်သလျှင်တတည်း။ ထိုအခါတစ်နေ့ သခွ ရဟန်းတို့သည် "ငါ့ရှင်တို့ - အနာထပိဏ်သူဌေးသည် စင်ကြယ်၏။ စင်ကြယ်သော အခြေအရံရှိသည်ဖြစ်၍ သာ၏" ဟု စကားကို ဖြစ်စေကုန်၏။ သမ္ဗညုမြတ်စွာဘုရားသည် လာခေါ်တော်မူသတ်၍ "ရဟန်းတို့...ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟူ မေးထောက်မူလတ်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား...ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နားစော် လျောက်သည်ရှိသော် "ရဟန်းတို့...ယခုအခါ ပညာရှိတို့သည်သာလျှင် စင်ကြယ်ကုန်ဆည်, စင်ကြယ်သော အခြေအရံရှိကုန်သည် မဟုတ်ကုန်သေး၊ ရှေးပညာရှိတို့သည်လည်း စင်ကြယ်

www.dhammadownload.com

ကုန်သည်, စင်ကြယ်သော အခြံအရံရှိကုန်သည် ဖြစ်ပြီ''ဟု မိန့်တော်မူ၍ ဆတိတိကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးဖြစ်၍ ဈာန်းလျှော်ပန်း၏ သီလဆောက်တည်၏။ ဥပုသ်ဆောက်တည်၏။ ထိုသူဌေး၏ ဗယာဒသည်လည်းကောင်း၊ သာဒသမီးတို့သည်လည်းကောင်း၊ ကျွန်အမှုလုပ် ဗယာကျိုးတို့သည်လည်းကောင်း၊ ပဉ္စသီတို့ကို စောင့်ကုန်၏။ ထိုသူဌေးသည် သုစိပရိဝါရ သူဌေးဟူ၍ ထင်ရှား၏။

သီလရှိသူကိုးကွယ်မည်

ထိုသူဌေးသည် ''ဝါထက် သီလဖြင့်စင်ကြယ်သော တစ်စုံတစ်ယောက်သော သူသည် အဏယ်၍ လှသည်ဖြစ်အံ့၊ ထိုသူအား ငါ၏ပလ္လင်၌ အိပ်ရာနေရာကို ပေးအံ့သောငှာ မလျော်၊ မသုံးဆောင်သေးသောနေရာကို ဝါသည် ပေးခြင်းငှာ သင့်၏''ဟု မိမိနေရာ အရပ်၌လျှင် နံပါးတစ်ဖက်၌ မသုံးဆောင်သေးသော ပလ္လင်ကိုလည်းကောင်း၊ မသုံးဆောင်သေးသော အိပ်ရာကိုလည်းကောင်း ခင်းစေ၏။

အနဝတတ်အိုင်

ထိုအခါ စာတုမဟာရာဇ်နတ်ပြည်မှ ဝိရူပက္ခနတ်မင်းကြီး၏ တာဠဏ္ဍိမည်သော သမီးဆယ်လည်းကောင်း၊ ဓာရဋ္ဌနတ်မင်းကြီး၏ သိရိမည်သော သမီးသည်သည်းကောင်း၊ နွစ်ယောက်ကုန်သော နတ်သမီးတို့သည် မျှားစွာကုန်သော ပန်းတို့ကို ယူကုန်၍ ''အနဝတတ်အိုင်၌ ကစားကုန်အံ့''ဟု အနဝတတ်အိုင်သို့ သွားကြကုန်၏။ ထိုအနဝတက်အိုင်၌ မျှားစွာကုန်သော ရေဆိုပ်တို့သည် ရှိကုန်၏။ ထိုဆိုပ်တို့တွင် သဗ္ဗညူ မြတ်စွာဘုရားတို့၏ ဆိပ်၌ သဗ္ဗညူ မြတ်စွာဘုရားကိုသည်သာလျှင် ရေချိုးကုန်၏၊ ပစ္စေကဗုဒ္ဓါတို့၏ဆိပ်၌ ပစ္စေကဗုဒ္ဓ!တို့သည်သာလျှင် ရေချိုးကုန်၏၊ ရဟန်းတို့၏ဆိပ်၌ ရဟန်းတို့သည်သာလျှင် ရေချိုးကုန်၏၊ ရဿေတို့၏ ဆိပ်၌ ရဿေတို့သည်သာလျှင် ရေချိုးကုန်၏၊ စာတုမဟာရာဇ် အာစရိုကုန်ဆရာ ကာမာဝစရ နတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်သားတို့၏

www.dhammadownload.com

ဆိပ်၌ နတ်သားတို့သည်သာလျှင် ရေချိုးကုန်၏၊ နတ်သမီးတို့၏ ဆိပ်၌ နတ်သမီးတို့ထည်သာလျှင် ရေချိုးကုန်၏။

နတ်သမီး ၂ ပါး အငြင်းပွားပုံ

ထိုဆိပ်သို့ လာလတ်၍ နှစ်ယောက်ကုန်သော နတ်သမီးတို့သည် "ငါသည် ရှေးဦးစွာ ရေချိုးအံ့၊ ငါသည် ရှေးဦးစွာ ရေချိုးအံ့" ဟု ရေချိုးဆိပ်၌ ငြင်းခုံခြင်းကို ပြုကုန်၏။ ကာဠကဏ္ဏီနတ်သမီးသည် "ငါသည် လောကကို စီရင်၏၊ ထို့ကြောင့် ငါသည် ရှေးဦးစွာ ရေချိုးခြင်းငှာ သင့်၏" ဟု ဆို၏။ သိရိနတ်သမီးသည် "ငါသည် လူအများအား အစိုးရခြင်းကို ပေးတတ်သောအကျင့်၌ တည်၏၊ ထို့ကြောင့် ငါသည် ရှေးဦးစွာ ရေချိုးအံ့ဖွယ်ငှာ သင့်၏" ဟု ဆို၏။ ထိုနတ်သမီးတို့သည် "ငါတို့ထည်ရှေးဦးစွာ ရေချိုးအံ့သောငှာ သင့်သောသဘောကို နတ်မင်းကြီးလေးယောက်တို့သည် သိကုန်လတ္တံ့" ဟု ထိုနတ်မင်းကြီးတို့၏အထံသို့ သွား၍ "ငါတို့တွင် အဘယ်သူသည် ရှေးဦးစွာ အနဝတတ်အိုင်၌ ရေချိုးခြင်းငှာ ထိုက်သောသဘော ရှိသနည်း" ဟု မေးကုန်၏။ ဓတရဋ္ဌနတ်မင်း၊ ဝိရူပက္ခ နတ်မင်းတို့ထည် "ငါတို့သည် ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ကုန်" ဟု ဝိရူဠ္ဟကနတ်မင်း၊ ကုဝေရ နတ်မင်းတို့၏ဝန်ကို ပြုကုန်၏။ ဝိရူဠ္ဟကနတ်မင်း၊ ကုဝေရနတ်မင်းတို့ထည်လည်း မတတ်နိုင်ကုန်၊ သိကြားမင်း၏ခြေရင်းသို့ စေကုန်အံ့ဟု ထိုနတ်သမီးတို့ကို သိကြားမင်းထံသို့ စေကုန်၏။ သိကြားမင်းသည် နတ်သမီးတို့၏စကားကို ကြား၍ "ဤနှစ်ယောက်ကုန်သော နတ်သမီးတို့၏တရားကို ငါ ဆုံးဖြတ်ခြင်းငှာ မတတ်ကောင်း" ဟု ကြံ၏။

သိကြားမင်း ညွှန်ကြားပုံ

ထိုအခါသိကြားမင်းသည်ဗာရာဏသီပြည်၌သုစိပရိဝါရသူဌေးထံသည်ရှိ၏၊ အိမ်၌ မသုံးဆောင်သေးသောနေရာကို ခင်းထား၏။ အကြင် နတ်သမီးသည် ထိုအိမ်၌ ထိုင်ခြင်းကို လည်းကောင်း အိပ်ခြင်းကိုလည်းကောင်း ရ၏။ ထို နတ်သမီးထည် ရှေးဦးစွာ ရေချိုးခြင်းငှာ သင့်သောဆုသဘော ရှိ၏ဟူဆို၏၊

ကာဠကဏ္ဏီသူဌေးအိမ် သွားပြီ

ထိုစကားကိုကြား၍ တာဠကဏ္ဏီနတ်သမီးထည် ထိုဇာန်၌လျှင် ညို့သော အဝတ်ကိုဝတ်၍ ညို့သော နံ့သာပျော်းကို လိမ်း၍ ညို့သော ပတ္တမြား၊

www.dhammadownload.com

တန်ဆာကိုဆင်၍ ယန္တရူးဌ် ထားဖာပ်ဆော ကျောက်ကဲ့သို့ နှတ်ပြည်မှ သက်၍ မင်္ဂလာမယာမ်၏အတွင်းဌ် သူဌေးပြာသာဒ်၏ ထွက်ဝင်ရာ တံခါးဌ် ထိပ်ရာ၏အနီးဖြစ်သော အရပ်ဌ် ညိုသောအရောင်ကိုလွှတ်၍ ကောင်းကင်ဌ် တည်၏။

သင် ဘယ်သူလဲ

သူဌေးသည် ကြွေညှိလုတ်သော် ထိုနတ်သမီးကို မြင်၏။ မြင်ကာမျှဖြင့် လျှင် ထိုနတ်သမီးဆား မချစ်မနှစ်သက်ခြင်းသည် ဖြစ်၏။ သူဌေးသည် ထိုနတ်သမီးနှင့်တကွ စကားပြောလိုရကား-

၄၀။ ကာနု ဘာဌေန ဝဏ္ဏေန၊ နု စာပိ ပိယဒဿနာ။

ကာ ဝါ တွံ ကဿ ဝါ ဓီတာ၊ ဧတံ ဇာနေမု တံ မယံ-
ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၄၀။ ဘဒ္ဒေ၊ရှင်မ။ တွံ၊ရှင်မသည်။ ကာဌေန၊မည်း၊သာ။ ဝဏ္ဏေန၊ ဆာဆင်းဖြင့်။ ပိယဒဿနာ၊ချစ်ဖွယ်သော အဆင်းရှိသည်။ နု စာပိအသိ၊ မဖြစ်သလျှင်ကတည်း။ တွံ၊သင်သည်။ ကာနု၊ အာဘယ်အမည်ရှိသနည်း။ ကာ ဝါ၊ အာဘယ်သူနည်း။ ကဿ ဝါ၊ အာဘယ်သူ၏မူလည်း။ ဓီတာ၊ သမီးနည်း။ မယံ၊ဇာတိသည်။ ဧကံ၊အသို့မူ၍။ တံ၊သင့်ကို။ ဇာနေမု၊သိရကုန်အုံ့နည်း။

ကာဠကဏ္ဏိနတ်သမီးပါ

ထိုစကားကိုကြား၍ ကာဠကဏ္ဏိ နတ်သမီးသည်-

၄၁။ မဟာဓနဇာသေ ဟံ ဓီတာ၊ ဝိရူပက္ခာသေ စက္ခိယာ။
အဟံ ကာဠိ အလက္ခိကာ၊ ကာဠကဏ္ဏီတိ မံ ဝိဒူ။
သြစာသံ ယာစိတော ဒေဝဟိ၊ ဝသေမု တဝ ဆန္ဒိကေ-
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၁။ မဟာသေဋ္ဌိ၊သူဌေးကြီး။ အဟံ၊ငါသည်။ ဝိရူပက္ခာသေ၊ဝိရူပက္ခာ အမည်ရှိသော။ မဟာဓနဇာသေ၊မဟာဓနဇ်နတ်မင်း၏။ စက္ခိယာ၊ကြွမ်းသော။ ဓီတာ၊သမီးတည်း။ အဟံ၊ငါသည်။ အလက္ခိကာ၊ သိလပညာမရှိသော။ ကာဠီ၊တာဠီမည်သော နတ်သမီးတည်း။ မံ၊ငါ့ကို၊ ကာဠကဏ္ဏီတိ၊ကာလကဏ္ဏီဟူ၍။ ဝိဒူ၊သိကုန်၏။ တဝ၊သင်၏။ သန္ဓိကေ၊အထံ၌။ ဝသေမု၊နေလို

www.dhammadownload.com

ကုန်၏။ ယာစိဇာတာ၊ တောင်းပန်ဖွယ်သော သင်သည်။ မေ၊ ငါ့အား၊ ညြကာသံး၊ နှခွင့်ကို။ ဒေဟိ၊ပေးလော့။

ဘယ်လိုယောကျ်ားကို သဘောကျသနည်း

ထို့နောင်မှ ဘုရားလောင်းသည်-

၄၂။ ကိုသိလေ ကိသမာစာရေ၊ ပုရိသေ နိဝိသေ တုဝံ။
ပဒ္မာ မေ က-ဒ္ဓိ အက္ခာဟိ၊ ကထံ ဇာနေမု တံ မယံ-
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၄၂။ ကာဒ္ဓိ၊ကာဒ္ဓိနတ်သမီး။ တုဝံ၊သင်သည်။ ကိသိလေ၊အာဘယ်သီလရှိသော။ ကိသမာစာရေ၊ အာဘယ် အကျင့် ရှိသော။ ပုရိသေ၊ ယောကျ်ား၌။ နိဝိသေ၊စိတ်ဖြင့်ဝင်၍ နေသနည်း။ ပဒ္မာ၊ မေးအပ်သော သင်နတ်သမီးသည်။ မေ၊ငါ့အား၊ အက္ခာဟိ၊ကြားဘိလော့။ မယံ၊ ငါတို့ သည်၊ တထံ၊အသို့မူ၍၊ တံ၊သင့်ကို၊ ဇာနေမု၊ သိရကုန်အံ့နည်း။

လူမိုက်ကို သဘောကျသည်

ထိုနောင်မှ ကာဒ္ဓိနတ်သမီးသည် မိမိ၏ကျေးဇူးကို ထိုလိုရကား-

၄၃။ မက္ခီ ပဒ္မဿိသီ သာရမ္ဘ ိ၊ကွယ်ကိ မစ္ဆရီ သဒ္ဒေဝ၊
ယော မယ္ဟ ံ ပုရိသော ကန္တော၊ လဒ္ဓ ံ ယသံ ဝိနသ္သတိ။
၄၄။ ကောဓနော ဥပနဟီ စ၊ ပိသုဏော စ ဝိဒဘဒကော။
ထဏ္ဍကဝါစော ဖရုသော၊ သော မေ ကန္တတရော တတော။
၄၅။ အဇ္ဇ သုဝေတိ ပုရိသော၊ သဒ္ဓတ္ထ ံ နဝဝဇ္ဇတိ၊
သြဝဇ္ဇမာနော ကုပ္ပတိ၊ သေယျ ံ သော အတိမညတိ။
၄၆။ ဒဝပ္ပလုဒ္ဓေါ ပုရိသော၊ သင္ဘမိတ္တာဟိ မံသတိ။
သော မယ္ဟ ံ ပုရိသော ကန္တော၊ တာသ္မိ ဟောမိ အနာမယာ-
ဟူကုန်သော ဤဂါထာတို့ကို ဆို၏။

၄၃။ ယော ပုရိသော၊အကြင်ယောကျ်ားသည်။ မက္ခီ၊ ကျေးဇူးကို ဖျောက်၏။ ပဒ္မာသီ၊အပြိုင်ပြုတတ်၏။ သာရမ္ဘ ိ၊အလွန်ကိုပြုတတ်၏။ ကွယ်သုကီ၊ ငြူစူတတ်၏။ မစ္ဆရီ ဝန်တိုတတ်၏။ သဒ္ဒေဝ၊ စင်းလဲတတ်၏၊ လဒ္ဓ ံ၊ ရအပ်သော။ ယသံ၊ စည်းစိမ်ကို။ ဝိနသ္သတိ၊ ဖျက်ဆီးတတ်၏။ သော ပုရိသော၊ ထိုယောကျ်ားကို။ မယ္ဟ ံ၊ငါသည်။ ကန္တော နှစ်သက်၏၊

www.dhammadownload.com

၄၄။ ဝယာ ပုရိသသ၊ အကြင်ယောကျ်ားသည်။ ကောဓနေန၊ အမျက်ထွက်တတ်၏။ ဥပနာဟီစ၊ ရန်ငြိုးလည်း ဖွဲ့တတ်၏။ ပိသုဏာ၊ ခြေပစ်သောစကားကို ဆိုတတ်၏။ ဝိဘေဒကေစ၊ အဆွေခင်ပွန်းကိုလည်း ဖျက်တတ်၏။ ကက္ကဂဝါစ၊ ဒေါသရှိသောစကားကို ဆိုတတ်၏။ ဖရုသေ၊ ကြမ်းကြုတ်၏။ သော ပုရိသော၊ထို၌ယောကျ်ားကို။မေ၊ငါသည်။ဘဂဝေ၊ ထိုရွေးဆိုအပ်ပြီးသော ယောကျ်ားထက်။ ကန္တိတရော၊ လွန်၍ချစ်၏။

၄၅။ ယော ပုရိသော၊ အကြင် ယောကျ်ားသည်။ ဆဇ္ဇ၊ယနေ့ပြုအပ်သေစဆမ္မ။ သုဝေ၊ နက်ဖြန်ပြုအပ်သောအမှု။ ဣတိ၊ဤသို့။ သဒတ္ထံ၊ မိမိကိုစွကို။ နာဝဗုဇ္ဈတိ၊ မသိသလျင်ကတည်း။ ဩဝဇ္ဇမာနော၊ ဆိုဆုံးမအပ်ဆည်ရှိသော်။ ကုပ္ပဘိ၊ အမျက်ထွက်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ သေယျံ၊ မြတ်သောသူကို။ အတိမညတိ၊မူထိမဲ့မြင်ပြုတတ်၏။

၄၆။ ဒဝပ္ပလုဒ္ဓေါ၊ ကာမဂုဏ်တို့၌ မပြတ် မက်မောတတ်၏။ သဇ္ဇမိတ္တောဟိ၊ ခပ်သိမ်းသော အဆွေခင်ပွန်းတို့မူ။ ဓံသတိ၊ ယုတ်၏။ မယှံ၊ ငါသည်။ သောဘပုရိသော၊ ထို၌ယောကျ်ားကို။ ကန္တိဿာ၊ချစ်၏။ သဿံ ပုရိသေ၊ထိုယောကျ်ား၌။ အနာမယာ၊ ဆင်းရဲခြင်း စိုးရိမ်ခြင်း တင်းသည်ဖြစ်၍။ အဟံ၊ငါသည်။ ဟောမိ၊ဖြစ်၏။

နှင်ပြန်တော့

ထိုအခါ နတ်သမီးကို ကဲ့ရဲ့လိုသည်ဖြစ်၍ ဘုရားလောင်းသည်-

၄၇။ အဓေဟိ ဒေတ္တာ တုံ ကာဠိ၊ နေတံ အမ္မေသု ဝိဇ္ဇတိ။
အည္ဒံ ဇနပဒံ ဂစ္ဆ၊ နိဂမေ ရာဇဓာနိယေ-

ဟူသော ဤဂါထာကို ဆို၏။

၄၇။ ကာဠိ၊ ကာဠီ အမည်ရှိသော နတ်သမီး။ တုံ၊ သင်သည်။ ဧတ္တော၊ ဤအရပ်မှ။ အဓေဟိ၊ ဖဲလေလော့။ အမ္မေဟု၊ ငါတို့၌။ နေတံ၊ ဤကျေးဇူးမျှခြင်း အစရှိသောအမှုသည်။ နဝိဇ္ဇတိ၊မရှိ။ တုံ၊သင်သည်။ နိဂမေ စ၊ နိုဂုံ၌လည်းကောင်း။ ရာဇဓာနိယေ စ၊ မင်းနေပြည်၌ လည်းကောင်း။ အည္ဒံ၊ တစ်ပါးသော။ ဇနပဒံ၊ ဇနပုဒ်သို့။ ဂစ္ဆ၊သွားလေလော့။

ထိုစကားကို ကြား၍ ကာဠကဏ္ဏိနတ်သမီးသည်ရှက်နိုးသည်ဖြစ်၍-

www.dhammadownload.com

၄၈။ အဟံပိ ဧကော တံ ဇနဒမိ၊ နေတံ တုမှေသု ဝိဇ္ဇတိ။
သန္တိ လောကေ အလက္ခိကာ၊ သံယနဿ ဗဟုံ ဓနံ၊
အဟံ ဧဝေကော စ မေ ဘာတာ၊ ဥဘော နံ ဝိဓမာမသေ·
ဟူသော အခြားမဲ့သော ဤဂါထာကို ဆို၏။

၄၈။ မဟာဓနသေဋ္ဌီ၊ သူဋ္ဌေးကြီး။ အဟံ ပိ ဧကော၊ ငါသည်လည်း။ တုမှေသု၊ သင်တို့၌။ တေံ၊ ထိုကျွေးဋ္ဌေးချွေခြင်း၊ အစရှိသော အမှုသည်။ နဝိဇ္ဇတိ၊ မရှိဟူ၍။ တံ၊ ထိုအကြောင်းကို။ ဇာနာမိ၊ သိ၏။ လောဏော၊ ထောကဉ်၊ အလက္ခိကာ၊ သီလ ပညာ ဂရိကုန်သော သူတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသူတို့သည်လည်း။ ဗဟုံဓနံ၊ များစွာသော ဥစ္စာကို။ သံယနဿ၊ ပေါင်းစုကုန်၏။ နံ၊ထိုဥစ္စာကို။ အဟဉ္စ၊ ငါသည်လည်း၊ကောင်း။ မေ၊ ငါ၏။ ဘာတာ၊ မောင်ဖြစ်သော။ ဧဝေဝေါ၊ ဧဝဝအမည်ရှိသော နတိသားသည်လည်းကောင်း။ ဥဘော၊ နှစ်ယောက်ကုန်သော မောင်နှမဖြစ်ကုန်သော ငါတို့သည်။ ဝိဓမာမသေ၊ ဖျက်ဆီးကုန်၏။

သိရိနတ်သမီး သူဋ္ဌေးအိမ်ဧကာက်ခြင်း

ဤသို့ဆို၍ ဖဲ့လေ၏။ ထိုကဋ္ဌကဏ္ဍီ နတ်သမီး ဖဲ့သောကာလ၌ သိရိနတ်သမီးသည် ရှေသောဏဆင်းရှိကုန်သော ဧဝတ် နံ့သာပျော်း တို့ဖြင့် ရှေသော့ဏဆင်းရှိသော တန်ဆာဖြင့်လျှင် တန်ဆာဆင်လျက် သွား၍ ထွက်ဝင်ရာ တံခါး၌ ရှေသေးဟရောင်ကို လွှတ်လျက် ညီညွတ်သော ခြေတို့ဖြင့် ညီညွတ်စွာ မြေ၌တည်၍ ရှိသခြင်းနှင့်တကွ ရပ်၏။

သင်္ဘာယ်သူလဲ

ထိုသိရိနတ်သမီးကို မြင်၍ ဘုရားလောင်းသည်·

၄၉။ ကာနု ဒိဗ္ဗေန ဝဏ္ဏေန၊ ပဘာယ သုပတိဋ္ဌိတာ။
ကာ ဝါ တွံ ကဿ ဝါ ဓီတာ၊ ကထံ ဇာနေမု တံ မယံ·
ဟူသော ရှေးဦးစွာသော ဤဂါထာကိုဆို၏။

၄၉။ ဘဒ္ဒေ၊ ရှင်မ။ တွံ၊ သင်သည်၊ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ ဝဏ္ဏေန၊ အဆင်းဖြင့်။ ပဘာယ၊ မြေ၌။ သုပတိဋ္ဌိတာ၊ ကောင်းစွာတည်၏။ တွံ၊ သင်သည်။ ကာနု၊ အဘယ်အမည်ရှိသနည်း။ ကာ ဝါ၊ အဘယ်

www.dhammadownload.com

သူနည်း။ ကဿ ဝါ၊ အဘယ်သူ၏မူလည်း။ ဓိတာ၊ သမီးနည်း။ ဗယုံ၊ ငါတို့သည်။ကဲတံ၊ အသို့မူ၍လျှင်။ တံ၊သင့်ကို။ ဇာနေမု၊သိရကုန်အံ့နည်း။

ဘုရားလေခြင်း၏စကားကို ကြား၍ သိရိနတ်သမီးဆည်-

၅၀။ မဟာဆုဇ်ဿ ဟံ ဓိတာ၊ ဓိဓတရဋ္ဌဿ ဓိမဓတာ။
အဟံ သိရိ စ လက္ခို စ၊ ဘူရိပညာတိ မံ ဝိဒူ။
ဩကာသံ ယာစိတာ ဓဒဟိ၊ ဝသေမု တဝ ဆန္ဒိကော-
ဟူသော ဤဂါထာကိုဆို၏။

၅၀။ မဟာသေဋ္ဌိ၊ သူဋ္ဌေးကြီး။ အဟံ၊ ငါသည်။ ဓိမတော၊ ပညာရှိသော။ ဓတရဋ္ဌဿ၊ ဓတရဋ္ဌအမည်ရှိသော။ မဟာဆုဇဿ၊ မဟာဆုဇ်နတ်မင်း၏။ ဓိတာ၊ သမီးတည်း။ အဟံ၊ ငါသည်။ သိရိ စ၊ သိရိလည်းမည်၏။ လက္ခို စ၊ လက္ခိုလည်း မည်၏၊ မံ၊ ငါ့ကို။ ဘူရိပညာတိ၊မြေကြီးနှင့်တူသော ကြီးသော ပညာရှိသော နတ်သမီးဟူ၍ ဝိဒူ၊ သိကုန်၏။ ထ၊ သင်၏။ သန္ဓိကော၊ အထံ၌။ ဝသေမု၊ နေလိုကုန်၏။ ယာစိတာ၊ တောင်းပန်အပ်သော သင်သည်။ ဓမ၊ ငါ့အား။ ဩကာသံ၊ အခွင့်ကို။ ဒေယျိ၊ ပေးလော့။

သင် ဘယ်လိုယောဓကျိုးကိုသဘောကျသနည်း

နတ်သမီး၏စကားကိုကြား၍ ဘုရားလောင်းသည်-

၅၁။ ကိံ သိလေ ကိံ သမာဒါနေ၊ ပုရိသေ နိဝိသေတုံ။
ပဋ္ဌာ မေ လက္ခို အက္ခာဟိ၊ ကထံ ဇာနေမု တံ မယ်-
ဟူသော ဤဂါထာကို ဆို၏။

၅၁။ လက္ခို၊ လက္ခိုခည်သော နတ်သမီး။ တုဓံ၊သင်သည်။ကိံ သိလေ၊ အဘယ်သို့ သိလရှိသော။ ကိံ သမာဒါနေ၊ အဘယ်သို့အကျင့်ရှိသော။ ပုရိသေ၊ ယောဓကျိုး၌။ နိဝိသေ၊ စိတ်နှလုံးသက်ဝင်၍ နေသနည်း။ ပဋ္ဌာ၊ မေးအပ်သော သင်နတ်သမီးသည်။ မေ ငါ့အား။ အက္ခာဟိ၊ ကြားဘို့လော့။ မယံ၊ ငါတို့သည်။ ကထံ၊ အသို့မူ၍လျှင်။ တံ၊ သင့်ကို။ ဇာနေမု၊ သိရကုန်အံ့နည်း။

www.dhammadownload.com

သူတော်ကောင်းကိုသဘောကျသည်

ဘုရားလောင်း၏စကားကိုကြား၍ သိရှိနှတ်သမိုးသည်-

၅၂။ယောစာပိသီတေအထစားပို့ ဉကွေ့၊ ဝါတာတပေဒုံ သသရီသပေစ။
ခုမံဗိုပါသံ ဆာဘိဘုယျသဗ္ဗံ၊ ရတ္တိ ဒိဝံယောသတ္တတံနိယုတ္တော။

၅၃။ဆာလာဂတ္တ နဟာဧပတိဆာတ္တံ၊ ဃသာမေမနံပါနိဝိသေဝတ မို့။
ဆာကြွာဓနာမိတ္တဝါစာဂဝါစသော်လူပပန္နော ဆ သဒ္ဓါဥဒုဘူတော့။

၅၄။သင်္ဂါဟကောသခိလောသကော်ဝါစော၊ မဟတ်ပတ်ဘောပိနိဝါတဓုတ်။
တသို့ ဟံ ဒုပါစသဝိပုလာ ဘဝါမိ၊ ဥမိ သမုဒ္ဒဿ ယထစပိဝဏ်ဆံ့။

၅၅။ဒယာစာပိမိတ္တအသဝါဆမိတ်ကွေ့၊သေဒ္ဓသုရိကွအထဝါပိဟိနေ။
ဆာတ္တ စရန်၊ အထဝါ အနတ္တံ၊ အာဝီ ရဟောသင်္ဂဟမေဝ ဝတ္တော။

၅၆။ဝါစံ နဝဇ္ဇံ ဖရုသံ ကဒါစိ၊ ဓတဿ ဇီဝဿ စ တဿဟောမိ။
ဇေတသံ ယော အညတရံ ဈာဘိတ္ထာ၊ ဆန်္ဒံ သိရိံ သမိဒ္ဓတိ ဆပဟပညော။
ဟံ ဒိတ္တာရွပံ ဝိသမံ စရန်၊ ကရိသဉ်ဒနံဝ ဝိဝဇ္ဇယဒမိ။

၅၇။ အတ္တံနာ ကုရုတေ လက်ံ၊ ဆလက္ခံ ကုရုတေတ္တနာ။
နှ ဟိ လက်ံ ဆလက္ခံဝါ၊ ဆဓညာ အညဿ ကဝရဆောဝ-
ဓော ဤဂါထာတို့ကို ဆို၏။

၅၂။ ယော ပုရိသော၊ ဆကြင်ယောကျိုးသည်။ သိတေစာပို့၊ ချမ်းသော် လည်းကောင်း။ အထ၊ ထိုမြို့၊ ဥကွေ့စာပိ၊ ပျဉ်းလည်းထောင်း။ ဝါတဒတပေ စ၊ ဓဆနေပူရှိသော်လည်းကောင်း။ ဒုံသ သရိံသပေ စ၊ မုက်ခြင် မြွေ ထင်း သန်းလှံသော်လည်းဓကောင်း။ နိယုတ္တောဘ၊ လုံ့လပြု၏။ ယော စ ပုရိသော၊ ဆကြင်းယောကျိုးသည်လည်း။ သဗ္ဗံ၊ အလုံးစုံသော၊ ခုမံဗိုပါသံ၊ ဆာလောင် ငတ်မွတ်ခြင်းကို။ ဆာဘိဘုယျ၊ နှိပ်စက်၍။ ရတ္တိံ ဒိဝံ၊ ညဉ့်နေ့ပတ်လုံး။ သတတံ၊ မပြတ်။ နိယုတ္တောဘ၊ လုံ့လပြု၏။

၅၃။ ယော ပုရိသော၊ အကြင်ယောကျိုးသည်။ ကာလာဂတံ၊ ကာလ၌ရောက်သော၊ အတ္ထဉ္စ၊ အကျိုးကိုလည်း။ နှ ဟာပေတိ၊ မယုတ်စေ။ သောပုရိသော၊ ထိုယောကျိုးကို။ မေ၊ ငါသည်။ မနာပေါ၊ နှစ်

www.dhammadownload.com

သက်၏။ တမှိ၊ ထိုယောကျွန်ုဉ်း၌ အဟံ၊ ဝါသည်း နိဝိသေဝ၊ စိတ်ဖြင့် ဝင်၍ နေသလျှင်ကတည်း။ ယော ပုရိုးသာ၊ အကြင်ယောကျွန်ုသည်။ အကွောခနော၊ အမျက်မထွက်တတ်၊ မိတ္တစေါ စ၊ အဆွေခင်ပွန်းကောင်းလည်း ရှိ၏။ စဝဂဝါ စ၊ စွန့်ကြဲခြင်းလည်းရှိ၏၊ သီလူပပန္နော စ၊ သီလနှင့်ပြည့်စုံ၏။ အသဂ္ဂေါ၊ မစဉ်းလဲ၊ ဥဇုဘူတော၊ ဖြောင့်စွာဖြစ်၏။

၅၄။ သင်္ဂါဟကော၊ သင်္ဂြိုဟ်ခြင်းကိုပြုတတ်၏။ သခိလော၊ ပြေပြစ်၏။ သဏှော ဝါစော၊ သိမ်မွေ့သော စကားရှိ၏။ မဟတ္တပတ္တောပိ၊ ကြီးမြတ်သော အဖြစ်သို့ ရောက်သော်လည်း။ နိဝါတဝုတ္တိ၊ နှိမ့်ချသော ဖြစ်ခြင်းရှိ၏။ သမုဒ္ဒဿဲ၊ သမုဒ္ဒရာဇ်၊ ဝဏ္ဏံ၊ အဆင်းကို။ သြလောကေန္တိ၊ ကြည့်သည်ရှိသော်၊ ဥမိ၊ အဆင့်ဆင့်သော လှိုင်းတံပိုးထည်၊ ပညာယတိယထာပိ ထင်ဆကဲ့သို့လည်း။ စေံ တထာ၊ ထို့အတူ၊ အဟံ၊ ဝါသည်။ တသ္မိံ ပေါသေ၊ ထိုယောကျွန်ုဉ်း၌။ ဝိပုလာ၊ ပိတိအဟုန်ဖြင့် ပြန့်ပြောထည်ဘဝါမိ၊ ဖြစ်၏၊

၅၅။ ယော စ၊ အကြင်ယောကျွန်ုထည်လည်း။ မိတ္တော စ၊ အဆွေခင်ပွန်းသည် လည်းဆောင်း။ အထဝါ၊ ထို့မြို့။ အမိတ္တော စာမိ၊ အဆွေခင်ပွန်း မဟုတ်သော သူသည်လည်းကောင်း။ သေဋ္ဌော စ၊ မြတ်သောသူသည် လည်းကောင်း၊ အထဝါ၊ ထို့မြို့။ သရိက္ခေ စ၊ တူသော သူသည်လည်းကောင်း။ တီနေပိ၊ ယုတ်သော သူသည်လည်းကောင်း၊ အတ္ထံ၊ အကျိုးကို၊ စရန္တံ၊ ကျင့်သောသူသည် လည်းကောင်း၊ အာဝီ၊ မျက်မှောက်၌လည်းကောင်း၊ ရဟော၊ မျက်ကွယ်၌ လည်းကောင်း၊ သင်္ဂဟမေဝ၊ သင်္ဂြိုဟ်ခြင်းကိုသာလျှင်။ ဝတ္တော၊ ကျင့်၏။

၅၆။ ယော ပုရိသော၊ အကြင်ယောကျွန်ုသည်၊ တေါစိ၊ တစ်ရံတစ်ဆစ်၌၊ ဖရုသံ၊ ကြမ်းသော၊ ဝါစံ၊ စကားကို၊ နာဒါ၊ မဆို။ မတာသု စ၊ သေသေဘဲ လည်းကောင်း၊ ဇီဝသု စ၊ အသက်ရှင်သော် လည်းကောင်း၊

www.dhammadownload.com

တဿ၊ ထိုသူ၏။ မိတ္တံ၊ အဆွေခင်ပွန်းသည်။ ဟောမိ၊ ဖြစ်၏။ ဧတေသုံ၊ ထိုသို့ဆိုအပ်ပြီးသော ယောကျ်ားတို့တွင်။ ယော၊ အကြင်သူသည်။ ကန္တိံ၊ နှစ်သက်ဖွယ်သော။ သိရိံ၊ အသရေကို။ လဘိတ္ထ၊ ရ၍။ အညတရံ၊ တစ်ပါးပါးသော ဂုဏ်ကျေးဇူးကို။ သမိဇ္ဈတိ၊ ပြည့်စုံစေ၏။ တဿ ပုရိသဿ၊ ထိုယောကျ်း၏။ မိတ္တံ၊ အဆွေခင်ပွန်းသည်။ ဟောမိ၊ ဖြစ်၏။ ယော ပုရိသော၊ အကြင်ယောကျ်းသည်၊ အပပညော၊ နည်းသောပညာရှိ၏။ ဒိတ္ထရူပံ၊ ကြမ်းကြုတ်သော သဘောရှိသော။ ဝိသမံ၊ မညီမညွတ်သော အကျင့်ကို။ စရန္တံ၊ ကျင့်သော။ တံ ပုရိသံ၊ ထိုယောကျ်းကို။ အဟံ၊ ငါသည်။ ကရိသ-ဌာနံဝ၊ ကျင်ကြီးစွန့်ရာ အရပ်ကိုကဲ့သို့။ ဝိဝဇ္ဇယာမိ၊ ကြဉ်၏။

၅၇။ လက္ခိံ၊ သီလပညာကို။ အတ္တနော၊ မိမိသည်။ ကုရုတော၊ ပြု၏။ အလက္ခိံ၊ သီလပညာမရှိခြင်းကို။ အတ္တနော၊ မိမိသည်။ ကုရုတော၊ ပြု၏။ ဟိ သစ္စံ၊ မှန်၏။ အညော၊ တစ်ယောက်သောသူသည်။ အညဿ၊ တစ်ယောက်သောသူ၏။ လက္ခိံ ဝါ၊ သီလပညာကိုလည်းကောင်း။ အလက္ခိံ ဝါ၊ သီလပညာမရှိခြင်းကိုလည်းကောင်း နကာရတော၊ မပြုနိုင်။

ဤနေရာတွင်ထိုင်လေ

ဤသို့ဆိုသည်ရှိသော် ဘုရားလောင်းသည်လည်း သိရီ နတ်သမီး၏ စကားကို နှစ်သက်၍ "မသုံးဆောင်သေးသော ဤနေရာသည် သင်အား သာလျှင် လျောက်ပတ်၏၊ နိသီဒိုင်၌ ထိုင်လေ့" ဟု ဆို၏။

သိရီနတ်သမီးသည် ထိုအိပ်ရာ၌နေ၍ မိုးသောက်သောကာလ၌ ထွက်၍ စာတုမဟာရင်နတ်ပြည်သို့သွား၍ အနဝတတ်အိုင်၌ ရေးဦးစွာ ရေချိုးခြင်းကိုလည်း ရ၏။ အိပ်ရာသည် သိရီနတ်သမီးသည် သုံးဆောင်သည်၏ အဖြစ်ကြောင့် သိရီသယန မည်၏။ ဤအနှယ်သည် သိရီသယန၏ အနှယ်တည်း၊ ဤသို့သော အကြောင်းဖြင့် ယနေထက်တိုင်အောင်လည်း သိရီသယန ဟူ၍ ဆိုအပ်၏။

www.dhammadownload.com

ဇာတ်ပေါင်း။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ဥပဿဝက်သည် ထိုအခါ သိရိနတ်သမီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သုစိပရိဝါရ သူဌေးဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အကျင့်သိက္ခာ၊ ရှိသူသာ၊ သင့်ရာ မြတ်နေရာ။)

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သိရိကာဠကဏ္ဏိဇာတ်သည် ပြီး၏။

ဂ-ကုက္ကုဋ္ဌဇာတ်

မိန်းမတို့၏ ဖြားယောင်းခြင်း သို့မလိုက်ပါသင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သုံစိတ္တပတ္တဆဒန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ကျိုကုက္ကုဋ္ဌဇာတ်ကို ဧတဝဂ်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြိုးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းကို "ရဟန်း.... အဘယ်ကြောင့် ငြိုးငွေ့သနည်း" ဟု မေးတော်မူလတ်၍ "အရှင်ဘုရား... တန်နီဆာဆင်အပ်သော မိန်းမတစ်ယောက်ကိုမြင်၍ ကိုးလသာ၏အစွမ်းဖြင့် ငြိုးငွေ့၏" ဟု နားခံတော်လျှောက်သည်ရှိသော် "ရဟန်း....မိန်းမတို့သည် လှည့်ပတ်ဖြားယောင်း၍ မိမိအလိုသို့ ရောက်သောကာလ၌ ပျက်စီးခြင်းသို့ ရောက်စေကုန်၏။ လျှပ်ပေါသော ကြောင်မကဲ့သို့ဖြစ်၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဓဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားဓလောင်းသည် ကြက်အမျိုး၌ဖြစ်၍ များစွာသော ကြက်အဝေပါင်းခြံရံလျက် တောခြုံးနား၏။ အနီးခဏတစ်ခုးသာ ကြောင်မသည်လည်း နေ၏၊ ထိုကြောင်မသည် ဘုရားလောင်းကိုထား၍ ကြွင်းသော ကြက်တို့ကို ဥပါယ်ဖြင့် လှည့်ပတ်၍စား၏၊ ဘုရားလောင်းသည် ထိုကြောင်မ၏ လာခြင်းကို အလိုမရှိ။

www.dhammadownload.com

ကြောင်မ သွေးဆောင်ပုံ

ထိုကြောင်မသည် ''ဤကြွက်သည် ဆာလွန်လျှင် လိမ္မာ၏၊ ငါ၏ ဥပါယ်၌ လိမ္မာသည်၏ အဖြစ်ကို မသိ၊ ငါသည် ဤကြွက်ကို ''သင်၏ မယားဖြစ်အံ့ဟု'' ဖြားယောင်း၍ မိမိအလိုသို့ လိုက်သောကာလ၌ စား ခြင်းငှာ သင့်၏'' ဟု ထိုကြောင်မသည် ဘုရားလောင်းနေသော သစ်ပင် ရင်းသို့သွား၍ ချီးမွမ်းခြင်း ရှိုးရှိသော စကားဖြင့် ဘုရားလောင်းကို စတောင်းပန်လိုရကစား-

၅၈။ သုစိတ္တ ပတ္တ ဆဒန၊ တမ္မ စူဠ ဝိဟင်္ဂမ။
သြဏောဟ ဒုဗ္ဘသာဒါယိ၊ မုဓာ ဘရိယာ ဘဝါမိ တေ-
ဟူသော ရွှေငှက်စွာသော ဤဂါထာကို ဆို၏၊

၅၈။ သုစိတ္တဲ့ပတ္တဆဒန၊ ဆာလွန်ဆန်းကြယ်သော အတောင်တို့ဖြင့် ပုံးလွှမ်းဆောင်သော။ တမ္မစူဠ ဝိဟင်္ဂမ၊ နီသော ဦးစွန်းရှိသောငှက်။ ဒုဗ္ဘ ဆာခါယိ၊ သစ်ခက်မှ၊ သြဏောဟ၊ သက်ခဲ့လော့။ မုဓာ၊ အချည်းနှီးဖြင့် သာ။ တေ၊ သင်၏။ ဘရိယာ၊ ယေားသည်။ ဘဝါမိ၊ ဖြစ်အံ့။

မျိုးတူလင်ကိုရှာလော့

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''ဤကြောင်မသည် ငါ၏ ခပ်သိမ်းကုန်သော ဆေးဆွေအမျိုးတို့ကို စားဆောင်ပြီ၊ ယခုအခါ ငါ့ကိုဖြား ယောင်း၍ စားလို၏၊ ထိုကြောင်မကို လွှတ်လိုက်အံ့'' ဟု ကြံ၍-

၅၉။ စတုပ္ပဒီ တုံ ကလျာဏိ၊ ဒ္ဝိပဒါ ဟံ မနောရမေ။
မိဂိ ပက္ခိ ဆာသဲယုတ္တာ၊ ဆာညံ ပရိယေသ သာမိကံ-
ဟူသော နှစ်ခုတို့၏ ပြည့်စုံကြောင်းဖြစ်သော ဤဂါထာကိုဆို၏။

၅၉။ ကလျာဏိ၊ ကောင်းသော။ မနောရမ၊ နှလုံးကို မွေ့လျော်စေဘတ်သော၊ မိဂိ၊ ကြောင်၌။ တုံ၊ သင်သည်။ စတုပ္ပဒီ၊ ဆယ်ခြေလေးချောင်းရှိ၏၊ ဆဟံ၊ ငါသည်။ ဒ္ဝိပဒါ၊ ဆယ်ခြေနှစ်ချောင်းရှိ၏၊ တုံ၊ သင်သည်၊ ပက္ခိ-ဆာသဲယုတ္တာ၊ ငှက်တို့နှင့် လင်မယားဖြစ်ခြင်းငှာ မလျော်၊ ဆာညံ၊ တစ်ပါးသော။ သာမိကံ၊ လင်ကို။ ပရိယေသ၊ ရှာလော့။

www.dhammadownload.com

ကျန်ခဲ့ပါ့မယ်

ထိုစကားကိုကြား၍ ထိုခြင်္ကြင်မသည် ဤကြွက်သည်အလွန်လိမ္မာ၏၊ စာစံုတစ်ခုသော အကြောင်းဖြင့် လှည့်ပတ်၍ စားအံ့ဟု ကြံ၍-

၆၀။ ကောမာရိကာ တေ ဟေဿာမိ၊ မဉ္ဇုကာ ပိယဘာဏိနီ။
ဝိန္ဒ မံ အရိုးယန ဝေဒေန၊ သာဝယ မံ ယဒိစ္ဆသိ-

ဟူသော သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

၆၀။ ကုက္ကုဋ၊ ကြက်၊ အဟံ၊ ငါသည်၊ တေ၊ သင်၏။ ကောမာရိကာ၊ သူငယ်မ စင်စစ် အပျိုကညာစင်ဖြစ်သော။ မဉ္ဇုကာ၊သာယာသော အသံရှိသော။ ပိယဘာဏိနီ၊ ချစ်ဖွယ်သောစကားကို ဆိုတတ်သောမယား၊သည်။ ဟေဿာမိ၊ ဖြစ်အံ့။ တ္ဝံ၊ သင်သည်။ အရိယေန၊ အပြစ်ကင်းသော။ ဝေဒေန၊ ရခြင်းဖြင့်။ မံ၊ ငါ့ကို။ ဝိန္ဒ၊ ရလော့။ မံ၊ ငါ့ကို။ ယဒိစ္ဆသိ၊ကျန်အဖြစ်ဖြင့် ကြားခြင်းငှာ အလိုရှိသည်ဖြစ်အံ့။ သာဝယ၊ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ ကျန်အဖြစ်ကို ကြားလော့။

ဟဲ့—ကြက်သူခိုး

ထို့နောင်မှ ဘုရားလောင်းသည် ကြောင်မကို "ခြိမ်းခြောက်၍ ပြေးစိမ့်သောငှာ သင့်၏" ဟု ကြံ၍-

၆၁။ ကုဏပါဒိနိ ဒလဟိဘဝေ၊ စောရိ ကုက္ကုဋ ပေါထိနိ။
နတ္ဝံ အရိုးယန ဝေဒေန၊ မမံ ဘတ္တာရမိစ္ဆသိ-

ဟူသော လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုဆို၏။

၆၁။ ကုဏပါဒိနိ၊ အကောင်ပုပ် အစရှိသည်တို့ကို စားလေ့ရှိသော၊ လေး-ဟိတပေါ၊ ယွဲ့ကို သောက်တတ်သော။ ကုက္ကုဋပေါထိနိ၊ ကြက်တို့ကို သတ်တတ်သော၊ စောရိ၊ ခိုးသူမ။ တ္ဝံ၊ သင်သည်။ အရိုးယန၊ အပြစ်ကင်းသော။ ဝေဒေန၊ ရခြင်းဖြင့်။ မမံ၊ ငါ့ကို။ ဘတ္တာရံ၊မိမိလင်ကို။ ကာတုံ၊ ပြုအံ့သောငှာ။ နက္ခစ္ဆသိ၊ အလိုမရှိလင့်။

နှုတ်ချို့သူကိုသတိထား

ထိုခြင်္ကြင်မသည် ပြေး၍လျင်သွား၏။ တစ်ဖန် ပြန်၍ကြည့်အံ့သောငှာ မဝံ့။ ဤအတိတ်ကို ဓမ္မဆင်ခြင်တရားမူ၍ သဗ္ဗညုမြတ်စွာဘုရားသည်-

www.dhammadownload.com

၆၂။ ဧဝံပိ စာတုရာ နာရီ၊ ဒိသွာန သဓံနံ နရံ။
နေန္တိ သက္ခာဟိ ဝါစာဟိ၊ ဗိဠာရီ ဝိယ ကုက္ကုဠံ။
၆၃။ ယော စ ဥပ္ပတိတံ အတ္ထံ၊ နာ ခိပ္ပံ မနုဗုံဇတိ။
အမိတ္တာ ဝသ မန္နတိ၊ ပစ္ဆာ စ အနုတပ္ပတိ။
၆၄။ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စံတေ သတ္တာသမ္မာဓာ၊ ကုက္ကုဠော ဗိဠာရိယာ-
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

၆၂။ ကုက္ကုဠံ၊ ကြက်ကို။ နေန္တိ၊ဆောင်သော၊ ဗိဠာရီဝိယ၊ကြောင်မကဲ့သို့။ ဧဝံပိ၊ ဤအတူလည်းကောင်း။ စာတုရာ၊ တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော။ နာရီ၊ မိန်းမတို့သည်။ သဓနံ၊ ဥစ္စာကုံလုံသော။ နရံ၊ယောကျ်ားကို။ ဒိသွာန၊ မြင်၍။ သက္ခာဟိ၊ သိမ်မွေ့နူးညံ့ကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ နေန္တိ၊ ဆောင်ကုန်၏။

၆၃။ ယော စ၊ အကြင်သူသည်လည်း။ ဥပ္ပတိတံ၊ ဖြစ်လာသော။ အတ္ထံ၊ အကျိုးကို။ခိပ္ပံ၊ လျင်စွာ၊ န ဗုဇ္ဈတိ၊ မသိ။ သော၊ ထိုသူသည်။ အမိတ္တံဝသံ၊ ရန်သူ့နှိုင်ငံသို့။ အန္နေတိ၊ လိုက်ရ၏။ ပစ္ဆာ စ၊ နောင်မူလည်း။ အနုတပ္ပတိ၊ ပူပန်ရ၏။

၆၄။ ယော စ၊ အကြင်သူသည်လည်း။ ဥပ္ပတိတံ၊ ဖြစ်လာသော။ အတ္ထံ၊အကျိုးကို။ခိပ္ပမေဝ၊ လျင်စွာလျင်။နိဗောဓတိ၊ သိ၏။ဗိဠာရိယာ၊ ကြောင်မမှ။ မုတ္တာ၊ လွတ်သော။ ကုက္ကုဠော၊ ကြက်မင်းကဲ့သို့။ သတ္တာသမ္မာဓာ၊ ရန်သူတို့သည် ဖြစ်စေအပ်သော ကျဉ်းခြင်းမှ။ မုစ္စတေ၊ လွတ်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြိုးငဲ့သောရဟန်းလည် သေတာပတ္တိဖိုလ်၌တည်၏။ ဇာဟ်ကို အဘယ်သို့ပေါင်းတော်မူသနည်း ဟူမူကား-ယခုအခါဘုရားသည်လျင် ထိုအခါ ကြက်မင်းဖြစ်ပြီ၊ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏၊

(နှုတ်ချို့သူအားသတိထား၊ စဉ်းစားပြုသင့်ပါ၊)

ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကုက္ကုဠဇာတ်သည် ပြီး၏၊

www.dhammadownload.com

၉-ဓမ္မဓဇဇာတ်

သူတော်ယောင်ကျီးမိုက်အကြောင်း

ဟောတော်မူရာ၌ဖြစ်၏။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ဓမ္မံ စရထ ဥတယော'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓမ္မဓဇဇာတ်ကို ဧတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အုံဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ''ရဟန်းတို့.... ဤရဟန်းသည် ယခုအခါ၌သာလျှင် အုံဖွယ်သရဲကို ဖြစ်စေသည့် မဟုတ်သေး၊ ရှေး၌လည်း အုံဖွယ်သရဲကို ဖြစ်စေသလျှင်ကတည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငှက်အမျိုးဌာပြုဖြစ်၍ အရွယ်ရောက်သည်ရှိသော် ငှက်အပေါင်းခြံရံလျက် သမုဒ္ဒရာ၏ အလယ်ကျွန်းဝယ်၌နေ၏။ ထိုအခါ ကာသိတိုင်း၌ နေကုန်သော ကုန်သည်တို့သည် ဒိသာကာကကျီးကိုယူ၍ လှေဖြင့် သမုဒ္ဒရာသို့ သွားကုန်၏။

ကျီးငှက်သူတော်ယောင်ဆောင်၍

သမုဒ္ဒရာအလယ်၌ လှေပျက်သည်ရှိသော် ဒိသာကာကကျီးသည် ထိုကျွန်းဝယ်၌ရောက်၍ ''ဤငှက်အပေါင်းသည် မျာ၏၊ ငါသည် အုံဖွယ်သရဲသောအမှုကိုပြု၍ ထိုငှက်တို့၏ အဥတို့ကိုလည်းကောင်း, သားငှက်တို့ကိုလည်းကောင်း စားခြင်းငှာသင့်၏' ဟု ကြံ၏။ ကြံပြီး၍ ထိုကျီးသည် သက်၍ ငှက်အပေါင်း၏ အသယ်၌ ခံတွင်းကိုဖွင့်၍ ခြေတစ်ဖက်ဖြင့်သာ မြေ၌ရပ်၏။ ''အရှင် အရှင်သည် အဘယ်အမည်ရှိသနည်း'' ဟု ငှက်တို့သည် မေးအပ်သည်ရှိသော် ''ငါသည် ဓမ္မိကမည်၏'' ဟု ဆို၏။ ''အဘယ်ကြောင့် ခြေတစ်ဖက်ဖြင့်သာ ရပ်သနည်း' ဟု မေး၏။ ''ငါသည် နှစ်ခုမြောက်သော ခြေတို့ကို ချသည်ရှိသော် မြေသည် ဆောင်အုံ့သောငှာ မတတ်နိုင်ကုန်လတ္တံ့'' ဟု ဆို၏။ ''အဘယ့်ကြောင့် ခံတွင်းကို

www.dhammadownload.com

ဖွင့်၍ ရပ်သနည်း''ဟု မေး၏၊ ''ဝါဆည် တစ်ပါးသော အစာကို မစား၊ လေကိုသာလျှင် စား၏''ဟု ဆို၏၊

ဤသို့ဆိုပြီးသော ထိုဌက်တို့ကိုခေါ်၍ ''သင်တို့အား အဆုံးအမကို ပေးအံ့၊ ထိုအဆုံးအမကို နာခံထောင်ကြကုန်လော့''ဟု အဆုံးအမကို ပေးသည်၏ အစွမ်းအားဖြင့်-

၆၅။ ဓမ္မံ စရထ ဉာဏယော၊ ဓမ္မံ စရထ ဘဒ္ဒံ ဝေါ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမ္ပိ စ-
ဟူသော ခန္ဓဒီးစ္ဆာသော ဤဂါထာကို ဆို၏။

၆၅။ ဉာတယော၊ အဆွေအမျိုးဖြစ်ကုန်သော ဌက်တို့၊ တုမ္ဟေ၊ သင်တို့သည်၊ ဓမ္မံ၊ ကာယသုစရိုက် အစရှိသောဘရားကို၊ စရထ၊ ကျင့်ကြကုန်လော့။ ဓမ္မံ၊ ကာယသုစရိုက် အစရှိသော တရားကို။စရထ၊ အဖန်ဖန် တလဲလဲ ကျင့်ကြကုန်လော့။ ဝေါ၊ သင်တို့အား၊ ဘဒ္ဒံ၊ ကောင်းခြင်းဟုတ်၏၊ ဘဝီသတိ၊ ဖြစ်လတ္တံ့၊ ဓမ္မစာရီ၊ တရားကို ကျင့်သောသူသည်၊ အသ္မိံ လောကေ စ၊ ဤလောကဘဝ်လည်းကောင်း၊ ပရမ္ပိလောကေ စ၊ တမလွန်ဘဝ်၌လည်းကောင်း။ သုခံ၊ ချမ်းသာစွာ၊ သေတိ၊အိပ်ရ၏။

ဌက်တို့ယုံကြည်ကြပြီ

ဌက်တို့သည် ဤကျိုးသည် အံ့ဖွယ်သရဲပြုသဖြင့် အဉတို့ကို စားအံ့သော်ငှာ ဤသို့ဆို၏ဟု မသိ၍ ထိုကျိုးကို ချီးမွမ်းကြကုန်သည်ဖြစ်၍-

၆၆။ ဘဒ္ဒံဘော ဝတ ယံ ပက္ခိ၊ ဒိဇော ပရမဓမ္မိကော၊
ဇကပါဒေန တိဋ္ဌန္တော၊ ဓမ္မမေဝါ နုသာသတိ-
ဟူသော နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏၊

၆၆။ ဒိဇော၊ နှစ်ကြိမ်ဖြစ်ဓသာ၊ အယံပက္ခီ၊ ဤကျိုးသည်။ ဘဒ္ဒံ ကောဝဓာ၊ ကောင်းစွတကား၊ ပရမ ဓမ္မိကော၊ မြတ်သောအကျင့် သဘောရှိစွ ဓာကာ။ ဇကပါဒေန၊ ခြေတစ်ဖက်ဖြင့်။ တိဋ္ဌန္တော၊ ရပ်

www.dhammadownload.com

လျက်။ ဓမ္မမေဝ၊ တရားကိုသာလျှင်။ အနုသာသတိ၊ ပြောဆိုဆုံးမ ပေ၏။

ကျီးယုတ် ငှက်ဥတို့ကိုစားခြင်း

ငှက်တို့သည် သီလမရှိသော ထိုကျီးအား ယုံကြည်၍ ထိုကျီးကို "အရှင်.... အရှင်သည် တစ်ပါးသောအစာကို မယူသတတ်၊ လေကုံသာလျှင် စားသတတ်၊ ထို့ကြောင့် ငါတို့၏ အဥကိုလည်းကောင်း၊ သားငယ်တို့ကိုလည်းကောင်း၊ ကြည့်ရစ်လော့" ဟုဆို၍ အစာရှာ သွားကုန်၏။ ယုတ်မာသောကျီးသည် ငှက်တို့သွားသောကာလ၌ အဥတို့ကိုလည်းကောင်း၊ သားငယ်တို့ကိုလည်းကောင်း ဝမ်းပြည့်အောင်စား၍ ထိုငှက်တို့လာသောကာလ၌ ငြိမ်သက်သည်ဖြစ်၍ ခံတွင်းကိုပွင့်၍ ခြေတစ်ဖက်ဖြင့် ရပ်၏။ ငှက်တို့သည် လာကုန်၍ သားငယ်တို့ကို မမြင်ကုန်လတ်သော် "အဘယ်သူစားသနည်း" ဟု ကျယ်စွာသော အသံဖြင့် မြည်ကုန်၏။ ဤကျီးသည် တရားစောင့်၏ဟု တွေးတောခြင်းကိုမျှလည်း မပြုကုန်။

ငှက်မင်း တွေးပြီ

ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် "ဤအရပ်ဝယ် ရှေးဦး တစ်စုံတစ်ခုသော ဘေးရန်သည် မရှိ၊ ဤကျီး၏ လာခဲသောကာလမှစ၍ ဖြစ်၏၊ ထိုကျီးကို စုံစမ်းခြင်းငှာ သင့်၏" ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် ငှက်တို့နှင့်အတူ အစာရှာအံ့ခဲသောငှာ သွားသကဲ့သို့ ပြုမူပြန်၍ ပုန်းကွယ်ရာအရပ်၌ တည်၏။ ကျီးသည်လည်း ငှက်တို့ကို ရှာရှားခြင်းကင်းသည်ဖြစ်၍ အဥတို့ကိုလည်းကောင်း၊ သားငယ်တို့ကိုလည်းကောင်း စား၍ တစ်ဖန် သွား၍ ခံတွင်းဝကိုဖွင့်၍ ခြေတစ်ဖက်ဖြင့် ရပ်၏။

ကျီးယုတ်ကို ထိုးသတ်ကြ

ငှက်မင်းသည် ငှက်တို့ လာကုန်လတ်ဘော် ခပ်သိမ်းကုန်သော ငှက်တို့ကို စည်းဝေးစေ၍ "ငါသည် သင်တို့ သားငယ်တို့၏ ရန်သူကို စုံစမ်းသည်ရှိသော် ဤယုတ်မာသောကျီးသည် စားသည်ကုန်မြင်၏၊ ထိုကျီးကို ဖမ်းကြကုန်လော့" ဟု ငှက်အစပါင်းတို့ကိုခေါ်၍ ထိုကျီးကို ခြံရံစေ၍ "အကယ်၍ ပြေးအံ့၊ ထိုကျီးကို ဖမ်းကြကုန်" ဟူ ဆို၍-

www.dhammadownload.com

၆၇။ နာဿ သီလံ ဝိဇာနာဘ၊ အနုညာယ ပသံသထ။
ဘုတ္တာ အဏ္ဏဋ္ဌ ပေါတဋ္ဌ၊ ဓမ္မော ဓမ္မောတိ ဘာသတိ။
၆၈။ အညံ ဘဏတိ ဝါစာယ၊ အညံ ကာယေန ကုဗ္ဗတိ။
ဝါစာယ နော စ ကာယေန၊ နတံ ဓမ္မံ အဓိဋ္ဌိတာ။
၆၉။ ဝါစာယသဓိလော မနော ဝိဒုဂ္ဂေါ၊
ဆန္နော ကူပသယော ဝက်ဏ္ဏသပ္ပေါ။
ဓမ္မဒ္ဓဇော ဂါမနိဂမာသု သာဓု၊
ဒုဇ္ဇာနော ပုရိသေန ဗာလိသေန။
၇၀။ ဣမံ တုဏ္ဍေဟိ ပက္ခေဟိ၊ ပါဒါ စိမံ ဝိဇ္ဈဟေထ။
ဆဝံ ဟိမံ စိနာဒသထ၊ နာယံ သံဝါသ မာရဟော.

ဟူကုန်သော ဤဂါထာတို့ကို ဆို၏။

၆၇။ ဘောသကဏာ၊အိုဌက်တို့။ တုမ္ဟေ၊သင်တို့သည်။ အဿ၊ထိုကျီး၏။ သီလံ၊သီလကို။ နဝိဇာနာထ၊ မသိကြကုန်။ အနုညာယ၊မသိသည်ဖြစ်၍။ ပသံသထ၊ချီးမွမ်းကြကုန်၏။ အဏ္ဏဋ္ဌ၊ အဥကိုလည်း၊ကောင်း။ ပေါတဋ္ဌ၊ သား၊ငယ်ကို လည်း၊ကောင်း။ ဘုတ္တာ၊စား၍။ ဓမ္မော၊ဓမ္မောတို့၊တရား၊တရား၊ဟူ၍။ ဘာသတိ၊ဆို၏။

၆၈။ ဝါစာယ၊နှုတ်ဖြင့်။ အညံ၊တစ်ပါးကို။ ဘဏတိ၊ဆို၏။ တာစယန၊ကိုယ်ဖြင့်။ အညံ၊တစ်ပါးကို။ ကုဗ္ဗတို့၊ပြု၏။ ဝါစာယ၊နှုတ်ဖြင့်။ဓမ္မံ၊တရားကို။ ကရောတိ၊ ကျင့်၏။ ကာယေန စ၊ ကိုယ်ဖြင့်ကား။ နော စ ကရောတိ၊မကျင့်။ တံဓမ္မံ တသ္မိံ'ဓမ္မ၊ထိုတရား၌။ နအဓိဋ္ဌိတော၊မတည်။

၆၉။ ဝါစာယ၊စကား၊ဖြင့်။ သဓိလော၊ပြုပြစ်၏။ မနော၊စိတ်ဖြင့်။ စိဒုဂ္ဂေါ၊ ဝင်နှိုင်ခင်း၏။ ဆန္နော၊ တူင်းသည် ဖုံးလွှမ်းအပ်သော။ ကူပသယော၊တူင်း၌တည်သော။ ကဏ္ဏသပ္ပေါ၀၊ မြွေဟောက်ကဲ့သို့။ ဓမ္မဒ္ဓဇော၊ ဓမ္မဓဇသည်။ ဂါမနိဂမာသု၊ ရွာနိုဂုံး၊ အစရှိသည်တို့၌။ သာဓု၊ သူတော်ကောင်းဟူ၍။ သမ္ဘာဝိတော၊ ထင်ရှား၊ဖြစ်၏။ အဃံ၊ယုတ်မာသောကျင့်ကို။ ဗာလိသေန၊ မိုက်သော။ ပုရိသေန၊ ယောကျ်ား၊သည်။ ဒုဇ္ဇာနော၊ သိနှိုင်ခဲ၏။

၇၀။ ဣမံ၊ဤကျီး၊ကို။ တုဏ္ဍေဟိ စ၊ နှုတ်သီး၊တို့ဖြင့် လည်း၊တောင်း။ ပက္ခေဟိ စ၊အတောင်တို့ဖြင့် လည်း၊ကောင်း။ပါဒါ စ၊ မိမိတို့ခြေဖြင့်လည်း၊

www.dhammadownload.com

ကောင်း။ ဝိဟေဋ္ဌထ၊ ညှဉ်းဆဲကြကုန်လော့၊ ဤမံဆစ်၊ ဤယုတ်မာသော ကျီးကို။ ဝိနာဒသထ၊ ဖျက်ဆီးကြကုန်လော။ ဟိ သစ္စံ၊ မှန်၏။ အယံ၊ ဤကျီးသည်။ သံဝါသံ၊ ငါတို့နှင့် အတူတကွ နေခြင်းကို။ နာဒရဟော၊ မထိုက်။

ကျီးယုတ် သေရပြီ

ဤသို့ဆို၍လည်း ငှက်မင်းသည် မိမိသည်လျှင် ခုန်၍ ထိုကျီး၏ ဦးခေါင်းကို နှုတ်သီးဖြင့်ထိုး၏၊ ကြွေးကုန်သော ငှက်တို့သည် နှုတ်သီး ခြေအတောင်တို့ဖြင့် ခတ်ကုန်၏။ ထိုကျီးသည် ထိုအချပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုဏအခါ အံ့ဖွယ်ထရဲကို ဖြစ်စေသောရဟန်းသည် ထိုအခါ ကျီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ငှက်မင်းဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏၊

(နှုစ်ကတရား၊ လက်ကားရား၊ မှောက်မှားပျက်တတ်သည်။)

ကို၊ ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဓမ္မဓဇဇာတ်သည် ပြီး၏၊

၁၀-နန္ဒိယမိဂဇာတ်

မိဘကို အသက်နှင့်လဲ၍ လုပ်ကြွေးခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယခု ဤမြို့ဟူသော ဂန္ဓာဝပုဒ်ဖြင့် စ၍ဆောဆင်အပ်သော ဤနန္ဒိယမိဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်း တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊

ပစ္စုပ္ပန်ဝတ္ထု။ သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်း...နှင်သည် လူတို့ကို လုပ်ကျွေးသတတဲ့ဟူသည် မှန်သလော" ဟု မေးတော်မူလတ်၍... "အရှင်ဘုရား...မှန်ပေ၏" ဟု လျှောက်သည်ရှိသော် "သင်သည် အဘယ်သူတို့ကို လုပ်ကျွေးသနည်း" ဟု မေးတော်မူသည်ရှိသော် "ဘုန်းတော်

www.dhammadownload.com

ကြီးသော အရှင်ဘုရား....ဤမိဘဘတို့ကို လုပ်ကျွေးပါ၏'' ဟု နားတော် လျှောက်သည်ရှိသော် ''ရဟန်း....ဒကာင်းစွ၊ ကောင်းစွ၊ ရှေးပညာရှိတို့၏ အနွယ်ကို စောင့်ပေ၏၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုးဌာ ဖြစ်၍လည်း မိဘတို့အား အသက်ကို ပေးဖူးကုန်၏''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အဓိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ကောသလတိုင်း သာကေတ မြို့၌ ကောသလမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဃဇင် အမျိုးဌာဖြစ်၏၊ အရွယ်သို့ ရောက်လတ်သော် နန္ဒိယမိဂဟူသော အမည်ရှိသည် ဖြစ်၍ သီလဤကျင့်နှင့်ပြည့်စုံသည်ဖြစ်၍ မိဘတို့ကိုမွေး၏။ ထိုအခါ ကောသလမင်းသည် သမင်ကို နှစ်သက်တတ်၏၊ လူတို့အား လယ်လုပ်ခြင်း အမှု အစရှိသည်တို့ကို ပြုစိမ့်သောငှာ မပေးမူ၍ မျှားစွာသော အခြံအရံရှိသည်ဖြစ်၍ နေတိုင်း သမင်းသတ်အံ့သောငှာသာ၏။

သမင်တို့ကိုခြုံသွင်းခြင်း

လူတို့သည် စည်းဝေးကုန်၍ ''အရှင်တို့ ဤမင်းသည် ငါတို့အား အမှုပြုတ်ခြင်းကိုပြု၏။ အိမ်၌အမှုသည် ပျက်စီး၏။ ငါဘို့သည် ဖောက်ကြံ့တော ဥယျာဉ်ကို ခြုံရံ၍ တံခါးကိုယှဉ်၍ ရေကန်တူး၍ မြက်တို့ကို ရောက်စေ၍ လှံတံ ဆောက်ပုတ် အစရှိသည်ကို လက်စဲကုန်လျက် တောသို့ဝင်၍ ခဲ့ကုန်တို့ကိုခတ်ကုန်၍ သမင်တို့ကိုထုတ်ကုန်၍ နွားတို့ကို ခြုံသို့သွင်းကုန်သကဲ့သို့ ဥယျာဉ်သို့သွင်း၍ တံခါးကိုပိတ်၍ မင်းအားကြား၍ မိမိတို့အမှုကို အကယ်ပြုရကုန်ငြားအံ့၊ ကောင်း၏''ဟု တိုင်ပင်ကုန်၏။ ထိုအခါ ထိုအကြောင်းကိုသိ၍ ခပ်သိမ်းကုန်သော လူတို့သည် အလိုတူကြကုန်၍ ဥယျာဉ်ကို စီရင်၍ တောသို့ဝင်၍ တစ်ယူဇနာ အတိုင်းအရှည်ရှိသော အရပ်ကို ခြုံရံကုန်၏၊ ထိုးကွင်း နန္ဒိယသမင်သည် တစ်ခုသောခွေးခြေ့ကို မိဘတို့ကိုယူ၍ မြေ၌ဝပ်၏။ လူတို့သည် အထူးထူးသော ကာလက်နက်စဲကိုင်ကုန်လျက် မျှားစွာ နှိပ်စက်ကုန်၍ ခွေးခြေ့ကိုရိုက်ကုန်၏၊ ထိုအခါ အခြေ့ကုန်သော သူတို့သည် သမင်ကိုလျင်ကြည့်ကုန်လျက် ထိုခြေ့သို့ဝင်ကုန်၏။ နန္ဒိယသမင်မင်းသည် လူတို့ကိုမြင်၍ ''ယခုသည် အသက်ကိုစွန့်၍ မိဘတို့အား ဤသက်ကိုပေးအံ့သောငှာသင့်၏''ဟုကြံ၍ ထ၍ ဤမိဘတို့ကို ရှိခိုးလျက် ''ဦးခင်ဗျာတို့ လူတို့သည် ဤခြေ့သို့ဝင်၍ သုံးခုကုန်သော ငါတို့ကိုသတ်ကုန်လတ္တံ့၊

www.dhammadownload.com

သင်တို့သည် တစ်ခုခုသောအကြောင်းဖြင့် အသက်ရှည်ခြင်းသည် မြတ်၏။ ငါသည် သင်တို့အား အသက်အလှူကိုလှူ၍ လူတို့သည် ချုံစွန်းဌ် ရပ်၍ ဤချုံတို့ဌ် ခတ်ကုန်သည်ရှိသော်လျင် ထုတ်အံ့၊ ထိုအခါ လူတို့သည် ဤချုံငယ်ဌ် သမင်ဘစ်ခုသည်သာလျင် ဖြစ်လတ္တံ့'' ဟု အောက်မေ့ကုန်၍ ''ချုံသို့ မဝင်ကုန်လတ္တံ့၊ သင်တို့သည် မဒမ့်မလျော့ ဖြစ်ကြကုန်လော့'' ဟု မိဘတို့ကို ကန်တော့၍ သွားအံ့သောငှာ အစီအရင်ရှိလျက် ရပ်၏။ ထို နန္ဒိယသမင်သည် လူတို့သည် ချုံစွန်းဌ်ရပ်၍ ပဲ့တင်ထပ်ဧ၍ ချုံတို့ကို ခတ်ခါမျှဌ်လျင် ချုံမှထွက်၏။ လူတို့သည် ဤချုံဌ် သမင်တစ်ခုတည်း ဖြစ်လတ္တံ့ဟု ချုံသို့မဝင်ကုန်၊ ထိုအခါ နန္ဒိယသမင်သည် သွား၍ သမင်တို့၏ အတွင်းသို့ဝင်၏။ လူတို့သည် ခြံရုံ၍ခပ်သိမ်းဧသော် သမင်တို့ကို ဥယျာဉ်သို့သွင်း၍ တံခါးကိုပိတ်၍ မင်းအားကြား၍ မိမိနရာတို့ကို သွားကုန်၏။

မိဘတို့ သားကိုခွင့်လိုကြောင်း

ထိုအခါမှစ၍ မင်းသည် ကိုယ်တိုင်မူလည်းသွား၍ တစ်ခုသောသမင်ကို ပစ်၍ ယူ၍သွား၏။ စေ၍မူလည်း ယူစေ၏။ သမင်တို့သည် အလှည့်ကို ထားကုန်၏။ အလှည့်ရောက်သော သမင်သည် တောင့်အပ်လျှောက်ပတ်သော အရပ်ဌ်ဧန၏။ ထိုသမင်ကို ပစ်၍ယူ၏။ နန္ဒိယသမင်သည် ရောဂန်ဌ် ရောကို သောက်၏။ မြက်တို့ကိုစား၏။ ထိုနန္ဒိယသမင်သည် အလှည့်မရောက်သေး၊ ထိုအခါ မျှားစွာကုန်သော နွေတို့သည် လွန်သဖြင့် ထိုနန္ဒိယသမင်မင်း၏ မိဘတို့သည် ထိုနန္ဒိယသမင်မင်းကို မြင်လိုကုန်သည်ဖြစ်၍ ''ငါတို့၏ သားဖြစ်သော ဆင်ပြောင်အားနှင့်တူသော အားရှိသောအစွမ်းနှင့် ပြည့်စုံသော နန္ဒိယသမင်သည် အကယ်၍ အသက်ရှင်သည်ဖြစ်အံ့၊ စောင်ရန်းကိုခုန်၍ ငါတို့အား ဖူးမြင်အံ့သောငှာ မချွတ်သာလတ္တံ့၊ ထိုနန္ဒိယသမင်အား သတင်းစကားကို စေကုန်အံ့'' ဟု ကြံ၍ ခရီး၏အနီးဌ်ရပ်၍ ပုဏ္ဏားတစ်ယောက်ကိုမြင်၍ ''အရှင် အဘယ်သို့သွားအံ့နည်း'' ဟု လူဘို့၏စကားဖြင့် မေး၍ ''သာကေတမြို့သို့ သွားအံ့'' ဟု ဆိုသည်ရှိသော် သားအား သတင်းစကားကို မှာလိုသည်ဖြစ်၍-

www.dhammadownload.com

၂၀။ သစေ ဗြာဟ္မဏ ဂစ္ဆသိ၊ သာကေတေ အဇ္ဇုနံ ဝနံ။
ဝဇ္ဇာသိ နန္ဒိယံ နာမ၊ ပုတ္တံ ဆာသဉ္စ မောရသံ။
မာတာ ပိတာ စ တေ ဝုစ္စာ၊ တေ တံ ဂန္တ္ဆန္တီ ပဿိတုံ·

ဟူသော ရွှေဦးစွဲသော ဤဂါထာကို ဆို၏။

၇၁။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တုံ၊ သင်သည်၊ သာကေတံ၊ သာဒဆတမြို့သို့။ သစေ ဂစ္ဆသိ၊ အကယ်၍ သွား သည် ဖြစ်အံ့။ သာဎေတေ၊ သာကေတမြို့၌။ အဇ္ဇုနံဝနံ၊ ဖောက်ကြံ့ တော ဥယျာဉ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ ထိုဥယျာဉ်၌။ အသွာကံ၊ ငါတို့၏။ သြရသံ၊ ရင်၌ဖြစ်သော နန္ဒိယံနာမ၊ နန္ဒိယ ဟူသော်၊ ပုတ္တံ၊ သားကို။ တေ၊ သင်၏။ မာတာပိတာ စ၊ မိဘတို့သည်လည်း။ ဝုစ္စာ၊ ကြီးကုန်ပြီ။ တေ၊ ထိုမိဘတို့သည်။ တံ၊ သင့်ကို။ ပဿိတုံ၊ မြင်ခြင်းငှာ၊ ဂန္တုန်၊ အလိုရှိကုန်၏။ ဂတိ၊ ဤသို့။ ဝဇ္ဇာသိ၊ ဆိုပါလေ။

အားလုံးချမ်းသာမှ လာမည်

ထိုပုဏ္ဏားသည် ကောင်းပြီဟု ဝန်ခံ၍ သားကဲ့စာမြို့သို့ထွက်၍ နက်ဖြန်နေ့၌ ဥယျာဉ်သို့ ဝင်၍ ''နန္ဒိယမည်သော သမင်သည် အဘယ်သမင်နည်း'' ဟု မေး၏။ နန္ဒိယသမင်သည် ထိုပုဏ္ဏား၏ အနီး၌ရပ်၍ ''ငါတည်း'' ဟု ဆို၏။ ပုဏ္ဏားသည် ထိုအကြောင်းကို ကြား၏။ နန္ဒိယသမင်သည် ထိုစကားကိုကြား၍ ''ပုဏ္ဏား ငါသည် စောင်ရမ်းကို ခုန်၍ မသွားနိုင်သည် မဟုတ်၊ သွားနိုင်သည်သာလျှင်တည်း၊ ငါသည်ကား မင်း၏ဥစ္စာဖြစ်သော ရိက္ခာ အစာရေစာကို စား၏၊ ထိုအခါ ငါ့အား မြို့အာရာဒ်တည်၏၊ ဤသမင်အပေါင်းတို့၏အလယ်၌ ကြာမြင့်စွာ နေသည်ဖြစ်၏။ မင်း၏လည်းကောင်း, ထိုသမင်တို့၏လည်းကောင်း ချမ်းသာခြင်းအဖြစ်ကို မပြုမူ၍ မိမိအစွမ်းကိုပြု၍ သွားခြင်းမည်သည် ငါ့အားမသင့်၊ မိမိလည်း အလှည့်ဖျောက်သည်ရှိသော်ကား ငါသည် ထိုသခင်တို့အား ချမ်းသာသော အဖြစ်ကိုပြု၍ ချမ်းသာစွာ လာရအံ့'' ဟု ဆို၏၊

ထိုအကြောင်းကို ပြလိုသည်ဖြစ်ရကား·

၂၂။ ဘုတ္တာ၊ မယာ နိဝါပါနိ၊ ထူဇိနော ပါနဘောဇနံ။
ထဒံ ထူဇပိဏ္ဍံ အဝဘောတ္တုံ၊ နာဟံ ဗြာဟ္မဏ မုဿဟေ။

www.dhammadownload.com

၇၃။ ဩဒဟိဿာမ ဟံ ပဿံ၊ ခုရပ္ပါနိဿ ဆုဇီနော။
တဒါ ဟံ သုခိတော မုတ္တော၊ အပိ ပဿေယျ မာတရံ.
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၇၄။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ မယာ၊ ငါသည်။ ဆုဇီနော၊ မင်း၏။ နိဝါပါနိ၊ ရိက္ခာတို့ကို။ ဘုတ္တာ၊ စား၍ကုန်၏၊ ပါနဘောဇနံ၊ ရေမြက်အစာကို။ ဘုတ္တံ၊ စား၏။ ဆုဇံပိဿ်ု၊ မင်းသည် စုအပ်သော၊ တံ၊ ထိုအစာကို။ အဝဘောတ္တုံ၊ မကျောင်းသဖြင့် စားခြင်းကို ပြုခြင်းငှာ၊ နဥဿဟေ၊ မစံ။

၇၅။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ အဿဆုဇီဝနော၊ ထိုမင်း၏။ ခုရပ္ပါနိ၊ စဉ်းသွားတို့ကို။ အဟံ၊ ငါသည်။ ပဿံ ပဿေန၊ လက်ယာနံပါးဖြင့်။ ဩဒဟိဿာမိ၊ ခံအံ့။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်၊ သုခိတော၊ ချမ်းသာသည်ဖြစ်၍။ မုတ္တော၊ သေဘေးမှ လွတ်သည်ဖြစ်၍၊ မာတရံ၊ အမိကို၊ အပိ ပဿေယျံ၊ ဖူးမြင်ရအံ့လည်း မသိ။

သမင်မင်းကို မြားမထိ

ထိုစကားကိုကြား၍ ပုဏ္ဏားသည် သွား၏။ နောက်အဖို၌ ထိုနန္ဒိယသမင်မင်း၏ အလှည့်ရောက်သောနေ့၌ မင်းသည် များစွာသော ဆင်ခြံဆင်ခြင်ဖြင့် ဥယျာဉ်သို့ လာ၏။ ဘုရားလောင်းသည် တင့်အပ်သော နေရာ၌နေ၏။ မင်းသည် "သမင်ကို ပစ်အံ့"ဟု စဉ်းသွားကိုဖွဲ့၏၊ ဘုရားလောင်းသည် တစ်ပါးကုန်သော သမင်တို့သည် သေဘေးဖြင့်ကြောက်၍ ပြေးကုန်သကဲ့သို့ မပြေးမူ၍ ကြောက်ခြင်း မရှိသည်ဖြစ်၍ မေတ္တာကို ရှု့ထားသည်ကို ပြု၍ လက်ယာနံပါးဖြင့် ခံ၍ မတုန်မလှုပ်လျက်လျှင်နေ၏။ မင်းသည် ထိုသမင်မင်း၏ မေတ္တာ အာနုဘော်ကြောင့် မြားကို လွှတ်အံ့သောငှာ မတတ်နိုင်၊ ဘုရားလောင်းသည် "မြတ်သော မင်းကြီး မြားကို အဘယ်ကြောင့် မလွှတ်သနည်း၊ လွှတ်ခဲလော့"ဟု ဆို၏၊ "သမင်မင်း၊ ငါသည် မြားကို လွှတ်အံ့သောငှာ မတတ်နိုင်"ဟု ဆို၏၊ "မြတ်သောမင်းကြီး.... ထိုသို့တပြီးစား ဂုဏ်ရှိကုန်သော သူတို့၏ ကျေးဇူးကို သိလော့"ဟု ဆို၏။

www.dhammadownload.com

ဘေးမဲ့ပေးရပြီ

ထိုအခါ မင်းသည် ဘုရားလောင်းခွဲ ကြည်ညိုလျှက် လေးကိုစွန့်၍ "စိတ်မရှိသော ကျွဲမြားသည်လျက် ရှေးဦးစွာ သင်၏ ကျေးဇူးကို သိ၏။ ငါသည် စိတ်ရှိသောလူဖြစ်လျက်လည်း သင်၏ကျေးဇူးကိုမသိ၊ သမင်ငါးကား သည်းခံပါလေ၊ သင့်အား ဘေးမဲ့ကို ပေး၏"ဟု ဆို၏။ "မြတ်သောမင်းကြီး.... ငါးကား ရှေးဦးစွာ ဘေးမဲ့ပေး၏၊ ဥယျာဉ်၌ သမင်ထားပေါင်းတို့ကိုကား အသို့ပြုလတ္တံ့နည်း"ဟု ဆို၏။ "ထိုသမင်ထားပေါင်းတို့အားလည်း ဘေးမဲ့ကိုပေး၏"ဟု ဆို၏။

တရားဟောခြင်း

ဤသို့ ဘုရားလောင်းသည် နိဂြောဓဇာတ်ခွဲ ဆိုအပ်ပြီးသောနည်းဖြင့် ခပ်သိမ်းကုန်သော တောခွဲ နေကုန်သော သားထားပေါင်းတို့အားလည်း ဆောင်း, ကောင်းကင်ခွဲ သွားကုန်သော ငှက်ထားပေါင်းတို့အားလည်း ကောင်း, ရေခွဲ နေကုန်သော ငါးအားပါင်းတို့အား လည်းဆောင်း ဘေးမဲ့ကိုပေးစေ၍ မင်းကို ပဋ္ဌသိုဋ်ခွဲ တည်စေ၍ "မြတ်သောမင်းကြီး— မင်းမည်သည် အဂတိလိုက်ခြင်းကိုပယ်၍ ဆယ်ပါးသော မင်းကျင့်တရားနှင့်ညီစွာ မင်းပြုခြင်းငှာ သင့်၏ဟု ဆိုလို၍....

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိံ စ အဝိရောဓနံ။
ဣစ္ဧတေ ကုသလေ ဓမ္မေ၊ ဌိတော ပဿာမိ အတ္တာနံ။
တတော မေ ဇာယတေ ပီတိ၊ သောမနဿဉ္စ ပဉ္စကံ။

www.dhammadownload.com

မိဘတို့ထံဖူးမြင်လာ

ဤသို့ ဟောအပ်ကုန်သော မှင်းကျင့်တရား ဆယ်ပါးတို့ကို သမင်မင်းသည် ဂါထာဖွဲ့သဖြင့် သာလျှင် ပြု၍ နှစ်ရက်သုံးရက် မင်း၏အထံ၌နေ၍ မြို့ဦး ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းကို ပြုအံ့သောငှာ ရွှေစည်ကိုလှည့်စေ၍ "မြတ်သောမင်းကြီး....မမေ့မလျော့သည် ဖြစ်လော့" ဟု ဆို၍ မိဘတို့အား ဖူးမြင်အံ့သောငှာ သွား၏။

ဤအတိတ်ကို ဆောင်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည်-

၂၄။ မိဂရာဇာ ပုရေအာသိ၊ ကောသလဿ နိဒေတနေ၊
နန္ဒိယောနာမ နာမေန၊ အဘိရူပေါ စတုပ္ပဒေါ။

၂၅။ တံ မံ ဝဓိတု မာဂစ္ဆိ၊ ဒါယသ္မိံ အဇ္ဇုနေ ဝနေ။
ဓနုံ အာရဇ္ဇံ ကတ္ဝာန၊ ဥသုံ ထန္ဒယှ ကောသလော။

၂၆။ ဧကာသနာဟံ ဩဒဟိံ ပဿံ၊ ခုရပ္ပါနိသေ ဇာဇိနော။
တဒါဟံ သုခိတော မုခတ္တာ၊ မာတရံ ဒဋ္ဌု မာဂတော-

ဟူသော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

၂၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုရေ၊ ရှေး၌၊ ကောသလဿ၊ ကောသလမင်း၏။ နိဂေတနေ၊ နေပြည်၌။ အဘိရူပေါ၊ အလှန်အဆင်းလှသော။ စတုပ္ပဒေါ၊ အခြေလေးခြောင်းရှိသော။ နာမေန၊ အမည်အားဖြင့်။ နန္ဒိယနာမ၊ နန္ဒိယအမည်ရှိသော။ မိဂရာဇာ၊ သမင်မင်းသည်၊ အာသိ၊ ဖြစ်ဖူးပြီ။

၂၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ကောသလော၊ ကောသလမင်းသည်၊ အဇ္ဇုနဝနေ၊ ဖောက်ကြဲပင်မျိုးသည်ဖြစ်၍ အဇ္ဇုနဝန် အမည်ရှိသော။ ဒါယသ္မိံ၊ ဥယျာဉ်၌၊ ဝသံ၊ ထိုင်၊ကုံ။ ဝဓိတုံ၊ သတ်အံ့သောငှာ၊ ဓနုံ၊ လေးကို။ အာရဇ္ဇံ၊ ညို့နှင့်တကွ ဖဲ့သည်ကို။ ကတ္ဝာန၊ ပြု၍။ ဥသုံ၊ မြားကို။ သန္ဒယှ၊ ဖဲ့၍။ အာဂစ္ဆိ၊ လာ၏။

၂၆။ ဧကာသနာ၊ ဝါသည်။ တဿ၊ ထိုကောသလမင်းအား။ ပဿံ၊ လက်ယာနံပါးကို။ ဩဒဟိံ၊ ခဲ၏။ အဿ၊ ထိုကောသလမင်း၏၊ ဇုရပ္ပါနိ၊ စဉ်းသွားတို့ကို၊ ဩဒဟိံ၊ ခဲ၏။ တဒါ၊ ၌။ ဧကာ၊ ဝါသည်။

ဗ-၂၃-၅၅၀(တ-တွဲ)

www.dhammadownload.com

သုခိတေဒ၊ ချမ်းသာသည်ဖြစ်၍။ မုတ္တော်ဝ၊ သေဘေးမှလွတ်သည်ဖြစ်၍။ မာတရံ၊ အမိကို။ ဒဋ္ဌုံ၊ ဖူးမြင်အံ့သောငှာ။ အာဂတေဝ၊ လာ၏။

ဇာတ်ပေါင်း။ သင်္ဘာသည်၊ မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမ်ိကိုလုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူသနည်း ဟူမူကား- "ယခုအခါ မြတ်သောမင်းမျိုးတို့သည် ထိုအခါ မိဘတို့သည် ဖြစ်ကုန်ပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ ပုဏ္ဏားဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ နန္ဒိယသမင်မင်း ဖြစ်ပြီ" ဟု ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(တိရစ္ဆာန်လျက်၊ မိဘတွက်၊ အသက်စွန့်ဖူးရှာ)

ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော နန္ဒိယမိဂဇာတ်သည် ပြီး၏။

၈၀ ရိယဝဂ် ပြီး၏။

၂၂-ခရပုတ္တဝဂ် ၁၁-ခရပုတ္တဇာတ်

မိန်းမအလိုသို့ မလိုက်သင့်ကြောင်း

ဟောတော်မူရာဌာန။ နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သင်္ဘာသည်၊ မြတ်စွာဘုရားသည် "ထစ့ံ ကိုရေဝ မာဟံသု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခရပုတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း၊ ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းကို သင်္ဘာသည်၊ မြတ်စွာဘုရားထည် "ရဟန်း.... သင်သည် ငြီးငွေ့သတတ်ဟူသည် မှန်သလော" ဟု မေးတော်မူလတ်၍ "အရှင်ဘုရား.... မှန်ပေ၏" ဟု နားထောင်လျှောက်သည်ရှိသော် "အဘယ်သူသည် ငြီးငွေ့စေအပ်သနည်း" ဟု မေးတော်မူလတ်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား.... မယားဟောင်းသည် ငြီးငွေ့စေအပ်၏" ဟု နားတော်လျှောက်လတ်သော် "ရဟန်း.... ဤမိန်းမသည် ယင်၏အကျိုး

www.dhammadownload.com

မဲ့ကို ပြုတတ်၏၊ ရွေးခွင်လည်း ထင်သည် ကျွမ်းမိန်းမကိုမှီ၍ မီးသို့ဝင်၍ သေအံ့သည်ရှိသော် ပညာရှိတို့ကိုမှီ၍ အသက်ကိုရဖူး၏"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဓော်မူ၏။

အတိတ်ဝတ္ထု။ လွန်ခဲ့လပြီးခဲ့သောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏။ ထိုအခါ သေနကာမင်းသည် တစ်ယောက်သော နဂါးမင်းနှင့်တကွ အခဆုခင်ပွန်းဖွဲ့၏။ ထိုနဂါးမင်းသည် နဂါးပြည်မှထွက်၍ ကြည်းခွင် အစာရှာလျက် သွား၏။

နဂါးမင်းကိုကယ်ခြင်း

ထိုအခါ ထိုနဂါးမင်းကို ရွာသူသားငယ်တို့သည် မြင်ကုန်၍ "ဤသည်တား မြွေတည်း" ဟု ခဲစသည်တို့ဖြင့် ပစ်ခတ်ကုန်၏။ ထိုအခါ မင်းဧည် ဥယျာဉ်ကစားအံ့သောငှာ သွားသည်ရှိမသော် "ဤသူငယ်တို့သည် အဘယ်ကိုပြုကြကုန်သနည်း" ဟု မေး၍ "တစ်ခုသော မြွေကို ပစ်ခတ်ကြကုန်၏" ဟု ကြား၍ "ပစ်ခတ်ခြင်းကို မပေးကြကုန်လင့်၊ ထိုသူငယ်တို့ကို ပြေးစေကုန်လော့" ဟု ထိုသူငယ်တို့ကို ပြေးစေ၏။

ကျေးဇူးဆပ်ပြု

နဂါးမင်းသည် အသက်ကိုရ၍ နဂါးပြည်သို့သွား၍ များစွာကုန်သော ရတနာတို့ကိုယူ၍ သန်းခေါင်ယံအခါ၌ မင်း၏တိုက်ခန်းသို့ဝင်၍ ထို ရတနာတို့ကိုပြ၍ "မြတ်သောမင်းကြီး....အကျွန်ုပ်သည် အရှင်မင်းကြီး တို့ကိုမှီ၍ အသက်ကိုရပေ၏" ဟု မင်းနှင့်တကွ အခဆုခင်ပွန်းဖွဲ့၍ အဖန်တလဲလဲသွား၍ မင်းကိုဖူးမြင်၏။ ထိုနဂါးမင်းသည် မိမိ၏နဂါးလုလင်မငယ်တို့တွင် ကာမဂုဏ်တို့၌ ဆောင့်ရဲခြင်းမရှိသော နဂါးလုလင်မငယ် တစ်ယောက်ကို စောင့်ရှောက်စိမ့်သောငှာ သေ့ကမင်း၏အထံ၌ ထား၍ "အကြင်အခါ၌ ထိုနဂါးမကိုမမြင်၊ ထိုအခါကျမှ၍လာကြားကိုးပး၏။

နဂါးမဖောက်ပြားခြင်း

သေနကာမင်းသည် တစ်နေ့သ၌ ဥယျာဉ်သို့သွား၍ နဂါးလုလင်မငယ်နှင့်တကွ ရောက်၌ ရောကစား၏။ နဂါးမငယ်သည် တစ်ခုသောရေမြွေကို

www.dhammadownload.com

မြင်၍ အတ္တဇောဘာကိုစွန့်၍ ထိုးရေးမြှုန့်တက္ခ မေထုန်မှိုဝဲ၏။ မင်းသည် နဂါးမင်းယ်ကို မမြင်၍ "အဘယ်သို့သွားသနည်း" ဟု မန္တရားကို မန်းလတ်သော် မေထုန်အကျင့်ကို ကျင့်သည်ကိုမြင်၍ ဝါးခြမ်းစိတ်ဖြင့်ရိုက်၏။

နဂါးမ ကုန်းတိုက်ပြီ

နဂါးလုလင်မင်းယ်သည် အမျက်ထွက်၍ ထိုဥယျာဉ်မှ နဂါးပြည်သို့သွား၍ "အဘယ့်ကြောင့်လာသနည်း" ဟု မေးလတ်သော် "သင်မင်းကြီးတို့၏ အဆွေခင်ပွန်းဖြစ်သော မှင်းသည် မိမိ၏စကားကို မယူ"ဟု ငါ့ကို ကျောက်ကုန်းခွံရိုက်၏"ဟု ရိုက်ထုကိုပြ၏။

နဂါးမင်းစိတ်ဆိုး

နဂါးမင်းသည် အဟုတ်အမှန်အားဖြင့် မသိ၍လျှင် လေးယောက်ကုန်သော နဂါးလုလင်တို့ကိုခေါ်၍ "သွားကြကုန်လော့၊ သေနကမင်း၏ အိုပ်ထုတိုက်ခန်းသို့ဝင်၍ နှာခေါင်းလေဖြင့် ဖွဲ့ကိုကဲ့သို့ ဖျက်ဆီးကြဲချကုန်လော့" ဟုဆို၏။ ထိုနဂါးလုလင်တို့သည် သွား၍ မင်း၏ ကျက်သရေရှိသော အိပ်ထုတိုက်ခန်းခွံ အိပ်သောကာလ ဝင်ကုန်၏။

မန္တရားရခြင်း

ထိုနဂါးလုလင်တို့၏ ဝင်သောကာလခွံလျှင် မင်းသည် မိဖုထူးကို "ရှင်မိဖုထူး...နဂါးလုလင်မင်းယ်၏ သွားသောဆရပ်ကို သိ၏လော"ဟု ဆို၏။ "ရှင်မင်းကြီး မသိ" ဟု ဆိုသည်ရှိသော် "ယနေ့ ထိုနဂါးမင်းယ်သည် ငါတို့၏းရစာန်ခွံ ရေကစားသောကာလခွံ အတ္တဇောကိုစွန့်၍ တစ်ခုသော ရေမြှုန့်တက္ခ မေထုန်အကျင့်ကို ကျင့်၏၊ ထို့ကြောင့် ငါသည် ထိုနဂါးမင်းယ်ကို ဤသို့မပြုလင့်ဟု မှတ်စိမ့်သေးငှာ ဝါးခြမ်းစိတ်ဖြင့် ရိုက်၏၊ ထိုနဂါးမင်းယ်သည် နဂါးပြည်သို့သွား၍ အဆွေခင်ပွန်းအား တစ်စုံတစ်ခုသောစကားကို ပြောဆို၍ ချစ်ခြင်းကိုဖျက်ထု၏၊ ဤသို့ ချစ်ခြင်းပျက်လတ်သော် ငါ့အား တစ်စုံတစ်ခုသောဘေး ဖြစ်လတ္တံ့"ဟုဆို၏။

ထိုစကားကိုကြား၍ နဂါးလုလင်တို့သည် ထို့သေနကမင်း၏ တိုက်ခန်းမှမြှုန်၍ နဂါးပြည်သို့သွား၍ နဂါးမင်းအား ထိုအကြောင်းကို ကြားကုန်

www.dhammadownload.com

၏။ နဂါးမင်းသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ ထိုခဏ၌လျင် မင်း၏အိပ်ရာတိုက်ခန်းသို့ သွား၍ ထိုအကြောင်းကိုကြား၍ ကန်တော့၍ ''ဤအမှုသည်ကား အာကျန့်ပ်၏ ဒဏ်အမှုတည်းဟု သတ္တရတညုဇာနန-မည်သော မန္တန်ထုးကိုပေး၍ မြတ်ခသမင်းကြီး.... ဤမန္တန်ထုးသည် အဖိုးမပြတ်နိုင်၊ ဤမန္တန်ထုးတို့ တစ်ပါးသောသူအား ဆုကယ်၍ပေးအံ့၊ ပေးပြီးလျင် မီးသို့ဆင်း၍ သေရအံ့'' ဟု ဆို၏။ မင်းသည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ ထိုဒသနကမင်းသည် ထိုအခါမှစ၍ ပိုးရွှတို့၏အသံကိုလည်းသိ၏။ ထိုဒေသနကမင်းသည် တစ်နေ့သ၌ ပြာသဒဒ်အပြင်၌နေ၍ ပျားတင်လဲတို့ဖြင့် ခဲဖွယ်မုန့်ကိုစားစဉ် တစ်ခုသောပျားပေါက် တစ်ခုသော တင်လဲပေါက် တစ်ခုသောမုန့်ပိုင်းသည် မြေ၌ကျ၏။ တစ်ခုသောပိုးရွှသည် ပျားတင်လဲမုန့်ပိုင်းကိုမြင်၍ ''မင်း၏ပြာသဒ်အပြင်၌ ပျားအိုးသည်လဲည်း ကွဲ၏။ တင်လဲလှည်း မုန့်လှည်းသည်လည်း မွှာက်၏။ တင်လဲကိုလည်းကောင်း၊ မုန့်ကိုလည်းကောင်း စားလှည့်ကြကုန်လော့'' ဟု မြည်လျက်သွား၏။

တိရစ္ဆာန်တို့စကားကိုသိခြင်း

ထိုအခါမင်းသည် ထိုပိုးရွှ၏အသံကိုကြား၍ ရယ်၏။ မင်း၏အနီးဌ်တည်သော မိဖုရားသည် အာဘယ်ကိုမြင်၍လျင် မင်းသည် ရယ်သနည်းဟု ကြံ၏။ မင်းကြီးသည် ဒဲဖွယ်ကိုစား၍ ရေချိုး၍ ပလ္လင်၌နေသည်ရှိသော် တစ်ခုခုသောယင်ဖိုသည် ''ရှင်မ...လာလော့၊ မွှေ့လျော်ကြကုန်အံ့'' ဟု ယင်မကိုဆို၏။ ထိုအခါယင်ဖိုကို ယင်မသည် ''သခင်....သည်းခံဦးလော့၊ ယခုမင်းအား နှံသာတို့ကို ပို့လာကုန်လတ္တံ့၊ မင်းသည် နှံ့သာလိမ်းသည်ရှိသော် ခြေရင်း၌ နှံ့သာမှုန့်သည် ကျလတ္တံ့၊ ငါသည် ထိုနှံ့သာမှုန့်၌ လူးလည်း၍ နှံ့သာအနှံ့ရှိသည်ဖြစ်အံ့၊ ထို့နောင်မှ မင်း၏ကျောက်၌ မွှေ့လျော်အံ့'' ဟူ ဆို၏၊ မင်းသည် ထိုအသံကိုကြား၍လည်း ရယ်၏။ မိဖုရားသည် အာဘယ်ကိုမြင်၍ ရယ်သနည်းဟု ကြံ၏။ တစ်ဖန် မင်းသည် ညစာစား၌ ထမင်းထစ်လုံးသည် မြေ၌ကျ၏၊ ပို့ရွှသည် ''မင်းအိမ်၌ ထမင်းလှည်း ကျိုး၏၊ လာ၍ စားကြကုန်လော့'' ဟု မြည်၏၊ ထိုစကားကိုကြား၍ မင်းသည် တစ်ဖန်လည်း ရယ်ပြန်၏။

www.dhammadownload.com

မိဖုရားအား ဝန်ခံမိပြီ

မိဖုရားသည် ရွှေးယောက်မကိုကိုင်၍ 'လုပ်ကျွေးသော ငါ့ကိုမြင်၍ မင်းသည် ရယ်သလောဟု ကြံ၏။ ကြံပြီး၍ မိဖုရားသည် မင်းနှင့်တကွ အိပ်ရာသို့တက်၍ အိပ်သောကာလ၌ ''အရှင်မင်းကြီး....ဘာယ်ကြောင့်ရယ်သနည်း'' ဟု မေး၏။ မင်းသည် ''ငါရယ်သောဘကြောင်းဖြင့် သင့်အား ဘာယ်ပြုအံ့နည်း'' ဟု ဆိုသည်ရှိသော် ထိုမိဖုရားသည် အဖန်တလဲလဲ နှိပ်၍မေး၏။ မင်းသည် ပြောဆို၏။ ထိုအခါ မင်းကို မိဖုရားသည် ''သင်တို့သိသော မန္တရားကို ငါ့အား ပေးကုန်းလော့'' ဟု ဆို၏။ ''ပေးအံ့သောငှာ မတတ်ကောင်း'' ဟု ပယ်သည်ကိုသာလျှင် ဘဖန်တလဲလဲ နှိပ်၍တောင်း၏။ ''ငါသည် မန္တရားကို သင့်အား ပေးသည်ရှိသော် သေအံ့'' ဟု မင်းကြီး ဆို၏။ ''ရှင်မင်းကြီး....သေသော်လည်း အကျွန်ုပ်အား ပေးလော့'' ဟု ဆို၏။ မင်းသည် မာတုဂါမ၏ နှိုင်ငံသို့လိုက်၍ ''ကောင်းပြီ'' ဟု ဝန်ခံ၍ မိဖုရားအား မန္တရားကိုပေး၍ မီးသို့ဝင်အံ့ဟု ရထားဖြင့် ဥယျာဉ်သို့သွား၏။

သီကြားမင်း ဆုံးမခြင်း

ထိုခဏ၌ သီကြားမင်းသည် လောကကိုကြည့်လတ်သော် ဤအကြောင်းကိုမြင်၍ ''ဤမင်းမိုက်သည် မာတုဂါမကိုမှီ၍ မီးသို့ဝင်အံ့ဟု သွား၏။ ထိုမင်းအား အသက်အလှူကို ပေးဒဲ့ဟု သုဇာတာမည်သော အသုံးနှုတ်မင်းကြီး၏သမီးကိုခေါ်၍ ဗာရာဏသီပြည်သို့သွား၍ ထိုသုဇာတာကို ဆိတ်မပြု၍ မိမိသည် ဆိတ်ဖို့ပြု၍ လူမျှားသည် မမြင်စေသတည်း'' ဟု မိဠာန်၌ မင်း၏ဒုထားရှိ၌ တည်၏။ ထိုဆိတ်ကို မင်းသည်သည်းတောင်းရထား၌ကသော သိန္နောမြင်းတို့သည် လည်းကောင်း မြင်ကုန်၏။ တစ်ပါးသော တစ်စုံဘစ်ယောက်သော သူသည်ကား မမြင်။ ထိုဆိတ်သည် စကားဖြစ်စိမ့်သော်၎င်း ရထား၌ မှ ဆိတ်မနှင့်တကွ မေထုန်မှီဝဲသကဲ့သို့ ဖြစ်၏။ ထိုဆိတ်ကို ရထား၌ က သော တစ်ခုသော သိန္နောမြင်းသည် မြင်၍.... ''အရှင်ဆိတ်မင်း_ဆိတ်တို့သည် မိုက်ကုန်သတတ်၊ အမျက်မပျိုသကတ်ဟု ငါတို့သည် ရှု၌ ကြားဖူးကုန်၏၊ ယခုမှလျှင် ကိုယ်တိုင်မြင်ရကုန်၏၊ သင်သည်ကား ဆိတ်ကဲ့ယ်ရာအရပ်၌ပြုအပ်သော မေထုန်အကျင့်ကို ကျိုးမျှလောက်သော ငါတို့၏ မြင်ကုန်စဉ်လျင်ပြု၏၊ အမျက်မရှိဟု ငါတို့ ရှုးဉ် ကြားဖူးသောစကားသည် ဤမြင်မြင်းနှင့် ညီသလျှင်ကတည်း'' ဟု ဆိုလို၍-

www.dhammadownload.com

၂၂။ သစ္စံ ကိရေဝ မဓဟံသု၊ ဝဿံ ဗာလေဟိ ပဏ္ဍိတာ။
ပဿ ဗာဓလာ ရဇော ကမ္မံ၊ အာဝိ ကုဗ္ဗံ နု ဗုဇ္ဈတိ.

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၂၃။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ ဝိဿံ-ဆောင်း၊ဆိတ်ကို။ ဗာလေဟိ၊ မိုက်၏ဟူ၍။ အာဟံသု၊ဆိုကုန်၏။ ဧဝံ၊ ဤသို့ဆိုခြင်းသည်။ သစ္စံကို၎၊မှန်ပေသတတ်။ ပဿ၊ရှုလော့။ အာဝိ၊မျက်မှောက်၌။ကုဗ္ဗံ-ကုဗ္ဗဓန္တော၊ပြုသော။ ဗာလော၊ဆိတ်မိုက်သည်း တေံ၊ထိုအမှုကို။ ရဇော၊ဆိတ်ကွယ်ရာဆောင်၌၊ ကမ္မံ၊ပြုဆောင်သော အမှုဟူ၍။ နု ဗုဇ္ဈတိ၊မသိ။

ထိုစကားကိုကြား၍ ဆိတ်သည်-

၂၀။ တွံ ခေါပိ သမ္မ ဗာလော သိ၊ ခရပုတ္တ ဝိဇာနဟိ။
ရဇ္ဇုယာ ဟိ ပရိက္ခိတ္တော၊ ဝင်္ကောဋ္ဌေ သြဟိတော မုခေါ။

၂၉။ အယမ္ပိ ဆမ္မ တေ ဗာလျံ၊ ယော မုတ္တော နု ပလာယသိ။
သော၀ ဗာလတရော ဆမ္မ၊ ယဲ့ တွံ ဝဟသိ သေနကံ.

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၀။ ခရပုတ္တ၊မြည်း၏သားဖြစ်သော။ သမ္မ သိန္ဓဝ၊ အဆွဲသိန္ဓော မြင်း။ ရဇ္ဇုယာဟိ၊ ကြိုးတို့ဖြင့်။ ပရိက္ခိတ္တော၊ ထမ်းပိုးနှင့်တကွ လည်ဘို ရှစ်ဆယ်သော့။ ဝင်္ကောဋ္ဌေ၊ကျောက်သော နှုတ်ခမ်းရှိသော။ သြဟိတော မုခေါ၊ဆောက်သို့ချသော မျက်နှာရှိသော။ တွံ ခေါ၊ သင်သည်သာလျှင်။ မယာပိ၊ငါ့ထက်လည်း။ ဗာလေဒ၊မိုက်သည်။ အသိ၊ဖြစ်၏။ ဣတိ၊ဤသို့။ ဝိဇာနဒဟိ၊သိလေလော့။

၂၉။ သမ္မသိန္ဓဝ၊အဆွဲသိန္ဓော်မြင်း။ ယော တွံ၊ အကြင် သင်သည်။ မုတ္တော၊ ရထားမှလွှတ်သည် ရှိသော်။ နု ပလာယသိ၊ မပြေး။ အယမ္ပိ၊ ဤမပြေးခြင်းသည်လည်း။ တေ၊သင်၏။ ဗာလျံ၊မိုက်သောအဖြစ်တည်း။ သမ္မသိန္ဓဝ၊ အဆွဲသိန္ဓော်မြင်း။ တွံ၊သင်သည်။ ယံ သေနကံ၊ အကြင် သေနကမင်းကို။ ဝဟသိ၊ရွက်ဆောင်၏။ သော၀၊ ထို သေနကမင်းသည်လျှင်။ ဗာလတရော၊သင်ထက် အလွန်မိုက်၏၊

www.dhammadownload.com

မင်းသည် မြင်း, ဆိတ်တို့၏စကားကို သိ၏။ ထို့ကြောင့် ထိုဇာဝါကို နားသောင်လျက် ရထားကို ဖြည်းဖြည်း နှင်စေ၏။ သိစ္ဆဒမြင်းသည်လည်း ထိုဆိတ်၏စကားကို ကြား၍-

၈၀။ ယံ နု သမ္မ အဟံ ဗာလော၊ အဇဲရာဇ ဝိဇဲဘနဟိ။

အထ ကေန သေနကော ဗာလော၊ တံ မေ အက္ခာဟိ ပုစ္ဆိတော· ဟူသော လေးခုမြောက်သော ဂျိုဂါထာကို ဆို၏။

၈၀။ သမ္မ အဇရာဇ၊ အာဆဆိတိမင်း။ နှ၊ကြားရသည်တား။ အဟံ၊ ငါသည်။ ယံ၊ အကြောင်တိရစ္ဆာန်ဖြစ်ခြင်းကြောင့်။ ဗာလော၊ မိုက်၏ဟူ၍။ တ္ဝံ၊ ထင်သည်။ ဝိဇာနာဟိ၊ သိခြင်းဌာ တတ်ကောင်းပေ၏။ ကေန၊ အဘယ်ကြောင့်။ အယံ သေနကော၊ ဤသေနကမင်းသည်။ ဗာလော၊ မိုက်သနည်း။ တံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။

ထိုစကားကိုကြား၍ ဆိတ်မင်းသည် ကြားလိုရတား·

၈၁။ ဥတ္တမတ္ထံ လဘိဘ္ဘာန၊ ဘရိယာ နု ဘဝိဿတိ၊
ဇေတုန စဇိဿ တတ္တာနံ၊ သဒေစ တဿ ဇိဿိသတိ·

ဟူသော ဝါးခုမြောက်သော ဂျိုဂါထာကို ထို၏။

၈၁။ ဥတ္တမတ္ထံ၊ မြတ်မဿ သော အကျိုးရှိသော သဗ္ဗညုဇာနနမဂ္ဂဉာန်ကို။ လဘိဘ္ဘာန၊ ရ၍။ ဇေတုန၊ ထိုရခြင်းကြောင့်။ အတ္တာနံ၊ ကိုယ်ကို။ စဇိဿတိ၊ စွန့်လတ္တံ့။ သော စ၊ ထိုမိဖုရားသည်လည်း။ ဇတဿဲ၊ ထိုသေနကမင်း၏။ ဘရိယာ၊ မယားသည်။ နု ဘဝိဿတို့၊ မဖြစ်ရလတ္တံ့။ ဇိဿိသတိ၊ စွန့်ရလတ္တံ့။

မိမိ့ကိုယ်သာ ချစ်အပ်စွာ

ထို့နောင်မှ မင်းသည် ဆိတ်၏စကားကိုကြား၍ "ဆိတ်မင်း.... ငါတို့၏ ချမ်းသာကို ပြုသည်ရှိသော် သင်သည်လျှင် ပြုလတ္တံ့၊ ရွေးဦးစွာ ငါတို့အား ပြုအပ်သည်နှင့် ယှဉ်သောအမှုကို ဆိုပါလော" ဟု ဆို၏။ ထိုအခါ သေနကမင်းကို ဆိတ်မင်းသည် "မြတ်သောမင်းကြီး-ဤသို့ဝါတို့အား ကိုယ်ထက် တစ်ပါးသော ချစ်သောသူ မည်သည် မရှိ၊ တစ်ခု

www.dhammadownload.com

သော ချစ်အပ်သော ဘဏ္ဍာကိုမှီ၍ ကိုယ်ကို ဖျက်ဆီးအံ့ဆေးငှာ ရအပ်သော စည်းစိမ်ကို စွန့်အံ့သေးငှာ မသင့်''ဟု ဆို၍-

၈၂။ နုပိယ မေဒန္တီ ဇနိန္ဒ တာဒိသော၊
အတ္တဲ နိရံကတ္ဝာ ပိုယာနိ သေဝတိ။
အတ္တာဝသေယျော ပရမာစသေယျော၊
လဇ္ဇာ စ ပိုယာ ဩစိတဇ္ဇန ပစ္ဆာ။

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၈၂။ ဇနိန္ဒ၊ လူတို့ကို အစိုးရသောမင်းကြီး။ တာဒိသော၊ သင်ကဲ့သို့သောဝှိသော သူသည်၊ မေ၊ ငါသည်။ ဣဒ ဘဏ္ဍံ၊ ဤဘဏ္ဍာကို။ ပိုယံ၊ ချစ်အပ်၏၊ ဣတိ၊ ဤသို့။ အတ္တဲ-အတ္တာနံ၊ မိမိကိုယ်ကို။ နိရံကတ္ဝာ၊ စွန့်၍။ ပိယာနိ၊ ချစ်အပ်ကုန်သော ဘဏ္ဍာတို့ကို။ န သေဝတိ၊ မမှီဝဲရာ။ အတ္ထာဝ၊ ကိုယ်သည်သာလျှင်။ သေယျော၊ မြတ်၏။ ပရမာ စ သေယျော၊ အလွန်မြတ်၏။ ဩစိတဇ္ဇန၊ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသော ယောကျ်ားသည်။ ပစ္ဆာ၊ နောက်၌၊ ပိုယာ၊ မယားကို။ လဇ္ဇာ စ၊ ရသလျှင်ကတည်း။

ကြိမ်ဒဏ်ခံမှ သင်ပေးမည်

ဤသို့ ဘုရားလောင်းသည် မင်းအား အဆုံးအမကို ပေး၏။ မင်းလည်း နှစ်သက်၍ ''ဆိတ်မင်း အဘယ်အရပ်မှ လာသနည်း''ဟု မေး၏။ ''မြတ်သောမင်းကြီး၊ ငါသည် သိကြားတည်း၊ သင်မင်းကြီးအား သနား သဖြင့် သင်မင်းကြီးကို သဘော်းမှ လွတ်စိမ့်သောငှာ လာ၏''ဟု ဆို၏။ ''သိကြားမင်း....ထိုမိန်းမအား မန္တန်ရွတ်ကို ပေးအံ့''ဟု ဆို၏။ ''အဘယ်ကဲ့သို့ ပြုရအံ့နည်း''ဟု ဆို၏။ ''မြတ်သောမင်းကြီး.... နှစ်ယောက်ကုန်သော သင်မင်းကြီးတို့အား ပျက်စီးခြင်းဖြင့် ကိစ္စမရှိ၊ အတတ်၏ ပူးငှာခြင်းကို ပြုအံ့ဆို၍ ထိုမိဖုရားကို နှစ်ချက်သုံးချက် ရိုက်လော့၊ ဤသို့သော အကြောင်းဖြင့် မယူလတ္တံ့''ဟု ဆို၏။ မင်းသည် ''ကောင်းပြီ''ဟု ဝန်ခံ၏။ ဘုရားလောင်းသည် မင်းအား ဆုံးမပြီး၍ မိမိနေရာ တာဝတိံသာ နတ်ပြည်သို့လျှင် သွား၏။ သေနကမင်းသည် ဥယျာဉ်သို့

www.dhammadownload.com

သွားလျှင် မိဖုရားကို ခေါ်စေလျှင် ''ရှင်မိုဖုံရား....မန္တန်ကို ယူလတ္တံ့လော''ဟု မေး၏။ ''ရှင်မင်းကြီး....ယူအံ့''ဟု ဆို၏။ ''ထိုသို့တပြီး ကား ပူဇော်ခြင်းကို ပြုလော့''ဟု ဆို၏။ ''ပူဇော်ခြင်းသည် အဘယ်သို့ နည်း''ဟု မေး၏။ ''ကျောက်ကုန်းဥ၌ အချက်တစ်ရာ ရိုက်သည်ရှိသော် လည်း အသံပြုခြင်းငှာ မသင့်''ဟု ဆို၏။ မိဖုရားသည် မန္တန်ဥ၌ တပ် စွန်းသဖြင့် ''ကောင်းပြီ''ဟု ဝန်ခံ၏။ မင်းသည် ခိုးသူသတ်တို့ကို ခေါ် စေလျှင် ကြိမ်တို့ကို ယူစေလျှင် နံပါးနှစ်ဖက်တို့၌ ရိုက်စေ၏။ မိဖုရားသည် နှစ်ချက်သုံးချက် ရိုက်ခြင်းတို့ကို သည်းခံ၍ ထိုထက်အလွန် ရိုက်သည်ရှိသော် ''ငါ့အား မန္တန်ဖြင့် အလိုရှိ'ဟု ဆို၏။ ထိုအခါ မိဖုရားကို မင်းသည် ''သင်သည် ငါ့ကိုသတ်၍ မန္တန်ကို ယူလို၏''ဟု ကျောက်ဥ အနေရမရှိသည်ကဲ့သို့ပြု၍ လွှတ်စေ၏။ မိဖုရားသည် ထိုအခါမှစ၍ တစ်ဖန် ဆိုခြင်းငှာ မတတ်နိုင်။

ဇာတ်ပေါင်း။ သမ္ဗဉ္ဇူမြတ်စွာဘုရားသည် ဤမမွေးသနာကို ဆောင် တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာ တို့ကို ပြတော်မူသည်၏ အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာ ပတ္တိဖိုလ်၌ ထည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငြိုးငွေ့သော ရဟန်းသည် ထိုအခါ သေနကမင်း ဖြစ်ပြီ၊ ယခု အခါ မယားဟောင်းသည် ထိုအခါ မိဖုရားဖြစ်ပြီ၊ ယခုအခါ သဒိရိ ပုတြာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ သိကြားဖြစ်ပြီး၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကတိဝန်ခံ၊ မြမြမြ၊ တဆစ်မဖျက်ဟူ။)

ရွှေဥိုးစွာသော ခရပုတ္တဇာတ်သည် ပြီး၏။

၁၂-သူစိုးဇာတ်
ပညာ၏အစွမ်းဖြင့် အလိုဆန္ဒ မြည့်ဝခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော ဝေလဒါကို ဆုံးဖတော်မူ တတ်သော သမ္ဗဉ္ဇူမြတ်စွာဘုရားသည် ''ဓကက္ကသံ အဖရှသံ''အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသူစိုးဇာတ်ကို ဇေတဝန်

www.dhammadownload.com

ကျေခင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် မဟာဥမင်္ဂဇာတ်၌ ထင်စဲ့ဖြစ်လတ္တံ့၊)

ထိုအခါ၌ကား သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့.... ယခုအခါ၌သာလျှင် ငါဘုရားသည် ပညာရှိ၍ အားကြောင်း၌ လိမ္မာသည် မဟုတ်ဘဲသား၊ ရှေး၌လည်း ငါဘုရားသည် ပညာရှိသည်ဖြစ်၍ အကြောင်း၌ လိမ္မာသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတီတ်ဝတ္ထု။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိဖူးသော် ဘုရားလောင်းသည် ကာသိတိုင်း၌ ပန်းပဲအမျိုး၌ဖြစ်၍ အရွယ်ရောက်လွတ်သော် အပြီးတိုင် တတ်အပ်ပြီးသော အတတ်ရှိသည် ဖြစ်၏။ မိဘတို့သည် ဆင်းရဲကုန်၏။ ထိုပန်းပဲတို့၏ ရွာမှ အနီး၌ အိမ်ခြေတစ်ဆယ်ခန့်ရှိသော ပန်းပဲရွာသည် ရှိ၏။

ပန်းပဲကြီးသမီး အလှမယ်

ထိုရွာ၌ ပန်းပဲတစ်ထောင်တို့၏ အကြီးဖြစ်သော ပန်းပဲသူကြီးသည် မင်းနှင့် အကျမ်းဝင်၏၊ ကြွယ်ဝ၏၊ မျိုးဇာသဉ္ဇာစွဲရှိ၏၊ ထိုပန်းပဲသူကြီး၏ သမီးသည် မြတ်ဖူးသော အဆင်းကို ဆောင်၏၊ နတ်သမီးနှင့်တူ၏၊ ဇနပဒကလျာဏီ၏ လက္ခဏာတို့နှင့် ပြည့်စုံ၏။ ထက်ဝန်းကျင်သော ရွာတို့၌ လူတို့သည် ပဲခွပ် ပုဆိန် ခက်ရင်း ထွန်သွား အစရှိသည်တို့ကို ပြုအံ့ဖူးသော်ငှာ ထိုရွာသို့သွား၍ မျိုးသောအားဖြင့် သတို့သမီးကို မြင်ကုန်၏။ ထိုလူတို့သည် မိမိတို့ရွာသို့ သွားကုန်၍ နေရာအရပ် အစရှိသည်တို့၌ ထိုသတို့သမီး၏ အဆင်းကို ချီးမွမ်းကုန်၏။

ပန်းပဲလုလင် အပ်ရောင်း

ဘုရားလောင်းသည် ထိုစကားကို ကြား၍လျှင်ကြားချင်းဟူသော နှုန်းနှောခြင်းဖြင့်ဖွဲ့အပ်သည်ဖြစ်၍ "သတို့သမီးကိုအလုပ်အကျွေးပြုအံ့ဟူ အမျိုးမြတ်သော သံကိုယူ၍ တစ်ခုသော သိမ်းမွှေ့စွဲဖွယ် အပ်ကိုပြု၍ နဖားတို့ကို ထွင်း၍ ဧရပေါ်အောင်ပြု၍ ထိုသို့သဘော ရှိသည်လျှင်ဖြစ်ဖွယ်

www.dhammadownload.com

တစ်ပါးလည်းဖြစ်သော အပ်အိမ်ကိုပြု၍ နဖားကိုထွင်း၏၊ ဤသို့သော နည်းဖြင့် ထိုအပ်၏ ခုနစ်ခုကုန်သော အိမ်တို့ကို ပြု၏။ (အသို့ပြုခြင်းငှာ တတ်နိုင်လတ္တံ့ နည်းဟု ဆိုခြင်းငှာ မတတိကောင်း၊ ဘုရားလောင်းတို့ အား ဉာဏ်ကြီးသည်၏ အဖြစ်ကြောင့် ပြုခြင်းသည် ပြည့်စုံသလျှင်း ကတည်း။) ဘုရားလောင်းသည် ထိုအပ်ကို အပ်ကျည်၌ထည့်၍ ခါးပိုက်၌ ထား၍ ထိုရွာသို့သွား၍ ပန်းပဲသူကြီး၏နေရာ အိမ်လမ်းကိုမေး၍ ထိုအိမ် သို့သွား၍ တံခါး၌ရပ်၍ "ငါ၏လက်မှ ဤသို့သဘောရှိသော အပ်ကို အဖိုးဖြင့် အဘယ်သူသည် ဝယ်ခြင်းငှာ အလိုရှိသနည်း" ဟု အပ်ကို ချီးမွမ်းလျက် ပန်းပဲသူကြီး၏ အိမ်တံခါးသို့ သွား၍-

၈၃။ အာကာသံ အဖရုသံ၊ ခရဒေဝတံ သုပါသိယံ၊
သုခုမံ တိခိဏဂဉ္ဆ၊ ကေဝ သူစိ တေတုမိစ္ဆတိ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏၊

၈၃။ အာကာသံ၊ အက်ဒမရှိထသေဒ၊ အဖရုသံ၊ မကြွမ်းထသော။ ခရဒေဝတံ၊ သွေးကျောက်ဖြင့်ပွတ်အပ်ထံသော။ သုပါသိယံ၊ ကောင်းစွာ နဖားထွင်းအပ်သော၊ သုခုမံ၊ သိမ်မွေ့စွာထသော၊ တိခိဏဂဉ္ဆ၊ ထက်သောအဖျား ရှိသည်လည်းဖြစ်သော၊ သူစိ၊ အပ်ကို၊ တေ၊ အဘယ်သူသည်၊ ကေတုံ၊ ဝယ်ခြင်းငှာ၊ ဣစ္ဆတိ၊ အလိုရှိထနည်း။

ဤသို့ဆို၍လည်း တစ်ဖန် ထိုအပ်ကို ချီးမွမ်းပြန်လိုရကား-

၈၄။ သုမဇ္ဇဉ္ဆ သုပါသဉ္ဆ၊ အနုပုဗ္ဗံ သုဝဋ္ဋိတံ။
ဃနဃဝတိမံ ပဋိထဒ္ဒံ၊ ဧကော သူစိ ကေတုမိစ္ဆတိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏၊

၈၄။ သုမဇ္ဇဉ္ဆ၊ ကုရုဝိန္ဒကမည်သော ငကျောက်မှန့်ဖြင့် ကောင်းစွာ ပွတ်အပ်သည်လည်းဖြစ်ထသော၊ သုပါသဉ္ဆ၊ တောင်းစွာနဖားထွင်းအပ် သည်လည်း ဖြစ်ထသော၊ အနုပုဗ္ဗံ၊ အစဉ်သဖြင့်၊ သုဝဋ္ဋိတံ၊ ကောင်းစွာ လုံးသည်လည်း ဖြစ်တသော။ ဃနဃဝတိမံ၊ တူဖြင့်ခတ်အပ်သည်ရှိသော် ပေကို ထုထဲချင်းထွင်းထသော။ ပဋိထဒ္ဒံ၊ အလွန်မာသော၊ သူစိ၊ အပ်ကို၊ ကေ၊ အဘယ်သူသည်၊ ကေတုံ၊ ဝယ်ခြင်းငှာ။ ဣစ္ဆတိ၊ အလို ရှိသနည်း၊

www.dhammadownload.com

ပန်းပဲရွာ အပ်လာမရောင်းနှင့်

ထိုခဏ၌ သတို့သမီးသည် နံနက်စာစား‌ပြီး‌သော် ပူပန်ခြင်း‌ကို ငြိမ်း‌စေခြင်း၊ငှာ အိပ်ရာ‌ထဲယ်မှာ လျောင်း‌သော အဘ‌ကို ထန်း‌ရွက်ယပ်ဖြင့် ယပ်ခတ်လျက် ဘုရား‌လောင်း‌၏ သာယာ‌သော‌အသံ‌ကို‌ကြား‌၍ စိုသော အသား‌စိုင်ဖြင့် နှလုံး‌ဥ‌ခတ်ဘိသ‌ကဲ့သို့ လည်း‌ကောင်း၊ ရေအိုး‌ဘစ်‌ထော‌င်ဖြင့် ရေကို‌သွန်း‌လောင်း‌၍ ငြိမ်း‌စေအပ်သော ပူပန်ခြင်း‌ရှိသ‌ကဲ့သို့ လည်း‌ကောင်း ဖြစ်၍ ဤသူသည် သာယာ‌သော‌အသံ‌ဖြင့် ပန်း‌ပဲ‌၏ရွာ၌ အပ်‌ကို ရောင်း‌၏။ "အဘယ်သူနည်း အဘယ်အမှုဖြင့် လာ‌သနည်း၊ ထိုသူ‌ကို မေး‌အံ့" ဟု ထန်း‌ရွက်ယပ်‌ကို‌ချ၍ အိမ်မှထွက်၍ အပဖြစ်သော အိမ်ဦး‌၌ ရပ်၍ "သင်သည် တစ်နေ့ပတ်လုံး အပ်၏‌ကျေး‌ဇူး‌ကို အကယ်၍ ဆို‌ငြား‌အံ့၊ သင်၏လက်မှ တစ်စုံတစ်ယောက်သော‌သူသည်အပ်‌ကို‌မ‌ဝယ်လတ္တံ့" ဟု ဘုရား‌လောင်း‌နှင့်တ‌ကွ ပြော‌ဆို၏။ ဘုရား‌လောင်း‌တို့အား တောင့်တခြင်း‌မည်သည် ပြည့်စုံ၏။ ဘုရား‌လောင်း‌သည် ထိုသတို့သမီး‌၏ အကျိုး‌ငှာ သာလျှင်.ထို‌ရွာသို့သွား‌၏။ထို‌သတို့သမီး‌သည်လည်း ဘုရား‌လောင်း‌နှင့်တ‌ကွ စကား‌ပြော‌ဆို၍ "လုလင်....တို့‌ငိး‌အလုံး‌ဥ‌နေ့‌ကုန်သော သူတို့သည် အပ်အစရှိသည်တို့၏အကျိုး‌ငှာ ဤရွာသို့လာ‌ကုန်၏၊ သင်သည် မိုက်သည်၏ အဖြစ်‌ကြောင့် ပန်း‌ပဲတို့၏ရွာ၌ အပ်‌ကို‌ရောင်း‌ခြင်း‌ငှာ အလို‌ရှိ၏။ တစ်နေ့ပတ်လုံး‌လည်း အပ်၏‌ကျေး‌ဇူး‌ကို အကယ်၍ ဆို‌ငြား‌အံ့၊ တစ်စုံတစ်‌ယောက်သောသူသည် သင်၏လက်မှအပ်‌ကို မ‌ဝယ်လတ္တံ့၊ သင်သည် အဖို့‌ကို ရခြင်း‌ငှာ အကယ်၍ အလို‌ရှိအံ့၊ တစ်ပါး‌သောရွာသို့ သွား‌ခဲလော့" ဟု ဆို‌လို၍-

၈၅။ ဣတော ဒါနိ ပတာယန္တိ၊ သူစိ‌ယော ဗဇ္ဈိသာနိ စ။
ကော ယံ ကမ္မာရ ဂါမသ္မိံ၊ သူစိ ဝိ‌က္ကေတု မိစ္ဆတိ။

၈၆။ ဣ‌တော သတ္ထာ နိဂစ္ဆ‌န္တိ၊ ကမ္မန္တာ ဝိဝိဓာ ပုထူ။
ကော ယံ ကမ္မာရ ဂါမသ္မိံ၊ သူစိ ဝိ‌က္ကေတု မိစ္ဆတိ.

ဟူ‌သော ဤနှစ်ဂါထာ‌တို့‌ကို ဆို၏။

www.dhammadownload.com

၈၅။ မာဏဝ၊ လုလင်။ ဣဒါနိ၊ ယခုအခါ၌။ ဣဒံတစ၊ ဤရွာမှ။ သူစိ-ယော့၊ အာပ်တို့သည်လည်းကောင်း။ ဗဠိသာနိ စ၊ သံကောက်တို့သည်လည်းကောင်း။ ပတာယန္တိ၊ ထွက်ကုန်၏။ ကမ္မာရ ဂါမသ္မိံ၊ ဤသို့သဘောရှိသော ပန်းပဲတို့ရွာ၌။ ယော၊ အကြင်သူသည်။ သူစိံ၊ အာပ်ကို။ ဝိက္ကေတုံ၊ ရောင်းအံ့သောငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံ၊ ဤသူကား။ ကော၊ အဘယ်သို့သော သူနည်း။

၈၆။ မာဏဝ၊ လုလင်။ ဣတော၊ ဤရွာမှ။ ဆဋ္ဌာ စ၊ တစည်း စူး ဆောက် စသော ဘဏ္ဍာအပေါင်း ရောင်းဝယ်ဖောက်ထားသော ကုန်သည်တို့သည် လည်းဆောင်း။ ဝိဝိဓာ၊ အထူးထူးအပြားပြားရှိကုန်သော။ ကမ္မန္တာ၊ အမှုလုပ်ကုန်သော။ ပုထူ၊ များစွာကုန်သော သူတို့သည်လည်းကောင်း။ နိဂစ္ဆန္တိ၊ ထွက်ကုန်၏။ ကမ္မာရ ဂါမသ္မိံ၊ ဤသို့သဘောရှိသော ပန်းပဲတို့ရွာ၌။ ယော၊ အကြင်သူသည်။ သူစိံ၊ အာပ်ကို။ ဝိက္ကေတုံ၊ ရောင်းအံ့သောငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံ၊ ဤသူကား။ ကော၊ အဘယ်သို့ သဘောရှိသောသူနည်း။

ပန်းပဲမှပိုသိတော့မပေါ့

ဘုရားဓလောင်းသည် သတို့သမီး၏စကားကို ကြား၍ ''နှမ-သင်သည် မသိ၊ မသိသော အကြောင်းကြောင့် ဤသို့ဆို၏'' ဟူ ဆို၍-

၈၇။ သူစိံ ကမ္မာရ ဂါမသ္မိံ၊ ဝိက္ကေတမ္ဟာ ပဇာနတာ။
အာစရိယာ ပဇာနန္တိ၊ ကမ္မံ သုစရိတ ဒုက္ကဋံ။

၈၈။ ဣမဉ္စ တေ ပိတာ ဘဒ္ဒေ၊ သုစိံ ဇညာ မယာ ကတံ။
တယာ စ မံ နိမန္တေယျ၊ ယဉ္ဆတ္ထည္ ဃရေ ဓနံ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၈၉။ ဘဒ္ဒေ၊ နှမ၊ ပဇာနတာ၊ ပညာရှိသော ယောကျ်ား၊သည်။ သူစိံ၊ အာပ်ကို။ ကမ္မာရ ဂါမသ္မိံ၊ ပန်းပဲတို့၏ ရွာ၌သာလျှင်။ ဝိက္ကေတမ္ဟာ၊ ရောင်းအာပ်၏။ သုကတ ဒုက္ကဋ ကံမှံ၊ ကောင်းစွာပြုအပ်သောအမှု မကောင်းသဖြင့် ပြုအပ်သောအမှုကို။ အာစရိယာ၊ ပန်းပဲဆရာတို့သည်။ ဃဉ္ဉာနန္တိ၊ သိကုန်၏၊

၉၀။ ဘဒ္ဒေ၊ နှမ။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်၊သော်၊ ဣမဉ္စ သူစိံ၊ သင်္ဘောအထူးရှိသော ဤအာပ်ကို။ တေ၊ သင်၏။ ပိတာ၊ အဘသည်။

www.dhammadownload.com

စေ ဇညာ၊ အကာယ်၌သိငြားအံ့။ တယာ စ၊ သင်ဖြင့်လဲည်း။ မံ၊ ငါ့ကို။ နိမန္တေယျ၊ ဖိဘိရာ၏။ တွေ့ဃဒရ၊ ဤအိမ်၌၊ အညံ၊ သင်မှတစ်ပါးသော။ ယံ ဓနံ၊ အကြင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏၊ ဒတန စ၊ ထိုဥစ္စာဖြင့်လည်း။ မံ၊ ဝါ့ကို။ နိမန္တေယျ၊ ဖိတ်ရာ၏။

ပန်းပဲမျှားလက်ဖျားခါကြရပြီ

ဤသို့ ဘုရားလောင်းသည် ဤဂါထာဖြင့် မိမိကျေးဇူးကို ချီးမွမ်း၏။ ပန်းပဲသူကြီးသည် ထိုသူတို့၏ အလုံးစုံသောစကားကိုကြား၍ "ဆမိ" ဟု သမီးကိုခေါ်၍ "အဘယ်သူနှင့် စကားပြောသနည်း" ဟု မေး၏။ "ဖခင်....တစ်ယောက်သောသူသည် အပ်ရောင်းလာ၏၊ ထိုသူနှင့် စကားပြော၏" ဟု ဆို၏။ "ငိုအပ်ရောင်းသော ယောကျ်ားကို ခေါ်ခဲ့လော့" ဟု ဆို၏။ ထိုသတ္တိသမီးသည် သွား၍ခေါ်၏။ ဘုရားလောင်းသည် အိမ်သို့ဝင်၍ ပန်းပဲသူကြီးကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သောအာသနပ်၌ နေ၏။ ထိုအခါ ဘုရားလောင်းကို "အဘယ်ရွာသားနည်း" ဟု မေး၏။ "ဤဧည်သော ရွာသား" ဟုဆို၏။ "အဘယ်သူ၏သားနည်း" ဟု မေး၏။ "ဤမည်သောသူ၏သား" ဟု ဆို၏။ "အဘယ်ကြောင့် ဤအရပ်ကိုလာသနည်း" ဟု မေး၏။ "အပ်ရောင်းအံ့သောငှာ လာ၏" ဟု ဆို၏။ "သင့်အပ်ကို ကြည့်အံ့" ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် မိမိ၏ကျေးဇူးကို ခပ်သိမ်းကုန်သော လူတို့၏အလယ်၌ ပြလိုသည်ဖြစ်၍ "တစ်ယောက်တည်းသာ မကြည့်အပ်၊ တစ်ယောက်တည်းကြည့်ခြင်းထက် ခပ်သိမ်းကုန်သော လူတို့၏အလယ်၌ ကြည့်ခြင်းသည် အလွန်မြတ်၏" ဟု ဆို၏။ ပန်းပဲသူကြီးသည် "အမောင်....ကောင်းပြီ" ဟု ခပ်သိမ်းသော ပန်းပဲတို့ကို စည်းဝေးစေ၍ ထိုပန်းပဲတို့ဖြင့် ခြံရံ၍အပ်သည်ဖြစ်၍ "ငါတို့သည် ကြည့်ကုန်အံ့၊ သင်၏အပ်ကို ထုတ်လော့" ဟု ဆို၏။ "ဆရာ....တစ်ခုသော ပေကိုလည်းကောင်း၊ ဝရဖြင့်ပြည့်သောကြေးခွက်ကိုလည်းတောင်း ဆောင်စေကုန်လော့" ဟုဆို၏။ ပန်းပဲသူကြီးသည် ဆောင်စေ၏။ ဘုရားလောင်းသည် ခါးပိုက်မှ အပ်ကျည်ကိုထုတ်၍ပေး၏။ ပန်းပဲသူကြီးသည် အပ်ကျည်မှ အပ်ကိုထုတ်၍ "အမောင်—ဤကား အပ်လော" ဟု မေး၏။ ဤသည်ဆား အပ်မဟုတ်၊ အပ်ကျည်တည်း" ဟု ဆို၏။ ပန်းပဲသူကြီးသည် စုံစမ်းသည်ရှိသော် အဆုံးကိုလည်းကောင်း၊ အစွန်းကိုလည်းဆောင်း မမြင်သလျှင်

www.dhammadownload.com

ကတည်း၊ ဘုရားလောင်းဆာည် ယူ၍ အစဉ်သဖြင့် လက်သည်းဖြင့် အပ် အိမ်ကိုပယ်၍ ''ဤတား အပ်အိမ်တည်း''ဟု လူများအားပြ၍ အပ်အိမ်ကို ဆရာခြရင်း၌ထား၏၊ တစ်ဖန် ပန်းပဲသူကြီးသည် ''ဤကား အပ်ဖြစ် ယောင်တကား''ဟု ဆိုသည်ရှိသော် ''ဤလည်း အပ်အိမ်တည်း'' ဆို၍ လက်သည်းဖြင့်ခွာလျက် အစဉ်သဖြင့် ခြောက်ခုကုန်သော အပ်အိမ်တို့ကို ပန်းပဲသူကြီး၏ ခြရင်း၌ထား၍ ''ဤကား အပ်တည်း''ဟု ပန်းပဲသူကြီး ၏လက်၌ ထား၏၊ ပန်းပဲတစ်ထောင်တို့သည် လက်ချောင်းကို ခါကုန်၏၊ ပုဆိုးဦးရစ် ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏။

အပ်၏စွမ်းအင်ကြီးလှပုံ

ထိုအခါ ဘုရားလောင်းကို ပန်းပဲသူကြီးသည် ''အမောင် ဤအပ်ဖြင့် အဘယ်အစွမ်းသတ္တိရှိသနည်း''ဟု မေး၏၊ ဆရာ.... အားရှိသောယောကျ်ား ကို ပေကိုချိစေ၍ ပေအောက်၌ ရေဖြင့်ပြည့်သော ကြေးခွက်ကိုထား၍ ပေ၏အလယ်၌ ဤအပ်ကိုခတ်ကုန်လော့'' ဟု ဆို၏။ ပန်းပဲသူကြီးသည် ဘုရားလောင်းကို တိုင်းပြုစေ၍ ပေ၏အလယ်၌ အပ်ဖျားဖြင့်ခတ်၏၊ ထို အပ်သည် ပေကိုဖောက်၍ ရေအပြင်၌ ဆံခြည်ဖျားမျှလည်း အထက်သို့ လည်း မတက်၊ အောက်သို့လည်း မနစ်သည်ဖြစ်၍ ဖိလာတည်၏။ ခပ်သိမ်း ကုန်သော ပန်းပဲတို့ထည် ''ငါတို့သည် ဤမျှလောက်သော ကာလပတ်လုံး ပန်းပဲတို့မည်သည် ဤသို့သဘောရှိသည် ဖြစ်ကုန်၏ဟု စကားကိုမျှသည်း မကြားစဘူးကုန်'' ဟု လက်ချောင်းတို့ကို ခါကုန်၏၊ ဦးရစ် ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏။

အမျိုးသမီးကိုရပြီ

ပန်းပဲသူကြီးသည် သမီးကိုခေါ်၍ ထိုပရိသတ်အလယ်၌လျင် ''သတို့ သမီးသည် သင့်အားဆာလျင် လျင်မြန်ပတ်၏''ဟု ရေသိုသွန်ချ၍ပေး၏၊ ဘုရားလောင်းသည် နောက်အခါပန်းပဲသူကြီး ကွယ်လွန်သဖြင့် ထိုရာ၌ သာလျင် ပန်းပဲသူကြီးဖြစ်၏။

ဇာတ်ပေါင်း။ သမ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ ''ယခုအခါ ရာဟုလာမယ်တော်စသည် ထိုအခါ ပန်းပဲသူကြီး၏

www.dhammadownload.com

သမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ပန်းပဲသမားပညာရှိဖြစ်ပြီ''ဟု ဇာတ်ကို ပေါင်းဘော်မူ၏။

(ပဏ္ဍိတ်ကိုမှ၊ ပညာပြု၊ မုချထင်ပေါ်မည်။)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သူစီဇာတ်သည် ပြီး၏။

၁၃-တုဏ္ဍိလဇာတ်

ရဲရင့်ခြင်းကြောင့် သေဘေးမှလွတ်ခြင်း

ဟောတော်မူရာ ဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''နဗဆန္နဒက'' အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတုဏ္ဍိလဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သေဘေးကိုကြောက်တတ်သော ရဟန်းတစ်ပါးကို အာရကြောင်းပြု၍ ဟောဒတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းထည် သာဝတ္ထိပြည်၌နေသော အမျိုးသားယည် ဖြစ်သတဲ့၊ ထိုအမျိုးသားဆည် ရဟန်းပြု၍ သေဘေးကိုကြောက်တတ်၏။ အနည်းငယ်လည်းဖြစ်သော သစ်ခက်လှုပ်ခြင်း လွင့်ကန့်ကျခြင်းကိုလည်းကောင်း, ငှက်သံ အခြေခြေးချောင်းရှိသော သားတို့၏အသံကိုလည်းကောင်း၊ ထိုသို့သဘောရှိသော တစ်ပါးသောအသံကိုလည်းကောင်း ကြား၍ သေဘေးကို ကြောက်သည်ဖြစ်၍ ဝမ်းသို့ဝင်သကဲ့ကို တုန်လှုပ်လျက်သွား၏။ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့... ဤမည်သော ရဟန်းသည် အနည်းငယ်လည်းဖြစ်သော အသံကိုကြား၍ မြည်တမ်းလျက်ပြေး၏။ ဤသတ္တဝါတို့အား သေခြင်းသည်သာလျှင် မြဲ၏၊ အသက်သည် မမြဲ၊ ဆသင့်အားဖြင့် နှလုံးသွင်းခြင်းကို ပြုအပ်သည်မဟုတ်တုံးလော'' ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာလတ်ံတော်မူ၍ ''ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း'' ဟု မေးတော်မူလတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏''ဟု နားတော်လျှောက်သည်ရှိသဲ့ ထိုရဟန်းကို ခေါ်တော်မူ၍ ''ရဟန်း... သင်သည် သေဘေးကို ကြောက်တတ်သောဟူသည် မှန်သလော''ဟု မေးတော်မူလတ်၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား....မှန်ပေ၏''ဟု ထို

www.dhammadownload.com

ရဟန်းသည် ဝန်ခံသည်ရှိသော် "ရဟန်းတို့...ဤရဟန်းသည် ယခုအခါ၌ သာလျှင် သေဘေးကို ကြောက်တတ်သည်မဟုတ်သေး၊ ရှေး၌သည်း သေဘေးကို ကြောက်တတ်သည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းလည် ငေးပြူသည်ရှိသော် ဘုရားလောင်းသည် ဝက်မဝံမ်း၌ ပဋိသန္ဓေယူ၍ ဝက်မသည် ကုယ်ဝန်ရင့်လတ်သော် နှစ်ခုကုန်သော ဝက်ငယ်တို့ကို ဖွား၏။ ထိုဝက်မသည် တစ်နေ့သ၌ သားငယ်တို့ကိုယူ၍ တစ်ခုသော တွင်း၌ ဝပ်၏။

ဝက်ငယ် ၂ ကောင်

ထိုအခါ ဗာရာဏသို့ မြို့တံခါး၌နေသော တစ်ယောက်ဆော မိန်းမအိုသည် ဝါခင်းမှ တောင်းပြည့်အောင် ဝါကိုယူ၍ တောင်ဝှေးဖြင့် မြေကို ထောက်၍လာ၏။ ဝက်မသည် ထိုအသံကိုကြား၍ သေဘေးကိုကြောက်သဖြင့် သားငယ်နှစ်ခုတို့ကို စွန့်၍ပြေး၏။ မိန်းမအိုသည် ဝက်ငယ်တို့ကို မြင်၍ သားအမှတ်ကိုပြု၍ တောင်း၌ထည့်၍ အိမ်သို့ဆောင်၍ အကြီးအား "မဟာတုက္ကိုလ" ဟူသောအမည်, အငယ်အား "စူဠတုက္ကိုလ" ဟူသော အမည်ကို မှည့်၍ ထိုဝက်ငယ်တို့ကို သားငယ်ကဲ့သို့ မွေး၏။ ထိုဝက်ငယ်တို့သည် နောက်အဖို၌ ကြီးကုန်၍ ပြည့်ဖြိုးသောကိုယ် ရှိကုန်၏။

ဝက်ငယ်ကိုရောင်းပြီ

ဤဝက်တို့ကို ငါတို့အား အဖိုးဖြင့်ပေးကုန်လော့" ဟု ဆိုသည်ရှိသော် မိန်းမအိုသည် "ဤဝက်တို့သည် ငါ၏သားငယ်တို့တည်း" ဟု ဆို၍ တစ်စုံတစ်ယောက်သောသူအား မပေး။ ထိုအခါ တစ်ခုသော ပဲ့သဘင်ထာလ၌ သေသောက်ကြ။ သူတို့သည် သေကိုသောက်ကုန်၏။ ဆသားကုန်သည်ရှိသော် အသားကို ဘယ်မှာရှာရလတ္တံ့နည်းဟု စုံစမ်းကုန်လတ်သော် သူအို၏အိမ်၌ ဝက်တို့ရှိသောအဖြစ်ကို သိ၍ အဖိုးကိုယူ၍ အိမ်သို့သွား၍ "မိခင် အဖိုးကိုယူ၍ ငါတို့အား တစ်ခုသောဝက်ကို ပေးပါလော့" ဟု ဆိုကုန်၏။ ထိုသူအိုမသည် "အမောင်တို့ ဤဝက်တို့သည် ငါ့သားတို့တည်း၊

www.dhammadownload.com

ဆုဖိုးဖြင့် ဆာလိုမရှိ''ဟု ပယ်၏။ သေသောက်ကြူးတို့သည် ''မိခင်ဝက်တို့မည်သည်ကား လူတို့၏သား မဖြစ်ကုန်၊ ထိုဝက်တို့ကို ပေးလော့'' ဟု ဆဖန်တလဲလဲ တောင်းသော်လည်း မရ၍ သူ့အိုမကို သေသောက် စေ၍ ယစ်သောကာလ၌ ''မိခင်ဝက်တို့ဖြင့်အသို့ပြုအံ့နည်း၊ ဆုဖိုးကိုယူ၍ ရိက္ခာပြုလော့'' ဟု သူအိုမ၏ လက်၌အသပြာတို့ကို ထားကုန်၏။ သူအိုမသည် အသပြာတို့ကိုယူ၍ ''အမောင်တို့မဟာတုဏ္ဍိလကို ပေးခြင်းငှာ မတတ်ကောင်း၊ စူဠတုဏ္ဍိလကို ယူကြကုန်သော့'' ဟုဆို၏၊

ကြောက်၍အဖမ်းမခံ

''ထိုစူဠတုဏ္ဍိလသည် အဘယ်မှာနည်း'' ဟု မေး၏၊ ''တစ်ခုမသာ ချုံ၌ ရှိ၏'' ဟု ဆို၍ သေသောက်ကြူးသူတို့သည် အဖိုးဖြင့် ထမင်းခွက်ကို ဆောင်စေကုန်၏။ သူအိုမသည် ဆုဖိုးဖြင့် ထမင်းကို ယူ၍ တံခါးဝ၌ ဓာည်သော ဝက်စားကျင်းကို ပြည့်စေ၍ စားကျင်းအနီး၌ တည်၏၊ သုံးကျိပ် အတိုင်းအရှည် ရှိသော သေသောက်ကြူးတို့ သည်လည်း ကျောက်ကင်းလက်စဲကုန်လျက် ထိုအရပ်၌လျင် တည်ကုန်၏။ သူအိုမသည် ''ချစ်သားစူဠတုဏ္ဍိလ....လာလော့'' ဟု စူဠတုဏ္ဍိလအား အသံပြု၏။ မဟာတုဏ္ဍိလသည် ထိုအသံကြား၍ ''ဤမျှလောက်သော ကာလပတ်လုံး ငါ၏ အမိသည် စူဠတုဏ္ဍိလအား အသံမပေးစဖူး၊ ငါ့ကိုသာလျင် ရှေးဦးစွာခေါ်၏၊ ယနေ့ ငါတို့အား မခဲ့ပက် သေဘေးဖြစ်လတ္တံ့'' ဟု သိ၍ မဟာတုဏ္ဍိလသည် ညီကိုခေါ်၍ ''ညီထွေး စူဠတုဏ္ဍိလ....ငါ့အမိသည် သင့်ကိုခေါ်၏၊ သွားချေ၊ ရှေးဦးစွာ စုံစမ်းချေလော့'' ဟု ဆို၏။ စူဠတုဏ္ဍိလသည် ချုံမှထွက်၍ ထမင်းစားကျင်း၏ အနီးဌာန် ထိုလူတို့၏ တည်သောအဖြစ်ကို သိ၍ ''ယနေ့ ငါ့အား သေဘေးရောက်ပြီ'' ဟု ဘေးဖြင့် ကြောက်သည်ဖြစ်၍ တုန်လှုပ်လျက် အစ်ကို အထံသို့ လာ၍ ခိုင်ခံ့စွာ တည်အံ့သောငှာ မတတ်နိုင်၍ တုန်လှုင်လျက်လည်း၏။ မဟာတုဏ္ဍိလသည် စူဠတုဏ္ဍိလကိုမြင်၍ ''ညီငယ်ထွေး စူဠတုဏ္ဍိလ....သင်သည် ယခုလည်း၏၊ ပြေးဝင်ရာအရပ်ကို ကြည့်၏၊ အဘယ်အကြောင်းကြောင့် ထိုအမှုကို ပြုသနည်း'' ဟု မေး၏။ စူဠတုဏ္ဍိလသည် မိမိမြင်သော အကြောင်းကို ဆိုလို၍-

www.dhammadownload.com

၈၉။ နဝဆန္နကေဒေါ်ကိ ဒိယျတိ၊ ပုဏ္ဏော ယံ ဒေါ်ကိ သုံဝါမိနိ ဌိတာ။
ဗဟုကေ ဇဒန ပါသပါဏိကေ၊ နော စ ခေါမေ ဂဠိဘာတိ
ဘုဥ္ဇိတုံ·
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၈၉။ ဘာတိက၊ နောင်တော်။ ဤဒါနိ၊ ယခုအခါ၌၊ နဝဆန္နံ· ကေဒေါ်ကို သစ်းသာ အစာတို့ဖြင့်ပြည့်သော ဝက်စားကျင်းကို၊ ဒ်ယျတိ၊ ပေးအပ်၏။ အယံဒေါ်ကိ၊ ဤစားကျင်းသည်။ ပုဏ္ဏာ၊ စင်ကြယ်သော အစာတို့ဖြင့်ပြည့်၏၊ သုဝါမိနိ၊ ငါတို့၏အမိသည်လည်း၊ ဌိတာ၊ စား ကျင်း၏အနီး၌ တည်၏၊ ပါသပါဏိကေ၊ လက်၌ ကျော့ကွင်းရှိသော။ ဗဟုကေ၊ များစွာသော။ ဇနေ၊ လူအပေါင်းသည်လည်း၊ ဌိတော၊ စားကျင်း၏ အနီး၌ တည်၏၊ ဤဒံဘတ္တံ၊ ဤအစာကို။ ဝါ-ဤအစာ သည်။ ဘုဥ္ဇိတုံ၊ စားခြင်းငှာ။ မေ၊ ငါ့အား။ နော စ ခေါပဋိဘာတိ၊ နှစ်သက်ခြင်းကို မဖြစ်စေ။

(နဝဆန္နကေဒေါ်ကိ ဒိယျတိတိ ဇေတ္ထ အာဇာဝရဿ ကောရဏ ပဇ္ဇ နတာဝိယ အညက္ခရဿိ အညက္ခရတာ ပဇ္ဇနတာ ဝိဇ္ဇဝိဆာရေ နာမ။ မဟာနိဒ္ဒေသအဋ္ဌကထာ၊)

သီလကို ဆောက်တည်ပါ

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "ညီထွး စူဠတုဏ္ဍိလ.... ဤအရပ်၌လျင် ဝက်တို့ကိုမွေးသော ငါတို့၏ အမိသည် ဆကြင်းအကျိုးဌာ မွေး၏၊ ထိုအကျိုးသည် ယခုနှစ်ပြီး သို့ရောက်ပြီ၊ သင်သည် မစိုးရိမ်လင့်" ဟု သာယာသော အသံဖြင့် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရား ဟောလိုသည်ဖြစ်၍·

၉၀။ တသသိ ဘမသိ လဏ မိစ္ဆသိ၊
အဘာဇဏာ သိက္ခိ· ဂမိဿသိ။
ဇပေါ်သုဇဏ္ဏာ ဘုဥ္ဇ တုဏ္ဍိလ၊
မံသတ္ထာယ ဟိ ပေါသိတာမှသေ။

www.dhammadownload.com

၉၁။ သြဂဟ ရဟဒံ အာကဒ္ဒမံ၊ သပ္ပံ သေဒမလံ ပဝါဟယ။
ဂဏှာဟိ နဝံ ဝိလေပနံ၊ ယဿ ဂန္ဓော နုကဒါစိ ဆိဇ္ဇတိ.
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၉၀။ တံဝတတုဏ္ဍိလ၊ ညီထွေး ဝုဋ္ဌတုဏ္ဍိလ။ တို့၊ သင်သည်။ တသသိ၊ လန့်၏။ ဘမသိ၊ လည်၏။ လဏံ၊ ပုန်းဆောင်းရာကို၊ ဂ္ဂဏှိသိ၊ ဆလိုရှိ၏။ အတာဏော၊ ကိုးကွယ်ရာမဲ့သည်။ အသိ၊ ဖြစ်၏။ ကုဟိံ၊ အဘယ်သို့။ ဂမိဿတိ၊ သွားလတ္တံ့နည်း။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့၊ ဘုဉ္ဇ၊ စားလော့၊ မံသတ္ထာယဟိ၊ အသား၏အကျိုးငှာ သာလျှင်။ ပေါသိတာမှသေ၊ မွေးအပ်ကုန်၏။

၉၁။ အာကဒ္ဒမံ။* ညွှန်မရှိသော၊ ရဟဒံ၊ ရေအနှီသို့၊ သြဂဟ၊ သိုက်လော့၊ သပ္ပံ၊ အလုံးစုံသော၊ သေဒလမံ၊ ခွဲ့းဆည်စအကြေးကို။ ပဝါဟယ၊ ဆေးလော့။ ယဿ၊ အကြောင်နံ့သာပျောင်း၏၊ ဂန္ဓော၊ အနံ့သည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်၌။ နဆိဇ္ဇတိ၊ မပြတ်၊ နဝံ၊ အသစ်ဖြစ်သော၊ တံ ဝိလေပနံ၊ ထိုနံ့သာပျောင်းကို။ ဂဏှဟိ၊ ယူလေ့။

ဆယ်ပါးသော ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာပါရမီကို ရှေ့ထား၍ ရှေးဦးစွာသာ ဂါဆာပုဒ်ဖြင့် ရွတ်သည်သာလျှင် ဖြစ်သော ဘုရား လောင်း၏ အသံသည် အလုံးစုံ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကို လွှမ်းမိုးသွား၏။ ကြားတိုင်း ကြားတိုင်းသော ခဏပင်လျှင် အိမ်ရှေ့မင်း အာဒရှိကုန်သော သူတို့ကို အစုပြု၍ ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည် လာကုန်၏။ မလာကုန်သော သူတို့သည်လည်း အိမ်၌ နေလျက်သာလျှင် နာကုန်၏၊ မင်း၏ ပရိသတ်တို့သည် ချုံတို့ကို ဖျက်ဆီး၍ မြေကို ညီညွတ်စွာပြု၍ သဲတို့ကို ကြဲကုန်၏။ သေးသောက်ကြူး တို့အား သုရာယစ်ခြင်းသည် ပြေ၏။ ကျောက်ဂွင်းတို့ကို စွန့်ကုန်၍ တရား နာကုန်လျက်သာလျှင် တည်ကုန်၏၊ သူအိုမအား၊လည်း သုရာယစ်ခြင်း သည် ပြေ၏။ ဘုရားလောင်းသည် လူအားပါင်း၏ အလယ်၌ စုဋ္ဌတုဏ္ဍိလ အား၊ ဓမ္မဒဿနာကို အားထုတ်၏။

www.dhammadownload.com

ထိုစကားကိုကြား၍ စူလတုလ္လိုလသည် "ငါ့အစ်ကိုသည် ဤသို့ဆို၏၊ ငါတို့၏အနှယ်၌ ရေကန်သို သက်၍ ကိုယ်မှု ချေး အညစ်အကြေးကို လျှော်ခြင်းသည် လည်းကောင်း, နံ့သာသစ်ကို ယူခြင်းသည် လည်းကောင်း တစ်စုံဘစ်ခုသောကာလသည် မရှိ၊ အဘယ်ကိုရည်၍ အစ်ကိုသည် ငါ့ကို ဤသို့ ဆိုသနည်းဟု မေးလိုရကား-

၉၂။ ကတမော ရဟဒေါ အာကာဒ္ဒမော၊ ကိံသု သေဒ မလန္တိ ဝုစ္စတိ၊
ကာတမဉ္ဆ နဝံ ဝိလေပနံ၊ ယဿ ဂန္ဓော နု ကဒါစိ ဆိဇ္ဇတိ-

ဟူသော လေးခုမြောက်သော ဂါထာကို ဆို၏၊

၉၂။ အာကဒ္ဒမော၊ ညွှန်မရှိသော။ ရဟဒေါ၊ ရေကန်ဟူသည်။ ဆတမော၊ အဘယ်နည်း။ ကိံသု၊ အဘယ်ကိုလျှင်။ သေဒမလန္တိ၊ ခြေး အညစ်အကြေး ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ယဿ၊ အကြင်နံ့သာပျောင်းမျိုး၊ ဂန္ဓော၊ အနံ့သည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်၌၊ နု ဆိဇ္ဇတိ၊ မပြတ်။ နဝံ၊ အသစ်ဖြစ်သော။ တံဝိလေပနံ၊ ထိုနံ့သဒျောင်းသည်။ ကတမံ၊ အဘယ်နည်း။

ထိုစကားကိုကြား၍ ဘုရားလေးဝင်းသည် "ညီထွေး စူဠင်္ဂတုလ္လိုလ... ထိုသို့တပြီးကား ချဿေဒနားရှိသည်ဖြစ်၍ နာလေ့"ဟု ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟောလိုရကား-

၉၃။ ဓမ္မော ရဟဒေါ အာကာဒ္ဒမော၊ ပါပံ သေဒမလန္တိ ဝုစ္စတိ၊
သီလဉ္ဆ နဝံ ဝိလေပနံ၊ တဿ ဂန္ဓော နု ကဒါစိ ဆိဇ္ဇတိ။

၉၄။ နန္ဒန္တိ သရီရ ဃာတိနော၊ နု စ နန္ဒန္တိ သရီရဓာရိနော။
ပုဏ္ဏာယ စ ပုဏ္ဏမာသိယာ၊ ရမမာနာဝ ဇဟန္တိ ဇီဝိတံ-

ဟူသော ဤဂါထာတို့ကို ဟော၏။

၉၅။ တာတစူဠင်္ဂတုလ္လိုလ၊ ညီထွေး စူဠင်္ဂတုလ္လိုလ။ ဓမ္မော၊ နိဗ္ဗာန်တရားကို။ အာကဒ္ဒမော၊ ကိလေသာ ညွှန်မရှိသော။ ရဟဒေါ၊ ရေကန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပါပံ၊ မင်းကျောင်းမှုကဲ့၊ သေဒမလန္တိ၊ ခြေး အညစ်အကြေး ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သီလံဉ္စ၊ သီလကိုလည်း။ နဝံ၊ အသစ်ဖြစ်သော၊ ဝိလေပနံ၊ နံ့သာပျောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဿ၊ ထိုသီလ၏၊ ဂန္ဓော၊ အနံ့သည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်၌၊ နု ဆိဇ္ဇတိ၊ မပြတ်။

၉၄။ သရီရ ဃာတိနော၊ သတ္တဝါကို သတ်ကုန်သော သူတို့သည်။ နန္ဒန္တိ၊ နှစ်သက်ကုန်၏၊ သရီရဓာရိနော၊ ကိုယ်ကို ဆောင်ကုန်သော သူတို့

www.dhammadownload.com

သည်။ နစ နန္ဒန္တိ၊ မနုစ်သက်ကုန်။ ပုဏ္ဏာယ၊ ပြည့်ထသော။ ပုဏ္ဏမာသိယ၊ လပြည့်နေ့၌။ ရမမာနာဝ၊ မွေ့လျော် ကုန်လျက်လျင်။ သီလာစာရသမ္ပန္နာ၊ သီလအကျင့်နှင့် ပြည့်စုံသော သူတို့သည်။ ဇီဝိတံ၊ ဆာသက်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။

ဤသို့ ဘုရားလေဒင်းသည် သာယာသောဆာသံဖြင့် သဗ္ဗညု ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏။ လူအပေါင်းတို့သည် လက်ချောင်းတို့ကို ခါကုန်၏။ ပုဆိုး ဦးရစ်ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏။ ကောင်းချီးပေးသော အသံသည် ကောင်းကင်၌ ပြည့်၏။

မင်းကြီး ကယ်မပြီ

ဗာရာဏသီမင်းသည် ဘုရားလောင်းဆာ မင်းဆဖြစ်ဖြင့် ပူဇော်၍ သူအိုမအား စည်းစိမ်ကိုပေး၍ ဝက် နှစ်ခုတို့ကိုလည်း ယူ၍ နံ့သာရေဖြင့် ချိုး၍ နံ့သာ ဆစရှိသည်တို့ဖြင့် လိမ်း၍ လည်တို၌ ပတ်ဆိုးရတနာတို့ကို ဆင်၍ မြို့သို့ဆောင်၍ သားဆာထု၌ထား၍ မျှားစာသော အခြံအရံဖြင့် လုပ်ကျွေး၏။ ဘုရားလေဒင်းဝက်မင်းသည် ပဉ္စသီတို့ကိုပေး၏။ ခပ်သိမ်းကုန်သော ဗာရာဏသီပြည်၌ နေကုန်သောသူတို့သည်လည်း ပဉ္စသီတို့ကို စောင့်ကုန်၏။ ဘုရားလောင်းဆည်လည်း ထိုသူတို့အား ပက္ခနေ့တို့၌ တရားဟော၏။ တရားဆုံးဖြတ်ဆာ အရပ်၌နေ၍ တရားဆုံးဖြတ်၏။ ထိုဘုရားလောင်းသည် ထင်ရှားရှိစဉ် ကောက်ကျစ်စဉ်းလဲသော တရားကို ပြုသော သူတို့မည်သည် မဖြစ်ကုန်။ နောက်အဖို၌ မင်းသည် သေ၏။ ဘုရားလောင်းသည်ကား ထိုမင်း၏အလောင်းကို ပူဇော်ခြင်း, သင်္ဂြိုဟ်ခြင်းကို ပြုစေ၍ အဆုံးအဖြတ်တို့ကို ပေး၌ ရေးစေ၍ "ဤစာကိုကြည့်၍ တရားဆုံးဖြတ်ကြလော့" ဟုဆို၍ လူအများဆား တရားဟော၍ မမေ့မလျော့ခြင်းဖြင့် ဆုံးမ၍ ခပ်သိမ်းကုန်သောလူတို့၏ ငိုကုန်စဉ် စူဠတုက္ကိုလနှင့်တကွ တောသို့ဝင်၏။ ထိုအခါ ဘုရားလောင်း၏ အဆုံးအမသည် အနှစ်ခြောက်ဆယ်၊ တည်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်ဒဘာ်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းဆော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သေဘေးကို ကြောက်တတ်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း

www.dhammadownload.com

ဟူမူကား ''ယခုအခါ အာနန္ဒာသည် ထိုအခါမင်းဖြစ်ပြီ၊ ယခုအခါ သေဘေးကို ကြောက်စာတ်သောရဟန်းသည် ထိုအခါ စူဠဥတုလွှိုလဖြစ်ပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ပရိသတ် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာတုလွှိုလ ဖြစ်ပြီ''ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ညွှန်မရှိမှုန်၊ ထိုရေကန်၊ နိဗ္ဗာန်အမည်သာ။)
သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော တုလွှိုလဇာတ်သည် ပြီး၏၊

၁၄-သုဝဏ္ဏကက္ကဋကဇာတ်

ကျေးဇူးသိသော ရွှေပုစွန်အကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လေးကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''သိဂီမိဂါ''အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဝဏ္ဏကက္ကဋ်က ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာ မထေရ်သည် သဗ္ဗညု မြတ်စွာဘုရား၏အကျိုးငှာ ဆထက်ကိုစွန့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု၊ ပစ္စုပ္ပန်ဝတ္ထုကို လေးသမားတို့ကို လှတ်သည်တိုင် ဆောင်ခဲ့ကြဟာလဇာတ်၌ ဆိုအပ်၏။ ဓနပါလဆင်ကို လှတ်ခြင်းကို စူဠဟံသ မဟာဟံသဇာတ်၌ ဆိုအပ်၏။

ထိုအခါတရားသဘင်၌ ရဟန်းတို့သည် ''ငါ့ရှင်တို့ - တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာမထေရ်သည် ပဋိဘာဏသို့ ရောက်ခဲသာ သေက္ခဖြစ်၍ ဓနပါလ ဆင်လာသည်ရှိသော် သဗ္ဗညု မြတ်စွာဘုရားအား အသက်ကို စွန့်၏'ဟု စကားကို ဖြစ်စေကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားလည်း ကြွလာတော်မူလတ်၍ ''ရဟန်းတို့....ယခုအခါ အာဘယ်စကားဖြင့် စည်းဝေးကုန်သနည်း''ဟု မေးတော်မူ၍ ''ဤမည်းသာစကားဖြင့် စည်းဝေးပါကုန်၏''ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့....အာနန္ဒာသည် ယခုအခါ၌သာလျှင် ငါ့အား အသက်ကို စွန့်သည် မဟုတ်သေး၊ ရှေးဦးလည်း ဝါ့အား အသက်ကို စွန့်ဖူးသည်သာလျှင် ကတည်း''ဟု မိန့်တော်မူလတ်၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သေနကမင်းသည် မင်းပြုသည်ရှိသော် ထိုဗာရာဏသီပြည်၏ အရှေ့မျက်နှာ၌ သာလိဒ္ဓိယမည်သော ပုဏ္ဏားရွာသည် ရှိ၏။ ထိုအခါ ဘုရားလောင်းသည် ထိုရွာ၌ လယ်လုပ်ခသော ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်သည်ရှိသော် ဥစ္စာကို ဖြစ်စေ၍ ထိုရွာ၏ အရှေ့မြောက်အရပ်ဖြစ်သော တစ်ခုသော ဂါမခေတ်၌ ပယ်တစ်ထောင်အတိုင်းအရှည် ရှိခသော လယ်ကို ထွန်စေ၏။ ဘုရားလောင်းသည် တစ်နေ့သ၌ လူတို့နှင့်တကွ လယ်တောသို့သွား၍ "အမှုကို ပြုကြကုန်လော့" ဟုစေ၍ မျက်နှာသစ်အံ့သောငှာ လယ်၏အစွန်း၌ ကြီးစွာသော ထုံးအိုင်သို့ ကပ်၏။

ပုစွန်နှင့် မိတ်ဆွေဖြစ်ပုံ

ထိုထုံးအိုင်၌ ရှေးအဆင်းနှင့်တူသော အဆင်းရှိသော တစ်ခုသော ပုစွန်သည် နေ၏။ အလွန် အဆင်းလှ၏၊ ကြည်ညိုဖွယ်ရှိ၏။ ဘုရားလောင်းသည် တံပူစား၍ ထိုထုံးအိုင်သို့သက်၏။ ဘုရားလောင်းမျက်နှာသစ်သော ကာလ၌ ပုစွန်သည် ဘုရားလောင်းအထံသို့ လာ၏။ ထိုအခါ ဘုရားလောင်းသည် ပုစွန်ကို၌၍ မိမိ၏ အပေါ်ရုံပုဆိုးကြား၌ အိပ်စေ၍ ယူ၍ လယ်၌ပြုအပ်သောကိစ္စကို ပြု၍သွားသော် ထိုထုံးအိုင်၌ ပုစွန်ကိုထား၍ အိမ်သို့သွား၏။ ထိုအခါမှစ၍ လယ်သို့လာသည် ရှိသော် ရှေးဦးစွာ ထိုထုံးအိုင်သို့သွား၍ ပုစွန်ကို အပေါ်ရုံပုဆိုးကြား၌ အိပ်စေ၍ နောက်မှ အမှုကို စီရင်၏၊ ဤသို့လျှင် ထိုသူတို့အား အချင်းချင်း အကျွမ်းဝင်ခြင်းသည် ဖြစ်၏။ ဘုရားလောင်းသည် လယ်သို့ မဖြတ်လာ၏၊ ဘုရားလောင်း၏ မျက်စိတို့သည်ကား ငါးပါးခသာကြည်ခြင်း ရှိ၏။ သုံးပါးသော အဝန်းရှိ၏။ စင်ကြယ်ကုန်သည်ဖြစ်၍ ထင်ကုန်၏၊

ပုဏ္ဏားမျက်စိကို စားချင်

ထိုအခါ လယ်၏အစွန်း၌ တစ်ခုသော ထန်းပင်ဖျားဦး ကျိုးသိုက်ဝယ်နေသော ကျီးမသည် ထိုပုဏ္ဏား၏မျက်စိတို့ကို မြင်၍ စားလိုသည်ဖြစ်၍ ကျီးဖိုကို "သခင်....ငါ့အား ချင်ခြင်းသည်ဖြစ်၏" ဟု ပြော၏၊ "အဘယ်သည်သော ချင်ခြင်းနည်း" ဟု မေး၍ "ထိုပုဏ္ဏား၏မျက်စိတို့ကို စားလို၏" ဟု ဆို၏။ "သင်၏ချင်ခြင်းသည် ခက်ခဲသောချင်ခြင်းတည်း၊ ထိုမျက်စို

www.dhammadownload.com

တို့ကို အဘယ်သူသည် ဆောင်ခြင်းငှာ တတ်နိုင်လတ္တံ့နည်း'' ဟု ဆိုသည် ရှိသော် ''သင် မတတ်နိုင်သလော'' ဟု မေး၏။ ''မတတ်နိုင်'' ဟု ဆို၏၊ ''ငါသည် ထိုအကြေးငံးကို သိ၏၊ထန်းပင်၏အနီးဖြစ်သော ဤတောင်ပို့၌ အကြင်မြေဟောက်သည် နေ၏၊ ထိုမြေဟောက်ကို ခစားလော့၊ ထိုမြေဟောက်သည် ထိုပုဏ္ဏားကို ကိုက်၍သတ်ဇစလတ္တံ့၊ ထိုအခါ ပုဏ္ဏား၏ မျက်စိတို့ကို ထုတ်၍ ဆောင်ခဲ့လော့'' ဟု ဆို၏။ ကျီးဖို့သည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ ထိုအခါမှစ၍ မြေဟောက်ကို ခစား၏။

မြေကိုကိုက်စေ

ဘုရားလောင်းသည်လည်း ပျိုးစေသောကောက်တို့၏ ဖုံးလုံးသောဆာလည် ပုစွန်သည် ကြီး၏။ ထိုအခါ တစ်နေ့သ၌ မြေသည် ကျီးကို ''အဆွကျီး— သင်သည် အဘယ်အကြောင်းကြောင့် မပြတ် ငါ့ကို ခစားသနည်း၊ သင်၏ အဘယ်ကိစ္စကို ပြုရအံ့နည်း'' ဟု ဆို၏။ ''အရှင်...သင်တို့၏ ကျွန်မအား တစ်ယောက်သော လယ်ရှင်၏မျက်စိတို့၌ ချင်ခြင်းသည် ဖြစ်၏၊ထို့ကြောင့် ငါသည် သင်တို့၏အာနုဘော်အား ဖြင့် ထိုပုဏ္ဏား၏မျက်စိတို့ကို ရလို၏'' ဟု ဆို၏။ မြေသည် ''ထိုသို့ဖြစ်စေ၊ ဤအမှုသည် ဝန်မလေး၊ ရလတ္တံ့'' ဟု ထိုကျီးအား သက်သာထုရစေ၍ နက်ဖြန်နေ့၌ ပုဏ္ဏားလာထွက်ချိန်းခြင်း ဆန်သင်းကိုမှီ၍ မြက်တို့ဖြင့်ဖုံးလွှမ်း၍ ပုဏ္ဏား၏လာခြင်းကို မျှော်လျက် အိပ်၏။ ဘုရားလောင်းသည် လာလတ်သော် ရှေးဦးစွာ ထုံးအိုင်သို့သက်၍ မျက်နှာသစ်၍ ချင်ခြင်းကိုဖြစ်စေ၍ ရှေ့ပုစွန်ကိုခေါ်၍ အပေါ်ရုံပုဆိုးကြွး၌ အိပ်စေ၍ လယ်သို့ဝင်၍ မြေသည် လာသော ဘုရားလောင်းကို မြင်၍ လျင်စွာခေါ်း၍ ဖနောင့်သား၌ကိုက်၍ ထိုအရပ်၌လျင် လွှဲစေ၍ တောင်ပို့ကိုရည်၍ ပြေး၏။

ကျီး လာ၍ မျက်စိဖေါက်

ဘုရားလောင်း၏လာခြင်းသည် လည်းကောင်း၊ ပုစွန်၏ ပုဆိုးကြွးမှ ခုန်ကျခြင်းသည်လည်းကောင်း၊ ကျီးလာ၍ ဘုရားလောင်း၏ရင်ခွင် နား ခြင်းသည်လည်းကောင်း မနှေးမနှောင်းဖြစ်၏၊ ကျီးသည် နား၍ မျက်စိ တို့ကို နှုတ်သီးဖြင့် ထိုး၏။

www.dhammadownload.com

ပုစ္ဆန်က ကျီး၏လည်ပင်းညှပ်

ပုစ္ဆန်သည် ဤကျီးကိုမှီ၍ အခဆုခင်ပွန်းအား ဘေးဖြစ်၏၊ ထိုကျီးကို ဖမ်းသည်ရှိသော် မြွေသည် လာလိမ့်တော့.''ဟု ညှပ်ဖြင့်ညှပ်သကဲ့သို့ ကျီး၏လည်ခြုံ လွတ်မဖြင့် မြဲစွာညှပ်၍ ပင်ပန်းစေ၍ အတန်ငယ် လျှော့၏။

မြွေကိုခေါ်

ကျီးသည်''အခဆုမြွေ....ငါ့ကိုစွန့်၍ အဘယ်ကြောင့်ပြေးသနည်း၊ တစ်ခုသောပုစ္ဆန်သည် ငါ့ကို လွန်စွာညှဉ်းဆဲ၏။ အကြင်မျှလောက် မသေသေး၊ ထိုမျှလောက်လျှင် လွှာလော့''ဟု မြွေကို ခေါ်လိုရကား-

၉၅။ သိဂိမိဂေါ အာယတစက္ခုနေးတ္တော၊
အဋ္ဌိတ္တစော ဝါရိသယော အလောမော။
တေနာဘိဘူတော ကပဏော ရုဒါမိ၊
ဟရေ သခါ ကိဿ နု မံ ဧဟာသိ-
ဟူသော ရွေးဦးစွာဓသော ဤဂါထာကို ဆို၏၊

၉၅။ ဟရေ သခါ၊ အိုအဆွေ။ အာယတစက္ခုနေတ္တာ၊ ပြူးပြူးရွှည်စွာ ထွက်သော စက္ခုဟုဆိုအပ်သော မျက်စိရှိသော၊ အဋ္ဌိတ္တစော၊ အရိုးဟူသော အရေရှိသော။ ဝါရိသယော၊ ရေဠွေအိုပ်သော။ အလောမော၊ အမွေးမရှိသော၊ သိဂိမိဂေါ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပုစ္ဆန်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုပုစ္ဆန်သည်။ အဘိဘူတော၊ နှိပ်စက်အပ်သည်ဖြစ်၍၊ အဟံ၊ ငါသည်၊ ကပဏော၊ ဆင်းရဲစွာ အထီးကျန်၍။ ရုဒါမိ၊ ငိုရ၏၊ တံ့၊ သင်သည်။ ကိဿ နု၊ အဘယ့်ကြောင့်လျှင်။ မံ၊ ငါ့ကို။ ဧဟာသိ၊ စွန့်ဘိသနည်း။

မြွေကိုပါ ဖမ်းပြီ

မြွေသည် ထိုစကားကိုကြားရ၍ ကြီးစွာသော ပါးပျဉ်းကိုပြု၍ ကျီးကို သက်သာရာ ရစေ၍ လှာ၏၊ ထိုအကြောင်းကို ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍-

www.dhammadownload.com

၉၆။ သော ပဿသန္တော် မဟတာ ဖကေန၊
ဘုဇင်္ဂမော ကက္ကဋ မဇ္ဈပတ္တော။
သကံ သခါရံ ပရိတာယမာနော၊
ဘုဇင်္ဂမံ ကက္ကဋိကာ ဂဟေသိ·

ဟူသော နှစ်ခုံးမြောက်သော ဤဂါထာကို ဟောတော်မူ၏။

၉၆။ သောဘုဇင်္ဂမော၊ထိုခြင်္သည်း၊ မဟတာ၊ကြီးစွာသော၊ဖကေန၊ ပါးပျဉ်၊ဖြင့်။ ပဿသန္တော်၊ထွက်သက်ကိုဖြစ်စေ၍၊ ကက္ကဋက်၊ပုစွန်ထံသို့။ ဆဇ္ဈပတ်တော်၊ရောက်လာ၏။ သကံသခါရံ၊ မိမိ၏ အဆွေခင်ပွန်းဖြစ်သော ဘုရားလောင်းကို။ ပရိတာယမာနော၊ စောင့်ရှောက်လိုသော။ ဤကက္ကဋကော၊ပုစွန်သည်၊ ဘုဇင်္ဂမံ၊ခြင်္သကို၊ ဂဟေသိ၊ ဖမ်း၏။

အဘယ်ကြောင့် ဖမ်းသနည်း

ထိုအခါခြင်္သည် "ပုစွန်တို့မည်သည်ကား ကျီးသား၊ကိုလည်း မစား၊ ကုန်သလျင်ကတည်း၊ ခြင်္သသား၊ကိုလည်း မစား၊ကုန်သလျင် ကတည်း၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ငါတို့ကို ဤပုစွန်သည် ဖမ်သနည်း" ဟု ကြံ၏။ ကြံပြီး၍ ပုစွန်ကို မေးလိုရကား·

၉၇။ နဝါသယံ နော ပန ကက္ကဋပ်ပံ၊
ဃာသတ္ထိကော ကက္ကဋကော အဒဿယျ။
ပုစ္ဆာမိ တံ အာယတစက္ခုနေတ္တ၊
အထ ကိဿဟေတုမှ ဥဘော ဂဟိတာ·

ဟူသော သုံးခုံးမြောက်သော ဤဂါထာကို ဆို၏။

၉၇။ အာယတစက္ခုနေတ္တ၊ရှည်သော စက္ခုဟု ဆိုအပ်သော မျက်စိရှိသောပုစွန်။ ကက္ကဋကော၊ပုစွန်မည်သည်။ ဃာသတ္ထိကော၊ စားလိုသည်ဖြစ်၍၊ ဝါယသံ ကျီးကို။ နအဒဿျ၊မဖမ်းထု၊ကက္ကဋပ်ပံ၊မြေဟောက်ကို။ နော အဒဿျ၊ မယူထုသလျင်ကတည်း။ အထ၊ ဤသို့ဖြစ်လျက်။ ကိဿဟေတု၊ အဘယ်အကြောင်းခြင်း၊ ဥဘော၊ နှစ်ခုံးကုန်သော ငါတို့ကို၊ ဂဟိတာ၊ ဖမ်းအပ်ကုန်သနည်း။ တံ၊သင့်ကို၊ ပုစ္ဆာမိ၊ မေး၏။

။ဝုံးထးထွးဒုဂ ပြဝ်ဂိုဉ်ဒုံစြဧယလ ဖွဲ့ဓြိဇဒုံမ်းပြီယ ဥုဂ်ဇန်ဖိဂ် ။၁-ဝုံ
(ဌဝဇယဒံယိယထိဝဝ်ဇ ၊ဃ-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

ထိုစကားကိုကြား၍ ပုစ္ဆန်သည် ဖမ်းဆုပ်သောအကြောင်းကို ဆိုလိုလျှင်

ပုဏ္ဏားကို ဒေးကုပါ

၉၈။ အယံ ပုရိသော မမ အတ္ထကာမော၊
ယော မံ ဂဟေတွာန ဒုက္ခာယ နေသိ။
တသ္မိံ မတေ ဒုက္ခ မနပ္ပကံ မေ၊
အဟဉ္စ နော သော စ ဥဘာ နဟောမ။

၉၉။ မမဉ္စ ဒိသွာန ပဝေါကာယံ၊ သဗ္ဗော ဇနော ဟိံသိတုမေဝ မိစ္ဆေ။
သာဒုဉ္စ ထူလဉ္စ မုဒုဉ္စ မံသံ၊ ကာကာပိမံ ဒိသွာ ဝိဒဟဋ္ဌယေယျုံ။

ဟူကုန်သော ဤဂါထာတို့ကို ဆို၏။

၉၈။ ကဏှသပ္ပ၊ မြွေဟောက်၊ ယောပုရိသော၊ အကြင် ယောကျား သည်။ မံ၊ ငါ့ကို။ ဂဟေတွာန၊ ယူ၍။ ဒုက္ခာယ၊ ရေအိုင်သို့၊ နေတိ၊ ဆောင်၏၊ အယံပုရိသော၊ ဤယောကျားသည်။ မမ၊ ငါ၏။ အတ္ထကာမော၊ အကျိုးကို အလိုရှိ၏။ တသ္မိံ၊ ထိုယောကျားသည်။ မတေ၊ သေသည်ရှိခဲ့သော်၊ မေ၊ ငါ့အား။ အနပ္ပကံ၊ မျှားစွာခဲသော။ ဒုက္ခံ၊ ဆင်းရဲသည်။ ဟောတိ။ ဖြစ်၏။ အဟဉ္စ၊ ငါသည်လည်းကောင်း။ နော သော စ၊ ဤယောကျားသည်လည်းကောင်း။ ဥဘာ၊ နှစ်ယောက်ကုန်သော ငါတို့သည်။ န ဟောမ၊ မဖြစ်ကုန်အံ့။

၉၉။ ပဝေါကာယံ၊ ကြီးစွာသောကိုယ်ရှိသော။ မမဉ္စ။ ငါ့ကိုလည်း။ ဒိသွာန၊ မြင်၍။ သဗ္ဗော၊ ခပ်သိမ်းသော၊ ဇနော၊ လူသည်။ ဟိံသိတုမေဝ၊ ညှဉ်းဆဲခြင်းငှာသာလျှင်၊ ဣစ္ဆေ၊ အလိုရှိရာ၏၊ သာဒုဉ္စမံသံ၊ ကောင်းသောအသား ရှိသည်လည်းဖြစ်သော၊ ထူလဉ္စမံသံ၊ ဆူသော အသားရှိသည်လည်းဖြစ်သော၊ မုဒုဉ္စမံသံ၊ နူးညံ့သောအသား ရှိသည် လည်း ဖြစ်သော၊ မံ၊ ငါ့ကို။ ကာကာပိ၊ ကျီးတို့သည်လည်း။ ဒိသွာ၊ မြင်ကုန်၍၊ ဝိဟဋ္ဌယေယျုံ၊ ညှဉ်းဆဲကုန်ရာ၏။

ငါတို့နှစ်ဦးကို လွှတ်ပါ

ထိုစကားကိုကြား၍ မြွေသည် ''ပစ်ခုံးသောဥပါယ်ဖြင့်ဤပုစ္ဆန်ကိုလှည့်စား၍ ကျီးကိုလည်းကောင်း၊ ငါ့ကိုလည်းကောင်း လွှတ်စေအံ့'' ဟု ကြံ၏ ကြံပြီး၍ ပုစ္ဆနဲကိုလှည့်စားအံ့သောငှာ-

www.dhammadownload.com

၁၀၀။ သစေ တဿ ဟေတုမှီ ဥဘော ဂဟိတာ၊
ဥဋ္ဌာတု ပေါဏော ဝိသမာဝမာမိ၊
မမဉ္စ ကာကဉ္စ ပမုဉ္စ ခိပ္ပံ၊
ပုရာ ဝိသံ ဂါဠ္ဆမုပေတိ မစ္စံ·

ဟူသော ခြေက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၀။ တဿ၊ ထိုယောကျ်ား၏။ ဟေတုမှီ၊ အကြောင်းကြောင့်။ ဥဘော၊ နှစ်ခုကုန်သော ငါတို့ကို။ သစေ ဂဟိတာ၊ အကယ်၍ ဖမ်းကုန်သည် ဖြစ်အံ့။ ပေါဏော၊ ယောကျ်ားဃည်း၊ ဥဋ္ဌာတု၊ ထစေသတည်း။ အဟံ၊ ငါသည်း ဝိသံ၊ အဆိပ်ကို။ ဆဝမာမိ၊ ငင်အံ့။ စစ္စံ၊ ယောကျ်းကို။ ဝိသံ၊ အဆိပ်သည်း ဂါဠံ၊ ပြင်းစွာ။ ပုရာဥပေတိ၊ မရောက်မီ။ မဉ္စ၊ ငါ့ကိုဃည်းဟခင်း၊ ကာကဉ္စ၊ ကျီးကိုလည်းဟောင်း၊ ခိပ္ပံ၊ လျင်စွာ။ ပမုဉ္စ၊ လွှတ်ဟော့။

မြေဆိပ်ကိုစုံပြီ

ထိုစကားကို ကြား၍ ပုစွန်သည် "ဤမြေသည် တစ်ခုသော အကြောင်းဖြင့် နှစ်ခုကုန်သော သတ္တဝါတို့ကို လွှတ်စေ၍ ပြေးလို၏၊ ငါ၏ ဥပါယ်၌ လိမ္မာဃသာအဖြစ်ကို မသိ၊ ယခု ဤမြေသည် အကြင်သို့သော အခြင်းအရာအားဖြင့် ပြုသည်ရှိသော် ငံခြင်းငှာ စွမ်းနိုင်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် လက်မကို လျှော့အံ့၊ ကျီးကိုလည်း မလွှတ်အံ့" ဟု ကြံ၏။ ကြံပြီး၍·

၁၀၁။ သပ္ပံ ပမောက္ခာမိ နု တာဝကာကံ၊
ပဋိပန္နကာ ဟောဟိတိ တာဝတာဝကော၊
ပုရိသဉ္စ ဒိသွာန သုခိံ ဆရေဂံ၊
ကာကံ ပမောက္ခာမိ ယဓဝ သပ္ပံ

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၁။ သပ္ပံ၊ မြွေကို။ ပမောက္ခာမိ၊ လွှတ်အံ့။ တာဝ၊ ရှေးဦးစွာ၊ ကာကံ၊ ကျီးကို။ နု ပမောက္ခာမိ၊ မလွှတ်သေး။ ကာကော၊ ကျီးသည်း တာဝ၊ ရှေးဦးစွာ။ ပဋိပန္နကာ၊ ဝန်ခံသူထည်း၊ ဟောတိ၊

www.dhammadownload.com

ဖြစ်၏။ ပုရိသဉ္ဉ၊ ယောကျ်ားကိုလည်း။ သုခိ၊ ချမ်းသာသည်ကို။ အဆောကံ၊ အနာဒမရှိသည်ကို။ ဒိဿာန၊ မြင်ရသည်ရှိခဿာ်။ သပ္ပ၊ မြွေကို။ ပဓမာဘွာမိယာဒဆဝ၊ လွတ်သကဲ့သို့လျှင်။ အဟံ၊ ငါသည်။ ကဒကံ၊ ကျီးကို။ ပဓမာဘုဒမိ၊ လွတ်အံ့။

ပုစွန်ကမြွေနှင့်ကျီးကို သတ်လိုက်ခြင်း

ဤသို့ဆို၍ အဆိပ်ကို ငင်စိမ့်သောငှာ မြွေကိုညှပ်သော အာဂက်ကို လျှာစုပ်ပြီး၊ မြွေသည် အဆိပ်ကိုငင်၍ ဘုရားလောင်း၏ ကိုယ်ကို အဆိပ်မရှိသည်ကို ပြု၏။ ဘုရားလောင်းအား ဆင်းရဲကင်းလတ်ဆော်ထ၍ ပကတိသော အဆင်းဖြင့်လျှင် ရပ်၏၊ ပုစွန်သည် "ဤနှစ်ခုကုန်သော သတ္တဝါတို့သည်လည်း အကယ်၍ ရောဂါဆင်းသည် ဖြစ်အံ့၊ ငါ့အဆွေအား အစီးအပွား မည်သည် မဖြစ်လတ္တံ့၊ ထိုသတ္တဝါတို့ကို ဖျက်ဆီးအံ့"ဟု ကြံ၍ ထတ်ခကြွးဖြင့် ကြာငုံကို ဖြဲထီးထကဲ့သို့ နှစ်ခုကုန်သော သတ္တဝါတို့၏ ဦးပေါင်းကို လက်မဖြင့်ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ကျီးမသည်လည်း ထိုအရပ်မှ ပြေး၏။ ဘုရားလေဝင်းသည် မြွေ၏ကိုယ်ကို လှံကန်ဖြင့်ရစ်၍ တောင့်ပိုသို့ချ၏။ ရှေပုစွန်ကို ထိုအိုင်၌ လွတ်၍ ညဆာခါ ရွာသို့လျှင် သွား၏။ ထိုအခါမှစ၍ ရှေပုစွန်နှင့်တကွ အတိုင်း၊ ထက်အလွန် အကျမ်းဝင်ခြင်းသည် ဖြစ်၏။

ဇာတ်ပေါင်း။ သမ္မည်မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူလိုရကား-

၁၀၂။ ကဒဏော ထဒါ ဒေဝဒတ္တော အဟောသိ၊
မာဏော ပန ကဏှသပ္ပေါ အဟောသိ။
အာနန္ဒော ဘဒ္ဒြော ဆဏ္ဍဒေဝ အဟောသိ၊
အဟံ ပန ဒါဒါ ဖြာဟ္မဏော ဓဟာမိ သတ္ထာ။

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၁၀၂။ ဘိက္ခဝေ၊ ရဟန်းတို့၊ တေရဟိ၊ ယခုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်၊ တဒါ၊ ထိုအခါ၌။ ကာဏော၊ ကျီးသည်။ အဟောသိ၊ ဖြစ်ပြီ။ တေရဟိ၊ ယခုအခါ၌၊ မာဏော၊ မာရ်သည်။ တဒါ၊ ထိုအခါ၌၊ ကဏှသပ္ပေါ၊ မြွေဟောက်သည်။ အဟောသိ၊ ဖြစ်ပြီ။ တေရဟိ၊ ယခုအခါ၌၊ အာနန္ဒော၊ အာနန္ဒာသည်၊ တဒါ၊ ထိုအခါ၌၊ ဘဒ္ဒြော၊ ကောင်းသော

www.dhammadownload.com

ကက္ကဋ္ဌကာ၊ ပုစ္ဆန်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဇတရဟိ၊ ယခုအခါ၌။ သတ္ထာ၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော၊ အဟံ၊ ငါသည်။ တဒါ၊ ထိုအခါ၌။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဟောမိ၊ ဖြစ်ပြီ။

သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ မျဉ်းစွာသော ရဟန်းတို့သည် သောတာပန် အစရှိသည် ဖြစ်ကုန်၏။ ကျိုးမကိုကား ဂါထာ၌ မဆိုအပ်၊ ထိုကျိုးမသည် စိဉ္ဆမာဏဝိကာ ဖြစ်၏၊ ဤသို့ မှတ်အပ်၏။

(ခဲ့ပြီးသောမိတ်ဆွေ၊ ကူညီလေ၊ မိတ်ဆွေကပ်ပါးအလကား။)

လေးခုတို့၏ ပြည့်ကြွေးဖြစ်သော သုဝဏ္ဏကက္ကဋဇာတ်သည် ပြီး၏။

၁၅-မယ္ဟကဇာတ်

လူသေအခါ စေတနာသုံးတန်ညီသင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော ဆယ့်ငါးမြတ်စွာဘုရားသည် "သကုဏော မယ္ဟကော နာမ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမယ္ဟကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အာဂန္တုသူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သာဝတ္ထိပြည်၌ အာဂန္တုကမည်သော သူဌေးသည် ကြွယ်ဝ၏၊ မျဉ်းစွာသောဥစ္စာရှိ၏။ ထိုသူဌေးသည်. ထိုဥစ္စာတို့ကို မိမိလည်း မသုံးဆောင်၊ သူတစ်ပါးတို့အားလည်းမပေး။ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို ဆောင်အပ်သည်ရှိသော် ထိုမြတ်သော ဘောဇဉ်တို့ကို မသုံးဆောင်၊ ပအုန်းရည်လျှင် အဘော်ရှိသော ဆန်ကဲ့ထမင်းကိုသာလျှင် စား၏။ အမှုးအကြွင်ဖြင့် ထုံအပ်သော ကာသိတိုင်း၌ ဖြစ်သော အဝတ်ကို ဆောင်အပ်သည်ရှိသော် ထိုအဝတ်တို့ကိုပယ်၍ ရုန်းရင်းသောအဝတ်တို့ကိုသာလျှင်ဝတ်၏။ အာဇာနည်မြင်းတသော ပတ္တမြားရွှေတို့ဖြင့် ဆန်းကြယ်သောရထားကို ဆောင်အပ်သည်ရှိသော် ထိုရထားကို ပယ်၍ သစ်သားရထားဖြင့် သွား၏၊ ရွှေထီးတို့ကို ဆောင်းအပ်သည်ရှိသော် ထိုရွှေထီးကိုပယ်၍ သစ်ရွက်ထီးကို ဆောင်းသဖြင့် သွား၏။

www.dhammadownload.com

ထိုအာဂန္တုက သူဌေးသည် အသက်ထက်ဆုံး အလှူ။ အစရှိသော ကောင်းမှုတို့တွင် တစ်ခုသော ကောင်းမှုမျှကိုလည်း မပြုဘဲ သေ၍ ရောရဝေ ငရဲ၌ ဖြစ်၏။ "ထိုသူဌေး၏ဥစ္စာသည် သားမရှိသောဥစ္စာတည်း" ဟု မင်း အိမ်သို့ ခုနစ်နေ့ ခုနစ်ရက်တို့ဖြင့် သွင်း၏။ ထိုဥစ္စာကို သွင်းပြီးသည်ရှိသော် မင်းသည် နံနက်စာ စားပြီးသောအခါ၌ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားကို ရှိခိုးလျက်နေ၏။ "မြတ်နေသောမင်းကြီး....ငါဘုရားအား ခစားခြင်းကို အဘယ်ကျောင့်မပြုသနည်း" ဟု မေးသည်ရှိသော် "အရှင် ဘုရား....သာဝတ္ထိမြို့၌ အာဂန္တုက အမည်ရှိသော သူဌေးသည် သေ၍ အရှင်မရှိသော ဥစ္စာတို့ကို အကျွန်ုပ်တို့၏အိမ်သို့ ဆောင်သော အကျွန်ုပ်အား ခုနစ်နေ့ ခုနစ်ရက်တို့သည် လွန်ကုန်၏။ ထိုသူဌေးသည်ကား ဤဥစ္စာတို့ကိုရ၍ မိမိသည်း မသုံးဆောင်၊ သူတစ်ပါးအားလည်း မပေး၊ ထို့သူဌေး၏ဥစ္စာသည် ရက္ခိုသ်စေးငှ်ဝေသော ရေကန်နှင့်တူ၏။ ထိုသူဌေးသည် တစ်နေ့မှလည်း မြတ်သောဘောဇဉ် အစရှိသည်တို့၏ အရသာကို မခံစား မူ၍လျှင် သေမင်း၏ခံတွင်းသို့ဝင်၏၊ ဤသို့ဝန်တိုသော နည်းသော ဘုန်း ရှိသော သတ္တဝါသည် အဘယ်ကိုပြု၍လျှင် ဤမျှလောက်သော ဥစ္စာကို ရသနည်း၊ အဘယ်ကြောင့်ကား၊ ထိုသူဌေး၏စိတ်သည် စည်းစိမ်တို့၌ မေ့မှ. လျော့သနည်း" ဟု မြတ်စွာဘုရားကို လျှောက်၏။ သဗ္ဗညုမြတ်စွာဘုရား သည် "မြတ်သောမင်းကြီး....ဥစ္စာရခြင်းကိုလည်းကောင်း, ဥစ္စာရ၍ မသုံး ဆောင်ရသောအဖြစ်ကို လည်းကောင်း ထိုသူဌေးသည်လျှင် ပြု၏" ဟု မိန့်တော်မူ၍ ဘောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီသူဌေးသည် သဒ္ဓါခြင်းမရှိ၊ ဝန် တို၏၊ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ဝတ္ထုကို်မပေး၊ တစ်စုံတစ်ယောက်သောသူ၏အလိုကို မလိုက်၊

ထိုသူဌေးသည် မင်းအား ခစားဖို့သာငှ သွားသည်ရှိသော် ဆုံမ်း အလို့ငှာလာသော တဂ္ဂရသိခမည်သော ပစ္စေကဗုဒ္ဓါကို်မြင်၍ ရှိခိုး၍ "အရှင်ဘုရား....ဆုံမ်းရပါ၏လော" ဟ မေး၍ "သူဌေးကြီး ရလတ္တံ.

www.dhammadownload.com

ဟူ၍ လှည့်ဆည်၏'' ဟု ဆိုသည်ရှိတော် အချင်းယောကျ်ားကို သွားစေ၍ ''ဤပစ္စေကဗုဒ္ဓါကို ငါတို့အိမ်သို့ပင့်၍ ငါ၏ပလ္လင်၌နေစေ၍ ငါတို့ပို့ စိရှင်ယပ်သော ထမင်းဖြင့် သပိတ်ကိုပြည့်စေ၍ လှူဆျေလော့'' ဟု စေလေ၏။ ထိုငယောကျ်ားသည် ပစ္စေကဗုဒ္ဓါကို ထိုအိမ်သို့ပင့်၍ နေစေ၍ ထူးဌေးမယားအား ကြား၏။ သူဌေးမယားသည် အထူးထူးမြတ်သော အရသာရှိသောဆွမ်းဖြင့် သပိတ်ကိုပြည့်စေ၍ တဂ္ဂသိခီ ပစ္စေကဗုဒ္ဓါအား လှူ၏။

အပရစေတနာ

ပစ္စေကဗုဒ္ဓါသည် ဆွမ်းကိုယူ၍ သူဌေးအိမ်မှထွက်၍ ခရီးအလယ်၌သွား၏။ သူဌေးသည် မင်းအိမ်မှ ပြန်သည်ရှိသော် ပစ္စေကဗုဒ္ဓါကိုမြင်၍ ရှိခိုး၍ ''အရှင်ဘုရား....ဆွမ်းရပါ၏လော'' ဟု လျှောက်၏။ ''ထူဌေးကြီး ရ၏'' ဟု ဆို၏။ သူဌေးကြီးသည် ဆွမ်းကိုကြည့်၍ စိတ်ကို ကြည်ညိုစေခြင်းငှာ မတတ်နိုင်။ ''ငါသည် ဤထမင်းကို ကျွန်တို့ကို လည်းကောင်း, အမှုလုပ်သောသူတို့ကို လည်းကောင်း စားစေရသည်ရှိသော် ခဲခက်သော အမှုကိုလည်း ပြုကုန်ရာ၏။ ငါ့အား ချုံးစွတကား'' ဟု အပရစေတနာကို ပြည့်စုံစွာ ပြုအံ့သောငှာ မတတ်နိုင်။

ပေးကမ်းလှူဒါန်းခြင်း

ထိုစကားသည် မှန်၏။ အလှူမည်သည်ကား သုံးပါးသောစေတနာကို ပြုအံ့သေးငှာ တတ်နိုင်သောသူအားသာလျှင် အကျိုးကြီး၏၊ အလှူကို မလှူမီ ရှေးဦးလျှင် ကောင်းသောစိတ် ရှိသည်ဖြင့်၍ လှူထု၏။ လှူစဉ် စိတ်ကို ကြည်ညိုခြင်းကို ဖြစ်စေရာ၏၊ လှူပြီး၍ ဝမ်းမြောက်ခြင်းကို ဖြစ်စေရာ၏။ ဤသည်ကား ကောင်းမှု၏ ပြည့်စုံခြင်းတည်း။

အလှူ၏အကျိုး

''မြတ်သောမင်းကြီး—အာဂန္တုကသူဌေးသည် တဂ္ဂသိခီဘုရားပစ္စေကဗုဒ္ဓါအား လှူသောအကြောင်းကြောင့် မျှားစွာသောဥစ္စာကိုရ၏၊ အပရစေတနာကို ပြုအံ့သောငှာ မစုံမ်းနိုင်သည်၏အဖြစ်ကြောင့် စည်းစိမ်ကို သုံးဆောင်အံ့သောငှာ မတတ်နိုင်'' ဟု ဟောတော်မူ၏။

www.dhammadownload.com

"ဘုန်းတော်ကြီးသော အရှင်ဘုရား...သားကိုကား အဘယ်ကြောင့် မရသနည်း" ဟု လျှောက်၏။ သမ္ဗည်မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး....သားမရခြင်း၏ အကြောင်းကိုလည်း ထိုသူပင်လျှင် ပြုအပ်၏" ဟု မိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန်ဆုပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားဒလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် မိဘတို့လွန်သဖြင့် ညီကို ယုံကြိုးဟ်းထောက်ပံ့၍ ဥစ္စာကိုစိရင်၍ အိမ်တံခါး၌ အလှူဘင်းကုပ် ဆောက်၍ ဆလှူကိုဖြစ်စေလျက် အိမ်၌နေ၏။

အစ်ကိုတောထွက်ပြီ

ထိုအခါ ဘုရားလောင်းဆား တစ်ယောက်သောသားကို ဖွဲးး၏။ ဘုရားလောင်းသည် ထိုသား ခြေဖြင့်သွားတတ်သောတာလ၌ ကာမတို့၏ အပြစ်ကိုလည်းတော်း၊ တောထွက်ခြင်း၌ အကျိုးကိုလည်းကောင်းမြင်၍ သားမယားတို့ကိုလည်းကောင်း၊ အလုံးစုံသော အိမ်၌ရှိသော ဥစ္စာတို့ကိုလည်းဆောင်း ဆောင်နှင်း၍ "မမေ့မလျော့အလှူကို ဖြစ်စေလော့" ဟု ဆုံးမ၍ ရသေ့ရဟန်းပြု၍ ဆဘိညာဉ်တို့ကို လည်းကောင်း၊ သမာဓိတ်ကို လည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာဆရပ်၌နေ၏။

ညီက တူကိုသတ်ခြင်း

ဘုရားလောင်း၏ ညီသည်လည်း သားတစ်ယောက်ကိုရ၏။ ထိုသူငယ်သည် သားကြီးသည်ကိုမြင်၍ "ငါ့အစ်ကိုသားသည် အသက်ရှည်သည်ရှိသော် ဥစ္စာကို နှစ်စုခဲ့ရသည် ဖြစ်လတ္တံ့၊ အစ်ကိုသားကိုသတဲ့အံ့" ဟု ကြံ၏။ ကြံပြီး၍ အစ်ကိုသားကို တစ်နေ့သ၌ မြစ်၌ နှစ်၍သတ်၏။ ရေချိုးလာသော ထိုသူငယ်ကို ဇနပုဒ်မယားသည် "ငါ့သား အဘယ်မှာနည်း" ဟု မေး၏၊ "မြစ်၌ ရေကစား၏၊ တိုအခါ သူငယ်ကို ရှာသည်ရှိသော် မမြင်" ဟု ဆို၏။ အစ်ကို၏မယားသည် ငိုကြွေးမြည်တမ်း၍ ဆိတ်ဆိတ်နေ၏။

www.dhammadownload.com

အစ်ကိုရသေ့ကြီးတရားပြ

ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ "ဤအမှု ထင်စွာပြုအံ့" ဟု ကောင်းကင်ဖြင့် လာ၍ ဗာရာဏသီပြည်၌ သက်၍ ကောင်းစွာ ဝတ်ရုံအပ်သည်ဖြစ်၍ ထိုသူဌေးအိမ်တံခါး၌ ရပ်၍ "အလှူတင်းကုပ်ကိုလည်း ဤသူယုတ်သည် ဖျက်ဆီးအပ်၏" ဟု ကြံ၏။ ညီသည်လည်း ဘုရားလောင်း လာဒသာဇာဖြစ်ကို သိ၍ လာလတ်၍ ဘုရားလောင်းကိုရှိခိုး၍ ပြာသာဒ်သို့ တင်၍ ကောင်းသောဒဘာဇဉ်ကို ကျွေး၏။

ဘုရားလောင်းသည် ဆွမ်းစားပြီးသောကိစ္စအဆုံး၌ ချမ်းသာစွာသော စကားဖြင့် နေလျက် "သူငယ်သည် မထင်၊ သူငယ်သည် ဇာဘယ်သို့ သွားသနည်း" ဟု မေး၏၊ "အရှင်ဘုရား....သေ၏" ဟု ဆိုသည်ရှိသော် "ဇာဘယ်အကြောင်းကြောင် သေသနည်း" ဟု မေး၏။ "ရေဇစားရာ၌ ဤမည်သော ဇာကြောင်းကြောင့် သေသည်ဟူ၍ မသိ" ဟု ဆို၏။ "ယုတ်မာသောယေးကျား....သင်သည် ဇာဘယ်မှာသိလတ္တံ့နည်း၊ သင်ပြုအပ် သောအမှုသည် ငါ့အား ထင်သည်မဟုတ်၊ လာ၊ သင်သည် ဤမည်သော ဇာကြောင်းကြောင့် ထိုသူငယ်ကို သတ်သည်မဟုတ်လော၊ သင်သည် မင်း အစရှိသည်တို့၏ဇာစွမ်းအားဖြင့် ဖျက်ဆီးအပ်သောဥစ္စာကို စောင့်ရှောက် ခြင်းငှာ တတ်နိုင်လတ္တံ့လော၊ မယ္ဟကင္ဂင်၏ လည်းကောင်း၊ သင်၏လည်း ထူးသောဇာကြောင်းသည် အသို့ရှိသနည်း" ဟု ဆို၍ ထို့နောက်မှ ဘုရား လောင်းသည် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ထိုသူဌေးအား တရား ဟောလိုသည်ဖြစ်၍-

၁၀၃။ သကုဏော မယ္ဟကော နာမ၊ ဂိရိသာနုဒရီစရော။
ပက္ကံ ပိပ္ပလိ မာရုယ္ဟ၊ မယ္ဟံ မယ္ဟဿ္မိ ကန္ဒတိ။

၁၀၄။ တသ္မော ဝိလပန္တသ္မာ၊ ဒိဇသဃ်ာ သမာဂတာ။
ဘုတ္တာန ပိပ္ပလိံ ယန္တိ၊ ဝိလပတ္တော သော ဒိဇော။

၁၀၅။ ဧဝမေဝ ဣဓေကစ္စော၊ သယ်ဂိတ္တာ ဗဟုံ ဓနံ၊
နေဝတ္တာနာ နာ ဥတိံ၊ ယံ ဓာဓိံ ပဋိပဇ္ဇတိ။

၁၀၆။ နာ သော ဆစ္ဆာဒနံ ဘတ္တံ၊ နာ မာလံ နာ ဝိလေပနံ။
နာနုဘောတိ သကိံ ကိဉ္စိ၊ နာ သံ ဏာတိ ဥတကော။

www.dhammadownload.com

၁၀၇။ တသ္မေဝံ ဝိလပန္တိသ္သး မယ္ဂံ မယ္ဂန္တီ ရက္ခတေဝ။
ဆုဇာနေ အထဝါ စောရာ၊ ဒုါယာဒါ ယေဝ အပ္ပိယာ။
ဓန မာဒါယ ဂစ္ဆန္တီ၊ ဝိလပန္တံ ဝေ နရာ။

၁၀၈။ ဓိရော ဘာဒဂ အဓိဂမ္မ၊ သံဂျာတိ စ ဉာတကေ။
တေန် သော ကိတ္တိံ ပပ္ပေါတိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ.

ဟူကုန်သော ဤဂါထာတို့ကို ဆို၏။

၁၀၃။ ဂိရိသာနုဒရီစရော၊ တောင်လျှဉ် တောင်ဝှမ်းခြောက်ကြား၌ ကျက်စား၏။ မယ္ဂံကော နာမ၊ မယ္ဂက အမည်ရှိ၏။ သကုဏော၊ ငှက်သည်။ ပက္ကံ၊မှည့်သော။ပိပ္ပလိံ၊ညောင်ကြွတ်ပင်သို့။ အာရုယှ၊တက်၍။ မယ္ဂံ မယ္ဂန္တီ၊ ငါ့ဥစ္စာ ငါ့ဥစ္စာ ဟူ၍။ ကန္ဒတိ၊မြည်၏။

၁၀၄။ တဿ၊ထိုငှက်၏။ ဝိလပန္တံသဝေ၊မြည်တမ်းစဉ်လျှင်။ ဒိဇသင်္ဃာ၊ငှက်အပေါင်းတို့သည်။ သမာဂတာ၊ စည်းဝေးကုန်၍။ ပိပ္ပလိံ၊ ညောင်ကြွတ်သီးကို၊ ဘုတ္တာန၊စား၍။ ယန္တိ၊ပျံကြကုန်၏။ သော ဒိဇော၊ ထိုငှက်သည်။ ဝိသဝတ္တေ၀၊မြည်တမ်းသလျှင်ကဲ့တည်း။

၁၀၅။ ဇဝမေဝ၊ဤအတူလျှင်၊ ဣဓ၊ဤလောကဿ်၌၊ ဧတဒေဝ၊အချို့သောသူသည်။ ဗဟုံ၊ များစွာသော။ ဓနံ၊ဥစ္စာကို၊ သင်္ခရိတ္တာ၊ စုရုံး၍ အတ္တာန၊မိမိသည်။ နေဝ ပရိဘုဥ္ဇတိ၊ မသုံးဆောင်သလျှင်ကဲ့သည်း၊ ဉာတိနံ၊ ဆွေမျိုးတို့အား။ နဒေတိ၊ မပေးသလျှင်ကဲ့သည်း၊ ယထောဓိံ၊ အစုအားလျှက်။ နပဋိပဇ္ဇတိ၊ခကျင့်။

၁၀၆၊ သော၊ထိုသူသည်။ အစ္ဆာဒနံ၊ဆောက်ဇရုံကို၊ နာနုဘောတိ၊ မသုံးဆောင်း၊ ဘတ္တံ၊ထမင်းကို။ နာန္နဘောတိ၊မသုံးဆောင်း၊ မဒ္ဒလံ၊ ပန်းကို၊ နာနုဘောတိ၊ မသုံးဆောင်။ ဝိဒလပနံ၊ နံ့သာပျောင်းကို။ နာနုဘောတိ၊မသုံးဆောင်။ သကိံ၊ တစ်ကြိမ်မျှလည်း၊ ကိဉ္စိ၊တစ်စုံတစ်ခုကို။ နာနုဘာတိ၊မသုံးဆောင်။ ဉာတကာ၊ ဆွေမျိုးတို့ကို၊ နသံဂဏှာတိ၊ မထောက်ပံ။

၁၀၇။ မယ္ဂံ မယ္ဂန္တီ၊ငါ့ဥစ္စာ ငါ့ဥစ္စာ ဟူ၍၊ ဝိလပန္တံသော၊မြည်တမ်းလျှက်၊ ရက္ခမတာ၊ စောင့်သော၊ တဿ၀၊ထိုသူ၏လျှင်၊ ဓနံ၊ဥစ္စာကို။

www.dhammadownload.com

အာပိယာ၊မချစ်အပ်ကုန်သော။ ယေဝါဒါယာဒါ၊ အကြင်အမွေခံတို့သည်လည်းကောင်း။ ထာဇာနောဝါ၊မင်းတို့သည်လည်းကောင်း။ အထ၊ထိုမြို့။ စောရာဝါ၊ခိုးသူတို့သည်ထည်းကောင်း။ ဓနံ၊ဥစ္စာကို။ အာဒါယ၊ယူ၍။ ဂစ္ဆန္တိ၊သွားကုန်၏။ သော နရော၊ ထိုသူသည်။ ပိုလပတ္တော၀၊ မြည်တမ်းရုံသာလျှင်တည်း။

၁၀၈။ ဓိရော၊ပညာရှိသော။ နရော၊လူသည်။ ဘောဂေ၊ဥစ္စာတို့ကို။ အဓိဂမ္မ၊ရ၍။ ညာတကေ စ၊ ဆွေမျိုးတို့ကိုလည်း။ သံဂဏှိတိ၊ ထောက်ပံ့၏။ တေန၊ ထိုထောက်ပံ့ခြင်းဟူသော အကြောင်းကြောင့်။ သော၊ ထိုပညာရှိသည်။ ကိတ္တိံ၊ ကျော်စောခြင်းသို့။ ပဘဿတိ၊ရောက်၏။ ပေစ္စ၊ တမလုန်ဘ၀၌။ သဂ္ဂေ၊နည်ပြည်၌။ ပမောဒတိ၊ မွေ့လျော်ရ၏။

ဤသို့ ဘုရားလောင်းသည် သူဌေးဖား တရားဟော၍ ဆလ္လူကို ပကတိရှိသည်ကို ပြုစေ၍ ဟိမဝန္တံဝ အရပ်သို့သာလျှင် သွား၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ပြဟ္မဉ်ပြည်သို့ လားလေ၏။

ဇာတ်ပေါင်း။ သပ္ပညူမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင်တော်မူ၍ "မြတ်သောမင်းကြီး....ဤသို့လျှင် အာဂန္တုက သူဌေးသည် အစ်ကိုသားအား သတ်အပ်သည်၏ အဖြစ်ကြောင့် ဤမျှလောက်သော ကာလပတ်လုံး သားသမီးကိုမရ" ဟု မိန့်တော်မူ၍ "ယခုအခါ အာဂန္တုက သူဌေးသည် ထိုအခါ ညီဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အစ်ကိုဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မယ္ဘကဒုက်၊ မဲ့ရေးရက်၊ ကိုယ်တွက်ကျိုးမထင်။)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော မယ္ဘကဇာတ်သည် ပြီး၏။

၁၆-ဝိဋ္ဌာဓရဇာတ်

မှားသောအယူကို ပယ်ဖျောက်ခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သပ္ပညူမြတ်စွာဘုရားသည် "ဒုဇ္ဇဏ္ဍရုပ်" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိဋ္ဌာဓရဇာတ်ကို ဇေတဝန်ကျောင်း

www.dhammadownload.com

တော်၌ သီတင်းသုံးနေတော်မူစဉ် လေးက၏အကျိုးငှာ ကျွင်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် ဓမ္မာကာသဇာတ်၌ ထင်ရှားစွာ ဖြစ်လတ္တံ့.။)

ထိုအခါ၌ကား သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်းတို့.... ငါဘုရားသည် ယခုအခါ၌သာလျှင် လောက၏ အကျိုးငှာ ကျွင်ခြင်းကို ကျွင်သည်မဟုတ်သေး၊ ရှေးဘဝလည်း ငါဘုရားသည် လောက၏ အကျိုးငှာ ကျွင်ခြင်းကို ကျွင်ဖူးသလျှင်ကတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏။

ဝိဇ္ဇာမိုရ်မတရားကျင့်

ထိုအခါ ဝိဇ္ဇာမိုရ်တစ်ယောက်သည် မန္တရားကိုမန်း၍ သန်းခေါင်ယံ၌ လာလတ်၍ ဗာရာဏသီမင်း၏ မိဖုရားနှင့်တကွ မွေ့လျော်၏။ မိဖုရား၏ အလုပ်အကျွေးတို့သည် သိကုန်၏။ ထိုမိဖုရားသည် မိမိအလိုလိုသာလျှင် မင်းသို့ကပ်၍ "အရှင်မင်းကြီး.... တစ်ယောက်သော ယောကျ်ားသည် သန်းခေါင်ယံအခါ၌ ကျက်သရေတိုက်ခန်းသို့ဝင်၍ အကျွန်ုပ်ကို ဖျက်ဆီး၏"ဟု ဆို၏။ "တစ်စုံတစ်ခုသော အမှတ်ကို ပြုအံ့သောငှာ တတ်နိုင်လတ္တံ့သော"ဟု ဓမ်း၏။ အရှင်မင်းကြီး.... တတ်နိုင်၏"ဟု ဆို၍ ထိုမိဖုရားလည်း ဟင်းသပြဒါးစစ်ခွက်ကို ဆောင်စေ၍ ညဉ့်အခါ၌လာ၍ မွေ့လျော်၍သွားသော ယောကျ်း၏ကျောဌ လက်ငါးခြောင်းရုပေး၍ စောစောကလျှင် မင်းကိုကြား၏။ မင်းသည် လူတို့အား "သွားကြကုန်လော့၊ အရပ်တို့၌ကြည့်၍ ဟင်းသပြဒါး လက်ငါးခြောင်းရှာရှိသော ယောကျ်းကို ဖမ်းကြကုန်လော့" ဟု စေ၏။

ရဟန်းယောင်ဆောင်

ဝိဇ္ဇာမိုရ်သည်လည်း ညဉ့်အခါ၌ လွန်ကျူးသောအကျင့်ကို ကျင့်၍ နေ့အခါ၌ သုသာန်၌ နေကိုရှိခိုးလျက် ခြေတစ်ဖက်ဖြင့် ရပ်၍နေ၏။ မင်းချင်းတို့သည်ထိုဝိဇ္ဇာရ်ဓုကိုမြင်၍ ခြံရံကုန်၏။ ဝိဇ္ဇာဓုရ်သည် "ငါ၏

www.dhammadownload.com

အမှုသည် ထင်သည် ဖြစ်၏''ဟု မန္တန်းများကိုမှန်း၍ ကောင်းကင်သို့ ပျံ၍ သွား၏။ မင်းသည် ထိုလူတို့ကို မြင်၍ ရောက်လာသော ယောကျ်ားတို့ကို ''မြင်ကြကုန်၏လော''ဟု မေး၏။ ''မြင်ကုန်၏''ဟု ဆို၏။ ''ထိုသူကား အာဘယ်အမည်ရှိသော သူနည်း''ဟု မေး၏။ ''ရှင်မင်းကြီး....ရဟန်းတည်း၊ ထိုရဟန်းသည် ညဉ့်အခါ၌ လွန်ကျူးသော ဆကျင့်ကို ကျင့်၍ နေ့အခါ ရဟန်းအသွင်ဖြင့် နေ၏''ဟု ဆို၏။

ရဟန်းများကို နှိုင်ငံမှန်

မင်းသည် ''ရဟန်းတို့သည် နေ့ဆာခါ ရဟန်းအသွင်ဖြင့်ကျင့်၍ ညဉ့်အခါ တွန်ကျူးသောအကျင့်ကို ကျင့်ကြကုန်၏''ဟု ရဟန်းတို့ဆား အမျက်ထွက်၍ မှားသောအယူကိုယူ၍ ''ငါ၏ နှိုင်ငံမှ ခပ်သိမ်းကုန်သော ဤရဟန်းတို့သည် ပြေးစကုန်သတည်း၊ မြင်တိုင်း မြင်တိုင်းသော ဆရပဲ၌ မင်းဒဏ်ပြုကုန်လတ္တံ့''ဟု စည်လည်စေ၏။ ခပ်သိမ်းကုန်သော ရဟန်းတို့သည် ယူဇနာသုံးထွာ အတိုင်းဖြစ်သည်ရှိသော ကာသိတိုင်းမှ ပြေးကုန်၍ တစ်ပါးသော မင်းနေပြည်သို့ သွားကြကုန်၏။ အလုံးစုံသော ကာသိတိုင်း၌ နေကုန်သော လူတို့ဆား ဆဆုံးအမကို ပေးတတ်သော၊ တထုံးစေ့ငံ့သော၊ တစ်ယောက်သော ရဟန်းပုဏ္ဏားမျှလည်း မရှိသည်ဖြစ်၏။ ဆဆုံးအမကို မခံရကုန်းသာ်လူတို့သည် ကြမ်းကြုတ်ကုန်သည် ဖြစ်ကုန်၏၊ အလှူသီလတို့မှ လွတ်ကုန်၏။ သေတိုင်း သေတိုင်းကုန်သော လူတို့သည် များသောဆားဖြင့် ဆပါယ်တို့၌ ဖြစ်ကုန်၏။

သိကြားမင်း ရဟန်းနှင့်လာ

နတ်ပြည်၌ဖြစ်သော သူတို့မည်သည်မရှိကုန်။ သိကြားမင်းသည် ဆသစ်ဖြစ်ကုန်သော နတ်သားတို့ကို မမြင်၍ ''ဆကြောင်းဆသို့နည်း'' ဟု ဆင်ခြင်လတ်သော် ဝိဇ္ဇာမိုရ်ကိုမှီ၍ ပဗာထုဏာသိမင်းသည် အမျက်ထွက်သဖြင့် မှားသောအယူကိုယူ၍ ရဟန်းတို့ဆား တိုင်းနှိုင်ငံမှ နှင်ထုတ်သည်၏အဖြစ်ကိုသိ၍ ''ငါ့ကိုထား၍ ငါမှတစ်ပါးသော ဤမင်း၏ မှားသောအယူကို ဖျက်ဆီးအံ့သောငှာ စွမ်းနိုင်သောသူ မည်သည်မရှိ၊ မင်း၏လည်းကောင်း, တိုင်းနှိုင်ငံသူတို့၏ လည်းကောင်း ကိုးကွယ်ရာဖြစ်အံ့'' ဟု ကြံ၍ နန္ဒမူလိုဏ်၌

www.dhammadownload.com

ပစ္စေကဗုဒ္ဓါတို့၏ အထံသို့သွား၍ရှိခိုး၍ ''အရှင်ဘုရားတို့....အကျွန်ုပ်အား တစ်ပါးသော သံဃထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓါကို ပေးပါကုန်လော့၊ ကံသိတိုင်းကို ကြည့်ညို့စေအံ့'' ဟု ဆို၍ သိကြား‌မင်းသည် သံဃထေရ်ကိုလျှင် ရ၍သွား၏။ ထိုအခါ ထိုပစ္စေကဗုဒ္ဓါ၏ သပိတ်သင်္ကန်းကို ယူ၍ ပစ္စေကဗုဒ္ဓါကို ရှေ့မှကြွစေ၍ မိမိ နောက်မှလိုက်၍ ဦးခေါင်း၌ လွှက်အုပ်ကိုထား၍ ပစ္စေကဗုဒ္ဓါကို ရှိခိုးလျက် မြတ်သောအဆင်းကို ဆောင်သော လုလင်ငယ်ဖြစ်၍ မြို့၏ထိပ်ဖြင့် သုံးကြိမ်လှည့်၍ မင်းအိမ်တံခါးသို့သွား၍ ကောင်းကင်၌ရပ်၏။

သင်မည်သူနည်း

အမတ်တို့သည် ''မြတ်သောမင်းကြီး....အလွန်အဆင်းလှသော လုံလင်ငယ်သည် ရဟန်းတစ်ပါးကို ပင့်၍ မင်းအိမ်တံခါးဝယ် ကောင်းကင်၌ရပ်၏'' ဟု မင်းအား ကြားကုန်၏။ မင်းသည် နေရာမှထ၍ ခြေသုံ့ခံသော ပြတင်း၌ရပ်၍ ''လုံလင်....သင်သည် အလွန် အဆင်းလှသည်ဖြစ်လျက် အာဘာယ်ကြောင့် အဆင်းမလှသော ထိုရဟန်း၏ သပိတ်သင်္ကန်းကို ယူ၍ ရှိခိုးလျက် တည်သနည်း'' ဟု သိကြားမင်းနှင့်တကွစကားပြောလိုရကား-

၁၀၉။ ဒုဗ္ဗဏ္ဏရူပံ တွံ မရိယဝဏ္ဏီ၊
ပုရက္ခတွာ ပဉ္ဇလိကော နမဿသိ။
သေယျော နု သော သော ဥဒါဟု သရိက္ခော၊
နာမံ ပရဿတ္တံနော စာပိ ပြူဟိ-

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၀၉။ ဓာဏဝ၊ လုလင်။ တုံ၊ သင်သည်။ အရိယဝဏ္ဏီ၊ ကောင်းသောအဆင်း ရှိသည်ဖြစ်လျက်။ ဒုဗ္ဗဏ္ဏရူပံ၊ အဆင်းမလှသောရဟန်းကို။ ပုရက္ခတွာ၊ ရှေ့ထား၍။ ပဉ္ဇလိကော၊ လက်အုပ်ချီလျက်။ နမဿသိ၊ ရှိခိုး၏။ သော၊ ထိုရဟန်းသည်။ တေ၊ သင့်ထက်။ သေယျော နု၊ မြတ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ သရိက္ခော နု၊ တူသလော။ ပရဿ စာပိ၊ တစ်ပါးသောရဟန်း၏ လည်းကောင်း။ အတ္တနော စာပိ၊ မိမိ၏ လည်းကောင်း။ နာမံ၊ အမည်ကို။ ပြူဟိ၊ ဆိုပါလော့။

F• ၂၀-၁၁၀(တ-တွဲ)

www.dhammadownload.com

ငါသိကြားမင်း

ထိုအခါ ထိုမင်းကြီးကို သိကြားမင်းသည် "မြတ်သောမင်းကြီး... ရဟန်းမည်သည်ကား အရိုအသေပြုဖွယ်သော အာဏာ၌တည်၏၊ အကြင် အမည်ဖြင့် ခေါ်ဝေါ်ခြင်းငှာမမူ။ ငါ့အား အကြင်အမည်သည် ရှိ၏၊ ထိုအမည်ကို သင့်အားဆိုအံ့" ဟု ဆိုလိုသော်

၁၁၀။ နု နုဒမ ဂေါတ္တံ ဂဏ္ဌန္တိ ဆုဇ၊
သမ္မဂ္ဂတာ နှုဇုဂတာနံ ဒေဝါ၊
အဟဉ္စ တေ နာမမေယျံ ဝဒါမိ၊
သက္ကော ဟမသ္မိ တိဒသာန မိန္ဒော-

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကိုဆို၏။

၁၁၀။ ဆုဇ၊ မင်းမြတ်။ သမ္မဂ္ဂဘာနံ၊ အရဟတ္တဖိုလ်သို့ရောက်ကုန်ပြီးသော။ ဥုဇုဂတာနံ၊ အဋ္ဌင်္ဂိကမဂ်ဖြင့် နိဗ္ဗာန်သို့ ဖြောင့်စွာ ရောက်ကုန်ပြီးသော စိတ်သုဒ္ဓိနတ်တို့၏။ နာမဓေယျံ၊ အမည်အနွယ်ကို၊ ဒေဝါ၊ ဥပပတ္တိနတ်တို့သည်၊ နု ဂဏ္ဌန္တိ၊ မယူကုန်၊ အဟဉ္စ၊ ငါသည်လည်း။ နာမဓေယျံ၊ ဝါ၏အမည်ကို၊ တေ၊ သင့်အား။ ဝဒါမိ၊ ဆိုအံ့၊ အဟံ၊ ငါသည်။ တိဒသာနံ၊ တာဝတိံသာနတ်တို့ကို၊ ဣန္ဒော၊ အစိုးရသော။ သက္ကော၊ သိကြားသည်၊ အသ္မိ၊ ဖြစ်၏၊

ဘုရားရှိခိုး၊ ဘဝအကျိုးရှိ

၁၁၁။ ယော ဒီဃော ဘိက္ခု စရဏူပပန္နံ၊
ပုရက္ခတွာ ပဉ္ဇလိကော နမဿတိ၊
ပုဏ္ဏမိ တံ ဒေဝဏ္ဍဇေ တမတ္ထံ၊
ဣတော စုတော ကိံ လဘတေ သုခံ သော-

ဟူသော သုံးခုမြောက်သော ဂျိဂါထာဖြင့် ရဟန်းတို့အား ရှိခိုးခြင်း၏ အကျိုးကို ပေး၏၊

၁၁၁။ ဧဒှဝဏ္ဍဇေ၊သိကြားမင်း၊ ယော၊ အကြင်သူသည်၊ စရဏူပပန္နံ သီလအကျင့်နှင့်ပြည့်စုံသော၊ ဘိက္ခုံ၊ ရဟန်းကို၊ ဒီဃံ၊ မြင့်၍၊ ပုရက္ခတွာ၊

www.dhammadownload.com

ရှေ့ထား၍၊ ပဥ္စာလိကော၊ လက်အုပ်ချီလျက်၊ နမဿတိ၊ ရှိခိုး၏၊ သော၊ ထိုသူသည်၊ ဣတော၊ ဣတောဘဝမှ၊ စုတော၊ စုတောသည်ရှိသော်၊ ကိုယ်သုခ ဆာဘယ်ချမ်းသာကို၊ လဘတေ၊ ရသနည်း။ အဟံ၊ ငါသည်၊ တေမတ္တံ၊ ထိုဆရာကြွင်းကို၊ တံ၊ သင့်ကို။ ပုစ္ဆာမိ၊ မေး၏။

မျက်မှောက် ချီးမွမ်းခံ၊ သေလွန် နှုတ်ပြည်ရောက်

သိကြားမင်းသည်-

၁၁၂။ ယော ဒိဿာ ဘိက္ခုံ စရဏာပသန္နံ၊
ပုရက္ခတွာ ပဥ္စလိကော နမဿတိ၊
ဒိဋ္ဌေဝ ဓမ္မေ လဘတေ ပသံသံ၊
သဂ္ဂဉ္စ သော ယာတိ သရီရဘေဒါ-

ဟူသော လေးခုမြောက်သော ဣဂါထာဖြင့် ရှိခိုးခြင်း၏အကျိုးကို ဆို၏။

၁၁၂။ ရာဇာမင်းမြတ်။ ယော၊အကြင်သူသည်။ စရဏူပသန္နံ၊ သီလအကျင့်နှင့် ပြည့်စုံသော။ ဘိက္ခုံ၊ရဟန်းကို။ ပုရက္ခတွာ၊ရှေ့ထား၍၊ ပဥ္စလိကော၊လက်အုပ်ချီလျက်။ နမဿတိ၊ရှိခိုး၏။ သော၊ထိုသူသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌လျင်။ ပသံသံ၊ ချီးမွမ်းခြင်းကို။ လဘတေ၊ရ၏။ သရီရဘေဒါ၊ခန္ဓာကိုယ်ပျက်သည်မှ။ ပရံ၊နောက်၌၊ သဂ္ဂဉ္စ၊ နှုတ်ပြည်သို့လည်း။ ယာတိ၊ရောက်၏။

ကောင်းမှုပြုတော်မူသည်

မင်းသည် သိကြားမင်း၏စကားကို ကြား၍ မိမိမှားသော အယူကို ဖျက်၍ နှစ်သက်သော စိတ်ရှိရကား-

၁၁၃။ လက္ခီ ဝတ မေဉ္ဇဒပါဒိ အဇ္ဇ၊ ယံ ဝါသဓံ ဘူတပတိဒ္ဓသာမ။
ဘိက္ခုဉ္စ ဒိဿာန တုဝဉ္စ သက္က၊ ကာဟာမိ ပုညာနိ အနပ္ပကာနိ-

ဟူသော ငါးခုမြောက်သော ဣဂါထာကို ဆို၏။

၁၁၃။ သက္က၊သိကြားမင်း။ အဇ္ဇ၊ယခု။ ဝတ၊စင်စစ်။ မေ၊ ငါ့အား။ လက္ခီ၊ဘုန်းကျက်သရေသည်။ ဇဒပါဒိ၊ထင်ရှားဖြစ်၏။ ဘူတပတိ၊ နတ်

www.dhammadownload.com

တို့ကို အစိုးရသော။ ဝါသဝဲဥ္စ၊သိကြွားမင်းကိုလည်း။ အဒ္ဒဿမ၊မြင်ကုန်၏။ ဘိက္ခုဥ္စ၊ရဟန်းကို လည်းကောင်း။ တုဝဥ္စ၊သင်သိကြွားမင်းကို၊လည်းကောင်း။ ဒိဿွာန၊မြင်၍။ ဆဟံ၊ ငါသည်။ ဆနုပ္ပကာနိ၊ မျှားစွာကုန်သော။ ပုညာနိ၊ကောင်းမှုတို့ကို။ ကာဟာမိ၊ပြုအံ့။

ဘုရင်ချီးမွမ်းခံရ

ထိုစကားကိုကြား၍ သိကြွားမင်းသည် ပညာရှိသော မင်းကို ချီးမွမ်းလိုသ့ကား-

၁၁၄။ သဒ္ဓါ ဟဒေ သေဝေတဗ္ဗာ သပ္ပညော၊
ဗဟုဿုတာ ဗဟုဥ္ဂဟာနစိန္တိနော။
ဘိက္ခုဥ္စ ဒိဿွာန မမဥ္စ ရာဇ၊
ကဒရာဟိ ပုညာနိ အာနုပ္ပကာနိ-

ဟူသော ခြောက်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၁၄။ ရာဇ၊မင်းမြတ်။ ဟဒေ၊စင်စစ်။ သဒ္ဓါ၊သဒ္ဓါခြင်း ရှိကုန်သော။ သပ္ပညော၊ပညာရှိကုန်သော။ ဗဟုဿုတာ၊မျှားစွာသော အကြွား အမြင် ရှိကုန်သော။ ဗဟုဥ္ဂဟာနစိန္တိနော၊ မျှားစွာကုန်သော အကြောင်းတို့ကို ကြံခြင်းငှာ စွမ်းနိုင်ကုန်သော သူတို့ကို။ သေဝေတဗ္ဗာ၊ မှီဝဲအပ်ကုန်၏။ ဘိက္ခုဥ္စ၊ရဟန်းကိုလည်းကောင်း။ မမဥ္စ၊ ငါ့ကိုလည်းဆောင်း။ ဒိဿွာန၊ မြင်၍။ အာနုပ္ပကာနိ၊ မျှားစွာကုန်သော။ ပုညာနိ၊ကောင်းမှုတို့ကို။ ကရော ဟိ၊ ပြုလော့။

ကိုးကွယ်ပါတော့မည်

ထိုစကားကိုကြား၍ မင်းသည်-

၁၁၅။ အက္ကောဓနော နိစ္စံပသန္နစိတ္တော၊
သဗ္ဗာတိထိ ယာစယောဂေါ ဘဝိတ္တာ။
နိဟစ္စ မာနံ အာဘိဝါဒယိသံ၊
သုတ္တာန ဒေဝိန္ဒ သုဘာသိတာနိ-

ဟူသော အဆုံးဖြစ်သော ဂျိဂါထာကို ဆို၏။

www.dhammadownload.com

၁၁၅။ ဒေဝိန္ဒ၊ သိင်္ဂြီးမင်း။ သုတသိတာနို၊ကောင်းစွာ ဆိုအပ်ကုန်သော သိင်္ဂြီးမင်း၏စကား၊တို့ကို။ သုတ္တာန၊ နာရ၍။ အင်္ကောဓနော၊ အမျက်မထွက်သည် ဖြစ်၍။ နိစ္စံ အမြဲ။ ပဿန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သဗ္ဗာတိထီယာ၊ဃောဓဂါ၊ ခပ်သိမ်းကုန်သော ဤသည် အာဂန္တုတို့၏ တောင်းအပ်သော အဖြစ်နှင့် ယှဉ်သည်။ ဘဝိတ္ထ၊ ဖြစ်၍။ နိဟစ္စမာနံ၊ ဒထိပါး၊ သော စိတ်ရှိသည်ဖြစ်၍။ ဝါ-ကား။ မာနံ၊ မာနကို။ နိဟစ္စ၊ ချ၍။ ဆာဘိဝါ-ဒယိဿံ၊ ရှိခိုးအံ့။

ပစ္စေကဗုဒ္ဓါ၏ သြဝါဒ

ဤသို့ဆို၍လည်း ပြာသဒ်မှသက်၍ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍ "မြတ်စသောမင်းကြီး....ညှဉ်အခါ သင်၏နန်းတွင်း၌ ဖြစ်ပွားသော သူသည် ဝိဇ္ဇာခိုရိတည်း၊ ရဟန်းမဟုတ်၊ သင်သည် ဤနေ့မှစ၍ လောကသည် အချည်းနှီးခဟုတ်၊ တရားစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏ဟု သိ၍ အလှူပေးလော့၊ သီလ ဆောက်တည်လော့၊ ဥပုသ်သုံးခလော့" ဟု မင်းကို ဆို၏။

အားလုံး ကောင်းပြီ

သိင်္ဂြီးမင်းသည်လည်း သိင်္ဂြီး၏ အာနုဘော်ဖြင့် ကောင်းကင်၌ ရပ်၍ "ဤနေ့မှစ၍ မနေ့မလျှဉ် ဖြစ်ကြကုန်လော့" ဟု မြို့သူတို့အား အဆုံးအမကိုပေး၍ "ပြေးကုန်သော ရဟန်းပုဏ္ဏားတို့အား လာစေကုန်သတည်း" ဟု စည်လှည့်စေ၏။ ထိုအခါနှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါ, သိင်္ဂြီးတို့သည်လည်း မိမိနေရာသို့လျှင် သွားကုန်၏။ မင်းသည် ပစ္စေကဗုဒ္ဓါ၏အဆုံးအမ၌တည်၍ အလှူ အစရှိသော ကောင်းမှုတို့ကို ပြု၏။

ဇာတ်ဒေပါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤ ဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန် စံးတော်မူပြီ။ "ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိင်္ဂြီးမင်းဖြစ်ပြီ" ဟု ဇာတ်ကို ဒေါင်းတော်မူ၏။

(ရဟန်းသံဃာ၊ စိစစ်ကာ၊ ကောင်းစွာကိုးကွယ်သင့်။)

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝိဇ္ဇာဓရဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၇-သီဃံဒပုပ္ဖဇာတ်

ဆုံးမလွယ်သော သူကိုသာ ဆုံးမထိုက်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယမေတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီဃံပုပ္ဖဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု၊ ထိုရဟန်းသည် ဇေတဝန်ကျောင်းတော်မှ ထွက်၍ ကောသလတိုင်း၌ တစ်ခုသော တောကိုမှီ၍ နေသည်ရှိသော် တစ်နေ့သ၌ ပဒုမာအိုင်သို့သွား၍ ကောင်းစွာပွင့်သော ပဒုမာကိုမြင်၍ လေကြွေ့ရပ်၍ အနံ့ကိုခံ၏။ ထိုအခါ ထိုရဟန်းကို ထိုတော၌စောင့်သော နတ်သမီးသည် "ဆင်းရဲကင်းသော ရှင်ရဟန်း.... ဤသို့သော အကျင့်သည် အနံ့ကိုခိုးသော အကျင့်တည်း"ဟု ထိတ်လန့်စေ၏။ ထိုရဟန်းသည် ထိုနတ်သမီးသည် ထိတ်လန့်စေအပ်သည်ရှိသော် တစ်ဖန် ဇေတဝန်ကျောင်းတော်သို့လာ၍ သဗ္ဗညုမြတ်စွာဘုရားကို ရှိခိုး၍ နေလျက် "ရဟန်း- အဘယ်၌နေသနည်း" ဟုမေးတော်မူသည်ရှိသော် "ဤအမည်သော တောအရပ်၌နေ၏၊ ထိုအရပ်၌လျှင် နတ်သမီးသည် ဤသို့ထိတ်လန့်စေ၏"ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်း ပန်းကိုနမ်းသော သင်ရဟန်းကိုသာလျှင် နတ်သမီးသည် ထိတ်လန့်စေသည် မဟုတ်သေး၊ ရှေးပညာရှိတို့ကိုလည်း ထိတ်လန့်စေဖူး၏"ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ကာသိကရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အစာတ်ရှိသည်ဖြစ်၍ နောက်အဖို့၌ ရသေ့ရဟန်းပြု၍ တစ်ခုသော ပဒုမာအိုင်ကိုမှီ၍ နေသည်ရှိသော် တစ်နေ့သ၌ ရအိုင်သို့သက်၍ ကောင်းစွာပွင့်သော ပဒုမာကို နမ်းလျက်ရပ်၏။

www.dhammadownload.com

နံ့သာခိုး ရဟန်း

ထိုအခါ ဘုရားလောင်းကို တစ်ယောက်သော နတ်သမီးသည် သစ်ပင်ပင်စည်၏အကြားဒ္ဒ ရပ်လျက် ထိတ်လန့်စေလိုသည်ဖြစ်၍-

၁၁၆။ ယမေတံ ဝါရိဇံ ပုပ္ပံ၊ အဒိန္နံ ဥပသိဃ်သိ။
ဇောဂ်် မေတံ ထေယျာနံ၊ ဂန္ဓဲထနောသိ မာရိသ-

ဟူထော ရွေးဦးစွာသော ဤဂါထာကို ဆို၏၊

၁၁၆။ မာရိသ၊ ရွှင်ရဟန်း။ တုံ၊ သင်သည်။ ဧါရိဇံ၊ ရေဒ္ဒဖြစ်သော။ ဇတံပုပ္ဖံ၊ ဤကြာပန်းကို။ အဒိန္နံ၊ အရှင်မပေးဘဲ။ ယုံ ဥပသိဃ်သိ၊ အကြင် နမ်းခြင်းကိုပြု၏။ တေံ၊ ဤသို့ အရှင်မပေးသော ကြာပန်းကို နမ်းခြင်းသည်။ ထေယျာနံ၊ ခိုးခြင်းတို့တွင်။ ကေဂ််၊ တစ်ခုသော အဖို့အစုကို။ တုံ၊ သင်သည်။ ဂန္ဓထေနော၊ နံ့သာခိုးသည်။ အသိ၊ ဖြစ်၏။

ငါးဆဲ့ မချိုး မခိုးရပ့်လေး

ထို့နောင်မှ ဘုရားလောင်းသည်-

၀၁၇။ နု ဟထ္ထမိ နု ဘဏ္ဍမိ၊ အာထု သိဃ်ာမိ ဝါရိဇံ။
အထ ထောနဲ့ ဝဏ္ဏေန၊ ဂန္ဓဲထဇ်ာနာတိ ဝုစ္စတိ။

ဟူထော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၁၇။ ဒေဝဓီတေ၊ နတ်သမီး၊ တေ၊ သင်၏။ ဝါရိဇံ၊ ကြာပန်းကို။ နု ဟထ္ထမိ၊ မဆောင်း။ နု ဘဏ္ဍဲမိ၊ မချိုး။ အာထု၊ အဝေးမှ။ သိဃ်ာမိ၊ နှန်း၏။ အထ၊ ထိုသို့ဖြစ်လျက်။ တောနဲ့ဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ ဂန္ဓထေနောတိ၊ နံ့သာခိုးဟူ၍၊ ဝုစ္စတိ နု၊ ဆို အပ်သနည်း။

ဟိုလူကို မဆိုဘူးလေး

ထိုခဏ၌ တစ်ယောက်ထား ယေဒကျိုးသည် ထိုအိုင်၌ ကြာစွယ်တို့ကိုလည်း တူး၏၊ ပုတ်ဖွရိုက်တို့ကိုလည်း ခုံ၏။ ဘုရားလောင်းသည် ထိုယောကျိုးကိုမြင်၍ "မယူမူ၍ အဝေးမှရပ်လျက် နမ်းသော ငါ့ကို ခိုးသူဟူ၍ သင်သည် ဆို၏၊ ထိုယောကျိုးကို အဘယ်ကြောင့် မဆိုသနည်း" ဟု ထိုနတ်သမီးနှင့်တကွ ပြောဆိုလိုသည်ဖြစ်၍-

www.dhammadownload.com

၁၁၈။ ယော ယံ ဘိသာနိ ခဏတိ၊ ပုဏ္ဏရိကာနိ ဘဥ္ဇတိ။
ဧဝံ အာကိဏ္ဏကမ္မန္တော၊ ကသ္မာ သော နဝုစ္စတိ-
ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၁၈။ ဒေဝမိတ။ နတ်သမီး။ ယောအယံပုရိသော၊ အကြင် ယောကျ်ားသည်။ ဘိသာနိ၊ ကြာစွယ်တို့ကို။ ခဏသိ၊ တူး၏။ ပုဏ္ဏရိကာနိ၊ ပုဏ္ဏရိက်တို့ကို၊ ဘဥ္ဇတိ၊ ချိုး၏။ ဧဝံ၊ ဤသို့။ အာကိဏ္ဏကမ္မန္တော၊ ကြမ်းကြုတ်သောအမှုကိုပြုသော။ သော ပုရိသော၊ ထိုယောကျ်ားကို။ ကသ္မာ၊ အဘယ်ကြောင့်။ တယာ၊ သင်သည်။ နဝုစ္စတိ၊ မဆိုသနည်း။

ပြောဖို့မလိုပါဘူးဘုရား

ထိုယောကျ်ားအား မဆိုသောအကြောင်းကို ကြားလိုသော နတ်သမီးသည်-

၁၁၉။ အာကိဏ္ဏလုဒ္ဒေါ ပုရိသော၊ ဓာတိစေလံဝ မက္ခိတော။
တသ္မိံ မေ ဝစနံ နတ္ထိ၊ ထဇ္ဇော ရဟာမိ ဝတ္တဝေ။
၁၂၀။ အနဂ်ဏသ ပေါသဿ၊ နိစ္စံ သုစိ ဂဝေသိနော။
ဝါလဂ္ဂမတ္တံ ပါပဿ၊ အဇ္ဈာမတ္တံဝ ခါယတိ-
ဟူကုန်သော စတုတ္ထဂါထာ ပဉ္စမဂါထာတို့ကို ဆိုကုန်၏။

၁၁၉။ မံဓာရိသ၊ ရှင်ရဟန်း၊ အာကိဏ္ဏလုဒ္ဒေါ၊ ကြမ်းကြုတ်သော အမှုဖြင့်ပြုမ်းလော။ ပုရိသော၊ ယောကျ်ားသည်။ ဓာတိစေလံဝ၊ တံတွေးနှင့် ကျွဲငယ် ကျောင်ကြီးဖြင့် လိမ်းကျံသော နို့ထိန်းကျွန်မ ဝတ်သော အဝတ်ကဲ့သို့၊ မက္ခိတော၊ မကောင်းမှုဖြင့် လိမ်းကျံ၏။ တသ္မိံ၊ ထို သူ၌။ မေ၊ ငါ၏။ ဝစနံ၊ ဆိုဖွယ်သည်။ နတ္ထိ၊ မရှိ။ ထဇ္ဇော၊ သင့်ကိုဏာ။ ဝတ္တဝေ၊ ဆိုခြင်းငှာ။ အရဟာမိ၊ ထိုက်၏။

၁၂၀။ အနဂ်ဏသ၊ အပြစ်မရှိသော။ နိစ္စံ၊ အမြဲ၊ သုစိ ဂဝေသိနော၊ စင်ကြယ်ခြင်းကို ရှာလေ့ရှိသော။ ပေါသဿ၊ ယောကျ်ားအား။ ပါပဿ၊ မကောင်းမှု၏။ ဝါလဂ္ဂမတ္တံ၊ သားမြီးဖျားမျှသည်လည်း။ အဇ္ဈာမတ္တံဝ၊ တိမ်တိုက်ပမာဏရှိသကဲ့သို့။ ခါယတိ၊ ထင်၏။

www.dhammadownload.com

နောက်လည်းပြောပါ

ထိုနတ်သမီးသည် ထို့တ်လန့်စေအပ်သည်ရှိသော် ဘုရားလောင်းထည့် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍.

၁၂၁။ အဒ္ဓါ မံ ယက္ခ ဇာနာသိ၊ အထော မံ အနုကမ္ပသိ။
ပုနပိ ယက္ခ ဝဇ္ဇာသိ၊ ယဒါ ပဿသိ ဒေဝိသံ.

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၂၀။ ယက္ခ၊ နတ်သမီး။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ အဒ္ဓါ၊ မချွတ်။ ဇာနာသိ၊ သိ၏။ အထော၊ ထို့သို့သိသည်သာလျှင်။ မံ၊ ငါ့ကို။ အနုကမ္ပသိ၊ ရင်ဝယ်သားကဲ့သို့ ဆနားသဖြင့် စောင့်ရှောက်မစ, ၊ပ၏။ ယက္ခ၊ နတ်သမီး။ တုံ၊ သင်သည်။ ယဒါ၊ အကြင်အခါ၌။ ဒေဝိသံ၊ ဤသို့သဘာရှိသောအပြစ်ကို။ ပဿသိ၊ မြင်၏။ တဒါ၊ ထိုအခါ၌။ ပုနပိ၊ တစ်ဖန်လည်း။ မံ၊ ငါ့ကို။ ဝဇ္ဇာသိ၊ ဆိုပါလော့။

ကိုယ့်အလုပ် ကိုယ်ကြည့်လုပ်

ထို့နောင်မူ ဘုရားလောင်းအား နတ်သမီးသည်.

နေဝ တံ ဥပဇီဝါမိ၊ နာပိ တေ ဘဲတကာမှသေ။
တုမေဝ ဘိက္ခု ဇာနေယျ၊ ယေန ဂစ္ဆေယျ သုဂ္ဂတိံ.

ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကို ဆို၏။

မာရိသ၊ ရှင်ရဟန်း။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ နေဝ ဥပဇီဝါမိ၊ မှီဝဲ၍ အသက်မမွေး။ တေ၊ သင်၏။ နာပိ ဘဲတကာမှသေ၊ သူရင်းငှား အမှုလုပ်လည်း မဟုတ်။ ယေန၊ အကြင်ကောင်းမှုဖြင့်။ သုဂ္ဂတိံ၊ သုဂတိဘုံသို့။ ဂစ္ဆေယျ၊ လားရာ၏။ ဘိက္ခု၊ ရဟန်း။ တံ၊ ထိုကောင်းမှုကို။ တုမေဝံ၊ သင်သည်သာလျှင်။ ဇာနေယျ၊ သိလော့၊

ဤသို့ နတ်သမီးသည် ဘုရားလောင်းအား အဆုံးအမကို ပေး၍ မိမိဗိမာန်၌လျှင် တည်၏။ ဘုရားလောင်းသည်လည်း စျာန်ကိုဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း။ သမ္မာညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

www.dhammadownload.com

ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ ဥပုလဝက်သည် ထိုအခါ နတ်သမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရဟန္တ ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ့်ကိုယ်ကိုယ်သာ၊ အားကိုးပါ၊ ဆရာမရှာနှင့်။)

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သိဃ်ပုပ္ပဇာတိသည် ပြီး၏။

၁၇-ဝိဃာသာဒဇာတ်

လူပြိုးမှ စားသုံးခြင်းသည်နတ်ရှာသုဂတိလားကြောင်း

ဟောတော်မူရာ၌ဘုန်။ နတ်နှင့်တကွသော လောကဲကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''သုသုခံဝတ ဇီဝန္တိ'' အစရှိသော ဂါထာပုဒ်ဖြင့် တနဲဆာဆင်အပ်သော ဤဝိဃာသာဒဇာတ်ကို ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကစားလေ့ရှိကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းတို့ကိုရှင်မောဂ္ဂလာန်မထေရ်သည်ပြာသာဒ်ကိုလှုပ်ရှိထိတ်လန့်စေအပ်သည်ရှိသော်တရားသဘင်၌ထိုရဟန်းတို့၏ကျေးဇူးမဲ့သောစကားကိုပြောဆိုလျက်နေကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့... ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း'' ဟု မေးတော်မူလတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏'' ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့....ဤရဟန်းတို့သည် ယခုအခါ၌သာလျှင် ကစားလေ့ရှိသည် မဟုတ်သေး၊ ရှေး၌လည်း ကစားလေ့ရှိသလျှင်ကတည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သီကြားမင်း ဖြစ်၏။ ဗထင်ရှားသော ကာသိရာဇ်၌ ခုနစ်ယောက်ကုန်သော ညီနောင်တို့သည် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ တောထွက်၍ ရဟန်းပြု၍ တောအလယ်၌နေလျက် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို မပြုမူ၍ ကိုယ်ဆူဖြိုး

www.dhammadownload.com

ခြင်းကို ပြုခြင်းမျှားကုန်သည်ဖြစ်၍ အထူးထူး အပြားပြားသော ကစား ခြင်းတို့ကို ကစားလျက် သွားကုန်၏။

စားကြွင်းစားက မွန်မြတ်စွ

သိကြားမင်းသည် "ဤရထေ့တို့ကို ထိတ်လန့်စေအံ့" ဟု ကျေးသား ယောင်ဆောင်၍ ထိုသူတို့ဆီသို့ရောဆရပ်သို့ သွား၍ တစ်ခုသသဿစ်ပင်၌ နား၍ ရထေ့တို့ကို ထိတ်လန့်စေလိုရကား-

၁၂၂။ သုသုခံ ဝတ ဇီဝန္တိ၊ ယေ ဇီနာ ဝိဃာသာဒိနော။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိ·
ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၂၂။ ယေဇနာ၊ အကြင်သူတို့သည်၊ ဝိဃာသာဒိနော၊ စားကြွင်း စား ဖြစ်ကုန်၍၊ သုသုခံ ဂတာ၊ ချမ်းသာစွာလျှင်။ ဇီဝန္တိ၊အသက်မွေးကုန် ၏။ တေဇနာ၊ ထိုသူတို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌လည်း။ ပါသံသာ၊ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေ စ၊ တမလွန်၌ လည်း၊ သုဂ္ဂတိ·၊ သုဂတိ၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်။

တို့တစ်တွေ ချီးမွမ်းနဲ့

ထိုအခါ ရထေ့တို့တွင် တစ်ယောက်သော ရထေ့သည် ကျေးသား၏ စကားကို ကြား၍ ကြွင်းသော ရထေ့တို့ကို ခေါ်၍-

၁၂၃။ သုကာသ ဘာသမာနာသဲ၊ နနိသာမေထ ပဏ္ဍိတာ။
ဣဒံ သုဏာထ သောဒရိယာ၊ အမ္မေဝါ ယံ ပသံသတိ·
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၂၃။ သောဒရိယာ၊တမိဝမ်းပေါက်ဖြစ်ကုန်သော၊ပဏ္ဍိတာ၊ပညာ ရှိတို့၊ ဘာသမာနာသ၊ လူ၏ဘာသာဖြင့်ဆိုသော။ သုဏာထ၊ကျေးသား၏။ ဝစနံ၊စကားကို၊ တုဒမ္မ၊သင်တို့သည်။ နနိသာမေထ၊ မကြားကြကုန် သနည်း။ ဣဒံ၊ ဤကျေးသားစကားကို၊ သုဏာထ၊ နာကြကုန်လော့။ အယံ၊ ဤကျေးသားသည်။ အမ္မေဝ၊ ငါတို့ကိုသာလျှင်။ ပသံသတိ၊ ချီးမွမ်း၏။

www.dhammadownload.com

စွန့်သောစားကြွင်းကို

ထိုအခါ ရသေ့တို့ကို ပယ်လိုသည်ဖြစ်၍ ကျေးသားသည်-

၁၂၄။ နာဟံ တုမ္မေ ပသံသာမိ၊ ကုဏပါဒါ သုဏာထ မေ။
ဥစ္ဆိဋ္ဌ ဘောဇိနော တုမ္မေ၊ နု တုမ္မေ ဝိဃာသာဒိနော-
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၁၂၄။ အဟံ၊ငါသည်း တုမ္မေ၊သင်တို့ကို။ နု ပသံသာမိ၊ မချီးမွမ်း၊ ကုဏပါဒါ၊ဆားကောင်ပုပ်ကို့ကို စားကုန်သော ရသေ့တို့။ တုမ္မေ၊ သင်တို့သည်။ မေ၊ငါ၏။ ဝစနံ၊စကားကို။ သုဏာထ၊နားဆင်ကြကုန်လော့။ တုမ္မေ၊သင်တို့သည်။ ဥစ္ဆိဋ္ဌဘောဇိနော၊ တစ်ပါးသော သတ္တဝါတို့ စားကြွင်းကို စားကုန်၏၊တုမ္မေ၊သင်တို့သည်း နု ဝိဃာသာဒိနော၊ ဝိဃာသာဒိမဟုတ်ကုန်။

စားနေသူများ

အလုံးစုံဖြစ်ကုန်သော ထိုရသေ့တို့သည် ကျေးဇူး၏စကားကို ကြားရှုန်၍-

၁၂၅။ သတ္တဝဿ ပဇ္ဇဇိတ္ထာ၊ ဗဇ္ဈာ ရညေ သိခဏ္ဍိနော။
ဝိဃာဒသနော ယာပေန္တာ၊မယဉ္စေ ဘောထော ဂါရယှာ၊
ကေ နု ဘောတော ပသံသိယာ-
ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏၊

၁၂၅။ ပဇ္ဇဇိတ္ထာ၊ ရဟန်းပြုကုန်၍၊ သတ္တဝဿာ၊ ခုနစ်ခုရှိကုန်သော၊ သိခဏ္ဍိနော၊ ဦးစွန်းရှိကုန်သော ငါတို့သည်။ ဗဇ္ဈာရညော်၊ ထော၏အလယ်၌။ ဝိဃဲသေနော၊ ခြင်္သေ့၏စားကြွင်း ကျွဲးစားကြွင်း ဖြင့်သာလျှင်။ ယာပေန္တာ၊ မျှကုန်၏။ ဘောတော၊ အရှင်တို့သည်။ မယံ၊ ငါတို့ကို။ စေ ဂါရယှာ၊ အကယ်၍ ကဲ့ရဲ့ကုန်ငြားအံ့။ ဘောတော၊ အရှင်သည်။ ကေ၊ အဘယ်သူတို့ကို၊ ပသံသိယာ နု၊ ချီးမွမ်းအပ်ကုန်သနည်း၊

မမှန်မြတ်ပေ

ထိုရသေ့တို့ကို ရှက်စေလိုသည်ဖြစ်၍ ဘုရားလောင်းသည်-

၁၂၆။ တုမ္မေ သိဟာနံ ဗျဂ္ဃါနံ၊ ဝါဠဝနဒ္ဓဝ ဝသိဋ္ဌကံ။
ဥစ္ဆိဋ္ဌနော ဃာပေန္တာ၊ မညိဝ္ဒါ ဝိဃာသာဒိနော-
ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏၊

www.dhammadownload.com

၀၂၆။ တုမှေ၊ သင်တို့သည်း သီဟာနဉ္စ၊ ခြင်္သေ့တို့၏လည်း ကောင်း၊ ဗျဂ္ဃါနဉ္စ၊ ကျားတို့၏လည်းကောင်း။ ဝါဠဒီပိနဉ္စ၊ ကြင်းဝံသာသားရဲတို့၏လည်းကောင်း။ အဝသိဋ္ဌကံ၊ စားကြင်းကို၊ ဘုဥ္ဇန္တာ၊ စားကုန်လျက်၊ ဥစ္ဆိဋ္ဌဘောဇနေ၀၊ သုံးအပ်ပြီးသော အစာဖြင့်လျင်။ ယာဝပန္တာ၊ မျှကုန်လျက်၊ ဝိဃာသ ဒိနော၊ စားကြင်းကို စားကုန်၏ဟူ၍။ မညိုးဝှါ၊ မွတ်ကြကုန်သးလော့။

လှူပြီးအကြွံကိုစားမှ မြတ်သည်

ထိုစကားကိုကြား၍ ရဝေသ့တို့သည် "ငါတို့သည် စားကြင်းစား မဟုတ်ကုန်သော် အဘယ်သူတို့သည် စားကြင်းစား ဖြစ်ကုန်သနည်း"ဟု မေးကုန်၏၊ ထို့နောင်မှ ရဝေသ့တို့အား ထိုအကြောင်းကို ကြားလိုသည် ဖြစ်၍ ဘုရားလောင်းသည်-

၁၂၇။ ယေ ဗြာဟ္မဏာသ သမဏာသ၊ အညသ ဝါ ဝနိဗ္ဗနော။
ဒတ္တာန သေသံ ဘုဥ္ဇန္တိ၊ တေ ဇနာ စိဏ္ဏဝါသဒိနော။
ဟူးသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၂၇။ ယေ ဇနာ၊ အကြွင်သူတို့သည်း ဗြာဟ္မဏာသ ဝါ၊ ပုဏ္ဏား အား လည်းကောင်း။ သမဏာသ ဝါ၊ ရဟန်းအားလည်းကောင်း၊ အညသ၊ တစ်ပါးသော၊ ဝနိဗ္ဗဝိနော ဝါ၊ ငှာင်းစားသောသူအားလည်း ကောင်း။ ဒတ္တာန၊ ပေးလှူ၍။ သေသံ၊ အကြွင်းကို။ ဘုဥ္ဇန္တိ၊ စား ကုန်၏။ တေ ဇနာ၊ ထိုသူတို့သည်။ ဝိဃာသာဒိနော၊ စားကြင်းစား မည်ကုန်၏။

ဤသို့ ရဝေသ့တို့ကို ချက်ခြင်း ဘုရားလောင်းသည် မိမိနေရာ တော ဝတိ်သာသို့လျင် သွား၏။

ဇာတ်ပေါင်း။ ။သင်္ဘည္ဥ၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ကစားတတ်ကုန်သော ရဟန်းတို့သည် ထို အခါညီနောင်ခုနစ်ယောက်တို့ ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျင် ထိုဒုခါ သိကြားဖြစ်ပြီဟု ဇာတ်ကို ပေါင်းဆောင်မူ၏၊

(လှူပြီးမှသာ၊ စားအစာ၊ စားပါမှန်မြတ်သည်း)

ရွှစ်ခုတို့၏ ပြည့်စုံကြောင်းဖြစ်သော ဝိဃာသာဒဇာတ်သည် ပြီး၏း

www.dhammadownload.com

၁၉-ဝဠုကဇာတ်

ရသမျှနှင့် ရောင့်ရဲခြင်းသည် ချမ်းသာကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သပ္ပဲညူမြတီစွာဘုရားသည် "ဇဏီတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝဠုကဇာတ်ကို ဇေဘဝန်ကျေးဇင်းခတ်၌ သီတင်းသုံးနေတော်မူစဉ် လျှပ်ပေါသော ရဟန်းတစ်ပါးကို အားကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းကို မြတ်စွာဘုရားသည် "ရဟန်း....သင်သည် လျှပ်ပေါဘတ်သည် မဟုတ်လော၊ ရှေးဦးလည်း သင်သည် လျှပ်ပေါဖူးသလျှင်ကတည်း၊ လျှပ်ပေါသည်၏ အဖြစ်ကြောင့် ဗာရာဏသီပြည်၌ ဆင်ကောင် နွားကောင် လူကောင်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ဤထက်အလွန်ကို ရလတ္တံ့ဟု တောသို့ဝင်ပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငုံးမျိုးဌဖြစ်၍ တောဌခြောက်ခသာ မြက်သီးအာဟာရရှိသည်ဖြစ်၍ နေ၏။ ထိုအခါ ဗာရာဏသီပြည်၌ တစ်ခုံးသာ လျှပ်ပေါသောကျီးသည် ဆင်ကောင် အစရှိသည်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ဤထက်အလွန်ကို ရလတ္တံ့ဟု တောသို့ဝင်၍ သစ်သီးကြီးငယ်တို့ကို စားလျက် ဘုရားလောင်းကိုမြင်၍ "ဤငုံးသည် အလွန်လျှင် ဆူဖြိုင်းကိုယ်ရှိ၏၊ ကောင်းသောအစာကိုမေး၍ ထိုအစာကို စား၍ ဆူဖြိုးသောကိုယ် ရှိသည်ဖြစ်အံ့" ဟုကြံ၍ ဘုရားလောင်း၏အထက် သစ်ခက်၌ နား၏။ ဘုရားလောင်းသည် ထိုကျီးနှင့်တကွ ပဋိသန္ဓာရကို ပြုလိုရကား-

အဘယ်ကြောင့်ပိန်နေသနည်း

၁၂၇။ ပဏ္ဍိတံ ဘုဉ္ဇသေ ဘတ္တံ၊ သပ္ပိ ဓေတလဉ္စ မာတုသ၊
ဆာသ ဓကန နံ ဝဒဏ္ဍန၊ ကိသော တွံမသိ ဝါယသ-
ဟ္မသော ရွေးဦးစွာသော ဤဂါထာကိုဆို၏။

www.dhammadownload.com

၁၂၈။ ဗာတုလ၊ ဥိးရိးဖြစ်သော။ ဝါယသ၊ ကျိး။ တ္ဝံ၊သင်သည်။ ပဏီတံ၊ မွန်မြတ်သော၊ ဘောဇနံ၊ လူတို့အစာဖြစ်သော။ ဘတ္တဉ္စ၊ ထမင်း ကိုလည်းကောင်း။ သပ္ပိတေလဉ္စ၊ ထောပတ်ဆီကိုလည်းကောင်း။ ဘုဉ္ဇသေ၊ စား၊ရသည်မဟုတ်သော။ အထ၊ ထို့သို့ဖြစ်လျက်။ ကေနဝဏ္ဏေန၊ အဘယ် အကြောင်းကြောင့်၊ ကိသော၊ ကြုံလို့သည်။ အသိ နံ၊ ဖြစ်သနည်း။

အမြဲထိတ်လန့်နေရ၍

ဘုရားလောင်း၏စကားကို ကြား၍ ကျိးသည်-

၁၂၉။ အမိတ္တာမင္ဘေ၊ ဝသတေ၊ တေသု အာမိသဒမသတော။
နိစ္စုဗ္ဗိဂ္ဂ ဟဒယဿ၊ ကုတော၁ တာဒိသဿ ဒဋ္ဌုယံ၊

၁၃၀။ နိစ္စံ ဥဗ္ဗေဂိနော ကာကာ၊ ဓင်္ကာ ပါပေန ကမ္မုနာ။
လဒ္ဓါ ပိဏ္ဍော နပိဏ္ဍောတိ၊ ကိသော တေန သ္မိံ ဝဋ္ဋကာ။

၁၃၁။ လူခါနိံ တိဏ ဗီဇဓနိံ၊ အပဥဒ္ဓဟာနိံ ဘုဉ္ဇသိ၊
အထ ကေန နံ ဝဏ္ဏေန၊ ထူလော တ္ဝမသိ ဝဋ္ဋက-
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၃၂၉။ ဝဋ္ဋကာ၊ ငုံး။ အမိတ္တာမင္ဘေ၊ ရန်သူတို့အလယ်၌။ ဝသတေ၁၊ နေရသော၊ တေသု၊ ထိုရန်သူတို့၌၊ အာမိသံ၊ အာမိသကို။ သေတေ၁၊ ရှာရသော၊ နိစ္စံ၊ အမြဲ။ ဥဗ္ဗိဂ္ဂဟဒယဿ၊ ထိတ်လန့်သော နှလုံးရှိသော။ တာဒိသဿ၊ ကျိးဖြစ်သော ငါ့အား။ ဒဋ္ဌုံ၊ ဆူဖြိုးသော အဖြစ်သည်။ ကုတောအတ္ထိ၊ အတိမ္မာရှိအံ့နည်း။

၁၃၀။ ဝဋ္ဋက၊ ငုံး။ ဓင်္ကာ၊ဓင်္ကမည်ကုန်သော။ ကာကာ၊ ကျီးတို့သည်။ နိစ္စံ၊ အမြဲ။ ဥဗ္ဗေဂိနော၊ ထိတ်လန့်သောစိတ် ရှိကုန်၏။ ပါပေန၊ ယုတ်မာ သော။ ကမ္မုနာ၊လူတို့အစာကိုလုယက်သောအမှုဖြင့်။ လဒ္ဓါ၊ရအပ်သော။ ပိဏ္ဍော၊ အစာသည်။ နပိဏ္ဍောတိ၊ မနှစ်သက် မဆောင့်ရဲစေ၊ တေန၊ ကို့ကြောင့်၊ ကိသော၊ ကြုံလို့သည်၊ အသို့၊ ဖြစ်၏။

အဘယ်ကြောင့် ဝံနေသနည်း

၁၃၁။ ဝဋ္ဋက၊ ငုံး။ တ္ဝံ၊ သင်သည်။ လူခါနိံ၊ ခြောက်ကုန်သော။ အပဥဒ္ဓဟာနိံ၊ နံ့သော အဆီဩဇာရှိကုန်သော၊ တိဏ ဗီဇာနိံ၊ မြက်

www.dhammadownload.com

သီးတို့ကို၊ ဘုဥ္ဇသိ၊ စား၏၊ အထ၊ ထိုသို့ဖြစ်လျက်၊ တနဝးဏ္ဍန အဘယ် အကြောင်းကြောင့်၊ ထူလော၊ ဆူဖြိုးသော ကိုယ်ရှိသည်။ အသိ နု၊ ဖြစ်သနည်း။

ရရသမျှ ရောင့်ရဲ၍

ထိုစကားကိုကြား၍ ဘုရားလောင်းသည် မိမိဆူဖြိုးသောအကြောင်းကို ထိုလို၍-

၁၃၂။ အပ္ပိစ္ဆော အပ္ပစိန္တော်ယ၊ အဒုရုဂမနေန စ။
လဒ္ဓေါလဒ္ဓေန ယာပေန္တော ထူလော တနသ္မိ ဝါယသ။

၁၃၃။ အပ္ပိစ္ဆဿ ဟိ ပေါသဿ၊ အပ္ပစိန္တသုခဿ စ။
သု သဂ်ဟိတ ဗာနဿ၊ ဝုတ္တိ သုသံမုဒါနယာ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၃၂။ ဝါယသ၊ ကျိး။ အပ္ပိစ္ဆော စ၊ ဆာလိုနည်းသည်၏ အဖြစ်ဖြင့်လည်းကောင်း။ အပ္ပစိန္တော်ယ စ၊ အာဟာရ၌ အကြံနည်းသည်၏အဖြစ်ဖြင့်လည်းကောင်း။အဒုရုဂမနေန စ၊ အဝေးသို့မသွားခြင်းဖြင့်လည်းကောင်း။ လဒ္ဓေါ လဒ္ဓေန၊ ရတိုင်း ရတိုင်းသော အာဟာရဖြင့်။ ယာပေန္တော်၊ မျှစေ၏။ တန၊ ထို့ကြောင့်၊ အဟုံ၊ ငါသည်။ ထူလော၊ ဆူဖြိုးသော ကိုယ်ရှိသည်၊ ဆဿိ၊ ဖြစ်၏။

၁၃၃။ ဟိသစ္စံ၊ မှန်၏။ အပ္ပိစ္ဆဿ၊ ဆာလိုနည်းသော။ အပ္ပစိန္တသုခဿ၊ နည်းသောအကြံရှိသဖြင့် ချမ်းသာခြင်းရှိသော။ သုသဂ်ဟိတမာနဿ၊ ကောင်းစွာ သိမ်းဆည်းဆင်ခြင်အပ်သော ဆစာ အာဟာရ အတိုင်းအရှည်ရှိသော။ ပေါသဿ၊ ယောကျ်ား၏။ ဝုတ္တိ၊ အာသက်မွေးခြင်းသည်။ သုသမုဒါနယာ၊ ချမ်းသာသဖြင့် ဖြစ်လတ္တယ်၏။

ဇာတ်ပေါင်း။ သပ္ပညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်မတော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ လျပ်ခပါသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း၊ဟူမူကား "ယခုအခါ လျပ်ပေါသောရဟန်းသည် ထိုအခါကျိးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျင် ထိုအခါ ငုံးဖြစ်ပြီ" ဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ရရသမျှ၊ တင်းတိမဲမှု၊ သုခပွားမည်သာ။)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝဋ္ဋကဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၀-ပါရာဝတဇာတ်

ရသမျှနှင့် မရောင့်ရဲ မတင်းတိမ်၍ ပျက်စီးရခြင်း

ဟောတေဝ်မူရာ ဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတေဝ်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "စိရဿံ ဝတ ပဿာမိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပါရာဝတဇာတ်ကို ဇေတဝန်ကျောင်းတေဝ်၌ သီတင်းသုံးနေတေဝ်မူစဉ် လျပ်ပေါသောရဟန်းတစ်ဦးကို အကြောင်းပြု၍ ဟောတေဝ်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုဆာည် အောက်မှဆိုအပ်သောနည်းရှိသည်ဖြစ်၏)

အတီတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခိုမျိုးဌာဖြစ်၏။ ဗာရာဏသီ သူဌေး၏ စာဖိုအိမ်ဝယ် အသိုက်တောင်းဌာနေ၏။ ကျီးသည်လည်း ဘုရားလောင်းနှင့်တကွ အကျွမ်းဝင်ခြင်းကို ပြု၍ ထိုတောင်းဌာလျင်နေ၏။

အလုံးစုံသောစကားကို ခဲ့.အပ်၏။

ကျီးမိုက်ဖမ်းခံရ

စာဖိုသည်သည် ကျီးတေဝ်တို့ကိုနုတ်၍ မုန့်ညက်ဖြင့် ကျီးကို လိမ်းကျံ၍ တစ်ခုသောအိုးခြမ်းကိုဖောက်၍ လည်ဌာဆွဲ၍ တောင်းဌာထည့်၏။

မုတ်ဆိတ်ကျင်စွယ် ပယ်လို.ပါလား

ဘုရားလောင်းသည် တောမှလာသည်ရှိဒသာ် ကျီးကို့မြင်၍ ပြက်ရယ်ပြုလိုရဆာား.

၁၃၄။ စိရဿံ ဝတ ပဿာမိ၊ သဟာယံ မဏိဓာရိကံ။
သုကတဒ မဿု ဣတ္တိယာ၊ သောဘတေ ဝတ မေ သခါ.
ဟ္ဒသော ရွေးဉီးစွာသော ဤဂါထာကိုဆို၏။

၁၃၄။ သမ္မဝါယသ၊ အဆွေကျီး။ သဟာယံ၊ အဆွေကို့။ မဏိဓာရိကံ၊ ပတ္တာမြားလည်ဆွဲရွဲဆွဲသည်ကို။ စိရဿံ ဝတ၊ ကြာမြင့်မှလျင်။ ပဿာမိ၊ မြင်ရ၏။ မဿုကုတ္တိယာ၊ မုတ်ဆိတ်ကို ပြုပြင်ခြင်းဖြင့်။ သုကတာ၊ကောင်းစွာ ပြုပြင်အပ်သော။ ဒမ၊ ငါ၏။ သခါ၊ ခင်ပွန်းသည်။ သောဘတေ ဝတ တင့်တယ်ပေစွတကား။

F·၃၀·၅၅၀(တ·တွဲ)

www.dhammadownload.com

ခုပဲ့ဆေတ္တာသည်တွေ့ရ

ထိုစကားကိုကြား၍ ကျီးသည်-

၁၃၅။ ပရဒ္ဒုဂစ္ဆာ နခါ လောမာ၊ အဟံ ကမ္မသု ဗျာဝဋ္ဌော။
စိရဿံ နှာပိုတံ လဒ္ဓါ၊ လောမံ တမင္ဒ ဟာရသိ-

ဟူသော နှစ်ခုမြောက်သာ ဤဂါထာကိုဆို၏။

၁၃၅။ သမ္မပါဏဝတာ၊ အဆွေခို။ အဟံ၊ ငါသည်။ ကမ္မသု၊ အမှု တို့၌။ ဗျာဝဋ္ဌော၊ လုံ့လပြုရသည်ဖြစ်၍၊ သြကဲသော်၊ အခွင့်ကို၊ အလ ဘန္တဲ့နှ၊ မရထဖြင့်။ ပရဒ္ဒုဂစ္ဆံ၊ ချုံကဲ့သို့ စည်ပင်သော။ နခါ လောမာ၊ ခြေသည်းအမွေးရှိသည်၊ အဒဟာသိ၊ ဖြစ်၏၊ စိရဿံ၊ ကြာမြင့်မှ။ နှာ ပိတံ၊ ဆေတ္တာသည် ကို၊ လဒ္ဓါ၊ ရ၍။ အင်္ဂ၊ ယခု။ တံခလောမံ၊ ထို အမွေးကို။ ဟာရသိ၊ နုတ်စေရ၏။

လည်ဆွဲနဲ့ပါလား

ထိုနောင်မှ ဘုရားလောင်းသည်-

၁၃၆။ ယံ နုလောမံ အဟာရေသိ၊ ဒုလ္လဘံ လဒ္ဓ ဏပ္ပကံ။
အထ ကိဥ္စရဟိ ဓတ သမ္မ၊ ဣဒံ ကဏ္ဌေ ကိဏာယတိ-

ဟူသော သုံးခုမြောက်သော ဤဂါထာကိုဆို၏၊

၁၃၆။ သမ္မ ဝါယသာ၊ အဆွေကျီး။ နု၊ စင်စစ်၊ ဒုလ္လဘံ၊ ရခဲစွာ သော၊ ယံကပ္ပကံ၊ အကြင်ဆေတ္တာသည်ကို။ လဒ္ဓါ၊ ရ၍၊ လောမံ၊ အမွေး ကို။ အဟံ၊ ငါသည်၊ အဟာရေသိ၊ နုတ်စေ၏။ အထ၊ ထိုမှတစ်ပါး။ သမ္မ၊ အဆွေ။ တေ၊ သင်၏၊ ကဏ္ဌေ၊ လည်၌၊ ဣဒံ၊ ဤပတ္တမြားသည်။ ကိ၊ အဘယ်ကြောင့်။ ကိဏာယတိ၊ ကိတ်ကိတ်မြည်သနည်း။

လည်ဆွဲလိုချင်လို့လား

ထို့နောင်မှ ကျီးသည်-

၁၃၇။ မနုဿ သုခုမာလစနံ၊ မဏိံ ကဏ္ဌေသုံ လမ္ဗတိ။
တေသာ ဟံ အနုသိက္ခာမိ၊ မာ တွံ မညိ ဒဝါ ကတံ။

၁၃၈။ သစေပိ မံ ပိဟာယသိ၊ မဿု ကုတ္တိံ သုကာရိတံ။
ကာရယ္ဟိသ္ဝာမိ တေ သမ္မ၊ မဏိဥ္စာပိ ဒဒါမိ တေ-

ဟူသော နှစ်ဂါထာတို့ကို ဆို၏၊

www.dhammadownload.com

၁၃၇။ သမ္မ ပါရာဝတ၊ အာဆဥ်ခို။ ဓနုဿသုခုမာလသာနံ၊ သိမ်းမွှေ့နူးညံ့ကုန်သောလူတို့၏။ ကတ္ထောသု၊ လည်တို့ဋ္ဌ။ မဏိ၊ ပတ္တမြားကို။ လမ္ဗတိ၊ ဆွဲ၏။ အဟံ၊ ငါသည်။ တေသံ၊ ထိုလူတို့၏။ အနုသိက္ခာမိ၊ အတုပြု၏။ ဣတိ၊ ဤသို့။ တံ၊ သင်သည်။ မာမညိ၊ မငဆောက်မဲ့လင့်။ မနုဿေ ဟိ၊ လူသရော်တို့သည်။ ဒဝါ၊ ရယ်မြူးလိုလွဖြင့်။ ကတံ၊ ပြုအပ်၏။

၁၃၈။ ဆမ္မ ပါဠာဝတ၊ အာဆဥ်ခို။ တွံ၊ သင်သည်။ ဣမံမဿုကုတ္တိံ သုကာရိတံ၊ ဤမုတ်ဆိတ်ဆံကို အတူပြုပြင်ခြင်းဖြင့် ကောင်းစွာ ပြုပြင်ခြင်းကို။ သစေပိ ပိဟာဃယသိ၊ အကယ်၍ နှစ်သက်မြတ်နိုးသည် ဖြစ်အံ့။ ဃမ္မ၊ အဆွေ။ တေ၊ သင့်အား။ ဓာရယိဿာမိ၊ ပြုပြင်စေအံ့။ တေ၊ သင့်အား။ မဏိဉ္စာပို၊ ပတ္တမြားကိုလည်း။ ဒဒါမိ၊ ငါပေးအံ့။

ရှိပါစေ အဆွေ

ထိုစကားကို ကြား၍ ဘုရားလောင်းသည်-

၁၃၉။ တွညေဝ မဏိနာ ဆဒန္ဒာ၊ သုကတာယ စ မဿုယာ။
အာဝမန္တ ခေါ တံ ဂစ္ဆာမိ၊ ပိယံ မေ တဝ ဒဿနံ-

ဟူသော နှစ်ခုမြောက်သော ဂျိုဂါထာကို ဆို၏။

၁၄၀။ သမ္မ ဝါယာမ၊ အာဆဥ်ကျိး။ မဏိနာ စ၊ ပတ္တမြားဖာလည်း။ တွညော၊ သင်သည်သာလျှင်။ ဆဒန္ဒာ၊ လျှောက်ပတ်၏။ သုကတာယ၊ ကောင်းစွာ ပြုပြင်အပ်သော။ မဿုယာ စ၊ မုတ်ဆိတ်အား လည်း။ တွညေဝ၊ သင်သည်သာလျှင်။ ဆဒန္ဒာ၊ လျှောက်ပတ်၏။ မေ၊ ငါသည်။ ဃ၀၊ သင့်အား။ ဒဿနံ မေ၀၊ ကြည့်ခြင်းမျက်ိုလျှင်။ ပိယံ၊ ချစ်မြတ်နိုးအပ်လှပေပြီ။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ အာဝမန္တ ခေါ၊ သိစေ၍လျှင် 'ပန်ကြား၍လျှင်'။ ဂစ္ဆာမိ၊ သွားအံ့။

ဤသို့ဆို၍ ဘုရားလောင်းသည် ပျံ၍ တစ်ပါးသော အနုပ်သို့သွား၍ ကျိုးသည် ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။

www.dhammadownload.com

ဇာတ်ပေါင်း။ သင်္ဘာညူမြတ်စွာဘုရားသည်ကျွဲဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါသော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား- "လျှပ်ပေါသော ရဟန်းသည် ထိုဆဝါကျီးဖြစ်ပြီး၊ ယခုအခါ ငါဘုရားသည် ထိုအခါ ခိုဖြစ်ပြီ"ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လော်လည်လျှပ်ပေါ၊ သူပျက်ချော်၊ မလျော်ပျက်စီးထု။)

ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပါရာဝတဇာတ်သည် ပြီး၏။

ခရပုတ္တဝဂ်ပြီး၏။

ဆက္ကနိပါတ်ဇာတ်ဝတ္ထု ကျင့်ပြီး၏။

www.dhammadownload.com

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

သတ္တကနိပါတ်

****

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ကုက္ကုဝဂ် ၁-ကုက္ကုဇာတ်

တရားသဖြင့်သာ မင်းပြုအပ်ကြောင်း

ဗောဓေတ်မူရာဌာန်။ နတ်နှင့်တကွသော လောကကို ဆုံးမခြင်းငှာ မူဘတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဒိယဓုကုက္ကု"- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်ဖသော ဤကုက္ကုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မင်းအား ဆုံးမခြင်းကို အကြောင်းပြု၍ ဟောခြင်းတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် တေသကုဏဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)

အတီတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အာကျိုးအကြောင်းကို ဆုံးမထုတ်ခဲသောအမတ် ဖြစ်၏။

www.dhammadownload.com

မင်းကြီး မိုက်မှားနေ၍

ဗြဟ္မဒတ်မင်းသည် မလားအပ်သော အထွန်၌ တည်၍ မတရားသဖြင့် မင်းပြု၏၊ ဇနပုဒ်ကိုနှိပ်စက်၍ ဥစ္စာကိုသာလျှင် ယူ၏။

အထွတ်က ဘာလို့ မြွေနေသလဲ

ထိုအခါ ဘုရားလောင်းသည် မင်းကို ဆုံးမလိုသည်ဖြစ်၍ တစ်ခုသော ဥပမာကို စုံစမ်းလျက် သွား၏၊ မင်းဥယျာဉ်၌ နေထုအိမ်သည် ၂မြွေးသားသည်ဖြစ်၏။ မပြီးသေးသာ အမိုးရှိသည် ဖြစ်၏၊ အထွတ်ကိုတင်၍ ဆခြင်တို့ကို သွင်းကာမျှသာလျှင် ဖြစ်ကုန်၏၊ မင်းသည်လည်း ကစားအံ့သောငှာ ဥယျာဉ်သို့သွား၍ ထိုဥယျာဉ်၌ လှည့်လည်၍ ထိုအိမ်သို့ဝင်၍ မော်၍ကြည့်လတ်သော် အထွတ်ဝန်းကိုမြင်၍ မိမိအထက်၌ကျအံ့သည်မှု ကြောက်ဆော့ကြောင့် ထွက်၍ အပ်၌ရပ်လျက် တစ်ဖန်ကြည့်၍ "အဘယ်ကိုမှီ၍ အထွတ်သည် တည်သနည်း၊ အဘယ်ကိုမှီ၍ ဆခြင်တို့သည် တည်သနည်း" ဟုကြံ၍ ဘုရားလောင်းကို မေးလိုရကား၊

၁။ ဒိယဟုကုက္ကု၊ ဥဒယေန ကဏ္ဍော အာဒေ၊
ဝိဒတ္ထော ယော ဆဋ္ဌ ပရိကွံပန္တိ နံ။
သာ သိ သပါ လာရုမယာ အပေဂုကာ၊
ကုဟိ ဋိတာ ဥပရိတော နု ဓ သတိ၊

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏၊

၁။ ဘော သဟာယ၊ အိုအဆွေ။ ယာ ကဏ္ဍော ကာ၊ အကြင်အထွတ်သည်း၊ ဥဒယေန၊ အနောက်အားဖြင့်။ ဒိယဟုကုက္ကု၊ တစ်တောင့်ထွာအတိုင်းဆရှည်ရှိ၏၊ နံ၊ ထိုအထွတ်ကို။ ဆဋ္ဌဝိဒတ္ထော ယော၊ ရှစ်ထွာသော အပြင်တို့သည်။ ပရိကွံပန္တိ၊ ထက်ဝန်းကျင် ရံကုန်၏၊ သာရုမယော၊ အနှစ်ဖြင့်ပြီးသော၊ အပေဂုကာ၊ အကာမရှိသော၊ သိ သပါ၊ ရင်းတိုက်နှစ်ဖြင့် ပြုဆပ်သော။ သာ ကဏ္ဍော ကာ၊ ထိုအထွတ်သည်း ကုဟိ၊ အဘယ်၌။ ဋိတာ၊ တည်သည်ဖြစ်၍။ ဥပရိတော၊ အထက်မှ။ နု ဓ သတိ၊ မကျသနည်း။

အသိုင်းအဝိုင်းကြောင့်

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "ယခု ငါသည် မင်းအားဆုံးမအံ့သောငှာ ဥပမာကို ရပြီ" ဟုကြံ၍-

www.dhammadownload.com

၂။ ယာ တိ်သတိ သာရမယာ အဖေဂ္ဂုဏာ၊
ပကိရိယ ဂေါပါနသိယော သမံ ဌိတာ။
တာဟိ သုသင်္ဂါတာ ဗလ္လသာ ပိဋ္ဌိတာ၊
သမံ ဌိတာ ဥပရိတော နု ဓ်သတိ။

၃။ ဓေမိ့ မိတ္တေဟိ ဒဠ္ဍေဟိ ပက္ကံ်တော၊
အဘေဇ္ဇရူပေဟိ သုစီဟိ မန္တီဘိ။
သုသင်္ဂါတော သိရိယာ နု ဓ်သတိ၊
ဂေါပါနသီဘာရဝဟာဝ ကက္ကံ်ကာ.

ဟူသော ဤဂါထာတို့ကို ဆို၏၊

၂။ မဟာရာဇ၊မြတ်သောမင်းကြီး။ တိ်သတိ၊ သုံးဆယ်ကုန်သော။ ယာရမယာ၊ အနှစ်ဖြင့်ပြီးကုန်သော။ အဖေဂ္ဂုဏာ၊ အကာမရှိကုန်သော။ ယာ ဂေါပါနသီယော၊ အကြင်အခြင်တို့သည်။ ပကိရိယ၊ ထက်ဝန်းကျင်မှ ရုံကုန်သည်ဖြစ်၍။ သမံဌိတာ၊မျှသောအဖို့ဖြင့်။ ပိဋ္ဌိတာ၊ညှပ်နှိပ်၍။ သုသင်္ဂါဟိတာ၊ ကောင်းစွာ ထောက်ပံ့ အပ်သည်ဖြစ်၍။ သဗ် ဏက္ကံ်ဏာ၊ ထိုအထွတ်သည်။ သမံဌိတာ၊ မျှသောအဖို့ဖြင့် တည်သည်ဖြစ်၍။ ဥပရိတော၊ အထက်မှ။ နဓ ်သတိ၊ မကျ။

၃။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဓေမိ့၊ဤအတူဆည်း။ ပက္ကိ်ဒတာ၊ ပညာရှိသောမင်းသည်။ ဒဠ္ဍေဟိ၊မြဲမြံကုန်သော။ အဘေဇ္ဇရူပေဟိ၊မကဲ့သော သဘောရှိကုန်သော။ သုစီဟိ၊ စင်ကြယ်ကုန်သော။ မန္တီဘိ၊ တိုင်ပင်ခြင်း၌ လိမ္မာကုန်သော။ မိတ္တေဟိ၊အဆွေခင်ပွန်းတို့သည်။ သုသင်္ဂါဟိတော၊ကောင်းစွာထောက်ပံ့ သည်ဖြစ်၍။ ဂေါပါနသီဘာရဝဟာ၊ အခြင်ဟူသော ဝန်ကို ရွက်ဆောင်သော။ ဏက္ကံ်ဏာဝ၊ အထွတ်ကဲ့သို့။ သိရိယာ၊ အသရေမှ။ နဓ ်သတိ၊ မကျ။

မင်းသည် ဘုရားလောင်းဆိုတိုင်းလျှင် မိမိအမှုအရာကို မှတ်၍ ''အထွတ် မရှိသော် အခြင်တို့သည် မစည်းကုန်၊ အခြင်တို့သည် မခထောက်ပံ့ အပ်ကုန် သည်ရှိသော် အထွတ်သည်မတည်'' အခြင်တို့သည် ပျက်စီးကုန်သည်ရှိခသော် အထွတ်သည် ကျ၏၊ ဤဆိုတူလျှင် တရားမစောင့်သော မင်းသည် မိမိ အဆွေခင်ပွန်းဖြစ်ကုန်သော အမတ်တို့ကိုလည်းကောင်း ဗိုလ်ပါတို့ကိုလည်း၊

www.dhammadownload.com

ကောင်း ပုဏ္ဏား သူကြွယ်တို့ကိုလည်းကောင်း မထေစက်ပံ့သည် ရှိသော် ထိုသူဘို့ ပျက်စီးလတ်သော် ထိုသူတို့မထောက်ပံ့အပ်သည်ဖြစ်၍ အစိုးရခြင်းမှ ယုတ်ရာ၏၊ မင်းမည်သည်ဟာ၊ တရားစောင့်သည် ဖြစ်ရာ၏'' ဟု ကြံ၏။

ရွှေဂက်သီးကိုမခါးစေနှင့်

ထိုအခါ မင်းဟာ၊ ထိုခဏ၌ လက်ဆောင် အကျိုးငှာ ရွှေဂက်သီးကို ဆက်ကုန်၏။ မင်းသည် ''အဆွေ.... ဤရွှေဂက်သီးကို စား၊လော့'' ဟု ဘုရားလောင်းဟာ ပေး၏။

ဆင်ခြင်ပါဘုရား

ဘုရားလောင်းသည် ရွှေဂက်သီးကို ယူ၍ ''မြတ်သောမင်းကြီး ဤရွှေဂက်သီးကို စား၊အံ့ဝသောငှာ မသိကုန်သောသူတို့သည် ခါးသည်ကို မူလည်း ပြုကုန်၏၊ချဉ်သည်ကိုမူလည်း ပြုကုန်၏၊ သိကုန်သောပညာရှိတို့သည် မူကား အခါးကိုပယ်၍ အချဉ်ကို မထုတ်မူ၍ ရွှေဂက်သီး၏ အရသာကို မပျက်စီးစေမူ၍လျှင် စား၊ကုန်၏'' ဟု ဆို၍ မင်းဟာ၊ ဥပမာဖြင့် ဥစ္စာစုံခြင်း၏အကြောင်းကို ပြလို၍ -

၄၊ခရတ်စံ ဗေလ့ ယထာပိ သတ္ထဝါ၊အနာမသန္တေဒပို ကရောတိ တိတ္တကံ။
သမာဟရံ သာဒုံ ကရောတိ ပတ်ထိဝ၊ အသာဒုံ ကယိရာ တနု ဗန္ဓမုဒ္ဓရံ။
၅။ဝေမ်ဳ ဂါမနိဂမေသု ပတ္တိ ဝေဘာ၊ အသာဟသံ ရာဇဓနံ်ာနိ သယံ်ရံ်။
ဓမ္မာနုဝတ္တိံ ပဋိပဇ္ဇမာနော၊ သ ဖာတိ ကယိရာ အဝိဟေဌယံ် ပရံ်... ဟူသော ဤဂါထာတို့ကို ဆို၏။

၄။ ပတ်ထိဝ၊ မင်းမြတ်။ သတ္ထဝါ၊ ဓား၊ငယ်လွှက်၌ ရှိသောသူသည်၊ ခရတ်စံ၊ကြမ်း၊သော၊အခွံ ရှိ၊သော၊ဗေလ့၊ ရွှေဂက်သီးကို၊ အနာမသန္တေဝပို၊ အခွံ မနှေးမူ၍လည်း။ တိတ္တကံ၊ ခါးသည်ကို။ ကရောတိ၊ပြု၏။ ဗန္ဓံ၊ အခွံကို။ တနု၊ ပါး၊စွာ။ ဥဒ္ဓရံ-ဥဒ္ဓရန္တော၊ နှေး၊သော၊သူသည်။ မဟာဒုံ၊ မကောင်းသည်ကို။ ကယိရာ၊ ပြုရာ၏၊ သမာဟရံ၊ ကောင်း၊စွာ အခွံ နှေး၊သော၊သူသည်၊ သာဒုံ၊ ကောင်းသည်ကို၊ ကရောတိ ယထာပိ၊ ပြု၊သကဲ့သို့လည်း-

www.dhammadownload.com

၅။ ဝေမို၊ ဤအတူလည်း။ ရာဇ၊ မင်းမြတ်၊ ပဏ္ဍိတော၊ ပညာရှိသော မင်းသည်။ ဂါမနိဂမေသု၊ ရွာနိဂုံးတို့၌။ အသာဟသံ၊ တရာ့၏အလိုသို့ မလိုက်သည်ဖြစ်၍။ ဓမ္မာနုဝတ္တိ ပဋိပဇ္ဇမာနော၊ မင်းကျင့်တရား ဆယ်ပါး သို့လိုက်လျက်ကျင့်၍။ ဓနာနိ၊ ဥစ္စာတို့ကို။ သဃ်ရံ-သဃ်ရန္တော၊ စုလျက်။ သ-သောရာဇာ၊ ထိုမင်းသည် ပရံ၊ သူတစ်ပါးကို။ အဝိဟေဌယံ-အဝိဟေဌယန္တော၊ မညှဉ်းဆဲမူ၍။ ဖာတိံ၊ ပွားခြင်းအမှုကို။ ကယိရာ၊ ပြုရာ၏။

ကြာပွင့်မှာ ညွန်မရှိ

မင်းသည် ဘုရားလောင်းနှင့်တကွ တိုင်ပင်လျက် ရွေကန်နားသို့ သွား၍ ရေကန်၌တောင်းစွာပွင့်သော နေလုလင်ကဲ့သို့သော အဆင်းရှိသောရေဖြင့် မလိမ်းကျံသော ပဒုမာကိုမြင်၍ ''အခေဆ့....ဤပဒုမာသည် ရေ၌ဖြစ်လျက် လျှင် ရေမလိမ်းကျံသည်ဖြစ်၍ တည်၏''ဟု ဆို၏။

အကုသိုလ်ကို ရှောင်ပါ

ထိုဆဒါမင်းကို ဘုရားလောင်းသည် ''မြတ်သောမင်းကြီး....မင်းမည် သည် ဤသို့ သဘောရှိသည် ဖြစ်ရာ၏''ဟု ဆုံးမရကား....

၆။ သြဒါတမ္ပလံ သုစိဝါရိသမ္ဘဝံ၊
ဇာတံ ယထာ ပေါက္ခရဏ်သု အမ္မုဇံ။
ပဒုမံ ယထာ အဂ်ိနိတာသိဖာလိမံ၊
နာ ကဒ္ဒမော နာ ရဇော နာ ဝါရိ လိမ္ပတိ။
၇။ ဧဝမို ဧဝါဟာရသုစိ အသာဟသံ၊
ဝိသုဒ္ဓကမ္မန္တ မပေတပါပကံ၊
နာ လိမ္ပတိ ကမ္မကိလေသ တာဒိသော၊
ဇာတံ ယထာ ပေါက္ခရဏ်သု အမ္မုဇံ....

ဟူသော ဤဂါထာတို့ကို ဆို၏။

၆။ ပေါက္ခရဏ်သု၊ ရေကန်တို့၌။ ဇာတံ ဖြစ်သော။ သြဒါတမ္ပလံ၊ ဖြူစင်သောအပြစ်ရှိသော။ သုစိ၊ စင်ကြယ်သော။ ဝါရိသမ္ဘဝံ၊ ရေ၌ဖြစ်သော။ အမ္မုဇံ၊ အမ္မုဇမည်သော။ အဂ်ိနိ၊ သာသိဖာလိမံ၊ နေအားဆုင်

www.dhammadownload.com

ကြောင့် ပင့်သော။ ပဒုမ်၊ ပဒုမာဆည်း။ ကဒ္ဒမော-ကဒ္ဒမေ၊ ညွှန့်၌။ နလိမ္ဗတိ ယထာ၊ မလိမ်းကျ သကဲ့သို့။ ရဇော ရဇေ၊ မြူ၌။ နလိမ္ဗတိ ယထာ၊ မလိမ်းကျ သကဲ့သို့။ ဝါရိ-ဝါရိမှာ၊ ရေ၌။ နလိမ္ဗတိ ယထာ၊ မလိမ်းကျ သကဲ့သို့။

၃။ ဝေမို့၊ ဤအတူလည်း။ စေါဟာရသုစိ၊ တရားစေ့ငှံ့ကုန်သော ရွေးမင်းတို့သည် ထားအပ်သောတရားတို့၌ စင်ကြယ်ထားသော။ အသာဟသံ၊ နှိုင်ထက်မူခြင်း၊ တင်းထသော။ ဝိသုဒ္ဓကမ္မံ၊ စင်ကြယ်သော အမှုရှိထသော။ အပေတပါပကံ၊ မတောင်းမှမှ ကင်းထသော။ တံ၊ ထိုမင်းကို။ ကမ္မကိလေသော၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ ဟူသော ဤကမ္မကိလေသမည်သော အကုသိုလ်တရားသည်။ နလိမ္ဗတိ၊ မလိမ်းကျံ။ တာဒိသော၊ ထိုသို့သဘောရှိသော မင်းသည်။ ပေါက္ခရဏ္ဏိသု၊ ရေကန်တို့၌။ ဇာတံ၊ ဖြစ်သော။ အမှုဇံ၊ ကြာသည်။ အနုပလိတ္တံ ယထာ၊ ရေ အစရှိသည်တို့ဖြင့် မလိမ်းကျသကဲ့သို့။ စေတထာ၊ ထို့အတူ။ အနုပလိတ္တောနာမ၊ ကမ္မကိလေသမည်သော အကုသိုလ်တို့သည် မလိမ်းကျသော မင်းမည်၏။

မင်းသည် ဘုရားလောင်းဘဝတွင်းကြွေး၍ ဦးထိုအခါမှစ၍ မင်းကျင့်တံရားဆယ်ပါးဖြင့် မင်းပြု၍ အလှူ။ အစရှိသော ကောင်းမှုတို့ကိုပြု၍ နှတ်ပြည်သို့ လားဘိ။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ''ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပူးပြီ၊ ယခုအခါ ဝါဘုရားသည်လျှင် ထိုအခါပညာရှိသော အမတ်ဖြစ်ပူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အဂတိရွှေဘုံရှား၊ မင်းကျင့်အား၊ မင်းမျှားကျင့်အပ်စွာ။)

ရွှေးဦးစွာသော ကုက္ကုဇာတ်သည် ပြီး၏။

၂၊ မနောဇဇာတ်

ယုတ်မာသောမိတ်ဆွေကို ဖေါင်းမိ၍ ပျက်စီးရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ယထာ စာပေါနိန္နံမတိ-'' အစ

www.dhammadownload.com

ရှိသော ဂါထာဗုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမနောဇ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆန့်ကျင်ဘက်ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲသောရတန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုကိုကား အောက် မဟိလာမုခဇာတ်၌ ခဲ့၊ အပ်ပြီးသလျင်တတည်း။)

ထိုအခါ သမ္ဗညုမြတ်စွာဘုရားသည် "ရဟန်းတို့—ယခုအခါ၌သာလျင် ဤရဟန်းသည် ဆန့်ကျင်ဘက်ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲသည် မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းသည် ဆန့်ကျင်ဘက်ဖြစ်သောအဆွေခင်ပွန်းကို မှီဝဲဖူးသလျင် ကတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ ခြင်္သေ့မနှင့်တကွနေလျက် သားသမီးနှစ်ခုကို ရ၏၊ သားအား "မနောဇ" ဟူသောအမည်ကို မှည့်၏၊ ထိုမနောဇသည် အရွယ်သို့ရောက်လတ်သော် တစ်ခုသောခြင်္သေ့မငယ်ကို ယူ၏။ ဤသို့ ထိုခြင်္သေ့တို့သည် ငါးခုဖြစ်ကုန်၏။ မနောဇသည်ကား ကဲ့ အစရှိသည်တို့ကိုသတ်၍ အသားကို ဆောင်၍ မိဘတို့ကိုလည်းကောင်း၊ နှမကိုလည်းကောင်း၊ မယားကိုလည်းကောင်း မွေး၏။

မြေခွေးကို မွေးစားခြင်း

ထိုမနောဇသည် တစ်နေ့သ၌ ကျက်စားရာမြေ၌ ပြေးအံ့သောငှာ မတက်နိုင်သည်ဖြစ်၍ ရင်ဖြင့်ဝပ်သော ဂိရိယမည်သော မြေခွေးကိုမြင်၍ "အဆွေ.... အသို့နည်း" ဟု မေး၍ "သခင်....ခစားလို၏" ဟု ဆိုသည် ရှိသော် "ကောင်းပြီ....ခစားဒလဉ့" ဟု ဆို၍ ထိုမြေခွေးကို မိမိနေရာ ဂူသို့ ဆောင်၏။

မြေခွေးကို မပေါင်းနှင့်

ဘုရားလောင်းသည် မြေခွေးကိုမြင်၍ "ချစ်သားမနောဇ—မြေခွေးတို့မည်သည် သီလမရှိကုန်၊ ယုတ်မာသောအကျင့် ရှိကုန်၏၊ ကိစ္စမဟုတ်သည်၌ ယှဉ်စေတတ်ကုန်၏၊ ထိုမြေခွေးကို မိမိအထံ၌ မနေစေသင့်" ဟု မြစ်တားသော်လည်း ဖြစ်အံ့သောငှာ မတတ်နိုင်၊ ထိုအခါကစ်နေသ၌ မြေခွေး

www.dhammadownload.com

ဃည် မြင်းသွားကို စားလိုသည်ဖြစ်၍ မဒနာဇကို "သခင်... ငါတို့သည် မြင်းသားကိုထား၍ မစားဘူးသော အသားမည်သည် မရှိ၊ မြင်းကို ဖမ်းကြကုန်အံ့" ဟု ဆို၏။ "အဆွေ...ထိုသို့တပြီးကား မြင်းတို့သည် အဘယ်မှာရှိကုန်သနည်း" ဟု မေး၏။ "ဗာရာဏသီပြည် မြစ်နားဌ ရှိကုန်၏" ဟု ဆို၏။ မနောဇသည် မြေခွေး၏စကားကိုယူ၍ မြေခွေးနှင့်တကွ မြစ်ဌ မြင်းတို့ကို ရေချိုးသောအခါဌ သွား၍ တစ်ခုသော မြင်းကို ဖမ်း၍ ကျောက်ဌတင်၍ လျှောစွာ မိမိ၏လိုက်သို့လျှင် လာ၏။

မြင်းကို မဖမ်းနှင့်

ထိုအခါ မနောဇ၏အဘသည် မြင်းသားကိုစား၍ "ချစ်သား မနောဇ မြင်းတို့မည်သည် မင်း၏ ယာဉ်တည်း၊ မင်းတို့သည်လည်း မျှားစွာသော မာယာတို့ဌ လိမ်မာကုန်သော လေးသမားတို့ကို ပစ်ဧတတ်ကုန်၏၊ မြင်းသားကို စားသော ခြင်္သေ့တို့မည်သည် အသက်မရှည်ကုန်၊ ဤနေ့မှစ၍ မြင်းကို မဖမ်းလင့်" ဟု ဆို၏။ မနောဇသည် အဘစကားကို နားမထောင် မူ၍ ဖမ်းသည်သာလျှင် တည်း။ "ခြင်္သေ့ သည် မြင်းကို ဖမ်း၏"ဟု ကြား၍ မြို့တွင်းဌ်လျှင် ငရုကန်ကံတူးဧ၏။ ထိုရေစုန်မှလည်း လာ၍ ယူသလျှင်ကတည်း။ မင်းသည် မြင်းတင်းကုပ်ကို ပြုစေ၍ မြင်းတင်းကုပ်၏ အတွင်းဌ်လျှင်-မြက် ရေတို့ကို ပေးစေ၏။ ခြင်္သေ့သည် တံတိုင်းထိပ်ဖြင့်သွား၍ မြင်းတင်းကုပ်တွင်းဌ်လည်း ယူသလျှင်ကတည်း။

မြားပစ်ခံရပြီ

မင်းသည် တစ်ယောက်သော အကျွမ်းဝင်ခံ လေးသမားကို ခေါ်၍ "ခြင်္သေ့ကို ပစ်အံ့သောငှာ တတ်နိုင်လတ္တံ့လော" ဟု မေး၏။ လေးသမားသည် "တတ်နိုင်၏" ဟု ဆို၍ တံတိုင်းကိုမှီ၍ ခြင်္သေ့လာရာ ခရီးဌ်ဝှက်စင်ဆောက်၍ တည်၏၊ ခြင်္သေ့သည် လာ၍ အပသုသာန်ဌ် မြေခွေးကိုထား၍ မြင်းကို ယူအံ့သောငှာ မြို့သို့ပြေးဝင်၏၊ လေးသမားသည် "လာသောကာလဌ် အဟုန်သည် အလွန်လျင်မြန်၏" ဟု ခြင်္သေ့ကို မပစ်မူ၍ မြင်းကိုယူ၍ လာသောကာလဌ် ဝန်လေးသည်၏ အဖြစ်ကြောင့် နှေးသော အဟုန်ရှိသော ကာလဌ် ခြင်္သေ့ကို ထက်စွာသော မြားဖြင့် နောက်ဘဝိဌ်ပစ်၏။ မြားသည် ရှဉ့်ကိုယ်ဖြင့်ထွက်၍ ကောင်းကင်သို့ ပြေး၏။

(ဌာဝစေဒေဂ ၊ထေ-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

ခြသေ့သည် ''ငါ့ကို မြားစူး၏'' ဟု မြည်၏။ ဓလးသမားသည် ခြသေ့ကို ပစ်၍ မိုးကြိုးသံကဲ့သို့ လေးညို့ကို ခတ်၏။

မြေခွေးထွက်ပြေးခြင်း

မြေခွေးသည် ခြသေ့၏ လည်းကောင်း၊ လေးညို့၏လည်းကောင်း အသံကိုကြား၍ ''ငါ့အဆွေခင်ပွန်းသည် လေးသမားသည် ပစ်၍ သေသည်ဖြစ်လတ္တံ့၊ သူသေတို့နှင့်တကွ အကျမ်းဝင်ခြင်းမည်သည် မရှိ၊ ယခု ငါသည် ပကတိအစွမ်းဖြင့် နေရာတော်အရပ်သို့လျင် သွားအံ့'' ဟု မိမိဘာသာပင်လျင် စကားပြောလိုသည်ဖြစ်၍....

၈။ ယထာ စာပေါ နိန္နမတိ၊ ဇိယာစာပိ နိကူဇတိ။
ဟညတေ နူန မနောဇော၊ မိဂရာဇာ သခါ မမ။

၉။ ဟန္ဒ ဒါနိ ဝိနန္ဒိဿာမိ၊ ပက္ကမာမိ ယထာသုခံ။
နဒ တာဒိသာ သခါ ဟောန္တိ၊ လဗ္ဘာ မေ ဇီဝတော သခါ.

ဟူသော ဤဂါထာတို့ကို ဆို၏။

၈။ ယထာ၊ အကြင်သို့သော်အကြောင်းဖြင့်။ စာပေါ၊ လေးသည်။ နိန္နမတိ၊ ညွှတ်၏။ ဇိယာဝါပိ၊ လေးညို့သည်လည်း။ နိကူဇတိ၊ မြည်၏။ မမ၊ ငါ၏။ သခါ၊ အဆွေခင်ပွန်းဖြစ်သော။ မနောဇော၊ မနောဇအမည် ရှိသော။ မိဂရာဇာ၊ သားမင်းကို။ ဟညတေ နူန၊ သတ်ယောင်တကား။

၉။ ဟန္ဒ ဒါနိ၊ ယခုအခါ၌။ ဆတံ၊ ငါသည်။ ယထာသုခံ၊ အလိုအလျောက်။ ဝနန္တရတိ၊ တောတို့သို့။ ပက္ကမာမိ၊ သွားအံ့။ နဘာဒိသာ၊ ဤသို့သဘောရှိသော သူသေတို့မည်သည်။ သခါ၊ အဆွေခင်ပွန်းတို့။ သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဇီဝတော၊ အသက်ရှင်သော။ မေ၊ ငါသည်။ သခါ၊ အဆွေခင်ပွန်းတို့ကို။ လဗ္ဘာ၊ ရရာ၏။

ဆွေမျိုးတို့ငိုကြွေးပြီ

ခြသေ့သည် တစ်ဟုန်တည်းဖြင့်သွား၍ မြင်းကို လိုဏ်တံခါး၌ချ၍ မိမိသည်လည်း လည်း၍သေ၏။ ထိုအခါ မနောဇ၏ အနုဇမျိုးတို့သည် ထွက်ကုန်၍ မြားမှန်ရာအဝမှ ယိုးသားသွေးရှိသော သွေးအလိမ်းလိမ်း ကပ်သော မနုဇဥာဏ်မြင်၍ ယုတ်မာသော အနုဇပွန်းကို မှီခဲခြင်း

www.dhammadownload.com

ကြောင့် အသက်ကုန်ခြင်းသို့ရောက်သော မနောဇကို မြင်ကုန်၏၊ မြင်ကုန်၍လည်း မနောဇ အမိအဘ နှမ မယားတို့သည်....

၁၀။ နု ပါပဇနသံသေဝီ၊ ဘစ္စန္တ သုခ မေဓတိ။
မနောဇံ ပဿ သေမာနံ၊ ဂိရိယဿာ နုသာသနီ။
၁၁။ နု ပါပ သမ္မဝဒကော်နု၊ မာတံ၀ ပုတ္တော်နု နန္ဒတိ။
မနောဇံ ပဿ သေမာနံ၊ အစ္ဆန္နံ သမိ္ပ လောဟိတေ။
၁၂။ ဧဝ မာပဇ္ဇတ ပေါသော၊ ပါပိယော စ နိဂစ္ဆတိ။
ယော ဧဝ ဟိတာနံ ဝစနံ၊ နာ ကာရောတ္ပတ္ထ ဗဿိနံ။
၁၃။ ဧဝဉ္စသော ဟောဟိ တတော စ ပါပိဒယော၊
ယော ဥတ္တမော အဓမ္မ ဇန္ဒုပသေဝီ၊
ပဿုတ္တမံ အဓမ္မဇန္ဒုပသေဝိတံ၊
မိဂါဓိပံ သရဝရဝေဂနိဒ္ဓုတံ-

ဟူသော ဤဂါထာတို့ကို အစဉ်သဖြင့် ဆိုကုန်၏။

၁၀။ ပါပဇန သံသေဝီ၊ ယုတ်ခာသော အဆွေခင်ပွန်းကို မှီဝဲသော သူသည်၊ ဆစ္စန္တံသုခံ၊ စင်စစ်ချမ်းသာကို။ နဓေတိ၊ မရ။ ဂိရိယဿ၊ ဂိရိယဧည်သော မြေခွေး၏။ အနုသာသနီ၊ အဆုံးအမကိုယူ၍။ သေမာနံ၊ အိပ်သော။ မနောဇံ၊ မနောဇကို။ ပဿ၊ ရှုလော့။

မိတ်ဆွေယုတ်အကျိုး

၁၁။ ပါပ သမ္မဝဒကော်နု၊ ယုတ်မာဒသော အဒဆွေခင်ပွန်းကို မှီဝဲခြင်းကြောင့်။ မာတာ၊ အမိသည်။ ပုတ္တော်နု၊ သားဖြင့်၊ နနန္ဒတိ၊ မနှစ်သက်ဘူး။ ထမို့ လောဟိတ၊ မိမိသွေးဌ်။ အစ္ဆန္နံ နိမုဂ္ဂံ၊ နစ်မွန်းလျက်။ သေမာနံ၊ အိပ်သော။ မနောဇံ၊ မနောဇကို။ ပဿ၊ ရှုပါလော့။

မိဘစကား နားမထောင်၍

၁၂။ ယော ဧဝ ပေါသော၊ အကြင်ယောကျွန်းသည်။ ဧဝ၊ စင်စစ်။ အတ္ထ-ဒဿီနံ၊ အကျိုးကိုမြင်သော၊ ဟိတာနံ၊ အကျိုးဒိုးပွားကို အလိုရှိကုန်သောသူတို့၏။ ဝစနံ၊ စကားကို။ နာ ကရောတိ၊ နားမထောင်။ သော ပေါသော၊ ထိုယောကျွန်းသည်၊ ဧဝံ၊ ဤသို့ ဆင်းရဲခြင်းသို့။ အာပဇ္ဇတေ၊

www.dhammadownload.com

ရောက်၏။ ပါပိ-ဒယာ စ၊ ပါဏာတိပါတ စဒေသာ ယုတ်မာသော မကောင်းမှုကိုလည်း။ နိဂစ္ဆတိ-ဝိန္ဒတိ၊ ရဒလ၏။

၁၃။ ဥတ္တမော၊ မြတ်သော၊ ယော ပုရိသော၊ အကြင်ယောကျ်ား သည်။ အဓမ္မဇနုပသေဝီ၊ ယုတ်မာဒသာ အကျင့်ရှိသောသူကို မှီဝဲ၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ဇဝဥ္ဇ၊ကျဿိဆင်းရဲခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တဒေတာစ၊ ထို့ထက်လည်း။ ပါပိ-ဒယာ၊ ယုတ်မာ၏။ ဥတ္တမံ၊ ကြီးမြတ်သောခွန်အားရှိသော။ အဓမ္မဇနုပသေဝီ၊ ယုတ်မာသော အကျင့်ရှိသောသူကို မှီဝဲသော။ သရဝနဝဂနိဒ္ဒုတံ၊ မြား၏ အဟုန်သည် ဖောက်ထွင်းသော။တံ မိဂါဒီပံ၊ ထိုမနောဇဲ ခြင်္သေ့ကို။ ပဿ၊ရှုပါလော့။

မိဖိုထက်သောသူကိုပေါင်းပါ

ဘုရားသခင်သည် ယုတ်မာသောသူတို့နှင့် ပေါင်းဖက်၍ ပျက်စီးတတ်ကြောင်း၊ ပညာရှိတို့ကို ပေါင်းဖော်ဆည်းတပ် အပ်လှသည်၏ အဖြစ်ကို ဟောတော်မူလိုရကား-

၁၄။ နိဟီယတိ ပုရိသော နိဟီနသေဝီ၊
နှ စ ဟာယေထ ကဒါစိ တုလျသေဝီ။
သေဋ္ဌ မုပဂမံ ဥဒေတိ ခိပ္ပံ၊
တသ္မာ အတ္တနော ဥတ္တရိတရံ ဘဒဇထ-

ဟူသော အဆုံး၊ဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၁၄။ ဘိက္ခဝေ၊ ရဟန်းတို့။ နိဟီန သေဝီ၊ ယုတ်မာသောသူကို မှီဝဲသော။ ပုရိသော၊ ယောကျ်ားသည်။ နိဟီယတိ၊ ယုတ်မာ၏။ တုလျသေဝီ၊ တူသောသူကိုမှီဝဲသော။ ပုရိသော၊ ယောကျ်ားသည်။ ကဒါစိ၊ တစ်ရံတစ် ဆစ်၌။ နှ စ ဟာယေထ၊ မယုတ်မာရာ။ သေဋ္ဌံ၊ မြတ်သောသူကို။ဥပဂမံ-ဥပဂမန္တော၊ ဆည်းကပ်သောသူသည်။ ခိပ္ပံ၊ လျင်စွာ။ ဥဒေတိ၊ သိလ အစရှိသော ကျေးဇူးတို့ဖြင့် ပွားများ၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တနော၊ မိမိထက်။ ဥတ္တရိတရံ၊ သိလ စသည်ဖြင့် လွန်မြတ်သောသူကို။ ဘဇထ၊ ဆည်းကပ်မှီဝဲကြကုန်လော့။

သမ္မညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းထော်မူ၏။ သစ္စာတို့ကို ပြတော်မူ

www.dhammadownload.com

သည်၏အဆုံးဌာန် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဖော်ကို မှီဝဲသော ရဟန်းသည် သောတာပတ္တိဖိုလ်ဌာ တည်၏။

ဇာတ်ပေါင်း။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား—ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေးဖြစ်ပြီ၊ ယခုအခါ ဆန့်ကျင်ဘုက်ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲသောရဟန်းသည် ထိုအခါ မဒနာဇခြင်္သေ့ဖြစ်ပြီ၊ ယခုအခါ ဥပပလဝဏ်သည် ထိုအခါ နှမဖြစ်ပြီး၊ ယခုအခါ ခေမာဘိက္ခုနီမသည် ထိုအခါ မယားဖြစ်ပြီ၊ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ အမိဖြစ်ပြီ၊ ယခုအခါ ဝါဘုရားသည်လျှင် ထိုအခါ အဘခြင်္သေ့မင်းဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ယုတ်မစေသာသူ၊ ပေါင်းသင်းမူ၊ ထိုသူပျက်စီးရာ။)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မနောဇဇာတ်သည် ပြီး၏။

၃-သုတနုဇာတ်

မိဘကိုလုပ်ကျွေးသင့်ကြောင်း

ဟောတော်မူရာဌာန်။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ရာဇာ တေ ဘတ္တံ- အစရှိသော ဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤသုဘနုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမိကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည်ဃာမဇာတ်၌ထင်စွာဖြစ်လတ္တံ့။)

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်းရဲသောအမျိုး၌ဖြစ်၏။ ထိုဘုရားလောင်းအား "သုတနု" ဟူသော အမည်ကို မှည့်ကုန်၏။ ထိုဘုရားလောင်းသည် အရွယ်သို့ရောက်လတ်သော် သူရင်းငှား လုပ်၍ မိဘတို့ကို မွေး၍ အဘသည် သေသည်ရှိသော် အမိကိုမွေး၏။

www.dhammadownload.com

မင်းကြီးတာကထုက်

ထိုအခါ၌ကား ဗာရာဏသီမင်းသည် သမင်သတ်ခြင်းကို အလိုရှိ၏၊ တစ်နေ့ဆဲ၌ များစွာသောအခြံအရံဖြင့် ယူဇနာတစ်ရာ အတိုင်းအဝှမ်း ရှိသော တောသို့ဝင်၍ ''အကြင်သူ၏ တည်ရာအရပ်၌ သမင်ပြေး၏။ ထို သူအား ဤမည်သော ဒဏ်သည် ဖြစ်စေ'' ဟု ခပ်သိမ်းကုန်သောသူတို့အား ကြားစေ၏၊ အမတ်တို့သည် မင်းဆိုတိုင်းသောခရီးဖြင့် အစုကိုဝေ၍ ပေးကုန်၏။ လူတို့သည် သားတို့၏နေရာအရပ်တို့ကို ခြံရံ၍ ပဲ့တင်ထပ်စေကုန်သဖြင့် ထစေအပ်ကုန်သော သားတို့တွင် တစ်ခုသော ကျီမည်သော သားသည် မင်း၏ နေရာအရပ်သို့ပြေး၏။ မင်းသည် ထို ကျီမည်သော သားကို ''ပစ်အံ့'' ဟု မြားကိုလွှတ်၏။ သင်အပ်ပြီးသော မာယာရှိသော သားသည် မြား လက်ယာနံပါးသို့ ရှေးရှုလာသည်ကိုသိ၍ ပြန်၍ မြားစူးသကဲ့သို့ ထည်း၏၊ မင်းသည် ''သမင်ကိုစူးပြီ'' ဟု ဖမ်းအံ့သောငှာ ပြေး၏၊ သမင်သည် ထ၍ လေကဲ့သို့ လျင်မြန်သော အာဟုန်ဖြင့် ပြေး၏။ အမတ်အစရှိသော သူတို့သည် မင်းကို ပြက်ရယ်ပြုကုန်၏။

ဘီလူးဖမ်းခံရပြီ

မင်းသည် သမင်ကိုလိုက်၍ ပင်ပန်းသဖြင့်လည်း သန့်လျက်ဖြင့်ပိုင်း၍ တစ်ခုသော လှံကန့်ဆွဲ၍ ထမ်းပိုးဌာနေ၍ လာလတ်သော် ''အတန်ငယ် အပင်ပန်းဖြေအံ့'' ဟု ခရီး၏အနီးဌာနတည်သော ပညောင်ပင်သို့ဝင်၍ လျောင်းလတ်သော် အိပ်ပျော်ခြင်းသို့ရောက်၏။ ထို ပညောင်ပင်ဌာနေသော မယဒေဝတာ ဘီလူးသည် ထိုပညောင်ပင်သို့ ဝင်ကုန်သော သူတို့ကို ဝေဿဝဏ်နတ်မင်းကြီး၏ အထံမှ စားခြင်းငှာရ၏။ ထို ဘီလူးသည် ထ၍သွားသော မင်းကြီးကိုမြင်၍ ''ရပ်လော့၊ ငါ့အစာ ဖြစ်ပြီ'' ဟု လက်ဌာကိုင်၏။ ''သင်သည် အဘယ်တို့အမည်ရှိသနည်း'' ဟု မေး၏။ ''ငါသည် ပညောင်ပင်ဌာနေသော ဘီလူးတည်း၊ ဤအရပ်သို့ ဝင်သောသူတို့ကို စားအံ့သောငှာ ရ၏'' ဟု ဆို၏။

နေ့တိုင်း ထမင်းထုပ်ပို့ပါမည်

မင်းသည် သတိကိုဖြင်စေ၍ ''သင်သည် ယခုကဲ့သို့လျှင် စားလတ်တိုင်း၊ စလွဲ၊ မပြတ်စားလတ်တိုင်းလော'' ဟု မေး၏။ ''ရသော် မပြတ်စားအံ့'' ဟု

www.dhammadownload.com

ဆို၏။ မင်းသည် ''ယခုနေ့ ဤသမင်ကိုစား၍ ငါ့ကိုလွှတ်လော့၊ ငါသည် သင့်ဖို့ နက်ဖြန်မှစ၍ တစ်ခုသောထမင်းခွက်နှင့်တကွ တစ်ယောက်သော သူကို ပို့စေအံ့'' ဟု ဆို၏။ ''ထိုသို့ တပြီးကား မမေ့မလျော့ဖြစ်လော့၊ မပို့လာသောနေ့၌ သင့်ကို လာ၍စားအံ့'' ဟု ဆို၏။ ''ငါသည် ဗာရာဏသီမင်းတည်း၊ ငါ့အား မရှိသော မည်သည် မရှိ'' ဟု ဆို၏။ ဘီလူးသည် ဝန်ခံခြင်းကိုယူ၍ မင်းကိုလွှတ်၏။

ထမင်းပို့ဆောင်းရဲသားသွားပုံ

မင်းသည် မြို့သို့ဝင်၍ ထိုအကြောင်းကို အမတ် တစ်ယောက်အား ကြား၍ ''ယခု အသို့ပြုအံ့နည်း'' ဟု မေးသည်ရှိသော် ''ရှင်မင်းကြီး နေ့ဆိုပိုင်းအခြားကို ပြုခဲ့၏လော့'' ဟု မေး၏။ ''မပြုခဲ့'' ဟု ဆို၏။ ''သင်မင်းကြီးသည် မသင့်သည်ကို ပြုခြင်းသော်လည်း မကြံလင့်၊ နှောင်အိမ်တို့၌ လူတို့သည် မျှားစွာရှိကုန်၏'' ဟု ဆို၏။ ''ထိုသို့တပြီးကား သင်သည် ဤအမှုကိုပြုလော့၊ ငါ့အား အသက်ကို ပေးလော့'' ဟု ဆို၏။ အမတ်သည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ နေ့တိုင်း နှောင်အိမ်မှ လူကိုထုတ်၍ ထိုမင်းခွက်ကို ယူစေ၍ ဘီလူးသို့ပို့စေ၏။ ဘီလူးသည် ထမင်းကို စားပြီးသော် လူကိုစား၏၊ နောက်အဖို၌ နှောင်အိမ်တို့၌ လူတို့သည် ကုန်ကုန်၏။ မင်းသည် ထမင်းပို့အံ့သောသူကို မရ၍ သေဘေးဖြင့် တုန်လှုပ်၏။ ထိုအခါ မင်းကို အမတ်ဣသည် နှစ်သိမ့်စေ၍ ''အရှင်မင်းကြီး....အသက်၌ တပ်စွန်းခြင်းထက် ဥစ္စာ၌တပ်စွန်းခြင်းသည် အလွန်အားရှိ၏၊ ဆင်ကျောက်ကုန်း၌ ဥစ္စာဆောင်ထုပ်ကိုတင်၍ အာဘယဿူသည် ဤဥစ္စာကိုယူ၍ ဘီလူးသွေ ထမင်းပို့လတ္တံ့နည်းဟု စည်လည်စေးလော့'' ဟု ဆွဲ၍ အမတ်ကြီးဆိုတိုင်း ပြုစေ၏။ ထိုအခါ ထိုစကားကိုကြား၍ ဘုရားဒလောင်းသည် အခစားလုပ်သဖြင့် ပဝက်ပဝကဲသော ဥစ္စာကို စုရုံး၍ ငြိုငြင်သဖြင့် အမိကိုခေါ်၍ ရ၏၊ ''ဤဥစ္စာကိုယူ၍ အမိအား ဆေး၍ ဘီလူးဆီသို့သွားအံ့၊ ဘီလူးကို ဆုံးမခြင်းငှာ အကယ်၍ စွမ်းနိုင်အံ့၊ ဤသို့ စွမ်းနိုင်သည်ရှိသော် အပြစ်မရှိ၊ အကယ်၍ မတတ်နိုင်အံ့၊ ငါ့အမိသည် ချမ်းသာစွာ အသက်မွေးရလတ္တံ့'' ဟု ကြံ၏။ ကြံပြီး၍ ထို အကြောင်းကို အမိအား ကြား၍ ''အမောင်....မသင့်၊ ငါ့အားဥစ္စာဖြင့် အလိုမရှိ'' ဟု နှစ်ကြိမ်မြောက်ပယ်၍ သုံးကြိမ်မြောက်၌ အမိကိုမပန်မူ၍လျှင် ''အရှင်တို့ ဥစ္စာတစ်ဆောင်ကို

www.dhammadownload.com

ဆောင်ခဲ့ကြကုန်လော့၊ ငါ ထမင်းကိုပို့အံ့''ဟု ဥစ္စာတစ်ထောင်ကို ယူ၍ အမိအား ပေး၍ ''မိခင်....မကြံလင့်၊ ငါသည် ဘိလူးကိုဆုံးမ၍ လူအများ ထား ချမ်းသာခြင်းကိုပြုအံ့၊ ယခုလျှင် မျက်ရည်စွတ်သော မျက်နှာကို ရှင်စေလျက် လာအံ့''ဟု ဆို၍ အမိကိုရှိခိုး၍ မင်းချင်းယောကျ်ားတို့နှင့် တကွ မင်း၏အထံသို့သွား၍ ရှိခိုး၍ရပ်၏။

ထို့နောင်မှ မင်းသည် ''အမောင်....သင်သည် ထမင်းကိုပို့လတ္တံ့ လော'' ဟု ဆိုသည်ရှိသော် ''အရှင်မင်းကြီး ပို့ပါမည်'' ဟု ဆို၏။ ''သင့်အား အဘယ်ကိုရခြင်းငှာ သင့်သနည်း''ဟု မေးသည်ရှိသော် ''ရှင်မင်းကြီး....ရှင်မင်းကြီးတို့၏ ရွှေခြေနင်းကိုရခြင်းငှာ သင့်၏''ဟု ဆို၏။ ''အဘယ်ကြောင့်နည်း'' ဟုမေးသည်ရှိသော် ''အရှင်မင်းကြီး....ထိုဘိလူး သည် သစ်ပင်ရင်း၌ရပ်သော သူတို့ကိုသာ စားခြင်းငှာရ၏။ အကျွန်ုပ်သည် ဘိလူး၏ ဥစ္စာဖြစ်သောမြေ၌ မရပ်မူ၍ ခြေနင်းတို့၌သာ ရပ်အံ့''ဟုဆို၏။

''ဤမှတစ်ပါး အဘယ်ကိုရခြင်းငှာ သင့်သနည်း''ဟု မေး၏။ ''ရှင်မင်းကြီး....ရှင်မင်းကြီးတို့၏ထီးကို ရခြင်းငှာ သင့်၏''ဟု ဆို၏။ ဤထီးကို အဘယ်အကျိုးငှာနည်း''ဟု မေးသည်ရှိသော် ''အရှင်မင်းကြီး....ဘိလူး သည် မိမိသစ်ပင်ရိပ်၌ တည်သောသူတို့ကိုသာ စားခြင်းငှာရ၏၊ အကျွန်ုပ် သည် ထိုဘိလူး၏သစ်ပင်ရိပ်၌ မရပ်မူ၍ ထီးရိပ်၌ရပ်အံ့''ဟုဆို၏။ ''ဤမှ တစ်ပါး အဘယ်ကိုရခြင်းငှာ သင့်သနည်း''ဟု မေးသည်ရှိသော် ''ရှင်မင်းကြီးတို့၏ သန်လျက်ကို ရခြင်းငှာ သင့်၏''ဟု ဆို၏။ ''ဤသန်လျက်ဖြင့် အဘယ်အကျိုး ရှိသနည်း''ဟု မေးသည်ရှိသော် ''အရှင်မင်းကြီး....ဘိလူးတို့လည်း လက်နက်စွဲကုန်သော သူတို့အား ကြောက်တတ်ကုန် သလျင်ကတည်း''ဟုဆို၏။ ''ဤမှတစ်ပါး အဘယ်ကိုဆလိုရှိသနည်း''ဟု မေး၏။ ''အရှင်မင်းကြီး....အရှင်မင်းကြီးတို့၏ ရွှေခွက်ကိုယူ၍ အရှင်မင်းကြီး၏ စားတော်ထမင်းကို ပြည့်စေ၍ ခပ်းကုန်းလော့''ဟု ဆို၏။ ''အမောင်....အဘယ်ခြောင့်နည်း''ဟု မေးသည်ရှိသော် ''အရှင်မင်းကြီး....အကျွန်ုပ်ကဲ့သို့ ပညာရှိသောယောကျ်ားအား မြေခွက်ဖြင့် ရှုန့်ရင်းသောဘောဇဉ်ကို ဆောင်အံ့သောငှာ မသင့်လျောက်ပတ်''ဟု ဆို၏၊ ''အမောင်....ကောင်းပြီ''ဟု မင်းသည် အလုံးစုံကိုပေး၍ ဘုရားလောင်းကို ဓဝယျာဝစ္ဆပြုသော သူတို့ကို စီရင်စေ၏၊ ဘုရားလောင်းသည် ''မြတ်သောမင်းကြီး....ကြောက်ခြင်းတရား မမူလင့်၊ ယခုအကျွန်ုပ်သည် ဘိလူးကိုဆုံးမ၍ ရှင်မင်းကြီးတို့အား ချမ်း

www.dhammadownload.com

သဒ္ဓြင်းကိုပြု၍ လာအံ့'' ဟုဆို၍ မင်းကိုရှိခိုး၍ အနာဆာက်ဦကို ကိုင်ခဲ့စေ၍ ထိုအရပ်သို့သွား၍ လူတို့ကို သစ်ပင်၏ အနီ၌ ထားခဲ့၍ ရွှေခြေနင်းကိုစီး၍ သန်လျက်ကိုဖွဲ့၍ ထီးဖြူကိုဆောင်း၍ ရွှေခွက်ဖြင့် ထမင်းကိုယူ၍ ဘီလူးအထံသို့ သွား၏။ ဘီလူးသည် ခရိုးကို ကြည့်သည်ရှိသော် ဘုရားလောင်းကိုမြင်၍ ''ဤယောကျ်ားသည် တစ်ပါးကုန်သောနေ့တို့၌ လာသောနည်းဖြင့် မလာ၊ အကြောင်းတား ဘယ်သို့နည်း'' ဟု ကြံ၏။ ဘုရားလောင်းသည်လည်း သစ်ပင်အနီးသို့ သွား၍ သန်လျက်နှင့် ထမင်းခွက်ကိုအရိပ်ဆတ်ခဲ့ထား၍ အရိပ်အစွန်း၌ ရပ်လျက်-

၁၅။ ထာဇာ တေ ဘဲတ္တံ ပါဟေသိ၊ သုဒိ် မံ္မ ယူပဒသစနံ။
မယဒဒဝသ္မိ် အဓိဝတ္တေ၊ ဟေ နိက္ခမ ဘုဥ္ဇသု-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၅။ မယဒဒဝသ္မိ်၊ ပဒညောင်ပင်၌၊ အဓိဝန်းတွင်၊ စောင့်သောနတ်။ တေ၊သင့်ဖို့။ထာဇာ၊မင်းသည်။ သုဒိ်၊စင်ကြယ်သော။ မံသူပသေစနံ၊သားပြုမ်းဖြစ်သော။ ဘတ္တံ၊ထမင်းကို။ ပါဟေသိ၊ပို့စေ၏။ ဟေ၊လောလော့။ နိက္ခမ၊ထွက်လော့။ ဘုဥ္ဇသု၊စားလော့။

ဘီလူးခေါ်သံ

ထိုစကားကိုကြား၍ ဘီလူးသည် လှည့်စား၍ အရိပ်အတွင်းသို့ဝင်သော ဤယောကျ်ားကို စားအံ့'ဟု ကြံ၍-

၁၆။ ဟေ မာဏဝ သြရေန၊ ဘိက္ခ မာဒါယ သူပိတံ။
တုဥ္ဆ မာဏဝိ ဘိက္ခိုဝဝ၊ ဥဘော ဘက္ခာ ဘဝိဿထ-

ဟူသော နှစ်ခုးမြောက်သော ဤဂါထာကို ဆို၏။

၁၆။ မာဏဝ၊လုလင်။ သူပိတံ၊ဟင်းနှင့်ပြည့်စုံသော၊ ဘိက္ခံ၊ငါ့အား ဆမြဲဝတ်တည့်သော ထမင်းကို၊ အာဒါယ၊ယူ၍။ သြရေန၊ဤမှာဘက်သို့။ ဟေ၊လောလော့။ မာဏဝ၊ လုလင်။ တုဥ္ဆ၊ သင်သည်လည်း။ ဘိက္ခာဝဝ၊ ငါ့ဆစာပင် မဟုတ်လော။ ဥဘော၊ ဘမင်းနှင့်သင် နှစ်ပါးတို့သည်၊ ဘက္ခာ၊ ငါ့အစာတို့သည်။ ဘဝိဿထ၊ဖြစ်ကုန်လတ္တံ့။

အကျိုးအကြောင်း ရှင်းပြ

ထိုးနှောင်မှ ဘုရားလောင်းသည်-

၁၇။ အပ္ပဒါနတုဝံ ယက္ခ၊ ထုလ္လ မတ္တံ ဇဟိဿသိ။
ဘိက္ခံ တေ နာဟရိဿန္တိ၊ ဇနာ မရဏာသညိနော။

www.dhammadownload.com

၁၈။ လဒ္ဓါယံ ယက္ခ တဝ နိစ္စဘတ္တံ၊
သုစိ ပဏီတံ ရသသာ ဥပေတံ။
ဘိက္ခဥ္စ တေ အာဟရိးယာ နရော ဣဓ၊
သုဒုလ္လဒဘာ ဟေဟိတိ ဘက္ခိတေ မယိ-
ဟူသော ဤဂါထာတို့ကို ဆို၏။

၁၇။ ယက္ခ၊ ဘီလူး၊ တုဝံ၊သင်သည်။ အပဂေန၊ အနည်းငယ်သော အကြောင်းဖြင့်။ ထုလ္လ၊ကြီးစွာသော၊ အတ္တ၊အကျိုးကို။ ဇဟိသသိ၊စွန့်ရလတ္တံ့။ ဇနာ၊လူတို့သည်။ မရဏသညိနော၊ သေရအံ့ဟု အမှတ်ရှိကုန်သည် ဖြစ်၍၊ တေ၊သင့်အား၊ ဘိက္ခ၊ ထမင်းကို။ နာဟရိဿန္တိ၊ မပို့ဆောင်ကုန်လတ္တံ့။

၁၈။ ယက္ခ၊ ဘီလူး၊ တဝ၊သင့်ဖို့။ သုစိ၊စင်ကြယ်သော။ ပဏီတံ၊ မြတ်သော၊ ရသသာ၊အရသာနှင့်။ ဥပဟတံ၊ပြည့်စုံသော။ နိစ္စဘတ္တံ၊ အမြဲစတ်တည်သော ထမင်းကို။ လဒ္ဓါ၊ ရ၍။ အယံ၊ ဤငါ၏ လာခြင်းသည်။ ဟောတိ၊ ဖြစ်၏။ မယိ ငါ့ကို။ ဘက္ခိတေ၊စားသည်ရှိသော်၊ တေ၊ သင်၏။ ဘိက္ခဥ္စ၊ ထမင်းကိုလည်း။ အာဟရိယော၊ ဆောင်ဝံ့သော၊ နရော၊ လူကို။ ဤဓ၊ ဤဗာရာဏသီပြည်၌၊ သုဒုလ္လဒဘာ၊ အလွန်ရခဲသည်။ ဟေဟိတိ၊ ဖြစ်လတ္တံ့။

ငါ့မှာသန်လျက်ပါသည်

ဆာဘယ်ကြောင့် ဖြစ်လတ္တံ့နည်း ဟူမူကား- "ဗာရာဏသီပြည်၌ ငါနှင့်တူသော ပညာရှိဒသာသူမည်သည် မရှိ၊ ငါ့ကိုစားသည်ရှိသဲ့ သုဘနုကို စင်လျက်လည်း ဘီလူးသည် စား၏၊ တစ်ပါးသော တစ်စုံတစ်ယောက်သောသူအား ထိုဘီလူးသည် အဘယ်မှာ ရှက်လတ္တံ့နည်း" ဟု ထမင်းပို့အပ်သောသူကို မရလတ္တံ့၊ ထိုသို့ဖြစ်သည်ရှိသော် သင့်အား ဤနေ့မှစ၍ ထမင်းကို ရခဲသည်ဖြစ်လတ္တံ့၊ ငါတို့၏မင်းကိုလည်း ဖမ်းအံ့သောငှာ မရလတ္တံ့၊ အဘယ်ကြောင့်နည်း ဟူမူကား- သစ်ပင်မှ အပဖြစ်သောကြောင့်တည်း၊ ဤထမင်းကိုစား၍ ငါ့ကို အကယ်၍ လွှတ်လိုက်အံ့၊ ငါသည် မင်းအားပြောဆို၍ အမြဲဖြစ်သော ထမင်းကို ပို့လာစေအံ့၊ သင့်အား ငါ့ကိုလည်း စားအံ့သောငှာ မပေးလတ္တံ့၊ ငါသည် သဲ၏ဥစ္စာဖြစ်သောအရပ်၌ မရပ်၊ ခြေနင်းတို့၌ရပ်၏၊ သင်၏ သစ်ပင်ရိပ်၌

www.dhammadownload.com

လည်း မရပ်၊ ထီးရိပ်၌လျှင် ရှပ်၏။ ငါနှင့်တကွ အကယ်၍ စစ်ထိုးအံ့၊ သင့်ကို သန်လျက်နှင့် နှစ်ပိုင်းဖြတ်အံ့။ ငါသည် ထိုအကျိုးငှာလျှင် စီရင်၍ လာ၏''ဟု ဘီလူးကို ဘုရားလောင်းသည် ခြိမ်းခြောက်၏။

မင်းတော်တယ်ပြန်နိုင်ပြီ

ဘီလူးသည် ဤလုလင်ကား ''သင့်သောသဘောကို ဆို၏''ဟု မှတ်၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍-

၁၉။ မမေဝ သုတနော အာဒတ္ထ၊ ယထာ ဘဒ္ဒသသိ မာဏဝ။
မယာ တွံ သမနုညာတော၊ သောတ္ထိံ ပဿဒ္ဓဟိ မာတရံ၊
၂၀။ ခဂ္ဂံ ဆတ္တဉ္စ ပါတိဉ္စ၊ ဂစ္ဆ ဓာဒါယ မာဏဝ။
သောတ္ထိံ ပဿတု တေ မာတာ၊ တွဉ္စ ပဿာဟိ မာတရံ-
ဟူသော ဤဂါထာတို့ကို ဆို၏။

၁၉။ သုတနော၊ သုတနု ဧည်သော။ မာဏဝ၊ လုလင်။ တွံ၊ သင်သည်။ ယထာ၊ အကြောင်းအခြင်းဖြင့်။ ဘဒ္ဒသသိ၊ ဆို၏။ တထာ၊ ထိုသို့ ဆိုသော အခြင်းအရာဖြင့်။ ဘာသိတော၊ ဆိုအပ်သော။ အတ္ထော၊ အကျိုးသည်။ မနမဝ၊ ငါ၏ သားလျှင်။ အတ္ထာ၊ အကျိုးတည်း။ မယာ၊ ငါသည်။ တွံ၊ သင့်ကို။ သမနုညာတော၊ ခွင့်ပြုအပ်၏။ သေတ္ထိံ၊ ချမ်းသာစွာ။ မာတရံ၊ အမိကို။ ပဿာဟိ၊ ရှုလေး၊လော့။

၂၀။ မာဏဝ၊ လုလင်။ ခဂ္ဂဉ္စ၊ သန်လျက်ကိုလည်း၊ကောင်း။ဆတ္တဉ္စ၊ ထီးကိုလည်း၊တောင်း။ ပါတိဉ္စ၊ ခွေခွက်ကိုလည်း၊ကောင်း။ အာဒါယ၊ယူ၍။ ဂစ္ဆ၊ သွား၊လျှင်း၊လေလော့။ တေ၊သင်၏၊ မာတာ၊ အမိသည်။ သောတ္ထိံ၊ ချမ်းသာစွာ။ ပဿတု၊ ရှုစေသတည်း။ တွဉ္စ၊ သင်သည်လည်း။ မာတရံ၊ အမိကို။ ပဿာဟိ၊ ရှုလေလော့။

ဘီလူးကို ပသခံစေပြီ

ဘီလူးစကားကိုကြား၍ ဘုရားလောင်းသည် ''ငါ၏အမူသည် ပြီး၊ပြီ၊ ငါသည် ဘီလူးကို ဆုံးမအပ်ပြီ၊ မျှားစွာသောဥစ္စာကိုလည်း ရအပ်ပြီ၊ မင်း၏စကားကဲ့ ပြုအပ်ပြီ''ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဘီလူးအား အနုမောဒနာကို ပြုလိုရကား-

www.dhammadownload.com

၂၁။ ဧဝံ ယက္ခ သုခိ ဟောတိ၊ သဟ သဇ္ဇဟိ ဉာတိဘိ။
ဓနဉ္စ ဧမ ဏာဓိဂတံ၊ ရဇညာ စ ဗဓနံ ကတံ-
ဟူဒသာ အဆုံးဖြစ်သော ဤဂါထာကိုဆို၏။

၂၁။ ယက္ခ၊ ဘီလူး။ မေ၊ ငါသည်၊ ဓနဉ္စ၊ ဥစ္စာကိုလည်း။ ဏာဓိ ဂတံ၊ ရပြီ။ ရညော၊ မင်း၏၊ ဝဓနဉ္စ၊ စကားကိုလည်း။ ကတံ၊ ပြုအပ်ပြီ၊ ဧဝံတထာ၊ ထို့အတူ။ တွံ၊ သင်သည်၊ သဇ္ဇဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ၊ သုခိ၊ ချမ်းသာခြင်းသည်။ ဟောတိ၊ ဖြစ်လော့။

ဤသို့ဆို၍ ဘီလူးကိုခေါ်၍ "အေးဆ...သင်သည် ရှေးဦး အကုသိုလ်ကံကိုပြု၍ ရှန်ရင်းကြမ်းကြုတ်သည်၊ သူတစ်ပါးတို့၏ အသားအသွေးကို စားတတ်သည်ဖြစ်၏၊ ဤနေ့မှစ၍ ပါဏာတိပါတ အစရှိသည်တို့ကို မပြုလင့်"ဟု သီလ၏အကျိုးကိုလည်းကောင်း၊ သီလမရှိခြင်းဌာန အပြစ်ကိုလည်းကောင်း ဆို၍ "ပဥ္စသီတို့ဌာန တည်ခစ၍ သင့်အား ဟောနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လာလော့ မြို့တံခါးဌာန သင့်ကိုနေစ၍ ထမင်းဦးရခြင်းကို ပြုအံ့"ဟု ဘီလူးနှင့်တကွ ထွက်၍ ဆန်လျက် အစရှိသည်တို့ကို ဘီလူးကို ကိုင်စေ၍ ဗာရာဏသီပြည်သို့ လာ၏။

စစ်သူကြီးဖြစ်ရခြင်း

သုတနုလုံလင်သည် ဘီလူးကိုခေါ်၍ လာ၏ဟု မင်းအား ကြားကုန်၏။ မင်းသည် အာရတ်အပေါင်းခြံရံလျက် ဘုရားလောင်းအား ခရီးဦးကြို၍ ဘီလူးကို မြို့တံခါးဌာနစေ၍ ထမင်းဦး အစရှိသည်တို့ကို ရခြင်းကိုပြု၍ မြို့သို့ဝင်၍ စည်လည်စေ၍ မြို့သူမြို့သားတို့ကို စည်းဝေးစေ၍ ဘုရားလောင်း၏ ကျေးဇူးကိုဆို၍ စစ်သူကြီးအရာကိုပေး၏။ မိမိလည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အလှူအစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့လား၏။

ဇာတ်ပေါင်း။ သမ္ဗဉ္ဇမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမိ.ကုလုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဤဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူ

www.dhammadownload.com

ကား-ယခုအခါ အက်ိုလိမာလသည် ထိုအခါ မဃဒေဝဘီလူးဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ သုတနုလုလင်ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘအရေး၊ အသက်ပေး၊ ကျေးမွေးပြုစုရာ။)

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော သုတနုဇာတ်သည် ပြီး၏။

၄-ကိဋ္ဌဇာတ်

မိဘ၏ဂုဏ်ကျေးဇူးကြောင့် သေဘေးမှလွတ်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗညုမြတ်စွာဘုရားသခင်သည် ''တေ ကထံ နု ကရိဿန္တီ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိဋ္ဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမိကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် သာဓကဇာတ်၌ထင်စွာဖြစ်လတ္တံ့။)

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လင်းတမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကြီးကုန်သော ယုတ်သော မျက်စိရှိကုန်သော မိဘတို့ကို လင်းတဂူ၌ထား၍ နွားသား အစရှိသည်တို့ကို ဆောင်ယူ၍ မွေး၏။

မိဘကျွေးမွေးသော လင်းတ

ထိုအခါ ဗာရာဏသီပြည်၏အနီး သုသာန်၌ တစ်ယောက်သော မုဆိုးသည် မမှတ်မူ၍ လင်းတတို့၏ကျရာအရပ်၌ ကျော့ကွင်းကိုထောင်၏။

ကျော့ကွင်းမိ၍ငိုပုံ

ထိုဖခင်သည် တစ်နေ့သ၌ ဘုရားလောင်းသည် နွားသား အစရှိသည်တို့ကို ရှာလျက် သုသာန်သို့ ဝင်သည်ရှိသော် ကျော့ကွင်း၌မိ၍ မိမိအကျိုးငှာ

www.dhammadownload.com

မအောက်မေ့၊ကြီးကုန်သော ယုတ်သော မျက်စိရှိကုန်သော မိဘတို့ကိုသာ ဆောက်မေ့၍ "ငါ၏မိဘတို့သည် အသို့လျှင် မျက်နှာလတ္တံ့နည်း၊ ငါ့အား ကျေးကျွန်းမိသည်၏ အဖြစ်ကိုလည်း မသိကုန်၊ ကိုးကွယ်ရာအဆောက်အပံ့ စရှိကုန်သည်ဖြစ်၍ တောင်လိုက်၌လျှင် ခြောက်၍ သေကုန်ယောင်စကား ဟု မြည်တမ်းလိုရကား-

၂၂။ တေ ကထံ နု ကရိဿန္တိ၊ ဝုဗ္ဘော ဂိရိဒရိသယာ။
အဟံ ဗဒ္ဓေါသ္မိ ပါဓေန၊ နိလီယဿ ဝသံ ဂတော။

ဟူသော ရွေးဦးစွာသော ဤဂါထာကိုဆို၏။

၂၂။ အဟံ၊ ငါ့ကို။ ပါဓသန၊ ကျေးကျွန်းသည်။ ဗဒ္ဓါ၊ မိသည်။ အသို့၊ ဖြစ်၏။ အဟံ၊ ငါသည်။ နိလီယဿ၊ နိလီယမည်သော မုဆိုး၏။ ဝသံ၊ နှိုင်ငံသို့။ ဂတော၊ လိုက်ရ၏။ ဝုဗ္ဘော၊ ကြီးကုန်သော။ ဂိရိဒရိသယာ၊ တောင်လိုက်၌နေကုန်သော။ တေ၊ ထိုမိဘတို့သည်။ ကထံ နု၊ အသို့လျှင်။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့နည်း။

ဌက်ငိုတာမမြင်ဘူးပါ

ထိုအခါ မုဆိုးသည် လင်းတမင်းငိုသံကိုကြား၍-

၂၃။ ကိံ ဂိဒ္ဓ ပရိဒေးဝသိ၊ တာ နု တေ ပရိဒေဝနာ။
နေ မေ ဒိဋ္ဌံ ဝါ သုတံ ဝါ၊ ဘာသန္တော မာနုသိံ ဒိဇော-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၂၃။ ဂိဒ္ဓ၊ လင်းတ။ တံ၊ သင်သည်။ ကိံ၊ အသို့။ ပရိဒေဝသိ၊ ငိုကြွေးသနည်း။ တေ၊ သင်၏။ ပရိဒေဝနာ၊ ငိုကြွေးခြင်းသည်။ တာ နု၊ အသို့နည်း။ မာနုသိံ၊ လူတို့၏စကားကို။ ဘာသန္တော၊ ဆိုသော။ ဒိဇော၊ ဌက်ကို။ မေ၊ ငါသည်။ နေ ဒိဋ္ဌံ ဝါ၊ မြင်လည်း မမြင်စဘူး။ နေ သုတံ ဝါ၊ ကြားလည်း မကြားစဘူး။

မိဘတို့အတွက် စိုးရိမ်ပါသည်

ထို့နောင်မှ လင်းတမင်းသည်-

၂၄။ ဘရာမိ မာတာ ပိုတရော၊ ဝုဗ္ဘေ ရိဒရိသယေ၊
တေ ကထံ နု ကရိဿန္တိ၊ အဟံ ဝသံ ဂတော တဝ-

ဟူသော ဤဂါထာကိုဆို၏။

www.dhammadownload.com

၂၄။ နေသာဒ၊ မုဆိုး။ အဟံ၊ ငါသည်။ ဝုံဓေ့၊ ကြီးကုန်သော။ ဂိရိဒရီသယေ၊ တောင်လုံးဂ်၌နေကုန်သော။ မာတာပိတရော။ မိဘတို့ကို။ ဘရာမိ၊ မွေး၏။ အဟံ၊ ငါသည်။ တဝ၊ သင်၏။ ဝသံ၊ နိုင်ငံသို့။ ဂတော၊ လုံးရသည်ရှိသော်၊ တေ၊ ထိုမိဘတို့သည်။ ကထံ နု၊ အသို့လျှင်။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့နည်း။

ကျေ့ကွင်းကို မမြင်ဘူးလား

ထိုနောင်မှ မုဆိုးသည်-

၂၅။ ယံ နု ဂိဠော ယောဇနသတံ၊ ကုဏပါနိ အာဒဝတ္ထတိ။
ကသ္မာ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ နု ဗုဠ္ဟသိ-

ဟူသော ဤဂါထာကို ဆို၏။

၂၅။ ဂိဠော၊ လင်းတသည်။ ယောဇနသတံ၊ ယူဇဏာတစ်ရာကို။ အတ္ထိ-ကာမမှ၊ လွန်၍။ ဌိတာ၊ တည်ကုန်သော။ ကုဏပါနိ၊ အကောင်တို့ကို။ အဝေတ္ထတိ၊ မြင်၏။ ဂဟိတော၊ ဤသို့။ ယံ နု ဝစနံ၊ အကြင်စကားကို။ လောကော့၊ လောကဌ်၌။ ကထိယတိ၊ ဆိုအပ်၏။ အထ၊ ထို့သို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ ဇာလဉ္စ၊ ကွန်သို့လည်း ကောင်း။ ပါသဉ္စ၊ ကျေ့ကွင်းသို့လည်းကောင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ နု ဗုဠ္ဟသိ၊ မသိသနည်း

ပျက်စီးလိုလျှင် ဘာမှမမြင်

ထို့နောင်မှ လင်းတမင်းသည်-

၂၆။ ယဒါ ပဏ္ဍဘဝေါ ဟောတိ၊ ပါဒေသော ဇီဝိတသင်္ခယေ။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ နု ဗုဠ္ဟတိ-

ဟူသော ဤဝါထာကို ဆို၏။

၂၆။ နေသာဒ၊ မုဆိုး။ ပါဒေလော၊ သတ္တဝါသည်၊ ဇီဝိတသင်္ခယေ၊ အသက်ကုန်လိုခြင်း၊ ကြောင့်။ ယဒါ၊ အကြင်အခါ၌။ ပဏ္ဍဘဝေါ၊ ပျက်စီးလိုသည်၊ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဇာလဉ္စ၊ ကွန်သို့လည်းကောင်း၊ ပါသဉ္စ၊ ကျေ့ကွင်းကိုလည်းကောင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ နု ဗုဠ္ဟတိ၊ မသိ။

www.dhammadownload.com

ငါပြုန်လွှတ်ပါတယ်

မုဆိုးသည် ဘုရားလောင်းအဲ့ တရားစကားကို နာရရ၍ "ပညာရှိသော လင်းတမင်းသည် ငိုကြွေးသော်လည်း မိမိအကျိုးငှာ မငိုကြွေး၊ မိဘတို့၏ အကျိုးငှာသာ ငိုကြွေး၏၊ ဤလင်းတခင်းကို သတ်အံ့သောငှာ မသင့်', ဟု လင်းတမင်းဖား နှစ်သက်ရ-

၂၇။ ဘရဿု မာတာ ပိဘရော၊ ဝုံးဇံ့ ဂိရိဒရိသးယ။

မယာ တ့ံ သမနုညားတာ၊ ဧသာတ်ထိ့ ပဿာဟိ ဉာတဧတေ-

ဟူသော ဤခြောက်ခုးမြောက်သော ဂါထာကို ဆို၏။

၂၇။ ဂိဠျရာဇ၊ လင်းတမင်းး တ့ံ၊ သင်သည်း ဝုံမ့ေ၊ ကြီးကုန်ဿော။ ဂိရိဒ္ဒရိသယေ၊ တောင်လိုဏ်ဌ်ဒ္ဒနေကုန်သော။ မာတာပိတရော၊ မိဘတို့ကို၊ ဘရဿု၊ မ့ေးလေလော့။ မယာ၊ ငါသည်း တ့ံ၊ သင့်ကို့။ သမနုညာတော၊ ခွင့်ပြုအပ်၏။ ဉာတကေ၊ ဆွေမျိုးတို့ကို့။ သေးထိ့၊ ချမ်းသာစွား ပဿာဟိ၊ ရှုလေလော့း

မုဆိုးကြီး ချမ်းသာပါစေ

ဤသို့ဆို၍ ချစ်စွာသောစိတ်၊ နှုးညံ့သောစိတ်ဖြင့် ကျေ့ကွင်းကို ဖြေ၏။ သေမင်းခံတွင်းမှ လွတ်၍ ချမ်းသာခြင်းရှိသော ဘုရားလောင်းသည် မုဆိုးအား အနုဒ္ဒမာဒနာ ပြုလိုသည်ဖြစ်၍-

၂၈း ဧဝံ လုဒ္ဒက နန္ဒဿု၊ သဟ သဇ္ဇဟီ ဉာတိဘိး

ဘရိဿံ မာတာ ပိတရော၊ ဝုံဧ့ေ ဂိရိဒရိသးယ-

ဟူသော ဖားဆုံးဖြစ်သော ဤဂါထာကို ဆို၏း

၂၈။ လုဒ္ဒက၊ မုဆိုး။ ဧဝံ၊ ဤအတူ။ တ့ံ၊ သင်သည်း သဇ္ဇဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်း သဟ၊ တကွ။ နန္ဒိဿု၊ နှစ်သက်လေလော့။ ဖားဟံ၊ ငါသည်။ စုဧ့ေ၊ ကြီးကုန်သော။ ဂိရိဒရိသးယ၊ ဘောင်လိုဏ်ဌ်ဒ္ဒနေကုန်သော။ မာတာပိဘရော၊ မိဘတို့ကို့။ ဘရိဿံ၊ မ့ေးပါအံ့။

ဤသို့ဆို၍ ခံဘွင်းပြည့်ဖောင် ဖာသားကိုယူ၍ မိဘတို့ဖား ပေး၏။

ဇာတ်းပါင်း။ သဇ္ဇညူမြတ်စွာဘုရားသည် ဤဓမ္မဒဒသနာကို ဆောင်ထောက်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတိကိုပေါင်းတော်မူ၏း သစ္စာတို့ကို

www.dhammadownload.com

ပြတော်မူသည်၏ အဆုံး၌ အမိကို လုပ်ကျွေးသော ရဟန်းသည် ဆောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို ဖောက်သိုပေါင်းတော်မူသနည်းဟူမူကား- ယခုအခါ ဆန္နသည် ထိုအခါ မုဆိုးဖြစ်ပြီ၊ ယခုအခါ မြတ်သောမင်းမျိုးတို့သည် ထိုအခါ မိဘတို့ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လင်းတမင်း ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပျက်စီးပို့ဖန်၊ သဘျိန်တန်၊ ဘေးရန်မမြင်ရာ။)
လေးခုတို့၏ ပြည့်ကြောင်း၊ ဖြစ်သော ဂိုဇ္ဈဇာတ်သည် ပြီး၏။

၅-ဒဋ္ဌပုပ္ဖဇာတ်

ငြင်းခုံခြင်းကြောင့် ဆုံးရှုံးရခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် "အနုတီရစာရိ ဘဒ္ဒန္တေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်လော ဤဒဋ္ဌပုပ္ပဲ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းသားဖြစ်သော ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤဥပနန္ဒ လောဘကြီးပုံ

ထိုဥပနန္ဒမထေရ်သည် သာသနာတော်၌ ရဟန်းပြု၍ အပို့စဆံတာ- ဖောရှိသော ကျွေးဇူးတို့ကိုပယ်၍ တပ်စွန်းကြိုး ကြိုးသည်ဖြစ်၏။ ဝါဆိုသော အခါ၌ နှစ်ကျောင်း သုံးကျောင်းတို့ကို သိမ်းဆည်း၍ တစ်ကျောင်း၌ ထိုးကိုလည်းကောင်း၊ တစ်ကျောင်း၌ ဖိနပ်ကိုလည်းခကောင်း၊ တစ်ကျောင်း၌ သပိတ်ကိုလည်းကောင်း တစ်ကျောင်း၌ တောင်ဝှေးကိုလည်းကောင်း၊ တစ်ကျောင်း၌ ရေဘူးကိုလည်းကောင်း ထား၍ တစ်ကျောင်း၌ မိမိနေ၏။ ထိုဥပနန္ဒမထေရ်သည် ထစ်ခုသော ဇနပုဒ်ကျောင်း၌ ဝါကပ်၍ ရဟန်းတို့မည်သည် အလိုနည်းသည်ဖြစ်အပ်၏ဟု ကောင်းကင်၌ လ-ကိုထင်ရစေဘိသကဲ့သို့ ရဟန်းတို့အား ပစ္စည်း၌ရောင့်ရဲခြင်းကို ပြုတတ်သော အရိယဝံသပဋိပတ်ကို ဟော၏။ ရဟန်းတို့သည် ထိုတရားကိုကြား၍ နှစ်သက်ဖွယ်

www.dhammadownload.com

ရှိကုန်သော သပိတ်သက်န်းတို့ကို စွန့်၍ မြေသပိတ်ဘို့ကို လည်းကောင်း ပံ့သကူသက်န်းတို့ကိုလည်းကောင်း ယူကုန်၏။

ဝိနည်းမိုရ်အကောင်းယူ

အရှင်ဥပနန်သည် တစ်ပါးသောဝံတ္ထုတို့ကို မိမိနေရာအရပ်၌ထား၍ ဝါကျွတ်သည်ရှိသော် ပဝါရဏာပြု၍ ယာဉ်ငယ်ကိုပြည့်စေ၍ ဇီတဝန်ကျောင်းတော်သို့ သွားသည်ရှိသော် ခရီးအကြား၌ တစ်ခုသောကျောင်း၏ နောက်၌ ခြေ၌ နွယ်သည်ငြို၏၊ စင်စစ် ဤကျောင်း၌ တစ်စုံတစ်ခုကို ရအပ်သည် ဖြစ်၎တ္တံ့ဟု ထိုကျောင်းသို့ဝင်၏၊ ထိုးကျောင်း၌ နှစ်ပါးကုန်သော အသက်ကြီးရဟန်းတို့သည် ဝါဆိုကုန်၏၊ ထိုရဟန်းကြီးတို့သည် နှစ်ထည်ကုန်သော ရုန်ရင်းသော သင်္ကန်းလျှာ ပုဆိုးတို့ကိုလည်းကောင်း၊ တစ်ခုသော် သိမ်မွေ့သော ကမ္မလာကိုလည်းကောင်း ရ၍ ခဲ့ဝေအံ့သော ငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ အရှင်ဥပနန်ကိုမြင်၍ "မထေရ်သည် ငါတို့အား ခဲ့ဝလတ္တံ့" ဟု နှစ်သက်သောစိတ် ရှိကုန်သည်ဖြစ်၍ "အရှင်ဘုရား... အကျွန်ုပ်တို့သည် ဝါဆိုသက်န်းကို ခဲ့ဝေအံ့သောငှာ မတတ်နိုင်ကုန်၊ ဤသင်္ကန်းကိုမှီ၍ အကျွန်ုပ်တို့အား ငြင်းခုံခြင်းသည် ဖြစ်၏။ဤသင်္ကန်းကို အကျွန်ုပ်တို့အား ခဲ့ဝေ၍ ပေးပါလော့" ဟု ဆို၏။ အရှင်ဥပနန်သည် "ကောင်းပြီ ခဲ့ဝေအံ့" ဟု ရုန်ရင်းကုန်သော နှစ်ထည်ကုန်သော သင်္ကန်းလျှာ ပုဆိုးတို့ကို နှစ်ပါးကုန်သော ရဟန်းကြီးတို့အား ပေး၍ ဤကမ္မလာသည်ကား ဝိနည်းမိုရ်ဖြစ်သော ငါ့အား လျောက်ပတ်၏ဟု ကမ္မလာကို ယူ၍ ဖဲ့၏။

ရဟန်းတို့ကဲ့ရဲ့ကြခြင်း

ထိုရဟန်းကြီးတို့သည်လည်း ကမ္မလာ၌ တပ်စွန်းကုန်သည်ဖြစ်၍ အရှင်ဥပနန်နှင့်တကွ ဇေဘဝန်ကျောင်းဘက်သို့ သွား၍ ရဟန်းတို့အား အကြောင်းကိုကြား၍ "အရှင်ဘုရားတို့.... ဝိနည်းကို ဆောင်ကုန်သော ရဟန်းတို့အား ဤသို့လုံ့ယက်၍ စားခြင်းငှာ အပ်သလော" ဟု လျောက်ကုန်၏၊ ရဟန်းတို့သည် ဥပနန်မထေရ်သည် ဆောင်ခဲ့အပ်ကုန်သော သပိတ်သက်န်းတို့ကိုမြင်၍ ရှင်ဥပနန်ကို "ငါ့ရှင်... သင်သည် ဘုန်းတန်ခိုးကြီး၏။ မျှာ စွာကုန်သော သပိတ်သက်န်းတို့ကို ရ၏" ဟု ဆိုကုန်၏၊ အရှင်ဥပနန်

www.dhammadownload.com

သည် ''ငါ့ရှင်တို့ အဘယ်မှာ ဘုန်းတန်ခိုးရှိအံ့နည်း၊ ကျွှေသို့သော ဆင်းကြောင့်ကျွှေသပိတ်သင်္ကန်းကို ရ၏'' ဟု အလုံးစုံသော ဆင်းကို ပြောဆို၏။ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့...သာကီဝင်မင်းသားဖြစ်သော ဆွမ်ညပနန်သည် ကြီးသော တပ်စုံနှင်းခြင်းရှိ၏၊ ကြီးသောလောဘရှိ၏'' ဟု စကားကို ဖြစ်စေကြကုန်၏။ သပ္ပညူမြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့...ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း' ဟု မေးတော်မူလတ်၍ ''ကျွှေမည်သော စကားဖြင့် စည်းဝေးကြကုန်၏'' ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့...ညပနန်သည် ဆင်ကြောင့်အားလျှောက်ပတ်သည်ကို မိမိမြင်ပြု၊ သူတစ်ပါးအား ဆင်ကို ပေးသော ရဟန်းမည်သည်ကား ရွေးဉီးစွာ မိမိသည် လျှောက်ပတ်စွာကြောင့်၍ နောက်မှ သူဘစ်ပါးကို ဆုံးမထု၏။

အတ္တာနမေဝ ပဌမံ၊ ပတိရူပံ နိဝေသယေ။

ဆာဆည မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော-

ဟူသော မမ္မပဒဋ္ဌလာသော ဤဂါထာပုဒ်ဖြင့် တရားဟော၍ ရဟန်းတို့ ညပနန်သည် ယခုဆခါ၌သာလျှင် ကြီးသော တပ်စုန်းခြင်းရှိသည် ကြီးသောလောဘ ရှိသည်မဟုတ်သေး၊ ရှေး၌လည်း ကြီးသော တပ်စုန်းခြင်း၊ ကြီးသော လောဘရှိသည်သာလျှင်တည်း။ ယခုဆခါ၌သာလျှင် ဤရဟန်းတို့၏ဥစ္စာကို လိုယက်သည်မဟုတ်သေး၊ ရှေး၌လည်း လုယက်ဖူးသည် သာလျှင်တည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောဆခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မြစ်နား၌ ရဂွစိုးနတ်ဖြစ်၏။

ဖျံငါးကိုမဆဲနိုင်

ထိုအခါ တစ်ခုသော မြေခွေးသည် မာယာဝီမည်သော မယားကိုယူ၍ မြစ်နား၌ တစ်ခုသောအရပ်၌နေ၏။ ထိုအခါ တစ်နေ့သ၌ မြေခွေးမသည် ''သခင်....ငါ့အားချင်ခြင်းဖြစ်၏၊ စိုးသောငါး ကြင်းသားကို စားခြင်းငှာ အလိုရှိ၏'' ဟု မြေခွေးဖိုကို ဆို၏။ မြေခွေးဖိုသည် ''ကြွေကြွမဲ့သည်ဖြစ်လော့၊ သင့်ဖို့ ဆောင်ခဲ့အံ့'' ဟု ဆို၍ မြစ်နားသို့လည့်လည်သည်ရှိသော် ခြင်္သေ့ နှယ်ငြိ၍ မြစ်နားသို့လျှောက်၍ သွား၏။ ထိုဈာန် ရေနက်သို့သွား

www.dhammadownload.com

သော ဖျ့, မြစ်နားသို့လျှောက်၍သွားသောဖျ့ ဤနှစ်ခုကုန်သော ဖုံတို့သည် ငါးတို့ကိုရှာကုန်လျက် ကမ်းနား၌ ရပ်ကုန်၏။ နှစ်ခုကုန်သော ဖျ့တို့တွင် ရေနက်သို့သွားသောဖျ့သည် ကြီးစွာသော ငါးကြင်းကိုမြင်၍ လျင်စွာ ရေသို့ဝင်ပ်၍ အမြီးဘ်ကိုက်၏၊ အားကြီးသော ငါးသည် ငင်လျက်သွား၏။

အကူအညီ ဖုံကိုခေါ်

ရေနက်သို့သွားသော ဖျ့သည် "အဆွေခင်ဗျန်း ဖျ့ — ငါးသည်ကြီး၏၊ နှစ်ခုကုန်သော ငါးတို့၏အဖို့သည်ဖြစ်လတ္တံ့၊ လာခဲလော့၊ ငါ၏အဖော် ဖြစ်လော့" ဟု မြစ်နားသို့လျှောက်၍ သွားသော ဖျ့နှင့်တကွ စတားပြောလိုရကား-

၂၉။ အနုတီရစာရိ ဘဒ္ဒန္တေ၊ သဟာယ မနုဓာဝ မံး
မဟာ မေ ဏောဟိတော မစ္ဆော၊ သော မံ ဟရတိ ဝေဂသာ-

ဟူသော ရွှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

၂၉၊ အနုတီရစာရိ၊ ဏမ်းနားသို့လျှောက်၍ သွားသော ဖျ့။ တေ၊ သင့်အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ခေ၊ ငါ၏။ ယော ရောဟိတော မစ္ဆော၊ အကြင် ငါးကြင်းသည်။ မဟာ၊ ကြီး၏။ သော၊ ထို ငါးကြင်းသည်။ မံ၊ ငါ့ကို။ ဝေဂသာ၊ အဟုန်ဖြင့်။ ဟရတိ၊ ဆောင်၏။ သဟာယံ၊ အဆွေဖြစ်သော။ မံ၊ ငါ့ကို။ အနုဓာဝ၊ အမြီးဘ်ကိုင်၍ ငင်လော့။

ကူညီဆွဲတင်ပေးမယ်

ထိုစကားကို ကြား၍ မြစ်နားသို့လျှောက်၍သွားသော ဖျ့သည်-

၃၀။ ဂမ္ဘီရစာရိ ဘဒ္ဒန္တေ၊ ဒဠှံ ဂဏှာဟိ ထာမသာ။
အဟန္တံ ဥဒ္ဓရိဿာမိ၊ သုပဏ္ဏော ဥရဂံ ဣဝ-

ဟူသော နှစ်ခုမြောက်သော ဂျိုဂါထာကို ဆို၏၊

၃၀။ ဂမ္ဘီရစာရိ၊ ရေနက်သို့သွားတတ်သော ဖျ့၊ တေ၊ သင်အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်စေသဘည်း။ ထာမသာ၊ အစွမ်းအားဖြင့်။ ဒဠှံ၊ မြဲစွာ။ ဂဏှာဟိ၊ ကိုင်လော့။ သုပဏ္ဏော၊ ဂဠုန်သည်။ ဥရဂံ၊ နဂါးကို။ ဥဒ္ဓရတိဣဝ၊ ထုတ်ဆောင်သကဲ့သို့၊ ဇဟံ၊ ငါသည်။ တံ၊ သင့်ကို။ ဥဒ္ဓရိဿာမိ၊ ထုတ်ဆောင်အံ့။

www.dhammadownload.com

အဝေမတည့်ကြ

ထိုအခါ ထိုဖျံနှစ်ခုတို့သည်လည်းတဖပါင်းဟည်းဖြစ်ကုန်၍ငါးကြင်းကို ထုတ်၍ ကမ်းနားဌာန်ထား၍ သတ်၍ "သင်ဝေဒနာသဉ်၊ သင်ဝေလေဉ်" ဟု ငြင်းခုံခြင်းကိုပြု၍ ဝေအံ့သောဌာန မတတ်နိုင်သည်ရှိသော် ထား၍နေကြကုန်၏။

မြေခွေးကို ဆရာတင်

ထိုအခါ မြေခွေးသည် ထိုအရပ်သို့ရောက်သည် ရှိသော် ဖျံတို့သည် မြေခွေးကိုမြင်၍ ခရီးဦးကြို့ဆို၍ "အဆွေမြေခွေး... ဤ ငါးကြင်းကို ငါတို့ တနေပါင်းတည်းဖြစ်ကုန်၍ ထုတ်ဆောင်အပ်ကုန်၏။ ထိုငါးကို ဝအံ့သောဌာန မတတ်နိုင်သည်ဖြစ်၍ ငါတို့အား ငြင်းခုံခြင်းသည်ဖြစ်၏။ ငါတို့အား အဖို့ကို တူမျှစွာ ဝေ၍ပေးလေဉ်" ဟု ဆိုလျှင်၍-

၃၁။ ဝိဝါဒေါ နော သမုပပ္ပန္နော၊ ဒဇ္ဇာပုပ္ပ သုဏာဟိ ဓမ။
သမေဟိ မေဓံ သမ္မ၊ ဝိဝါဒေါ ဝူပသမ္မတံ.

ဟူသော သုံးခုံမြောက်သော ဤဂါထာကို ဆို၏။

၃၁။ သမ္မ ဒဇ္ဇာပုပ္ပ၊ သမန်းမြက်ပွင့် ဏဆင်းရှိသာ ဏဆွေ မြေခွေး။ မေ၊ ဝါ၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာခံလော။ နော၊ ငါတို့အား။ ဝိဝါဒေါ၊ ငြင်းခုံခြင်းသည်။ သမုပပ္ပန္နော၊ ဖြစ်၏။ မေဓံ၊ ငြင်းခုံခြင်းကို။ သမေဟိ၊ ငြိမ်းစေလေဉ်။ ဝိဝါဒေါ၊ ငြင်းခုံခြင်းသည်။ ဝူပသမ္မတံ-ဝူပသမ္မတု၊ ငြိမ်းခြင်းသတည်း။

ငါးဝေပေးမယ်

ထိုစကားကို ကြား၍ မြေခွေးသည် မိမိ၏ဏစွမ်းကိုပြလိုရကား.

၃၂။ ဓမ္မဒ္ဒဝဟံ ပုရေ အာသိံ၊ ဗဟူ အဋ္ဌာ မေ တီရိတာ။
သမေမိ မေဓံ သမ္မ၊ ဝိဝါဒေါ ဝူပသမ္မတံ.

ဟူသော ဤဂါထာကို ဆို၏။

၃၂။ သမ္မ၊ ဏဆွေဖျံ။ အဟံ၊ ငါသည်။ ပုရေ၊ ရှေး၌။ ဓမ္မဒ္ဒဝ၊ တရားဆုံးဖြတ်သော ဏမတ်ကြီးသည်း အာသိံ၊ ဖြစ်ပြီး၊ မေ၊ ငါသည်း ဗဟူ၊ များစွာကုန်ဿသ။ ဏဋ္ဌာ၊ တရားတို့ကို။ တီရိတာ၊ ဆုံးဖြတ်ဏပ်ကုန်ပြီး၊ ဝေါ၊ သင်တို့၏။ သဗ္ဗံ၊ ဏလုံးစုံသော၊ မေဓံ၊ ငြင်းခုံခြင်းကို။ သမေမိ၊ ငြိမ်းစေအံ့။ ဝိဝါဒေါ၊ ငြင်းခုံခြင်းသည်။ ဝူပသမ္မတံ-ဝူပသမ္မတု၊ ငြိမ်းစေသတည်း။

www.dhammadownload.com

ငါအဖို့ အလယ်သား

ဤဂါထာကို ဆို၍ ဝေလိုရကား-

၃၃။ အနုတီရစာရိုနဂုံဌံ၊ သီသံဂမ္ဘီရစာရိနော။
အစ္ဆာယံ မဇ္ဈိမော ဒးဏ္ဍာ၊ ဓမ္မဋ္ဌသ ဘဝိဿတိ-

ဟူသော ဤဂါထာကို ဆို၏။

၃၃။ အနုတီရစးရိုး ရေနားသို့ လျှောက်၍သွားသော်ဖျံ၊ တံ၊ ထင်သည်။ နဂုံဌံ၊ အမြီးပိုင်းကို။ ဂဏှ၊ ယူလော့။ သီသံ၊ ဦးခေါင်းပိုင်းကို။ ဂမ္ဘီရစာရိနော၊ ရေနက်သို့ လျှောက်၍သွားသော ဖျံအား။ ဟောတု၊ ဖြစ်စေ။ ဇစ္စ၊ ခေါင်းအမြီးနှစ်ပိုင်းကို လွှန်၍တည့်သော။ အယုံမဇ္ဈိမောခဏ္ဍော၊ ဤအလယ်ပိုင်းသည်။ ဓမ္မဋ္ဌသ၊ တရားဆုံးဖြတ်သော ငါ့အား။ ဘဝိဿတိ၊ ဥာဏ်ပူဇော်ခဖြစ်လတ္တံ့၊

ဤသို့ဆို၍ ထိုငါးကို၀ေ၍ ''သင်တို့သည် ငြင်းခုံခြင်းကို မပြုမူ၍ အမြီးကိုလည်းကောင်း, ဦးခေါင်းကိုလည်းကောင်း စားကြကုန်လော့'' ဟု ဆို၍ အလယ်ပိုင်းကို ထိုဖျံတို့ မြင်ကုန်စဉ်လျင် ချီ၍ပြေး၏။ ဖျံနှစ်ခုတို့သည် ဥစ္စာတစ်ထောင်ရှုံးသော ယောကျ်ားကဲ့သို့ မျက်နှာမသာ နှာကြကုန်၍-

ငါတို့ငြင်းနေကြလို့

၃၄။ စိရံပိ ဘဏ္ဍော အဘဝိဿ၊ သစေ နဝိဝဒေမသေ။
အသီးကံ အနဂုံဌံ၊ သိင်္ဂါလော ဟရတိ ရောဟိတံ-

ဟူသော ဤဂါထာကို ဆို၏။

၃၄။ မယံ၊ ငါတို့သည်။ သစေ နဝိဝဒေမသေ၊ အကယ်၍ ငြင်းခုံခြင်းကို မပြုကုန်ငြားအံ့။ စိရံပိ၊ နှစ်ရက်သုံးရက်လည်း၊ ဘဏ္ဍော၊ စားရသည်။ အဘဝိဿ၊ ဖြစ်ရာ၏။ အသီသကံ၊ ဦးခေါင်းမဟုတ်သော။ အနဂုံဌံ၊ အမြီးမဟုတ်သော၊ ရောဟိတံ၊ အလယ်ဝမ်းပျဉ်းနှင့်တကွသော ငါးကြင်းသားကို။ သိင်္ဂါလော၊ မြေခွေးသည်။ ဟရတိ၊ ဆောင်လေ၏။

မြေခွေးမယားဝမ်းသာခြင်း

မြေခွေးသည်ဇာတ်သည်း ''ယနေ့ မယားအား ငါးကြင်းသားကို စားစေအံ့'' ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မြေခွေးမ၏အထံသို့ သွား၏။ မြေခွေးမသည် လာသော မြေခွေးဖိုကိုမြင်၍ နှစ်သက်သည်ဖြစ်၍-

ဒု·၃၄·၅၅၀(စာတွဲ)

www.dhammadownload.com

၃၅။ ယထာပိ ထုဇာ နန္ဒေယျ၊ ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဧဝါဟံ အဇ္ဇ နန္ဒာမိ၊ ဒိသွာ ပုဏ္ဏမုခံ ပတိံ-
ဟူသော ဤဂါထာကို ဆို၏။

၃၅။ ခတ္တိယော ထုဇာ၊ မင်းသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ လဒ္ဓါန၊ ရ၍။ နန္ဒေယျ၊ ယထာ၊ နှစ်သက်ထုသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အဟံပိ၊ ငါသည်လည်း။ အဇ္ဇ၊ ယနေ့။ ပုဏ္ဏမုခံ၊ ခံတွင်းပြည့်သော။ ပတိံ၊ လင်ကို။ ဒိသွာ၊ မြင်၍။ နန္ဒာမိ၊ နှစ်သက်၏။

ငါးကြီးဘယ်လိုရခဲ့သလဲ

ဤဂါထာကို ဆို၍ ရခြင်း၏ အကြောင်းကို ဓမ်းလိုရကဲ်း-

၃၆။ ကထံ နု ထလဇော သန္တော၊ ဥဒဂေ မစ္ဆံ ပဏ္ဍုမသိ။
ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊ ကထံ အဓိဂတံ တယာ-
ဟူသော ဤဂါထာကို ဆို၏။

၃၆။ သမ္မ၊ သခင်မြေခွေး။ ထလဇော သန္တော၊ ကြည်းၦိ နေသည် ဖြစ်လျက်။ ဥဒဂေ၊ ရေ၌။ မစ္ဆံ၊ ငါးကို။ ကထံ နု၊ အဘယ်လျှင်။ ပဏ္ဍုမသိ၊ ယူသနည်း။ ပုဋ္ဌော၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။ တယာ၊ သင်သည်။ ကထံ၊ အဘယ်မူ၍။ အဓိဂတံ၊ ရဘိသနည်း။

ဝေပေးလို ရခဲ့သည်

မြေခွေးဖိုသည် မြေခွေးမအား၊ ရခြင်း၏ အကြောင်းကို ကြားလိုသည် ဖြစ်၍-

၃၇။ ဝိဝါဒေန ကိသဓ ဟောန္တိ၊ ဝိဝါဒေန ဓနက္ခယာ။
ဇီနာ ဥဒ္ဒါ ဝိဝါဒေန၊ ဘုဉ္ဇဲ မာယာဝိ ရောဟိတံ-
ဟူသော ဤဂါထာကို ဆို၏။

၃၇။ မာယာဝိ၊ မာယာဝီ။ ဝိဝါဒေန၊ ငြင်းခုံခြင်းကြောင့်။ ကိသဓ၊ ကြုံလို့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိဝါဒေန၊ ငြင်းခုံခြင်းကြောင့်။ ဓနက္ခယာ၊ ဥစ္စာကုန်ကုန်၏ည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥဒ္ဒါ၊ နှစ်ခုကုန်သော ဖျံတို့သည်။ ဝိဝါဒေန၊ ငြင်းခုံခြင်းကြောင့်။ ဇီနာ၊ ငါးကြီး၊

www.dhammadownload.com

အလယ်ပိုင်းမှ ရှုံးကုန်၏။ မာယာဝီ၊ မာယာဝီ။ ရောဟိတ်၊ ဤငါးကြင်းသားကို၊ ဘုဥ္ဇ၊ စားခလော့။

ဤသို့ ဆတိတ်ကို ဆောင်ခတော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၃၇။ ဝေဒမဝ မနုဿေသု၊ ဝိဝါဒါ ယတ္ထ ဇာယတိ။
ဓမ္မဋ္ဌံ ပဋိဓာဝန္တိ၊ သော ဟိ နေသံ ဝိနာယကော။
ဓနာပိ တတ္ထ ဇီယန္တိ၊ ရာဇ ကောဒသာ ပဝုတ္တိ-

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၇။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဇဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့၌။ ယတ္ထ၊ အကြင်အရပ်၌။ ဝိဝါဒေါ။ ငြင်းခုံခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအရပ်၌။ ဓမ္မဋ္ဌံ၊ တရားဆုံးဖြတ်ခသာ သူကို၊ ပဋိဓာဝန္တိ၊ ဆည်းကပ်ရကုန်၏။ ဟိသစ္စံ၊ မှန်၏၊ သော၊ ထိုတရားဆုံးဖြတ်သော သူသည်။ နေသံ၊ ထိုငြင်းခုံခြင်းကို ပြုကုန်သော သူတို့၏။ ဝိနာယကော၊ အငြင်းအခုံကို ငြိမ်းစေတတ်သော ကိုးကွယ်ရာသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုတရားဆုံးဖြတ်ခသာ သူ၏အထံ၌။ ဓနာပိ၊ ဥစ္စာမူလည်း။ ဇီယန္တိ၊ ရှုံးကုန်၏။ ရာဇကောဒသာ၊ မင်း၏ ဥစ္စာတို့ကဲ့သည်း ပဝုတ္တိ၊ ပဉ်း၏။

ဇာတ်ပေါင်း။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ဥပနန်သည် ထိုအခါ မြေခွးဖြစ်ပြီ၊ ယခုအခါ ရဟန်းကြီးနှစ်ပါးတို့သည် ထိုအခါ နှစ်ခုသော ဖျံတို့သည် ဖြစ်ကုန်၏၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အခကြောင်းကို မျက်မှောက်ပြုရသော ရက္ခစိုးနတ် ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အချင်းချင်းလျှင်၊ မခံချင်၊ ပြင်ထူအကျိုးရှိ။)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဒဇ္ဈပုပ္ဖဇာတ်သည် ပြီး၏။

၆-ပဏ္ဍကဇာတ်

ကြီးကျယ်သောရောဂါကို ပညာဖြင့်ကုစားခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွခသာ လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပဏ္ဍကံ တိခိဏံ ခာဒံ" အစရှိသော

www.dhammadownload.com

ဂါထားပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ပဏ္ဍကဇာတ်ကို ဧတဝန် ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်း သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သမ္ဗညူမြတ်စွာဘုရားသည် ထိုရဟန်းကို ''ရဟန်း သင်သည် ငြိုးငွေ့သတတ်ဟူသည် မှန်သလော'' ဟု မေးတော်မူလတ်၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား....မှန်ပေ၏''ဟု နားတော်လျှောက် သည်ရှိသော် ''အဘယ်သူသည် ငြိုးငွေ့စေအပ်သနည်း'' ဟု မေးတော် မူ၍ ''မယားကောင်းသည် ငြိုးငွေ့စေအပ်၏''ဟု နားတော်လျှောက် သည်ရှိသော် ''ရဟန်း....ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုတတ်၏။ ရှေးဦးလည်း သင်သည် ဤမိန်းမကို စိတ်ဦးမှီသော ရောဂါသည် နှိပ် စက်အပ်သည်ရှိသော် ပညာရှိတို့ကိုမှီ၍ အသက်ကိုရအပ်၏'' ဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားဓလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၏၊ ထို ဘုရားလောင်းဆား ''သေနကကုမာရ'' ဟူသော အမည်ကိုမှည့်၏။ ထို ဘုရားလောင်းသည် ဈာန်ရောက်လတိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်း ကုန်သော အတတ်တို့ကို သင်၍ ဗာရာဏသီပြည်သို့ တစ်ဖန်ပြန်၍ မဒ္ဒဝ မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏။ သေနက ပညာရှိသည် ''ပညာရှိ၏'' ဟူ၍ မြို့အလုံးဦး လက်ဝဲသို့လည်းတောင်း, နေ ကဲ့သို့လည်းကောင်း ထင်ရှား၏။

မိဖုရားကိုပေးလိုက်ပြီ

ထိုအခါ မဒ္ဒဝမင်း၏ ပုရောဟိတ်သားသည် မင်းအား ခစားအံ့သော ဌာ လာလတ်သော် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော မြတ်သောအဆင်းကို ဆောင်သော မင်း၏မိဖုရားကိုမြင်၍ တပ်သောစိတ် ရှိသည်ဖြစ်၍ အိမ်သို့သွား၍ အာဟာရကိုဖြတ်၍ အိပ်၏၊ ''ဆရာဝန်ပဉ္စန်း တို့သည် မေးအပ်သည်ရှိသော် ထိုအကြောင်းကိုကြား၏။ မင်းသည်လည်း ''ပုရောဟိတ်သားသည် မထင်၊ ထိုပုရောဟိတ်သားသည် အဘယ်မှာနည်း'' ဟု မေးလတ်သော် ထိုအကြောင်းကိုကြား၍ ပုရောဟိတ်သားကို ခေါ် စေ၍ ''ငါသည် သင့်အား ဤမိဖုရားကို ခုနစ်ရက်ပတ်လုံး ပေးအံ့၊

(၁၅၇)

။ဂုံ၌ခဲ့ခဲ့ဝ ဝါတဖခဲ့ကဲ့ဂုံဝဂုံဝဂုယါဖခုံ၌ခဲ့ ဂွဲ့ဃဲ့ဂုံဇ ဃဃဲ့ဃဲ့ဂုံဂုံဃဲ့ဝဂ ဌွဲ့ဃဲ့ဒွဲ့ဂဝဝဲ့ဂ ။ဒွ-ဂုံ

(ဌုဂဖယဃီဂဂ ၊ဃဝ-ဝ၆၆)

www.dhammadownload.com

www.dhammadownload.com

ခုနစ်ရက် သင့်အိမ်၌ထား၍ ရှစ်ရက်မြောက်၌ ဆောင်ခဲ့လော့''ဟု ဆို၏။ ပုရောဟိတ်သားသည် ''ကောင်းပြီ''ဟု ဝန်ခံ၍ မိဖုရားကို အိမ်သို့ဆောင်၍ ထိုမိဖုရားနှင့်တကွ မွေ့လျော်၍ အချင်းချင်း တပ်သောစိတ်ရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူကို မသိစေမူ၍ မြတ်သောတံခါးဖြင့် ပြု၍ တစ်ပါးသောမင်း၏ နိုင်ငံသို့ သွားကြကုန်၏။ သစ်စုံတစ်ယောက်သော သူသည် သွားရာအရပ်ကိုမသိ၊ လှသွားသော လမ်းကဲ့သို့ဖြစ်၏။

ဘုရင်ရောဂါရ

မင်းသည် မြို့၌ စည်းသည်စေ၍ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ရှာစေသော်လည်း မိဖုရား၏ သွားရာအရပ်ကို မသိ။ထိုအခါ ထိုမင်းအား မိဖုရားကိုမှီ၍ စိုးရိမ်ခြင်းကြီးစွာဖြစ်၏။ ပူသောနှလုံးရှိသည်ဖြစ်၍ သေးယို၏၊ ထိုအခါမှစ၍ ထိုမင်း၏ဝမ်းမှ သွေးထွက်၏၊ ကြီးစွာသောအနာ ဖြစ်၏။ ကြီးမြတ်ကုန်သော မင်း၏ ဆေးသမားတို့သည် ဆေးကုအံ့သာငှာ မတတ်နိုင်ကုန်။

ဇာတ်လမ်းဖြင့်ဆေးကုပုံ

ဘုရားလောင်းသည် ''ဤမင်းအား အနာမရှိ၊ မယားကို မမြင်ရခြင်းကြောင့် စိတ်၌မှီသောရောဂါသည်ဖြစ်၏၊ ထိုမင်းကို ဥပါယ်ဖြင့်ကုအံ့''ဟု အာဉ်ယုရမည်သော အမတ်, ပုက္ကုသမည်သောအမတ် ပညာရှိတို့ကိုခေါ်၍ ''မင်းအား ဧဝုရားကို မမြင်ရခြင်းကြောင့်ဖြစ်သော စိတ်၌မှီသော ရောဂါကိုထား၍ တစ်ပါးသောရောဂါသည် မရှိ၊စင်စစ်ငါဘို့အား ကျွေးဋ္ဌေးများ၏၊ ထို့ကြောင့် ထိုမင်းကို ကုကြကုန်အံ့၊ မင်းရင်ပြင်၌ ပွဲသဘင်ပြု၍ သန်လျက်ကိုမျိုခြင်းငှာ တတ်ကုန်သော သူတို့ကို သန်လျက်မျိုစေ၍ မင်းကို ခြေသံခံသော လေသာပြာတင်း၌ ထား၍ ပွဲကိုကြည့်ခစကုန်အံ့၊မင်းသည် သန်လျက်မျိုသောသူကိုမြင်၍ သန်လျက် မျိုခြင်းထက် တစ်ပါးသော အလွန်ခက်ခဲသောအမှုသည် ရှိသေးသနည်းလော' ဟု ပြဿနာကိုမေးလတ္တံ့။ အနုဆွအာယုရ....သင်သည် ဤအမည်ရှိသောဥစ္စာကို ပေးအံ့''ဟု ဆိုခြင်း၊ သည် ဤသန်လျက်ကို မျိုခြင်းထက် ခဲခက်၏ဟု ဖြေလော့၊ ထို့နောင်မှ အာဆွပုက္ကုသ....သင့်ကိုမေးလတ္တံ့၊ ထိုအခါ မင်းအား 'မြတ်သောမင်း၊

www.dhammadownload.com

ကြီးထိုဥစ္စာကို ပေးအံ့ဟုဆို၍ မပေးသောသူ၏ ထိုစကားသည် အကျိုးမရှိသည် ဖြစ်၏၊ ဤချို့ကုန်သော သူတို့သည် ထိုစကားကိုမှီ၍ အသက်မမွေးကုန်၊ အကြင်သူတို့သည်ကား ထိုစကားအား လျော်ပတ်သည်ကို ပြုကုန်၏၊ ဝန်ခံတိုင်းသော ဥစ္စာကို ပေးကုန်၏၊ ဤသို့ပေးခြင်းသည် ထို ပေးအံ့ဟု ဆိုသောစကားထက် အလွန်ခက်ခဲ၏'' ဟု ဖြေလော့၊ ဤထက် အလွန်ပြုအပ်သောအမှုကို ငါသိအံ့'' ဟု ဆို၍ သဘင်ကိုပြုစေ၏။

ဘုရင်ပဲ့တော်ကြည့်

ထို့နောက်မှ ထိုသုံးယောက်ကုန်သော ပညာရှိတို့သည်လည်း မင်း၏ အထံသို့သွား၍ ''မြတ်သောမင်းကြီး....မင်းရင်ပြင်ပဲ့၌ပဲ့သဘင်ထည်ဖြစ်၏၊ ထိုပဲ့သဘင်ကို ကြည့်ကုန်သောသူတို့အား ဒုက္ခသည်လည်း သုခဖြစ်၏၊ ကြွတော်မူလော သွားကုန်အံ့'' ဟု မင်းကိုဆောင်၍ ခြေသံ့ခံသော လေသာပြတင်းကိုဖွင့်၍ ပဲ့သဘင်ကို ကြည့်စေကုန်၏၊ မျှားစွာကုန်သော လူတို့စည် မိမိတို့သည် တတ်သောအတတ်ကို ပြကုန်၏။ တစ်ယောက်သော ယောကျ်ားသည်ကား သုံးဆယ့်သုံး လက်သစ် ရှိသော ထက်စွာသော ဓားသွားရှိသော သန်လျက်ကို မျှ၏။

သန်လျက်ကိုမျှိုဖို့ခက်

မင်းသည် ထိုယောကျ်ားကိုမြင်၍ ''ဤယောကျ်ားသည် သန်လျက်ကို မျှ၏၊ ဤသန်လျက်ကိုမျှခြင်းထက် ခက်ခဲသောအမှုသည် ရှိသေးသလော'' ဟု ပညာရှိတို့ကို မေးအံ့'' ဟု ကြံ၍ အာယုရကို မေးလိုရကား-

၃၉။ ပဏ္ဍကံ တီခိဏံ ဓာရံ၊ အသိံ သမ္မုန္နပါယိနံ။
ပရိသာယံ ပုရိသော ဂိလတိ၊ ကိံ ဒုက္ကရတရံ တတော်ဝ။
ယဒဉ် ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ-
ဟူသော ဂျှးဦးစွာသော ဤဂါထာကို ဆို၏။

၃၉။ ပဏ္ဍိဘ၊ ပညာရှိ၊ ပဏ္ဍကံ၊ ပဏ္ဍကတို့၌ဖြစ်ခဲသော။ တီခိဏံ ဓာရံ၊ ထက်စွာဖြစ်သောအသွားရှိသော၊ သမ္မုန္နပါယိနံ၊ သူတစ်ပါးတို့၏သွေးကို သောက်တတ်သော။ အသိံ၊ သန်လျက်ကို။ ပုရိသော၊ ယောကျ်ားသည်။ ပရိသာယံ၊ ပရိသတ်ကို၏အလယ်၌။ ဂိလတိ၊ မျှ၏၊ တတော၊ ထို

www.dhammadownload.com

သန်လျက်ကို မျိုခြင်းထက်။ ဒုက္ကရတရုံ၊ အလွန်ခက်ခဲသောအကြောင်းသည်၊ အတ္ထိ ကိ၊ ရှိသလော၊ ဆည်၊ တစ်ပါးသော။ ဒုက္ကရုံ၊ ခက်ခဲသော။ ယံဌာနံ၊ အကြောင်အကြောင်းသည်။ အတ္ထိ၊ ရှိအံ့။ တံဌာနံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။

ပေးမယ့်ပြောတာမိုခက်

ထိုအခါ မင်းအား၊ အာယုရအမတ်သည် ထိုအကြောင်းကို ဖြေလိုသည်ဖြစ်၍-

၄၀။ ဂိလေယျ ပုရိသော လောဘာ၊ အသိ သမ္မုန္နပါယိနံ။
ယော စ ဝဇ္ဇော ဒဒါမိတိ၊ တံ ဒုက္ကရတရံ တထော။
သဗ္ဗညုံ သုစာရုံ ဌာနံ၊ စေ ဇာနာဟိ မဒ္ဒဝ-

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၀။ မဒ္ဒဝ၊ မဒ္ဒဝအနွယ်ဖြစ်သော မင်းကြီး။ ပုရိသော၊ ခယာကျိုးသည်။ လောဘာ၊ လောဘကြောင့်။ သမ္မုန္နပါယိနံ၊ သူတစ်ပါးတို့၏သွေးကို သောက်တတ်သော။ အသိ၊ သန်လျက်ကို။ ဂိလေယျ၊ မျိုရာ၏။ ယောစ၊ အကြင်သူသည်လည်း။ ဒဒါမိတိ၊ ပေးအံ့ဟူ၍။ ဝဇ္ဇော၊ ဆိုရာ၏။ တံ၊ ထိုပေးအံ့ဟုဆိုသောစကားသည်။ တေ၊ တော်၊ ထိုသန်လျက်ကိုမျိုခြင်းထက်။ ဒုက္ကရတရံ၊ အလွန်ခက်ခဲ၏။ ဆည်း၊ တစ်ပါးသော။ သဗ္ဗံ၊ အလုံးစုံသော။ ဌာနံ၊ အကြောင်းသည်။ သုတရုံ၊ လွယ်၏။ စေံ၊ ဤသို့။ ဇာနာဟိ၊ သိတော်မူလော့။

အာယုရ ပညာရှိစကားကိုကြား၍ ''သန်လျက်ကို မျိုခြင်းထက် ဤအမည်ရှိသော ဥစ္စာကို ပေးအံ့ဟု ဆိုခြင်းသည် ခဲခက်၏၊ ငါသည်လည်း ပုဏ္ဏကဟိတ်သားအား မိဖုရားကို ပေးအံ့''ဟု ဆိုခဲ့၏၊ စင်စစ် ငါသည် အလွန် ခဲခက်သည်ကို ပြုအပ်၏''ဟု စုံစမ်းဆင်ခြင်လျှင် မင်း၏နှလုံး၌ စိုး ရိမ်ခြင်းသည် အတန်ငယ် ခေါင်းပါးခြင်းသို့ ရောက်၏။

မင်းသည် ထို့နောင်မူ သူတစ်ပါးအား ဤဥစ္စာကို ပေးအံ့ဟု ဆိုသော စကားထက် အလွန် ခဲခက်သော တစ်ပါးသောအမှု ရှိသေးသလောဟု ကြံ၍ ပုက္ကုသ ပညာရှိနှင့် တကွ စကားပြောလိုရကား-

www.dhammadownload.com

၄၁။ ဗျာကာသိ အာယုရော ပဠုံ၊ အတ္ထဲ ဓမ္မဿ ကောဝိဒေါ။
ပုက္ကုသံ ဒါနိ ပုစ္ဆာမိ၊ ကိံ ဒုက္ကရတရံ တတော၀။
ယဒဇ္ဇံ ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော၀-
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၄၁။ ဓမ္မဿိ၊ တရားဌ်။ ကောဝိဒေါ၊ လိမ္မာသော။ အာယုရော၊ အာယုရသည်။ ပဠုံ-ပဠုံသ၊ ပြဿနာ၏။ အတ္ထဲ၊ အနက်ကို။ ဗျာကာသိ၊ ဖြေ၏။ ဒါနိ၊ ယခု။ ပုက္ကုသံ၊ ပုက္ကုသကို။ ပုစ္ဆာမိ၊ မေးအံ့။ တတော၊ ထိုပေးအံ့ဟုဆိုအပ်သော စကားထက်။ ဒုက္ကရတရံ၊ အလွန်ခဲခက်သော အကြောင်းသည်။ အတ္ထိကိံ၊ ရှိသလော။ အည်ံ၊ တစ်ပါးသော။ ဒုက္ကရံ-ခဲခက်သော။ ယံ ဌာနံ၊ အကြောင် အကြောင်းသည်။ အတ္ထိ၊ ရှိအံ့၊ တံ၊ ဌာနံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သော သင်သည်။ မေ၊ ငါအား။ အက္ခာဟိ၊ ကြားဘိုလော့။

အပိုင်ပေးတာ သာပြီးခက်

ထိုအခါ မင်းအား ဖြေလိုသည်ဖြစ်၍ ပုက္ကုသ ပညာရှိသည်-
၄၂။ နဝါစ မုပဇီဝန္တိ၊ အဖလံ ဂိရ မုဒီရိတံ။
ယော စ ဒတ္တာ အဝါကယိရာ၊ တံ ဒုက္ကရတရံ တတော၀။
သဗ္ဗညံ သုကရံ ဌာနံ၊ ဧဝံ ဇာနာဟိ မဒ္ဒဝ-
ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၄၂။ မဒ္ဒဝ၊ မဒ္ဒဝအနှယ်ဖြစ်သော မင်းကြီး။ ယော၊ အကြင်သူတို့သည်။ အဖလံ၊ အကျိုးမရှိသော။ ဂိရံ၊ မြွက်အပ်သော။ ဥဒီရိတံ၊ ဆို အပ်သော။ ဝါစံ၊ စကားကို။ နဥဇီဝန္တိ၊ မှီ၍ အသက်မမွေးကုန်။ သော၊ အကြင်သူသည်။ ဒတ္တာ၊ ပေးပြီး၍။ အဝါကယိရာ၊ မတပ်စွန်း ရာ။ တံ၊ ထိုပေးခြင်းသည်။ တတော၊ ထိုဥစ္စာကို ပေးအံ့ဟု ဆိုသော စကားထက်။ ဒုက္ကရတရံ၊ အလွန်ခဲခက်၏။ အည်ံ၊ တစ်ပါးသော။ သဗ္ဗံ၊ အလုံးစုံသော။ ဌာနံ၊ အကြောင်းသည်။ သုကရံ၊ လွယ်၏။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိလော့။

ထိုစကားကိုကြား၍ ''ငါသည် ပုရောဟိတ်သားအား မိဖုရားကို ပေး အံ့ဟု ရွေးဦးစွာ ဆိုသည်နှင့်လျော်စွာ မိဖုရားကို ပေး၏၊ စင်စစ် ငါသည်

www.dhammadownload.com

အလွန် ခက်ခဲသည်ကို ပြု၏''ဟု ကြံဆသောမင်းအား စိုးရိမ်ခြင်းသည် အလွန် ခေါင်းပါး၏။

ဘယ်ကိစ္စ ခဲယဉ်းသလဲ

ထို့နောင်မူ ''သေနက သုခမိန်မှတစ်ပါး အလွန် ပညာရှိသောသူ မည်သည် မရှိ၊ ဤပြဿနာကို သေနတသုခမိန်အား မေးအံ့''ဟု မင်းအား အကြံသည် ဖြစ်၏။ ထို့နောင်မူ သေနကသုခမိန်ကို မေးလိုရကား-

၄၃။ ဗျာကာသိ ပုဏ္ဏကသော ပဉ္ဉံ၊ အတ္ထဲ ဓမ္မသ ကောဝိဒါ။
သေနကံ ဒါနိ ပုစ္ဆာမိ၊ ကဲ ဒုက္ကရတရံ တတော။
ယဒဉ္ဉဲ ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော-

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၄၃။ ဓမ္မသ၊ တရုးဌ်။ ကောဝိဒေါ၊ လိမ္မာသော။ ပုဏ္ဏကသော၊ ပုဏ္ဏကသသည်။ ပစ္ဆဉ်-ပဉ္ဉသ၊ ပြဿနာ၏။ အတ္ထဲ၊ အနက်ကို။ ဗျာကာသိ၊ ဖြေ၏။ ဒါနိ၊ ယခု။ သေနကံ၊ သေနကကို။ ပုစ္ဆာမိ၊ ငါမေးအံ့။ တတော၊ ထိုသန့်လျက်ကို မျိုခြင်းပေးအံ့ဆိုခြင်း ပေးခြင်းထက်။ ဒုက္ကရ-တရံ၊ အလွန်ခဲခက်သောအကြောင်းသည်။ အတ္ထဲကိ၊ ရှိသလော၊ အည်၊ တစ်ပါးသော။ ဒုက္ကရံ၊ ခက်ခဲသော။ ယံဌာနံ၊ အကြောင်အကြောင်းသည်။ အတ္ထိ၊ ရှိအံ့။ တံ ဌာနံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သော ထင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘဲလော့။

ပေးပြီး နောင်တမဖြစ်စေလင့်

ထိုအခါ မင်းအား ဖြေလိုသည်ဖြစ်၍ သေနကအမတ်သည်၊

၄၄။ ဒဒေယျ ပုရိသော ဒါနံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ၊
ယော စ ဒတ္ဝါ နာနုတပ္ပေ၊ တံ ဒုက္ကရတရံ တဒတော။
သမ္ပဇဉ် သုကရံ ဌာနံ၊ ဧဝံ ဇာနာဟိ မဒ္ဒဝ-

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၄။ မဒ္ဒဝ၊ မဒ္ဒဝအနွယ်ဖြစ်သောမင်းကြီး။ ပုရိသော၊ ယောကျ်ား သည်၊ အပ္ပံ ဝါ၊ နည်းသည်လည်းဖြစ်သော၊ ယဒိ၊ ထို့မျှို။ ဗဟုံ ဝါ၊ များ သည်လည်းဖြစ်သော။ ဒါနံ၊ အလှူကို။ ဒဒေယျ၊ လှူရာ၏။ ယော စ၊ အကြင်သူသည်လည်း။ ဒတ္ဝါ၊ လှူပြီး၍။ နာနုတပ္ပေ၊ နောင်တ တစ်ဖန်

www.dhammadownload.com

မပူပန်။ တံ၊ ထိုနောင်တတစ်ဖန် မပူပန်ခြင်းသည်။ တဒင်္ဂတာ၊ ထိုပေးခြင်းထက်။ ဒုက္ကရစာရံ၊ အလွန်ခဲခက်၏။ အည်၊ တစ်ပါးသော။ သင်္ဘံ၊ အလုံးစုံသော။ ဌဿနံ၊ အကြောင်းသည်။ သုကရံ၊ လွယ်၏။ ဝေံ၊ ဤသို့။ ဇာနာဟိ၊ သိလော့။

မင်းကြီးရောဂါ ပျောက်လေပြီ

မင်းသည် ဘုရားလောင်း၏စကားကိုကြား၍ "ငါသည် မိမိစိတ်ဖြင့်လျှင် ပုရောဟိတ်သားအား မိဖုရားကိုပေးပြီး၍ မိမိစိတ်ကို ခိုင်စိမ့်သော ဌာမတတ်နိုင်၊ စိုးရိမ်ပင်ပန်း၏။ ငါ့အား၊ ဤသို့ စိုးရိမ်ပင်ပန်းခြင်းသည် မလျောက်ပတ်၊ ထိုမိဖုရားသည် ငါ၌ ချစ်ခြင်းသည် အကယ်၍ဖြစ်ငြားအံ့၊ ဤစည်းစိမ်ကို စွန့်၍မူးပြုရာ၊ ငါ၌ ချစ်ခြင်းကိုမပြုမူ၍ ပြေးသော မိဖုရားဖြင့် ငါ့အား အဘယ်ပြုအံ့နည်း" ဟု ကြံသော မင်းအား ပဒုမာရွက်မှ ဓရပေါက်ကဲ့သို့ အလုံးစုံသော စိုးရိမ်ခြင်းသည်လျှောကျ၍ကင်း၏။ ထိုဓာ၌လျှင် မင်း၏ ဝမ်းသွေးသွန်ခြင်းသည် ရပ်၏။ မင်းသည် ရောဂါမရှိ ချမ်းသာသည်ဖြစ်၍ ဘုရားလောင်းအား ချီးမွမ်းလိုသည်ဖြစ်၍-

၄၅။ ဗျာဓာသိ အာယုရော ပဠုံ၊ အထ ပုက္ကုက ဓပါရိသော။
သင်္ဘ ပဠေ အတိဘောတိ၊ ယထာ ဘာသတိ သေနကော-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၄၅။ အာယုရော၊ အာယုရ အမတ်သည်။ ပဠုံ၊ ပြဿနာကို။ ဗျာကာသိ၊ ဖြေ၏။ အထ၊ ထိုနောင်မှ။ ပုက္ကုသဓပါရိသော၊ ပုက္ကုသယောက်ျား သည်။ ပဠုံ၊ ပြဿနာကို။ ဗျာကာသိ၊ ဖြေ၏။ ဘုဿိတော၊ ဧကန ပညာရှိဆိုသောစကား သည်။ ဃင်္ဘ၊ ခပ်သိမ်းကုန်သော။ ပဒဠူ၊ ပြဿနာတို့ကို။ အတိဘောတိ၊ လွှမ်းမိုး၍တည်၏။ ယထာ၊ အကြင်အခြင်းဖြင့်။ သေနကော၊ သေနက် ပညာရှိသည်။ ဘုသတိ၊ ဆို၏။ တဓထ၊ ထိုအခြင်းဖြင့်လျှင်။ ဟောတိ၊ ဖြစ်၏။

ဘုရားလောင်းအား ဤဂါထာဖြင့် ချီးမွမ်း၍ နှစ်သက်သည် ဖြစ်၍ မျှားစွာသော ဥစ္စာကို ပေး၏။

ဇာတ်ပေါင်း။ သင်္ဘညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

www.dhammadownload.com

ဇာတ်ကိုအဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ မယား ဟောင်းသည် ထိုအခါ မိဖုရားကြီး ဖြစ်ပြီ၊ ယခုအခါ ငြိးငွေ့သော ရဟန်းသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ အာယုရ ပညာရှိဖြစ်ပြီ၊ ယခုအခါ သ ရိပုတြာသည် ထိုအခါ ပုက္ကုသ ပညာရှိ ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သေနက ပညာရှိ ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စိတ်ကြောင့်ဖြစ်လာ၊ ထိုဆောဂါ၊ ကုပါ စိတ်နှင့်ပုဂ်။)

ခြောက်ခုတို့၏ ပြည့်ကြွေးဖြစ်သော ပဏ္ဏကဇာတ်သည် ပြီး၏။

၃-သတ္တုဘဿဇာတ်

သူတစ်ပါး၏အသက်ကို ပညာဖြင့် ကယ်ဆယ်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဝိဇ္ဇာစရဏသမ္ပန္နော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသတ္တုဘဿဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပညာပါရမီကို အကြောင်း ပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် မဟာဥမင်္ဂဇာတ်၌ ထင်ရှားစွာ ဖြစ်လတ္တံ့။)

အတီတ်ဝတ္ထု။ လွန်လေပြီးလေသောအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ် မင်းသည် မင်းပြုလေ၏။

သေနကအမတ်

ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၏။ ထိုဘုရား လောင်းအား "သေနက သတ္ထိသား" ဟူသော အမည်ကို မှည့်ကြကုန်၏။ ထို့သေနက သတ္ထိသားသည် အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်တို့ကို သင်၍ ဗာရာဏသီပြည်သို့ တဖန်ပြန်၍ မင်းကို ဖူးမြင်၏။ မင်းသည် သေနက သတ္ထိသားကို အမတ်အရာ၌ထား၏။ ထို

www.dhammadownload.com

သေနက အမတ်အား ကြီးစွာသော စည်းစိမ်ကိုပေး၏။ ထိုသေနက အမတ်သည် မင်းအား အကျိုးအကြောင်းကို ဆုံးမ၏။ သာယာသော ကားရှိ၏။ ဓမ္မကထိကဖြစ်၍ မင်းကို ပဉ္စသီတို့၌တည်စေ၍ အလှူပေးခြင်း၌ လည်းကောင်း, ဥပုသ်ဆောက်တည်ခြင်း၌ လည်းကောင်း ဆယ်ပါးသော ကုသလ ကမ္မပထတို့၌လည်းကောင်း ဤသို့ ကောင်းသောအကျင့်၌ တည်စေ၏။ တိုင်းဆုံး၌ ဘုရားပွင့်ထောကာလ ကဲ့သို့ ဖြစ်၏။ ပက္ခနေ့တို့၌ မင်းသည်လည်းကောင်း, အိမ်ရှေ့မင်းအစရှိသော ခပ်သိမ်းသော မင်းတို့သည်လည်းကောင်း စည်းဝေးစေ၍ တရားသဘင်ကို စီရင်ကုန်၏။ ဘုရားလောင်းသည် စီရင်ဆဲ့သော တရားသဘင်ဝယ် ရတနာပလ္လင်ထက်၌ နေ၍ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏။ ဘုရားလောင်း၏ တရားစကားသည် သမ္မည္ဘုရား,တို့၏ တရားစကားနှင့်တူ၏။

။

မယားလင်ငယ်နေ

ထိုအခါ တစ်ယောက်သော ပုဏ္ဏားအိုသည် ဥစ္စာကို အလှူခံသူးသည် ရှိသော် ဥစ္စာတစ်ထောင်ကိုရ၍ တစ်ဦးသော ပုဏ္ဏားမျိုး၌ အပ်ထား၍ တစ်ဖန် "အလှူခံသူးအံ့" ဟု သွား၏။ ထိုပုဏ္ဏားကြီး သူးသော ကာလ၌ ကိုပုဏ္ဏားသည် အသပြာတို့ကို သုံးဆောင်၏။ ထိုပုဏ္ဏားကြီးသည် လူလတ်၍ အသပြာတို့ကို ဆောင်စေ၏၊ ပုဏ္ဏားသည် အသပြာတို့ကို ပေးအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ မိမိတို့သမီးကို ပုဏ္ဏားကြီး ခြေရင်း၌ အလုပ်အကျေးပြု၍ ပေး၏။ ပုဏ္ဏားကြီးသည် ထိုသူတို့၏သမီးကို ယူ၍ ဗာရာဏသီပြည်မှ အနီးဖြစ်သော တစ်ခုသော ပုဏ္ဏားရွာ၌ နေ၏။ ထိုအခါ ပုဏ္ဏားကြီး၏ မယားသည် ငယ်သည်၏အဖြစ်ကြောင့် ကာမတို့၌ မငြောင့်ရဲသည်ဖြစ်၍ တစ်ယောက်သော ပုဏ္ဏားနှင့်တကွ လွန်ကျူးသော အကျင့်ကိုကျင့်၏။

မငြောင့်ရဲသော ပုဂ္ဂိုလ် ၁၀-ဦး

မငြောင့်ရဲသော ဝတ္ထုတို့မည်သည်ကား တစ်ဆယ့်ခြောက်ပါး တို့တည်း။ တစ်ဆယ့်ခြောက်ပါးဟူသည် အဘယ်နည်းဟူမူကား-

၁။ ဇာမုဒ္ဒရာသည် ခပ်သိမ်းသော မြစ်ရေတို့ဖြင့် မငြောင့်ရဲခြင်း၊

၂။ မီးသည် မီးစေးဖြင့် မငြောင့်ရဲခြင်း၊

www.dhammadownload.com

၃။ မင်းသည် တိုင်းပြည်ဖြင့် မရောင့်ရဲခြင်း၊
၄။ မိုက်သောသူသည် ယုတ်မာသောအကျင့်ဖြင့် မရောင့်ရဲခြင်း၊
၅။ မိန်းမသည် မေထုန်အကျင့်ဖြင့်လည်းကောင်း, တန်ဆာဆင်ခြင်းဖြင့် လည်းကောင်း, သားဖွားခြင်းဖြင့် လည်းကောင်း မရောင့်ရဲခြင်း၊
၆။ ပုဏ္ဏားသည် ဗေဒင်ဖြင့် မရောင့်ရဲခြင်း၊
၇။ ဈာန်ရသေးပုဂ္ဂိုလ်သည် သမာပတ်ဖြင့် မရောင့်ရဲခြင်း၊
၈။ သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲခြင်း၊
၉။ အလိုနည်းသေးပုဂ္ဂိုလ်သည် ဓုတင်ကျင့်ဖြင့် မရောင့်ရဲခြင်း၊
၁၀။ အားထုတ်ခြင်း လုံ့လရှိသော ပုဂ္ဂိုလ်သည် လုံ့လဖြင့် မရောင့်ရဲခြင်း၊
၁၁။ တရားဟောပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၂။ ရဲရင့်သော ပုဂ္ဂိုလ်သည် ပရိသတ်ဖြင့် မရောင့်ရဲခြင်း၊
၁၃။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် သံဃာကို လုပ်ကျွေးခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၄။ အလှူခေးတတ်သော ပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၅။ ပညာရှိသော ပုဂ္ဂိုလ်သည် တရားနာခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၆။ ဓလေးပါးကုန်သော ပရိသတ်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းဖြင့် မရောင့်ရဲခြင်း၊

ဤကစ်ဆယ့်ခြောက်ပါးတို့တည်း။

ပုဏ္ဏားကြီး ကျွန်ရှာသွား

ထိုပုဏ္ဏားမငယ်သည်လည်း မေထုန်အကျင့်ဖြင့် မရောင့်ရဲသည့် ဖြစ်၍ ထိုပုဏ္ဏားကြီးကိုထုတ်၍ လွှတ်လွှတ် ယုတ်မာသောအကျင့်ကို ကျင့်လိုသည် ဖြစ်၍ တစ်နေ့သ၌ မျက်နှာမသာသဖြင့် အိပ်သည်ရှိသော် "ရှင်မ.... အဘယ်နည်း" ဟု မေးလတ်၍ "ပုဏ္ဏား....ငါသည် သင့်အိမ်၌ အမှုကို ပြုအံ့သောငှာ မတတ်နိုင်၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ဆောင်ခေါ်လော့" ဟု ဆို၏။ "ရှင်မ_ငါ့အား ဥစ္စာသည် မရှိ၊ အဘယ်ကိုပေး၍ ဆောင်ရအံ့နည်း" ဟု ဆို၏။ "အလှူခံလှည့်လည်၍ ဥစ္စာကိုရှာ၍ ဆောင်

www.dhammadownload.com

ခဲ့လော့'ဟု ဆို၏။ ''ရှင်မ.... ထိုသို့ တပြီးကား ငါ့ဖို့ရိက္ခာကို ဖွဲ့စီရင်လော့''ဟု ဆို၏။ ပုဏ္ဏားမသည် ပုဏ္ဏားအို သားရေအိတ်၌ အဆုပ်ဖွဲအပ်သော မုန့်တို့ဖြင့် လည်းကောင်း၊ အဆုပ်မဖွဲအပ်သော မုန့်တို့ဖြင့် လည်းကောင်း ပြည့်စေ၍ ပေး၏။ ပုဏ္ဏားသည် ရွာ, နိုဂုံး, မင်းခန်းပြည်တို့၌ လှည့်လည်သည်ရှိသော် ဏသပြာခုနစ်ရာတို့ကို ရ၍ ''ငါ့အား ဤမျှသော ဥစ္စာသည် ကျွန်မိန်းမ ကျွန်ယောကျ်ားအဖို့၄ လောက်ပြီ''ဟု ပြန်၍ ပိမိရွာသို့ လာလတ်သော် တစ်ခုသော ရေချမ်းသာရာ ဏရပ်၌ အိတ်ကို ဖြေ၍ မုန့်ကိုစားပြီးလျှင် အိတ်ကိုမဖွဲမူ၍ ရေသောက်အံ့ထောငှာ သက်၏။

သင်နှင့်မယား ဧသလိမ့်မည်

ထိုအခါ တစ်ခုသော သစ်ပင်ခေါင်း၌ မြွေဟောက်သည် မုန့်နံ့.နံ့၍ ဏိတ်၌ ဝင်၍ခွေလျက် မုန့်ကိုစားလျက် အိပ်၏။ ပုဏ္ဏားသည် လာ၍ အိတ်၏ဏတွင်းကိုမကြည့်မူ၍လျှင် အိတိကိုဖွဲ့၍ပခုံး၌ထား၍သွား၏။ တစ်ခုသောသစ်ပင်၌ ရက္ခစိုးနတ်သည် ဃစ်ခွင်၌တည်၍ ''ပုဏ္ဏား....ခရီးဏကြား၌ အကယ်၍နေအံ့၊ သင်သည် သေလတ္တံ့၊ ယနေ့ အိမ်သို့ ရောက်ဏောင်သွားအံ့၊ မယားသေလတ္တံ့.''ဟု ဆို၍ ကွယ်၏။

ပုဏ္ဏားကြီး တရားနာလိုက်သွား

ထိုပုဏ္ဏားသည် ကြည့်လတ်သော် နတ်ကိုမမြင်မူ၍ ကြောက်သည်ဖြစ်၍ ဧသဘေးဖြင့် ထိတ်လန့်သည်ဖြစ်၍ ငို ကြွေးလျက် ဗာဏသီပြည် တံခါးသို့ ရောက်၏။ ထိုအခါ၌လည်း ပန္နရသီဥပုသ်နေ့သည်ဖြစ်၏။ တန်ဆာဆင်အပ်ဧသာ တရားဟောပလ္လင်၌နေ၍ တရားဟောအပ်သော ဧသနက သုခမိန်ထံ၌ တရားနာခြင်းငှာ သွားသောသူတို့ကိုမြင်၍ ''ဏာဘယ်သို့ သွားကြကုန်အံ့နည်း''ဟု မေး၍ ''ပုဏ္ဏား....ယနေ့ ဧသနက ပညာရှိသည် သာယာသော ဏသံဖြင့် ဘုရား၊တို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏၊ သင်သည် မသိသဧလော''ဟု ဆိုသည်ရှိသော် ပုဏ္ဏားလည်း ''ပညာရှိသည် တရားဟောသတတ်၊ငါသည်လည်း ဧသဘေးဖြင့် ထိတ်လန့်၏၊ ပညာရှိတို့ဏသည်ဏား ကြွေးစွာသောစိုးရိမ်ခြင်းကို ပယ်အံ့ဧသာငှာ တတ်နိုင်၏။ ငါသည် ထိုပညာရှိဏထံသို့ သွား၍ တရားနာအံ့ဧသောငှာ ဆင့်၏''ဟု ကြံ၏။ ကြံပြီး၍ ပုဏ္ဏားသည် ထိုသူတို့နှင့်တကွ ပညာရှိဏထံသို့သွား၍ ဘုရားဒလောင်းကို

www.dhammadownload.com

ခြံရုံ၍နေသော မင်းနှင့်တကွသော ပရိသတ်အစုန်း၌ ပခုံး၌ အိတ်ကို လွယ်လျက် တထူးဟောပလွင်၏အနီး၌ သေဘေးဖြင့် ထိတ်လန့်သည် ဖြစ်၍ ငိုလျက်ရပ်၏။ ဘုရားလောင်းသည် ရေတံခွန်ကျသကဲ့သို့ တထူးကို ဟော၏။ လူများသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်လျက် ကောင်းချီးပေး၍ တထူးကို နာ၏။

ဘာဖြစ်လို့

ပညာရှိတို့မည်သည် အရပ်ဒေသမျက်နှာတို့ကို ဖွင့်၍ ထက်ဝန်းကျင်မှ ပရိသတ်ကို ကြည့်မြဲဖြစ်၍ ကြည့်လတ်သော် ထိုပုဏ္ဏားကိုမြင်၍ "ဤမျှ အတိုင်းအရှည်ရှိကုန်သော ပုရိသတ်တို့သည် ဖြစ်သော ဝမဲးမြောက်ခြင်း ရှိကုန်၍ ကောင်းချီးပေးကုန်၍ တထူးကို နာကုန်၏၊ တစ်ယောက်သော ဤပုဏ္ဏားသည်ကား နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ ငို၏၊ ဤပုဏ္ဏား၏ကိုယ်တွင်း၌ မျက်ရည်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော စိုးရိမ်ခြင်းသည် ဖြစ်ရာ၏၊ ကြွေးနီ၏အညစ်အကြေးကို ချဉ်ဖြင့် ပယ်ပစ်သကဲ့သို့လည်း၊ ကောင်း၊ ပဒုမာရွက်မှ ရေပေါက်ကို လျှောကျစေဘိသကဲ့သို့လည်း၊ ဆောင်း ထို့အတူ သောကကိုနှစ်စေ၍ သောကမရှိ နှစ်သက်သောစိတ် ရှိသည်ကို ပြု၍ တထူးဟောအံ့" ဟု ထိုပုဏ္ဏားကိုခေါ်၍ "ပုဏ္ဏား...သေနက ပညာရှိမည်သည် ငါပင်တည်း၊ ယခု သင့်အား စိုးရိမ်ခြင်းမရှိသည်ကို ပြုအံ့၊ ရွှင်ချမ်းကဲင်းသည်ဖြစ်၍ ဆိုးလော့" ဟု ပုဏ္ဏားနှင့်တကွ စကားပြောလို့ ရကား-

၄၆။ ဝိဇ္ဇာန္တစိတ္တော ကုပိတိန္ဒြိယော သိ၊
နေတ္တော်ဟိ တေ ဝါရိဂဏာ သဝန္တိ၊
ကိန္ဆေ နဒ္ဒ ကိံပန ပတ္ထယာနော၊
ဣဓဂဂမာ ပြာဟွေ တဒိဃ် ပြုဟိ-

ဟူသော ရွှေးဦးစွာသော ဂါထာကို ဆို၏။

၄၆။ ပြာဟွေ၊ပုဏ္ဏား။ တံ၊သင့်ကို။ ဣဃ်၊ဝါတိုက်တွန်း၏။ တွံ၊သင်သည်။ ဝိဇ္ဇာန္တစိတ္တော၊မဘည်မတံ့ တုန်လှုပ်သော စိတ်ရှိသည်။ အသိ၊ဖြစ်၏။ ကုပိတိန္ဒြိယော၊ ပျက်သောမျက်စိ ဣန္ဒြေရှိသည်။ အသိ၊ ဖြစ်၏၊ တေ သင်၏။ နေတ္တော်ဟိ၊ မျက်စိတို့မှ။ ဝါရိဂဏာ၊ မျက်ရည်ပေါက်တို့သည်။ သဝန္တိ၊ယိုကုန်၏။ တေ၊သင့်အား။ ကိံ၊အဘယ်ဥစ္စာသည်။ နဒ္ဒ၊ပျောက်

www.dhammadownload.com

သည်ဖြစ်၍။ ကို၊ အဘယ်ဥစ္စာသည်။ နဌ၊ ပျောက်သည်ဖြစ်၍။ ကိ၊ အဘယ်ကို၊ ပတ္ထယာနေ၊ တောင့်တသည်ဖြစ်၍။ ဣဓ၊ ဤအရပ်သို့၊ အာဂမာ၊လာသနည်း။ ပြ။ဟိ၊ဆိုလေ့။

နတ်က သေမယ်ဆိုလို့

ထိုဆာခါ ဘုရားလောင်းအား မိမိ၏ စိုးရိမ်ခြင်း၏အကြောင်းကို ဆိုလိုသည်ဖြစ်၍ ပုဏ္ဏားသည်-

၄၇။ မိယျထ ဘရိယာ ဝဇတော မမဇ္ဇ၊
အဂစ္ဆတော မရဏမာဟ ယဉ္စ္မာ။
ဒေတန ဒုက္ခေန ပဝေဓိတော သ္မိ၊
အက္ခာဟိ မေ သေနက ဘေမတ္ထ
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၇။ ပြာဟ္မဏ၊ပုဏ္ဏား။ အဇ္ဇ၊ယနေ့၊ ဥဘော၊နှစ်ယောက်ကုန်သော။ တုမှေ၊သင်တို့သည်။ မိယျထ၊သေကုန်ရာ၏။ ဝဇတော၊ ဆိတ်သို့သွားသည်ရှိသော်။ ဘရိယာ၊ မယား၏။ မရဏံ၊သေခြင်းသည်။ ဟောတိ၊ဖြစ်အံ့။ အဂစ္ဆတော၊ မသွားသည်ရှိသော်။ မမ၊ ငါ၏။ မရဏံ၊ သေခြင်းသည်။ ဟောတိ၊ဖြစ်အံ့။ ဣတိ၊ဤသို့။ ယဉ္စ္မာ၊ရကွစ်းနတ်သည်။ အာဟ၊ ဆို၏။ အဟံ၊ငါသည်။ ဒေတနဒုက္ခေန၊ထိုဆင်းရဲဖြင့်။ပဝေဓိတော၊တုန်လှုပ်သည်။ အသ္မိ၊ဖြစ်၏။ သေနက၊ သေနတပညာရှိ။ မေ၊ ငါ့အား။ ဧဘမတ္ထံ၊ ထိုအကြောင်းကို။ အက္ခာဟိ၊ကြားလေ့။

သေနကအမတ် စဉ်းစားပုံ

ဘုရားလောင်းသည် ပုဏ္ဏား၏စကားကို ကြား၍ သမုဒ္ဒရာ၏ အထက်၌ကုန်ရက်ကိုဖြန့်သကဲ့သို့ ဉာဏ်ကုန်ရက်ကို ဖြန့်၍ "သတ္တဝါတို့အား သေခြင်း၏အကြောင်းသည် မျှားကုန်၏၊ သမုဒ္ဒရာ၌ ငုပ်ကုန်သော သူတို့သည်လည်း သေရကုန်၏၊ ထိုသမုဒ္ဒရာ၌ ငါးရဲတို့သည် ဖမ်းအပ်သည်၏ အဖြစ်ကြောင့်လည်း သေရကုန်၏၊ ထိုဂင်္ဂါ၌ကူးကုန်၍လည်း သေရကုန်၏၊ ထိုဂင်္ဂါ၌ မိကျောင်းသည် ဖမ်းအပ်သည်၏ အဖြစ်ကြောင့်လည်း သေရကုန်၏၊ သစ်ပင်မှ ကျ၍လည်း သေရကုန်၏၊ ဆူးစူး၍ လည်းကောင်း, အထူးထူးသော လက်နက်တို့ဖြင့် သတ်ပုတ်အပ်သည်ဖြစ်၍ လည်းကောင်း,

www.dhammadownload.com

အဆိုပ်ကိုစား၍ လည်းကောင်း, သေဆဲမှု၍လည်းကောင်း, ကမ်းပါး ပြတ်မှကျ၍လည်းဆောင်းအုချမ်းအစရှိကုန်သောအတူးထူးအပြားပြားကုန် သော ဆောဂါတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ လည်းဓာတ်း၊ သေရကုန်သလျှင်ကတည်း။ ဤသို့ မျှားစွာကုန်သော သေခြင်းတို့တွင် အဘယ်အားကြောင်းကြောင့် ယနေ့ဤပုဏ္ဏားသည် ခရီးအကြားဦ့ နေသည့် ရှိသော် မိမိသေလတ္တံ့နည်း၊ အိမ်သို့သွားသည်ရှိသော် မယားသေအံ့နည်း" ဟု ကြံ၏။ ကြံစဉ်လျင် ပုဏ္ဏား၏ပခုံးဦ့ အိတ်ကိုမြင်၍ "ဤအိတ်ဦ့ တစ်ခု သောမြေသည် ဝင်းသည်ဖြစ်လတ္တံ့၊ ပုဏ္ဏားသည်လည်း ရေသောက်၍ လာသည်ရှိသော် မြေဝင်းသည်၏အဖြစ်ကို မသိ၍ အိတ်ကိုဖွဲ့၍ ယူသွား လည် ဖြစ်လတ္တံ့၊ မိမိသည် ခရီးအကြားဦ့ နေလတ်သော် အိတ်ဦ့မှုန့်ကို စားအံ့ဟု အိတ်ကိုဖြေ၍ လက်ကိုသွင်းလတ္တံ့၊ ထိုအခါ ပုဏ္ဏားကို မြေသည် လက်ကို ကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့၊ ဤအကြောင်း သည်ကား ခရီးအကြားဦ့နသော ပုဏ္ဏားသေခြင်း၏ အကြောင်းတည်း။ အိုမ်သို့ အကယဲ၍ သွားငြားအံ့၊ အိတ်သည် မယားလက်သို့ ရောက်လတ္တံ့၊ မယားသည် အိတ်တွင်းဦ့ဥစ္စာကို ကြည့်အံ့ဟု အိတ်ကိုဖြေ၍ လက်ကိုသွင်း လတ္တံ့၊ ထိုအခါ ထိုပုဏ္ဏားမကို မြေသည် အသက်ကုန်ခြင်းသို့ ရောက်စေ လတ္တံ့၊ ဤအကြောင်းသည်ကား ယနေ့ ပုဏ္ဏားအိမ်သို့ ရောက်သည်ရှိသော် မယားသေခြင်း၏ အကြောင်းတည်း" ဟု အကြောင်းဥပါယ်ဦ့ လိမ္မာသော ဉာဏ်ဖြင့်လျှင် သိ၏၊ ထိုအခါ ဘုရားလောင်းအား ဤမြေဟောက်သည် ရဲရင့်သည်း ကြောက်ခြင်းမရှိသည် ဖြစ်ထု၏။ ဤမြေသည် နံပါးကြီးကို ထိုခိုက်သော်လည်း အိတ်ဦ့ မိမိ၏ စဉ်းငယ်လူပ်ခြင်းကိုမျှ မပြု၊ ဤသို့ သဘောရှိသော ပရိသတ်၏အလယ်ဦ့ မိမိရှိသည်၏အဖြစ်ကို မပြု၊ထို့ကြောင့် ဤမြေသည် ရဲရင့်သည်၊ ကြောက်ခြင်းမရှိသည်ဖြစ်ထု၏" ဟု ကြံ၏။

သင့်အိတ်ထဲ မြွေရှိနေပြီ

ကြံပြီး၍ ဘုရားလောင်းသည် ဥပါယ်ဦ့ လိမ္မာသော ဉာဏ်ဖြင့်လျှင် ဒီဗ္ဗစက္ခုဖြင့် မြင်သကဲ့သို့ ဤမြေကိုသိ၍ ဤသို့မင်းနှင့်တကွသော ပရိသတ်၏အလယ်ဦ့ အိတ်သို့ဝင်သောမြွေကို မြင်၍ တည်သောယောကျ်ားကဲ့သို့ ဘုရားလောင်းသည် အကြောင်းဥပါယ်ဦ့ လိမ္မာသော ဉာဏ်ဖြင့်လျှင် ပိုင်းခြား၍ ပုဏ္ဏား၏ပြဿနာကို ဖြေလိုရကား.

www.dhammadownload.com

၄၈။ ဗဟူနိ ဌာနာနိ ဝိစိန္တယိတ္ဝာ၊
ယဒမတ္ထံ ဝက္ခာမိ တဒေဝ သစ္စံ။
မညာမိ တေ ဗြာဟ္မဏ သတ္တုဘာဿံ၊
အဇာနတော ကဏှသပ္ပါ ပဝိဋ္ဌော-

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၈။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဗဟူနိ၊ များစွာကုန်သော။ ဌာနာနိ၊ အကြောင်းတို့ကို။ ဝိစိန္တယိတ္ဝာ၊ ကြံ၍။ ဇတ္ထ၊ ဤအကြောင်းတို့၌တွင်။ ယံ၊ အကြောင်းအကြောင်းကို။ အဟံ၊ ငါသည်။ ဝက္ခာမိ၊ ဆိုအံ့။ တဒေဝ၊ ထိုငါဆိုသော အကြောင်းသည်လျှင်။ သစ္စံ၊ မှန်၏ဟူ၍။ မညာမိ၊ အောက်မေ့၏။ အဇာနတော၊ မသိစဉ်။ တေ၊ သင်၏။ သတ္တုဘာဿံ၊ မုန့်အိုတီသို့။ ကဏှသပ္ပါ၊ မြွေဟောက်သည်။ ပဝိဋ္ဌော၊ ဝင်၏ဟူ၍။ မညာမိ၊ ငါအောက်မေ့၏။

ဤသို့ဆိုပြီးလျှင် "ပုဏ္ဏား....သင့်အိတ်၌ မုန့်ရှိသလဲ" ဟု မေး၏။ "ပညာရှိ-ရှိ၏"၊ "ယနေ့နံနက်စာ စားသောအခါ၌မုန့်ကိုစားသလော" ဟု မေး၏။ "ပညာရှိ....စား၏" ဟု ဆို၏။ "အဘယ်အရပ်၌နေ၍ စားသနည်း" ဟု မေး၏။ "ပညာရှိ....တောင်၌ သစ်ပင်ရင်း၌နေ၍ စား၏" ဟု ဆို၏။ "ပုဏ္ဏား-မုန့်စားပြီး၍ ရေသောက်သွားသည်ရှိသော် အိတ်ဝကို ဖွဲသလား၊ မဖွဲသလော" ဟု မေး၏။ "ပညာရှိ....မဖွဲမိ" ဟု ဆို၏။ ရေသောက်၍ လာလတ်သော် "အိတ်ကို ကြည့်၍ ဖွဲ၏လော" ဟု မေး၏။ "ပညာရှိ....မကြည့်မူ၍ဖွဲ၏" ဟု ဆို၏။ "ပုဏ္ဏား-သင် ရေသောက်သွားသောကာလ၌ မသိစဉ်လျှင် မုန့်ခဲနုံခြင်းကြောင့် အိုတ်တွင်းသို့ မြွေဝင်နေသည်" ဟု ငါထင်၏။

အိုတ်ကိုဖွင့်၍မြွေကိုရှာ

ဤအရာ၌ ထိုထင်ခြင်းသည်ကား မုန့်၏၊ ထို့ကြောင့် အိတ်ကိုချ၍ ပရိသတ်တို့၏အလယ်၌ထား၍ အိတ်ဝကို့ဖြေ၍ ဖဲ၍ တည်စေလျက် တစ်ခုံသော လှံစာနှုန်းကို ကိုင်၍ အိတ်ကို ပုတ်ခတ်လေ၊ ထိုနောင်မှ ပါးပျဉ်းထောင်၍ ရှူးရှူးဟူသော အသံကိုပြု၍ ထွက်သော မြွေဟောက်ကိုမြင်၍ ယုံမှားကင်းသည် ဖြစ်လတ္တံ့-

www.dhammadownload.com

၄၉။ အာဒါယ ဒဏ္ဍံ ပရိသုမ္ဘ သဿံ၊ ပသေဒ္ဓမုဂ်ံ ဥနဂ် ဒုဇီဝံ့။
ဆိန္နံဇ္ဇ ကုဒ်် ဝိဒိကိစ္ဆိတာနိ၊ ဘုဇဂ််မံ ပဿ ပမုဥ္စ သဿံ.
ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၉း ဗြာဟ္မဏာ၊ ပုက္ကုသ်း။ ဒဏ္ဍံ၊ လှံကန်ကို၊ အာဒါယ၊ ကိုင်၍။ သဿံ၊ မုန့်အိတ်ကို။ ပရိသုမ္ဘ၊ ပုတ်ခတ်လော့။ ဧဋ္ဌမုဂ််၊ တံခွန်းထွေး သော ခံတွင်းရှိသော၊ ဒုဇီဝံ့၊ လျှာနှစ်ခွရှိသော၊ ဥရဂံ၊ မြွေကို။ ပဿ၊ ရှုလော့။ အဇ္ဇ၊ ယနေ့။ ကဒ််၊ ယုံမှားခြင်းကို။ ဝိစိကိစ္ဆိတာနိ၊ အဖန်ကလေးသော ယုံမှားခြင်းတို့ကို။ ဆိန္ဒ၊ ဖြတ်လော။ ဘဿံ၊ မုန့်အိတ်ကို။ ပမုဥ္စ၊ ဖြေလော့။ ဘုဇဂ််မံ၊ မြွေကို။ ပဿ: ရှုလော့၊

မြွေဟောက်ထွက်လာပြီ

ပုက္ကုသ်းသည် ဘုရားလောင်း၏ စကားကိုကြား၍ ထိတ်သန့်ခြင်းသို့ ရောက်၍ ဘုရားလောင်းဆိုတိုင်း ပြု၏။ မြွေသည်လည်း အိတ်ကို လှံကန်ဖြင့် ခတ်သည်ရှိသော် အိတ်ဝမှထွက်၍ လူမျှားကို ကြည့်လျက် တည်၏။ ထိုအကြောင်းကို ပြတော်မူသိုသော ဆဗ္ဗညုမြတ်စွာဘုရားသည်-

၅၀။ သံဝိဂ္ဂရူပေါ ပရိသာယ မဇ္ဈေ၊ သော ဗြာဟ္မဏော သတ္တုသဿံ ပမုဥ္စိ။
အထနိက္ခမိ ဥရဂေါ ဥဂ္ဂတေဇော၊ အာသီဝိသော သပ္ပေါ ဖဏံ ကရိတ္ဝာ-
ဟူသော ငါးခုမြောက်သော ဂျိဂါထာကို ဟောတော်မူ၏။

၅၀။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဝိဂ္ဂရူပေါ၊ ထိတ်လန့်သော သဘောရှိသော၊ သော ဗြာဟ္မဏော၊ ထိုပုက္ကုသ်းသည်၊ ပရိသာယမဇ္ဈေ၊ ပရိသတ်၏ အလယ်၌၊ သတ္တုဘသ္မံ၊ မုန့်အိတ်ကို။ ပမုဥ္စိ၊ ဖြေ၏။ အထ၊ ထိုအခါ၌။ ဥရဂေါ၊ ရင်ဖြင့် သွားတတ်သော။ ဥဂ္ဂတေဇော၊ ထက်သောတန်ခိုးရှိသော။ အာသီဝိသော၊ လျင်သော အဆိပ်ရှိသော၊ သပ္ပေါ၊ မြွေသည်။ ဖဏံ၊ ပါးပျဉ်းကို၊ ကရိတ္ဝာ၊ ထောင်၍။ နိက္ခမိ၊ ထွက်၏။

ပည်ဝစ္ဆမ်းအင်

ပါးပျဉ်းကိုထောင်၍ မြွေထွက်သောကာသ၌ ဘုရားလောင်း၏ဖြခြင်းသည် "သဗ္ဗညုမြတ်စွာဘုရား၏ ဖြခြင်းကဲ့သို့ဖြစ်၏" ဟု ဘုရားလောင်း အား လူမျှားသည် ပုဆိုး ဦးရစ်ပစဲခြင်း အားထောင်တို့ကိုဖြစ်စေ၏။ လက်ချောင်းခါခြင်း အထောင်တို့ကိုလည်း ခါကုန်၏။ တခဲနက်သော မိုးသည်

www.dhammadownload.com

ရွာသကဲ့သို့ ရတနာ ခုနစ်ပါးမိုးသည် ရွာ၏၊ ဆောင်းခို်းဝပ်ခြင်း အဆောင်တို့သည်ဖြစ်ကုန်၏၊ မြေကြီးကဲ့သော အသံကဲ့သို့ဖြစ်၏။ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဤပြဿနာကိုဖြေခြင်းမည်သည်ကား အမျိုး၏ အစွမ်းလည်းမဟုတ်၊ အနွယ်အဆက်၏ အစွမ်းလည်းမဟုတ်၊ ဤပြဿနာကို ဖြေခြင်းသည် အဘယ်အစွမ်းနည်းဟူမူကား ပညာ၏ အစွမ်းတည်း။ ထိုစကားသည် မှန်၏။ ပညာရှိသောယောကျ်ားသည် ဝိပဿနာကိုပွားစေ၍ အရိယာမဂ်တံခါးကိုဖွင့်၍ အပြိုက်နိဗ္ဗာန်သို့ဝင်၏၊ သာဝကပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်းသို့ သိ၏။ အပြိုက်နိဗ္ဗာန်သို့ရောက်စေတတ်ကုန်သော တရားတို့တွင် ပညာသည်လျှင် မြတ်၏။ ကြွင်းကုန်သောတရားတို့သည် ပညာ၏အခြံအရံတို့သည်သာလျှင်ဖြစ်ကုန်၏၊

ထို့ကြောင့်-

ပညာဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊ နက္ခတ္တရာဇဝ ရိဝ တာရကာနံ။
သီလံ သိရိဋ္ဌာပိ သတဋ္ဌ ဓမ္မော၊ အန္ဓာယိကာ ပညဝတော ဘဝန္တိ-

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဤသို့ ဘုရားလောင်း ပြဿနာကို ဖြေသည်ရှိသော် တစ်ယောက်သော အလမ္ဗာယ်သည် မြေ၏ခံတွင်းကို ဖွဲခြင်းကိုပြု၍ မြေကိုယူ၍ တောင်္ဂလွတ်၏။ ပုဏ္ဏားသည် မင်းသို့ကပ်၍ "အောင်စေသတည်း" ဟု လက်အုပ်ချီ၍ မင်းအား ခို်းမှမ်းခြင်းကို ပြုလိုရကား-

၅၁။ သုလဒ္ဓလဒ္ဓော ဇနကဿ ရညော၊
ယော ပဿတိ သေနံ သာဓုပညံ-

ဟူသော ထက်ဝက်သော ဤဂါထာကို ဆို၏၊

၅၁။ ယော၊ အကြင်ဇနကမင်းသည်။ သာဓုပညံ၊ ကောင်းသောပညာရှိစေသော။ သေနံ၊ သေနကအမတ်ကို။ ပဿတိ၊ ဖူးမြင်ရ၏။ ဇနကဿ၊ ဇနကမည်သော။ တဿ ရညော၊ ထိုမင်း၏။ လာဘော၊ ပညာရှိအား ဖူးမြင်ခြင်းကို ရခြင်းသည်။ သုလဒ္ဓလာဘော၊ ကောင်းသောရခြင်းမည်၏။

ပုဏ္ဏားကြီးကန်တော့ခြင်း

ပုဏ္ဏားသည် မင်းအား ခို်းမှမ်းပြီး၍ အိတ်မှ အသပြာ ခုနစ်ထုတို့ကို ယူ၍ ဘုရားလောင်းအား ခို်းမှမ်း၍ နှစ်သက်သောဒေးပးကမ်းခြင်းကို ပေးလိုရကား-

www.dhammadownload.com

၅၂။ ဝိဝဋ္ဋဆာဒါနုသိ သဗ္ဗဒဿီ၊ ဥာဏ် နု တေ ဗြာဟ္မဏ ဘိံ သရ္ဗပုံ။
ဣမာနိ မေ သတ္တိသတာနိ အတ္ထိ၊
ဂဏ္ဍာဟိ ဒဒါမိ တုယ္ဟံ။
တယာ ဟိ မေ ဇီဝိတံ အဇ္ဇ လဒ္ဓံ၊
အထောပိ ဘရိယာယ မကာသိ သောတ္ထိံ၊
ဟူးထာ အခဲ့နှင့်တက္ခသော ဤဂါထာကို ဆို၏၊

၅၂။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တ္ဝံ၊ သင်သည်။ ဝိဝဋ္ဋဆာဒါ၊ ကိုးလသာ ဟူးသော အဖုံးဆွတ်မ်းကင်းသော။ သဗ္ဗဒဿီ၊ ခပ်သိမ်းသောတရားကို မြင်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည်။ အသိနု၊ ဖြစ်သလော။ တေ၊ သင်၏။ ဥးဏံ၊ ဥာဏ်သည်။ ဘိံ သရ္ဗပံ၊ အလုန်လျင် အံ့ဖွယ်သရဲ ရှိသော သဗ္ဗညုတဥာဏ်ကဲ့သို့ အားရှိသည်။ အသိနု၊ ဖြစ်သလော။ မေ၊ ငါ့အား။ သတ္တံသတာနိ၊ ခုနစ်ရာကုန်သော။ ဣမာနိ၊ ဤဥစ္စာတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဂဏ္ဍာဟိ၊ယူလော့။ သဗ္ဗာနိ၊ခပ်သိမ်းကုန်သော ဥစ္စာတို့ကို။ တုယ္ဟံ၊ သင့်အား။ ဒဒါမိ၊ပေး၏။ ဟိသစ္စံ၊မှန်၏။ တယာ၊သင်သည်။ ဒိန္နတ္တာ-ပေးအပ်သည်၏အဖြစ်ကြောင့်။မေ၊အကျွန်ုပ်သည်။ အဇ္ဇ၊ယနေ့။ဇီဝိတံ၊အသက်ကို။ လဒ္ဓံ၊ ရအပ်၏။ အထောပိ၊ ထို့မှိုလည်း၊ ဘရိယာယ၊ မယား၏၊ သောတ္ထိံ၊ ချမ်းသာခြင်းကို။ တ္ဝံမေဝ၊ သင်သည်သာလျှင်။ အကာသိ၊ ပြုပေ၏။

ပုဏ္ဏားသည် ဤသို့ဆို၍ "အကျွန်ုပ်သည် တစ်ဖန် အလှဲ့။ခံပြန်ငြားအံ့၊ ဤမျှသောဥစ္စာသည် ကျွန်ုပ်အား ဖြစ်ရာ၏၊ ကျွန်ုပ်သည် ဤဥစ္စာကို ပေးသလျှင်ကဘည့်၊ ကျွန်ုပ်၏ခုနစ်ရာသော ဥစ္စာတို့ကို ယူပါလော့" ဟု အဖန်တလဲလဲ ဘုရားလောင်းကို တောင်းပန်၏။

ဒွေသုံးရာ လက်ဆောင်

၅၃။ နု ပက္ကိတာ ဝေတန မာဒိယန္တိ၊
စိတြာဟိ ကဏ်ဟိ သုဘာသိတာဟိ၊
ဣတောပိ တေ ဗြာဟ္မဏ ဒဒန္တု ဝိတ္တိံ၊
အာဒါယ တ္ဝံ ဂစ္ဆ သကံ နိကေတံ-
ဟူးသော ခြောက်ခုးမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၃။ ပြောပွဲ၊ပုဏ္ဏား။ စိတြာဟိ၊ဆန်းကြယ်ကုန်သော။ သုဘာသိတဓဟိ၊ကောင်းစွာ ဆိုဖွယ်ကုန်သော၊ ကထာဟိ၊စကားတို့ဖြင့်။ပဏ္ဍိတာ၊ပညာရှိတို့သည်၊ဝေတနံ၊အာခကို။ နံ အာဒိယန္တိ၊မယူကုန်။ပြောပွဲပဏ္ဍာ၊ပုဏ္ဏား။ တေ၊သင့်အား။ ဣတော၊ ဤငါ၏ခြေရင်းမှလည်း။ ဝိတ္တိံ၊သုံးရာသောဥစ္စာကို။ ဒဒန္တု၊ ပေးအပ်ကုန်သတည်း။ တုံ၊သင်သည်။ အာဒါယ၊ ယူ၍။ သကံ နိဂေတံ၊မိမိအိမ်သို့။ ဂစ္ဆ၊သွားလော့။

အိမ်ဝင်အမှာ

ဤသို့ဆို၍ ဘုရားလေးခင်းသည် ပုဏ္ဏားအား တစ်ထောင်ကို ပြည့်စေ၍ အသပြာတို့ကို ပေး၍ ''ပုဏ္ဏား....အဘယ်သူသည် သင့်ကို ဥစ္စာရှာစေအပ်သနည်း''ဟု မေး၏။ ''ပညာရှိ....မယားသည် ရှာစေအပ်၏''ဟု ဆို၏။ မယားသည်ကား အသက်ကြီးသလော၊ ငယ်သလော''ဟု မေး၏။''ပညာရှိ ငယ်၏''ဟု ဆို၏။ ထိုသို့တပြီးကား ပုဏ္ဏားမငယ်သည် တစ်ပါးဆောသူနှင့် လွန်ကျူးခြင်းကို ပြုသည်ရှိသော် ကြောက်ခြင်းမရှိသဖြင့် ပြုအံ့ဟုကြံ၍ သင့်ကို စေ၏၊ ဤအသပြာတို့ကို ဆောကယ်၍ ဆောင်အံ့၊ ထိုပုဏ္ဏား၊မငယ်သည် ဆင်းရဲသဖြင့် ရဖွယ်သောအသပြာတို့ကို မိမိသယောက်လင်အား ပေးလတ္တံ့၊ ထို့ကြောင့် ထိုဥစ္စာကို ဖြေငှံ့စွာ အိမ်သို့မယူဘဲ သစ်ပင်ရင်းခြံလည်းဆောင်း၊ အမှတ်ရှိတစ်ခုသောအရပ်၌ လည်းကောင်း အသပြာတို့ကို ထား၍ ဝင်ခဲလာလော့''ဟုဆို၍ ပုဏ္ဏားကို လွှတ်လိုက်၏။

ငွေတစ်ထောင် ပျောက်ပြီ

ပုဏ္ဏားသည် ရှင်၏အနီးသို့ရောက်၍ တစ်ခုသောသစ်ပင်ရင်းခြံ အသပြာတို့ကိုထား၍ ညအခါ၌ အိမ်သို့ သွား၏။ ပုဏ္ဏား၏မယားသည်လည်း ထိုဈာန်၌ သယောက်လင်နှင့်တကွ နေ၏။ ပုဏ္ဏားသည် တံခါး၌ရပ်၍ ''ရှင်မ'' ဟု ခေါ်၏။ ပုဏ္ဏားမငယ်သည် ပုဏ္ဏားအသံကိုမှတ်၍ ဆီမီးတိုင်ကို ငြိမ်းစေ၍ တံခါးကိုဖွင့်၍ ပုဏ္ဏား အိမ်တွင်းသို့ဝင်သည်ရှိသော် သယောက်လင်ကို ထုတ်လျက် တံခါးရင်းခြံထား၍ အိမ်သို့ဝင်၍ အိတ်၌ တစ်စုံတစ်ခုကိုမမြင်၍ ''ပုဏ္ဏား....သင်သည် ဇာလှူခံ၍ အဘယ်မျှသောဥစ္စာကို ရခဲ့သနည်း'' ဟု မေး၏။ ''ရှင်မ....ငါသည် တစ်ထောင်သော ဥစ္စာကို ရခဲ့၏''ဟု ဆို၏။ ''ထိုဥစ္စာသည် အဘယ်မှာနည်း''ဟု မေးလတ်သော် ''ဤမည်သော

www.dhammadownload.com

အရပ်၌ ထားခဲ့၏၊ ထိုဥစ္စာကို နက်ဖြန်နံနက်လျှင် ဆောင်ချေအံ့၊ မငြောင့်ကြလင့်''ဟု ဆို၏။ ပုဏ္ဏားမငယ်သည် သွား၍ သယောက်လင်အား ကြား၍ ထိုသယောက်လင်သည် ထွက်၍ မိမိထားသော ဥစ္စာကဲ့သို့ ယူ၏။

တိုင်ကြားခြင်း

ပုဏ္ဏားသည် နက်ဖြန်ခန့်၌ သွား၍ အသပြာတို့ကို မမြင်သည် ရှိသော် ဘုရားလောင်းအထံသို့ သွား၍ ''ပုဏ္ဏား....အာဘဲယ်နည်း''ဟု မေးသည် ရှိသော် ''ပညာရှိ....အသပြာတို့ကို မမြင်''ဟု ဆို၏၊ ''သင်သည် မယား အား ကြားသလော''ဟု မေး၏။ ''ပညာရှိ....ကြား၏''ဟု ဆိုသည်ရှိသော် ဘုရားလောင်းလည် ''မယားသည် သယောက်လင်အား ကြားသောအဖြစ် ကိုသိ၍ ''ပုဏ္ဏား....သင့်မယားအား ဆရာပုဏ္ဏားသည် ရှိသလော'' ဟု မေး၏။ ''ပညာရှိ....ရှိ၏''ဟု ဆို၏။

စစ်ဆေးပုံ

ထိုအခါ ပုဏ္ဏားအား ဘုရားလောင်းသည် ခုနစ်ရက်ဖို့ ရိက္ခာကိုပေး၍ ''သွားလော့၊ ချေးဦးစွာသာနှင့် သင်၏ ဆရာပုဏ္ဏားခုနစ်ယောက် သင့်မယား၏ ဆရာပုဏ္ဏားခုနစ်ယောက်ကဲ့ ဤတစ်ဆယ့်လေးယောက်ကုန်သော် ပုဏ္ဏားတို့ကိုဖိတ်၍ ကျေးလေးလော့၊ နက်ဖြန်မှစ၍ တစ်ယာဂ်တစ်ယာဂ်ကို ယုတ်စေ၍ ခုနစ်ရက်မြောက်သံ့နှင့် သင်၏ဆရာပုဏ္ဏားတစ်ယာဂ် သင်၏မယားဆရာပုဏ္ဏားတစ်ယောက် ဤနှစ်ယာဂ်တို့ကိုဖိတ်၍ သင်၏ မယားသည် ခုနစ်ရက်ပတ်လုံး ဖိတ်ဆောင်သော ပုဏ္ဏား၏ မပြတ်လာသည်၏ အဖြစ်ကိုသိ၍ ငါအား ကြားလော့''ဟု ဆို၏။ ထိုပုဏ္ဏားသည် ဘုရားလောင်း ဆိုတိုင်းပြု၍ ''ပညာရှိ....အကျွန်ုပ်သည် မပြတ်လာ၍ စား၊သော ပုဏ္ဏားကို မှတ်အပ်၏''ဟု ဘုရားလောင်းအား ကြား၏။

ဘုရားလောင်းသည် ထိုပုဏ္ဏားနှင့်တကွ မင်းချင်းတို့ကို စေ၍ ထိုပုဏ္ဏား ကိုးဆောင်စေ၍ ''ဤမည်သော သစ်ပင်ရင်းမှ သင်သည် ဤမည်သော ပုဏ္ဏား၏ဥစ္စာဖြစ်သော အသပြာတစ်ထောင်ကို ယူသလော''ဟု မေး၏၊ ''ပညာရှိ....မယူ''ဟု ဆို၏။ ဘုရားလောင်းသည် ''ပုဏ္ဏား...ငါ့အား သေ နက သုခမိန်ဖြစ်သည့် အဖြစ်ကို မသိသလော၊ ထိုအသပြာကို ဆောင်းစေ အုံ''ဟု ဆို၏။ ထိုပုဏ္ဏားသည် ကြောက်သည်ဖြစ်၍ ''အကျွန်ုပ်သည် ယူ

www.dhammadownload.com

အပ်၏''ဟု ဝန်ခံ၏။ ''သင်သည် အဘယ်မှာထားသနည်း'' ဟု မေး၏။ ''ပညာရှိ—ထိုအရပ်၌လျှင် ထားအပ်၏''ဟု ဆို၏။ ဘုရားလောင်းသည် ပုဏ္ဏားကြီးကို ''ပုဏ္ဏားကြီး....သင်သည် ထိုပုဏ္ဏေးမကိုပင်လျှင် ဓယားဖြစ်စေလိုသလော၊ ထိုသို့မဟုတ် မူကား တစ်ပါးသောမိန်းမကို ယူလိုသလော'' ဟု မေး၏။ ''ပညာရှိ....ထိုပုဏ္ဏေးမငယ်သည်ပင်လျှင် အကျွန်ုပ်၏မယားဖြစ်စေလိုသည်''ဟု ဆို၏။

လင်ငယ်ကိုထိန်းသိမ်းထားပြီ

ဘုရားလောင်းသည် လူတို့ကိုစေ၍ ပုဏ္ဏား၏အသပြာတို့ကို လည်းကောင်း၊ ပုဏ္ဏေးမငယ်ကိုလည်းကောင်း ဆောင်စေ၍ ခိုးသူ ပုဏ္ဏား၏ လက်မှ အသပြာတို့ကို ပုဏ္ဏားကြီးအား ပေးစေ၍ ခိုးသူပုဏ္ဏားအား မှင်းဒဏ်ကိုပြုစေ၍ မြို့၌ စည်လည်စေ၍ ပုဏ္ဏေးမအားလည်း ဓင်းအာဇာကို ပြုစေ၍ ပုဏ္ဏခေးအား ကြီးစွာသော အခြံအရံတို့ကိုပေး၍ မိမိအထံ၌လျှင် နေစေ၏။

ဇာတ်ပေါင်း။ သမ္ဗုည်မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ မျဉ်းစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့ကို မျက်မှောက်ပြုကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား· ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏခေးဖြစ်ပြီး၊ ယခုအခါ သာရိပုတြာသည် ထိုအခါ ရဟန္တာစိုးနတ်ဖြစ်ပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ပရိသတ်ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သေနက ပညာရှိဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာရှိအား၊ ပေါင်းသင်းခြင်း၊ အမျှားချမ်းသာမည်း)

ခုနစ်ရတို့၏ ပြည့်ကြောင်းဖြစ်သော သတ္တုဘဏ္ဍ ဇာတ်သည် ပြီး၏။

၈·အဋ္ဌသေနဇာတ်

သူတော်ကောင်းတို့သည် မတောင်းအပ်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မာသမ္ဗုဒ္ဓါဘုရားသခင်သည် ''ယေ မေ အဟံ နဇ·

www.dhammadownload.com

နာမိ'' ဆစရှိသော ဂါထာပုဒ်ဖြင့် စာန်ဆာဆင်ဆပ်သော ဤ ဆင်္ဘဳသေန ဇာတ်ကို အာဠဝိပြည်ကိုမှီ၍ ဆဂ္ဂါဠဝစေတီ၌ သိတင်း သုံးနေတော် မူစဉ် ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုကို ဆောက် မဏိကဏ္ဍ ဇာတ်၌ ဆိုဆပ် ပြီး သလျင်ကတည်း။)

အထူးကား_ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ခေါ်တော် မူ၍ ''ရဟန်းတို့....ဘုရားမဖြစ်မီ သာသနာပ၌ ရဟန်းပြုကုန်သော ရဟန်း တို့သည် ဖိတ်ကုန်လျက်လည်း တောင်းခြင်းမည်သည်တား သူတစ်ပါးတို့ ဆည် မချစ် မနှစ်သက်အပ်ဟု နှုတ်ပြု၍ မတောင်းကုန်'' ဟု မိန့်တော်မူ၍ ဆတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ် မင်းသည် မင်းပြုသည်၌သော် ဘုရားလောင်းသည် တစ်ခုသောနိဂုံးဝယ် ပုဏ္ဏားမျိုး၌ဖြစ်၏။ ထိုဘုရားလောင်းအား ''ဆင်္ဘဳသေန သတ္တိသဒ်း'' ဟူသောအမည်ကို မှည့်ကုန်၏။

ရသေ့ဝတ်ခြင်း

ထိုသတ္တိသားသည် အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်း သောအတိတ်တို့ကို သင်၍ နောက်ဆုံး၌ ကာမတို့၌ အပြစ်ကိုမြင်၍ အိမ်မှ ထွက်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာဆရင်း၌ ကြာမြင့်စွာနေ၍ ချဉ်ဆား မှဲ့ဝဲအံ့သောငှာ လူ့ပြည်သို့ ဆင်း၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌ နေ၍ နောက်ဖြန်နေ့၌ ဆွမ်းခံသွားသည်ရှိသော် မင်းရင်ပြင်သို့ ရောက်၏။

မင်းကိုးကွယ်ခြင်း

မင်းသည် ဘုရားလောင်း၏ အကျင့်ဂုရိယာပုထိတို့၌ ကြည်ညိုရှိ ဘုရား လောင်းကိုဖတ်၍ ပြာသာဒ်အပြင်၌ ခင်းဆပဲသော ပလ္လင်၌ နေစေ၍ ကောင်းသော ဒေဘာဇဉ်ကိုကျွေး၍ ဆွမ်းစားပြီးသောအဆုံး၌ အနုမော ဒနာကို နာရ၍ ကြည်ညိုသည်ဖြစ်၍ မင်း၏ဥယျာဉ်၌ အမြဲ နေစိမ့်သော ငှာ တောင်းပန်၍ မင်းသည် ဝန်ခံခြင်းကို ယူ၍ ဘုရားလောင်းကို မင်း၏ ဥယျာဉ်၌ နေစေ၍ နေ့တိုင်းလည်း နှစ်ကြိမ် သုံးကြိမ် ခစားအံ့သောငှာ

www.dhammadownload.com

သွား၏။ မင်းဆည် တစ်နေ့သ၌ တရားစကားဖြင့် ကြည်ညို၍ မင်းအဖြစ်ကို ထုစပြု၍ "အရှင်ဘုရားအား အကြင်ဝတ္ထုဖြင့် အလိုရှိ၏၊ ထိုဝတ္ထုကို အရှင်ဘုရားသည် ဆိုပါ၊လော့" ဟု ဖိတ်၏။

ဘုရားလောင်းသည် ငါ့အား ဤဝတ္ထုကို ပေးသော့ဟူ မဆို၊ ထစ်ပါးကုန်သော သူတောင်းစားတို့သည်ကား ဤဝတ္ထုကိုပေးလော့၊ ဤဝတ္ထုကိုပေးလော့ဟု အလိုရှိတိုင်း အလိုရှိတိုင်းသော ဝတ္ထုကို တောင်းကုန်၏။ မင်းသည် ငြိတွယ်ခြင်းမရှိသည်ဖြစ်၍ ပေးသလျှင်ကတည်း။

အဘယ့်ကြောင့် မတောင်းသနည်း

မင်းသည် တစ်နေ့သ၌ "တစ်ပါးကုန်သော သူတောင်းစားတို့သည် ဤမည်သော ဝတ္ထုကို ငါတို့အားပေးလာဟု တောင်းကုန်၏၊ အရှင်ဘုရားသည်ကား ဖိတ်သောကာလမှစ၍ တစ်စုံတစ်ခုသော ဝတ္ထုကိုမျှ မတောင်း၊ ဤအရှင်ဘုရားကား ပညာရှိသလျှင်ကတည်း၊ ဥပါယ်၌ လိမ္မာသလျှင်ကတည်း၊ ထိုအကြောင်းကို မေးအံ့" ဟု ကြံ၏။ ကြံပြီး၍ မင်းသည် တစ်နေ့သ၌ နံနက်စာစားပြီး၍သော် သွား၍ ရှိခိုး၍ တင့်ဆာသောဆရပ်၌ နေလျက် တစ်ပါးကုန်သော သူတို့၏ တောင်းသော အကြောင်းကိုလည်းကောင်း, ရှင်ရသေ့၏ မတောင်းသောအကြောင်းကိုလည်းစောင်း မေးလိုသည်ဖြစ်၍-

၅၄။ ယေ မေ အဟံ နာဒာနာမိ၊ အဇ္ဈတ္တသန ဝနိပ္ပကေ၊
တေ မံ သဂ်္ဂမ္မ ယာစန္တိ၊ ကသ္မာ မံ တွံ နာယာစသိ-

ဟူသော ဂျွန်းဦးစွာသော ဤဂါထာကို ဆို၏။

၅၄။ ဇာဇ္ဈတ္တသန၊ အရှင်အဇ္ဈတ္တသန။ ယေမေ ဝနိပ္ပကေ၊ အကြင်သူတောင်းစားတို့ကို။ ဇဟံ၊ ဇကျွန်ုပ်သည်။ နာဒာနာမိ၊ မသိ။ တေ၊ ထိုသူတို့သည်။ မံ၊ အကျွန်ုပ်သို့။ သဂ်္ဂမ္မ၊ အညီအညွတ် လာလတ်၍။ ယာစန္တိ၊ တောင်းကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ မံ၊ အကျွန်ုပ်ကို။ နာယာစသိ၊ မတောင်းသနည်း။

တောင်းလျှင် မုန်းတတ်သည်

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၁၅။ ယာစကော အပ္ပိယော ဟောတိ၊ ယာစံ အဒဒ မပ္ပိယော၊
တသ္မာဟံ တံ နာယာစာမိ၊ မာ မေ ဝိဒ္ဒဿနာ အဟု-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ယာစထော၊ တောင်း တတ်သောသူကို၊ ဒါယကာသ၊ ပေးတတ်သောသူသည်။ အပ္ပဲယော၊ မချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ယာစံ၊ တောင်းသောဝတ္ထုကို၊ အဒဒံ၊ မပေးသောသူကို။ ယာစံကာသိ၊ တောင်းသောသူသည်။ အပ္ပဲယော၊ မချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ဝိဒေဿနာ၊ မုန်းခြင်းသည်။ မာ ဆာဟု၊ မဖြစ်စေသတည်းဟု၊ ဆိုလို၊ ငါသည်။ တံ၊ သင်မင်းကြီးကို။ နု ယာစာမိ၊ မတောင်း။

အလိုရှိရာ တောင်းပါ

ထိုဆာခါ ဘုရားလောင်း၏ စကားကိုကြား၍ ဓင်းသည်-

၅၆။ ယော စ ယာစနဇီဝိနေဒ၊ ကာလေ ယာစံ နု ယာစတိ။
ပရဋ္ဌ ပုညံ ဓံသေတိ၊ အတ္တာနာပိ နု ဇဓေတိ။

၅၇။ ယော စ ယာစနဇီဝိနေဒ၊ ကာလေ ယာစနံ ယာစတိ။
ပရဋ္ဌ ပုညံ လဗ္ဘတိ၊ အတ္တာနာပိ စ ဇဓေတိ။

၅၈။ နု ဝိဒေဿန္တိ သပ္ပညာ၊ ဒိသွာ ယာစက မာဂတေ။
ဗြဟ္မစာရိ ပိယော မေ သိ၊ ဝဒ တွံ ဘည မိစ္ဆသိ-

ဟူသော ဤသုံးဂါထာဒေသနာတို့ကို ဆို၏။

၅၉။ ဆယျိဆဒ္ဒဝေသန၊ အရွင်ဆဒ္ဒဝေသန။ ယာစနဇဓိဝိနေဒ။ တောင်း၍ဆသက်မွေးသော၊ ယော စ၊ အကြင်ရဟန်းပုဏ္ဏားသည်လည်း၊ ကာလေ၊ တောင်းသင့်သောကာလ၌။ ယာစံ၊ တောင်းအပ်သော ဝတ္ထုကို။ နု ယာစတိ၊ မတောင်း။ သော၊ ထိုရဟန်းပုဏ္ဏားသည်၊ ပရဋ္ဌ၊ သူတစ်ပါးကိုလည်း။ ပုညံ၊ ကောင်းမှုကို။ ဓံသတိ၊ ယုတ်စေ၏။ ဆတ္တာနာပိ၊ မိမိသည်လည်း။ နု ဇဓေတိ၊ ချမ်းသာစွာ အသက်မမွေးရ။

၅၉။ ဆယျအဒ္ဒဝေသန၊ ဆရွှင်အဒ္ဒဝေသန။ ယာစနဇဓိဝိနေဒ၊ တောင်း၍ဆသက်မွေးသော။ ယော စ၊ အကြင်ရဟန်းပုဏ္ဏားသည်လည်း။ ကာလေ၊ တောင်းသင့်သောကာလ၌။ ယာစနံ၊ တောင်းအပ်သော ဝတ္ထုကို။ ယာစတိ၊ တောင်း၏။ သော၊ ထိုရဟန်းပုဏ္ဏားသည်။ ပရဋ္ဌ၊ သူတစ်ပါးကိုလည်း။ ပုညံ၊ ကောင်းမှုကို။ လဗ္ဘတိ၊ ရစေ၏။ ဆတ္တာနာပိ စ၊ မိမိသည်လည်း။ ဇဓေတိ၊ ချမ်းသာစွာ အသက်မွေးရ၏။

www.dhammadownload.com

၅၈။ အယျဖောဋ္ဌံသေနံ၊ အရွှင်ဖောဋ္ဌံသေနံ။ သပ္ပညာ၊ဒါန ဒါနဖလ
ကို သိကုန်သော ပညာရှိတို့သည်။ ယာစကမဂဂတ၊ လာကုန်သော ယာ
စကာတို့ကို။ ဒိသ့ဝ၊ မြင်၍။ နဝိဒဿန္တိ၊ အမျက်မထွက်ကုန်။ မေ၊
အကျွန်ုပ်သည်၊ ဗြဟ္မစာရိံ၊ မြတ်သောအကျင့်ရှိသော အရှင်ဘုရားကို။
ပိယော၊ချစ်အပ်သည်။ ဖာသိ၊ ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။ တွံ၊ အရှင်
ဘုရားသည်။ ဘည်ံ-တဏှိတပ္ပဝစနံ၊ ယံကိဉ္စိဝတ္တာဗ္ဗံ၊ တစ်စုံတစ်ခု၊ ဆိုဖွယ်
စကားကို။ ဣစ္ဆသိ၊ အလိုရှိအံ့။ ဝဒ၊ ဆိုသာဆိုတော်မူ၊ သပ္ပဥ္ဇရဇ္ဇမ်ိ၊ ပြည်
အလုံးကိုလည်း။ တေ၊ အရှင်ဘုရားအား။ တံ၊ ထို့ဆုကို။ ဒဿာမိယေဝ၊
ပေးအံ့ မချဲ့တ်တည်း။

ဤသို့ မင်းသည် မင်းအဖြစ်ဖြင့် ဖိတ်အပ်သော်လည်း တစ်စုံတစ်ခုသော
ဝတ္ထုကို မတောင်းသလျှင်ကဲ့တည်း။

မြတ်သောတောင်းခြင်း

မင်းသည် ဤသို့ မိမိဆလိုကို၌ ဆိုသည်ရှိသော် ဘုရားလောင်းသည်
ရဟန်းတို့၏အကျင့်ကို ပြအံ့သောငှာ "မြတ်သောမင်းကြီး.... ဤဒတောင်း
ခြင်းမည်သည်ထား ကာမစည်းစိမ်ကို ခံစားကုန်သောလူတို့၏ အလေ့
အကျင့်တည်း၊ ရဟန်းပြုကုန်သော သူတို့၏ အလေ့အကျင့်မဟုတ်၊ရဟန်း
သည် ရဟန်းပြုသောကာလမှစ၍ လူတို့နှင့်မတူသော စင်ကြယ်သော
ဆသက်မွေးခြင်းရှိသည် ဖြစ်ရာ၏" ဟူ ရဟန်း၏အကျင့်ကို ပြလိုရကား၊

၅၉။ နဝေ ယာစန္တိ သပ္ပညာ၊ ဓီရော စ ဝေဒိတု မရဟတိ။
ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ၊ သော အရိယာန ယာစနာ-
ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၅၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဝေ၊ စင်စစ်။ သပ္ပညာ၊ဘုရား
ဆစရှိကုန်သော ပညာရှိတို့သည်။ နာ ယာစန္တိ၊ မတောင်းကုန်။ စ၊ထို့ပြင်
မတောင်းခြင်းသဘဝလည်း။ ဓီရော၊ ပညာရှိသော ဒါယကာသည်၊ ဝေ
ဒိတုံ၊ အလိုလိုသာလျှင် သိခြင်းငှာ။ အရဟတိ၊ ထိုက်၏။ အရိယာ၊ဘုရား
ဆစရှိကုန်သော အရိယာသူတော်ကောင်းတို့သည်။ဥဒ္ဒိဿာ၊ရည်၍။ တိဋ္ဌန္တိ၊
ရပ်ကုန်၏။ သော၊ ဤသို့ရည်၍ ရပ်ခြင်းသည်၊ အရိယာနံ၊ ဘုရားအစရှိ
ကုန်သော အရိယာတို့၏။ ယာစနာ၊ တောင်းခြင်းမည်၏။

www.dhammadownload.com

နွားအုပ်တစ်ထောင်ကိုလွှဲခြင်း

မင်းသည် ဘုရားလောင်း၏စကားကိုကြား၍ "အရှင်ဘုရား.... ပညာရှိသော ဆရာအကျွေးသည် မိမိသည်လျှင် သို၍ ဆရာအား လှူအပ်သော ဝတ္ထုကို အကယ်၍ လှူငြားအံ့၊ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့ဆား ကျွေးမည်သော ဝတ္ထုကို လှူအံ့" ဟု ဆိုလိုရကား-

၆၁။ ဒဒါမိ ဒတ္တ ပြာဟ်ဟ်ာ ဒရာဟိဏိနံ၊ ဂဝံသ ဘဿံ သဟပုဂ််ဒဝန၊ အရိဒယာဟိ အရိယဿ ကထံ နု ဒဇ္ဇာ၊ သုတ္ဝာနဂါထာဘဝမမ္မယုတ္တာ- ဟူသော ခုနစ်ခုမြောက်သော ဂျိဂါထာကိုဆို၏။

၆၀။ ပြာဟ်ဟ်ာ။ ရှင်ရဟန်း။ တော၊ အရှင်ဘုရားအား။ ပုဂ််ဒဝန နွားလာ၊နှင့်။ သဟ၊ တက္ခ။ ရောဟိဏိနံ၊ နီသောအဆင်းရှိကုန်သောင် ဂဝံ၊ နွားမတို့၏။ သဟဿံ၊ တစ်ထောင်ကို၊ ဒဒါမိ၊ ပေးအံ့။ တဝ၊အရှ။ ဘုရား၏။ ဧမမ္မယုတ္တာ၊ တရား၊နှင့်ယှဉ်ကုန်သော။ ဂါထာ၊ ဂါထာတို့ကို၊ သုတ္ဝာန၊ နာရှု၍။ ဆရိယော၊ မြတ်သော ဆရာ့ရှိသော အကျွန်ုပ်သည်။ အရိယဿ၊ မြတ်သောအကျင့်ရှိသော အရှင်ဘုရားအား။ ကထံ နု ဒဇ္ဇာ။ အဘယ်ကြောင့် မလှူဘဲရှိအံ့နည်း။

ရဿ.အလှူမခံ

ဤသို့ဆိုသည်ရှိသော် ဘုရားလောင်းသည် "မြတ်သောမင်းကြီး... ငါသည် ပလဲဗေဝဓ မရှိသော ရဟန်းတည်း၊ ငါ့အား နွားမတို့ဖြင့် ဆိုမရှိ" ဟု ပယ်၏။ မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌တည်၍ အလှူဆောစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့လား၏၊ ဘုရားလောင်းသည်လည်း မယုတ်မသာ ဈာန်ရှိသည်ဖြစ်၍ ပြဟ္မာ့ပြည်၌ဖြစ်၏။

ဇာတ်ပေါင်း။ သမ္မာသမ္ဗုဒ္ဓသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ များစ့ဝကုန်သော ရဟန်းတို့သည် သေတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အင်္ဂီသန ရဿ.ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တောင်းလျှင်လည်းမုန်း၊ မပေးမုန်း၊ နောက်ဆုံးမိတ်ဆွဲကျက်။)

ရှစ်ခုတို့၏ ပြည့်စုံကြောင်းဖြစ်သော အင်္ဂီသေနဇာတ်သည် ပြီး၏။

www.dhammadownload.com

၉-ကပိဇာတ်

ပညာရှိစကားကိုနားမထောင်၍ ပျက်စီးရခြင်း

ဟောတော်မူရာဌာနနှင့် ပစ္စုပ္ပန်ဝတ္ထု။ နတ်နှင့်တကွသော လောဘကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ယတ္ထ ဝေရီ နိဝိသတိ'' အစရှိသော ဂါထာပုဒ်ဖြင့် ဓာန်ဆာဆင်အပ်သော ဤကပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို မြေမျိုသည်ရှိသော် တရားသဘင်၌ ''ငါ့ရှင်တို့....ဒေဝဒတ်လည် ပရိသတ်နှင့်တကွ ပျက်စီး၏'' ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့....ယခုဓာဒါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း'' ဟု မေးတော်မူလတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏'' ဟု နှားတော်လျောက်သည်ရှိသော် ''ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ပရိသတ်နှင့်တကွ ပျက်စီးသည် မဟုတ်သေး။ ရှေးဘဝလည်း ပျက်စီးဖူးသလျှင်ကား'' ဟု မိန့်တော်မူ၍ ထို ရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်မျိုးဘဝဖြစ်၍ မျောက်အပေါင်းငါးရာ ခြံရုံလျက် မင်း၏ ဥယျာဉ်ဘဝနေ၏။ ဒေဝဒတ်ဘုရားလောင်းသည်လည်း မျောက်ဘမျိုးဘဝဖြစ်၍ မျောက်ဘအပေါင်းငါးရာ ခြံရုံလျက် ထိုဥယျာဉ်ပင် နေ၏။

မျောက်၏ မိုက်မဲမှု

ထိုအခါ တစ်နေ့သ၌ ပုဏ္ဏားတိတ်သည် ဥယျာဉ်သို့သွား၍ ရေချိုးပြီး၍ တန်ဆာဆင်၍ ထွက်လတ်သော် လျှပ်ပေါ်သော မျောက်တစ်ခုသည် ရှေးဦးစွာသွားလင့်၍ မင်း၏ ဥယျာဉ်တံခါး တုရိုင်တိုင်ထိပ်၌ နေ၍ ပုဏ္ဏား၏ထိပ်၌ ကျင်ကြီးတို့ကို ချ၍ တစ်ဖန် မော်၍ကြည့်သော် ပုဏ္ဏား၏ မျက်နှာ၌ ချပြန်၏။

www.dhammadownload.com

ပုဏ္ဏားရန်ငြိုးဖွဲ့ပြီ

ပုဏ္ဏားသည် ပြန်၍ "သို့ဖြစ်စေဦး၊ သင်တို့အား ပြုအပ်သောအမှုကို သိအံ့' ဟု မျောက်တို့ကို ရန်ငြိုးဖွဲ့၍ ခြိမ်းခြောက်၍ တစ်ဖန် ရေျှးရှု၍ ပေါ်၏။

မျောက်လိမ္မာတို့ ပြောင်းရွှေ့ကြ

ပုဏ္ဏားသည် ရန်ငြိုးဖွဲ့၍ ခြိမ်းခြောက်သည်၏အဖြစ်ကို ဘုရားလောင်းအား ကြားကုန်၏။ ဘုရားလောင်းသည် "ရန်သူတို့၏ နေရာဆရပ်၌ နေခြင်းမည်သည် မထင့်၊ ဆိုးစုံသော မျောက်အပေါင်းသည်လည်း တစ်ပါးသောအရပ်သို့ သွားစေသတည်း" ဟု မျောက်တစ်ထောင်တို့အား ကြားစေကုန်၏။ ဆိုနှိုင်းခက်သော မျောက်သည် မိမိအခြံအရံမျောက်တို့ကိုယူ၍ "နေခက်ပြီသိအံ့" ဟု ထိုဥယျာဉ်၌လျှင် နေ၏။ ဘုရားလောင်းသည် မိမိအခြံအရံကိုယူ၍ တောသို့ဝင်၏။

ဆင်တို့အနှောပေါက်

ထိုအခါ တစ်နေ့သ၌ စပါးထောင်းသော ကျွန်တစ်ယောက်အား၌ နေပူလှုံနိုးအပ်သော စပါးကိုစားသော တစ်ခုသောဆိတ်သည် မီးစဖြင့် ပုတ်ခတ်ခြင်းကိုရ၍ မီးလောင်သောကိုယ် ရှိသည်ဖြစ်၍ ပြေးလျက် ဆင်တင်းကုပ်ကို မှီ၍တည်သော တစ်ခုသော မြက်ကုဋီ၏ နံရံ၌ကွဲယိုင်နေ၏။ ထိုမီးသည်မြက်ကုဋီကို လောင်၏။ ထိုမြက်ကုဋီမှ ဆင်တင်းကုပ်ကို လောင်၏။ ဆင်တင်းကုပ်ကို လောင်လတ်သော် ဆင်တို့၏ ကျောက်ကုန်းကို လောင်၏။ ဆင်ဆရာတို့သည် ဆင်တို့အား ကုစားအံ့သောငှာ မတတ်နိုင်ကုန်း ပုဇွန်ဟိတ်သည်ဏာသည်း မျောက်တို့ကို ဖမ်းအံ့သောငှာ ဆင်ကြောင်းကို စုံစမ်းလျက် သွား၏။

မျောက်မိုက်များ သေကြရ

ထိုအခါမင်းအား ခစားအံ့သောငှာလာခဲသော ပုဏ္ဏားကိုမြင်၍ မင်းသည် "ဆရာ-များစွာကုန်သော ဆင်ဆေပါင်းကိုသည် အနှောပေါက်ကုန်၏၊ ဆင်ဆရာတို့သည် ကုအံ့သောငှာ မတတ်နိုင်ကုန်၊ တစ်စုံတစ်ခု

www.dhammadownload.com

သောဆေးကို သိသလော''ဟု မေး၏။ ပုရောဟိတ်သည်လည်း ''ရှင်မင်းကြီး....မျောက်မှ ဖြစ်ကုန်သော ဆေးတို့သည် ရှိကုန်၏''ဟု ဆို၏။ ''ဆရာ....မျောက်မှဖြစ်သော ဆေးဟူသည် အဘယ်နည်း''ဟု မေး၏။ ''ရှင်မင်းကြီး....မျောက်ဆီတည်း''ဟု ဆို၏။ ''ဆရာ-အဘယ်မှာ ရအံ့နည်း''ဆိုသော် ''ရှင်မင်းကြီး၏ ဥယျာဉ်၌ များစွာကုန်သော မျောက်တို့သည် ရှိသည်မဟုတ်လော''ဟု ဆို၏။ မင်းသည် ''ဥယျာဉ်၌ မျောက်တို့ကို သတ်၍ အဆီကို ဆောင်ကြကုန်လော့''ဟု ဆို၏၊ လေးသမား‌တို့သည် ငါးရာသော မျောက်တို့ကို ပစ်စေ၍ သတ်ကုန်၏။

မျောက်လိမ္မာ၏ တရားစကား

ဤစ်ခုသော, မျောက်အကြီးအကဲသည်ကား ပြေးသည်ရှိသော် ပစ်ချက်ဒဏ်ကို ရ၍လည်း ထိုးအရပ်၌လျှင် မလှည်းမူ၍ ဘုရားလောင်း၏ နေရာအရပ်သို့ရောက်၍ လည်း၏။ မျောက်တို့သည် ''ငါတို့၏ နေရာအရပ်သို့ ရောက်၍ သေ၏''ဟု ထို‌မျောက်၏ ပစ်ချက်ဒဏ်ကို ရသည်၏ အဖြစ်ကို လည်းကောင်း၊ သေသည်၏ အဖြစ်ကိုလည်းကောင်း ဘုရားလောင်းအား ကြားကုန်၏။

ဘုရားလောင်းသည် သွား၍ မျောက်အပေါင်း၏ အလယ်၌နေလျက် ''ပညာရှိတို့ အဆုံးအမကို နှံးမထောင်မူ၍ ရန်သူတို့၏ အရပ်၌နေသော သူတို့မည်သည် ဤသို့ ပျက်စီးကုန်၏''ဟု မျောက်အပေါင်းတို့အား ဆုံးမလို့သည်၏ အစွမ်းအားဖြင့်-

၆၁။ ယတ္ထ ဝေရီ နိဝိသတိ၊ နဝံသ တတ္ထ ပက္ကိဒတာ၊
ကေရတ္တံ ဒ္ဝိ ရတ္တံ ဝါ၊ ဒုက္ခံ ဝသတိ ဝေရိသု။

၆၂။ ဒိသော ဝေ လဟုစိတ္တာသ၊ ပေါသဿာနု ဝိဓိယတော။
ကေသ ကပိနာ ဟေတု၊ ယူထသ အနယော ကဒတာ။

၆၃။ ဗာဒလာဝ ပက္ကိတမာနိ၊ ယူထသ ပရိဟာရကော။
သစိတ္တာသ ဝသံ ဂန္ဆာ၊ ပဿေဆာယံ ယထာ ကပိ။

၆၄။ နု သာဓု ဗလ္လဝါ ဗာလော၊ ယူထသ ပရိဟာရကော။
အဟိတော ဘာဝတိ ညာတီနံ၊ သကုဏာနံ ဝ စေတကေ။

၆၅။ မိဒရော ဗလဝါ သာဓု၊ ယူထသ ပရိဟာရကော။
ဟိတော ဘဝတိ ညာတီနံ၊ တိဒသာနံဝ ဝံါသဝေါ။

www.dhammadownload.com

၆၆။ ယော စ သီလဉ္စ ပညဉ္စ၊ သုတဉ္စတ္တနိ ပဿတိ။
ဥဘိန္နံ မတ္ထံ စရတိ၊ အတ္တာနော စ ပရဿ စ။

၆၇။ တဿာ တုဒလယျ မတ္တာနံ၊ သီလံ ပညာ သုတာပိ စ။
ဂဏံ ဝါ ပရိဟရေ ဓီရော၊ ဒေတာ ဝါပိ ပရိဇ္ဇဧး

ဟူသော ဤဂါထာတို့ကို ဆို၏။

ရန်သူရှိရာ မနေအပ်

၆၁။ ယတ္ထ၊ အဂြင်အရပ်၌။ ဝေရီ၊ ရန်သူသည်း နိဝိသတိ၊ နေ၏။ တတ္ထ၊ ထိုအရပ်၌း ပဏ္ဍိဒထာ၊ ပညာရှိသည်။ ကေရတ္တံ ဝါ၊ တစ်ရွာက်မျှ လည်းကောင်း။ ဒွိ ရတ္တံ ဝါ၊ နှစ်ရက်မျှ လည်းကောင်း။ နဝံသ၊ မနေရာ။ ဝေရီသု၊ ရန်သူဘောင်တို့၌၊ ဒုက္ခံ၊ ဆင်းရဲစွာ။ ဝသတိ၊ နေရ၏။

၆၂။ ဝေ၊ စင်စစ်း လဟုစိတ္တာသ၊ ပေါ့သေခစိတ်ရှိသော း အနုဝိဓိယနတာ၊ ပေါ့သောစိတ်ရှိဆောသူ၏ အတူကိုကျင့်သော။ ပေါသဿ၊ ယောကျိုးအား။ ဒိနသာ၊ ရန်သူသည်း ဟောတိ၊ ဖြစ်၏း အေသ၊ တစ်ခုသော။ ထပိနော း မျေခဏ်၏။ ဟေတု၊ အကြောင်းကြောင့်။ ယူထသ၊ မျောက်အုပါင်းအား။ အနုယာ၊ ပျက်စီးခြင်းကို။ ကတော၊ ပြုအပ်၏။

၆၃။ ဗာလော ဝ၊ မိုက်သည်ဖြစ်လျက်း ပဏ္ဍိတမာနီ၊ ပညာရှိဟု ထင်မှတ်၍။ ယူထသ၊ မျောက်အုပါင်းကို း ပရိဟာရကော၊ ဆောင်သောသူသည်း သစိတ္တာသ၊ မိမိစိတ်၏။ ဝသံ၊ အလိုသို့။ ဂန္ဆာ၊ လိုက်၍း မတံ၊ သေသည်ကို း ပဿိတောဝိယထာ၊ မြင်သကဲ့သို့။ အယံ ကပိ၊ ဤမျောက်သည်း မနတာ၊ သေးလို၏း ပသေထ၊ ရှုကြကုန်လော့။

လူမိုက်ခေါင်းဆောင်လျှင် ပျက်မည်

၆၄။ ဗလဝါ၊ အားရှိသော၊ ယူထသ၊ မျောက်အုပါင်းကို း ပရိဟာရကော၊ ဆောင်းသော။ ဗာလော၊ သူမိုက်သည်း နသာဓု၊ မကောင်း။ သကုဏာနံ၊ ငှက်တို့၏။ စေတကော ဝ၊ တိမ်ညင်ကဲ့သို့း ဥတိနံ၊ ဆွေမျိုးတို့၏။ ဏဟိတာ၊ အစီးအပွားကို မဒေဆောင်ထည်။ ဘဝတိ၊ ဖြစ်၏။

www.dhammadownload.com

၆၅။ ဗသဝါ၊ အားရှိသော။ ယူထသ၊ မျောက်အပေါင်းကို။ ပရိဟာရကော၊ ဆောင်သော။ ဓိုရော၀၊ ပညာရှိသည်သာလျှင်။ သာဓု၊ ကောင်း၏။ တိဒသာနံ၊ တခဝတို့ သာနတ်တို့၏။ ဝါသဝေါ၀၊ သိကြားကဲ့သို့။ ဥာတီနံ၊ ဆွေမျိုးတို့၏။ ဟိတာ၊ အစီးအပွားကို ဆောင်လည်။ ဘဝတိ၊ ဖြစ်၏။

သီလ-ပ့ညာ-ဗဟုသုတ

၆၆။ ယော စ၊ အကြင်သူသည်လည်း။ အတ္တာနိ၊ မိမိ၌။ သီလဉ္စ၊ သီလကို လည်းကောင်း။ ပညဉ္စ၊ ပညာကိုလည်းကောင်း။ သုတဉ္စ၊ အကြားအမြင်ကိုလည်းကောင်း။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ အတ္တာနော စ၊ မိမိ၏လည်းကောင်း။ ပုရဿ စ၊ သူတစ်ပါး၏လည်းကောင်း၊ ဥဘိန္နံ၊ နှစ်ပါးကုန်သော သူတို့၏။ အတ္ထံ၊ အကျိုးကို။ စရတိ၊ ကျင့်နိုင်၏။

၆၇။ တသ္မာ၊ ထို့ကြောင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ သီလံ-သီလေ စ၊ သီလ၌လည်းထောင်း။ ပညာ-ပညေ စ၊ ပညာ၌လည်းကောင်း။ သုတာသုတေပိ စ၊ အကြားအမြင်၌လည်းကောင်း။ တုလေယျ၊ နှိုင်းချိန်ပြီး၍။ ဓိုရော၊ ပညာရှိသည်။ ဂဏှံ ၀၊ အပေါင်းကိုလည်း။ ပရိဟရေ၊ ဆောင်ရာ၏။ ဧကော ၀ပိ၊ တစ်ယောက်တည်းလည်း။ ပရိဇ္ဇဧ၊ ကျင့်ရာ၏။

ဤသို့ ဘုရားလောင်းသည် မျောက်မင်း၊ ဖြစ်လျက်လည်း ဝိနည်းပ့ရိယာယဖြင့် ဟော၏။

ဇာတ်ပေါင်း။ သမ္ဗည့် မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ဒေဝဒတ်သည် ဆိုနိုင်ခက်သော မျောက်ဖြစ်ပြီ၊ ယခုအခါ ဒေဝဒတ်၏ ပရိသတ်တို့သည် ထိုအခါဆိုနိုင်ခက်သော မျောက်၏ ပရိသတ်တို့သည် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ပညာရှိမျောက်မင်း၏ ပရိသတ်ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိမျောက်မင်း ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လူမိုက်ခေါင်းဆောင်၊ ဤလူ့ဘောင်၊ မြားမြောင်ပျက်စီးခဲ့သည်။)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ကပိဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၀-ဗကဇာတ်

သူတစ်ပါးအသက်ကို ကယ်ခြင်းကြောင့် အသက်ရှည်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဒ္ဒါသတ္ထတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဗကဗြဟ္မာကို အခြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုဗကဗြဟ္မာအား "ဤတရားသည် မြေ၊ စုတေခြင်း သဘောမရှိ၊ ဤဘုံမှ တစ်ပါးသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်မည်သည် မရှိ" ဟု ဤသို့စသော အယူသည် ဖြစ်၏။ ထိုဗကဗြဟ္မာသည် ဒအာဂက်ဈာန်ဖြင့် ဖြစ်ခြင်း၌ ယှဉ်၏။ ဤဗကဗြဟ္မာသည် ရွှေး၌ စျာန်ကို ပွားစေ၍ ဝေဟပ္ဖလ်ဘုံ၌ဖြစ်၏။ ထို့ဝေဟပ္ဖလ်ဘုံ၌ မဟာကပ်ငါးရာ အတိုင်းအရှည်ရှိသော အသက်ကိုကုန်စေ၍ သုဘကိဏ်ဘုံ၌ဖြစ်၏၊ ခြောက်ဆယ့်လေးကပ်တို့ကို ကုန်စေ၍ သုဘကိဏ်ဘုံမှ စုတေ၍ မဟာကပ် ရှစ်ကပ် အသက်ရှည်ကုန်သော အာဘဿရဗြဟ္မာဘုံ၌ ဖြစ်၏။

အယူမမှန်နိုင်ပုံ

ထိုအာဘဿရဘုံ၌ ထိုဗြဟ္မာအား ဤသို့သဘောရှိသော အယူသည် ဖြစ်၏။ ထိုဗကဗြဟ္မာသည် အထက်ဗြဟ္မာ့ပြည်မှ စုတိကို မအောက်ခေ့နိုင်၊ ထိုဗြဟ္မာ့ပြည်၌ ပဋိသန္ဓေကို မအောက်ဆဲမ့နိုင်၊ ထို့နှစ်ပါးသော စုတိ ပဋိသန္ဓေကို မမြင်သည်ဖြစ်၍ ဤသို့သဘောရှိသော အယူကို ယူ၏၊

ဗြဟ္မာ့ပြည် ကြွပြီ

သဗ္ဗညူ မြတ်စွာဘုရားသည် ထိုဗကဗြဟ္မာ၏ စိတ်အကြံကို သိ၍ ဥပမာမည်သည်ကား အားရှိသောယောကျ်ားသည် ခွေသောမောင်းကို ဆန့်သကဲ့သို့ လည်းကောင်း၊ ဆန့်သောမောင်းကို ခွေသကဲ့သို့ လည်းကောင်း ထို့အတူလျှင် ဇေတဝန်ကျောင်းတော်မှ ကွယ်၍ ဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်၏။

www.dhammadownload.com

လာလာချင်း ဆောက်နဲ့ထွင်း

ဗကပြဟ္မဒတ်သည် သမ္မတည်၊ မြတ်စွာဘုရားကို မြင်၍ "ဆင်းရဲကင်းသော အရှင်ဘုရား...ကြွတော်မူပါလော့၊ ဆင်းရဲကင်းသော အရှင်ဘုရား၏ လာခြင်းသည် ကောင်းသောလားခြင်းတည်း။ ဆင်းရဲကင်းသော အရှင်ဘုရား ဗြဟ္မာ့ပြည်သို့ လာခြင်း၏ အကြင်အလှည့်သည် ရှိ၏၊ ထိုအလှည့်ကို ကြားမြင့်မှလျှင် အရှင်ဘုရားသည် ပြု၏။ ဆင်းရဲကင်းသော အရှင်ဘုရား....ဤတရားသည် မြဲ၏၊ ဤတရားသည် မချုတ်မလွဲတည်၏၊ ဤဘရားသည် အမြဲတည်၏၊ ဤတရားသည် ခိုင်ခံ့၏၊ ဤတရားသည် မအို၊ ဤတရားသည် မစုန်းတ၊ ဤတရားသည် တစ်ဖန်မဖြစ်၊ "ဤတရားထက် တစ်ပါးသော အလွန်ဖြစ်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရားသည် မရှိ" ဟု ဆို၏။

မိုက်လုံးကြီးလှဘိ

ဤသို့ဆိုလတ်သော် သမ္မတည်၊ မြတ်စွာဘုရားသည် ဗကဗြဟ္မာကို ဤသို့ မိန့်တော်မူ၏။ "အချင်းတို့...ဗကဗြဟ္မာသည် အဝိဇ္ဇာနှင့် ပြည့်စုံစွတတာ၊ အချင်းတို့....ဗကဗြဟ္မာသည် အဝိဇ္ဇာနှင့် ပြည့်စုံစွတတာ၊ အကြင် ဗကဗြဟ္မာသည် အနိစ္စသာလျှင်ဖြစ်လျက် နိစ္စ'ဟု ဆို၏၊ တစ်ပါးသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရားရှိသည်ဖြစ်လျက် တစ်ပါးသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရားမရှိ" ဟု ဆို၏ဟု မိန့်တော်မူ၏။

ကျွန်ုပ်အသက်ရှည်၏

ထိုစကားကိုကြား၍ ဗကဗြဟ္မာသည် "သင်သည် ဤသို့ဆို၏၊ ဃင်သည် ဤသို့ ဆို၏" ဟုဆို၍ "ငါ့ကို ရဟန်းဂေါတမသည် စ်စစ်လျက် လိုက်အံ့" ဟုကြံ၍ ဥပမာ မည်သည်ကား အားနည်းသော ခိုးသူသည် နှစ်ချက်သုံးချက်သော ပုတ်ခတ်ခြင်းကိုရ၍ "ငါသည်သာလျှင် ခိုးသူလော၊ ဤမည်သောသူသည်လည်း ခိုးသူတည်း၊ ဤအမည်ရှိသော သူသည်လည်း ခိုးသူတည်း" ဟု ခပ်သိမ်းသော အဖော်တို့ကိုလည်း ကြားသကဲ့သို့ ထို့အတူလျှင် မြတ်စွာဘုရား၏ ဝိစစ်ခြင်းမှ ကြောက်သောကြောင့် တစ်ပါးလည်း ဖြစ်ကုန်သော မိမိအခပါဂ်းအဖော်တို့ကို ကြားလိုရထား-

www.dhammadownload.com

၆၈။ ဒုဒါသတ္တာတီ ဂေါတမ ပုညကံမဗွာ၊
ဝသဝတ္တိနော ဇာတိဇံရံ အတီတာ။
အယမန္တိမာ ဝေဒဂု ဗြဟ္မုပပတ္တိ၊
အသ္မာဘိ ဇပ္ပန္တိ ဇနာ အနေထ။

ဟူးသာ ရွေးဦးစွာသော ဤဂါထာကို ဆို၏။

၆၈။ ဂေါတမ၊အို ရှင်ဂေါတမ။ ဒုဒါသတ္တာတိ၊ ခုနစ်ကျိပ် နှစ်ယောက်ကုန်းသဝ။ ပုညကမ္မာ၊ကုသိုလ်ကောင်းမှုရှိကုန်ထော ငါတို့သည်။ ဝသဝတ္တိနော၊မိမိအလို ကို ဖြစ်စေကုန်၏။ ဇာတိဇရံ၊ပဋိသန္ဓေနေခြင်း အိုခြင်းကုံး အတီဘာ၊လွန်ကုန်၏။ ဝေဒဂူ၊ ပညာရှိတို့သည် ရောက်အပ်သော။ အယံ ဗြဟ္မုပပတ္တိ၊ဤဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းသည်။ အန္တိမာ၊အဆုံးဖြစ်သော ဖြစ်ခြင်းတည်း။ အသ္မာ-အမှေ၊ငါတို့ကို။ အနေထ၊မျှားစွာကုန်သော။ ဇနာ၊ လူတို့သည်။ အဘိဇပ္ပန္တိ၊တောင့်တကုန်၏။

ဒါမပြောစလောက်

ထိုဗြဟ္မာမင်း၏စကားကို ကြား၍ သမ္မာသည့် မြတ်စွာဘုရားသည်-

၆၉။ အပ္ပံ သိ ဇေတံ နဟိ ဒီဃ် မာယု၊
ယံ တ္ ဗဂ မညသိ ဗီဃ်မာယု။
သဟံသဟာဿာနိ နိရဗ္ဗုဒါနံ၊
အာယုံ ပဇာနာမိ တဝါဟ ဗြဟ္မေ-
ဟူးသဝ နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၆၉။ ဗဂ၊ဗဂဗြဟ္မေ၁း တ္ ၊သင်သည်။ယံ အာယုံ၊အကြင်အသက်ကို။ ဒီဃ ်၊ရှည်၏ဟူ၍။ မညသိ၊အောက်မေ့၏။ ဇေတံ အာယု၊ထို အသက်သည်။ အပ္ပံ၊နည်းသည်။ အသိ၊ဖြစ်၏။ ဒီဃ ်၊ရှည်သည်။ နဟိ၊ မဟုတ်သည်သာ လျှင်တည်း။ ဗြဟ္မေ၊ ဗြဟ္မာ။ အဟံ၊ ငါသည်။ တဝ၊ သင့်၏။ အာယုံ၊ အသက်ကို။ နိရဗ္ဗုဒါနံ၊ နိရဗ္ဗုဒဟု ဆိုအပ်သော ဂဏန်းတို့၏။ သတံ သဟာ ဿာနိ၊ တစ်သိန်းအတိုင်းအရှည် ရှိသော ဂဏန်းတို့သည်။ အဟဟံနာမ၊ အဟဟမည်၏။ တ္တော်ကံ၊ ဤမျှသော အသက်အတိုင်းအရှည်သာ ကြွင်း၏ဟူ၍။ ပဇာနာမိ၊ သိ၏း

www.dhammadownload.com

ကျွန်ုပ်ရွေးဘဝ ပြောပါ

ထိုစကားကိုကြား၍ ဗကပြဟ္မာသည်-

၇၀။အနန္တဇဿ ဘဂဝါ ဟ မသ္မိ၊ဇာတိ ဇရံ သောက မုပါတိဝတ္တော။

ကိ မေ ပုထုဏ် ဝဘ သီလဝန္တ်၊အာစိက္ခ မေတံ ယ မယံ ဝိဇည်-

ဟူသော သုံးခုံမြောက်သော ဤဂါထာကို ဆို၏။

၇၀။ ဂေါတမ၊ အိုရှင်ဂေါတမ။ တုမှ၊ သင်တို့သည်။ အဟံ၊ ငါ ကား။ အနန္တဇဿ၊ အဆုံးမရှိသော ဇရာကိုမြင်သော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အသ္မိ၊ ဖြစ်၏။ ဇာတဉ္စ၊ ပဋိသန္ဓေနေခြင်းကိုလည်း ဆောင်း။ ဇရဉ္စ၊ အိုခြင်းကိုလည်းကောင်း။ သောကဉ္စ၊ စိုးရိမ်ခြင်းကို လည်းကောင်း။ ဥပါတိဝ-တ္တာ၊ လွန်၏။ ဤတိ၊ ဤသို့။ ဝဒန္တီ၊ ဆိုကုန်၏။ ဇဝံသန္တော၊ ဤသို့ဖြစ်လတ်သော်။ မေ၊ ငါ၏။ ပုထုဏ်၊ ရှေးဦးဖြစ်သော။ တံ ဝတ သီလဝန္တံ၊ ထိုအကျင့်သီလသည်။ ကိ၊ အဘယ်နည်း။ ယံ၊ အကြောင်းအကျင့်သီလကို။အဟံ၊ ငါသည်။ ဝိဇည်၊ သိရာ၏။ တံ၊ ထိုအကျင့် သီလကို။ မေ၊ ငါ့အား။ အာစိက္ခ၊ ကြားလော့။

အတိတ်ဝတ္ထု။ ထိုအခါဗကပြဟ္မာအား မြတ်စွာဘုရားသည် အတိတ် ဝတ္ထုကို ဆောင်၍ ကြားလိုရကား-

၇၁။ ယံ တုံ အပါယေသိ ဗဟူ ဓနုံသေ၊ပိပါသိတေ ဃမ္မနိ သမ္မရေတေ။

တန္တေ ပုထုဏ် ဝတ သီလဝန္တံ၊ သုတ္တာပပုဒ္ဓါဝ အနုဿရာမိ-

ဟူသော ဤဂါထာကို ဆို၏။

၇၀။ ဗြဟ္မေ၊ ဗြဟ္မာ။ တုံ၊ သင်သည်။ ဗဟူ၊ များစွာကုန်သော။ ပိပါသိတေ၊ ရေငတ်ကုန်သော။ ဃမ္မနိသမ္မရေတေ၊ အလွန်လျှင် နှိပ်စက် အပ်သော နေပူ၌ပင်ပန်းကုန်သော၊ မနုဿေ၊ လူတို့ကို။ ယံ အပါယေသိ၊ အကြောင်းရေဿသက်စေ၏။ ဓနေ၊ သင်၏။ ပုထုဏ်၊ ရှေးဦးဖြစ်သော။ တံ ဝတ သီလဝန္တံ၊ထိုအကျင့်သီလကို။ အဟံ၊ ငါသည်။ သုတ္တပပုဒ္ဓါဝ၊ နံနက်အခါ၌ အိပ်မက် မြင်၍ အိပ်ရာမှနိုးသော ယောကျ်ား ကဲ့သို့။ အနုဿရာမိ၊ အောက်မေ့နိုင်၏။

ရေလူခဲ့ခြင်း

ထိုဗကာပြဟ္မာသည် တစ်ခုသောကမ္ဘာ၌ ရဿေ့ဖြစ်၍ သဓာန္ဆာရ၌ နေ လျက် သဓာန္ဆာရသို့ သွားကုန်သော များစွာကုန်သော သူတို့အား ရေကို

www.dhammadownload.com

ဆောင်၍ ပေးဏီး ထိုအခါ တစ်နေ့သ၌ တစ်ဦးသော လှည်းကုန်သည်သည် ငါးရာကုန်သော လှည်းတို့ဖြင့် သဲကန္တာရသို့ သွား၏။ လူတို့သည် အရပ်မျက်နှာတို့ကို မှတ်ခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ ခုနစ်ရက်တို့ပတ်လုံး အာဟာရပြတ်ကုန်၍ အပူဖြင့် နှိပ်စက်ကုန်၍ "ယခု ငါတို့အား အသက်သည် မရှိ"ဟု လှည်းတို့ကိုလည်၍ နွားတို့ကို ချုတ်၍ လှည်းဆောက်တို့၌ အိပ်ကုန်၏။ ထိုအခါ ရသေ့သည် ဆင်ခြင်လတ်သော် ထိုလှည်းကုန်သည်တို့ကိုမြင်၍ "ငါ၏မြင်စဉ်ဝယ် မပျက်စီးစေကုန်သဘည်း"ဟု မိမိ၏ တန်ခိုးအာနုဘော်အားဖြင့် ဂင်္ဂါရေအပေါ်သို့ ပြန်စေ၍ လှည်းကုန်သည်တို့သို့ ရှေးရှုပြု၏။ အနီးဌ်လည်း တစ်ခုသော တောအုပ်ကို ဖန်ဆင်း၏။ လူတို့သည် ရေကို သောက်ချိုးချိန်းတို့ကို ရောင့်ရဲစေ၍ တောအုပ်မှမြက်တို့ကို ရိတ်၍ ထင်းတို့ကိုယူ၍ အရပ်ကိုမှတ်၍ ရောဂါကင်းကုန်သည် ဖြစ်၍ ကန္တာရကို လွန်ကုန်၏။

ဝေးပြမျှားရန်မှ ကယ်တင်ခြင်း

ထို့နောက် အတိတ်ဝတ္ထုတစ်ခုကို ရည်၍-

၂၂။ ယံ့ ကေ် ကူလသ္မိ ဇနံ ဂဟိတံ၊ အမေဓစယိ ဂယှ နိယျမစနံ။
အန္တေ ပုရတ္ထ ဝတ သိသဝန္တံ၊ သုတ္တပပုဗ္ဗဒေါ အနုဿာရုမိ-
ဟူသော ဤဂါထာကို ဆို၏။

၂၂။ ပြောပဟ့၊ ပြဟဝ။ ကေ်ကူလသ္မိံ၊ ကေ်မြစ်နား၌။ ဂဟိတံ၊ ဖမ်းအပ်သော။ ဂယှကံ၊ သို့ရဖမ်းယူ၍။ နိယျမာနံ၊ ဆောင်အပ်သော။ ဇနံ၊ လူကို။ ယံ အားမာစယိ်၊ အကြောင်လွှတ်စေပြီး၊ တေ၊ သင်၏၊ ပုရတ္ထ်၊ ရှေးဦးဖြစ်သော၊ တံ ဝတ သိလ္ဝဝန္တံ်၊ ထိုအကျင့်သီလကို။ အဟံ၊ ငါသည်။ သုတ္တပ္ပဒုဗ္ဗဒေါ၊ အိပ်မက်မြင်၍ အိုပ်ရာမှနိုးသော ဒေယျာကျွေးကဲ့သို့။ အနုဿရာမိ၊ ဖောက်မပြန်နိုင်၏။

ထိုရသေ့သည် နောက်ကာလ၌ တစ်ခုသော ပစ္စန္တရစ်ကို မှီ၍ မြစ်နား၊ ဝယ် တောအုပ်၌ နေ၏။ ထိုအခါ တစ်နေ့သ၌ တောင်မှ ခိုးသူတို့သည် သက်ကုန်၍ ထိုရွာကို လုယက်၍ လူမျှားကို ဖမ်း၍ တောင်သို့တက်စေ၍ ခရီးအကြွေး၌ သူလျှိုတို့ကိုထား၍ တောင်ခါင်းသို့ဝင်၍ ထမင်းကို ချက်ကုန်လျက်နေကုန်၏။ ရသေ့သည် နွားကျွဲ အစရှိသည်တို့၏ လည်း

www.dhammadownload.com

ကောင်း၊ သူငယ်ယောကျ်ားသူငယ်မိန်းမ အစရှိသည်တို့၏ ကြီးစွာသော ညည်းညူသံကိုဆည်းကောင်းကြား၍ ''ငါမြင်စဉ် မပျက်စီးစေသတည်း'' ဟု တန်ခိုးအာနုဘော်ဖြင့် အတ္တဘောကို စွန့်၍ အင်္ဂါလေးပါး ရှိသော စစ်သည်ဖြင့် ခြံရုံလျက်မင်းဖြစ်၍ စစ်ထိုးစည်ကိုတီးစေလျက် ထိုအရပ်သို့ သွား၏။ သူလျှိုတို့သည်မြင်ကုန်၍ ခိုးသူတို့အား ကြားကုန်၏။ ခိုးသူတို့သည် ''မင်းနှင့်တကွ စစ်ထိုးခြင်းမည်သည် မသင့်'' ဟု ဆလုံးစုံယူတိုင်းသော ဥစ္စာကိုစွန့်၍ ထံမင်းကိုမစားဘဲလျှင် ပြေးကုန်၏၊ ရသေ့သည် ထိုအလုံးစုံသော သူတို့ကိုဆောင်၍ မိမိတို့ရွာ၌လျှင် တည်စေ၏၊

နဂ္ဂါးရန်မှကာကွယ်ခြင်း

ထို့နောင် အတိတ်ဝတ္ထုတစ်ခုကို ရည်၍-

၃၅။ ဂင်္ဂါယ သော်တသ္မိံ ဂဟိတနာဝံ၊
လုဒ္ဓေန နာဂေန မနုဿကပ္ပါ။
အမောစယိတ္ထ ဗလသာ ပသယ္ဟ၊
တန္တေ့ပုထုဏ္ဍံ ဝတ သီလဝန္တံ၊
သုတ္တပ္ပဗုဒ္ဓေါစ အနုဿထုမီ-

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၃။ ဗြဟ္မဒတ်၊ ဗြဟ္မဝါ။ ဂင်္ဂါယ၊ ဂင်္ဂါ၏၊ သောတသ္မိံ၊ အယဉ်၌။ လုဒ္ဓေန၊ ကြမဲးသော။ နာဂေန၊ နဂါးသည်၊ မနုဿဘပွါ၊ လူတို့ကိုပျက်စီးစေလိုခြင်းကြောင့်။ ဗလသာ၊ ဆေားဖြင့်။ ပသယ္ဟ၊ နှိပ်စက်၍၊ ဂဟိတနာဝံ၊ ဖမ်းအံ့သောဓလှေကို၊ အမောစယိတ္ထ၊ လွှတ်စေပြီ၊ တေ၊ သင်၏၊ တံ ပုထုဏ္ဍ ဝတ သီလဓန်၊ ထိုရွှေးဥဒ္ဒါဖြစ်သော အကျင့်သီလကို။ အဟုံ၊ ငါသည်။ သုတ္တပ္ပဗုဒ္ဓေါဝ၊ နံနက်အခါ၌ အိပ်မက်မြင်၍ နိုးသော ယောကျ်ား ကဲ့သို့၊ အနုဿရာမိ၊ အောက်မေ့နိုင်၏။

ထိုအခါ ဤရသေ့ထည် ဂင်္ဂါမြစ်နားဌာနေ၏။ ထိုအခါ လူတို့သည် နှစ်စဉ်းသုံးစဉ်းကုန်သော လှေဖောင်တို့ကိုဖွဲ့၍ ဖောင်ဆထက်၌ ပန်းမလွှာပ်ကိုပြု၍ ဖောင်၌နေ၍ သေဆုရက် ထမင်း ငါးဆမဲ စသည်တို့ကို ခဲကုန်သောက်ကုန်လျက် ကမ်းတစ်ဖက်သို့ သွားကုန်၏၊ ထိုလူတို့သည် သောက်ကြွင်းဖြစ်သော သေကိုလည်းကောင်း၊ စားကြွင်းခဲကြွင်းဖြစ်သော ထမင်း ငါးဆမဲ ကမ်းဆစရှိသည်တို့ကို လည်းကောင်း ဂင်္ဂါ၌လျှင် ချကုန်၏။ ဂင်္ဂါ၌

www.dhammadownload.com

ဓနဆော နဂါးမင်းသည် ''ဤလူတို့သည် စားကြင်းတို့ကို ဝါ၏အထက်၌ ချကုန်၏''ဟု ဆာမျက်ထွက်၍ ခပဲသမ်းဓလာလူတို့ကို ဖမ်း၍ ဂင်္ဂါဒ္ဒနစ်အုံဟူ ပိန်းကောကြီး ပမာဏရှိသော အတ္တဘောကိုဖန်ဆင်း၍ ရေကို ခွဲ၍ ပါးပျဉ်းကိုဆောင်လျက် ထိုလူတို့သို့ ချေးရွှဲသွား၏။ လူတို့သည် နဂါးမင်းကိုမြင်၍ သေအံ့သောဒုက္ခမှ ကြောက်၍ တစ်ပြိုင်နက်ပင်လျှင် သည်းစွဲသောအသံကို ပြုကုန်၏။ ရသေ့သည် ထိုသူတို့၏ ငိုကြွေးသံကိုကြား၍ နဂါးမင်း၏ အမျက်ထွက်သည်၏အဖြစ်ကိုသိ၍ 'ငါသည် မြင်စဉ်မပျက် စီးစေကုန်သတည်း''ဟု ဆလွန်လျင်မြန်စွာ ဈာန်ဆာရုံကိုရသဖြင့် မိမိ ဆာနုဘော်ဖြင့် လျင်စွာ ဂင်္ဂါနဒီသဏ္ဌာန် ကိုယ်ကိုဖန်ဆင်း၍ သွား၏။ နဂါးသည် ဂင်္ဂါနဒီကိုမြင်၍ ဆေဘေးမှ ကြောက်သည်ဖြစ်၍ ရေဒဋ္ဌဝပ်၏၊ လူတို့သည် ချမ်းသာခြင်းသို့ ရောက်၍သွားကုန်၏။

ရှင်ရဓသ.ပြုခဲ့ခြင်း

ထို.နောင် အတိတ်ဝတ္ထုတစ်ခုကို ရည်၍-

၃၄။ကဓပ္ပါ စ တေ ပဌစရော အဓဟာသိ၊သမ္မုဒ္ဓဝန္တိ. ဝတိဒံ အမည်း။
တန္တေ ပုရာဏဲ ဝတ သီလဝန္တိ.၊သုတ္တပပုဒ္ဒါဝ အနုဿရာမ်-

ဟူဆော ဤဂါထာကို ဟောတော်မူ၏။

၃၄၊ ဗြဟ္မေ၊ ဗြဟ္မာ၊ အဟံ၊ ဂါသည်။ တေ၊ သင်၏။ကဓပ္ပါ၊ ကပ္ပ မည်သော၊ ပဌစရော၊ တပည့်သည်၊ အဓဟာသိ၊ ဖြစ်၏။ သမ္မုဒ္ဓဝန္တိ.၊ ပညာနှင့်ပြည့်စုံသော။ ဝတံ၊ အကျင့်နှင့်ပြည့်စုံသော။ ဣဒံ-ဤဒိသံ၊ ဤသို့ သဘောရှိသော၊ မံ၊ ငါ့ကို၊ တွံ၊ သင်သည်။ အမည်၊ မေအာက်မေ့မိ။ အဟံ၊ ငါသည်။ တေ၊ သင်၏။ တံပုရာဏံဝတ သီလဝန္တိ.၊ ထိုးရှားခြင်းဖြစ်သော အကျင့်သီလကို၊ သုတ္တပပုဒ္ဒါဝ၊ အိပ်မက်မြင်၍ အိပ်ရာမှနိုးသော ယောကျ်ားကဲ့သို့။ အနုဿရာမ်၊ အောက်မေ့နိုင်၏။

ဤစကားဖြင့် ဆာဘုယ်ကို ပြသနည်းဟူမူကား-''ဗြဟ္မာကြီး....ငါသည် သင်ကသဝ ရသေ.ဖြစ်သောကာလ၌ ကပ္ပမည်သော အမှုကြီးငယ်ကို ရွက်ဆောင်သောတပည့်ဖြစ်၍ နာရဒမည်သောအမတ်သည် ဗာရာဏသီပြည်မှ ဟိမဝန္တာသို့ ဆောင်အပ်သော သင့်အား ရောဂါကိုငြိမ်းစေ၏။ ထိုအဓါကသဝရသေ.ကို နာရဒအမတ်သည် နှစ်ကြိမ်မြောက် လာလတ်၍ ရောဂါထင်းသည်ကို မြင်၍-

www.dhammadownload.com

မနုဿိန္ဒ် ဇဟိတ္ဘာန၊ သဗ္ဗကာမ သမိဒ္ဓိနံ။
ကထံ နု ဘဂဝါ ကေသိ၊ ကပ္ပဿ ရမယိ သဒမ-
ဟူသော ဤဂါထာကို ဆို၏။

ဘဂဝံ၊ ဘုန်းတော်ကြီးသော။ ကေသိ၊ ကေသီရှင်ရဟန်း၊ သဗ္ဗကာမ သမိဒ္ဓိနံ၊ အလုံးစုံ လိုဖွယ်ဝတ္ထုနှင့်ပြည့်စုံသော။ မနုဿိန္ဒ်၊ လူမင်းကို။ ဇဟိတ္ဘာန၊ စွန့်၍။ ကထံ နု၊ အဘယ်ကြောင့်လျှင်။ ကပ္ပဿ၊ ကပ္ပရှင်ရဟန်း၏။ အဿဒမ၊ ကျောင်းဌ၌၊ ရမယိ၊ မွေ့လျော်လေသနည်း။

ထိုအခါ နာရဒဖအမတ်ကို ကေသဝရဟန်းသည်-

သာဒုနိ ရှမထိယာနိ- သန္တိ ရုက္ခာ မနောရမာ။
သုဘာသိတံဝနိ ကပ္ပဿ၊ နာရဒ ရမယန္တိ မံ-
ဟူသော ဤဂါထာကို ဆို၏။

နာရဒ၊နာရဒအမတ်။ ကပ္ပဿ၊ကပ္ပရဟန်း၏။ အဿဒမ၊ကျောင်းဌ၌။ သာဒုနိ၊ ကောင်းကုန်သော။ ရမထိယာနိ၊ နှလုံးမွေ့လျော်ဖွယ်တို့သည်။ သန္တိ၊ရှိကုန်၏။ မနောရမာ၊နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော။ ရုက္ခာ၊သစ်ပင်တို့သည်။ သန္တိ၊ ရှိကုန်၏။ ကပ္ပဿ၊ ကပ္ပရဟန်း၏။ သုဘာသိတာနိ၊ ကောင်းစွာဆိုအပ်သော စကားတို့သည်။ မံ၊ ငါ့ကို။ ရမယန္တိ၊ မွေ့လျော်စေကုန်၏။

ဤသို့ သဗ္ဗညုမြတ်စွာဘုရားသည် မိမိသည် ကေသဝရဟန်း၏ တပည့်ဖြစ်၍ ရောဂါကို ငြိမ်းစေသည်၏အဖြစ်ကို ပြတော်မူ၏။ ဤသို့ ပြတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ထိုဗကဗြဟ္မာဆည် လူ့ပြည်၌ ပြုအပ်သော အလုံးစုံသောကောင်းမှုကံကို ဗကဗြဟ္မာကြီးကို မှတ်စေလျက် ဟော၏။

အသိတရုးရပြီ

ဗကဗြဟ္မာသည် မြတ်စွာဘုရား စတေးတော်ဖြင့် မိမိသည် ပြုအပ်သော ထောင်းမှုကို ဖောက်မေ့၍ မြတ်စွာဘုရားအား ချီးမွမ်းသိုရကား-

www.dhammadownload.com

၂၅။ အဒ္ဓါ ပဇာနာသိ မမေတ မာယုံ၊
အညမ္ပိ ဇာနာသိ တထာဟိ ပုံဒ္ဓေါ၊
တထာဟိ တာယုံ ဇလိတာ နုဘာဝေါ၊
သြဘာသယံ တိဋ္ဌတိ ဗြဟ္မလောကံ။

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၂၅။ ဘောဂေါတမ၊ အို အရှင်ဂေါတမ။ တုံ၊ ဃင်ဇာည်။ မမ၊ ငါ၏။ ဧတံအာယုံ၊ ထိုဆသက် အတိုင်းအရှည်ကို၊ အဒ္ဓါ၊ စင်စစ်။ ပဇာနာသိ၊ သိ၏။ အညမ္ပိ၊ တစ်ပါးသော တရားကိုလည်း။ ဇာနာသိ၊ သိ၏။ တထာဟိ၊ ထိုသို့ သိသောကြောင့်လျှင်။ ပုဒ္ဓေါ၊ ဘုရားဖြစ်တော်မူ၏။ တထာဟိ၊ ထိုသို့ ဘုရားဖြစ်တော်မူသောကြောင့်လျှင်။ ဘော၊ အရှင်ဘုရား၏။ အယုံ ဇလိတာ နုဘာဝေါ၊ ဤထွန်းပသော ဤကိုယ်ရောင်အာနုဘော်သည်။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်ကို။ သြဘာသယံ-သြဘာသယန္တော၊ ထွန်းပလျက်။ တိဋ္ဌတိ၊ တည်၏။

ဤသို့ မြတ်စွာဘုရားသည် ကိုယ်တော်၏ကျေးဇူးကို သိစေလျက် တရားဟော၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ရောက်လာကုန်သော တစ်ဆယ့်ငါးကုန်သော ဗြဟ္မာတို့၏ စိတ်တို့သည် တဏှာမာန ဒိဋ္ဌိတို့သည် မစဲလမ်းအပ်သည်ဖြစ်၍ အာသဝေါတို့မှ လွတ်ကုန်၏။

ဘော်မေပါင်း။ ဤသို့ သဗ္ဗညု၊ မြတ်စွာဘုရားသည် 'မျှားစွာကုန်သော ဗြဟ္မာတို့၏ ကိုးကွယ်ရာဖြစ်၍ ဗြဟ္မာ့ပြည်မှ ဧတဝန်ကျောက်တော်သို့ ကြွတော်မူ၍ ထိုဗြဟ္မာ့ပြည်၌ ဟောတော်မူသော နည်းဖြင့်လျှင် ထို ဓမ္မဒေသနာကို ရဟန်းတို့အား ဟောဒီတော်မူ၍ ''ယခုအခါ ဗကဗြဟ္မာသည် ထိုအခါကသဓရသော. ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါကပွရသော. ဖြစ်ပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဗကဗြဟ္မာ၊ ယူမိဆွာ၊ မြတ်စွာ ပယ်ဖျောက်ချင်း။)

ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗကဇာတ်သည် ပြီး၏။

ကုက္ကုဝဂ် ပြီး၏။

www.dhammadownload.com

၂·ဂန္ဓာရဝဂ် ၁၁-ဂန္ဓာရဇာတ်

ရသေ့ ရဟန်းတို့သည် ပစ္စည်းကို မသိုမှီးအပ်ကြောင်း

ဟောတေဒီမူရာဌာန။ နှတ်နှင့်တကွသော လေ့ကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဟိတ္ထာ ဂါမဆရာသာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆောင်ဆင်ဖန်သော ဤဂန္ဓာရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘသင္ဃသန္နိဓိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ဝတ္ထုသည်ကား ထုဇဉ်ဟိုဟ်ပြည်၌ ဖြစ်၏။)

အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် အာဇာနည်စေ့ငှ်အမျိုးကို လွတ်စိမ့်သောဉာဏ်နှင့်တော်သို့သွား၍ ဗိမ္ဗိသာရမင်းကြီး၏ ပြာသာဒ်ကို တန်ခိုးအစမ်းဖြင့် ရွှေဖြင့်ပြီးသည်ကို ပြုသည်ရှိသော် လူတို့သည် ကြည်ညို၍ ပိလိန္ဒဝစ္ဆမထေရ်အား ငါးပါးသောဆေးတို့ကို လှူကုန်၏။ ပိလိန္ဒဝစ္ဆမထေရ်သည် ထိုဆေးတို့ကို ပရိသတ်အား စွန့်၏။ ထို့အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ပရိသတ်သည်ကား များသောပစ္စည်းပရိက္ခာရှိ၏၊ ရတုံးရတုံးသော ဆေးကိုဖျဉ်းအိုးခွံလည်းကောင်း၊ အိုးစရည်းခွံလည်းကောင်း၊ သပိတ်အိတ်ခွံလည်းကောင်း ပြည့်စေ၍ သိုမှီး၏။ လူတို့သည် မြင်ကုန်၍ "သာကီဝင်မင်းသားဖြစ်ကုန်သော ဤရဟန်းတို့သည်အလိုကြီးကုန်၏၊ အတွင်းခွံကျိုက္ခရိကုန်၏" ဟု ကဲ့ရဲ့ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုအကြောင်းကို ကြား၍ "ယာနိ ခေါပန တာနိ ဘသင္ဃာနိ ဂိလာနာနံ ဘိက္ခူနံ" - ဟူသော သိက္ခာပုဒ်ကိုပညတ်၍ "ရဟန်းတို့ ရှေးပညာရှိတို့သည် ဘုရားမဖြစ်မီ သာသနာဘော်ပြု၍ ရသေ့ ရဟန်းပြုကုန်၍ ဤသီမျှကို စောင့်ကုန်လျက် လည်း ဆားမျှကို နက်ဖြန်အကျိုးငှာ သိုမှီးသည်ကို ကဲ့ရဲ့ကုန်၏၊ သင်တို့သည် ဤသို့သဘောရှိသော ဝင်္ဍဆင်းရဲမှ ထွက်မြောက်စေတတ်သော ဘုရားသာသနာဘော်၌ ရဟန်းပြု၍ နက်ဖြန် သန်ဘက် အစရှိသော နေ့အကျိုးငှာ သိုမှီးခြင်းကို ပြုကုန်လျက် မသင့်သည်တို့ကို ပြုကုန်၏" ဟု မိန့်တော်မူ၍ အာတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဂန္ဓာရတိုင်းဌ် ဘုရားလောင်းသည် ဂန္ဓာရမင်းသားဖြစ်၍ အာဘလွန်သဖြင့် မင်းအဖြစ်ခံတည်၍ တရားသဖြင့် မင်းပြု၏၊ မဇ္ဈိမဒေသ ဝိဒေဟတိုင်းဌ်လည်း ဝိဒေဟမည်သော မင်းသည် မင်းပြု၏။ ထိုနှစ်ယောက်ကုန်သော မင်းတို့သည်လည်း မမြင်ဘူးသော အခဆုခင်ပွန်းဖြစ်ကုန်၍ အချင်းချင်း ဆက်ဖျမ်းဝင်ကုန်သည်ဖြစ်ကုန်သတတ်၊ ထိုအခါ လူတို့သည် အသက်ရှည်ကုန်၏၊ ဆနစ်သုံးသောခင်း အသက်ရှည်ကုန်၏၊

လကြတ်ခြင်း

ထိုအခါ ရံခါ ဂန္ဓာရမင်းသည်လည်း လပြည့် ဥပုသ်နေ့၌ ဆောက်တည်သော သီလရှိသည်ဖြစ်၍ ပြာသာဒ်အပြင်ဝယ် ခင်းဆပ်သော မြတ်သော ပလ္လင်ဆလယ်၌နေလျက် ဖွင့်အပ်သော လေသာပြတင်းဖြင့် အရှေ့လောကဓာတ်ကို ကြည့်လျက် အမတ်တို့အား တရားနှင့်ယှဉ်သောစကားကို ပြောဆိုလျက် နေ၏။ ထိုခဏဉ် ကောင်းကင်အပြင်ကို ခုန်ဘိသကဲ့သို့ ပြည့်သော လဝန်းကို ရာဟုဖမ်း၏၊ လ္ဟရောင်သည် ကွယ်၏။ အမတ်တို့သည် လရောင်ကို မမြင်ကုန်သည်ရှိသော် ရာဟုဖမ်းသည်၏ဆဖြစ်ကို မင်းအားကြားကုန်၏၊

ဂန္ဓာရမင်း ရသေ့ဝတ်

မင်းသည် လကိုကြည့်စဉ်၌ "ဤလသည် အာဂန္တုကဖြစ်သော အညစ်အကြေးဖြင့် ညစ်နွမ်း၍ ဆရောင်မရှိသည်ဖြစ်၏၊ ဝါအစးလည်း ဤမင်း၏ အခြံအရံသည် အညစ်အကြေးဖြစ်၏၊ ထိုငါသည် ရာဟုဖမ်းသော လကဲ့သို့ အရောင်မရှိသည် ဖြစ်ရ၏၊ ငါအား ထိုသို့ဖြစ်ခြင်းသည် မလျောက်ပတ်၊ စင်ကြယ်သော ကောင်းကင်ပြင်၌ ထွန်းပလော လဝန်းကဲ့သို့ မင်းဆဖြစ်ကို စွန့်၍ ရဟန်းပြုအံ့၊ ငါ့အား သူတစ်ပါးတို့ကို ဆုံးမသဖြင့် အာဘယ်ဆကျိုးရှိအံ့နည်း၊ ဆမျိုးခဲ့လည်းကောင်း၊ အခြေအရံခဲ့လည်းကောင်း ငြိတွယ်ခြင်းမရှိသည်ဖြင့်၍ ကိုယ်ကိသဉ္ဇလျင် ဆုံးမလျက် သွားအံ့၊ ဤဆကျင့်သည် ငါ့အား လျောက်ပတ်၏" ဟု ကြံ၍ "အကြင်သူကို အလိုရှိကုန်၏၊ ထိုသူကို မင်းမြောက်ကြကုန်လော့" ဟု မင်းဆဖြစ်ကို ဆမတ်တို့အား အပ်နှင်း၏။ အပ်ပြီး၍ ထိုမင်းသည် နှစ်ပါးကုန်သော ကသိုဏ်၊ ဂန္ဓာရတိုင်းတို့၌လည်း

www.dhammadownload.com

မြတ်ဒသာမင်းအဖြစ်ကို စွန့်၍ ရသေ့ရဟန်းပြု၍ ဗျာန်အာဘိညာဉ်တို့ကို ဖြစ်စေ၍ ဗျာန်၌ မွေ့လျော်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏။

ဝိဒေဟမင်း ရသေ့ဝတ်

ဝိဒေဟမင်းသည်လည်း "ငါ့အဆွေခင်ပွန်းအား ချမ်းသာပါ၏လော" ဟု ကုန်သည်တို့ကိုမေး၍ ဂန္ဓာရမင်း၏ ရဟန်းပြုသည်၏အဖြစ်ကို ကြား၍ "ငါ့အဆွေ ရဟန်းပြုသည်ရှိသော် ငါသည်လည်း မင်းအဖြစ်ဖြင့် အဘယ်ပြုအံ့နည်း" ဟု ခုနစ်ယူဇနာ အတိုင်းအရှည်ရှိသော မိထိလာပြည် ယူဇနာသုံးထု အတိုင်းအရှည်ရှိသော ဝိဒေဟတိုင်းဌ်ဲ တစ်သောင်း ခြောက်ထောင် သော ရွာတို့ဌ် ပြည့်ကုန်သော ကျိုးတို့ကို လည်းကောင်း, တစ်သောင်း ခြောက်ထောင်သော တခြေသည် မိန်းမတို့ကိုလည်းကောင်း စွန့်၍ သားသမီးတို့ကို နှလုံးမထားမူ၍ ဟိမန္တာသို့ဝင်၍ ရသေ့ရဟန်း ပြု၍ အလိုလိုဖြစ်သော သစ်သီး အစာရှိသည်ဖြစ်၍ ကောင်းစွာဖြစ်သော နေခြင်းကို နေလျက် ကျင့်၏။

အချင်းချင်းမသိကြ

ထိုနှစ်ပါးသော ရသေ့တို့သည် ကောင်းစွာကျင့်သော အကျင့်ကို ကျင့်လျက် နောက်ဆုံးဌ် ပေါင်းမိကြကုန်၏။ အချင်းချင်းဂေဝေးမသိကုန်၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍ တစ်ပေါင်းတည်းသာလျှင် ကောင်းစွာဖြစ်သောအကျင့်ကို ကျင့်ကုန်၏။

ထိုအခါ ဝိဒေဟရသေ့သည် ဂန္ဓာရ ရသေ့အား ခစား၏။ထို့ရသေ့တို့၏ တစ်ခုခုသာ လပြည့်နေ့၌ မထင်ရှားသော သစ်ပင်ရင်း၌ နေ၍ အကြောင်းအကျိုးနှင့်ယှဉ်သော စကားကို ပြောဆိုကုန်စဉ် ကောင်းကင်ပြင်၌ ထွန်းပသော လဝန်းကို ရုဟုဖမ်း၏။ ဝိဒေဟ ရသေ့သည် "အဘယ်ကြောင့် လရောင် ပျောက်သနည်း" ဟု ကြည့်လတ်သော် ရုဟုဖမ်းသော လကို မြင်၍ "ဆရာ ဤသူသည် လကို ဖမ်း၍ အရောင်မရှိသည်ကို ပြု၏။ အဘယ်သူနည်း" ဟု မေး၏။ "တပည့်-- ဤသူသည် ရုဟုမည်၏၊ လ၏တစ်ခုသော အညစ်အကြေးတည်း၊ လအား ထွန်းပစိမ့်သောငှာ မပေး၊ ငါသည်လည်း ရုဟုဖမ်းသောလဝန်းကို မြင်၍

www.dhammadownload.com

စင်ကြယ်ခြင်းသာ လဝန်းအား အာဂန္ဆုံကဖြစ်သော အညစ်အကြေး ဖြင့် အရောင်မရှိခြင်းသည် ဖြစ်၏၊ ငါ့အား၌လည်း ဤမင်းအဖြစ် သည့် အညစ်အကြေးဖြစ်၏။ အကြင်မျှလောက်သော ကာလပတ်လုံး လကို ရာဟုဖမ်းသကဲ့သို့ ငါ့ကိုယ်၌ ဤအညစ်အကြေးသည် အရောင်မရှိ သည်ကို မပြုသေး၊ ထိုမျှလောက်သော ကာလ၌ ရဟန်းပြုအံ့'' ဟု ကြံ၍ ထိုခဏလျှင် ''ဤမင်းအဖြစ်ကား အရောင်အဝါမဲ့ကို ပြုတတ်၏ဟု ရာဟုဖမ်းသော လဝန်းကို အာရုံပြု၍ မြတ်သောမင်းအဖြစ်ကို စွန့်၍ ရဟန်းပြု၏'' ဟု ဆို၏။

ခင်မင်ကြပြီ

''ဆရာ....သင်သည် ဂန္ဓာရမင်းလော'' ဟု မေး၏။ ''ငါဂန္ဓာရမင်း ဟုတ်၏'' ဟု ဆိုဖဝါသော် ''ဆရာ....အကျွန်ုပ်သည် ဝိဒေဟတိုင်း မိထိလာ ပြည်၌ ဝိဒေဟမင်းထည်း၊ အကျွန်ုပ်တို့သည် အချင်းချင်း ခင်မြင့်ဖူးသော အဆွေခင်ပွန်း မဟုတ်လော'' ဟု ဆို၏။ ''ထင်သည် အဘယ်ကို အာရုံပြုသနည်း'' ဟု မေး၏။ ''အကျွန်ုပ်သည် အရှင်တို့သည် ရဟန်းပြုကုန်ကြပြီဟု ကြား၍ စင်စစ် ရဟန်းအဖြစ်၌ ကြီးစွာသော ကျေးဇူးကို မြင်၏ဟု အရှင်တို့ကိုသာလျှင် အာရုံပြု၍ မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြု၏'' ဟု ဆို၏။ ထိုနှစ်ပါးကုန်သော ရဟန္တာတို့သည် ထိုအခါမှစ၍ အလွန်လျှင် ညီညွတ်ကုန်သည် ဝမ်းမြောက်ကုန်သည် အလိုလိုဖြစ်သော သစ်သီးအစာ ရှိကုန်ဆဲဖြစ်၍ ကျွင်း၏။

ဝိဒေဟရဟန္တာ ဆားကိုဆောင်ထားခြင်း

ဟိမဝန္တာ၌ ရှည်မြင့်စွာနေ၍ ချဉ်ဆား မှီဝဲအံ့သောငှာ ဟိမဝန္တာမှ သက်၍ တစ်ခုသော ဇစ္စန္တရစ်ရွာသို့ ဆောက်ကုန်၏။ လူတို့သည် ထိုရဟန္တာတို့၏ ဣရိယာပုထ်၌ ကြည်ညိုး၍ ဆွမ်းလှူအံ့ဟူ ဝန်ခံခြင်းကို ယူစေ၍ တောင်၌ ညဉ့်သန့်ရာ နေသန့်ရာအရပ် ဆေးရှိသည်တို့ကို ဖန်ဆင်း၍ နေစေကုန်၏၊ ခရီးဆောင်ဖွယ်လည်း ထိုရဟန္တာတို့အား ဆွမ်းစားခြင်းကိစ္စကို ပြုစိမ့်သောငှာ ချမ်းသာထူအရပ်၌ ဇရပ်ကို ဆောက်ကုန်၏။ ထိုရဟန္တာတို့သည် ပစ္စန္တရစ်ရွာ၌ ဆွမ်းခံ၍ ထိုဇရပ်၌နေ၍ ဆွမ်းစား၍ မိမိတို့၏ နေထူအရပ်သို့ သွားကုန်၏။ ထိုလူတို့သည်လည်း ရဟန္တာတို့ဆေး ဆော

www.dhammadownload.com

ဟာရကို လှူကုန်သည်ရှိသော် ရံခါခွက်၌ ဆားကိုထည့်၍ လှူကုန်၏။ ရံခါသစ်ရွက်၌ ဆားကိုထုပ်၍ လှူကုန်၏။ ရံခါ ဆားမရှိသော အာဟာရကိုလျှင် လှူကုန်၏။ လူတို့သည် တစ်နေ့သ၌ သစ်ရွက်ထုပ်၌ မျှားစွာသော ဆားကိုယူ၍ လှူကုန်၏။ ဝိဒေဟရဿသည် ဆားကိုယူ၍ လာလတ်၍ ဘုရားလောင်းအား ဆွမ်းအား လျောက်ပတ်သော ဆားကို ပေး၍ မိမိဖွိုလည်း အတိုင်းအရှည်နှင့် ယှဉ်သော ဆားကိုယူ၍ ကြွင်းသောဆားကို သစ်ရွက်ဖြင့်ထုပ်၍ ဆားမရှိသောနေတို့၌ ဖြစ်လတ္တံ့ဟု သက်ကယ်မိုးအကြား၌ ထား၏။ ထိုအခါ တစ်နေ့သ၌ ဆားမရှိသော အာဒေဟာရကို ရသည်ရှိသော် ဝိဒေဟရဿသည် ဂန္ဓာရရဿအား ခွက်ကိုပေး၍ သက်ကယ်မိုးသော အကြားမှ ဆားကိုဆောင်၍ "ဆရာ... ဆားယူခလော့" ဟု ဆို၏။ "ယခုနေ့ လူတို့သည် ဆားမလှူအပ်၊ အဘယ်မှာ ရသနည်း" ဟု မေး၏။ "ဆရာ...ဝေးနေ၌ လူတို့သည် မျှားစွာသော ဆားကို လှူကုန်၏၊ ထိုအခါ အကျွန်ုပ်သည် ဆားမရှိသော နေတို့၌ ဖြစ်လတ္တံ့ဟု ကြွင်းသောဆားကို ထား၏" ဟု ဆို၏။

ဆားကို မက်မောသလား

ထိုအခါ ဝိဒေဟရဿကို ဘုရားလောင်းသည် "မင်္ဂလာမှ အချည်းနှီးဖြစ်သောယောကျ်ား ယူဇနာသုံးဆယ်ရှိသော ဝိဒေဟတိုင်းကြီးကို စွန့်၍ ရဟန်းပြု၍ ပလိဗောဓမရှိသည်၏အဖြစ်သို့ ရောက်လျက် ယခုအခါ၌ ဆားကို တပ်စွန်းခြင်းကို ဖြစ်စေ၏" ဟု ခြိမ်းခြောက်၍ ဆုံးမလိုရကား-

၂၆။ ဟိတ္ဝာ ဂါမ ဃဟဿာနိ၊ ပရိပုဏ္ဏာနိ သောဠသ၊
ကောဋ္ဌာဂါရာနိ ဖီတာနိ၊ သန္နိဓိံ ဒါနိ ကုဗ္ဗသိ-

ဟူသော ခရွေးဦးစွာသော ဂါထာကို ဆို၏။

၂၆။ ဝိဒေဟ၊ ဝိဒေဟရဿ၊ တ္ဝံ၊ သင်သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်သော။ သောဠသဂါမဃဟဿာနိစ၊ ရွာမ တစ်ဆယ့်ခြောက်ထောင်တို့ကိုလည်း၊ ကေဒင်း၊ ဖီတာနိ၊ ပြည့်ကုန်သော။ ကောဋ္ဌာဂါရာနိစ၊ ရတနာကျီ, ပုဆိုးကျီ, စပါးကျီတို့ကိုလည်း တောင်း။ ဟိတ္ဝာ၊ စွန့်၍။ ဣဒါနိ၊ ယခုအခါ၌။ လောဏမတ္တံ၊ ဆားမျှကို။ သန္နိဓိံ၊ သိုမှီး၊ ခြင်းကို။ ကုဗ္ဗသိ၊ ပြု၏။

www.dhammadownload.com

ဆုံးမစကားပြောခြင်း

ဝိဒေဟရာဇသည် ဤကဲ့သို့ ကဲ့ရဲ့အပ်သည်ရှိသော် ကဲ့ရဲ့ခြင်းကို သည်းမခံနိုင်၍ ဆန့်ကျင်ဘက်ဖြစ်၍ "ဆရာ....သင်တို့သည် မိမိအပြစ်ကို မမြင်မူ၍ ကျွန်ုပ်၏ အပြစ်ကိုသာလျှင် မြင်ကုန်၏၊ ဆရာတို့သည် ငါ့အား သူတစ်ပါးတို့ကို ဆုံးမခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကိုယ်ကိုသာလျှင် ဆုံးမအံ့ဟု မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုသည် မဟုတ်လော၊ ယခု အခါ အဘယ့်ကြောင့် အကျွန်ုပ်ကို ဆုံးမကုန်သနည်း" ဟု စောဒနာလို ရကား-

၂၇။ ဟိတ္ဝာ ဂန္ဓာရ ဝိသဟံ၊ ပဟူတ ဓန ဓာရိယံ။
ပဿာသနတော နိက္ခန္တော၊ ဣဓ ဒါနိ ပဿာသသိ.

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂၇။ အာစရိယ၊ ဆရာ၊ ပဟူတဓနဓာရိယံ၊ များသောဥစ္စာကိုဆောင်သော။ ဂန္ဓာရဝိသယံ၊ ဂန္ဓာရတိုင်းကို။ ဟိတ္ဝာ၊ စွန့်၍။ ပဿာသနတော၊ သူတစ်ပါးကို ဆုံးမခြင်းမှ။ နိက္ခန္တော၊ ထွက်ပြီးလျက်။ ဣဒါနိ၊ ယခုအခါ၌။ ဣဓ၊ ဤတောအရပ်၌။ ကသ္မာ၊ အဘယ့်ကြောင့်။ မံ၊ အကျွန်ုပ်ကို။ ပဿာသသိ၊ ဆုံးမပြန်သနည်း။

တရားသဘော ပြောခြင်းသာ

ထိုစကားကို ကြား၍ ဘုရားလောင်းသည်-

၂၈။ ဓမ္မံ ဘဏာမိ ဝေဒေဟ၊ အဓမ္မာ မေ နုဗ္ဘတိ။
ဓမ္မံ မေ ဘာသမာနဿ၊ နုပါပမုပလိမ္ပတိ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၂၈။ ဝေဒေဟ၊ ဝိဒေဟ ရှင်ရသေ့။ အဟံ၊ ငါသည်။ ဓမ္မံ၊ တရား သဘောကိုသာလျှင်။ ဘဏာမိ၊ ဆို၏။ မေ-မယာ၊ ငါသည်၊ အဓမ္မာ၊ တရားသဘောမဟုတ်သည်ကို။ နုဗ္ဘတိ၊ မနှစ်သက်။ မ္ဟံ၊ သဘောဟုတ်သည်ကို၊ ဘာသမာနဿ၊ ဆိုသော။ မေ၊ ငါ့အား။ ပါပံ၊ မကောင်းမှုသည်။ နုပလိမ္ပတိ၊ မလိမ်းကျံ။

အပြောကြမ်းက မခံသာ

ဝိဒေဟ ရာဇသည် ဘုရားလောင်း၏ စကားကိုကြား၍ "ဆရာ အကျိုးကိုမှီးသောစကားကိုဆိုသောသူသည်လည်း၊ သူတစ်ပါးကို ထိခိုက်

www.dhammadownload.com

ချုပ်ချယ်၍ဆိုခြင်းငှာမသင့်၊ ငါ့ကိုထက်သောခေါင်းယဖြင့်ဖြတ်ဘီသကဲ့သို့ အလွန်ကြမ်းသောစကားကို ဆို၏''ဟု ဆိုလို၍-

၂၉။ ယေန ကေနစိ ဝဒဏ္ဍေန၊ ပဓော လဘတိ ရူပွနံ။
မဟတ္ထိယမ္မိ၊စ ဝါစံ၊ နု တံ ဘာသေယျ ပဏ္ဍိတော-

ဟူသော လွေးခုမြောက်သော ဤဂါထာကို ဆို၏။

၂၉။ အာစရိယ၊ ဆဆု။ ယေနကေနစိ ဝဒဏ္ဍော၊ တစ်စုံတစ်ခုသော အကြောင်းဖြင့်။ ပဓော၊ သူတစ်ပါးသည်၊ ရူပွနံ၊ အမျက်ထွက်ခြင်းကို။ လဘတိ၊ ရ၏။ စေ၊ အကယ်၍။ မဟတ္ထိယမ္မိ၊ မဟတ္ထိယမင်္ဂလာ၊ များစွာသော အကျိုးကို မှီခြေးသော်လည်း။ တံ ဝါစံ၊ ထိုစကားကို။ ပဏ္ဍိတော၊ ပညာရှိသည်။ နု ဘာသေယျ၊ မဆိုရာ။

အကျိုးရှိရာ နားထောင်ပါ

ထိုဆခါ ဝိဒေဟ ရဇေ့အား ဘုံရားလေခင်းသည်-
၈၀။ ကာမံ ရူပွတု ဝါ မာ ဝါ၊ ဘုသံဝံ ဝိကိရိယျတု။
ဓမ္မံ မေ ဘဏမာနဿ၊ နု ပါပ မုပလိမ္ပတိ-

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၈၀။ ဝိဒေဟ၊ ဝိဒေဟ ရှင်ရသေ့။ ဩဝဒိယမာနော၊ ဆုံးမအပ်သော သူသည်၊ ကာမံ စင်စစ်၊ ရူပွတု ဝါ၊ အမျက်ထွက်သည်မူလည်း ဖြစ်စေ။ မာ ဝါ၊ အမျက်မထွက်သည်မူလည်းဖြစ်စေ။ ဘုသံဝ၊ ဖွဲကဲ့သို့။ ဝိကိရိယျတု ဝါ၊ လွှင့်ယသည်မူလည်းဖြစ်စေ။ ဓမ္မံ၊ တရားသဘောကို။ ဘဏမာနဿ ဆိုသော၊ မေ၊ ငါ့အား။ ပါပံ၊ မကောင်းမှုသည်။ နုပလိမ္ပတိ မလိမ်းကျံ။

ဤသို့ဆို၍လည်း''အာနန္ဒာ....အိုးထိုးသည်သည် စိုကုန်သောမြေတို့ကို နှိပ်၍ လုံ့လပြုသကဲ့သို့ ထို့အတူ ငါသည် လုံ့လပြုအံ့၊ အာနန္ဒာ ငါဘုရားသည်ဆိုအံ့-အကြင်အနှစ်သည် ရှိ၏၊ ထိုအနှစ်သည် တည်လတ္တံ့၊ ဤသို့လောသော မြက်စွာဘုရား အဆုံးအမအား လျော်သော အကျင့်၌ တည်၍ အိုးထိန်းသည်သည် အိုးတို့၌ အဖန်တလဲလဲခတ်၍ စိမ်းသောအိုးတို့ကို မယူမူ၍ ကောင်းစွာကျက်သည်သာလျှင် ဖြစ်သော အိုးကို ယူသကဲ့သို့ ထို့အတူ အဖန်တလဲလဲ ဆုံးမ၍ နှိပ်၍ ကျက်သောအိုးနှင့်တူသော ပုဂ္ဂိုလ်ကို ယူအပ်၏''ဟု ပြအံ့သောငှာ ဝိဒေဟ ရဇေ့ကို တစ်ဖန် ဆုံးမလိုရကာ

www.dhammadownload.com

၈၁ ။ နော ဧစ အာဿ သကာဗုဒ္ဓိ၊ ဝိနဳယော ဝါ သုသိက္ခိတော။
ဝနေ အန္ဓမဟိံသော၀၊ စရေယျ ဗဟုကော ဇနော။
၈၂။ ယဿာ စ ပနိဓေကစ္စံ၊ အာဒေစရမ္ပိ သုသိက္ခိတာ၊
တဿာ ဝိနိဘဝိနယ ၊ စရန္တိ သုသမာဟိတာ၊

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၈၁၊ ဝေဒေဟာ၊ ဝိဒေဟရှင်ရသေ့ ။ ဣမေသံသတ္တာနံ၊ ဤသတ္တဝံါတို့ အား။ သကာဗုဒ္ဓိ၊ မိမိဥစ္စာဖြစ်သောပညာသည်လည်းကောင်း။ ဝိနယော၊ ဆုံးမတတ်သော ပညာရှိကိုမှီ၍ သင်အပ်သော၊ သုသိက္ခိတော ၀ါ၊ ကောင်းသောအကျင့်သည်လည်းကောင်း၊ နော ဧစ အာဿ၊ ဤကယ်၍ ရှိသည်ဖြစ်ငြားအံ့။ ဗဟုဇနော၊ များစွာသော၊ ဇနော၊ လူအခပါင်းသည်။ ဝနေ၊ တောဌ်၌။ အန္ဓမဟိံသော၀၊ ကန်းသော ကျဲကဲ့သို့၊ စရေယျ၊ ဖောက်လဲ့ဖောက်ပြန် ကျင့်ရာ၏။

၈၂။ ယဿ စ ပန၊ အကြင်ကြောင့်ကား။ ဣဓ၊ ဤလောကဌ်။ ကေစိဒ်၊ အချို့ကုန်သော သူတို့သည်၊ အာစေရမ္ပိ၊ ဆရာ့အထံ၌။ သုသိက္ခိတာ၊ ကောင်းစွာ သင်ဖူပ်ကုန်၏။ တဿ ၊ ထို့ကြောင့်။ ဝိနိဘဝိနယာ၊ ဆုံးမအပ်ပြီးသော ဝိနည်း ရှိကုန်သည်ဖြစ်၍၊ သုသမာဟိတာ၊ ကောင်းစွာ တည်ကြည်ကုန်သည် ဖြစ်၍၊ စရန္တိ၊ မတိမ်း မစောင်း ကောင်းစွာ ကျင့်နိုင်ကုန်၏။

ကျန်ုပ်မှားပါပြီ

ထိုစကားကိုကြား၍ ဝိုးဒဟရသေ့သည် "ဆရာ....ဤနှမှ စ၍ အကျန်ုပ်ကို ဆုံးမပါလေ့၊ အဖန်ဘာလဲလဲ ဆုံးမပါလေ့၊ ကျန်ုပ်သည် သည်းမခံတတ်သောသဘာ ရှိသည်အဖြစ်ကြောင့် ဆရာတို့နှင့်ဘက္ခ ဆိုမိ၏။ အကျန်ုပ်၏ ထိုအပြစ်ကိုသည်းခံပါလေ့" ဟု ရှိခိုး၍ ဘုရားလောင်းကို ကန်တော့၏။

ထိုနှစ်ပါးကုန်သော ရဟန်တို့သည် ညီညွတ်စွာနေ၍ တစ်ဖန် ဟိမဝန္တာသို့လျှင် သွားကုန်၏။ ထိုဟိမဝန္တာ၌ ဘုရားလောင်းသည် ဝိုးဒဟရသေ့အား ကသိုဏ်းပရိကံကို ဟော၏၊ ထိုဝိုးဒဟရဟန်သေ့သည် ထိုပရိကံကိုပြု၍ အဘိညာဉ်တို့ကို လည်းကောင်း၊ သမာပတ်တို့ကို လည်းကောင်း၊

www.dhammadownload.com

ဖြစ်စေ၏။ ဤသို့ ထိုနှစ်ပါးကုန်းသာ ရဒသ့်တို့သည်လည်း၊ မယုတ်သော စျာန် ရှိသည်ဖြစ်၍ ပြဟ္မာ့ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း။ သမ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင့် တော်မူ၍ "ယခုအခါ အာနန္ဒာသည် ထိုအခါ ဝိဒေဟမင်းဖြစ်ပြီ၊ ယခု အခါ ငါဘုရားသည်လျှင် ထိုအခါ ဂန္ဓာရမင်းဖြစ်ပြီ"ဟု ဇာတ်ကိုပေါင်း တော်မူ၏။

(ပမ္မည်းပစ္စယ၊ သိမ်းဆည်းကြ၊ ဧသ.ကရောက်ကြောင်းသာ။)

ရှေးဦးစွာသာ ဂန္ဓာရဇာတ်သည် ပြီး၏။

၁၂-မဟာကပိဇာတ်

အမျိုးသားတို့အတွက် အသက်ကိုမငဲ့ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သမ္ဗညူမြတ်စွာဘုရားဘည် "ဇတ္တာနံ သက်မံ ကတ္ဝာ" အစ ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဟာထပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆွေတော်မျိုးတော် တို့၏ အကျိုးငှာ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောဆောင်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ဤစုပ္ပန်ဝတ္ထုသည် ဘဒ္ဒသာလဇာတ်၌ ထင်စွဲဖြစ်လတ္တံ့။)

ထိုအခါ၌ကား တရားသဘင်၌ ရဟန်းတို့သည် "ငါ့ရှင်တို့—သမ္ဗညူ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့၏ အကျိုးကို ကျင့်တော်မူ၏" ဟူ ဤကားကို ဖြစ်စေကုန်၏။ သမ္ဗညူမြတ်စွာဘုရားသည် လာတော်မူလတ်၍ "ရဟန်းတို့...ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း"ဟု စမ်းတော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏"ဟု နှားတော်လျောက်သည်ရှိသော် "ရဟန်းဘို့...ယခုအခါ၌သာလျှင် ဝါ ဘုရားသည် ဆွေတော်မျိုးတော်တို့၏ အကျိုးကို ကျင့်သည်မဟုတ်ဆေး၊ ရှေး၌သည်း ငါဘုရားသည် ဆွေဘော်မျိုးတော်တို့၏ အကျိုးကို ကျင့် ပုံးသလျှင်ကတည်း"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်ဆမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အလုံးအရပ်နှင့် ပြည့်စုံ၏၊ အားအစွမ်းနှင့်ပြည့်စုံ၏၊ ဆင်ငါးစီးအာဂကို ဆောင်၏၊ မျက်ရှစ်သောင်း အခြံအရံရှိသည်ဖြစ်၍ ဟိမဝန္တာ၌နေ၏။

အင်္ဂါန်ရှိသရက်သီး

ထိုဟိမဝန္တာ၌ ဂင်္ဂါကမ်းနားကိုမှီ၍ အဝက်ဆာခွနှင့် ပြည့်စုံသော ဖေးမြသော အရိပ်ရှိသော ထူသော အရွက်ရှိသော တောင်ထွတ်ကဲ့သို့သော ကောင်းစွာတည်သော သရက်ပင်သည် ရှိ၏၊ (ပညောင်ပင်ဟူ၍လည်း ဆိုကုန်၏။) ထိုသရက်ပင်ဇား နတ်၌ဖြစ်သော အနုအရသာနှင့် တူကုန်သော အနုအရသာရှိကုန်သော် ကြိုးကုန်သော အိုးစည်းပမာဏ ရှိကုန်သော ချိုကုန်သော အသီးတို့သည် ရှိကုန်၏။ ထိုသရက်ပင်၏ တစ်ခုသောအဝက်မှ အသီးတို့သည် ကြည်း၌ ကျကုန်၏။ တစ်ခုသောအဝက်မှ အသီးတို့သည် ဂင်္ဂါရေ၌ ကျကုန်၏။ နှစ်ခုကုန်သော အကိုင်းတို့၏အလယ်ဖြစ်သော အသီးတို့သည် သစ်ပင်ရုင်း၌ကျကုန်၏၊ ဘုရားလောင်းထည်မျောက်အပေါင်းကိုယူ၍ ထိုသရက်ပင်၌ အသီးတို့ကိုစားလျက် အစ်ခုသောကာလ၌ ''ဤသရက်ပင်၏ ရေ၌ကသော အသီးကိုမှီ၍ ငါတို့အားဘေးဖြစ်လတ္တံ့'' ဟု ရေအထက်၌ အဝက်မှ တစ်လုံးသော အသီးကို မျှလည်း မကြွင်းစေမူ၍ ပွင့်သောကာလမှစ၍ စားလည်း စားစေ၏၊ ချလည်း ချစေ၏။

ဘုရင်သိပြီ

ဤသို့ပြုပြောသော်လည်း ရှစ်သောင်းကုန်သော မျောက်တို့သည် မမြင်သော ပိုးရှတို့သည် ပြုပြင်သော သစ်ရွက်ထုံဖြင့် ဖုံလွှမ်းသော တစ်လုံးသော သရက်သီးမှည့်သည် မြင်၌ကုန်၍ ဂင်္ဂါမြစ်၏ အကြွေသို့အစဉ် လျှောက်၍ မျောလေသော် ဆထက်၌ လည်းကောင်း၊ အောက်၌ လည်းကောင်း ကွန်ကို ဖွဲ့၍ ရေကစားခြင်းကို ကစားသော ဗာရာဏသီမင်း၏ အထက်ကွန်၌ငြိ၏။ မင်းသည် တစ်နေ့ပတ်လုံးကစား၍ ညဉ့်အခါ၌ တံငါတို့သည် ကွန်ကို ချိကုန်သည်ရှိသော် ထိုသရက်သီးကို

www.dhammadownload.com

မြင်၍ ''ဤမည်သောအသီး'' ဟု မသိကုန်သည်ဖြစ်၍ မင်းအား ပြုံကုန်၏ မင်းသည် ''ဤအသီးကား အဘယ်အသီးနည်း'' ဟု မေး၏။ ''အရှင်မင်းကြီး....မသိကုန်'' ဟု ဆိုကုန်၏။ ''အဘယ်သူတို့သည် သိကုန်လတ္တံ့နည်း'' ဟု မေး၏။ ''အရှင်မင်းကြီး....မုဆိုးတို့သည် သိကုန်လတ္တံ့'' ဟု ဆိုကုန်၏။ မင်းသည် မုဆိုးတို့ကို ခေါ်စေ၍ မေး၍ မုဆိုးတို့အထံမှ ''သရက်သီးမည်း'' ဟု ကြား၍ ဓားငယ်ဖြင့်ခွဲ၍ ရှေးဦးစွာ မုဆိုးတို့ကို စားစေ၍ နောက်မှ မိမိသည် စား၏။ ''မောင်းမအပေါင်းတို့ကိုလည်း ကောင်း, ဘုရားတို့ကိုလည်းကောင်း စားစေ၏။ သရက်သီးမည်း၏ ဆရာသာသည် မင်း၏ ကိုယ်အလုံး နှုံ့၍တည်၏။ မင်းသည် ရသဘောဖြင့် ဖွဲ့အပ်သည်ဖြစ်၍ ထိုသရက်ပင်တည်ရာ အရပ်ကို မုဆိုးတို့အား မေး၏။ မုဆိုးတို့သည် 'ဟိမဝန္တာအရပ်ဝယ် မြစ်နားဌ်ရှိ၏'' ဟု ဆိုသည်ရှိသော် မျှားစွာသော လှေဖောင်တို့ကို ဖွဲ့စေ၍ မုဆိုးတို့သည် ညွှန်အပ်သော ဧရိုးဖြင့် အညာသို့ သွား၏၊ ဤမျှသော နေ့တို့ပတ်လုံး သွား၏ဟု အပိုင်းအခြားကို မဆိုအပ်။ အစဉ်သဖြင့်ကား ထိုအရပ်သို့ရောက်၍ ''အရှင်မင်းကြီး....ဤသစ်ပင်တည်း'' ဟု မုဆိုးတို့သည် မင်းအား ကြားကုန်၏။ မင်းသည် လှေတို့ကို မြစ်ဌ်၌ ထားခဲ့၍ မျှားစွာသောလူအပေါင်း ခြံရံလျက် ခြေဖြင့် ထိုအရပ်သို့ သွား၍ သရက်ပင်၌ အိပ်ရာကို ခင်းစေ၍ သရက်သီးမည်းတို့ကိုစား၍ အထူးထူးသော အရသာရှိသော ဘောဇဉ်ကို စား၍ အိပ်၏။

မျောက်များကို သတ်စေ

ခပ်သိမ်းသော အရပ်မျက်နှာတို့၌ အစောင့်အရှောက်ထား၍ မီးကို ညှိကုန်၏။ ဘုရားလောင်းသည် လူတို့သည် အိပ်ပျော်ခြင်းသို့ ရောက်ကုန်လတ်သော် သန်းခေါင်အခါ၌ ပရိသတ်နှင့်တကွ သွား၏။ ရှစ်သောင်းကုဋေသော မျောက်တို့သည် သစ်ခက်ဘစ်ခုမှ သစ်ခက်ဘစ်ခုသို့ သွားကုန်လျက် သရက်သီးတို့ကို စားကုန်၏။ မင်းသည် နိုး၍ မျောက်အပေါင်းကို မြင်၍ လူတို့ကို ထစေ၍ လေးသမားတို့ကို ခေါ်စေ၍ ''အကြင်အခြင်းဖြင့် ဝန်းရံသည်ရှိသော် သရက်သီးကို စားကုန်သော ထိုမျောက်တို့သည် မပြေးကုန်၊ ထိုအခြင်းဖြင့် ထိုအရပ်ကို ခြံရံ၍ နက်ဖြန် သရက်သီးတို့ကိုလည်းကောင်း, မျောက်သားတို့ကိုလည်းကောင်း စားကုန်အံ့'' ဟု ဆို၏၊

(ဗိုင်ငံ) ။ဂုံမှာ:ဒွန်္ဓိ:ထိုင်ရှယ်ထား:နှံ့ယှယ်ငါးခ:ငေး:ဒွါဇာဌယ်ငါခ ပြဒွယ်ထိရွှိယ်ယဇယ်ပဂဲဒွံရွှိယ်ဂဇုန်ယ်လင်္ဂါထ:ဒွဂယ်ငါခ:ဒွလခ:ယ်ငါ ။၈-ဂုံ
(ဇာတ်တော်ကြီးတော် ၁၀-ဝ၆၆)



www.dhammadownload.com

လေးသမားတို့သည် ''တောင်းပြီ''ဟု ဝန်ခံ၍ သရက်ပင်ကို ခြုံရုံ၍ မြားတို့ကိုဖွဲ့၍ တည်ကုန်၏။ ထိုမျောက်တို့သည်မြင်ကုန်၍ သဘေးမှ ကြောက်ကုန်သည်ဖြစ်၍ ပြေးအံ့သောငှာ မတတ်နိုင်ကုန်ရကား ဘုရားလောင်းသို့ ကပ်ကုန်၍ ''အရှင်....ပြေးကုန်သော မျောက်တို့ကို ပစ်အံ့ဟု သဲရက်ပင်ကို ခြုံရုံ၍ လေးသမားတို့သည် တည်ကုန်၏၊ အသို့ပြုကုန်အံ့နည်း''ဟု မေး၍ တုန်လှုပ်ကုန်လျက် တည်ကုန်၏။

မျောက်မင်း ကယ်ဆယ်ပုံ

ထိုအခါ ဘုရားလောင်းသည် ''ဓကြောက်ကြကုန်လင့်၊ ငါသည် သင်တို့အား အသက်ကိုပေးအံ့''ဟု မျောက်အပေါင်းတို့ကို နှစ်သိမ့်စေ၍ ဖြောင့်စွာတက်သော သစ်ပင်သစ်ခက်ကို တက်၍ ဂင်္ဂါသို့ ရှေးရှသွား၍ ထိုသစ်ခက်စွန်းမှခုန်၍ လေးအပြန်တစ်ရာ ဖောက်ခွင်းအရှည်ရှိသော အရပ်ကို လွန်၍ ဂင်္ဂါနာဂ်၌ တစ်ခုသော ချုံအာဆင်္ဂ်ကျ၍ ထိုချုံမှသက်၍ ''ငါ၏ လာရာအရပ်သည် ဤမျှရှိသည် ဖြစ်လတ္တံ့''ဟု ကောင်းကင်ဖြင့် ပိုင်းခြား၍ တစ်ခုသော ကြိမ်နွယ်ကိုဖြတ်၍ ''ဤမျှသောအရပ်သည် သစ်ပင်၌မဲ့သည်ဖြစ်လတ္တံ့၊ ဤမျှသောအရပ်သည် ကောင်းကင်၌တည်သည် ဖြစ်လတ္တံ့''ဟု နှစ်ပါးသော အရပ်တို့ကို မှတ်၍ မိမိခါးဦ ဖွဲ့ရာအရပ်ကိုကား မမှတ်မိ၊ ဘုရားလောင်းသည် ထိုနွယ်ကိုယူ၍ တစ်ခုသောအစွန်းကို ဂင်္ဂါနားဝယ် တည်သောသစ်ပင်၌ဖွဲ့၍ တစ်ခုသော အစွန်းကို မိမိခါးဦ၌ဖွဲ့၍ လေကြောင့်ပြတ်းသော တိမ်ကဲ့သို့ လေအဟုန်ဖြင့် လေးအပြန်တစ်ရာ ဖောက်ခွင်းအရှည်ရှိသော အရပ်ကို ခုန်၍ ခါး၌ ဖွဲ့ရာအရပ်ကို မမှတ်မိသည်၏ အဖြစ်ကြောင့် သစ်ပင်သို့ ရောက်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ လက်နှစ်ဖက်တို့ဖြင့် သရက်ခက်ကို မြဲစွာကိုင်၍ မျောက်အပေါင်းအား အမှတ်ပေး၏။ ''လျင်စွာ ငါ၏ကျောကဲကို နင်းကုန်လျက် ကြိမ်နွယ်ဖြင့် ချမ်းသာစွာသွားခြင်းကို သွားကုန်လော့''ဟု ဆို၏။ ရှစ်သောင်းကုန်သော မျောက်တို့သည် ဘုရားလောင်းကို ရှိခိုးကုန်၍ ကန်တော့ကုန်၍ ဘုရားလောင်း ဆိုတိုင်း သွားကြကုန်၏။

မျောက်ယုတ်မာ

ထိုအခါ ဒေဝဒတ်သည်လည်း မျောက်ဖြစ်၍ ထိုမျောက်တို့၏ အဘွင်းဖြစ်၏။ ဒေဝဒတ်အားလောင်း မျောက်သည် ''ဤအခါသည်ကား ငါ၏

www.dhammadownload.com

ရန်သူ ပျက်စီးခြင်းကို မြင်ရအံ့ဩသာ အခါတည်း''ဟု မြွင့်သောအကိုင်း သို့ တက်၍ အဟုန်ကိုဖြစ်စေ၍ ဘုရားလောင်း၏ ကျောက်ဆူ ကျစေ၏။ ဘုရားလောင်း၏နှလုံးသည် ကွဲ၏။ ပြင်းစွာသောဝေဒနာသည် ဖြစ်၏။ ထိုးဒဝဒတ်အလောင်း မျောက်သည်လည်း ဘုရားလောင်းကို ဝေဒနာသို့ ရောက်သည်ကို ပြု၍ ဖဲ့၏။ ဘုရားလောင်းသည် အဖော်မရှိသည်လျှင် ဖြစ်၏။

မင်းကြီးမေးခြင်း

ဗာရာဏသီမင်းသည် မှအိပ်ဘဲ မျောက်တို့သည်လည်းကောင်း၊ ဘုရားလောင်းသည်လည်းကောင်း ပြုအပ်သော အလုံးစုံသော အမှုအရာကိုမြင်၍ ''ဤမျောက်သည် တိရစ္ဆာန်ဖြစ်လျက် မိမိအသက်ကို မရေတွက်မူ၍ ပရိသတ်၏ ချမ်းသာသော အဖြစ်ကိုသာလျှင် ပြု၏''ဟု ကြံလျက် အိပ်၏။ မင်းသည် နံနက်လင်းလတ်သော် ဘုရားလောင်းကို နှစ်သက်၍ ''မျောက်မင်းကို ဖျက်ဆီးအံ့သောငှာ မသင့်၊ ဥပါယ်ဖြင့် ထိုမျောက်ကို သက်စေလျှဲလုပ်ကျွေးအံ့''ဟု ဂင်္ဂါအတွင်း၌ လှေဖောင်ကိုထား၍ ထိုဖောင်၌ ငြမ်းဖွဲ့၍ ဖြည်းညင်းသာယာစွာ ဘုရားလောင်းကို သက်စေ၍ ကျောက်၌ ဖန်ရည်စွန်းသော အဝတ်ကို ဖြန့်စေ၍ ဂင်္ဂါရေဖြင့် ချိုးစေ၍ တင်လဲရောကို စေသောက်စေ၍ ခြောက်သောကိုယ်ကို အကြိမ်တစ်ထောင်ချက်သော ဆီဖြင့် နယ်၍ အိပ်ရာစောပြင်၌ သိုးခရုကို ခင်းစေ၍ ဖြည်းညင်းသာယာစွာ သိုးရေအင်း၌ အိပ်စေ၍ မိမိသည် နိမ့်သောနေရာ၌နေ၍-

၈၃။ အတ္တာနံ သက်မံ တတ္ထာ၊ ယော သောတ္ထိ သမတာရယိ၊
ကိံ တ္ဝံ တေသံ ကိမေ တုယ္ဟံ၊ ဟာန္ဒီ တေ မဟာကပိ-

ဟူသော စကားဦးစွာသော ဤဂါထာကို ဆို၏။

၈၄။ မဟာဏပိ၊ မျောက်ကြီး။ ယော တ္ဝံ၊ အကြင်သင်သည်၊ အတ္တာနံ၊ မိမိကိုယ်ကို။ သက်မံ၊ ဘံတားပြု၍။ ဣမေ ဝါနရေ၊ ဤမျောက်တို့ကို၊ သောတ္ထိ သမတာရယိ၊ ဘေးမရှိသည်ကဲ့ ပြု၍ ကူးစေ၏၊ တ္ဝံ၊ သင်သည်၊ တေသံ၊ ထိုမျောက်တို့အား။ ကိံ အာဟ၊ အဘယ်၊ အသို့တော်သနည်း၊ ဧးတ၊ ထိုမျောက်တို့သည်လည်း။ တုယ္ဟံ၊ သင့်အား။ ကိံ ဟာန္ဒိ၊ အသို့တော်ကုန်သနည်း၊

www.dhammadownload.com

မျောက်မင်းအဖြေတရား

ထိုစကားကိုကြား၍ ဘုရားလောင်းသည် မင်းကို ဆုံးမလိုသည်ဖြစ်၍၊

၈၄။ ရာဇာ ဟံ ဣဿရော တေသံ၊ ယူထဿ ပရိဟာရကေ။
တေသံ သောကပရေဘာနံ၊ ဘီတာနံ တေ အရိန္ဒမ။

၈၅။ ဥလ္လိမ်္ပယိတ္ထာ အတ္တာနံ၊ ဝိဿဇ္ဇဓနုနာ သတံ။
တထော အပရပါဒေသု၊ ဒဋ္ဌံ ဗန္ဓံ လတာဂုဏံ။

၈၆။ ဆိန္နဇ္ဇမိဝ ဝါတေန၊ နုဏ္ဏော ရုက္ခံ ဥပါဂမိ။
သောဟံ အပ္ပဘဝံ တတ္ထ၊ သာခံ ဟတ္ထေဟိ အဂ္ဂဟိံ။

၈၇။ တံ မံ ဝိယာယတံ သန္တံ၊ သာခါယ စ လတာယ စ။
သမနုဏ္ဏမန္တာပါဒေဟိ၊ သောတ္ထိံ သာခမိဂါ ပတာ။

၈၈။ တံ မံ နတပုတ္တ ဗန္ဓော၊ သုတာ မေ နတပေဿတိ။
သုခမာဟရိတံ တေသံ၊ ယေသံ ရဇ္ဇံ ဓကာရယိံ။

၈၉။ သော တေ ဥပမာ ဆုဇ္ဇ၊ တံ သုဏောဟိ အရိန္ဒမ။
ရဉ္ဉာ ရဋ္ဌဿ ယောဂ္ဂဿ၊ ဗလဿ နိဂမဿ စ။
သဗ္ဗေသံ သုခ မေတဗ္ဗံ၊ ခတ္တိယေန ပဇာနတာ-

ဟူသော ဤဂါထာတို့ကို ဆို၏။

၈၄။ အရိန္ဒမ၊ ရန်သူတို့ကို ဆုံးမတတ်သောမင်းကြီး။ အဟံ၊ ငါသည်။ ယူထဿ၊ မျောက်အပေါင်းကို။ ပရိဟာရကော၊ ဆောင်သော။ ဣဿရော၊ အစိုးရသော။ တေသံ၊ ထိုရွှစ်သောင်းသော မျောက်တို့၏။ ရာဇာ၊ မင်းတည်း။ တေ-တယာ၊ သင်မင်းကြီးမူ။ ဘီတာနံ၊ ကြောက်ကုန်သော။ သောကပရေတာနံ၊ သောကသည် နှိပ်စက်အပ်ကုန်သော။ တေသံ၊ ထိုမျောက်တို့၏။ အတ္ထာယ၊ အကျိုးငှာ။

၈၅။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝိဿဇ္ဇဓနုနော၊ ညှို့မှုလွတ်သော လေး၏။ သတံ၊ အပြန်တစ်ရာ အတိုင်းအရှည်ရှိသော အရပ်ကို။ ဥလ္လိမ်္ပယိတ္ထာ၊ ဆောင်းစွာခုန်၍၊ တထော ဝ၊ ထိုအရပ်မှလျှင်။ အပရပါဒေသု၊ နောက်ခြေတို့၌။ လတာဂုဏံ၊ ယူအပ်သော နွယ်ကို။ ဒဋ္ဌံ၊ မြဲစွာ။ ဗန္ဓံ၊ ဖွဲ့၍။

၈၆။ ဆိန္နဇ္ဇမိဝ၊ လေကြောင့်ပြတ်သော တိမ်ကဲ့သို့။ ဝါတေန၊ မိမိအဟုန်းကြောင့်ဖြစ်သော လေသည်။ နုဏ္ဏော၊ လွှင့်အပ်သည်ဖြစ်၍။ ရုက္ခံ၊

www.dhammadownload.com

သရက်ပင်သို့၊ ဥပါဂမိ၊ ကပ်၏။ သောဟံ၊ ထိုငါသည်။ ဓာတ္ထ၊ ထို ကဲ့သို့ကဲ့ပြင်၌၊ အပ္ပဘုဝံ၊ ဤသရက်ပင်သို့ ဧကာက်အံ့သော်ငှာ မစွမ်း နိုင်သည်ဖြစ်၍။ သာခံ၊ သရက်ခက်ကို။ ဟတ္ထဟိ၊ လက်နှစ်ဖက်တို့ဖြင့်။ အဂ္ဂဟိ၊ ကိုင်ဆွဲ၏။

၈၇။ အာယတံဝိယ၊ စေခင်း၌သိအပ်သော စေခင်းညို့ကဲ့သို့။ သာခါယ စ၊ သရက်ခက်သည်လည်းကောင်း။ လတ္တာယ စ၊ နွယ်သည် လည်းတောင်း။ အာယတံ၊ ငင်အပ်သည်။ သန္တံ၊ ဖြစ်သော၊ တံမံ၊ ထို ငါ့ကို၊ သာခမိဂါ၊ မျောက်အပေါင်းတို့သည်။ ပါဒေဟိ၊ ခြေတို့ဖြင့်။ သမနုက္ကမန္တာ၊ ရှိသော်စွာနင်းကုန်လျက်။ သောတ္ထိ၊ ချမ်းသာစွာ။ ဂတာ၊ သွားကုန်၏။

၈၈။ ယသ္မာ၊ အကြောင်းကြောင့်။ အဟံ၊ ငါသည်။ ယေယံ၊ အကြင် မျောက်တို့၏ ရင်္ခံ၊ မင်းအဖြစ်ကို။ အဏာဝရယိ်ံ၊ ပြု၏။ မယာ၊ ငါဆည်။ စတသံ၊ ထိုမျောက်တို့၏၊ သုခံ၊ ချမ်းသာကို။ အာဟရိတုံ၊ ဆောင်အပ်၏၊ တသ္မာ၊ ထို့ကြောင့်။ ဗဒန္ဓဲ၊ ကြိမ်နွယ်ဖြင့် နှောင်ဖွဲ့ခြင်းသည်။ တံ မံ၊ ထိုငါ့ကို၊ နတပဒတေ၊ မပူပန်စေ။ သတော၊ သတိနှင့်ပြည့်စုံသော။ မေ၊ ငါ့ဆား။ မရဏံ၊ သေခြင်းသည်၊ နတပေဿတိ၊ မပူပန် စေလတ္တံ့။

၈၉။ ဆရိန္ဒမ၊ ရန်သူတို့ကို ဆုံးမတတ်သော၊ ရာဇ၊ မင်းမြတ်။ ဓတ၊ သင်မင်းမြတ်ဆား။ သော ဥပမာ၊ ဤဥပမာကို၊ ဇာထိတာ၊ ဆိုအပ်၏၊ တံ၊ ထိုဥပမာဖြင့် နှိုးနှောချဆိုသော စကားကို။ သုဇောဟိ၊ နာလော့၊ ရညာ၊ မင်းသည်၊ ရဋ္ဌဿစ၊ တိုင်းနိုင်ငံသူ၏လည်းကောင်း၊ ယောဂ္ဂဿစ၊ ရထား အစရှိသော ယာဉ်စီးသူရဲ၏လည်းဟောင်း၊ ဗလဿ စ၊ ဗိုလ်ပါ၏ လည်းဟောင်း။ နိဂမဿ စ၊ နိုဂုံးသူ အပေါင်း၏သည်းခံအောင်း၊ သပ္ပေ သံ၊ ခပ်သိမ်းကုန်သောသူတို့၏။ သုခံ၊ ချမ်းသာကို။ ဇေတ္ဗံ၊ ရှာအပ်၏၊ ခတ္တိယေန၊ မင်းမည်သည်၊ ပဇာနတာ၊ ဉာဏ်နှင့်ပြည့်စုံသည်၊ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

မီးသင်္ဂြိုဟ်ပူဇော်ခြင်း

ဤသို့ ဘုရားလောင်းသည် မင်းကိုဆုံးမလျက်လျှင် သေ၏။ မင်းသံ့ည် အမတ်တို့ကိုခေါ်စေ၍ "ဤမျောက်မင်း၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိုစွ

www.dhammadownload.com

ကို မင်းတို့၏ဆွေလေခင်းကို သင်္ဂြိုဟ်သကဲ့သို့ပြုကြကုန်လော့''ဟုဆို၍ မင်းမောင်းမဆာပေါင်းကိုလည်း သင်တို့သည် နီသောအဝတ်ကိုဝတ်ကုန်လျက် ဖရိုဖရဲကြဲသော ဆံရှိကုန်သည်ဖြစ်၍ ဆီမီးတိုင် လက်စွဲကုန်လျက် မျောက်မင်းကို ခြံရုံ၍ သုသာန်သို့သိုက်ကြကုန်လော့''ဟု စေ၏။ အမတ်တို့သည် ထင်းဆစည်းတစ်ရာတို့ဖြင့်ထင်းပုံကိုပြုကုန်၏။ ဘုရားလောင်း၏အဆွေလောင်းကို ထင်္ဂြိုဟ်ခြင်းကိစ္စကို မင်းတို့ဇောသ သင်္ဂြိုဟ်ခြင်းကိုပြုအပ်သောနည်းဖြင့် လျှင် ပြု၍ ဦးခေါင်းခွံကို ယူ၍ မင်း၏အထံသို့သွားကုန်၏။ မင်းသည် ဘုရားလောင်း၏ သင်္ချိုင်းဌာ စေတီတည်၍ ဆီမီး ညှိထွန်း၍ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ ဦးခေါင်းခွံကိုရွှေမှုံမ်းမံ၍ လှံဖျားဌားဌား၍ ရွှေ့မှဆောင်စေ၍ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်လျက် ဗာရာဏသီသို့ ရောက်၍ လှံကို မင်းအိမ်တံခါးဌားဌား၍ မြို့အလုံးကို တန်ဆာဆင်စေ၍ မုန်စ်ရက်ပတ်လုံး (အရိုး) ဓာတ်အား ပူဇော်ခြင်းကို ပြု၍ ထိုနောင်မှ ထိုဓာတ်ကိုယူ၍ စေတီတည်၍ အသက်ထက်ဆုံး ပန်းနံ့သာတို့ဖြင့် ပူဇော်၍ ဘုရားလေ့စင်းအဆုံးဖာဓ၌ တည်၍ ဆလျှုအစရှိသော ကောင်းမှုတို့ကို ပြု၍ တရားသဖြင့် မင်းပြု၍ နတ်ပြည်သို့လံ့း၏။

ဇာတ်ပေါင်း။ သပ္ပညူမြတ်စွာဘုရားသည် ဤ ဓမ္မ ဒေသနာကို ဆောင်တော်မူ၍ သစ္စာကိုကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ''ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပြစ်မှားသော မျောက်ဖြစ်ပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ မျောက်မင်း၏ ပရိသတ်ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မျောက်မင်းဖြစ်ပြီ''ဟု ဇာတ်ကိုပေါင်းတော်မူ၏။

(မင်းမည်သည်ကား၊ လူအမျှား၊ စီးပွားဆောင်ရွက်ရာ။)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော် မဟာကပိဇာတ်သည် ပြီး၏။

၁၃။ ကုမ္ဘကာရဇာတ်

ကိလေသာတို့၏ အလိုသို့ မလိုက်သင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သပ္ပညူမြတ်စွာဘုရားသည် အမှာဟာမဒ္ဒီ ဝနမန္တရဿိ-အာစ

www.dhammadownload.com

ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကုမ္ဘကာရဇင်းတို့ကို ဇေတဝန်ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် ကိလေသာအား နှိပ်စက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ပစ္စုပ္ပန်ဝတ္ထုသည် ပညာသ ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

ထိုအခါ၌ကား သာဝတ္ထိပြည်၌ ငါးရောက်နေသော အဆွေခင်ပွန်းတို့သည် ရဟန်းပြုကုန်၍ ဇေတဝန်ကျောင်းတော် အတွင်း၌ နေကုန်လျက် သန်းခေါင်ယံအခါ၌ ကာမဝိတက်ကိုကြံကုန်၏။ သပ္ပဉ္ဉမြတ်စွာဘုရားသည် ကိုယ်တော်၏ သာဝကတို့ကို ညဉ့်သုံးကြိမ်, နေ့သုံးကြိမ် ဤသို့ ညဉ့်နေ့ ခြောက်ကြိမ် သာဝကတို့ကို ကြည့်လျက် ယစ်မသည် အဉကို စောင့်သကဲ့သို့, စာမရီသည် အမြီးကို စောင့်သကဲ့သို့, အမိသည် ချစ်စွာသော သားကို စောင့်သကဲ့သို့, မျက်စိတစ်ဖက်သာ ရှိသော ယောကျ်ားသည် မျက်စိတစ်ဖက်ကို စောင့်သကဲ့သို့ ထိုဇာန်၌ဖြစ်သော ကိလေသာ ရှိသော ရဟန်းတို့ကို နှိပ်၏။

ထိုမြတ်စွာဘုရားသည် ထိုနေ့သန်းခေါင်ယံအခါ၌ ဇေတဝန်ကျောင်းတော်ကိုစုံစမ်းလျက်' ထိုရဟန်းတို့၏အတွင်း၌ကြကိလေသာသည်ပွားသည် ရှိသော် အရဟတ္တဖိုလ်၏အကြောင်းကို ဖျက်လတ္တံ့၊ ယခုအခါ၌လျင် ထိုရဟန်းတို့အား ကိုးလသာကိုနှိပ်၍ အရဟတ္တဖိုလ်ကို ပေးအံ့'' ဟု ဂန္ဓကုဋီမှ ထွက်တော်မူ၍ အာနန္ဒာမဲးထရ်ကို ခေါ်တော်မူ၍ ''အာနန္ဒာ-ဇေတဝန်ကျောင်းတော်အတွင်း၌နေကုန်သော ရဟန်းတို့ကို စည်းဝေးစေလော့'' ဟု စည်းဝေးစေ၍ ခင်းဖြပ်သော ဘုရားနေရာ၌ နေတော်မူ၍ ''အတွင်း၌ဖြစ်သော ကိလေသာတို့၏အလိုသို့ လိုက်ခြင်းငှာ မသင့်၊ ကိလေသာသည် ပွားလတ်သော် ရန်သူကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့ နှိုးဆော်စေတတ်၏၊ ရဟန်းမည်သည် အနည်းငယ်လည်းဖြစ်သော ကိလေသာကို နှိပ်ခြင်းငှာသင့်၏၊ပညာရှိတို့သည် အနည်းငယ်သောဆာရုံကိုမြင်၍ အတွင်း၌ဖြစ်သော ကိုးလသာကိုနှိပ်၍ ပစ္စေကဗုဒ္ဓဘဝိညာဏ်ကို ဖြစ်စေကုန်၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီ မြို့တံခါးရွာ၌ အိုးထိုန်းသည်အမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ဥစ္စာကိုဖြစ်စေ

www.dhammadownload.com

၍ တစ်ယောက်သော သား၊နှင့်သမီး၊ကို၎၍ အိုး၊ထိန်း၊သည်တို့၏ အမှုကိုမှီ၍ သား၊မယား၊တို့ကို မွေး၏။။

ကလိင်္ဂမင်း၊သရက်ပင် ဒုံ၀၀၇

ထိုအခါကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကရဏ္ဍကမည်သော၊မင်း၊သည် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့သွား၊သည်ရှိသော် ဥယျာဉ်တံခါး၌ အသီး၀န်ကိုဆောင်သော ချို့သောအသီး၌သော သရက်ပင်ကိုမြင်၍ မြတ်သော ဆင်ကျောက်ကုန်း၊ထက်၌ နေလျက်လျှင် လက်ကိုဆန့်၍ သရက်ခိုင်ကို ဆွတ်၍ ဥယျာဉ်သို၀င်၍ မင်္ဂလာကျောက်ဖျာ၌၊နေလျက် ပေး၊အပ်သည်နှင့် ယှဉ်သောသူတို့အား၊ပေး၍ သရက်သီး၊ကို စား၏။။ မင်း၊သည် ယူအပ်သော ကာလမှစ၍ ကြင်း၊သောသူတို့မည်သည် ယူအပ်သည်သာလျှင် ဖြစ်၏။ ထို့ကြောင့် အမတ်တို့သည်လည်း၊ကောင်း၊ ပုဏ္ဏား၊သူကြွယ် အစရှိသော သူတို့သည် လည်း၊ကောင်း သရက်သီး၊တို့ကို ကျစေ၍ စား၊ကုန်၏။။ နောက်မှ ဆာကုန်သောသူတို့သည် သစ်ပင်သို့တက်၍ ဆောက်ပုတ်တို့ဖြင့်ခြွေ၍ ဆာခက် စနောင့်စနင်း၊ရှိသည်ကို့ပြု၍ စိမ်း၊သော သရက်သီး၊ကိုလည်း ၊ကြင်း၊မကျန် စေမူ၍ စား၊ကုန်၏။ မင်း၊သည် တစ်နေ့ပတ်လုံး ဥယျာဉ်၌ကစား၍ ညအခါ တန်ဆာဆင်သော မြတ်၊သော ဆင်ကျောက်ကုန်း၌နေ၍ သွား၊သည်ရှိသော် ထိုသရက်ပင်ကိုမြင်၍ ဆင်း၊သက်၍ သရက်ပင်ရင်း၊သို့သွား၍ သရက်ပင်ကို ကြည့်၍ ''ဤသရက်ပင်သည် နံနက်အခါ၌လျှင် ကြည့်ကုန်သော သူတို့အား၊ ဝမ်းမြောက်ရခြင်း၊ကိုပြု၏၊ အသီး၀န်ကို ဆောင်၏၊ တင့်တယ်စွာတည်၏။ ယခု အခါ ယူအပ်သော အသီး၊ရှိသည်ဖြစ်၍ အခက် စနောင့်စနင်း ရှိ၏၊ မတင့်တယ်သည်ဖြစ်၍ တည်း၏''ဟု ကြံ၍ တစ်ဖန် တစ်ပါး၊သောအရပ်သို့ ကြည့်လတ်သော် အသီး၊မရှိသော သရက်ပင်ကိုမြင်၍ ''ဤသရက်ပင်သည် မိမိ၏ အသီး၊မရှိသည်၏ အဖြစ်ကြောင့် ပတ်ပတ်မြား၊တောင်းကဲ့သို့ တင့်တယ်စွာတည်၏၊ ဤဤသရက်ပင်သည် အသီး၊ရှိသည်၏အဖြစ်ကြောင့် ဤသို့ ပျက်စီး၊ခြင်း၊သို့ မရောက်ရ၏၊ ဤအိမ်၏အလယ်၌ နေခြင်း၊သည်လည်း၊ အသီး၊ရှိသော သရက်ပင်နှင့် တူ၏၊ ရဟန်း၊အဖြစ်သည် အသီး၊မရှိသော သရက်ပင်နှင့် တူ၏။။ ဥစ္စာရှိသော သူအား၊သာလျှင် ဘေး၊ရှိ၏၊ ဥစ္စာမရှိ၊သောသူကား ဘေး၊မရှိ။။ ငါသည်လည်း အသီး၊မရှိ၊သော သရက်ပင်ကဲ့သို့ ဖြစ်ရာ၏''ဟု အသီး၊ရှိ၊သော သရက်ပင်ကို အား၊ရုံပြု၍ သရက်ပင်ရင်း၌ တည်လျက်လျှင် လက္ခဏာရေး

www.dhammadownload.com

သုံးပါးတို့ကိုမှတ်၍ ဝိပဿနာကို ပွားဆ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၍ ''ယခု ငါသည် အာမိဝမ်းဟူသောကုဋ္ဌိကို ဖျက်ဆီးအပ်ပြီ၊ ဘုံသုံးပါးတို့၌ ပဋိသန္ဓေကို ဖျက်ဆီးအပ်ပြီ၊ သံသရာဟူသော မစင်မြေကို သုတ်သင်အပ်ပြီ၊ ငါသည် မျက်ရည်သမုဒ္ဒရာကို ခြောက်စေအပ်ပြီ၊ အရိုးတံတိုင်းကို ချိုးဖျက်အပ်ပြီ၊ ငါ့အား တစ်ဖန် ပဋိသန္ဓေသည် မရှိပြီ'' ဟု ဆင်ခြင်လျက် ခပ်သိမ်းသောဘန်ဆာတို့ဖြင့် တန်ဆာဆင်လျက် တည်၏။

ထိုအခါ မင်းကို အမတ်တို့သည် ''မြတ်သောမင်းကြီး... ရပ်နေတော်မူသည်ကား ကြာမြင့်ပြီ'' ဟု ဆိုကုန်၏။ ''အမတ်တို့.. ငါသည် မင်းမဟုတ်ပြီ၊ ငါတို့သည် ပစ္စေကဗုဒ္ဓါ မည်ကုန်၏'' ဟု ဆို၏။ ''ဆရာမင်းကြီး.... ပစ္စေကဗုဒ္ဓါတို့မည်သည် သင်မင်းကြီးတို့ကဲ့သို့ မဖြစ်ကုန်'' ဟု ဆိုကုန်၏။ ထို့သို့မဖြစ်ကုန်သော် အဘယ်သို့သဘော ရှိကုန်သနည်း'' ဟု ဆို၏။ ''ဆရာမင်းကြီး....ပစ္စေကဗုဒ္ဓါတို့သည် ချအပ်သော ဆံ မုတ်ဆိတ်ရှိကုန်၏၊ ဖန်ရည်စွဲန်းသော အဝတ်ကို ဝတ်ကုန်၏၊ အမျိုးဥစ္စာလည်းကောင်း, ဆင်ခြေအရံဥစ္စာလည်းကောင်း ငြိတွယ်ခြင်း မရှိကုန်သည်ဖြစ်၍ လေကြောင့်ပြတ်သော တိမ်နှင့်တူကုန်၏၊ ရာဟုခံတွင်းမှလွတ်သော လနှင့် တူကုန်၏၊ ဟိမဝန္တာဝယ် နန္ဒမူလိုဏ်ဥ္စာ နေကုန်၏၊ ဆရာမင်းကြီး—ပစ္စေကဗုဒ္ဓါတို့သည် ဤသို့ဆဘောရှိကုန်၏'' ဟု ဆိုကုန်၏။ ထိုခဏဥ္စာ မင်းသည် လက်ကိုချီ၍ ဦးခါင်းကို သုံးသပ်၏။ ထိုခဏဥ္စာ မင်းအား လူဆယ့်သည် ကုယ်၏၊ ရဟန်းဆယ့်သည် ထင်ရှားဖြစ်၏၊ သက်နှံးသုံးထည် သပိတ် ပဲခွပ် အပ်ခါးဝန်းရေစစ်နှင့်တကွ ရှစ်ပါးကုန်သော ထိုပရိက္ခရာတို့သည် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းနှင့်ယှဉ်သော ရဟန်းဆာ လျောက်ပတ်ကုန်၏၊ ဤသို့ ဆိုအပ်ကုန်သော ရဟန်းတို့၏ ပရိက္ခရာတို့သည် ကိုယ်၌ ရောက်ကုန်သည်ထာလျှင် ဖြစ်ကုန်၏။ ထိုပစ္စေကဗုဒ္ဓါသည် ကောင်းကင်၌ရပ်၍ လူဆများအား ဆုံးအမကိုပေး၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာဝယ် နန္ဒမူလိုဏ်သို့လျှင် သွား၏။

ဂန္ဓာရမင်း လက်ကောက်သံ သံဝဂ

ဂန္ဓဲ့ရတိုင်း တက္ကသိုလ်ပြည်၌လည်း နဂ္ဂဇိမည်သော မင်းသည် အထက်ပြာသာဒ်ဝယ် မြတ်သော ပလ္လင်အလယ်၌နေလျက် လက်တစ်ဖက် တစ်ဖက်၌ တစ်ခုတစ်ခုသော ပတ္တမြားလက်ကောက်ကို ဝတ်၍ အနီး၌နေ၍

www.dhammadownload.com

နဲ့သာသွေးဆော မိန်းမတစ်ယောက်ကိုမြင်၍ "ဤလက်ကောက်တို့ဆည် တစ်ခုဘစ်ခုစီ၏ အဖြစ်ဖြင့် အချင်းချင်း မထိကုန်၊ မမြည်ကုန်" ဟု ကြည့်လျက်နေ၏။ ထို့နောင်မူ ထိုမိန်းမသည် လက်ယာလက်မှ လက်ကောက်ကို လက်ဝဲ၌လျင်ဝတ်၍ လက်ယာလက်ဖြင့် နံ့သာကိုင်၍ သွေးအံ့ဆသဒ္ဒါ အားထုတ်၏၊ လက်ဝဲလက်၌ ပတ္တမြားလက်ကောက်သည် အဖက်ကိုစဲ၍ ထိခိုက်လျက် အသံကိုပြု၏။ မင်းသည် ထိုလက်ကောက်နှစ်ခုတို့သည် အချင်းချင်းထိကုန်၍ မြည်ကုန်သည်တို့ကိုမြင်၍ "ဤလက်ကောက်သည် တစ်ဖုတစ်ခုသော ဓာလည်၌ မထိ၊ အဖက်ကိုစဲ၍ ထိ၏၊ အသံကိုပြု၏၊ ဤအတူလျင် သတ္တဝါတို့သည် တစ်ယောက်အထီးတည်း နေကုန်သော် မထိကုန်၊ခိုက်ရန် မဖြစ်ကုန်၊ နှစ်ယောက် သုံးယောက်ဖြစ်ကုန်၍ အချင်းချင်းထိကုန်၏။ ဝါသည် ဤဂန္ဓာရတိုင်း၌ နှစ်ပြည်ထောင်တို့၌ နေကုန်သော သူတို့ကို စီရင်၏၊ ငါသည်လည်း တစ်ခုသောလက်ထောက်နှင့် တူသည်ဖြစ်၍ သူတစ်ပါးကို မစီရင်မူ၍ မိမိကိုယ်ကိုသာလျင် စီရင်သဖြင့် နေခြင်းငှာ သင့်၏" ဟု ထို့သော လက်ကောက်ကို ဆောခဲ့ပြု၍ ထိုင်မြဲတိုင်းဖြင့်သာလျင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ စီပသဿနာကိုပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏။ [ကြင်းသောစကားသည် ရွှေနှင့် တူသလျင်ဆုတည်း။]

ဝိဒေဟမင်း သားတစ်သံဝဂ

ဝိဒေဟတိုင်း မိထိလာပြည်၌ နိမိမည်သောမင်းသည် နံနက်စာစားပြီးသော် ဆမတ်အားပါင်း ခြံရံလျက် ဖုန်သော လေသာပြတင်းဖြင့် ခရီးဆကြားကိုကြည့်လျက် ရပ်၏။ ထိုအခါ တစ်ခုသောစွန်သည် အမဲစေးမှသားတစ်ကိုယူ၍ ဆောင်းကင်သို့ပျံ၏။ ထိုစွန်ကို ထိုမှဤမှ လင်းတ အစရှိကုန်သော ငှက်တို့သည် ခြံရံ၍ အာဟာရဟူသော အကြောင်းကြောင့် နှုတ်သီးဖြင့် ထိုးကုန်လျက် အဘောင်တို့ဖြင့် ခတ်ကုန်လျက် ခြေတို့ဖြင့် နင်းကုန်လျက် လိုက်ကုန်၏၊ ထိုသားတစ်ကိုယူသော စွန်သည် မိမိအားညှဉ်းဆဲခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ ထိုသားတစ်ကို စွန့်၏။ တစ်ခုသော ငှက်သည် ယူ၏။ ထိုငှက်တို့သည် သားတစ်ကိုစွန့်သော ငှက်ကို လွှတ်၍ သားတစ်ကိုယူသောငှက်ကို လိုက်ကုန်၏၊ ထိုငှက်ထံသည် စွန့်အပ်သော သားတစ်ကို တစ်ပါးသောငှက်သည် ယူပြန်၏။ ထိုငှက်တို့သည်လည်း ထို့အတူလျင် ညှဉ်းဆဲကုန်၏၊ မင်းသည် ထိုငှက်တို့ကို မြင်၍

www.dhammadownload.com

"အကြင်ဌက်သည် သားတစ်ကိုယူ၏၊ ထိုဌက်အားသာလျှင် ဆင်းရဲ၏။ အကြင် အကြင်ဌက်သည် လွတ်၏၊ ထိုထို ဌက်အားသာလျှင် ချမ်းသာ၏။ ဤငါးပါးကုန်သော ကာမဂုဏ်တို့ကိုလည်း အကြင်အကြင်သူသည် ယူ၏၊ ထိုထိုသူသည် ဆင်းရဲ၏။ မယူသော သူအား သာလျှင် ချမ်းသာ၏၊ ဤကာမဂုဏ်တို့သည် မျှားစွာကုန်သော သူတို့အား ဆက်ဆံကုန်၏။ ငါ့အား ကား တစ်သောင်းခြောက်ထောင်ကုန်သော မောင်းမတို့သည် ရှိကုန်၏၊ စွန်သည် နှုတ်သီးမှ သားတစ်ကို လွတ်သကဲ့သို့ ငါသည် ငါးပါးကုန်သော ကာမဂုဏ်တို့ကိုစွန့်၍ ချမ်းသာစွာပြုခြင်းငှာ သင့်၏" ဟု ကြံ၏။ ကြံပြီး၍ မင်းသည် ဆာသင့်အား ဖြင့် နှလုံးသွင်းလျက် တည်မြဲတိုင်းလျှင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကိုပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏၊ [ကြွင်းသောစကားသည် ရှေးဝတ္ထုနှင့် တူသလျှင်ဆိတည်း။]

ပဉ္စာလမင်း ကိုလေသာသံဝေဂ

ဥတ္တရပဉ္စာလတိုင်း ကံပိလမြို့၌ ဒုမ္မုခမည်သောမင်းသည် နံနက်စာစား ပြီးသော်ခပ်သိမ်းသောတန်ဆာတို့ဖြင့်တန်ဆာဆင်ပြီးလျှင် ဆာမတ်ဆာပေါင်း ခြံရံလျက် ဖွင့်အပ်သော လေသာပြတင်းဖြင့် မင်းရင်ပြင်ကိုကြည့်လျက်တည်၏၊ ထိုခဏ၌ နွားခြံတံခါးကို ဖွင့်ကုန်၏။ ဥသဘတို့သည် ခြံမှ ထွက်ကုန်၍ ကိုလေသာ၏ အစွမ်းဖြင့် တစ်ခုသောနွားမသို့ လိုက်ကုန်၏။ ထိုဥသဘတို့တွင် တစ်ခုသော ထက်သောဦးချိုရှိသော ဥသဘကြီးသည် လာလတ်သော် တစ်ပါးသော ဥသဘကိုမြင်၍ ကိုလေသာ၌ ဝန်တိုခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ထက်သော ဦးချိုဖြင့် ပေါင်ကြားဥ၌ ဝှေ့၏။ ထိုဥသဘအား ဝှေ့ရာမှ အအူတို့သည် ထွက်ကုန်၏။ ထိုဥသဘသည် ထိုအရပ်၌လျှင် ဆာသက်ကုန်ခြင်းသို့ ရောက်၏။ မင်းသည် ထိုဥသဘကိုမြင်၍ "ဤသတ္တဝါတို့သည် တိရစ္ဆာန်တို့ကို အစပြု၍ ကိုလေသာ၏ အစွမ်းဖြင့် ဆင်းရဲခြင်းသို့ရောက်၏၊ ဤဥသဘသည် ကိုလေသာကိုမှီ၍ ဆာသက်ကုန်ခြင်းသို့ ရောက်၏၊ တစ်ပါးသော သတ္တဝါကိုသည်လည်း ကိုလေသာ၏ အစွမ်းအားဖြင့် တုန်လှုပ်၏၊ ငါသည် ဤသတ္တဝါတို့ကို တုန်လှုပ်စေတတ်သော ကိုလေသာတို့ကို ပယ်အံ့သောငှာ သင့်၏" ဟု ကြံ၏။ ကြံပြီး၍ မင်းသည် ရပ်လျက်လျှင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏။ (ကြွင်းသောစကားသည် ရှေးနှင့် တူသလျှင်ကတည်း။)

www.dhammadownload.com

ထိုအခါတစ်နေ့သ၌ ဒလးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းခံအခါကို မှတ်၍ နန္ဒမူလိုဏ်မှထွက်၍ အနဝတတ်အိုင်ဝ၌ နာဂလတာ မည်သော တံပူကိုစား၍ ပြုဆာပ်ပြီးသော ကိုယ်လက်သုတ်သင်ခြင်း ရှိကုန်သည်ဖြစ်၍ ဆေးဒန်း မြင်းသီလာဖြင့်ပြီးသော ကျောက်ဖျာအပြင်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူ၍ တဲန့်ခိုးဖြင့် ကောင်းကင်သို့ပျံ၍ ဝါးပါးသော အဆင်းရှိသာ တိမ်တိုက်တို့ကဲ့ နင်းကုန်လျက် သွားကုန်၍ ဗာရာဏသီမြို့ တံခါးရွာ၏အနီး၌ သက်ရှိ တဖ်ခုသာ ချမ်းသာရာအရပ်၌ သင်္ကန်းရုံ၍ သပိတ်ကိုယူ၍ ရွာသို့ဝင်၍ ဆွမ်းအလိုငှာ သွားကုန်လတ်လော် ဘုရားလောင်း၏ အိမ်တံခါးသို့ ရောက်ကုန်၏၊

အိုးထိန်းသည် တရားနာရပုံ

ဘုရားလောင်းသည်လည်း ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်၍ နှစ်သက်သော စိတ် ရွှင်လန်းဖြစ်၍ အိမ်သို့သွား၍ ခင်းအပ်သော နေရာ၌ နေစ၍ ထာလူရေစက်ကို လှူ၍ မြတ်သော ခဲဖွယ်ဖြင့် လုပ်ကျွေး၍ တင့်အပ်သောအရပ်၌ နေ၍ သံဃာ့ဆေးထရံကို ရှိခိုး၍ "အရှင်ဘုရား....အရှင်ဘုရားတို့၏ ရဟန်းဖြစ်သည် အလွန်လျင် တင့်တယ်၏၊ အရှင်ဘုရားတို့၏ ကွေးနွဲ့သည် ဆုထူးသဖြင့် ကြည်လင်ကုန်၏၊ ဆရေအဆင်းတို့သည် စင်ကြယ်ကုန်၏၊ ဆဘယ်အာရုံကို မြင်၍လျှင် အရှင်ဘုရားတို့သည် ဤဆွမ်းခံသော ဆကျင့်ရှိသော ရဟန်းအဖြစ်သို့ ကပ်ကုန်သနည်း" ဟု မေး၏။ သံဃာ့ထရံကို မေးသကဲ့သို့ ထို့အတူ ကြွင်းကုန်သော ပစ္စေကဗုဒ္ဓါတို့သို့ ကပ်၍လည်း မေး၏၊ ထိုအခါ ဘုရားလောင်းအား ထိုဒလးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် "ဤမည်သောမြို့၌ ဤမည်သောတိုင်း၌ ဤမည်သော မင်းဖြစ်၏" ဤသို့ အစရှိသောနည်းဖြင့် မိမိတို့၏ ဇာတော်ထုတ်ခြင်း ဝတ္ထုတို့ကို ဆိုလို၍ ဆစဉ်သဖြင့်-

၉၀။ ဆမ္မာဟ မဒ္ဒ ဝဲနမန္တရသို့၊ နိဒလာဘာသံ ဖလိတံ သံဝိရွဠ်။
တမဒ္ဒသံ ဖဿဟေတု ဝိဘဂ္ဂံ၊ တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

၉၁။ ဇသလုံ သုမဒ္ဒ နရဝီရနိဋ္ဌိတံ၊ နာရီ ယုဂံ ဓာရယိ ဆပွသဒ္ဒံ။
ဒုတိယဉ္စ ဆာဂမ္မ ဆဇဟာသိ သဒ္ဒါ၊ တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

www.dhammadownload.com

၉၂။ ဒီဇာ ဒီဇံ ကုဏပ မာဟာနန္တံ၊ ဧကံ သမာနံ ဗဟုကာ သဓေစ္စုံ။
အာဟာရဟေတု ပရိပါတယိ သု၊ တံ ဒိသွာ ဘိက္ခာစရိယံ စထာမိ။

၉၃။ ဥသဘာ ဟ မဒ္ဒံ ယူထဿ မဇ္ဈေ၊ စလက္ကကုံ ဝဏ္ဏဗလူပပန္နံ။
တမဒ္ဒသံ ကာမဟေတု ဝိတုန္နံ၊ တံ ဒိသွာ ဘိက္ခာစရိယံ စထာမိ-

ဟူသော ဤတစ်ဂါထာ တစ်ဂါထာစီတို့ကို ရွတ်ကုန်၏။

၉၀။ အဟံ၊ ငါသည်။ ဝနမန္တံရသွိ၊ သရက်ဝတာ၏ အလယ်၌။ နိလောဘာသံ၊ ညိုသောအရောင်ရှိသော။ ဖလိတံ၊ အသီးနှင့်ပြည့်စုံသော။ သုံဝိရွဠှံ၊ စည်ပင်ပြန့်ပွားသော။ အမ္မံ၊ သရက်ပင်ကို။ အဒ္ဒံ၊ ဥယျာဉ်သို့ အဝင် လက်ဦးမြင်၏။ ဖလဟေတု၊ အသီးဟူသော အရင်းကြောင်းကြောင့်။ ဝိဘဲဂ့ံ၊ ပျက်စီးသော။ ဒုံတံ၊ ထိုသရက်ပင်ကိုပင်။ အဒ္ဒသံ၊ အထွက်၌ တစ်ဖန်မြင်ပြန်၏။ တံ၊ ထိုသရက်ပင်ကို။ ဒိတွာ၊ မြင်၍။ ဘိက္ခာစရိယံ၊ ဆွမ်းခံသော အကျင့်ကို။ စထာမိ၊ ကျင့်၏။

၉၁။ နာဂရိ၊ မိန်းမသည်။ သေလံ၊ ပတ္တမြားဖြင့်ပြီးသော။ သုမဋ္ဌံ၊ အလွန်ပြေပြစ်သော။ နာဂဝိရနိဋ္ဌိတံ၊ ပညာရှိသော လူတို့သည် စီရင်အပ်သော။ အပ္ပသဒ္ဒံ၊ အသံမရှိသော။ ယုဂံ၊ တစ်ဖက်တစ်ဖက်၌ တစ်ခု တစ်ခုသော လက်ကောက်အစုံကို။ ဓာရယိ၊ ဆောင်၏။ စ၊ ဆက်၍ ဆိုအံ့။ ဒုတိယံ၊ လက်ယာဘက်မှ လက်ဝဲဘက်သို့ ပေါင်း၍ ဆင်ယင်သော နှစ်ခုမြောက် အဖော်ဖြစ်သော လက်ကောက်ကို။ အာဂမ္မ၊ စုံ၍။ သဒ္ဒေါ၊ အသံသည်။ အဟောသိ၊ ဖြစ်၏။ တံ၊ ထိုလက်ကောက်ကို၊ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဘိက္ခာစရိယံ၊ ဆွမ်းခံသော အကျင့်ကို။ စထာမိ၊ ကျင့်၏။

၉၂။ ကုဏပံ၊ သားတစ်ကို။ အာဟဂဲန္တံ၊ ဆောင်သော။ သမာနံ၊ မြတ်နိုး၏။ ကေဒိဇံ၊ ငှက်ဘစ်ခုကို။ ဗဟုကာ၊ များကုန်သော။ ဒိဇာ၊ ငှက်တို့သည်။ သဓေစ္စု၊ အညီအညွတ် စည်းဝေး၍။ အာဟာရဟေတု၊ အာဟာရဟူသော အရင်းကြောင်း။ ပရိပါတယိ သု၊ ထိုးဆွ၍လိုက်ကုန်၏။ တံ၊ ထိုငှက်ကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဘိက္ခာစရိယံ၊ ဆွမ်းခံသောအကျင့်ကို။ စထာမိ၊ ကျင့်၏။

www.dhammadownload.com

၉၃။ ယူထသ၊ နွားအခေါင်း၏။ မင်္ဂလ၊ အာလယ်၌၊ စလက္ကကို၊ လှံပ်သော လဘို့ရှိသော။ ဝဏ္ဏဗလူပနွံ၊ အဆင်းအားဖြင့်ပြည့်စုံသော။ ဥသဘံ၊ ဥသဘကို။ အဟံ၊ ငါသည်။ ဇာဒွံ၊ မြင်၏။ ကာမဟေတု၊ ကာမဟူသော အကြောင်းကြောင့်။ ဝိတုန္နံ၊ နှိပ်စက်အပ်သော။ တံ၊ ထိုဥသဘကို။ အဒ္ဒသံ၊ မြင်ပြန်၏။ တံ၊ ထိုဥသဘကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဘိက္ခာစရိယံ၊ ဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။

ရဟန်းပြုလို၍ မယားကို မှာပြီ

ဘုရားလောင်းသည် တစ်ခု တစ်ခုသော ဂါထာကို နာရ၍ အရှင်ဘုရား တို့—ကောင်းစွ ကောင်းစွဲ၊ ထိုအာရုံသည် အရှင်ဘုရားတို့အားသာလျှင် လျှောက်ပတ်၏''ဟုတစ်ဆူ တစ်ဆူသော ပစ္စေကဗုဒ္ဓါအား ချီးမွမ်းခြင်းကို ပြု၏။ လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဟောအပ်သော ထိုဓမ္မဒေသနာကိုနာရ၍ အိမ်၌ခနခြင်းဖြင့် အလိုမရှိသည်ဖြစ်၍ ပစ္စေကဗုဒ္ဓါတို့သည် ဖဲကုန်လတ်သော် နံနက်စာစားပြီး၍ ချမ်းသာစွာနေလျက် မယားကို ခေါ်၍''ရှင်မ...ကျွန်လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် မင်းအဖြစ်ကို စွန့်၍ ရဟန်းပြု၍ ပလိဗောဓ မရှိကုန်သည် ဖြစ်၍ ချမ်းသာသဖြင့် လွန်စေကုန်၏။ ငါသည်ကား အာစာရသဖြင့် အသက်ကိုမွေး၏၊ ငါအား အိမ်၌နေသဖြင့် အဘယ်မှုအံ့နည်း။ သင်သည် သားငယ်တို့ကို ထုံကြိုဟ်၍ သာ အိမ်၌ နေရစ်လော့''ဟု ဆိုလို၍-

၉၄။ ကရဏ္ဍဝေကာ ကလိင်္ဂါနံ၊ ဂန္ဓာရာနဉ္စ နဂ္ဂဇိ၊
နိမိရာဇာ ဝိဒေဟာနံ၊ ပဉ္စာလာနဉ္စ ဒုမ္မုခေါ။
ဧတေ ရဋ္ဌာနိ ဟိတ္ဝာန၊ ပဗ္ဗဇိ သု အကိဉ္စနာ။

၉၅။ သဇ္ဇုပိဒမဒေဝသမာ သမာဂတာ၊
အဂ္ဂိယဆာ ပဇလိတော တဒေထဝိ.မ။
အဟံပိ ဧဝကာ စရိဿာမိ ဘဂ္ဂဝိ၊
ဟိတ္ဝာန ကာမာနိ ယထောဓိကာနိ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏၊

၉၄။ ဘဂ္ဂဝိ၊ အိုးထိုန်းသည်မ။ ဂ.လိင်္ဂါနံ၊ ကလိင်္ဂတိုင်းသူတို့၏၊ ကရဏ္ဍကော၊ ကရဏ္ဍကမင်းလည်းကောင်း။ ဂန္ဓာရာနံ၊ ဂန္ဓာရတိုင်းသူ

www.dhammadownload.com

တို့၏။ နဂ္ဂဇီ စ၊ နဂ္ဂဇီမင်းလည်းကောင်း၊ ဝိဒေဟာနံ၊ ဝိဒေဟတိုင်းသူ
တို့၏။ နိမိဆာဇာ စ၊ နိမိမင်းလည်းကောင်း၊ ပဉ္စာလာနံ ပဉ္စာလတိုင်းသူ
တို့၏။ ဒုမ္မုခေါ စ၊ ဒုမ္မုခမင်းလည်းကောင်း၊ ဇာတ၊ ထိုလေးပါးကုန်
သော မင်းတို့သည်။ ဂဠဒ္ဒးနိ၊ တိုင်းတို့ကို။ ဟိတ္ဝာန၊ စွန့်၍။ အာဠာနဂ၊
ပလိဗောဓ၊ မရှိကုန်သည်ဖြစ်၍။ ပဗ္ဗဇိ့သူ၊ ရဟန်းပြုကုန်၏။

၉၅။ ဘဂ္ဂဝိ၊ အိုးထိန်းသည်မ။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။
ဣမ၊ ဤပစ္စေကဗုဒ္ဓါတို့သည်။ ဒေဝသမာ၊ ဝိသုဒ္ဓိနတ်ဖြစ်ကုန်သော ရှေး
ပစ္စေကဗုဒ္ဓါတို့နှင့် တူကုန်၏၊ သမာဂတာ၊ ရှေးပစ္စေကဗုဒ္ဓါတို့နှင့် အတူ
တကွလစကုန်၏။ အဂ္ဂိ၊ မီးသည်။ ဇဠလိ့တာယထာ၊ တောက်ပသကဲ့သို့။
တဇေထ၀၊ ထို့အတူလျှင်။ ဣမ၊ ဤပစ္စေကဗုဒ္ဓါတို့သည်။ ပဇ္ဇလ္လန်၊
ဘောက်ပကုန်၏။ ဘဂ္ဂဝိ၊ အိုးထိန်းသည်မ။ ဇာဟံပိ၊ ငါသည်လည်း။
ယဒေထာဓိကာနိ၊ အကြင် ဆကြင် ရှုပါရုံ အစရှိသော ဆပိုင်းဆခြားဆာဒ၊
ဖြင့် တည်ကုန်သော။ ကာမာနိ၊ ဝတ္ထုကာမတို့ကို၊ ဟိတ္ဝာန၊ စွန့်၍။ ပဗ္ဗဇိ
တ္ဝာ၊ ရဟန်းပြုပြီး၍။ ဧကော၊ တစ်ယောက်ထီးတည်း။ စရိဿဒမိ၊
ကျင့်အံ့။

မယားရဿမ ဝတ်

မယားသည် ဘုရားလောင်း၏စကားကိုကြား၍ "သခင် ကျွန်ုပ်၏လည်း
ပစ္စေကဗုဒ္ဓါတို့၏ တရားစကားကို နာရသောကာလမှစ၍ အိမ်၌ စိတ်သည်
မတည်" ဟု ဆိုလို၍-

၉၆။ ဆယမေဝ ကာဒးလာ နဟိ အညော ဆာတ္ထိ၊
ဆနုသဒသိတာ မေ နဘဒ၀ယျ ပစ္ဆာ။
ဆဟံပိ ဧကော စရိဿာမိ ဘဂ္ဂဝ၊
သကုဏိ၀ မုတ္တော ပုရိသဿ ဟတ္ထာ-

ဟူသော ဤဂါထာကို ဆို၏။

၉၆။ ဘဂ္ဂဝ၊ အိုးထိန်းသည်။ ယသ္မာ၊ ဆကြောင့်၊ မေ၊ ငါ့
အား။ ပစ္ဆာ၊ နောက်ကာလ၌။ ဆနုသာသိတာ၊ ဆတူးမဆပ်သည်။ နဘဒေ၀
ယျ၊ မဖြစ်ရာ။ တသ္မာ၊ ထို့ကြောင့်။ ဆယမေ၀၊ ဤဆခါသည်သာလျှင်။
ကာဒးလာ၊ ရဟန်းပြုခဲ့သောဆခါတ်သည်း၊ ဆညော၊ တစ်ပါးသောရဟန်း၊

www.dhammadownload.com

ပြုအံ့သောကာလသည်။ နှ ဟိ အာတ္ထိ၊ မရှိသလျှင်ကတည်း။ ပုရိသဿ၊ ဌက်ခတ်သော ယောကျ်ား၏။ ဟတ္ထာ၊ လက်မှ။ မုတ္တာ၊ လွတ်သော။ သကုဏိ၀၊ ငှက်မကဲ့သို့၊ အဟံပိ၊ ငါသည်လည်း။ ဧကော၊ တစ်ယောက် ထိ·တည်း။ စဒိဿာမိ၊ ကျွင့်အံ့၊

အိုးထိန်းသည် ရဟန္တာဇာတ်

ဘုရားလောင်းသည် မယား၏စကားကိုကြား၍ ဆိတ်ဆိတ်နေ၏။ ထို မယားသည်ကား ဘုရားလောင်းကို လှည့်စား၍ ရှေးဦးစွာ ရဟန်းပြုလိုသည်ဖြစ်၍ ''သခင်....ခရေခပ်ဆိပ်သို့သွားအံ့၊ သူငယ်တို့ကို ကြည့်ရှစ်လော့'' ဟု အိုးကိုယူ၍ ရေခပ်သွားသဖြင့် ပြုလျက်ပြေး၍ မြို့အနီး၀ယ် ရဟန္တာ တို့၏ကျောင်းသို့ သွား၍ ရဟန်းပြု၏။

ဘုရားလောင်းသည် မယား၏ မလာခြင်းကိုသိ၍ မိမိသည် သူငယ်တို့ကို မွေး၏၊ နောက်အဖို့၌ ထိုသူငယ်တို့သည် အတန်ငယ်ကြီး၍ မိမိတို့၏ ချမ်းသာဆင်းရဲကို သိခြင်းငှာ စွမ်းနိုင်သောအရွယ်သို့ ရောက်ကုန်သည်ရှိသော် ထိုသူငယ်တို့ကို စုံစမ်းအံ့ခဲသောငှာ တစ်နေ့သ၌ ထမင်းကို ချက်သည်ရှိသော် အနည်းငယ် မနပ်သည်ကိုပြု၍ ချက်၏။ တစ်နေ့သ၌ အာဘန်ငယ် ပျော့သည်ကို ပြု၍ချက်၏။ တစ်နေ့သ၌ ကောင်းစွာ ကျက်သည်ကိုပြု၍ ချက်၏။ တစ်နေ့သ၌ အလွန်ပျော့စွာ ပြု၍ချက်၏။ တစ်နေ့သ၌ ဆားနပါသည်ကို ပြု၍ချက်၏။ တစ်နေ့သ၌ ဆားငန်သည်ကို ပြု၍ ချက်၏။

သူငယ်တို့သည် ''ဖခင်....ယနေ့ ထမင်းသည် မနပ်၊ ယနေ့ထမင်းသည် ပျော့၏၊ ယနေ့ ကျက်၏၊ ယနေ့ထမင်းသည် အလွန်ပျော့၏၊ ယနေ့ ဆားပါ၏၊ ယနေ့ ဆားငန်၏'' ဟု ဆို၏။ ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''အဖမောင်တို့....ဟုတ်ပေ၏'' ဟု ဆို၍ ''သူငယ်တို့သည် ယခုအခါ၌ စိမ်းကုန်, ကျက်ကုန်, ငန်ကုန်, ပါ၍ကုန်သည်တို့ကို သိကုန်၏၊ မိမိတို့၏ ဓမ္မတာအားဖြင့် အသက်ရှည်အံ့သောငှာ တဘ်နိုင်ကုန်လတ္တံ့၊ ငါသည် ရဟန်းပြုခြင်းငှာ သင့်၏'' ဟု ကြံ၏။ ကြံပြီး၍ ထိုသူငယ်တို့ ဘို ဆွမျိုးတို့အား ပေး၍ အပ်နှင်း၍ ''အို မိခင် ဖခင်တို့....ဤသူငယ်တို့ကို ခကောင်းစွာ မွေးကျေးလော့'' ဟု ဆို၍ ဘုရားလောင်းသည် ဆွမျိုးတို့၏ ဝိုးကြွေးကုန်စည်လျှင် မြို့မှထွက်၍ ရဟန်းပြု၍ မြို့အနီး၌လျှင် နေ၏။

www.dhammadownload.com

ရသေ့မကို ဆုံးမခြင်း

တစ်နေ့သ၌ ဗာရာဏသီပြည်သို့ ဆွမ်းခံသွားသော ထိုဘုရားလောင်းကို ပရိဗိုဇ်မသည် မြင်၍ ရှိခိုး၍ "အရှင်ဘုရား....သူငယ်တို့ကို အရှင်ဘုရားသည် ဖျက်ဆီးအပ် ကုန်ယောင်တကား" ဟု ဆို၏၊ ဘုရားလောင်းသည် "ငါသည် ဤသူငယ်တို့ကို မဖျက်ဆီး၊ ထိုသူငယ်တို့သည် မိမိတို့၏ ချမ်းသာဆင်းရဲကို သိသောကာလ၌ ရဟန်းပြု၏၊ သင်သည် ထိုသူငယ်တို့အား၊ မဆောက်မဲ့မူ၍ ရဟန်းအဖြစ်၌ မွေ့လျော်လော့" ဟု ဆိုလို၍-

၉၇။ အာမံ ပက္ကဉ္စ ဇာနန္တိ၊ အဇော လောဏံ အလောဏကံ။
တ မယံ ဒိဋ္ဌာန ပဗ္ဗဇ္ဇိံ၊ စရေဝ တွံ ရောမ ဟံ-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏၊

၉၇။ ဘာဂိနိ၊နှမ။ အာမံပက္ကဉ္စ၊ အစိမ်းအကျက်ကိုလည်း၊ကော၊င်း။ အဇော၊ထိုမြို။ လောဏဉ္စ၊ဆား၊ငန်သည်ကို လည်း၊ကော၊င်း။ အလောဏကဉ္စ၊ ဆား၊ပေါ့သည်ကို လည်း၊ကော၊င်း။ဒါရကာ၊ သူငယ်တို့သည်၊ဇာနန္တိ၊ သိကုန်၏၊ အဟံ၊ဝါသည်။ တံ၊ထိုသူငယ်တို့၏ အမူအရာကို၊ ဒိဋ္ဌာန၊မြင်၍၊ ပဗ္ဗဇ္ဇိံ၊ ရဟန်းပြု၏၊တွံ၊သင်သည်။ စ၊ရေဝ၊ ဆွမ်းခံအပ်သောအကျင့်ကို သာလျှင် ကျင့်လော့။ အဟံပိ၊ငါသည်လည်း၊။ ရောမိ၊ကျင့်အံ့၊

ဤသို့ ဘုရားလောင်းသည် ပရိဗိုဇ်မကို ဆုံးမ၍ လွှတ်လိုက်၏။ ပရိဗိုဇ်မသည်လည်း အဆုံးအမကိုယူ၍ ဘုရားလောင်းကို ရှိခိုး၍ အလိုရှိရာအရပ်သို့သွား၏။ ထိုနေ့ကိုထား၍ တစ်ဖန် ထိုရဟန်းယောကျ်ား, ရဟန်းမိန်းမတို့သည် အချင်းချင်း မမြင်ကုန်။ ဘုရားလောင်းသည်လည်း ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာပြည်သို့ လား၏၊

ဇာတ်ပေါင်း၊ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ထိုငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ဇာတ်ကို အဘယ်ကဲ့သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါဥပ္ပလဝဏ်သည် ထိုအခါသမီးဖြစ်ပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါသားဖြစ်ပြီ၊ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ

www.dhammadownload.com

ပရိဗိုဇ် ရဟန်းမ ဖြစ်ပြီး၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပရိဗိုဇ် ရဟန်းဖြစ်ပြီး၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သံဒဂယူ၊ တောထွက်မူ၊ ထိုသူ ချမ်းသာရာ။)

သုံးခုတို့၏ ပြည့်စုံကြောင်းဖြစ်သော ကုမ္ဘကာရဇာတ်သည် ပြီး၏။

၁၄-ဒဋ္ဌဓမ္မဇာတ်

ပြုဖူးသောကျေးဇူးကို သိသင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ''အဟံ စေ ဒဋ္ဌဓမ္မဿ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဋ္ဌဓမ္မဇာတ်ကို ကောသမ္ဗီပြည်ကိုမှီ၍ ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥတနမင်း၏ ဘဒ္ဒဝတီ ဆင်မကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ထိုဆင်မ၏ ရအပ်သော အစီအရင်သည် လည်းကောင်း၊ ဥတနမင်း၏ မင်းနွယ်သည် လည်းကောင်း မထင်ရှားတတ်၍ ထင်စွာ ဖြစ်လတ္တံ့။)

ဘဒ္ဒဝတီဆင်မလျှောက်ပုံ

တစ်နေ့သ၌ ထိုဆင်မသည် နံနက်အခါ၌လျှင် အရိယာအပေါင်း ခြံရံလျက် နှိုင်းရှည့်စရာ ဥပမာမရှိသော ဘုရားအာသနရတော်ဖြင့် မြို့သို့ ဆွမ်းအလှိုငှာဝင်သော ဆဗ္ဗညုမြတ်စွာဘုရားကို မြင်၍ သဗ္ဗညုမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်၍ ''ဘုန်းတော်ကြီးသော ခပ်သိမ်းသောတရားကို သိတော်မူစသော လောကကို ဝဋ်ဆင်းရဲမှ ထုတ်တော်မူသော အာရုဏ်ဘုရား... ဥတနမင်းသည် အကျွန်ုပ်ကို ကျိုးသောကာလအမှုကို လုပ်ဆောင်ခြင်းငှာ စွမ်းနိုင်သောကာလ၌ ဤဆင်မကိုမှီ၍ ''ငါသည် အသက်ကိုလည်းကောင်း၊ ပြည်ကိုလည်းဆောင်း, မိဖုရားကိုလည်းကောင်းရအပ်၏'' ဟု ချစ်သနား၍ ကြီးစွာသော ပူဇော်သက္ကာရကို ပေး၏၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ တည်ထုအရပ်၌ နံ့သာဖြင့် လိမ်းကျံ၍ အထက်၌ ရွှေကြိုယ်

www.dhammadownload.com

ဗိတာန်ကိုဖွဲ့၍ ထက်ဝန်းကျင်မှ ဆန်းကြယ်သော တင်းထိမ်ကို ကာ၍ ဆီမီးကိုထွန်း၍ အခိုးအထုံအိုးကိုထား၍ ကျင်ကြီးစွန့်ရာအရပ်၌ ရှေအိုးကို တည်ဧ၍ အကျွန်ုပ်ကို ဆန်းကြယ်သော အခင်းရှိသော အင်းပျဉ်၌ထား၏၊ အကျွန်ုပ်အား မင်းအားသာထိုက်သော အထူးထူးသော အရသာရှိသော ဘောဇဉ်ကို ပေး၏။ ယခုအခါ အကျွန်ုပ်အား အိုသောကာလ၌ အမှုကို လုပ်ဆောင်အံ့သောငှာ မစွမ်းနိုင်သော ကာလ၌ အလုံးစုံသော ပူဇော်သံဂြာရကို ဖြတ်၏၊ ကိုးကွယ်ရာ ထောက်ပံ့ရာ မရှိသည်ဖြစ်၍ တောင်ဆတ်သွားတို့ကို စားလျက် အသက်မွေးရ၏၊ အကျွန်ုပ်အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား....အရှင်ဘုရား တို့သည် ဥတေနမင်းအား အကျွန်ုပ်၏ကျေးဇူးကို မှတ်စဉ်၍ ရှေး၌ဖြစ်သော ပူဇော်သက္ကာရကို ပကတိရှိသည်ကဲ့ ပြုတော်မူပါကုန်လော့''ဟု ငိုကြွေးလျက် မြတ်စွာဘုရားကို တောင်းပန်၏။

မြတ်စွာဘုရား ဆုံးမခြင်း

သမ္ဗညူမြတိစွာဘုရားသည် ''သင်သွားလေ၊ ငါသည် ဥဒေနမင်းအား သင်၏ကျေးဇူးကို ဟော၍ စည်းစိမ်အာခံဆုရံကို ပကတိရှိသည်ကိုပြုအံ့''ဟု ဆို၍ မင်း၏ နန်းတော်တံခါးသို့ ကြွတော်မူ၍ မင်းသည် သမ္ဗညူမြတ်စွာဘုရားကို နန်းဘော်တွင်းသို့သွင်း၍ ဘုရားအမှူးရှိသော သံဃာတော်အား အလှူကိုပြုစ်စေ၏။ သမ္ဗညူမြတ်စွာဘုရားသည် ဆွမ်းစားပြီးသောကိစ္စ၌ အဆုံး၌ အနုမောဒနာကိုပြု၍ ''မြတ်သော မင်းကြီး.... ဘဒ္ဒဝတီသည် အဘယဲမ့ပါနည်း''ဟု မေးတော်မူ၏။ အရှင်ဘုရား....မသိ''ဟု လျှောက်လတ်သော် ''မြတ်သောမင်းကြီး....ကျေးဇူးမျှားကုန်သော သူတို့အား အခြံအရံကိုပေး၍ အိုသောကာလ၌ အခြံအရံကို သိမ်းယူသောမည်သည် မသင့်၊ သူ့ကျေးဇူးက သိတတ်သည် ဆပ်တတ်သည် ဖြစ်ခြင်းငှာ သင့်၏။ ဘဒ္ဒဝတီသည် ယခုအခါ ကြီးရင့်အိုမင်းပြီ၊ ကိုးကွယ်ရာ မရှိသည်ဖြစ်၍ တောင်ဆတ်သွားတို့ကိုစားလျက် အသက်ကို မွေးရ၏။ အိုးသောထာလ၌ ကိုးကွယ်ရာမရှိသည်ကဲ့ ပြုအံ့သောငှာ သင်မင်းကြီးတို့အား မသင့်''ဟု ဘဒ္ဒဝတီ၏ ကျေးဇူးကို ဟော၍ ရှေးဦးဖြစ်သော အလုံးစုံသော ပူဇော်သက္ကာရကို ပကတိရှိသည်ကို ပြုလော့''ဟု မိန့်တော်မူ၍ ဖဲတော်မူ၏။

www.dhammadownload.com

ဥတေနမင်းသည် မြတ်စွာဘုရား မိန့်ဆိုတော်မူတိုင်း ပြု၏။ ''သင်္ဃည၊ မြတ်စွာဘုရားသည် ဘဒ္ဒဝတ်၏ကျေးဇူးကို ဟောတော်မူ၍ ရွှေးဦးဖြစ်သော စည်းစိမ်အခြံအရံကို ပကတိရှိသည်ကဲ့သို့ ပြုတော်မူ၏''ဟု မြို့အလုံးသည် နှံ့၏။ ရဟန်း သံဃာဦးလည်း ထိုအကြောင်းသည် ထင်ရှား၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့....သင်္ဃည၊မြတ်စွာဘုရားသည် ဘဒ္ဒဝတီ၏ကျေးဇူးကို ဟောတော်မူ၍ ရွှေးဦးဖြစ်သော စည်းစိမ်အခြံအရံကို ပကတိရှိသည်ကို ဖြစ်စေ၏' ဟု စကားကို ဖြစ်စေကုန်၏။သင်္ဃည၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့...ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကုန်သနည်း''ဟု နားတော်ကြလျှက်သည်ရှိသော် ''ရဟန်းတို့...ယခုအခါ၌သာလျှင် ငါဘုရားသည် ဤဆင်မ၏ကျေးဇူးကို ဖော်၍ ပြောသတဲ့ပြီးသော် စည်းစိမ်အခြံအရံကို ပကတိအတိုင်း ရစေသည်ကို ပြုသည်မဟုတ်သေး၊ ရှေးဦးလည်း ပြုဖူးသလျှင်ကတည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဒဠ္ဠမမွမင်း သည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏အထံမှ ကြီး စွာသောစည်းစိမ်ကိုရ၍ အမတ်အရာ၌ တည်၏။

ဆင်မတော်

ဒဠ္ဠမမွမင်းအား အစွမ်းအားနှင့်ပြည့်စုံသော ခွန်အားကြီးသော တစ်ခု သော သြဇဗျာဝိမည်သော ဆင်မသည် ရှိ၏။ တစ်နေ့ချင်း ယူဇနာတစ်ရာ ကို သွားနိုင်၏။ တမန်သည်တို့ ဆောင်အပ်သောကိစ္စကို ပြု၏၊ စစ်ထိုးရာ၌ စစ်ထိုးခြင်းကို ပြု၏။ ရန်သူတို့ကို နှိမ်နင်းခြင်းကို ပြု၏။ မင်းသည် ဤသြဇ ဗျာဝိသည် ငါ့အား ကျေးဇူးများ၏ဟု သြဇဗျာဝိအား အလုံးစုံသောတန် ဆာကို ပေး၍ ဥးတနမင်းကြီးသည် ဘဒ္ဒဝတီ ဆင်မင်းအား ပေးအပ်သည် နှင့်တူစွာသော အလုံးစုံသော စည်းစိမ်အခြံအရံကို ပေး၏။

အရာကျပြီ

ထိုအခါ ထိုသြဇဗျာဝိ၏ အိုသော အားနည်းသောကာလ၌ မင်းသည် အလုံးစုံသော စည်းစိမ်အခြံအရံကို ယူ၏၊ ထိုသြဇဗျာဝိသည် ထိုအခါမှ စ၍ ကိုးကွယ်ရာ မရှိသည်ဖြစ်၍ တော၌ မြက်သစ်ရွက်တို့ကို စားလျက်

www.dhammadownload.com

အသက်ကို မွေးရ၏။ ထိုအခါ တစ်နေ့သ၌ မင်းအိမ်၌အိုးတို့သည် မလောက်ကုန်သည်ရှိသော် မင်းကြီးသည် အိုးထိန်းကို ခေါ်စေ၍ ''အိုးတို့သည် မလောက်ကုန်သတတ်'' ဟု ဆိုလေ၏။ ''အရှင်မင်းကြီး...နွားချေးဆောင်သောယာဉ်၌ က,အံ့သောဌာနွားတို့ကို မရ'' ဟု ဆို၏။ မင်းသည် အိုးထိန်း၏စကားကို ကြား၍ ''ငါ၏သြဋ္ဌပျာဓိသည် အဘယ်မှာနည်း'' ဟုမေး၏။ ''အရှင်မင်းကြီး....မိမိဓမ္မတာအားဖြင့် လှည့်လည်၏'' ဟု ဆို၏။မင်းသည် ''ဤနေ့မှစ၍ သြဋ္ဌပျာဓိကို ကံ၍ နွားချေးတို့ကို ဆောင်လော့'' ဟု သြဋ္ဌပျာဓိကို အိုထိန်းသည်အား ပေး၏။ အိုးထိန်းသည်လည်း ''အရှင်မင်းကြီး ကောင်းပြီ'' ဟု ဆို၍ မင်းဆိုတိုင်း ပြု၏။

ပညာရှိအမတ်ကို တိုင်ပုံ

ထိုအခါတစ်နေ့သ၌ သြဋ္ဌပျာဓိသည် မြို့မှထွက်၍ ညအခါ မြို့သို့ဝင်သောဘုရားလောင်းကိုမြင်၍ ရှိခိုး၍ ဘုရားလောင်း၏ခြေရင်း၌ ဝပ်၍ ငိုကြွေးလျက် ''အရှင်မင်းကြီးသည် အကျွန်ုပ်ကို ပျို့သောကာလ၌ ကျေးဇူးများ၏ဟုမှတ်၍ ကြီးစွာသော စည်းစိမ်အခြံအရံကိုပေး၍ ယခုအိုသောကာလ၌ ထားလုံးစုံသော စည်းစိမ်အခြံအရံကို ဖြတ်၍ အကျွန်ုပ်၌ စိတ်ကိုမျှတည်း မပြု၊ အကျွန်ုပ်သည် ကိုးကွယ်ရာမရှိဖြစ်၍ တောင်၌ မြက်,သစ်ရွက်တို့ကိုစားလျက် ထားသကဲ့သို့ဆင်းရဲခြင်းသို့ရောက်သော အကျွန်ုပ်ကို ယခုအခါ ယာဉ်၌ ကံ့စိမ့်သောဌာ အိုးထိန်းသည်အား ပေးပြန်၏။ အရှင်တို့ကို ထား၍ အကျွန်ုပ်အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိ။ မင်းအား အကျွန်ုပ်ပြုသော ကျေးဇူးကို အရှင်တို့သည် သိပါစေကုန်လော့၊ အကျွန်ုပ်တောင်းပန်ပါ၏။ ယခုအခါ အကျွန်ုပ်အား ပျောက်သော်စည်းစိမ်ကို ပကတိရှိသည်ကို ပြုကုန်လော့'' ဟု ဆို၍-

၉၈။ ဆဟံ စေ ဒဋ္ဌမမ္မဿ၊ ဝဟန္တီ နာဘိုရုဓယိ'၊
ဓရန္တိ ဥရသိ ဆလ္လ'၊ ယုဒ္ဓ ဝိက္ကန္တစာရိနီ။
၉၉။ နူန ရာဇာ နု ဇာနာတု၊ မမ ဝိက္ကမပေါရိသံ။
သင်္ဂါမေ သုကတန္တွာနိ၊ ဒုတ ဝိပ္ပဟိတာနိ စ။
၃၀၀။ သာ နူနာဟံ မရိဿာမိ၊ ဆဗန္ဓု ဆပရာဓိနီ။
တဒါ ဟိ ကုမ္ဘကာရဿ၊ ဒိန္နာ ဆကဇဟာရိကာ။

ဟူ၍သော ဤသုံးဂါထာတို့ကို ဆို၏။

www.dhammadownload.com

၉၇။ သာမိ၊ အာရုဏ်။ အဟံ၊ အာကျွန်ုပ်သည်။ ဝဟန္တိ၊ ထိုထိုကိစ္စကိုရွက်ဆောင်လျက်၊ ဥရသိ၊ ရင်၌။ သလ္လံ၊ ဖွဲ့အပ်သောသန့်လျက်ကို။ မရန္တိ၊ ရှေးရှု့။ ဆောင်လျက်။ ယုဒ္ဓေ၊ စစ်ထိုးရာ၌။ ဝိက္ကန္တစာရိနီ၊ အောင်စေတတ်သောစစ်ထိုးခြင်းဖြင့် လုံ့လကို ဆောင်သွားလျက်။ ဒဠှမ္မမင်း၏။ စိတ္တံ၊ စိတ်ကို။ စေနာဘိရာဓယိ၊ အစာယ်၌ မနှစ်သက်စေနိုင်သည် ဖြစ်အံ့။ ဧကော၊ အဘယ်သူသည်။ တသ္မာ၊ ထိုမင်း၏။ စိတ္တံ၊ စိတ်ကို။ အာရာဓယိဿတိ၊ နှစ်သက်စေလတ္တံ့နည်း။

၉၉။ မမ၊ အကျွန်ုပ်၏။ ဝိက္ကမေ၊ ပါရိသံ၊ အား၊ ထုတ်ခြင်း ဟူသော ယောဂျိုးတို့၏အမှုကို လည်းကောင်း။ သင်္ဂါမေ၊ စစ်ထိုးရာ၌။ သုက တန္တာနိ၊ ကောင်းစွာ ပြုအပ်ကုန်သော ကိစ္စတို့ကိုလည်းကောင်း။ ဒုတဝိပ္ပဟိတာနိ စ၊ လည်၌ စာခွေကိုဖွဲ့၍ ဤမည်သောမင်းအား ပေးလေ့ဟု စေအပ်သည်ရှိသော် အကျွန်ုပ်သည် တစ်နေ့ချင်းလျှင် ယူဇနာ တစ်ရာရှိသော အရပ်သို့သွား၍ တမန်သည်တို့ ဆောင်အပ်သော အမှုကို ဆောင်ခြင်းတို့ကို လည်းကောင်း။ ရာဇာ၊ ဒဠှမမ္မမင်းသည်။ နု ဇာနာတိ နူန၊ မသိယောင် တကား။

၁၀၀။ သာ အဟံ၊ ထိုအကျွန်ုပ်တို့သည်။ အဗန္ဓု၊ အဆွေခင်ပွန်း မရှိသည်ဖြစ်၍၊ အပရာဓိနီ၊ ကိုးကွယ်ရာ မရှိသည်ဖြစ်၍၊ မရိဿာမိ နူန၊ သေရယောင်တကား။ တဒါဟိ၊ ထို့ကြောင့်လျှင်၊ ဆကဏဟာရိကာ၊ နှားခွေးဆောင်သော အမှုကို၊ ကတ္တာ၊ ပြု၍။ ရညာ၊ မင်းသည်။ ကမ္မကာရဿ၊ အိုးထိန်းအား။ ဒိန္နာ၊ ငါ့ကို ပေးအပ်၏၊

မင်းကြီးအား လျှောက်ခြင်း

ဘုရားလောင်းသည် သြဠုဗျာဓိ၏ စကားကိုကြား၍ "သင်သည် မစိုးရိမ်လင့်၊ ငါသည် မင်းအား ဆို၍ သင့်အား စည်းစိမ်အခြံအရံကို ပုဏ္ဏားတို့သည်ကို ပြုအံ့" ဟု သြဠုဗျာဓိကို နှစ်သိမ့်စေ၍ မြို့သို့ဝင်၍ နံနက်စာစားပြီးသော် မင်း၏အထံသို့ သွား၍ စကားကို ဖြစ်စေ၍ "မြတ်သော မင်းကြီး...ဤအမည်ရှိသော သြဠုဗျာဓိသည် ဤမည်သော အရပ်၌, ရင်၌ မြား လုံ့ကိုဖွဲ့၍ စစ်ထိုးခြင်းအမှုကို ထုတ်ဆောင်၏။ ဤမည်သော နှဉ်း ကား လည်၌ စာကိုဖွဲ့၍ စေလွှတ်၍ ယူဇနာတစ်ရာရှိသောအရပ်သို့ သွား၏။ အရှင်မင်းကြီးတို့သည်လည်း ထိုသြဠုဗျာဓိအား ကြီးစွာသော စည်းစိမ်

www.dhammadownload.com

ဆာခြံအရံကို ပေးကုန်၏၊ ထိုသြဠဳမျာဓိသည် ယခု ဆာဘယ်မှာနည်း''ဟု မေး၏။ ''ထိုသြဠဳမျာဓိကို ငါသည် နှုံးချေး ဆောင်စိမ့်သောင့ဘ အိုး ထိန်းသည်အား ပေး၏''ဟု ဆို၏။ ထိုအခါ မင်းကို ဘုရားလောင်းသည် ''မြတ်သောမင်းကြီး... ရှင်မင်းကြီးတို့သည် ပြုဆပ်သော အမှုသည် မလျော်ပတ်၊ အိုးထိန်းအား ယာဉ်၌ က,စိမ့်သောင့ဘ ပေးတော်မူခြင်းသည် မလျော်ပတ်လျှင် သာလျှင်ကတည်း''ဟု ဆို၍ ငင်းအား ဆုံးမလိုသည်၏ အစွမ်းအာ ဖြင့်-

၁၀၁။ ယာဝတာ သီသတီ ပေါသော၊ တာဝဒေဝ ပဒီဏတိ။
အတ္ထာဒါပါယေ ဇဟန္တီနံ၊ သြဠဳမျာဓိ'ဝ ဒေတ္တိယော။

၁၀၂။ ယော ပုဗ္ဗေ ကတဇ်ညုလျာဏော၊ ကတတ္ထော နာဝ ဗုဇ္ဈတိ။
အတ္ထာ တဿ ပလုံဇ္ဇန္တိ၊ ယေ ဟောန္တိ အာဘိပတ္ထိတာ။

၁၀၃။ ကော ပုဗ္ဗေ ကတကညျာဏော၊ ကတတ္ထော မနု ဗုဇ္ဈတိ။
အတ္ထာ တဿ ပဝုန္တိ၊ ယေ ဟောန္တိ အာဘိပတ္ထိဘာ။

၁၀၄။ တံ ဝေါ ဝဒါမိ ဘဒ္ဒံဝန္တေ၊ ယာဝန္တေတ္ထ သမာဂတာ။
ယဒေဗ္ဗေ ကတညူနာ ဟောထ၊ စိရံ သဂ္ဂမို ဥ်ဿထ-

ဟူသော ဤဂါထာတို့ကို ဆို၏။

၁၀၁။ ပေါသော၊ ယောကျွဲးသည်၊ ယံ ပုရိသံ၊ အကြင်ယောကျွဲးကို။ ယာဝတာ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အာသီသတိ၊ တောင့်တ၏။ တာဝဒေဝ၊ ထိုမျှလောက်သော ကာလပတ်လုံးလျှင်။ တံ ပုရိသံ၊ ထိုယောကျွဲးကို။ ပဒီဏတိ၊ ဆည်းကပ်၏။ ခတ္တိယော၊ မင်းသည်။ သြဠဳမျာဓိ'၊ သြဠဳမျာဓိမည်သော ဆင်ဓကို။ ဇဟတိ ဤဝ၊ စွန့်သကဲ့သို့။ အတ္ထဂါယေ၊ အကျိုးစီးပွား တင်းသည်ရှိသော်။ နံ၊ ထိုယောကျွဲးကို။ ဇဟန္တိ၊ စွန့်ကုန်၏။

ကျေးဇူးမသိ ပျက်စီးတတ်

၁၀၂။ ယော၊ အကြင်သူသည်။ ပုဗ္ဗေ' ရှေးဦး။ ကတညူလျာဏော၊ ပြုဆပ်သော ကျေးဇူးရှိသည်ဖြစ်၍။ ကတတ္ထော၊ သူတစ်ပါး ပြီးစေအပ်သော အမှုကိစ္စရှိသည် ဖြစ်လျက်။ နာဝ ဗုဇ္ဈတိ၊ မသိတတ်။ တဿ၊ ထိုသူသည်။ ယေ၊ အကြင်ဇာကျိုးတို့ကို။ အာဘိပတ္ထိတာ၊ တောင့်တအပ်ကုန်

www.dhammadownload.com

သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ အတ္ထာ၊ ထိုအကျိုးတို့သည်။ ပလုဇ္ဇန္တိ၊ ပျက်စီးကုန်၏။

၁၀၃။ ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ ရှေး၌။ ကတတလျာဏော၊ ပြုအပ်ခဲသော ကောင်းမှုရှိသည်ဖြစ်၍။ ကတဇ္ဇော၊ သူတစ်ပါးပြုးစေအပ်သော အမှုကိစ္စရှိသည်ဖြစ်၍။ အနုဇုဇ္ဇတိ၊ ကျေးဇူးသိ၏။ တဿ၊ ထိုသူသည်။ ယေ ဆတ္ထာ၊ အကြင်အကျိုးတို့ကို၊ အဘိပတ္ထိတာ၊ တောင့်တအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ၊ဘော ဆတ္ထာ၊ ထိုအကျိုးတို့သည်။ ပဝဇ္ဇန္တိ၊ ပွားကုန်၏။

၁၀၄။ ဘဒ္ဒန္တေ၊ အရှင်တို့။ ကံ-တေနကာရဏေန၊ ထိုအကြောင်းကြောင့်။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့ကို။ ဝဒါမိ။ ဆို၏။ ဇော်ထ၊ ကျိုးရပ်၌။ ယာဝန္တော၊ အကြင်မျှလောက်ကုန်သော။ သဓာဂတာ၊ စည်းဝေးကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ တုမှေ၊ သင်တို့သည်။ ကံတ-ညုနော၊ သူ့ကျေးဇူးကို သိကုန်သည်။ ဟောထ၊ ဖြစ်ကုန်၏။ စိရံ၊ ကြာမြင့်စွာ။ သဂ္ဂမှိ၊ နတ်ပြည်၌။ ဥဿထ၊ နေရကုန်အံ့။

ဂုဏ်ပြန်ခန့်

ဤသို့ ဘုရားလောင်းသည် မင်းကိုအစပြုကုန်၍ စည်းဝေးကုန်သော ခပ်သိမ်းကုန်သောသူတို့အား အဆုံးအမကို ပေး၏။ ထိုစကားကို ကြား၍ မင်းသည် သြဋ္ဌဲပျာဓိအား စည်းစိမ်အခြံအရံကို ပကတိ ရှိသည်ကို ပြု၏။ ဘုရားလောင်း၏ အဆုံးအမ၌လည်း တည်၍ ကြာမြင့်စွာ အလှူအစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ''ယခုအခါ ဘဒ္ဒဝတီသည် ထိုအခါ သြဋ္ဌဲပျာဓိ ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အမတ်ဖြစ်ဖူးပြီ''ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးရှိပြား၊ သိသူဆာ၊ ကျိုးများဖြစ်ထွန်းရာ။)

လေးခုတို့၏ ပြည့်စုံကြောင်းဖြစ်သော ဒဋ္ဌဓမ္မဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၅-သောမဒတ္တဇာတ်

သေ၍ငိုခြင်းသည် အကျိုးမရှိကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော ယဇ္ဈညုမြတ်စွာဘုရားသည် "ယော မံ ပုရေ ပစ္စုဒ္ဓေတိ" ဆိုစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသောမဒတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းကြီးသည် တစ်ယောက်သော သာမဏေကို ရှင်ပြုစေသတတ်။ ထိုသာမဏေသည် ထိုရဟန်းကြီးအား ကျေးဇူးပြုသည်ဖြစ်၍ ထိုသို့သဘောရှိသော ရောဂါဖြင့် သေ၏။ ထိုရဟန်းကြီးသည် ထိုသာမဏေခံယသည်ရှိသော် ငိုကြွေးမြည်တမ်းလျက်သွား၏။ ထိုရဟန်းကြီးကို မြင်၍ ရဟန်းတို့သည် တရားသဘင်၌ "ဤအမည်ရှိသော ရဟန်းကြီးသည် သာမဏေ၏သေခြင်းကြောင့် ငိုကြွေး မြည်တမ်းလျက် သွား၏။ မရဏာသတိ ဘာဝနာမှကင်းယောင်တကား" ဟု စကားကိုဖြစ်စေကုန်၏။ ယဇ္ဈညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ "ရဟန်းတို့ ယခုအခါ ဆာဘယ်စတားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင် စည်းဝေးပါကုန်၏" ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းဆည် ဤသာမဏေသသည်ရှိသော် ငိုကြွေးသည်မဟုတ်သေး၊ ရှေး၌လည်း ငိုဖူးသလျှင်ကတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဘော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော်အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တာဝတိံသာ နတ်ပြည်၌ သိကြားဖြစ်၏။

ပုဏ္ဏားရသေ့ ဝတ်ခြင်း

ထိုအခါ တစ်ယောက်သော ကာသိနိုဂုံးရွာ၌နေသော ပုဏ္ဏားသည် များသော ဥစ္စာရှိ၏။ ကာမကိုစွန့်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ ဆွမ်းခံသွားသဖြင့် လည်းကောင်း၊ တောသစ်မြစ် သစ်သီးတို့ဖြင့်လည်းကောင်း မျှလျက်နေခြင်းကို ပြု၏။

www.dhammadownload.com

ဆင်ငယ်ကို မွေးစား၍

တစ်နေ့သ၌ သစ်သီးကြီးငယ် အကျိုးငှာ သွားသည် ရှိသော် တစ်ခု သော ဆင်ငယ်ကို မြင်၍ မိမိကျောင်းသို့ဆောင်၍ သားအရာ၌ထား၍ ထိုဆင်အား သောမဒတ် ဟူသော အမည်ကိုမှည့်၍ မြက် သစ်ရွက်တို့ကို စားစေလျက် မွေး၏။ ထိုဆင်သည် အရွယ်ရောက်လတ်သော် ကြီးသော ကိုယ် ရှိသည်ဖြစ်၍ တစ်နေ့သ၌ မျှားစွာသောအစာကိုယူ၍ အစာမကျေ ခြင်းကြောင့် အားနည်းသည် ဖြစ်၏၊ ရဿ.သည် ထိုဆင်ကို ကျောင်း၌ ထား၍ သစ်သီးကြီးငယ် အလှိုငှာ သွား၏။ ထိုရဿ. မရောက်မီလျှင် ဆင်ငယ်သည် သေ၏၊

သေသေခအခါ ငိုကြွေးပုံ

ရဿ.သည် သစ်သီးကြီးဝယ်ကို ယူ၍လာလတ်သော် "တစ်ပါးကုန် သောနေ့တို့၌ ငါတို့၏သားသည် ခရီးဥဩကြွေဆိုခြင်းကို ပြု၏။ ယနေ့မထင်၊ အဘယ်သို့လျှင် သွားသနည်း" ဟု ငိုကြွေးလိုသည်ဖြစ်၍-

၁၀၅။ ယော မံ ပုရေ ပစ္စုဋ္ဌေတိ၊ အရညေ ဒူရ မာယသော။
သော နု ဒိဿတိ မခေါ်၊ သသဝမဒတ္တော ကုဟိ ံဂတော-
ဟူသော ရွေးဥဩစွာသော ဤဂါထာကိုဆို၏။

၁၀၅။ အာယသောတာ၊ အလုံးအရပ်နှင့် ပြည့်စုံသော။ သသဝမဒတ္တော၊ သသဝမဒတ္တ အမည်ရှိသော။ ယော မာတာ၊ အကြင်ဆင်သည်၊ မံ၊ ငါ့ကို။ ပုရေ၊ ရှေးကာလ၌။ အရညေ၊ တော၌၊ ဒူရံ၊ ဝေးစွာ၊ ပစ္စုဋ္ဌေတိ၊ ခရီးဥဩကြွေဆို၏။ သော မာတာ၊ ထိုဆင်သည်။ နု ဒိဿတိ၊ ယခုမထင်ခဲ့၊ ကုဟိံ၊ အဘဲယ်သို့။ ဂတော၊ သွားသနည်း။

ဤသို့ ငိုကြွေးလျက် လာလတ်သော် စကြံဥဩ၌ လှည့်၊ သော ဆင်ကို မြင်၍ လည်၌ဖက်၍ ငိုကြွေးလျက်-

၁၀၆။ အယံ ဝါ သော မတော သေတိ၊ အလွသိင်္ဂံ ဝဝစ္ဆိတော။
ဘူမျာ နိပတိတော သေတိ၊ အဒဿနာ ဝတ ကုဉ္ဇရော-
ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၁၀၆။ ယော ကုဉ္ဇရော၊ အကြင်ဆင်သည်၊ မတော သေတိ၊ သေ၍ အိပ်၏။ သော ကုဉ္ဇရော၊ ထိုဆင်သည်။ အယံ ဝါ၊ ဤ သသဝမဒတ္တ ဆင် လျှင်တည်း။ အသော၊ တစ်ပါးသော ဆင်သည်၊ နု၊ မဟုတ်။ အလွသိင်္ဂံ၊

www.dhammadownload.com

မာလာနွယ်၏ ကြီးသောအညွှန့်ကို။ ဝစ္ဆိတော၊ လက်ယည်းဖြင့်ဖြတ်၍။ ဘူမျာ။ မြေ၌။ နိပတိ၊တာ ယထာ၊ ချသကဲ့သို့။ ဧဝံတထာ။ ထို့အတူ။ ကုဋ္ဌ၊ရာ၊ သောမဒဋ္ဌာဆင်သည်။ ဘူမျာ၊ မြေ၌၊ သေတိ၊ အိပ်၏။ အာမဏ္ဍ ဝဘ၊ သြော်-သေလေပြီတကား။

သိကြားမင်းသတိပေးခြင်း

သိကြားမင်းသည် ထိုခဏ၌ လောကကိုကြည့်လတ်သော် ထိုရသေ့ကို မြင်၍ ဤရသေ့သည် သားမယားကို စွန့်၍ ရဟန်းပြု၏။ ယခုအခါ ဆင်ငယ်၌ သားအမူတဲ့ကိုပြု၍ ငိုကြွေး၏။ ထိုရဟသေ့ကို သံဝေဂကို ဖြစ်စေ၍ သတိကိုရစေအံ့ဟု ထိုရသေ့၏ ကျောင်းသို့သွား၍ ကောင်းကင်၌ တည်လျက်လျှင်-

၁၀၇။ အနုဂါရိယုပေတဿ၊ စိပ္ပမုတ္တဿ တေ သဒေဝ၊
သမဏဿ နု တံ သာဓု၊ ယံ ပေတ မနုသောစသိ-
ဟူသော သုံးခုမြောက်သော ဤဂါထာကိုဆို၏။

၁၀၇။ ပေတံ၊ သေသော သတ္တဝါကို။ ယံအနုသောစသိ၊ အကြင်စိုးရိမ်၏။ တံ၊ ထိုသို့စိုးရိမ်ခြင်းသည်။ အနုဂါရိယုပေတဿ၊ ရဟန်းအဖြစ်နှင့် ပြည့်စုံသော။ စိပ္ပမုတ္တဿ၊ လူ့အဖြစ်မှလွတ်သော။ သမဏဿ၊ ရဟန်းသည်။ သဒေဝ၊ဖြစ်သော၊တေ၊ သင်အား။ နု သာဓု မကောင်း။

ချစ်၍စိုးရိမ်မိသည်

ထိုအခါ သိကြားမင်း၏စကားကို ကြား၍ ရသေ့သည်-

၁၀၈။ သံဝါသေန ဟဒေ သက္က၊ မနုဿဿ မိဂဿ ဝါ။
ဟဒယေ ဇာယတေ ပေမံ၊ တံ နု သက္က၁ အသောစိတုံ-
ဟူသော လေးခုမြောက်သော ဤဂါထာကိုဆို၏။

၁၀၈။ သက္က၊ သိကြားမင်း။ ဟဒေ၊ စင်စစ်။ မနုဿဿ ဝါ၊ လူ၏လည်းကောင်း။ မိဂဿ ဝါ၊ တိရစ္ဆာန်၏လည်းကောင်း။ သံဝါသေန၊ ပေါင်းဖော်ခြင်းကြောင့်။ ဟဒယေ၊ နှလုံး၌။ ပေမံ၊ ချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ တံ ပိုယံ၊ ထိုချစ်သော သတ္တဝါကို။ အသောစိတုံ၊ မစိုးရိမ်ခြင်းငှာ၊ နု သက္က၁၊ မတတ်ကောင်း။

www.dhammadownload.com

အမြဲငိုနေရလိမ့်မယ်

ထို့နောင်မှ ရသေ့ကို ဆုံးမလိုသည်ဖြစ်၍ သိကြားမင်းသည်-

၁၀၉။ မတံ မရိဿံ ရောဒန္တိ၊ ယေ ဂဒန္တိ လပန္တိ စ။
တဿဝ တုံ ဣသိ မာရောဒိ၊ ရောဒိတံ ဒမာဃ မာဟု သန္ထဝေ။
၁၀၀။ တန္ဒိတေနံ ဟဝေ ဗြဟ္မေ၊ မတော ပေတော သမုဋ္ဌဟေ။
သဗ္ဗေ သင်္ဂမ္မ ရောဒါမ၊ အညမညဿ ဉာတကေ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၀၉။ ဣသိ၊ ရသေ့။ ယေ၊ အကြင်သူတို့သည်။ မတံ စ၊ သေဆဲ ဆေးပြီးသူကိုလည်းကောင်း။ မရိဿံ စ၊ သေအံ့သောသူကိုလည်းကောင်း။ ရောဒန္တိ၊ ငိုကုန်၏။ ဂဒန္တိ၊ မျက်ရည်ယိုကုန်၏။ လပန္တိ၊ မြည်တမ်းကုန်၏။ တေသုံ၊ ထိုသူတို့အား။ အဿုပစ္ဆိဒ္ဒ ဒိဝ-ဒဿနာမ၊ မျက်ရည်ပြတ်သောနေ့မည်သည်း၊ နတ္ထိ၊ မရှိ၊ ရောဒိတံ၊ ငိုခြင်းကို။ မောဃံ၊ အကျိုးမရှိဟူ၍။ အဇ္ဇေဉ္ဇ၊ သူတော်ကောင်းတို့သည်၊ အာဟု၊ ဆိုကုန်၏။ တဿဝ၊ ထို့ကြောင့်။ တုံ၊ သင်သည်။ မာရောဒိ၊ မငိုလင့်။

၁၀၀။ ဗြဟ္မေ၊ ရှင်ရသေ့။ ဟဝေ၊ စင်စစ်။ ကန္ဒိတေန၊ ငိုသဖြင့်။ ပေတော၊ ပစ္စုပ္ပန်ဘဝမှ ကင်းကွာသော။ မတော၊ သေသေဒသူသည်။ သမုဋ္ဌဟေ၊ ရှင်ပြန်သဖြင့် ထပြောအံ့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ငါတို့သည်။ သင်္ဂမ္မ၊ စည်းဝေး၍၊ အညမညဿ၊ အချင်းချင်း၏။ ဉာတကေ၊ ဆွမျိုးတို့ကို။ ရောဒါမ၊ ငိုကုန်အံ့။

ကျေးဇူးတင်ပါတယ်အရှင်

ရသေ့သည် သိကြားမင်း၏စကားကို ကြား၍ ,သတိကိုရ၍ ကင်းသော သဒ္ဓါရှိသည်ဖြစ်၍ မျက်ရည်တို့ကို သုတ်၍ သိကြားမင်းအား ချီးမွမ်းလိုသည်၏ အစွမ်းအားဖြင့်-

၁၁၁။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတ သိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ သြသိဉ္စိ၊ ဃမ္ဗံ နိဗ္ဗာပယေ ဒရံ။
၁၁၂။ အဗ္ဘဟီဝတ မေ သန္တံ၊ ယမာသိ ဟဒ္ဒယဿိတံ၊
ယော မေ သောက ပရေတဿ၊ ပုတ္တသောကံ အပါနုဒိ၊

www.dhammadownload.com

၁၁၃။ သောဟံ အဇ္ဇုဠုယလ္လော်သို့' ဝိတသောကော အနာဝိလော။ နဲ သောစာမိ နဲ ရောဒါမိ၊ တဝ သုတ္တာန ဝါသဝ-ဟူသော ကြွင်းကုန်သော ဤဂါထာတို့ကို ဆို၏။

၁၁၁။ ဃဘသိတ္တံ၊ ထောပတ်ဖြင့် သွန်းလောင်းခသာ။ ပါဝကံ မီးကို၊ စဂိရိ၊နှာ၊ ရဖြင့်။ ဩသိဉ္စိဝိယ၊ သွန်းလောင်းဘိသကဲ့သို့။ ဝတ၊ စင်စစ်။ အာဒိတ္တံ၊ သောကမီးဖြင့် ပြောင်းပြောင်ဘောက်သည်၊ ဃန္ဆံ၊ ဖြစ်သော။ မံ၊ ငါ့ကို။ နိဗ္ဗာ ပယေ၊ ငြိမ်းစေ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဒရံ၊ စိုးရိမ်ခြင်းကို။ နိဗ္ဗာပယေ၊ ငြိမ်းစေ၏။

၁၁၂။ ယော တု၊ အကြင်သင်သည်၊ သောကပရဂတဿ၊ သောကသည် နှိပ်စက်အပ်သော၊ မေ၊ ငါ၏၊ ပုတ္တသောကံ၊သား၌စိုးရိမ်ခြင်းကို၊ အပါနုဒိ၊ ပယ်၏။ မေ၊ ငါ့အား။ ဟဒယဿ°တံ၊ နှလုံး၌မှီသော။ ယံ သလ္လံ၊ အကြင်သောကတည်းဟူသောငြောင့်သည်။ အာသိ၊ ဖြစ်ပြီ၊ တံ သလ္လံ၊ ထိုသောကတည်းဟူသောငြောင့်ကို။ တေ-တယာ၊ သင်သည်။ အဗ္ဘဟိဝတ၊ နုတ်အပ်စွတကား။

၁၁၄။ ဝါသဝ၊ သိကြားမင်း။ တဝ၊ သင်၏။ ဝစနံ၊ စကားကို၊ သုတ္ဝာန၊ နာရ၍၊ ယော အဟံ၊ ထိုငါသည်။ အဗ္ဘူဠုသလ္လော၊ နုံတ်အပ်သော မြားငြောင့်ရှိသည်။ အသ္မိ၊ ဖြစ်၏။ ဝိတသောကော၊ ကင်း သော စိုးရိမ်ခြင်းရှိ၏။ အနာဝိလော၊ စိတ်နောက်ခြင်းမရှိ၊ နဲ သောစာမိ၊ မစိုးရိမ်၊ နဲ ရောဒါမိ၊ မငိုကြွေး။

ဤသို့ သိကြားမင်းသည် ရသေ့အား ဆုံးမ၍ မိမိနေရာသို့ သွား၏။

ဇာတ်ပေါင်း။ သမ္မာသမ္ဗုဒ္ဓဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ သာမဏေသည် ထိုအခါ ဆင်ငယ်ဖြစ်ပြီ၊ ယခုအခါ ရဟန်းကြီးသည် ထိုအခါ ရဿဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ သိကြားဖြစ်ပြီ"ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သေသူစာမ်းတ၊ ငိုကြွေးကြ၊ သောကာဖြစ်ရုံသာ၊)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော သေခမဒတ္တဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၆-သုသီမဇာတ်

မင်းစည်းစိမ်ကိုစွန့်၍ တောထွက်ခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမခတ်မူတတ်သော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် "ကာဠာနိ ကေသာနိ ပုရေ အဟေသုံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုသီမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီဘင်းသုံးခနတော်မူစဉ် မြတ်သော တောထွက်ခြင်းကို အာရကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌နေ၍ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် လာခတော်မူလတ်၍ "ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း" ဟု မေးခတော်မူသတ်၍ "ဤမည်သော စကားဖြင့် စည်းဝေးပါ၏" ဟု နားတော်လျောက်သည်ရှိသော် ရဟန်းတို့....ငါဘုရားသည် ယခုအခါ၌ များစွာကုန်သော ကမ္ဘာကုဋေ့ အသိန်းတို့ပတ်လုံး ဖြည့်အပ်ပြီးသော ပါရမီရှိသည်ဖြစ်၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသည်ကို မအံ့အပ်သေး၊ ရှေး၌လည်း ငါဘုရားသည် သုံးယူဇနာရှိသော ကာသိတိုင်း၌ မင်းအဖြစ်ကို စွန့်၍ တောထွက်ဖူးသည် သာလျှင်ကတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်ခဲ့လွန်ပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားခလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်၏ မယားဝမ်း၌ ဖြစ်၏။ ထိုဘုရားလောင်း၏ ဖခင်သော်ငြားလျှင် ဗာရာဏသီမင်းအား လည်း သားဖခင်၏။ ထိုသူငယ်တို့၏ အမည်မှည့်အံ့သော် နွေ၌ ဘုရားခလောင်းအား "သုသီမ သတို့သား" ဟုခေါ်သော အမည်ကို မှည့်ကုန်၏။ မင်းသားအား လည်း "ဗြဟ္မဒတ္တ သတို့သား" ဟုခေါ်သော အမည်ကို မှည့်ကုန်၏။ ဗာရာဏသီမင်းသည် "သားနှင့် ဆွေတူဘက္ခ တစ်ခုနှစ်ဦးဖခင်၏" ဟု ဘုရားခလောင်းကို ယူစေ၍ နို့ထိန်းတို့ကို ပေး၍ သားနှင့်အတူတကွ ကြီးစေ၏။

သူငယ်ချင်းနှစ်ခယောက်

ထိုနှစ်ယောက်ကုန်သော သူငယ်တို့သည်လည်း အရွယ်ရောက်လတ်သော် ဆွေလွန် အဆင်းလှကုန်၏၊ နတ်သားအဆင်းနှင့် တူသည်ဖြစ်ကုန်၍

www.dhammadownload.com

တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော ဆရာတော်တို့ကို သင်ကုန်၍ တစ်ဖန် ပြန်လာကုန်၏။ မင်းသားသည် အိမ်ရှေ့မင်းဖြစ်၍ ဘုရားလောင်းနှင့်တကွ တစ်ပေါင်းတည်း စားလျက်, နေလျက်, အိပ်လျက် အဘလွန်သဖြင့် မင်းအဖြစ်သို့ ရောက်၍ ဘုရားလောင်းအား ကြီးစွာသော စည်းစိမ်ကို ပေး၍ ပုရောဟိတ်အရာ၌ ထား၏။ တစ်နေ့သည်၌ မြို့ကို တန်ဆာဆင်စေ၍ သိကြား မင်းကဲ့သို့ တန်ဆာဆင်ခြင်းဖြင့် တန်ဆာဆင်အပ်သော ရထဝက်ဆင်နှင့် တူသော အမှုန်ယစ်သော မြတ်သော ဆင်ကျောက်ကုန်း၌နေ၍ ဘုရားလောင်းကို နောက်၌ ခင်းအပ်သော ဆင်ကျောက်ကုန်း၌ နေစေ၍ မြို့ကို လက်ယာရစ် လည်သည်ကို ပြု၏။

မယ်တော် ချစ်နာက္ခ

အမိသည် ''ချစ်စွာသော သားကိုကြည့်အံ့'' ဟု ခြေသံ့ခံသော လေသာပြတင်း၌ ရပ်သည်ရှိသော် မြို့ကို လက်ယာရစ် လည်၍လာသော မင်း၏ နောက်မှနေသော ပုရောဟိတ်သားကိုမြင်၍ တပ်လောစိတ် ရှိသည်ဖြစ်၍ အိပ်ရာတိုက်ခန်းသို့ ဝင်၍ ''ဤပုရောဟိတ်သားကို မရသည်ရှိသော် အိပ်ရာ၌လျင် သေအံ့'' ဟု အာဟာရကို ဖြတ်၍ အိပ်၏။ မင်းသည် မယ်တော်ကို မမြင်ထည်ရှိသော ''ငါ၏ မယ်တော်သည် အဘယ်မှာနည်း'' ဟု မေး၍ ''နာ၏'' ဟု ကြား၍ မယ်တော်အထံသို့ သွား၍ ရှိခိုး၍ ''မိခင်....အဘယ် မည်သော ရောဂါ ဖြစ်သနည်း'' ဟု မေးလတ်သော် ထိုမယ်တော်သည် ရှက်သည်၏ အဖြစ်ကြောင့် ထိုစကားကို မဆို။ မင်းသည် သွား၍ မင်း၏ ပလ္လင်၌နေ၌ မိမိ၏မိဖုရားကြီးကို ခေါ၍ ''သွားချေ-မယ်တော်၏မချမ်းသာခြင်းကို သိအောင်ပြုချေလော့'' ဟု စေ၏၊ မိဖုရားသည်လည်း သွား၍ ကျောက်ကို ဆုပ်နယ်လျက် မေး၏၊ မိန်းမတို့ခည်သည် မိန်းမတို့ဏား လျှို့ဝှက်အပ်သောအမှုတို့ကို မလျှို့ဝှက်ကုန်။ ထိုမယ်တော်သည် မိဖုရားအား ထိုအကြောင်းကို ကြား၏၊ မိဖုရားသည်လည်း ထိုစကားကို ကြား၍ မင်းအား ကြား၏။ မင်းသည် ''ထိုသို့ဖြစ်စေ၊ သွားချေ-မယ်တော်ကို နှစ်သိမ့်စေလော့'' ဟု ပုရောဟိတ်ကို မင်းပြု၍ ''မယ်တော်ကို ပုရောဟိတ်၏ မိဖုရုပြုအံ့'' ဟု ဆို၏၊ မိဖုရားလည်း လာလတ်၍ မယ်တော်ကို နှစ်သိမ့်စေ၏။

www.dhammadownload.com

နိုင်ငံအပ်၍ မယ်တော်နှင့် ထိမ်းမြား

မင်းသည်လည်း ပုရောဟိတ်ကိုခေါ်စေ၍ ထိုအကြောင်းကို ကြား၍ "အဆွေပုရောဟိတ်....ငါ့အမိဆွား အသက်ကို ပေးလော့၊ သင်သည် မင်းဖြစ်လတ္တံ့၊ ထိုငါ့အမိသည် မိဖုရားဖြစ်လတ္တံ့၊ ငါသည် အိမ်ရှေ့မင်းဖြစ်လတ္တံ့" ဟု ဆို၏။ ထိုပုရောဟိတ်သည် "ဤသို့ ပြုအံ့သောငှာ မတတ်ကောင်း" ဟု ပယ်၍ အဖန်တလဲလဲ တောင်းပန်အပ်သော် ဝန်ခံ၏။ မင်းထည် ပုရောဟိတ်ကို မင်းပြု၍ မိမိသည် အိမ်ရှေ့မင်းပြု၏။ ထိုသူတို့၏ ညီညွတ်စွာနေကုန်စဉ် နောက်အဖို့၌ ဘုရားလောင်းသည် အိမ်ရှေ့အသွယ်၌ ပြီးငွေ့သည်ဖြစ်၍ တာဝတိံသာကို စွန့်၍ ရသေ့ရဟန်းပြုအံ့သောငှာ ညွတ်သောစိတ်ရှိသည်ဖြစ်၍ ကိလေသာနှင့်ယှဉ်သော မွေ့လျော်ခြင်း၌ မတပ်စွန်းသည်ဖြစ်၍ တစ်ယောက်တည်းသာလျှင် ရပ်၏၊ ထိုင်၏၊ အိပ်၏။ နှောင်အိမ်၌ နှောင်ဖွဲ့အပ်သကဲ့သို့ လည်းကောင်း ချို့ငဲ့၌ ထားအပ်သော ကြက်ကဲ့သို့ လည်းကောင်း ဖြစ်၏။

သူငယ်ချင်းမင်း သံဝေဂ ရပုံ

ထိုအခါ ထိုမင်း၏ မိဖုရားကြီးသည် "ဤမင်းသည် ငါနှင့်တကွ မမွေ့လျော်၊ တစ်ယောက်တည်းသာလျှင် ရပ်၏၊ ထိုင်၏၊ အိပ်ခြင်းကို ပြု၏။ ဤမင်းသည်ကား ငယ်၏၊ နုပျို၏၊ ငါကား ကြီးရင့်၏၊ ငါ၏ဦးခေါင်း၌ ဆံဖြူတို့သည် ထင်ကုန်၏၊ အကယ်၍ ငါသည် "ရှင်မင်းကြီး၏ဦးခေါင်း၌ တစ်ခုသောဆံဖြူသည် ထင်၍ဟု မုသားဆို၍ တစ်ခုသော ဥပါယ်ဖြင့် မင်းကိုသိစေ၍ ငါနှင့်တကွ မွေ့လျော်ရစေမူကား ကောင်းစွ" ဟု ကြံ၍ တစ်နေ့သ၌ မင်း၏ဦးခေါင်း၌ သန်းတို့ကို ရှာသကဲ့သို့ပြု၍ "အရှင်မင်းကြီး...သင်မင်းကြီးသည် အိုပြီ၊ အရှင်မင်းကြီး၏ဦးခေါင်း၌ တစ်ခုသော ဆံဖြူသည် ထင်၏" ဟု ဆို၏။ "ရှင်မ....ထိုသို့တပြီးကား ထိုဆံဖြူကို နုတ်၍ ငါ၏လက်၌လျှင် ထားလော" ဟု ဆို၏။ မိဖုရားသည် မင်း၏ ဦးခေါင်းမှ တစ်ခုသော မည်းသောဆံပင်ကို နုတ်၏။ ထိုဆံပင်ကိုစွန့်၍ မိမိ ဦးခေါင်းမှ ဆံဖြူကို ယူ၍ "အရှင်မင်းကြီး...ဤသည်ကား ရှင်မင်းကြီး၏ ဆံဖြူတည်း" ဟု မင်း၏လက်၌ ထား၏။ ထိုဆံဖြူကိုမြင်၍ ထိတ်လန့်သော စိတ်ရှိသော ဘုရားလောင်း၏ ရှေ့ပြားနှင့်တူသောနဖူးမူခွဲတို့သည် ထွက်ကုန်၏၊

www.dhammadownload.com

ထိုဘုရားလောင်းသည် မိမိကိုယ်ကို ဆုံးမလျက် ''သုသီမ...သင်သည် အိုပြီ၊ ဤမျှလောက်သော ကာလပတ်လုံး မစင်ညွှန့်၌ ငုပ်သော ဝက်ကဲ့သို့ တာဝမညွှန့်ခဲငုပ်၍ ထိုကာမညွှန့်ကို စွန့်အံ့သင့်ပါ့မတော်နိုင်၊ ကာမတို့ကို စွန့်၍ ဟိမဝန္တာသို့ဝင်၍ ရဟန်းပြု၍ သင်ဆားမြတ်သောအကျင့်ဖြင့် နေအပ်သောဆန်ခါတည်းဟု ကြံ၍-

၁၁၄။ ကာဠာနိ ကေသာနိ ပုဒရ အာဟသုံ၊
ဇာဟာနိ သီသမ္မိ ယထာ ပဒေသေ၊
တနုဇ သေတာနိ သုသီမ ဒိသ္ဝာ၊
ဓမ္မံ စရ ဗြဟ္မစရိယဿ ကာလော-

ဟူသော ရွှေဦးစွာသော ဤဂါထာကို ဆို၏။

၁၁၄။ သုသီမ၊သုသီမ။ ပုရ၊ရွှေး၌။ သီသမ္မိ၊ဦးခေါင်း၌။ ယထာ ပဒေသေ၊ လျော်သောအရပ်၌။ ဇာတာနိ၊ ထောက်ကုန်သော။ ကာဠာနိ၊ မည်းညို့သောအဆင်းရှိကုန်သော။ ကေသာနိ၊ဆံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ အဇ္ဇ၊ယခု၊ သေတာနိ၊ဖွေးဖွေးဖြူကုန်သော။ တာနိ၊ထိုဆံတို့ကို။ ဒိသ္ဝာ၊မြင်၍။ ဓမ္မံ၊ကုသလတရားတော်ကို။ စရ၊ကျင့်လော့။ ဗြဟ္မစရိယဿ၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၏။ ကာလော၊ အခါတန်ပြီ။

မအိုသေးပါဘုရား

ဤသို့ ဘုရားလောင်းသည် မြတ်သောအကျင့်ဖြင့် နေခြင်း၏ ကျေးဇူးတို့ကို ချီးမွမ်းသည်ရှိသော် မိဖုရားသည် ''ငါသည် ဤမင်းအား ငြိစွန်းခြင်းကို ပြုအံ့ဟုကြံလျက် ငြိစွန်းခြင်းပေပြခြင်းကိုလျှင် ပြုမိ၏'' ဟု ထိတ်လန့်သည်ဖြစ်၍ ယခုအခါ ထိုမင်းအား ရဟန်းပြုစိမ့်သောဌာနကိုယ်အဆင်းကို ချီးမွမ်းအံ့ဟု ကြံ၍-

၁၁၅။ မဇမဝ ဇဒဝ ပလိတံ တုယ့်၊ မဇမဝံ သီသံ မမ ဥတ္တမင်္ဂံ၊
အတ္ထံ ထရိဿန္တီ မုသာ အဘာသိ၊စောပထုဓံ ခမ ထုဇသေဋ္ဌ။
၁၁၆။ ဒဟရော တုဝံ ဒဿနီယောသိ ထုဇ၊
ပဌမုဂ္ဂတော ဟောတိ ယထာ ကဉ္စိရော၊
ဇဋ္ဌ ကာရေဟိ မမဇ္ဇ ပဿ၊
မာ ကဉ္စိကံ အနုဓာဝိ ဇနိန္ဒ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၁၁၅။ ဒေဝ၊ အရှင်မင်းကြီး။ မမေဝ၊ အကျွန်ုပ်၏လျှင်။ ပလိတံ၊ ဆံဖြူတည်း။ တိုယ့်၊သင်မင်းကြီး၏။ ပလိတံ၊ ဆံဖြူသည်။ နှ၊မဟုတ်။ မမေဝိ၊အကျွန်ုပ်၏လျှင်။ သီသံ၊ဦးခေါင်း၌ ရောက်သော ဆံဖြူတည်း။ မမ၊ ကျွန်ုပ်၏။ ဥတ္တမင်္ဂံ၊ဦးခေါင်း၌ရောက်သော ဆံဖြူတည်း။ အဟံ၊ အကျွန်ုပ်သည်။ အတ္တံ၊ အကျိုးကို။ ကရိဿန္တိ၊ ပြုကုန်အံ့ဟု။ မုသာ၊ မုသားသို့။ အဘာသိ၊ဆိုမူး၏။ ဆုဇသေဋ္ဌ၊မင်းမြတ်။ ကောပဆုဓံ၊အကျွန်ုပ်၏ဘစ်ခွသော အပြစ်ကို။ ခမ၊သည်းခံပါ၊လော့။

၀၁၆။ ဆုဇ၊မင်းမြတ်။ ပဌမဂုဏတော၊ ပေါက်သစ်စဖြစ်သော။ တဋ္ဋီ ဇော၊ အညောက်သည်။ ဒုဿနီယော၊ ရွှေချင်ဖွယ်ရှိသည်။ ဟာတိယထော၊ ဖြစ်သကဲ့သို့။ ဧဝံ၊ဤအတူ။ တုဝံ၊ သင်မင်းကြီးသည်။ ဒုဟဒရာ၊ ပျိုနုသည်ဖြစ်၍။ ဒဿနီယော၊ ရွှေချင်ဖွယ်ရှိသည်။ အသိ၊ဖြစ်၏။ ရဇ္ဇဉ္စ၊မင်းအဖြစ်ကိုလည်း။ ကာဒရဟိ၊ပြုခဲလော့။ မမဉ္စ၊အကျွန်ုပ်ကိုလည်း၊ ပဿ၊ရှုပါ၊လော့။ ဇနိန္ဒ၊မင်းကြီး။ ကာလိင်္ဂ၊နောက်မှ အကျိုးကိုပေးတတ်သော ရဟန်းအဖြစ်သို့။ မာ ဆနုဓာဝိ၊မကပ်လင့်။

နောက်တော့ အိုကြရမှာပဲ

ဘုရားလောင်းသည် မိဖုရားစကားကို ကြား၍ "ရှင်မ.... သင်ဆိုတို့ဉ်းဖြစ်ရာ သလျှင်ကဘည်း၊ ငါ၏အရွယ် ရင့်သည်ရှိသော် ဤမည်းညိုသော ဆံတို့သည် ဖောက်ပြန်၍ ပိုက်ဆန်လျှော်တို့ကဲ့သို့ ဖြူကုန်သည် ဖြစ်ရာ၏။ အရွယ်ရင့်အိုခြင်းသို့ရောက်ကုန်သော်ကြောင့်။ အစရှိကုန်သော ပန်းဆိုင်းနှင့် တူကုန်သော သူငယ်တို့ကို လည်းကောင်း၊ ရွှေအဆင်းနှင့်တူကုန်သော မြတ်သောအရွယ် တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော မင်းသမီး အစရှိသည်တို့၏ လည်းကောင်း အဆင်း ဖောက်ပြန်ခြင်းကိုလည်းကောင်း၊ ကိုယ်၏ ပျက်စီးခြင်းကိုလည်းကောင်း ငါသည် မြင်ရ၏။ ရှင်မ....ဤသို့ ဤသတ္တလောကသည် ပျက်စီးခြင်း အဆုံးရှိ၏" ဟု ဆို၍ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဟောလိုရကား-

၁၁၇။ ပဿမိ ဧဝါဟံ ဒဟရိံ ကုမာရိံ၊
သာမဇ္ဇ ပဿံ သုဘနေ့ သုမဇ္ဈေ့၊
ကာဠူပဂါဠာဝ ပဓေဝလ္လမာနာ၊
ပဓလာဘျယန္တိံ ဝ နဒေရသု ဂဒ္ဓတိ။

www.dhammadownload.com

၁၁၈။ တမေနံ ပဿာမိ ပရေန နာရိ·၊အာသီတိကံ နု ဝုံတိကဉ္စ ဇစ္စိဘာ။
ဒဏ္ဍ·ဂဟေတ္ဘာန ပဓေဓမာနံ၊ဂေါပါနသီ ဘောဂ္ဂသမံ့ စရန္တိဉ့-
ဟူသော ဤနှစ်ဂါထာတို့၏အပေါင်းကို ဆို၏။

၁၁၇။ ဘဒ္ဒေ၊ရှင်မ။ အဟံ၊ငါသည်။ သာမဉ္ဉပဿ·၊အလှုံးစုံ ဆပြင်တို့၌ ပြေပြစ်သော အရောင်အဆင်းရှိသော။ သုတနု·၊ ကောင်းစွာသော ကိုယ်ရှိဆေး။ သုမဇ္ဈ·၊ ကောင်းသောခါးရှိသော။ ဒဟရိ·၊ ပျိုနုသော။ ကုမာရိ·၊သတို့သမီးကို။ ပဿာမိ၊မြင်၏။ ပဓေလ္လမာနာ၊ ညှင်းညှင်းသော ခလသည် ခတ်အပ်သည်ရှိသော် ထိုမှဤမှတုန်လှုပ်သော။ တာဒိဋ္ဌပုဝါဋ္ဌာဝ၊ ထန်တာနက်ကဲ့သို့ အရွက်ရှိသော မည်းသောနွယ်ကဲ့သို့။ သာဂ္ဂတ္ထ·၊ထိုမိန်းမသည်။ နရေသု၊ယောကျ်းတို့၏အနီး၌၊ ပလ္လောဘ့ယန္တ·ဝ၊ ကိလေသဝါ၏ အစုမ်းအား ဖြင့် ဖြား၊ယောင်းသကဲ့သို့။ ဂစ္ဆတိ၊သွား၏။

၁၁၀။ အပရေန သမယေန၊နေးကာအခါ၌၊ ဇစ္စာ၊မွေးဖွားသည်မှ။ အာသီတိဘဉ္ဇ၊အသက်ရှစ်ဆယ်ရှိသည်လည်းဖြစ်သော။နာဝုံတိဘဉ္ဇ၊အဆက် ကိုးဆယ်ရှိသည်လည်းဖြစ်သော၊ အမေနံနုခရိ·၊ ထိုမိန်းမကို။ဒဏ္ဍ·၊တောင် ဝှေးကို။ ဂဟေတ္ဘာန၊ကိုင်၍။ ပဓေဓမာနံ၊ တုန်လှုပ်လျက်။ ဂေါပါနသီ ဘောဂ္ဂသမံ၊ထခြင်ကဲ့သို့ ကိုင်းညွတ်သော ကိုယ်ရှိသည်ဖြစ်၍၊ စရန္တိ·၊သွား သည်ကို။ ပဿ·မိ၊မြင်ရ၏။

မောင်တော် တောထွက်တော့်မည်

ဘုရားလောင်းသည် ပထမဂါထာဖြင့် ရှုပ်၌ အသာဒကိုဆိုပြီး၍ ဤ ဒုတိယဂါထာဖြင့် ရှုပ်၏အပြစ်ကို ပြပြီး၍ ယခုအခါ အိမ်၏အလယ်၌ မိမိ မဓမ္မ.လျော်ခြင်းကို ပြလိုသည်ဖြင့်၍·

၁၁၉။ သောဟံ တမေဝါ နုဝိစိန္တယန္တော၊ကောပဿာမိမတ္တော။
အဟံပိ ဝံ ဣတိပေက္ခမာနော၊
နု ဂေဟေ ရမေ ဗြဟ္မစရိယသာကာလေ။

၁၂၀။ ရတ္တဲ့ဝါလမ့ဲနီစေဆာ၊ ယာဂေဟေ ဝသတော ရတိ။
တေမွ့ဲ ဆေတ္တာန ဝင် နွဲ့ဓိဏာ၊အနပေက္ခိနောကာမသုခံ ပဟာယ-
ဟူသော ဤနှစ်ဂါထာတို့၏ အပေါင်းကို ဆို၏။

www.dhammadownload.com

၁၁၉။ သော အဟံ၊ ထိုငါသည်း တမေဝ၊ထိုရွပ်တို့၏ အဿာဒ, အာဒီနဝဲကိုလျှင်။ အနုဝိစိန္တယခန္တာ၊အဖန်ဖန်ကြံလျက်၊ သယနဿ၊ အိပ်ရာ၏။ မဇ္ဈေ၊အလယ်၌။ ဧးကာ၊တစ်ယောက်တည်း။ ပဿာမိ၊ရှု၏၊ အဟံပိ၊ ငါသည်လွှဲသည်း။ ဧဝံတထာ၊ထို့အတူ။ ဘဝိဿာမိ ဖြစ်အံ့။ ကွတိ၊ ဤသို့။ ပေက္ခမာနော၊ရှုလျက်။ ဂေဟော၊အိမ်၌၊ နရမေ၊ မမွှေ့လျော်။ ဗြဟ္မစရိ။ ယဿ၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၏။ ကာဧလော၊အခါတည်း။

၁၂၀။ ဂေဟော၊ အိမ်၌။ ဝသဧတော၊ နေသောသူ၏၊ ယာ ရတိ၊ အကျင့်မွေ့လျော်ခြင်းသည်၊အတ္ထိ၊ ရှိ၏၊ သော၊ ထိုမွှေ့လျော်ခြင်းသည်။ အာလမ္ဗနီ၊ ဆဲလှမဲးရာဖြစ်သော။ ရဇ္ဇု၀၊ ကြိုးကဲ့သို့၊ ဟောတိ၊ ဖြစ်၏၊ စိရာ၊ ပညာရှိဘို့သည်။ တေမို့၊ ဤကာမတို့၌ မွှေ့လျော်ခြင်းကိုလည်း၊ ဆေတွာန၊ ဖြတ်၍။ ကာမသုခံ၊ ကာမချမ်းသာကို၊ ဗဟာယ၊ ပယ်၍၊ အနပေက္ခီနော၊ ငဲ့ကွက်ခြင်းမရှိကုန်သည်ဖြစ်၍။ ဝဇန္တိ၊ သွားကုန်၏။

ဤသို့ ဘုရားလောင်းသည် ကာမတို့၌ အဿာဒကို လည်းကောင်း၊ အာဒီနဝကို လည်းကောင်း ပြီလျက် ဘုရားကဲသို့ဆော တင့်တယ်ခြင်းဖြင့် တရားဟော၍ အဧဆဒခင်ပွန်းဖြစ်သော ဗြဟ္မဒတ်မင်းကို ခေါ်စေ၍ မင်း၊ အဖြစ်ကို အပ်နှင်း၍ အဆွေအမျိုး အဆဲခင်ပွန်း နှုလုံးအကျမ်း၀င်ကုန်သော သူတို့၏ ငိုကြွေးကုန်စဉ်လျှင် အသဧရစည်းစိမ်ကိုစွန့်၍ ဟိမဝန္တာ သို့၀င်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဗြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း။ သင်္ဘည်ုမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ မျှားစွာကုန်သော လူတို့ကို အမြိုက်အဖျော်တို့ကို တိုက်တော်မူ၍ "ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုရားကြီးဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အဆွေခင်ပွန်း မင်းဖြစ်ပြီ၊ ယခုအခါငါဘုရား သည်လျှင် ထိုအခါ သုသီမမင်းဖြစ်ပြီ"ဟု ဇာတ်ကို ဆက်ပေါင်းတော်မူ၏။

(ဆံဖြူကိုမြင်၊ သံဝေဝင်၊ တောတွင်ပျော်မွေ့မည်။)

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သုသီမဇာတ်သည် ပြီး၏။

B·၄၅·၁၁၀(တ·တွဲ)

www.dhammadownload.com

၁၃-ကောဋ္ဌသိမ္ဗလိဇာတ်

အရာရာ၌ သည်းမခံသင့်ကြောင်း

ဟောတော်မူရာဋ္ဌာန။ နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''အဟံ ဒသသတံ ဗျာမံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောဋ္ဌသိမ္ဗလိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိလေသာကို နှိပ်စက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည်ကား ပညာသဇာတ်၌ ထင်စွာဖြစ်လတ္တံ့။)

ဤကောဋ္ဌသိမ္ဗလိဇာတ်၌သည်း သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်အတွင်း၌ ကာမဝိဘက်တို့သည် နှိပ်စက်အပ်ကုန်သော ဝါးရာကုန်သော ရဟန်းတို့ကို မြင်တော်မူ၍ ရဟန်းသံဃာကို စည်းဝေးစေ၍ ''ရဟန်းတို့-ရဲရဲရဲဘအပ်ဝတ္ထုသည်နှင့် ယှဉ်သည်ကို ရဲရဲရဲခြင်းငှာ သင့်၏၊ ကိလေသာတို့မည်သည် ပွားကုန်သည်ရှိသော် ပညောင်ပင် အစရှိသည်တို့သည် သစ်ပင်ကိုလှမ်းမိုးသကဲ့သို့ လှမ်းမိုးတတ်ကုန်၏၊ ထို့ကြောင့်လျင်ရှေးဦးသည်း ကြီးစွာသော လက်ပံပင်ဦးဖြစ်သော နတ်သည် ပညောင်စေ့တို့ကိုစား၍ မိမိသစ်ပင်၏ အခွကြားဦး ကျင်ကြီးကိုချသော တစ်ခုသောငှက်ကိုမြင်၍ ဤကျင်ကြီးမှ ငါ၏ဗိဓာန်၏ ပျက်စီးခြင်းသည် ဖြစ်လတ္တံ့'' ဟု ကြောက်ခြင်းသို့ ရောက်သည်ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းဘည် ကြီးစွာသော လက်ပံစေ့နတ်အဖြစ်ဖြင့် ဖြစ်၏။

နဂါးကိုဂဠုန်သုတ်

ထိုအခါ တစ်ခုသော ဂဠုန်သည် ယူဇနာ တစ်ရာ့ငါးဆယ်ရှိသော အတ္တဘာဝကိုဖန်ဆင်း၍ အခဘာဉ်လေတို့ဖြင့် မဟာသမုဒ္ဒရာ၌ ရေကိုနှစ်ဖြာပြု၍ တစ်ခုသော အလံတစ်ထောင် အလျားရှည်သော နဂါးမင်းကို အမြီး၌ဖမ်းယူ၍ ထိုနဂါးအား ခံတွင်းဖြင့် ယူအပ်သော အစာကို စွန့်

(၁၆၄)　။ဂုဏ်ထိုက်ခွင့်ထဲက ဖယ်ခဲ့ဂဂ်းပြန် ထားခဲ့ကြပြီး ပါလာဒဲ့ဝတ်စုံထဲလဲဆင် ပြောကြတဲ့နှစ်ဖွယ်ပဲ ငိုယိုစီစဉ်ထားထာဂ ကြောင်းဒုဂန်ခါပဲ

(ဌာဝေလင်္ကာဝဋ်ထေ ၊ထေ-၀၆၆)

www.dhammadownload.com

www.dhammadownload.com

စေ၍ ကြီးစွာသော လက်ပံပင်ကို ရှည်၍ တောအထက်ဖြင့် သွား၏။ နဂါးမင်းသည် တွဲလျားဆွဲလျက် "ကိုယ်ကိုလွတ်အံ့" ဟု ပြောင်ပင်၌ အခွေကိုသွင်း၍ ပြောင်ပင်ကို ရစ်၍ဆွဲ၏။ ဂဠုန်မင်း၏ အားရှိသည်၏ အဖြစ်ကြောင့် ပြောင်ပင်သည် ကျိုးပဲ့၏။ နဂါးမင်းသည် မလွတ်သာလျှင်ကတည်း။ ဂဠုန်မင်းသည် ပြောင်ပင်နှင့်တကွ နဂါးမင်းကိုယူ၍ ကြီးစွာသော လက်ပံပင်သို့ဆောက်၍ နဂါးမင်းကို ပင်စည်အပြင်၌ အိပ်စေ၍ ဝမ်းကိုခွဲ၍ နဂါးဆီကိုစား၍ ကြွင်းသောအကောင်ကို သမုဒ္ဒရာ၌ စွန့်၏။

နတ်မင်းတုန်လှုပ်

ထိုပြောင်ပင်၌ကား တစ်ခုသောငှက်မသည် ရှိ၏။ ထိုငှက်မသည် ပြောင်ပင်ကို လွှတ်သည်ရှိသော် ပျံ၍ လက်ပံပင်၏ အခွကြား၌ နေ၏။ လက်ပံပင်စောင့်နတ်သည် ထိုငှက်မကိုမြင်၍ "ဤငှက်မသည် ငါ၏သစ်ပင်ခွ၌ ကျင်ကြီးကိုချလတ္တံ့၊ ကိုကျင်ကြီးမှ ပြောင်ပင်ငယ်သည် လည်းကောင်း, ပြောင်ကြတ်ပင်ငယ်သည် လည်းကောင်း အလုံးစုံသော လက်ပံပင်ကို လွှမ်း၍ ဖျက်ဆီးလတ္တံ့၊ ထိုအခါ ငါ၏ဗိမာန်သည် ပျက်စီးလတ္တံ့" ဟု ထိတ်လန့်သည်ဖြစ်၍ တုန်လှုပ်၏။ ထိုနတ်၏ တုန်လှုပ်သည်၏ အဖြစ်ကြောင့် ကြီးစွာသော လက်ပံပင်သည် အမြစ်တိုင်အောင် လှုပ်၏။

အဘယ့်ကြောင့် တုန်လှုပ်သနည်း

ဂဠုန်မင်းသည် တုန်လှုပ်သော နတ်ကိုမြင်၍ အစကြောင်းကို မေးလိုရကား-

၁၂၁။ အဟံ ဒဿတံ ဗျာမံ၊ ဥရဂမာဒါယ အာဂတော။
တဉ္စ မဉ္စ မဟာကာယံ၊ ဓာရယံ နပ္ပဒဓသိ။

၁၂၂။ အထိမံ ခုဒ္ဒကံ ဂေါ္ဓံ၊ အပ္ပမံသတရံ မယာ။
ဓာရယံ ဗျာဒသိ ဘီတော၊ ကိမတ္ထံ ကောဋ္ဌသိမ္မလိ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၂၃။ ကောဋ္ဌသိမ္မလိ၊ ကြီးစွာသောသစ်ပင်ကိုစောင့်သောနတ်၊ အဟံ၊ ငါသည်၊ ဒဿတံဗျာမံ၊ အလျဉ်းစ်ထောင်ရှိသော၊ ဥရဂံ၊ နဂါးကို။ အာဒါယ၊ သုတ်ယူ၍။ အာဂတော၊ လာ၏။ မဟာကာယံ၊ ကြီး

www.dhammadownload.com

စွာဒဆောကိုယ်ရှိသော၊ တဉ္ဆ၊ ထိုနဂါးကိုလည်းကောင်း။ ဓာရယုံ၊ဆောင်ခဲ့သော။ မဉ္ဆ၊ ငါ့ကိုလည်းကောင်း။ ဒိသ္မာ၊ မြင်၍၊ တုံ၊ သင်သည်။ နဖပ်ဝေဓသိ၊ မတုန်လှုပ်။

၁၂၂။ အထ၊ ထိုသို့ဖြင့်လျက်။ ဓယာ၊ ငါသည်။ ဓာရယံ၊ ဆောင်ခဲ့သော။ အပပမံ ဃတရုံ၊ အလွန်နည်းသော အသးရှိထော။ ဣမံ ခုဒ္ဒကံ ပကွိံ၊ ဤငှက်မငယ်ကို၊ ဒိသ္မာ၊ မြင်၍၊ ကိမတ္တံ၊ အဘယ်အကျိုးကို။ သမ္မဿမာနာဝ၊ မြင်၍လျှင်။ ဘီတာ၊ ကြောက်လျက်၊ ဗျဃထသိ၊ တုန်လှုပ်သနည်း၊

သူက ငါ့မာန်ကိုဖျက်ဆီးမှာ

ထိုအခါ ဂဠုန်မင်းအား အကြောင်းကိုဆိုလို၍ ရှက်စိုးနတ်သည်-

၁၂၃။ မံဃာဘက္ခော တုဝံ ဇဂ၊ ဖလဘက္ခော အယံ ဒိဇော။
အယံ နိဂြောဓပီဇံ၊ ပိလက္ခုဒုမ္ဗရဉ္စ စ။
အသတ္ထစနံ စ လကွိတုဝ၊ ဓနေ မေ ဩဟဒိဿတိ၊

၁၂၄။ တေ ရုက္ခာ သံဝိရူဟန္တိ၊ မမ ပသော နိဝါတဇာ။
တေ မံ ပရိသောနန္ဒိဿန္တိ၊ အရုက္ခံ မံ ကရိဿရေ။

၁၂၅။ သန္တိ အညေပိ ရုက္ခာသေ၊ မူလိနော ဗဟူ နရာ ဒုမာ။
ဣမိနာ သကုဏဇာတေန၊ ဗီဇ မာဟရိတာ ဟတာ။

၁၂၆။ အဇ္ဇာရူဟာ ဘိဝစ္ဆန္တိ၊ ဩဟန္တိမံ ဝနုပ္ပတိံ။
တသ္မာ ဇာဉ ပဓဝဓဓမိ၊ ဃမ္မဿံ နာဂတံ ဘယံ-

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၁၂၃။ ဇာဉ၊ ဂဠုန်မင်း။ တုဝံ၊ သင်သည်။ မံသဘက္ခော၊ အသားကိုစား၏။ အယံဒိဇော၊ ဤငှက်သည်။ ဖလဘက္ခော၌၊ အသီးကိုစား၏။ ဣယံ၊ ဤငှက်သည် နိဂြောဓပီဇာနံ စ၊ ပညောင်ဈေးစေ့တို့ကို လည်းကောင်း၊ ပိလက္ခုဒုမ္ဗဇာနံ စ၊ ညောင်ကြေတ်စေ့ ဇရသဖန်းစေ့တို့ကိုလည်းကောင်း။ အသတ္ထဇာနံ စ၊ ညောင်ဗုဒ္ဓဟေစေ့တို့ကိုလည်းကောင်း။ ဘက္ခိတ္တာ၊စား၍။ မေ၊ ငါ၏။ ဓနေ၊ ပင်စည်၌။ ဩဟဒိဿတိ၊ ကျင်ကြီးစွန့်လတ္တံ့။

၁၂၄။ မမ၊ ငါ၏။ ပသော၊ အနီး၌။ နိဝါတဇာ၊ လေတိတ်ရာအရပ်၌ ဖြစ်ကုန်သော။ တေ ရုက္ခာ၊ ထိုသစ်ပင်တို့သည်။ သံဝိရူဟန္တိ၊ ကြီးပွားကုန်အုံ့ တေ ရုက္ခာ၊ ထိုပညောင်ပင်အစရှိသော သစ်ပင်တို့သည်။ မံ၊ ငါ့ကို၊

www.dhammadownload.com

ပရိယေသနန္ဒိသည်ကို၊ မြေးယုံကုန်လတ္တံ့။ ဓံ၊ ငါ့ကို၊ အရာကို၊ သင်ပင်မရှိသည်ကို။ ကရိသဒရ၊ ပြုကုန်ရာ၏။

၁၂၅။ ဗိဇံ၊ မျိုးစေ့ကို။ အာဟရိတာ၊ ဆောင်ကုန်၍။ ဤမိနာသကုဏဇာဒတန်၊ ဤငှက်မှဖြစ်သော ပဒေသာင်ပင် အစရှိသော သစ်ပင်သည်။ ဟတာ၊ သတ်အပ်ကုန်သော၊ ရက္ခာသော၊ တောင်မြေအစရှိသည်တို့၌ ရောက်ကုန်သော။ အနည်ပိ၊ တစ်ပါးလည်းဖြစ်ကုန်သော။ မူလိနာ၊ အမြစ်နှင့်ပြည့်စုံကုန်သော။ ဧန္ဒိနာ၊ ပင်စည်နှင့် ပြည့်စုံကုန်သော၊ ဒုမာ၊ သစ်ပင်တို့သည်။ သန္တိ၊ ရှိကုန်၏။

၁၂၆။ အဇ္ဈာရူဟာ၊ အခက်အခွဉ်ရောက်ကုန်သော ပဒေသာင်ပင် အစရှိကုန်သော သစ်ပင်တို့သည်။ ပြဟန္တိ၊ ကြီးစွာသော၊ ဝနပ္ပတိပိ စ၊ တောစိုးသစ်ပင်ကိုလည်း၊ အဘိဝဿန္တိ၊ လွှန်၍ကြီးကုန်၏။ ရာဇ၊ ဂဠုန်မင်း၊ တသ္မာ၊ ထို့ကြောင့်၊ အဟံ၊ ငါသည်။ အနာဂတံ၊ လာလတ္တံ့သော။ ဘယံ၊ ဘေးကို။ သမ္ပသဲ၊ မြင်သည်ဖြစ်၍။ ပဇေ၀ခာမိ၊ တုန်လှုပ်၏။

ငှက်မကိုပေးပြီ

ရက္ခစိုးနတ်မင်း၏စကားကို ကြား၍ ဂဠုန်မင်းသည်-

၀၂၇။ သင်္ကေယ္ယ သင်္ကိတမ္ဗာနိ၊ရက္ခေယ္ယာ နဓိတံ ဘယံ။

အနုဒိတဘယာ ဓီရော၊ ဥဘော လောကေ အဝေက္ခတိ-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၁၂၇။ သင်္ကိတမ္ဗာနိ၊ ရှုံ့ရွဲးအပ်သည်တို့ကို၊ သင်္ကေယ္ယ၊ ရှုံ့ရွဲးထု၏။ အနာဂတံ၊လာလတ္တံ့သော၊ ဘယံ၊ ဘေးကို။ ရက္ခေယ္ယ၊ စောင့်ထု၏။ ဓီရော၊ ပညာရှိသည်။ အနုဒိတဘယာ၊ လာလတ္တံ့သော ဘေးအား ဖြင့်။ ဥဘော၊လောကေ၊ နှစ်ပါးကုန်သော ပစ္စုပ္ပန်လောက, တမလွန်လောကတို့ကို၊ အဝေက္ခတိ၊ ရှု၏။

ဤသို့ ဆို၍လည်း ဂဠုန်မင်းသည် မိမိအာနုဘော်အား ဖြင့် ထိုငှက်မကို ထိုလက်ပုံပင်မှ ပြေးစေ၏။

ဇာတ်ပေါင်း။ သမ္ဗဲညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရှုံ့ရွဲးအပ်သည်နှင့် ယှဉ်သည်ကို ရှုံ့ရွဲးခြင်းငှာသင့်၏" ဟု မိန့်တော်မူ၍ သာစွာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငါးထုကုန်သော ရဟန်းတို့သည်

www.dhammadownload.com

အရဟတ္တဖိုလ်၌ ဆည်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ သာရိပုတြာသည် ထိုအခါ ဂဠုန်မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရက္ခစိုးနတ်ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လာလတ္တံ့ဘေး၊ ရှုမျှော်တွေး၊ ကြောက်ရေးပြုဆုပ်စွာ)
ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကောဋ္ဌသိမ္ဗလိဇာတ်သည် ပြီး၏။

၁၈-ဓူမကာရီဇာတ်

မိတ်ဖျောင်းကိုပစ်၍ မိတ်သစ်ကို မချီးမြှောက်သင့်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ရာဇာ အပုစ္ဆိ ဝိဓုရံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓူမကာရီဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ အာဂန္တုကတို့အား သင်္ဂြိဟ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုကောသလမင်းသည် တစ်ပါးသောအခါ၌ အစဉ်အဆက်လာကုန်သော သူရဲဟောင်းတို့အား သင်္ဂြိဟ်ခြင်းကို မပြုမူ၍ အသစ်ရောက်လာကုန်သော အာဂန္တုကတို့အားသာလျှင်ပူးဇော်မြတ်နိုးခြင်းကိုပြု၏။ ထိုအခါ ကောသလမင်း၏ ပစ္စန္တရစ်ရွာကို ခိုးသူဖျက်ဆီးသည်ရှိသော် စစ်ထိုးအံ့သောငှာသွားသော ကောသလမင်းအား "အာဂန္တုက သူရဲတို့သည် ရအပ်သောပူးဇော်သက္ကာရ ရရှိကုန်၍ စစ်ထိုးလတ္တံ့" ဟု သူရဲဟောင်းတို့သည် စစ်ခထိုးကုန်။ "သူရဲဟောင်းတို့သည်စစ်ထိုးကုန်သတ္တံ့" ဟု အာဂန္တုကသူရဲတို့သည်လည်း စစ်မထိုးကုန်၊ ခိုးသူတို့သည် မင်းကိုအောင်ကုန်၏။ အာဂန္တုက သူရဲတို့အား သင်္ဂြိဟ်ခြင်း၏ အပြစ်ကြောင့် မိမိရှုံးသည်၏ ဆဖြစ်ကို သိ၍ သာဝတ္ထိပြည်သို့ပြန်၍ "ငါသည်သာလျှင် ဤသို့ပြု၍ ရှုံးသလော၊ ထိုသို့မဟုတ်မူကား တစ်ပါးကုန်ဝေးသော မင်းတို့သည်လည်း ရှုံးသလော" ဟု သဗ္ဗညုမြတ်စွာဘုရားကို လျှောက်အံ့" ဟု နံနက်စာ စားပြီးသော် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ထိုအကြောင်းကို လျှောက်၏။ "မြတ်ဗုဒ္ဓသာမင်းကြီး....သင်မင်းကြီးသာလျှင် အာဂန္တုက

www.dhammadownload.com

တို့အား သင်္ဂြိဟ်ခြင်းကိုပြု၍ ရှုံးသည် မဟုတ်သေး၊ ရှေးဓင်းတို့သည်လည်း ဖောဂန္တုဆတို့အား သင်္ဂြိဟ်ခြင်းကိုပြု၍ရှုံးကုန်၏'' ဟု မိန့်ဘော်မူ၍ ကောသလမင်းသည် တောင်းပန်ဖွယ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော်အခါ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ ယုဓိဋ္ဌိလအန္ဓယဖြစ်သော ဓနဥ္ဇယမည်သော ကောရဗျမင်းသည် မင်းပြု၏။

ဝိဓုရပညာရှိ

ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏဟိတ်အမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကိုသင်၍ ဣန္ဒပတ္ထနဂိုရ်မြို့သို့ တစ်ဖန်ပြန်၍ အာဇာလွန်သဖြင့် ပုဏ္ဏဟိတ်အရာကိုရ၍ မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ထိုအမတ်အား ''ဝိဓုရပညာရှိ'' ဟူသော အမည်ကို မှည့်ကုန်၏။

အပြင်လူကို ချီးမြှောက်၍ စစ်ရှုံး

ထိုအခါ ဓနဥ္ဇယမင်းသည် သူရဲဒဟာင်းတို့ကို မဒရတွက်မူ၍ အာဂန္တုဆ သူရဲတို့အားသာလျှင် သင်္ဂြိဟ်ခြင်းကို ပြု၏။ ထိုဒကာရဗျမင်း၏ ပစ္စန္တရစ်ရွာကို ခိုးသူ လုယက်သည်ရှိသော် စစ်ထိုးအံ့ဒသာဌာသူးသော ကောရဗျမင်းအား ''အာဂန္တုက သူရဲကောင်းတို့သည် သိကုန်လတ္တံ့'' ဟု သူရဲဟောင်းတို့သည် စစ်မထိုးကုန်။ ''သူရဲဒဟာင်းတို့သည် သိကုန်လတ္တံ့'' ဟု အာဂန္တုတ သူရဲတို့သည်လည်း စစ်မထိုးကုန်။ မင်းသည် ရှုံး၍ ဣန္ဒပတ္ထနဂိုရ်မြို့သို့လျှင် ပြန်၍ ''အာဂန္တုကတို့အား သင်္ဂြိဟ်ခြင်းကိုပြုသည်၏ အဖြစ်ကြောင့် ရှုံး၏'' ဟု ကြံ၏။ ထိုကောရဗျမင်းသည် တစ်နေ့သ၌ ''ငါသည်သာလျှင် အာစန္ဒ်ကတို့အား သင်္ဂြိဟ်ခြင်းကိုပြု၍ ရှုံးသလော၊ ထိုသို့ မဟုတ်မူကား ရှုံးဖူးကုန်ဒသာ ဘစဲပါးကုန်သော မင်းတို့ဃည်ဣသို့ ရှိကုန်သဒလောဟု ဝိဓုရပညာရှိကို မေးအံ့'' ဟု ကြံ၍ မင်းအား ဒစဒးအံ့သော်ဌာ လာ၍နေသော ထိုဝိဓုရပညာရှိကို ထိုအကြောင်းကို ဓမေး၏။

www.dhammadownload.com

ဝိဓုရဖြကြားပုံ

ထိုအခါ၌ ထိုကောရဗျမင်း၏ မေးသော အခြင်းအရာကို ထင်စွာပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၁၂၈။ ထုဇာ အပုစ္ဆိ ဝိဓုရံ၊ ဓမ္မကာမော ယုဓိဋ္ဌိလော။
အပိ ပြာဟ္မဏ ဇာနာသိ၊ တော ဧကော ဗဟု သော့စတိ။

ဟူသော ဤဂါထာကို ဟော်တော်မူ၏။

၁၂၈။ ပြာဟ္မဏ၊ ပုဏ္ဏား။ ဧကော၊ တစ်ယောက်သော။ ဗဟု၊ အဘယ်သူသည်။ ဗဟု၊ များစွာ။ သော့စတိ၊ စိုးရိမ်သနည်း။ တုံ၊ သင်သည်။ ဇာနာသိအပိ၊ သိ၏လော။ ဣတိ၊ ဤသို့။ ယုဓိဋ္ဌိလော၊ ယုဓိဋ္ဌိလအမည်ရှိသော၊ ဓမ္မကာမော၊ သုစရိုက်တရားကိုချစ်သော။ ထုဇာ၊ ကောရဗျမင်းသည်၊ ဝိဓုရံ၊ ဝိဓုရပညာရှိကို၊ အပုစ္ဆိ၊ မေး၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "မြတ်သောမင်းကြီး...သင်မင်းကြီးတို့၏ စိုးရိမ်ခြင်းသည် အဘယ်စိုးရိမ်ခြင်း မည်သနည်း၊ ရှေးဦးမူမကာရီ အမည်ရှိသော ဆိတ်ထိန်းပုဏ္ဏားသည် ဆိုတ်အပေါင်းကို ယူ၍ တောဦး ခြံကိုပြု၍ ထိုခြံ၌ ဆိတ်တို့ကိုထား၍ မီးကိုလည်းကောင်း, အခိုးကိုလည်းထောင်း ပြု၍ ဆိတ်အပေါင်းကို ကျောင်းလျက် နို့ရည် အစရှိသည်တို့ကို သုံးဆောင်၍ နေ၏။ ထိုဓုမကာရီ ပုဏ္ဏားသည် ထိုအရပ်သို့ ထောကုန်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော သရဘ မည်ကုန်သော သားတို့ကိုမြင်၍ ထိုသားတို့၌ ချစ်ခြင်းကိုပြု၍ ဆိတ်တို့ကို မရေတွက်မူ၍ ဆိတ်တို့အား ချီးမြှောက်ခြင်းကို သရဘမည်သော သားတို့အားပြု၍ တန်ဆောင်မုန်းလ အခါ၌ သရဘမည်သော သားတို့သည် ပြားကုန်၍ ဟိမဝန္တာသို့ သွားကုန်လတ်သော် ဆိတ်တို့သည်လည်း ပျက်စီးကုန်လတ်သော် သရဘမည်သော သားတို့ကို မမြင်သည်ဖြစ်၍ စိုးရိမ်ခြင်းဖြင့် ပျော့တောသွေး အနာရှိသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်၏။ ဤမဓုတာရီ ပုဏ္ဏားသည် အာဂန္တုကအား သင်္ဂြိုဟ်ခြင်းကိုပြု၍ သင်တို့ထက် အဆ အထူအား ဖြင့် လည်းကောင်း, အဆ အထောင်အား ဖြင့် လည်းကောင် စိုးရိမ်ပင်ပန်း၍ ပျက်စီးခြင်းသို့ ရောက်၏" ဟု ဥဒါဟရဏ်ကိုဆောင်၍ ပြလိုရာ၏။

၁၂၉။ ပြာဟ္မဏ ဇာယသူဒန၊ ဗဟုတေဧော ဝနေ ဝသံ။
ဓုမံ အကာသိ ဝါသိဋ္ဌေဟ၊ ရတ္တိန္ဒိဝ မထန္ဒိတော။

www.dhammadownload.com

၁၃၀။ တဿ တံ ဓူမဂန္ဓေန၊ သရဘာ မကသဋ္ဌိတာ။
ဝဿဝါသံ ဥပဂစ္ဆုံ၊ ဓူမကာရိဿ သန္တိကေ။

၁၃၁။ သရေဘေသုံ မနုံ ကတ္ဝာ၊ အဇာ ဧသာ နာဝ ဗုဇ္ဈထ။
အာဂစ္ဆန္တိ ဝဇန္တိ ဝါ၊ တဿ တာ ဝိနသုံ ဆဇာ။

၁၃၂။ သရဘာ သရဒေ ကာလေ၊ ပဟိနမကသေ ဝနေ။
ပါဝိံသု ဂိရိဒုဂ္ဂါနုံ၊ နဒီနုံ ပဘဝါနိ စ။

၁၃၃။ သရဘော စ ဂတော ဒိသ္ဝာ၊ ဆဇာ စ ဝိဘဝံ ဂတာ။
ကိဿ စ ဝိဝဏ္ဏော စာသိ၊ ပဏ္ဍုရောဂီ စ ဗြာဟ္မဏော။

၁၃၄။ ဧဝံ ယော သံနိရံကတ္ဝာ၊ အာဂန္တုံ ကုရုတေ ပိယံ။
သော ဧကော ဗဟု သောစတိ၊ ဓူမကာရီဝ ဗြဟ္မဏော။

ဟူသော ဤဂါထာတို့ကို ဆို၏။

၁၂၉။ မဟာရာဇ်၊ မြတ်သောမင်းကြီး။ ဝါသိဋ္ဌော၊ ဝါသိဋ္ဌအနွယ် ဖြစ်သော။ ဗြဟ္မဏော၊ ဓူမကာရီပုဏ္ဏားသည်။ အဇယူတေန၊ ဆိတ်အပေါင်း နှင့်၊ သဒ္ဓိ၊ တကွ။ ဗဟုတေဇော၊ များစွာသော မီးစာရှိသည်ဖြစ်၍။ ဝနေ၊ တောဌာန်။ ဇဿံ၊ နေလျက်။ ရတ္တိန္ဒိဝံ၊ နေ့ည့်ပတ်လုံး။ အတန္ဒိတော၊ မပျင်းမရိသည်ဖြစ်၍။ ဓူမံ၊ အခိုးကို။ အကာသိ၊ ပြု၏။

၁၃၀။ တဿ၊ ထိုဓူမကာရီပုဏ္ဏား၏။ တံ၊ တေန ဓူမဂန္ဓေန၊ ထိုအခိုးအနံ့ကြောင့်။ မကသဋ္ဌိတာ၊ မွက်ခြင်တို့သည် နှိပ်စက်အပ်ကုန်သည် ဖြစ်၍။ သရဘာ၊ သရဘမည်ကုန်သော သားတို့သည်၊ ဓူမကာရိဿ၊ ဓူမကာရိပုဏ္ဏား၏။ သန္တိကေ၊ အထံ၌။ ဝဿဝါသံ၊ မိုးလေးလပတ်လုံး နေခြင်းသို့။ ဥပဂစ္ဆုံ၊ ကပ်ကုန်၏။

၁၃၁။ သော၊ ထိုဓူမကာရီပုဏ္ဏားသည်။ သရဘေသု၊ သရဘမည်သော သားတို့၌။ မနုံ၊ ချစ်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ ဆဇာ၊ ဆိတ်တို့သည်။ အာဂစ္ဆန္တိ ဝါ၊ လာကုန်သည်တို့ကို လည်းကောင်း၊ ဝဇန္တိ ဝါ၊ သွားကုန်သည်တို့ကိုလည်းကောင်း။ နာဝဗုဇ္ဈထ၊ မသိသလျင်ကတည်း။ တဿ၊ ထို ဓူမကာရီ ပုဏ္ဏား၏။ တာ ဆဇာ၊ ထိုဆိတ်တို့သည်။ ဝိနာသုံ၊ ပျက်စီးကုန်၏။

၁၃၂။ သရဘာ၊ သရဘအမည်ရှိကုန်သော သားတို့သည်။ သရဒေ ကာလေ၊ တန်ဆောင်မုန်းလဆန်း၌၊ ဝနေ၊ တောသည်။ ပဟိနမကသေ၊ ခြင်မွက်ဆင်းသည်ရှိသော်။ ဂိရိဒုဂ္ဂါနုဉ္စ၊ တောင်ဟူသော ခဲယဉ်းထဖြင့်

www.dhammadownload.com

သွားဆေးပြောသော အရပ်တို့ကို လည်းကောင်း၊ နဒီနဒ္ဓ၊ မြစ်တို့၏ လည်းကောင်း၊ ပဘဝါနိ၊ ဆေးမှန်အဦးတို့သို့။ ပါဝိသု၊ ဝင်ကုန်၏။

၁၃၃၊ ပြာဟ္မဏော၊ ဓုမကာရီ ပုဏ္ဏားသည်။ ဂတော၊ သွားကုန်သော။ သရဘေ ဧ၊ သရဘာမည်သော သားတို့ကိုလည်းကောင်း။ ဝိဘဝံ၊ ပျက်စီးခြင်းသို့။ ဂတာ၊ ရောက်ကုန်သော။ အဇာ စ၊ ဆိတ်တို့ကို လည်း၊ တောင်း။ ဒိသ္ဝာ-ဇာနိတ္ဝာ၊ သိ၍။ ကိဉသာ၊ ကြုံလို့သည်။ ဝိဝဏ္ဏော၊ အဆင်းမရှိသည်။ ပဏ္ဍုရောဂီ၊ ဖျော့တော့သော ရောဂါရှိသည်၊ အာသိ၊ ဖြစ်၏။

၁၃၄၊ ဧဝံ၊ ဤသို့။ ယော၊ အကြင်သူသည်။ သံ-သက်-အဇ္ဈတ္တိက ဇနံ၊ အတွင်းသား၊ ကို။ နိရုံကတ္ဝာ၊ အပယ်ပြု၍။ အာဂန္တုံ၊ အာဂန္တုကို။ပိယံ၊ ချစ်သည်ကို။ ကုရုတေ၊ ပြု၏။ သော၊ ထိုသူသည်။ အယံ-ဓုမကာရီ ပြာဟ္မဏော၀၊ ဤ ဓုမဇာရီ ပုဏ္ဏားကဲ့သို့။ ဇေးဘာ၊ တစ်ယောက်ထီးတည်း။ ဗဟူ၊ များစွာ။ သောစတိ၊ စိုးရိမ်ရ၏။

အတွင်းလူသို့ ချီးမြှောက်ပြီ

ဤသို့ ဘုရားလောင်းသည် မင်းကို မူတ်စေလျက် ဆို၏။ ထိုမင်းသည် လည်း ကောင်းစွာသိသောအဖြစ်သို့ ရောက်၍ ဝိဓုရပညာရှိအား များစွာသော ဥစ္စာကိုပေး၏။ ထိုအခါမှစ၍ အတွင်းသားကို သင်္ဂြိဟ်ခြင်းကို လျှင် ပြုလျက် ဆလ္လအစရှိကုန်သော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း၊ သမ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ ''ယခုအခါ အာနန္ဒာသည် ထိုအခါ ကောရဗျမင်း ဖြစ်ပြီ၊ ယခုအခါ ပသေနဒီကောသလမင်းသည် ထိုအခါ ဓုမဇာရီပုဏ္ဏားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဝိဓုရပညာရှိဖြစ်ပြီ''ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အတွင်းလူအား၊ ချီးမြှောက်စား၊ ကျိုးမျှားဖြစ်ထွန်းမည်။)

ရွှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဓုမကာရီဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၉-ဇာဂရဇာတ်

နိုးကြားထက် လုံ့လကိုပြုသင့်ကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကောဓဇာဂရတံ သုတ္တာ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇာဂရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော သီဘင်းသည်ကို အကြောင်းပြု၍ ဟောခဲ့တော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သောတာပန်ဖြစ်သော ဘုရားတပည့် ဖြစ်သော ထိုသီဘင်းသည်သည် သာဝတ္ထိပြည်မှ လှည်းငါးရာနှင့်တကွ ကန္တာရခရီးသို့သွား၏။ လှည်းကုန်သည်တို့သည် ထိုကန္တာရဝယ် တစ်ခုသော ရေချမ်းသာရာအရပ်၌ လှည်းငါးရာတို့ကို ချတ်စေ၍ ခဲဖွယ် ဘောဇဉ်တို့ကို စီရင်၍နေ၏။ လူတို့သည် ထိုထိုအရပ်၌ လျှောင်း၍အိပ်ကုန်၏၊ သီဘင်းသည်သည်ကား လှည်းအပေါင်း၏အနီး တစ်ခုသော သစ်ပင်ရင်း၌ စင်္ကြံသွားခြင်းကို ဆောက်တည်၏။

နိုးကြားခြင်းအကျိုး

ထိုအခါ ထိုလှည်းကို လုယက်ကုန်လိုသော ငါးရာကဲ့နှသော ခိုးသူဘို့သည် အထူးထူးကုန်သော လက်နက်တို့ကိုယူ၍ လှည်းကို ခြံရုံ၍ တည့်ကုန်၏။ ထိုခိုးသူတို့သည် စင်္ကြံသွားသော ထိုသီတင်းသည်ကို မြင်ကုန်၍ ''ဤသူ၏ အိပ်သောကာလ၌ လုယက်ကုန်အံ့'' ဟု ထိုအရပ်၌ တည်ကုန်၏။ ထိုသီတင်းသည်သည်း ညဉ့်သုံးယံပတ်လုံး စင်္ကြံသွားသလျှင်ကတည်း၊ ခိုးသူတို့သည် မိုးသောက်သောကာလ၌ ကိုင်တိုင်း ကိုင်တိုင်းသော ကျောက်ဆောက်ပုတ် အစရှိသည်တို့ကို စွန့်ကုန်၍ ''အို လှည်းကုန်သည်....မမေ့မလျော့သဖြင့် စောင့်ရှောက်သော ဤယောကျ်ားကိုမှီ၍ အသက်ကိုရ၍သင်သည် မိမိ၏ ဥစ္စာရှင်ဖြစ်၏၊ ထိုသူအား ပူဇော်သက္ကာရကို ပြုလော့'' ဟုဆို၍ ဖဲ့ကုန်၏။ လူတို့သည် စောစောကလျင် ထ၍ ခိုးသူတို့သည် စွန့်အပ်ကုန်သော ကျောက်ဆောက်ပုတ် အစရှိသည်တို့ကို မြင်ကုန်၍ ''ဤသူကိုမှီ၍ ငါတို့သည် အသက်ကိုရအပ်၏'' ဟု သီတင်းသည်အား ပူဇော်သက္ကာရကို ပေးကုန်၏။ သီတင်းသည်သည်လည်း အလိုရှိရာ အရပ်သို့

www.dhammadownload.com

သွားရှု ပြုဆပ်သောကိစ္စ ပြီးလတ်သော် တစ်ဖန် သာဝတ္ထိပြည်သို့ပြန်၍ ဧတဝန်ကျောင်းတော်သို့ သွားရှုမြတ်စွာဘုရားကိုရှိခိုးပူဇော်၍နေလျက် ''သီတင်းသည် ဆာဘယ်ကြောင့် မထင်သနည်း'' ဟု မိန့်တော်မူသည်ရှိသော် ထိုဆင်းကြောင်းကို လျှောက်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ''သီတင်းသည်....သင်္ဃသည်သာလျှင် မအိပ်ဘဲ စောင့်ရှောက်၍ ဓာတုးဇူးဆာထူးကို ရသည်မဟုတ်သေး၊ ရှေးပညာရှိတို့ဆည်လည်း နှိုးကြွားကုန်သည်ဖြစ်၍ ထူးသောကျေးဇူးကို ရဖူးကုန်ပြီ'' ဟု မိန့်တော်မူ၍ သီတင်းသည်သည် တေးငင်းပန်ဆာပ်သည်ဖြစ်၍ ဆာတိတ်ကို ဆောင်းတော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောဆာ၁ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဆာရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော ဆာတတ်တို့ကို ထင်၍ တဧဖန်ပြန်၍ အိမ်၏အလယ်၌ နေလျက် နောက်ဆာဖို၌ တောထွက်၍ ရသေ့ရဟန်းပြုလျက် မကြာမြင့်မီလျှင် ဈာန်ဆာဘိညာဉ်တို့ကိုဖြစ်စေ၍ ဟိမဝန္တာဆာရပ်၌ ရပ်ခြင်း သွားခြင်း ဣရိယာပုထ်နှင့် ယှဉ်သည်ဖြစ်၍ နေလျက် မဖို့ပဲမူ၍ အလုံးစုံသော ညဉ့်ပတ်လုံး စင်္ကြံသွား၏။

နှိုးကြွားသူနှင့် ဖိုပ်မောကျသူ

ထိုဆာ၁ ဘုရားလောင်း၏ စင်္ကြံဦး၌ဖြစ်သော ရက္ခစိုးနတ်သမီးသည် နှစ်သက်၍ ဆစ်ပင်ခွင့် ရပ်၍ ပြဿနာကို မေးလိုရကား-

၁၃၅။ ကော ဓ ဇာဂရတံ သုတ္တာ၊ ကော ဓ သုတ္တေသု ဇာဂရော။
ကော မဓေတံ ဝိဇာနာတိ၊ ကော တံ ပဋိဘဏာတိ မေ-
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၃၅။ တာပသ၊ ရှင်ရသေ့။ ဣဓ၊ ဤလောက၌။ တော၊ ဆာဘယ်သူသည်။ ဇာဂရတံ၊ နှိုးကုန်ထောသူတို့၏။ ဆန္ဆရေ၊ ဆာတုန်း၌။ သုတ္တော၊ အိပ်သောသူ မည်သနည်း။ တာပသ၊ ရှင်ရသေ့။ ဣဓ၊ ဤလောက၌။ ဆော၊ ဆာဘယ်သူသည်။ သုတ္တေသု၊ အိပ်သောသူတို့၌။ ဇာဂရော၊ နှိုးသောသူ မည်သနည်း။ ကော၊ ဆာဘယ်သူသည်။ မမ၊ ငါ၏။ တံ၊ ထိုပြဿနာကို။ ပဋိဘဏာတိ၊ ခြခြင်းငှာ စုံမ်းနိုင်သနည်း။

ဘုရားလောင်းသည် ရက္ခစိုးနတ်စကားကို ကြား၍-

www.dhammadownload.com

၁၃၆။ အဟံ ဇာဂရတံ သုတ္တော၊ အဟံ သုတ္တေသု ဇာဂရော။
အဟ မေတံ ဝိဇာနာမိ၊ အဟံ ပဋိဘဏာမိ တေ-
ဟူသော ဤဒုတိယဂါထာကို ဆို၏။

၁၃၆။ ဒေ၀ဝိတေ၊ ရက္ခစိုးနတ်သမီး၊ ဆဟံ၊ ငါသည်။ ဇာဂရတံ၊ နိုးကုန်သော ရဟန္တာကြီးတို့၏။ အန္တိရေ၊ အတွင်း၌။ သုတ္တော၊ အိပ်သော သူမည်၏။ အဟံ၊ ငါသည်၊ သုတ္တေသု၊ အိပ်သောသူတို့၌။ ဇာဂရော၊ နိုးသောသူမည်၏၊ အဟံ၊ ငါသည်၊ တေံ၊ ထိုပြဿနာကို၊ ဝိဇာနာမိ၊ သိ၏၊ အဟံ၊ ငါသည်၊ တေ၊ သင်၏၊ ပဉ်၊ပြဿနာကို။ ပဋိဘဏာမိ၊ ဖြေခြင်းငှာ စွမ်းနိုင်၏၊

ဤဂါထာကို ဆိုသည်ရှိသော် နတ်သမီးသည် တစ်ဖန် မေးပြန်လို၍-

၁၃၇၊ ကထံ ဇာဂရတံ သုတ္တာ၊ ကထံ သုတ္တေသု ဇာဂရော။
ကထံ တေံ ဝိဇာနာသိ၊ ကထံ ပဋိဘဏာသိ မေ-
ဟူသော ဤတတိယဂါထာကို ဆို၏။

၁၃၇။ တာပသ၊ ရှင်ရသေ့၊ တ္ဝံ၊ သည်။ ဇာဂရတံ၊ နိုးကုန်သော သူတို့၏။ အန္တိရေ၊ အတွင်း၌၊ ကထံ၊ အသို့လျှင်၊ သုတ္တာ၊ အိပ်သောသူ မည်သနည်း။ ကတ္ဝ၊ အသို့လျှင်။ သုတ္တေသု၊အိပ်သောသူတို့၌၊ ဇာဂရော၊ နိုးသောသူမည်သနည်း။ တာပသ၊ ရှင်ရသေ့။ တ္ဝံ၊ သင်သည်၊ ကထံ၊ အသို့လျှင်။ မေ၊ ငါ၏။ တေံ၊ ထိုပြဿနာကို။ ဝိဇာနာသိ၊ သိသနည်း။ ကထံ၊ အသို့လျှင်၊ မေ၊ ငါ၏။ ပဉ္ဉံ၊ ပြဿနာကို။ ပဋိဘဏာသိ၊ ဖြေခြင်းငှာ စွမ်းနိုင်သနည်း။

ဘုရားလောင်းသည် ထိုအနက်ကို ဖြေလိုသည်ဖြစ်၍-

၁၃၈။ ယေ ဓမ္မံ နပ္ပဇာနန္တိ၊ သံယမောတိ ဒမောတိ စ၊
တေသု သုပ္ပမာဒနသု၊ အဟံ ဇဂ္ဂါမိ ဒေ၀တေ။
၁၃၉၊ ယေသံ ရာဂေါ စ ဒေါသော စ၊ အဝိဇ္ဇာ စ ဝိရာဇိတာ။
တေသု ဇာဂရမာဒနသု၊ အဟံ သုတ္တာ သ္မိ ဒေ၀တေ။
၁၄၀၊ ဧ၀ံ ဇာဂရတံ သုတ္တာ၊ ဧ၀ံ သုတ္တေသု ဇာဂရော၊
ဧ၀ မေတံ ဝိဇာနာမိ၊ ဧ၀ံ ပဋိဘဏာမိ တေး
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၃၈။ ဒေ၀ဝိတေ၊နတ်သမီး။ ဃယေ၊ အကြင်သူတို့သည်။ သံယမောတိ စ၊ မင်္ဂလာသော သီလဟူ၍လည်းကောင်း၊ ဒမောတိ စ၊ ဣန္ဒြိယ

www.dhammadownload.com

သံဝရသီလဟူ၍ လည်းကောင်း။ ဓမ္မံ၊ ကိုးပါးသော လောကုတ္တရာ တရားကို။ နပ္ပဇာနန္တီ၊ မသိကုန်။ သုပ္ပမစနေသု၊ ကိလေသာဟူသော အိပ်ပျော်ခြင်း၏ အစွဲမ်းအာ၊ဖြင့် မေ့လျော့ကုန်သော။ တေသု၊ ထိုသူတို့၌။ အဟံ၊ သည်း ဇဂါမိ၊ နိုး၏။

၁၃၉။ ယေသံ၊ အကြင်ရဟန္တာတို့အား။ ရာဂေါ စ၊ သည် လည်းကောင်း။ ဒေါသော စ၊ သည်လည်းကောင်း။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည် လည်းကောင်း။ ဝိရာဇိတာ၊ ကင်းကုန်၏။ ဇာဂရမာနေသု၊ နိုးအပ်ကုန်သော။ တေသု။ ထိုရဟန္တာကြီးတို့၌။ အဟံ။ ငါသည်။ သုတ္တော၊ အိပ်သောသူမည်ထည်။ အသ္မိ၊ ဖြစ်၏။

၁၄၀။ ဝေါကျိဿိ။ ဇာဂရတံ၊နိုးကုန်သော ရဟန္တာကြီးတို့၏။ အန္တရာ၊အတွင်း၌။ အဟံ၊ငါသည်။ သုတ္တော၊ အိပ်ပျော်၏။ ဝေါကျိဿိ၊ သုတ္တသု၊ အိပ်ပျော်သူတို့၌။ အဟံ၊ငါသည်။ ဇာဂရော၊နိုး၏။ အဟံ၊ ငါသည်။ ဝေါကျိဿိ၊ တေံ၊ထိုပြဿနာကို။ ဝိဇာနာမိ၊သိ၏။ ဝေါကျိဿိ။ အဟံ၊ ငါသည်။ တေ၊သင်၏၊ပဉ္ဟံ၊ပြဿနာကို။ ပဋိဘာနာမိ၊ဖြေခြင်းငှာ စွမ်းနိုင်၏။

ကျိဿို ဘုရားလောင်းသည် ပြဿနာကို ဖြေသည်ရှိသော် ရက္ခစိုး နတ်သမီးသည် နှစ်ထက်အပ်သည်ဖြစ်၍ ဘုရားလောင်းအား ချီးမွမ်းလိုရာ၊-

၁၄၁။ သာဓု ဇာဂရတံ သုတ္တော၊ သာဓု သုတ္တသု ဇာဂရော။
သာဓု မေတံ ဝိဇာနာသိ၊ သာဓု ပဋိဘာနာသိ မေ-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၁၄၁။ တာပသ၊ရှင်ရသေ့။ သာဓု၊ကောင်းပေစွ။ တုံ၊သင်သည်။ ဇာဂရတံ၊နိုးကုန်သော ရဟန္တာကြီးတို့၏။ အန္တရာ၊အတွင်း၌။ သုတ္တော၊ အိပ်ပျော်၏။ တာပသ၊ရှင်ရသေ့။ သာဓု၊ကောင်းစွ။ တုံ၊ သင်သည်။ သုတ္တသု၊အိပ်သောသူတို့၌။ ဇာဂရော၊နိုးသောသူမည်၏။ တာပသ၊ ရှင်ရသေ့။ တုံ၊သင်သည်။ သာဓု၊ကောင်းစွ။ မေ၊ငါ၏။ တေံ၊ထိုပြဿနာကို။ ဝိဇာနာသိ၊သိ၏။ တာပသ၊ရှင်ရသေ့။ သာဓု၊ ကောင်းစွ။ တုံ၊ သင်သည်။ မေ၊ ငါ၏၊ ပဉ္ဟံ၊ ပြဿနာကို။ ပဋိဘာနာသိ၊ ဖြေခြင်းငှာ စွမ်းနိုင်၏။

ကျိဿို နတ်သမီးသည် ဘုရားလောင်းအား ချီးမွမ်းခြင်းကိုပြု၍ ဗိမာန်သို့ လျှင် ဝင်၏၊

www.dhammadownload.com

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ''ယခုအခါ ဥပဝေါသည် ထိုအခါ နတ်သမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရဟန်းဖြစ်ပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ထက္ကနိုးကြား၊ ရှိသူကဒး၊ ကောင်းစားရမည်မှတ်။)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ဇာဂရဇာတ်သည် ပြီး၏။

၂၀-ကုမ္မာသပိဏ္ဍကဇာတ်

အနည်းငယ်ကို စွန့်လှူရုံဖြင့် ဘုရင့်စည်းစိမ်ကို ရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွဖြစ်သော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''နကိရတ္ထိ'' အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုမ္မာသပိဏ္ဍဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မလ္လိကာ မိဖုရားအကြောင်းကို ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုမလ္လိကာမိဖုရားသည် သာဝတ္ထိပြည်၌ တစ်ဦးသောပန်းသည်ကြီး၏သမီးဘည်း။ မြတ်သောအာဆင်းကို ဆောင်၏၊ ပညာကြီး၏၊ တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ တစ်နေ့သ၌ သူငယ်မတို့နှင့်တကွ ပန်းဥယျာဉ်သို့သွားလတ်ခဿ် သုံးဆုပ်ခသာ မုယောမုန့်တို့ကို ယူ၍ ပန်းတောင်း၌ထည့်၍ သွား၏။ ထိုမလ္လိကာသည် မြို့မှထွက်သောကာလ၌ ကိုယ်ဆောင်ကိုလွှတ်လျက် ရဟန်းအားပါဒံခြုံရုံလျက် မြို့သို့ဝင်သော မြတ်စွာဘုရားကိုမြင်၍ မုယောမုန့်တို့ကို လှူ၏၊ သဗ္ဗညုမြတ်စွာဘုရားသည် စာတုမဟာရာဇ်နတ်မင်းတို့သည် လှူအပ်သောသပိတ်တော်ကို ညှတ်၍ ခံတော်မူ၏။ထိုမလ္လိကာသည်လည်း မြတ်စွာဘုရားခြေဘော်ကို ဦးဖြင့်ရှိခိုး၍ ဘုရားလျှင် အာရုံရှိသောပဋိတိုကိုယူ၍ လျောက်ပတ်သောအာရပ်၌ တည်၏။

ဘုရားအားမုန့်လှူ၍

သဗ္ဗညုမြတ်စွာဘုရားသည် ထိုမလ္လိကာကုံကြွတော်မူ၍ ပြုံးခြင်းကို ပြု၏။ အဋ္ဌင်ဆာနန္ဒာသည် ''မြတ်စွာဘုရား၏ ပြုံးတော်မူခြင်း၌ အကြောင်းတာ၊

www.dhammadownload.com

အဘယ်နည်း၊ အားထာက်အပုံ့ကား အဘယ်နည်း'' ဟု ကြံ၍ သင့္ဗဉ္ဇည မြတ်စွာဘုရားကို မေးလျှောက်၏။ ထိုအခါ အာနန္ဒာမထေရ်အား သင့္ဗဉ္ဇည မြတ်စွာဘုရားသည် ''အာနန္ဒာ-ဤသတ္တိသမီးသည် ဤမုယောမုန့်တို့ကို လှူခြင်း၏အကျိုးအားဖြင့် ယနေ့လျှင် ကောသလမင်း၏ မိဖုရားကြီး ဖြစ်လတ္တံ့'' ဟု ပြုံးတော်မူသောအကြောင်းကို မိန့်တော်မူ၏။ လတ္တိသမီးသည်လည်း ပန်းအာရုံသို့ သွေး၏။

မိဖုရားကြီးဖြစ်ပြီ

ထိုနေ့၌လျှင် ကောသလမင်းသည် အဇာတသတ်မင်းနှင့်တကွ စစ်ထိုး၍ စစ်ရှုံးသည်ရှိသော် ပြေး၍ မြင်းကို စီး၍လာလတ်သော် ထိုမလ္လိကာ၏ သီချင်းသံကိုကြား၍ တပ်သောစိတ်ရှိသည်ဖြစ်၍ မြင်းကို ဥယျာဉ်သို့ ရွေးရှု့နှင်၏။ ဘုန်းနှင့်ပြည့်စုံသော သတ္တိသမီးသည် မင်းကိုမြင်၍ မပြေးမူ၍လျှင် လာလတ်၍ မြင်းကို နှာခေါင်း၌ကိုင်၏။ မင်းသည် မြင်းကျောက်ကုန်း၌ခနဏ်လျှင် ''ဆရှင်ရှိသလော'' ဟု မေး၏။ ဆရှင်မရှိသည်၏ဆုံးဖြစ်ကိုသိ၍ မြင်းမှသက်၍ လေ-ခနပွဲကြောင့် ပင်ပန်းသည်ဖြစ်၍ ထိုမလ္လိကာ၏ ရင်ခွင်၌ အိပ်လျက် တစ်ခဏမျှ ဆပန်းဖြေ၍ ထိုမလ္လိကာကို မြင်းကျောက်ကုန်း၌ နေစေ၍ ဗိုလ်ပါဆင်ပေါင်းခြံရံလျက် မြို့သို့ဝင်၍ မလ္လိကာကို မိမိ၏ မိဘအိမ်သို့ဝင်စေ၍ ညဉ့်အခါ ယာဉ်ကို ကုန်စေ၍ မျှားစွာသော ပူဇော်မြတ်နိုးခြင်းဖြင့် မိဘအိမ်မှယူ၍ ရတနာဆုဌ်ထား၍ အဘိသိက်ပေး၍ မိဖုရားကြီးပြု၏၊

ထိုအခါမှစ၍ မင်းသည် ချစ်နှစ်သက်၏၊ ရွှေဦးစွာ ထခြင်း ဆစ္ဆီသော ကောင်းသော ကျွေးငှဲးတို့နှင့် ပြည့်စုံ၏၊ လင်းကဲ့ နတ်ကဲ့သို့ လုပ်ကျွေး၏၊ ဘုရားတို့ဆောလည်း အာဿမ်း၀င်၏။ ထိုမလ္လိကာသည် မြတ်စွာဘုရားအား သုံးဆုပ်သော မုယောမုန့်တို့ကိုလှူ၍ ထိုစည်းစိမ်ကိုရသော ဆဖြစ်သည် မြို့အလုံး၊ နှံ၍သွား၏။ ထိုအခါ တစ်နေ့သ၌ တထွာသဘင်၌ ရဟန်းတို့သည် ''ငါ့ရှင်ကို...မလ္လိကာဒေဝီသည် မြတ်စွာဘုရားအား သုံးဆုပ်သော မုယောမုန့်တို့ကိုလှူ၍ ထိုကုသိုလ်၏ အကျိုးအားဖြင့် ထိုနေ့၌လျှင် အဘိသိက် သွန်းခြင်းကို ရ၏၊ ဘုရားရှင်၏ မြတ်သောကျွေးငှဲး ရှိသည်၏ ဆဖြစ်သည် အံ့ဖွယ်ရှိစွ'' ဟု စကားကို ဖြစ်စေကုန်၏၊ သင့္ဗဉ္ဇည မြတ်စွာဘုရားသည် လာတော်မူလတ်၍ ' ဗာဒုဆခါ၌ အဘယ်စကားဖြင့် စည်း

www.dhammadownload.com

ဝေးကုန်သနည်း''ဟု မေးတော်မူ၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်''၏ဟုနားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့...ယခုကာသည် တစ်ဆူသော သဗ္ဗညုမြတ်စွာဘုရားအား သုံးဆုပ်ကုန်သော မုယောမုန့်တို့ကို လှူ၍ ငေးသလမငဲ့၏ မိဖုရားကြီးအဖြစ်ကို ရခြင်းသည် မအံ့လောက်သေး၊ အဘယ့်ကြောင့်နည်းဟူမူကား သဗ္ဗညု ဘုရားရှင်တို့၏ ကျေးဇူးများ မြတ်သည်၏အဖြစ်ကြောင့်ထည်း။ ရှေးပညာရှိတို့သည်ကား ပစ္စေကဗုဒ္ဓါတို့အား တင်လဲ မခတ်သော အစေးမရှိသော မုယောမုန့်တို့ကိုလှူ၍ ထိုအလှူ၏အကျိုးဖြင့် နှစ်ခုမြောက်သော အတ္တဒဘာဝ၌ ယူဇနာ သုံးဆူရှိသော တာသိတိုင်း၌ မင်း၏စည်းစိမ် အသရေကို ရဖူးကုန်၏''ဟုမိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားဒလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် တစ်ဦးတည်းသောသူဌေးကိုမှီ၍ အခံဖြင့် အမှုကို ပြုလျက် အသက်မွေး၏။

မုယောမုန့်အလှူ။

ထိုဘုရားလောင်းလည် တစ်နေ့သ၌ ''ငါ့အား နံနက်စာ အကျိုးငှာ ဖြစ်လတ္တံ့''ဟု အိမ်ဈေးမှ လေးဆုပ်သော မုယောမုန့်တို့ကိုယူ၍ အမှုလုပ်ရာသို့ သွားသည်ရှိသော် ဆွမ်းခံအံ့သောငှာ ဗာရာဏသီသို့ ရှေးရှုသာကုန်သော လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့ကိုမြင်၍ ''ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းကိုရည်၍ ဗာရာဏသီသို့သွားကုန်၏။ ငါ့အားလည်း လှူးဆုပ်သော မုယောမုန့်တို့သည် ရှိကုန်၏၊ အစာယ်၍ ဤမုယောမုန့်တို့ကို လှူရသော်ကား ကောင်းစွ''ဟု ကြံ၍ ပစ္စေကဗုဒ္ဓါတို့ကို ကပ်၍ ''အရှင်ဘုရားတို့...အကျွန်ုပ်၏လှူဒါန်း လေးဆုပ်သော မုယောမုန့်တို့သည် ရှိကုန်၏။ ဤမုန့်တို့ကို အကျွန်ုပ်သည် အရှင်ဘုရားတို့အား လှူအံ့၊ အရှင်ဘုရားတို့ကို တောင်းပန်ပါ၏၊ အကျွန်ုပ်၏မုန့်တို့ကို ခံပါကုန်လော့။ ဤသို့ခံသည် ရှိသော် ဤတောင်းမူသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ အကျိုးငှာ ဖြစ်လတ္တံ့''ဟု လျှောက်၍ ထိုပစ္စေကဗုဒ္ဓါတို့၏ သည်းခံခြင်းကိုသိ၍ သဲကုံစု၍ နေရာလေးခုတို့ကိုခင်း၍ ထိုသဲစုတို့၏အထက်၌ ချိုးဆဲကုန်သော သစ်ရွက်တို့ကိုခင်း၍ ပစ္စေကဗုဒ္ဓါတို့ကို အစဉ်သဖြင့်နေ၍

www.dhammadownload.com

သစ်ရွက်တို့ဖြင့် ရေကိုဆောင်၍ အလှူခရစက်ကို ကျွေစေ၍ လေးလုံးကုန် သောသပိတ်တို့၌ လေးဆုပ်ကုန်သော မုန့်တို့ကိုထည့်ပြီး၍ ရှိခိုး၍ "အရှင် တို့....ထိုမုဃေမုန့်တို့၏ အကျိုးဆက်ဖြင့် ကျွန်ုပ်အား သူဆင်းရဲအိမ်၌ ဖြစ် ခြင်းမည်သည် မဖြစ်စေသတည်း၊ သာဗွတ္ထိဘုရားကို သင်ခြင်း၏အကြောင်း ဃသည် ဖြစ်စေသတည်း" ဟု ဆို၏။ ပစ္စေကဗုဒ္ဓါတို့သည် ဘုဉ်းပေး၍ ဘုဉ်း ပေးပြီးသောအဆုံး၌ အနုမောဒနာကိုပြု၍ နန္ဒမူလိုဏ်သို့လျင် ကြွကုန်၏။

ဘုရင်ဖြစ်ရခြင်း

ဘုရားလောင်းသည် လက်အုပ်ချီ၍ ပစ္စေကဗုဒ္ဓါတို့၌ဖြစ်သော ပီတိကို ယူ၍ ထိုပစ္စေကဗုဒ္ဓါတို့သည် မျက်စိဖြင့် မြင်ကောင်းသော ခရီးကို လွန် ကုန်သော် မိမိ၏ဇာမူလုပ်ရာသို့ သွား၍ အသက်ထက်ဆုံး အောက်မေ့၍ စုဝေး၍ ထိုကောင်းမှု၏အကျိုးဖြင့် ဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏။ ထိုမင်းသားအား "ဗြဟ္မဒတ္တ သတို့သား" ဟူသော အမည်ကို မှည့် ကုန်၏။ ထိုဗြဟ္မဒတ္တမင်းသားသည် မိမိခြေဖြင့် သွားတတ်သော ကာလမှ စ၍ "ငါသည် ဤဗာရာဏသီမြို့၌လျင် သူရင်းငှားဖြစ်၍ ဇာမူလုပ်အံ့သာ ငှာ သွားသည်ရှိသော် ပစ္စေကဗုဒ္ဓါတို့အား လေးဆုပ်ကုန်သော မုဃေမုန့် တို့ကို လှူ၍ ထိုအလှူ၏အကျိုးဖြင့် မင်းမျိုး၌ဖြစ်၏" ဟု ကြည်သော ကြေးမုံ၌မျက်နှာရိပ်ကဲ့သို့ ရှေးတဝဋ်ဖြစ်သော အလုံးစုံသော အမူအရာ ကို ဇာတိဿရဉာဏ်ဖြင့် ထင်သည်ဖြစ်၍ ရှု၏။ ဗြဟ္မဒတ်မင်းအားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍အလုံးစုံသောဆရာတို့ကို သင်၍ တစ်ဖန် ပြန်၍ သင်အပ်သော ဆရာတို့ကို ဆာဆားပြု၍ အဘသည် နှစ်သက်ဆဖြင့် ဆိုမ်ရွှေ့အရာ၌ထား၍ အဘ လွန်သဖြင့် မင်းအဖြစ်၌ တည်၏။ ထိုအခါ ဗြဟ္မဒတ်မင်းအား ကောသလမင်း၏ ပြတ်သောဆဆင်းရှိသော သမီးကိုဆောင်၍ မိဖုရားကြီးပြုကုန်၏။ ဗြဟ္မဒတ် မင်း၏ ထီးဖြူမင်္ကလာပြုသောနေ့၌ မြို့ဆုံးကို နှတ်မြို့ကဲ့သို့ တန်ဆာ ဆင်ကုန်၏။

စည်းစိမ်ကိုရခြင်းသိချင်း

ဗြဟ္မဒတ်မင်းသည် မြို့ကို လက်ယာရစ်လှည့်သည်ကိုပြု၍ တန်ဆာဆင် သော ပြာသဒ္ဒါသို့တက်၍ ပြာသာဒ်အပြင်၌ ဆာလယ်၌ ဆောင်းစွာ

www.dhammadownload.com

ဆောက်အပ်သော ထီးဖြူရှိသော ပလ္လင်သို့ တက်၍နေလတ်သော် ခြံရံ၍ တည်ကုန်သော တစ်ဖက်မှ အမတ်တို့ကို တစ်ဖက်မှ အထူးထူးသော စည်းစိမ်ရှိကုန်သော အသရေ၏ တင့်တယ်ခြင်းဖြင့် ထွန်းပကုန်သော ပုဏ္ဏား သူကြွယ် အစရှိကုန်သော သူတို့ကို တစ်ဖက်မှ အထူးထူးအပြားပြား လက်ဆောင် လက်စဲ့ကုန်သော မြို့သူတို့ကို တစ်ဖက်မှ တန်ဆာဆင်ကုန်သော နတ်သမီးနှင့်တူကုန်သော တစ်သောင်းခြောက်ထောင်ကုန်သော စာရဲသည် မိန်းမအပေါင်းတို့ကို ဤသို့ အလွန် နှလုံးမွေ့လျော်ဖွယ်ရှိသော ဤအသရေစည်းစိမ်ကို ကြည့်လျက် မိမိ၏ ရှေး ကောင်းမှုကံကို အောက်မေ့၍ ရွှေအချက်ရှိသော ရွှေပန်းရှိသော ဤထီးဖြူသည် လည်း ကောင်း၊ အထောင်မကသော ဤဆင်ယာဉ် မြင်းယာဉ်တို့သည် လည်း ကောင်း၊ ပတ္တမြားပုလဲ အစရှိသည်တို့ဖြင့် ပြည့်ကုန်သော တိုက်တို့သည် လည်းကောင်း၊ အထူးထူးသော စပါးမျိုးဖြင့်ပြည့်သော မြေကြီးသည် လည်းကောင်း၊ နတ်သမီးနှင့်တူကုန်သော မိန်းမတို့သည်လည်းကောင်း၊ ဤသို့ အလုံးစုံသော ငါ၏ အသရေစည်းစိမ်သည် တစ်ပါးသောသူ၏ ဥစ္စာမဟုတ်၊ လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့အား လှူအပ်သော လေးဆုပ်သော မုယောမုန့်အလှူ၏သာလျှင် ဥစ္စာတည်း။ ထိုမုယောမုန့်အလှူကို မှီ၍ ဤစည်းစိမ်ကိုရ၏''ဟု ပစ္စေကဗုဒ္ဓါတို့၏ ကျေးဇူးကို အောက်မေ့၍ မိမိကုသိုလ်ကံကို ထင်သည်ကိုပြု၍ ထိုကောင်းမှုကို အောက်မေ့သော ထိုဗြဟ္မဒတ်မင်း၏ ကိုယ်အလုံးသည် ပီတိဖြင့်စွတ်သော နှလုံးရှိသည်ဖြစ်၍ လူအပေါင်း၏ဆလယ်၌ ဝမ်းမြောက်ဆော သီချင်းတို့ သီလိုသည်ဖြစ်၍-

၁၄၂။ နကိရတ္ထိ အနောမဒဿိသု၊ပါရိစရိယာ ဗုဒ္ဓေသု အပုကာ။
သုက္ခံးယ အလေးကိကာယ စ၊ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ။

၁၄၃။ ဟတ္ထိ ဂဝဿာ စိဒမ ဗဟူ၊ ဓနဓညံ ပုထဝီ စ ကေဝလာ။
နာရိယော စိမာ အစ္ဆရူပမာ၊ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၄၂။ မနောမဒဿိသု၊ မြတ်သော ပစ္စေကဗောဓိဉာဏ် အမြင်ရှိကုန်သော။ ဗုဒ္ဓေသု၊ ပစ္စေကဗုဒ္ဓါတို့၌ ပါရိစရိယာ၊ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အစရှိသည် အပြားရှိသော အရိုအသေပြုခြင်း တစ်လုံးသော သစ်သီး တစ်နုပ်သောဆွမ်းကို ပေးလှူခြင်းသည်။ အပုကာ၊ နည်းသော အကျိုးရှိသာမည်သည်၊ နအတ္ထိ ကိရ၊ မရှိဆတတ်။ သုက္ခာယ၊

www.dhammadownload.com

ထာစေးမရှိသော။ အလောကို-ကာယ၊ တင်လဲမခတ်သော၊ ကုမ္မာသပိဏ္ဍိယာ၊ မုယောမုန့်စိုင်၏ဖလံ၊ ထကျိုးကို။ ပဿ၊ ရှုပါလော့။

၁၄၃။ ကုမ္မာသပိဏ္ဍိယာ၊မုဒယောမုန့်စိုင်၏။ ဗဟူ၊ မျှားစွာကုန်သော။ ဣမေ ဟတ္ထိဂဝဿာ စ၊ ဤဆင် နွားမြင်းတို့လည်းကောင်း။ ဓနဓညဥ္စ၊ ပတ္တမြားအစရှိသော ဥစ္စာခုနစ်ပါးသော စပါးမျိုးလည်းကောင်း။ တေဝလာ၊ အလုံးစုံသော။ ပထဝီ၊ စ၊ မြေကြီးလည်းကောင်း၊ အစ္ဆရှုပမာ၊ နတ်သမီးနှင့်တူကုန်သော။ ဣမာ နာရိယော စ၊ဤမိန်းမတို့လည်းတောင်း။ ဣတိ၊ ဤသို့။ ဣဒံ ဖလံ၊ ဤအကျိုးကို။ ပဿ၊ ရှုပါလော့။

နံနန်းတွင်းသူမျှားဆိုကြပြီ

ဘုရားလောင်းသည်လည်း မိမိ၏ ထီးဖြူမင်္ဂလာ ပြူသောနေ့၌ ဖြစ်သော ပိတိ ပါမောဇ္ဇ ရှိသည်ဖြစ်၍ ဤဂါထာတို့ဖြင့် ဥဒါန်းသံချင်းကို သီ၏။ ထိုနေ့မှစ၍ ''မင်းသည် ချစ်သော သီချင်းတည်း'' ဟု ဘုရားလောင်း၏ မောင်းမအပေါင်းတို့သည် လည်းကောင်း၊ ဧကချေသည် သဘင်သည် စသော နန်းတွင်းသူတို့သည် လည်းကောင်း၊ မြို့တွင်းမြို့ပြင်နေကုန်သော သူတို့သည်လည်းကောင်း၊ ပဲ့သဘင်မင်္ဂလာတို့၌လည်းထောင်း ''ငါတို့ဖခင်မင်းကြီးသည် ချစ်ဖွယ်သောသီချင်းတည်း'' ဟု ထိုသီချင်းကို သာလျှင် သီကုန်၏။

သီချင်းအဓိပ္ပာယ်ကိုမေးသော်

ဤသို့ ရှည်စွာသောကာလသည် ထောက်လတ်သော် မိဖုရားကြီးသည် ထိုဂါထာ၏အနက်ကို သိလိုသည်ဖြစ်၏။ ဘုရားလောင်းကိုတား မေးအံ့သေးငှာ မဝံ့၊ ထိုအခါ မိဖုရားအား တစ်ခုသောကျေးဇူး၌ ကြည်ညိုလျှက် တစ်နေ့လျှင် မင်းလည် ''ရှင်မ...သင့်အား ငါသည် ဆုကိုပေးအံ့၊ ဆုကိုယူလော့'' ဟု ဆို၏၊ မိဖုရားသည် ''အရှင်မင်းကြီး...ကျောင်းပြီ။ ဆုကိုယူအံ့'' ဟု ဆို၏။ ''သင့်အား ဆင်မြင်း အစရှိသည်တို့တွင် အဘယ်ကိုပေးရအံ့နည်း'' ဟု ဆို၏၊ ''ရှင်မင်းကြီး...ရှင်မင်းကြီးတို့ကိုမှီ၍ အကျွန်ုပ်အား မပြည့်စုံခြင်းမည်သည် မရှိ၊ အကျွန်ုပ်အား၊ ထိုဆင်မြင်း အစရှိသည်တို့ဖြင့် အလိုမရှိ၊ အကယ်၍ ပေးလိုကုန်အံ့၊ သင်မင်းကြီးတို့သည် သီအပ်နှံသော သီချင်း၏အနက်ကို ဆို၍ ပေးကုန်လော့'' ဟု ဆို၏။ ''ရှင်မ...

www.dhammadownload.com

ရှင်မဟား ဤဆုဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ တစ်ပါးသောဆုကို ယူလော့''ဟု ဆို၏၊ ''ရှင်မင်းကြီး....ကျွန်ုပ်အား တစ်ပါးသောဆုဖြင့် အလိုမရှိ၊ ထိုဆုကိုသာ ယူအံ့'ဟု ဆို၏၊ ''ရှင်မ_ကောင်းပြီ ဆိုအံ့၊ တစ်ယောက်တည်းဒသာ သင့်အား ဆိတ်ကွယ်ရာအရပ်၌ မဆိုအံ့၊ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာဇုဏသီမြို့၌ စည်လည်စေ၍ မင်းအိမ်တံခါး၌ ရထနာမကွပ်ကို ပြုစေ၍ ရထနာပလ္လင်ကုံခင်းစေ၍ အမတ် ပုဏ္ဏား အစရှိကုန်သော မြို့သူတို့ဖြင့် လည်းကောင်း၊ တစ်ခသောင်းခြောက်ထောင်သော မိန်းမတို့ဖြင့်လည်းကောင်း ခြံရံလျက် ထိုသူတို့၏အလယ် ရထနာလွှဲ၌နေ၍ ပေဟာအံ့'' ဟု ဆို၏၊ 'အရှင်မင်းကြီး....တောင်းပြီ'' ဟု ဝန်ခံ၏၊ မင်းသည် ထိုသို့ဆိုတိုင်းပြုစေ၍ အမတ်အပေါင်းခြံရံသော သိကြား နတ်မင်းကဲ့သို့ မျှားစွာသောလူအပေါင်း ခြံရုံလျက် ရထနာပလ္လင်၌နေ၏၊ မိဖုရားသည်းအည်း ခပ်သိမ်းသော တန်ဆာဖြင့် ဆင်အပ်သည်ဖြစ်၍ ရွှေအင်းပျဉ်ကို ခင်းစေ၍ တင့်အပ်သောအရပ်၌ မျက်စောင်းဖြင့်ကြည့်၍ ထိုသို့သဘောရှိထော အရပ်၌နေ၍ ''သင်မင်းကြီးတို့သည် နှစ်သက်၍ သိအပ်သော မင်္ဂလာသိန္ဓင်းကိုသိ၍ အနက်ကို အကျွန်ုပ်အား ရှေးဦးစွာ ကောင်းကစ်ပြင်၌ လပြည့်ဝန်းကို ထင်စေဘိသကဲ့သို့ ထင်သည်ကိုပြု၍ ဟောပါကုန်လော့''ဟု ဆိုလို၍-

၁၄၄။ အဘိက္ခဏံ ဇာဇကုဠရ၊ ဂါထာ ဘာသသိ ကောသလာဓိပ။
ပုစ္ဆာမိ တံ ရာဇဝဓုန၊ ဗာဠ္ဟံ ပိတိမနော ပဘာသသိ-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၁၄၄။ ကောသလာဓိပ၊ ကောသလတိုင်းကို အစိုးရသော။ ရာဇဝဓုန၊ တို်းနိုင်ငံကို ပွားစေတတ်သော။ ဇာဇကုဠရ၊ မင်းမြတ်။ အဘိက္ခဏံ၊ မပြတ်။ ဂါထာ၊ ဂါထာတို့ကို။ တံ၊ သင်မင်းကြီးသည်။ ဘာသသိ၊ ဆို၏။ ဗာဠ္ဟံ ပိတိမနော၊ အလွန်လျှင် ပီတိနှင့်ယှဉ်သော စိတ်ရှိသည်ဖြစ်၍။ ပဘာသသိ၊ ဆို၏။ တံ၊ ထိုဂါထာ၏ အနက်ကို။ ပုစ္ဆာမိ၊ မေး၏။

ဘုရင်မင်းကြီးဖြေကြားပြီ

ထိုအခါ မိဖုရားအား ဂါထာတို့၏အနက်ကို ထင်စွာပြလိုသော ဘုရားလောင်းသည်-

www.dhammadownload.com

၀၄၅။ ကျွမသို့ ယေဝ နဂရေ၊ ကုလေ အညတရေ အဟုံ။
ပရဏာမကာရော အာသိ၊ ဘတကော သီလသံဝုတော။
၁၄၆။ ကမ္မာယ နိက္ခမန္တော ဟံ၊ စတုရော သမဂဏဒ္ဒသံ။
အာစာရ သီလသမ္ပန္နေ၊ သီတိဘူတ အနာသဝေ။
၁၄၇။ တေသု စိတ္တံ ပသာဒေတွာ၊ နိသီဒတွာ ပဏ္ဍသန္ထဝေ။
အဒံ ဗုဒ္ဓါနံ ကုမ္မာသံ၊ ပယာနော သေဟိ ပါဏိဘိ။
၁၄၈။ တဿ ကမ္မဿ ကုသလဿ၊ ကျွဒံ မေ ဣဒိသံ ဖလံ။
အနုဘာဝမိ ကျွမံ ရဇ္ဇံ၊ ဖီတံ ဓရဏိ မုတ္တမံ-

ဟူသော ဤဒေလးဂါထာတို့ကို ဆို၏။

၁၄၅။ ဘဒ္ဒေ၊ ရွှင်မ။ ဆရာ၊ ငါသည်။ ကျွမသို့ ယေဝ နဂရေ၊ ဤပရာဏသီမြို့၌လျှင်၊ အညာရေ၊ မထင်ရှားဆော။ ကုလေ၊ သူဆင်းရဲအမျိုး၌။ ဆရာ၊ ဖြစ်ပြီ။ ပရကမ္မစာရော၊ သူတစ်ပါးအလုပ်ကိုလုပ်သော။ ဘတကော၊ သူရင်းငှားဖြစ်လျက်၊ သီလသံဝုတော၊ သီလကိုစောင့်သည်။ ဆရာ၊ ဖြစ်ပြီ။

၁၄၆။ ဘဒ္ဒေ၊ ရွှင်မ။ ဆရာ၊ ငါသည်။ ကမ္မာယ၊ အမှုလုပ်အံ့သော ငှာ။ နိက္ခမန္တော၊ ထွက်သည်ရှိသော်၊ အာစာရသီလသမ္ပန္နေ၊ ဓာတ်ဖိုလ်တို့မှ လွတ်သော အကျင့်သီလ အာစာရနှင့် ပြည့်စုံကုန်သော။ သီတိဘူတော၊ ငြိမ်းသည်ဖြစ်၍ ဖြစ်ကုန်သော။ အနာသဝေ၊ ကာမာသဝ အစရှိကုန်သော အာသဝေမရှိကုန်သော၊ စတုရော၊ လေးပါးကုန်ဆော၊ သမဏေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ အဒ္ဒသံ၊ မြင်၏။

၁၄၇။ ဘဒ္ဒေ၊ ရွှင်မ။ ဆရာ၊ ငါသည်၊ တေသု၊ လေးဆူကုန်သော ထိုပစ္စေကဗုဒ္ဓါတို့၌။ စိတ္တံ၊ စိတ်ကို၊ ပသာဒေတွာ၊ ကြည်စေ၍။ ပဏ္ဍသန္ထဝေ၊ သစ်ရွက်ဆောင်း၌၊ နိသီဒတွာ၊ နေစေ၍၊ ပသန္နော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့ထောင်း၊ ကုမ္မာသံ၊ မုယောမုန့်ကို။ အဒံ၊ လှူဖူး၏။

၁၄၈။ ဘဒ္ဒေ၊ ရွှင်မ။ မေ၊ ငါ၏၊ ဤဒိသံ၊ ဤသို့သဘောရှိသော၊ ကျွဒံဖလံ၊ ဤအကျိုးသည်၊ ကုသလဿ၊ ကုသိုလ်ဖြစ်သော၊ တဿကမ္မဿ၊ ထိုကံ၏၊ ဖလံ၊ အကျိုးတည်း။ ဖီတံ၊ ပြည့်စုံသော။ ဥတ္တမံ၊ မြတ်သော။ ဓရဏိံ၊ ပြေကိုအစိုးရသော။ ကျွမံရဇ္ဇံ၊ ဤမင်းအဖြစ်ကို၊ အနုဘောမိ၊ ခံစားရ၏၊

www.dhammadownload.com

မိဖုရား ကျေနပ်ခြင်း

ဤသို့လည်း မိမိတောင်းမှုကို ခဲ့၍ ဟောသော ဘုရားလောင်း၏ စကားကို ကြား၍ ကြည်ညို၍ မိဖုရားသည်လည်း "မြတ်သောမင်းကြီး.... ဤသို့ ပစ္စက္ခအားဖြင့် ဒါနအကျိုးကို သိကုန်၏၊ ဤနေ့မှစ၍ တစ်ခုခုထာ ထမင်းဆုပ်ကိုရ၍ တရားစောင့်သော ရဟန်းပုဏ္ဏားတို့အား လှူ၍လျှင် သုံးဆောင်ကုန်ရာ၏၊ မမေ့မလျော့ကုန်ရာ" ဟု ဆို၍ ဘုရားလောင်းအား ချီးမွမ်းခြင်းကို ပြုလိုရကား-

၁၄၉။ ဒဒံ ဘုဉ္ဇ မာ စ ပမာဒေါ၊ စက္ကံ ဝတ္တယ ကောသလာဓိပ။
မာ ရာဇ အဓမ္မိကော အဟု၊ ခမ္မံ ပါလယ ကောသလာဓိပ-

ဟူသော ဤဂါထာကို ဆို၏။

၁၄၉။ ကောသလာဓိပ၊ကုံသိုလ်ကိုအလိုရှိသော။ ရာဇ၊မင်းမြတ်။ ဒဒံ၊ လှူ၍သာလျှင်။ ဘုဉ္ဇ၊စားလော့။ မာ ပမာဒေါ၊ဒါနအစရှိသည်၌ မမေ့မလျော့လင့်။ စက္ကံ၊ အင်္ဂါရှစဒေသဝါသ အစရှိသော စက်လေးပါးကို။ ဝတ္တယ၊ ဖြစ်စေလော့။ ကောသလာဓိပ၊ ကုသိုလ်ကို အလိုရှိသောမင်း။ အဓမ္မိကော၊ တရားမစောင့်သည်။ မာ အဟု၊ မဖြစ်လင့်။ ခမ္မံ၊တရားကို။ ပါလယ၊စောင့်ခလော့။

မင်းကြီး ဝန်ခံပုံ

ဘုရားလောင်းသည် မိဖုရားစကားကို ဝန်ခံလိုသည်ဖြစ်၍

၁၅၀။ သောဟံ တဒေဝ ပုနပ္ပုနံ၊ ဝဋ္ဋမံ အာစရိဿာမိ သောဘနေ။
အရိယာစရိတံ သုကာသလေ၊အရဟန္တော မေ မနာပါဝ ပဿိတုံ-

ဟူသော ဤဂါထာကို ဆို၏။

၁၅၀။ သောဘနေ၊တင့်တယ်သော။ သုကောသလေ၊ကောင်းသော စောသလမင်း၏သမီး။ သော အဟံ၊ထိုငါသည်။ အရိယာစရိတံ၊ အရိယာတို့သည် လေ့ကျက်အပ်သော။ တဒေဝ ဝဋ္ဋမံ၊ထိုဒါနဟူသော လမ်းခရီး ကိုလျှင်။ ပုနပ္ပုနံ၊အဖန်တလဲလဲ။ အာစရိဿာမိ၊ သွားအံ့။ မေ၊ငါသည်။ အရဟန္တော၊ရဟန္တာတို့ကို။ ပဿိတုံ၊ဖူးမြင်အံ့သောငှာ။ မနာပါဝ၊နှစ်သက်သလျှင်ကတည်း။

www.dhammadownload.com

မိဖုရား၏ ရှေးဘဝ

ဤသို့ဆို၍လည်း မင်းသည် မိဖုရား၏စည်းစိမ်ကို ကြည့်၍ "ရှင်မ.... ငါသည် ရှေးဘဝ၌ မိမိ၏ ကုသိုလ်ကံကို ခဲ့၍ ဆိုဖာပ်ပြီ၊ ဤမိန်းမတို့၏ ဆလယ်၌ အဆင်းဖြင့်လည်းကောင်း၊ တင့်တယ် စံပယ်ခြင်းတို့ဖြင့် လည်းကောင်း သင်နှင့်တူသော တစ်ယောက်သော မိန်းမသည် မရှိ၊ ထို့သင်သည် ဆာဘယ်ကောင်းမှုကိုပြု၍ ဤစည်းစိမ်ကို ရသနည်း" ဟု မေးလိုရကား-

၁၅၁။ ဒေဝီ ဝ်ယ ဆာစ္ဆရျပမာ၊ မင်္ဂျ နာရိဂဏာသ သောဘတိ။

ကိ်ဏမ္မမကာသ် ဘဒ္ဒကံ၊ ကေနာသိ ဝဏ္ဏဝတီ သုကောသလေ-ဟူသော ဤဂါထာကို ဆို၏။

၁၅၁။ သုကောသလေ၊ ကောင်းသော ကောသလမင်း၏သမီး။ တ့်၊ သင်သည်၊ ဆာစ္ဆရျပမာ၊ နတ်သမီးနှင့်တူ၏။ နာရိဂဏာသ၊ မိန်းမဆာပေါင်း၏။ မင်္ဂျ၊ ဆလယ်၌။ ဒေဝီဝ်ယ၊ သိကြားမင်း၏ မိဖုရားကဲ့သို့။ သောဘတိ၊ တင့်တယ်၏။ ကိ်ဏမ်ံ ဘဒ္ဒကံ၊ ဆာဘယ်ကောင်းမှုကံကို။ ဆကာသိ၊ ပြုဖူး သနည်း။ ကေန၊ ဆာဘယ်ကောင်းမှုကြောင့်။ ဝဏ္ဏဝတီ၊ ကောင်းသော ဆာဆင်း ရှိသည်၊ အသိ၊ ဖြစ်သနည်း။

ထိုအခါ ဘုရားသောင်းဆား မိဖုရားသည် ရှေးဘဝ၌ ပြုဆာပ်သော ကောင်းမှုကံကို ဆိုလိုသည်ဖြစ်၍-

၁၅၂။ ဆာမ္မဋ္ဌကုလသ္မာ ခတ္တိယ၊ ဒါသျာဟံ ပရပေသိယာ အဟံ၊
သညတာ စ ဓမ္မဇီဝိနီ၊ သိလဝတီ စ ဆာပါပဒုဿနာ။

၁၅၃။ ဥဒ္ဓဉ္စာတ္တံ ဆာဟံ ဘဒ္ဒါ၊ စရဓာနသ္မာ ဆာဒါသိ ဘိက္ခုနော။
ဝိတ္တာ သုမနာ သယံ ဆာဟံ၊ တသ္မာ ဂမ္မသ္မာ ဖလံ မမေဒိသံ-ဟူသော ကြွင်းသော ဂါထာနှစ်ခုတို့၏ အဓိပ္ပါယ်ကို ဆို၏။

[ထိုမိဖုရားသည်လည်း ရှေးဆာဖြစ်ကို အောက်မေ့နိုင်သည်သာလျှင် ဖြစ်သတတ်၊ ထို့ကြောင့် မိမိ၏ ဇာတိဿရဉာဏ်ဖြင့် ပိုင်းခြား၍လျှင် ဆို၏။]

၁၅၂။ ခတ္တိယ၊ မင်းမြတ်။ ပုဗ္ဗေ၊ ရှေး၌။ ဆာဟံ၊ ဆာကျွန်ုပ်သည်၊ ဆာမ္မဋ္ဌကုလသ္မာ၊ သူကြွယ်မျိုး၏၊ ဒါသီ၊ ကျွန်မဖြစ်၏။ ပရပေသိယာ၊ သူတစ်ပါး တို့၏ အစေဆာပါးဖြစ်လျက်။ သညတာ စ၊ စောင့်ရှောက်သည် လည်းကောင်း။ ဓမ္မဇီဝိနီ စ၊ တရားနှင့်ယှဉ်သော အသက်မွေးခြင်းရှိသည်လည်း

www.dhammadownload.com

ကောင်း။ သီလဝတီ စ၊ သီလနှင့်ပြည့်စုံသည် လည်းကောင်း။ အပါပဒဿနာ စ၊ မြတ်သော ရှုဖွယ်ရှိသည့် လည်းကောင်း။ အဟုံ၊ ဖြစ်၏။

၁၅၃။ ခတ္တိယ၊မင်းမြတ်။ တဒါ၊ထိုအခါ၌။ အဟံ၊အကျွန်ုပ်သည်။ စရမာနဿ၊ဆွမ်းခံသွား သော။ ဘိက္ခုနော၊ဖျက်ဆီးပြီးသော ကိလေသာရှိသော ပစ္စေကဗုဒ္ဓါအား။ ဥဒ္ဒဠ်ဘတ္တံ၊ ဝေ၍ ရဖို့ရအပ်သော ထမင်းကို။ အဒ္ဒါသိံ၊လှူဖူး၏။ အဟံ၊အကျွန်ုပ်သည်။ သယံ၊ကိုယ်တိုင်။ ဝိတ္တာ-တုဋ္ဌာ၊ နှစ်သက်၏။ သုမနာ၊ ဝမ်းမြောက်၏။ ပီမ၊ အကျွန်ုပ်၏။ ဤဒိသံ၊ ဤသို့ သဘောရှိသော။ ဖလံ၊ အကျိုးသည်။ တဿက်မူဿ၊ ထိုကောင်းမှုကံ၏။ ဖလံ၊အကျိုးတည်း။

ကုသိုလ်ကို ပြုကြပြီ

ဤသို့ ဤမင်း မိဖုရားနှစ်ပါးတို့သည်လည်း မိမိတို့၏ ကောင်းမှုကံကို အကျယ်ဆားဖြင့် ဆိုပြီး၍ ထိုအခါမှစ၍ မြို့တံခါး လေးမျက်နှာတို့၌ လည်း ကောင်း၊ မြို့လယ်၌ လည်းခဆောင်း၊ နန်းတော်တံခါး၌ လည်း ကောင်း ဤခြောက်ဌာနတို့၌ ခြောက်ဆောင်သော အလှူတင်းကုပ်တို့ကို ဆောက်၍ အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်းကို ထွန်ပလပ်သည်ကို ပြု၍ ကြီးစွာ သောအလှူကိုဖြစ်စေ၍ သီလကိုစောင့်၍ ဥပုသ်သုံးခြင်း အမှုကို ပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ "ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ မိဖုရားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါမင်းဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်း တော်မူ၏။

(နည်းများမဟူ၊ ပေးလှူမူ၊ ထိုသူ ချမ်းသာရာ၊)

ဆယ်ခုတို့၏ ပြည့်ကြွေးဖြစ်သော ကုမ္မာသပိဏ္ဍဇာတ်သည် ပြီး၏။

၂၁-ပရန္တပဇာတ်

မဒ္ဒကောင်းမှုသည် မကောင်းကျိုးကို ပေးတတ်ခြင်း

ဟောတော်မူရာ ဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အာဂမိဿတိ မေ ပါပံ" ဆိုစ

www.dhammadownload.com

ရှိသော ဂါဆာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ပရန္တံပဇာတိကို ဝေဠု ဝန်ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်အံ့သောငှာ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် ''ငါ့ရှင်တို့ ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်အံ့သောငှာသာလျှင် လုံ့လပြု၏။ လေးသမားတို့ကို လွှတ်၍ ကျောက်ကို လှိမ့်၏၊ နာဠာဂိရိဆင်ကို လွှတ်စေ၏၊ မြတ်စွာဘုရား၏ ပျက်စီးခြင်းငှာသာလျှင် အကြောင်းကိုပြု၏'' ဟု စကားကို ဖြစ်စေကုန်၏။ သင်္ဃာမြတ်စွာဘုရားသည် လာဆော်မူလတ်၍ ''ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း'' ဟု မေးတော်မူသတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏'' ဟု နားတော် လျှောက်သည်ရှိသော် ''ရဟန်းတို့-ယခုအခါ၌သာလျှင် ဤဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှာ လုံ့လပြုသည်မဟုတ်သေး၊ ရှေး၌လည်း ဤဒေဝဒတ်သည် ငါ့အား သတ်အံ့သဖြင့် လုံ့လ ပြုဖူး၏၊ ထိတ်လန့်ခြင်းကိုမျှလည်း ပြုအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ မိမိသည်လျှင် ဆင်းရဲခြင်းကို ခံရ၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်တို့ကို သင်၏၊ သင်္ဃရတနာနှင့် မန္တန်ထူးကိုလည်း သင်၏၊

အိမ်ရှေ့မင်းကို သေစေလို

ဘုရားလောင်းသည် ဆရာအား ထိုက်သေ့အဖို့ကိုပေး၍ ဗာရာဏသီပြည်သို့ ပြန်၍ အဘသည် ထိုဘုရားလောင်းကို အိမ်ရှေ့အရာ၌ ထား၏၊ အိမ်ရှေ့အရာ၌ အကယ်၍ ထားငြားသော်လည်း ထိုဘုရားလောင်းကို သတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍ မြင်ခြင်းငှာလည်း အလိုမရှိ။

မြေခွေးမ၏ဆိုစကား

ထိုအခါ တစ်ခုသော မြေခွေးမသည် နှစ်ခုကုန်သော ထားဝယ်တို့ကို ယူ၍ ညှဉ်၌ လူတို့အိပ်ကုန်စဉ် ပြန်ပေါက်ဖြင့် မြို့သို့ဝင်၏။ ဘုရားလောင်း၏

(၃၇၄)

။ဝုံ၈၁:ဩြာဒၣင်ြ ၌ါ:ဇဝ္ဇယဂ္ဂါ၈၃ ၎ဆင်ဃဃဇ:ဒၣင်ယ:ဒွဒ္ဓယ ဒွဂ္ဂါ၈၈ ဒၣင်ဃဇ:ဇ်ဒၣဂြာ ။ခ-ဝုံ
(ဌ်ဃဇ၈ ၎ါ၈ဂ ၊ဃ-ဝ၆၆)

www.dhammadownload.com

www.dhammadownload.com

ပြာသာဒ် အိပ်ရာတိုက်ခန်းအနီး၌ တစ်ခုသော ဇရပ်သည် ရှိ၏။ ထိုဇရပ်၌ တစ်ယောက်သော ခရီးသွားလူသည် ဖိနပ်ကိုချွတ်၍ ခြေရင်းဝယ် မြေ၌ ဆား၍ တစ်ခုးသားပျဉ်၌ အိပ်၏။ အိပ်ရမခဖျော်မီ မြေခွေးမ၏ သားငယ်တို့သည် ငတ်မွတ်ကုန်ရကား မြည်ကုန်၏။ ထိုအခါ အမိ မြေခွေးမသည် ''အမောင်တို့....အသံကို မပြုကြကုန်လင့်၊ ထိုဇရပ်၌ တစ်ဦးသောလူသည် ဖိနပ်တို့ကိုချွတ်၍ မြေ၌ထား၍ ပျဉ်၌ အိပ်၏၊ မခဖျော်သေး၊ ထိုသူ၏ ပျော်သောကာလ၌ ထိုဖိနပ်တို့ကို ဆောင်၍ သင်တို့ကို စားစေကုန်အံ့'' ဟူ မိမိဘာသာဖြင့် ဆို၏။ ဘုရားလောင်းသည် မန္တန်ရွားဂါ အာနုဘော်အားဖြင့် ထိုမြေခွေးမ၏ ဘာသာကိုသိ၍ အိပ်ရာ တိုက်ခန်းမှထွက်၍ ပြတင်းကို ဖွင့်၍ ''ဤအရပ်၌ အဘယ်သူနည်း'' ဟု မေး၏။ ခရီးသွားသောယောကျ်ားသည် ''ရှင်မင်းကြီး....အကျွန်ုပ် ခရီးသွားလူတည်း'' ဟ ဆို၏။ ''သင်၏ ဖိနပ်တို့သည် အဘယ်မှာနည်း'' ဟု မေး၏။ ''အရှင်မင်းကြီး....မြေ၌တား၏'' ဟူ ဆို၏။ မြောက်၍ ဆွဲထားလော့'' ဟု ဆို၏။

ထိုစကားကို ကြား၍ မြေခွေးမသည် ဘုရားလောင်းအား အမျက်ထွက်၏။

တစ်ဖန် တစ်နေ့သ၌ ထိုမြေခွေးမသည် ထို့အတူလျှင် မြို့သို့ ဝင်၏။ ထိုအခါ တစ်ယောက်သော ယစ်သောလူသည် ရေသောက်အံ့ဟု ရေကန်သို့ သက်သည်ရှိသော် ခရ၌ နှစ်မှန်း၍ ထွက်သက်ဝင်သက်ပြတ်၍ သေ၏။ ထိုယောကျ်ားအား ဝက်ကုန်သော နှစ်ထည်ကုန်သော ပုဆိုးတို့သည်လည်းကောင်း၊ ပုဆိုးတွင်း၌ အသပြာတစ်ထောင်တို့သည်လည်းကောင်း၊ လက်ချေးင်း၌ လက်စွပ်သည်လည်းကောင်း ရှိ၏။ ထိုအခါ၌ ၎င်းမြေခွေးမသည် ''တော်မှတ်ကုန်၏'' ဟု မြည်ကုန်သောသားငယ်တို့ကို ''အမောင်တို့....အသံကို မပြုကြကုန်လင့်၊ ထိုရက်နှ၌ လူသည် သေ၏၊ ဤမည်သော ဥစ္စာသည်လည်း ရှိ၏၊ ထိုလူသည် သေ၍ စောင်းတန်း၌လျှင် အိပ်၏၊ သင်တို့အား ထိုလူကို စားစေအံ့'' ဟူ ဆို၏။ ဘုရားလောင်းသည် ထိုစကားကို ကြား၍ လေသွန်ပြဘင်းကိုဖွင့်၍ ''ဇရပ်၌ အဘယ်သူရှိသနည်း'' ဟု ဆို၍ တစ်ယောက်သော ယောကျ်ားသည် ထ၍ ''အရှင်မင်းကြီး....အကျွန်ုပ် ရှိ၏'' ဟု ဆိုလတ်သော် ''သွားခေ၊ ထိုရက်နှ၌ သေးသောသူ၏ ပုဆိုးတို့ကိုလည်းကောင်း, အသပြာ တစ်ထောင်တို့ကို လည်းကောင်း, လက်စွပ်ကို လည်းကောင်း ယူ၍ ထိုသူ၏အလောင်းကို အကြင်သို့သော အခြင်းအရာ

www.dhammadownload.com

အားဖြင့် ပြုသည်ရှိသော် ရေဒ္ဓမဒပါ၊ ထိုသို့သာ အခြင်းအရာအားဖြင့် ရေဒ္ဓနှစ်လော့''ဟု ဆို၏၊ ထိုယောကျ်ားသည် ဘုရာလောင်း ဆိုတို့၊ ပြု၏။

ထိုမြေခွေးမသည် တစ်ဖန်လည်း အမျက်ထွက်၏။ ''ရှေ့နေ့၌ သား ငယ်တို့အား ဖိနပ်ကို စားစိမ့်ခသစ္ဒါ မပေး၊ ယနေ့လည်း သူသေကို စားစိမ့်းသာဌာ မပေး၊ ထိုသို့ဖြစ်စေ ဤနေ့မှ သုံးရက်မြောက်သောနေ့၌ တစ်ယောက်သော ပြည်နီးချင်းမင်းသည် လာလတ်၍ မြို့ကို ခြံရံလတ္တံ့၊ ထိုအခါ သင့်ကို အဘစသည် စစ်ထိုးစိမ့်သောဌာ စေလတ္တံ့၊ ထိုစစ်ထိုး ထွဋ်၌ သင်၏ဦးခေါင်းကို ဖြတ်ကုန်လတ္တံ့၊ ထိုအခါ သင်၏ လည်ချောင်း သွေးကိုသောက်၍ ရန်တုံ့ကို ဖြေအံ့၊ သင်သည် ဝါနှင့်တကွ ရန်ကိုဖွဲ့၏၊ သိရအံ့''ဟု မြည်၍ ဘုရားလောင်းကို ခြိမ်းခြောက်၍ သားငယ်တို့ကိုယူ၍ ထွက်၏။

စစ်တိုက်သွားခိုင်းပုံ

သုံးရက်မြောက်သောနေ့၌ တစ်ယောက်သော ပြည်နီးချင်းမင်းသည် လာလတ်၍ မြို့ကိုရုံ၏၊ မင်းသည် ဘုရားလောင်းကို ''အမောင် သွားချေ၊ ထိုမင်းနှင့်တကွ စစ်ထိုးချေလော့''ဟု ဆို၏၊ ''အရှင်မင်းကြီး....အကျွန်ုပ်သည် မြင်ဆပ်သော နိမိတ်ရှိ၏၊ သွားအံ့ဆဲဌာမဝံ့၊ အသက်၏ အန္တရာယ်ကို ကြောက်၏''ဟု ဆို၏။ ''သင်သေသော်လည်းကောင်း၊ မသေသော်လည်းကောင်း ငါ့အား အဘယ်ပြုအံ့နည်း၊ သင်သည် သွားလေလော့'' ဟု ဆို၏။ ''ရှင်မင်းကြီး....ကောင်းပြီ''ဟု ထိုဘုရားလောင်းသည် ပရိသတ်ကိုယူ၍ ပြည်နီးချင်းမင်း၏ ထည်ရာတံခါးဖြင့် မထွက်မူ၍ တစ်ပါး သော တံခါးကိုဖွင့်၍ ထွက်၏၊

ထိုဘုရားလောင်းသည် ထွက်သည်ရှိသော် မြို့အလုံးသည် အချည်းနှီး ကဲ့သို့ ဖြစ်၏၊ ခပ်သိမ်းကုန်သော လူတို့သည် ဘုရားလောင်းနှင့်တကွ ထွက်ကုန်၏။ ဘုရားလောင်းသည် တစ်ခုသော ဆင့်တင့်ရာအရပ်၌ သစ်ဟပ် ထည်၍ နေ၏၊

မင်းကြီးထွက်ပြေး

မင်းသည် ''အိမ်ရှေ့မင်းကား မြို့ကို အချည်းနှီးပြု၍ ဗိုလ်ပါကိုယူ၍ ပြေး၏၊ ပြည်နီးချင်းမင်းသည်လည်း မြို့ကိုခြံရံ၍ ထည်၏၊ ယခု ငါ

www.dhammadownload.com

အသက်ကို စောင့်အံ့''ဟု ကြံ၏။ ကြံပြီး၍ မိဖုရားကိုလည်းကောင်း, ပုရောဟိတ်ကိုလည်းထောင်း, ပရန္တပမည်သော တစ်ယောက်သော ခြေရင်း၌ မြဲစွဲသော ကျွန်ကိုလည်းကောင်း ယူ၍ ညှဉ်အဖို၌ မထင်မှားသော အသွင်ဖြင့် ပြု၍ တောသို့ဝင်၏။

နိဒါန်းသိမ်း

ဘုရားလောင်းသည် မင်းပြုခဲသော အဖြစ်ကိုသိ၍ မြို့သို့ဝင်၍ ရန်သူကို ပြေးစေ၍ ပြည်ကို ယူ၏။

မိဖုရားကြီး လင်ငယ်နေ

ဘုရားလောင်း၏ အဘဆည်လည်း တစ်ခုသော မြစ်နား၌ သစ်ရွက်မိုးသော ဇရပ်ကိုဆောက်၍ သစ်သီးကြီးငယ်ဖြင့် မျှတလျက် နေ၏။ မင်းသည်လည်းကောင်း, ပုရောဟိတ်သည်လည်းထောင်း သစ်သီးကြီးငယ် အကျိုးငှာ သွားသည်ရှိသော် ပရန္တပကျွန်သည် မိဖုရားနှင့်တကွ သစ်ရွက်မိုးဇရပ်၌လျင် နေ၏။ ထိုတောခွေလည်း မင်းကိုစွဲ၍ မိဖုရား၏ဝမ်း၌ ကိုယ်ဝန်ထည်တည်၏။ ထိုမိဖုရားသည် မပြတ်ပေါင်းဖော်သည်၏ အစွမ်းထား၌ ပရန္တပကျွန်နှင့်တကွ အလွန် ဧကျွမ်းဝင်၏။ မိဖုရားသည် တစ်နေ့သ၌ ''မင်းသည် သိသည်ရှိသော် သင်၏အသက်သည် မရှိရာသလျင်ကတည်း၊ ငါ၏အသက်လည်း မရှိရာသလျင်ကတည်း၊ ထို့ကြောင့် ထိုမင်းကို သတ်လော့''ဟု ဆို၏။ ''အသို့ သတ်ရအံ့နည်း''ဟု ဆိုသည်ရှိသော် ''ဤမင်းသည် သင့်အား သန်လျက်ကိုလည်း ပေး၍ ရေသန့်ပ်ကိုလည်း ယူစေ၍ ရေချိုးအံ့သောငှာ သွား၏၊ ထိုရေချိုးအိမ်၌ ထိုမင်း၏ မေ့လျော်ခြင်းကို သိ၍ သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်၍ ကိုယ်ကို ဇပိုင်းပိုင်းပြု၍ မြေ၌မြှုပ်ခလော့''ဟု ဆို၏။ ပရန္တပသည် ''ထောင်းပြီ''ဟု ဝန်ခံ၏။

ထိုအခါ တစ်နေ့သ၌ ပုရောဟိတ်သည်သာလျှင် သစ်သီးကြီးငယ်အကျိုးငှာ သွား၍ မင်း၏ ရေချိုးဆိပ်၏ အနီးဖြစ်သော ဇရပ်၌ တစ်ခုသော သစ်ပင်သို့တက်၍ သစ်သီးကြီးငယ်ကို ယူ၏။ မင်းသည် ရေချိုးအံ့ဟု ပရန္တပကို သန်လျက်ကိုလည်းကောင်း, ရေသန့်ပ်ကိုလည်းကောင်း ယူစေ၍ မြစ်နားသို့ သွား၏၊ ထိုမြစ်နား၌ ရေချိုးသောအခါ၌ မေ့လျော့ခြင်းသို့

www.dhammadownload.com

ရောက်လတ်ဆသော် မင်းကိုသတ်အံ့ဟု ပရန္တပသည် လည်ကိုကိုင်၍ သန်လျက်ကို ချိ၏။

မင်းအား သတ်ဖြတ်

ထိုမင်းသည် သခြင်းမှ ကြောက်ဒသာကြောင့် ဟစ်ကြွေး၏။ ပုရောဟိတ်သည် ထိုအသံကိုကြား၍ ကြည့်လတ်သော် မင်းကိုသတ်သော ပရန္တပကို မြင်၍ ထိတ်လန့်သည် ဖြစ်၍ သစ်ခက်ကိုလွှတ်၍ ဆင်းသက်၍ တစ်ခုသော ချုံသို့ဝင်၍ ပုန်း၏။ ပရန္တပသည် ပုရောဟိတ်လွှတ်သော သစ်ခက်သံကို ကြား၍ မင်းကိုသတ်၍ မြေဦမြုပ်၍ ဤအရပ်၌ သင်္ဂခက်ကိုလွှတ်သော အသံသည် ဖြစ်၏။ ဤအရပ်၌ အဘယ်နည်းဟု စုံစမ်းသည်ရှိသော် တစ်စုံတစ်ခုကို မမြင်၍ ရေချို၍ သွား၏။ ထိုပရန္တပ၏ လာသော ကာလ၌ ပုရောဟိတ်သည် ပုန်းရာဌာနမှထွက်၍ မင်းအား အပိုင်းပိုင်းဖြတ်၍ တူဉီး၌ မြုပ်သော အဖြစ်ကိုသိ၍ ရေချို၍ မိမိအား သတ်ခြင်းမှ ကြောက်သော ကြောင့် သူတန်း၏ အသွင်ကိုယူ၍ သင်္ချက်မိုးသော ဇရပ်သို့သွား၏၊ ထို ပုဏ္ဏားကိုမြင်၍ ပရန္တပသည် "ပုဏ္ဏား....သင့်အား အဘယ်အန္တရာယ် ဖြစ်သနည်း" ဟု ဆို၏။ ပုဏ္ဏားသည် မသိသကဲ့သို့ "အရှင်မင်းကြီး....ဆာကျန်ပ်၏ မျက်စိကိုသည် ပျက်စီး၍ လာ၏၊ ဆေးပြန့်ပြောသော မြေရှိသော တောင်၌ တစ်ခုသော တောင်ပိုနား၌ နေ၏၊ ထိုတောင်ပို၌ တစ်ခုသော မြေဟောက်သည် နှာခေါင်းလက်ကို လွှတ်သည် ဖြစ်လတ္တံ့" ဟု ဆို၏။ ပရန္တပသည် "ပုဏ္ဏားသည်ငါ့ကို မသိသည်ဖြင့်၍မင်းကြီး" ဟု ဆို၏၊ ပုဏ္ဏားကို နှစ်သိမ့်စေအံ့" ဟု ကြံ၍ "ပုဏ္ဏား... မစိုးရိမ်လင့်၊ ငါသည် သင့်ကို လုပ်ကျွေးအံ့" ဟု နှစ်သိမ့်စေ၍ သစ်သီးကြီးငယ်တို့ကိုပေး၍ ချောင့်ရဲစေ၏။

ထိုအခါမှစ၍ ပရန္တပကျွန်သည် သစ်သီးကြီးငယ်ကို ဆောင်၏။ မိဖုရားသည်လည်း သားဖွားပြီး မိဖုရားအား သားသည်ကြီးလတ်သော် "တစ်နေ့သ၌ မိုးသောက်ထအခါ ချမ်းသာစွာနေလျက် ဖြည်းညင်းစွာ ပရန္တပကျွန်ကို "မင်းကိုသတ်သော သင့်ကို တစ်စုံတစ်ယောက်သောသူသည် မြင်သလော" ဟု မေး၏၊ "ငါ့ကို တစ်စုံဘစ်ယောက်သောသူသည် မမြင်၊ စင်စစ်သော်ကား သစ်ခက်ကိုလွှတ်သော အသံကို ကြား၏၊ ထိုသစ်ခက်ကို လူသည်လည်းကောင်း, တိရစ္ဆာန်သည် လည်းကောင်း လွှတ်သည်၏ အဖြစ်ကို မသိ၊ တစ်ရံတစ်ဆစ် ငါ့အား ဘေးရောက်လတ္တံ့၊ အကြင်သူ သစ်ခက်ကို လွှတ်၍သွား၏၊ ထိုသူမှ ရောက်လတ္တံ့" ဟု ထိုမိဖုရားနှင့် ပြောလိုရကား၊

www.dhammadownload.com

မိဖုရားစကား ပြောဆို

၁၅၄။ အာဂမိဿတိ မေ ပါပံ၊ အာဂမိဿတိ မေ ဘယံ။
တဒါဟိ စလိတာ ဃာဒါ၊ မနုဿေန မိဂေနဝါ-
ဟ္မသေ ရွေးဦးစွာသော ဂါထာကို ဆို၏။

၁၅၄။ ဘဒ္ဒေ၊ ရွှင်မ။ ယဒါ၊ အကြောင်းအခါ၌။ ဃာဒါ၊ သစ်ခက်သည်။ စလိတာ၊ လှုပ်၏။ တဒါ၊ ထိုအခါ၌။ မနုဿေနဝါ၊ လူကြောင့်လည်း၊ ကောင်း။ မိဂေနဝါ၊ သားကြောင့်လည်း၊ ကောင်း။ စလိတာ၊ လှုပ်၏ ဟူ၍၊ နပညာယတိ၊ မထင်။ တဿာ၊ ထို့ကြောင့်။ တဒဘာ၊ ထိုသစ်ခက်လှုပ်ရာမှ၊ မေ၊ ငါ၏။ ပါပံ၊ မကောင်းကျိုးသည်။ အာဂမိဿတိ၊ ရောက်လတ္တံ့။ မေ၊ ငါ့အား။ ဘယံ၊ ဘေးသည်။ အာဂမိဿတိ၊ ရောက်လတ္တံ့။

ထိုပရန္တပက္ခန် မိဖုရားတို့သည် ပုဏ္ဏားဟိတ် အိပ်ယျော်၏ဟူ၍ အောက်မေ့ကုန်၏။ ထိုပုဏ္ဏားဟိတ်သည်ကား မပျော်သည်ဖြစ်၍ ထိုသူတို့၏ စကားကို ကြား၏။ တစ်နေ့သ၌ ပုဏ္ဏားဟိတ်သည် ပရန္တပက္ခန်သည် သစ်သီးကြီးငယ် အကျိုးငှာ သွားသည်ရှိသော် မိမိပုတ္တကားမကို အောက်မေ့၍ မြည်တမ်းသကဲ့သို့-

ပုရောဟိတ် မြည်တမ်း

၁၅၅။ ဘီရုယာ နူန မေ ကာမေ၊ အဝိဒူရေ စသံဋ္ဌိယာ။
အရိဿတိ ကိသံ ပတ္တုံ၊ သာဝ သာခါ ပရန္တပံ-
ဟ္မသေ နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၅၅။ သဒ္ဒသာခါ၊ ထိုသစ်ခက်သည်။ ပရန္တံပံ၊ ပရန္တပက္ခန်ကို။ ကိသံ၊ ကြုံလှဴသည်ကို။ ပတ္တုံ၊ ဖျော့တော့သည်ကို။ တရောတိဂ္ဂဝ၊ ပြုသကဲ့သို့။ အဝိဒူရေ၊ နှစ်ယူဇနာ သုံးယူဇနာ အထက်ဟူသော မဝေးလှနှဲသော အရပ်၌။ ဝသန္တိယာ၊ ခနသော၊ ဘီရုယာ၊ ပုဏ္ဏားမ၌။ မေ၊ ငါ၏။ ကာမေ၊ ဘပ်စွန်းခြင်းကာမသည်။ မံ၊ ငါ့ကို။ ကိသံ၊ ကြုံလှဴသည်ကို။ ပတ္တုံ၊ ဖျော့တော့သည်ကို။ ကရိဿတိနူန၊ ပြုလတ္တံ့ယောင်တကား။

www.dhammadownload.com

ပုဏ္ဏားသည် ဂါထာကိုသာလျှင် ဆို၏။ အနက်ကိုကား မဆို။ ထို့ကြောင့် ဤဂါထာ၏ ကိစ္စသည် မိဖုရားအား မထင်။ ထိုအခါ ပုဏ္ဏားကို "ပုဏ္ဏား...အသို့ဆိုသနည်း" ဟု ဆိုသည်။ ပုဏ္ဏားသည် ထိုအနက်ကို ချက်ယွင်းသဖြင့် မှတ်စေ၏။ တစ်ဖန် တစ်နေ့သ၌-

၁၅၆။ သောစယိသတိ မံ တန္တိ၁၊ ဂါမေ ဝသ မနိန္ဒိတာ၊
ကရိသတိ ကိုသံ ပဏ္ဍု၂၊ သာဝ ဆာခါ ပရန္တပံ-

ဟူသော သုံးခုမြောက်သော ဂါထာကိုဆို၏။

၁၅၆။ သာသာခါ၊ ထိုသစ်ခက်သည်။ ပရန္တပံ၊ ပရန္တပကို။ ကိသံ၊ ကြုံလှဲသည်ကို။ ပဏ္ဍု၂၊ ဖျော့ဖော့သည်ကို။ ကရောတိဂ္ဂဝ၊ ပြုသကဲ့သို့။ ဂါမေ၊ ရွာ၌။ ဝသံ၊ နေသော။ အနိန္ဒိတာ၊ မကဲ့ရဲအပ်သော မြတ်သော အဆင်းကို ဆောင်သော။ ကန္တာ၊ နှစ်သက်ဖွယ်ရှိသော မယားသည်။ မံ၊ ငါ့ကို။ သောစယိသတိ၊ စိုးရိမ်ခြင်းကို ဖြစ်စေသဖြင့် ခြောက်ကပ်စေလတ္တံ့။ ကိသံ၊ ကြုံလှဲသည်ကို၊ ပဏ္ဍု၂၊ ဖျော့ဖော့သော အဆင်းရှိသည်ကို၊ ကရိသတိ၊ ပြုလတ္တံ့။

တစ်နေ့သ၌-

၁၅၇။ တယာ မံ အသိတာ ပဂ်ီ၊ သိတာနိ ဘဏိတာနိစ။
ကိသံ ပဏ္ဍု၂ ကရိဿန္တိ၊ သာဝ သာခါ ပရန္တပံ။

ဟူသော လေးခုမြောက်သော ဂါထာကို ဆို၏။

၁၅၇။ သာသာခါ၊ ထိုသစ်ခက်သည်။ ပရန္တပံ၊ ပရန္တပကို။ ကိသံ၊ ကြုံလှိုသည်ကို။ ပဏ္ဍု၂၊ ဖျော့တော့သည်ကို။ စရိဿတိဂ္ဂဝ၊ ပြုသကဲ့သို့။ အသိတာပဂ်ီ၊ မျက်စဉ်းတို့ဖြင့် သားထုပ်သော မည်းညို့သောမျက်တောင်ရှိသောရှင်မ။ တယာ၊ သင်ပုဏ္ဏားမသည်။ ပဝတ္တိတာနိ၊ ဖြစ်စေစပ်ကုန်သော၊ သိတာနိစ၊ ပြုံးခြင်းတို့သည်လည်းကောင်း၊ ဘဏိတာနိစ၊ သာယာဆောစကားတို့သည်လည်းကောင်း၊ မံ၊ ငါ့ကို။ ကိသံ။ ကြုံလှဲသည်ကို၊ ပဏ္ဍု၂၊ ဖျော့တော့သည်ကို၊ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။

www.dhammadownload.com

ဖခင်အမှန်သိရဟန်း

နောက်ဆုံး၌ မင်းသားသည် အရွယ်သို့ရောက်သည်ဖြစ်၍ တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ၏၊ ထိုအခါ မင်းသားကို ပုဏ္ဏားသည် တောင်ဝှေးကို ကိုင်စေ၍ ရေချိုးဆိပ်သို့သွား၍ မျက်စိတို့ကိုဖွင့်၍ကြည့်၏၊ မင်းသားသည် ပုဏ္ဏား သင်သည် ကန်းသည်မဟုတ်လောဟု ဆို၏။ ပုဏ္ဏားဆာည် ငါသည် မဆန်း ဤအမည်ရှိသော ဆရာကြောင်းကြောင့် အသက်ကိုစောင့်၏ဟု ဆို၍ သင့်အဘကို သိ၏လောဟုဆို၏၊ ဤပရန္တပသည် ငါ၏အဘဟု ဆိုသည်ရှိသော် ဤပရန္တပသည် သင့်အဘမဟုတ် သင့်အဘသည်ကား ဗာရာဏသီမင်းတည်း၊ ဤပရန္တပသည်ကား သင်တို့ကျွန်တည်း သင့်အမိသည် ခွတ်ယုင်း၍ ဤအရပ်၌ သင်၏အဘကိုသတ်၍ မြို့ပြစ၏ဟု အရှိးတို့ကို ထုတ်၍ပြ၏၊ မင်းသားအား ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏၊ ထိုအခါ ပုဏ္ဏားကို ယခု အသို့ပြုအံ့နည်းဟု မေး၏။

သန်လျက်ကိုင်စေ လက်စားခြေ

ထိုပရန္တပသည် ဤဆိပ်၌လျင် သင့်အဘအား အကြင်အမှုကိုပြု၏၊ ထိုအမှုကိုပြုလေ့ဟု အလုံးစုံသော အကြောင်းကိုကြား၍ မင်းသားကို နှစ်ရက် သုံးရက် သန်လျက်ကိုင်ခြင်းကို သင်စေ၏။ ထို့အခါ တစ်နေ့သ၌ သန့်လျက်ကိုလည်းကောင်း ရေသန့်ပ်ကိုလည်းတောင်း ယူ၍ ရေချိုးအံ့သောငှာ သွားကုန်အံ့ဟု ဆို၏။ ပရန္တပသည် ချစ်သား ကောင်းပြီဟု မင်းသားနှင့်တကွ သွား၏။ ထိုပရန္တပ၏ ရေချိုးအံ့သောငှာ သက်သောကာလ၌ လက်ယာလက်ဖြင့် သန့်လျက်ကို လက်ဝဲလက်ဖြင့် ဥသျှောင်ကိုကိုင်၍ ဆင်သည် ဤဆိပ်၌လျင် ငါ့အဘကို ဦးသျှောင်ကို ကိုင်၍ ဟစ်ကြွေးစဉ် သတ်သတတ် ငါသည်လည်း သင့်ကိုထို့အတူ ပြုအံ့ဟု ဆို၏။ ထိုပရန္တပသည် လေဘေးမှ ကြောက်ရဏားငိုကြွေးလျက်-

၁၅၈။ အာဂမာ နူန ဆော ထဒ္ဓေါ၊ အသ္ဆံသိ နူန ဆော ထဝေါ။
အကာသံ နူန တံ ဓေတနာ၊ ယော တံ သာဒံ အကမ္မယိ၊

B·၄၉·၅၅၀(က·တို့)

www.dhammadownload.com

၁၅၉။ ဣဒံ ခေါ တံ သမ္မာဂမ္မ၊ မမ ဗာလ္လာယ စိန္တိတံ။
တဒါဟိ စလိတာ သာခါ၊ မနုဿေန မိဂေနဝါ-

ဟူကုန်သော နှစ်ဂါထာတို့ကို ဆို၏။

၁၅၀။ သောသဒ္ဒေါ၊ ထိုသစ်ခက်ကိုလှုပ်သော အသံဆည်၊ အာဂ မာန္ဆ နှ၊ သင်တို့လာချေပြီတကား။ သောသဒ္ဒေါ၊ ထိုသစ်ခက်လှုပ်သော အသံသည်၊ တဝ၊ သင်အား။ အသံသိန္ဆန္၊ ကြားယောင်တကား။ ယော၊ အကြင်သူသည်။ တံသာခံ၊ ထိုဆစ်ခက်ကို။ အတမွယိ၊ လှုပ်၏။ တေန၊ ထို လှုပ်သောသူသည်။ တံ၊ ထိုအားကြောင်းကို။ အဂ္ဂဟတံန္ဆန္၊ ကြားယောင် တကား။

၁၅၉။ ဟိယသ္မာ၊ အကြင်ကြောင့်။ ယဒါ၊ အကြင်အခါ၌။ သာခါ၊ သစ်ခက်သည်။ စလိတာ၊ လှုပ်၏။ တဒါ၊ ထိုအခါ၌။ မနုဿေနဝါ၊ လူ ကြောင့် လည်းကောင်း။ မိဂေနဝါ၊ သားကြောင့်လည်းဆောင်း။ စလိ တာတိ၊ လှုပ်၏ဟူ၍။ နပညာယတိ၊ ငါမထင်။ တသ္မာ၊ ထို့ကြောင့်။ ဗာလာယ၊ မိုက်သော။ မမ၊ ဝါ့အား။ ဘယံ၊ ဘေးသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ သို့။ စိန္တိတံ၊ အကြံသည်။ ဟော၊ တို့၊ ဖြစ်၏။ ဣဒံ ခေါ၊ ဤဘေးသည်လျင်။ တံသမာဂမ္မ-တယာသမာဂ တံ၊ သင်နှင့်တကွလာ၏။

ထိုနောင်မှ မင်းသားသည်-

၁၆၀။ တထေ ဝ တွံ အဝေဒေသိ၊ အဝတ္ထိ ပိတရံ မမ။
ဟန္ဆာ သာခါဟိ ဆာဒေန္ဆာ၊ အာဂမိဿတိ တေ ဘယံ။

ဟူသော အဆုံးဖြစ်သော ဂါထာကို ဆို၏။

၁၆၀။ ပရံန္တပ၊ ပရန္တပ။ တတေဝ၊ ထိုအတူလျင်။ တွံ၊ သင်သည်။ အဝေဒေသိ၊ သိ၏။ မမ၊ ငါ၏။ ပိတရံ၊ အဘကို။ အဝတ္ထိ၊ ဆတ်ပြီ။ ဟန္ဆာ၊ သတ်ပြီး၍။ သာခါဟိ၊ သစ်ခက်တို့ဖြင့်။ ဆာဒေန္ဆာ၊ဖုံးလွှမ်း၏။ တေ၊ သင်အား။ ဘယံ၊ ဘေးသည်။ အာဂမိဿတိ၊ ရောက်လတ္တံ့။

www.dhammadownload.com

ဤသို့ဆို၍ ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၍ မြုပ်၍ သစ်ခက်တို့ဖြင့် ဖုံးလွှမ်း၍ သန့်လျက်ကိုဆေး၍ ရေချိုး၍ သစ်ရွက်မိုးသော ဇရပ်သို့သွား၍ ထိုပဒေသာပအား သတ်ဆေးအဖြစ်ကို ပုဏ္ဏာဟိတ်ဆား ကြား၍ အမိကိုဆဲရေး၍ ဤအရပ်၌ အဘယ်ပြုကြကုန်အံ့နည်းဟု သုံးယောက်သောသူတို့သည် ဗာရာဏသီပြည်သို့သာလျှင် ပြန်ကြကုန်၏။ ဘုရားလောင်းသည် ညီအား အိမ်ရှေ့အဖြစ်ကိုပေး၍ အလှူ။ ဆောစရှိသော ကံဝင်းမူတို့ကိုပြု၍ နတ်ပြည်ကိုပြည့်စေ၏၊

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ အာဘင်းဖြစ်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းသားဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊

တစ်ဆယ့်တစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပရန္တပဇာတိသည် ပြီး၏။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူမျှားရှင် ကောဇင်မင်းမြတ်၏ သားတော်ဆကြီး မဟာဥပရောဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာအကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရောဇ်မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျောင်းကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော သတ္တနိပါတ် ကျမ်း၌ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဂန္ဓာရဝိဂ်သည် ဤမျှသော သဒ္ဒါ၏ အစဉ် အနက်၏ အစဉ်အားဖြင့် အပြီးသို့ရောက်၏။

ဇောတဝတာ

မင်္ဂလာဘုမိုကိတ္တိခေျ၊ ဝသတာ မန္ဒိဒေ့ ရမေ။

ဂုဏုနာ မြမ္မဘာသာယ၊ ဝုတ္တဂန္ဆော ဂဒတာ နိဋ္ဌံ။

ဇောဝတာ။ ဤမျှသောစကား၏ အစဉ်အားဖြင့်။ ရမေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘုမိုကိတ္တိခေျ၊ မင်္ဂလာဘုံကျောင်း အမည်ရှိသော၊ မန္ဒိ

www.dhammadownload.com

ရေ၊ ဤမရပုရဒေဝီမြို့တော်တည် ဆင်ဖြူမျှားရှင် ထရားမင်းမြတ်၏ မိဖုရား မြတ်သည် ဆောက်ဖွယ်သစ် ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်း၊ မြမွှာသားယာ၊ မြန်မာတိုင်းသူတို့၏ ဖွားဆိုအမိန့်ဖြင့်၊ ဝုတ္တဂန္ဆေး၊ ဆိုဖွယ်ပြီးသော ဝဂ်နှစ်ပါး ဇာတ်နှစ်ဆယ့်တစ်ဇာတ်ရှိသော သတ္တနိပါတ်ကျမ်းဃည်း၊ နိဒ္ဒံ၊ ပြီးခြင်းသို့၊ ဂတော၊ ရောက်၏။

သတ္တနိပါတ်ဇာတ်ဝတ္ထု၊ ကျိုက်ဥင်ရွှေ.ပြီး၏။

www.dhammadownload.com

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

အဋ္ဌနိပါတ်

****

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ကစ္စာနီ ဇာတ်- ၁-ကစ္စာနိဝဂ်

မိဘတို့အား လုပ်ကျွေးသင့်ကြောင်း

ဟောတော်မူရာဌာန။ နတိန္နင့်တကွသော လောကကို ဆုံးမတော်မူ ထတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် သြဒါတဝတ္ထာသုစီ အလ္လကေသာ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကစ္စာနီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော အမိကိုလုပ်ကျွေးသော သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုသီတင်းသည်သည် သဒ္ဓေတ္ထိပြည့်၌နေသော အကျင့်နှင့် ပြည့်စုံသော အမျိုးသားငယ် ဖြစ်သတတ်။ ထိုအမျိုးသားငယ်သည် အဘသေလွန်သော် အမိအား နတ်ကဲ့သို့ လုပ်ကျွေးခဲသာသူဖြစ်ရကား မျက်နှာသစ်ရေပေး ခြင်း တံပူခပ်ခြင်း ချိုးရေတည်ခြင်း ခြေဆေးရေခပ်ခြင်း အစရှိသော ဝတ္တရားဝတ်စွအမှုဖြင့် လည်းကောင်း၊ ယာဂု ထမင်း အစရှိသည်တို့ဖြင့်

www.dhammadownload.com

လည်းကောင်း အမိကိုလုပ်ကျွေး၏။ ထိုအခါ ထိုငမျိုးသားငယ်ကို အမိ သည် "အမောင် သင့်အား တစ်ပါးကုန်သော ဃရာဝါသ ကိစ္စတို့သည်လည်း ရှိကုန်၏။ သင်သည် တစ်ယောက်သော ဆမျိုးသမီးကိုယူလော့၊ ထိုသတို့ သမီးသည် ငါ့ကိုလုပ်ကျွေးလတ္တံ့။ သင်သည်လည်း မိမိအမှုကို ပြုရလတ္တံ့" ဟု ဆို၏။ "မိခင် အကျွန်ုပ်သည် မိမိကိုယ်၏ စီးပွားချမ်းသာကို မတေစင့်တ မိခင်တို့ကိုသာ လုပ်ကျွေးလို၏၊ ငါမှတစ်ပါးသော အဘယ်သူသည် ဤသို့ လုပ်ကျွေးလတ္တံ့နည်း" ဟုဆို၏၊ "အမောင်ဆမျိုးကိုပွားစေသော အမှုမည် ဆည်ကိုပြုခြင်းငှာသင့်၏ဟု" ဆိုသည်ဆို၏ "မိခင်အကျွန်ုပ်အား ဃရာဝါသ ဖြင့် အလိုမရှိ အကျွန်ုပ်သည် သင်တို့ကိုလုပ်ကျွေး၍ သင်တို့သည် သေလွန် သောဆာလ္ဟ ရဟန်းပြုအံ့ဟု သားယည် ဆို၏။ ထိုအခါ ဆမိသည် သား အား ဆဖန်တလဲလဲ တောင်းပန်သော်လည်း သား၏စိတ်ကို မရလတ်၊ သည် သား၏စကားကို မယူမူ၍ အမျိုးတူဖြစ်သော သတို့သမီးကိုဆောင် ၏၊ ထိုသတို့သားသည် ဆမိကိုလုပ်ကျွေး၍ ထိုအမျိုးသမီးနှင့်တကွနေ၏။ ထိုဆမျိုးသမီးသည်လည်း ငါ၏လင်သည် ကြီးစွာသော အားထုတ်ခြင်းဖြင့် ဆမိကိုလုပ်ကျွေး၏။ ငါသည်လွန်း လင်၏ဆမိကို လုပ်ကျွေးအံ့။ ဤသို့ လုပ်ကျွေးဆော် ငါ့ကို လွင်သည် ချစ်လှတ္တံ့ဟုကြံ၍ လင်၏အမိကို ရိုသေစွာ လုပ်ကျွေး၏။

အထင်လဲမြင်

ထိုသီတင်းသည်သည် ဤမိန်းမကား ငါ၏အမိကို ရိုသေစွာလုပ်ကျွေး ၏ဟု ထိုကဲသမှစ၍ ရတိုင်း ရတိုင်းကုန်သော ကောင်းသော ခဲဖွယ် အစ ရှိသည်တို့ကို မယားဆားသာလျှင် ပေး၏။ ထိုမယားသည် နောက်အဖို၌ ဤယောကျ်ားကား ရတိုင်း ရတိုင်းကုန်သော ခဲဖွယ် ဆစရှိသည်တို့ကို ငါ ဆားသာလျှင် ပေး၏၊ မချတ် အမိကိုနှင်ထုတ်လိုသည် ဖြစ်လတ္တံ့၊ ငါသည် လင်ဆား ဆမိကိုနှင်ထုတ်ခြင်းအကြောင်းကို ပြုအံ့ဟု မသင့်သောအားဖြင့် နှလုံးသွင်း၍ တစ်နေ့သ၌ "လင်ကို ဆရှင် သင်သည် အပသို့ထွက်ဘည်ရှိ သော် သင်၏အမိသည် ငါ့ကို ဆဲရေး၏ဟု" ဆို၏။ ထိုသီတင်းသည်သည် ဆိတ်ဆိတ်နေ၏။ ထိုမိန်းမသည် ဤသက်ကြီးအိုမကို သားကို ဆယုတ် ဆားဖြင့် ဆောက်မေ့စေ၍ သား၏ဆန္ဒကျင်ဘက်ဖြစ်ဆောင် ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုအခါမှစ၍ ယာဂုကို ပေးသည်ရှိသော် ဆလွန်ပူသည်ကို

www.dhammadownload.com

လည်းကောင်း အလွန်ဆေးသည်ကိုလည်းကောင်း အလွန်ဆာငန်သည်ကို လည်းကောင်း ဆာမတ်သည်ကိုလည်းကောင်း ပြု၍ပေး၏။ ချစ်သမီး အလွန်ပူ၏ဟူ၍ လည်းကောင်း အလွန်ဆာငန်၏ဟူ၍လည်းကောင်း ဆို သည်ရှိသော် ခွက်ကိုပြည့်စေ၍ ရေချမ်းကိုခပ်၍ လောင်း၏။ တစ်ဖန် ချစ်သမီး အလွန်အေး၏ ဆာမတ်ဟု ဆိုသည်ရှိသော် ယခုပင်လျှင် အလွန်ပူ၏။ အလွန်ဆာငန်၏ဟု ဆို၍ တစ်ဖန် အလွန်အေး၏ ဆာမတ် ဟု ဆိုပြန်၏။ အဘယ်သူသည် သင့်ကို နှစ်သိမ့်စေအံ့သေးဌာ တတ်နိုင် အံ့နည်းဟု ကျယ်စွာသောအသံကို ပြု၏။ ချိုးရေကိုလည်း ပူသည်ကိုပြု၍ ကျောက်ကုန်းဦးလောင်း၏။ ချစ်သမီး ငါ၏ကျောက်ကုန်းသည် ပူးလောင် ၏ဟူ၍ ဆိုသည်ရှိသော် တစ်ဖန် ပြည့်စေ၍ အလွန်ခဲအေးသော ရေကို ထည့်၏။ ချစ်သမီး အလွန်အေးဟု ဆိုသည်ရှိသော် ယခုပင်လျှင် အလွန် ပူ၏ဟုဆို၍ ယခုပင်လျှင် အလွန်အေး၏ဟု ဆိုပြန်၏။

"အဘယ်သူသည် ဤသက်ကြီးအိုမ၏ မထိမဲ့မြင်ပြုခြင်းကို သည်းခံအံ့ သောဌာ တတ်နိုင်အံ့နည်း" ဟု အိမ်နီးချင်းတို့အား ပြောဆို၏၊ "ချစ်သမီး ညောင်းစောင်းဦး ကြမ်းပိုးတို့သည် များကုန်၏" ဟု ဆိုသည်ရှိသော် ညောင် စောင်းကိုထုတ်၍ ထိုညောင်စောင်းအထက်၌ မိမိညောင်စောင်းကိုခါ၍ "ငါသည် ညောင်စောင်းကို ခါအပ်ပြီ" ဟု သွင်း၍ ခင်း၏ ထိုသီတင်း သည်၏အမိသည် ကြမ်းပိုးတို့သည် ကိုက်ခဲအပ်သည်ဖြစ်၍ ခပ်သိမ်းသော ညဉ့်ကို ထိုင်လျက်သာလျှင် လွန်စေ၍ "ချစ်သမီး....တစ်ညဉ့်ပတ်လုံး ငါ့ကို ကြမ်းပိုးတို့သည် ကိုက်ခဲကုန်၏" ဟု ဆို၏။ "ချေးမဆည် ယမန်နေ့ကပင် သင်တို့၏ ညောင်စောင်းကို ခါအပ်ပြီ၊ အဘယ်သူသည် သက်ကြီးအိုမ၏ ကိစ္စကို ဆောင်ရွက်အံ့သောဌာ တတ်နိုင်အံ့နည်း" ဟုဆို၍ "ယခု သက်ကြီး အိုမအား သားကို ကဲ့ရဲ့စေအံ့ဟု ထိုထိုသောဏရပ်၌ တံတွေးနှပ် အစ ရှိသည်တို့ကို ကြဲ၍ အလုံးစုံသော ဤအိမ်ကို မသန့်ရှင်းဖောင်ပြု၏" ဟု သီတင်းသည် ဆိုသည်ရှိသော် "သင့်အမိသည် ဤသို့ပြု၏၊ မပြုလင့်" ဟု ဆိုသည်ရှိသော် ခိုက်ရန်ပြု၏။

အစမကိုချစ်၍ မယားကိုနှင်

"ဆရာနှိပ်သည် ဤသို့သဘောရှိသော သူယုတ်မာနှင့် အတူတကွ တစ် အိမ်ဘည်း၌ နေအံ့သောဌာ မတတ်နိုင်၊ ဤသက်ကြီးအိုမကိုမူလည်း အိမ်၌

www.dhammadownload.com

မနေစေလင့်၊ ငါ့ကိုမူလည်း အိမ်၌ မနေစေလင့်''ဟု ဆို၏။ ထိုသီတင်းသည်သည် မယား၏စကားကိုကြား၍ ''ရှင်မ....သင်သည် ငယ်သေး၏၊ ဆာမွတ်မရှိသောအရပ်သို့သွား၍ ဆသက်မွေးခြင်းငှာ တတ်နိုင်၏၊ ငါ၏ဆမိသည်ကား အာနည်း၏၊ ငါသည်သာလျှင် ငါ့အမိ၏ ကိုးကွယ်ရာဖြစ်၏၊ သင်သည် ထွက်၍ မိမိ၏မိဘအိမ်သို့ သွားလော့'' ဟု ဆို၏။ထိုမိန်းမသည် လင်၏စကားကိုကြား၍ ''ငါသည် ဤယောကျ်ားကို အမိ၏အတွင်း၌ ဖျက်ဆီးခြင်းငှာ မတတဲ့နိုင်ကောင်း၊ စင်စစ်သဖြင့် ဤယောကျ်ားသည် ဆမိကို ချစ်၏၊ ငါသည် မိဘအိမ်သို့ အကယ်၍ သွားငြားအံ့၊ မုဆိုးမ၏နေခြင်းကိုနေရ၍ဆင်းရဲသည်ဖြစ်အံ့၊ရှေးနည်းဖြင့်သာလျှင် ယောကျ်မဆာ၊ နှစ်သက်စေ၍ လုပ်ကျေးအံ့'' ဟု ကြံ၏။ ကြံပြီး၍ ထိုမိန်းမသည် ထိုဆခါမှစ၍ ရှေးနည်းဆတူသာလျှင် ထိုယောကျ်မကို လုပ်ကျေး၏၊

ထိုအခါ တစ်နေ့သ၌ ထိုသီတင်းသည်သည် တထူးနာအံ့သောငှာ ငေတဝန်ကျောင်းတော်သွားသည်၌ ဘုထူးကိုရှိခိုး၍ လျောက်ပတ်စွာ နေ၏။ ''သီတင်းသည်_ကုသိုလ်ကောင်းမှုတို့၌ မေးမ.မလျော့ ဖြစ်၏လော၊အမိကို လုပ်ကျေးသောအမှုကို ဖြည့်၏လော'' ဟု မိန့်တော်မူသည်ရှိသော် ''ဘုန်းတော်ကြီးသော အရှင်ဘုရား_ဆမိန့်အတိုင်း ဖြည့်ပါ၏၊ ဆမိသည်ကား ဆကျွန်ုပ်ကို ဆလိုမရှိဘဲလျှင် တစ်ယောက်သော အမျိုးသမီးကို ဆောင်၏၊ ထိုမိန်းမသည်ကား ဤသို့ ဤသို့ မကျင့်အပ်သောအမှုကို ပြု၏''ဟု ဆလုံးစုံသောအကြောင်းကို ဘုရားသခင်အား ကြားလျောက်၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား....ထိုမိန်းမသည် ဆကျွန်ုပ်ကို အမိ၏ဆတွင်း၌ ဖျက်ဆီးအံ့သောငှာ မတတ်နိုင်၍ ယခု ဆကျွန်ုပ်၏အမိကို ရှိသေစွာ လုပ်ကျေးပြန်၏''ဟု လျောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုသီတင်းသည်၏စကားကို ကြား၍ ''သီတင်းသည်_ယခု သင်သည် ထိုမိန်းမ၏စကားကို မလိုက်နာ၊ ရှေးဥာဏ်ကား ထိုမိန်းမ၏စကားဖြင့် သင်၏အမိကို နှင်ထုတ်၍ ငါ့ကိုမှီ၍ တစ်ဖန် အိမ်သို့ဆောင်၍ လုပ်ကျေးဖူး၏''ဟု မိန့်တော်မူ၍ ထိုသီတင်းသည်သည် ဘောင်းပန်အပ်သည်ဖြစ်၍ ဆတိတ်ကို ဆောင်တော်မူ၏၊

ဆတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာဒုဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် မထုံဝ်ရှားသော အမျိုး၏သားသည် အာ

www.dhammadownload.com

လွန်သည်ရှိသော် အမိဆား နတ်ကဲ့သို့ လုပ်ကျွေးသောသူဖြစ်၍ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် အမိကို လုပ်ကျွေး၏။
(အလုံးစုံသောစကားကို ဆိုအပ်ပြီးသော နည်းဖြင့်လျှင် ခဲ့၊ အပ်၏၊)

မိုန်းမစကားအရ အမေကို နှင်ချ

"အရှင်....ဆကျွန်ုပ်သည် ဤသို့သဘောရှိသော သူယုတ်မနှင့် အတူစက္ခ နေခြင်းငှာ မတတ်နိုင်၊ ဤသက်ကြီးအိုမကိုမူလည်း အိမ်၌ မနေစေလင့်၊ အကျွန်ုကိုမူလည်းအိုမ်၌ မနေစေလင့်" ဟူ ဆိုသည်ရှိသော် ထိုမိန်းမ၏ စကားကိုယူ၍ အမိအားသာလျှင် ဆပြစ်ရှိ၏ဟူ၍ ဆမိကို "မိခင်....သင်္ဃသည် ဤအိုမ်၌ ဆမြဲလျှင် ခိုက်ရန်ကိုပြု၏၊ အိမ်မှထွက်၍ အလိုရှိရာဆရပ်၌ နေလော့" ဟု ဆို၏။

အမေ သုသာန်သွား

ထိုဆမိသည် "ကောင်းပြီ" ဟု ငိုကြွေးလျက် ထွက်သွား၍ တစ်ဦးသော ကြွယ်ဝသောအမျိုး၊ တို့၏ ဆခစားဆမှုကိုပြု၍ ဆင်းရဲသဖြင့် ဆသက်မွေး၏။ ယောကျ်ားသည် အိမ်မှထွက်သောကာလ၌ ချွေးမဆား ကိုယ်ဝန်သည်တည်၏။ ထိုချွေးမသည် "သူယုတ်ဖြစ်သော သက်ကြီးအိုမသည် အိမ်၌ နေထည်ရှိသော် ငါ၌ ကိုယ်ဝန်ကိုလည်းမရ၊ ယခု ငါသည် ကိုယ်ဝန်ကို ရပြီ" ဟု လင်အားလည်းခကောင်း၊ အိမ်နီးချင်းဆား လည်းကောင်း ပြောဆိုလျက် သွား၏၊ နောက်အဖို၌ သားကိုဖွား၍ လင်ကို "အရှင်....သင်္ဃဆမိသည် အိမ်၌နေသည်ရှိသော် သားကိုမရ၊ ယခု ငါသည် သားကို ရဆပ်ပြီ၊ ဤအကြောင်းကြောင့် ထိုသက်ကြီးအိုမ၏ သူယုတ်မာ၏ အဖြစ်ကို သိလော့" ဟု ဆို၏။

ယောကျ်ားသည် "ငါ့ကို အိမ်မှ နှင်ထုတ်သေးကာလ၌ သားကို ရ၏" ဟုကြား၍ ခချက်လျင် ဤလောကဌ၌ တရားသေသည် ဖြစ်လတ္တံ့။ တရားသည် အကယ်၍ မသေငြားအံ့၊ အမိကို သတိပုတ်ငင်ထုတ်၍ သားကို မရရာ၊ ချမ်းသာသည်ဖြစ်၍ အသက်မရှည်ရာ၊ ငါသည် တရားသေဆုံးကို လှူအံ့" ဟုကြံ၏။ ကြံပြီး၍ ထိုယောကျ်ားသည် တစ်နေ့သ၌ နှမ်းမှုန့်ကို လည်းတောင်း၊ ဆန်ကို လည်းကောင်း။ ချက်ရန် အိုးကို လည်းခကောင်း, ထင်းကို လည်းကောင်း, ယောက်မကို လည်းခဏခင်း ယူ၍ သုသာန်သို့သွား၍ သုံးခုကုန်

www.dhammadownload.com

သော လူဦးခေါင်းခွံ တို့ကို ခုံလောက်ပြု၍ မီးညှိ၍ နေ့သို့ ဆင်းသက်၍ ဦးခေါင်းလျှော်၍ အဝတ်ကိုဝတ်၍ ခုံးလောကဲတည်ရာ ဖရုပ်သို့လာ၍ ဆံထုံးကို ဖြေ၍ ဆန်ကို ဆေးအံ့ဒေသာဌာ အားထုတ်၏။

သိကြားမင်း ပုဏ္ဏားမေး

ထိုအခါ ဘုရားလောင်းသည် သိကြားမင်း ဖြစ်၏။ ဘုရားလောင်းတို့ မည်သည် မနေ့မနှေ့လျှဉ့် ဖြစ်ကုန်၏။ ထိုသိကြားမင်းသည် ထိုခဏ၌ လောကကို ကြည့်လတ်သော် "တရားသေပြီ" ဟူသော အမှတ်ဖြင့် တရားသေဆုံမ်းကို လှူလိုသောဆင်းရဲခြင်းသို့ရောက်သော ထိုမိန်းမကို မြင်၍ "ယနေ့ ငါသည် ငါ၏အစုမ်းကို ပြအံ့" ဟု ပုဏ္ဏားအသွင်ဖြင့် ခရီးမကို သွားသော သူကဲ့သို့ဖြစ်၍ ထိုမိန်းမကို မြင်၍ ခရီးမှဖဲ၍ ထိုမိန်းမ၏အထံ၌ ရပ်၍ "မိခင် သုသာန်၌ အာဟာရကို ချက်သောသူသည် မရှိ၊ သင်သည် ဤသုသာန်၌ ချက်ဖြုပ်သော နှမ်းဆမင်းဖြင့် အာဘယ်ပြုအံ့နည်း" ဟု စကားကို ဖြစ်စေလို့ ရတော်း-

၁။ ဩဒါတဝတ္ထာ သုစိ ဆလ္လဒကသာ၊
ကစ္စာနိ ကိံ ကုမ္ဘ မဓိသယိတ္ထာ။
ပိဋ္ဌာ တိလာ ဓောဝသိ တက္ကုလာနိ၊
တံလောဒနနာ ဟေဟိတိ ကိဿ ဟေတု-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁။ တစ္စာနံ၊ကစ္စည်းဖာနှယ်ဖြင့်သော ရှင်မ။ တို့၊သင်သည်၊ဩဒါတဝတ္ထာ၊ဖြူသောဆာဝတ်ကို ဝတ်လျက်။ သုစိ၊စင်ကြယ်သည်ဖြစ်၍။ဆလ္လဒကသာ၊စွတ်စုံသော ဆံရှိလျက်။ ကုမ္ဘံ၊ထမင်းအိုးကို၊ အဓိသယိတ္ထာ၊ လူတို့၏ဦးခေါင်းခွံဖြစ်သော ခုံးလောကဲသို့ဘင်၍။ တိလေပိဋ္ဌာ၊ နှမ်းမှုန့်တို့ကို ယူလျက်။ တက္ကုလာနိ၊ဆန်တို့ကို။ ကိံ ဓောဝသိ၊ အာဘယ်ကြောင့် ဆေးသနည်း။ ကိဿ ဟေတု၊ အာဘယ်အကြောင်းကြောင့်။ တိလောဒနံနာ၊ နှမ်းထမင်းသည်။ ဟေဟိတိ၊ ဖြစ်လတ္တံ့နည်း။

တရားသေလို့ သပိတ်သွတ်မယ်

ထိုအခါ သိကြားမင်းအား ထိုမိန်းမသည် ကြားလို၍-

၂။ နာ ခေါ အယံ ဗြာဟ္မဏာ ဘောဇနတ္ထာ၊
တိလေဒနေနာ ဟေဟိတိ သာဓုပက္ကာ။

www.dhammadownload.com

ဓံမ္မော မတော တဿ ပဟုတ္တမဇ္ဈေ၊
အဟံ ကရိဿာမိ သုသာနမဇ္ဈေ-
ဟူသော နှစ်ခုမြောက်သော ဂျိုဂါထာကို ဆို၏။

၂။ ပြောဟူ၏၊ ပုဏ္ဏော။ သာဓုပုဗ္ဗဏ္ဏော၊ ကောင်းစွာ ချက်အပ်သော။ အယံ ခေါ တိဏ်သွားဒနော၊ ဂျိုနှမ်းထမင်းသည်။ ဘောဇနတ္ထာယ၊ စားအံ့သောငှာ။ နံ ဟေဟိတိ၊ မဖြစ်လတ္တံ့။ ဓမ္မော၊ တရားသည်။ မတော၊ သေ၏။ အဇ္ဈ၊ ယခုနေ့။ အဟံ၊ ငါသည်။ သုသာနမဇ္ဈေ၊ သုသာန်အလယ်၌။ တဿ၊ ထိုကရားဇ၏။ ပဟုတ္တံ၊ သေဆုံးကို။ ကရိဿာမိ၊ ပြုအံ့။

ငါမသေပါလေး

ထို့နောင်မှ သီကြားမင်းသည်-

၃၊ အနုဝိစ္စံ ကစ္စာနိ ကရောဟိ ကိစ္စံ၊
ဓမ္မော မတော နော တဝေဝ သုံသိ။
သဟာဿနတ္ထာ အတုလာနုဘာဝေါ၊
နံ မီယတေ ဓမ္မဝရော ကဒါစိ-
ဟူသော သုံးခုမြောက်သော ဂျိုဂါထာကို ဆို၏။

၃၊ ကစ္စာနိ၊ ကစ္စည်းအနှယ်ဖြစ်သော ရှင်မ။ တွံ၊ ထင်သည်။ အနုဝိစ္စ၊ စိစစ်၍။ ကိစ္စံ၊ ကိစ္စကို၊ ကရောဟိ၊ ပြုလော့။ ဓမ္မော၊ ဇေဋ္ဌာပစာယန တရားသုစရိတ တရားသည်။ မတော၊ သေ၏။ ဧဝံ၊ ဤသို့။ တဝ၊ သင်အား။ နော၊ ငါတို့၊ အာဘယ်သူသည်လျှင်။ သုံသိ၊ ပြောကြားသနည်း။ အတုလာနုဘာဝေါ၊ အတုမရှိသော အာနုဘော်ရှိသော။ ဓမ္မဝရော၊ တရားမင်းမြတ် ဖြစ်သော။ သဟာဿ နေ၊ တွင်၊ မျက်စိတစ်ထောင် အမြင်ဆောင်သော သီကြားသည်။ ကဒါစိ၊ တစ်ရံ ဘစ်ဆစ်၌။ နံ မီယတေ၊ မသေ။

တရားသူဌေးကြီးရောက်

ထိုစကားကို ကြား၍ ဇိုမိန်းမသည်-

၄။ ဒဋ္ဌပုဗ္ဗာနံ မမ ဇတ္ထ ပြဟ္မေ၊ ဓမ္မော မတော နံတ္ထိ မမေတ္ထ ကဉ္စိ။
ယေ ယေဝဒါနိ ပါပါ ဘဝန္တိ၊ တေ ဒုတ္တဝ ဒါနိ သုခိကာ ဘဝန္တိ။

www.dhammadownload.com

၅။ သုဏိသာ ဟိ မယ္ပံ ဝဠဉ္ဇာ အဟောသိ၊
သာ မံ ဝဓိတ္ဝာန ဝိဇာယိ ပုတ္တံ။
သာ ဒါနိ ဆဗ္ဗဿ ကုလဿ ဣဿရာ၊
အဟံ ပနမ္ပိ အပဝိဒ္ဓါ ဧကိကာ·
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄။ ဖြစ်ဟု၊ ပုဏ္ဏားကြီး၊ တွေ့၊ ဤတရားသေထုခဲ့။ မမ၊ ငါ၏။ ပမာဏံ၊ ယုံမှားကင်းခြင်းသည်။ ဒဋ္ဌံ၊ မြဲ၏။ ဓမ္မော၊ တရားသည်။ မတော၊ သေပြီ၊ တွေ့၊ ဤဟူသေထုခဲ့။ မမ၊ ငါ့အား။ ကခ်ီ၊ ယုံမှားခြင်းသည်။ နတ္ထိ၊ မရှိ။ ဣဒါနိ၊ ယခုအခါ၌၊ ယေယေဝ၊ အကြင်အကြင်သူတို့သည်ဆာလျှင်၊ ပါပါ၊ ယုတ်မာသော အကျင့်ရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣဒါနိ၊ ယခုအခါ၌။ တေဒတဝ၊ ထိုထိုသူတို့သည်သာလျှင်။ သုခိတာ၊ ချမ်းသာကုန်သည်၊ ဘဝန္တိ၊ ဖြစ်ကုန်၏။

၅။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ မယ္ပံ၊ ငါ၏၊ သုဏိသာ၊ ခွေးမသည်၊ ဝဠဉ္ဇာ၊ မြဲ့သည်။ အဟောသိ၊ ဖြစ်၏။ သာ၊ ထိုခွေးမသည်။ မံ၊ ငါ့ကို။ ဝဓိတ္ဝာန၊ ရိုက်ပုတ်ငင်ထုတ်၍၊ ပုတ္တံ၊ သားကို။ ဝိဇာယိ၊ ပွားများ၏၊ ဣဒါနိ၊ ယခုအခါ၌။ သာ၊ ထိုခွေးမသည်။ ဆဗ္ဗဿ၊ အလုံးစုံသော၊ ကုလဿ၊ ဇာမျိုးကို။ ဣဿရာ၊ အစိုးရ၏၊ အဟံ ပန၊ ငါသည်ကား၊ အပဝိဒ္ဓါ၊ စွန့်ပစ်ဆဲသည်ဖြစ်၍။ ဧကိကာ၊ စာစ်ယောက်ထီးတည်း။ ဆဗ္ဗီ၊ ဖြစ်၏။

နှင့်ချေးမနှင့်သားကို သတ်လိုက်မယ်

ထို့နောင်မှ သိကြားမင်းသည်·

၆။ ဇီဝါမိ ဝေါ ဟံ နမတော ဟဲမသ္မိ၊
တဝေဝ ဆတ္ထာယ ဣဓာဂတော သ္မိ။
သာ တံ ဝဓိတ္ဝာန ဝိဇာယိ ပုတ္တံ၊
သဟာဝ ပုတ္တေန ကရောမိ ဘဿံ·
ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏၊

၆။ ကစ္စာနိ၊ ကစ္စည်းဆန္ဒယဖြစ်သော ရှင်မ၊ အဟံ၊ ငါသည်၊ ဇီဝါမိ၊ ရှင်၏။ အဟံ၊ ငါသည်၊ မတော၊ သေသည်း နဆဲ့၊ မဖြစ်၊

www.dhammadownload.com

တဝေဝဲ၊ သင်၏သာလျှင်။ အတ္ထာယ၊ အကျိုးငှာ။ ကျွမ်၊ ကျိုအရပ်သို့။ အာဂဂတော၊ လာသည်။ အသို့၊ ဖြစ်၏။ သာ၊ ထိုချွးမသည်။ တံ၊ သင့်ကို။ ဝဓိတ္ဘာန၊ ရှိုက်ပုတ်ငင်ထုတ်၍။ ပုတ္တံ၊ သားကို။ ဝိဇာယိ၊ ဖွားသည်ဖြစ်အံ့။ ပုဇတ္တန၊ သားနှင့်။ သဟာဝ၊ တကွသာလျှင်။ ဘဿံ၊ ပြာကဲ့သို့ လွင့်ပျောက်ပျက်စီးသည်ကို။ ကရောမိ၊ ငါပြုအံ့။

မြေးကို မသေစေချင်

ထိုမိန်းမသည် ထိုစကားကိုကြား၍ "မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်း အာဘယ်သို့ဆိုသနည်း၊ ငါ့မြေး မသေခြင်းအကြောင်းကို ပြုအံ့" ဟု-

၇။ ဧဝဥ္စ တေ ရုစ္စဲတိ ဒေဝရာဇ၊ မမေဝ အတ္ထာယ ကျွမ်ဝဂဂတော သိ။ အဟဉ္စ ပုတ္တော သုဏိသာ စနတ္တာ၊ သမ္မောဒမာနာ ဃရ မာဝသေမ-

ဟူသော ခုနစ်ခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

ချွးမနှင့် သင့်အောင်လုပ်ပေးမယ်

၇။ ဒေဝရာဇ၊ နတ်မင်း။ တေ၊ သင်နတ်မင်းသည်။ ဧဝဥ္စ၊ ဤသို့လည်း။ ရုစ္စတိ၊ နှစ်သက်သည် ဖြစ်အံ့။ မမေဝ၊ ငါ၏လျှင်။ အတ္ထာယ၊ အကျိုးငှာ၊ ကျွမ်၊ ကျိုအရပ်သို့။ အာဂဂတော၊ လာသည်။ အသိ၊ ဖြစ်ပါအံ့။ အဟဉ္စ၊ ငါလည်းကောင်း၊ ပုတ္တာ စ၊ သားလည်းကောင်း။ သုဏိသာ စ၊ ချွးမလည်းကောင်း။ နတ္တာ စ၊ မြေးလည်းကောင်း။ ဧတေမယံ၊ ထိုငါတို့သည်။ သမ္မောဒမာနာ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၍။ ဃရံ၊ အိမ်၌။ အာဝသေမ နေလိုကုန်၏။

ထိုအခါ ထိုမိန်းမအား သိကြားမင်းသည်-

၈။ ဧဝဥ္စ တေ ရုစ္စတိ ကာတိယာနိ၊
ဟတာပိ သန္တံ့ နု ဇဟာသိ ဓမ္မံ။
တုဝဉ္စ ပုတ္တော သုဏိသာ စ နတ္တာ၊
သဒ္ဓမ္မာဒမာနာ ဃရ မာဝသေဿ-

ဟူသော ရှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၇။ ကာတိယာနိ၊ ကစ္စည်းအန္ဒယ်ဖြစ်ခဲသာ ရှင်မ၊ ဇဝဋ္ဌ၊ ကျွဲသို့လျှင်။ တော၊ သင်သည်၊ ရှစ်တိ၊ နှစ်သက်အံ့။ ဟတာ၊ ရိုက်ပုတ်နှင်ထုတ်အပ်သည်။ သန္တာပိ၊ ဖြစ်ငြားဧသင်္ဘလည်း၊ ဓမ္မံ၊ သူငယ်တို့၌ မေတ္တာတရား၊ တံ့၊ သင်သည်။ နဇာသိ၊ မစ္စန်အံ့။ တုဝဋ္ဌ၊ သင်္ဘလည်းကောင်း၊ ပုတ္တာစ၊ သားလည်းကောင်း၊ သုဏိသာ စ၊ ချေးမလည်းကောင်း။ နတ္တာစ၊ မြေးလည်းကောင်း၊ တေ တုမှေ၊ ထိုသင်တို့သည်၊ သမ္မောဒမာနာ၊ ဝမ်းမြောက် ဂမ်းသာကုန်သည်ဖြစ်၍။ ဃရံ ဒဿိမ်၌။ အာဝဿထ၊ နေကြကုန်ခလာ၊

သားနှင့်ချေးမတို့ ကန်တော့ခြင်း

ကျွဲသို့ဘို၍ တန်ဆာဆင်သော သိကြားမင်းသည် မိမိ၏ အာနုဘော်အားဖြင့် ကောင်းကင်၌ရပ်၍ ''ကစ္စည်းအန္ဒယ်ဖြစ်သော ရှင်မ....သင်မဇကြောက်လင့်၊ သား ချေးမတို့သည် ငါ၏ အာနုဘော်အားဖြင့် လာလတံ့ကုန်၍ ခရီးအကြာ၌ သင့်ကိုကန်တော့၍ ယူ၍ သွားကုန်လတ္တံ့၊ မမေ့မလျော့ဖြစ်လော့''ဟု ဆို၍ မိမိနေရာသို့လျှင် သွား၏။ ထိုသား,ချေးမတို့သည်လည်း သိကြားမင်း၏ အာနုဘော်အားဖြင့် အမိကျွေးငှူးကို အောက်မေ့၍ ''ငါတို့အမိသည် အာဘယ်မှာနည်း''ဟု ရှာတွေ့၌ လူတို့ကို မေး၍ သုသာန်သို့သွား၏ဟူသော စကားကိုကြား၍ ''မိခင်, မိခင်''ဟု ခေါ၍ သုသာန်ခရီးသို့သွား၍ အမိကို မြင်၍ ခြေရင်း၌ဝပ်၍ ''မိခင်....သင်သည် ငါတို့၏အပြစ်ကို သည်းခံပါလော့''ဟု ကန်တော့ကုန်၏။ အမိသည်လည်း မြေးကို ချီ၏။ ကျွဲသို့ ထိုသူတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့်ကုန်၍ အိမ်သို့သွား၍ ထိုအခါမှစ၍ ညီညွတ်စွာ နေခြင်းကို နေကုန်၏။ သပ္ပညူမြတ်စွာဘုရားသည် အတိတ်ကို ဆောင်းတင်မူ၍ ဘုရားဖြစ်တော်မူပြီး၍-

၉။ သာ ကာတိယာနီ သုဏိသာယ သဒ္ဓိံ၊ သမ္မောဒမာနာ ဃရမာဝသိတ္ထ။

ပုတ္တာစ နတ္တာစ ဥပဒ္ဒဟိံသု၊ ဒေဝါနမိန္ဒန အဓိဂ္ဂဟိတာဟူ၍ ဟောဧတဝ်မူ၏။

၉။ ဘိက္ခဝေ၊ ရဟန်းတို့။ သာ ကာတိယာနီ၊ ထိုကစ္စည်းအန္ဒယ်ဖြစ်သော မိန်းမသည် သုဏိသာယ၊ ချေးမနှင့်။ သဒ္ဓိံ၊ တကွ။ သမ္မောဒ-

www.dhammadownload.com

မာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍၊ ဃရံ၊ အိမ်၌။ အာဝသိတ္ထ၊ နေ၏။ ဒေဝါနမိန္ဒေန၊ သိကြားမင်းသည်၊ အဓိဂ္ဂဟိတာ၊ ချီးမြောက်အပ်သည်ဖြစ်၍၊ ပုတ္တော စ၊ သားသည်လည်းကောင်း၊ နတ္တာ စ၊ မြေးသည်လည်းကောင်း၊ တေ ဥဘော၊ ထိုနှစ်ယောက်ကုန်သော သူတို့သည်။ ဥပဋ္ဌဟိံသု၊ လုပ်ကျွေးကုန်၏။

ဇာတ်ပေါင်း။ ထိုဗဟုသူတ ဗြတ်စွဘဘုရားသည် ဤဓမ္မဒေသနာကို မဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတိကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုသီတင်းသည်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ အမိကို လုပ်ကျွေးသော သီတင်းသည်သည် ထိုအခါ အမိကို လုပ်ကျွေးသောသူ ဖြစ်ဖူးပြီ၊ ယခုအခါ သီတင်းသည်၏ မယားသည် ထိုအခါ အမိကို လုပ်ကျွေးသောသူ၏ မယားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျွေးဇူးသိခြင်း၊ ထမိုးသား၊ ကြိုးပွားချမ်းသာရာ။)

ရွေးဦးစွာသော ကစွာနိဇာတ်သည် ပြီး၏။

၂-အင္ဂသဒ္ဒဇာတ်

အစွာရာဒ္ဓ် အကြောင်းအကျိုးကို ဆင်ခြင်သင့်ကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မည်ဗြတ်စွဘဘုရားသည် 'ဣဒံ ပုရေ နိန္နမာဟု'' အစရှိသော ဂါထာပုဒ်ဖြင့် တုန်ဆာဆင်အပ်သော ဤအင္ဂသဒ္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းသည် သန်းခေါင်ယံ၌ ကြားအပ်သော ကြောက်မက်ဖွယ်ရှိသော မခဲ့ခြမ်း မဝဝဖန်နှိုင်သော အသံကို အားကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ဝတ္ထုသည်ကား အောက်လေးဟကုမ္ဘိဇာတ်၌ ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသလျှင်ဖြစ်တည်း၊)

www.dhammadownload.com

ဤအဋ္ဌသဒ္ဒ ဇာတ်၌ကား ကောသလမင်းကြီးသည် ''ဘုန်းခတ်ကြီးသော ဆရှင်ဘုရား....ဤအသံတို့ကို ကြားခြင်းကြောင့် အကျွန်ုပ်အား အဘယ်သို့ ဖြစ်လတ္တံ့နည်း''ဟု နားတော် လျှောက်သည်ရှိသော် ''မြတ်သော မင်းကြီး....မကြောက်လင့်၊ ဤအသံတို့ကို ကြားခြင်းကြောင့် သင် မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်သည် မဖြစ်လတ္တံ့၊ မြတ်သော မင်းကြီး....ဤသို့ သဘောရှိသော ကြောက်မက်ဖွယ်ရှိသော မခဲ့ခြား မဒဝ ဖန်နှိုင်သော အသံကို သင်မင်းကြီး တစ်ယောက်တည်းသာလျှင် ကြားသည် မဟုတ်ဧသး၊ ရွှေးမင်းတို့သည်လည်း ဤသို့ သဘောရှိသော အသံကို ကြား၍ ပုဏ္ဏားတို့၏ စကားကိုယူ၍ သဗ္ဗတုက္ကယင်္ကို ပူဇော်လိုကုန်၏၊ နောက်မှ ပညာရှိတို့၏ စကားကို နာရ၍ ယင်္ကပူဇော်ခြင်းကို ပယ်အံ့သော ငှာ ဖမ်းယူကုန်သော သတ္တဝါတို့ကို လွှတ်စေ၍ 'မြို့၌ အသက်မသတ်ကုန်လင့်'ဟူသော စည်ကိုသည်စကုန်၏''ဟု မိန့်တော်မူ၍ ထိုမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော ဆခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋုမ္ဘရစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၍ ဆရွယ်သို့ ရောက်လတ်မသော် တက္ကသိုလ်ပြည်၌ သင်ဆယ်ပြီးသော ဆာဘတ်ရှိသည်ဖြစ်၍ မိဘလွန်သတ်ဧဆော် ရတနာတို့ကို ကြည့်၍ ဆလုံးစုံသော စည်းစိမ်ဥစ္စာကို အကုန်စွန့်လှူ၍ ကာမကိုပယ်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ ဈာန်ဆာဘိညာဏ်တို့ကို ဖြစ်စေ၍ နောက်ဆဖို့၌ ချဉ်ဆားမှဝဲအံ့သောငှာ လူ့ပြည်သို့ သွားလတ်ဧသော် ဗာရာဏသီပြည်သို့ရောက်၍ မင်းဥယျာဉ်၌ နေ၏။

ဆသံကြီး ဂ-ဒု ကြား၇

ထိုအခါ ဗာရာဏသီမင်းသည် ဆသရေရှိသော အိပ်ထုံ၌နေလျက် သန်းခေါင်ယံ၌ ရှစ်ခွန်းသော ဆသံတို့ကို ကြား၏၊ ရွှေဥဒိုးစွာ မင်း၏ အိမ်ဆနီး ဥယျာဉ်၌ တစ်ခုသော ဗျိုင်းသည် ဆသံကို့ပြု၏၊ နှစ်ကြိမ်မြောက် ထို ဆသံပြုစဉ်လျှင် ဆင်တင်းကုပ် တုဂိုဏ်တိုင်ဝယ်နေသော တစ်ခုသော ကျီးမသည် ဆသံကိုပြု၏၊ သုံးကြိမ်မြောက် မင်းအိမ်ဝယ် ဆတ္ထုတ်၌ နေသော ဃရာမည်သော ပိုးသည် ဆသံကိုပြု၏၊

www.dhammadownload.com

လေးကြိမ်မြောက်သော် မင်းအိမ်၌ မွေးထားသော ဥဩမသည် အသံကို ပြု၏။ ငါးကြိမ်မြောက် မင်းအိမ်၌ မွေးထားသောသမင်သည် အသံကို ပြု၏။ ခြောက်ကြိမ်မြောက် မင်းဆင်မ်၌ မွေးထားသော မျောက်သည် အသံကို ပြု၏။ ခုနစ်ကြိမ်မြောက် မင်းအိမ်၌ မွေးထားသော ကိန္နရာသည် အသံကို ပြု၏။ ရှစ်ကြိမ်မြောက် ထိုအသံသည် မပြတ်စဲစဉ်လျှင် မင်းအိမ်၏ အထက်ဖြင့် ဥယျာဉ်သို့ ကြွသွားသော ပစ္စေကဗုဒ္ဓါသည် တစ်ခုသော ဥဒါန်းကို ကျူးရင့်လျက် အသံကို ပြု၏။

ယင်္ဂနတ်ပူဇော်ရမည်

ဗာရာဏသီမင်းသည် ရှစ်ခွန်းကုန်သော အသံတို့ကိုကြား၍ အလွန် ထိတ်လန့်ရကား နက်ဖြန်ခန့်၌ ပုဏ္ဏားတို့ကို မေး၏။ ပုဏ္ဏားတို့သည် ''မြတ်သောမင်းကြီး....သင်မင်းကြီးအား အန္တရာယ်ဖြစ်လတ္တံ့၊ သဗ္ဗစတုက္ကယင်္ဂကို ပူဇော်ကုန်အံ့'' ဟုဆို၍ မင်းသည် ''အလိုအတိုင်း ပြုကြကုန်လော့'' ဟု ခွင့်ပြုအပ်ကုန်သည်ဖြစ်၍ အလွန် ရွှင်လန်းကုန်လျက် မင်းအိမ်မှထွက်၍ ယင်္ဂအမှုကို အားထုတ်ကုန်၏။

တပည့်လုလင် တားမြစ်

ထိုအခါ ထိုပုဏ္ဏားတို့၏ အကြီးဖြစ်သော ယင်္ဂအမှုကိုစီရင်သော ပုဏ္ဏား၏တပည့် လုလင်သည် ပညာရှိ၏၊ လိမ္မာ၏။ ထိုလုလင်သည် ''ဆရာ...ဤသို့ ဆင်ဘာရှိသော ကြမ်းကြုတ်ရွံရှင်းသော မသာယာအပ်သော မျှားစွာကုန်သော သတ္တဝါတို့၏ ပျက်စီးခြင်းကို ပြုတတ်သောအမှုကို မပြုလင့်'' ဟု ဆရာကို ဆို၏၊ ဆရာသည် ''အမောင်....သင်သည် အာဘယဲကိုသိသ်သနည်း၊ ယင်္ဂသည် တစ်စုံဘဝ်ခု အကျိုးမရှိငြားသော်လည်း ငါး, အမဲကို မျှားစွာစားရလတ္တံ့'' ဟု ဆို၏။ တပည့်သည် ''ဆရာ....သင်တို့လည်း ဝမ်းကိုမှီ၍ ဖရဲ၌ ဖြစ်စေတတ်သော အမှုကို မပြုကုန်လင့်'' ဟု ဆို၏၊ ပုဏ္ဏားတို့သည် ထိုစကားကိုကြား၍ ' ဤလုလင်သည် ငါတို့၏လာဘ်အန္တရာယ်ကို ပြု၏'' ဟု ထိုလုလင်အား အမျက်ထွက်ကုန်၏။

ပစ္စေကဗုဒ္ဓါတွေ့

လုလင်သည် ပုဏ္ဏားတို့မှ ကြောက်ခြင်းကြောင့် ''ထိုသို့တပြီးကား သင်တို့သည်သာလျှင် ငါး, အမဲ စားရခြင်း၏အာခကြောင်းကို ပြုကုန်သော့'' ဟု

www.dhammadownload.com

ထွက်၍ မြို့ပဋ္ဌ မင်းကို တားမြစ်ခြင်းငှာ စွမ်းနိုင်သော တရားစောင့်သော ရဟန်းပုဏ္ဏားတို့ကို ရှာလျက် မင်း၏ဥယျာဉ်သို့သွား၍ ဘုရားလောင်းကို မြင်လျှင် ရှိခိုး၍ ''အရှင်ဘုရား...အရှင်ဘုရားတို့အား သတ္တဝါတို့၌ သနားခြင်းသည် အဘယ့်ကြောင့် မရှိသနည်း၊ မင်းသည် များစွာကုန်သော သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်စေ၏'' ဟု ဆို၏။ ဘုရားလောင်းသည် ''လုလင်....မင်းသည် ငါတို့ကို မသိကုန်၊ ငါတို့သည်လည်း မင်းကို မသိကုန်'' ''အရှင်ဘုရား....အရှင်ဘုရားတို့သည် ကြားဖူးသော အသံတို့၏ ဖြစ်ခြင်းကို သိပါကုန်၏လော'' ဟု မေး၏။ ''သိကုန်၏'' ဟု ဘုရားလောင်း ဆို၏။ ''သိပါကုန်လျက် မင်းအား အဘယ်ကြောင့် မဆိုကုန်သနည်း'' ဟု လုလင်သည် ဆို၏။ ''လုလင်....ငါသိ၏ဟု နှုတ်ဉ် ဦးချို့ဖွဲ့၍ လှည့်လဲည်ခြင်းငှာ အဘယ်မှာ စွမ်းနိုင်အံ့နည်း၊ ဖူးကယ်၍ မင်းသည် ဤဥယျာဉ်သို့လာ၍ ငါ့အား မေးသော် ဖြေအံ့'' ဟု ဆို၏။

ရှင်းပြဟောကြား

လုလင်သည်လည်း လျင်မြန်သဖြင့် မင်းအိမ်သို့ထွား၍ ''အရှင်မင်း....အဘယ်သို့နည်း' ဟု ဆိုသည်ရှိသော် ''မြတ်သောမင်းကြီး....သင်တို့သည် ကြားဖူးကုန်သော အသံတို့၏ ဖြစ်ခြင်းကိုသော ရသေ့သည် သင်မင်းကြီး၏ ဥယျာဉ်ဝယ် မင်္ဂလာကျောက်ဖျာ၌ နေ၏၊ ငါ့ကိုမေးသော် ငါဖြေအံ့'' ဟု ဆို၏၊ သွား၍ ထိုရသေ့ကို မေးခြင်းငှာ သင့်၏'' ဟု ဆို၏။ မင်းကြီးသည် လျင်မြန်သဖြင့် ဥယျာဉ်သို့သွား၍ ရသေ့ကိုရှိခိုး၍ ပဋိသန္ထာရပြုလျက် ထိုင်၍ ''အရှင်ဘုရား...အကျွန်ုပ်သည် ကြားဖူးကုန်သော အသံတို့၏ဖြစ်ခြင်းကို အရှင်ဘုရားတို့သည် သိကုန်သောဟူသည် မှန်သလော'' ဟု မေး၏။ ''မြတ်သောမင်းကြီး....မှန်၏'' ဟု ဆို၏၊ ''အရှင်ဘုရား....ထိုသို့တပြီးတား အကျွန်ုပ်အား ပြောပါလော့' ဟု ဆို၏၊

ဗျိုင်းသံနှိမ်တ်

ထိုအခါ ဘုရားလောင်းသည်မင်းသည် ကြားသောအသံတို့ကို ပြောလို၍ ''မြတ်သောမင်းကြီး...သင်မင်းကြီးအား ထိုအသံတို့ကို ကြားခြင်းဟူသောအကြောင်းကြောင့် တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိ၊ သင်မင်းကြီး၏ ဥယျာဉ်ဟောင်းဌာန၌ တစ်ခုသောဗျိုင်းသည် ရှိ၏၊ ထိုဗျိုင်း

www.dhammadownload.com

ဆည့် ဆစာကို့မရ ရကား ဆာမ့တ်၍ နှိပ်စက်အပ်သည် ဖြစ်၍ ရှေးဦးစွာ သောဆသံကို ပြု၏''ဟု ဗျိုင်း၏ကြိယာကို မိမိဉာဏ်ဖြင့် ပိုင်းခြား၍-

၁၀။ ဣဒံ ပုရေ နိန္နံ မာဟု၊ ဗဟုမစ္ဆံ မဟာဒကံ၊
အာဝါသော ဗတရာဇဿ၊ ပေတ္တိကံ ဘဝနံ မမ။
တဿ ဘေကေန ယာပေမ၊ သြကံ နဝိဇဟာမသေ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၀။ ဣဒံ၊ ဤမင်္ဂလာရေကန်သည်။ ပုရေ၊ ရှေး၌။ နိန္နံ၊ ချိုင့်ဝှမ်းသည်။ အာဟု၊ ဖြစ်၏။ ဗဟုမစ္ဆံ၊ များသောငါး ရှိ၏။ မဟာဒကံ၊ ရေပြွန်ဖြင့် ရေသွင်းအပ်သည်ဖြစ်၍ မျှားသော်ရေ ရှိ၏။ ဗကရာဇဿ၊ ဗျိုင်းမင်းသည်။ အာဝါသော၊ နေရာဖြစ်၏။ မမ၊ ငါ၏။ ပေတ္တိကံ၊ အဘဲဉစွာ ဖြစ်သော။ ဘဝနံ၊ နေရာဖြစ်၏။ တေမယံ၊ ထိုငါတို့သည်။ အဇ္ဇ၊ ယခု။ ဘေကေန၊ ဖားမျှဖြင့်။ ယာပေမ၊ မျှရကန်၏။ ဧဝံ၊ ဤသို့ ငတ်မွတ်အပ်ခြင်းဖြင့် နှိပ်စက်ကုန်သော်လည်း။ သြကံ၊ နေရာကို။ နဝိဇဟာမသေ၊ မစွန့်နိုင်ကုန်။

''မြတ်သောမင်းကြီး---ထိုဗျိုင်းသည် ငတ်မွတ်ခြင်း နှိပ်စက်အပ်သည် ဖြစ်၍ ဤသို့သောအသံကို ပြု၏။ ငတ်မွတ်ခြင်းမှ လွတ်စေလိုခြင်းအံ့၊ ထို ဥယျာဉ်ကို သုတ်သင်၍ ရေကန်ကို ရေဖြင့်ပြည့်စေ၍ ထားလော့''ဟု ဘုရားလေခင်းသည် ဆို၏။ ဓင်းသည် ဘုရားလောင်းဆိုတိုင်း ပြုစိမ့်သော ဌာ တစ်ယောက်သောအမတ်ကို စေ၏။

ကျီးသံနိမိတ်

''မြတ်သောမင်းကြီး.... ဆင်တင်းကုပ်၏ တုရိဏ်တိုင်၌ တစ်ခုသော ကျီးမသည် နေ၏။ ထိုကျီးမသည် မိမိသားဌ စိုးရိမ်ခြင်းကြောင့် နှစ်ခု မြောက်သော အသံကိုပြု၏။ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည် မရှိ''ဟု ဆိုလို၍ ဘုရားလောင်းသည်-

၁၁။ ကော ဒုတိယံ အသီလိဿ၊ ဗန္ဓရဿ ကို့ ဘေစ္ဆတိ။
ကော မေ ပုဒတ္တ ကုလာဝကံ၊ မဉ္ဇ သောတ္ထိ ကရိဿတိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၁။ အသီလိဿ၊ သီလမရှိသော၊ ဗန္ဓရဿ၊ ဗန္ဓရ၏။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်သော။ အက္ခိ၊ မျက်စိ.ကို။ ကော၊ အဘယ်သူသည်။ ဘေစ္ဆတိ၊ ဖောက်ပါအံ့နည်း။ ကော၊ အဘယ်သူသည်။ မေ၊ ငါ၏။ ပုတ္တေ၊ သား၊

www.dhammadownload.com

တို့ကို လည်းကောင်း။ ကုလာဝကဉ္စ၊ ဇသိုက်ကိုလည်းကောင်း။ မဉ္ဇ၊ ငါ့ကိုလည်းကောင်း။ သောတ္ထိ၊ ခမ်းသာခြင်းကို၊ ကရိဿတိ၊ ပြုပါအုံးနည်း။

ဆင်သဲနိမိတ်

ဤသို့ဆိုပြီး၍ ''မြတ်သေဒမင်းကြီး— သင်မင်းကြီး၏ ဆင်တင်းကုပ်၌ ဆင်ထိန်းသည် ဇာဘယ်ဇာမည်ရှိသနည်း'' ဟု မေး၏။ ''ဆရှင်ဘုရား.... ဗန္ဓရမည်၏'' ဟု မင်းသည် လျှောက်၏။ ''မြတ်သောမင်းကြီး.... ထိုဗန္ဓရသည် မျက်စိတစ်ဖက်သာ ရှိသလော'' ဟု ဘုရားလောင်းသည် မေး၏။ ''ဆရှင်ဘုရား.... ဇမိန့်တော်ဇာတိုင်း မှန်ပေ၏'' ဟု မင်းသည် လျှောက်၏။ ''မြတ်သေဒမင်းကြီး— သင်မင်းကြီး၏ ဆင်တင်းကုပ်တံခါး တံရိုက်တိုင်၌ တစ်ခုသော ကျီးမသည် အသိုက်လုပ်၍ အဉတို့ကို ထားဇပ်ကုန်၏၊ ထို့အဉတို့ဆည် ရင့်ကုန်၍ အကောင်ငယ်တို့သည် ပေါက်ကုန်၏။ ဆင်ထိန်းသည် ဆင်ကိုစီး၍ ဆင်တင်းကုပ်မှ ထွက်သော်လည်းကောင်း, ဆင်တင်းကုပ်သို့ ဝင်သော်လည်းကောင်း ကျီးမတို့၏သားတို့ကို လည်းကောင်း, အသိုက်ကို လည်းကောင်း ပုတ်ခတ်၏။ ထိုကျီးမသည် ထိုဆင်းရဲခြင်းဖြင့် ပင်ပန်း၍ ထိုဆင်ထိန်း ဗန္ဓရ၏မျက်စိ ပျက်စီးခြင်းကို တောင့်တလျက် ဤသို့ ဆို၏။ ကျီးမ၌ သင်မင်းကြီးသည် မေတ္တာစိတ်သည် ရှိပြားအုံး၊ ထိုဗန္ဓရကို ခေါ်စေ၍ ဇာသိုက်ကို ဖျက်ဆီးခြင်းမူ မြစ်လော့'' ဟု ဘုရားလောင်းသည်ဆို၏။ မင်းသည် ထိုဗန္ဓရကို ခေါ်စေ၍ ဆဲရေး ရိုက်ပုတ်၍ တစ်ပါးသောသူဇား ဆင်ကို ပေး၏။

ပိုးကောင်သဲနိမိတ်

ဘုရားလောင်းသည် ''မြတ်သောမင်းကြီး.... သင်ဓင်းကြီး၏ ပြဇာဒ်ဇာထွတ်၌ တစ်ခုသော ဃရာမည်သော ပိုးသည် နေ၏။ ထိုပိုးသည် ထိုထို ဇာရပ်၌လျှင် အထာကိုစား၍ အကာကုန်လတ်သည်ရှိသော် ဇာနှစ်ကို စားခြင်းငှာ မတတ်နိုင်။ ထိုပိုးသည် ဇာစာကိုမ၍ ထွက်အုံးသောငှာထည်း မတတ်နိုင်ရဇာား ငိုကြွေးလျက် သုံးခုမြောက်ဖြစ်သော ဇာသံကို ပြု၏။ ထို ဇာသံကြောင့်လည်း သင်မင်းကြီးဇာား ဘေးသည် မရှိ'' ဟု ဆို၍ ထိုပိုး၏ ကြိယာကို မိမိဉာဏ်ဖြင့် ပိုင်းခြား၍-

www.dhammadownload.com

၁၂။ သဗ္ဗာ ပရိက္ခယာ ဖေဂ္ဂု၊ ယာ၀တသာ ဂတီ အဟု၊
ခီဏာဘမက္ခာ မဟာ:ရာဇ၊ သာရေ နု ရမတေ ဃ၊ကော.

ဟူသော်သုံးခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

၁၂၊ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဿာ၊ ထိုဖကာ၏။ ယာ၀တာ၊ အကြင်မျှလောက်သော၊ ဂတိ၊ ဖြစ်ခြင်းသည်။ အဟု၊ ထင်၏၊ သဗ္ဗာ၊ ခပ်သိမ်းသော။ ဖေဂ္ဂု၊ ဖကသည်း ပရိက္ခယာ၊ စုံး၍ကုန်လေပြီ၊ ခီဏာဘက္ခော၊ ကုန်ပြီးသောဖစာရှိသော။ ဃ၊ကော၊ ဃ၊ဏမည်သောပိုး သည်။ သာရေ၊ အနှစ်၌။ နု ရမတေ၊ မနေ့ လျော်း

ဘုရားလောင်းသည် 'မြတ်သောမင်းကြီး.... ထိုပိုးသည်ကား ထိုအရပ်မှ ထွက်၍ သွားရာအရပ်တို့လည်း မမြင်ရကား ငိုကြွေး၏၊ ထိုပိုးကို ထုတ်စေလော့'' ဟု ဆို၏။ မင်းသည် တစ်ယောက်သော ယောကျ်ားကို စေ၍ ဥပါယ်အစုံးဖြင့် ထိုပိုးကို ထုတ်စေ၏၊

ဘုရားလောင်းသည် ''မြတ်သောမင်းကြီး.... သင်မင်းကြီး၏ အိမ်၌ မွေးအပ်သော တစ်ခုသော ဥဩမသည် ရှိသနော'' ဟု မေး၏။ ''အရှင် ဘုရား.... ရှိ၏'' ဟု လျှောက်၏။ ''မြတ်သောမင်းကြီး.... ထိုဥဩမသည် မိမိ နေ့ပူးသော တောအုပ်ကို အောက်မေ့ရကား ငြီးငွေ့၍ ''အဘယ်နံ့ရော အခါလျှင် ဤချိုင့်မှလွတ်၍ မွေ့လျော်ဖွယ်ရှိသော တောအုပ်သို့ သွားရပါအံ့နည်း'' ဟု လေးခုမြောက်သောအသံကို ပြု၏။ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည်မရှိ'' ဟု ဆိုလို၍.

၁၃။ သာ နူနာဟံ ဂ္ဂူးတာ ဂန္ဓာ၊ ရညော မုတ္တာ နိ၀ဓသနာ၊
ဆတ္တာနံ ရမယိဿာမိ၊ ဒုမသာခနိကေတိနီ.

ဟူ၀သော လေးခုမြောက်သော ဤဂါထာကို ဆို၏၊

၁၃။ သာအဟံ၊ ထိုငါသည်၊ ရညော၊ သင်မင်းကြီး၏။ ဂ္ဂူးတာ နိ၀ေ၀သနာ၊ ဤနန်းတော်မှ၊ မုတ္တာ၊ လွတ်လျက်။ ဂန္ဓာ၊ သွး၍။ ဒုမသာခ နိကေတိနီ၊ သစ်ခက်တို့၌ မိမိအသိုက်လျှင် နေရာရှိသည်ဖြစ်၍။ ဆတ္တာနံ၊ ငါ၏ကိုယ်ကို။ ရမယိဿာမိ နူန၊ အာဘယ်နံ့ရာအခါမှ မွေ့လျော်စေရအံ့နည်း။

ဘုရားလောင်းသည် ဤသို့ဆို၍ ''မြတ်သောမင်းကြီး.... ဥဩမသည် ငြီးငွေ့၏၊ ထိုဥဩမကို လွှတ်လော'' ဟု ဆို၏။ မင်းသည် ဘုရားလောင်း ဆိုတိုင်း ပြု၏၊

www.dhammadownload.com

သမင်သံနိမိတ်

ဘုရားလောင်းသည် ''မြတ်သောမင်းကြီး... သင်မင်းကြီး၏နန်းတော်၌ မွေးအပ်သော တစ်ခုသောသမင်သည် ရှိသလော''ဟု မေး၏။ ''အရှင်ဘုရား....ရှိ၏''ဟု လျှောက်၏။ မြတ်သောမင်းကြီး... ထိုသမင်ကား မိမိ၏ မယား သမင်မကို အောက်မေ့၍ ကိလေသာ၏ အစုမ်းအားဖြင့် ငြီးငွေ့၍ ငါးခုမြောက်သောအသံကို ပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ''ဟု ဆိုလို၍-

၁၄။ သော နူနဟံ ဣဘော ဂန္ဓာ၊ ရဒညာ မုတ္တော်ဝ နိဝေသနာ၊
အဂ္ဂါဒကာနိ ပိဿာမိ၊ ယူထဿ ပုရတော ဝဇံ-

ဟူသော ငါးခုမြောက်သော ဤဂါထ ကို ဆို၏။

၁၄။ သော အဟံ၊ ထိုငါသည်။ ရဒညာ၊ မင်း၏။ ဣတောနိဝေသနာ၊ ဤနန်းတော်မှ။ မုဒ္ဓတ္တာ၊ လွတ်လျက်။ ဂန္ဓာ၊ သွား၍၊ ယူထဿ၊ သမင်အပေါင်း၏။ ပုရတော၊ ရှေ့မှ။ ဝဇံ၊ သွားလျက်။ အဂ္ဂါဒကာနိ၊ ရေဦးတို့ကို။ ပိဿာမိ နူန၊ အဘယ်နံ့ထောအခါမှ သောက်ရပါ့အံ့နည်း။

ဘုရားခလောင်းဆည် ထိုသမင်ကိုလည်း လွှတ်စေ၏။

မျောက်သံနိမိတ်

ဘုရားလောင်းသည် 'မြတ်သောမင်းကြီး....သင်မင်းကြီး၏နန်းတော်၌ မွေးသောမျောက်သည် ရှိသလော''ဟု မေး၏။ ''အရှင်ဘုရား...ရှိ၏''ဟု မင်းသည် လျှောက်၏။ ''မြတ်သောမင်းကြီး... ထို မျောက်သည်လည်း ဟိဓဝန္တာ၌ မျောက်မနှင့်တကွ ကာမ၌ မက်မောသည်ဖြစ်၍ သွားစဉ် ဘဒ္ဒကမည်သော မုဆိုးသည် ဤအရပ်သို့ ဆောင်ခဲ့၏။ ယခု ငြိုးငွေ့၍ ထိုဟိမဝန္တာဆီလျှင် သွားလို၍ ခြောက်ခုမြောက်သောအသံကို ပြု၏။ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည် မရှိ''ဟု ဆိုလို၍-

၁၅။ တံ မံ ကာမေဟိ သမ္မတ္တံ၊ ရတ္တံ ကာမေသု မုစ္ဆိတံ။
အာနဟိ ဝနဘော လုဒ္ဒေါ၊ ဗာဟိဒကော ဘဒ္ဒ မတ္ထု၊ တေ-

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကိုဆို၏။

၁၅။ ကာမေဟိ၊ ကာမတို့ဖြင့်။ သမ္မတ္တံ၊ လွန်စွာယစ်သော။ ကာမေသု၊ ကာမတို့၌။ ရတ္တံ၊ တပ်စွန်းသော။ ကာမေသု၊ ကာမတို့၌။ မုစ္ဆိတံ၊

www.dhammadownload.com

တော့ဝေသော။ တံ မံ၊ ထိုငါ့ကို။ ဗာဟိကော၊ တိုင်းပသားဖြစ်သော။ လုဒ္ဓေါ၊ ဓုဆိုးသည်။ ဝနတော၊ တောအရပ်မှ။ အာနယိ၊ ဆောင်ခဲ့၏။ တေ၊ သင့်အား။ ဘဒ္ဒံ မင်္ဂလာသည်။ အတ္ထု၊ ဖြစ်ဓသတည်း။

ဘုရားလောင်းသည် ထိုမျောက်ကိုလည်း လွှတ်စေ၏။

ကိန္နရာသံနီမိတ်

ဘုရားလောင်းသည် "မြတ်သောမင်းကြီး.... သင်မင်းကြီးနန်းတော်၌ မွေးသော ကိန္နရာသည် ရှိသလော" ဟု မေး၏။ "အရှင်ဘုရား....ရှိ၏" ဟု လျှောက်သည်ရှိသော် မြတ်သောမင်းကြီး.... ထိုကိန္နရာသည် မိမိ၏မယား ကိန္နရီမသည် ပြုအပ်သောကျေးဇူးကို အောက်မေ့၍ ကိုလေသာဖြင့် နာကျဉ်သည်ဖြစ်၍ အသံကိုပြု၏။ ထိုကိန္နရာသည် ထိုကိန္နရီမနှင့်တကွ တစ်နေ့သ၌ မြင့်သောတောင်ထွတ်သို့ တက်၍ ထိုဓတောင်ထွတ်၌ ထိုကိန္နရာတို့သည် အဆင်း အနံ့ အရသာနှင့်ပြည့်စုံသော အထူးထူးသော ပန်းတို့ကို ဆွတ်ကုန်, ပန်ကုန်, ပျော်မြူးကုန်သည်ဖြစ်၍ နေဝင်သည်ကို မမှတ်ကုန်။ နေဝင်လတ်သော် ဆင်းသက်ကုန်သော ကိန္နရာတို့အား အမိုက်မှောင်သည်ဖြစ်၍ ထိုအခါ ကိန္နရီမသည် "အရှင်....အမိုက်မှောင်သည်ဖြစ်၏၊ မချော်ခချွတ်စေဘဲ မမှေမှလျှောသဖြင့် ဆင်းသက်လော့" ဟု ဆို၍ လက်ဖြင့် ကိုင်၍ ဆင်းသက်စေ၏။ ထိုကိန္နရာသည် ထိုကိန္နရီမ၏စကားကို အောက်မေ့၍ အသံကိုပြု၏။ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ" ဟု ဆို၍ ထိုအကြောင်းကို မိမိဉာဏ်ဖြင့် ပိုင်းခြား၍ ထင်စွာပြုလျက်-

၁၆။ အန္ဓကာရ တိမိသာယံ၊ တုဒ်ဂ် ဥပရိပဗ္ဗတေ။
သာမံ သင်္ကုန မုဒုနှ၊ မာ ပါဒ ံ ခလိ ယသ္မံနိ-

ဟူသော ခုနစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၆။ သာ၊ ထိုကိန္နရီမသည်။ မံ။ ငါ့ကို။ အန္ဓကာရတိမိသဓယံ၊ မမြင်သည်၏အဖြစ်ကို ပြုတတ်သော အမိုက်မှောင်၌။ တုဒ်၊ ထက်သော။ ဥပရိပဗ္ဗတေ၊ တောင်ထွတ်၌။ သင်္ကုန။ သိမံမေ့.မသော။ မုဒုနှ၊ နူးညံ့သော။ ဝစနေန၊ စကားဖြင့်။ သာမိ၊ သခင်။ အသ္မိနိ၊ကျောက်၌။ ပါဒ ံ၊ ခြေကို။ မာခလိ၊ မချော်စေလင့်။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဟတ္ထေန၊ လက်ဖြင့်။ ဂဟေတ္ဝာ၊ ကိုင်၍။ ဩတာရေသိ၊ သက်စေ၏။

www.dhammadownload.com

ဤသို့ ဘုရားလောင်းသည် ကိန္နရာဆိုးသော ဆေးကြောင်းကို ဆို၍ ကိန္နရာကို လွှတ်စေ၏။

ပစ္စေကဗုဒ္ဓါ၏ နိဒါန်းနိဂုံး

"မြတ်သောမင်းကြီး... ရှစ်ခုမြောက်သော ဆယ်သည် ဥဒါန်းကျူးရင့်သော အသံတည်း။ နန္ဒမူလိုဏ်၌ တစ်ဆူသော ပစ္စေကဗုဒ္ဓါသည် မိမိ၏ ဆောယုသင်္ခါရ ကုန်ခြင်းကို သိ၍ "လပြည့်နေ့၌ ဗာရာဏသီပြည်သို့ ကြွလာ၍ မင်း၏ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုအံ့၊ လူတို့သည် ငါ၏ဆင်္ကြံကို သင်္ကြိုဟ်ခြင်းကိုပြု၍ သးခုကိဋ္ဌနမည်သော ကစားခြင်းကို ကစား၍ ပူဇော်ခြင်းကိုပြု၍ နတ်ပြည်ကို ပြည့်စေကုန်လတ္တံ့" ဟု အာနုဘော်ဖြင့် ထောင်းဆင်၌ သွားလျက် သင်မင်းကြီး၏ ပြာသာဒ်အထက်သို့ ရောက်သောဆာလျှင် ခန္ဓာဝန်ကိုချ၍ နိဗ္ဗာန်ပြည်သို့ ဝင်ခြင်းကို ပြတတ်းဘာ ဥဒါန်းကို ကျူးရင့်၏" ဟု ပစ္စေကဗုဒ္ဓါသည် ဆိုအပ်သော-

၁၇။ ဆသံ့သယံ ဇဗ္ဘတိ ယေန္တဒသိ၊
နု ဂဗ္ဘသေယျံ ပုန ရာဝဇိသံ။
ဆယ မန္ဒိမာ ပစ္ဆိမာ ဂဗ္ဘသေယျာ၊
မိဒ္ဓောမ သံသာရော ပုနဗ္ဘဝါယ-

ဟူသော ရှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၇။ ဇာတိ၊ယေန္တဒသိ၊ နိဗ္ဗာန်ကိုမြင်သော၊ ဆဟံ၊ ငါသည်။ ဆသံ့သယံ၊ မချုတ်။ ပုန၊ တစ်ဖန်။ ဂဗ္ဘသေယျံ၊ ဆမိဝမ်း၌ ပဋိသန္ဓေနေခြင်း၊ သို့။ နု ဆာဝဇိသံ၊ မရောက်ရအံ့၊ အယံဇာတိ၊ ဤဆဖြစ်သည်၊ ဆန္ဒိမာ၊ အဆုံးစွန်သော၊ ဇာတိ၊ ဆဖြစ်တည်း။ အယံ၊ ဤပဋိသန္ဓေနေခြင်းသည်။ ပစ္ဆိမာဂဗ္ဘသေယျာ၊ အဆုံးစွန်ဖြစ်သော ပဋိသန္ဓေနေခြင်းတည်း၊ ခေမ၊ ငါ့ဆာ။ ပုနဗ္ဘဝါယ၊ တစ်ဖန် ဘဝသစ်၌ဖြစ်ခြင်းငှာ။ သံသာရော၊ ခန္ဓာအစဉ်သည်၊ ဒီဃော၊ ကုန်ပြီ။

ဘုရားလောင်းသည် "မြတ်သောမင်းကြီး.... ထို ပစ္စေကဗုဒ္ဓါသည် ဥဒါန်းကိုရွတ်၍ ဤပြည်၌ ဥယျာဉ်သို့လာ၍ ကောင်းစွာပင့်သော တစ်ရှသော ဆင်ကြွေးပင်ရင်း၌ ပရိနိဗ္ဗာန်ပြု၏။ လာလေ့ ပစ္စေကဗုဒ္ဓါ၏ ဆလောင်းဆား သင်္ဂြိဟ်ခြင်းကိစ္စကို ပြုကြကုန်အံ့" ဟု မင်းကို ဒေါ်၍ ပစ္စေကဗုဒ္ဓါ၏ ပရိနိဗ္ဗာန်ပြုရာဆရပ်သို့ ဆောင်၍ ထိုဆလေးငင်းကို ပြ၏။

www.dhammadownload.com

ခင်းသည် ပစ္စေကဗုဒ္ဓါ၏ အလေခင်းတော်ကို ဗိုလ်ပါနှင့်တကွ နံ့သာပန်း အစရှိသည်တို့ဖြင့် ပူဇော်၍ ဘုရားလောင်း၏စကားကို မှီ၍ ယင်ပူဇော်ခြင်းကိုပယ်၍ ခပ်သိမ်းသော သတ္တဝါတို့အား အသက်အလှူကို ပေး၍ "သူ့အသက်ကို မသတ်စေလင့်"ဟူသော စည်းကို လည်စေ၍ ခုနစ်ရက်ပတ်လုံး သာဓုကီဠနမည်သော ကစားခြင်းကို ကစား၍ အလုံးစုံနံ့သာဖြင့်ပြီးသော ထင်းပုံသို့တင်၍ ကြီးစွာသော ပူဇော်သက္ကာရဖြင့် ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို သင်္ဂြိုဟ်၍ ခရီးမခံလေးဆုံ၌ ဓာတ်တော်တို့ကို ဌာပနာ၍ စေတီ တည်စေ၏။

ဘုရားလောင်းသည်လည်း ခင်းအား တရားဟော၍ "မြတ်သောမင်းကြီး...သင်မင်းကြီးသည် မမေ့မလျော့ ဖြစ်လော့"ဟု ဆုံးမ၍ ဟိမဝန္တာသို့လျင် ဝင်၍ ပြဟ္မဝိဟာရတို့၌ လုံ့လပြု၍ မယုတ်သေးစျာန် ရှိသည်ဖြစ်၍ ပြဟ္မာ့ပြည်သို့လားစေ၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "မြတ်သောမင်းကြီး....သင်မင်းကြီးအား ထိုအသုံကိုကြားခြင်းဟူသော အနုကြောင်းငယ်ကြောင့် တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိ၊ ယင်ပူဇော်ခြင်းကိုပယ်၍ များစွာသော သတ္တဝါတို့၏အသက်ကို ပေးလော့"ဟု ဇီဝိတဒါနကိုပေး၍ မြို့၌ တရားစည်ကို လည်စေ၍ တရားဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-"ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ လုလင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရဿ.ဖြစ်ဖူးပြီ"ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ယင်နှတ်ချင်ကိုး၊ ပူဇော်မျိုး၊ အကျိုးမရှိပြီ။)

နှစ်ခုတို့၌ ပြည့်ကြောင်းဖြစ်သော အဋ္ဌဃဒ္ဒဇာတ်သည် ပြီး၏။

၃-သုလသာဇာတ်

ယောကျိုးသာမဟုတ် မိန်းမလည်းပညာရှိကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဣဒ္ဓ သုဝဏ္ဏ ကာယရုံ အစရှိသော

www.dhammadownload.com

ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုလသားဇာတ်ကို ဧကစဉ်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ တစ်ယောက်သော ကျွန်မကို အာရုံကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုကျွန်မသည် ပဲ့သဘင်ခံသော် ထစ်နေသ၌ ကျွန်မအပေါင်းနှင့်တကွ ဥယျာဉ်သို့ သွားလိုရကား မိမိ၏ ပုညလက္ခဏဒဝီအမည်ရှိသော သခင်မကို ဆင်ယင်သော တန်ဆာကို တောင်း၏။ ပုညလက္ခဏဒေဝီမည်သော သူဌေးမသည် ထိုကျွန်မအား အဖိုးတစ်သိန်းထိုက်သော တန်ဆာကို ပေး၏။ ထိုကျွန်မသည် အဖိုးဘစ်သိန်းထိုက်သော ထိုတန်ဆာကို ဆင်ယင်၍ ကျွန်မအပေါင်းနှင့်တကွ ဥယျာဉ်သို့ ဝင်၏။

သူခိုး အကြံ

ထိုအခါ တစ်ယောက်သော ခိုးသူသည် ထိုကျွန်မ၏ တန်ဆာ၌ တပ်စွန်း၍ ခြင်းလောဘကို ဖြစ်စေ၍ ''ဤကျွန်မကိုသတ်၍ တန်ဆာကို ဆောင်အံ့'' ဟု ထိုကျွန်မနှင့်တကွ စကားပြောလျက် ဥယျာဉ်သို့ သွား၍ ထိုကျွန်မအား ''ငါး အမဲ သုရာ အစရှိသည်တို့ကို ပေး၏။ ထိုကျွန်မသည် ''ကိုလေးသား၏ အစ့်မ်းအားဖြင့် ပေး၏'' ဟု ထင်မှတ်၍ ငါး အမဲ သုရာ အစရှိသည်တို့ကို ယူလေ၍ ဥယျာဉ်ကစား ခြင်းကို ကစား၍ စုံစမ်းအံ့သောငှာ ညချမ်း အခါ၌ ကျွန်မအပေါင်း အုပ်ထည်ရှိသော် ထ၍ ခိုးသူ၏အထံသို့ ကပ်၏။ ခိုးသူသည် ''ရှင်မ...ဤအရပ်ကား ပုန်းကွယ်သော အရပ်မဟုတ်၊ အတန်ငယ် ရွှေ့သို့ သွားကုန်အံ့'' ဟု ဆို၏။

ကျွန်မ ပညာ

ကျွန်မသည် ထိုစကားကိုကြား၍ ''ဤအရပ်၌ လျှို့ဝှက်သော အမှုကို ပြုခြင်းငှာ တတ်ကောင်း၏၊ ဤခယာကျားကား မခွတ်လျှင် ငါ့ကိုသတ်၍ တန်ဆာကို ဆောင်လိုသည် ဖြစ်လတ္တံ့၊ ထိုသို့ဖြစ်စေကာမူ ထိုယောကျားကို ဆုံးမအံ့'' ဟု ကြံ၍ ''အရှင်... သုရာယင်း ခြင်းကြောင့် ငါ၏ ကိုယ်သည် ချောက်ချား၏၊ ငါ ရေသောက်ပါရစေလော့'' ဟုဆို၍ တစ်ခုသော ရေတွင်းသို့ဆောင်၍ ''ဤရေတွင်းမှ ငါ့ဖို့ သေးက်ရေကို ဆောင်လော့'' ဟု ကြိုးနှင့်အိုးကို ပေး၏။ ခိုးသူသည် ကြိုးကို တွင်း၌ချ၏၊ ထိုအခါ ကိုယ်ကို ညှတ်၍ ရေကိုငဲ့သော် ထိုခိုးသူကို ခွန်အားကြီးသော ထိုကျွန်မသည်

www.dhammadownload.com

လက်နှစ်ဖက်တို့ဖြင့် တင်သားတွန်း၍ တွင်းဦ့ကျစေ၍ ''သင်သည် ဤမျှဖြင့် မသေလတ္တံ့'' ဟု တစ်ခုသော ကြီးစွာသော အုတ်ခဲကို ခိုးသူ၏ ဦးခေါင်း ပေါ်၌ ချ၏၊ ခိုးသူသည် ထိုတွင်းဦ့လျင် အသက်ကုန်ခြင်းသို့ ရောက်၏။ ထိုကျွန်မသည်လည်း မြို့သို့ဝင်၍ အရှင်အား တန်ဆာကိုပေး၍ ''ယနေ့ ကျွန်ုပ်သည် ထိုဘန်ဆာကိုမှီ၍ သေလု၏'' ဟုဆို၍ အလုံးစုံသောအကြောင်း ကို ကြား၏။

ဆနာသပိဏ်သူဌေးသည် မြတ်စွာဘုရားအား ကြားလျှောက်၏။ သပ္ပညူ မြတ်စွာဘုရားသည် ''သူကြွယ်....ထိုကျွန်မသည် ယခုဆခါ၌သာလျှင် ခဏ ချင်းဖြစ်သော ပညာနှင့် ပြည်စုံဖူးသည် မဟုတ်သေး၊ ရှေး၌လည်း ခဏ ချင်းဖြစ်သော ပညာနှင့် ပြည့်စုံဖူးသလျှင်ကတည်း၊ ထိုခိုးသူကို ယခုအခါ၌ သာလျှင် ထိုကျွန်မသည် သတ်သည် မဟုတ်သေး၊ ရှေး၌လည်း သတ်ဖူး သလျှင်ကတည်း'' ဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန် အပ်သည်ဖြစ်၍ ဆတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ပြည်တွင်းတန်ဆာမငါးရာ အခြံအရံရှိသော သုလ သာ အမည်ရှိသော ပြည့်ဘန်ဆာမသည် ဖြစ်၏၊ အသပြာတစ်ထောင်ဖြင့် ညှဉ်၍ သွားရကုန်၏။

သတ္တုကာ ခိုးသူ

ဗာရာဏသီပြည်၌ပင်လျှင် ဆင်ခြောင်အား၌ဆောင်သော သတ္တုကာမည် သော ခိုးသူသည် ဖြစ်၏၊ ထိုခိုးသူသည် ညှဉ်အဖို၌ မင်းတို့၏ အိမ်သို့ဝင်၍ အသိုရှိတို့ခိုး ယူ၏၊ ပြည်သူတို့သည် စည်းဝေး၍ မင်းအား ကြား လျှောက်ကုန်၏။

သုလသာ၏ လင်ဖြစ်ရ

မင်းသည် မြို့ကို ဆောင့်စေ၍ ထိုထိုအရပ်၌ ''လူစုံကိုထား၍ ခိုးသူကို ဖမ်း၍ ခိုးသူ၏ဦးခေါင်းကို ဖြတ်ကုန်လော့'' ဟု ဆို၏။ မြို့ဆောင့်သည် ထိုခိုးသူကိုဖမ်း၍ လက်ပြန်နှောင်ဖွဲ့၍ ခရီးဒေးဆုံတိုင်း ကြိမ်လုံးဖြင့်ခတ်၍ ထိုခိုးသူကို သုသာန်သို့ ဆောင်၏။ ''ထိုခိုးသူကို ဖမ်းမိ၏'' ဟု မြို့အလုံး သည် ချောက်ချား၏၊ ထိုအခါ သုလသာသည် လေသွန်ပြတင်း၌ရပ်၍

www.dhammadownload.com

ခရီးအလယ်ကို ကြည့်လတ်သော် ထိုခိုးသူကိုမြင်၍ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ''ခိုးသူဟု ဆိုအပ်သော ဤယောကျ်ားကို ငါသည် ဓားကို၍ လွတ်နှင်စေအံ့၊ ဤပြည့်တန်ဆာမတို့၏ အမှုအရာဟူသော ညစ်ညူးသောအမှုကို မပြုမူ၍ ဤခိုးသူနှင့်တကွလျှင် ညီညွတ်သောဒုနခြင်းကို နေအံ့'' ဟုကြံ၍ အောက် ကဏဝေရဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် မြို့စောင့်ဓား တစ်ထောင်သော အသပြာကို ပို့စေ၍ ခိုးသူကို လွှတ်စေ၍ ခိုးသူနှင့်တကွ ဝမ်းမြောက်ဝမ်းသာ အညီအညွတ်နေခြင်းကို နေ၏။ ခိုးသူသည် သုံးရက် လေးရက် လွန်လတ်သော် ဤအရပ်၌ နေခြင်းငှာ မတတ်နိုင်၊ လွမ်းချည်းသာ သက်သက်ပြေးအံ့သောငှာလည်း မတတ်နိုင်၊ သုလသာ၏ တန်ဆာသည် အဖိုးဘစ်သိန်း ထိုက်၏။''

ခိုးသူ၏ အလှည့်အပတ်

သုလသာကို သတ္တုကမည်သော ခိုးသူသည် ''ရှင်မ....ထိုအခါ၌ မင်းချင်းယောကျ်ားတို့သည် လတ်အံ့သောငှာ ဆောင်ထုပ်သော ငါသည် ဤအမည်ရှိသော တောင်၌ ရဟန္တာစိုးနတ်ဓား ပူဇော်အံ့ဟု ဝန်ခံ၏၊ ထိုရဟန္တာစိုးသည် ပူဇော်ခြင်းကို မရ၍ ငါ့ကို ခြိမ်းခြောက်၏၊ ထိုရဟန္တာစိုးနတ်ဓား ပူဇော်ခြင်းကို ပြုအံ့'' ဟု ဆို၏။ သုလသာသည် ''အရှင်....ကောင်းပြီ၊ ပူဇော်ဖွယ်ကို စီမံ၍ ပို့ဆောလော့'' ဟူ ဆို၏။ ''ရှင်မ...ပို့ဆောခြင်းငှာမသင့်၊ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ခပ်သိမ်းကုန်သော တန်ဆာတို့ဖြင့် ဆင်ယင်ကုန်လျက် ပျားစွဲသော ဓာခြံဓာဏ်ဖြင့် သွား၍ ပူဇော်ဖွယ်ကို ပေးကုန်အံ့'' ဟု သတ္တုထမည်သော ခိုးသူသည် ဆို၏။ သုလသာသည် ''အရှင်ကောင်းပြီ၊ အရှင်ဆိုတိုင်း ပြုလော့'' ဟု ဆို၏၊

သုလသာ ခံ့ရပြီ

ထိုအခါ သုလသာက သတ္တုကမည်သော ခိုးသူသည် မိမိဆိုတိုင်း ပြုစေ၍ တောင်ခြေရင်းသို့ ရောက်သောကာလ၌ ''ရှင်မ...ရဟန္တာစိုးနတ်သည် လူမျှားကိုမြင်သော် ပူဇော်သက္ကာရကို မခံကုန်၊ နှစ်ယောက်ကုန်သော ငါတို့သည်သာ တက်၍ ပူဇော်သက္ကာရကို ပေးကုန်အံ့'' ဟု ဆို၏၊ သုလသာသည် 'ကောင်းပြီ' ဟု ဝန်ခံသတ်သော် ပူဇော်ဖွယ်ခွက်ကို ချက်စေ၍ မိမိသည်ထား ငါးပါးသော လက်နက်တို့ဖြင့်ဖွဲ့ဆင်လျက် တောင်ထိပ်သို့ တက်

www.dhammadownload.com

လျက် အသူတစ်ရာနက်သော ဘောင်ကမ်းပါးပြတ်ကိုမှီ၍ ရောက်သော သစ်ပင်ရင်းဦ့ ပူဇော်ခွက်ကို ချစစ၍ ''ရှင်မ....ငါသည် နတ်ကိုပူဇော်အံ့သောငှာ မလာ၊ သင့်ကိုသတ်၍ သင့်တန်ဆာကိုယူ၍ သွားအံ့သောငှာ လာ၏၊ သင့်တန်ဆာကို ချွတ်၍ အပေါ်ရုံပုဆိုးဖြင့် ထုပ်လော့'' ဟု ဆို၏။

တောင်းပန်ခြင်း

''အရှင်....အဘယ့်ကြောင့် အကျွန်ုပ်ကို သတ်အံ့နည်း'' ဟု ဆိုလတ်သော် ''ဥစ္စာဟူသော အကြောင်းကြောင့် သတ်အံ့'' ဟု ဆို၏။ ''အရှင်....အကျွန်ုပ်သည် ပြုအပ်သော ကျေးဇူးကို အရှင်သည် ဆောက်မေ့လော၊ နှောင့်ဖွဲ့၍ ဆေးဝင်အပ်သော အရှင့်ကို အကျွန်ုပ်သည် သူဌေးသားဖြင့်လဲ၍ မျှားစွာသော ဥစ္စာတို့ကိုပေး၍ အသက်ကို ရစေပြီ၊ နေ့တိုင်းနေ့တိုင်း တစ်ထောင်သော အသပြာကို ရလျက်လည်း တစ်ပါးသော ယောကျ်ားတို့ကို အကျွန်ုသည် မကြည့်၊ အရှင့်အား အကျွန်ုပ်သည် ဤသို့ ကျေးဇူးကိုပြု၏၊ အကျွန်ုပ်ကို မသတ်လင့်၊ အရှင့်အား အကျွန်ုပ်သည် မျှားစွာသော ဥစ္စာကိုလည်း ပေးအံ့၊ အကျွန်ုပ်သည် သင်၏ ကျွန်မိန်းမလည်း ဖြစ်အံ့'' ဟု တောင်းပန်လိုရကား-

၁၈။ ဣဒံ သုဝဏ္ဏကာယူရံ၊ မုတ္တာ ဝေဠုရိယာ ဗဟူ၊
သပ္ပံ ဟရဿု ဘဒ္ဒန္တေ၊ မဉ္စ ဒါသိတိ သာဝယ-

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

၁၈။ သာမိ၊ အရှင်။ တေ၊ သင့်အား။ ဘဒ္ဒံ၊ ကောင်းမြတ်သော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေ၊ တွံ၊ သင်သည်။ ဣဒံ သုဝဏ္ဏကာယူရံ၊ ဤရွှေဖြင့်ပြီးသော လည်ရွဲတန်ဆာကိုလည်းကောင်း။ ဗဟူ၊ များစွာကုန်သော။ မုတ္တာဝေဠုရိယာ၊ ပုလဲကြောင်မျက်ရွဲတို့ကိုလည်းကောင်း။ သပ္ပံ၊ ဆီလုံးစုံသော တန်ဆာကို၊ ဟရဿု၊ ဆောင်ယူလော့၊ မဉ္စ၊ အကျွန်ုပ်ကိုလည်း။ ဒါသိတိ၊ကျွန်းမိန်းမတည်းဟု။ မဟာဇနမဇ္ဈေ၊ လူများအလယ်၌။ သာဝယ၊ သိကြားစေ၍။ ဂဏှ၊ ယူလော့။

www.dhammadownload.com

အဝတ်အစား အကုန်ချွတ်

ထို့နောက်မှ သတ္တုကသည်-

၁၉။ သြရောပယသ္သု ကလျာဏိ၊ မာ ဗာဠံ ပရိဒေဝသိ။
နံ စာဟ အာဘိဇာနာမိ၊ အဟန္တွာ ဓနံ မာဘာတ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၉။ ကလျာဏိ၊ ခကာင်းသောလက္ခဏာနှင့် ပြည့်စုံသော ရှင်မ၊ တို့၊ သင်သည်။ သြရောပယသား၊ ဆင်ယင်သော တန်ဆာတို့ကို ချွတ်လော့။ ဗာဠံ၊ ပြင်းစွာ။ မာ ပရိဒေဝသိ၊ မငိုကြွေးလင့်။ အဟံ၊ ငါဖြည်း အဟန္တွာ၊ ဥစ္စာရှင်ကို မသတ်မူ၍။ ဓနံ၊ ဥစ္စာကိုသာ၊ အာဘာတံ၊ ဆောင်ယူပုံး သည်။ နံ စာဘိဇာနာမိ၊ မသိစပုံး။

ဘုစ်ပုဇော်ပါဂုဇော

သုလသာသည် ခဏခြင်းဖြစ်သော ဘတ်ရန်းညီးကိုရ၍ "ဤခိုးဟူသည် ငါ့အား အသက်ကို မပေးလတ္တံ့၊ ထိုခိုးသူကို ရှေးဦးစွာ တမ်းပါးပြတ်၌ ကျစေ၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့" ဟု ကြံ၍-

၂၀။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တော သို့ ဝိညုတံ။
နံ စာဟံ ဇာဘိဇာနာမိ၊ ဇာညံ ပိယတရံ တယာ။

၂၁။ ဇေဟိ တံ ဥပဂုယ္ဟ ဝိသံ၊ ကရိဿဥ္စ ပဒက္ခိဏံ။
နံ ဟိ ဒံ နိ ပုန ဇာတို၊ မမ တုယ္ဟဉ္စ ထက်မော-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၀။ သာမိ၊ အရှင်။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ စ၍။ အတ္တာနံ၊ ကိုယ်ကို၊ သရာမိ၊ အောက်မေ့၏။ ယတော၊ အကြင်အခါမှစ၍၊ ဝိညုတံ၊ လိမ္မာသောအဖြစ်သို့။ ပတ္တော၊ ရောက်သည်။ အသို့၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍၊ တယာ၊ သင့်ထက်။ ပိယတရံ၊ အလွန်ချစ်သော။ အညံ၊ တစ်ပါးသောလင်ကို။ နံ စာဘိဇာနာမိ၊ မသိစပုံး။

www.dhammadownload.com

၂၁။ သာမိ၊အရှင်၊ ဟေ၊လာလေ၁။ တံ၊ သင့်ကို။ ဥပဂုယ္ဘဝံသ်၊ ပေ့ပိုက် ဖက်ရမ်းပါအံ့။ ပဒက္ခိဏာဥ္စ၊လက်ျာရစ် လှည့်ခြင်းကိုလည်း၊ ကရိသ်၊ပြုအံ့။ကုဒါနိ၊ယခု။ ပုန်၊တစ်ဖန်။ မမ စ၊ငါ၏လည်းကောင်း။တုယ္ဘဉ္စ၊ သင်၏လည်းကောင်း။ သင်္ဂ်းမာ၊ပေါင်းဖော်ခြင်းသည်။ နဟိ ဆတ္ထိ၊မရှိ သလျှင်ကတည်း။

သူခိုးကို တွန်းချပြီ

သတ္တုကသည် သုလသာ၏အလိုကို မသိ၍ ''ရှင်မ-ကောင်းပြီ၊ လာလေ၁၊ ဝါ့ကို ဖက်းလော့'' ဟု ဆို၏။ သုလသာသည် သတ္တုကကို သုံးကြိမ်လက်ယာရစ်လှည့်၍ ပေ့ဖက်၍ ''အရှင်....ယခု သင့်ကို နံပါးလေးဖက်တို့၌ ရှိခိုးအံ့'' ဟုဆို၍ ခြေဖမိုး၌ ဦးတင်၍ သတ္တုက၏ မောင်းတို့ကို ရှိခိုး၍ နောက်သို့သွား၍ ရှိခိုးသကဲ့သို့ပြု၍ ဆင်ပြောင်အား ကို ဆောင်သော ပြည့်တန်ဆာမသည် ခိုးသူနောက်မှ ခြေနှစ်ဖက်တို့ကို ကိုင်၍ ဦးစောက်ထား၍ အသူတစ်ဆုနက်သော ချေးက်၌ ချ၏။ ခိုးသူသည် ချေးကဲ့၌လျှင် မှုန့်မှုန့်ညက်ညက် ကြွေ၍ သေ၏။

တောစောင့်နတ် ချီးမွမ်းခြင်း

ထိုအမူအရာကိုမြင်၍ တောင်ထိပ်၌နေသော နတ်သည်-

၂၂။ နဟိ ဆဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော၊
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။
၂၃။ နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော၊
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ ဆတ္ထံ ဝိစိန္တိကာ၊
၂၄။ လဟုဉ္ဟိ ဝတ ခိပ္ပဉ္ဟိ၊ နိကာရဋ္ဌ သမ စေဘယိ။
မိစ်ံ ပုဏ္ဏာယဓာရတနေဝ၊ သုလသာ သတ္တုကံ ဝဓိ။
၂၅။ ယော ဓ ဥပ္ပတိတံ အတ္ထံ၊ နာ ခိပ္ပမနုဗုဇ္ဈတိ၊
သော ဟညတိ မန္ဒဓတိ၊ စောရော ဝ ဂိရိဂဗ္ဘရေ၊
၂၆။ ယော ဓ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပ မေဝ နိဓာဓတိ။
မုစ္စတေ သတ္တုသမ္မာဓာ၊ သုလသာ သတ္တုကာမိဝ-

ဟူသော ဤဂါထာတို့ကို ဆို၏။

www.dhammadownload.com

၂၂။ သဗ္ဗေသု၊ ခပ်သိမ်းသော၊ ဌာနေသု၊ ဧရာတို့၌။ ပုရိသော၊ ယေးကျိုးသည်သာလျှင်၊ ပဏ္ဍိတော၊ ပညးရှိသည်၊ နဟောတိ၊ မဟုတ်။ ဣတ္ထိပိ၊မိန်းမသည်လည်း။ ပဏ္ဍိတာ၊ပညာရှိသည်။ ဟောတိ၊ဖြစ်၏။ တတ္ထ တတ္ထ၊ ထိုထိုအရာ၌။ ဝိစက္ခဏာ၊ အထူးသဖြင့် မြင်တတ်၏။

မိန်းမပညာရှိ

၂၃၊ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဌာနေသု၊ အရာတို့၌၊ ပုရိသေ၊ ယောကျိုးသည်သားလျှင်။ ပဏ္ဍိတော၊ ပညာရှိသည်။ နဟောတိ၊မဟုတ်။ ဣတ္ထိပိ၊မိန်းမသည်လည်း၊ ပဏ္ဍိတာ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ လဟုံ၊ လျင်မြန်စွဲ၊ အတ္ထ၊အကျိုးကို၊ ဝိစိန်တိကာ၊ကြံနိုင်၏၊

ဖြတ်ထိုးဉာဏ်သုံးရန်

၂၄၊ နိကင်္ခေ၊သခြင်း၏အနိး၌။ ဌိတာဝ၊တည်လျက်လျှင်။ ဝတ၊ စင်စစ်၊ထသ၊ထိုသူခိုး၏၊ မရဏူပါယံ၊သခြင်း၏အကြောင်းကို။ လဟုဉ္စ၊ လျင်စွာ လည်းကေဒင်း။ ခိပ္ပဉ္စ၊မြန်စွာလည်းကောင်း။ သမ စေတယိ၊ ကြံနိုင်၏။ ပုဏ္ဏားယတေန၊ မြားပြည့်သော လေးဖြင့်။ မိဂံ၊ သမင်ကို။ ဝမိ ဋ္ဌဝ၊ သတ်သကဲ့သို့၊ တထာ၊ ထို့အတူ။ သုလသာ၊ သုလသာသည်။ သတ္တုကံးသတ္တုဇနကို၊ ဝမိ၊သတ်၏၊

အာရုဏ်ခံရမည်

၂၅၊ ဣဓ၊ဤလောက၌။ ယော၊ အကြင်သူသည်။ ဥပ္ပတိတံ၊ ဖြစ်သော။ အတ္ထ၊ကိစ္စကို။ ခိပ္ပံ၊လျင်စွာ။ န အနုဇာနာတိ၊မသိ။ မန္ဒမတိ၊နုံသော ပညာ ရှိသော၊ သော၊ထိုသူသည်။ ဂိရိဂဗ္ဘရေ၊ တောင်ကမ်း၊ပါးပြတ်၌။ စောဇယော၊ ခိုးသူကဲ့သို့၊ ဟညတိ၊သတ်၏၊

၂၆။ ဣဓ၊ ဤလောက၌၊ ယော၊ အကြင်သူသည်။ ဥပ္ပတိတံ၊ ဖြစ်သော၊ အတ္ထ၊ကိစ္စကို၊ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဗောဓတိ၊ သိ၏။ သော၊ထိုသူသည်။ သတ္တုတာ၊သတ္တုကမ္မ။ သုလသာ၊သုလသာသည်၊မုဒ္ဓတိ ဋ္ဌဝ၊လွတ်သကဲ့သို့၊ သတ္တုသမ္မာဓာ၊ ရန်သူဘေးမှ။ မုဒ္ဓတေ၊ လွတ်၏၊

www.dhammadownload.com

ဤသို့ သုလသာသည် ခိုးသူကိုသတ်၍ တောင်မှဆင်း၍ မိမိပရိသတ်၏ အထံသို့ သွား၍ ''အရှင့်သားကား အဘယ်မှာနည်း'' ဟု မေးအပ်သည် ရှိသော် ''အရှင့်သားကို မခမြေးကြကုန်လင့်'' ဟုဆို၍ ရထားစီး၍ မြို့သို့လျှင်ဝင်၏။

ဇာစ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင်တော်မူ၍ ''ယခုအခါ ဤနှစ်ယောက်ကုန်သော သူတို့သည် ထိုအခါနှစ်ယောက်ကုန်သော သူတို့လျှင် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် တောင်စောင့်နတ် ဖြစ်ဖူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဖြစ်မည့်အရေး၊ ဉာဏ်မြင်သေး၊ သေဘေးကြုံမည်သာ။)

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော သုသသာဇာတ်သည် ပြီး၏။

၄-သုမင်္ဂလဇာတ်

အစိုးရသောမင်းသည် အမျက်ကို သိမ်းဆည်းသင့်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ''ဘုသမို့ ကုဋ္ဌေါ'' အစရှိသော ဂါထာပုဒ်ဖြင့် တနံဆာဆင်အပ်သော ဤသုမင်္ဂလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနတော်မူစဉ်ရာဇဝါဒသုတ်ကိုဆကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ၌ကား သဗ္ဗညု မြတ်စွာဘုရားသခင်သည် ဆောသလမင်း တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်ရောက်လတ်သော် အဘလွန်သဖြင့် မင်းပြု၏။ အလှူကြီးကို ဖြစ်စေ၏။ ထိုဗြဟ္မဒတ်မင်းအား သုမင်္ဂလမည်သော ဥယျာဉ်စောင့်သည် ဖြစ်၏၊

၆-၅၃-၁၅၀(တ-တွဲ)

www.dhammadownload.com

ပစ္စေကဗုဒ္ဓါကို ကိုးကွယ်

ထိုဆာခါတစ်ဦးသော ပစ္စေကဗုဒ္ဓါသည် နန္ဒမူလိုဏ်မှထွက်၍ ဒေသစာရီ ကြွသွားသည်ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ မင်းတို့ဥယျာဉ်၌နေ၍ မြို့သို့ ဆွမ်းခံအံ့သောဌာ ဝင်တော်။ ထိုပစ္စေကဗုဒ္ဓါကို မင်းသည် မြင်၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ပြာသာဒ်သို့တင်၍ မင်းအိမ်၌ ဇနစေ့၍ ဆာထူးထူးသော မြတ်သောအရသာရှိသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ အနုမောဒနာကို နာရ၍ ကြည်ညိုသည်ဖြစ်၍ မိမိဥယျာဉ်၌ နေစိမ့်သောဌာ ပဒိုညာဉ်ကိုယူ၍ ဥယျာဉ်သို့ ပို့စေ၍ မိမိသည်လည်း နံနက်စာစားပြီးသော် ဥယျာဉ်သို့သွား၍ ညဉ့်သန်ရာ နေ့သန့်ရာအရပ် ဆာစရှိသည်တို့ကို စီရင်၍ သုဒ်လမည်သော ဥယျာဉ်စောင့်ကို အမှုကြီးငယ် ရွက်ဆောင်တတ်သောသူကို ပြု၍ မြို့တွင်းသို့ ဝင်၏၊

ဥယျာဉ်မှူးဇလေးဖြင့်ပစ်ပုံ

ပစ္စေကဗုဒ္ဓါသည် ထိုအခါမှစ၍ မပြတ် မင်းအိမ်၌ ဆွမ်းဘုဉ်းပေးလျက် ထိုဥယျာဉ်၌ ကြွေးမြင့်စွာနေ၏။ သုမင်္ဂလသည်လည်း ရှိသေစွာ လုပ်ကျွေး၏။ ထိုအခါတစ်နေ့သ၌ ရှင်ပစ္စေကဗုဒ္ဓါသည် သုဒ်လကို့ခေါ်၍ "ငါသည် နှစ်ရက်သုံးရက် ဤအမည်ရှိသောရွာကို အမှီပြု၍ နေလျက် ပြန်လာအံ့၊ မင်းဆာကြွေးလျှောက်ဝေလော့" ဟုဆို၍ ကြွ၏။ သုမင်္ဂလသည် မင်းဆာကြွေးလျှောက်၏။ ပစ္စေကဗုဒ္ဓါသည် နှစ်ရက် သုံးရက် ထိုရွာ၌နေ၍ ညချမ်းအခါ နေဝင်လတ်သော် ထိုဥယျာဉ်သို့ တစ်ဖန် ရောက်လာ၏။ သုမင်္ဂလသည် ပစ္စေကဗုဒ္ဓါ၏ လာသောအဖြစ်ကို မသိသည်ဖြစ်၍ မိမိအိမ်သို့သွား၏။ ပစ္စေကဗုဒ္ဓါသည်လည်း သက်နှံးကို သိုမှီး၍ အာဘန်ငယ် စင်္ကြံသွား၍ ကျောက်ဖျာ၌ ထိုင်၏၊ ထိုနေ့၌ ဥယျာဉ်စောင့်၏အိမ်သို့ ည့ီသည်တို့သည် ရောက်ကုန်၏။ ဥယျာဉ်စောင့်သည် "ည့ီသည်တို့၏ ဟင်းလျာအကျိုးငှာ ဥယျာဉ်၌ ဘေးမဲ့ကိုရသော သမင်ကို သတ်အံ့" ဟု လေးကို ယူ၍ ဥယျာဉ်သို့သွား၍ သမင်ကိုကြည့်လတ်သော် ပစ္စေကဗုဒ္ဓါကို မြင်၍ "သမင်ကြီးဖြစ်လတ္တံ့" ဟုသောအမှတ်ဖြင့် မြားကို ပွေ့၍ပစ်၏၊ ပစ္စေတကဗုဒ္ဓါသည် ဦးခေါင်းကိုဖွင့်၍ သုမင်္ဂလဟု ခေါ်၏။ သုမင်္ဂလသည် ကြောက်ခြင်းသို့ရောက်၍ ရှိခိုး၍ "အရှင်ဘုရား... အကျွန်ုပ်သည် အရှင်ဘုရား၏ လာသောအဖြစ်ကို မသိရကား သမင်ဟုသောအမှတ်ဖြင့် ပစ်၏၊ အရှင်ဘုရား

www.dhammadownload.com

တို့သည် အာကျွန်ုပ်အား သည်းခံစောင့်မှုပါကုန်လော့'' ဟု ဆို၍ ''သုမင်္ဂလ ပစ်မိသည်ဖြစ်စေ ယခု အဘယ်သို့ ပြုအံ့နည်း၊ လာ၊လော့ မြားကို နုတ်၍ ယူလော့'' ဟု ဆိုသည်ရှိသော် သုမင်္ဂလသည် ရှိခိုး၍ မြားကို နုတ်၏။ ပစ္စေကဗုဒ္ဓါအား အားကြီးသော ဒေဒနာသည် ဖြစ်၏။ ပစ္စေကဗုဒ္ဓါသည် ထိုအရပ်၌လျှင် ပရိနိဗ္ဗာန် ပြု၏။

ညယျဉ်မှူးထွက်ပြေး

ညယျာဉ်စောင့်သည် ''အာကယ်၍ မင်းသိပြားအံ့၊ ဟုက်စီးလတ္တံ့'' ဟု သားမယားကိုယူ၍ ထိုအရပ်မှထွက်ပြေး၏၊ ထိုခဏ၌လျှင် ''ပစ္စေကဗုဒ္ဓါသည်ပရိနိဗ္ဗာန်ပြုတော်မူ၏'' ဟု နတ်တို့၏အာနုဘော်အား ဖြင့်မြို့အလုံးသည် တစ်ပြိုင်နက် အုတ်အုတ်ကျွက်ကျွက် ဖြစ်၏။ နက်ဖြန် လူတို့သည် ညယျာဉ်သို့သွား၍ ပစ္စေကဗုဒ္ဓါကိုမြင်၍ ''ညယျာဉ်စောင့်သည် ပစ္စေကဗုဒ္ဓါကို သတ်၍ ပြေး၏'' ဟု မင်းအား ကြားလျှောက်ကုန်၏၊

သုံးနှစ်ကြာသော်

မင်းသည် မျှားစွာသော အခြံအရံဖြင့် ညယျာဉ်သို့သွား၍ ခုနစ်ရက် ပတ်လုံး အလောင်းတော်အား ပူဇော်ခြင်းကို ပြု၍ ကြီးစွာသော ပူဇော်သက္ကာရဖြင့် မီးသင်္ဂြိုဟ်၏။ ဓာတ်တော်တို့ကိုယူ၍ စေတီတည်ထား၍ ပူဇော်ပြီးလျှင် တရားသဖြင့် မင်းပြု၏။ သုမင်္ဂလသည်လည်း တစ်နှစ်ကို လွန်စေ၍ ''မင်း၏စိတ်ကို သိအံ့'' ဟု လာလတ်၍ တစ်ယောက်သောအမတ်ကို စေ၍ အမတ်သည် မင်း၏အထံ၌ သုမင်္ဂလ ကျေးဇူးကို ဆို၏၊ မင်းသည် မကြားသကဲ့သို့ နေ၏။ အမတ်သည် တစ်စုံတစ်ခုသောစကားကို ဓမ္မဆိုမူ၍ မင်း၏ မနှစ်သက်သောအဖြစ်ကို သုမင်္ဂလအား ပြောဆို၏။ သုမင်္ဂလသည် နှစ်နှစ် မြောက်၌ လာ၍ စုံစမ်းစေ၏။

မင်းသည် ရှေးအတူသာလျှင် ဆိတ်ဆိတ်နေ၏။ သုံးနှစ်မြောက်၌ လာလတ်သော် သားမယားကို ယူ၍လျှင်လား၏၊ အမတ်သည် မင်း၏ စိတ်နှလုံးညှံ့သောအဖြစ်ကို သိ၍ သုမင်္ဂလကို ခင်းအိမ်ကံခါး၌ ထား၍ သုမင်္ဂလ၏ လာသောအဖြစ်ကို မင်းအား ကြားလျှောက်၏။ မင်းသည် သုမင်္ဂလကို ခေါ်စေ၍ ပဋိသန္ထာရပြု၍ ''သုမင်္ဂလ....အဘယ်ကြောင့် သင်သည်ငါ၏ ဓောင်းမှုစိုက်ထု လယ်ယာဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါကို သတ်သနည်း''

www.dhammadownload.com

ဟု မေး၏။ သုမင်္ဂလာသည် ''မြတ်သောမင်းကြီး.... အကျွန်ုပ်သည် ထာရွှင် ပစ္စေကဗုဒ္ဓါကို မသတ်၊ စင်စစ်သဖြင့်ကား ကျွဲမည်သော အကြောင်း ကြောင့် ကျွဲမည်သောအမှုကို ပြု၏'' ဟု ထိုအကြောင်းကို ကြားလျှောက်၏။ ထိုအခါ သုဓံလကို မင်းသည် ''ထိုသို့တပြီးကား သင်သည် မကြောက် လင့်'' ဟု နှစ်သိမ့်စေ၍ တစ်ဖန် ဥယျာဉ်စောင့် ပြုမြဲပြုစေ၏။

မင်းကျွင့်တရားမျှား

ထိုအခါ ထိုမင်းကို ထိုအမတ်သည် ''မြတ်သောမင်းကြီး.... အဘယ် ကြောင့် သင်မင်းကြီးတို့သည် နှစ်ကြိမ်တိုင်တိုင် သုမင်္ဂလ၏ သတင်းစကား ကို ကြား၍ တစ်စုံတစ်ခုသောစကားကို မဆိုကုန်သနည်း၊ သုံးကြိမ်မြောက် ၌ကား အဘယ်ကြောင့် သုမင်္ဂလ၏ သတင်းစကားကို ကြား၍ ခေါ်စေ၍ သနားတော်မူကုန်သနည်း'' ဟု မေး၏။ မင်းသည် ''အမောင်.... မင်း မည်သည်ကား အမျက်ထွက်သဖြင့် အားဆေးတလျင် တစ်စုံတစ်ခုသော အမှုကို ပြုခြင်းငှာ မသင်၊ ထို့ကြောင့် ငါသည် ရှေးဦး ဆိတ်ဆိတ်နေ၍ သုံးကြိမ်မြောက်၌ သုမင်္ဂလအား ငါ၏စိတ် နှလုံးသည်၏အဖြစ်ကို သိ၍ သုမင်္ဂလကို ခေါ်စေ၏''ဟု ဆိုလိုရကား-

၂၇။ ဘုသံမို့ ကုဒ္ဓါ တိ အဓေက္ခိယာန၊
နု တာဝ ဒက္ခံ ပုဏ္ဏယေယျ ဣဿရော။
အဒ္ဓာနသော အပတိရူပ မတ္တနော၊
ပရဿ ဒုက္ခာနိ ဘုသံ ဥဒီရယေ။

၂၈။ ယတော စ ဇ်ာနေယျ ပသာဒမတ္တနော၊
အတ္ထံ နိယုဉ်္ဇေယျ ပရဿ ဒုက္ကဋ်ံ။
တဒါယမတ္ထော်တိ သယံ အဓေက္ခိယ၊
အထဿ ဒက္ခံ သဒိသံ နိဓေသယေ။

၂၉။ နစာပိ ဗျာပေတိ ပရံပိ အတ္တာနံ၊
အမုစ္ဆိတော ယော ဒါနယတေ နယာနယံ။
ယော ဒက္ခဓေရော ဘဝတီဓ ဣဿရော၊
သဝဏ်္ဏကုတ္တော သိရိယာ နဓံသတိ။

www.dhammadownload.com

၃၀။ ယေ ခတ္တိယာ အနိသမ္မ ကာရိနော၊
ပဏ္ဍိတ္တိ ဒဠှံ သဟသာ ပမုစ္ဆိတာ။
အာဝဏ္ဏသံယုတာ ဇဟန္တိ ဇီဝိတံ၊
ဣဒဘာ ဝိမုတ္တာပိ စ ယန္တိ ဒုဂ္ဂတိ ။
၃၁။ ဓဒမ္မ စ ယေ အရိယပ္ပ ဝေဒိတ ရတာ၊
ဆန္ဒတ္တရာ တေ ဝစသာ မနသာ ကမ္မုနာ စ။
တေ သန္တိဒသာရစ္စ သမာဓိ သဏ္ဌိတာ၊
ဝဇန္တိ လောကံ ဥဘယံ တထာဝိဓာ။
၃၂။ ရာဇာဟမသ္မိ နရပမဒါနမိဿရော၊
သစေပိ ကုဇ္ဈာမိ ဌဒပမိ အတ္တာနံ။
နိဒသယန္တော ဇနတံ တထာဝိဓံ၊
ပဒဏာမိ ဒဏ္ဍံ အနုကမ္မ ယောနိဒသာ။
ဟူဒသာ ဤဂါထာတို့ကို ဆို၏။

၂၉။ တာတ၊ အဓမောင်းဣသရာ၊မင်းမည်သည်။ အဟုံ၊ငါကား။ ဘုသံပို၊ ပြင်းစွာလည်း။ ကုဒ္ဓေါ၊ အမျက်တွေ့သည်။ အမို့၊ ၏။ ဤတိ၊ ဤသို့။ အဝေက္ခိယာန၊ သိ၍။ တာဝ၀၊ ရှေးဦးစွာ။ ဒဏ္ဍံ၊ ဒဏ်ကို။ နပဏယျ-နပဝတ္တယျ၊ မဖြစ်စေရာ။ အဇ္ဇဝန၊သာ၊ အကြောင်းမဟုတ်သော အားဖြင့်။ အတ္တဓန၊ မိမိအား။ အပ္ပတိရူပံ၊ မသင့်တော်သော ဒဏ်ကို။ ကရောထ၊ ပြုကြကုန်လော့။ ဤတိ၊ ဤသို့။ပရဿ၊ သူတစ်ပါး၏။ ဘုသံ၊ ပြင်းပြစွာ။ ဒုက္ခာနိ၊ ဆင်းရဲခြင်းတို့ကို၊ ဥဒီရယေ၊ ဆိုရာ၏။

၂၀။ ယတော စ၊ အကြင်အခါ၌လည်း။ အတ္တဓန၊ မိမိ၏။ပဿဒံ၊ ကြည့်ခြင်းကို။ ဇာဓနယျ၊ သိရာ၏။ ပရဿ၊ သူတစ်ပါး၏။ ဒုက္ကဋံ၊ အပြစ်ကိုလည်းကောင်း။ အတ္ထံ၊ အကျိုးကိုလည်းကောင်း။ နိယုဉ္ဇယျ၊ ဆင်ခြင်ရာ၏။ တဒါ၊ ထိုအခါ၌။ အယံ၊အတ္တော၊ ဤမည်သော အကျိုးယည်း။ အယံ ဒေါသော၊ ဤမည်သောအပြစ်တည်း။ ဤတိ၊ ဤသို့၊ သယံ၊ ကိုယ်တိုင်။ အဝေက္ခိယ၊ ရှုရ၏။ အာသ၊ ထို့နောင်မှ။ အာသ၊ ထိုအပြစ်ကို ပြုသောသူအား။ ဒဏ္ဍံသဒိသံ၊ အပြစ်အားလျော်သောဒဏ်ကို။ နိဝေသယေ၊ ဖြစ်စေရာ၏။

၂၉။ ဤဓ၊ ဤလောက၌။ ယေစဤသာ၊ အကြင်မင်းသည်။ အမုန္ဓဝိတော၊ ဆန္ဒာဂတိ အစရှိသော၊ ကိလေသာတို့သည် မနှိပ်စက်အုပ်သည်

www.dhammadownload.com

ဖြင့်၍၊ နယဉနယံ၊ သင့်-မသင့်ကို။ နယဒတ၊ ဆင်ခြင်၏၊ ဆောက်လုသူးထု၊ ထိုမင်းသည်၊ ပရုံပီ၊ သူတစ်ပါးကိုလည်းကောင်း၊ အတ္တာနုံပီ၊ မိမိကိုယ်ကိုလည်းကောင်း၊ နစ္ဖျာဒပတိ၊ မဒလောင်ဒစ၊ ယောက်လုသဒရောအကြင်မင်းသည်။ ဒဏ္ဍမာထော၊ အပြစ်အားလျော်ဒသာ ဒဏ်ကိုဆောင်သည်။ ဘဝတိ၊ ဖြစ်၏။ သေဒလုသထော၊ ထိုမင်းသည်၊ သဝဏ္ဏာဂုတ္တာ၊ ကျေးဇူးအခြံအရံအကျေအဆေဒသည် စောင့်ရှောက်အပ်သည်ဖြစ်၍။ သိရိယာ၊ အာသဒရမှ၊ နဝံသတိ၊ မယုတ်၊

၃၀။ ယေ ခတ္တိယာ၊ အကြင်မင်းတို့သည်၊ အနိသမ္မ ကာဒရိဒနာ၊ မဆင်မခြင်ပြုဒလ့ရှိကုန်၏၊ ပမုစ္စိတာ၊ ဆန္ဒာဂတိ အစရှိသော ကိဒလသာတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ သဟသာ၊ တဆောတလျင်၊ ဒဏ္ဍံ၊ ဒဏ်ကို။ ပဒဏ္ဍိ၊ ဖြစ်စေကုန်၏၊ တေ ခတ္တိယာ၊ ထိုမင်းတို့သည်။ အဝဏ္ဏဝံယုတာ၊ ကျေးဇူးမဲ့နှင့် ယှဉ်ကုန်သည်ဖြစ်၍၊ ဇိဝိတံ၊ အသက်ကို။ ဇဟန္တိ၊ စွန့်ရကုန်၏၊ ဣဒ၊ ဤပစ္စုပ္ပန်ဘဝမှ။ ဝိမုတ္တာပိ စ၊ လွတ်ကင်းကုန်သော်လည်း။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့၊ ယန္တိ၊ လားရကုန်၏။

၃၁။ ယေ ခတ္တိယာ၊ အကြင်မင်းတို့သည်။ အရိယပပဝေဒိတ၊ ကောင်းယာ အကျင့်ရှိသောရှေးမင်းတို့သည်သိအပ်သော။ ဓဒမှ၊ ဆယ်ပါး အပြားရှိသော မင်းကျင့်တရား၌၊ ရဘာ၊ မွေ့လျော်ကုန်၏။ တေ ခတ္တိယာ၊ ထိုမင်းတို့သည်၊ ဝစသာ စ၊ ဝစီဒွါရဖြင့်လည်းကောင်း၊ မနသာ စ၊ မနောဒွါရဖြင့်လည်းကောင်း၊ ကမ္မုနာ စ၊ ကာယဒွါရဖြင့်လည်းကောင်း။ အနုတ္တရာ၊ ကြီးမြတ်ကုန်၏။ သန္တိသောရစ္စ-သမာဓိသဏ္ဌံတာ၊ ငြိမ်းချမ်းခြင်း, သီလ, သမာဓိ၌ တည်ကုန်သော။ တဿာဝိဓာ၊ ထိုသို့သဘာရှိကုန်သော။ တေ ခတ္တိယာ၊ ထိုမင်းတို့သည်၊ ဥဘယံ၊ နှစ်ပါးသော၊ လောကံ၊ လူ.ပြည်နတ်ပြည်သို့။ ဝဇန္တိ၊ ရောက်ကုန်၏၊

၃၂။ အဟံ၊ ငါသည်၊ နရပမဒါနံ၊ ယောက်ျားမိန်းမတို့ကို။ လုသောဏော၊ ဆစိုးရသော၊ ရာဇာ၊ မင်းထည်၊ အသ္မိ၊ ဖြစ်၏၊ သဒစ ကုဋ္ဌာမိ၊ အကယ်၍ တစိုးတစိ ဆမျက်ထုတ်မိအံ့။ ဆတ္တာနံ၊ ကိုယ်ကို။ နိသေဓယဒန္တော၊ မြစ်လျက်။ ဌဒပမိ၊ ထားအံ့၊ ယောနိသော။ အသင့်အားဖြင့်။ ဆဆာဝိဓံ၊ ထိုသို့သဘောရှိသော၊ ဇနတံ၊ လူအပေါင်းကို၊ အနုကမ္ပ၊ သနော၊ ၍။ ဒဏ္ဍံ၊ ဒဏ်ကို၊ ပဏေဒိ၊ ဖြစ်စေ၏၊

www.dhammadownload.com

ဤသို့ ခြောက်ဂါထာတို့ဖြင့် မင်းသည် မိမိကျေးဇူးကို ဆိုလတ်သော် ခပ်သိမ်းသော မင်း၏ ပရိသတ်သည်လည်း နှစ်သက်သည်ဖြစ်၍ ''သီလ အာကာင့်ဂုဏ်နှင့် ပြည့်စုံခြင်းသည် အရှင်မင်းကြီးတို့အား သာလျှင် လျောက်ပတ်၏'' ဟု မင်း၏ ကျေးဇူးကို ဆို၏။

ဥယျာဉ်မှူး ကန်တော့ခြင်း

သုမင်္ဂလသည်ကား မင်း၏ကျေးဇူးတို့ကို ဆိုသည်၏ အဆုံး၌ ထ၍ မင်းကို ရှိခိုး၍ လက်အုပ်ချီ၍ မင်းကို ချီးမွမ်းလိုရကား-

၃၃။ သိရိ စ လက္ခိ စ တဓေဝ ခတ္တိယ၊ ဇနာဓိပ မာ စိဇဟိ ကုဒါစနံ။
အာကာဝဓနာ နိစ္စ ဟသန္ဒစိတ္တော၊ အနိဿာ တုဓံ ဝဿသတာနိ
ပါလယ။

၃၄။ ဂုဏေဟိနေးတဟိဉ္ဇပေတ ခတ္တိယ၊ ဌိတမရိယဝတ္တိသုစေသာအကော-
ဓနော။
သုခီဆန္ဒုပ္ပ ဋ္ဌ ပသာသ မေဒနိ၊ ဣတော၅ ဝိမုတ္တောပိ စ ယာဟိ
သုဂ္ဂတိ ။

၃၅။ ဇဝံ သုနီတေန သုဘာသိဒဘန်၊ ဓံမေန ဉာယေန ဥပါယဓော
နယုံ။
နိပ္ပဗ္ဗဝပယေ သခ်ံဘိတံ မဟာဇနံ၊ မဟာဝ မေဓော ယလိလေန
မေဒနိ ။

ဟူသော ဤဂါထာတို့ကို ဆို၏။

၃၃။ ဇနဝဓိပ၊ လူတို့ကို အစိုးရသော၊ ခတ္တိယ၊ မင်းမြတ်။ တဇေဝ၊ ထင်မင်းကြီးကိုသာလျှင်၊ သိရီ စ၊ ဆင်ခြေအရုံ၏ ပြည့်စုံခြင်းထည်လည်း၊ ကောင်း။ လက္ခိ စ၊ ဘုန်းပညာသည်လည်းကောင်း၊ ကုဒါစနံ၊ တစ်ရံတစ်ဆစ်၊ မာ ဝိဇဟိ၊ မစွန့်စေသင့်သည်း။ တုဝံ၊ သင်မင်းကြီးသည်၊ နိစ္စံ၊ အမြဲ။ အာကာဝဓနော၊ အမျက်မထွက်သည်ဖြစ်၍၊ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ အနိဿော၊ ဆင်းရဲမရှိသည် ဖြစ်၍၊ ဝဿသတာနိ၊ အနှစ်တစ်ရာတို့ပတ်လုံး။ ပါလယ၊ စောင့်စေသတည်း။

၃၄။ ခတ္တိယ၊ မင်းမြတ်။ တုဝံ၊ သင်မင်းမြတ်သည်။ ဧတေဟိ ဂုဏေဟိ၊ ထိုအထူးထူးသော ကျေးဇူးတို့နှင့်၊ ဥပေတော၊ ပြည့်စုံသည်ဖြစ်၍၊

www.dhammadownload.com

ဌီတမရိယဝတ္တာ၊ တည်သော မင်းကျင့်တရား ရှိသည်ဖြစ်၍။ သုဝစော၊ ဆိုလွယ်သည်ဖြစ်ရ၏။ အကောဓနော၊ အမျက်မထွက်သည် ဖြစ်၍။ သုခီ၊ ချမ်းသာသည်ဖြစ်၍၊ ပသာဿမေဒနိ၊ မိမိဥစ္စာဖြစ်သော မြေနှင့်တကွ သော သတ္တဝါကို၊ အနုပဗ္ဗိဒ္ဓ၊ မနှိပ်စက်မူ၍။ ဣတော၊ ဤဘဝမှ။ စိမုတ္တာပိုစ၊ လွတ်ကင်းသော်လည်း။ သုဂတိ၊ သုဂတိသို့။ ယာဟိ၊ လားလော့။

၃၅။ ဓဟာမေဓော၊ ကြီးစွာသော မိုးသည်၊ သလိလေန၊ ရေဖြင့် မေဒနိ၊ မြေကို၊ နိဗ္ဗာပေတိဣဝ၊ ငြိမ်းစေသကဲ့သို့။ ဝေတရာ၊ ထို့အတူ၊ သုနီဘေန၊ ကောင်းစွာ ဆောင်အပ်သော ဓာတ်ကြောင်းဖြင့်။ သုဘာသိတေန၊ ကောင်းစွာဆိုအပ်သော စကားဖြင့်။ ဓမ္မေန၊ ဆယ်ပါးသော ကုသလကမ္မပထ တရားဖြင့်။ ဉာယေန၊ ဓာသင့်အာ၊ ဖြင့်။ ဥပါယေဓာ၊ ဓာ၊ ဓာကြောင်း၌ လိမ္မာသဖြင့်။ နယံ·နယဓန္တော၊ ဆုံးမလျက်၊ သခ်္ခံဘိုတံ၊ ကာယိကဒုက္ခ, စေတသိကဒုက္ခဖြင့် ချောက်ချား၊လေခက်သည်ဖြစ်သော။ မဟာဇနံ၊ လူများ၊ကို၊ နိဗ္ဗာပယ၊ ငြိမ်းစေလော့။

ဇာတ်မှေငါး၊ ကောသလမင်းအား ဆုံးမသည်၏ အစွမ်းအားဖြင့် ဤမုဒဒသနာကို ဆောင်တော်မူ၍ "ထိုအခါ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုပြီ၊ ယခုအခါ ဓာနန္ဒာသည် ထိုအခါ သုမင်္ဂလ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မင်းကျင့်တရား၊ ကျင့်ပါငြား၊ မင်းကာကြီးပွားမည်၊)
လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော သုမင်္ဂလဇာတ်သည် ပြီး၏။

၅-ဂင်္ဂမာလဇာတ်

တကျိုးလောဘ၏ အလိုသို့ ပလိုက်သင့်ကြောင်း

ဟောတော်မူရာ ဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အင်္ဂါရဇာတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂင်္ဂမာလဇာတ်ကို ဇေတဝန်ကျောင်းဧတာ်၌ သီဘင်းသုံးနေတော်မူစဉ် ဥပုသ်သုံးသော အမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပုစ္ဆပွန်ဝတ္ထု။ တစ်ခန့သဒ်ဲ သဗ္ဗညုမြတ်စွာဘုရားသည် ဥပုသ်သုံးကုန်သော သီတင်းသည်တို့ကို ခေါ်တော်မူ၍ "သီတင်းသည်တို့....သင်တို့ ဥပုသ်သုံးကုန်သဖြင့် ကောင်းသောသဘောကို ပြုအပ်၏၊ အလှူကို ပေးအပ်၏၊ သီလကို စောင့်ရှောက်အပ်၏၊ အမျက်ထွက်ခြင်းကို မပြုအပ်၊ မေတ္တာကို ပွားစေအပ်၏၊ ဥပုသ်ကို သုံးအပ်သော ရှေးပညာရှိတို့သည် ဥပုသ်သီလကို ဆည်မှီပြု၍ ကြီးစွာသော စည်းစိမ်ကို ရဖူးကုန်၏" ဟု မိန့်တော်မူ၍ ထိုသီတင်းသည်တို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသော အခါဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသိမ့်ပြို၌ သုစိပရိဝါရမည်သော ကုဋေရွှစ်ဆယ်ကြွယ်ဝသော ဒုါနအစရှိသော ကောင်းမှုဒ္ဓမ္မ.လျော်သော သူဌေးသည် ဖြစ်၏။

ဥပုသ်စောင့်သော သူဌေးအိုမ်

ထိုသူဌေး၏ သားမယားတို့သည် လည်းကောင်း၊ အယုတ်သဖြင့် ထိုအိမ်၌ နွားကျောင်းသားတို့သည်လည်းကောင်း ခပ်သိမ်းသော သူတို့သည် အခါဝါသီ, အဌမီ, တေဒသီဟူ၍ သုက္ကပက္ခ၌ သုံးရက်။ ထို့အတူ ကဏှပက္ခ၌ သုံးရက်အား ဖြင့် တစ်လ၌ ခြောက်ရက်သော ဥပုသ်သီလကို ဆောက်တည်ကုန်၏။

ဆင်းရဲသား အလုပ်ရ

ထိုအခါ ဘုရားလောင်းသည် တစ်ဦးသော ဆင်းရဲမျိုး၌ ဖြစ်၍ အားစားပြု၍ ဆင်းရဲငြိုးငြင်သဖြင့် အသက်မွေးရ၏။ ထိုဘုရားလောင်းသည် "သူ ရင်းငှားအမှုကို လုပ်အံ့" ဟု ထိုသူဌေး၏ အိမ်သို့သွား၍ ရှိုခိုး၍ တင့်အပ်လျောက်ပတ်စွာ နေ၏။ "အဘယ်အကျိုးငှာ လာသနည်း" ဟု မေးသည်ရှိသော် "အရှင်တို့....ဤအိမ်၌ အခြင့် အမှုလုပ်အံ့သောငှာ လာ၏" ဟု ဆို၏။ သူဌေးသည် "တစ်ပါးသော သူရင်းငှားတို့အား လာသောနှုန်း လျှင် အမှုကိုလုပ်ကုန်လျက် သီလကို စောင့်ရှောက်စေ၏။ "သီလကို စောင့် ရှောက်ခြင်းငှာ စွမ်းနိုင်သည်ရှိသော် အမှုကို လုပ်ကုန်လော့" ဟု ဆို၏။ ဘုရားလောင်းအားကား သူဌေးသည် သီလကို စောင့်ရှောက်ခြင်း၌ အမှုတ်သညာပေးခြင်းကို မပြုမူ၍ "အမောင်....ကောင်းပြီ၊ မိမိဆခကိုသိ၍

www.dhammadownload.com

အမှုကိုပြုလော့''ဟု ဆို၏။ ဘုရားလောင်းသည် ထိုအခါမှစ၍ ဆိုဆုံးမ လွယ်သည်ဖြစ်၍ အသက်ကိုစွန့်၍ မိမိ၏ ပင်ပန်းခြင်းကို မငဲ့ရတွက်မူ၍ ထိုသူဌေး၏ အလုံးစုံသော ကိစ္စတို့ကို ပြု၏။ စောစောကလျင် အမှုလုပ်ရာသွား၍ ညမှပြန်၏။

အိမ်သားတို့ ဥပုသ်စောင့်

ထိုအခါ တစ်နေ့သ၌ မြို့ဝယ် ပဲ့သဘင်ကို ကြေးကြော်ကုန်၏။ သူဌေးကြီးသည် ကျွန်မကိုခေါ်၍ ''ယနေ့ ဥပုသ်နေ့တည်း၊ အိမ်၌ အမှုလုပ်ကုန်သော သူတို့ထား စောစောကလျင် ထမင်းချက်၍ပေးလော့၊ စောစောကလျင်စား၍ ဥဝုသ်ဆောက်တည်ကုန်ကြကုန်လတ္တံ့'' ဟုဆို၏။ ဘုရားလောင်းသည် စောစောကလျင် ထ၍ အမှုလုပ်ရာသို့ သွား၏။ ယနေ့ ဥပုသ်ဆောက်စည်ရာ၏ဟု ဘုရားလောင်းအား တစ်စုံတစ်ယောက်သော သူသည် မဆို မကြား။ ကြင်းသောအမှုလုပ်တို့သည် စောစောကလျင် စား၍ ဥပုသ် ဆောက်တည်ကုန်၏။

သူဌေးသည်လည်း သားမယားအခြံအရံနှင့်ကား ဥပုသ်သီလကို ဆောက်တည်လေ၏၊ ဤသို့ အလုံးစုံသော သူတို့သည်လည်း ဥပုသ်ဆောက်တည်ကုန်လျက် မိမိ မိမိတို့၏ နေရာသို့သွား၍ သီလကို ဆင်ခြင်ကုန်လျက်နေ၏။

သူဌေးငှား သေ၍

ဘုရားလောင်းသည် တစ်နေ့ပတ်လုံး အမှုလုပ်၍ နေဝင်သောအခါအိမ်သို့ ပြန်၍ ''ယနေ့ အသံမရှိ၊ အဘယ်သို့ သွားကြကုန်သနည်း'' ဟူ၍မူး၏။ ''ခပ်သိမ်းသောသူတို့သည် ဥပုသ်ဆောက်ဘည်၍ မိမိ မိမိဘို့၏နေရာအရပ်သို့ သွားကုန်၏'' ဟူသောစကားကိုကြား၍ ဘုရားလောင်းသည်ကျိမ္ပ၊ သောသီလရှိကုန်သောသူတို့၏အတွင်း၌ ငါသည်တစ်ယောက်တည်း သီလမရှိသည်ဖြစ်၍မနေအံ့၊ယခု ဥပုသ်အင်္ဂါတို့ကို ဆောက်တည်အပ်ကုန်သည့်ရှိသော်ငါ့အား ဥပုသ်သုံးဟော အမှုသည် ဖြစ်အံ့လော၊ မဖြစ်အံ့လော'' ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် သွား၍ သူဌေးကို မေး၏၊ ထိုအခါ ဘုရားလောင်းကို သူဌေးသည် ''အမောင်...စောစောကလျင် မဆောက်တည်သည်၏အဖြစ်ကြောင့် အလုံးစုံသော နေ့တို့ပတ်လုံး ဥပုသ်သုံးသော အမှုသည် မဖြစ်၊ ထုက်ဝက်သောနေ့၌ ဥပုသ်သုံးသော အမှုသည်ကား ဖြစ်၏'' ဟု ဆို၏၊

www.dhammadownload.com

ဘုရားလောင်းသည် ''ဤမျှသော ဥပုသ်သီလသည်လည်းဖြစ်စေသတည်း'' ဟု သူဌေး၏အထံ၌ ကောင်းစွာယူအပ်သော သီလရှိသည်ဖြစ်၍ ဥပုသိသုံးသောအမှုကို ပြု၍ မိမိနေရာအရပ်သို့ ဝင်၍ သီလကို ဆင်ခြင်လျက် အိပ်၏။ ထိုအခါ တစ်နေ့ပတ်လုံး အာဟာရကို မသုံးဆောင်ရသည်၏ အဖြစ်ကြောင့် ပစ္ဆိမယာမ်အတွင်း၌ ထိုဘုရားလောင်းအား သတ္တကလေတို့သည် ထကုန်၏။ သူဌေးသည် အထူးထူးသော ဖဆေးတို့ကို ဆောင်၍ ''စားလော့'' ဟု ဆိုခြင်းဖြင့်လည်း ''ဥပုသ်ကို မဖျက်အံ့'' ဟု အသက်အဆုံး ရှိသည်ကိုပြု၍ ဥပုသ်ကို ဖဆောက်တည်၏'' ဟု ဆို၏။ ဘုရားလောင်းအား သည်းစွာဘော ဝေဒနာသည် ဖြစ်၏။ အရွက်တက်သောအခါ၌ ထတိုကို ဖြစ်စေခြင်းငှာ မတတ်နိုင်။ ထိုအခါ ဘုရားလောင်းကို ''ယခုသေလတ္တံ'' ဟု နေရာမှထုတ်၍ အိမ်၏အပြင် အိပ်စေကုန်၏။

ဥဒယမင်းကြီးဖြစ်

ထိုခဏ၌ ဗာရာဏသီမင်းသည် မြတ်သောရထားကိုစီးလျက် မျှားစွာသော အခြံအရံဖြင့် မြို့ကို လှည့်ယာရစ် လှည့်ပတ်ဆော် ထိုအရပ်သို့ရောက်၍ ဘုရားလောင်းသည် ထိုဗာရာဏသီမင်း၏ အသရေကိုမြင်၍ လောဘကိုဖြစ်စေ၍ မင်းအဖြစ်ကိုတောင့်တ၏။ ထိုဘုရားလောင်းသည် စုတေ၍ ထက်ဝက်သော တာလ၌ သုံးအပ်သော ဥပုသ်သီလ၏ အကျိုးဆက်အားဖြင့် ဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေကိုယူ၏။ ထိုမိဖုရားသည် ကိုယ်ဝန် အားစောင့်အရှောက်ကို ရလျက် ဆယ်လလွန်သဖြင့် သားကိုဖွား၏။ ထိုမင်းသားအား ''ဥဒယကုမာရ'' ဟူသောအမည်ကို မှည့်ကုန်၏။ ထိုဥဒယမင်းသားသည် အရွယ်သို့ ရောက်လတ်သည်ရှိသော် ခပ်သိမ်းသော အတတ်တို့၌ အပြီးသို့ရောက်၏။ ဗာတိသရဉာဏ်ဖြင့် ရှေးကောင်းမှုတို့ကို အောက်မေ့၍ ''ဤအကျိုးသည်ကား ငါ၏ အနည်းငယ်သော ကောင်းမှုကံ၏ အကျိုးတည်း'' ဟု မပြတ်လျှင် ဥဒါန်းကျူးရင့်၏။ ထိုဥဒယမင်းသားသည် အဘလွန်လတ်သော် မင်းအဖြစ်သို့ရောက်၍လည်း မိမိ၏ ကြီးစွာသော အသးရစည်းစိမ်ကိုကြည့်၍ ထိုဥဒါန်းကိုသာလျှင် ကျူးရင့်၏ ရသည်

ထိုအခါ ထစ်နေ့သ၌ မြို့ဝယ်ပွဲသဘင်ခံကုန်၏။ လူအများသည် ကစားခြင်း၌ အားထုတ်၏။ ထိုအခါ ဗာရာဏသီပြည်၏ ဖြောက်တံခါး၌နေသော

www.dhammadownload.com

တစ်ယောက်သော အခစားယောကျ်ားသည် ရခပ် အခစားအမှုကိုပြု၍ ရအပ်သော ပဲဝက်သော အသပြာကို တံတိုင်းအုတ်ကြွးဥ် ထား၍ ရခပ် အခစားအမှုကိုပြု၍ အသက်မွေးသော ဆင်းရဲစွာသော မိန်းမတစ်ယောက် နှင့်တကွ သင့်နေခြင်းကို ပြု၏၊

မိန်းမခိုင်း၍

ထိုမိန်းမသည် ထိုယောကျ်ားကို "အရှင်_မြို့ဥ် ပဲ့သဘင်ခံ၏၊ သင့်အား တစ်စုံတစ်ခုသော ဥစ္စာလည်ရှိအံ့၊ ငါတို့သည်လည်း ပဲ့သဘင်ကစား ကုန်အံ့' ဟု ဆို၏။ "ရှိ၏" ဟု လင်သည် ဆို၏၊ "အရှင်....အဘယ်မျှရှိ သနည်း" ဟု မယားသည် မေး၏။ "ပဲဝက်ရှိ၏" ဟု ဆို၏၊ "ထိုဥစ္စာသည် အဘယ်မှာနည်း" ဟု မယားသည် မေး၏၊ "မြောက်တံခါး၏ တံတိုင်း အုတ်ကြွးဥ် ထားအပ်၏။ ဤအရပ်မှ တစ်ဆယ့်နှစ်ယူဇနာ အတွင်းဥ် မဲဝက်သော ဥစ္စာကိုထားအပ်၏၊ ရှင်မ၏ လွှက်ဥ်တား တစ်စုံတစ်ခု ရှိဝံ့ သလော်ဟု" လင်သည် ဆို၏ ရှိ၏ဟု ပြောသည်ဆို၏။ "အဘဲယ်မျှရှိ သနည်း" ဟု မေး၏၊ "ပဲဝက်လျှင်ရှိ၏" ဟု ဆို၏။ 'ဤသို့ သင်၏ဥစ္စာ ပဲ့ဝက် ငါ၏ဥစ္စာ ပဲဝက်အား ဖြင့် တစ်ပဲသောဥစ္စာသည်လျှင် ရှိ၏။ ထို ဥစ္စာမှ တစ်ဖို့ဖြင့် ပန်းကို, တစ်ဖို့ဖြင့် နံ့သာကို, တစ်ဖို့ဖြင့် သေကိုဝယ်၍ ပဲ့သဘင် ကစားကုန်အံ့၊ ထိုပဲဝက်သော ဥစ္စာကို ယူချေလော့" ဟု မယား သည် ဆို၏။

နေ့ပူထဲသွားသော်

ထိုခရထမ်းယောကျ်ားသည် "ငါသည်ကား မယား၏အထံမှစကားကို ရပေ၏" ဟု အလွန်ရွှင်လန်းသည်ဖြစ်၍ "ရှင်မ....မစိုးရိမ်လင့်၊ ထိုဥစ္စာကို ဆောင်ချေအံ့" ဟု ဆို၍သွား၏။ ဆင်ပြောင်ဆားနှင့်တူသော အားရှိသော ခရထမ်းယောကျ်ားသည် ခြောက်ယူဇနာကိုလွန်၍ မွန်းတည့်သောအခါ၌ မီးကျီးအခင်းကဲ့သို့ ပူစွဲသောသဲကို နင်းလျက် ဥစ္စာလောဘဖြင့် အလွန် ရွှင်လန်းလျက် ဖန်ရည်ဆိုးသောဇဝတ်ကို ဝတ်လျက် နားဥ် ထန်းရွက် နားခွောင်းကို ဝတ်လျက် တစ်ခုသော အားပါးရှုပုဆိုးဖြင့် သီချင်းသီဆို လျှက် မင်းရင်ပြင်ဖြင့် သွား၏။

www.dhammadownload.com

မင်းကမေးပြီ

ဥဒ္ဒယမင်းသည်လည်း ခြင်္သေ့ခံသာ လေသွန်ပြတင်းဖြင့် ဖွင့်၍ရပ်လျက် ထိုသို့သော အခြင်းအရာဖြင့် သွားသော ထိုးရထမ်းယောကျ်ားကို မြင်၍ "ဤယောကျ်ားသည် ဤသို့သဘောရှိသော သဲပူကို မရေတွက်မူ၍ နှစ်သက်ခြင်လန်းစွာ အဘယ်ကြောင့် သီချင်းသီလျက် သွားသနည်း" ဟု ယောကျ်ားကိုမေးအံ့" ဟု ခေါ်၍ မေးအံ့သောငှာ တစ်ယောက်သော မင်းချင်းယောကျ်ားကို စေ၏။ ထိုယောကျ်ားသည် သွား၍ "သင့်ကို မင်းခေါ်၏" ဟု ဆိုသည်ရှိသော် "မင်းဆည် ငါနှင့် အဘယ်သို့တော်သနည်း၊ ငါသည် မင်းကိုမသိ" ဟု ဆို၍သွား၏။ ဗလကြာရအားဖြင့် ဆောင်အပ်သည်ဖြစ်၍ မင်း၏အထံ၌ တင်ဆက်ပတ်စွာ နေ၏။ ထိုအခါ မင်းသည် ထိုရထမ်းယောကျ်ားကို မေးလိုရာ၏-

၃၆။ အင်္ဂါရ ဇာတာ ပထဝီ၊ ကုက္ကုဋ္ဌာ နုဂတာ မဟီ။
အထ ဂါယသိ ဝတ္ထာနိ၊ နု တံ တပတိ အာတပေါ။

၃၇။ ဥဒ္ဓံ တပတိ အာဒိစ္စော၊ အဓော တပတိ ဝါလုကာ။
အထ ဂါယသိ ဝတ္ထာနိ၊ နု တံ တပတိ အာတပေါ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

သင်မပူဘူးလား

၃၆။ အင်္ဂေါပုရိသ၊ အိုယောကျ်ား။ ပဿဝိ၊ မြေကြီးသည်။ ဂင်္ဂါရ ဇာတာ၊ မီးကျီးကဲ့သို့ ပူသည်ဖြစ်၏။ မဟီ၊ မြေကြီးသည်။ ကုက္ကုဋ္ဌာ နုဂတာ၊ ပြာပူသဖွယ်ဖြစ်သော သဲပူနှင့်တကွ ဖြစ်၏။ အထ၊ ထို့သို့ဖြစ်လျက်။ တ္ဝံ၊ သင်သည်။ ဝတ္ထာနိ၊ အာဃယာဂပတ် ပုဆိုးတို့ကို။ အာဒေါပေတ္ဝာ၊ တင်၍။ ဂါယသိ၊ သီ၏။ တံ၊ သင့်ကို။ အာတပေါ၊ အပူသည်။ နု တပတိ၊ မပူလောင်သလော။

၃၇။ ဥဒ္ဓံ၊ အထက်၌။ အာဒိစ္စော၊ နေသည်။ တပတိ၊ ပူ၏။ အဓော၊ အောက်၌။ ဝါလုကာ၊ သဲသည်။ တပတိ၊ ပူပြင်း၏။ အထ၊ ထို့သို့ပူလျက်။ တ္ဝံ၊ သင်သည်။ ဝတ္ထာနိ၊ အာဃယာဂပတ် ပုဆိုးတို့ကို။ အာဒေါပေတ္ဝာ၊ တင်၍။ ဂါယသိ၊ သီ၏။ တံ၊ သင့်ကို။ အာတပေါ၊ အပူသည်။ နု တပတိ၊ မပူလောင်သလော။

www.dhammadownload.com

ကိုယ်တွင်းပူကြောင့် မပူပါ

ထိုရေထမ်းယောကျ်ားသည် မင်း၏စကားကိုကြား၍-

၃၈။ နံ တပတိ အာတပေါ၊ အာတပါ တပယန္တိ မံ။
အတ္တာ ဟိ ဝိဝိဓာ ရာဇာတေ တပန္တိ နံ အာတပေါ-
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၃၈။ ရာဇာ မင်းမြတ်၊ မံ၊ အကျွန်ုပ်ကို၊ အာတပေါ၊ နေပူ မြေပူသည်၊ နဘဝတိ၊ မပူစေ။မံ၊ အကျွန်ုပ်ကို၊ အာတပါ၊ဝတ္ထုကာမကိလေသာကာမတို့သည်။ တေယန္တိ၊ ပူစေကုန်၏။ အတ္တာ၊ ဝတ္ထုကာမ, ကိလေသာကာမတို့ကိုမှီ၍ ဖြစ်ကုန်သော အမှုကိစ္စတို့သည်။ ဝိဝိဓာ၊ အထူးထူးအပြားပြား များကုန်၏။ ဟေ၊ ထိုကဲ့စ်တို့သည်၊ မံ၊ အကျွန်ုပ်ကို။ တပန္တိ၊ ပူစေကုန်၏။ အာတပေါ၊ နေပူမြေပူသည်။ မံ၊ အကျွန်ုပ်ကို။ နံ တပတိ၊ မပူစေ။

ဘာကိစ္စသွားတာလဲ

ထိုဇာခါ ထိုရေထမ်းယောကျ်ားကို မင်းသည် "သင်၏အမှုကိစ္စကား ဇာဘယ်ကိစ္စနည်း" ဟု မေး၏။ ထိုရေထမ်းယောကျ်ားသည် "မြတ်သော မင်းကြီး....အကျွန်ုပ်သည် တောင်တံခါးဦ ဆင်းရဲစွာသော မိန်းမနှင့် သင့်၍နေ၏။ ထိုမိန်းမသည် ဇကျွန်ုပ်ကို "ပဲသဘင်ကစားကုန်အံ့၊ သင်၏ လက်ဦ တစ်စုံတစ်ခုသော ဥစ္စာသည် ရှိသးလော" ဟု မေး၏။

ဥစ္စာယူဂုန်

ထိုအခါ ထိုမိန်းမကို အကျွန်ုပ်သည် "မြောက်တံခါး တံတိုင်း အုတ်ကြွးဦ ထားဇာပ်သော ဥစ္စာသည် ရှိ၏" ဟု ဆို၏။ ထိုဇာခါ ထိုမိန်းမသည် အကျွန်ုပ်ကို "သင်သည်!! သွး၍ ထိုဥစ္စာကို ဆောင်ခဲ့။ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ပဲသဘင်ကစားကုန်အံ့" ဟု စေ၏။ "ထိုမိန်းမ၏ ထိုစကားကို အကျွန်ုပ်၏ နှလုံးကို မစုန့်၊ အောက်မေ့သော ထိုကာမဇာပူပြင်းသည် အကျွန်ုပ်ကိုပူ၏။ အကျွန်ုပ်၏ ဇာမှုကိစ္စကား ထိုဇာမှုကိစ္စတည်း" ဟု ဆိုလေ၏။

www.dhammadownload.com

ပျော်ရွှင်နေသောအကြောင်း

ထိုအခါ "ဤသို့သဘောရှိသော လေ့နေပုဂ္ဂိုလ်ကို မရတွက်မူ၍ အကြင်နှစ်သက်ခြင်း၏ အကြောင်းဖြင့် သင်သည် သီလကျက်သွား၏၊ သင်၏ထိုနှစ်သက်ခြင်း၏အကြောင်းကား အဘယ်နည်း" ဟု ရေထမ်းယောကျ်ားကို မင်းသည် မေး၏၊

"မြတ်သောမင်းကြီး....သို့မို့၍ထားအပ်သော ထိုဥစ္စာကို ဆောင်ယူ၍ ထိုမိန်းမနှင့် မွေ့လျော်ရအံ့၊ ဤသို့သောအကြောင်းဖြင့် အကျွန်ုပ်သည် နှစ်ဖက် ရွှင်လန်းသည်ဖြစ်၍ သီ၏" ဟု ရေထမ်း ယောကျ်ားသည် လျှောက်၏၊

ဥစ္စာဘယ်လောက်များသလဲ

"အချင်းယောကျ်ား.... သင့်အား မြောက်တံခါးဦး ထားအပ်သော တစ်သိန်းမျှသော ဥစ္စာသည် ရှိသလော" ဟု မင်းသည် မေး၏။ "မြတ်သောမင်းကြီး....မရှိ" ဟု ဆို၏။

မင်းသည် "ထို့သို့တပြီးကား....ငါးသောင်းသောဥစ္စာသည် ရှိသလော၊ လေးသောင်းသော ဥစ္စာသည်ရှိသလော၊ သုံးသောင်းသော ဥစ္စာသည် ရှိသလော၊ နှစ်သောင်းသော ဥစ္စာသည် ရှိသလော၊ တစ်သောင်းသော ဥစ္စံာသည် ရှိသလော၊ တစ်ထောင်သောဥစ္စံာသည် ရှိသလော၊ ငါးရာသော ဥစ္စာသည် ရှိသလော၊ လေးရာသော ဥစ္စာသည် ရှိသလော၊ သုံးရာသော ဥစ္စာသည် ရှိသလော၊ နှစ်ရာသော ဥစ္စာသည် ရှိသလော၊ တစ်ရာသော ဥစ္စာသည် ရှိသလော၊ ငါးဆယ်သော ဥစ္စာသည် ရှိသလော၊ လေးဆယ်သောဥစ္စာသည် ရှိသလော၊ သုံးဆယ်သောဥစ္စာသည် ရှိသလော၊ နှစ်ဆယ်သောဥစ္စာသည် ရှိသလော၊ တစ်ဆယ်သောဥစ္စာသည် ရှိသလော၊ ငါးသပြာသောဥစ္စာသည် ရှိသလော၊ လေးသပြာသောဥစ္စံာသည် ရှိသလော၊ သုံးသပြာသောဥစ္စာသည် ရှိသလော၊ နှစ်သပြာသောဥစ္စံာသည် ရှိသလော၊ တစ်သပြာသော ဥစ္စံာသည် ရှိသလော၊ သပြာဝက်သော ဥစ္စာသည် ရှိသလော၊ တစ်မတ်သောဥစ္စာသည် ရှိသလော၊ လေးပဲသော ဥစ္စာသည် ရှိသလော၊ သုံးပဲသောဥစ္စာသည် ရှိသလော၊ နှစ်ပဲသော ဥစ္စာသည် ရှိသလော၊ တစ်ပဲသောဥစ္စံာသည် ရှိသလော" ဟု မေး၏။

www.dhammadownload.com

၂-ပြားသော ပိုက်ဆံ

ဆာလုံးစုံသေဒအမေးကို ပယ်၍ ''ပဲဝက်သောဥစ္စာသည် ရှိသလော'' ဟု မေးသည်ရှိသော် ''မြတ်သောမင်းကြီး...အမိန့်တော်ဆောင်တိုင်း မှုန်၏၊ ဤမျှ အတိုင်းအရှည်ရှိသော ဆာကျန်ပ်၏ ထိုဥစ္စာကို အကျန်ပ်သည် ဆောင်၍ ထိုမိန်းမနှင့်တကွ မွေ့လျော်အံ့'' ဟု ဆာကျန်ပ်သည် သွား၏။ ထိုပီတိသောမနဿကြောင့် အကျန်ပ်ကို ဤလပူ နေပူသည် မပူ'' ဟု ရထမ်းယောကျ်ား သည် လျှောက်၏။

မသွားလင့် နိုင်ငံ ထက်ဝက်ယူ

ထိုအခါ ထိုယေးကျ်ားကို ''မင်းသည် ဆချင်းယောကျ်ား...ဤသို့ သဘောရှိသော နေပူ၌ ထိုဆရပ်သို့ မသွားလေလင့်၊ ငါသင် သင့်အား ပဲဝက်သောဥစ္စာတို့ကို ပေးအံ့'' ဟူ ဆို၏။ ''မြတ်သောမင်းကြီး...အကျန်ပ်သည် ဆရှင်မင်းကြီးတို့၏ အမိန့်တော်၌ တည်၍ ပေးတော်မူဆပ်သော ဥစ္စာကိုလည်း ယူပါအံ့၊ ထိုဥစ္စာကိုလည်း မစွန့်ပါ၊ ဆကျန်ပ်၏ ထွားခြင်းကို မယုတ်စေမူ၍ ထိုဆရပ်သို့လည်း သွားပါအံ့'' ဟုဆို၏။ ''ဆချင်းယောကျ်ား မသွားလေလင့်၊ သင့်အား တစ်ပဲသောဥစ္စာကို ငါပေးအံ့၊ နှစ်ပဲသောဥစ္စာကိုလည်း ပေးအံ့၊ ဤသို့ပွား၍ ကုဋေဆရာတိုင်အောင် မရေတွက်နိုင်သောဥစ္စာကို ငါပေးအံ့၊ မသွားလေလင့်'' ဟု ဆိုပြောသော်လည်း ''မြတ်သောမင်းကြီး....ပေးတော်မူသော ဥစ္စာကိုယူ၍ ထိုဥစ္စာကိုလည်း ယူပါအံ့'' ဟု ထို၏။ ထို့နောင်မှ သူဌေးဆရာ ဆစရှိသော ဆရာထူးတို့ဖြင့် ဖြားယောင်း၍ အိမ်ဒေ့မင်းဆရာ တိုင်အောင် ပေးပြောသော်လည်း ထို့အတူ သာလျှင် ဆို၍ ''သင့်အား ထက်ဝက်သော မင်းအဖြစ်ကို ပေးအံ့၊ မသွားလေလင့်'' ဟု ဆိုသည်ရှိသော် ဝန်ခံ၏။ မင်းသည် ''သွားကြကုန်၊ ဆားဆွင်ပွန်းဆာ၊ ဆံမုတ်ဆိတ်တို့ကို ပြုပြင်၍ ရေချိုးခြင်း တန်ဆာဆင်၍ အဆွင်ပွန်းကို ဆောင်ခဲ့ကြကုန်လော့'' ဟူ အမတ်တို့ကို စေ၏။ အားတ်တို့သည် ခင်းဆိုတို့ပင်း ပြုကြကုန်၏။ မင်းသည် ပြည်ကို ထက်ဝက်ခွဲ၍ ထိုယောကျ်ား ဆား ထက်ဝက်သော မင်းအဖြစ်ကို ပေး၏၊

''ထိုယောကျ်ားသည်ကား ထက်ဝက်သော ပြည်ကိုယူ၍လည်း ပဲဝက်သော ဆသပြာရှိသော မြောက်မျက်နှာသို့လျှင် သွား၍ယူသည်သာတည်း'' ဟု ဆိုကုန်၏။ ထိုမင်းသည် အဖုမာသကမင်း မည်၏၊

www.dhammadownload.com

အဇုမာသကဘုရင်ကြီး မလုပ်လို

ထိုမင်းနှစ်ပါးတို့သည် ညီညွတ်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်လျက် မင်းပြုစဉ် တစ်နေ့သ၌ ဥယျာဉ်သို့ သွားကုန်၏။ ဥယျာဉ်ကစား၍ ဥဒုယမင်းသည် အဇုမာသကမင်း၏ ပေါင်ပေါ်၌ ဦးခေါင်းအုံး၍ အိပ်၏။ ဥဒယမင်းသည် အိပ်ပျော်ခြင်းသို့ ရောက်လတဲ့သော် အခြံအရံ လူတို့သည် ကစားလိုသည်၏ အစွမ်းအားဖြင့် ထိုထိုအရပ်သို့ သွားကုန်၏။ အဇုမာသကမင်းသည် ''ငါ့အား အခါခပ်သိမ်း ထက်ဝက်သောမင်း အဖြစ်ဖြင့် အဘယ် ပြုအံ့နည်း၊ ဥဒယမင်းကို သတ်၍ ငါသည်သာလျှင် အလုံးစုံသော မင်းအဖြစ်ကို ပြုအံ့'' ဟု သန့်လျက်ကိုထုတ်၍ ဥဒယမင်းကို သတ်အံ့'' ဟု ကြံ၍ ''ဤမင်းသည် အလွန်ဆင်းရဲသာသူ ဖြစ်သော ငါ့ကို မိမိနှင့်အတူ ပြု၍ ကြီးစွာသောစည်းစိမ်၌ တည်စေ၏၊ ဤသို့သဘောရှိသော စည်းစိမ်ကို ပေးတတ်သော မင်းကို သတ်၍ မင်းပြုအံ့ဟု ငါ့အား အလိုရမ္မက်သည် ဖြစ်၏၊ ငါ၏အမှုသည် စင်စစ်မသင့်'' ဟု သတိရ၍ သန့်လျက်ကို အိမ်သို့ သွင်း၏။ ထိုအခါ အဇုမာသကမင်းအား နှစ်ကြိမ်မြောက် လည်းကောင်း သုံးကြိမ်မြောက် လည်းကောင်း ထို့အတူလျှင် စိတ်သည်ဖြစ်၏။ ထို့နောင်မူ ဤစိတ်သည် အဖန်တလဲလဲ ဖြစ်လတ်သော် ''ငါ့ကို မကောင်းမှု၌ ယှဉ်လေ ထု၏'' ဟု ကြံ၏၊ ကြံပြီး၍ ထိုအဇုမာသကမင်းသည် သန့်လျက်ကို မြှောက်ချီ၍ ဥဒယမင်းကို ထားစ၍ ''မြတ်သောမင်းကြီး.... သင်မင်းကြီး သည် သည်းခံလော့'' ဟု ခြေခွင်ဝပ်၏။ ယခု ငါ၏အတွင်း၌ သင့်အား အပြစ်မရှိသည် မဟုတ်လော' ဟု ဥဒယမင်းသည် ဆို၏။ ''မြတ်သော မင်းကြီး ရှိ၏၊ အကျွန်ုပ်သည် ဤမည်သောအမှုကို ပြု၏'' ဟု အဇုမာသက မင်းသည် ဆို၏။ ''အဆွေ.... ထိုသို့တပြီးကား သင့်အား ငါသည် သည်းခံ၏၊ သင်အလိုရှိသော် မင်းပြုလော့၊ ငါသည် အိမ်ရှေ့မင်းဖြစ်၍ သင့်ကို ခစားအံ့'' ဟု ဆို၏။

ဥဒါန်းကျူး၍

အဇုမာသကမင်းသည် ''မြတ်သောမင်းကြီး.... အကျွန်ုပ်အား မင်းအဖြစ် မင်းအဖြစ်ဖြင့် အလိုမရှိ၊ ဤတရားသည် အကျွန်ုပ်ကို အပါယ်တို့၌ ဖြစ်စေလတ္တံ့၊ သင်မင်းကြီး၏ မင်းအဖြစ်ကို သင်မင်းကြီးသာလျှင် ယူလော့၊ အကျွန်ုသည် ရသေ့ ရဟန်းပြုအံ့၊ ကာမ၏အမြစ်ကို အကျွန်ုပ်သည် မြင်

www.dhammadownload.com

အပ်ပြီ၊ ဤကာမသည် ကြံသောသူအား၊ အကြံအားဖြင့် ပွား၏၊ ယခု အခါမူစ၍ ထိုကာမကို မကြံအံ့''ဟု ဥဒါန်းကျူးလို၍-

၃၉။ အဒ္ဓသံကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ၊
နာ တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ နာ ဟောဟိသိ-

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၃၉။ ကာမ၊ ကာမ။ တေ၊ ယင်၏။ မူလံ၊ အမြစ်ကို။ အဒ္ဓသံ၊ ငါ မြင်ပြီ။ ကာမ၊ ကာမ။ တံ၊ သင်သည်း သင်္ကပ္ပါ၊ ကြံခြင်းကြောင့်။ ဇာယသိ၊ ဖြစ်၏။ ကာမ၊ ကာမ။ တံ၊ သင့်ကို။ နသင်္ကပ္ပယိဿာမိ၊ မကြံတော့အံ့။ ဧဝံ၊ ဤသို့ မကြံသည်ရှိသော်၊ မမန္တွေရ၊ ငါ၏အတွင်း၌၊ တံ၊ ယင်သည်၊ နာ ဟောဟိသိ၊ မဖြစ်လတ္တံ့။

တရားဟောခြင်း

ဤသို့ဆို၍ တစ်ဖန် ကာမတို့၌ လုံ့လပြုသော လူများအား တရားဟော လိုရကား-

၄၀။ အပ္ပါပိ ကာမာ နာ ဆာလံ့၊ ဗဟူဟိပိ နာ တပ္ပတိ။
အသာတာ ဗာလလာပနာ၊ ပရိဝဇ္ဇေထ ဇဂ္ဂတော-

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၄၀။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပါပိ၊ ကာမာ၊ အနည်းငယ်ဖြစ်ကုန်သော ဝတ္ထုကာမ, ကိလေသာကာမတို့သည်လည်း။ မဟာဇနာသ၊ လူများအား၊ နာ ဆာလံ၊ မလောက်ကုန်။ ဗဟူဟိပိ၊ များစွာကုန်သော ကာမတို့ဖြင့်လည်း။ မဟာဇနော၊ လူများသည်။ နာ တပ္ပတိ၊ မဝေ့ဝင့်ရ။ ကာမာ၊ ကာမတို့သည်။ အသာတာ၊ မသ ယာအပ်ကုန်။ ကာမာ၊ ကာမတို့သည်။ ဗာလလာပနာ၊ သူမိုက်တို့ကို ငါ့စွာ, ငါ့စွဲာဟု ဆိုစေတတ်ကုန်၏။ ဣမ၊ ဤကာမတို့ကို။ ဇဂ္ဂတော-ဇဂ္ဂန္တော၊ ဗေဖမိပက္ခိယတရားတို့၌ ပွားခြင်းကို လုံ့လပြုသော ဓာမျိုးသားတို့သည်း ပရိဝဇ္ဇေထ၊ ပယ်နိုင်ရာ၏။

ရဿရဟန်းပြုသွားပြီ

ဤသို့ ဤအနုမာသကမင်းသည် လူများအား တရားဟော၍ ဥဒယမင်းအား မင်းဓာဖြင်ကို ဆပ်နှင်း၍ မျက်ရည်စွတ်သော မျက်နှာရှိလျက်

www.dhammadownload.com

ငိုသောလူများကိုစွန့်လျက် ဟိဓဝန္တာသို့ဝင်၍ ရဟန်းပြု၍ ဈာန်အာဘိညာဉ်တို့ကို ဖြစ်စေ၍ နေ၏။

ဥဒယမင်း၏ဥဒါန်း

အစ္ဆုမာသကဓင်း၏ ရဟန်းဖြစ်သော ကဓဿဠ် ဥဒယမင်းသည် ဥဒါန်းကို အပြည့်အစုံပြု၍ ကျူးရင့်လိုရကား-

၄၁။ အပ္ပဿ ကမ္မဿ ဖလံ မမေဒ့၊ ဥဒယော အဇ္ဈဂမာ မဟတ္တပတ္တံ။

သုလဒ္ဓလာဘော ဝတ မဇ္ဈတ္တဝဿီ၊ ယော ပဇ္ဇဇိ ဆာဇုဂံ ပဟာယ-ဟူသော ခြောက်ခုမြောက်သော ဂျုဂါထာကို ဆို၏။

၄၁။ မမ၊ ငါ၏။ ဣဒ့ ဖလံ၊ ဤအကျိုးသည်။ အပ္ပဿ ကမ္မဿ၊ အနည်းငယ်သော ကောင်းမှုကံ၏။ ဖလံ၊ ဆကျိုးတည်း။ ဥဒယော၊ ဥဒယမင်းသည်။ မဟတ္တပတ္တံ၊ မြတ်သောအဖြစ်သို့ ငရောက်သော စည်းစိမ်ကို။ အဇ္ဈဂမာ၊ ရ၏။ ယော မာဇဇဝေါ၊ အကြင်လုံလင်သည်။ ကာမဇာဂံ၊ ဆာမရာဂကို။ ပဟာယ၊ ပယ်၍။ ပဇ္ဇဇိ၊ ရဟန်းပြု၏။ တဿ မာဇဇဝဿ၊ ထိုလုလင်အား။ ဝတ၊ စင်စစ်။ သုလဒ္ဓလာဘော၊ လူ့အဖြစ်ကိုရခြင်းသည် ကောင်းသောရခြင်း ဖြစ်၏။

ဆတ္တာသည်အား ဆုပေးလို

ဤဂါထာ၏ အနက်ကို တစ်စုံတစ်ဦးယောက်သောသူသည် မသိ။ ထိုအခါ ဥဒယမင်းကို မိဖုရားကြီးသည် တစ်နေ့သ၌ ဂါထာ၏အနက်ကို မေး၏။ မင်းသည် မဖြေမဆို။ ဥဒယမင်းအား ဂင်္ဂမာလ မည်သော မင်္ဂလာဆတ္တာသည် သည်ရှိ၏။ ထိုဆတ္တာသည်သည် မင်း၏ဆံမုတ်ဆိတ်တို့ကို ပြု၊ ပြင်သည်ရှိသော် ရွှေဦးစွာ ဆံနှိတ်ခြင်းအမှုကို ပြု၍ နောက်မှညှပ်ဖြင့်မုတ်ဆိတ်တို့ကိုနှုတ်၏။ ဆံရိတ်ခြင်းအမှုကိုပြုသောအခါ မင်းအား ချမ်းသာရခြင်းသည်ဖြစ်၏။ မုတ်ဆိတ်နှုတ်သောကာလ၌ ဆင်းရဲခြင်းသည်ဖြစ်၏။ ဥဒယမင်းသည် ဆတ္တာသည်အား ရွှေဦးစွာ ဆုပေးလို၏။ နောက်၌ဦးခေါင်းကို ဖြတ်လို၏၊

မိဖုရား ဥဒါန်းအဓိပ္ပာယ် သိလို

ထိုအခါ တစ်နေ့သ၌ မင်းသည် မိဖုရားအား "ရှင်မ....ဂင်္ဂမာလ၊ဆတ္တာသည်ထည် မိုက်၏" ဟု ထိုအကြောင်းကို ပြောဆို၊လ၏။ "မြတ်သောမင်း

www.dhammadownload.com

ကြီး... အာဘယ်သို့ ပြုခြင်းငှာ သင့်သနည်း''ဟု ဆိုသည်ရှိသော် ''ရှေးဦးစွာ ညှပ်ဖြင့် မုတ်ဆိတ်တို့ကို နုတ်၍ နောက်၌ ဆံရိတ်သော အမှုတို့ကို ပြုသင့်၏'' ဟု ဆို၏။ မိဖုရားသည် ဆေတ္တာသည်ကိုခေါ်၍ ''အမောင်....ယခု မင်း၏ ဆံမုတ်ဆိတ်တို့ကို ပြုပြင်သောနှင့် ရှေးဦးစွာ မုတ်ဆိတ်တို့ကို နုတ်၍ နောက်မှ ဆံရိတ်သော အမှုကိုပြုလော့'' မင်းသည်လည်း ''ဆုကိုယူလော့'' ဟု ဆိုသည်ရှိသော် ''မြတ်သောမင်းကြီး... အကျွန်ုပ်အား တစ်ပါးသော ဆုဖြင့် အလိုမရှိ၊ အရှင်မင်းကြီး၏ ဥဒါန်းဂါထာ၏ အနက်ကို ကြားပါကုန်လော့'' ဟု ဆိုပါလော့၊ ငါသည် သင့်အား မျှားစွာသော ဥစ္စာတို့ကို ပေးအံ့'' ဟု ဆိုလေ၏။

ထိုဆေတ္တာသည်သည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ ဆံမုတ်ဆိတ်တို့ကို ပြုပြင်သောနှင့် ရှေးဦးစွာ ညှပ်ကိုကိုင်၏။ ''အချင်းဂင်္ဂမာလ.... အာဘယ်ကြောင့် သင်သည် မပြုဘူးသော အသစ်ဖြစ်သော အမှုကို ပြုဆန်း'' ဟု မေးသည်ရှိသော် ''မြတ်သောမင်းကြီး.... ဆေတ္တာသည်တို့ မည်သည်ကား မပြုဘူးသော အမှုတို့ကိုလည်း ပြုကုန်၏'' ဟု ဆို၍ ရှေးဦးစွာ မုတ်ဆိတ်တို့ကိုနုတ်၍ နောက်မှ ဆံရိတ်သောအမှုကို ပြုကုန်၏။ မင်းသည် ''ဆုကို ယူလော့'' ဟု ဆို၏။ ''မြတ်သောမင်းကြီး.... အကျွန်ုပ်သည် တစ်ပါးသော ဆုကို အလိုမရှိ၊ အရှင်မင်းကြီး၏ ဥဒါန်းဂါထာ၏အနက်ကို ဟောပါကုန်လော့'' ဟု ဆို၏။ မင်းသည် မိမိဆင်းရဲသောတာလျှင် ပြုအပ်သည်ကို ဆိုအံ့သောငှာ ရွက်ရကား ''အမောင်.... သင့်အား ဤဆုဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ တစ်ပါးသောဆုကို ယူလော့'' ဟု ဆို၏။ ''မြတ်သောမင်းကြီး ထိုဆုကိုသာလျှင် ပေးတော်မူးလော့'' ဟု ဆေတ္တာသည်သည် ဆို၏။

ဥဒယမင်းသည် မုသာဝါဒမှ ကြောက်သောကြောင့် ''ကောင်းပြီ'' ဟု ဝန်ခံ၍ ဂင်္ဂမာသပိလ္လိဇာတ်ကို ဆိုဖွယ်သောနည်းဖြင့် အလုံးစုံကိုလည်း မယုတ်စေမူ၍ ရတနာပလ္လင်၌ မှန်၍ ''ဂင်္ဂမာလ... ငါသည် ရှေးဘဝ၌ ဤဗာရာဏသီပြည်၌လျှင် ဖြစ်၏'' ဤသို့ အစရှိသော အလုံးစုံသောစကားကို ရှေးနည်းဖြင့် ကြား၍ ဤအကြောင်းဖြင့် ထက်ဝက်သောဂါထာကိုဆို၍ ''အဆွေခင်ဗျန်းသည်ကား ရဟန်းပြု၏၊ ငါသည်ကား မှေးလျှော်၍ မင်းပြု၍နေ၏ ဤအကြောင်းဖြင့် နောက်မှ ထက်ဝက်သောဂါထာကို ဆို၏'' ဟု ဥဒါန်းဂါထာ၏အနက်ကို ဟော၏၊

www.dhammadownload.com

ဆေတ္တာသည် ပစ္စေကဗုဒ္ဓါဖြစ်

ထိုစကားကိုကြား၍ ဆေတ္တဝါသည်သည် "ထက်ဝက်သော ကံလဋ္ဌိစောင့်ရှောက်အပ်ခဲသော ဥပုသ်ကုသိုလ်ကံဖြင့် မင်းသည် ဤစည်းစိမ်ကို ရ၏၊ ကုသိုလ်မည်သည်ကို ပြုအပ်သည်သာလျှင်ဖြစ်၏။ ငါသည် ရဟန်းပြု၍ မိမိ၏တည်ရာကို ပြုရကား ကောင်း၏" ဟု ကြံ၍ ဆွမျိုးစဉ်ဆက်မူလာသော စည်းစိမ်ဥစ္စာတို့ကိုစွန့်၍ မင်းကို ရဟန်းပြုခြင်းကို ခွင့်ပြုစေ၍ တိမ္မဝန္တာသို့ သွား၍ ရသေ့ရဟန်းပြု၍ လက္ခဏာယာဉ် သုံးပါးသို့ တင်၍ ပေဿနာကို ပွားစေ၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်၍ တန်ခိုးဖြင့် ဖြစ်ဝသာ သုပိတ် သက်နှံးရှိသည်ဖြစ်၍ ဂန္ဓမာဒနတောင်၌ ငါးနှစ်ခြောက်နှစ်နေ၍ "ဗာရာဏသီမင်းကို ကြည့်အံ့" ဟု ကောင်းကင်ဖြင့်လား၍ ဥယျာဉ်ဝယ် မင်္ဂလာကျောက်ဖျာ၌ နေ၏။ ဥယျာဉ်စောင့်သည် မင်းအိမ်သို့သွား၍ "မြတ်သောမင်းကြီး....ဂဂ်မာလသည် ပစ္စေကဗုဒ္ဓါဖြစ်၍ ကောင်းကင်ဖြင့်လာ၍ နေ၏" ဟု မင်းအား ကြားလျှောက်၏၊ မင်းသည် ထိုစကားကို ကြား၍ "ပစ္စေကဗုဒ္ဓါကို ရှိခိုးအံ့" ဟု လျင်မြန်စွာ ထွက်၏၊ မင်း၏ မယ်တော်သည်လည်း သားနှင့်တကွ ထွက်၏။ မင်းသည် ဥယျာဉ်သို့ ဝင်၍ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ ပရိသတ်နှင့်တကွ တင့်အပ်လျောက်ပတ်စွာ နေ၏။

မင်းကိုဆုံးမသော်

ပစ္စေကဗုဒ္ဓါသည် မင်းနှင့်တကွ ပဋိသာန္ထာရ ပြုသည်ရှိသော် "ပြဟ္မဒတ်သင် မမေ့မလျော့မူ၍ တရားသဖြင့် မင်းပြု၏လော့၊ ဓါန အစရှိသော တောင်းမှုတို့ကို ပြု၏လော့" ဟု မင်းကို အမျိုးအမည်အားဖြင့် ခေါ်၍ ပဋိသန္ထာရကို ပြု၏။

မယ်တော် ဒေါသဖြစ်

ထိုစကားကိုကြား၍ မင်း၏မယ်တော်သည် "ဤ အမျိုးယုတ်သော အညစ်အကြေးကို သုတ်သင်သော ဆေတ္တာသည့် သားသည် ကိုယ်ကိုမသိ၊ ရေမြှုပ်ဖြစ်သော ငါ့သားကို ပြဟ္မဒတ်ဟု အမည်အား၊ဖြင့် ခေါ်၏" ဟု အမျက်ထွက်၍-

www.dhammadownload.com

၄၂။ တပသာ ပဇ်ဟန္တိ ပါပကမ်ဳ၊တပသာ နှာပိတ ကုဋ္ဌိကာရဘာဝစံ။
တပသာ အာဘိဘုယျဲ ဂင်္ဂမာလ၊နာမေနာ လပသင့ ဗြဟ္မဒတ္တ-
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၂။ ဂင်္ဂမာလ၊ ဂင်္ဂမာလ။ သတ္တာ၊ သတ္တဝါတို့သည်။ တပသာ၊ ဆာကျင့်ဖြင့်။ ပါဂကမ်ဳ၊ ယုတ်မာသော အမှုကို။ ပဇဟန္တိ၊ စွန့်ကုန်၏။ နှာပိတ၊ ဆေတ္တာသည်။ သတ္တာ၊ သတ္တဝါတို့သည်။ တပသာ၊ အကျင့်ဖြင့်။ ကုဋ္ဌကာရ ဘာဝံ၊ အမျက်ထွက်ခြင်းကို ပြုတတ်သော အဖြစ်ကို။ ပဇဟန္တိ၊ စွန့်ကုန်၏။ ဂင်္ဂမာလ၊ ဂင်္ဂမာလ။ တ္ဝံ၊ သင်သည်။ အဇ္ဇ၊ ယခု။ တပသာ၊ အကျင့်ဖြင့်။ မမပုတ္တံ၊ ငါ့သားကို။ အဘိဘုယျ၊ နှိပ်စက်၍။ ဗြဟ္မဒတ္တ၊ ဗြဟ္မဒတ်။ ဣတိ၊ ဤသို့။ နာဒမန၊ အမည်အား ဖြင့်။ အာလပသိ၊ ခေါ်သင့်သလော။

ပစ္စေကဗုဒ္ဓါ၏ ကုဏ်ကျေးဇူးများ

မင်းသည် မယ်တော်ကို မြစ်၍ပစ္စေကဗုဒ္ဓါ၏ကုဏ်ဒကျေးဇူးကိုပြလိုရကား-

၄၃။ သန္ဒိဋ္ဌိကမေဝ အမ္မ ပဿထ၊ခန္တီသောရစ္စံသ ယော ဝိပါဒေါ။
သောသဗ္ဗဇနသ် ဂန္ဒိကာ အဟု၊တံဝန္ဒါမ သရာဇိတာ သမစ္စာ-
ဟူသော ၎စ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၃။ အမ္မ၊ မိခင်။ ယော ဝိပါဒေါ၊ကာ၊ အကြင်ခန္တီ, သီလ၏ အကျိုး သည်။ အဟု၊ ဖြစ်၏။ သော ဝိပါကော၊ ထိုအကျိုးသည်။ သဗ္ဗဇနဿ၊ ခပ်သိမ်းသောသူ၏။ ဝန္ဒိတဒ၊ ရှိခိုးခြင်းကိုခံရသည်။ အဟု၊ ဖြစ်၏။ သ ရာဇိကာ၊ မင်းနှင့်တကွကုန်သော၊ သ မစ္စာ၊ အမတ်နှင့်တကွကုန်သော။ မယံ၊ ငါတို့သည်။ တံ၊ ထိုပစ္စေကဗုဒ္ဓါကို။ ဝန္ဒါမ၊ ရှိခိုးကုန်အံ့။ ခန္တီသော ရစ္စသ၊ သည်းခံခြင်းတရား သီလတရား၏။ သန္ဒိဋ္ဌိကမေဝ၊ မျက်မှောက်၌ လျင်ဖြစ်သော အကျိုးကို၊ တုမှေ၊ သင်တို့သည်။ ပဿထ၊ ရကုန်လော့။

မင်းသည် မယ်တော်ကို မြစ်သည်ရှိသော် ကြင်းသော လူများသည် ထ၍ "အရှင်မင်းကြီး...အရှင်မှင်းကြီးအား ဤသို့သဘောရှိသော အမျိုး ယုတ်သောသူသည် အမည်အားဖြင့် ခေါ်ခြင်းသည် မသင့်" ဟု ဆို၏။ မင်းသည် လူများကိုလည်း မြစ်၍ ပစ္စေကဗုဒ္ဓါ၏ ကျေးဇူးစကား ဆိုအံ့ သောငှာ-

၄၄။ မာ,ကိဉ္စိ အဝစုတ္ထ ဂင်္ဂမာလံ၊ မုနိနံ မောနပဒထသု သိက္ခမာနံ။
ဒေသာ ဟိ အဘရိ အဏ္ဍစံ၊ ယံ တရိတ္ဝာ စရန္တိ ဝိတသောကာ-
ဟူသော ထာဆုံးဖြစ်သော ဤဂါထာကိုဆို၏။

www.dhammadownload.com

၆၄။ အမ္ဘော၊ အချင်းတို့၊ တုမ္ဟေ၊ ဃင်္တိသည်။ မုနိနံ၊ အဂါရိက, အနဂါရိက, သေက္ခ, အသေက္ခ, ပစ္စေက မုနိတို့၏။ မောနပထေသု၊ သုံးပါး သော သိက္ခာ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားဟု ဆိုအပ် ကုန်သော ရဟန်းတို့၏ အာကျင့်တို့၌၊ သိက္ခမာနံ၊ ကျင့်သော။ ဂင်္မာလံ၊ ဂင်္မာလကို။ ကိဉ္စိ၊ တစ်စုံတစ်ခုသော ဧကာဒကံမျှ၊ မာ အာဝစုတ္ထ၊ မဆို ကြကုန်လင့်။ ဝိဘာသေသကဒ၊ စိုးရိမ်ခြင်းကင်းကုန်သော အရိယာတို့ဆည်။ ယံ၊ အကြင်သံသရာတည်းဟူသော သမုဒ္ဒရာကို။ တရိတ္ဝာ၊ ကူး၍။ စရန္တိ၊ သွားကုန်၏။ သေော၊ ဤဂင်္မာသသည်။ တံ အာဏာဝံ၊ ထိုသံသရာတည်း ဟူခသော သမုဒ္ဒရာကို။ အတရိ ဟိ၊ ကူးပြီးသလျင်ကတည်း။

ဂန္ဓမာဒနတောင်သို့ ကြွသွားပြီ

ဤသို့ဆိုပြီး၍ မင်းသည် ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ "အရှင်ဘုရား... အကျွန်ုပ် အမိအား အရှင်ဘုရားတို့သည် သည်းခံပါကုန်လော့" ဟု ဆို၏။ "မြတ် သောမင်းကြီး.... သည်းခံ၏" ဟု ပစ္စေကဗုဒ္ဓါသည် ဆို၏။ မင်းသည် ပရိ ဝတ်တို့ကို ကန်တော့စေ၏။ ဓင်းသည် မိမိကိုမှီ၍ နေစိမ့်သောငှာ ပဋိ ညာဉ်ကို တောင်း၏။ ပစ္စေကဗုဒ္ဓါသည်စား မပေးမူ၍ မင်းနှင့်တကွသော ပရိသတ်မြင်စဉ်လျင် ကောင်းကင်၌ရပ်၍ မင်းအား အဆုံးအမကိုပေး၍ ဂန္ဓမာဒနတောင်သို့လျင် သွား၏၊

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ "သီတင်းသည်တို့... ဤသို့လျင် ဥပုသ်သုံးခြင်းမည်သည်ကို သုံး ခြင်းငှာ သင့်သလျင်ဏာတည်း" ဟု မိန့်တော်မူ၍ "ထိုအခါ ပစ္စေကဗုဒ္ဓါ သည် ပရိနိဗ္ဗာန်ပြုပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ဇဋုမာသကမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ဃုဟုလမယ်တော်သည် ထိုအခါ မိဖုရားကြီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျင် ထိုအခါ ဥဒယမင်းဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဥပုသ်နေ့ဝက်၊ စောင့်သည့်တွက်၊ ကျိုးဆက်မင်းဖြစ်လခ။)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဂင်္မာလဇာတ်သည် ပြီး၏။

www.dhammadownload.com

ပုံတော်စုံ-ငါးရှငါးဆယ်ဇာတ်ဝတ္ထု၊

၆-စေတီယဇာတ်

မမှန်သောစကားကိုပြော၍ မြေမျိုခြင်း

ဟောတော်ပူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဓမ္မော ဟဝေ ဟတေ ဟန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစေတီယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်အား မြေမျိုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု၊ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့...ဒေဝဒတ်သည် မုသာဝါဒကိုဆို၍ မြေမျို၏၊ ဒေဝဒတ်သည် အဝီစိသို့လားရ၏" ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ "ရဟန်းတို့...ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူသတ်၍ "ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏" ဟု နားတော်လျောက်သည်ရှိသော် "ရဟန်းတို့... ယခုအခါ၌သာလျှင် ဒေဝဒတ်ကို မြေမျိုသည်မဟုတ်သေး၊ ရှေးဘဝလည်း ဒေဝဒတ်ကို မြေမျိုဖူးသလျှင်ကတည်း" ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ကမ္ဘာဦး၌ အသင်္ခ်ေယျအသက်ရှည်သော မဟာသမ္မတမည်သော မင်းသည်ရှိ၏။ ထိုမင်း၏သားဘား ရောင်မည်၏၊ ထိုမင်း၏သားကား ဝရရောင် မည်၏။ ထိုမင်း၏သားထား ကလျာဏ မည်၏။ ထိုမင်း၏သားကား ဝရကလျာဏ မည်၏။ ထိုမင်း၏သားကား ဥပါသထမည်၏။ ထိုမင်း၏သားဆား ဝရဥပါသထမည်၏၊ ထိုမင်း၏သားကား မန္ဓာတု မည်၏။ ထိုမင်း၏သားဇာား ဝရမန္ဓာတုမည်၏။ ထိုမင်း၏သားဆား ဝရ မည်၏။ ထိုမင်း၏သားဆဲား ဥပဝရမည်၏၊ ဥပရိဝရ ဟူသော အမည်သည်လည်း ထိုဥပဝရမင်း၏ အမည်လျှင်တည်း။

စေတီယမင်း

ထိုဥပဝရမင်းသည် စေတိယတိုင်းသော်ထိုယမြို့၌ မင်းပြု၏၊ လေးပါးသောမင်း၏ တန်ခိုးတို့နှင့် ပြည့်စုံ၏၊ ကောင်းကင်သို့ သွားနိုင်၏၊ လေး

www.dhammadownload.com

ယေခ်ကသောနတ်သားတို့သည် လေးမျက်နှာတို့၌ သန့်လျက်ကို လက်၌စွဲကုန်လျက် စောင့်ကုန်၏။ ကိုယ်မှ စန္ဒကူးနံ့ လိုင်း၊ ခံတွင်းမှ ကြာညိုနံ့ လိုင်း၏။

ထိုမင်းအား ကပိလမည်သော ပုရောဟိတ်ပုဏ္ဏားသည် ဖြစ်၏။ ကပိလပုဏ္ဏား၏ ညီတား ကောရကသမ္မ မည်၏။ မင်းနှင့်တကွ တစ်ဦးဒသာဆရာမျိုး၌ အာဘတ်သင်ဘက် သူငယ်ချင်း အဒဆုမင်ပဉ်း ဖြစ်၏။ ထိုမင်းသည် ကောရကလမ္မအား ငယ်စဉ်ကာလ၌လျှင် "ငါသည် မင်းအဖြစ်သို့ ရောက်သော် သင့်အား ပုရောဟိတ်အရာကို ပေးအံ့" ဟု ဝန်ခံလေ၏။

ပုရောဟိတ် ရသေ့ဝတ်

ထိုမင်းသည် မင်းအဖြစ်သို့ရောက်၍ အဘ၏ ပုရောဟိတ်ဖြစ်သော ကပိလပုဏ္ဏားကို ပုရောဟိတ်အရာမှ ရွေ့စိမ့်သောငှာ မတတ်နိုင်း၊ မင်းသည် မိမိအား ခစားအံ့သောငှာ လာသည်ရှိသော် ထိုပုရောဟိတ်၌ ရိုသေသဖြင့် ပူဇော်သောအခြင်းအရာကို ပြ၏။ ပုဏ္ဏားသည် ထိုအခြင်းအရာကို မှတ်၍ "မင်းသည်ကား အရွယ်တူတို့နှင့် တကွ ချမ်းသာကို့ဆောင်လျက် တင့်တယ်၏၊ ငါသည် မင်းကိုပန်၍ ရဟန်း ပြုအံ့" ဟု ကြံ၍ "မြတ်သောမင်းကြီး... အကျွန်ုပ်သည် အိုပြီ၊ အိမ်၌ သားသူငယ်သည် ရှိ၏၊ ထိုသားကို ပုရောဟိတ် ပြုလော့၊ အကျွန်ုပ်သည် ရဟန်းပြုအံ့" ဟု မင်းကိုခွင့်တောင်း၍ သားကို ပုရောဟိတ်အရာ၌ တည်စေ၍ မင်း၏ဥယျာဉ်သို့ဝင်၍ ရသေ့ရဟန်းပြု၍ ချောန် အဘိညာဉ်တို့ကို ဖြစ်စေ၍ သားကို့မှီ၍ ထိုဥယျာဉ်၌လျှင် နေ၏။

ရာထူးပေးချင်၍

ကောရကလမ္မပုဏ္ဏားသည်လည်း ဤကပိလပုဏ္ဏားတား ရဟန်းပြုသော်လည်း "ငါ့အား အရာထူးကို မပေး" ဟု အစ်ကို၌ ရန်ငြိုးဖွဲ့၍ တစ်နေ့သ၌ ချမ်းသာသော စကားဖြင့် နေသောအခါ မင်းသည် "ကောရကသမ္မသင်သည်—ပုရောဟိတ်အရာကို မပြုရလော" ဟု မေးသည်ရှိသော် "အမိန့်တော်အတိုင်း အကျွန်ုပ်သည် ပုရောဟိတ်အရာကို မပြုရ" ဟုဆို၏၊ "အဘယ်ကြောင့်-မပြုရသနည်း" ဟု မေးသည်ရှိသော် "မြတ်သောမင်းကြီး... အကျွန်ုပ်အစ်ကိုသည် ပုရောဟိတ်ပြု၏" ဟု ဆို၏၊ "သင့်အစ်ကိုသည် ရဟန်းပြုပြီ မဟုတ်လော" ဟု ဆိုသည်ရှိသော် "အမိန့်တော်အတိုင်း

www.dhammadownload.com

ရဟန်းပြု၏၊ အရှုအထူးကိုတား သားဘား ပေး၏''ဟု ဆို၏။ ''ထိုသို့ တပြီးကား သင်သည် ပုရောဟိတ် ပြုလော့''ဟု ဆို၏၊ ''မြတ်သောမင်းကြီး အန္ဓယ်အဆက်မလာသော အရှုအထူးကိုခံသော အကျွန်ုပ်အစ်ကိုကိုပယ်၍ အကျွန်ုပ်သည် ပုရောဟိတ်ပြုခြင်းငှာ မတတ်ခကောင်း''ဟု ကောရဏလမ္မသည် ဆို၏။ ''ကြိုသို့ဖြစ်သည်ရှိသော် ငါသည် သင့်ကို အစ်ကိုပြု၍ သင် အစဲကိုကို ညီပြုအံ့''ဟု မင်းသည် ဆို၏။ ''မြတ်သောမင်းကြီး....အဘယ် ဖေကြောင်းဖြင့် ပြုအံ့နည်း''ဟု ကောရဏလမ္မသည် ဆို၏။ ''မုသာဝါဒကို ဆို၍ ပြုအံ့''ဟု မင်းသည် ဆို၏။

မုသားဆိုမည်

''မြတ်သောမင်းကြီး...အရှင်မင်းကြီးတို့သည်သိတော်မူကုန်သလော၊ အကျွန်ုပ် အစ်ကိုသည် ကြီးစွာသော အုံဖွယ်သရဲ ကျေးဇူးနှင့် ပြည့်စုံ၏၊ အတတ်ကိုဆောင်၍ ထိုအစဲကိုသည် အုံဖွယ်သရဲဖြစ်သော ကျေးဇူးဖြင့် အရှင်မင်းကြီးတို့ကို လှည့်စားလတ္တံ့၊ နတ်သားလေးယောက်တို့ကို ကွယ်သကဲ့သို့ ပြုအံ့၊ ကိုယ်မှလည်းတောင်း, ခံဘူးမှလည်းကောင်း ကောင်းသောအနံ့ကို မခကောင်းအနံ့ကဲ့သို့လတ္တံ့၊ ကောင်းကင်မှကျ၍ မြေ၌တည် သကဲ့သို့ ဖရှင်မင်းကြီးတို့ကို ပြုလတ္တံ့၊ အရှင်မင်းကြီးတို့သည် မြေသို့ဝင် ကုန်လတ္တံ့၊ ထိုအခါအရှင်မင်းကြီးတို့သည် အရှင်မင်းကြီးတို့၏ စကား၌ တည်ခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့''ဟု ကောရဏလမ္မသည် ဆို၏။ ''သင်သည် ကြိုသို့သော အမှတ်ကိုမပြုလင့်၊ ငါသည် ပြုခြင်းငှာ တတ်နိုင်လတ္တံ့'' ဟု မင်းသည် ဆို၏၊ ''မြတ်သောမင်းကြီး....အရှင်မင်းကြီးတို့သည် အဘယ် အခါ၌ ပြုကုန်လတ္တံ့နည်း''ဟု ကောရဏလမ္မသည် မေး၏၊ ''ယနေ့မှ ခုနစ်မကဲ့မြောက်သောနေ့၌ ပြုကုန်အံ့''ဟု မင်းသည် ဆို၏။ ထိုစကား သည် မြို့အလုံး၌ ထင်ရှား၏၊

လူအများ ကြည့်နေကြ

မင်းသည် မုသားဆို၍ အကြီးကို အငယ်, အငယ်ကို အကြီး ပြုလတ္တံ့၊ အရှုအထူးကို အငယ်အား ပေးလတ္တံ့၊ မုသာဝါဒမည်သည်ကား အဘယ်သို့ ဆိုအပ်သနည်း၊ ညှို့သောအဆင်း ရှိသလော၊ ထိုသို့မဟုတ်မူ ချွေသောအဆင်း အစရှိသည်တို့တွင် တစ်ပါးပါးသော အဆင်းရှိသလော့။

www.dhammadownload.com

ဤသို့လူများအား အကြံသည် ဖြစ်သတတ်။ ထိုအခါ လူများအပေါင်းသည် မှန်သောစကားကိုသာ ဆိုသောကာလ ဖြစ်သတတ်။ လူတို့သည် "မုသာဝါဒကား ဤသို့သဘော ရှိကုန်၏" ဟု မသိကုန်။ ပုဏ္ဏာဟိတ်၏ သားသည်လည်း ထိုစကားကိုကြား၍ အဘထံသို့ သွား၍ "ခမည်းတော်... မင်းသည် မုသာဝါဒကို ဆို၍ သင့်ကို အငယ်ပြု၍ သင်တို့၏ အရာအထူးကို အကျွန်ုပ်၏ ဘးထူးအား ပေးလတ္တံ့" ဟု ဆို၏။ "အမောင်....မင်းသည် မုသာဝါဒကို ဆို၍လည်း ငါတို့၏ အရာအထူးကို ပေးအံ့သောငှာ မတတ်နိုင်လတ္တံ့၊ အာဘယ်နှင့်ကား မုသာဝါဒကို ဆိုခြင်းကို ပြုလတ္တံ့နည်း" ဟု ဏပိလရဿ သည် မေး၏။ "ယနေ့မှ ခုနစ်ရက်မြောက် ဖြစ်သော နေ့၌ ပြုလတ္တံ့" ဟု သားသည် ဆို၏။ "ထိုသို့တပြီးကား—ထိုအခါငါ့အား အမြန်လာ၍ ကြားခလော့" ဟု ဏပိလရဿ သည် ဆို၏။ ခုနစ်ရက်မြောက် ဖြစ်သောနေ့၌ လူတို့သည် "မုသာဝါဒကို ကြည့်ကုန်အံ့" ဟု မင်းရင်ပြင်၌ စည်းဝေး၍ ညောင်စောင်းအဆင့်ဆင့်တို့ကို ဖွဲ့၍ တည်ကုန်၏။ ပုရောဟိတ်သားသည် အဘအား ကြား၏။

မုသား မဆိုလင့်

မင်းသည် တန်ဆာဆင်ယင်လျက် ထွက်၍ လူများအလယ် မင်းရင်ပြင်ကောင်းကင်၌ ရပ်၏။ ရဿ သည် ကောင်းကင်ဖြင့်လာ၍ မင်း၏ရှေ့မှ နိသီဒိုင် သားရောကိုခင်း၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍ "မြတ်ခသောမင်းကြီး....သင်သည် မုသာဝါဒကို ဆို၍ အငယ်ကို အကြီးပြု၍ အာယ်အား အရာအထူးကို ပေးလိုခသာ်ဟူသည် မှန်သခသာ" ဟု ဆို၏။ "ဆရာ—မှန်၏၊ ဤသို့ငါဆို၏" ဟု မင်းသည် ဆို၏။ ထိုအခါ ရဿ သည် ထိုမင်းကို "မြတ်သောမင်းကြီး—မုသာဝါဒ မည်သည်ကာ၊ အပြစ်လေး၏၊ ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်၏၊ အပါယ်လေးပါးတို့၌ ဖြစ်စေဘတ်၏၊ မင်းမည်သည်ကား မုသာဝါဒကို ဆိုသည်ရှိခသော် တရားကို သတ်သည်မည်၏၊ တရားကိုသတ်သော် မိမိသည်လျင် မိမိကိုယ်ကို သတ်သည်မည်၏" ဟု ဆုံးမလိုရကဲ့ား-

၄၅။ ဓမ္မော ဟဝေ ဟရတဝ ဟန္တိ၊ နာဟရတော ဟန္တိ ကိဉ္စုနံ၊
တသ္မာ ဟိ ဓမ္မံ နဟရေန၊ မာ တွံ ဓမ္မော ဟရတော ဟနိ-

ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

www.dhammadownload.com

၄၅၊ မဟာရာဇ၊ မြတ်သေးမင်းကြီး။ ဟဒေ၊ စင်စစ်။ ဟဒေတား သဘ်အပ်သေး၊ ဓမ္မော၊ ကြီးသာသူတို့အား အရှိအားသပြုခြင်း တရား သည်။ ဟန္တိ၊ မိမိကိုယ်သို့ သတ်၏။ အဟဒေတာ၊ မသတ်ဆပဲသော တရား သည်။ ကိဉ္စနံ၊ တစ်စုံတစ်ယောက်သောသူကို။ နဟန္တိ၊ မသတ်။ တဿဟိ၊ ထို့ကြောင့်သေးလျှင်။ ဓမ္မံ၊ တရားကို။ နဟနေ၊ မသတ်ရာ။ ဟဒေတာ၊ သတ်အပ်သော။ ဓမ္မော၊ တရားသည်။ တံ၊ သင့်ကို။ မာ ဟနိ၊ မသတ်စေလင့်။

ပါးစပ် ပုပ်တတ်သည်

ထို့နောင်မှာထိုမင်းကို "မြတ်သာမင်းကြီး....သင်မင်းကြီးသည် မုသား ဆိုခြင်းကို အကယ်၍ ပြုလတ္တံ့၊ သင်မင်းကြီး၏ လေးပါးကုန်သော တန္ခိုးတို့သည် ကွယ်ကုန်လတ္တံ့" ဟု ဆို၍ အလွန်အားဖြင့် ဆုံးမလိုရကား-

၄၆။ အလိကံ ဘာသမာနဿ၊ အပက္ကမန္တိ ဒေဝတာ၊
ပူတိကဉ္စ မုခံ ဝါတိ၊ သကဋ္ဌာနာ စ မံသတိ။
ယော ဇာနံ ပုစ္ဆိတော ပဉ္ဟံ၊ အညထာ နံ ဝိယာကရေ-
ဟူသော နှစ်ခုမြောက်ဆော ဂျိဂါထာကို ဆို၏။

၄၆။ မဟာရာဇ၊ မြတ်သော မင်းကြီး။ ပဉ္ဟံ၊ ပြဿနာကို။ ပုစ္ဆိတော၊ မေးအပ်သော။ ယော၊ အကြင်မင်းသည်။ ဇာနံ၊ သိလျက်၊ နံ၊ ထိုပြဿနာကို။ အညထာ၊ တစ်ပါးသော အခြင်းအရာဖြင့်။ ဝိယာကရေ၊ ဖြေ၏။ အလိကံ၊ မဟုတ်မှမှန်သော စကားကို။ ဘာသမာနဿ၊ ဆို သော။ တဿ၊ ထိုမင်းအား။ ဒေဝတာ၊ စောင့်ကုန်သော နတ်သားလေးယောက် တို့သည်။ အပက္ကမန္တိ၊ ဖဲကုန်၏။ မုခဉ္စ၊ ခံတွင်းသည်လည်း။ ပူတိကံ၊ အပုပ်ဆတိလျှင်။ ဝါတိ၊ လိုင်၏။ သကဋ္ဌာနာ စ၊ မိမိတည်ရာ ကောင်းကင်မှ လည်း။ ဓံသတိ၊ မြေသို့ကျ၏။

ပထမ မုသားဆို

ထိုစကားကိုကြား၍ မင်းသည် ကြောက်ရကား ဧေားရကလမ္မကို ကြည့်၏။ ထိုအခါ မင်းကို ကောရကလမ္မသည် "မြတ်သောမင်းကြီး....မကြောက်လင့်၊ အကျွန်ုပ်သည် ရှေးမဆွကလျှင် အရှင်မင်းကြီးတို့အား ထိုစကားကို

www.dhammadownload.com

ဆိုအပ်ပြီ မဟုတ်လော''ဟု ဆို၏။ မင်းသည် ကပိလရဿ စကားကို ကြားရသော်လည်း မယူမူ၍ မိမိသည် ဆိုအပ်သော စကားကိုသာလျှင် ရှေးရှုပြု၍ ဆို:ပို့ရကား ''အရှင်ဘုရား....သင်သည် ညီတည်း၊ ကောရက လမ္မသည် အစ်ကိုတည်း''ဟူ၍ ဆို၏။

ထိုမုသာဝါဒကို ဆိုခြင်းကြောင့် လေးယောက်ကုန်သော နတ်သားတို့သည် ''ထိုသို့သဘောရှိသော မုသာဝါဒကို ဆိုသောငှင်းအား ဝေဘုံရောက်ခြင်းကို မပြုကုန်အံ့''ဟု သန်လျက်တို့ကို ထိုမင်း၏ ခြေရင်း၌ စွန့်ပစ်၍ ကွယ်ကုန်၏။ ခံတွင်းသည် ကြက်ဥပုပ်ကဲ့သို့ ကိုယ်သည် ဖွဲ့အပ်သော စစ္စကုဋ္ဌိကဲ့သို့ မီးကောင်းသော ဆန့်သည် လို့၏။ ကောင်းကင်မှလည်း လျှောကျ၍ မြေ၌တည်၏၊ ဤလေးပါးကုန်သော တန်ခိုးတို့သည်လည်း ကွယ်ကုန်၏။ ထိုအခါ ထိုမင်းကို မဟာပုဏ္ဏာဟိတ်သည် ''မြတ်သော မင်းကြီး....မင်းကြောက်လင့်၊ မှန်သောစကားကို ဆိတယ်၍ ဆိုပြောအံ့၊ အသင်မင်းကြီးအား ထိုအလုံးစုံသော တန်ခိုးတို့ကို ပကဲ့တိုပြုအံ့'ဟု ဆိုလို၍-

၄၇။ သစေ ဟိ ဆစ္စံ ဘဏသိ၊ ယောဟိ ဆုဇ ယသာ ပုရေ။
မုသစေ ဘာသသေ ဆုဇ၊ ဘူမိယံ တိဋ္ဌ စေတိယ-

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၇။ စေတိယ၊ စေတိယအမည်ရှိသော။ ဆုဇ၊ မင်းမြတ်။ သစ်၊ မှန်သောစကားကို။ သစေ ဟိ ဘဏသိ၊ အကယ်၍ဆိုပြောအံ့။ ပုရေယသာ၊ ရှေးဦးကဲ့သို့။ ဟောဟိ၊ ဖြစ်လော့။ စေတိယ၊ စေတိယမည်သော။ ဆုဇ၊ မင်းမြတ်။ မုသာ၊ မမှန်သောစကားကို၊ စေ ဘာသသေ၊ အကယ်၍ ဆိုပြောအံ့။ ဘူမိယံ၊ မြေ၌။ တိဋ္ဌ၊ တည်လော့။

ဒုတိယမုသားဆို

ထိုပုရောဟိတ်သည် ''မြတ်သောမင်းကြီး....သင်သည် ရှေးလော့၊ ရှေးဦးစွာ မုသားဆိုခြင်းကြောင့်လျှင် သင်မင်းကြီး၏ တန်ခိုးလေးပါးတို့သည် ကွယ်ကုန်၏၊ မူတ်လော့၊ ယခုလည်း ပကတိပြုအံ့သောငှာ တတ်ကောင်း၏''ဟူ၍ရှင်ရသေ့သည် ဆိုပြောသော်လည်း ဆိုတိုင်းမပြုမူ၍ ''သင်တို့သည် ငါ့ကို လှည့်စားလိုကုန်၏''ဟု နှစ်ကြိမ်မြောက်လည်း မုသာဝါဒကိုဆို၍ ဖမျက်တိုင်ဆောင် မြေသို့ဝင်၏။

www.dhammadownload.com

မိုးမကောင်းတတ်

ထိုအခါ ထိုမင်းတို့ တစ်ဖန်လည်း ပုဏ္ဏားကြီးသည် ''မြတ်သောမင်းကြီး မှတ်လော့၊ ယခုလည်း ပကတိ ပြုအံ့သောငှာ တတ်ကောင်းသေး၏'' ဟု ပြလို၍-

၄၈။ အကာလေ ဝဿတိ တဿ၊ ကာလေ တဿ နု ဝဿတိ။
ယော ဇာနံ ပုစ္ဆိတော ပဉ္ဉံ၊ အညထာ နံ ဝိယာကာရ-
ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၄၈။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ယော၊ အကြင်သူသည်။ ပဉ္ဉံ၊ ပြဿနာကို၊ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ ဇာနံ၊ သိလျက်။ နံ၊ ထို ပြဿနာကို။ အညထာ၊ တစ်ပါးသော အပြားအားဖြင့်။ ဝိယာကရေ၊ ဖြေ၏။ တဿ၊ ထိုမင်း၏။ ရဇ္ဇေ၊ တိုင်းနိုင်ငံ၌၊ အကာလေ၊ အကာလ၌။ ဝဿတိ၊ မိုးရွာ၏။ တဿ၊ ထိုမင်း၏။ ရဇ္ဇေ၊ တိုင်းနိုင်ငံ၌၊ ကာလေ ကာလ၌၊ နု ဝဿတိ၊ မိုးမရွာ။

ထိုအခါ ထိုမင်းကို တစ်ဖန်လည်း မုသာဝါဒ၏ ဆစ်မိ၊ အားဖြင့် ဖမျက်တိုင်အောင် မြေမျိုး၏။ ပုရောဟိတ်ကြီးသည် ''မြတ်သောမင်းကြီး.... မှတ်လော့'' ဟု ဆို၍-

၄၉။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုဒရ။
မုသာ စေ ဘာသသေ ရာဇ၊ ဘူမိံ ပဝိသ စေတိယ-
ဟူသော ဝါးခုမြောက်သော ဤဂါထာကိုဆို၏။

၄၉၊ စေတိယ၊ စေတိယ အမည်ရှိသော၊ ရာဇ၊ မဝိုးမြတ်၊ သစ္စံ၊ မှန်သောစကားကို၊ သစေ ဟိ ဘဏသိ၊ အကယ်၍ဆိုငြားအံ့။ ပုရော-ယထာ၊ ရှေးဦးကဲ့သို့၊ ဟောတိ၊ ဖြစ်လော့၊ စေတိယ၊ စေတိယအမည်ရှိသော။ ရာဇ၊ မင်းမြတ်။ မုသာ၊ မမှန်သောစကားကို။ စေ ဘာသသေ၊ အကယ်၍ဆိုငြားအံ့။ ဘူမိံ၊ မြေသို့။ ပဝိသ၊ ဝင်လော့။

တတိယမုသာဒုဆို

ထိုမင်းသည် သုံးကြိမ်မြောက်လည်း ''အရှင်ဘုရား.... သင်ကားညီတည်း၊ ကောရကလမ္ဘကာ၊ အစ်ကိုတည်း'' ဟူ မုသာဝါဒကိုလျှင် ဆို၍ ပုဆစ်တိုင်အောင် မြေသို့ဝင်၏။

www.dhammadownload.com

လျှာနှစ်ခွဖြစ်တတ်

ထိုအခါ ထိုမင်းကို တစ်ဖန်လည်း ပုဏရာဟိတ်ကြီးသည် ''မြတ်သောမင်းကြီး မှတ်လော့'' ဟု ဆို၍-

၅၀။ ဇိဝှံ့ာ တဿ ဒ္ဝိဓာ ဟောတိ၊ ဥရဂသော ဒိသမွှတိ၊
ယော ဇာနံ့ ပုစ္ဆိတော ပဠံ့၊ အညထာ နံ့ ဝိယာဓရေ။

၅၁၊ သစေ ဟိ သစ္စံ့ ဘဏသိ၊ ဟောတိ ရာဇ ယထံ့ာ ပုရေ၊
မုသာ စေ ဘာသသေ ရာဇ၊ ဘိဒယျော ပဝိသ စေတိယ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၍ ''ယခု ပကတိပြုအံ့သောငှာ တတ်ကောင်းသေး၏' ဟု ဆို၏။

၅၀၊ ယော၊ အကြင်မင်းသည်။ ပဠံ့၊ ပြဿနာကို၊ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ ဇာနံ့၊ သိလျက်။ နံ့၊ ထို့ပြဿနာကို။ အညထာ၊ တစ်ပါးသော အပြားအားဖြင့်၊ ဝိယာဓရေ၊ ဖြေ၏။ ဒိသမွှတိ၊ အရပ်မျက်နှာတို့ကို အစိုးရသော အရှင်မင်းကြီး။ ဥရဂသော၊ မြွေ၏။ ဇိဝှံ့ာဣဝ၊ လျှာကဲ့သို့။ အသော၊ ထိုမုသားဆိုသော မင်း၏။ ဇိဝှံ့ာ၊ လျှာသည်။ ဒ္ဝိဓာ၊ နှစ်ခွ။ ဟောတိ၊ ဖြစ်၏။

၅၁။ စေတိယ၊ စေတိယအမည်ရှိသော။ ရာဇ၊ မင်းမြတ်။ သစ္စံ့၊ မှန်သောစကားကို။ သစေ ဘဏသိ၊ အကယ်၍ဆိုပြောအံ့။ ပုရေ ယထံ့ာ၊ ရှေးဦးကဲ့သို့။ ဟောဟိ၊ ဖြစ်လော့။ စေတိယ၊ စေတိယအမည်ရှိသော။ ရာဇ၊ မင်းမြတ်။ မုသာ၊ မမှန်သောစကားကို။ စေ ဘာသသေ၊ အကယ်၍ဆိုပြောအံ့။ ဘိဒယျော၊ အလွန်။ ပဝိသ၊ မြေသို့ဝင်လော့။

စတုတ္ထမုသားဆို

မင်းသည် ထိုပုရောဟိတ်ကြီး၏စကားကို ကြားလျက် မယူမူ၍ ''အရှင်ဘုရား...သင်တားသည်း၊ ဓာဝရကလမ္ဗကား အစဲကိုတည်း'' ဟု လေးကြိမ်မြောက်လုည်း မုသာဝါဒကိုဆို၍ ခါးတိုင်အောင် မြေသို့ဝင်၏။

လျှာပြတ်ကျတတ်

ထိုအခါ ထိုမင်းကို ပုဏရာဟိတ်ကြီးသည် ''မြတ်သောမင်းကြီး....သင်သည် မှတ်လော့'' ဟု ဆို၍-

www.dhammadownload.com

၅၂။ ဇိဝှာ တဿ နဘဝတိ၊ မစ္ဆသော်ဂ ဒိသမ္ပတိ။
ယော ဇာနံ ပုစ္ဆိတော ပဉ္ဉံ၊ အညထာ နံ ဝိယာကရေ။
၅၃။ သစေ ဟိ သစ္စံ ဘဏာသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိဇ္ဇျော ပဝိသ စေတိယ-
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅၂။ ဒိသမ္ပတိ၊ ဆရပ်မျက်နှာ အရှင်ဖြစ်သော မင်းကြီး။ ယော၊ အကြင်မင်းကြီးသည်။ ပဉ္ဉံ၊ ပြဿနာကို။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်၊ ဇာနံ၊ သိလျက်။ နံ၊ ထိုပြဿနာကို။ အညထာ၊ တစ်ပါးသော အပြားအားဖြင့်။ ဝိယာကရေ၊ ဖြေ၏။ မစ္ဆဿ၊ ငါးအား။ ဇိဝှာ၊ လျှာသည်။ နဘဝတ်လျှင်၊ မဖြစ်သကဲ့သို့။ တဿ၊ ထိုမုသားဆိုသော မင်းအား။ ဇိဝှာ၊ လျှာသည်။ နဘဝတ်၊ မဖြစ်။

၅၃။ စေတိယ၊ စေတီယဇာမည်ရှိသော မြတ်သောမင်းကြီး။ သစ္စံ၊ မမှန်သောစကားကို။ သစေ ဘဏာသိ၊ အတယ်၍ ဆိုငြားအံ့။ ပုရေယထာ၊ ရှေးဦးကဲ့သို့။ ဟောဟိ၊ ဖြစ်လော့။ စေတိယ၊ စေတီယ ဇာမည်ရှိသော။ ရာဇ၊ မင်းမြတ်။ မုသာ၊ မမှန်သောစကားကို။ စေ ဘာသသေ၊ အဟုယ်၍ ဆိုငြားအံ့။ ဘိဇ္ဇျော၊ အလွန်။ ပဝိသ၊ မြေသို့ဝင်လော့။

ပဉ္ဉမမုသာဝါဒီ

ထိုမင်းသည် ငါးကြီးမင်းမြင်လည်း "အရှင်ဘုရား....ယင်ကား ညီတည်း၊ နှံ့ကာရထလမ္ဘကာအစ်ကိုတည်း" ဟု ဆို၍ ချက်တိုင်အောင် မြေသို့ဝင်၏။

သာဓုယောကျွဲမရတတ်

ထိုအခါ ထိုမင်းကို ပုဏ္ဏာဟိတ်ပုဏ္ဏားသည် တစ်ဖန်လည်း "မြတ်သောမင်းကြီး....မူတဲ့လော့" ဟု ဆို၍-

၅၄။ ထိဇျာဝဲ တဿ ဇာယန္တိ၊ နပုမာ ဇာယရေ ကုလေ။
ယော ဇာနံ ပုစ္ဆိတော ပဉ္ဉံ၊ အညထာ နံ ဝိယာကရေ။
၅၅။ သစေ ဟိ သစ္စံ ဘဏာသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိဇ္ဇျော ပဝိသ စေတိယ-
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၅၄။ မဟာရာဇ၊ မြတ်သေးမင်းကြီး။ ယော၊ အကြင်မင်းသည်။ပဥ္စံ၊ ပြဿနာကို။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ ဇာနံ၊ သိလျက်။ နံ၊ ထို ပြဿနာကို။ အာဉာထာ၊ တစ်ပါးသောအပြားအားဖြင့်။ ဝိယာကရေ၊ ဖြေ၏။ တဿ၊ ထိုမုသားဆိုသောမင်း၏၊ ကုလေ၊ အမျိုး၌။ ထိယော၀၊ သမီး မိန်းမဘို့သည်သ လျှင်၊ ဇာယန္တိ၊ ဖွားကုန်၏၊ ပုမာ၊ သားယောကျ်ားတို့ သည်။ နု ဇာယရေ၊ မဖွားကုန်။

၅၅။ စေတိယ၊ စေတိယအမည်ရှိသော။ ရာဇ၊ မင်းမြတ်။ သစ္စံ၊ မှန်သောစကားကို။ သစေ ဟိ ဘဏသိ၊ အကယ်၍ဆိုသည်ဖြစ်အံ့၊ ပုရေ ယထာ၊ ရှေးဦးကဲ့သို့။ ဟေးဟိ၊ ဖြစ်လော့။ စေတိယ၊ စေတိယအမည်ရှိ သော။ ရာဇ၊ မင်းမြတ်။ မုသာ၊ မမှန်သောစကားကို။ စေ ဘာသသေသ၊ အကယ်၍ ဆိုထည်ဖြင့်အံ့၊ ဘိယျော၊ လွန်စွာ၊ ပဝိသ၊ မြေသို့၀င်လော့။

ဆဋ္ဌမမုသားဆို

မင်းသည် ထိုပုရောဟိတ်စကားကို မယူမူ၍ ခြောက်ကြိမ်မြောက် ရှေး အတူလျှင် မုသားဆို၍ သားမြတ်တိုင်ဖောင် မြေသို့၀င်၏။ ထိုအခါ ထို မင်းကို တစ်ဖန်လည်း ပုရောဟိတ်ကြီးဘည် "မြတ်ခသောမင်းကြီး....မှတ် လော့" ဟု ဆို၍-

၅၆။ ပုတ္တာ တဿ နု တ၀န္တိ၊ ပက္ကမန္တိ ဒိသေးဒိသံ။
ယော ဇာနံ ပုစ္ဆိတော ပဥ္ဉံ၊ အာဉာထာ နံ ဝိယာကရေ။
၅၇။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိယျော ပဝိသ စေတိယ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅၆။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ယော၊ အကြင်မင်းသည်။ ပဥ္ဉံ၊ ပြဿနာကို။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ ဇာနံ၊ သိလျက်၊ နံ ထိုပြဿနာကို၊ အာဉာထာ၊ တစ်ပါးသော အပြားဖြင့်၊ ဝိယာကရေ၊ ဖြေ၏။ တဿ၊ ထိုမုသားဆိုသောမင်းအား။ ပုတ္တာ၊ သားတို့သည်၊ နု ဘ၀န္တိ၊ မဖြစ်ကုန်။ ဘ၀န္တာပိ၊ ဖြစ်ကုန်ငြားသော်လည်း။ မာတာပိတူနံ၊ မိဘတို့အား၊ အနုပဂဝရကာ၊ ကျေးဇူးမပြုကုန်သည်ဖြစ်၍။ ဒိသေး-ဒိသံ၊ ထိုထိုအရပ်မျက်နှာသို့၊ ပက္ကမန္တိ၊ ပြေးကုန်၏။

www.dhammadownload.com

၅၇။ စေတိယ၊ စေတိယအမည်ရှိဘေး၊ ရာဇ၊ မင်းမြတ်။ သစ္စံ၊ မှန်သောစကားကို၊ သစေ ဟိ ဘဏသိ၊ အကယ်၍ ဆိုငြားအံ့။ ပုရေယထာ၊ ရှေး၌ကဲ့သို့။ ဟာဟိ၊ ဖြစ်၊လော့။ စေတိယ၊ စေတိယအမည်ရှိသော။ ရာဇ၊ မင်းမြတ်။ မုသာ၊ မမှန်သောစကားကို။ စေ ဘာသသေ၊ အကယ်၍ ဆိုငြားအံ့။ ဘိယျော၊ အလွန်။ ပဓိသ၊ မြေသို့ဝင်လော့။

သတ္တ်ပ မုသားဆို

ထိုမင်းသည် ယုတ်မာ၊သာ အဆွေခင်ပွန်းနှင့် ပေါင်းဖက်ခြင်းဟူသော အပြစ်ကြောင့် ပုရောဟိတ်၏ စကားကို မယူမူ၍ ဓုနစ်ကြိမ်မြောက်လည်း ရှေးအတူလျှင် မုသားဆို၏။

မြေမျိုခံရပြီ

ထိုအခါ ထိုမင်းအား မြေသည် ဟင်းလှင်းသော အပြင်ကို ပေး၏။ အဝီစိမှ မီးလျှံသည် တက်၍ယူ၏။

သပ္ပညူမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဒေသနာတော်မူ၍ ဘုရား၊ ဖြစ်တော်မူပြီး၍-

၅၈။ သ ရာဇာ ဣမိနာ ပတ္တော၊ အန္တလိက္ခစရော ပုရေ။
ပါဝေက္ခိ ပဆဒိ ဇနစ္စော၊ ဟီနတ္တော ပတ္တာရိယဒယံ။

၅၉။ တသ္မာ ဟိ ဆန္ဒာဂမနံ၊ နပ္ပသံသန္တိ ပဏ္ဍိတာ၊
အဒုဋ္ဌစိတ္တော ဘာဝေယျ၊ ဂိရံ သစ္စံ၊ပသံဟိတံ-

၅၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇနစ္စော၊ အမျိုးမြတ်သော၊ သော ရာဇာ၊ ထိုစေတိယမင်းသည်၊ ပုရာ၊ ရှေး၌။ အန္တလိက္ခစရော၊ ကောင်းကင်၌ သွားသည်ဖြစ်လျက်။ ပစ္စာ၊ နောက်မှ။ ဣမိနာ၊ ဤအဆွေခင်ပွန်းယုတ်နှင့်။ ပတ္တော၊ ကြုံလွတ်၍၊ ဟီနတ္တော၊ ယုတ်သော သဘောရှိသည်ဖြစ်၍။ ပတ္တာပရိယာဒယံ၊ မိမိဓသလှည့်ဖောက်၍။ ပဆဝိ၊ မြေသို့။ ပါဝေက္ခိ၊ ဝင်ဖူးပြီ။

အဂတိ မလိုက်စားအပ်

၅၉။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဆန္ဒာဂမနံ၊ ဆန္ဒာဂတိလားခြင်းကို၊ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ အဒုဋ္ဌ-

www.dhammadownload.com

စီတွော၊ ဆန္ဒားတိ အစရှိသည်သည် မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍။ သစ္စုဂသံဟိတံ၊ သစ္စာနှင့်စပ်ခသာ့။ ဂိရုံ၊ စကားကို။ ဘာဒသ္ဆယျ၊ ဆိုရာ၏။

မြို့သစ်များ တည်ခြင်း

လူများသည် ''စေတိယမင်းကား ရသေ့ကို ဆဲဆဲရး၍ မုဆာဝါဒကိုဆို၍ အဝီစိသို့ဆောက်၏''ဟု ထိတ်လန့်ခြင်းသို့ ဆောက်၏။ မင်း၏ သား ငါးယောက်တို့သည် လာ၍ ဘုရားလောင်း၏ ခြေတို့၌ ဝပ်၍ ''အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်ပါလော့''ဟု ဆိုကုန်၏။ ဘုရားလောင်းသည် ''အမောင်တို့...သင်တို့အဘသည် တရားကို ဖျက်ဆီး၍ မုသားဆို၍ ရသေ့ကို ဆဲရေး၍ အဝီစိ၌ ဖြစ်၏။ ဤတရားမည်သည်ကား မိမိကို သတ်သောသူကို သတ်တတ်၏၊ သင်တို့သည် ဤအရပ်၌ နေခြင်းငှာ မတတ်ကောင်း'' ဟု ဆို၍ ထိုမင်းသားတို့တွင်-

အကြီးဆုံးဖြစ်သော မင်းသားကို ''အမောင်....ငယ်သည် လာလော့၊ အရှေ့တံခါးဖွင့်ထွက်၍ ဖြောင့်စွာသွား၍ အလုံးစုံဖြူသော ဆင်ရတနာကို မြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍နေလော့၊ ထိုမြို့သည် ဟတ္ထိပုရမြို့ ဖြစ်လတ္တံ့''ဟု ဆို၏။

နှစ်ယောက်မြောက်ဖြစ်သော မင်းသားကို ခေါ်၍ ''အမောင်....သင်သည် တောင်တံခါးဖြင့်ထွက်၍ ဖြောင့်စွာသွားသည်ရှိသော် အလုံးစုံဖြူသော မြင်းရတနာကို မြင်ရလတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍နေလော့၊ ထိုမြို့သည် အဿပုရမည်သောမြို့ ဖြစ်လတ္တံ့''ဟု ဆို၏။

သုံးယောက်မြောက်သော မင်းသားကိုခေါ်၍ ''အမောင်....သင်သည် အနောက်တံခါးဖြင့် ထွက်၍ ဖြောင့်စွာသွားသည်ရှိသော် ကောသရထာခြသေ့ကို မြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍ နေလော့၊ ထိုမြို့သည် သီဟပုရမည်သောမြို့ ဖြစ်လတ္တံ့''ဟု ဆို၏။

လေးယောက်မြောက်ဖြစ်သော မင်းသားကို ခေါ်၍ ''အမောင်....သင်သည် မြောက်တံခါးဖြင့် ထွက်၍ ဖြောင့်စွာသွားသည်ရှိသော် အလုံးစုံသော ရတနာဖြင့်ပြည့်သော ရထားလှည်းအုပ်ကို မြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍နေလော့၊ ထိုမြို့သည် ဥတ္တရပဉ္စာလမည်သောမြို့ ဖြစ်လတ္တံ့''ဟု ဆို၏။

www.dhammadownload.com

ငါးယောက်မြောက်ဖြစ်သော မင်းသားကို ခေါ်၍ ''အမောင်....သင်ဃည် ဤအရပ်၌ နေခြင်းငှာ မဘတ်ခကောင်း၊ ဤမြို့၌ ကြီးစွာသော စေတီကိုတည်၍ ဤမြို့မှထွက်၍ ဆနောက်မြောက် အရပ်သို့ ဖြောင့်စွာသွားသည်ရှိသော် အချင်းချင်း ခတ်၍ ခတ်၍ ဒဒ္ဒရဟူသော အသံကို ပြုကုန်သော တောင်နှစ်ခုကိုကို မြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍ နေလော့၊ ထိုမြို့သည် ဒဒ္ဒပုရမည်သောမြို့ ဖြစ်လတ္တံ့.''ဟု ဆို၏။

ထိုငါးယောက်ကုန်သော မင်းသားတို့သည် ထိုအမှတ်သညာဖြင့်သွား၍ ထိုထိုအရပ်၌ မြို့တို့ကို တည်၍ နေကုန်၏။

ဇာစ်ပေါင်း။ သဗ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ''ရဟန်းတို့....ဒုဝဒတ်သည် ယခုအခါ၌သာလျှင် မုသစ်ဆို၍ မြေမျိုသည် မဟုတ်သေး၊ ရှေး၌လည်း မုသားဆို၍ မြေမျိုဖူးသလျှင်ကတည်း''ဟု မိန့်တော်မူ၍ ယခုအခါဒုဝဒတ်သည် ထိုအခါစေတီယမင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါကပိလပုဏ္ဏားဖြစ်ဖူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်နှင့်ခံတွင်း၊ ပုပ်နံခြင်း၊ လိမ်ခြင်း မုသားအကျိုးဥည်း။)

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော စေတိယဇာတ်သည် ပြီး၏။

၇-ကုန္ဒြိယဇာတ်

ကာမဂုဏ်တို့၏ အလိုသို့ မလိုက်သင့်ခြင်း

ဟောတော်မူရာဌာန။ နတိနှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် ''ယော ကုန္ဒြိယာနံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုန္ဒြိယဇာတ်တို့ကို ဧတဝဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အာဇာနိကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သာဝတ္ထိပြည်၌ တစ်ယောက်သော အမျိုးသားသည် သဗ္ဗညူမြတ်စွာဘုရား၏ တရားတော်ကို နာရ၍ ''စင်စစ် ပြည့်စုံသော, စင်စစ် ဖြူစင်သော မြတ်သောအကျင့်ကို အိမ်ထောင်သော လူ၏ဘောင်

www.dhammadownload.com

ဌ်ဳ နေသဖြင့် ကျင့်အံ့ဲသာဌာ မတတ်ကောင်း၊ ဝဋ်ဆင်းရဲမှု ထွက်မြောက်စေတတ်သော သဗ္ဗညု မြတ်စွာဘုရား သာသနာတော်ဌ် ရဟန်းပြု၍ ဆင်းရဲ၏ အဆုံးကို ပြုအံ့''ဟု အိမ်ရာ စည်းစိမ် ဥစ္စာကို သားမယားတို့ဏာား ဆောင်နှင်း၍ သဗ္ဗညုမြတ်စွာဘုရားဏာား ရဟန်းအဖြစ်ကို တောင်းသတတ်။ သဗ္ဗညုမြတ်စွာဘုရားသည်လည်း ထိုအမျိုးသားဏာ ရဟန်းအဖြစ်ကို ပေးစေတော်မူ၏။

ဆွမ်းခံမရ၍

ဆရာဥပဇ္ဈာယ်တို့နှင့်တကွ ဆွမ်းခံအပ်သော ထိုရဟန်းဏာား သီတင်းသိက္ခာ ငယ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ရဟန်းတို့ များသည်၏ အဖြစ်ကြောင့်လည်းကောင်း ဒါယကာတို့၏ အိမ်ဌ်လည်းကောင်း၊ ဆွမ်းစားဇရပ်ဌ်လည်းကောင်း နေရာသို့ မရောက်။ သံဃာတို့၏ အစွန်းဌ် ဏင်း ပျဉ်သို့လည်းကောင်း၊ ပျဉ်ချပ်သို့လည်းကောင်း ရောက်၏။ ဏာဟာရဌ်လည်း ယောက်မအပြင်ဖြင့် ခပ်ဏပ်သော ကြေကွဲသော ထမင်းလုံးရှိသေဒ ပဒ္ဒုံးရည်သည် လည်းကောင်း၊ ယာဂုသည် လည်းဧကောင်း ပုပ်သိုးသော ခြောက်သော ခဲဖွယ်သည်လည်းဧကောင်း၊ ချိုးကပ်သေဒ ခြောက်သော ဆွမ်းသည်လည်းဧကောင်း ရောက်၏။ မျလောက်ရုံမျလျှင် မရောက်။

မယားဟောင်းထံသွား

ထိုရဟန်းသည် မိမိရသော ဏာဟာရကို ယူ၍ မယားဟောင်း ဏထံသို့ သွား၏။ ထိုအခါ ထိုရဟန်း၏သပိတ်ကို မယားဟောင်းသည် ယူ၍ ရှိခိုး၍ သပိုတ်မှဆွမ်းကိုထုတ်၍ တောင်းစွာ စီရင်ဏပ်ကုန်သော ယာဂု ဆွမ်းဟင်းလျာတို့ကို ပေး၏။ ရဟန်းကြီးသည် ရသတဏှာဖြင့် ဖွဲ့ဏပ်သည်ဖြစ်၍ မယားဟောင်းကို စုံန်ဏံသောဌာ မတတ်နိုင်။

ထိုမိန်းမသည် ဤရဟန်းကို ''နှောင်ဖွဲ့ဏပ်သည်းလော၊ မဖွဲ့ဏပ်သည်လော၊ စုံစမ်းအံ့'' ဟူ တစ်နေ့သဌ် ဇနပုဒ်သား လူကို မြေဖြူ မြေညက်ဖြင့် ရေချိုးစေ၍ အိမ်ဌ်နေစေ၍ ထိုလူ၏ အခြံဏာရုံဖြစ်ကုန်သော နှစ်ယောက် သုံးယောက်ကုန်သော လူတို့ကို ခေါ်စေ၍ ဏာဟန်ငယ် ဏာဟန်ငယ် သောက်ဖွယ် စားဖွယ်တို့ကို ပေးစေ၏။ ထိုလူတို့သည် ခဲကုန် စားကုန်လျက် နေကုန်၏။ အိမ်တံခါးဝယ် လှည်းတို့ဌ် နွားတို့ကို က,စေ၍

www.dhammadownload.com

တစ်ခုသော လှည်းကိုလည်း ထား၏။ မိမိသည်ကား အိမ်မှ နောက်ဖြစ်သော တိုက်ခန်း၌နေ၍ မုန့်တို့ကို ကြွေး၏၊ ရဟန်းကြီးသည် လာ၍ အိမ်တံခါး၌ ရပ်၏၊

လှည့်စားခံရ

ထိုရဟန်းကြီးကိုမြင်၍ တစ်ယောက်သော ကြီးသော ယောကျ်ားသည် "အိမ်ရှင်-မဟာဒထရ်တစ်ပါးသည် အိမ်ကံခါး၌ ရပ်၏" ဟု ဆို၏။ ရှိခိုး၍ "ကျွန်ုပ်တို့၏ အိမ်မှထွက်၍ တစ်ပါးသောအိမ်၌ ဆွမ်းခံပါလော့ဟု လျှောက်လော့" ဟု မိန်းမသည် ဆို၏။ "အရှင်ဘုရား-တစ်ပါးသော အိမ်၌ ဆွမ်းကို ခံပါ၊လော့" ဟု အဖန်တလဲလဲ ဆို၍လည်း မသွားသော ထိုရဟန်းကြီးကို ယောကျ်ားအို သည် မြင်၍ "ရှင်မ....မထေရ်သည် တစ်ပါးသို့ မကြွ" ဟု ဆို၏။ ထိုမိန်းမသည် လာလတ်၍ တံခါးထိမ်ကို ပင့်၍ ကြည့်လျက် "အိုဖခင်....ငါတို့၏ လင်တည်း" ဟု ဆို၍ ထွက်၍ သပိတ်ကိုယူ၍ အိမ်သို့သွင်း၍ ဆွမ်းကိုလုပ်ကျွေး၍ ဆွမ်းစားပြီးသည်၏ အဆုံး၌ ရှိခိုး၍ "အရှင်-အရှင်ဘုရားတို့သည် ဤသဝဏ်ထိုပြည့်၌လျှင် ပရိနိဗ္ဗာန် ပြုရစ်ကုန်လော့၊ အကျွန်တို့သည် ဤမျှသောကာလ၌ တစ်ပါးသောအမျိုးကို ယူကုန်အံ့၊ လင်မရှိသောအိမ်၌ ထိမ်ထောင်သည် မတည်နိုင်၊ အကျွန်ုပ်တို့သည် တစ်ပါးသော အမျိုးကို ယူကုန်အံ့ဟု ဝေးသွေးဇနပုဒ်သို့ သွားကုန်အံ့၊ အရှင်ဘုရားတို့သည် မမေ့မမလျော့ ဖြစ်ရစ်ကြဲကုန်လော့၊ အကျွန်ုပ်အား အပြစ်ဒေါသသည်အကယ်၍ရှိငြားအံ့၊ ထိုအပြစ်ကို သည်းခံပါကုန်လော့" ဟု ဆို၏။ ရဟန်းကြီး၏ နှလုံးသည် ကဲသောကာလကဲ့သို့ ဖြစ်၏၊

လူထွက်တော့မည်

ထိုအခါ ထိုရဟန်းကြီးသည် ထိုမိန်းမကို "ငါသည် သင့်ကိုစွန့်ခြင်းငှာ မတတ်နိုင်၊ မသွားလေလင့် ငါလူထွက်အံ့၊ ဤမည်သောအရပ်၌ ငါ့အား ပုဆိုးကို ပေးလော့လော့၊ ငါသည် သပိတ်သင်္ကန်းကို ဆရာဥပဇ္ဈာယ်တို့အား အပ်၍ လာအံ့" ဟု ဆို၏။ ထိုမိန်းမသည် "တော်းပြီ" ဟု ဝန်ခံ၏၊

ဘုရားရှင်ထံရောက်

ရဟန်းကြီးသည် ကျောင်းသို့သွား၍ ဆရာဥပဇ္ဈာယ်တို့အား သပိတ်သင်္ကန်းကို အပ်၏၊ "ငါ့ရှင်....အဘယ့်ကြောင့် ဤသို့ပြုသနည်း" ဟု မေး

www.dhammadownload.com

သည်ရှိသော် ''မယားဟောင်းကို စွန့်အံ့သောဌာန မတတ်နိုင်၊ လူထွက်အံ့'' ဟု ဆို၏။ ထိုအခါ ထိုရဟန်းကြီးကို အလိုမရှိဘဲလျက်လျှင် ဆရာဥပဇ္ဈာယ်တို့သည် ဘုရားအထံသို့ ဆောင်၍ ''ရဟန်းတို့....အဘယ့်ကြောင့် အလိုမရှိသည်လျှင်ဖြစ်သော ဤရဟန်းကို ဆောင်ခဲ့ကုန်သနည်း'' ဟု မိန့်တော်မူသည်ရှိသော် ''ဘုန်းတော်ကြီးသော ဆရှင်ဘုရား.... ဤရဟန်းကြီးသည် ငြီးငွေ့၍ လူဆွကဲလို၏'' ဟု လျှောက်ကုန်၏။ ထိုအခါ ထိုရဟန်းကြီးကို သဗ္ဗညုမြတ်စွာဘုရားသည် ''ရဟန်း....ငြီးငွေ့ဖော်သည် မူန်သလော'' ဟု မေးတော်မူ၏။ ''ဘုန်းတော်ကြီးသော အရှင်ဘုရား....မူန်ပေ၏'' ဟု နှားတော်လျှောက်၏။ ''ဆာဘယ်သူသည် သုင့်ကို ငြီးငွေ့စေသနည်း'' ဟု မိန့်တော်မူသည်ရှိသော် ''ဘုန်းတော်ကြီးသော အရှင်ဘုရား.... မယား ဟောင်းသည် ငြီးငွေ့စေ၏'' ဟု နှားတော်လျှောက်သည် ရှိသော် ''ရဟန်း....ထိုမိန်းမသည် ယခုအခါ၌သာလျှင် သင်၏ ဆကျိုးမဲ့ကိုပြုသည် မဟုတ်သေး၊ ရှေး၌လည်း သင်၏အကျိုးမဲ့ကို ပြုဖူးသလျှင်ကတည်း၊ သင်သည် ထိုမိန်းမကိုမှီ၍ လေးပါးသောစျာန်မှ ယုတ်၍ ကြီးစွာသော ဆင်းရဲသို့ရောက်၍ ငါ့ကိုမှီ၍ ထိုဆင်းရဲမှလွတ်၍ ပျော်သောစျာန်ကို တစ်ဖန် ရဖူး၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ကို စဲ၍ ပုရောဟိတ်၏ ပုဏ္ဏားမဝမ်း၌ ဖြစ်၏၊ ဘုရားလောင်း၏ ဖခင်သောနေ့၌လည်း မြို့အလုံး၌ လက်နက်တို့သည် ထွန်းပကုန်၏၊ ထိုကြောင့် ဘုရားလောင်းအား ဇောတိပါလဟူသော အမည်ကို မှည့်ကုန်၏။

သရဘင်္ဂရသေ.

ထိုဇောတိပါလလုလင်သည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်တို့ကို သင်၍ မင်းအား အတတ်ကိုပြ၍ စည်းစိမ်ကိုပယ်၍ တစ်စုံတစ်ယောက်သောသူတို့ မသိစေမူ၍ မြတ်သော တံခါးဖြင့်ထွက်၍ တောသို့ဝင်၍ သိကြားပေးသော ကဝိဌ်ကမည်သော ကျောင်း၌ ရဟန်းပြု၍ စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၏၊ ထိုကဝိဌ်က ကျောင်း၌ သီတင်းသုံးခန်းသော ဘုရားလောင်းကို မျှားစွာကုန်သော

www.dhammadownload.com

ရဿေ့ အရာတို့သည် ခြုံရုံကုန်၏၊ မျှားစွဲသောအစည်းအဝေးသည်ဖြစ်၏၊ တပည့်ကြီး ခုနစ်ယောက်တို့သည် ရှိကုန်၏။

တပည့်ရဿေ့မျှား

ထိုတပည့်ကြီးတို့တွင် သာလိသဿရမည်သော ရဿေ့သည် မိမိကျောင်းမှ ထွက်၍ အရှေ့ဇနပုဒ်၌ သာတေးဒိကမည်သော မြစ်၏အနား၌ ဆယ်သောင်း မကသော ရဿေ့တို့သည် ခြုံရုံအပ်သည်ဖြစ်၍ နေ၏။

မေဏ္ဍိသဿရမည်သော ရဿေ့သည် ပဉ္စာလမင်းနိုင်ငံ၌ ကလမ္ဗစူဋ္ဌက မည်သော နိဂုံးကိုမှီ၍ အဆောင်မကသော ရဿေ့တို့သည် ခြုံရုံအပ်သည် ဖြစ်၍နေ၏။

ပဗ္ဗတအမည်ရှိသော ရဒဿေ့သည် တစ်ခုသောဒေသအုပ် ဇနပုဒ်ကိုမှီ၍ အဆောင်မကသော ရဿေ့တို့သည် ခြုံရုံအပ်သည်ဖြစ်၍နေ၏။

ကာဠဒေဝိလမည်သော ရဿေ့သည် အဝန္တီဒက္ခိဏာပထ၌ တစ်ခဲနက်သော တောင်ကို အမှီပြု၍ အဆောင်မကသော ရဿေ့တို့သည် ခြုံရုံအပ်ကုန်သည်ဖြစ်၍ နေ၏။

ကိသဝစ္ဆလမည်သော ရဿေ့သည်တစ်ယောက်တည်းသာလျှင် ဒဏ္ဍကီမင်း၏ ကုမ္ဘဝတီမြို့ကိုမှီ၍ ဥယျာဉ်၌နေ၏။

အနုပိယ ရဿေ့သည်ကား ဘုရားလေးဆင်းဆား လုပ်းကျားလျက် ဘုရားလောင်း၏အတံခွန် နေ၏။

နာရဒရဿေ့ငြိုးငွေ့

ကာဠဒေဝိလရဿေ့၏ညီ ဖြစ်သော နာရဒရဿေ့သည်ကား မဇ္ဈိမဒေသ၌ အာရဠဲရကိရိမည်သော တောင်ကုန်ရက်ဆယ်ကြား၌ တစ်ပါးတည်း သာလျှင် တစ်ခုသောလိုဏ်၌ နေ၏။ ဆာရဠုရကိရိတောင်၏အနီး၌ တစ်ခုသော ပြွမ်းသော လူရှိသောနိဂုံးသည် ရှိ၏။ ဆာရဠုရဂ်ိရိတောင်နိဂုံး၏ ဆယ်ကြား၌ ကြိုးသောမြစ်သည် ရှိ၏၊ ထိုမြစ်ကို မျှားစွဲကုန်သောလူတို့သည် ကူးကုန်၏။ မြတ်သောဆဆင်းကိုဆောင်ကုန်သော ပြည့်တန်ဆာမတို့သည်လည်း ယောကျ်ားတို့ကို ဖြားယောင်းကုန်လျက် ထိုမြစ်ကမ်းနား၌ နေကုန်၏။ နာရဒရဿေ့သည် ထိုပြည့်တန်ဆာမတို့တွင် တစ်ယောကဲသော ပြည့်တန်ဆာမကိုမြင်၍ စာပ်စွန်းသေစိတ် ရှိသည်ဖြစ်၍ ဈာန်ကိုကွယ်စေ၍

www.dhammadownload.com

အာဟာရကို မသုံးဆောင်ဘဲ ခြောက်ကပ်သော်ကိုယ် ရှိသည်ဖြစ်၍ ကိလေသာ၏ အလိုသို့လိုက်၍ ခုနစ်ရက်ပတ်လုံး လျောင်း၍ အိပ်၏၊ ထိုနာရဒရဿ၏ အစ်ကိုဖြစ်သော ကာဠဒေဝိလရဿသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိလ၍ ကောင်းကင်ဖြင့်လာ၍ လိုဏ်သွင်ဝင်၏၊ နာရဒရဿသည် ကာဠဒေဝိလရဿကိုမြင်၍ "အာဘယ်ကြောင့် အရှင် လာသနည်း" ဟု မေး၏။ "အရှင်သည် မချမ်းသာ၊ အရှင့်ကို ကုစားအံ့သောငှာ လာ၏" ဟု ဆို၏။ ထိုအခါ ကာဠဒေဝိလရဿကို နာရဒရဿသည် "အရှင်သည် မဟုတ်မမှန်သောစကားကို ဆို၏" ဟု မုသာဝါဒဖြင့် နှိပ်စက်လေ၏။ ကာဠဒေဝိလ ရဿသည် "နာရဒရဿကို စွန့်ခြင်းငှာမသင့်" ဟု သာလိယရ ရဿကို ပင့်ဆောင်၏။ မဏ္ဍိယရ ရဿကိုလည်း ပင့်ဆောင်၏၊ ပဗ္ဗာ ရဿကိုလည်း ပင့်ဆောင်လေ၏။ သုံးပါးကုန်သော ရဿတို့ကိုလည်း မုသာဝါဒဖြင့် နှိပ်လေ၏။ ကာဠဒေဝိလ ရဿသည် "သရဘင်္ဂဆရာကို ပင့်ဆောင်အံ့" ဟု ကောင်းကင်ဖြင့် သွား၍ သရဘင်္ဂဆရာကို ပင့်ဆောင်၏။

ကာမသည် ဆင်းရဲစေ၏

သရဘင်္ဂဆရာသည် လာ့လတ်၍လျှင် နာရဒရဿကိုမြင်၍ "ဣန္ဒြေတို့၏အလိုသို့ လိုက်၏" ဟု သိ၍ "နာရဒ....သင်သည် ဣန္ဒြေတို့၏အလိုသို့ လိုက်သလော" ဟု မေး၏။ နာရဒရဿသည် ထိုစကားကိုကြား၍လျှင် ထ၍ရှိခိုး၍ "ဆရာ... အကျွန်ုပ်သည် ဣန္ဒြေတို့၏အလိုသို့ လိုက်၏" ဟုဆိုသည်ရှိသော် "နာရဒ....ဣန္ဒြေတို့၏ အလိုသို့လိုက်သောသူ မည်သည်ကား ဤကိုယ်၏အဖြစ်၌ ခြောက်ကပ်ကုန်လျက် ဆင်းရဲကိုခံရကုန်၍ နှစ်ခုမြောက်သော ကိုယ်၏အဖြစ်၌ ငရဲ၌ဖြစ်ကုန်၏" ဟု ဆိုလို၍-

၆၀။ ယော ဣန္ဒြိယာနံ ကာမေန၊ ဝသံ နာရဒ ဂစ္ဆတိ။
သော ပရိစ္ဆဇ္ဇဘော လောကေ၊ ဇီဝန္တောဝ ဝံသုသတိ.
ဟူသော ရှေးဥဒါန်းစွာသော ဤဂါထာကိုဆို၏။

၆၀။ နာရဒ၊ နာရဒ။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ကာမေန၊ ကိလေသာကာမ၏ အစွမ်းအားဖြင့်၊ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဝသံ၊ အလိုသို့။ ဂစ္ဆတိ၊ လိုက်မှား၏။ သော၊ ထိုယောကျ်ားသည်။ ဥဘော လောကေ၊ နှစ်ပါးကုန်သော လူ.ပြည်နတ်ပြည်တို့ကို၊ ပရိစ္ဆဇ္ဇ၊ စွန့်၍။

၆-၅၈-၅၅၀(တတွဲ)

www.dhammadownload.com

နိုရုယာဒီသု၊ ငရဲဏာစရှိသည်တို့၌။ နိုဗ္ဗတ္တတိ၊ ဖြစ်၏။ ဇီဝန္တောဝ၀၊ အသက်ရှင်စဉ်လျှင်။ စိသုဃတိ၊ ကြီးစွာသော ဆင်းရဲခြင်းသို့ရောက်၏။

ကာမဆင်းရဲပုံ

ထိုစကားကိုကြား၍ နာရဒရားသ့သည် "ဆရာ....ကာမကို မှီဝဲခြင်းမည်သည်ကား ချမ်းသာ၏၊ ဤသို့သဘောရှိသော ချမ်းသာကို ဆရာသည် အဘယ်ကိုရည်၍ ဆင်းရဲ၏" ဟု ဆိုသနည်းဟူ မေး၏။ ထိုအခါ နာရဒရသေ့ဏားသရဘင်္ဂဆရာသည် "နာရဒ...ထိုသို့ဆိုပြီးကား နာလော့" ဟု-

၆၁၊ သုခဿာ နန္တရံ ဒုက္ခံ၊ ဒုက္ခဿာ နန္တရံ သုခံ၊
သော သိ ပတ္တော သုခါ ဒုက္ခံ၊ ပါဋိကင်္ခံ ဝရံ သုခံ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၆၁။ နာရဒ၊ နာရဒ။ သတ္တော၊ သတ္တဝါတို့သည်။ သုခဿ၊ ကာမသုခ၏၊ အနန္တရံ၊ အခြားမဲ့၌။ ဒုက္ခံ၊ ငရဲ ဏာစရှိသည်တို့၌ ဆင်းရဲခြင်းသို့၊ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဒုက္ခဿ၊ သီလကိုစောင့်ရှောက်သော ဆင်းရဲ၏။ အနန္တရံ၊ အခြားမဲ့၌၊ သုခံ၊ လူ့ပြည် နတ်ပြည်၌ဖြစ်သော ချမ်းသာနိဗ္ဗာန်ချမ်းသာသို့။ ပါပုဏန္တိ၊ ရောက်ကုန်၏၊ သတ္တော၊သတ္တဝါဖြစ်သော၊ သောတ္ထံ၊ ထိုသင်္ဘသည်။ စျာနသုခံ၊ စျာန်ချမ်းသာကို၊ နာဒသတ္ထာ၊ ဖျက်ဆီး၍။ သုခါ၊ စျာန်ချမ်းထာမှ၊ ဒုက္ခံ၊ ကာမကိုမှီသောစိတ်၏ဆင်းရဲခြင်းသို့။ ပတ္တော၊ ရောက်သည်။ အသိ၊ ဖြစ်၏။ ဝရံ၊ မြတ်သော၊ သုခံ၊စျာန်ချမ်းသာကို၊ ပါဋိကင်္ခံ၊ အလိုရှိလော့တောင့်တလော့။

ဆင်းရဲကိုသည်းခံ

နာရဒရသေ့သည် "ဆရာ...ဤဆင်းရဲကား သည်းခံနိုင်ခဲ၏၊ အကျွန်ုပ်သည်းခံအံ့သောငှာ မတတ်နိုင်" ဟု ဆို၏၊ ထိုအခါ နာရဒရသေ့ကို ဘုရားလောင်းသည် "နာရဒဖြစ်လာသော ဆင်းရဲမည်သည်ကို သည်းခံအပ်သလျှင်ကတည်း" ဟု ဆိုလို၍-

၆၂။ ကိစ္ဆကာဇလ ကိစ္ဆသဓဟာ၊ ယော ကိစ္ဆံ နာတိဝတ္တတိ၊
သ ကိစ္ဆန္တံ သုခံ မေထော၊ ယောဂံ သမ္မဓိဂစ္ဆတိ-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၆၂။ နာရဒ၊ နာရဒ။ ဒယာဓိဏော၊ အကြင်ပညာရှိသည်။ ကိစ္စကာလေ၊ ဆင်းရဲဖြစ်သောကာလ၌။ ကိစ္စသဟော၊ ဆင်းရဲကိုပယ်ခြင်း၏ အကြောင်းကိုပြုလျက် ဆင်းရဲကို သည်းခံသည်ဖြစ်၍။ ကိစ္စံ၊ ဆင်းရဲကို။ နာတိဝတ္တတိ၊ အလိုသို့မလိုက်။ သော ဓီဓော၊ ထိုပညာရှိသည်။ ကိစ္စန္တိ၊ ဆင်းရဲ၏အဆုံးဟု ဆိုအပ်သော။ ဒယာဂံ၊ ဒယာဂဟု ဆိုအပ်သော။ သုခံ၊ ချမ်းသာကို။ သမဓိဂစ္ဆတိ၊ ရ၏။

တရားကို မဖျက်ဆီးအပ်

နာရဒရဿသည် "ဆရာ....ကာမသုခ မည်သည်ကား မြတ်သော ချမ်းသာဖြစ်၏၊ ထိုမြတ်သောချမ်းသာကို ဟကျန့်ပ်သည် စွန့်အံ့သောင့ မတတ်နိုင်" ဟု ဆို၏။ ထိုအခါ နာရဒရဿကို ဘုရားလောင်းသည် "နာရဒ - တရားမည်သည်ကို တစ်စုံတစ်ခုသောအကြောင်းဖြင့် မဖျက်ဆီးအပ်" ဟု ဆို၍-

၆၃။ န ဟေဝ ကာခာန ကာမာ၊ နာနတ္ထာ နတ္ထကာရဏာ။
န ကတဉ္ဉု နိရံ ဟတ္ထာ၊ ဓမ္မာ စဝိတု မရဟသိ-

ဟူသော လေးခုမြောက်သော ဂျာဂါထာကို ဆို၏။

၆၃။ နာရဒ၊ နာရဒ။ ကာဓနံ၊ဝတ္ထုဟာမတို့ကို။ ဟာမာ၊ ထောင့်တသဖြင့်။ ဓမ္မာ၊ တရားမှ။ စဝိတုံ၊ ရှေ့လျောခြင်းငှာ။ န အရဟသိ၊ မထိုက်။ အနတ္ထာ၊အကျိုးမဲ့ဖြစ်သဖြင့်၊ ဓမ္မာ၊ တရားမှ။စဝိတုံ၊ ရှေ့လျောခြင်းငှာ၊ န အရဟသိ၊မထိုက်။ အတ္ထကာရဏာ၊ ဂျာမည်သောအကျိုးသည် ဖြစ်လတ္တံ့ဟု အကျိုးစီးပွားကို လိုခြင်းဟူသော အကြောင်းကြောင့်လည်း။ ဓမ္မာ၊တရားမှ။ စဝိတုံ၊ရှေ့လျောခြင်းငှာ၊ န အရဟသိ၊မထိုက်။ ကတဉ္ဉု၊ ဖြစ်ဧအပ်ပြီးသော စျာန်ကိုလည်း။ နိရံကတ္ဝာ၊ဖျက်ဆီး၍။ ဓမ္မာ၊တရားမှ။ စဝိတုံ၊ရှေ့လျောခြင်းငှာ။ န အရဟသိ၊ မထိုက်။

အကောင်း ၄-ချက်

ဂျာသို့ သရဘင်္ဂဆရာသည် လေးဂါထာတို့ဖြင့် တရားဟောပြီးသည့် ရှိခဿင် ကာဠဒေဝိလရဿ၊သည် မိမိညီကို ဆုံးမလိုရတား-

www.dhammadownload.com

၆၄။ ဒုက္ခံ ဂဟပတိ သဒေ့၊ သံဝိဘဇ္ဇ ဘောဇနံ။
အဟာသေ ဆတ္ထသာဘေသု၊ အတ္ထပျာပတ္တိ အဗျထော။

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၆၄။ နာရဒ၊ နာရဒ။ ဂဟပတိ-ဂဟပတိနံ့၊ အိမ်ရှင်တို့၏။ ဒုက္ခံ၊ မပျင်းမရိ လိမ္မာသည်၏ အဖြစ်သည်။ သာဓု၊ ကောင်း၏။ သံဝိဘဇ္ဇ၊ တရား စောင့်ကုန်သော ရဟန်း၊ ပုဏ္ဏားတို့နှင့်တကွ ဝေဖန်၍၊ ဘဲဘဇန္ဓ၊ သုံးဆောင်ခြင်းသည်လည်း။ သာဓု၊ ကောင်း၏။ အတ္ထလာဘေသု၊ စည်းစိမ်ဥစ္စာ တို့ကိုရသော ကာလတို့၌၊ အဟာသေ၊ မမေ့မလျော့သည်၏ အစွမ်းအား ဖြင့် မပေါ်မလွင် မရှင်မလန်းသည်၏ အဖြစ်သည်။ သာဓု၊ ကောင်း၏။ ယဒါ၊ အကြင်အခါ၌၊ အတ္ထပျာပတ္တိ၊ အကျိုးစီးပွား၏ ပျက်စီးခြင်းသည်၊ တောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ အဗျာထော၊ မပင်မပန်းခြင်းသည်။ သာဓု ကောင်း၏။

ကာဠဒေဝိလရသေ့သည် နာရဒရသေ့အား ဆိုဆုံးမသည်၏အဖြစ်ကို သိတော်မူ၍ သတ္တဝါ မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူပြီး၍ တစ်ဖန်-

၆၅။ တွောဝတေတံ ပဏ္ဍိစ္စံ၊ အပိ သော ဒေဝိလော ဗြဝိ။
နယိတော ကိဉ္စိ ပါပိယော၊ ဂ္ဂန္ဒြံယာနံ ဝသံ ဝဇေ-

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဟောတော်မူ၏။

၆၅။ ဘိက္ခဝေ၊ ရဟန်းတို့။ တွောဝတာ၊ ဤမျှဖြင့်။ တေံပဏ္ဍိစ္စံ၊ ထို ပညာရှိကို။ အပိ၊ စင်စစ်။ သော ဒေဝိလော၊ ထိုဒေဝိလရသေ့သည်။ အဗြဝိ၊ ဆို၏။ ယော၊ အကြင်သူသည်။ ဂ္ဂန္ဒြံယာနံ၊ ဂ္ဂန္ဒြံတို့၏။ ဝသံ၊ အလိုသို့။ ဝဇေ၊ လိုက်၏။ ဂ္ဂန္ဒတာ၊ ဤသူ့ကဲ့သို့။ ပါပိယော၊ အထူးသဖြင့် ယုတ်မာသော၊ ကိဉ္စိ၊ တစ်စုံတစ်ယောက်သောသူသည်။ နတ္ထိ၊ မရှိ။

ထိုအခါ နာရဒရသေ့ကို သရဘင်္ဂဆရာရသေ့သည် ခေါ်၍ "နာရဒ.... ရွှေဥဒိုးစွာသော ဤစကားကို နားထောင်ဦးလော့၊ အကြင်သူသည် မဆုံးပင်လျှင် ပြုအပ်သည်နှင့်ယှဉ်သော အမှုကို မပြု၊ ထိုသူသည် တောသို့ ဝင်သော လုသင့်ကဲ့သို့ စိုးရိမ်ရ၏၊ ငိုကြွေးရ၏" ဟု ဆို၍ အတိတ်ကို ဆောင် ဟော်မူ၏။

www.dhammadownload.com

သက်သေဝတ္ထု။ လွန်လေပြီးသောအခါ တစ်ခုံးသာ ကာသိနိုဂုံးဌိ အဆင်းလှသော တစ်ယောက်သော ပုဏ္ဏားလုလင်သည် ဖြစ်၏။ အားနှင့် ပြည့်စုံ၏။ ဆင်ပြောင်အား‌ကို ဆောင်နိုင်၏။

လူပြိတ္တာကြီး

ထိုလုလင်သည် "ငါ့အား လယ်လုပ်ခြင်းအမှု အစရှိသည်တို့ကို ပြု၍ မိဘတို့အား လုပ်ကျေးခြင်းတို့ဖြင့် အဘယ်ပြုအံ့နည်း၊ သားမယားဖြင့် အဘယ်ပြုအံ့နည်း၊ ဒါန အစရှိသော ကောင်းမှုတို့ဖြင့် အဘယ်ပြုအံ့နည်း၊ တစ်စုံတစ်ယောက်သောသူကို မမှေးမူ၍ တစ်စုံတစ်ခုသော ကောင်းမှုကို မပြုမူ၍ တောသို့ဝင်၍ သမင်တို့ကိုသတ်၍ကိုယ်ကိုသာလျှင် မွေးအံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုလုလင်သည် ငှက်ပါးသောလက်နက်တို့ကို ဖဲ့လျက် ဟိမဝန္တာသို့ သွား၍ အထူးထူးသော သားတို့ကို သတ်၍ စားလျက် ဟိမဝန္တာဝယ် ဝိဓဝါမည်သော မြစ်ကမ်းနားဌာနတော်တို့သည် ခြံရုံအပ်သော ကြီးသော တောင်ကွန်ရက်သို့ ရောက်၍ တောင်ကွန်ရက်ဌာန်း သားတို့ကို သတ်၍ မီးကျီးဌာန်းအပ်သော အသစ်းတို့ကို စားလျက်နေ၏။ ထိုလုလင်သည် "ငါတား အခါခပ်သိမ်း ခွန်အားနှင့်ပြည့်စုံသည် မဖြစ်လတ္တံ့၊ အားနည်းသောကာလဝယ် တော၌ လှည့်လည်အံ့သောငှာ မတတ်နိုင်လတ္တံ့၊ ယခုလျှင် အထူးထူးသော အမျိုးရှိကုန်သော သားတို့ကို တောင်ကွန်ရက်သို့ သွင်း၍ တံခါးကိုယှဉ်၍ တော၌ မလှည့်လည်မူ၍ အလိုအတိုင်း သားတို့ကိုသတ်၍ စားအံ့" ဟု ကြံ၏။ ကြံပြီး၍ ကြံတိုင်းပြု၏။

ထိုအခါ လုလင်အား ကာလလွန်သည်ရှိသော် ထိုမးကာင်းမှုကံသည် အထွတ်အထိပ်သို့ရောက်၍ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ဆကျိုးကို ပေး၏၊ ထိုလုလင်သည် မိမိ၏လက်ခြေတို့ကို မရ၊ ထိုမှတ်ပြုမှု ရှေ့ရှားအံ့သောငှာ မတတ်နိုင်၊ တစ်စုံတစ်ခုသော ခဲဖွယ်ဘောဇဉ် သောက်ရေကို မမြင်၊ ကိုယ်သည် ညှိုး၏၊ လူပြိတ္တာဖြစ်၏၊ နွေအခါ မြေကြီးကဲ့သို့ ကိုယ်သည် ကဲ့၍ အရေးတို့သည် ထင်၏။ ထိုလုလင်သည် မကောင်းသောဆင်း မခကာင်းသောသဏ္ဌာန်ရှိလျက် ကြီးစွာသောဆင်းရဲကို ခံရ၏၊

သိဝိမင်းကြီး တောလိုက်ထုက်

ဤသို့ မြင့်မှုသောတာလသို့ ရောက်သည်ရှိသော် သိဝိတိုင်းဌ သိဝိမည်သောမင်းသည် "တောဝယ် မီးကျီးဌာန်းအပ်သော အမဲကိုစားအံ့" ဟု

www.dhammadownload.com

အမတ်တို့အား ပြည်ကို ဆောက်ခဲ့၍ ငါးပါးသောလက်နက်တို့ကို ဖွဲ့လျက် တောသို့ဝင်၍ သားတို့ကိုသတ်၍ အသားကိုစားလျက် အစဉ်သဖြင့် ထို တောင်ကွန်ရက် အရပ်သို့ရောက်၍ ထိုယောကျ်ားကိုမြင်၍ ကြောက်လျက် လျှင် သတိကိုဖြစ်စေ၍ ''အချင်းယောကျ်ား....သင်သည် အဘယ် အမည် ရှိသော သူနည်း'' ဟု မေး၏။ ''အရှင်....အကျွန်ုပ်သည် လူပြိတ္တာတည်း၊ မိမိမတောင်းမှုကဲ့၏ အကျိုးကို ခံစားရ၏၊ အရှင်သည် အဘယ်သူနည်း'' ဟု မေး၏။ ''ငါသည် သိဝိမင်းတည်း'' ဟု ဆို၏။ ''ထိုသို့ မင်းဖြစ်လျက် အဘယ်ကြောင့် ဤအရပ်သို့ လာသနည်း'' ဟု မေး၏။ ''သမင်သားကို စားအုံးသောငှာ လာ၏'' ဟု ဆို၏။

လူပြိတ္တာ၏ ဖြစ်အင်

ထိုအခါ သိဝိမင်းအား လူပြိတ္တာသည် ''မြတ်သောမင်းကြီး....အကျွန်ုပ်သည် ဤသမင်သားကို စားလိုခြင်းဟူသော အကြောင်းကြောင့်လျှင် လာလတ်၍ လူပြိတ္တာ ဖြစ်ရ၏'' ဟု အလုံးစုံသောအကြောင်းကို အကျယ်အား ဖြင့်ဆို၍ မိမိ၏ဆင်းရဲသောအဖြစ်ကို မင်းအား ကြားလိုရကား-

၆၆။ အမိတ္တာနံ ဝ ဟတ္ထတ္ထံ၊ သိဝိ ပပေါ်တိ မာမိဝ၊
ဆာမံ ဝိဇ္ဇဋ္ဌ ဒုက္ခေယျံ၊ ဝိဝါဟံ သိလ မဒ္ဒဝံ။

၆၇။ ဧတေ စ ယားသ ဟားပတ္ထာ၊ နိဗ္ဗတ္တာ သေဟိ ကမ္မေဘိ။
သောဟံ သဟာယ ဇီနောဝ၊ အဗန္ဓု အပရာယနော။

၆၈။ အရိယဓမ္မာ အပက္ကန္တော၊ ယထာ ပေတော တထေဝ ဟံ။
သုခ တာမေ ဒုက္ခာပေတ္ထာ၊ အာပန္နောသ္မိ ပဒံ ဣမံ။
သော သုခံ နာဓိဂစ္ဆာမိ၊ ဌိတာ ဘာဏုမတာမိဝံ-

ဟူသော ကြွင်းသောဤဂါထာတို့ကို ဆို၏။

စည်းစိမ်ရကြောင်းမျှား

၆၆။ သိဝိ၊ သိဝိမင်းကြီး။ မာမိဝ၊ ငါကဲ့သို့သောသူသည်။ အမိတ္တာနံ၊ ရန်သူတို့၏။ ဟတ္ထတ္ထံ၊ လက်၌ပျက်စီးခြင်းကို။ ပပေါ်တိ ဣတိဝ၊ ရောက် သကဲ့သို့။ ဝိနာသံ၊ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ကမ္မဋ္ဌ၊လွယ် လုပ်ခြင်း ဆစရှိသော အသက်မွေးခြင်းကို ပြီးစေတတ်သော ဆမ္မ လည်း ကောင်း။ ဝိဇ္ဇာဋ္ဌ၊ဆင်စီးခြင်း ဆစရှိသော ဆတတ် လည်းကောင်း။ ဒုက္ခေ

(၂၅၄)

။ဂုဏ်ထူးနှင့်လည်ပြည့်စုံ ပြောကြွယ်ဖြူထွေးလှ ငွေဇင်းဖြူးဒုဂဝင်္ဂ ။၀င်-ဂုဏ်
(ဇာတကနိဒါန် ၊၀-၀၆၆)



www.dhammadownload.com

www.dhammadownload.com

ယံ၌ဥ၊စည်းစိမ်ကိုဖြစ်စေခြင်း၌ လိမ္မာသည်၏ အဖြစ်ကို လည်းကောင်း။ ဝိဝ၊ဟဉ္စ၊ထိုမ်းမြားခြင်း လည်းကောင်း၊ သိလမဒ္ဒဝဉ္စ၊ ငါးပါးသော သီသ နှုးညံ့သောစကားကို ဆိုတတ်သော အာဆင့်ခင်ပွန်းကို ပေါင်းဖော်ရခြင်း လည်းခေါ်ဝင်း။

၆၇။ တေ စ ယသော၊ ဤစည်းစိမ်ကိုပေးတတ်ကုန်သော သဘောတို့ကို။ ဟာပေတွာ၊ ယုတ်စေ၍။ သော အဟုံ၊ ထိုအကျွန်ုပ်သည်၊ ဧသဟိ အာမေ့ဘိ၊ မိမိဥစ္စာဖြစ်ကုန်သော မဇကောင်းမှုကံတို့ဖြင့်။ သဟာဿဇီနောဝ၊ ဥစ္စာတစ်ထောင် ရှုံးသောသူကဲ့သို့။ အဗန္ဓု၊ အဆွေခင်ပွန်း မရှိသည်။ အပဏုယကောဝ၊ လည်းလျောင်းထု မရှိသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တောဒ၊ လူပြိတ္တာ ဖြစ်၏။

၆၈။ အတံ၊အကျွန်ုပ်သည်။ အရိယဓမ္မာ၊ သူမြတ်တို့၏ အကျင့်မှ။ အပက္ကန္တော်၊ ဖဲခွဲ၍။ ယထာ၊အကြင်အခြင်းဖြင့်၊ ပေတော၊ ပြိတ္တာဖြစ်၏။ တထေဝ၊ ထိုအခြင်းဖြင့်လျှင်။ သုခတာမေ၊ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို။ ဒုက္ခာပေတွာ၊ဆင်းရဲစေ၍။ ဤမှုပဒံ၊ဤသို့သဘောရှိစော ဆင်းရဲအစုသို့။ အာပန္နော၊ရောက်သည်။ အသ္မိ၊ ဖြစ်၏။ သောအဟုံ၊ ထို အကျွန်ုပ်သည်။ ဘာဏုမတာမိဝ၊ မီးကျီးတို့ဖြင့် ထက်ဝန်းကျင်မှ ရံဘိသကဲ့သို့။ ဒ္ဝိတော၊ အပ္ပမလောင်သဖြင့် တည်လျက်။ သုခံ၊ ချမ်းသာကို၊ နာဓိဂစ္ဆာမိ၊ မရ။

ဤသို့ဆို၍ "မြတ်သောမင်းကြီး—အကျွန်ုပ်သည် ချမ်းသာကို လိုလျက် သူတစ်ပါးကို ဆင်းရဲစေ၍ မျက်မှောက်သော ကိုယ်၏ အဖြစ်ဥစ္စာလျှင် လူပြိတ္တာ ဖြစ်၏၊ ထို့ကြောင့် သင်မင်းကြီးသည် မကောင်းမှုကို မပြုလင့်၊မိမိမြို့သို့ သွား၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြုလော့" ဟု ဆို၏။

မင်းသည် မြို့သို့ပြန်၍ လူပြိတ္တာ ဆိုတိုင်းပြု၍ နတ်ပြည်ကို ပြည့်စေ၏" သရဘင်္ဂဆရာသည် ဤအကြောင်းကိုဆောင်၍ နာရဒရဿ့ကို မှတ်စေ၏။

နာရဒရဿ့ သံဝဂရပြီ

နာရဒရဿ့သည် သရဘင်္ဂဆရာ၏ တရားစကားဖြင့် သံဝဂရ၍ သရဘင်္ဂဆရာကို ရှိခိုး၍ ကန့်တော့၍ ကသိုဏ်းပရိကံကို စီးဖြန်း၍ ပျော်ခက်

www.dhammadownload.com

သောစျာန်ကို တစ်ဖန် ပကတိ ရှိအောင်ပြု၏။ ဆရဘုဉ်ဆရာသည် နာရဒ ရသေ့အား ထိုလိုက်၌ နေစိမ့်သောငှာ မေးပန်းမူ၍ နာရဒရသေ့ကိုခေါ်၍ မိမိကျောင်းသို့ သွား၏။

ဇာတ်ပေါင်း။ သမ္မာသည် မြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင် တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြိုးငဲ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား- "ယခုအခါ ငြိုးငဲ့သောရဟန်းသည် ထိုအခါ နာရဒရသေ့ ဖြစ်ပူး၏၊ ယခုအခါ မယားဟောင်းသည် ထိုအခါပြည့်တန်ဆာမ ဖြစ်ပူး၏၊ ယခုအခါ သခင်ပုတြာသည် ထိုအခါ သာလိယရရသေ့ ဖြစ်ပူး၏၊ ယခုအခါ ကဿပသည် ထိုအခါ မဏ္ဍိသရရသေ့ ဖြစ်ပူး၏၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ ပဒုတရသေ့ ဖြစ်ပူး၏၊ ယခုအခါ စာစဉ်းမထေရ်သည် ထိုအခါ ကာဠဒေဝိလရသေ့ ဖြစ်ပူး၏၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အနုပိယ ရသေ့ ဖြစ်ပူး၏၊ ယခုအခါ ဆရှင်မဟာမောဂ္ဂလာန်သည် ထိုအခါ ကိသာ ဝစ္ဆရသေ့ ဖြစ်ပူး၏၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သရဘင်္ဂ ဆရာရသေ့ ဖြစ်ပူး၏" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဂုဇ္ဇနြလိုလိုက်၊ ငရဲဆိုက်၊ လူ၌ ဆင်းရဲစွာ။)

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဂုဇ္ဇနြိယဇာတ်သည် ပြီး၏။

ဂ-အာဒိတ္တဇာတ်

အလ္လဒါနကို ရွှေးချယ်၍ လွှသင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသည် မြတ်စွာဘုရားသည် "အာဒိတ္တာသို့" အစ ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာဒိတ္တဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဃဒိယဒါနကို အကြောင်း ပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုအသဒိသဒါနကို မဟာဂေါဝန္ဒသုတ် အဋ္ဌကထာ ဆောင်းဖြင့် အကျယ်ခဲ့၍ ထိုအပ်၏၊

www.dhammadownload.com

ထိုအသဒိသဒ္ဒါနကို လှူသောနေ့မှ စုနစ်ရက်မြောက်သောနေ့၌ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့....ကောသလမင်းသည် စိစစ် ရွေးချယ်၍လျှင် ကောင်းမှု၏ စုံကပ္ပိုးထုလယ်မြေကိုသိ၍ ဘုရားအမှူးရှိသော အရိယာသံဃာအား အသဒိသဒ္ဒါနကို လှူ၏" ဟု စကားကို ဖြစ်ပေါ်ကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ "ရဟန်းတို့....ယခုအခါအာဘယဲစကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နှားတော် လျှောက်သည်ရှိသော် "ရဟန်းတို့....ကောသလမင်းသည် စိစစ်ရွေးချယ်၍ အတုမရှိမြတ်သော ကောင်းမှု၏ စုံကပ္ပိုးထု လယ်ယာမြေသဖွယ် ဖြစ်တော်မူသော ဘုရားအမှူးရှိသောသံဃာ၌ အလှူပေးခြင်းသည် အံ့ဖွယ်မရှိသေး၊ ရွေးပညာရှိတို့သည်လည်း စိစစ်ရွေးချယ်၍ အလှူကြွေးကို ပေးလှူကုန်၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ သိဝိတိုင်းရောရွာဝယ်မည်သော မင်းကြီးသည် ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူမျှားကို သင်္ဂြိဟ်ထောက်ပံ့လျက် လူများ၏ မိဘအရာ၌တည်၍ ဆင်းရဲသောသူ ခရီးသွား ဟုန်းတောင်းယာစကာတို့အား အလှူကြွေးပေးခြင်းကို ဖြစ်စေ၏။ ထိုရောရွာဝမင်းကြီး၏ မိဖုရားသည် သမုဒ္ဒဝိဇယာမည်၏၊ ပညာရှိ၏၊ ဉာဏ်နှင့် ပြည့်စုံ၏။ ထိုရောရွာဝမင်းကြွေးသည် တစ်နေ့သ၌ အလှူတင်းကုပဲကို ကြည့်လျက် "ငါ၏ အလှူကို သိလမရှိကုန်သော လျှပ်ပေါ် လွှင့်လည်ကုန်သော သူတို့သည် စားကုန်၏၊ ထိုအလှူသည် ငါ့ကို မနှစ်သက်စေ၊ ငါသည်ကား သီလရှိကုန်သော ပစ္စေကဗုဒ္ဓါတို့အား အလှူပေးလို၏၊ ထိုပစ္စေက ဗုဒ္ဓါတို့သည်လည်း ဟိမဝန္တာအရပ်၌ နေကုန်၏၊ အဘယ်သူသည် ထိုပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်၍ ဆောင်ပါလတ္တံ့နည်း၊ အဘယ်သူကို စေရအံ့နည်း" ဟု ကြံ၍ ထိုအကြောင်းကို မိဖုရားအား ကြား၏။ ထိုအခါ ထိုရောရွာဝမင်းကို မိဖုရားသည် "မြတ်သောမင်းကြီး....စိုးရိမ်ဘေဝမမူပါလင့်၊ အကျွန်ုပ်တို့၏ လှူအပ်သော အလှူ၏အာနုဘော် သီလ၏အာနုဘော် သစ္စာ၏ အာနုဘော်ဖြင့် ပန်းတိုကိုစေ၍ ပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်စေ၍ ပစ္စေကဗုဒ္ဓါတို့သည် ကြွရောက်လာသောအခါ၊ အလိုးစုံသောအလှူကို ပေးကုန်အံ့" ဟု ဆို၏။

F-၁၉-၁၁၀(စာ-တို)

www.dhammadownload.com

ပစ္စေကဗုဒ္ဓါတို့ကိုပင့်ပုံ

မင်းသည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ ''အလုံးစုံသောမြို့၌ နေကုန်သော သူတို့သည် သီလကို ဆောက်တည်စေကုန်'' ဟု မြို့၌ စည်လည်စေ၍ မိမိသည်လည်း ပရိသတ်နှင့်တကွ ဥပုသ်ဆောက်တည်၍ ကြီးစွာသော လှူဖွယ်ဝတ္ထုတို့ကို ဖြစ်စေ၍ မုလေးပန်းတို့ဖြင့်ပြည့်သော ရွှေအုပ်ကို ယူစေ၍ ပြာသာဒ်မှသက်၍ မင်းရင်ပြင်၌ရပ်၍ ငါးပါးသော အာဂါတို့ကို မြေ၌ တည်စေ၍ အရှေ့မျက်နှာသို့ ရှေးရှုရှိခိုး၍ အရှေ့မျက်နှာ၌ ရဟန္တာတို့ကို ရှိခိုး၍ ''အကျွန်ုပ်တို့၌ တစ်စုံတစ်ခုသော ကျေးဇူးသည် အကယ်၍ ရှိငြားအံ့၊ အကျွန်ုပ်တို့၌ သနားတော်မူ၍ အကျွန်ုပ်တို့ ဆွမ်းကို ခံပါကုန်လော'' ဟုဆို၍ အရှေ့အရပ်မျက်နှာသို့ ပန်းခုနစ်ဆုပ်တို့ကိုပစ်၏။ အရှေ့အရပ်မျက်နှာ၌ ပစ္စေကဗုဒ္ဓါတို့၏ မရှိခြင်းကြောင့် နက်ဖြန်နေ့၌ မကြွလာကုန်၊ နှစ်ရက်မြောက်သောနေ့၌ တောင်အရပ်မျက်နှာကို ရှိခိုး၏၊ ထိုအရပ်မှလည်း ပစ္စေကဗုဒ္ဓါတို့သည် မကြွလာကုန်။ သုံးရက်မြောက်သော နေ့၌ အနောက်အရပ်မျက်နှာကို ရှိခိုး၏၊ ထိုအနောက် အရပ်မျက်နှာမှလည်း ပစ္စေကဗုဒ္ဓါတို့သည် မကြွလာကုန်၊ လေးရက်မြောက်သော နေ့၌ မြောက်အရပ်မျက်နှာကို ရှိခိုး၏၊ ရှိခိုးပြီး၍လည်း ''မြောက်ဟိမဝန္တစသော အရပ်၌ သီတင်းသုံးနေတော်မူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် အကျွန်ုပ်တို့၏ ဆွမ်းကို ခံတော်မူစေကုန်သတည်း'' ဟု ပန်းခုနစ်ဆုပ်တို့ကို ပစ်လွှတ်၏။ ပန်းတို့သည် သွား၍ နန္ဒမူလိုဏ်၌ ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့၏အပါး၌ ကျကုန်၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်ကုန်လတ်သော် ''မင်းသည် မိမိတို့အား ပင့်ဖိတ်သည်၏ အဖြစ်ကိုသိ၍ နက်ဖြန် သံဃာထေရ်သည်ထိုပစ္စေကဗုဒ္ဓါတို့ကိုခေါ်၍ ''ဆင်းရဲတင်းသောအရှင်တို့.... အရှင်တို့အား ထောရဝမင်းသည် ပင့်ဖိတ်၏။ အရှင်တို့သည် ထောရဝမင်းအား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုကြကုန်လော့'' ဟု ဆို၏။ ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်ဖြင့်ကြွလာ၍ မင်းအိမ်တံခါး၌ ဆင်းသက်ကုန်၏။ ထိုပစ္စေကဗုဒ္ဓါတို့ကို မင်းသည်မြင်၍ ဝမ်းမြောက်ခြင်းဖြစ်လျက် ရှိခိုး၍ ပြာသာဒ်သို့တင်၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ အလှူခံပး၍ ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌ နှက်ဖြန်အကျိုးငှာ, နက်ဖြန်အကျိုးငှာဟူ၍ ဤသို့ခြောက်ရက်ပတ်လုံး ပင့်ဖိတ်၍ ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသော ပရိက္ခရာအလှူကို စီရင်၍ ရတနာခုနစ်ပါးဖြင့်

www.dhammadownload.com

စီရင်အပ်သော ညောင်စောင်းဆောင်းပျဉ် အစရှိသည်တို့ကို ခင်းစေ၍ သက်နှံး ထီး အစရှိကုန်သော ခပ်သိမ်းသော ရဟန်းအသုံးအဆောင်တို့ကို ခုနစ်ပါးကုန်သော ပဇေ့စကဗုဒ္ဓါတို့၏ အထံတော်၌ထား၍ ''အကျွန်ုပ်တို့သည် ဤအလုံးစုံသော ပရိက္ခရာတို့ကို အရှင်ဘုရားတို့အား လှူပါကုန်၏'' ဟု ဆို၍ ထိုပဇေ့စကဗုဒ္ဓါတို့၏ ဆွမ်းဘုဉ်းပေးပြီးသည်၏ အဆုံး၌ မင်းမိဖုရား နှစ်ပါးတို့သည် ရှိခိုးကုန်လျက် တည်ကုန်၏။

သံဃဉ်ထေရ်တရားဟော

ထိုအခါ မင်းမိဖုရားနှစ်ပါးတို့အား အနှံစမာဒနဉ် ပြုလိုရကား သံဃံဉ်ဟော်ရေသည်-

၆၉။ အာဒိတ္တာသ္မိ အဂါရသ္မိ၊ ယံ နီဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ၊ နေဝ ယံ တတ္ထ ဒုယ္ဟတိ။

၇၀။ ဧဝ မာဒီပိကော လောကေ၊ ဇရာယ မရဏေန စ။
နီဟမေတေ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ-

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

၆၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အာဒိတ္တာသ္မိ၊ မီးလောင်၍ ပြောင်ပြောင်တောက်သော။ အဂါရသ္မိ၊ အိမ်၌၊ ယံ ဘာဇနံ၊ အကြင် အသုံးအဆောင်ကို၊ နီဟရတိ၊ ထုတ်ဆောင်၏။ တတ္ထ၊ ထိုအိမ်၌။ ယံ ဘာဇနံ၊ အကြင်အသုံးအဆောင်ကို၊ နေဝ ဒုယ္ဟတိ၊ မီးမလောင်။ တံ ဘာဇနံ၊ ထိုအသုံးအဆောင်သည်။ တဿ၊ ထိုအိမ်ရှင်၏။ အတ္ထာယ၊ အကျိုးငှာ။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။

၇၀၊ ဧဝံတထာ၊ ထို့အတူ။ လောကေ၊ လောက၌။ ဇရာယ စ၊ အိုခြင်းမီးသည် လည်းကောင်း။ မရဏေန စ၊ သေခြင်းမီးသည် လည်းဖြောင်း။ အာဒီပိကော၊ ပြောင်ပြောင်တောက်လောင်၏၊ ဒါနေန၊ ဒါနစေတနာဖြင့်။ နီဟရတေဝ၊ အသုံးအဆောင်ကို ထုတ်ဆောင်ရာ သလျင်ကတည်း။ ယံ ဒါနံ၊ အကြင်အလှူဝတ္ထုကို။ ဒိန္နံ၊ လှူသည်။ ဟောတိ၊ ဖြစ်၏။ တံ ဧဝ၊ ထိုအလှူဝတ္ထုသည်သာလျင်၊ သုနီဟတံ၊ ကောင်းစွာ ထုတ်ဆောင်အပ်သော ဥစ္စာမည်သည်၊ ဟောတိ၊ ဖြစ်၏၊

ဤသို့ သံဃဉ်မထေရ်သည် အနုမောဒနာပြု၍ ,''မြတ်သောမင်းကြီး.... မနုဿလျှော် ဖြစ်လော့' ဟု မင်းအား အဆုံးအမကိုပေး၍ ကောင်းကင်သို့

www.dhammadownload.com

ပျံ၍ ပြာသာဒ်အထွတ်ကို နှစ်ဖြာခဲ့၍ နန္ဒမူလိုဏ်၌ သက်၏၊ ထိုသံဃာ့ဆေးရိက္ခာတို့သည် သံဃာ့ထေရ်နှင့်တကွ ပျံ၍ နန္ဒမူလိုဏ်၌လျှင် သက်၏၊ မင်းနှင့် မိဖုရား၏ ကိုယ်အလုံးသည် ပီတိဖြင့်ပြည့်၏၊

ပဒစ္စကဗုဒ္ဓါတို့တရားတော်

ဤသို့ သံဃာ့ထေရ် ကြွပြီးသည်ရှိသော် ကြင်းသော ပုစ္ဆံကဗုဒ္ဓါတို့သည်-

၃၁။ ဒယာ ဓမ္မ လဒ္ဓဿ ဒဒါတိ ဒါနံ၊ ဥဋ္ဌာန ဝီရိယာဓိဂတဿဲ ဇန္တုံ။
အတိက္ကမ္မ သော ဒဝတ္တရဏိ ယမဿ၊ ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မဒေစ္စော။

၃၂။ ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊ အပ္ပါပိ သန္တံ ဗဟုကေ ဇိနန္တိ။
အပ်ံပိ စေ သဒ္ဓဟနော ဒဒါတိ၊ တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

၃၃။ ဝိဓေယျံ ဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇံဝနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

၃၄။ ပါဏဘူတာနိ အဒဟဌယံ စရံ၊ ပရူပဝါဒါ နကရောတိ ပါပံ။
ဘီရုံပသံသန္တိ နတတ္ထသူရုံ၊ ဘယာဟိ သန္တော်ဝနကရောန္တိပါပံ။

၃၅။ ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။

၃၆။ အဒ္ဓါဟိ ဒါနံ ဗဟုမာ ပသတ္ထံ၊ ဒါနာ စ ခေါ မူပဓံဝေသေယျ။

ပုဗ္ဗဝတေ ပုဗ္ဗဘာဒရဝ သန္ဓာ၊ နိဗ္ဗာန မေဝဇျကမုံ သပညာ-ဟူကုန်သော ဤဂါထာတို့ဖြင့် အနုမောဒနာပြု၍ သံဃာ့ထေရ်ကဲ့သို့လျှင် ပရိက္ခရာတို့နှင့်တကွ ကြွကုန်၏။

၃၁။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇန္တု၊ သတ္တဝါဖြစ်သော်၊ ယော မနေ့စွ၊ အကြင်သူသည်၊ ဓမ္မလဒ္ဓဿ၊ ရဟန္တာကို အစေပြု၍ ဝိဓေယ္ယနာ စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်တို့၌ အောင် ရအင်ပြီးသော တရား၌

www.dhammadownload.com

သော ပုဂ္ဂိုလ်အား။ ဥဋ္ဌာနဝိရိယာဓိဂတသာ၊ လုံ့လပြုသဖြင့် ရဏပ်သော ဝတ္ထု၏။ အဂ္ဂ၊ အဦးကို။ ဂဟေတွာ၊ ယူ၍။ ဒါနံ၊ အလှူကို၊ ဒဒါတိ၊ လှူ၏။ သောမစ္စော၊ ထိုသူသည်။ ယမသာ၊ ယမမင်း၏။ ဝေတ္တရဏိ၊ ဧရဝကြီးရှစ်ထပ် ဥဿဒငရဲ တစ်ဆယ့်ခြောက်ထပ်ကို။ အတိက္ကမ္မ၊ လွန်၍။ ဒီဗ္ဗာနိ၊ နတ်တို့၏ နေရာဖြစ်ကုန်သော။ ဌာနာနိ၊ ရာနှုန်း ဆရပ်သို့။ ဥပေတိ၊ ရောက်၏။

အလှူနှင့် စစ်

၂၂။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဒါနဉ္စ၊ အလှူပေးခြင်းကို လည်းကောင်း။ ယုဒ္ဓဉ္စ၊ စစ်ထိုးခြင်းကိုလည်းကောင်း။ သမဓနံ၊ တူ၏ဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အာဟု၊ ဆိုကုန်၏။ အပွါပိ၊ အနည်းငယ်သော စစ်သည်တို့သည်လည်း။ သန္တာ၊ ဖြစ်ကုန်လျက်။ ဗဟုကေ၊ များစွာကုန်သော စစ်သည်တို့ကို။ ဇိနန္တိ ယထာ၊ အောင်ကုန်၏သို့။ အပွါပိ၊ အနည်းငယ်ဖြစ်ကုန်သော မုဠ္ဌစတနာတို့သည်လည်း။ သန္တာ၊ ဖြစ်ကုန်လျက်။ ဗဟုဇနကာ၊ များစွာကုန်သော ဝန်တိုခြင်း အစရှိကုန်သော ကိလေသာတို့ကို။ ဇိနန္တိ၊ အောင်ကုန်၏။ အပွါပိ၊ အနည်းငယ်သော ဝတ္ထုကိုလည်း။ သဒ္ဒဟနာ။ ကံကံ၏အကျိုးကို ယုံကြည်လျက်။ စေဒဒါတိ၊ အကယ်၍ လှူငြားအံ့။ တေနေဝ၊ ထိုအလှူကြောင့်လျင်။ သော၊ ထိုသူသည်။ ပရတ္ထ၊ တမလွန်ဘ၁၌ သုခိ၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

စီစစ်၍လှူ

၂၃။ မဟာရာဇ၊ မြတ်သောမှင်းကြီး။ ဝိစေယျ၊ အလှူ၀တ္ထု အလှူခံတို့ကို စီစစ်ရွေးချယ်၍။ ဒိန္နံ၊ လှူအပ်သော။ ဒါနံ၊ အလှူကို၊ သုဂတပွဿတ္ထံ၊ ဘုရားတို့သည် ချီးမွမ်းအပ်၏။ ဣဓ ဇဝေလောဓော၊ ဤလူ့ပြည်၌ ယေ ဒက္ခိဏေယျာ၊ အကြင်ဘုရား အစရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဇေတသု၊ ထိုဘုရားအစရှိကုန်သော အလှူခံတို့၌၊ ဒိန္နာနိ၊ လှူအပ်ကုန်သော အလှူတို့သည်။ သုးခဇတ္တ၊ ကောင်းသော လယ်ယာ၌။ ဝုတ္တာနိ၊ ပျိုးအပ်ကုန်သော။ ဗီဇာနိ ယထာ၊ မျိုးစေ့တို့ကဲ့သို့။ မဟပ္ဖလာနိ၊ အကျိုးကြီးကုန်၏။

www.dhammadownload.com

၃၄။ မဟုဇာထုဇ၊ မြတ်ဒသမင်းကြီး။ ပါဏာဘူတဒါနိ၊ ပါဏဟု ဆို အပ်ကုန်သော သတ္တဝါတို့ကို။ အဟေဌယံ၊ သနားသဖြင့် မညှဉ်းဆဲဘဲ၊ စရံ၊ ကျင့်သောသူသည်၊ ပရူပဝါဒါ၊ သူစပ်စဲ့အံ့သည်မူ ကြောက်ထော ကြောင့်။ ပါပံ၊ မဒကောင်းမှုကို၊ နိကရာတို့၊ မပြု။ ဘီရုံ၊ သူစပ်စဲ့ခြင်းမှ ကြောက်ဒသာသူကို။ သဒန္တာ၊ သူဒတ်ဒကောင်းတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ တတ္တာ၊ ထိုသူတစ်ပါး၏စပ်စဲ့ခြင်းဌ်။ သူရုံ၊ ရဲနင့်သောသူကို။ နပွသံသန္တိ၊ မချီးမွမ် ကုန်။ ဘယာဟိ၊ သူတစ်ပါးတို့၏စပ်စဲ့ခြင်းမှ ကြောက် ဒသာကြောင့်သာလျှင်။ သဗန္တာ၊ သူတော်ကောင်းတို့သည်။ ပါပံ၊ မကောင်းမှုကို။ နကရာန္တိ၊ မပြုကုန်။

ဒါန ၃-မျိုးအကျိုး ၃-ရပ်

၃၅။ မဟာဇာထုဇ၊ မြတ်သောဓင်းကြီး။ ဟိနေန၊ ယုတ်သော။ ဗြဟ္မ-စရိယေန၊ တိတ္ထိတို့၏ကျောင်းဌ် မေထုန်မှ ကြဉ်ခြင်း, သီလသာသနာတော် ဌ် ကာမချမ်းသာကို တောင့်တ၍ ကျင့်သော သီဇရှိသော ပုဂ္ဂိုလ်၏ သီလ ဟူဆော ဗြဟ္မစရိယဖြင့်။ ခတ္တိယေ၊ မင်းမျိုးဌ်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ မဇ္ဈိမေန၊ တိတ္ထိတို့၏ ကျောင်းဌ် စျာန်၏, ဥပစာရ သာသနာတော်ဌ် စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်၏ စံျာန်သမာပတ်ကို ဖြစ်စေခြင်းဟု ဆိုအပ်ခဲသာ ဇာလတ်ဖြစ်သော ဗြဟ္မစရိယဖြင့်။ ဒေဝတ္တံ၊ နတ်ဗြဟ္မာတို့၏ ဇာဖြစ်သို့။ ဥပပဇ္ဇတိ၊ ရောက်၏။ ဥတ္တံမေန၊ တိတ္ထိတို့၏ကျောင်းဌ် ရှစ်ပါး သော သမာပတ် သာသနာတော်ဌ် ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်ကို ဖြစ်စေခြင်း ဟူသော မြတ်သော ဗြဟ္မစရိယဖြင့်။ ဝိသုဒ္ဓါတို့၊ တာမမှ စင် ကြယ်ခြင်း ဝဋ်ဆင်းရဲမှ စင်ကြယ်ခြင်း ဖြစ်၏၊

သမထဝိပဿနာ

၃၆။ မဟာဇာထုဇ၊ မြတ်သောမင်းကြီး။ ဒါနံ၊ ဒါနကို၊ အဒ္ဓါဟိ၊ စင်စစ်သဖြင့်လျှင်။ ဗဟုဓာ၊ များသောအပြားဖြင့်လျှင်။ ပသတ္ထံ၊ ချီးမွမ်း အပ်၏။ ဒါနာ စဒေါ။ ဒါနထက်လျှင်။ ဓမ္မပဒံဝ၊ သမထ,ဝိပဿနာဟု ဆိုအပ်သော တရားအစုံသည်သာလျှင်။ သေယျော၊ မြတ်၏၊ ဟိသစ္စံ၊ ထို စကားသည်မှန်၏။ ပုဗ္ဗေဝ၊ ဤဘဒ္ဒကမ္ဘာ၏ ရှေးဦးဌ်လျှင်။ သန္တော၊ ကဿပဘုရား အစရှိကုန်သော ယူးဘာ်ခတောင်းဖြစ်ကုန်သော။သပညော၊

www.dhammadownload.com

ပညာရှိတို့သည်လည်းကောင်း။ ပုပ္ပဲတရေဝ၊ ရွှေးထက်ရွေးဦ်လျှင်၊သန္တေဝ၊ ဝေဿဘူဘုရား အစရှိကုန်သော သူတော်ကောင်းဖြစ်ကုန်သော။ သပညော စ၊ ပညာရှိတို့သည် လည်းကောင်း။ တေ၊ ထိုပညာရှိ သူတော်ကောင်းတို့ သည်။ သမထဝိပဿနံ၊ သမထဝိပဿနာကို၊ ဘာဝေတွာ၊ ပွားစေ၍။ နိဗ္ဗာန မေဝ၊ နိဗ္ဗာန်ဆိုသာလျှင်။ အဇ္ဈဂမုံ၊ ရောက်ကုန်ပြီ။

ဤသို့ ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် မင်းအား မြတ်သော အမြိုက်နိဗ္ဗာန်ကိုဟောလျှက် မင်းကို မမေ့မမလျော့ခြင်းကို ဆုံးမ၍ ဆိုအပ်ပြီး သောနည်းဖြင့်လျှင် မိမိတို့၏နေရာသို့ ကြွကုန်၏။ မင်းသည်လည်း မိဖုရား နှင့်တကွ အလှူပေး၍ အသက်ထက်ဆုံးတည်၍ မင်းအဖြစ်မှ စုတေ၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း။ သင့်ညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ ''ရဟန်းတို့....ဤသို့လျှင် ရှေးဦ်လည်း ပညာရှိတို့သည် စိစစ်ရွေး ချယ်၍ အလှူပေးပူးကုန်၏ဟု ဟောတော်မူ၍ ပစ္စေကဗုဒ္ဓါတို့သည် ထို အခါ ပရိနိဗ္ဗာန်ကို ပြုကုန်ပြီ၊ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ ဃမုဒ္ဒဝိဇယာမိဖုရား ဖြစ်ပူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာဆွေရှဝဓင်း ဖြစ်ဖူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အလှူခံမြတ်၊ ပေးလှူလတ်၊ ရောက်ဆပ်နတ်တို့ရှာ။)

ရှစ်ခုတို့၏ ပြည့်ကြွေးဖြစ်သော အာဒိတ္တဇာတ်သည် ပြီး၏။

၉-အင်္ဂါနဇာတ်

မိန်းမတို့ ကျေးဇူးမသိတတ်ခြင်းအကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သင့်ညူမြတ်စွာဘုရားသည် ''ဂင်္ဂါ ကုမုဒီနီ'' အစရှိသော ဂါထာပုဒ်ဖြင့် စာန်ဆာဆင်အပ်သော ဤအင်္ဂါနဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြိုးငွေ့သော ရဟန်းတစ်ပါး ကို အကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ ထိုဒုဟန်းကို သမ္မည်မြတ်စွာဘုရားသည် "ရဟန်း.... သင်သည် ငြီးငွေ့သောဟူသည် မှန်သလော" ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား.... မှန်ပေ၏" ဟု နားတော်လျှောက်ထားသည်ရှိသော် အဘယ်ကြောင့် ငြီးငွေ့သနည်း" ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား....ကိုလသာ၏ ဆစ္ဓမ်းဆားဖြင့် ငြီးငွေ့၏" ဟု လျှောက်သည်ရှိသော် "ရဟန်း.... မိန်းမတို့မည် သည်ကား ကျွေးဋ္ဌေးကို မသိတတ်၊ ဆဆွဲခင်ပွန်းကို ဖြစ်မှားတတ်၏၊ အကျမ်းမဝင်အပ်။ လွန်လေပြီးသောအခါ ပညာရှိတို့သည် နေ့တိုင်းနေ့တိုင်း အသပြာတစ်ထောင်ကို ပေးကုန်လျက် မာတုဂါမကို နှစ်သက်စိမ့်သောငှာ မတတ်နိုင်ကုန်။ ထိုမိန်းမသည် တစ်နေ့မျှ၌ အသပြာတစ်ထောင်ကို မရ၍ လည်၌ကိုင်စေ၍ ငင်ထုတ်စေဖူး၏၊ ဤသို့ မိန်းမသည်ကား ကျွေးဋ္ဌေးကို မသိတတ်၊ ထိုမိန်းမ၏အကြောင်းကြောင့် ကိုလသာ၏အလိုသို့ မလိုက်လင့်" ဟု မိန့်ဘော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာဇုဏာသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗြဟ္မဒတ်မင်း၏ ဗြဟ္မဒတ္တာမည်သော သတို့သား, ဗာဇုဏာသို့သူဌေး၏ မဟာဓနမည်သော သတ္ထုသား ဤနှစ်ယောက်ကုန်သော သူငယ်တို့သည် တကွ မြေမှုန့်ကစားဘက် အဆွဲခင်ပွန်းဖြစ်ကြကုန်၏။ တစ်ဦးသော ဘုရားမျိုး၌လျင် အတတ်ကိုသင်ကြကုန်၏။ မင်းသားသည် အဘလွန်ဆုံးသော် မင်းဘဖြစ်၌ဘဲကည်၏။ သူဌေးသားသည်လည်း မင်း၏အထံ၌သာလျှင် နေ၏။

သူဌေးသားနှင့်ပြည့်တန်ဆာမ

ဗာဇုဏာသီပြည်၌လည်း တစ်ယောက်သော အဆင်းလှသောပြည့်တန်ဆာမသည် ရှိ၏၊ ထိုပြည့်တန်ဆာမသည် မြတ်သော တင့်တယ်ခြင်းသို့ ရောက်၏။ သူဌေးသားသည် နေ့တိုင်းနေ့တိုင်း တစ်ထောင်သောအသပြာကိုပေး၍ ထိုပြည့်တန်ဆာမနှင့် တကွလျင် မွေ့လျော်လျက် အဘလွန်သဖြင့် သူဌေးဆုကို ရ၍လည်း ထိုပြည့်တန်ဆာမ့ကို မစွန့်၊ ဌေးအတူသာလျှင် နေ့တိုင်း နေ့တိုင်း တစ်ထောင်သောအသပြာကို ပေး၍ မွေ့လျော်၏။

www.dhammadownload.com

သူဌေးသားနှင်ထုတ်ခံရ

သူဌေးသားသည် တစ်နေ့သုံးကြိမ် မင်းခစားအံ့သောငှာ သွား၏။ ထိုအခါ တစ်နေ့သ၌ မင်း၏အထံသို့သွားသော ထိုသူဌေးသားအား မင်းနှင့်တကွ စကားပြောစဉ်လျင် နေဝင်၍ အမိုက်သည် ဖြစ်၏။ သူဌေးသားသည် မင်းအိမ်မှထွက်၍ ''ယခု အိမ်သို့သွား၍ လာအံ့သောငှာ အချိန်မရှိပြီ၊ ပြည့်ဟန်ဆာမအိမ်သို့သွားအံ့'' ဟု အလုပ်အားကျွေးတို့ကို လွှတ်လိုက်၍ တစ်ယောက်တည်းသာလျင် ပြည့်တန်ဆာမအိမ်သို့ ဝင်၏။ ထိုအခါ သူဌေးသားကို ပြည့်တန်ဆာမသည် မြင်၍ ''အရှင့်သား....သင်သည် အသပြာတစ်ထောင်ကို ဆောင်ခဲ့၏လော'' ဟု မေး၏။ ''ရှင်မ....ယခုသည်လျင် အလွန်မိုးချုပ်၏၊ ထို့ကြောင့် ငါဆည် အိမ်သို့မသွားမူ၍လျှင် လူတို့ကို လွှတ်လိုက်၍ တစ်ယောက်စေသည်းသာလျင် ရှင်မအိမ်သို့ဝင်၏။ နက်ဖြန်မှ သင့်အား အသပြာနှစ်ထောင်ကို ပေးအံ့'' ဟု ဆို၏။ ပြည့်ဒန်ဆာမသည် ''ယနေ့ ငါဆည် အကယ်၍ အခွင့်ပြုအံ့၊ သူဌေးသားသည် တစ်ပါးသော နေ့တို့၌လည်း လက်ချည်းသက်သက်လျင် လာလတ္တံ့၊ ဤသို့လာလတ်သော်ငါ့အား ဥစ္စာယုတ်လတ္တံ့၊ ယခု ဤသူဌေးသားအား ငါသည် အခွင့်မပြုအံ့'' ဟု ကြံပြီး၍ ထိုအခါ သူဌေးသားကို ''အရှင်....အကျွန်ုပ်တို့သည် ပြည့်တန်ဆာမ မည်ကုန်၏၊ အကျွန်ုပ်တို့အား အသပြာတစ်ထောင် မပေးမူ၍ မေ့လျော့ရခြင်းမည်သည် မရှိ၊ အသပြာ တစ်ထောင်ကို ဆောင်ခဲ့လော့'' ဟု ဆို၏။ ''ရှင်မ—နက်ဖြန် အသပြာနှစ်ထောင်ကို ဆောင်ခဲ့အံ့'' ဟု အဖန်တလဲလဲ သူဌေးသားသည် တောင်းပန်၏။ ပြည့်တန်ဆာမသည် ကျွန်မတို့ကို ''ထိုသူဌေးသားအား ဤအိမ်၌ရပ်၍ ကြည့်စိမ့်သော်ငှာ ခွင့်မပေးလင့်၊ လည်၌ကိုင်၍ ငင်ထုတ်ပြီးလျင် ကံခါးကုပ်တံခါးကုန်လော့'' ဟု ဆို၏။ ထိုစကားကိုကြား၍ ကျွန်မတို့သည် ပြည့်တန်ဆာမ ဆိုတိုင်း ပြုကြကုန်၏။

ရသေ့ဝတ်သွားပြီ

ထိုအခါ သူဌေးသားသည် ''ငါဆည် ဤမိန်းမနှင့်တကွ ကုဋေ့ရွှစ်ဆယ်သောဥစ္စာကိုစားပြီ၊ ဤမိန်းမသည် ငါ့ကို တစ်နေ့မျှ လက်ချည်းလာသည်ကိုမြင်၍ လည်၌ကိုင်၍ ငင်ထုတိ၏စေ၏၊ မိန်းမ မည်သည်ကား ယုတ်မာစွ၊ အရွက်မရှိ၊ ကျေးဇူးကိုမသိ၊ အဆွေခင်ပွန်းကိုပြစ်မှားတတ်၏'' ဟု ကြံ၏။ ကြံပြီး၍ သူဌေးသားသည် မိန်းမ၏ ကျေးဇူးမဲ့ကို အောက်မေ့လျက်

www.dhammadownload.com

တပ်စွန်းခြင်း ကင်းခြင်း၊ စက်ဆုပ်ရွံရှာဖွယ်ဟူသော သညာကို ရ၏၊ အိမ်ရာထောင်ခြင်းငှဲ့လည်း ငြီးငွေ့၏။ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ယနေ့လျှင် တောထွက်၍ ရဟန်းပြုအံ့'' ဟု တစ်ဖန် အိမ်သို့မသွားမူ၍ မင်းကို မဖူးမြင်မူ၍ မြို့မှထွက်၍ တောသို့ဝင်၏။ ဂင်္ဂါနားဌ် ကျောင်းဆောက်၍ စျာန်အဘိညာဉ်ကို ဖြစ်စေ၍ တောသစ်မြစ်တောသစ်သီးဟူသော အာဟာရရှိသည်ဖြစ်၍ ထိုအရပ်၌နေ၏။

ပြည့်တန်ဆာမလိုက်ပင့်ခြင်း

မင်းသည် သူဌေးသားကို မမြင်သည်ရှိသော် ''အဆွေခင်ပွန်းသည် အဘယ်မှာနည်း'' ဟု မေး၏။ ပြည့်တန်ဆာမသည် ပြုအပ်သောအမှုသည် မြို့အလုံးဌ် ထင်ရှား၏။ ထို့ကြောင့် ထိုအခါ ထိုမင်းအား ထိုအကြောင်းကို ကြား၍ ''မြတ်သောမင်းကြီး—အရှင်မင်းကြီး၏ အဆွေခင်ပွန်းသည် ရွက်ခြင်းကြောင့် အိမ်သို့လည်း မလာမူ၍ တောသို့ဝင်၍ ရဟန်းပြုသည်ဖြစ်လတ္တံ့'' ဟူ ဆိုကုန်၏။ မင်းသည် ထိုစကားကိုကြား၍ ပြည့်တန်ဆာမကို ခေါ်စေ၍ သင်သည် တစ်နေ့သဌ် တစ်ထောင်သော အသပြာကို့ မရ၍ အဆွေခင်ပွန်းကို လည်ဌင်၍ ထုတ်စေးသာဟူသည် မူန်သလော'' ဟု မေး၏၊ ''မြတ်သောမင်းကြီး....မှန်ပေ၏'' ဟု လျှောက်၏။ ''ယုတ်မာစွာသော ကျွန်မ....လျင်မြန်စွာ အဆွေခင်ပွန်းရှိရာအရပ်သို့ သွား၍ အဆွေခင်ပွန်းကို ဆောင်ခေါ်၊ အကယ်၍ သင်မဆောင်အံ့၊ သင်၏ အသက်သည် မရှိရာ'' ဟု မင်းသည် ဆို၏။ ပြည့်တန်ဆာမသည် မင်း၏စကားကိုကြား၍ ကြောက်ရကား ရထားစီး၍ မျှားစွာသော အခြံအရံဖြင့် မြို့မှထွက်၍ သူဌေးသား၏ နေရာအရပ်ကိုရှာလျက် နားထောင်သည်၏ဇာစ်မဲ့းဖြင့် နေရာအရပ်ကိုကြား၍ ထိုအရပ်သို့သွား၍ ရှိခိုး၍ ''အရှင်ဘုရား—အကျွန်ုပ်သည် ဆလွန်မိုက်သည်၏ အဖြစ်ကြောင့် ပြုအပ်သောအပြစ်ကို အရှင်ဘုရား တို့သည် သည်းခံတော်မူကုန်၊ အကျွန်ုပ်သည် တစ်ဖန် ကျိုးကဲ့သို့မပြုပါ'' ဟု တောင်းပန်လျှင် ''မကောင်းပြီ'' သင့်အား ငါသည်းခံ၏၊ သင်ဌဲ့ ငါသည် ရန်ငြိုးဖွဲ့ခြင်းသည် မရှိ'' ဟု ဆိုသည်ရှိသော် ''အရှင်ဘုရား.... အရှင်ဘုရားတို့သည် အကယ်၍ သည်းခံတော်မူကုန်အံ့၊ အကျွန်ုပ်နှင့်တကွ ရထားစီး၍ ကြွတော်မူကုန်လော့၊ မြို့သို့ရောက်သောကာလ အကျွန်ုပ်အိမ်ဌဲ့ရှိသော အလုံးစုံသောဥစ္စာကို အရှင်ဘုရားတို့အား ပေးအံ့'' ဟုဆို၏။

www.dhammadownload.com

ရသေ့မလိုက်ပြီ

သူဋ္ဌေးသားရသေ့သည် ထိုပြည့်တန်ဆာမ၏စကားကို ကြား၍ "ရှင်မယ ခု ငါသည် သင်နှင့်တကွ သွားအံ့သောငှာ မတတ်ကောင်း၊ အကြင် အခါ၌ကား ဤလောက၌ မဖြစ်ထသော၀တ္ထုသည် ဖြစ်ငြားအံ့၊ ထိုအခါ လာနိုင်ငြားအံ့လည်း မသိ" ဟု ဆိုလို၍-

၂၂။ ဂင်္ဂါ ကုမုဒိနီ သန္တိဝ၊ သခ်ံ ဝဏ္ဏာ စ ကောကိလာ။
ဇမ္မု တာလဖလံ ဒဠ္ဎာ၊ အထ နုန တဒါ သိယာ-

ဟူသော ရွှေးဦးစွာသာဤဂါထာကို ဆို၏။

၂၂။ ဘံဒ္ဒေ၊နှမ၊ ယဒါ၊အကြင်အခါ၌၊ ဂင်္ဂါ၊ မြစ်တို့သည်။ ကုမုဒိနီ၊ ကုမုဒြာ ကြာတို့ဖြင့် ဖုံးလွှမ်းကုန်လျက်။ သန္တာ၊ မစိမ်းမသွေး ငြိမ်သက်စွာ တည်ကုန်သည်။ သိယုံ၊ဖြစ်ကုန်ရာ၏။ ကောကိလာ၊ ဥသြတို့သည်လည်း။ သခ်ံဝဏ္ဏာ၊ ခရုသင်းကဲ့သို့ ဖြူသောအဆင်း ရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ ဇမ္မု စ၊ သခပြဲပင်သည်လည်း။ တာလဖလံ ဒဠ္ဎာ၊ထန်းသီး သီးရာ၏။ အထ၊ထို့ကြောင့် ဖြစ်လတ်သော်။ တဒါ၊ ထိုအခါ၌။ အမှာကံ၊ငါတို့၏။ သမာဂမာ၊ခပါင်းဖော်ခြင်းဘည်။ သိယာ နူနု၊ ဖြစ်ငြားအံ့လည်း မသိ။

ဘယ်တော့မှ မလိုက်ပြီ

ဤသို့ ဆို၍သည်း တစ်ဖန် ပြည့်တန်ဆာမသည် "အရှင်ဘုရား၊ လာသော့၊ သွားကုန်အံ့" ဟု ဆိုသည်ရှိသော်"သွားကုန်အံ့" ဟုဆို၍ "အဘယ်အခါ၌ သွားကုန်အံ့နည်း" ဟု မေးသောအခါ "ဤမည်သောအခါ၌ သွားကုန်အံ့" ဟု ဆိုလို၍-

၂၀။ ယဒါ ကစ္ဆပဒလာမာနံ၊ ပါ၀ါရော တိဝိဒေါ သိယာ။
ဟေမန္တိကံ ပါဝုရဏံ၊ အထ နုန တဒါ သိယာ။
၂၉။ ယဒါ မကသပါဒါနံ၊ အဋ္ဌာလော သုကတော သိယာ၊
ဒဒ္ဒဠော စ အဝိကမ္ဗိ စ၊ အထ နုန တဒါ သိယာ။
၃၀။ ယဒါ သသဝိသာဏာနံ၊ နိယ္ယော သုကတော သိယာ၊
သဂ္ဂသ ရောဟနတ္ထာယ၊ အထ နုန တဒါ သိယာ။
၃၁။ ယဒါ နိဒသဏိ မာရှယ္ဟ၊ စန္ဒံ ခါဒေယျုံ မူသိကာ။
ရာဟုဠ ပရိပါတေယျုံ၊ အထ နုန တဒါ သိယာ။

www.dhammadownload.com

၈၂။ ယဒါ သုရာဃဋ်ံ ပိတ္တာ၊ မက္ခိကာ ၎ာ စာရိနီ၊
အာဂ်ါရေ ဝါသံ ကးပွယျုံ၊ အထ နူန တဒါ သိယာ။
၈၃။ ယဒါ ဗိမွေးဋ္ဌ သမွနွေ်၊ ဂဒြဘော သုမုခါ သိယာ။
ကုသလော နိစ္စ ဂီတသ၊ အထ နူန တဒါ သိယာ။
၈၄။ ယဒါ ကာကဒ ဥလူကာ စ၊ မန္တယေယျုံ ရဟောဂတာ။
အညမညံ ပိဟယေယျုံ၊ အာဘ နူန တဒါ သိယာ။
၈၅။ ယဒါ မုဋ္ဌာလပတ္ထာနံ၊ ဆတ္တံ ထိရတရံ သိယာ။
ဝဿသဿ ပဋိသးတာယ၊ အထ နူန တဒါ သိယာ။
၈၆။ ယဒါ ကုလကော သကုဏော၊ ပဗ္ဗတံ ဂန္ဓမာဒနံ။
တုဏ္ဍေနာဒါယ ဂစ္ဆေယျ၊ အထ နူန တဒါ သိယာ။
၈၇။ ယဒါ သာမုဒ္ဒိကံ နာဝံ၊ သယဋ္ဌံ သပဋာကဏံ။
စေဋ္ဌော ဆာဒါယ ဂစ္ဆယျ၊ အထ နူန တဒါ သိယာ·

ဟူသော ဤဂါထာတို့ကို ဆို၏။

၂၀။ ဘဒ္ဒ·နှုမ၊ ယဒါ၊အကြင်အခါ၌။ ဓာတ္ထပလောမာနံ၊လိပ်မှေး တို့၏။ တိဝိဓော၊သုံးပါးအပြား၌သော၊ ပါဠါရော၊ လိပ်မှေးပန်းပွင့်ဖြင့် ရက်အပ်သော အရုံ လိပ်မှေးသက်သက်ဖြင့်သော ရက်အပ်သောအရုံ ထိုဆို အပ်ခဲ့ပြီးသော နှစ်ပါးစုံဖြင့် ရက်အပ်သော အရုံသည်။ သိယာ၊ ဖြစ်ရာ၏။ ဟေမန္တိကံ ပါဝုရဏံ၊ ဆောင်းကာလ၌ ခြုံခြင်းငှာ တက်ကောင်းသည်။ သိယ၁၊ဖြစ်ရာ၏။ အာဒ၊ထိုသို့ဖြစ်သည်ရှိသော်။တဒါ၊ထိုအခါ၌၊မမ၊ငါ၏။ တယာ၊သင်နှင့်။ သဒ္ဓိ·၊တကွ၊ နူန ကဲ့သေန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ၊ဖြစ်ရာ၏၊

၂၉။ ဘဒ္ဒ၊နှုမ။ ယဒါ၊အကြင်အခါ၌။ မကသပါဒါနံ၊မှက်ခြင်တို့ ၏ခြေတို့ဖြင့်။ သုကဒတာ၊ တင်၍စစ်ထိုးခြင်းငှာ ခံ့အောင်ကောင်းစွာ ပြုအပ်သော။ ဆဋ္ဌာလော၊ ပြအိုးပစ္စိုင်သည်၊ ဒဠ္ဆော စ၊ ခိုင်ခံ့သည်လည်း ကောင်း။ အဝိကမ္ပိ စ၊ မတုန်မလှုပ်ခြင်းသည် လည်းကောင်း။ သိယာ၊ ဖြစ်ရာ၏။ ဆထ၊ ထိုသို့ဖြစ်သည်ရှိသော်၊ တဒါ၊ ထိုအခါ၌။ မမ၊ငါ၏။ တယာ၊သင်နှင့်။ သဒ္ဓိ·၊တကွ။ နူန ကဲ့သေန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ၊ဖြစ်ရာ၏။

၃၀၊ ဘဒ္ဒ၊နှုမ။ ယဒါ၊ အကြင်အခါ၌၊ သဂ္ဂဿ၊ နတ်ပြည်သို့။ အာဒရ-ဟနတ္ထာယ၊တကိုအံ့ခဲသောငှာ၊ သသဝိသးဏာနံ၊ ယုန်ချိတို့ဖြင့်၊

www.dhammadownload.com

နိဒဿကို၊ စောင်းတန်းလျှကားကို၊ သုကတဒ၊ ကောင်းစွာ ပြုအပ်သည်၊ သိယာ၊ ဖြစ်ရာ၏။ အဆ၊ ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ဌ်။ မမ၊ ငါ၏။ တယာ၊သင်နှင့်။ သဒ္ဓိ၊ တကွ၊ နူန ကေဝသန၊စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်၊ သိယာ၊ဖြစ်ရာ၏။

၈၁။ ဘဒ္ဒေ၊ နှမ။ ယဒါ၊ အကြင်အခါဌ်၊ မူသိကာ၊ ကြွက်တို့သည်၊ နိဝေသကို၊ ယုန်ချို့စောင်းတန်း လျှကားသို့။ အာရုယ့်၊ တက်၍၊ စန္ဒ်၊ လကို့။ ခါဒေယျုံ့၊ ခဲကုန်ရာ၏။ ရာဟုဋ္ဌ၊ ရာဟုကို့လည်း၊ ပရိပါတေယျုံ့၊ ပြေးဧကုန်ရာ၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်၊ တဒါ၊ ထိုအခါဌ်။ မမ၊ ငါ၏။ တယာ၊ သင်နှင့်။ သဒ္ဓိ၊ တကွ။ နူန ကေဝသန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

၈၂။ ဘဒ္ဒေ၊ နှမ။ ယဒါ၊ အကြင်အခါဌ်။ ဂဏစာရိနီ၊ တစ်ပေါင်းတစ်စုတည်း ကျက်စားကုန်သော။ မကွီကာ၊ ယင်တို့သည်။ သုရယ်ဌ်၊ တစ်လုံးတစ်လုံးစီသော သေအိုးကို။ ပိတ္ဝာ၊ သောက်၍။ မဒ္ဒါ၊ ယစ်ကုန်သည်ဖြစ်၍။ အင်္ဂါရေ၊ မီးကဲ့ဌ်။ ဝါသံ၊ နေခြင်းကို၊ ကပွေယျုံ့၊ ပြုနိုင်ကုန်ရာ၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်၊ တဒါ၊ ထိုအခါဌ်။ မမ၊ ငါ၏။ တယာ၊ သင်နှင့်၊ သဒ္ဓိ၊ တကွ။ နူန ကေဝသန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

၈၃။ ဘဒ္ဒေ၊ နှမ။ ယဒါ၊ အကြင်အခါဌ်၊ ဗိဠာရဒွါရသမွန္နော၊ ကဲ့ဌ်း အာသီးမျည့်နှင့်တူသော နွားတ်ခမ်းနှင့်ပြည့်စုံးသော၊ သုမုခေါ၊ ကောင်းသော မျက်နှာရှိသော။ ဂဒြဘော၊ မြည်းသည်၊ နိစ္စဂီတဿ၊ ကခြင်းသီခြင်းဌ်။ ကုသလော၊ လိမ္မာသည်။ သိယာ၊ ဖြစ်ရာ၏၊ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ ထိုအခါဌ်၊ မမ၊ ငါ၏၊ တယာ၊ သင်နှင့်။ သဒ္ဓိ၊ တကွ။ နူန ကေဝသန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

၈၄။ ဘဒ္ဒေ၊ နှမ၊ ယဒါ၊ အကြင်အခါဌ်၊ ဗိဠမ္ဗာဋ္ဌသမွန္နော၊ ကဲ့ဌ်း အာသီးမျည့်နှင့်တူသော နွားတ်ခမ်းနှင့်ပြည့်စုံးသော၊ သုမုခေါ၊ ကောင်းသော မျက်နှာရှိသော။ ဂဒြဘော၊ မြည်းသည်၊ နိစ္စဂီတဿ၊ ကခြင်းသီခြင်းဌ်။ ကုသလော၊ လိမ္မာသည်။ သိယာ၊ ဖြစ်ရာ၏၊ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ ထိုအခါဌ်။ မမ၊ ငါ၏၊ တယာ၊ သင်နှင့်။ သဒ္ဓိ၊ တကွ။ နူန ကေဝသန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

၈၅။ ဘဒ္ဒေ၊ နှမ၊ ယဒါ၊ အကြင်အခါဌ်၊ ကာကဿ၊ ကျီးတို့သည်လည်းကောင်း၊ ဥလူကဿ၊ ခင်ပုပ်တို့သည်လည်းကောင်း၊ ရဟောဂတဿ၊ ဆိတ်ကွယ်ရာအရပ်သို့ ကပ်ကုန်၍။ မန္တာယေယျုံ့၊ တိုင်ပင်ကုန်ရာ၏။ အညမညံ၊ အချင်းချင်း။ ပိဟဒယျုံ့၊ ချစ်ကုန်ရာ၏၊ အဆ၊ ထိုသို့ဖြစ်သည်ရှိသော်၊ တဒါ၊ ထိုအခါဌ်၊ မမ၊ ငါ၏။ တယာ၊ သင်နှင့်။ သ

www.dhammadownload.com

တက္ခ။ နှုန ကေံသေန၊ စင်စစ်သဖြင့်။ သံထဂ္ဂါ၊ ပေါင်းဖေံခြင်း သည်။ သိယာ၊ ဖြစ်ရာ၏။

၈၅။ ဘဒ္ဒေ၊ နှမ။ ယဒါ၊ အကြင်အခါ၌။ ဝဿာ၊ မိုးကို။ ပဋိသာဒေယျ၊ ကွယ်အံ့သောငှာ။ မုဋ္ဌာလပတ္တာနံ၊ ကြာရွက်တို့၏။ ဆတ္တံ၊ ထီးသည်။ ထိရတရံ၊ အလွန်ခိုင်ခံ့သည်။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုသို့ ဖြစ်သည်ရှိသော်။ တဒါ၊ ထိုအခါ၌။ မမ၊ ငါ၏။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ နှုန ကေံသေန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်း သည်။ သိယာ၊ ဖြစ်ရာ၏။

၈၆။ ဘဒ္ဒေ၊ နှမ။ ယဒါ၊ အကြင်အခါ၌။ ဥကုလကော၊ အမျိုးငယ်သော။ သကုဏော၊ ငှက်သည်။ ဂန္ဓမာဒနပဗ္ဗတံ၊ ဂန္ဓမာဒနတောင်ကို။ တုဏ္ဍေန၊ နှုတ်သီးဖြင့်။ အာဒါယ၊ ခဲ၍။ ဂစ္ဆေယျ၊ ပျံသွားရာ၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ ထိုအခါ၌။ မမ၊ ငါ၏။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ နှုန ကေံသေန၊ စင်စစ်ဆဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းဃသည်။ သိယာ၊ ဖြစ်ရာ၏။

၈၇။ ဘဒ္ဒေ၊ နှမ၊ ယဒါ၊ အကြင်အခါ၌။ စေဠဒ္ဓေါ၊ သူငယ်သည်။ သာမုဒ္ဒိကံ၊ သမုဒ္ဒရာ၌ပြေးသော။ သ ယန္တံ၊ ယန္တရုံးနှင့် တကွသော။ သပဋ္ဌာကရုံ၊ တံခွန်နှင့်တကွ ခပ်သိမ်းသော အားဆောက်အဦနှင့် ယှဉ်သော။ နာဝံ၊ လှေကြီးကို၊ အာဒါယ၊ လက်ဖြင့်ယူ၍။ ဂစ္ဆေယျ၊ သွားနိုင်ရာ၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ တဒါ၊ ထိုအခါ၌။ မမ၊ ငါ၏။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ နှုန ကေံသေန၊ စင်စစ်သဖြင့်။ သံသဂ္ဂါ၊ ပေါင်းဖော်ခြင်းသည်။ သိယာ ဖြစ်ရာ၏။

ဤသို့ ဘုရားလောင်းသည် မဖြစ်နိုင်ရာဃသည်ကို ကြံ၍ ဤတစ်ဆယ့်တစ်ဂါထာတို့ကို ဆို၏။ ထိုစကားကိုကြား၍ ပြည့်တန်ဆာမသည် ဘုရားလောင်းကို ကန့်တော့၍ မြို့သို့သွား၍ မင်းအား ထိုအကြောင်းကိုကြား၍ မိမိ၏ အသက်ကို တောင်းယူ၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....မာတုဂါမတို့မည်ဃသည်ကား ဤသို့ ကျေးဇူးကို မသိဟတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏'ဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ပြိုင်ဝ့ သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်

www.dhammadownload.com

သို့ဇာတ်ကိုပေါင်းခတော်မူသနည်းဟူမူကား- ယခုအာနန္ဒာသည် ထိုအခါမင်းဖြစ်ဖူးပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ ရဒသ.ဖြစ်ဖူးပြီ'' ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ဝိပဿနာ၊ တရားသာ၊ ရောက်ရာနိဗ္ဗုတာ)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဆဋ္ဌာနဇာတ်သည် ပြီး၏။

၁၀-ဒီပိဇာတ်

အဖြစ်ရှာသူတို့ထံ၌သာယာသောစကားသည် အကျိုးမရှိ

ဟောတော်မူရာ ဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ခမနိယံ ယာပနိယံ''-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒီပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော် မူစဉ် တစ် ခုသော ဆိတ်ကုလားမကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ တစ်ပါးသောအခါ၌ အရှင်မဟာမောဂ္ဂလာန် ဓးထရ်သည် တောင်တော်သည် ခြံရုံအပ်သော ့တစ်ခုသောတံခါးရှိသော ဂိရိဗ္ဗဇ်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တံခါး၏အနီး၌ စင်္ကြံ့သည် ရှိ၏။

ယောကျ်ားတို့အမှုဖြင့်

ထိုအခါ ''ဆိတ်.ကုလားတို့သည် ဤအရပ်၌ ကျက်စားကုန်၏'' ဟု ဆိတ်ကျောင်းတို့သည် ဆိတ်ကုလားအပေါင်းကို တောင်ခြံအတွင်းသို့ သွင်း၍ ကစားလျက် နေကုန်၏။ ထိုဆိတ်ကျောင်းတို့သည် တစ်နေ့သ၌ ညချမ်းအခါလွှတ်၍ ဆိတ်ကုလားတို့ကိုလိုက်၍ သွားကုန်သည်ရှိသော် တစ်ခုသော ဆိတ်ကုလားမသည် အဝေး၌ ကျက်စားရကား ထွက်ကုန်သော ဆိတ်ကုလားတို့ကို မမြင်၍ ကျန်ရစ်၏။ နောက်မှထွက်သော ထိုဆိတ်ကုလားမကို တစ်ခုသောသစ်သည် မြင်၍ ''ထိုဆိတ်ကုလားမကို စားအံ့'' ဟု တောင်ခြံတံခါး၌ ရပ်၏။ ထိုဆိတ်ကုလားမသည်လည်း ထိုမှဤမှ ကြည့်လတ်သော် ထိုသစ်ကိုမြင်၍ ''ဤသစ်သည် ငါ့ကိုသတ်၍ စားလိုသည်၏

www.dhammadownload.com

အဖြစ်ကြောင့် ရပ်၏။ ငါသည်လည်း ပြေးငြားအံ့၊ ငါ၏အသက်သည် မရှိပြီ၊ ယနေ့ ငါသည် ယောကျ်ားတို့ပြုအပ်သောအမှုကို ပြုခြင်းငှာ သင့်၏'' ဟု ကြံ၍ ဦးချိုတို့ကို ခြိမ်ခြောက်၍ သစ်ရိုးသို့ ရှေးရှုလျင်မြန်သော အဟုန်ဖြင့် ပြေး၍ သစ်သည် ''ဤမှ ဖမ်းအံ့၊ ဤမှ ဖမ်းအံ့'' ဟု လုံ့လပြုစဉ်လျှင် တောသို့ဝင်၍ လျင်မြန်သောအဟုန်ဖြင့် ပြေး၍ ဆိတ်ကုလားတို့၏အတွင်းသို့ ဝင်၏။

အန္တရာယ်ကင်းပြီ

ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ထိုဆိတ်ကုလားမ သစ်တို့၏အမှုကို မြင်၍ နက်ဖြန် သွားမျှ သဗ္ဗညုမြတ်စွာဘုရားအား လျှောက်၏၊ ''ဘုန်းတော်ကြီးသောအရှင်ဘုရား ဤသို့ထိုဆိတ်ကုလားမလည်အကြောင်း၌ လွဲမှားသည်၏အဖြစ်ကြောင့် သစ်မှ လွတ်၏'' ဟု ဆို၏။ သဗ္ဗညုမြတ်စွာဘုရားသည် ''မောဂ္ဂလာန်....ထိုသစ်သည် ယခုအခါ၌ကား ထိုဆိတ်ကုလားမကို ဖမ်းအံ့သောငှာ မတတ်နိုင်။ ရှေး၌ကား မြည်တမ်းစဉ်လျှင် စားဖူး၏'' ဟု မိန့်တော်မူ၍ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ မဂဓတိုင်း၌ ဘုရားလောင်းသည် တစ်ခုသောရွာဝယ် များသောစည်းစိမ်ရှိသော အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကာမတို့ကိုငြီးငွေ့၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကိုဖြစ်စေ၍ ကြာမြင့်စွာ ဟိမဝန္တာ၌နေ၍ ချဉ်ဆားမပဲ့အံ့သောငှာ ရာဇဂြိုဟ်ပြည်သို့သွား၍ ထိုဂိရိဗ္ဗဇ၌လျင် သစ်ရွက်မိုးသောကျောင်းကို ဆောက်၍ နေ၏။ ရှေးနည်းဖြင့်လျင် ဆိတ်ကျောင်းသားတို့သည် ဆိတ်ကုလားတို့ကို ကျောင်းကုန်လွတ်သော် တစ်နေ့သ၌ ဤအတူလျင် နောက်မှထွက်လာသော တစ်ခုသောဆိတ်ကုလားမကို ''သစ်သည် စားအံ့'' ဟု တံခါး၌ ရပ်၏။

ရန်သူကို ဖျော့မေ့

ထိုဆိတ်ကုလားမသည် ထိုသစ်ကိုမြင်၍ ''ယခုနေ့ ငါ့အား အသက်သည် မရှိရာ စင်စစ် ငါသည် အသက်အကျိုးငှာ လုံ့လပြုခြင်းငှာ သင့်၏၊ တစ်စုံသောဥပါယ်ဖြင့် ဤသစ်နှင့်လျင် သာယာစွာသော ပဒိုသန္ဓာရကို ပြု၍

www.dhammadownload.com

ထိုသစ်၏ နှလုံးနှူးညံ့ခြင်းကို ဖြစ်စေ၍ အသက်ကို စောင့်ရှောက်အံ့'' ဟု ကြံ၍ အဝေးမှလျှင် ထိုသစ်နှင့်တကွ ပဒိုသန္ဓာရကို ပြုလျက်လာ၍-

၈၈။ ခမနီယံ ယာပနီယံ၊ ကစ္စိ မာတုလ တေ သုခံ၊
သုခံ တေ အမ္မာ အဝစ၊ သုခကာမာ၀ တေ မယံ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၈၈။ မာတုလ၊ဦးရိုး။ တေ၊သင်အား။ ခမနီယံ ကစ္စိ၊ ကျန်းခံ့၏လော။ ယာပနီယံ ကစ္စိ၊ မျှတ၏လော။ သုခံ ကစ္စိ၊ ချမ်းသာ၏လော။ အမ္မာ၊အကျွန်ုပ်အမိသည်။ တေ၊သင်၏၊ သုခံ၊ချမ်းသာကို။ ကုန်ဆုယျာမိ၊ အလိုရှိ၏ဟူ၍။ အဝစ၊ဆို၏။ မယံ၊အကျွန်ုပ်တို့သည်။ တေ၊သင်၏၊ သုခ ကာမာ၀၊ ချမ်းသာကို အလိုရှိသည်သဖြင့် ဖြစ်ကုန်၏။

အပြစ်ရှာ

ထိုစကားကိုကြား၍ သစ်သည် ''ဤဆိတ်ကုလားမယည် ငါ့ကို ဦးရိုး ဟူသောစကားဖြင့် လှည့်စားလို၏၊ ငါ၏ကြမ်းကြုတ်သောအဖြစ်ကို မသိ'' ဟု ကြံ၍-

၈၉။ နဂ်ုဒ္ဒံ မေ အဝက္ကမ္မ၊ ဟဒ္ဒယိတ္ထာန ဇဋိကေ။
သာ ဇ္ဇ ဓာတုလ၀ါဒေန၊ မုဉ္ဇံ တပ္ပာ 'နု မညသိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၈၉။ ဇဋိကေ၊ ဆိတ်ကုလား၊မ။ တွံ၊ သင်သည်။ မေ၊ ငါ၏။ နဂ်ုဒ္ဒံ၊ အမြီးကို။ အဝက္ကမ္မ၊ နှင်း၍။ ဟဒ္ဒယိတ္ထာန၊ ပုတ်ခတ်၍။ ဆာဂစ္ဆသိ၊ လှာ၏။ သာ တွံ၊ ထိုသင်သည်။ ဇ္ဇ၊ ယနေ့။ မာတုလ၀ါဒေန၊ ဦးရိုးဟု ခေါ်ဝေါ်သဖြင့်။ မုဉ္ဇံတပ္ပာ၊ လွတ်ရာ၏ဟူ၍။ မညသိနု၊ ထောက်မှေသလော။

ဖ-ဗ၁-၅၅၀(တ-တွဲ)

www.dhammadownload.com

သင့်အမြီးငါမနင်း

ထိုစကားကိုကြား၍ ဆိတ်ကုလားမသည် "ဦးရီး....ဤသို့မဆိုလင့်"ဟု-

၉၀။ ပုရတ္ထာမုခေါ နိသိန္နောသိ၊ ဏဟံ တေ မုခ မာဂတာ။
ပစ္ဆတော တုယ္ဟံ နဂ်ံဒ္ဒံ၊ ကထံ ခ္ဝါဟံ အဝက္ကမိံ-

ဟူသော သုံးခုမြောက်သော ဤဂါထာကိုဆို၏။

၉၀။ မာတုလ၊ ဦးရီး၊ တုံ၊ သင်သည်။ ပုရတ္ထာမုခ၊ အရှေ့သို့ မျက်နှာပြု၍၊ နိသိန္နော၊ နေသည်၊ ဏသိ၊ ဖြစ်၏။ ဏဟံ၊ ငါသည်။ တေ၊ လင်၏။ မုခံ၊ ရှေ့မျက်နှာသို့။ ဣာဂတာ၊ လာ၏။ ဏဟံ၊ ငါသည်၊ တုယ္ဟံ၊ သင်၏၊ ပစ္ဆတော၊ နောက်မှ။ ဒ္ဒိတံ၊ တည်သော။ နဂ်ံဒ္ဒံ၊ အမြီးကို။ ကထံ ခေါ အဝက္ကမိံ၊ ဏသို့လျှင် နင်းအံ့နည်း။

ငါအမြီးအလွန်ရှည်

ထိုဏခေါ ထိုဆိတ်ကုလားမကို သစ်သည် "ဆိတ်ကုလားမ....သင့်သည် ဣဘယ်သို့ဆိုသနည်း၊ ငါ့ဏမြီး၏ မတည်ရာ ဏရပ်မည်သည်ကား မရှိ"ဟု ဆိုလို၍-

၉၁။ ယာဝတာ စတုရော ဒီပါ၊ သ သမုဒ္ဒါ သ ပဗ္ဗတာ။
တာဝတာ မယ္ဟံ နဂ်ံဒ္ဒံ၊ ကထံ ခေါ တုံ ဝိဝဋ္ဋသိ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၉၁။ ဇ္ဇိကေ၊ ဆိတ်ကုလားမ။ ယာဝတာ၊ ဣကြင်မျှလောက်ကုန်သော။ သ သမုဒ္ဒါ၊ သမုဒ္ဒရာနှင့် တကွကုန်သော၊ သ ပဗ္ဗတာ၊ တောင်နှင့် တကွကုန်သော၊ စတုရော ဒီပါ၊ ကျွန်းကြီး လေးကျွန်းတို့သည်။ ယန္တီ၊ ရှိကုန်၏၊ တာဝတာ တတ္တကံ ဌာနံ၊ ထိုမျှလောက်သော ဏရပ်ကို။ မယ္ဟံ၊

www.dhammadownload.com

ငါ၏။ နဂိုဥ၊ အမြဲးသည်။ ပရိက္ခိပိတ္တာ၊ ရံ၍၊ ဂတံ၊ တည်၏။ တုံ ဃင်သည်။ ကထံ ခေါ၊ အသို့လျှင်။ ဝိဝဇ္ဇသိ၊ ရှောင်ကြဉ်အံ့နည်း။

ငါက ကောင်းကင်ကလာတာ

ဆိတ်ကုလားမသည် ထိုစကားကိုကြား၍ "ယုတ်မာစွာသော ဤသစ်ထည် သာယာသဖော်စကား၌ မကပ်ပြီ၊ ဆန့်ကျင်ဘက်ဖြစ်၍ ထိုသစ်အား ဆိုအံ့" ဟု.

၉၂။ ပုဗ္ဗေဝ ဧမ တမက္ခိံသု၊ မာတာ ပိတာ စ ဘာတရော။
ဒီဃံ ဒုဋ္ဌဿ နဂိုဥ္ဆ၊ သာမိ ဝေဟာယသံ ဂတာ.

ဟူသော ငါးခုမြောက်သော ဤဂါထာကို ထို၏။

၉၂။ ပုဗ္ဗေဝဲ၊ ရှေးဦးလျှင်။ မာတာ စ၊ အမိသည် လည်းကောင်း။ ပိတာ စ၊ အဘသည်လည်းကောင်း။ ဘာတရော စ၊ မောင်တို့သည်လည်း ကောင်း။ ဒုဋ္ဌဿ၊ ပြစ်မှားသောသစ်၏။ နဂိုဥ်၊ အမြဲးသည်။ ဒီဃံ၊ ရှည်၏ဟူ၍၊ တေဝံစနံ၊ ထိုစကားကို။ ဧမ၊ ငါ့အား။ အက္ခိံသု၊ ပြောကြား ဖူးကုန်၏။ သာ ဆဟံ၊ ထိုငါသည်။ ဝေဟာယသံ- ဓဝဟာယသေန၊ ကောင်း ကင်ဖြင့်။ ဆဂတာ၊ လာသည်။ ဆမ္ပိ၊ ဖြစ်၏။

ငါ့အစာတွေ့ထွက်ပြေးကြ

ထိုအခါ "ဆိတ်ကုလားမ....ကောင်းကင်ဖြင့်လာသော သင့်ကို မြင်၍ သား အပေါင်းတို့သည် ပြေးလေပြီ၊ သင်သည် ငါ၏အစာကို ဖျက်ဆီး အပ်၏" ဟု-

၉၃။ တဋ္ဌ ဒိသ္ဝာန အာယန္တိံ၊ ဆန္တလိက္ခသ္မိံ ဧဠကေ။
မိဂသံဃော ပလာယိတ္ထ၊ ဘက္ခော မေ နဿတေ တယာ.

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကိုဆို၏။

www.dhammadownload.com

၉၃။ ဧဋ္ဌိကော၊ ဆိတ်ကုလားမ။ ဆန္ဒလိက္ခသို့၊ ကောင်းကင်၌။ အာယန္တိ၊ လာသော။ တဋ္ဌ၊ သင့်ကိုလျှင်။ ဒိသွာန၊ မြင်၍။ မိဂသံဃော၊ သားဆာပေါင်းသည်။ပလာယိတ္ထ၊ ပြေးပြီ။ တယာ၊ သင်သည်။ ဒမ၊ ဝါ၏။ ဘက္ခော၊ အစာကို။ နာသိတော၊ ဖျက်ဆီး၏။

အစားခံရပြီ

ဆိတ်ကုလားမသည် ထိုစကားကိုကြား၍ သဘောဖြင့် ကြောက်၍ တစ်ပါးသော အကြောင်းကို ဆောင်အံ့သောငှာ မဇ္ဈတ်နိုင်ရကား၊ ''ဦးရီး....ကျွန်သို့သဘောရှိသော ကြမ်းကြုတ်သောအမှုကို မပြုလင့်၊ ငါ့အား အသက်ကိုပေးလော့'' ဟု မြည်တမ်း၏။ သစ်သည်လည်း ထိုဆိတ်ကုလားမ မြည်တမ်းစဉ်လျှင် လည်၌ ကိုက်သတ်၍စား၏။

သမ်ဗဲညူမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ရဟန်းတို့အား ဆုံးမ လိုက်ကား-

၉၄။ ဣဒံစေ၊ ဝိလပန္တိယာ၊ ဧဋ္ဌကိယာ ရုဟ္ဍသော၊
ဂလုကံ အန္ဒဝဓဒ္ဒိ၊ နတ္ထိ ဒုဋ္ဌေ သုဘာသိတံ။

၉၅။ နေဝ ဒုဋ္ဌေ နံယော အတ္ထိ၊ နဓမ္မော နသုဘာသိတံ။
နိက္ကမံ ဒုဋ္ဌေ ယုဇ္ဈေထ၊ သော စသင်္ဘံ နရဉ္ဇတိ-

ဟူသော ကျွန်စ၀ါထားတို့ကို ဟောတော်မူ၏။

၉၄။ ဘိက္ခဝေ၊ ရဟဲန်းတို့။ ရုဟ္ဍသော၊ သတ္တဝါတို့၏ အသွေးအသားကို သောက်စားတတ်သော။ ဒီပိ၊သစ်သည်၊ ဣစ်ဆို။ ဝိလပန္တိယာ၊ မြည်တမ်းစဉ်။ ဧဋ္ဌကိယာ၊ ဆိတ်ကုလားမ၏၊ ဂလုကံ၊လည်ကို။ အန္ဒဝဓဒ္ဒိ၊ကိုက်ဝါး၏။ ဒုဋ္ဌေ၊ ပြစ်မှားတတ်သောသူ၌၊ သုဘာသိတံ၊ စကားဆိုကျိုးသည်။ နတ္ထိ၊ မရှိ၊

၉၅။ ဒုဋ္ဌေ၊ ပြစ်မှားတတ်သောသူ၌။ နယော၊ အကြောင်းသည်၊ နေဝ အတ္ထိ၊ မရှိသလျှင်ကတည်း။ အဓမ္မော၊ သဘောသည်။ နဇတ္ထိ၊ မရှိ

www.dhammadownload.com

သဲလျင်ကဘည်း။ သုဘာသိတံ၊စဿေးဧဆောင်းသည်၊ နှ ဆတ္ထိ၊မရှိသလျင်ကတည်း။ ဒုဋ္ဌေ၊ ပြစ်မှားတတ်သောသူဋ္ဌ၊ နိက္ကမံ၊လုံ့လကို။ ယုဉ္ဈေထ၊အားထုတ်ရာ၏။ သော စ၊ ထိုပြစ်မှားတတ်သော သူသည်ကဒ်း။ သင်္ဘီ၊စကားကောင်းကို၊ နှံ ရဟဲ့တိ၊မချစ်။

ရသေ့သည် ထိုဆိတ်ကုလားမ သစ်တို့၏ အမူအရာအလုံးစုံကို မြင်၏၊ ဇာတ်ပေါင်း။ သမ္ဗဲညုမြတ်စွာဘုရားသည် ဤမဲမှဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ဆိတ်ကုလားမသည် ထိုအခါ ဆိတ်ကုလားမ ဖြစ်ဖူးပြီ၊ ယခုအခါ သစ်သည် ထိုအခါ သစ်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ဧပါင်းတော်မူ၏။

(အပြစ်ရှာနေ၊ သူ့တံဖြေ၊ ဆင်ခြေမဆိုရာ။)

ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဒီပိဇာတ်လည် ပြီး၏၊

နိဂုံး

ဘုန်းတော် အလွန် ကြီးမြတ်တော်မူသော ဆင်ဖြူမျှားရှင် ဘုရင်တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာခဲယဉ်းစွာသောရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာ အရပ်၌ မဟာဥပရာဇ်မယ်တော်အရှင် မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျောင်းတော်နေ ညောင်ကန် ဆရာတော်သည် မြန်မာ ပြန်ဆိုအပ်သော အင်္ဂကနိပါတ် ဇာတ်၌ ကစ္စာနိ၀ဂ်သံ့ည် ဤမျှသော သဒ္ဒါအစဉ် အနက်အစဉ်အားဖြင့် ဆုပြီးသို့ ရောက်၏။

ဇော်ဂျီ၀တာ-

မင်္ဂလာ ဘူမိ ကိတ္တိဧချ၊ ၀သတာ မန္ဒိရေ ရမ္မေ။
ဂုဏ္ဍနာ မြမ္မဘာသာယ၊ ဝုတ္တဂန္ထော နိဋ္ဌံ ဂတော။

ဇော်ဂျာ၀တာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိကိတ္တိဧချေ၊မင်္ဂလဘုံကျောင် ဆမည်ရှိသော။ မန္ဒိရေ၊

www.dhammadownload.com

ဆာမရပုရမြို့တော်တည်ဆင်ဖြူ။ မျှားရှင်ဘဝရှင်တရားမင်းမြတ်၏မိဖုရားမြတ်ဆောက်လုပ်အပ်သောကျောင်းတော်၌။ ဝသတာသီတင်းသုံးနေသော။ ဂုရုနာဆရာတော်သည်။ မြမွှာသာယာ၊ မြန်မာတိုင်းသူတို့၏ အဆိုဆာမိန့်ဖြင့်။ ဝုတ္တဂန္ဆာ၊ ဆိုအပ်သော ဆယ်ဇာတ် ဆာတိုင်းဆာရှည်ရှိသာ အဋ္ဌကနိပါတ်ကျမ်းသည်။ နိဋ္ဌာ၊ပြီးခြင်းသို့။ ဂတောရောက်၏။

အဋ္ဌကနိပ့ါတ် ဇာတ်ဝတ္ထု ကြွတ္ဝင် ဒုန္ဒုပြီး၏။

www.dhammadownload.com

ပုဇော်စု

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

နဝကနိပါတ်

****

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ဂိဇ္ဈဇာတ်

မိဘစကားကို နားမထောင်၍ ပျက်စီးရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတတ်မူဆောတ်သော့ သဗ္ဗညုမြတ်စွာဘုရားသည် ''ပရိဿကံ့ပထော နဒမ''-အစရှိသော ဂါထာပုဒ်ဖြင့် တနံဆာဆင်အပ်သော ဤဂိဇ္ဈဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော ရဟန်းတစ်ပါးကို အာရကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ တစ်ဦးသော အမျိုးသားဖြစ်သော ရဟန်းသည် ဝိပဿနာဆင်းရဲမှု ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ အကျိုးစီးပွားကို ထာလိုရှိသော ဆရာဥပဇ္ဈာယ်တို့သည် လည်းကောင်း၊ သီတင်း

www.dhammadownload.com

သုံးဖော်တို့သည် လည်းကောင်း "သင်သည် ဤသို့ တက်အပ်၏၊ ဤသို့ ဆုတ်အပ်၏၊ ဤသို့ တူရွကြည့်အပ်၏၊ ဤသို့ တဒေါင်းကြည့်အပ်၏၊ ဤသို့ ကွေးအပ်၏၊ ဤသို့ ဆန့်အပ်၏၊ ဤသို့ ဝတ်အပ်၏၊ ဤသို့ ရုံအပ်၏၊ ဤသို့ သပိတ်ကို ကိုင်အပ်၏၊ မျှလောက်ရုံသော ဆွမ်းကိုခံ၍ ပစ္စဝေက္ခဏာ ဆင်ခြင်၍လျှင် သုံးဆောင်အပ်၏၊ ဤနှုတ်ဦဋ္ဌ စောင့်ရှောက်သော ဒုဝါရရှိသည် ဖြစ်ရာ၏၊ ဘာဇဉ်၌ အတိုင်းဆရှည်ကို သိသည်ဖြစ်ရာ၏၊ နှိုးခြင်း၌ လုံ့လ ပြုသည် ဖြစ်ရာ၏၊ ညှဉ်သည် အာဂန္တုဆောတ် မည်သည်ကို သိရာ၏၊ ဓမ္မိကဝတ် မည်သည်ကို သိရာ၏၊ ဤဝတ်တို့သည်ကား တစဲဆယ့်လေးပါးကုန်သော ခန္ဓာကဝတ်ရှစ်ဆယ်ကုန်သော ဝတ်ကြီးတို့တည်း၊ ထိုဝတ်တို့၌ သင်သည် ကောင်းစွာကျင့်အပ်၏။ ဤဓုတင်တို့မည်သည် တစ်ဆယ့်သုံးပါးတို့တည်း၊ ထိုတစ်ဆယ့်သုံးပါးသော ဓုတင်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်အပ်၏" ဟု ဆုံးမအပ်သည်ရှိသော် ဆိုနိုင်ခက်၏။ သည်းမခံ၊ အဆုံးအမကို ရှိသေသဖြင့် မယူ၊ "ငါသည် သင်တို့ကိုမဆို၊ ငါ့ကဲ့သို့ သင်တို့သည် မဆိုကုန်လင့်။ ငါသည်သာလျှင် ငါ၏ အကျိုးစီးပွားကိုလည်း ကောင်း၊ အကျိုးမဲ့ကိုလည်းကောင်း ပြုအံ့ဟု မိမိကိုယ်ကို ဆုံးမအပ်သည်ကိုပြု၏။ ထိုအခါ ထိုရဟန်း၏ ဆုံးမခံသည်၏အဖြစ်ကို သိ၍ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း ကျေးဇူးမဲ့စကားကို ဆိုလျက်နေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ "ရဟန်းတို့—ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နှုတ်တော် လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်တော်မူစေ၍ "ရဟန်း....သင်သည် ဆိုနိုင်ခက်သော ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "မှန်ပေ၏" ဟု နှုတ်တော်လျှောက်သည်ရှိသော် "ရဟန်း....အဘယ့်ကြောင့် သင်သည် ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှု ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ အကျိုးစီးပွားကို အလိုရှိကုန်သော သူတို့၏စကားကို နှုတ်မထောင်လျှသနည်း၊ သင်သည် ရှုးဒ္ဒါလည်း ပညာရှိတို့၏စကားကို နှုတ်မထောင်မူ၍ ဝေရမ္ဘလေဉီးဒ္ဒ မှုန်မှုန်ညက်ညက် ကြွေဖုံး၏" ဟု မိန့်တော်မူ၍ ဆတ်တံကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဂိဿကုဋ္ဌ် တောင်၌ ဘုရားလောင်းသည် လင်းတမျိုးဒ္ဒ ဖြစ်၏၊ ဘုရားလောင်း၏သားသည် သုပတ္တ

www.dhammadownload.com

မည်သော လိုင်းတမင်းတည်း။ ထိုလင်းတမင်းသည် အထောင်ကေသာ လင်းတအခြံအရုံရှိ၏၊ အားနှင့် ပြည့်စုံ၏၊ မိဘတို့ကို မွေး၏၊ အားနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် အလွန်ဝေးသောအရပ်သို့ ပျံ၏။

မိဘစကား နားမထောင်

ထိုအခါ သုပတ္တလင်းတကို အဘသည် "အမောင်-ဤမည်သော အရပ်ကိုလွန်၍ မသွားအပ်" ဟု ဆုံးမ၏။ ထို သုပတ္တလင်းတသည်လည်း "ကောင်းပြီ" ဟု ဝန်ခံ၍ တစ်နေ့သ၌ မိုးရွာပြီးသည်ရှိသော် လင်းတတို့နှင့်တကွ ပျံ၍ ကြင်းသောလင်းတတို့ကို ထား၍ အလွန်မြင့်သော အရပ်သို့ ပျံသွား၍ ဝေရမ္ဘလေဦးသို့ ရောက်၍ မှုန်မှုန်ညက်ညက် ကြ၏။ သပ္ပညူ မြတ်စွာဘုရားသည် ထိုအကြောင်းကို ပြတော်မူလိုရကား ဘုရားဖြစ်စော်မူပြီး၍-

၁။ ပရိသက်ုပထော နာမ၊ ဂိဠ္ဝပန္ထော သနန္တနော။
တတြာသိ မာတာပိတရော၊ ဂိဠ္ဝော ပေါသေသိ ဇိဏ္ဏကာ။

၂။ တေသံ အဇဂရမေဒံ၊ အစ္ဆာဟာသိ ဗဟုဓာ သော။
ပိတာ စ ပုတ္တံ အဝစ၊ ဇာနံ ဥစ္စံ ပပါတိနံ။

၃။ သုပတ္တံ ထာ့မသမ္ပန္နံ၊ တေဇဿိ ဒုရဂါမိနံ။
ပရိပိဝန်္တံ ပထဝိ၊ ယဒါ တာဒ ဝိဇာနဟိ။

၄။ သာဂနရန ပရိက္ခိတ္တံ၊ စက်ံဝ ပရိမဏ္ဍလံ။
တဓေတာ တာတ နိဝတ္တသာ၊ မာသု ဓေတ္ထာ ပရံ ဂမိ။

၅။ ဥဒပတ္တောသိ ဝေဂေန၊ ဗလီ ပက္ခီ ဒိဇုတ္တမော။
သြဒလာကယနန္တော ဝက်ကံ၊ ပဗ္ဗတာနံ ဝနာနိ စ။

၆။ အဒ္ဒသ ပထဝိ ဂိဠ္ဝော၊ ယဿာ စာသိ ပိတုသုတံ။
သာဂနရန ပရိက္ခိတ္တံ၊ စက်ံဝ ပရိမဏ္ဍလံ။

၇။ တဥ္စ သော သမတိက္ကမ္မ၊ ပရမေဝ ပဝတ္တတိ။
တဥ္စ ဝါတသိခါ တိက္ခော၊ အစ္ဆဟာသိ ဗလိ ဒိဇံ။

၈။ နာသက္ခော တိဂတော ပေါသော၊ ပုနဒဝ နိဝတ္တိတုံ။
ဒိဇော ဗျသန မာပါဒိ၊ ဝေရမ္ဘာနံ ဝသံ ဂတော။

www.dhammadownload.com

၉။ တသဲ့ ပုတ္တာ စ ဒါရာ စ၊ ဃေ စညေ အနုဇီဝိနော။
သဗ္ဗေ ဗျသနမာပါဒုံ၊ အနောဝါဒကရေ ဒိဇေ။

၁၀။ ဇေမ္မိ ဣဓ ဝုစ္စာနံ၊ ဃော ဝါကျံ နာဝ ဗုဇ္ဈတိ။
အတိသိမစရော ဒိဒ္ဓာ၊ ဂိဇ္ဈော ဝါ တိတသာသနော။
သဗ္ဗေ ဗျသနံ ပဓပ္ပါန္တိ၊ အကတ္ဝာ ဝုစ္စသာသနံ·
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

၁။ သနန္တနော၊ ရှေးဦးဖြစ်သော့။ ပရိသက်ပုထော နာဂမ၊ ပရိသက်-ပထ မည်သော။ ဂိဇ္ဈပန္ထော်၊ ဂိဇ္ဈတောင်ထိပ်၌ ခရီးသည်။ အတ္ထိ၊ ရှိ၏။ တတြ၊ ထိုဂိဇ္ဈတောင်ထိပ် သက်မည်သော ခရီး၌။ ဂိဇ္ဈော၊ တစ်ခုသော လင်းဘသည်။ အာသိ၊ ဖြစ်၏။ သော၊ ထိုလင်းတသည်။ ဇိဏ္ဏော၊ အို ကုန်သော။ မာတာပိတရော၊ မိဘတို့ကို။ ပေါဒေသိ၊ မှီး၏။

၂။ သော၊ ထိုလင်းတသည်။ တေသံ၊ ထိုမိဘတို့၏။ အတ္ထာယ၊ ဆကျိုးငှာ။ ဆဇဂရမေဒံ၊ စပါးကြီးမြွေဆိုကို။ ပဟုဓာ၊ များသော အခဲးဖြင့်။ ဆစ္စာဟာသိ၊ ဆလွန်ဆောင်၏။ ပိတာ စ၊ အဘသည်လည်း။ ပုတ္တံ၊ သားကို။ ဥစ္စံ ပပါတိုနံ၊ မြင့်စွာပျံသည်ကို။ ဇာနံ၊ သိလတ်၍။

၃။ သုပတ္တံ၊ သုပတ္တမည်သော့။ ထာမသမ္ပန္နံ၊ ဆားနှင့်ပြည့်စုံသော။ တေဇဿိ·၊ ယောကျိုးတို့၏ ဆစွမ်းနှင့် ပြည့်စုံသော။ ဒူရဂါမိနံ၊ အဝေး သို့ သွားတတ်သော သားကို။ တာတ၊ အမောင်။ တွံ၊ သင်သည်။ ယဒါ၊ အကြင်ဆခါ၌။ ပထဝိ၊ မြေကြီးကို။ ပရိလိဝန်တံ၊ ကြဲဝရုက်ကဲ့သို့ ရစ်၌ ပေါသည်ကို။ ဝိဇာနာဟိ၊ သိအုံး။

ကမ္ဘာလုံးကြောင်း

၄။ သာဂရေန၊ သမုဒ္ဒရာသည်။ ပရိက္ခိတ္တံ၊ ထက်ဝန်းကျင်မှု ခြုံရံ အပ်သော မြေကြီးကို။ ပရိမဏ္ဍလံ၊ ဝန်းသော။ စက္ကံဝ၊ စက်ကဲ့သို့။ ဝိဇာနေဟိ၊ သိအုံး၊ တာတ၊ အမောင်။ တတော၊ ထိုအရပ်မှ။ နိဝတ္တာဿု၊ ပြန်ခဲ့လော့။ ဧတ္ထော၊ ထိုအပြစ်ထက်။ ပရံ၊ အလွန်၊ မာသု ဂမိ၊ မပျံလင့်။ ဣတိ၊ ဤသို့။ အာဝစ၊ ဆို၏။

၅။ ဗလီ၊ အားနှင့်ပြည့်စုံသော့။ ပက္ခီ၊ အတောင်ရှိသော၊ ဒိဇုတ္တ-မော၊ လင်းတဥက်မင်းသည်၊ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ဥဒပတ္တော၊

www.dhammadownload.com

ဆာဘသည် ကြာဒးအပ်ဒသာအာရပ်သို့ ရောက်သည်။ ဆာသိ၊ ဖြစ်၏။ ဝက္ကင်္ဂါ၊ လင်းတဉက်မင်းသည်။ သြလောကယန္တော၊ အောက်သို့ ကြည့်လတ်သော်။ ပဗ္ဗံဘာနိ စ၊ တောင်တို့ကိုလည်းကောင်း။ ဝနာနိ စ၊ တောတို့ကိုလည်း ဆောင်း၊ ဆာဒ္ဒသ၊ မြင်၏။

၆။ ဂိဒ္ဓာ၊ လင်းတသည်။ ယထာ၊ အကြင်သို့သော အခြင်းအရာ အားဖြင့်။ ပိတုသုတံ၊ အဘ၏ဥစ္စာဖြစ်သော အဆုံးအမစကားကို ကြား သည်။ အာသိ၊ ဖြစ်၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ သာဂရေန၊ သမုဒ္ဒရာသည်။ ပရိက္ခံတွံ၊ ခြံရုံအပ်သော၊ ပထဝိ'၊ ခမြကြီးကို။ ပရိမဏ္ဍလံ၊ ဝန်းသော၊ စက္ကံ ဝ၊ စက်ကဲ့သို့။ အဒ္ဒသ၊ မြင်၏။

ဝေရမ္ဘလေ

၇။ သော၊ ထိုသင်းတမင်းသည်။ တဉ္စ၊ ထိုအရပ်ကိုလည်း။ သမ-တိက္ကမ္မ၊ လွန်၍။ ပရမေဝ၊ အထက်သို့သာလျှင်။ ပဝတ္တတိ၊ ပျံ၏။ ဗလိ'၊ အားနှင့်ပြည့်စုံသော။ တဉ္စ ဒိဇ'၊ ထိုသင်းတဉက်မင်းကို။ တိက္ခဒ၊ ထက်စွာသော။ ဝါတသိခါ၊ ဝေရမ္ဘလေညွှန့်သည်။ အစွယာသိ၊ မှုန့်မှုန့်ညှက်ညှက် ကြေစေလျက် ဆောင်၏။

၈။ အတိဂတော၊ အလွန်ပျံသွားသော။ ပဝါသော၊ လင်းတဉက်မင်းသည်။ ပုနဒေဝ၊ တစ်ဖန်လျှင်။ နိဝတ္တိတုံ၊ ပြန်လာအံ့သောဌာန၊ နာသက္ခိ၊ မတတ်နိုင်။ ဝေရမ္ဘာနံ၊ ဝေရမ္ဘလေတို့သည်။ ဝသံ၊ နှိုင်ငံသို့။ ဂတာ၊ ရောက်သော။ ဒိဇော၊ လင်းတဉက်မင်းသည်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ အာပါဒိ၊ ရောက်၏။

ဟသ်ာမင်းသေရပြီ

၉။ ဒိဇော၊ လင်းတဉက်မင်းသည်း အဒနာဝါဒကရေ၊ အဆုံးအမကို မလိုက်နာသည်ရှိသော်။ တာသ၊ ထိုလင်းတဉက်မင်း၏။ ပုတ္တာ စ၊ သား တို့သည် လည်းကောင်း။ ဒါရာ စ၊ မယားတို့သည်လည်းကောင်း။ အနုဇီ ဝိနာ၊ မှီ၍အသက်မွေးကုန်သော။ ဆည်၊ တစ်ပါးကုန်သော။ ယေ စ၊ ဆက်လင်းတတို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော လင်းတတို့သည်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ အာပါဒုံ'၊ ရောက် ကုန်၏။

www.dhammadownload.com

၁၀။ အတိတသာသနေ၁၊ အဆုံးအမကို လွန်သော။ ဂိဇ္ဈော၀၊ လင်းထကဲ့သို့။ စေံပို၊ ဤအတူလည်း။ ဣဓ၊ ဤသာသနာတော်၌။ ယော၊ အကြင်သူသည်။ အတိသီမစရော၊ အပိုင်းအခြားကို လွန်လျက် ကျင့်သည် ဖြစ်၍။ ဒိဒ္ဓော၁၊ ကြမ်းကြုတ်သည်ဖြစ်၍။ ဝုစ္စာနံ၊ အကျိုးစီးပွားကို အလိုရှိကုန်သော ကြီးဒသာသူတို့၏။ ဝါကျံ၊ ဆုံးမစကားကို။ နာ၀ဗုဇ္ဈတိ၊ မသိ။ သဒ္ဓေ၊ ခပ်သိမ်းကုန်သောသူတို့သည်။ ဝုစ္စာသာလနံ၊ အကျိုးစီးပွားကို အလိုရှိကုန်သော ကြီးသောသူတို့၏ အဆုံးအမကို။ အဂ္ဂတ္ထော၁၊ ခလုတ်နာမူ၍။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပပေါန္တိ၊ ရောက်ကုန်၏။

ဆုံးမစကားလိုက်နာကြ

"ရဟန်း....ထိုသို့ဖြစ်သောကြောင့် သင်သည် လင်းတနှင့်တူသည်မဖြစ်လင့်၊ အကျိုးစီးပွားကို အလိုရှိကုန်သော သူတို့၏ စကာ.ကို နားထောင်လော့" ဟု သမ္ဗညူမြတ်စွာဘုရားသည် ဆုံးမတော်မူ၏။ ထိုရဟန်းသည် ဘုရားဆုံးမတော်မူခသော ကာလမှစ၍ ဆိုဆုံးမ လွယ်သည်ဖြစ်၏။

ဇာတ်ပေါင်း။ သမ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင်တော်မူ၍ "ယခုအခါ ထိုဆုံးမခက်သော ရဟန်းသည် ထိုအခါ ဆုံးမခက်သော လင်းတဖြစ်ပြီ၊ ယခုအခါ ဝါဘုရားသည်လျှင် ထိုအခါ ဆုံးမခက်သော လင်းတ၏အဘဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အကျိုးလိုလား၊ ဆုံးမငြား၊ ရှုတ်သားလိုက်နာပါ။)

ရွှေဦးစွာဒသာ ဂိဇ္ဈဇာတ်သည် ပြီး၏။

၂၂-ကောသမ္ဗီဇာတ်

ငြင်းခုံခိုက်ရန်မပြုသင့်ခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗညူမြတ်စွာဘုရားသည် "ပုထုဇဒ္ဓေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောသမ္ဗီဇာတ်ကို ကောသမ္ဗီပြည်ကို ဧမှီပြု၍ ရေသီတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောဇမ္ဗီပြည်၌ ခိုက်ရန်ဖြစ်ခြင်းကို ပြုကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ ဝတ္ထုသည်ကား ကောသမ္ဗကကွန်ကဋ္ဌသာလျှင် ကတည်း။

အာပတ်သင့်မသင့်

ဤကောသမ္ဗီဇာတ်၌ကား အကျဉ်းကို ဤသို့သိအပ်၏-ထိုအခါဝိနည်းကိုဆောင်သောရဟန်း- သုတ္တန်ကိုဆောင်သောရဟန်း ဤရဟန်းနှစ်ပါးတို့သည်လည်းတစ်ခုသောကျောင်း၌ နေကုန်သတတ်။ ထိုနှစ်ပါးကုန်သော ရဟန်းတို့တွင် သုတ္တန်ကိုဆောင်းသော ရဟန်းသည် တစ်နေ့သ၌ ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍ သန်သက်အိမ်ဝယ် သန့်ရက်ရေကြွင်းကို သန့်သက်ခွက်၌ ထား၏။ နောက်မှ စိနည်းကိုဆောင်သော ရဟန်းသည် သန့်သက်အိမ်သို့ဝင်၍ ထိုးရက်မြင်၍ ထိုအိမ်မှထွက်၍ သုတ္တန်ကိုဆောင်သောရဟန်းကို "ငါ့ရှင်... သင်သည် သန့်သက်ရေကြွင်းကိုထားခဲ့သလော" ဟု မေး၏။ "ငါ့ရှင်... ထားခဲ့၏" ဟု သုတ္တန်ကိုဆောင်သော ရဟန်းသည် ဆို၏။ "ငါ့ရှင်....သင်သည် ဤသန့်သက်ခွက်ဝယ် သန့်သက်ရေကြွင်းကို ထားရာ၌ အာပတ်သင့်သည်၏ အဖြစ်ကို မသိသလော" ဟု စိနည်းကိုဆောင်သော ရဟန်းသည် မေး၏။ "ငါ့ရှင်... ငါသည် မသိ" ဟု သုတ္တန်ကိုဆောင်သော ရဟန်းသည် ဆို၏။ "ငါ့ရှင်... မသိသည်ဖြစ်စေ၊ ဤသန့်သက်ရေကြွင်းထားရာ၌ အာပတ်သည် ရှိ၏" ဟု ဝိနည်းကိုဆောင်သော ရဟန်းသည် ဆို၏။ "ငါ့ရှင်....ထိုသို့တပြီးကား ထိုအာပတ်ကို ငါကုအံ့" ဟု သုတ္တန်ကိုဆောင်သော ရဟန်းသည် ဆို၏။ "ငါ့ရှင်... သင့်အား စေတနာမရှိသည်ဖြစ်၍ သတိလွတ်သဖြင့် ပြုငြားအံ့၊ အာပတ်သည် မရှိ" ဟု ဝိနည်းကိုဆောင်သော ရဟန်းသည် ဆို၏။

ရဟန်းတို့ကဲကြပြီ

သုတ္တန်ကိုဆောင်သော ရဟန်းသည် ထိုအာပတ်၌ "အနာပတ္တိ" ဟု အယူရှိ၏။ ဝိနည်းကိုဆောင်သော ရဟန်းသည်လည်း မိမိတပည့်တို့အား "ဤသုတ္တန္တိကရဟန်းသည် အာပတ်သင့်လျက်လည်း မသိ' ဟု ဆိုပြောဆို၏။ ဝိနည်းကိုဆောင်သော ရဟန်း၏တပည့်တို့သည် သုတ္တန်ကို ဆောင်သော ရဟန်း၏ တပည့်တို့ကိုမြင်၍ 'သင်တို့၏ ဉပဇ္ဈာယ်သည် အာပတ်သင့်၍ အာပတ်သင့်မှန်း မသိ" ဟု ဆိုကုန်၏။ သုတ္တန်ကိုဆောင်သော ရဟန်း၏

www.dhammadownload.com

တပည့်တို့သည် မိမိတို့၏ ဥပဇ္ဈာယ်အား ကြားလျှောက်ကုန်၏။ သုတ္တဲ့နှုန်ကို ဆောင်သော ရဟန်းသည် ''ဤဝိနည်းဓိုရ်ကား ရှေးဦး အနာဝပတ္တိဟုဆို၍ ယခုမှ ''အာဝပတ်'' ဟု ဆိုပြန်၏။ ''ဝိနည်းဓိုရ်သည် မုသားဆို၏'' ဟု တပည့်တို့အား ကြား၏။ သုတ္တန်ကိုဆောင်သော ရဟန်း၏တပည့်တို့သည် ထွေး၍ ''သင်တို့၏ ဥပဇ္ဈာယ်သည် မုသားဆို၏'' ဟု ဆိုကုန်၏။ ဤသို့ အချင်းချင်း ခိုက်ရန်ပြုကုန်၏။ ထို့နောင်မှ ဝိနည်းဓိုရ်သည် အခွင့်ကိုရ၍ သုတ္တဲ့နှုန်က ရဟန်းအား အာပတ်ကို မရှုသောအားဖြင့် ဥက္ခေပနီယကံကို ပြု၏။ ထိုအခါမှစ၍ ထိုနှစ်ပါးကုန်သော ရဟန်းတို့၏ ပစ္စည်း ဒါယကာတို့သည်လည်း နှစ်စုကွဲကုန်၏။ အဆုံးအမကို ခံကုန်သော ရဟန်းမိန်းမတို့သည်လည်း နှစ်စုကွဲကုန်၏။ စောင့်ရှောက်ကုန်သော နတ်တို့သည်လည်း နှစ်စုကွဲကုန်၏။ ထိုနှတ်တို့၏ သန္ဓိဋ္ဌ ဃမ္ဘတ္တ အာခဆုခင်ပွန်းဖြစ်ကုန်သော ဖြဟ့ဉ့်ပြည့်တိုင်ဆောင် ကောင်းကင်ဌ် တည်ကုန်သော ပုထုဇဉ်ဖြစ်သော အလုံးစုံသော နတ်တို့သည်လည်း နှစ်စုကွဲကုန်၏။ အကနိဋ္ဌ ဖြဟ့ဉ့်ပြည့်တိုင်ဆောင် ဤကောလာဟလသည်လည်း ရောက်၏။

ဘုရားသော်မှ ဟောမရ

ထိုအခါ တစ်ပါးသော ရဟန်းသည် မြတ်စွာဘုရားသို့ ဆည်းကပ်၍ ဥက္ခေပနီယကံကို ပြုကုန်သော ရဟန်းတို့၏ ဤသုတ္တန်ကို ရဟန်းတို့ကို ဓမ္မိကဖြစ်သောကံဖြင့်သာလျှင် ဥက္ခိတ္တကံ ပြုအပ်၏ ဟူသောအယူ၊ ဥက္ခိတ္တဝတ္တုကို ရဟန်းတို့၏ သုတ္တန်ကို ရဟန်းတို့ကို အဓမ္မိက ကံဖြင့် ဥက္ခိတ္တကံ ပြုအပ်၏ ဟူသောအယူ ဥက္ခေပနီယကံကိုပြုကုန်သော ရဟန်းတို့ဆည် တားမြစ်အပ်ကုန်လျက်လည်း ဥက္ခိတ္တဝတ္တုကို ရဟန်းတို့ ခြုံရုံ၍ သွားသည်၏အဖြစ်ကို သဗ္ဗညုမြတ်စွာဘုရားအား ကြားလျှောက်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ''ညီညွတ် သင့်တင့်ကြကုန်'' ဟု နှစ်ကြိမ်စေတော်မူ၍ ''ဘုန်းတော်ကြီးသော အရှင်ဘုရား... ညီညွတ်ခြင်းငှာ အလိုမရှိကြကုန်'' ဟူသော စကားကိုကြား၍ သုံးကြိမ်မြောက်၌ သံဃာကွဲ၏ဟု ထိုရဟန်းတို့၏ အထံသို့ကြတော်မူ၍ ဥက္ခေနီယကံကို ပြုကုန်သောရဟန်းတို့အား ကံပြုခြင်း၌ အပြစ်ကို၊ ဥက္ခိတ္တကံ ရဟန်းတို့အား အာပတ်ကို မရှုခြင်း၌ အပြစ်ကို ဟောတော်မူ၍ ဖဲ့တော်မူ၏။ တစ်ဖန် ထိုကောသမ္ဗီပြည်၌လျှင် တစ်ခုတည်းသော သိမ်၌ ဥပုသ်အစရှိသည်တို့ကို ပြုကုန်၍

www.dhammadownload.com

''ယခုအခါ၌လည်း ငြင်းခုံကုန်လျက် နေကုန်၏''ဟု ကြား၍ ထိုအရပ်သို့ သဗ္ဗညုမြတ်စွာဘုရားသည် ကြွတော်မူ၍ ''ရဟန်းတို့....မသင့်၊ ခိုက်ရန် မဖြစ်ဖေလင့်'' ဤသို့ အစရှိကုန်သော စကားတို့ကို မိန့်တော်မူ၍ ဓမ္မဝါဒီဖြစ်သော မထင်ရှားသေခ ရဟန်းတစ်ပါးသည် သဗ္ဗညုမြတ်စွာဘုရားရှင်၏ ပင်ပန်းခြင်းကို အလိုမရှိသဖြင့် ''ဘုန်းတော်ကြီးသော အရှင်ဘုရား...တရားအရှင်ဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသည် ငံ့တော်မူပါဦးလော့၊ ဆရှင်ဘုရား...ဘုန်းဟော်ကြီးသော အရှင်ဘုရားသည် ကြာင့်ကြမဲ့ နေတော်မူပါလော့၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းကို ဆေားထုတ်တော်မူလျက် နေတော်မူပါသော့၊ အကျွန်ုပ်တို့သည် ထိုခိုက်ရန် အငြင်းအခုံဖြင့် ထင်ရှားပါကုန်သတည်း.''ဟု နှုးဆော်လျောက်သည်ရှိသော် ရဟန်းတို့ ရှေးဦးဖြစ်ဖူးသည်ကို ငါဟောအံ့။

အတိတ်ဝတ္ထု။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော ကာသိကမင်းသည် ဖြစ်ဖူး၏၊ ဗြဟ္မဒတ်မင်းသည် ပြည်ကိုလုယူ၍ မထင်ရှားသော ဆသွင်ဖြင့် နေသော ဒီဃီတိ ကောသလမင်းအား သတ်သည်၏ အဖြစ်ကို လည်းကောင်း, ဒီဃာဝု မင်းသားသည် မိမိအား အသက်ကို ပေးသည်ရှိသော် ထိုအခါမှစ၍ ဗြဟ္မဒတ်မင်း ဒီဃာဝုမင်းသားတို့၏ သင့်တင့် ဒိုင်္ဃတိသည်၏ အဖြစ်ကို လည်းကောင်း ဟောတော်မူ၍ ရဟန်းတို့စွဲကိုင်သော လွဲကန်ကျိုးရှိကုန်သော ထိုမင်းတို့အား စဉ်လျက်လည်း ဤသို့ သဘောရှိသော သည်းခံခြင်းနှင့် မေ့လျော့ခြင်းသည် ဖြစ်တုံသေး၏။ သင်တို့သည်ကား ဤသို့ ကောင်းစွာဟောအပ်သော ဤသာသနာတော်၌ ဆင့်ကြောင့် ရဟန်းပြုကုန်၏။ ထို့ကြောင့် စင်စစ်သဖြင့် နားထောင်ရာ၏ဟု ဆုံးမတော်မူ၏။

ငြိမ်းချမ်းရေးတရားတော်

နှစ်ကြိမ်မြောက် လည်းကောင်း, သုံးကြိမ်မြောက် လည်းကောင်း ရဟန်းတို့ မသင့်၊ ခိုက်ရန်မဖြစ်ဖေလင့်ဟု မြစ်တော်မူ၍ မကျင့်ကုန်သော ရဟန်းတို့ကို မြစ်တော်မူ၍ ''ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ရဟန်းတို့သည် ဆကုသိုလ်စိတ်ရှိကုန်သော သဘောရှိကုန်၏။ ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ယောကျ်းတို့သည် မှတ်စိမ့်သောဌာန မလွယ်ကုန်'' ဟု ဖဲ့ဆတော်မူ၍ နက်ဖြန် ဆွမ်းခံရွာမှ ကြွတော်မူ၍ ဂန္ဓကုဋီတော်၌ အတန်ငယ်

www.dhammadownload.com

အပင်အာနန်း ဖြေတော်မူ၍ ကျောင်းအိပ်ရာ နေထွက်ကို သိုမှီးတော်မူ၍ ကိုယ်တော်၏ သပိတ်သင်္ကန်းကိုယူတော်မူ၍ သံဃာ့အလယ် ကောင်းကင်၌ ရပ်တော်မူ၍-

၁၁။ ပုထုသဒ္ဒါ သမဇနေဒ၊ နု ဗာလေဒ ကောစိ မညထ။
သံဃသ္မိံ ဘိဇ္ဇမာနသ္မိံ၊ နာညံ ဘိယျော အမညထုံ။

၁၂။ ပရိမုဋ္ဌာ ပက္ခိဘာ ဘာသာ၊ ဝါစာ ဂေါစရဘာဏိနာ။
ယာ ဝိစ္ဆဇ္ဇန္တီ မုခါယာမံ၊ ယေန နီတာ နု တံ ဝိဒူ။

၁၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယ္ဟန္တိ၊ ဝေရံ တေသံ နု သမ္မတိ။

၁၄။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယ္ဟန္တိ၊ ဝေရံ တေသူပသမ္မတိ။

၁၅။ နု ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

၁၆။ ပရေ စ နံ ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တံတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ၊

၁၇။ အဋ္ဌိန္နော ပါဏဟာရော၊ ဂဝဿ ဓနဟာရိနော။
ရဋ္ဌံ ဝိလုမ္ပမာနာနံ၊ တေတံပိ ဟောတိ သင်္ဂတိ။
ဏသ္မာ တုမှာက နော သိယာ။

၁၈။ သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယ္ယ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေနတ္တမနော သတိမာ၊

၁၉။ နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ၊
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရဉ္ဉော နာဂေါ။

www.dhammadownload.com

၂၀။ ကေဿ စရိတံ သေယ္ယော၊
နတ္ထိ ဗာလေ သဟာယတာ။
ခဏော စ ခရ နု ပါပါနိ ကယိရာ၊
အနပါသုခက္ကာ မာတင်္ဂ ရညေဝ နာဂေါ-
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

၁၁။ သမဇနော၊သဒေဝ ထပ်တူထပ်မျှဖြစ်သော ရဟန်းအပေါင်း သည်း၊ပုထုသဒ္ဒါ၊များသော ကျယ်သောအသံ ရှိ၏။ ကောစိ၊တစ်စုံ တစ် ယောက်သော ရဟန်းသည်လည်း၊ ဗာလော၊ငါမိုက်၏ဟူ၍။ နမည်ထ၊ မအောက်မေ့။ သံဃသ္မိ၊သံဃာသည်၊ ဘိန္နယော၊လွန်စွာ။ ဘိဇ္ဇမာနသ္မိ၊ ကွဲသည်ရှိသော်၊ အာည်၊ ဥ္ဇုံကြောင့် သံဃာ ကွဲ၏ဟူသော တစ်ပါး၊သော အကြောင်းကို။ နအမည်ရွံ၊မအောက်မေ့တတ်။

၁၂။ ပရိမုဋ္ဌော၊ လွတ်သော သတိရှိကုန်သော။ ပဏ္ဍိတာ ဘာသရ၊ ပညာရှိယောင် ပြုကုန်သော။ ဝါစာ ဂေါစရာ၊ သတ္ထိပဋ္ဌာနံစသော အရိယ ဓမ္မကို အာရုံမပြု စကား၊ကိုသာ အာရုံပြုသော ရဟန်းတို့သည်၊ ယာဝ၊ အကြင်မျှလောက်။ မုခါယာမံ၊ခံတွင်းဆင့်ခြင်းကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တာဝ၊ထိုမျှလောက်။ ပဿာရေတွာ၊ဆန့်၍။ ဘာဏိနော၊ဆိုကုန်၏။ ယန၊ အကြင်ခိုက်ရန်သည်။ နီတာ၊အရှက်မရှိသည်၏ အဖြစ်ကို ဆောင်တတ်ကုန် ၏။ တံ၊ထိုခိုက်ရန်ကို။ နဝိဒူ၊ဤသို့ အပြစ်ရှိ၏ဟု မသိကုန်။

ရန်တုံ့မမူသင့်

၁၃။ ယေ စ၊အကြင်သူတို့သည်လည်း။ မံ၊ငါ့ကို။ အက္ကောစ္ဆိ၊ဆဲခဲ့ရ ပြီ။ မံ၊ငါ့ကို၊ အဝဓိ၊ညှဉ်းဆဲပြီ၊ မံ၊ငါ့ကို။ အဇိနိ၊အောင်ပြီ။ မေ၊ငါ၏။ သန္တကံ၊ဥစ္စာကို၊ အဟာသိ၊ဆောင်ပြီ၊ ဣဘိ၊ ဤသို့။ တံ အာဃာတံ၊ထို အခြင်းအရာကို။ ဥပနယ္ဟန္တိ၊အငြိုးဖွဲ့ကုန်၏။ တေသံ၊ထိုသူတို့အား။ ဝေရံ၊ ရန်သည်။ နသမ္မတိ၊မငြိမ်း။

ရန်မလို ရန်ပြို

၁၄။ ယေ စ၊အကြင်သူတို့သည်လည်း။ မံ၊ငါ့ကို။ အက္ကောစ္ဆိ၊ ဆဲရေး ပြီ။ မံ၊ငါ့ကို။ အဝဓိ၊ညှဉ်းဆဲပြီ။ မံ၊ငါ့ကို၊ အဇိနိ၊အောင်ပြီ။ မေ၊ငါ၏၊

www.dhammadownload.com

သန္ဆံကံ၊ဥစ္စာကို။ အဟာသိ၊ ဆောင်ပြီ။ ဣတိ၊ဤသို့။ တံ အာကာရံ၊ ထို အခြင်းအရာကို။ နုပနယှန္တိ၊ မဖွဲ့ကုန်။ တေသံ၊ ထိုသူတို့အား။ ဝေရံ၊ရန် သည်။ ဥပသမ္မတိ၊ငြိမ်း၏။

၀၅။ ဟိသစ္စံ၊မှန်၏။ ဣဓ၊ဤလောကာ၌။ ဒေဝေန၊ ရန်တုံ့မူသဖြင့်။ ဝေရာနိ၊ရန်တို့သည်၊ ကုဒါစနံ၊တစ်ရံတစ်ဆစ်။ န သမ္မန္တိ၊မငြိမ်းကုန်။ အဝေ ရေန စ၊ရန်တုံ့မမူသဖြင့်တာ။ သမ္မန္တိ၊ငြိမ်းကုန်၏။ သေခမေ၁၊ ဤစာရား သည်၊ သနန္တနော၊ရှေးဦးဖြစ်၏။

၁၆။ ပရေ၊သူမိုက်တို့သည်။ တေထ၊ဤသို့သိသည်ရှိ၌။ ကလဟံ၊ခိုက် ရန်တွေ့ခြင်းကို။ ကရောန္တော၊ပြုကုန်လျက်။ မယံ၊ငါတို့သည်။ ယမေမေသေ၊ ယမမင်းနိုင်ငံသို့ လိုက်ရအံ့ဟု။ နစဝိဇာနန္တိ၊ မသိကုန်။ တတ္ထ၊ ထို့ရဟန်း တို့တွင်း ယေစ၊ အကြင်ရဟန်းတို့သည်ကား။ ဝိဇာနန္တိ၊ ယမမင်းနိုင်ငံသို့ လိုက်ရကုန်အံ့ဟု သိကုန်၏။ တတောဝ၊ ထို့ကြောင့်။ မေမဂါ၊ရန်သူတို့သည်၊ သမ္မန္တိ၊ ငြိမ်းကုန်၏။

၁၇။ ယေ ဆုဇာနော၊ အကြင်မင်းတို့သည်၊ အင်္ဂဇိဆ္ဆိန္နော၊ ဖြတ်အပ် သော မိဘတို့၏ အရိုးရှိကုန်၏။ ပါဏဟရာ၊ အတ်အပ်သော မိဘတို့၏ အသက်ရှိကုန်၏၊ ဂဝဿဓန ဟာရိနော၊ ဆောင်အပ်သော နွား၊ မြင်း၊ ဥစ္စာ ရှိကုန်၏။ ရဋ္ဌံ၊ တိုင်းနိုင်ငံကို။ ဝိလုမ္ပမာနာနံ၊ လုယက်ကုန်သော။ တေသံပိ၊ ထိုမင်းတို့အား လည်း။ သင်္ဂတိ၊ ပေါင်းဖော်ခြင်းသည်။ ဟောတိ၊ ဖြစ်သေး၏။ တုမှာကံ၊ သင်တို့အား။ အသ္မာ၊ အဘယ့်ကြောင့်၊ သင်္ဂတိ၊ ပေါင်းဖော်ခြင်းသည်။ နော သိယာ၊ မဖြစ်ထိုက်သနည်း။

၁၈။ နိပကံ၊ ပညာရှိသော၊ သဒ္ဓိံ စရံ၊ အတူတကွ ကျင့်ဘက်ဖြစ် သော၊ သာဓုဝိဟာရိံ၊ ကောင်းစွာနေလေ့ရှိသော၊ ဓီရံ၊ တည်ကြည်သော၊ သဟာယံ၊ အဆွေခင်ပွန်းကို။ သဒ္ဓေ လဘေထ၊ အစာယ်၍ ရခြေးအံ့။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ပရိဿယာနိ၊ ဘေးရန်တို့ကို၊ အဘိဘုယ္ယ၊ နှိပ်စက်၍၊ တေန၊ ထိုအဆွေခင်ပွန်းနှင့်။ သဒ္ဓိံ၊ တကွ၊ အတ္တမနော၊ ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍၊ သတိမာ၊ သတိနှင့်ပြည့်စုံ သည်ဖြစ်၍၊ စရေယ္ယ၊ ကျင့်ထုံး၏။

၁၉။ နိပကံ၊ ပညာရှိသော။ ထဒ္ဒိံ စရံ၊ တကွ ကျင့်ဘက်ဖြစ်သော။ သာဓု ဝိဟာရိံ၊ ကောင်းစွာနေလေ့ရှိသော၊ ဓီရံ၊ တည်ကြည်သော၊ သဟာယံ၊အဆွေခင်ပွန်းကို၊ နော၁စော လဘေထ၊ အကယ်၍ မရခြေးအံ့၊

www.dhammadownload.com

ရာဇာ၊ မယာဇနကမင်း အရိန္ဒမမင်းသည်၊ စိဇီတံ၊ အောင်မြင်ရာ ဖြစ်သော၊ ရဋ္ဌံ၊ တိုင်းနိုင်ငံကို၊ ပဟာယ၊ စွန့်၍။ ဧကော၊ တစ်ယောက်တည်း။ စရေဏ္ဍဝ၊ ကျင့်သကဲ့သို့လည်းကောင်း။ မာတင်္နာဂေါ၊ အမိကို လုပ်ကျွေးသော သီလဝ ဆင်ပြောင်ကြီး ပါလိလေယျက ဆင်ပြောင်ကြီးသည်။ အရညေ၊ တောဝင်၌။ ဧကော၊ တစ်စီးတည်း။ စရေဏ္ဍဝ၊ ကျင့်သကဲ့သို့လည်းကောင်း။ ဧဝံ-တထာ၊ ထို့အတူ။ ဧကော၊ တစ်ယောက်တည်း။ စရေ၊ ကျင့်ရာ၏။

ထူမိုက်နှင့် မပေါင်းရာ

၂၀။ ကေသဲ စရိတံ၊ တစ်ယောက်တည်း ကျင့်ခြင်းသည်။ ဧသေယျော၊ မြတ်၏။ ဗာဓေလ၊ သူမိုက်၌။ သဟာယတာ၊ အနဆွခင်ပွန်း၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ အရညေ၊ တောဝင်၌။ မာတင်္နာဂေါဝ၊ ဆင်ပြောင်ကြီးကဲ့သို့။ အပ္ပေါသုဿ္ကော၊ ကြွေငှင့်ကြွမဲ့။ ဧကော၊ တစ်ယောက်တည်း။ စရေ၊ ကျင့်ရာ၏။ ပါပါနိ၊ မကောင်းမှုတို့ကို။ နစကယိရာ၊ မပြုရာ။

သမ္ဗညုမြတ်စွာဘုရားယည် ဤသို့ မိန့်တော်မူ၍ ထိုရဟန်းတို့ကို ညီညွတ်စွာ ပြုအံ့သောငှာ မတတ်နိုင်ရအား ပါလိလေယျကဆရွာသို့ ကြွတော်မူ၍ ဘဂုမထေရ်အား၊ တစ်ယောက်တည်း နေသည်၏ အဖြစ်၌ ဆကျိုးဆက်ကို ဟောတော်မူဖြိုး၍ ထိုရွာမှ သုံးယောက်ကုန်သော အမျိုးကောင်းသားတို့၏ နေရာအရပ်သို့ သွား၍ အမျိုးတောင်းသားတို့အား ညီညွတ်သင့်တင့်သည်၏ အဖြစ်၌ အကျိုးဆက်ကို ဟောတော်မူ၍ ထိုအရပ်မှ ပါလိလေယျက တောအုပ်သို့ကြွတော်မူ၍ ထိုတောအုပ်၌သုံးလပတ်လုံးနေတော်မူ၍တစ်ဖန် ကောသမ္ဗီပြည်သို့ မကြွမူ၍ သာဝတ္ထိပြည်သို့လျင် ကြွတော်မူ၏။ ကောသမ္ဗီပြည်သား သီတင်းသည်တို့သည် "ဤကောသမ္ဗီပြည်သား ရဟန်းဖြင့်ကုန်သော အရှင်တို့ကား ငါတို့၏ မျှားစွာသော အကျိုးမဲ့ကို ပြုကုန်၏၊ ဤအရှင်တို့သည် နှိပ်စက်ဆုပ်သည်ဖြစ်၍ ဘုရားသမ္ဗညုသည် ကြွသွားတော်မူ၏၊ ဤကောသမ္ဗီပြည်သားရဟန်းဖြစ်ကုန်သော အရှင်တို့အား ရှိခိုးခြင်း အစရှိသည်တို့ကို မပြုကုန်အံ့၊ ဆွမ်းကို မလှူကြကုန်အံ့၊ ဤသို့ ပြုသည်ရှိသော် ဤရဟန်းတို့သည် ဖဲမူလည်း ဖဲကုန်ဇတ်တံ့၊ ရန်ဖြစ်ခြင်းမှမူလည်း ကြဉ်ကုန်လတ္တံ့၊ ထို့အခါ သမ္ဗညုမြတ်စွာဘုရားကို ဤရဟန်းတို့သည် ကြည့်

www.dhammadownload.com

ညိုစေကုန်သတ္တဲ့''ဤသို့ တိုင်ပင်၍ တိုင်ပင်တိုင်း ပြုကုန်၏။ ထိုရဟန်းတို့ထည် ထိုဇော်ဒေမျှဖြင့် နှိပ်စက်အင်ကုန်သည်ဖြစ်၍ သာဝတ္ထိပြည်သို့သွား၍ သမ္ဗညူမြတ်စွာဘုရားအား ကန်တော့ကုန်၏။

ဇာတ်ပေါင်း။ သမ္ဗညူမြတ်စွာဘုရားသည် ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား- ယခုအခါ သိရိသုဒ္ဓါဒနမင်းကြီးသည် ထိုအခါ အဘဖြစ်ပြီ၊ ယခုအခါ မဟာမာယာသည် ထိုအခါ အမိဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒီဃာဝုမင်းသားဖြစ်ပြီး၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရဟန်းများစွာ၊ ကဲ့ပြုးရာ၊ ဒကာစောင့်ထိန်းရာ)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဇကာသမ္မိ ဇာတ်သည် ပြီး၏။

၃-မဟာသုဝဏ္ဏဇာတ်

ဆင်းရဲသော်လည်း အဆွေခင်ပွန်းကို မစွန့်ထိုက်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗညူမြတ်စွာဘုရားသည် ''ဒုမော ယဒါဟောတိ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာသုဝဏ္ဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဆွမ်းကြမ်းစားရသည်

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ ကောသလ ဇနပုဒ်၌ မထင်ရှားသော ပစ္စန္တရွာကို အမှီပြု၍ စတာဉ် နေသတတ်၊ ထိုပစ္စန္တရွာသားတို့သည် ထိုရဟန်းအား မွန်မြတ်သော ဆွမ်းကိုလှူခြင်းငှာ မတတ်နိုင်ကုန်၊ ထိုရဟန်းအား လျော်ပတ်သော ကျောင်းကို ရလျက်လည်း ဆွမ်းဖြင့် ပင်ပန်းရကား မဂ်ကိုလည်းကောင်း, ဖိုလ်ကိုလည်းကောင်း ဖြစ်စိမ့်သောငှာ မတတ်နိုင်၊ ထိုအခါ သုံးလလွန်သဖြင့် သမ္ဗညူမြတ်စွာဘုရားအား ရှိခိုးအံ့သောငှာ လာသော ထိုရဟန်းကို သမ္ဗညူမြတ်စွာဘုရားသည် ပဋိသန္ဓာရကို ပြုတော်မူ၍ ''ရဟန်း... ဆွမ်းဖြင့် မပင်မပန်းဘဲ ရှိပါ၏လော၊ လျော်ပတ်သောကျောင်းကို ရ၏လော''ဟု မေးတော်မူ၏၊ ထိုရဟန်းသည် ထိုအကြောင်းကို ကြား၊ လျှောက်၏။

(၁၀၆) ။ဂုံစဒ္ဒ·ဇိဒဒ္ဓယဇဋ္ဌ ဇွယဒ္ဒဂ:နံ့ဂဇဃဒ ဥံ့ရြဋ္ဌဃဒ်ဒ်ဇဇဇ္ဈဇ္ဈ ဩဝဃဒ်ဇ့:ဇ္ဈဇဇ်ဖုံ :ဇဇ:ဒ္ဒဂ:ငယဒ ဋ္ဌဃဒ:ဒ္ဒဂ:ဃြဋ္ဌ ။cc-ဂုံ

(ဌဝဇဇဇဃဝဇ်ဃဃဂဇ ၊ဃo-oဂ၆)

www.dhammadownload.com

www.dhammadownload.com

ရဿမျှဖြင့်ရောင့်ရဲလေ

သံဗွေညုမြတ်စွာဘုရားသည်ထိုရဟန်းအား လျှောက်ပတ်သောကျောင်း ရှိသည်၏အဖြစ်ကို သိစေတော်မူ၍ ''ရဟန်း... ရဟန်းမည်သည်ကား လျှောက်ပတ်သော ကျောင်းကို ရသည်ရှိသော် လောဘ၏ ဇာစ်မြစ်အားဖြင့် ကျင့်ခြင်းကိုပယ်၍ တစ်စုံတစ်ခု ရတိုင်းသော ပစ္စည်းကိုသာလျှင် သုံးဆောင်၍ ရောင့်ရဲခြင်းဖြင့် ရဟန်းတရားကို ပြုသင့်၏။ ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုးဌ ဖြစ်ကုန်သော်လည်း မိမိနေရာ လစ်ဝင်ခြောက်လတ်သော် အမှုန့်ကို စားကုန်လျက် လောဘ၏ ဇာစ်မြစ်အားဖြင့် ကျင့်ခြင်းကိုပယ်၍ ရောင့်ရဲကုန်သည်ဖြစ်၍ အဆွေခင်ပွန်းတို့၏ တရားကို မဖျက်ဆီးမူ၍ တစ်ပါးသို့ မသွားကုန်။ သင်သည်ကား ဆာဘယ်ကြောင့် ဆွမ်းကို သုံးဆောင်ရလျှက် ထိုဆွမ်းကိုကြမ်း၏ဟူ၍ လျှောက်ပတ်သောကျောင်းကို စွန့်ဘိသနည်း'' ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်ဆပ်သည်ဖြစ်၍ ဆတိတ်ကိုဆောင် တော်မူ၏။

အတိတ်ဝတ္ထု။ လွန်းလွန်းသောအခါ ဟိမဝန္တာဝယ် ဂင်္ဂါနဒီဌ် တစ်ခုသော ရေသဖန်းပင်ဝယ် အရုမဏကုန်သော ကျွဲတို့သည် နေကြကုန်၏။ ထိုကျွဲတို့တွင် တစ်ခုသောကျွဲမင်းသည် မိမိနေသော ရေသဖန်းပင်၏ အသီးတို့သည် ကုန်ကုန်လတ်သော် အကြင် အညွှန့် အရွက် အခွံ အပွေးသည် ကြင်း၏။ ထိုအကြင်းကိုစား၍ ဂင်္ဂါဌ်ရေကိုသောက်၍ အလွန်မြတ်သော အလိုနည်းခြင်းဖြင့် ရောင့်ရဲသည်ဖြစ်၍ တစ်ပါးသော အရပ်သို့မသွား။ ထိုကျွဲမင်း၏ အလိုနည်းသည်၏ အဖြစ်, ရောင့်ရဲလွယ်သည်၏ အဖြစ်ဟူသော ဂုဏ်ကျေးဇူးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏။

ရောင့်ရဲလွယ်သောကျွဲ

သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုကျွဲမင်းကိုမြင်၍ ထိုကျွဲမင်းအား စုံစမ်းအံ့သောငှာ မိမိ၏ အာနုဘော်ဖြင့် ထိုသစ်ပင်ကိုခြောက်ရှိစေ၏။ ရေသဖန်းပင်သည် အငုတ်မျှသာရှိ၏၊ အပေါက်ကြီး အပေါက်ငယ်လျှက် လေခတ်အပ်သည်ရှိသော် တီးမှုတ်ဘိသကဲ့သို့ မြည်၏။ ထိုရေသဖန်းပင် အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏။ ကျွဲမင်းသည် ထို

www.dhammadownload.com

အမှုန့်တို့ကိုစား၍ ဂင်္ဂါဌ္ဌ ရေသောက်၍ တစ်ပါးသောအရပ်သို့ မသွားမူ၍ လေနေပူတို့ကို မခရေမတွက်မူ၍ ရေသဖန်းပင်ငုတ်၌ နေ၏၊

သစ်ပင်သေနေပြီ

သိကြားမင်းသည် ထိုကျေးမင်း၏ အလိုနည်းသောအဖြစ်ကို သိ၍ အာဆုခင်ပွန်းတို့၏ တရားကျေးဇူးကို ဟောစေ၍ ကျေးမင်းဆား ဆု ပေး၍ ရေသဖန်းပင်ကို အမြိုက် အသီးရှိသည်ကိုပြု၍ လာအံ့ဟု တစ်ခု သော ဟာသ်စမင်းဖြစ်၍ သုဇာမည်သော အသုရာ နတ်၏သမီးကို ရှေ့ထား၍ ရေသဖန်းပင်တော်သို့ သွား၍ ဆန်း၌ တစ်ခုသောသစ်ပင်၏ ဆောက်၌ နား၍ ထိုကျေးမင်းနှင့်တကွ စကားကို ဖြစ်ဧလိုရကား-

၂၁။ ဒုမော ယဒါ ဟောတိ ဖလူပပန္နော၊
ဘုဉ်ဇန္တိနံ ဝိဟင်္ဂမာ သမ္ပတန္တော၊
ခီဏန္တံ ဥတ္တာန ဒုမပ္ပလစ္ဆံ ယေ၊
ဒိသောဒိသံ ယန္တိ တတော ဝိဟင်္ဂမာ-

ဟူသော ဗျေးဦးစွာသော ဤဂါထာကိုဆို၏။

၂၁၊ သုဝဏ္ဏ၊ ကျေးမင်း။ ဒုမော၊ သစ်ပင်သည်။ ယဒါ။ အကြင် အခါ၌။ ဖလူပပန္နော၊ အသီးနှင့်ပြည့်စုံသည်၊ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ဝိဟင်္ဂမာ၊ ငှက်တို့သည်။နံ၊ ထိုသစ်ပင်ကို။သမ္ပဘန္တော၊ တစ်ခက်မှ သည် တစ်ခက်သို့ ပြောင်းသွားကုန်လျက်။ ဘုဉ္ဇန္တိ၊ စားကုန်၏။ ခီဏန္တိ၊ အသီးကုန်၏ဟူ၍။ ဥ တ္တာ၊ သို့။ ဒုမပ္ပလစ္ဆံယေ၊ သစ်သီးကုန်သဖြင့်၊ ဝိဟင်္ဂမာ၊ ငှက်တို့သည်။ တတော၊ ထိုသစ်ပင်မှ။ ဒိသောဒိသံ။ ထိုထိုအရပ်သို့၊ ယန္တိ၊ ပျံသွားကုန်၏။

ဤသို့ဆိုပြီး၍ ထို.နောင်မှ ထိုကျေးမင်းကို တိုက်တွန်းအံ့သောငှာ-

၂၂။ စရ စာရိကံ လောဟိတတုဏ္ဍ မာမရိ၊
ကိံ တွံ သုဝ သုကွဒုမမ္ပိ စျာယသိ။
တဒိဃံ မံ ဗြူဟိ ဝဿန္တိ သန္ဒိဘ၊
ကဿဝါ သုဝ သုကွဒုမံ နု ရိဉ္ဆသိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၂။ လောဟိတ တုဏ္ဍ၊ နီသော နှုတ်သီးရှိသော။ သုဝ၊ ကျေးသား။ စာရိုက်၊ အရပ်တစ်ပါးသို့ သွားခြင်းကို။ စရ။ သွားလော့။ မာ မရိ၊ မသလှင့်။ တွံ၊ သင်သည်။ ကိံ၊ အာဘုယ့်ကြောင့်။ သုက္ခဒုမမို့၊ ခြောက်သော သစ်ပင်၌။ စျာယသိ၊ မှိုင်သနည်း။ ဝဿန္တေ သန္တံ၊ မိုးတွင်းစာလ၌ စိမ်းညိုသော တောအုပ်နှင့်တူသော အဆင်းရှိသော။ သုဝ၊ ကျေးသား။ တံ၊ သင့်ကို။ ဣဃ်၊ ငါတို့က်တွန်း၏။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ ပြုဟိ၊ ဆိုလော့။ ကသ္မာ၊ အဘယ့်ကြောင့်။ သုက္ခဒုမံ၊ ခြောက်သော သစ်ပင်ကို။ နရိဠဲသိ၊ မစွန့်သနည်း။

မိတ်ဆွေကိုမစွန့်ကောင်း

ထို့နောင်မှ သိကြားကို ကျေးမင်းသည် ''ငါကား ကျေးဇူးကိုသိတတ်သည်၏ အဖြစ်ကြောင့် ဤသစ်ပင်ကို မစွန့်'' ဟု ဆိုလိုလျှင်

၂၃။ ယေ ဝေ သခိနံ သခါဇော ဘဝန္တိ၊
ပါကံ စဇေ သုခဒုက္ခေသု ဟံသ။
ခိဏံ အခိဏမိ နတံ ဇဟန္တိ၊
အန္တော သတံ ဓမ္မ မနုဿမုန္ဒော။
၂၄။ သောဟံ သတံ အညတရောသ္မိ ဟံသ၊
ဉာတိစ မေ ဟေဒိသ ရက္ခေ၊
တံ နုဿဟေ ဇီဝိကတ္ထော ပဟာတုံ၊
ခိဏာန္တိ 'ဉ တွာန နဟေသ ဓမ္မော-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၃။ ဟံသ၊ ဟသ်ံမင်း။ သခိနံ၊ အားဆွေခင်ပွန်းတို့၏။ ယေ သခါရော၊ အဘြင်အခဆွခင်ပွန်းတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သော၊ ထို အားဆွေခင်ပွန်းသည်။ သုခဒုက္ခေသု၊ ချမ်းသာဆင်းရဲတို့၌။ ပါကံ၊ အသက်ကို။ စဇေ၊ စွန့်ရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ မဲ့၊ တရား။ အနုဿရန္တော၊ အောက်မေ့ကုန်လျက်။ သန္တော၊ သူတော်ကောင်းတို့သည်။ တံ၊ ထိုအားဆွေခင်ပွန်းကို။ ခိဏမိ၊ စည်းစိမ်ဥစ္စာ ကုန်ပြီဟူ၍လည်း၊ ကောင်း။ အခိဏမိ၊ စည်းစိမ်ဥစ္စာ မကုန်သေးဟူ၍လည်းကောင်း၊ နဇဟန္တိ၊ မစွန့်ကုန်။

www.dhammadownload.com

၂၄။ ဟံသ၊ ဟသ်ံမင်း။ သောအဟံ၊ ထိုဝါသည်။ သတံ၊ သူတော်ကောင်းတို့တွင်။ အညာခရာ၊ တစ်ယောက်သည်း သသို့၊ ဖြစ်၏။ ရွှေကွာ၊ ရေသဖန်းပင်သည်။ မမ၊ ငါ၏။ ဥာတိစ၊ အားဆွေအမျိုးသည်လည်းတောင်း၊ သခါစ၊ အားဆွေခင်ပွန်းသည်လည်းခကောင်း၊ ဟောတိ၊ ဖြစ်၏။ ဇိဝိကတ္ထာ၊ အသက်မွေးခြင်းကို အလိုရှိသောငါသည်း ခီဏန္တိ၊ အသီးကုန်ပြီဟု။ ဥတ္တာန၊ သိ၍။ တံ၊ ထိုရေသဖန်းပင်ကို။ ပဟာတုံ၊ စွန့်အံ့သောငှာ။ နုဿဟာ၊ မတတ်နိုင်။ သေ-ဓေသုဝ၊ ထိုစွန့်ခြင်းသည်း နဓမ္မော၊သူးတော်ကောင်းတို့၏ တရားမဟုတ်။

ငါဆုပေးမည်

သိကြားမင်းသည် ကျေး၏ စကားကိုကြား၍ နှစ်သက်သည်ဖြစ်၍ ချီးမွမ်း၍ ဆုပေးလိုရကား-

၂၅။ သာဓု သက္ခိကတံ ဟောတိ၊ မေတ္တိ သံသတိ သန္ဆံဝါ။
သဓေ့တံ ဓမ္မံ ရောစေသိ၊ ပါ သံသေ့ သိဝိဇနတံ၊
၂၆။ ဓေသာ တေ သုဝ ဝရံ ဒမ္မိ၊ ပတ္တယာနုဝိဟာဂ်မ။
ဝရံ ဝရဿု ဝက္ကာဂ်၊ ယံကိဉ္စိ မနသိစ္ဆသိ-
ဟုဓေသာ ဤနှစ်ဂါထာတို့ကို ဆို၏။

၂၅။ သုဝ၊ ကျေးမင်း။ သခ်္ခိကတံ၊ အဆွေခင်ပွန်း၏ အဖြစ်ထည်း သာဓု၊ ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ မေတ္တိသံသတိ၊ အဆွေခင်ပွန်းဖြစ်၍ တကွ နေခြင်းသည်။ သန္ဆံဝါ၊ ပေါင်းဖော်ခြင်းသည်း သဓမ္မံ၊ ကောင်းသည်း ဟေးတိ၊ ၏း တံ့ ၊ သင့်သည်။ တံဓမ္မံ၊ ထိုချစ်ခင် လေးမြတ်ပေါင်းဖက်ဆက်သော မိတ်ဆွေခင်ပွန်းသဘောကို။ သဓေ့ ရောစေသိ၊ အားကိုးယင်း၍ နှစ်သက်အံ့။ ဝိဇာနတံ၊ ပညာရှိတို့သည်။ ပါသံသေ၊ ချီးမွမ်းထိုက်သည်။ အသိ၊ ဖြစ်၏။

၂၆။ ပတ္တယာန၊ အားတောင်ဟူသော ယာဉ်ရှိသော့။ ဝိဟာဂ်မ၊ ကောင်းထောင်ဖြင့် သွားတတ်သော။ ဝက္ကာဂ်၊ ကောက်သော လည်ရှိသော။ သုဝ၊ ကျေးသား၊ တံ့ ၊ သင်သည်။ ယံကိဉ္စိ၊ အမှတ်မရှိသောဆုကို။ မနသ။ စိတ်ဖြင့်။ ဣစ္ဆသိ၊ အလိုရှိအံ့၊ သော့အဟံ၊ ထိုငါသည်။ တေ၊ သင့်အား။ ဒမ္မိ၊ ပေးအံ့။ ဝရံ၊ လိုသောဆုကို၊ ဝရဿု၊ တောင်းလော့။

www.dhammadownload.com

ဤသစ်ပင်ပြိုန်ရှင်ပါစေ

ထိုစကားကိုကြား၍ ကျေးမင်းသည် ဆုယူလိုရကား-

၂၇။ ဝရဉ္ဉေ မေ ဟံသ ဘဝံ ဒဒေယျ၊
အယဉ္စ ရုက္ခော ပုနရုယျံ လဒေ္ဘထ၊
သော သာခဝါ ဖလိမာ သံဝိရူဠ္ဆော၊
ပဓုတ္ထိဒကာ တိဋ္ဌတု သောဘမာနော-
ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂၇။ ဟံသ၊ ဟသ်ံမင်း။ ဘဝံ၊ အရှင်သည်။ ဒမ၊ ငါ့အား။ ဝရံ၊ ဆုကို။ စ ဒဒေယျ၊ အကယ်၍ ပေးငြားအံ့။ အယဉ္စ ရုက္ခော၊ ဤဒေရ သဖန်းပင်သည်လည်း။ ပုန၊ တစ်ဖန်။ အာယုံ၊ အသက်ကို။ လဒေ္ဘထ၊ ရစေ သတည်း။ သော၊ ထို ရေသဖန်းပင်သည်။ သာခဝါ၊ အခက်နှင့် ပြည့်စုံသည်ဖြစ်၍။ ဖလိမာ၊ အသီးနှင့်ပြည့်စုံသည်ဖြစ်၍။ သံဝိရူဠ္ဆော၊ ထက်ဝန်းကျင်မှ စည်ပင်ပေါက်ရောက်သော အရွက်နုရှိသည် ဖြစ်၍။ ပဓုတ္ထိဒကော၊ ယင်ပျားငယ်ကဲ့သို့ ချို့သော အသီးရှိသည်ဖြစ်၍။ သောဘမာနော၊ တင့်တယ်သည်ဖြစ်၍။ တိဋ္ဌတု၊ တည်စေသတည်း။

ရေသဖန်းပင် ပြန်စည်ပင်

ထိုအခါ ထိုဧကျေးမင်းအား သိကြားမင်းသည် ဆုပေးလိုရကား၊

၂၈။ တံ ပဿ သမ္မ ဖလိမံ ဥဠ္ဆာရုံ၊
သဟာဝဏ် တေ ဟောတု ဥဒုမ္ဗရေန၊
သော သာခဝါ ဖလိမာ သံဝိရူဠ္ဆော၊
မဓုတ္ထိဒကော တိဋ္ဌတု သောဘမာနော-
ဟူသော ၅စ်ခုခြောက်သော ဤဂါထာကို ဆို၏။

၂၈၊ သမ္မ သုဝဏ္ဏ၊ ကောင်းသော ကျေးမင်း။ ဖလိမံ၊ အသီးနှင့် ပြည့်စုံသော။ ဥဠ္ဆာရုံ၊ မြတ်သော။ တံ၊ ထိုရေသဖန်းပင်ကို၊ တ္ဝံ၊ သင်သည်။ ပဿ၊ ရှုလော့။ တေ၊ သင့်အား။ ဥဒုမ္ဗရေန၊ ရေသဖန်းပင်နှင့်။ သဟာဝဏ်၊ တကွလျှင်။ ဝါ၊ သော၊ နေခြင်းသည်း ဟောတု၊ ဖြစ်စေ။ သော၊ ထို ရေသဖန်းပင်သည်။ သာခဝါ၊ အခက်နှင့် ပြည့်စုံသည်ဖြစ်၍။ ဖလိမာ၊

www.dhammadownload.com

အသီးနှင့် ပြည့်စုံသည်ဖြစ်၍။ သံဝိုရွှေငှာ၊ ထက်ဝန်းကျင်မှ စည်ပင်ပေါက်ရောက်သော အရွက်နုမွှေသည်ဖြစ်၍ မဓုတ္ထိကော၊ ယင်ပျားငယ်ကဲ့သို့ ချို့သော အသီးရှိသည်ဖြစ်၍။ သောဘမာနော၊ တင့်တယ်သည်ဖြစ်၍။ တိဋ္ဌတု၊ တည်စေသတည်း။

ဤသို့ဆို၍ ထိုဟသ်ဓနုင်း၏ ဆင်တွဘောကိုစွန့်၍ မိမိ၏ လည်းကောင်း၊ သုဇာ၏လည်းကောင်း အာနုဘော်ကိုပြ၍ ဂင်္ဂါမှ လက်ဖြင့်ရေကိုယူ၍ ရေသဖန်းပင်ဥတ်ကို သွန်းလောင်း၍ သုံးယပ်၏၊ ထိုခဏ၌လျှင် အခက်အခွတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းလျက် ချို့သောအသီးရှိသော သဖန်းပင်သည် တက်၍ အာဇွတ်မရှိသော ပတ္တမြားတောင်ကဲ့သို့ တင့်တယ်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ တည်၏။

ချမ်းသာကြပါစေ

ကျေးမင်းသည် ထိုရေသဖန်းပင်ကိုမြင်၍ ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ သိကြားမင်းအား ချီးမွမ်းလိုရတား-

၂၉။ ဧဝံ သက္က သုခီ ဟောဟိ၊ သဟ သဇ္ဇဟိ ဉာတိဘိ။
ယထာဟ မင္ဒ သုခိတော၊ ဒိဿာန သဖလံ ဒုမံ-

ဟူသော ကိုးခုမြောက်သော ဂျိဂါထာကို ဆို၏။

၂၉။ ဃက္က၊ သိကြဓးမင်း။ ဆင္ဒ၊ ယနေ့။ အဟံ၊ ငါသည်။ သဖလံ၊ အသီးနှင့် ပြည့်စုံသော။ ဒုမံ၊ သဖန်းပင်ကို။ ဒိဿာန၊ မြင်၍။ သုခိတော-ယဆာ၊ ချမ်းသာသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တွံ၊ သင်သည်။ သဇ္ဇဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ ဆွေမျိုးတို့နှင့်။ ဃဟာ၊ ဓာကွ။ သုခီ၊ ချမ်းသာသည်။ ဟောတိ၊ ဖြစ်စေသတည်း။

သိကြားမင်းသည်လည်း ဆုပေး၍ ရေသဖန်းပင်ကို အမြိုက်အသီးနှင့် ပြည့်စုံသည်ကို ပြု၍ သုဇာနှင့်တကွ မိမိနေရာသို့သာလျှင် သွား၏။ ထိုအနက်ကို ပြုအံ့သောငှာ သဇ္ဇညူမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၃၀။ သုဝဏ္ဏ စ ဝဏ္ဏံ ဒတ္ဘာ၊ ကတ္တာန သဖလံ ဒုမံ။
ပက္ကာမိ သဟ ဘရိယာယ၊ ဒေဝါနံ နန္ဒနံ ဝနံ-

ဟူသော ဤအဆုံးဂါထာကို ဟောတော်မူ၏။

၃၀၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သက္ကော၊ သိကြားသည်။ သုဝဏ္ဏ စ၊ ကျေးသားအာဝးလည်း။ ဝဏ္ဏံ၊ ဆုကို။ ဒတ္ဘာ၊ ပေး၍။ ဒုမံ၊ ရေသဖန်းပင်

www.dhammadownload.com

ကို။ သဖလံ၊ အသီးရှိသည်ကို၊ ကတ္တာန၊ ၍။ ဘရိယာယ၊ မယားနှင့်။ သဟ၊ တကွ။ ဒေဝါနံ၊ တဝတိံသာနတ်တို့၏။ နန္ဒနံ ဝနံ၊ နန္ဒဝန်ဥယျာဉ်သို့။ ပက္ကာမိ၊ သွား၏။

ဇာတ်ပေါင်း။ သမ္မာသမ္ဗုဒ္ဓစံခဲဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်း....ရှေးပညာရှိတို့သည် ဤတိရစ္ဆာန်အမျိုးဌဲ့ ဖြစ်ကုန်လျက်လည်း လောဘ၏ အစွမ်းအားဖြင့် သွားခြင်းမရှိကုန်သည် ဖြစ်ကုန်၏။ သင်သည်ကား အဘယ်ကြောင့် ဤသို့သဘောရှိသော သာသနာတော်၌ ရဟန်းပြု၍ လောဘ၏ အစွမ်းအားဖြင့် သွားခြင်းကို သွားဘိသနည်း၊ သွားလေ....ထိုအရပ်၌လျင် နေလော့" ဟုမိန့်တော်မူ၍ ထိုရဟန်းအားကမ္မဋ္ဌာန်းကို ဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုရဟန်းသည် ထိုအရပ်သို့သွား၍ဝိပဿနာ စီးဖြန်းလျင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား- "ယခုအခါ ဆုရဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျင် ထိုအခါ ကေးမင်းဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရောင့်ရဲသည်းခံ၊ ချမ်းသာမှုန်၊ ဓကန်ရမည်သဖြင့်)
သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော မဟာသုဝဏ္ဏ ဇာတ်သည် ပြီး၏။

၄-စူဠသုဝဏ္ဏဇာတ်
လောဘနိုင်ငံသို့ မလိုက်သင့်ကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မာသမ္ဗုဒ္ဓစံခဲဘုရားသည် "သန္တိ ရက္ခာ" အာဒိရှိသော ဂါထာပုဒ်ဖြင့် တနုဆာဆင်အပ်သော ဤစူဠသုဝဏ္ဏ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် ဝေရဉ္ဇကလွှာကို အာရဗ်ကြောင်းပြု၍ ဟောတော်မူ၏။

သမ္မာသမ္ဗုဒ္ဓစံခဲဘုရားသည် ဝေရဉ္ဇာ၌ ဝါဆိုးတော်မူ၍ အစဉ်သဖြင့် သာဝတ္ထိမြို့သို့ ရောက်တော်မူသည်ရှိသော် ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့....သမ္မာသမ္ဗုဒ္ဓစံခဲဘုရားသည် နှုးညံ့သိမ်မွေ့စွာသော မင်းမျိုး

www.dhammadownload.com

ဖြင့်လျက် နှုးညံ့သိမ်မွေ့သော ဘုရားဖြစ်လျက် ကြီးစွာသော တန်ခိုးအာနုဘော်ဖြင့် ပြည့်စုံတော်မူလျက် ဝေရဉ္ဇပုဏ္ဏားသည် ဖိတ်ဆပ်သည်ဖြစ်၍ ဝါတွင်း သုံးလပတ်လုံး မာရ်သည် မြွေးယှက်ဆပ်သည်ဖြစ်၍ ဝေရဉ္ဇပုဏ္ဏား၏ အထံ၌ တစ်ရက်မျှလည်း ဆွမ်းကို မရမူ၍ လောဘ၏အစွမ်းအားဖြင့် သွားခြင်းကို ပယ်တော်မူ၍ ဝါတွင်းသုံးလပတ်လုံး တစ်ကွမ်းစားမျှသာ ကြိတ်ဆပ်သော မုယောဆွမ်းဖြင့် မျှတတော်မူလျက် တစ်ပါးသောဆရပ်ကို ကြွသွားတော်မမူ၊ သပ္ပဉ္ညုမြတ်စွာဘုရား၏ ဇလိုတော်နည်းသည်၏အဖြစ် ထူင့်ရဲလွယ်သည်၏ အဖြစ်သည် အံ့ဖွယ်ရှိစွ''ဟု စကားကို ဖြစ်စေကုန်၏။

သပ္ပဉ္ညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့....ယခုအခါ အာဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း''ဟု မေးတော်မူ လတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏''ဟု နှားတော်လျောက်ထားသည်ရှိသော် ''ရဟန်းတို့....ယခုအခါ၌ ငါဘုရား၏ လောဘ၏ အစွမ်းအားဖြင့် သွားခြင်းကို ပယ်ခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးတိုရဿာန်အမျိုး၌ ဖြစ်လျက်လည်း ငါသည် လောဘ၏ အစွမ်းအားဖြင့် သွားခြင်းကို ပယ်ပြီး၏'' ဟု မိန့်တော်မူ၍ ရဟုန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်ခေတော်မူ၏။

အတိတ်ဝတ္ထု။ ထာလုံးစုံခသော ဝတ္ထုကို ရှေးနည်းဖြင့်လျှင် ဆိုအပ်၏။

၃၁။ သန္တိ ရုက္ခာ ဟရိပတ္တာ၊ ဒုမာ နေကဖလာ ဗဟူ။
ကသ္မာ နံ သုက္ခာ ကောဋ္ဌာပေ၊ သုဝဿ နိရတော မဓေနာ။

၃၂။ ဖလ ဿ ဉပဘုဉ္ဇံမှ၊ နေကဝဿဂဏေ ဗဟူ။
အဖလမ်ပိ ဝိဒိတ္ဝာန၊ သဒေ မေတ္တိ ယထာ ပုရေ။

၃၃။ သုက္ခဉ္ဉ ရုက္ခံ ကောဋ္ဌာပံ၊ သြပတ္တ မဖလံ ဒုမံ။
သြဟာယ သကုဏာ ယန္တိ၊ ကိံ ဒေါသံ ပဿသေ ဒိဇာ၊

၃၄။ ယေ ဖလတ္ထာ သံဘဇန္တိ၊ အ ဖဒလာတိ ဇဟန္တိ နံ။
အတ္တတ္ထပညာ ဒုမေဓာ၊ တေ ဟောန္တိ ပက္ခပါတိနော။

၃၅။ သာဓု သက္ခိကတံ ဟောတိ၊ မေတ္တိ သံသတိ သန္ထဝေါ၊
သစေ တံ ဓမ္မံ ဇာနေသိ၊ ပါသံသာ သိ ဝိဇာနတံ။

၃၆။ သော တေ သုဝ ဝရံ ဒမ္မိ၊ ပတ္တယာန ဝိဟင်္ဂမ။
ဝရံ ဝံရဿု ဝင်္ကင်္ဂ၊ ကိကိဠိ မနသိစ္ဆသိ။

(၈၀၆)

။ဂုံးထ ငြိမ်းစံဂုဏ ဒုံရြိးဒုဇဒုယဒုကဒုဒုဈ ။ဇးယန်ဝတ်ဇီဇ ထဇဒမဇ်းဒုခြိယဒုယြိးဝဲဝဇ်းမဒဇ။ ။ဒင်-ဂုံ
(ဌဝဇမဒုဈိဝဇ ၊ဇ-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

၃၂။ အပိနာဓမနံ ပသေယျံ၊ သဒ္ဓတ္တာ သဖလံ ဒုမံ။
ဒလိဒ္ဓါဝ နိဓိလဒ္ဓါ၊ နန္ဒေယျာဟံ ပုနပ္ပုနံ။
၃၃။ တဒေဘာ အမဘ မာဒၶိယ၊ အဘိသိဉ္စိ မဟီရုဟံ။
တဿ သာခါ ဝိရူဟိံသု၊ သိတစ္ဆာယာ မနောရမာ။
၃၄။ ဧဝံ သက္က သုခီ ဟောဟိ၊ သဟ သဇ္ဇေဟိ ဉာတိဘိ။
ယထာဟ မင္ဇု သုခိတော၊ ဒိဿာန သဖလံ ဒုမံ။
၄၀။ သုဝဿ စ ဝဂ္ဂုံ ဒတ္ဝာ၊ ကတ္ဝာန သဖလံ ဒုမံ။
ပက္ကာမိ သဟ ဘရိယာယ၊ ဧဝံ ဝါနံ နန္ဒနံ ဝနံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

၃၁။ ဟရိပတ်ခံ၊ စိမ်းညိုသော အရွက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော။ ဒုမာ၊ မြေတောင်တို့၌ ရောက်ကုန်သော။ အနေကဖလာ၊ များစွာသော အသီးရှိကုန်သော။ ဗဟူ၊ များစွာကုန်သော။ ရုက္ခာ၊ သစ်ပင်တို့သည်။ သန္တိ၊ ရှိကုန်လျက်။ သုက္ခေ၊ ခြောက်သော။ ကောဋ္ဌာပေ၊ လေခတ်ဆည်း ရှိသော် တီးမှုတ်သော အသံကဲ့သို့မြည်သော။ ရုက္ခေ၊ ရေသဖန်းပင်၌။ သုဝဿ၊ ကျွဲ၏။ မနော၊ စိတ်သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ နိရုတော နု၊ အမြဲမေ့လျော့သနည်း။

၃၂။ နေကဝဿဂဏော၊ တစ်ပါးမက ရေတွက်အပ်သော နှစ်ရှိကုန်သော၊ ဗဟူ၊ များစွာကုန်သောကာလပတ်လုံး။ မယံ၊ ငါတို့သည်။ အဿ၊ ထိုးရဲသဖန်းပင်၏။ ဖလံ၊ အသီးကို။ ဥပဘုဉ္ဇိမှ၊ စားကုန်ပြီ။ အဖလံ၊ အသီး မရှိပြီဟူ၍၊ ဝိဒိတွာ၊ သိ၍လည်း၊ ပုရေယထာ၊ ရှေးဦးကဲ့သို့။ သာဝမေတ္တိ၊ ထိုချစ်ခြင်းသည်လျှင်၊ ဟောတိ၊ ဖြစ်၏။

၃၃။ သုက္ခဉ္ဇ၊ ခြောက်သည်လည်းဖြစ်သော။ ကောဋ္ဌာပံ၊ လေတိုသည်ရှိသော် တီးမှုတ်သော အသံကဲ့သို့ မြည်သော။ ဩပတ္တံ၊ အရွက်ရှိသော။ ဇဖလံ၊ အသီးမရှိသော။ ဒုမံ၊ မြို့ဆိုး။ ရုက္ခံ၊ ရေသဖန်းပင်ကို။ ဒိဇာ၊ နှစ်ကြိမ်ဖြစ်ကုန်သေး။ သကုဏာ၊ ငှက်တို့သည်။ ဩဟာယ၊ စွန့်၍။ ယန္တိ၊ သွားကုန်၏။ သုဝရာဇ၊ ကျွဲမင်း။ တံ၊ သင်သည်။ ဂမနေ၊ စွန့်၍သွားခြင်း၌၊ ကိံ ဒေါသံ၊ အဘယ်အပြစ်ကို၊ ပဿစသေ၊ မြင်သနည်း။

၃၄။ ဟံသရာဇ၊ ဟင်္သာမင်း။ ယော၊ အကြင်ငှက်တို့သည်။ ဖလတ္ထာ၊ အသီးဟူသော အကြောင်းကြောင့်။ သံဘဇန္တိ၊ ထိုအရပ်သို့ ဆည်းကပ်

www.dhammadownload.com

ကုန်၏။ နံ၊ ထိုရေသဖန်းပင်ကို။ အဖလေးတိ၊ အသီးမရှိဟု။ ဇဟန္တိ၊ စွန့်ကုန်၏။ တေသကုဏာ၊ ထိုငှက်တို့သည်။ အတ္တဲ့ထွပညာ၊ မိမိအကျိုးငှာသာ ပညာရှိကုန်သည် ဖြစ်၍။ ဒုမ္မဓာ၊ သူတစ်ပါးတို့၏အကျိုးငှာ ပညာမရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပက္ခပါတိနော၊ မိမိကိုယ်ဆဖို့၌သာ ကျကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဆွေခင်ပွန်းကိုမစွန့်၍

၃၅။ သုဝဏ္ဏ၊ ကျေးမင်း။ သက္ခိကတံ၊ အဆွေခင်ပွန်းတို့၌ဖြစ်သော မေတ္တာသည်။ သာဓု၊ ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ မေတ္တိသံသတိ၊ အဆွေခင်ပွန်း၏အဖြစ်ဖြင့် ပေါင်းဖော်ခြင်းသည်။ သန္ထဝါ၊မိတ်ဖြစ်ခြင်းသည်။ သာဓု၊ ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ တံဓမ္မံ၊ ထိုတရားကို။ သစေ ရောစေသိ၊ အကယ်၍နှစ်သက်အံ့။ ဝိဇာနတံ၊ ပညာရှိတို့သည်။ ပါသံသော၊ ချီးမွမ်းအပ်သည်သာလျှင်။ အသိ၊ ဖြစ်၏။

ဆုပေးမည်

၃၆။ ပတ္တာယာန၊ အတောင်ဟူသော ယာဉ်ရှိသော။ ဝိဟင်္ဂမ၊ကောင်းကင်ဖြင့်သွားသော။ ဝက္ကင်္ဂ၊ကောက်သော လှည်ရှိသော။ သုဝ၊ကျေးမင်း။ တေ၊ သင်အား။ အဟံ၊ ငါသည်။ ဝရံ၊ ဆုကို။ ဒမ္မိ၊ ပေးအံ့။ တံ၊သည်။ ယံကိဉ္စိ၊ အမှတ်မရှိသောဆုကို။ မနသာ၊ စိတ်ဖြင့်။ ကပ္ပယသိ၊ လျှောသိ၊ အလိုရှိအံ့။ ကံဝရံ၊ ထိုဆုကို။ ဝရဿု၊ တောင်းလော့။

သစ်ပင်ရှင်ပါစေ

၃၇။ ဟံသရာဇ၊ ဟင်္သာမင်း။ အဟံ၊ ငါသည်။ နံ ဒုမံ၊ ထိုရသဖန်းပင်ကို။ သ ပတ္တံ၊ အရွက်ရှိသည်ကို။ သ ဖလံ၊ အသီးရှိသည်ကို။ ဆပိနာမ ပဓသယျံ၊ အကယ်၍မြင်ရငြားအံ့။ နိဓိလဒ္ဓေါ၊ ရွှေအိုးကိုရသော။ ဒလိဒ္ဓေါ၊ သူဆင်းရဲသည်။ နန္ဒတိ ဣဝ၊ နှစ်သက်သကဲ့သို့၊ နံ၊ ထိုရသဖန်းပင်ကို။ ပုနပ္ပုနံ၊ ဇဖန်တလဲလဲ။ အဟံ၊ ငါသည်။ နန္ဒယျံ၊ နှစ်သက်ရာ၏။

www.dhammadownload.com

၃၈။ တတော၊ ထို့နောင်မူ။ သင်္ကာ၊ သိကြားသည်။ အမတံ၊ အမြိုက်ရေကို။ အာဒါယ၊ ယူ၍။ မဟီရုဟံ၊ ရေသဖန်းပင်ကို။ အဘိသိဉ္စိ၊ သွန်း၏။ တဿ၊ ထိုရေသဖန်းပင်၏။ သာခါ၊ အခက်တို့သည်။ စိရှုဟိ သူ၊ စည်ပင်ကုန်၏၊ သီတစ္ဆာယာ၊ အေးသော အရိပ်ရှိ၏။ မနောရမာ၊ နှလုံးမွေ့လျော်ဖွယ်ရှိ၏၊

အသင်္ခလည်း ချမ်းသာပါစေ

၃၉။ သင်္ကာ၊ သိကြားမင်း။ အင်္ဂ၊ ယနေ၊ အဟံ၊ ငါသည်။ သဖလံ၊ အသီးရှိသော။ ဒုမံ၊ ရေသဖန်းပင်ကို။ ဒိသွာန၊ မြင်၍။ သုခိ၊ တာ့ ယထာ၊ ချမ်းသာစွကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တွံ၊ သင်သည်၊ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ၊ သုခီ၊ ချမ်းသာအံ့။ ဟောတိ၊ ဖြစ်စေသတည်း။

၄၀။ သင်္ကော၊ သိကြားသည်၊ သုဝဿစ၊ ကျေးဇူးအားလည်း၊ ဝရံ၊ ဆုကို။ ဒတွာ၊ ပေး၍။ ဒုမံ၊ ရေသဖန်းပင်ကို။ သ ဖလံ၊ အသီးရှိသည်ကဲ့။ ကတွာန၊ ပြု၍။ ဘရိယာယ၊ မယားနှင့်။ သဟ၊ တကွ၊ ဒေဝါနံ၊ တာဝတိံသာနတ်တို့၏။ နန္ဒနံ ဝနံ၊ နန္ဒဝန်ဥယျာဉ်သို့၊ ပက္ကာမိ၊ သွား၏။

ဇာတ်မှေါင်း။ သမ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကျေးမင်းဖြစ်ပြီ" ဟူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊

(ကျေးဇူးကြီးမား၊ နေထုမျှစ၊ ရှောင်ရှားမပြူထုး)

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော စူဠသုဝဏ္ဏဇာတ်သည် ပြီး၏၊

၅-ဟရိတစေတ်

ကာမသည် ပညာရှိကို ဖျက်ဆီးတတ်သည်

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမထော်မူတတ်သော သမ္ဗညူမြတ်စွာဘုရားသည် "သုတမေတံ မဟာဗြဟ္မေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဟရိတစေတကို ဇေတဝန်

www.dhammadownload.com

ကျေးဇင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြိုးငွေ့သော ရဟန်းကို အခြောင်းပြု၍ ဟောခဲတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ တန်ဆာဆင်သော မာတုဂါမကိုမြင်၍ ငြိုးငွေ့ရကား ရှည်သော ဆံ လက်ဆယ်း ခြေသည်း အင်မုံးရှိုးသော လူထွက်လိုသော ထို ရဟန်းကို ဆရာဥပဇ္ဈာယ်တို့သည် အလိုမရှိဘဲလျက်လျှင် ဘုရားအထံတော် သို့ ဆောင်ဆပ်သည်ရှိသော် သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်း...သင် ငြိုးငွေ့သတတ်ဟူသည် မှန်သလော" ဟု မေးတော်မူ၏။ "ဘုန်းတော် ဆလွန်ကြီးသော အရှင်ဘုရား...မှန်ပေ၏" ဟု နှားတော် လျှောက်သည် ရှိသော် အဘယ့်ကြောင့် ငြိုးငွေ့သနည်း" ဟု မေးတော်မူ၏။ "ဘုန်း ထော်ကြီးသော အရှင်ဘုရား...တန်ဆာဆင်ဆပ်သော မိန်းမကို မြင်၍ ကိလေသာ၏အစွမ်းအားဖြင့် ငြိုးငွေ့၏" ဟု နှားတော်လျှောက်သည်ရှိသော် "ရဟန်း...ကိုယ်လသာမည်သည်ကား ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်၏၊ ကြည်ညိုဖွယ်မရှိ၊ ငရဲ၌ဖြစ်စေတတ်၏၊ ဤကိလေသာသည် သင်ကဲ့သို့သောသူကို အဘယ့်ကြောင့် မညစ်ညူးစေဘဲ ရှိလတ္တံ့နည်း၊ မြင်းမိုရ်တောင်ကို လဲဆောင်တိုက်သော လေကြီးသည် ဟောင်းလေပြီးသော ထစ်ခွက်ခြောက်အား မရှက်သည်သာလျှင် ဖြစ်၏၊ ဤကိလေသာကို အမှီပြု၍ သဗ္ဗညုတဟူသော အကျိုးဌာ ရှေးဘုရားလောင်းတို့၏ လမ်းဟောင်း အစဉ်ကို သွားကုန်သော ငါးပါးသော ဆာဘိညာဉ်, ခြစဲပါးသော သဓာပတ်ကို ရကုန်သော ယောကျ်ားမြတ်တို့သည်လည်း သတိကိုဖြစ်စေခြင်းငှာ မတတ်နိုင်ကုန် စျာန်ကို ကွယ်စေကုန်၏" ဟု မိန့်တော်မူ၍ ဆတိတ်ကိုးဆောင် တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာဇာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသောနိုဂုံးဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၏၊

ဟရိတစရသေ.

ရှေးနှင့်တူသော ဆဆင်းအသရေရှိသည်၏ အဖြစ်ကြောင့် ဘုရားလောင်း အား "ဟရိတစ သတ္တိသား" ဟူသောအမည်ကို မှည့်ကုန်၏၊ ထို ဟရိတစ သတ္တိသားသည် ဆရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ ဆတတ်တို့ကိုသင်၍ ဥစ္စာတို့ကို ဖြစ်စေ၍ အမိအဘတို့၏ လွန်လေပြီးသော

www.dhammadownload.com

ဏခါ၌ ဥစ္စာကိုကြည့်၍ ''ဥစ္စာသည်သာလျှင် ထင်၏၊ ဥစ္စာကို ဖြစ်စေတတ်ကုန်သော သူတို့သည် မထင်ကုန်၊ ငါသည်လည်း သေမင်းခံဘုံး၌ မှုန်မှုန်ညက်ညက် ကြေသည်ဖြစ်ထု၏'' ဟု သဘေးမူကြောက်၍ အလှူကြီးကိုပေး၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ ခုနစ်ရက်မြောက်လတ်သော် ငါးပါးသောဏာဘိညာဉ် ရှစ်ပါးသော သမာပတ်တို့ကိုဖြစ်စေ၍ ဟိမဝန္တာ၌ ကြာမြင့်စွာ သစ်မြစ် သစ်သီး အာဟာရရှိလျက် မျှ၍ ချဉ်ဆား မှုံဝဲအံ့သောငှာ တောင်မှသက်၍ ဏစဉ်သဖြင့် ဗာရာဏသီသို့ရောက်၍ မင်း၏ဥယျာဉ်၌နေ၍ နက်ဖြန် ဗာရာဏသီပြည်၌ ဆွမ်းခံသွားလတ်သော် မင်းအိမ်ကံခါးသို့ ရောက်၏။

မင်းကိုးကွယ်ခံရ

မင်းသည် ထိုဟရိဘစ ရသေ့ကိုမြင်၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ပင့်ခေါ်စေ၍ ကောင်းစွာဆောက်အပ်သော ထီးဖြူရှိသောမင်း၏ ပလ္လင်၌ နေစေ၍ ဏထူးထူးသော မြတ်သော ဏရသာရှိသောဘောဇဉ်ကို ဘုဉ်းပေးစေ၍ တရားဏနုမောဒနာ ပြုသည်၏အဆုံး၌ ဏတိုင်းထက်ဏလွန် ကြည်ညိုး၍ ''ဏရှင်ဘုရား....ဏရှင်ဘုရားတို့သည် ဏဘယဏရပ်၌ သီတင်းသုံးနေတော်မူသနည်းဟု မေးတော်မူ၏၊ ''မြတ်သောမင်းကြီး.... နေရာဏရပ်ကို ရှာကုန်၏'' ဟု ဆိုသည်ရှိသော် ''ဏရှင်ဘုရား....ကောင်းပြီ'' ဟုနှုတ်နက်စာ စားပြီးသော် ထိုဟရိတစ ဏရှင်ရသေ့ကို ပင့်ဆောင်၍ ဥယျာဉ်သို့သွား၍ ညဉ့်သန့်ရာနေရာ နေ့သန့်ရာနေရာတို့ကိုပြု စေ၍ ဥယျာဉ်စောင့်ကို ဏလုပ်ဏကျေးပြု စေ၍ ရှိခိုး၍ ထွက်ခဲ့၏။

မိဖုရားနှင့်မှားယွင်းပြီ

ဘုရားလောင်းသည် ထိုဏခါမှစ၍ ဏမြဲ မင်းအိမ်၌ ဆွမ်းဘုဉ်းပေးလျက် တစ်ဆယ့်နှစ်နှစ်ပတ်လုံး ထိုဥယျာဉ်၌နေ၏။ ထိုဏခါ တစ်နေ့သ၌ မင်းသည် ခိုးသူဖျက်ဆီးသော ပစ္စန္တရစဲကို ငြိမ်းစိမ့်ဏသာဌာ သွားသည်ရှိသော် ''ငါတို့၏ ကောင်းမှု၏ စိုက်ပျိုးယုလယ်မြကွက် မမေ့မလျော့လင့်'' ဟူဆို၍ မိဖုရားဏား ဘုရားလောင်းကို ဏပ်၍သွား၏။ ထိုဏခါမှစ၍ မိဖုရားသည် ဘုရားလောင်းကို မိမိလက်ဖြင့် လုပ်ကျွေး၏။ ထိုဏခါ တစ်နေ့သ၌ မိဖုရား၊

www.dhammadownload.com

သည် ဘေးဇဉ်ကို ပြည့်စုံစေ၍ ဘုရားလောင်း ကြာမြင့်လတ်သော် နံ့သာခဖြင့် ချိုး၍ သိမ်မွေ့ပြပြစ်သော အဝတ်ကို ဝတ်၍ ခြေသုံးခံသော လေသွန်နှန်းတံခါးတို့ ဖွင့်၍ ကိုယ်၌ လေကိုခတ်စေလျက် ညောင်စောင်းငယ်၌ လျောင်း၏။

ဘုရားလောင်းသည် ကခင်းစွာ ဝတ်ရုံလျက် သပိတ်ကို ပိုက်လျက် ကောင်းကင်ဖြင့်လာ၍ ခြေသုံးခံသော လေသွန်နှန်းတံခါးသို့ ရောက်၏။ ထိုအခါ မိဖုရားသည် ဘုရားလောင်း၏ လျှာ်ခတသက်နှန်းသံကို ကြား၍ ထလတ်သော် မိဖုရားမှ သိမ်မွေ့ ပြပြစ်သော ကိုယ်ဝတ်သည် လျှောကျ၏။ ဝိသာဘာဂ အာရုံသည် ဘုရားလောင်း၏မျက်စိအား ထင်ခြင်းသို့ ရောက်၏။ ထိုအခါ များလှစွာသော နှစ်ကုဋေအသိန်း အဖရအတွက် ရှိသော ကာလဝယ် ကိုယ်တွင်း၌ ငြိမ်ဝပ်စွာနေသော ကိလေသာသည် ကြွတ်၍ အိပ်သော မြွေဟောက်ကဲ့သို့ ထ၍ ဘုရားလောင်း၏ ဈာန်ကို ကွယ်စေ၏။ ဘုရားလောင်းသည် သတိကို ဖြစ်စေခြင်းငှာ မတတ်နိုင်ရကား မိဖုရား လက်ကို ဆွဲကိုင်၏။ ထိုခဏ၌လျင် တင်းထိမ်ကို ကာရံကုန်၏။ ဘုရားလောင်းသည် မိဖုရားနှင့်တကွ လူတို့၏ အကျင့်ကို မှီဝဲ၍ ဆွမ်းစားသို့ ညဉ့်ချဉ်သို့ သွား၏။ ထိုအခါမှစ၍ နေ့တိုင်း ထို့အတူလျင် ပြု၏။ ဟရိတစရဏေ့၏ မိဖုရားနှင့်တကွ လူတို့၏ အကျင့်ကို မှီဝဲခြင်းသည် မြို့အလုံး၌ ထင်ရှားစွာ ဖြစ်၏။

အမတ်တို့ တိုင်ခြင်း

အမတ်တို့သည် "မြတ်သောမင်းကြီး—ဟရိတစ ရဏေ့သည် ဤသို့ ပြု၏" ဟု မင်းအား လျှောက်စာဆက်ကုန်၏။

မင်းကြီးမေးခြင်း

မင်းသည် "ဟရိတစ ရဏေ့ကို ဖျက်ဆီးလိုကုန်၍ ဤသို့ ဆို၏" ဟု မယုံကြည်၍ ပစ္စန္တရစ်ကို ငြိမ်းစေ၍ ဗာရာဏသီမြို့သို့ ပြန်၍ မြို့ကို လက်ဟာရစ်လည်၍ မိဖုရား၏ အထံသို့သွား၍ "ငါ၏ ဟရိတစ ရဏေ့သည် သင်နှင့်ဘက္ခ လူတို့၏ အကျင့်ကို မှီဝဲသောဟူသည် မှန်သလော" ဟု မေး၏။ "မြတ်ဒသာမင်းကြီး—မှန်ပေ၏" ဟု ဆိုသည်ရှိသော် မင်းသည် မိဖုရား၏

www.dhammadownload.com

စကားကိုလည်း မယုံကြည်၍ "ရသေ့ကိုလျှင် မေးဦးအံ့"ဟု ဥယျာဉ်သို့သွား၍ တင့်ဆာပ်လျောက်ပတ်စွာ နေ၍ ဟရိတစ ရဟန်းသေ့ကို မေးလိုရကား-

၄၃။ သုတံ မေ တံ မဟာဗြဟ္မေ၊ ကာမေ ဘုဉ္ဇတိ ဟာရိတော၊
ကစ္စေတံ ဝစနံ တုဏ္ဍံ၊ ကစ္စိ သုဒ္ဒါ ဣရိယ္ယသိ-

ဟူသော ရှေးဦးစွာသော ဤဂါထာအား ဆို၏။

၄၃။ မဟာဗြဟ္မေ၊ ဗြဟ္မာကြီးသဖွယ် ဖြစ်သော အရှင်ဘုရား၊ ဟာရိတော၊ ဟရိတစ ရှင်ရသေ့သည်း သုဒ္ဒါ၊ စင်ကြယ်သည်ဖြစ်၍။ ဣရိယ္ယသိ၊ နေ၏လော။ ကာမေ၊ ကာမတို့ကို။ ဘုဉ္ဇတိ၊ ခံစား၏။ တေံ ဝစနံ၊ ဤစကားကို၊ မေ၊ အကျွန်ုပ်သည်။ သုတံ၊ ကြားအပ်၏။ တေံ ဝစနံ၊ ထိုစကားသည် မှန်၏။ ဘုရားလောင်းအား အချို့ကုန်သော ပါဏာတိပါတ, အဒိန္နာဒါန်တို့သည် ဖြစ်ကုန်၏။ ကာမေသုမိစ္ဆာစာရသည်း ဖြစ်၏။ သုရာမေရယမဇ္ဇပါနသည်လည်း ဖြစ်သည်သာလျှင်တည်း၊ အကျိုးစီးပွားကို ပျက်စီးစေတတ်သော ချွတ်ယွင်းခြင်းကို၊ ဖြစ်စေတတ်သော စေတနာကို အကြီးပြု၍ မုသားဆိုခြင်း မည်သည်ဏား မဖြစ်။ ထို့ကြောင့် မှန်သောစကားကိုသာလျှင် ဆိုလိုရကား-

၄၄။ ဧဝမေဝံ မဟာရာဇ၊ ယထာ တေ ဝစနံ သုတံ။
ကုမ္မဂ္ဂံ ပဋိပန္နောသ္မိ၊ မောဟနေယျသု မုဏ္ဍိတော-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၄။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ တေ၊ သင်မင်းကြီးသည်၊ ဝစနံ၊ စကားကို။ သုတံ ယထာ၊ ကြားသကဲ့သို့။ ဧဝမေဝံ၊ ဤအတူသာ

www.dhammadownload.com

လျှင် ဖြစ်၏။ အဟံ။ ငါသည်။ မောဟနေယျသူ၊ မိုက်စေတတ်ကုန်သော ကာမဂုဏ်တို့၌၊ မုစ္ဆိတော၊ မက်မောသည်ဖြစ်၍။ ကုမ္မဂ္ဂ၊ မှာသော ခရီးသို့၊ ပဋိပန္နော၊ ရောက်သည်၊ ဇာသို့၊ ဖြစ်၏။

ရာဂကို့ငြိမ်းစေလော့

မင်းသည် ထိုစကားကို ကြား၍-

၄၃။ ဇာဒု ပညာ ကိမတ္ထိယာ၊ နိပုဏာ သာဓုစိန္တိနီ။
ယာယ ဥပ္ပတိ်တံ ရာဂံ၊ ကိ်မနော နာ ဝိနောဒယေ-

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၃။ ဘန္တေ၊ ဆရှင်ဘုရား။ ယာယ၊ အကြင်ပညာဖြင့်။ မနော၊ စိတ်သည်။ ဥပ္ပတိတံ၊ ဖြစ်သော။ ရာဂံ၊ ရာဂကို။ ကိ်၊ ဆာဘယ့်ကြောင့်။ နာ ဝိနောဒယေ၊ ဖျောက်ခြင်းငှာ မတတ်နိုင်သနည်း။ ဧဝံသတိ၊ ဤသို့ ဖျောက်ခြင်းငှာ မတတ်နိုင်သည်ရှိသော်။ နိပုဏာ၊ သိမ်မွေ့သော။ သာဓု-စိန္တိနီ၊ ကောင်းသောအကျိုးတို့ကို ကြံတတ်သည်။ ပညာ၊ ပညာသည်။ ကိမတ္ထိယာ၊ ဆာဘယ်ဆကျိုးရှိအံ့နည်း။

ထိုအခါ ဟရိတစရဿေ သည် မင်းအား ကိလေသာ၏ အစွမ်းကို ပြလို၍-

၄၄။ စတ္တာရဆ မေ မဟာရာဇ၊ လောကေ အတိဗလာ ဘုသာ။
ရာဂေါ ဒေါသော မေါဟော၊ ယတ္ထ ပညာ နာဓိတိ-

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

အားကြီးသောတရား ၄-ပါး

၄၄။ မဟာရာဇ၊ မြတ်သော မင်းကြီး။ လောကေ၊ 'လောက'၌၊ ယတ္ထ၊ အကြင်ရာဂ အစရှိသော လေးပါးကုန်သော တရားတို့၌။ ပညာ၊ ပညာသည်။ နာဓိတိ၊ တည်ရာကို မရ။ ရာဂေါ၊ ရာဂလည်းကောင်း၊ ဒေါသော၊ ဒေါသလည်းကောင်း။ မောဟော၊ ယစ်ခြင်းလည်းကောင်း၊ မာနော၊ မာဟလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော၊ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဇာတိဗလာ၊ ဇာလှုန်ဆောင်းကြီးကုန်၏၊ ဘုသာ၊ ပြင်းထန်ကုန်၏။

www.dhammadownload.com

မင်းကြီးသည် ထိုစကားကို ကြား၍-

၄၅။ အရဟာ သီလသမ္ပန္နော၊ သုခဒ္ဒါ စရတိ ဟာရိထေ၊။
မေခဝီ ပဏ္ဍိတော စေဝ၊ ဣတိ နော သမ္မတော ဘဒ်-
ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၄၅၊ ဟာရိထေ၊ ဟရိတစ ရှင်ရသေ့သည်။ အရဟာ၊ ပစ္စည်း လေးပါးကို။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံ၏။ သုခဒ္ဒါ၊ စင်ကြယ်စွာ။ စရတိ၊ ကျင့်၏။ မေခဝီ၊ ကိလေသာတို့ကို ဖျက်ဆီးတတ်သော ပညာ လည်း ရှိ၏။ ပဏ္ဍိတော စေဝ၊ အကျိုးအကြောင်းကို သိသော ပညာလည်း ရှိ၏။ ဣတိ၊ ဤသို့။ နော၊ ငါတို့သည်။ ဘဒ်၊ အရှင်ကို။ သမ္မတော၊ သမုတ်အပ်၏။

ထို့နောင်မှ ပဏ္ဍိတစ ရှင်ရသေ့သည်-

၄၆။ မေခဝိနမ္ပိ ဟိ သန္တိ၊ ဣသိ မမ္မဂုဏေ ရတံ၊
ဝိတက္ကော ပါပကော ရာဇ၊ သုဘော ရာဂူပသဉ္ဇိတော-
ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၆။ ရာဇ၊ မင်းကြီး။ ပါပကော၊ ယုတ်မာကုန်သော။ သုဘော၊ ထင်တယ်၏ဟု အာရုံကို ယူခြင်း၌ဖြစ်ကုန်သော။ ရာဂူပသဉ္ဇိတော၊ ရာဂနှင့် စပ်ကုန်သော။ ဝိတက္ကော၊ ဝိတက်တို့သည်၊ ဣသိမမ္မဂုဏေ၊ ရသေ့တို့ တရားကျေးဇူး၌။ ရတံ၊ မွေ့လျော်ကုန်သော။ မေခဝိနမ္ပိ၊ ပညာရှိ တို့အားလည်း။ ဟိ သန္တိ၊ ညဉ်းဆဲကုန်၏။

ထို အခါ မင်းသည် ဟရိတစ ရှင်ရသေ့ကို ကိလေသာကို ပယ်ခြင်း၌ အားထုတ်ခြင်းကို ဖြစ်စေလို၍-

၄၇။ ဥပဉ္ဇန္ဒာယံ ဆရိရဇော၊ ရာဂေါ ဝဏ္ဏဝိဒူသနော၊
တံဝ တံ ပဇဟ ဘဒ္ဒ မတ္ထု၊ တော၊ ဗဟုနာပိ မေခဝိ သမ္မတော-
ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၇။ ဘဒ္ဒန္တေ၊ အရှင်ဘုရား။ တဝ၊ အရှင်ဘုရားအား။ ဆရိရဇော၊ ကိုယ်မှဖြစ်သော။ ဝဏ္ဏဝိဒူသနော၊ အဆင်းကျေးဇူးကို ဖျက်ဆီးတတ် သော။ အယံရာဂေါ၊ ဤရာဂသည်။ ဥပဉ္ဇန္ဒေါ၊ ဖြစ်၏။ တံ၊ ထိုရာဂကို။ ဗဟုံ၊ အရှင်ဘုရားသည်။ ဗဇဟ၊ ပယ်လော့။ တော၊ အရှင်ဘုရား၊

www.dhammadownload.com

ဘဒ္ဒံ၊ ကောင်းခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တံ့၊ အရှင်ဘုရား ကို။ ဗဟုနာပိ၊ များစွာကုန်သော လူအပေါင်းသည်လည်း။ မေဓာဝိ၊ ပညာရှိ၏ဟူ၍။ သမ္မဒတာ၊ သမုတ်အပ်၏။

သတိရ၍ တရားကျင့်ပြီ

ထို့နောင်မှ ဘုရားဓလောင်းသည် သတိရ၍ ကာမတို့၌ အပြစ်ကိုမူတ်၍

၄၈။ တေ အန္ဓကာရကေ ကာဓေမ၊ ဗဟုဒုက္ခေ မဟာဝိသေ။
တေသံ မူလံ ဂဓေ သိဿံ၊ ဆေဇ္ဇံ ရာဂံ သဗန္ဓနံ-

ဟူသော ရှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၈။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အန္ဓကာရကေ၊ ကန်းသည်၏ အဖြစ်ကို ပြုဘတ်ကုန်သော။ ဗဟုဒုက္ခေ၊ များစွာသော ဆင်းရဲရှိကုန်သော။ မဟာဝိသေ၊ ကိုးလသာဟူသော များစွာသော အဆိပ်ပြည့်ကုန်သော။ တေ ကာဓေမ၊ ထိုကာမတို့ကို။ အဟံ၊ ငါသည်။ ပဇာဟာမိ၊ ပယ်အံ့။ တေသံ၊ ထိုကာမတို့၏။ မူလံ၊ မသင့်သောဏာ၊ဖြင့် နှလုံးသွင်းခြင်းဟူသော အမြစ်ကို။ ဂဓေ သိဿံ၊ ရှာအံ့။ သဗန္ဓနံ၊ အနှောင်အဖွဲ့နှင့် တကွသော။ ရာဂံ၊ ရာဂကို။ ဆေဇ္ဇံ၊ ဖြတ်အံ့။

ဤစကားကိုဆို၍ "မြတ်သောမင်းကြီး....ငါ့အား အခွင့်ပြုဦးလော့" ဟု အခွင့်ပြုစေ၍ ကျောင်းသို့ဝင်၍ ကသိုဏ်းဝန်းကိုကြည့်၍ တစ်ပန်း ပျောက်သောစျာန်ကိုဖြစ်စေ၍ ကျောင်းမှထွက်၍ ကောင်းကင်၌ထက်ဝယ်ဖွဲ့ ထဖြင့်နေ၍ မင်းအားတရားဟော၍ "မြတ်သောမင်းကြီး ငါသည်မနေအပ် သောအခါပ်၌နေခြင်းကြောင့် လူမျှားအလယ်၌ ကဲ့ရဲ့အပ်သော အဖြစ်သို့ ရောက်၏၊ သင်မင်းကြီးသည် မမေ့မလျော့ ဖြစ်ရစ်လော၊ ငါသည်ကား ယခုတစ်ဖန် မိန်းမနုံ့မနုံ့သော တောအုပ်သို့လျင် သွားတော့အံ့" ဟု ဆို၍ မင်းသည် ငိုကြွေးစဉ်လျင် ဟိမဝန္တာသို့သွား၍ မယုတ်မသေ-စျာန် ရှိသည် ဖြစ်၍ ပြဟ်ူးပြည်သို့ လား၏။

သမ္မာသမ္ဗုဒ္ဓစွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုဏာကြောင်းကို ပြအံ့ဟောဋ္ဌ-

၄၉ ဣဒံ ဝတ္ဝာန ဟာရိဓတာ၊ ဣသိ သစ္စပရက္ကဓမာ။
ကာမရာဂံ ဝိရာဓေတ္ဝာ၊ ပြဟ်ူးလောကူပဂဂါ အဟု-

ဟူသော ဂျိဂါထာကို ဓမာဓတော်မူ၏၊

www.dhammadownload.com

၄၉။ ဘိက္ခဝေ၊ ရဟန်းတို့။ သစ္စပရက္ကမော၊ မုန်သောစကားကို ဆို ခြင်း၌ အားထုတ်သော။ ဟာရိတောက္ကသိ၊ ဟာရိတစ ရသေ သည်းက္ကဒံ၊ ဤစကားကို။ ဝတ္ဝာန၊ ဆို၍။ ဏာမရာဂံ၊ ဏာမရာဂကို။ ဝိဇာဇေတွာ၊ ခွာ၍။ ပြဟ္မလောကူ ပဂေါ၊ ပြဟ္မာ့ပြည်သို့ လားသည်။ အဟု၊ ဖြစ်၏။ ဇာတ်ပေါင်း။ သမ္ဗည်မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတိကို ပေါင်းဘော်မူ၏။ သစ္စာတို့ကို ပြန်တော်မူသည်၏အဆုံး၌ ငြိုးငွေ့သောရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထို အခါ ဟရိတစရဒသ ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဏာမဂုဏ်များ၊ မက်ခမာဌား၊ လမ်းမှားရောက်တတ်စွာ။)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဟရိတစဇာတ်သည် ပြီး၏။

၆-ပဒကုသလမာဏဝဇာတ်

သူတစ်ပါးပညာကို လှည့်စားခြင်းကြောင့်သေရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သမ္ဗည်မြတ်စွာဘုရားသည် ဗဟုသုတံ အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဒကုသလမာဏဝဇာတ်ကို ဇေတဝန် ကျောင်း၌တော်၌ သီဟင်းသုံးနတော်မူစဉ် တစ်ယောက်သော သူငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သာဝတ္ထိပြည်၌ သူကြွယ်သားဖြစ်သော ထိုသူငယ်သည် ဥနစ်နှစ်ရှိသော အာလဠ်လျှင် ခြေရာ၌ လိမ္မာသည် ဖြစ်သတတ်။

ခြေရာခံအတတ်

ထိုအခါ ထိုသူငယ်၏အဘသည် ''ဤသူငယ်ကို စုံစမ်းအံ့'' ဟု ထိုသူငယ် သည် မသိစဉ်လျှင် အဇဆွခင်ပွန်းအိမ်သို့ သွား၏။ သူငယ်သည် အဘ သွားရာ အရပ်ကို မခမ်းမူ၍လျှင် ထိုအဘ၏ခြေရာကို အစဉ်မှီးသဖြင့် သွား၍

www.dhammadownload.com

အဘအထံ၌ နေ၏။ ထိုအခါ ထိုသူငယ်ကို အဘသည် တစ်နေ့သ၌ ''အမောင်....ငါသည် သင့်ကို မသိစေမူ၍ သွား၊လျက်လည်း ငါ၏ နေရာ အရပ်ကို သင်သည် အဘွယ်ခြောင့်သိသနည်း'' ဟု ေး၏။ ကျွန်ုပ်သည် အဘ၏ခြေရာကို သိ၏၊ ခြေရာ၌လိမ္မာ၏'' ဟု သူငယ်သည် ဆို၏။ ထိုအခါ သူငယ်ဏား အဘသည် စုံစမ်းအံ့သောငှာ နံနက်စာစား ပြီးတော် အုံမ်မှ ထွက်၍ အခြားမဲ့ ဖြစ်သော အိုမ်နီးချင်းအိမ်သို့သွား၍ ထိုအိမ်မှ နှစ်ခု မြောက်, ထိုအိမ်မှ သုံးခုမြောက်ဖြစ်သော အိမ်သို့ဝင်၍ သုံးခုမြောက်ဖြစ် သော အိမ်မှထွက်၍ တစ်ဖန် မိမိအိမ်သို့လာ၍ မိမိအိမ်မှ မြောက်တံခါးမှ ထွက်၍ ေတဝန်ကျောင်းသို့သွား၍ ဘုရား၌ရှိခိုး၍ တရားတော်ကို နာလျက်နေ၏။ သူငယ်သည် ''ငါ့အဘသည် အဘယ်သို့သွားသနည်း'' ဟု မေး၏။ ''ငါတို့မသိကုန်'' ဟု ဆိုလတ်သော် အဘ၏ခြေရာကို အစဉ် လျောက်သဖြင့် အိမ်နီးချင်း၏အိမ်ကို အစပြု၍ အဘသွားသော ခရီးဖြင့် လျှင် ေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားကိုရှိခိုး၍ အဘအထံ၌ နေ၏။

အဘသည် ''အားမောင်....ဝါဆိသည် ဤသို့လာသောအဖြစ်ကို သင် အဘယ် သို့သိသနည်း'' ဟု မေးသည်ရှိသော် ''အကျွန်ုပ်သည် အဘ၏ခြေရာကိုသိ၍ ခြေရာကို လျောက်သဖြင့် လာ၏'' ဟု ဆို၏။ သဗ္ဗညုမြတ်စွာဘုရားသည် ''သီတင်းသည်....ထင် အဘယ်သို့ဆိုသနည်း'' ဟု မေးတော်မူ၍ ''ဘုန်း တော်ကြီးသော အရှင်ဘုရား....ဤသူငယ်သည် ခြေရာ၌ လိမ္မာ၏။ အကျွန်ုပ် သည် ဤသူငယ်ကို စုံစမ်းလို၍ ဤမည်သော အကြောင်းဖြင့် လာ၏။ ဤ သူငယ်သည်လည်း အကျွန်ုပ်၏ခြေရာကို လျောက်သဖြင့် လာ၏'' ဟုနား တော်လျောက်သည်ရှိသော် ''သီတင်းသည်....မြေ၌ ခြေရာကိုသိခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးပညာရှိတို့သည် တောင်းကင်း၌ ခြေရာကိုသိဖူးကုန်၏'' ဟူ မိန့်တော်မူ၍ ထိုသီတင်းသည်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ် ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ပြဟ္မဒတ်မင်း၏ မိဖုရားသည် လွန်ကျူးသော အကျင့်ကိုကျင့်၍ မင်းသည် မေးအပ်သည်ရှိသော် ''မြတ်သောမင်းကြီး.... အကျွန်ုပ်သည် အကယ်၍ အရှင်မင်းကြီးတို့ကို လွန်ကျူး၍ ကျင့်အံ့၊ အသမုဒီဘီလူးမ ဖြစ်စေသတည်း'' ဟု ကျိန်၍ ထိုကိုယ်၏အဖြစ်မှ စုတေ

www.dhammadownload.com

သေလွန်၍ တစ်ခုသောတောင်ခြေရင်း၌ အဿမုခီဘီလူးမဖြစ်၍ တည်သော လိုဏ်၌ နေလျက် တောအုပ်ကြီး၌ အရှေ့အစွန်းမှသည် အနောက်သို့ သွားကုန်သော လူတို့ကို ဖမ်း၍စားကုန်၏။

ဘီလူးမနှင့်လူသားလင်

ထိုအဿမုခီဘီလူးမသည် သုံးနှစ်ပတ်လုံး ဝေဿဝဏ် နတ်မင်းကို ဆည်း၍ ဆာလျှင်းဆား၍ဖြင့် ယူဇနာသုံးဆယ် အနုံအား၊ဖြင့် ငါးယူဇနာ ရှိသောအရပ်၌ လူကိုစားခြင်းငှာ အခွင့်ရသတတ်၊ ထိုအခါ တစ်နေ့သ၌ ကြွယ်ဝသော မျှားသော ဥစ္စာစည်းစိမ်ရှိသော အဆင်းလှသော ပုဏ္ဏား တစ်ယောက်သည် မျှားစာသောလူတို့ဖြင့် ခြံရုံလျက် ထိုခရီးသို့ထွက်သွား၏။ အဿမုခီဘီလူးမသည် ထိုပုဏ္ဏားကိုမြင်၍ နှစ်သက်၍ ပြေးလာ၏၊ထို အဿမုခီဘီလူးမကိုမြင်၍ ပုဏ္ဏား၏အခြံအရံဖြစ်သော လူတို့သည် ထွက်ပြေးကုန်၏။ အဿမုခီဘီလူးမသည် လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် လာလတ်၍ ပုဏ္ဏားကို ဖမ်းယူ၍ ကျောက်၌တင်၍ အိုပ်စေ၍ လိုဏ်သို့သွားလတ်သော် ယောကျ်ား၏အတွေ့ကိုရ၍ ကိလေသာ၏ အစွမ်းအားဖြင့် ထိုပုဏ္ဏားကို ချစ်ခြင်းကိုဖြစ်စေ၍ ထိုပုဏ္ဏားကို မစားမူ၍ မိမိလင်ပြု၏။ ထိုနှစ်ယောက်သော သူတို့သည် ဝမ်းမြောက်ဝမ်းသာ နေကုန်လတ်သော် ဘုရားလောင်းသည် ဖြစ်ရာအရပ်မှ စုတေ၍ ပုဏ္ဏားကိုစွဲ၍ အဿမုခီဘီလူးမဝမ်း၌ ပဋိသန္ဓေနေ၏။

သားတစ်ယောက်ရပြီ

အဿမုခီဘီလူးမသည် ဆယ်လဲလွန်သဖြင့် သားကိုဖွား၍ သား၌လည်းကောင်း, ပုဏ္ဏား၌လည်းကောင်း ကြီးစွာသော ချစ်ခြင်းသည်ဖြစ်၍ နှစ်ယောက်ကုန်သော သူတို့ကိုလည်း မွေးမြူ၏။ အဿမုခီ ဘီလူးမသည်

www.dhammadownload.com

နောက်အဖို့၌ သားသည် ကြီးခြင်းသို့ ရောက်လတ်သော် အဘနှင့်တကွ လိုဏ်ကွင်းသို့သွင်း၍ တံခါးကိုပိတ်၏။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ဘီလူးမ၏ သွားသောအာလဲကိုသိ၍ ကျောက်ဖျာကိုပယ်၍ အဘကို လိုဏ်အပ၌ထား၏။ ထိုဘီလူးမသည် လာလတ်၍ ''အဘယ်သူသည် ဤကျောက်ဖျာကို ပယ်သနည်း'' ဟု ဆို၍ ''မိခင်...ကျွန်ုပ်သည် ပယ်၏၊ အမိုက်၌နေခြင်းငှာ မတတဲ့နိုင်'' ဟု သားက ဆိုသည်ရှိသော် သားကို ချစ်ခြင်းဖြင့် ဟစ်စုံတစ်ခုသောစကားကို မဆို။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် အဘအား ''ဘခင်....အဘယ် အကြောင်းကြောင့် ကျွန်ုပ်အမိ၏ မျက်နှာသည် အခြားတစ်ပါး၊ သင်၏မျက်နှာသည် အခြားတစ်ပါးဖြစ်သနည်း'' ဟု မေး၏။ ''အမောင်....သင့်အမိသည် လူသားစားသော ဘီလူးမဘည်း၊ ငါတို့နှစ်ယောက်မူကား လူတည်း'' ဟု အဘသည် ပြောဆို၏။

ထွက်ပြေးကြခြင်း

''ဘုခင်....အဘယ့်ကြောင့် ဤအရပ်၌ နေကုန်အံ့နည်း၊ လှာလော့၊လူ့ပြည်သို့ သွားကြကုန်အံ့'' ဟု သားသည် ဆို၏၊ ''အမောင်.... ငါတို့သည် အကယ်၍ ပြေးကုန်အံ့၊ နှစ်ယောက်ကုန်သော ငါတို့ကိုလည်း၊ သင်၏အမိသည် စားလတ္တံ့'' ဟု အဘသည် ဆို၏။

ဘုရားလောင်းသည် ''ဘခင်....မကြောက်လင့်၊ လူ့ပြည်သို့ဆောင်ခြင်းသည် အကျွန်ုပ်ဝန်တည်း'' ဟု အဘကို နှစ်သိမ့်စေ၍ နက်ဖြန် အမိစားသွားလတ်သော် အဘကိုယူ၍ပြေး၏၊ ဘီလူးမသည် လာလတ်၍ ထိုသားအဘတို့ကို မမြင်၍ လေကဲ့သို့သော လျင်မြန်ခြင်းအဟုန်ဖြင့် ပြေး၍ ထိုသားအဘတို့ကို ဖမ်း၍ ''ပုဏ္ဏား....အဘယ့်ကြောင့် ပြေးသနည်း၊ ဤအရပ်၌ အဘယ်ဝတ္ထုသည် မရှိသနည်း'' ဟု ဆို၍ ''ရှင်မ....ကျွန်ုပ်ကို မမေးလင့်၊ သင့်သားသည် ကျွန်ုပ်ကိုယူ၍ ပြေး၏'' ဟု ဆိုသည်ရှိသော် သားဌ၌ ချစ်ခြင်းဖြင့် တစ်စုံဘစ်ခုသောစကားကို မဆိုမူ၍ ထိုသားအဘတို့ကို နှစ်သိမ့်စေ၍ မ်မိနေရာသို့လျင် သွား၍ ထိုအတူ တစ်ဖန်လည်း နှစ်ရက်သုံးရက် ရောက်လတ်သော် ပြေးကုန်သော သားအဘတို့ကို ဆောင်၏။ ဘုရားလောင်းသည် 'ငါ့အမိ၏ အရပ်သည် အပိုင်းအခြားရှိသည် ဖြစ်ရာ၏၊ ငါသည် အမိ၏ အာဏာဖြစ်ရာအရပ်ကို အမိကိုမေး၍ ထို့နောင်မှ ထို အာဏာဖြစ်ရာ

www.dhammadownload.com

အရပ်ကို အမိကိုမေး၍ ထို့နောင်မှ ထိုအာဏာဖြစ်ရာအရပ်ကို လွန်၍ ပြေးရမူတား ကောင်း၏''ဟု ကြံ၏။ ကြံပြီး၌ ထိုဘုရားလောင်းသည် တစ်နေ့သ၌ အမိကိုခေါ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလတ်သော် မိခင် အမိ၏ ဥစ္စာမည်သည်ကား သားတို့အား ရောက်၏၊ မိမိ၏ဥစ္စာဖြစ်သော မြေ၏ အပိုင်းအခြားကို မိခင်သည် ကျွန်ုပ်အား ကြားလော့ဟု ဆို၏။

ဘီလူးမသည် ခပ်သိမ်းသော အရပ်မျက်နှာတို့၌ တောင် မြစ် အပိုင်းအခြား အမှတ်အသား အစရှိသည်တို့ကိုဆို၍ အလျားအားဖြင့် ယူဇနာသုံးဆယ် အနံအားဖြင့် ငါးယူဇနာရှိသော အရပ်ကို သားအဖ၊ပြောဆို၍ ''ချစ်သား....ဤအရပ်ကို အမောင် မှတ်လော့'' ဟု ဆို၏။ ဘုရားလောင်းသည် နှစ်ရက် သုံးရက်တို့ကို လွန်စေ၍ အမိသည် တောအရုပ်သို့သွားသော ဏာလဒ္ဓ အဘကို ပခုံးဦးတင်၍ အမိသည် ပေးအပ်သော အမှတ်အသားဖြင့် လေကဲ့သို့သော လျင်မြန်ခြင်းအဟုန်ဖြင့် ပြေးလျက် အပိုင်းအခြားဖြစ်သော မြစ်ကမ်းနားသို့ရောက်၏။ အဿမုခီဘီလူးမသည်လည်း လွှလွတ်၍ ထိုသားအဘတို့ကို မမြင်လတ်သော် လိုက်၏။ ဘုရားလောင်းသည် အဘကိုယူ၍ မြစ်လယ်သို့သွား၏၊ အဿမုခီဘီလူးမသည် လာလတ်၍ မြစ်ထမ်းနား၌ရပ်၍ မိမိအပိုင်းအခြားကို လွန်သည်၏အဖြစ်ကို သိ၍ ထိုမြစ်ကမ်းနား၌လျင် ရပ်၍ ''အမောင်—အဘကို ယူ၍လာလော့၊ငါ့အား အဘယ်အပြစ်ရှိသနည်း၊ ငါ့ကိုမှီ၍ အဘယ်အလိုသည် မပြည့်စုံသနည်း၊ အရှင်တို့သည် ပြန်ခဲ့ကြကုန်လော့'' ဟု သားကို လည်းတောင်း, လင်ကို လည်းကောင်း တောင်းပန်၏။

မန္တံရားသင်ပေးခြင်း

ထိုအခါ ပုဏ္ဏားသည် မြစ်ကိုကူး၏။ အဿမုခီဘီလူးမသည် သားကိုသာလျင် တောင်းပန်လျက် ''အမောင်....ဤသို့မပြုသင့်၊ ပြန်ခဲ့လော့'' ဟုဆို၏။ ''မိခင်....ကျွန်ုပ်တို့သည် လူဖြစ်ကုန်၏၊ မိခင်သည်ကား ဘီလူးမဖြစ်၏၊ အခါခပ်သိမ်း သင်၏အထံ၌ နေခြင်းငှာ မတတ်ကောင်း'' ဟု သားသည် ဆိုလေ၏။ ''အမောင်—သင်သည် မပြန်ပြီလော'' ဟု ဘီလူးမသည် မေး၏။ ''မိခင်....ကျွန်ုပ်မပြန်ပြီ'' ဟု ဘုရားလောင်းသည် ဆို၏။ ''အမောင်....သင်အကယ်၍ မပြန်ငြားအံ့၊ လူ.ပြည်၌ အသက်မွေးခြင်းမည်သည်ကား ဆင်းရဲပြို့ငြင်၏၊ အတတ်ကို မတတ်ကုန်သော သူတို့သည် အသက်မွေးခြင်းငှာ

www.dhammadownload.com

မတတ်နိုင်ကဲ့နှ်၊ ငါသည် စိန္တာမဏိမည်သော မန္တရားကိုတတ်၏၊ထို့မန္တရား၏ ဖာသုဘော်ဖြင့် တစ်ဆယ့်နှစ်နှစ် အထက်၌ ခိုးဆောင်သော ဥစ္စာကိုလည်း ခြရုဖာစင်ကို လျှောက်၍ သိခြင်းငှာ ဇာတ်နိုင်၏။ ဤစိန္တာမဏိမန္တရားသည် သင့်အား ဖာသက်မွေးဖို့ ဖြစ်ဈတ္တံ့၊ အားမာင်—သင်သည် ဖာနှုတ်ဖြစ်သော ဤမန္တရားကို သင်လော့”ဟု ဆို၍ ထိုသို့သဘောရှိသော ဆင်းရဲသည် နှိပ်စက်ခြင်းသော်လည်း သားဒ်ချစ်ခြင်းဖြင့် မန္တရားကိုပေးလေ၏။ ဘုရားဓလောင်းသည် မြစ်ဦးရပ်လျက်လျှင် အမိကိုရှိခိုး၍ အလွန်ရှိသေစွာနာ၍ မန္တရားကို သင်၍ အမိကိုရှိခိုး၍ “မိခင်....သင်သွားလော့”ဟု ထို၏၊

ဘီလူးမသေပြီ

“အမောင်....သင်တို့သည် မပြန်ကုန်သည်ရှိသော် ငါ့အား အသက်မရှိပြီ”ဟု ဆိုလို၍-

ဧဟိ ပုတ္တ နိဝတ္တာသု၊ မာ အနဒထံ ကရောဟိမေ။
အဇ္ဇပုတ္တံ အပဿန္တီ၊ ယက္ခိနီ မရဏံ ဂတာ-

ဟူသော ဤဂါထာကို ဆို၏။

ပုတ္တ၊ ချစ်သား၊ တို့၊ သင်သည်။ ဧဟိ၊ လာလော့။ နိဝတ္တာသု၊ ပြန်ခဲ့လော့။ မေ၊ ငါ့အား။ အနာတံ၊ ကိုးကွယ်ရာမရှိသည်ကို။ မာ ကရောဟိ၊ မပြုလင့်။ ယက္ခိနီ၊ဘီလူးမသည်။ အဇ္ဇ၊ ယနေ့၊ ပုတ္တံ၊ သားကို။အပဿန္တီ၊ မမြင်ရသည်ရှိသော်။ မရဏံ၊ သေခြင်းသို့။ ဂတာ၊ ရောက်အံ့၊

သားအဘ မင်းထံခစား

ဘီလူးမလည်း ရင်ကိုခတ်၍ ထိုခဏ၌လျှင် သား၌ စိုးရိမ်သဖြင့် နှလုံးကွဲ၏။ ထိုဘီလူးမသည် သေ၍ ထိုအရပ်၌လျှင်လည်း၏၊ ဘုရားလောင်းသည် ဘီလူးမ၏ သေသောအဖြစ်ကိုသိ၍ ဖာဘကိုခေါ်၍ အမိအထံသို့သွား၍ ထင်းပုံကိုပြု၍ သင်္ဂြိုဟ်ခြင်းကိုပြု၍ အထူးထူးသော အဆင်းရှိကုန်သော ပန်းတို့ဖြင့် ပူဇော်၍ ရှိခိုး၍ ဝိုးကြွး၍ အဘကိုယူ၍ ဗာရာဏသီပြည်သို့သွား၍ မင်းအိမ်တံခါးဒ္ဒရပ်၍ “ခြရုဒ္ဒ လိမ္မာသောလုလင်သည် တံခါးဒ္ဒရပ်၏”ဟု မင်းအား လျှောက်စေ၍ “ထိုသို့တပြီးကား လာစေသတည်း”ဟု မင်းသည် ဆိုသည်ရှိသော် လုလင်သည် ဝင်၍ မင်းကိုရှိခိုး၍

www.dhammadownload.com

"အမောင်....သင်သည် အဘယ်အတတ်ကို တတ်သနည်း" ဟု မေးသည် ရှိသော် "မြတ်သောမင်းကြီး....အကျွန်ုပ်သည် တစ်ဆယ့်နှစ်နှစ် အထက်၌ ခိုးယူအပ်သောဥစ္စာကို ခြေရာအစဉ်ကိုလျှောက်၍ ယူခြင်းကို သိ၏" ဟု ဆို၏။ "ထိုသို့တပြီးကား "ငါ့ကိုလုပ်ကျေးလော့" ဟု မင်းကြီးက ဆိုသည် ရှိသော် "မြတ်သောမင်းကြီး....နေ့တိုင်း နေ့တိုင်း တစ်ထောင်သောဥစ္စာကို မသည်ရှိသော် လုပ်ကျေးအံ့" ဟု ဘုရားလောင်းသည်ဆိုလေ၏။ "အမောင် ကောင်းပြီ၊ လုပ်ကျေးလော့" ဟု ဆို၍ မင်းသည် နေ့တိုင်းနေ့တိုင်း တစ် ထောင်သောဥစ္စာကို ပေး၏

ခြေရာခံအတတ်ကို စမ်းကြည့်သော်

ထိုအခါ တစ်နေ့သ၌ ပုရောဟိတ်သည် မင်းကို "မြတ်သောမင်းကြီး.... အကျွန်ုပ်တို့သည် ထိုလုလင်၏ အတတ်အာနုဘော်အားဖြင့် တစ်စုံတစ်ခု သောအမှုကို မပြုအပ်သည်၏ အဖြစ်ကြောင့် ထိုအတတ်ရှိသည်ကို လည်းကောင်း, မရှိသည်ကို လည်းကောင်း မသိကုန်၊ ထိုလုလင်ကို စုံစမ်းကြကုန်အံ့" ဟု ဆို၏။ မင်းသည် "ကောင်းပြီ" ဟု ဝန်ခံ၍ နှစ်ယောက်သော သူတို့သည်လည်း ရတနာကို စောင့်ကုန်သော သူတို့အား ဆမှတ်သညာကို ပေး၍ ရတနာဥစ္စာနှစ်ကိုယူ၍ ပြာသာဒ်မှ ဆင်းသက်၍ မင်းအိမ်တံခါးဦး သုံးကြိမ်လှည့်၍ လှေကားထစ်ဝင်၍ တံတိုင်းအထက်ဖြင့် အပသို့ ဆင်း သက်၍ တရားစီရင်ရာ တင်းကုပ်သို့ဝင်၍ ထိုတင်းကုပ်၌နေ၍ တစ်ဖန် သွား၍ လှေကားထောင်၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ နန်းတွင်း ရေစာန်နားသို့သွား၍ ရေကန်ကို သုံးကြိမ် လက်ယာရစ်လည်၍ ဆင်း သက်၍ ရေကန်တွင်း၌ ဥစ္စာထုပ်ကိုထား၍ ပြာသာဒ်သို့ တက်ကုန်၏။ နက်ဖြန်နေ့၌ မင်းအိမ်မှ ရတနာကို ခိုးကုန်၏ဟု တစ်ပြိုင်နက် အုတ်အုတ် ကျွက်ကျွက်သည် ဖြစ်၏။ မင်းသည် မသိသကဲ့သို့ပြု၍ ဘုရားလောင်းကို ခေါ်စေ၍ "အမောင်....မင်းအိမ်မှ မျှားစ့်ဝသော ရတနာဥစ္စာကို ခိုးယူလေ၏၊ ယခု ထိုဥစ္စာကို ရှာခြင်းငှာ သင့်၏" ဟု ဆိုလျှင် "မြတ်သော မင်းကြီး_ တစ်ဆယ့်နှစ်နှစ်အထက်၌ ခိုးယူအပ်သော ဥစ္စာကို ခြေရာ အစဉ်သို့လိုက်၍ ဆောင်ခြင်းငှာ စုံမ်းနိုင်သော အကျွန်ုပ်အား ယနေ့ ခိုးယူသော ဥစ္စာကို ဆောင်ခြင်းဖြင့် ခဲယဉ်းမှုယ်မရှိ၊ အကျွန်ုပ် တတ်နိုင်

www.dhammadownload.com

လတ္တံ့၊ ဇာရွှင်မင်းကြီးတို့သည် စိုးရိမ်တော်မမူလင့်''ဟု ဘုရားလောင်းသည် ဆို၏။ ''ထိုသို့တပြီးကား ဆောင်လော့''ဟု မင်းသည် ဆို၏။

အားလုံးကိုဖေခံထုတ်နိုင်၍

ဘုရားလောင်းသည် ''မြတ်သောမင်းကြီး....ကောင်းပြီ''ဟု ဆို၍ အမိကိုရှိခိုး၍ မန္တရားကိုမန်း၍ ပြာသာဒ်အပြင်၌ ရပ်လျက်လျှင် 'မြတ်သောမင်းကြီး.... နှစ်ယောက်သော ခိုးသူတို့၏ခြေရာသည် ထင်၏'' ဟု ဆို၍ မင်း၏လည်းကောင်း, ပုရောဟိတ်၏လည်းကောင်း, ခြေထောကို ဆစဉ်လျောက်သဖြင့် အသာရေရှိသော တိုက်ခန်းသို့ဝင်၍ ထိုတိုက်ခန်းမှထွက်၍ ပြာသာဒ်မှ ဆင်းအိမ်တံခါး၌ သုံးကြိမ်လှည့်လည်၍ ခြေရာသို့ ဆစဉ်လျောက်သဖြင့်လျှင် တံတိုင်းအနီးသို့သွား၍ ကံတိုင်း၌ရပ်၍ ''မြတ်သောမင်းကြီး....ဤဆရပ်၌ တံတိုင်းမှလွှတ်၍ ကောင်းကင်၌ ခြေရာသည် ထင်၏။ စောင်းတန်းလှကာကို ပေးကုန်လော့''ဟု ဆို၍ လှကာကို ထောင်စေ၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ ခြေရာကို လျောက်သဖြင့်သာလျှင် တရားစီရင်ရာ တင်းကုပ်သို့သွား၍ တစ်ဖန် မင်းအိမ်သို့လာ၍ လှကားကို ထောင်စေ၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ ရှေကန်သို့သွား၍ သုံးကြိမ်လက်ယာရစ်လှည့်၍ ''မြတ်သောမင်းကြီး_ခိုးသူတို့သည် ဤရှေကန်သို့ ဆင်းသက်ကုန်၏'' ဟု ဆို၍ မိမိသည် ထားဆောင်သော ဘဏ္ဍာကဲ့သို့ ဥစ္စာထုပ်ကိုယူ၍ မင်းအားပေး၍ ''မြတ်သောမင်းကြီး.... ဤခိုးသူနှစ်ယောက်တို့သည် ထင်ရှားကုန်သော ခိုးသူကြီးတို့တည်း၊ ဤခိုးသူတို့သည် ဤခရီးဖြင့် မင်းအိမ်သို့ တက်ကုန်၏'' ဟု ဆို၏။

လူမျှားဝမ်းမြောက်ကြပြီ

လူမျှားတို့သည် ဆလွန်နှစ်သက်ကုန်၍ လက်ချောင်းတို့ကို ခါကုန်၏၊ ပုဆိုး ဦးရစ်ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏။

သူခိုးကိုဖမ်းစေခြင်း

မင်းသည် ''ဤလုလင်ကား ခြေရာသို့လျောက်သဖြင့် သွား၍ ခိုးသူတို့သည် ထားဆောင်သော ဥစ္စာရှိရာဆရပ်ကိုလျှင် သိ၏၊ ခိုးသူတို့ကား ဖမ်းခြင်းငှာ မတတ်နိုင်'' ဟု ကြံ၏။ ကြံပြီး၍ ထိုအခါ ထိုလုလင်ကို

www.dhammadownload.com

"အဓမောင်...သင်သည် ခိုးသူတို့သည် ခိုးယူအပ်သော ဥစ္စာကို ငါတို့အား ဆောင်ယူ၍ ပေးအပ်ပြီ၊ ခိုးသူတို့ကား မဆောင်အပ်သေး" ဟူ၍ဆို၏။

မပြောရက်၍ ပရိယာယ်ဆိုပုံ

"မြတ်သောမင်းကြီး... ခိုးသူတို့ကိုဆောင်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ခိုးသူတို့သည် ဤအရပ်၌ရှိကုန်၏၊ အဝေးဌာနမရှိကုန်" ဟု ဆို၏။ "အဓမောင်...အဘယ်သူသည် လည်းကောင်း, အဘယ်သူသည် လည်းကောင်း ဥစ္စာခိုးသူတို့တည်း" ဟု ညွှန်လော့" ဟု မင်းသည် ဆင့်၏။ "မြတ်သောမင်းကြီး...အကြင်သူသည် အလိုရှိ၏၊ ထိုသူသည်လျှင် ခိုးသူဖြစ်၏။ ရှင်မင်းကြီးတို့အား ဥစ္စာကိုရသော ကာလမှစ၍ ခိုးသူကဲ့ ဖမ်းယူသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရှင်မင်းကြီးတို့သည် မမေ့ကုန်လင့်" ဟု ဘုရားလောင်းသည် ဆို၏။ "အမောင်....ငါသည် သင့်အား နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ပေး၏။ ခိုးသူကိုဖမ်း၍ ငါ့အားပေးလော့" ဟု မင်းသည် ဆို၏။ "မြတ်သောမင်းကြီး.... ဥစ္စာကိုရပြီးသော် ခိုးသူတို့ဖြင့် အဘယ်ပြုအံ့နည်း' ဟု ဘုရားလောင်းသည်ဆို၏၊ "အမောင်... ဥစ္စာထက် လည်း ခိုးသူတို့သို့ ရခြင်းငှာ သင့်၏" ဟု မင်းသည် ဆို၏။ "မြတ်သောမင်းကြီး... ထိုသို့တပြီးကား 'ဤသူတို့တည်း" ဟု ရှင်မင်းကြီးတို့အား အကျွန်ုပ်သည် မဆိုအံ့၊ လွန်လေပြီးသောအခါ၌ဖြစ်သော အကြောင်း ဥဒါဟရဏ်ကိုကား ရှင်မင်းကြီးအား အကျွန်ုပ်သည်ဆောင်အံ့၊ ရှင်မင်းကြီးတို့သည် အကယဲ့၍ ပညာရှိကုန်အံ့၊ ထိုအကြောင်းကို သိကုန်လော့" ဟု ဆို၍ ဘုရားလောင်းသည် အတိတ်ဥဒါဟရဏ်ကို ဆောင်၏။

ပုံပြင်ဝတ္ထု-၁

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှ မနီးမဝေးသော မြစ်နားဌိ ပါဋလိမည်သော သဘင်သည်သည် နေ၏။ ထိုသဘင်သည်သည် ပဲ့သဘင်ခံ သောနွေဦး မယားကိုယူ၍ ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင် ဈာန်၍ စောင်းတီး၍သီ၍ ဥစ္စာကိုရလျက် ပဲ့သဘင်ပြီးလတ်သော် များစွာသော သုရာ ထမင်းကိုယူ၍ မိမိရွာသို့ သွားလတ်ခသော် မြစ်ကမ်းနားသို့ ရောက်၍ ရေဆာသစ်တိုးပွား၍လာသည်ကို မြင်လျှင် ထမင်းစားလျက်နေ၍ သေကိုသောက်၍ ယစ်လတ်သော် မိမိအစ္စမ်းကို မသိရကား စောင်းကြီးကို လည်၌ဖွဲ့၍ မြစ်

www.dhammadownload.com

သို့ ဆင်းသက်၍ ထွားအံ့ဟု မယားကိုယူ၍ မြစ်သို့ သက်၏။ စောင်းပေါက်တို့ကို ရေသည် ဝင်၏။ ထိုအခါ ထိုစောင်းသည် ထိုသဘင်သည်ကို ရေ၌နစ်စေ၏။ သဘင်သည်၏ မယားဃည် လင် ရေ၌နစ်သည်၏ ဆုဖြစ်ကို သိ၍ လင်ကိုလွှတ်၍ မြစ်မှတက်၍ ကမ်းနား၌ ရပ်၏။ သဘင်သည် ပါဠလိသည် တစ်ကြိမ်ပေါ်၍ တစ်ကြိမ်နစ်၏။ ရေသည် ဝင်၍ ဖူးဖူးရောင်သော ဝမ်းသည် ရှိ၏။ ထိုအခါ သဘင်သည်၏ မယားသည် "ငါ၏လင်ကား ယခု သေလတ္တံ့၊ တစ်ခုသော သီချင်းကိုဖတာင်း၍ ပရိသတ်အလယ်၌ ထိုသီချင်းကို သီလျက် အသက်မွေးခြင်းကို ငါပြုအံ့"ဟု ကြံ၏။ ကြံပြီး၍ "အရှင်....သင်သည် ရေ၌ နစ်မှန်း၏၊ ငါ့အား တစ်ခုသော သီချင်းဖြင့် အသက်မွေးခြင်းကို ပြုအံ့၊ သီချင်းကိုပေးလော့"ဟု ဆိုလို၍-

၅၀။ ဗဟုဿုတံ ဝိကတ္ထိတံ၊ ဂင်္ဂါ ဝဟတို ပါဠလိ"။
ဝုယ္ဟမာနက ဘဒ္ဒန္တေ၊ ကေ မေ ဒေဟိ ဂါထကံ.

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၅၀။ ဗဟုဿုတံ၊ မျှားသော အကြွားအမြင် ရှိသော။ ဝိဏ္ဏတ္တိတံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော။ ပါဠလိ"၊ ပါဠလိကို။ ဂင်္ဂါ၊ ဂင်္ဂါရေသည်။ ဝဟတိ၊ မျှစ၏။ ဝုယ္ဟမာနက၊ မြစ်၌မျှောသော။ ပါဠလိ၊ ပါဠလိ။ တေ၊ သင့်အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ့အား။ ကေ၊ တစ်ခုသော။ ဂါထကံ၊ သီချင်းငှဲယ်ကို။ တံ"၊ သင်သည်။ ဒေဟိ၊ ပေးလော့။

ထိုအခါ မယားကို ပါဠလိမည်သော သဘင်သည်သည် "ရှင်မ... ငါသည် သင့်အား အာဘယ်သို့ သီချင်းကို ပေးရအံ့နည်း၊ ယခု ငါ့ကိုလူအများတို့၏ ကိုးကွယ်ရာဖြစ်သော ရေသည် သတ်၏"ဟု ထိုလို၍-

၅၁။ ယေန သိဉ္စန္တိ ဒုက္ခိတံ၊ ယေန သိဉ္စန္တိ ဆာတုရံ၊
တဿ မဇ္ဇေ မရိဿာမိ၊ ဇာတံ သရဏတော ဘယံ.

ဟူသော ဤဒုတိယဂါထာကို ဆို၏။

၅၁။ ဘဒ္ဒေ၊ ရှင်မ။ ဒုက္ခိတံ၊ ဆင်းရဲသောသူကို။ ယေန၊ အကြောင်းရဖြင့်။ သိဉ္စန္တိ၊ သွန်းလောင်းကုန်၏၊ ဆာတုရံ၊ ကျင်နာသော သူကို။ ယေန၊ အကြောင်းရဖြင့်၊ သိဉ္စန္တိ၊ သွန်းလောင်းကုန်၏။ အဟံ၊ ငါဆည်၊ တဿ၊ ထိုရေ၏၊ မဇ္ဈေ၊ အလယ်၌။ မရိဿာမိ၊ သေအံ့။ မေ၊ ငါ့အား။

www.dhammadownload.com

သရဏဂဟတာ၊ ကိုးကွယ်ရာဖြစ်သော ရေမှု။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ရွတ်၍ "မြတ်သောမင်းကြီး...ရေသည် လူမျိုး၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းတို့သည်လည်း လူမျိုး၏ ကိုးကွယ်ရာ ဖြစ်ကုန်၏၊ မင်း၏ အထံမှ ဘေးသည် ဖြစ်လတ်သော် ထိုဘေးကို အဘယ်သူသည် ကွယ်လွှတ်နည်း" ဟုဆို၍ "မြတ်သောမင်းကြီး....ဤဖုံးလွှမ်းသော အခြောင်းကို အကျွန်ုပ်သည် ပညာရှိတို့ သိအပ်သည်ကို ပြု၍ ဆိုအပ်ပြီ၊ မြတ်သောရှင်မင်းကြီး....သင်မငဲ့ကြီးသည် သိတော်မူလော့" ဟု ဆို၏။ "အရှင်... ငါသည် ဤသို့ သဘောရှိသော ဖုံးလွှမ်းအပ်သော စကားကို မသိ၊ ငါ့အား ခိုးသူတို့ကို ဖမ်း၍ပေးလော့" ဟု မင်းသည် ဆို၏။

ပုံပြင်ဝတ္ထု-၂

ထိုအခါ မင်းအား ဘုရားလောင်းသည် "မြတ်သောမင်းကြီး....ထိုသို့ တပြီးကား ဤအခြောင်းကို သိတော်မူလော့" ဟု ဆို၍ တစ်ပါးသော အခြောင်းကိုလည်း ဆောင်၏။

"မြတ်သောမငဲ့ကြီး.... လွန်လေပြီးသော အခါ ဤဗာရာဏသီပြည် တံခါးရွာ၌လျှင် တစ်ယောက်သော အိုးထိန်းသည်သည် အိုးလုပ်အံ့သောငှာ မြေကို ယူသည်ရှိသော် တစ်ခုသော အရပ်၌သာလျှင် မပြတ်ယူ၍ အတွင်း၌ လိုက်ခေါင်းရှိသော ကြီးစွာသော တွင်းကိုတူး၏။ ထိုအခါ တစ်နေ့သ၌ တိုအိုးထိုန်းသည်သည် မြေကိုတူးစဉ် အခါမဲ့ မိုးကြီးသည် တက်သတ်၍ မိုးကြီး သည်းစွာ ရွာ၏။ လွှမ်းမိုး၍ လာသော ရေသည် ထိုတွင်းကို ပြုံစေ၏။ အိုးထိန်းသည်၏ ဦးခေါင်းကို မြေသည် ဖောက်ခဲ့၏။ အိုးထိန်းသည်သည် ငိုကြွေးလျက်-

၁၂။ ယတ္ထ ဗီဇဉ္စ နိ ရူဟန္တိ၊ ဃတ္တာ ယတ္ထ ပတိဋ္ဌိတာ။
သာ မေ သိသ္သံ နိပီဠေတိ၊ ဇာတံ သရဏော ဘယံ-

ဟူသော ဤတတိယဂါထာကို ဆို၏။

၁၂။ ယတ္ထ၊ အကြင်မြေကြီး၌။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ ရူဟန္တိ၊ ရောက်ကုန်၏။ ယတ္ထ၊ အကြင်မြေကြီး၌။ သတ္တာ၊ သတ္တဝါတို့သည်။ ပတိဋ္ဌိတာ၊ တည်ကုန်၏။ သာ၊ ထိုမြေကြီးသည်။ မေ၊ ငါ၏။ သိသ်ံ၊

www.dhammadownload.com

ဦးခေါင်းကို။ နိပိဋ္ဌေတိ၊ ဖောက်ခဲ့ဘို့၏။ မေ၊ ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော မြေကြီးမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ ''မြတ်သောမင်းကြီး...လူမျာ၏ ကိုးကွယ်ရာဖြစ်သော မြေကြီးသည် အိုးထိန်းသည်၏ ဦးခေါင်းကို ဖောက်ခဲ့သကဲ့သို့ ထို့အတူ မြေကြီးသဖွယ်ဖြစ်သော ခပ်သိမ်းသော လူအပေါင်း၏ ကိုးကွယ်ရာဖြစ်သော မင်းကြီးသည် ထ၍ ခိုးမှုပြုသည်ရှိသော် အဘယ်သူသည် တားမြစ်နိုင်လတ္တံ့နည်း'' ဟုဆို၍ ''မြတ်သောမင်းကြီး... ဤသို့ ဖုံးလွှမ်း၍ ဆိုအပ်သော ခိုးသူကို သင်မင်းကြီးသည် သိခြင်းငှာ စွမ်းနိုင်လတ္တံ့'' ဟု ဆို၏။ မင်းသည် ''ဆရာတော်...ငါ့အား ဖုံးကွယ်သော စကားဖြင့် အလိုမရှိ၊ 'ဤသူသည် ခိုးသူတည်း' ဟု ခိုးသူကိုဖမ်း၍ ငါ့အား ပေးလော့'' ဟု ဆို၏။

ပုံပြင်ဝတ္ထု၊-၃

ဘုရားလောင်းသည် မင်းကို စောင့်ရှောက်လိုရကား ''သင်မင်းကြီး သည် ခိုးသူတည်း'' ဟု မဆိုမူ၍ တစ်ပါးသော ဥဒါဟရဏ်ကိုလည်း ဆောင်၏။

မြတ်သောမင်းကြီး.... ဤဗာရာဏသီပြည်၌လျှင် တစ်ယောက်သော ယောကျ်ား၏အိမ်ကို မီးလောင်၏။ ထိုယောကျ်ားသည် အိုမ်တွင်းသို့ဝင်၍ ဥစ္စာကို ထုတ်လော့ဟု တစ်ပါးသောသူကို စေ၏၊ ထိုယောကျ်ားသည် ဝင်၍ ဥစ္စာကိုထုတ်ယူသည်ရှိသော် အိမ်တံခါးသည် ပိတ်၏၊ ထိုယောကျ်ား သည် မီးခိုးမှန်၍ ထွက်ရာလမ်းကို မရရကား ကြီးစွာသော ဆင်းရဲဖြစ်၍ အိမ်တွင်း၌ရပဲ၍ ငိုကြွေးလျက်-

၅၃။ ယေန ဘတ္တာနိ ပစ္စန္တီ၊ သိတံ ယေန ဝိဟညတိ။
သော မံ ဒုဟတိ ဂတ္တာနိ၊ ဇာတံ သရဏာတော ဘယံ-

ဟူသော ဤစတုတ္ထဂါထာကို ဆို၏၊

၅၃။ ဘတ္တာနိ၊ ထမင်းတို့ကို။ ယေန၊ အကြင်မီးဖြင့်၊ ပစ္စန္တီ၊ ချက်ကုန်၏၊ သိတံ၊ အချမ်းကို။ ယေန၊ အကြင်မီးဖြင့်။ ဝိဟညတိ၊ ဖျဲခက်၏။ သော၊ ထိုမီးသည်။ မံ မမ၊ ငါ၏၊ ဂတ္တာနိ၊ ကိုယ်တို့ကို။ ဒုဟတိ၊ လောင်၏။ မေ၊ ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော မီးမှ၊ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏၊

www.dhammadownload.com

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ ''မြတ်သောမင်းကြီး....မီးကဲ့သို့ လူအများ၏ ကိုးကွယ်ရာဖြစ်သော တစ်ယောက်သောသူသည် ရတနာထုပ်ကို ခိုး၏၊ အကျွန်ုပ်ကို သင်မင်းကြီးသည် ခိုးသူကို မမေးလင့်''ဟု ဆို၏။ မင်းသည် ''အမောင်....ငါ့ဆရား ခိုးသူကို ပြေးလော့''ဟု ဆို၏။

ပုံပြင်ဝတ္ထု၊-၄

ဘုရားလောင်းသည် မင်းကို ''သင်မင်းကြီးပင် ခိုးသူတည်း''ဟု မဆို မူ၍ တစ်ပါးသော ဥဒါဟရဏ်ကို ဆောင်၏။

မြတ်သော့မင်းကြီး....လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌လျှင် တစ်ယောက်သော ယောကျ်ားသည် အသွန်များစွာစား၍ အစာကြေစိမ့် သေခဉ္စာ မတတ်နိုင်ရကား ဝေဒနာသို့ရောက်၍ ငိုကြွေးလျက်-

၁၄။ ယေန ဘတ္တေန ယာပေန္တီ၊ ပုထူ ပြာဟုဏ ခတ္တိယာ။

သော မံ ဘုဉ္ဇတ္တာ ဗျာပါဒေတိ၊ ဇာတံ သရဏဓတာ ဘယံ-

ဟူသော ဤပဋ္ဌမဂါထာကို ဆို၏။

၁၄။ ပုထူ၊ များစွာကုန်သော။ ပြာဟုဏခတ္တိယာ၊ ပုဏ္ဏားမင်းတို့သည်၊ ယေနဘတ္တေန၊ အကြောင်းထမင်းဖြင့်။ ယာပေန္တီ၊ မျှကုန်၏။ ဘုတ္တာ၊ စားအပ်သော။ သော၊ ထိုထမင်းသည်။ မံ၊ ငါ့ကို။ ဗျာပါဒေတိ၊ သတ်၏။ မေ၊ ငါ့အား။ သရဏဓတာ၊ ကိုးကွယ်ရာဖြစ်သော ထမင်းမူ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ ''မြတ်သောမင်းကြီး....ထမင်းကဲ့သို့ လူများ၏ ကိုးကွယ်ရာဖြစ်သော တစ်ယောက်သော သူသည် ဥစ္စာကို ခိုး၏၊ သင်မင်းကြီးသည် ထိုဥစ္စာကို ရပြီးသော် ထိုခိုးသူကို အဘယ်ကြောင့် တောင့်တသနည်း''ဟု ဆို၏၊ မင်းသည် ''အမောင်_သင်သည် စွမ်းနိုင်သော် ငါ့ဆရား ခိုးသူကို ပေးလော့''ဟု ဆို၏။

ပုံပြင်ဝတ္ထု၊-၅

ဘုရားလောင်းသည် တစ်ပါးသော ဥဒါဟရဏ်ကိုလည်း၊ ဆောင်၏။

မြတ်သောမင်းကြီး....လွန်လေပြီးသော အခါ၌လည်း၊ ဤဗာရာဏသီပြည်၌လျှင် တစ်ဧယောက်သော သူ၏ ကိုယ်ကို လေသည် ထ၍ ဖျက်ဆီး၏။ ထိုသူသည် ငိုကြွေးလျက်-

www.dhammadownload.com

၅၅။ ဂိမ္မာနံ ပစ္ဆိဒေ မာဒသ၊ ဝါတာ မိစ္ဆဒ္ဒိနီ ပက္ကိတ္တာ။
သော မံ ဘဠ္ဍတိ ဂတ္တာနိ၊ ဇာတံ သရဏဒတာ ဘယံ-
ဟူသော ဤဆဋ္ဌမ ဂါထာကို ဆို၏။

၅၅။ ပက္ကိဘာဝ၊ ပညာရှိတို့သည်။ ဂိမ္မာနံ၊ နွေဥတုတို့၏။ ပစ္ဆိမေ၊ နောက်ဖြစ်သော။ မာသေ၊ လ၌။ ဝါတံ၊ လေကို။ ဣစ္ဆဒ္ဒိနီ၊ အလိုရှိကုန်၏။ သော၊ ထိုလေသည်။ မံ-မမ၊ ငါ၏။ ဂတ္တာနိ၊ ကိုယ်တို့ကို။ ဘဠ္ဍတိ၊ ခံချိုးဖျက်၏။ မေ၊ ငါ့အား။ သရဏဒတာ၊ ကိုးကွယ်ရာလမှု၊ ဘုယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ "မြတ်သောမင်းကြီး... ကိုးကွယ်ရာမှ ဘေးသည်ဖြစ်၏ဟု အားကြစင်းကို သိလော့" ဟု ဆို၏။ မင်းဩည် "အမောင်... ငါ့အား ခိုးသူကို ပေးလော့" ဟု ဆို၏။

ပုံပြင်ဝတ္ထု-၆

ဘုရားလောင်းသည် မင်းကြီးအား သိစိမ့်သော ဌာန တစ်ပါးသော ဥဒါဟရဏ်ကိုလည်း ဆောင်၏။

မြတ်သောမင်းကြီး....လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်၌ အခက်အခဲနှင့် ပြည့်စုံသော သစ်ပင်ကြီးသည် ဖြစ်၏။ ထိုသစ်ပင်ကြီးသည် အပင့်အသီးနှင့် ပြည့်စုံ၏၊ ငှက်တို့၏နေရာ ဖြစ်၏။ ထိုသစ်ပင်ကြီး၏ နှစ်ခုသောအခက်တို့သည် အချင်းချင်း ကြိတ်ကုန်၏။ ထိုသစ်ခက်တို့မှ မီးခိုးသည် ထွက်၏။ မီးမှုန့်တို့သည် ကျကုန်၏။ ထိုမီးကိုမြင်၍ ငှက်မင်းသည်-

၅၆။ ယံ နိသိဘာ ဇဂတီရွဟံ၊ သွာယံ အဂ္ဂိံ ပမုဉ္စတိ၊
ဒိသာ ဘဇထ ဝက္ကင်္ဂါ၊ ဇာတံ သရဏဒတာ ဘယံ-
ဟူသော ဤသတ္တမ ဂါထာကို ဆို၏။

၅၆၊ ယံ နိသိဘာ ဇဂတီရွဟံ၊ အကြင်သစ်ပင်ကို၊ နိသိဘာ၊ ငှက်တို့သည် မှီကုန်၏။ သွာယံ၊ ထိုသစ်ပင်သည်၊ အဂ္ဂိံ၊ မီးကို။ ပမုဉ္စတိ၊ လွှတ်၏။ ဝက္ကင်္ဂါ၊ ငှက်တို့၊ တုမှ၊ သင်တို့သည်။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ ဘဇထ၊ ဆည်းကပ်ကြကုန်လော့။ နော၊ ငါတို့အား။ သရဏဒတာ၊ ကိုးကွယ်ရာမှ၊ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ "မြတ်သောမင်းကြီး....သစ်ပင်သည် ငှက်တို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းလည်း လူအများ

www.dhammadownload.com

၏ ကိုးကွယ်ရာ ဖြစ်၏။ ထိုမင်းသည် ခိုးမှုကို ပြုသည်ရှိသော် အဘယ်သူသည် တားနိုင်လတ္တံ့နည်း၊ မြတ်သောမင်းကြီး.... မှတ်တော်မူလော့'' ဟု ဆို၏၊ မင်းသည် ''အနာထပိဏ်...ငါ့အား ခိုးသူကိုသာ ပေးလော့'' ဟု ဆို၏။

ပုံပြင်ဝတ္ထု-၂

ထိုအခါ ဘုရားလောင်းသည် ထိုမင်းအား တစ်ပါးသော ဥဒါဟရဏ်ကို ဆောင်၏။

မြက်းသမင်းကြီး....တစ်ခုသော ကာသိကရွာ၌ တစ်ဦးသော အမျိုး၏ အိမ်၏ အနောက်၌ ကြမ်းကြုတ်သော မိန်းကျောင်းသည် ရှိ၏။ ထိုအမျိုးအား တစ်ယောက်တည်းသာ ဖြစ်သော သားသည် ရှိလေ၏။ ထိုသား၏ အဘသည် သေလွန်လတ်ပေါ်ထိုသားသည် အမိကို လုပ်ကျွေး၍ နေ၏။ ထိုသား၏ အမိသည် သား၏ အလိုမရှိဘဲလျက်လျှင် တစ်ယောက်သော အမျိုးသမီးကို သားဖို ဆောင်၏၊ ထိုခွေးမသည် ရွေးအဖို၌ ယောကျ်ားမကို ချစ်၍ နောက်အဖို၌ သားဆမီးတို့ဖြင့် ပွားများလတ်သည်ရှိသော် ထိုယောကျ်ားမကို နှင်ထုတ်လို၏၊ ထိုခွေးမ၏ အမိသည်လည်း ထိုအိမ်၌လျှင် နေ၏။ ထိုခွေးမသည် လင်၏အထံ၌ ယောကျ်ားမ၏ အထူးထူး အပြားပြား များစွာသောအပြစ်ကို ဆို၍ ဖျက်ဆီး၍ ''ဝါသည် သင်၏အမိကို မွေးအံ့သောငှာ မတတ်နိုင်၊ သင့်အမိကို သတ်လော့'' ဟု ဆို၍ ''ရှင်မ-လူကို သတ်ခြင်းမည်သည်ကား ဝန်လေးလှ၏၊ အဘယ်သို့ ငါသတ်အံ့နည်း'' ဟု ဆိုသည်ရှိသော် ''အိပ်ပျော်ခြင်းသို့ ရောက်သောအခါကာလ၌ သင့်အမိကို ညောင်စောင်းငယ်ဖြင့်လျှင် ယူ၍ မိန်းကျောင်းရဲ့သာမြစ်၌ ပစ်ချကုန်အံ့၊ ထိုအခါ သင့်အမိကို မိန်းကျောင်းတို့သည် ခဲကုန်လတ္တံ့'' ဟု ဆို၏။ လင်သည် ''သင့်အမိကား အဘယ်မှာနည်း'' ဟု မေး၏။ မယားသည် သင့်အမိ၏ အထံ၌လျှင် ငါ့အမိသည် အိပ်၏'' ဟု ဆို၏။ ''ထိုသို့တပြီးကား၊ သင် သွားခဲ့၊ အမိ၏ အိပ်ရာ ညောင်စောင်း၌ ကြိုးဖွဲ့၍ အမှတ်သညာကို ပြုခဲ့လော့'' ဟု ဆို၏၊

ထိုမိန်းမသည် လင်ဆိုတိုင်းပြု၍ ''ငါသည် အမှတ်ကို ပြုအပ်ပြီ'' ဟု ဆို၏။ လင်သည် ''အဘန်ငယ် နေဦးလော့၊ လူဘို့သည် အိပ်စကုန်ဦးလော့'' ဟု ဆို၍ အိပ်ပျော်ဘကဲ့သို့ လျောင်း၍ ထသွား၍ ထိုကြိုးကို မယား၏ ဆမိအိပ်ရာ ညောင်စောင်း၌ ဖွဲ့၍ မယားကိုနှိုး၍ လင်မယား

www.dhammadownload.com

နှစ်ယောက်တို့သည်လည်း သွား၍ ထိုမယား၏အမိကို ညောင်စောင်းနှင့် တကွလျှင် ခေါ်၍ မြစ်နားဦး ပစ်ချကုန်၏။ ထိုမြစ်တွင်းဦး ပစ်ချအပ်သော မယား၏ အမိကို မိကျောင်းတို့သည် စားကုန်၏။ ထိုမယာသည် မနက် ဖြန်ဦး ဆမိအား လဲလှယ်၍ သတ်အပ်သည်၏ အဖြစ်ကိုသိ၍ "ဆရှင်... ငါ့အမိကိုသတ်ပြီး၍ ယခု သင့်အမိကိုလတ်ဦးလော့" ဟု ဆို၍ ထိုလင်သည် "ကောင်းပြီ" ဟု ဆိုလတ်သော် သုသာန်ဦး ထင်းပုံပြီးလျှင် မီးတိုက်၍ သတ်ကြကုန်အံ့" ဟု ဆို၏။ ထိုအခါ လင်၏အမိကို လင်မယားနှစ်ယောက် တို့သည်လည်း သုသာန်သို့ဆောင်၍ ထားကုန်၏။ သုသာန်ဦး လင်သည် မယားကို "ရှင်မ....သင်သည် မီးကို ဆောင်ခဲ့၏လော" ဟု မေး၏။ "ဆရှင်....ငါသည် မေ့၏" ဟု မယားသည် ဆို၏၊ ထိုသို့တပြီး၊ ကား သွား၍ ဆောင်ချေလော့" ဟု လင်သည် ဆို၏၊ "အရှင်...ငါသည် သွားအံ့သော ဌာနလည်း၊ မတတ်နိုင်၊ သင်သွားသည်ရှိသော် နေရစ်အံ့သောဌာနလည်း မတတ်နိုင်၊ နှစ်ယောက်ကုန်သော ငါတို့သည်လည်း သွားကြကုန်အံ့" ဟု မယား သည်လည် ဆိုလေ၏။ ထိုလင်မယားနှစ်ယောက်တို့သည် မီးယူအံ့သောဌာ သွား ကြကုန်သည်ရှိသော် ဆမိအိုသည်လည်း ချမ်းသာလေသည် ခတ်၍ နှိုး သဖြင့် သုသာန်၏အဖြစ်ကိုသိ၍ "ဤသူတို့သည် ငါ့ကို သတ်လိုကုန်၍ မီးယူအံ့သောဌာ သွားကုန်၏" ဟု ဆင်ခြင်၍ "ဤသူတို့သည် ငါ၏ ဆစ္ဓမ်းကို မသိကုန်" ဟု ; တစ်ခုံးသော ထင်းတုံးကိုယူ၍ အပေါ်၌ ပုဆိုး နှမ်းဖြင့် ဖုံးလွှမ်းခဲ့ပြီး၍ ပြေးသွား၍ ထိုသုသာန်၌ တစ်ခုသောလိုဏ်သို့ ဝင်၏၊ လင်မယားတို့သည်လည်း မီးကိုဆောင်ခဲ့၍ "သက်ကြီးအိုမတည်း" ဟူသော ဆမှတ်ဖြင့် ထင်းတုံးကို မီးတိုက်၍ သွားကုန်၏။ တစ်ယောက်သော ခိုးသူသည် ထိုလိုဏ်၌ ဥစ္စာထုပ်ကိုထား၍ ထိုခိုးသူသည် ထိုဥစ္စာထုပ်ကို "ယူအံ့" ဟု လာ၍ သက်ကြီးအိုမကိုမြင်၍ "တစ်ယောက်သော ဘီလူးမသည် ဖြစ်လတ္တံ့၊ ငါ၏ဥစ္စာထုပ်ကို ဘီလူးမသည် သိမ်းဆည်း၏" ဟု တစ်ဦးယောက်သော ဆေးသမားကို ခေါ်၍လာ၏။ ဆေးသမားသည် ဓနရှာဖွေးမှန်းလျက် လိုဏ်သို့ဝင်၏။ ထိုအခါ ထိုဆေးသမားကို ထိုသက်ကြီး အိုမသည် "ငါ ဘီလူးမ မဟုတ်၊ သင်လာလော့၊ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ဤဥစ္စာထုပ်ကို ဝေဖန်ကုန်အံ့" ဟု ဆို၏၊

ဆေးသမားသည် "အဘယ်သို့လျှင် သင့်စကားကိုယုံကြည်ရအံ့နည်း" ဟု ဆိုလတ်သော် "သင်၏လျှာကို ငါ့လျှာပေါ်၌ တင်ထားလော့" ဟု သက်

www.dhammadownload.com

ကြီးအိုမသည် ဆို၏။ ဆေးသမားသည် ဆိုတိုင်းပြု၏။ ထိုအခါ သက်ကြီးအိုမသည် ဆေးသမား၏လျှောကို ကိုက်၍ လှည့်စေ၏။ ဆေးသမားသည် 'စင်စစ်လျှင် ဤမိန်းမကား ဘီလူးမတည်း'' ဟု သွေးယိုစီးသောလျှာဖြင့် ဟစ်ကြွေးခဲ့ပြီး၏။ သက်ကြီးအိုမသည်လည်း မိုးသောက်လုတ်သော် သမ်မဋ္ဌ.ပြေပြစ်သောဆေးတံကို ဝတ်၍ အထူးထူးသော ရတနာကို ထုတ်ယူ၍ ထိုအိမ်သို့လျှင် သွား၏။ ချွေးမသည် ထိုယောကျွမကိုမြင်၍ ''မိခင်... သင်သည် အဘယ်သို့ပြုသဖြင့် ဥစ္စာကိုရအပ်သနည်း'' ဟု မေး၍ ''သမီး... ထိုသုသာန်ဝယ် ထင်းပုံ၌ မီးတိုက်သဖြင့် ဤသို့သောဘေးရှိသော ဥစ္စာကို ရ၏'' ဟု ယောကျွမသည် ဆို၏။ ''မိခင်...အကျွန်ုပ်သည်လည်း ရခြင်းငှာ တတ်စောင်း၏လော'' ဟုမေး၏။ ''သမီး....ငါကဲ့သို့ဖြစ်သော် ရလတ္တံ့'' ဟု ယောကျွမသည် ဆို၏။ ထိုချွေးမသည် ဥစ္စာရခြင်း၌ တပ်သောလောဘဖြင့် လင်ဆွေးဆို၍ သုသာန်၌ မိမိကိုယ်ကို မီးတိုက်စေ၏။ ထိုအခါ ထိုမိန်းမကို နှက်ဖြန်နွှဲ၌ လင်သည် မမြင်လတ်သော် ''မိခင်....ဤအခါ၌လည်း သင့်ချွေးမသည် မလော'' ဟု ဆို၏။ အမိသည် ''ဟယ်ယောကျ်ားယုတ်...သော သော မိန်းမ မည်သည်ကား အဘယ့်ကြောင့် လာလတ္တံ့နည်း'' ဟု ခြိမ်းခြောက်လို၍-

၅၇။ ယ မာနယိ သောမနဿံ၊ မာလိနိ˙ စန္ဒနုဿဒံ။
သာ မံ ဃရာ နိစ္ဆုဘ္ဘတိ၊ ဇာတံ သရဏတော ဘယံ-

ဟူသော ဤဂါထာကို ဆို၏၊

၅၇။ ယံ၊ အကြင်မိန်းမကို၊ သောမနဿံ၊ ဝမ်းမြောက်ခြင်းကို၊ ဥပ္ပါဒေတ္ဝာ၊ ဖြစ်စေ၍။ မာလိနိ˙၊ ပန်းပန်၍။ စန္ဒနုဿဒ˙၊ စန္ဒကူးလိမ်းကျံ˙၍။ ဆာနယိ၊ ဆောင်၏၊ သာ၊ ထိုမိန်းမသည်။ မံ၊ ငါ့ကို။ ဃရာ၊ အိမ်မှ။ နိစ္ဆုဘ္ဘတိ-နီဟရတိ၊ နှင်ထုတ်၏၊ မေ၊ ငါ့အား။ သရဏတော၊ ကိုးကွယ်ရာမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကိုဆို၍ ''မြတ်သောမင်းကြီး....ချွေးမသည် ယောကျွမ၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းသည် လူများ၏ ကိုးကွယ်ရာဖြစ်၏၊ မင်းမှ ဘေးဖြစ်သည်ရှိသော် မြစ်အံ့သောငှာ အဘယ်သူ တတ်နိုင်အံ့နည်း၊ ဤသို့ မှတ်တော်မူလော့'' ဟုဆို၏။ မင်းသည် ''အမောင်_ငါသည် သင်ဆောင်အပ်သော အကြောင်းတို့ကို မသိ၊ ငါ့အား ခိုးသူကိုပေးလော့'' ဟု ဆို၏။

www.dhammadownload.com

ပုံပြင်ဝတ္ထု-၇

ဘုရားလောင်းသည် မင်းကို စောင့်ရှောက်အံ့ဟူ တစ်ပါးသော ဥဒါဟရဏ်ကိုလည်း ဆောင်၏။

မြတ်သောမင်းကြီး....လွန်လေပြီးသောအခါ ဤဗာရာဏသီပြည်၌လျှင် တစ်ယောက်သောယောကျ်ားသည် ဆုတောင်းခြင်းကုံပြု၍ သားကိုရ၏။ ထိုယောကျ်ားသည် သားဖွားသောအားလျှင် "ငါသည် သားကိုရပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ထိုယောကျ်ားသည် ထိုသားကို မွေး၍ အရွယ်သို့ ရောက်လတ်သောကာလ၌ မယားနှင့် ယှဉ်ဇေ၍ နောက်အဖို့၌ အိုခြင်းသို့ရောက်၍ အမှုလုပ်အံ့ခသောငှာ မဘတ်နိုင်။ ထိုအခါ ထိုဖခင်ကို သားသည် "အဘ....သင်သည် အမှုလုပ်အံ့သောငှာ မတတ်နိုင်၊ ဤအိမ်မှ ထွက်လော"ဟု အိမ်မှ နှင်ထုတ်၏။ ထိုအဘသည် ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးရကား ငိုကြွေးလျက်-

၅၈။ ယေန ဇာတေန နန္ဒိသံ၊ ယဿ း ဘဝ မိစ္ဆိသံ၊
သော မံ ဃရာ နိစ္ဆုဘာတိ၊ ဇဝတံ သရဏေတော ဘယံ-

ဟူသော ဂျိုဂါထာကို ဆို၏။

၅၈။ ဇာတေန၊ ဖွားသော်။ ယေန၊ အကြောင်းဖြင့်။ နန္ဒိသံ၊ နှစ်သက်ခြင်းသည် ဖြစ်၏။ ယဿ စ၊ အကြင်သားဇာလည်း။ ဘဝံ၊ ဖြစ်ခြင်းကို။ ဣစ္ဆိသံ၊ အလိုရှိ၏။ သော၊ ထိုသားသည်။ မံ၊ ငါ့ကို။ ဃရာ၊ အိမ်မှ။ နိစ္ဆုဘာတိ-နိဟရတိ၊ နှင်ထုတ်၏။ မေ၊ ငါ့အား။ သရဏေတော၊ ကိုးကွယ်ရာမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ "မြတ်သောမင်းကြီး-သူအိုကို စွန့်နိုင်သော သားသည် စောင့်ရှောက်အပ်သော်သို့ ထို့အတူ ခပ်သိမ်းသော ဇနပုဒ်သားတို့ကို မင်းသည်လည်းကောင်း၊ ပုရောဟိတ်သည်လည်းကောင်း စောင့်ရှောက်အပ်ကုန်၏၊ ဤဘေးသည် သတ္တဝါတို့ကို စောင့်ရှောက်သော မင်း၏ အထံမှ ဖြစ်၏၊ ဤအကြောင်းဖြင့် 'ဤအမည်ရှိသော သူသည် ခိုးသူတည်း'ဟု ရှင်မင်းကြီးသည် သိစေဘဝ်မူလော့"ဟု ဆို၏။ "အဓမောင်....ငါသည် အကြောင်းကို မသိ၊ ခိုးသူကိုလျှင် ငါ့အား ပေးလော့"ဟု ဆို၍ မင်းသည် အဖန်ဖန်တလဲလဲ သူလင်ကို တိုက်တွန်း၏။

www.dhammadownload.com

ပရိသတ်ရှေ့မှာ သူခိုးဖမ်းပုံ

ထိုအခါ ထိုမင်းကို ဘုရားလောင်းသည် "မြတ်သောမင်းကြီး... အရှင်မင်းကြီးသည် စင်စစ်သဖြင့် ခိုးသူကို ဖမ်းပေးခြင်းကို နှစ်သက်တော်မူပါ၊ လခလာ" ဟု ဆို၏။ "အခမာင်ဆိုတိုင်း ဟုတ်မှန်၏" ဟု မင်းသည် ဆို၏။ "မြတ်သောမင်းကြီး....ထိုသို့တပြိုးကား 'ဤမည်သော သူသည် ခိုးသူတည်း' ဟု ပရိသတ်အသယ်၌ ပြအံ့" ဟု ဆို၏။ "အမောင်...ဤသို့ ပြလော့" ဟု မင်းသည် ဆို၏၊ ဘုရားလောင်းသည် မင်းကြီး၏ စကားကိုကြား၍ "ဤမင်းသည် မိမိကိုယ်ကို စောင့်ရှောက်စိမ့်သောငှာ မပေး၊ ခိုးသူကို ငါဖမ်းအံ့" ဟု စည်းဝေးကုန်သော ဇနပုဒ်သားတို့ကို တိုင်ကြားလို၍-

၅၉။ သုဏန္တု မေ ဇနပဒါ၊ နေဂမာ စ သဓာဂတာ။
ယတော ဒကံ တဒါ ဒိတ္ထံ၊ ယံ၊တာ ခေမံ တံ၊တာ ဘယံ။
၆၀။ ရာဇာ ဝိလုမ္ပတေ ရဋ္ဌံ၊ ဗြာဟ္မဏော စ ပုရောဟိတော။
အတ္တဂုတ္တာ ဝိဟာရထ၊ ဇာတံ သရဏ၊တာ. ဘယံ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅၉။ သဓာဂတာ၊ စည်းဝေးကုန်သော။ ဇနပဒါစ၊ ဇနပုဒ်သူတို့သည်လည်းကောင်း၊ နေဂမာစ၊ နိဂုံးသူတို့သည်လည်းကောင်း။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ နားထောင်ကုန်လော့။ ယံ၊တာဒကံ၊ အကြောင်းရှိသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို၊ရသည်။ အာဒိတ္တ၊ မီး၊ထောက်၏။ ယတော၊ အကြောင်းမင်းမှ။ ခေမံ၊ ဘေး၊မရှိ။ တ၊တာ၊ ထိုမင်းမှ။ ဘယံ၊ ဘေးဖြစ်၏။

၆၀။ ရာဇာစ၊ မင်းသည်လည်းကောင်း။ ပုရောဟိ၊တာ၊ ပုရောဟိတ်ဖြစ်၊သော။ ဗြာဟ္မဏောစ၊ ပုဏ္ဏားသည်လည်းကောင်း။ ရဋ္ဌံ၊ တိုင်းနိုင်ငံကို။ ဝိလုမ္ပ၊တာ၊ လုယက်၏။ တုမှေ၊ သင်တို့သည်။ အတ္တဂုတ္တာ၊ ကိုယ်ကိုစောင့်ကုန်၍။ ဝိဟရထ၊ နေကြကုန်လော့။ သရဏ၊တာ၊ ကိုးကွယ်ရာမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏၊

"မင်းသည်ကား၊ လူမျိုး၏ ကိုးကွယ်ရာဖြစ်၏၊ ထိုမင်းမှ သင်တို့အား၊ ဘေး၊သည်ဖြစ်၏၊ မင်းသည်လည်း၊ကောင်း, ပုရောဟိတ်သည်လည်း၊ကောင်း ခိုးယူ၏၊ သင်တို့သည် ခိုးသူတို့ကိုဖမ်းလိုကုန်အံ့၊ ဤမင်း, ပုဏ္ဏားတို့ကိုဖမ်း၍ ပြုအပ်သော အမှုကို ပြုကြကုန်လော့" ဟု ဘုရား၊လောင်းသည် ဆို၏၊

www.dhammadownload.com

မင်းနှင့် ပုရောဟိတ်တို့ သေကြရပြီ

စည်းဝေးကုန်သော သူတို့သည် ဘုရားလျှောင်း၏ စကားကိုကြား၍ ''ဤမင်းသည် စောင့်ရှောက်အပ်သည်ဖြစ်လျက်လည်း ယခု သူတစ်ပါး၏ အပြောဩဇာ အပြစ်ကိုတင်၍ မိမိညစ်တို့ကို မိမိသည်လျှင် ရက်နှိပ်ခဲ့ထား၍ ခိုးသူကို ရှာဖွေစ၏၊ ယခုအခါမှစ၍ တစ်ဖန် ခိုးမှုကို မပြုစိမ့်သောငှာ ဤမင်းယုတဲ့ကို သတ်ကြကုန်အံ့'' ဟု ကြံကုန်၍ စည်းဝေးသော သူတို့သည် စောင်ဝှေး, ဆောက်ပုတ် အစရှိသည်တို့ကို ကိုင်လျက် ထကုန်၍ မင်းကို လည်းကောင်း, ပုရောဟိတ်ကိုလည်းကောင်း ဖမ်း၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။ ဘုရားလောင်းကို ဩဘိသိက်သွန်းကုန်၍ မင်းအဖြစ်ခံ၍ တည်စေကုန်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ''သီတင်းသည်....မြေ၌ ခြေရာကို သိခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးပညာရှိတို့သည် ကောင်းကင်၌ ခြေရာကို သိဖူးကုန်၏'' ဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သီတင်းသည်သည်လည်းကောင်း၊ သီတင်းသည်၏ သားသည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ဩဝါဒဿဇာတ်ကို ပေါင်းသနည်း ဟူမူကား- ယခုအခါကဿပသည် ထိုအခါ ပဒကုသလုလုလင်၏ အဘဖြစ်ပြီး၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပဒကုသလုလုလင်ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကုန်းကွယ်ရာမှ၊ ဘေးဖြစ်က၊ မုခ်၌ ကြောက်ဖွယ်ရာ။)

ခြောက်ခုတို့၏ ပြည့်ကြွေးဖြစ်သော ပဒကုသလ
မကာဝဇာတ်သည် ပြီး၏။

၇-လောမသကဿပဇာတ်

ဘုရားလောင်းမျှားပင် မိန်းမကြောင့် မေ့လျော့ခြင်း

ဟောဒတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ''အာဿ ဣန္ဒသမော ရာဇာ'' ဤစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလောမသကဿပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ငြိုးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောဒတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်း....သင်သည် ငြိုးငွေ့သောဟူသည် မူနီသလော"ဟု မေးတော်မူ၍ "မှန်ပေ၏"ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်း....မြင်းမိုရ်တောင်ကို လှုပ်နှစ်နိုင်သော လွှကြီးသည် အာဘယ်မူ၍ ဟောင်းလေပြီးဖြစ်သော သစ်ရွက်တို့ကို မလှုပ်စေနိုင်ဘဲ ရှိလတ္တံ့နည်း၊ အနောက်အစောနှင့် ပြည့်စုံကုန်သော သူတို့သည် ကိုးလသားကို အမှီပြု၍ အကျော်အစော မရှိသည်၏ အဖြစ်သို့ ရောက်ကုန်၏၊ ကိုလေသာတို့မည်သည်ကား၊ စင်ကြယ်ကုန်သော သတ္တဝါတို့ကိုလည်း ညစ်ညူးခြင်းကို ပြုတတ်ကုန်၏၊ သင်ကဲ့သို့သော သူကိုကား အာဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း"ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်းလေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသောအခါ ဗြဟ္မဒတ်မင်း၏သား ဗြဟ္မဒတ္တ, ပုရောဟိတ်၏သား လောမသဿဿပ ဤနှစ်ယောက်ကုန်သော သူတို့သည် အနဆုခင်ပွန်းဖြစ်ကုန်၍ တစ်ဦးသော ဆရာအမျိုး၌ ခပ်သိမ်းသော အဘတ်တို့ကို သင်ကုန်၏။ နောက်အဖို့၌ ဗြဟ္မဒတ်မင်းသားသည် အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၏။

ပုရောဟိတ်သား ရသေ့ဝတ်

ကဿပသည် "ငါ၏ အနဆုခင်ပွန်းသည် မင်းဖြစ်၏၊ ယခုအခါ ငါ့ဆီး မျှားစွာသော စည်းစိမ်တို့ကို ပေးလတ္တံ့၊ ငါ့အား စည်းစိမ်ဖြင့် အဘယ်ပြုအံ့နည်း၊ ငါသည် မိဘတို့ကိုလည်းကောင်း၊ မင်းကိုလည်းကောင်း ပန်၍ ရဟန်းပြုအံ့"ဟု ကြံ၏။ ကြံပြီး၍ ထိုကဿပသည် မင်းကိုလည်းကောင်း၊ မိဘတို့ကိုလည်းတောင်း ပန်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ ခုနစ်ရက်မြောက်သောနေ့၌ ငါးပါးသော အဘိညာဏ်, ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၏။ ဆွမ်းခံသွားသဖြင့် မျှလျက်နေ၏။ ရသေ့အမည်ကိုကား လောမသကဿပဟူ၍ သိကုန်၏။

ရသေ့ကို ပျက်စီးစေရန်

လောမသကဿပသည် ငြိမ်းချမ်းသော ဣန္ဒြေရှိ၏၊ ပြင်းထန်သော အာကျင့်ရှိ၏။ ထိုအာကျင့်၏ တန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်

www.dhammadownload.com

လှုပ်၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုလောမသကဿပကို မြင်၍ ''ထိုရဿ သည် အလွန်လျင် ပြင်းထန်တော အကျင့် ရှိ၏။ သိကြားနေရာ ကိုလည်း တုန်လှုပ်စေနိုင်၏၊ ငါသည် ဗာရာဏသီမင်းနှင့်တကွ တစ်ပေါင်း တည်း ဖြစ်ခဲ့၍ ရဿ၏ သီလကို ဖျက်ဆီးအံ့'' ဟု ကြံ၏။ ကြံပြီး၍ ထို သိကြားသည် သိကြား၏ အားနှဘော်ဖြင့် သန်းခေါင်ယံအခါ ဗာရာဏသီ မင်း၏ ကျောက်သရေတိုက်ခန်းသို့ဝင်၍ အလုံးစုံသော တိုက်ခန်းကို ကိုယ် ရောင်ကိုယ်ဝါဖြင့် ထွန်းပေး၍ မင်း၏အထက် ဆောင်းကင်၌တည်လျက် ''မြတ်သောမင်းကြီး ထလော့'' ဟု မင်းကိုနှိုး၏။ ''သင်သည် အဘယ်သူ နည်း'' ဟု မေးအပ်သည်ရှိသော် ''ငါ သိကြားတည်း'' ဟု ဆို၏။ ''အဘယ် အကျိုးငှာ လာသနည်း'' ဟု မေးအပ်သည်ရှိသော် ''မြတ်သောမင်းကြီး.... သင်မင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ကောင်းအဖြစ်ကို အလိုရှိ၏ ဟု လော'' ဟု မေး၏။ ''အဘယ့်ကြောင့် အလိုမရှိအံ့နည်း'' ဟု ဆိုသည်ရှိ သော် ထိုအခါ၌ ဗာရာဏသီမင်းကို သိကြားသည် ''မြတ်သောမင်းကြီး.... ထိုသို့တပြီးကား လောမသကဿပကို ပြန်ဆောင်၍ အခြေလေးချောင်း တို့ကို သတ်၍ ယဇ်ပူဇော်ခြင်းကို ပူဇော်စေလော့၊ သိကြားနှင့် တူသည် ဖြစ်၍ မအိုမသေ နေရသည်ဖြစ်၍ အလုံးစုံသော ဇမ္ဗူဒိပ် မင်းအဖြစ်ကို ပြုရလတ္တံ့'' ဟု ဆိုလိုရင်း

၆၁။ ဆာသ ကုန္ဒသမော ဆုဇ၊ ဆစ္စန္တံ အာဇဆု မဇော။
သစေ တွံ ယည် ယာဒဇယျ၊ ကုသိ လောမသကဿပံ-
ဟူသော ရွေးဦးဗွာ ဤဂါထာကို ဆို၏။

၆၁။ ဆုဇ၊ ခင်းကြီး။ တွံ၊ သင်သည်။ လောမသကဿပံ ကုသိ၊ လောမသကဿပ ရဿ ကို။ အာနေတွာ၊ တေးမူ ပင့်ဆောင်၍။ ယည်၊ ယဇ်ကို။ သစေ ယာဒဇယျ၊ အကယ်၍ ပူဇော်စေငြားအံ့။ ဆစ္စန္တံ၊ စင်စစ်။ ကုန္ဒသမော၊ သိကြားနှင့် တူသည်ဖြစ်၍။ ဆဇေ၊ ရော၊ မအိုသည်။ အမေ၊ ရော၊ မသေသည်။ ဆာသ၊ ဖြစ်ရာ၏။

ယဇ်ပူဇော်ဖို့ပင့်ခြင်း

သိကြစား၏ စကားကို ကြား၍ မင်းသည် ''ကောင်းပြီ'' ဟု ဝန်ခံ၏။ သိကြားသည် ''ထိုသို့တပြီးကား ကြာမြင့်ခြင်းကို ပြုလင့်'' ဟု ဆို၏။

www.dhammadownload.com

မင်းသည် နက်ဖြန်နေ့၌ သေယျမည်သော အမတ်ကိုခေါ်၍ "အချင်း အမတ်....ငါ၏ ချစ်စွာသော အဆွေခင်ပွန်းဖြစ်သော လောမသကဿပ ရသေ့၏ အထံသို့ သွား၍ ငါ့စကားဖြင့် ဗာဇုဏ်သီမင်းသည် သင့်ကို အခြေလေးချောင်းတို့ကို သတ်စေ၍ ယင်ပူဇော်ခြင်းကို ပူဇော်စေ၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ ကောင်းကျိုးလွတ်တော်မူ၏၊ သင်တို့အားလည်း အလိုရှိတိုင်းသော အရပ်ကို ပေးကုန်အံ့၊ အာကျွန်ုပ်နှင့်တကွ ယင်ပူဇော်အံ့သောငှာ လာကုန်လော့" ဟု ဆိုချေ၏ဟူ၏စေ၏။ သေယျအမတ်သည် "မြတ်သော မင်းကြီး...စေ အောင်းပြီ" ဟု ရသေ့နေရာ အရပ်ကို သိအံ့ခဲသောငှာ မြို့၌ စည်လည်စေ၍ တစ်ယောက်သော မုဆိုးသည် "ငါသိ၏" ဟု ဆိုလတ်သော် ထိုမုဆိုးကို ရွှေသွားပြု၍ များစွာသော၊ အခြံအရံဖြင့် ထိုအရပ်သို့ သွား၍ ရသေ့ကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေလျက် ထိုသတင်းစကားကို ကြား၏၊

ရသေ့ငြင်းပယ်သော်

ထိုအခါ သေယျအမတ်ကို လောမသကဿပ ရသေ့သည် "ငါ့အား အဘယ်မည်သော အမှုကို သင်ပြုသနည်း" ဟု ဆို၍ ပယ်လိုရကား-

၆၂။ သ သမုဒ္ဒ ပရိယာယံ၊ မဟိ သာဂရကုဏ္ဍလံ၊
နဂ္ဂစ္ဆေ သဟ နိန္ဒာယ၊ ဧတံ ခသျ ဝိဇာနဟိ။

၆၃၊ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ပြာဟ္မဏ၊
ယာ ဝုတ္တိ ဝိနိပါတေန၊ အခမ္မ စရဏေန ဝါ။

၆၄၊ အပိ ဧစ ပတ္တာ မာဒါယ၊ အနဂါရေ ပရိဗ္ဗဇေ၊
သာ ယေဝ ဇီဝိကာ သေယျော၊ ယာစာ ဓံဒမ္မုန သေနာ။

၆၅၊ အပိ ဧစ ပတ္တာ မာဒါယ၊ အနာဂါရေ ပရိဗ္ဗဇေ၊
အညံ အဟိံ သယံ လောကေ၊ အပိ ရဇ္ဇေန တံ ဝရံ-

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၆၂၊ သေယျ၊ သေယျ။ အဟံ၊ ငါသည်။ နိန္ဒာယ၊ ကဲ့ရဲ့ခြင်းနှင့်။ သဟ၊ တကွ။ ပဝတ္တံ၊ ဖြစ်သော။ သ သမုဒ္ဒ ပရိယာယံ၊ သမုဒ္ဒရာအခြံအရံနှင့် တကွသော။ သာဂရကုဏ္ဍလံ၊ သမုဒ္ဒရာဟူသော နားတောင်းနှင့် ပြည့်စုံသော၊ မဟိံ၊ မြေကို၊ နဂ္ဂံ ခစ္ဆ၊ အလိုရှိ၊ ဧဝံ၊ ဤသို့။ ဝိဇာနာဟိ၊ သိလော့၊

www.dhammadownload.com

၆၃။ ပြာဟ္မဏ၊ ပုဏ္ဏား။ ဝိနိပါဒေန ဝါ၊ ငရဲသို့ ကျစေတတ်သော အမှုဖြင့် လည်း ကောင်း။ အဓမ္မစရဏေန ဝါ၊ အဓမ္မကို ကျင့်သုံ ဖြင့် လည်းကောင်း၊ ဓနလာဘဋ္ဌ၊ ဥစ္စာရခြင်းသို့ လည်းကောင်း။ ယသလာဘဋ္ဌ၊ အကျော်အစော ရခြင်းကို လည်းကောင်း။ ယာဝဲတို့၊ အကြွင်ပဲ့ပဲ့ မျှားခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဋ္ဌ၊ ထိုအလုံးစုံကိုလည်း။ ဓိရတ္ထု၊ ငါ စက်ဆုပ်၏။

၆၄၊ အဓမ္မေန၊ အဓမ္မဖြင့်။ ယာ စ သေနာ၊ အကြင်ဥစ္စာရှာခြင်း သည်လည်း။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထို့ထက်။ အနဂါရေ၊ ရဟန်း ဘောင်၌၊ ပဗ္ဗဇိတ္ဘာ၊ ရဟန်းပြု၍။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ အပိ စေ ပရိဗ္ဗဇေ၊ အကယ်၍ ဆွမ်းခံသွားလျက် ရဟန်းတရားကို ကျင့်ခြင်းသည်။ ရဇ္ဇုန အပိ၊ မင်းအဖြစ်ထက်လည်း။ ဝဲရုံ၊ မြတ်၏။

မင်းသမီးနှင့် မျှား၍ ယင်ပူဇော်စေခြင်း

သေယ္ယအမတ်သည် လောမသကဿပရဿ၏ စကားကို ကြား၍ ဗာ ရာဏသီသို့ သွား၍ မင်းအား ကြားလျှောက်၏။ မင်းသည် ''မလာသင့် အဘယ်ပြုနိုင်အုံနည်း'' ဟု ဆိတ်ဆိတ်နေ၏။ သိကြားသည် တစ်ဖန် သန်း ခေါင်ယံ အခါ၌ လာလတ်၍ ကောင်းကင်၌ရပ်၍ ''မြတ်သော မင်း ကြီး....လောမသကဿပ ရဿ ကို ပင့်ဆောင်၍ ယင်ပူဇော်စေ၏လော့'' ဟု မေး၏၊ ''ကျွန်ုပ်စေ၍လည်း လောမသကဿပရဿ သည် မလာ'' ဟု မင်းသည် ဆို၏၊ ''မြတ်သောမင်းကြီး—သမီးတော် ဧန္ဒေဝီကို တန်ဆာ ဆင်ယင်၍ သေယ္ယအမတ်ကို ရှေ့အတူလျှင် စေ၍ ''ရှင်ရဿ....သင်သည် သွား၍ ယင်ပူဇော်ကြားအုံ၊ မင်းသည် သင့်အား ဤသမီးကိုပေးလတ္တံ့'

(၉၄၄)

။ဝဲလယ္ယမၨ်ာဒဥဝ ဝီဇဇဥ်ံၚ်ဒ္ဍလာ:ဇ္ဈဇန္ဒြး:ဒ္ဍဂ ဥ်ိုင်း:ဒ္ဍဝီဇဓ္ဍက လြဲဇင်ဇဲဘါဂဇ္ဈယဇဂလာ ။၂င-ဝဲ
(ဇ္ဈဘဓဂဇ္ဈယဇဂလာ ၊ဃ-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

တူ ဆိုစေခဲလာ့၊ မချဲတ်လျှင် ထောမဒကဿာပရသော့်သည် မင်းသမီးဌ်ဒ်
တပ်စွန်းချ် လာလတ္တံ့ဟုဆို၏။ မင်းသည် "ကောင်းပြီ"ဟု ဝန်ခံချ် နက်
ဖြန်နေ့ဌ်ဒ် သေယျအမတ်၏လက်ဌ်ဒ် မင်းသမီးကို ပေးဆပ်ချ် သေယျအမတ်
သည် မင်းသမီးကိုယူဌ်ဒ် ထိုဆရပ်သို့သွားချ် ရဒေသာ့်ကိုးခိုးဌ် ပဋိသန္ထာရ
ပြုချ် နတ်သမီးနှင့်တူသော မင်းသမီးကို ထောမဒဆဿာပ ရုသော့်အား
ပြုချ် တင်အပ်လျောက်ပတ်စွာ နေ၏။ ရဒေသ့်သည် ဣန္ဒြေတို့ကို ဖျက်ချ်
မင်းသမီးကို ကြည်သည်နှင့် တစ်ပြိုင်နက်လျှင် ထပ်ဒေသာစိတ် ဓိသည်ဖြစ်ချ်
ဈာန်မှယုတ်၏။

အမတ်သည် ရဒေသ့်၏ ထပ်ဒသာစိတ် ဓိသည်၏အဖြစ်ကိုသိချ် "အဒ္ဓင်
ဘုရား—အဒ္ဓင်ဘုရားတို့သည် အာဃယ်ဌ် ယင်္ဂပုဒေဝ်ကုန်အံ့၊ မင်းသည်
အဒ္ဓင်ဘုရားအား ဤမင်းသမီးကို အလုပ်အကျွေးပြုချ် ခပေးသတ္တံ့ဟုဆို၏။
ထောမဒဆဿာပသည် ကိုးလသားဇ်အစ့်မ်းအား ဖြင့် တုန့်လှုပ်လျက် "ငါ့
အား ဤမင်းသမီးကို မင်းသည် ပေးအံ့ဒေသ"ဟု မေး၏။ "အဒ္ဓင်
ဘုရား—အဒ္ဓင်ဘုရားသည် ယင်္ဂပုဒေဝ်ကြားအံ့၊ မင်းသည် အဒ္ဓင်ဘုရားအား
ဤမင်းသမီးကို ပေးသတ္တံ့"ဟု အမတ်သည်ဆို၏။ ရဒေသ့်သည် "ကောင်း
ပြီ၊ မင်းသမီးကိုရဒေသ် ယင်္ဂပုဒေဝ်အံ့"ဟု ဆိုချ် အမတ်ကိုခေါ်ချ် ဆံကျစ်
တို့နှင့်ထက် တန်ဆာဆင်ဒေသာ ရထားသို့တက်ချ် ပဒုတ္တသီသို့လုံက်၏။
မင်းသည်လည်း "ရဒေသ. လာပြီ"ဟု ကြားချ် ယင်္ဂအာဇ်ဌ်ဒ် အမှုကို
ဖြစ်စေ၏။

ထိုအခါ လာလတ်ဒေသော ဒေဝမဿ ကဿပက်မြင်ချ် "ယင်္ဂပုဒေဝ်
စလော့၊ ယင်္ဂပုဒေဝ်သည်ဓိဒေသ် ငါသည် သ်ကြားနှင့်တူသည်ဖြင်အံ့၊ ယင်္
ပုဒေဝ်သည်၏ အဆုံးဌ်ဒ် သင့်ဆား သမီးကိုခပေးအံ့"ဟု ဆို၏။ ထောဒဿ
ကဿပရဒေသ့်သည် "ကောင်းပြီ"ဟု ဝန်ခံ၏ ထိုအခါ လောမသကဿပ
ရဒေသ့်တို့ မင်းသည် နက်ဖြန်နေ့ဌ်ဒ်ခါချ် ဒန္ဒဝထီမင်းသမီးနှင့်တကွလျှင်
ယင်္တွင်းသို့သွား၏ ထိုယင်္ဘာင်းဌ်ဒ် ဆင်မြင်း၊ ဥသဘ ဆစရိုကုန်ဒေသာ ခပ်
သိမ်းကုန်ဒေသာ အခံခြဒေလးချောင်းတို့ကို ဆစဥဿဖြင့် ထားအပ်ကုန်၏။
ထိုဒေဝမဿ ကဿပရဒေသ့်သည် ခပ်သိမ်းဒေသာ အခြေဒသေးချောင်းရှိ
သော သတ္တဝါတို့ကို ဆောင်ချ် သတ်ချ် ယင်္ပုဒေဝ်အံ့သောငှာ ဆဒေး
ထုတ်၏။

www.dhammadownload.com

လူအများ တားမြစ်ကြပြီ

ထိုအခါ လောမသက်ဿပ ရသေ့အား စည်းဝေးသော လူများသည် ဦးကြွေးလျက် ''လောမသကဿပ....သင်သည် မသင့်မလျော်သောထိုအမှုကို အဘယ်မူ၍ ပြုသနည်း''ဟု ဆို၍ ဦးကြွေးလိုရကား-

၆၆။ ဗလံ စန္ဒော ဗလံ သူရိယော၊ ဗလံ သမဏာ ပြဒဟ်ကာ။
ဗလံ ဝေလာ သမုဒ္ဒဿ၊ ဗလာတိ ဗလ မိတ္ထိယော။
ယတာ ဥဂ္ဂတပံ သန္တံ၊ ဣသိ လောမသကဿပံ။
ပိတုအတ္ထာ စန္ဒဝတိ၊ ဝါဇပေယျံ အယာစထ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

အင်အားရှိသောဝတ္ထုများ

၆၆။ စန္ဒော၊ လသည်။ ဗလံ၊အားရှိ၏။ သူရိယော၊ နေသည်။ဗလံ၊ အားရှိ၏။ သမဏာပြဟ်ကာ၊ ရဟန်းပုဏ္ဏားတို့သည်။ ဗလံ၊ အားရှိကုန်၏။ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။ ဝေလာ။၊ ကမ်းသည်။ ဗလံ၊ အားရှိ၏။ ယထာ၊ အကြင်ကြောင့်။ စန္ဒဝတိ၊ စန္ဒဝတီမင်းသမီးသည်။ ပိတုအတ္ထာ၊ အဘ၏အကျိုးကို အလိုရှိသည်ဖြစ်၍။ ဥဂ္ဂတပံ၊ ပြင်းထန်သော အကျင့်ရှိသော၊ သန္တံ၊ငြိမ်သက်သော။ လောမသကဿပံ ဣသိံ၊ လောမသကဿပ ရသေ့ကို။ ဝါဇပေယျံ၊ ယဇ်ပူဇော် ခြင်းကို။ အယာစထ၊ပူဇော်စေ၏။ တသ္မာ၊ ထို့ကြောင့်။ ဣတ္ထိ၊ ယာ၊ မိန်းမတို့သည်။ ဗလာတိဗလံ၊ အားကာ အာတို့ထက် အလွန်အားရှိကုန်၏။

သတ္တဝါများအောက်ကြခြင်း

ထိုအခါ လောမသကဿပရသေ့သည် ယစ်ပူဇော်အံ့သောငှာ''မင်္ဂလာ ဆင်၏ လည်ကို ဖြတ်အံ့''ဟု ရဟန္တာသနဲလျက်ကို ချီ၏။ ဆင်ယည်လည်း ဆန်လျက်ချီသော လောမသကဿပရသေ့ကိုမြင်၍ သဘေားဖြင့်ကြောက်၍ ကြီးစွာသော မြည်ခြင်းကို မြည်၏။ ဆင်၏အသံကို ကြား၍ ကြွင်းကုန်သော ဆင် မြင်း ဥသဘ အစရှိသည်တို့လည်း သဘေားဖြင့် ကြောက်ကုန်၍ မြည်ကြကုန်၏။ လူများသည်လည်း မြည်တမ်းကြကုန်၏။

ရသေ့၏သံဝေဂ

လောမသကဿပရသေ့သည် အုတ်အုတ်ကျွက်ကျွက် ထည်းစွာသော ဟစ်ကြွေးသံကိုကြား၍ ထိတ်လန့်ခြင်းသို့ ရောက်ထည်ဖြစ်၍ မိမိဆံကျစ်

www.dhammadownload.com

ဆာစရိသည်တို့ကို ကြည့်၏။ ထိုအခါ ရသေ့အား ဆံကျစ် မုတ်ဆိတ် လက်ကုတ်းမွေးတို့သည် ထင်ကုန်၏။ ထိုလောမသကဿပ ရသေ့သည် နှလုံးမသာသည်ဖြစ်၍ "ငါသည် စင်စစ်သဖြင့် မလျောက်ပတ်သော ယုတ်မာသောအမှုကို ပြု၏"ဟု သံဝေဂကို ပြုလိုရာ၏-

၆၇။ တံ လောဘပကတံ ကမ္မံ၊ ကဋ္ဌကံ ကာမဟေတုကံ၊
တဿ မူလံ ဂဝေသိဿံ၊ ဆေတ္တံ ဆုဂံ သ ဗန္ဓနံ-

ဟူသော ရွှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၆၇။ မဟာဆုဇ၊ မြတ်သောမင်းကြီး။ မယာ၊ ငါသည်၊ ကဋ္ဌကံ၊ ထက်သော အကျိုးရှိသော၊ ကာမဟေတုကံ၊ ကာမလျှင် အကြောင်းရှိသော။ တံ ကမ္မံ၊ ထိုအမှုကို၊ လောဘပကတံ၊ လောဘလျှင် ပြုအပ်၏ဟု၊ တဿ၊ ထိုလောဘ၏။ မူလံ၊ မသင့်သော နှလုံးသွင်းခြင်း၏ အမြစ်ကို။ အဟံ၊ ငါသည်။ ဂဝေသိဿံ၊ ရှာအံ့။ သ ဗန္ဓနံ၊ အနှောင်အဖွဲ့နှင့်တကွ သော။ ဆုဂံ၊ ဆုဂကို၊ ဆေတ္တံ၊ ဖြတ်အံ့၊။

မင်းကြီးကိုယ်တိုင်တိုက်တွန်း

ထိုအခါ လောမသကဿပ ရသေ့ကို မင်းသည် "ရှင်ရသေ့ မကြောက်လင့်၊ ယခု လင့်အား စန္ဒဝတီမင်းသမီးကို လည်းကောင်း၊ ရတနာခုနစ်ပါးကို လည်းကောင်း ပေးအံ့၊ ယဇ်ပူဇော်လော့"ဟု ဆို၏၊

ယဇ်တွင်းကိုဖျက်စေပြီ

ထိုစကားကိုကြား၍ လောမသကဿပ ရသေ့သည် "မြတ်သော မင်းကြီး....ငါ့အား ကိုလသာဖြင့် အလိုမရှိ"ဟု ဆို၍-

၆၈။ ဓီရတ္ထု၊ ကာမေ သုဗဟူပိ လောကေ၊
တဒေပါဝ သေယျော ကာမဂုဏေဟိ ဆုဇ။
တဒပါ ကရီဿာမိ ပဟာယ ကာမေ၊
တဓဝဝ ရဋ္ဌံ စန္ဒဝတီ စ ဟေဒတု-

ဟူသော အဆုံးဖြစ်သော ဤဂါထာကိုဆို၏။

၆၈။ ဆုဇ၊ မင်းကြီး။ လောကေ၊ လောကဌ်၊ သုဗဟူပိ၊ အလွန်မျှ၊ သည်လည်း ဖြစ်ကုန်သော။ ကာမေ၊ တာဝမတို့ကို။ ဓီရတ္ထု၊ ငါစက်ဆုပ်၏။ ကာမဂုဏေဟိ၊ ကာမဂုဏ်တို့ထက်၊ တဒေပါဝ၊ သီလသည်လျှင်။ သေယျော၊

www.dhammadownload.com

မြတ်၏။ အဟံ၊ ငါသည်။ ကာမေ၊ ကာမတို့ကို။ ပဟာယ၊ ပယ်၍။ တပေါ၊ သီလ စောင့်ရှောက်ခြင်းကို။ တရိဿာမိ၊ ကျင့်အံ့။ ရဋ္ဌဋ္ဌ၊ တိုင်းသည် လည်း ဧသောင်း။ စန္ဒဝတီ စ၊ စန္ဒဝတီ မင်း ဃမီးသည်လည်း ကောင်း။ တဒဝဝ၊ သင်၏သဒ္ဒါလျှင်။ သန္တကံ၊ ဥစ္စာသည်း ဟောတု၊ ဖြစ်စေသတည်း။

ထိုလောမသကဿပ ရသေ့သည် ဤသို့ဆို၍ ကသိုဏ်းကို နှလုံးသွင်း၍ ပျော်သောစျာန်ကို ဖြစ်စေ၍ ကောင်းတင်၌ ထက်ဝယ်ဖွဲသဖြင့် နေ၍ မင်းအား "မဓမ္မလျော့ ဖြစ်သော့" ဟု ဆုံးမ၍ ယင်တွင်းကိုဖျက်စေ၍ လူမျှားအား ဘေးမဲ့ကို ပေးပေ၍ မင်းဘေဘဲးပန်စဉ်လျှင် ပြန်၍ မိမိ နေရာသို့သွား၍ ဈာသက်ထက်ဆုံးတည်၍ အသက်၏ဆုံး၌ ပြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကို ဆောင် တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏အဆုံး၌ ငြိုးငွေ့သောရဟန်းအည် သောတာပတ္တိဖိုလ်၌တည်၏။ အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-ယခုအခါ သာရိ ပုတြာသည် ထိုအခါ သေယျအမတ် ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လောမသကဿပရသေ. ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော် မူ၏။

(အဒိးတကာတွင်၊ မိန်းမလျှင်၊ အားအင်ကြီးလှစွာ၊)

ခုနစ်ခုတို့၏ ပြည့်ကြွေးဖြစ်သော လောမသကဿပ ဇာတ်သည်ပြီး၏။

၁၃-စက္ကဝါကဇာတ်

အစားအစာ၌ လျှပ်ပေါသော ကျီးမိုက်အကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကာသာယ ဝနတ္ထေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဖွယ်သော ဤစက္ကဝါကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် လေ့လာသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် လော်လည်သတတ်၊ ပစ္စည်း၌ မက်မောဘတတ်။ ဆရာဥပဇ္ဈာယ်တို့၏ ဝတ်အစရှိသည်တို့ကိုစွန့်၍ စောစောကလျင်သာဝတ္ထိမြို့သို့ဝင်၍ ဝိသာခါ ဒါယိကာမ၏အိမ်၌ မျှားစွာသော ခဲဖွယ်ကိုလည်းတောင်း, ယာဂု အစရှိသည်ကို လည်းကောင်း စား၍ သောက်၍ အထူးထူးသော ဆရဲသာရှိသော သလေးဆွဲမ်း, အမဲဟင်းလျာ ဆစရှိသည်တို့ကို စား၍လည်း ထိုအာဟာရဖြင့် မရောင့်ရဲရကဲ့သ စူဠဇာနာထပိဏ်၏အိမ်, မဟာ အနာထပိဏ်၏အိမ်, ကောသလမင်း၏ နန်းတော်ကို ရည်၍သွား၏။ ထိုအခါ တစ်နေ့သ၌ ထိုရဟန်း၏ လော်လည်သော အဖြစ်ကို အကြောင်းပြု၍ တရားသဘင်၌ ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။

သမ္မဉ္ဇူမြတ်စွာဘုရားသည် လာတော်မူလတ်၍ "ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏" ဟု နားတော် လျောက်သည်ရှိသော် ထိုရဟန်းကို ခေါ်တော်မူစေ၍ "ရဟန်း....သင်သည် လော်လည်သော ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား...မှန်ပေ၏" ဟု လျောက်သည်ရှိသော် "ရဟန်း....အဘယ့်ကြောင့် လော်လည်သနည်း၊ ရွေးခွဲလည်း သင်သည် လော်လည်ဆာည်၏ အဖြစ်ကြောင့် ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသည်တို့ကို စား၍ လှည့်လည်သော် ထိုဆင်ကောင်ပုပ် အစရှိသည်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ဗာရာဏသီပြည်မှထွက်၍ ဂင်္ဂါနဒီ၌ ကျက်စားလျက် ဟိမဝန္တာသို့ ဝင်ဖူး၏" ဟု မိန့်တော်မူ၍ ဇာတိတ်ကို ဆောင်တော်မူ၏။

အတီတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ခုသော လော်လည်သော ကျီးသည် ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသည်တို့စားလျက် ထိုဆင်ကောင်ပုပ် အစရှိသည်တို့ဖြင့် မရောင့်ရဲရကား ဂင်္ဂါကမ်းနား၌ ငါးသေတို့ကို စား အံ့ဟု သွား၍ ထိုဂင်္ဂါ၌သေသော ငါးတို့ကိုစားလျက် နှစ်ရက်သုံးရက်နေ၍ ဟိမဝိန္တာသို့ဝင်၍ အထူးထူးသော သစ်သီးကြီးငယ်တို့ကိုစားလျက် မျှားစွာသော ငါးလိပ်ရှိသော ကြီးစွာသော ပဒုမာအိုင်သို့ရောက်၍ ထိုအိုင်၌ ရွှေဆင်းနှင့် တူသော အဆင်းရှိကုန်သော မျော်ကိုစား၍ နေကုန်သော နှစ်ခုကုန်သော စက္ကဝါက်တို့ကိုမြင်၍ "ဤငှက်တို့သည် အလွန်လျင် အဆင်းနှင့် ပြည့်စုံကုန်၏၊ တင့်တယ်ခြင်းသို့ ရောက်ကုန်၏၊ ဤငှက်တို့၏အစာသည်

www.dhammadownload.com

နှစ်သက်ဖွယ်ရှိသည် ဖြစ်လတ္တံ့၊ ဤငှက်တို့၏ အစာကိုမေး၍ ငါသည်လည်း ထိုအတူလျှင်စား၍ ဤအဆင်းနှင့် တူသော အဆင်း ရှိသည် ဖြစ်အံ့'' ဟု ကြံ၍ စက္ကဝါက်တို့၏ အထံသို့သွား၍ ပဋိသန္ဓာရပြု၍ တစ်ခုသောသစ်ခက် စွန်းဦ နား၍-

၆၉။ ကာသာယဝတ္ထဲ သကုဏာ ဝဒါမိ၊ ဒုဝဲ ဒုဝေ နန္ဒိမနေ စရန္တေ။
ကံ အက္ခာတံ အက္ခာဟာ မာနုသေသု၊ ဇာတိ ပသံသန္တိ စာဒိယ် ပြု။ထ-
ဟူသော ချီးမွမ်းခြင်းနှင့်ယှဉ်သော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၆၉။ ကာသာယဝတ္ထဲ၊ ဖန်ရည်စွန်းသော အဝတ်ကို ဂတ်သကဲ့သို့ ရွှေအဆင်းနှင့်တူသောဟာအဆင်း ရှိကုန်သော။ ဒုဝဝ ဒုဝေ၊ အစုံ အစုံ ဖြစ်ကုန်၍။ စရန္တေ၊ သွားကုန်လျက်။ နန္ဒမနေ၊ နှစ်သက်သောစိတ် ရှိကုန်သော။ သကုဏာ၊ ငှက်တို့ကို။ ဝဒါမိ၊ ငါဆို၏။ ဇာတ္တေဝ၊ အိုငှက်တို့။ တုမှေ၊ သင်တို့ကို။ မာနုသေသု၊ လူတို့၌။ ပသံသန္တိ၊ ချီးမွမ်းကုန်သော သူတို့သည်။ ကံ အက္ခာတံ၊ အဘယ်ငှက်မည်၏ဟု၍။ ဝတ္တာ၊ ဆို၍။ ပသံသန္တိ၊ ချီးမွမ်းကြကုန်သနည်း။ ဣဿိ၊ ငါတို့ကုန်တန်း၏။ တံ ဇာတိ၊ ထိုအမျိုး ကို။ ဗြူထ၊ ဆိုကြကုန်လော့။

စက္ကဝါက်တို့ လှုံ့ဆြေသည်

ထိုစကားကိုကြား၍ စက္ကဝါက်ငှက်သည်-

၇၀။ ဇာမှေ မနုဇေသဿု မနုဿဟိ သ၊ အနုပုဗ္ဗတေ စက္ကဝါကေ ဝဒန္တိ။
ကလျာဏဘာဝဓမ္မေ ဒိဇေသု သမ္မတာ၊ အဘိရူပါ ဝိစရာမ အက္ခဇေဝ။
နဿသဟေတုပိ ကဓာမ ပါပံ-
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၇၀။ မနုဿဟိ သ၊ လူတို့ကို ညွှဲးဆဲတတ်သောကျီး။ မနုဇေသဿု၊ လူတို့၌။ အမှေ၊ ငါတို့ကို။ အနုပုဗ္ဗတေ၊ အချင်းချင်း အစဉ်လိုက်၍ ချစ်သောအားဖြင့်သာ ပေါင်းဖက်တတ်ကုန်သော။ စက္ကဝါကေ၊ စက္ကဝါက်တို့ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ဒိဇေသု၊ ငှက်တို့၌။ အမှေ၊ ငါတို့ကို။ ကလျာဏဘာဝါ၊ ကောင်းသောသဘာ ရှိကုန်သော ငှက်တို့ဟူ၍။ သမ္မတာ၊ သမုတ်အပ်ကုန်၏။ မယံ၊ ငါတို့သည်၊ နဿသဟေတုပိ၊ အစာဟူသော အကြောင်းကြောင့်လည်း။ ပါပံ၊ မကောင်းမှုကို။ နကဓာမ၊ မပြုကုန်။

www.dhammadownload.com

တသွာ၊ ထို့ကြောင့်။ မယံ၊ ငါတို့သည်။ အက္ကာဝေါ်၊ ပဒုမာအိုင်၌။ အဘိရုပ်၊ အသွန် အဆင်းလှကုန်သည်ဖြစ်၍။ ဝိစဆုမ၊ သွားလာ ကျက်စား၊ ကုန်၏။

သူတို့ဘာကိုစားကြသနည်း

ထိုစကား.ကိုကြား၍ ကျီးသည်-

၇၁။ ကိ် အက္ကံဒဝ ကာနိ ဖလာနိ ဘုဥ္ဇေ၊
မံသံ ကုဒာ ခါဒထ စက္ကဝါကာ။
ကိ် ဘောဇနံ ဘုဥ္ဇထ ဝေါ အဒေါမာ၊
ပလဥ္ဇ ဝက္ကော စ အနပ္ပရုပါ.

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၇၁။ စက္ကဝါကာ၊ စက္ကဝါက်တို့။ တုမှေ၊ သင်တို့သည်။ အက္ကံဝေ၊ ပဒုမာအိုင်၌။ ကာနိ ဖလာနိ၊ အဘယ် အသီးတို့ကို။ ဘုဥ္ဇေကိ်၊ စား၍ကြ ကုန်သနည်း။ ကုဒာ မံသံ၊ အဘယ်သတ္တဝါတို့၏ အသားကို။ ခါဒထ ကိ်၊ စား၍ကုန်သနည်း။ အဘိဏှံ၊ မပြတ်။ ကိ် ဘောဇနံ၊ အဘယ် ဘောဇဉ်ကို။ ဘုဥ္ဇထ၊ စား၍ကုန်သနည်း။ ဝေါ၊ သင်တို့၏။ ပလဥ္ဇ၊ အားသည် လည်းကောင်း။ ဝက္ကော စ၊ အဆင်းသည် လည်းကောင်း။ အဒေါမာ၊ မယုတ်ကုန်သည်ဖြစ်၍။ အနပ္ပရုပါ၊ မျှားသော သဘာဝရှိကုန်၏။

အသားမစားကြပါ

ထိုနောင်မှ စက္ကဝါက်သည်-

၇၂။ နှ အက္ကံဒဝ သန္တိ ဖလာနိ ဓက်၊
မံသံ ကုတော ခါဒိတုံ စက္ကဝါဓေ။
သေဝါလ ဘက္ခိမှ အပါဏဘောဇနာ၊
နှ ဃာသဟေတူပိ ကဒ္ဓေမ ပါပံ-

ဟူးသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၇၂၊ ဓက်၊ ကျီး၊ အက္ကံဒေ၊ ပဒုမာအိုင်၌၊ ဖလာနိ၊ သစ်သီးတို့ သည်။ နှ သန္တိ၊ မရှိကုန်။ စက္ကဝါဓေ၊ စက္ကဝါက်ဆား။ ခါဒိတုံမံသံ၊ စား အံ့သော အသားသည်၊ ကုတော ဆတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ မယံ၊ ငါ

www.dhammadownload.com

တို့သည်။ သေဝါလ၊ မှော်ကို။ ဘာကြောင့်မှ၊ စားကုန်၏။ အပါဏာတောင်နှာ၊ အသက်ကင်းသော ရေမှော်ဟူသော အစာရှိကုန်သော။ မယ်၊ ငါတို့သည်။ ဃာသးယတူပိ၊ အစာဟူသော အကြောင်းကြောင့်လည်း။ ပါပံ၊ မကောင်းမှုကို။ နကရောမ၊ မပြုကုန်း

အသားစားငါးသင့်လို့မလှ

ထိုနောင်မှ ကျိုးသည်-

၂၃။ နမေ ဣဒံ ရူစွတိ စက္ကဝါက၊
အသိံ ဘဝေ ဘောဇန သန္နိကာသော၊
ဆဟောသိ ပုဗ္ဗေ တဓာတာ မေ အညာတာ၊
ဣဒ္ဓေဝ မေ ဝံမတိ ဇွတ္ထ ဇာတာ၊

၂၄။ အဟမ္ပိ မံသာနိ ဖလာနိ ဘုဥ္ဇေ၊
ဆန္နာနိ စ လောဏိယတေလိယာနိ။
ရသံ မနုဿသု လဘာမိ ဘောတ္တုံ၊
သူရော စ သင်္ဃမုခံ ဝိဇေတွာ။

နှစ် မေ တာဒိဒသာ ဝတ္ထော၊ စက္ကဝါက္ ယထာ စာဝ-ဟူသော ဤနှစ်ဂါထာခဲ့ကို ဆို၏။

၂၃။ စက္ကဝါက- စက္ကဝါက်။ မေ။ ငါသည်။ ဣဒံ၊ ဤအစာကို။ နှ ရူစွတိ၊ မနှစ်သက်။ အသိံ ဘဝေ၊ ထိုစက္ကဝါက်ဘဝ၌။ ဘောဇန သန္နိကာသော၊ ဆစာနှင့်တူသော ဆဆင်းရှိသည်။ အဒဟာသိ၊ ဖြစ်၏ဟူ၍။ ပုဗ္ဗေ၊ ရှေး၌။ မေ၊ ငါ့အား။ ဝိတက္ကော၊ အကြံသည်။ အဒဟာသိ၊ဖြစ်၏။ တဒတာ၊ ထိုငါကြံသောအစာမူ။ အညထာ၊ တစ်ပါးသောဆားဖြင့်။ ဆာဒဟာသိ၊ ဖြစ်၏။ ဣဒ္ဓေဝ၊ ဤအကြောင်းကြောင့်လျှင်။ ဇွတ္ထ၊ ဤသင်္ဃတို့၏ အဆင်း၌။ မေ၊ ငါ့အား။ ဝိမတိ၊ ယုံမှားခြင်းသည်။ ဇာတာ၊ ဖြစ်၏။

၂၄။ အဟမ္ပိ၊ ငါသည်လည်း။ လောဏိယ ဘေလိယာနိ၊ ဆား ဆီတို့နှင့်စပ်ကုန်သော၊ မံသာနိ စ၊ အသားတို့ကိုလည်းကောင်း။ ဖလာနိ စ၊ အသီးတို့ကိုလည်းကောင်း။ အန္နာနိ စ၊ထမင်းတို့ကိုလည်းကောင်း၊ ဘုဥ္ဇေ၊ စားရ၏။ သူရော သူရဲသည်။ သင်္ဃမုခံ၊ စစ်မြဲကို။ ဝိဇေတွာ၊ အောင်မြင်၍၊ ဘုဥ္ဇတိ ဣဝ၊ စားရသကဲ့သို့။ ဧဝံ တာဒါ၊ ထိုအတူ။ အဟံ၊ ငါ

www.dhammadownload.com

သည်။ မနုဿသူ၊ လူတို့၌၊ ရသံ၊ အရသာကို။ ဘော်တို့၊ စား၊ခြင်း၌။ လဘာမိ၊ ရ၏။ စက္ကဝါက၊ စက္ကဝါက်၊ တဝ ယထာ၊ သင်္ကဿို။ မေ၊ ငါ့အား။ တာဒိသော၊ ထိုသို့တူသော သဘောရှိသော၊ ဝဏ္ဏော၊ အဆင်း သည်။ နု စ ဟောတိ၊ မဖြစ်။

ကျိန်စာစား၍မလှ

ထိုအခါ ကျီး၏ အဆင်းမပြည့်စုံခြင်းအကြောင်းကို လည်းကောင်း၊ မိမိ၏ အဆင်းပြည့်စုံခြင်းအကြောင်းကို လည်းဆောင်း ဆိုလိုရကား စက္က ဝါက်သည်-

၂၅။ အသုဒ္ဓဘက္ခောသိ ခဏာနုပါတီ၊
ကိန္နု ခ္ဆန္ဒ တေ လဇ္ဇတိ အန္နပါနံ။
နု တုဿသိ ရက္ခဖလေဟိ ဓက်၊
မံသာနိ ပိယာနိ သုသာနမဇ္ဈေ။

၂၆။ ယော သာဟသေန အဓိဂမ္မ ဘောဂေ၊
ပရိဘုဉ္ဇတိ ဓက် ခဏနုပါတီ။
တတော ဥပက္ကောသတိနံ သဘာဝေါ၊
ဥပက္ကုဒ္ဓော ဝဏ္ဏဗလံ ဇဟာတိ။

၂၇။ အပပ္မိစေ နိပ္ပုတိံ ဘုဉ္ဇတိ ယဒိ၊
အသာဟသေန အနုပဓာတိနော၊
ဗလုဉ္ဇ ဝဏ္ဏောစ တဒါဿ ဟောတိ၊
နု ဟိ သဗ္ဗော အာဟာရမယေန ဝဏ္ဏော-

ဟူသော ဤဂါထာတို့ကို ဆို၏၊

၂၅။ ခဏာနုပါတီ၊ မေ့လျော့သော ခဏ၌ ကျနော်းလေ့ရှိသော၊ ဓက်၊ ကျီး။ တ္ဝံ၊ သင်သည်၊ အသုဒ္ဓဘက္ခော၊ မသန့်ရှင်းသော အစာကို စားသည်။ အသိ၊ ဖြစ်၏၊ တေ၊ သင်သည်။ ကိန္နု ခ္ဆန္ဒ၊ ငြိုငြင်သဖြင့်။ အန္နပါနံ၊ ထမင်းအားဖျဉ်းကို။ လဇ္ဇတိ၊ ရအပ်၏။ တ္ဝံ၊ သင်သည်၊ ရက္ခဖလေဟိ၊ ထစ်သီးတို့ဖြင့်။ နု တုဿသိ၊ မနှစ်သက်။ တေ၊ သင်သည်။ သုသာနမဇ္ဈေ၊ သုသာန်အလယ်၌၊ မံသာနိ၊ အသားတို့ကို၊ ပိယာနိ၊ ချစ်အပ်ကုန်၏။

၂၆၊ ခဏာနုပါတီ၊ မေ့လျော့သော ခဏ၌ ကျနော်းလေ့ရှိသော၊ ဓက်၊ ကျီး။ ယော၊ အကြင်သတ္တဝါသည်။ သာဟသေန၊ သူတစ်ပါးကို

www.dhammadownload.com

နှိပ်စက်နှိုင်ထက်မူသဖြင့်။ ဘောဂေ၊ စည်းစိမ်တို့ကို၊ ဆုခိဂမ္မ၊ ရ၍။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ တတော၊ ထို့ကြောင့်။ နံ၊ ထိုသတ္တဝါကို။ ယဘာဂေါ၊ သဘောသည်။ ဥပက္ကောသတိ၊ ဆဲရေး၏။ ဥပက္ကုဇ္ဈော၊ ဆဲရေးကဲ့ရဲ့ခြင်းကိုခံရသော သတ္တဝါသည်။ ဘက္ခေဗလ့်၊ ဆဆင်းအား၊ကို။ ဇဟာတို့၊ စွန့်၏။

၂၇။ ယော၊ အကြင်ပညာရှိသည်။ ဆပ္ပမိဓေ၊ နည်းငြီးသော်လည်း။ ဆသာဟသန၊ လူဘစ်ပါး၊ကိုမနှိပ်စက်သဖြင့်။ နိဗ္ဗုတ်၊ ငြိမ်းချမ်းသောဆစာကို။ ယဒိ ဘုဥ္ဇတိ၊ ဆကယဲ၍ စားငြားအံ့။ တဒါ၊ ထို ဆခါ၌။ ဆနုပဃာတိနော၊ သူတစ်ပါး၊ကိုမညှဉ်းဆဲသော။ ဆဿ၊ ထို ပညာရှိဆား။ ဗလ့ဇ္ဇ၊ အားသည်လည်းတောင်း။ ဗဟုဇ္ဇာ၊ ဆဆင်းသည်လည်းကောင်း၊ ဟောတိ၊ ဖြစ်၏။ ဟိ သစ်၊ မှန်၏။ သဗ္ဗဘဝဇ္ဈော၊ အလုံးစုံသော ဆဆင်းသည်၊ ဆာဟာရမဒယန၊ ဆထူးထူး ဆပြားပြား သော ဆာဟာရဖြင့်လာလျှင် ပြီးသည်၊ နှ ဟောတိ၊ မဖြစ်။

"အိုကျီး-ဤဆဆင်းမည်သည်ကား ဆာဟာရဟူသော ဆကြောင်းကြောင့်သာလျှင် ဖြစ်သည်မဟုတ်၊ ဥတု စိတ် ကံတို့ကြောင့်လည်း ဖြစ်၏။ စတ္ထဝါက်သည် မျှားစွဲသော ဆကြောင်းတို့ဖြင့် ကျီး၊ကို ကဲ့ရဲ့၏။ ကျီးသည် ရှက်၍ "ငါ့ဆား သင့်ဆဆင်းဖြင့် ဆလိုမရှိ" ဟု ဆို၍ ဆာ ကာမြည်၍ ပြေးလေ၏၊

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်မတော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထစ္စာတို့ကို ပြတော်မူသည်၏ ဆဆုံး၌ လော်လည်လော ရဟန်းသည် ဆနာဂါမိဖိုလ်၌ တည်၏။ ဇာတ်၊ကို ဆဘယ်သို့ ပေါင်းတော်မူသနည်း၊ ဟူမူကား...ယခုဆခါ လော်လည်သော ရဟန်းသည် ထိုဆခါ ကျီးဖြစ်ပြီ၊ ယခုဆခါ ဆဟုလမယ်တော်သည် ထိုဆခါ စတ္ထဝါက်ငှက်မ ဖြစ်ပြီ၊ ယခုဆခါ ငါဘုရားသည်လျှင် ထိုဆခါ စတ္ထဝါက်ငှက်ဖြစ်ပြီ၊ ဤသို့ ဇာတိကို ပေါင်းတော်မူ၏၊

(ဆဝတ်ဆစား၊ လော်လည်ငြား၊ နွှမ်းပါးဆင်းရဲရာ၊)

ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော စတ္ထဝါကဇာတ်သည် ပြီး၏၊

www.dhammadownload.com

၉-ဟလိဒ္ဒိရာဂဇာတ်

ချစ်လွယ်မုန်းလွယ်သူကို ရှောင်ကြဉ်အပ်ကြောင်း

ဟောတော်မူရာ၌ဖြစ်၏။ နတ်နှင့်ထက်မြက်သော လောကကို ဆုံးမတတ်မူတတ်သော သဗ္ဗညုဖြစ်တော်မူသော ဘုရားသည် "သု တိတိက္ခ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဟလိဒ္ဒိရာဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အပျိုကြီး ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် တရားသနိပါတ် စူဠနာရဒဇာတ်၌ ထင်စွာဖြစ်လတ္တံ့)။

အတီတ်ဝတ္ထု။ (အတိတ်ဝတ္ထုကိုကား ဤသို့သိအပ်၏။)

ရသေ့ငယ်ကိုလူပြည်ခေါ်

ရှေးသောအခါ ထိုသူငယ်မသည် ထိုရဿငယ်မ၏ သီလကို ဖျက်၍ မိမိအလိုဆန္ဒ တည်သည်၏အဖြစ်ကို သိ၍ "ရသေ့ငယ်ကို လှည့်စား၍ လူပြည်သို့ ဆောင်အံ့" ဟု ကြံ၍ "ရူပါရုံအစရှိသော ကာမဂုဏ်တို့မှ ဆင်းသော တောဋ္ဌ် စောင့်ရှောက်အပ်ဘော သီလမည်သည်ကား၊ အကျိုးမကြီး၊ လူပြည်ဋ္ဌ ရူပါရုံအစရှိသော ကာမဂုဏ်တို့၏ ဖြစ်ရာအာယပ်ဋ္ဌ စောင့်ရှောက်အပ်သော သီလသည် အကျိုးကြီး၏၊ လာလော့၊ ငါနှင့်ဘက္ခလူပြည်သို့သွား၍ သီလကိုစောင့်လော့၊ သင့်အား တောအရပ်ဖြင့် အဘယ်ပြုအံ့နည်း" ဟု ဆိုလျှို့၍-

၇။ သုတိတိက္ခံ အရညမ္ပိ၊ ပန္တံမ္ပိ သယနာသနံ။
ယေ စ ဂါမေ တိတိက္ခန္တိ၊ တေ ဥဋ္ဌာရတရာ တယာ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၇။ တာပသ မာဏဝ၊ ရသေ့လုလင်။ အရညမ္ပိ၊ တောဋ္ဌ်။ပန္တမ္ပိ၊ ရွာမှဝေးခဿ၊ သယနာသနေ၊ ကျောင်းဋ္ဌ်။ ဘုတိတက္ခံ၊ သည်းခံလွယ်၏။ ယေ၊ အကြင်ရသေ့တို့သည်။ ဂါမေ၊ ရွာဋ္ဌ်။ တိတိက္ခန္တိ၊ သည်းခံကုန်၏။ တေ၊ ထိုရဿငယ်တို့သည်။ တယာ၊ သင့်ထက်၊ ဥဋ္ဌာရတရာ၊ အာဇာ၊ ဆဖြင့် မြတ်ကုန်၏။

ဗိ။ ၂၀။ ၁၅၀(စတွဲ)

www.dhammadownload.com

အဘလာမှသွားကြစို့.

ထိုစကားကိုကြား၍ ရသေ့ငယ်သည် ''ငါ၏အဘကား တေဒဿီသား၏။ ထိုအဘ လာသည်ရှိသော် အဘကို ပန်၍လျှင် သွားအံ့''ဟုဆို၏။ ထိုသတ္တိသမီးသည်လည်း ရသေ့ငယ်အား အဘရှိ၏၊ ထိုဆဘသည်အကယ်၍ ငါ့ကိုမြင်အံ့၊ ထမ်းပိုးစွန်းဖြင့် ပုတ်ခတ်၍ ငါ့ကို ပျက်စီးခြင်းသို့ ရောက်စေလတ္တံ့။ ငါသည် ရှေးဦးစွာလျှင် သွားအပ်၏''ဟု ကြံ၏၊ ကြံပြီး၍ ထိုဆခါ ရသေ့ငယ်ကို ''အရှင်-ထိုသို့တပြီးကား ငါသည် ခရီးဆာမှတ်ကို ပြုလျက် ရှေးဦးစွာ သွားလှင့်အံ့၊ သင်ငည် နောက်မှ လာလေလှ့''ဟု ဆို၍ သွား၏။

အဘကိုပန်ကြား၍

ရသေ့ငယ်သည် မိန်းမသွားသောကာလ၌ ထင်းတို့ကို မဆောင်၊ သောက်ရေကိုလည်း မခပ်၊ သက်သက် မှိုင်လျက်သာလျှင် နေလေ၏။ ဆဘလာသောအခါ ခရီးဦးကြိုဆိုခြင်းကို မပြု၊ ထိုအခါ ရသေ့ငယ်ကို ဆဘသည် ''ဤငါ့သဒ်းကား မိန်းမတို့၏အလိုသို့ လိုက်၏''ဟု သိ၍ ''ချစ်သဒ်း....ယင်ငည် ဆဘယ့်ကြောင့် ထင်းတို့ကို မဆောင်သနည်း၊ သောက်ရေ သုံးဆောင်ရေကို မခပ်သနည်း၊ မှိုင်လျက်သာလျှင် အဘယ့်ကြောင့် နေသနည်း''ဟု ဆို၏။ ရသေ့ငယ်သည် ''ဘခင်.... တေဒဋ္ဌ်စေခင့်ရှောက်အပ်သော သီလသည် ဖကျိုးမကြီး၊ လူ့ပြည်ဋ္ဌ်စောင့်ရှောက်ဆပ်သော သီလသည် ဖကျိုးကြီး၏။ အကျန်ပ်သည် လူ့ပြည်သို့သွား၍ သီလကိုစောင့်အံ့၊ ဆကျန်ပ်ဆဖော်သည် ဆကျန်ပ်ကို ''လာလေလှ့'' ဟု ဆို၍ ရှေ့မှ သွားလင့်၏၊ ထိုဆဖော်နှင့်တကွ လိုက်အံ့၊ လူ့ပြည်ဋ္ဌ်နေသော ကျန်ပ်သည် အဘယ်သို့သောသူကို မှီဝဲအပ်သနည်း''ဟု ဓမးလိုရကား-

၃၉။ ဆရည္ဟ ဂါမ မဟဂမ္မ၊ ကိံသိလံ ကိံ ဝတံ ဆဟံ၊
ပုရိသံ တာတ သေဝေယျံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော-
ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၃၉။ တာတ၊ ဖခင်။ ဆဟံ၊ အကျန်ပ်သည်။ ဆရည္ဟာ၊ တော်မူ။ ဂါမံ၊ ရွာသို့။ ဆာဂမ္မ၊ လာလတ်၍။ကိံသိလံ၊ ဆဘယ်သို့သော သီလရှိသော၊

www.dhammadownload.com

ကိ်ဝတံ၊ ဆာဘယ်သို့အကျင့်ရှိသေဒး ပုရိသံ၊ ယောကျ်ားကို။ သေဝေယျ်၊ မှီခဲရအံ့နည်း။ ပုစ္ဆိတော၊ မေးအပ်သော။ တ္ဝံ၊ သင်ဖခင်သည်။ ဇေ၊ ဇ်ါဆာဒး။ တံ ဆာရကံ၊ ထိုဆကြောင်းကို။ အက္ခဲဒဟိ၊ ကြားဘိလော့။

အဘရသေ့မှာကြားပြီ

ထိုအခါ ရသေ့ငယ်အား ဆာသည် ကြားလို၍.

၈၀။ ယော တေ စိဿဲဒသးယေ တာတ၊ ဝိဿာသဉ္စ ခမေယျ္ယ ဆော။
သုဿူသီ စ တိတိက္ခီ စ၊ တံ ဘဇေဟိ ကွတော ဂတော။

၈၁။ ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒက်ကဋ်ံ။
ဥမှသီဝ ပတိဋ္ဌာယ၊ တံ ဘဇေဟိ ကွတော ဂတေဒ။

၈၂။ ယော စ ဓမ်မေန စရတိ၊ စရန်တော်ပိ နာ မညတိ။
ဝိသုဒ္ဓကာရိံ သပ္ပညံ၊ တံ ဘဇေဟိ ကွတော ဂတော။

၈၃။ ဟလိဒ္ဒိဆုဂ် ကပိစိတ္တံ၊ ပုရိသံ ဆုဂ စိဆုဂိနံ။
တာဒိသံ တာတ် မာ သေဝိ၊ နိမ္မနုဿောပိ ဇေ သိယာ။

၈၄။ ဆာသီဝိသံဝ ကုပိတံ၊ မိဋ္ဌလိတ္တံ မဟာပထံ။
ဆာရကာ ပရိဝဇ်ဇေဟိ၊ ယာနိဝ ဝိသမံ ပထံ။

၈၅။ ဆနတ္ထာ တာတ ဆမ္ဖုန္ဒိ၊ ပာလ် ဆစ္ဖုပဒသဝဇ်ဇတော။
မာဿု ပာလေန သဂ်္ဂမ်ိ၊ ဆမိတ္တောနဝ သပ္ပဒါ။

၈၆။ တံ တာဟံ တာတ ယာစာမိ၊ ကရဿု ဝစနံ မမ။
မာဿု ပာဒလေန သဂ်္ဂ်ိ၊ ဒုက္ခော ပာဒလေဟိ သဂ််မော-
ဟ္ဆဒသဒ ဤဂါထာတို့ကိုဆို၏။

ချစ်ကျမ်းဝင်သူဆည်းကပ်

၈၀။ တာတ၊ ချစ်သား။ ယော၊ အကြင်သူသည်။ တေ၊သင့်အား၊ ဝိသဒသယေ၊ အကျမ်းဝင်၏။ တေ၊ သင်၏။ ဝိဿာသဉ္စ၊ အကျမ်းဝင်ခြင်းကိုလည်း။ ခမေယျ၊ နှစ်သက်၏။ တေ၊ သင်၏။ ဝစနံ၊ စကားကို။ သုဿူသီစ၊ နားလည်းထောင်၏။တိတိက္ခီ စ၊ သည်းလှည်းခံ၏။ကွတော၊ ဤအရပ်မှ။ ဂတော၊ သွားသော။ တ္ဝံ၊ သင်သည်။ တံ၊ ထိုသူကို။ ဘဇေဟိ၊ ဆည်းကပ်လေလော့။

www.dhammadownload.com

မကောင်းမှုမရှိသူဆည်းကပ်

၈၁။ တာဘ၊ ချစ်သား။ ယဿ၊ အကြင်သူအား၊ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယ၊ နှုတ်ဖြင့်သည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းတောင်း။ ဒုက္ကဋံ၊ မကောင်းမှုကိုပြုခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ကလ္လတော၊ ဤအရပ်မှ။ ဂတော၊ သွားသော။ တ္ဝံ၊ သင်သည်။ တံ၊ထိုသူကို။ ဥရသိဝ၊ အမိရင်ခွင်၌တည်၏သို့။ ပတိဋ္ဌာယ၊ အမိကဲ့သို့ထင်မှတ်၍ ထိုထို့ရင်ခွင်၌တည်၍။ ဘဇေဟိ၊ ဆည်းကပ်လေလော့။

မာနမရှိသူဆည်းကပ်

၈၂။ တာတ၊ ချစ်သား။ ယော စ၊ အကြင်သူသည်လည်း။ ဓမ္မနု၊ သုစရိုက်တရားဖြင့်။ စရတိ၊ ကျရိယာပုထ်ကို ဖြစ်စေ၏။ စရန္တော၀ပိ၊ တရားကျင့်ငြားသော်လည်း။ နမညတိ၊ ငါသာလျှင် တရားကျင့်၏ ဟူ၍ မာနကို မပြု။ ကွာတာ၊ ဤဆရပ်မှ။ ဂတော၊ သွား၊သော။ တ္ဝံ၊ သင်သည်။ ဝိသုဒ္ဓကာရိံ၊ စင်ကြင်စွာသော ကုသလကမ္မပထကို ပြုလေ့ရှိသော။ သပ္ပညံ၊ ပညာရှိသော။ တံ၊ ထိုသူကို။ ဘဇေဟိ၊ ဆည်းကပ်လေလော့။

ချစ်လွယ်မုန်းလွယ်ရှောင်

၈၃။ တာတ၊ ချစ်သား။ ဟလိဒ္ဒံ ထုဂ်၊ နန္ဒင်းဆိုးရေကဲ့သို့ သဘောရှိသော။ ကပိစိတ္တံ၊ မျောက်ကဲ့သို့စိတ်ရှိသော။ ထုဂဝိထုဂိနံ၊ ချစ်လွယ်မုန်းလွယ်သော၊ တာဒိသံ၊ ထိုသို့သဘော၌ရှိသော။ ပုရိသံ၊ ယောကျ်ားကို။ တ္ဝံ၊ သင်သည်။ ဇမ္မုဒီပေါ၊ ဇမ္ဗူဒိပ်သည်။ နိမ္မနုဿောပိ၊ ထိုသူမှတစ်ပါး ဆခြားလူမရှိသည်လည်း။ စေ သိယာ၊ ဆကယ်၍ ဖြစ်စေကာမူ၊ မာသေဝိ၊ မမှီဝဲလေလင့်။

ဒေါသကြီးသူရှောင်

၈၄။ ကုပိတံ၊ အမျက်ထွက်သော။ ဆာသီစိသံဝ၊ မြွေဟောက်ကဲ့သို့လည်းကောင်း။ မီဠလိတ္တံ၊ မစင်ဖြင့် လိမ်းကျံ၊ဆပ်သော။ မဟာပထံဝ၊ ကြီးစွာသော ခရီးကဲ့သို့ လည်းတောင်း။ ယာနိ၊ ယာဉ်ဖြင့် သွား၊သော သူသည်။ ဝိသမံ၊ မညီညွတ်သော။ ပထံ၊ ခရီးကို။ ပရိဝဇ္ဇတိလ္လဝ၊ ကြဉ်ထက်

www.dhammadownload.com

သို့ လည်းကောင်း။ တတာ၊ ထို့အတူ။တ့ံ၊ သည်။တာဒိသံ၊ ထိုသို့သဘော ရှိသောသူကို။ အာရကာ၊ အဝေးမှ။ ပရိဘဋ္ဌေကိ၊ ကြည့်လေလေ့။

လူမိုက်နှင့်မပေါင်းနှင့်

၈၅။တာတ၊ ချစ်သား။ဗာလ၊ သူမိုက်ကို။ ပစ္စု။ပသေဝတေခ၊အလွန် မှီဝဲသောသူအား။ အနတ္ထာ၊ ဖကျိုးမဲ့တို့သည်။ ဝဓုန္တိ၊ ပုဂ်းကုန်၏။တ့ံ၊ သင်္ဃသည်။ ဗာလေန၊ သူမိုက်နှင့်။ မာသေ သင်္ကိ၊ မပေါင်းဖော်ခလင့်။ ဗာလေန၊ သူမိုက်နှင့်။ သင်္ကမာ၊ ပေါင်းဖော်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အမိတ္တေန၊ ရန်သူနှင့်။ သင်္ကမော ဣဝ၊ ပေါင်းဖော်ခြင်းကဲ့သို့။ ဟေ၊တိ၊ ဖြစ်၏။

၈၆။ တံ၊ ထိုအကြောင်းကြောင့်လျှင်။ တာတ၊ ချစ်သား။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ ယာစာမိ၊ တောင်းပန်၏။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ ကရဿု၊ လိုက်နာလော့။ တ့ံ၊ ဆင်သည်။ ဗာလေန၊ သူမိုက်နှင့်။ မာသေ ဆင်္ကိ၊ မပေါင်းဖော်လေလင့်။ ဗာလဟိ၊ သူမိုက်တို့နှင့်။ သင်္ကမာ၊ ပေါင်းဖော်ခြင်းဆည်၊ ဒုက္ခာ၊ ဆင်းရဲကိုဖြစ်စေတတ်၏။

ထိုရသေ့ငယ်သည် အဘ မြည်ဆို ဆုံးမအပ်သည်ရှိသော် "ဖခင်... ကျွန်ုပ် လူ့ပြည်သို့သွား၍ ဖခင်တို့နှင့်တူကုန်သောပညာရှိတို့ကို မရှလတ္တံ့၊ ထို့ကြောင့် လူ့ပြည်သို့သွားခြင်းငှာ ကြောက်၏။ ဤဖခင်တို့၏ အထံ၌ သာလျှင် နေအံ့" ဟု ဆို၏။ ထိုအခါ ရသေ့ငယ်အား အဘရသေ့သည် အလွန်လည်း ဆုံးမ၍ ကသိုဏ်းပရိကံကို ကြား၏။ ရသေ့ငယ်သည် ကြောမြင့်မီလျှင် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ အဘ့နှင့်တကွ ပြဟ္မာ့ပြည်သို့ လား၏။

; ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြိုးငွေ့သေးရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-ယခု အခါ ငြိုးငွေ့သောရဟန်းသည် ထိုအခါ ရသေ့ငယ်ဖြစ်ပြီ၊ ယခုအခ

www.dhammadownload.com

အပျိုကြီးသည် ထိုအခါ သတ္တိသမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆာဘရသေ့ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူမိုက်နှင့်လွဲ၊ ရန်သူနည်း၊ ဆင်းရဲလွတ်တင်းရား)

ကိုးခုတို့၏ ပြည့်ကြွေးဖြစ်သော ဟလိဒ္ဒိုရုဂဇာတ်သည် ပြီး၏။

၁၀-သမုဂ္ဂဇာတ်

မိန်းမကို စောင့်ရှောက်နိုင်ခဲ့ခြင်းအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူစာတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ကုတော နံ အာဂစ္ဆထ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသမုဂ္ဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြိုးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းကို ''ရဟန်း.... သင်သည် ငြိုးငွေ့သောဟူသည် မှန်သလော'' ဟု မေးတော်မူ၏။ ''ဘုန်းတော်ကြီးသော ဆရှင်ဘုရား....မှန်ပေ၏''ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်း....အဘယ်ကြောင့် မာတုဂါမကို တောင့်တသနည်း၊ ဤမာတုဂါမ မည်သည်ကား ပေါင်းဖော်ခြင်းငှာ မထိုက်၊ ကျေးဇူးကို မသိတတ်၊ ရှေးဦး ဒါနေ ရက်ခြုံသတ်သည်လည်း မျိုး၍ ဝမ်းဖြင့်ဆောင်၍လည်း မာတုဂါမကို စောင့်ရှောက်ခြင်းငှာမတတ်နိုင်ကုန်၊ တစ်ယောဒက်သော ယောကျ်ားကိုသာ မှီသည်ကို ပြုအံ့သောငှာ မတတ်နိုင်ကုန်၊ သင်သည် အဘယ်သို့ ထိတ်နိုင်လတ္တံ့နည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆာမတို့ကို ပယ်၍ ဟိမဝန္တာသို့ဝင်၍ ရဟန်းပြု၏။ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ သစ်သီးကြီးငှဲယဖြင့် မျှလျက်နေ၏။

။ဂုဏ်ထူးဆွဲထားဒွိဇဧဆဌဝတ်ဟု နှုမြဖားထားကြွင်းဒဂုဝ ဗေဒင်္ဂဿာဇာနှင့်တွေ့ ခွင်ထင်ရှားပြီးမြင်ဖော်ခဲ့၏ ။ဆင်-ဂုဏ်
(ဌာဇောပ်ခံဇာ ၊ထေ-၀၆၆)



www.dhammadownload.com

www.dhammadownload.com

ဒါနောရက္ခိုဿလူ မိန်းမယူ

ဘုရားလောင်း၏ ကျောင်းဆန်ဒ်ဌ ကစ်ယောက်သော ဒါနောရက္ခိုဿသည် နေ၏။ ထိုရက္ခိုဿသည် ရံဖန်ရံခါ ဘုရားလောင်းသို့ ဆည်းကပ်၍ ထရားကို နာ၏။ တောအုပ်၌ လူတို့၏ သွားရာလမ်းမ၌ တည်၍ လာတိုင်း လာတိုင်းသော လူတို့ကို ဖမ်း၍စား၏။

ထိုကာလ၌ မြတ်သော အဆင်းကို ဆောင်သော ကာသိတိုင်းဝယ် တစ်ယောက်သော အမျိုးသမီးသည် မဆင်ရွာသော ပစ္စန္တရွာ၌ဖြစ်၏။ ထိုအမျိုးသမီးသည် တစ်နေ့သ၌အမိအဘတို့ အားပူးမြင်အံ့သောငှာသွား၍ ပြန်သော ကာလ၌ အခြံအရံဖြစ်ကုန်သော လူတို့ကိုမြင်၍ ထို ဒါနောရက္ခိုဿသည် ကြောက်မက်ဖွယ်သောအဆင်းဖြင့် ပြေးလာ၏။ လူတို့သည် ကြောက်ကုန်ရကား ကိုင်တိုင်းကိုင်တိုင်းသော လက်နက်တို့ကိုစွန့်ပစ်၍ ပြေးကုန်၏။ ဒါနောရက္ခိုဿသည်ယာဉ်၌နေသော အဆင်းလှသော မာတုဂါမကိုမြင်၍ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ထိုမာတုဂါမကို မိမိဂူသို့ ဆောင်၍ မယားပြု၏။

ကြွက်ထဲထည့်စောင့်ရှောက်

ထိုအခါမူစ၍ ထောပတ်, ဆား, ငါး, အမဲ အစရှိသည်တို့ကိုလည်း, ကောင်း, ချိုကုန်လော သစ်သီးကြီးငယ်တို့ကိုလည်းစောင်း ဆောင်ခဲ့၍ ထိုမိန်းမကို မွေး၏။ အဝတ်တန်ဆာဖြင့် ကိုမိန်းမကို တန်ဆာဆင်၍ စောင့်ရှောက်အံ့သောငှာ ကြွက်၌ အိပ်စေ၍ ကြွက်ကိုမျို၍ ဝမ်းဖြင့် လွယ်၏။ ထိုဒါနောရက္ခိုဿသည် တနေ့သ၌ ရှေချိုးလိုသည်၏ အဖြစ်ကြောင့် တစ်ခုသော ရေကန်သို့သွား၍ ကြွက်ကို အန်၍ ထိုမိန်းမကို ကြွက်မှထုတ်၍ ရေချိုးစေ၍ နံ့သာလိမ်းကျံစေ၍ တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၏။ ''အတနဲငယ် သင်၏ကိုယ်ကို အငွေ့ယူစေလော့'' ဟု ထိုကြွက်၏ အနီးဌာန၌ ထား၍ မိမိသည် ရေဆိပ်သို့သက်၍ ထိုမိန်းမကို သက်သာခြင်း မရှိသည်ဖြစ်၍ အတန်ငယ် အနေဝေးသို့သွား၍ ရေချိုး၏။

ဝိဇ္ဇာမိုရ်နှင့် ပြစ်မှား

ထိုကာလ၌ ဝါယုပုတ္တမည်သော ဝိဇ္ဇာဓုရ်သည် သန့်လျက်ကိုလွယ်၍ တောင်းကင်ဖြင့် သွား၏။ ထိုမိန်းမသည် ထိုဝါယုပုတ္တ ဝိဇ္ဇာဓုရ်ကိုမြင်၍ ''လာလော့'' ဟု လက်အမှတ်ကို ပြု၏။ ဝိဇ္ဇာဓုရ်သည် လျင်မြန်စွာ ဆင်း

www.dhammadownload.com

သက်၏။ ထိုဝိဇ္ဇာဓုံရှိကို ထိုမိန်းမသည် ကြုတ်၌ထည့်၍ ဒါနောရက္ခိုသ်၏ လာခြင်းကိုမျှော်လျက် ကြုတ်၏အနားဒ္ဒ ထိုင်၍နေ၏။ လွှာလတ်သော် ထိုဒါနောရက္ခိုသ်ကို မြင်လတ်၍ ဒါနောရက္ခိုသ်အား မိမိကိုယ်ကိုပြ၍ ဒါနောရက္ခိုသ်သည် ကြုတ်၏အနီးသို့ မဆောက်မီလျင် ကြုတ်ကိုဖွင့်၍ ကြုတ်တွင်းသို့ဝင်၍ ဝိဇ္ဇာဓုံရှိ၏ အပေါ်၌ အိပ်၍ ဆဝတ်ကိုခြုံ၏။ ဒါနောရက္ခိုသ်သည် လစလတ်၍ ကြုတ်ကို မသုတ်သင်မူ၍ "ငါ၏ မာတုဂါမသာလျှင် ရှိ၏"ဟူသော အမှတ်ဖြင့် ကြုတ်ကိုမျှို၍ မိမိလိုက်သို့ သွားလတ်သော် ခရီးအကြာ၌ "ငါသည် ရှင်ရသေ့ကို မဖူးမြင်ရသည်မှာ ကြာပြီ၊ ယနေ့ သွား၍ ရှင်ရသေ့ကို ရှိခိုးအံ့"ဟု ကြံ၏။ ကြုံပြီး၍ ရှင်ရသေ့ထံသို့ သွား၏။

၃-ယောက်သား လာကြသကိုး

ရှင်ရသေ့သည်လည်း အဝေးမှ လာလတ်သော ဒါနောရက္ခိုသ်ကို မြင်၍ နှစ်ယောက်သော ထူတို့သည် ဒါနောရက္ခိုသ်၏ ဝမ်း၌ရှိသည်၏ အဖြစ်ကို သိ၍ စဆေးပြောလိုရကား-

၈၇။ ကုဇတာ နုံ အာဂစ္ဆထ ဘော တဇယာ ဇနာ၊
သွာဂတာ ဇထ နိသီဒထာသနေ။
ကစ္စိတ္ထ ဘောဇ္ဇော ကုသလံ အနာမယံ၊
စံရဿ မဗ္ဘာဂမနံ ဟိ ဝေါ ဣဓ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏၊

၈၇။ ဘော တယော၊ ဇနာ၊ အို သုံးယောက်သောသူတို့၊ တုဇမှ၊ သင်တို့သည်၊ ကုဇတာ၊ အဘယ်အရပ်မှ၊ အာဂစ္ဆထ နုံ၊ လာကြကုန်သနည်း။ တုမှာကံ၊ သင်တို့၏။ အာဂဘာ၊ လာခြင်းတို့သည်။ သွာဂတာ၊ ကောင်း သောလာခြင်းတို့တည်း။ ဇထ၊ လာကြကုန်လော့။ အာသဓနေ၊ နေထုဒ္ဓ်။ နိသီဒထ၊ နေကြကုန်လော၊ ဘောဇ္ဇော၊ အရှင်တို့၊ တုမှာကံ၊ သင်တို့အား။ ကုသလံ အနာမယံ၊ ရောဂါကင်းခြင်းသည်။ ကစ္စိ အတ္ထ၊ ဖြစ်၏လော၊ ဣဓ၊ ဤငါ၏အထံသို့၊ ဝေါ၊ သင်တို့၏၊ အဗ္ဘာဂမနံ၊ လာခြင်းသည်။ စံရဿံ ဟိ၊ ကြာမြင့်သလျှင်ကတည်း။

www.dhammadownload.com

ဘယ်နှယ်သုံးယောက်တုံး

ဒါနေဒေါရကွဲုသ်သည် ထိုစကားကိုကြား၍ ''ရသေ့၏ အထံသို့ ငါတစ်ယောက်တည်းသာလျှင် လာ၏၊ ဤရှုသ့ သည်လည်း သုံးယောက်ဟူ၍ ဆို၏၊ အဘယ်မူ၍ ဤရသေ့သည် ဤသို့ ဆိုလေသနည်း၊ သဘောကို သိ၍ ဆိုသလော၊ ထိုသို့မဟုတ်မူ ရူး၍ ဆိုသလော''ဟု ကြံ၍ ရှင်ရသေ့၏ အထံသို့ ဆည်းကပ်၍ တင့်အပ်လျောက်ပတ်စွာ နေ၍ ရသေ့နှင့်တကွ စကားပြောလိုရာ၏-

၈၈။ အဟဓမဝ ဧကော ဤမ မဇ္ဈ ပတ္တော၊
နု စာပိ မေ ဒုတိယော ကောစိ ဝိဇ္ဇတိ။
ကိဓမဝ သန္ဓာယ ဧတ ဘာသိတံ ဤသေ၊
ကုတော နု အာဂစ္ဆထ ဘော တယော ဇနာ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၈၈။ ဤသေ၊ ရှင်ရသေ့။ အဇ္ဇ၊ ယခု၊ ဤမ၊ ရှင်ရလေ့ထံသို့။ အဟဓမဝဧကော၊ အကျွန်ုပ်တစ်ယောက်တည်းသာလျှင်။ ပတ္တော၊ ရောက်လေ၏။ မေ၊ အကျွန်ုပ်အား။ ကောစိ၊ တစ်စုံတစ်ယောက်သော။ ဒုတိယော-စာပိ၊ အဖော်သ-ာလည်း။ နု ဝိဇ္ဇတိ၊ မရှိ။ ဘော တယောဇနာ၊ အို သုံးယောက်သောသူတို့။ တုမှ၊ သင်တို့သည်။ ကုတော၊ အဘယ်မှ။ အာဂစ္ဆထ-နုံး၊ လာကုန်သနည်းဟူ၍။ ကိဓမဝ၊ အဘယ်ကိုလျှင်။ သန္ဓာယ၊ ရည်၍။ တ-ော၊ သင်သည်။ ဘာသိတံ၊ ဆိုအပ်သနည်း။

သင်တို့ ၃-ယောက်

ရသေ့သည် ''အသင် ဒါနေဒေါရကွဲုသ်....စင်စစ်သဖြင့် သင်အား မာတုဂါမ ရှိသည် မဟုတ်လော''ဟူ ဆို၏။ ''အရှင်ဘုရား....ရှိသည် မှန်၏''ဟု ဒါနေဒေါရကွဲုသ်သည် ဆို၏၊ ''ထိုသို့တပြီးကား နားထောင်လော့''ဟု ဆို၍-

၈၉၊ တုဝဉ္စ ဧကော ဘရိယာ စ တေ ပိယာ၊
သမုဂ္ဂဿိဝ္ဘာ နိကိဏ္ဏ မန္ဆဒရ၊
သာ ရက္ခိဘာ ကုစ္ဆိဂတာ စ တေ သဒါ၊
ဝါယုဿ ပုဒဘ္ဘန သဟ တဟိံ ရတာ-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

P.၇၁.၅၅၀(ဏ-တို)

www.dhammadownload.com

ဂဠုး ဆမ္ဘောဒါနဝ၊ အိုဒါနောရကွိုသ်။ တုဝဉ္ဆ၊ သင်သည်လဲည်း။ ငဆောဝ၊ တစ်ယောက်တည်း။ တေ၊ သင်သည်။ ပိုယာ၊ ချစ်စွာဒေသာ။ ဘရိယာ စ၊ မယားကိုလည်း၊ သမုဂ္ဂပက္ခိုတ္တာ၊ ကြုတ်ဒ်ဆည့်၍၊ အန္တရေ၊ ဝမ်းတွင်း၌။ နိကိဏ္ဆံ၊ မျိုချထားဆပ်၏၊ တေ၊ သင်သည်။ သဒါ၊ အခါခပ်သိမ်း၊ ရကွိတာ၊ စောင့်ရှောက်ဆပ်ထော။ ကုစ္ဆိဂတာ စ၊ ဝမ်းတွင်းဒြ်ထားဆပ်သည်လည်း ဖြစ်သေခ။ သာ ဘရိယာ၊ ထိုမယားသည်။ တဟိံ၊ ထိုသင့်ဝမ်းတွင်းဒြ်။ ဝါယုဿပုတ္တောန၊ ဝါယုပုတ္တာဝိဇ္ဇာခိုရ်နှင့်။ သဟ၊ တကွး ရတာ၊ မေ့.လျော်ပျော်ပါး၏။ (ဟရိဿ ပုဒ်တွန့်ဟူ၍လည်း ပါဠ်အချို.ရှိ၏။)

"ဒါနောရကွိုသ်... သင်သည် မဒတုဂါမကို တစ်ယောက် သော ယောကျ်ားနှင့်သာ ဆက်ဆံသည်ကို ပြုအံ့" ဟု ဝမ်းဖြင့်လည်းလွယ်လျက် မာတုဂါမ၏ သယောက်လင်ကိုလည်း လွယ်၍ သွား၏" ဟု ရှင်ရထေ. ဟာည် ဆို၏။

ကြုတ်ကိုအန်၍ဖွင့်သော်

ဒါနောရကွိုသ်သည် ထိုစကားကိုကြား၍ "ဝိဇ္ဇာခိုရ်တို့သည်ကဲ၊ မာယာများကုန်၏။ ဝိဇ္ဇာခိုရ်ဏား လက်၌ သန်လျက်ရှိခဲ့ငြားအံ့၊ ငါ၏ ဝမ်းကိုခဲ့၍ပြေးလတ္တံ." ဟု အလွန်ကြောက်သည်ဖြစ်၍ လျင်မြန်စွာ ကြုတ်ကိုဏန်၍ ရွှေမှာထား၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုဏကြောင်းကို ပြတော်မူအံ့သောငှာ-

၉၀။ သံဝိဂ္ဂရူပေါ ဣသိနာ ပဗျာကတော၊
သော ဒါနဝေါ တတ္ထ သမုဂ္ဂမုဂ္ဂိရိ။
ဏဒ္ဒကွိ ဘရိယံ သုစိမာလဓာရိနံ၊
ဝါယုဿပုတ္တောန သဟ တဟိံ ရတုံ-

ဟူသော ဣဂါထာကို ဟောတော်မူ၏။

၉၀။ ဘိက္ခဝေါ၊ ရဟန်းတို့။ ဣသိနာ၊ ရသေ့သည်။ ပဗျာဏတော၊ ဟောကြားဆပ်သည်ရှိသော်၊ သော ဒါနဝေါ၊ ထိုဒါနောရကွိုသ်သည်။ သံဝိဂ္ဂရူပေါ၊ ထိတိဏန်သော သဘောရှိသည်ဖြစ်၍။ တတ္ထ၊ ထို့ရာဏေ့

www.dhammadownload.com

အထံ၌။ သမုဂ္ဂ်၊ ကြုတ်ကို။ ဥဂ္ဂိရိ၊ အန်၏။ တဟိ်၊ ထိုကြုတ်၌။ ဝါယုဿ ပုတ္တော၊ ဝါယုပုတ္တ ဝိဇ္ဇာခု်ရှင့်။ သဟ၊ တက္ခ။ ရတံ၊ မွေ့လျော်သော်။ သုစိမာလခာရိနိ်၊ စင်ကြယ်စွာဆင်သော ပန်းတို့ကိုပန်သော။ ဘရိယံ၊ မယားကို။ ဆဒ္ဒက္ခ်ိ၊ မြင်၏။

ဝိဇ္ဇာခု်ရ် ထွက်ပြေးပြီ

ဝိဇ္ဇာခု်ရ်သည်ကြုတ်ကို ဖွင့်တည်ခြင်းလျှင် ဓနုထားကိုမန်း၍ ဃန်လျက်ကို ကိုင်၍ ကောင်းဇင်သို့ ပျံ၏။

မိန်းမလုံးစုံ ဒုက္ခချုံ

ဒေါနောရက္ခ်ိသ်သည် ထိုဝိဇ္ဇာခု်ရ်ကိုမြင်၍ ဘုထူးလေးငါးဆယ် နှစ်ဆက်၍-

၉၁။သုဒိဋ္ဌ ရူပ မုဂ္ဂတပါနုဝတ္တိနှ၊ဟီနာ နရာ ယေ ပမဒါ ဝသံ ဂတာ။

ယထာ ဟဝေ ပါဏာနိ ဝေတ္တရက္ခ်ိတာ၊ဒုဋ္ဌာ မယိ ဆညမဘိပ္ပဝေဒယိ။

၉၂။ဒိဝိါ စ ရတ္တော စ မယာ ဥပဋ္ဌိတာ၊တပဿိနာ ဇောတိ် ရိဝါဝံနေ ဝံသံ။

ယာ ဓမ္မ မောက္ကမ္မ အဓမ္မမာစရိ၊ အကိရိယရူပေါ ပမဒါဟိ သန္ထဝေါ။

၉၃။သရီရမဇ္ဈိမ် ဋ္ဌိတာတိ မညဟံ၊ မယှ် အယန္တိ် ဆသတ်် အသညတံ။

သာ ဓမ္မ မောက္ကမ္မ အဓမ္မ မာစရိ၊အကိရိယရူပေါ ပမဒါဟိ သန္ထဝေါ။

၉၄။သုရက္ခ်ိတံ မေသိ ကထံ နု ဝိဿသေ၊

အနေကစိတ္တာ ပုန ဟေတ္ထ ရက္ခ်ဏာ။

ဇတာဟိ ပါတာဿ ပပါတ သန်္ဒဘာ၊

ဇတ္ထပ္ပမတ္တော ဗျသနံ နိဂစ္ဆတိ။

၉၅။တသ္မာဟိဇတသုခိနော ဝိတဇ္ဇာကာ၊

ယေမာတုဂါမေဟိ စရန်္တိနိသ္သာ။

ဇတံ သိဝံ ဥတ္တမ မာဘိပတ္ထယံ၊

နှ မာတုဂါမေဟိ ကရေယျ သန္ထဝံ-

ဟူသော ချီးမွမ်းခြင်းလျှင် ရှေသွားရှိကုန်သော ဤဂါထာတို့ကို ဆို၏၊

၉၁။ ဘားန္တ ဂ္ဂသိ၊ အရှင်ရသေ့။ ဥဂ္ဂတပ၊ါနုဝတ္တိနှ၊ ခြိုးခြံသော အကျင့်သို့ အစဉ်လိုက်သော။ တယှ၊ သင်ရှင်ရသေ့သည်။ ဤဒံကာရဏ်၊ ဤအကြောင်းကို။ သုဒိဋ္ဌ ရူပံ၊ ကောင်းစွဲသော မြင်အပ်သော သဘော ရှိ၏။

www.dhammadownload.com

ပမဒါဝသုံ၊ မိန်းမနှိုင်ံသို့။ ဂတာ၊ လိုက်ကုန်သော။ နရာ၊ လူတို့သည်။ ဟိနာ၊ ယုတ်မာကုန်၏။ ယထဲာ ယာ ဣတ္ထီ၊ အကြင်မိန်းမကို။ မယာ၊ အကျွန်ုပ်သည်။ ဟဥေ၊ စင်စစ်။ ပါဏာနိဝ၊ အသက်ကဲ့သို့။ ဇတ္ထ၊ ဤဝမ်းတွင်း၌။ ရက္ခိတာ၊ စောင့်ရှောက်အပ်၏။ သာဣတ္ထီ၊ ထိုမိန်းမသည်။ စယိ၊ အကျွန်ုပ်၌။ ဒုဋ္ဌာ၊ ပြစ်မှား၍။ အည်၊ တစ်ပါးသောယေးကျား ကို။ အဘိပ်မောဒယိ၊ မွေ့လျော်စေ၏။

၉၂။ ဝနေ၊ တောင်၌။ ဝသံ-ဝသန္တော်၊ နေဆော။ တပဿိနာ၊ ရသေ့သည်။ ဇေဒတိ်၊ မီးကို။ ဥပဋ္ဌိတာ ဣဝ၊ လုပ်ကျေးသကဲ့သို့။ မယာ၊ အကျွန်ုပ်သည်။ ယာဣတ္ထီ၊ အကြင်မိန်းမကို။ ဒိဝါစ၊ နေ့၌ လည်းကောင်း။ ရတ္တာ စ၊ ည၌လည်းကောင်း။ ဥပဋ္ဌိတာ၊ လုပ်ကျေး၏၊ သာ ဣတ္ထီ၊ ထိုမိန်းမသည်။ ဓံမ်၊ တရားကို။ သြက္ကမ္မ၊ လွန်၍။ အဓမ်၊ တရားမဟုတ်သည်ကို။ အစရိ၊ ကျင့်၏။ ပမဒါဟိ၊ မိန်းမတို့နှင့်၊ သန္တေဝါ၊ ပေါင်းဖော်ခြင်းကို။ အကိရိယ ရှုပေါ၊ မပြုအပ်သော သဘောရှိ၏။

၉၃။ မေ၊ ငါသည်။ သုရက္ခိတံ၊ ကောင်းစွာစောင့်ရှောက်ခြင်းကို။ ကတံ၊ ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ မာတုဂါမေ၊ မာတုဂါမ၌။ ပဏ္ဍိတော၊ ပညာရှိသည်။ ကထံ နု ဝိဿသေ၊ အဘယ်သို့လျှင် အကျိုးဝင်အံ့နည်း။ ဇတ္ထ၊ ဤမာတုဂါမ၌။ ပုနရက္ခဏာ၊ တစ်ဖန် စောင့်ရှောက်ခြင်း ခြင်းသည်။ အနကစိတ္တာ၊ များစွာသော ဆန်းကြယ်ခြင်းရှိ၏။ ဟိ သစ္စံ၊ မှန်၏။ ဧဘာဟိ၊ ထိုမိန်းမတို့သည်။ ပါတာလပပါတ သန္နိဘာ၊ သမုဒ္ဒထု၌ ဗလဝါမုခဟူ ဆိုအပ်သော ချောက်နှင့်တူကုန်၏။ ဇတ္ထ၊ ဤမာတုဂါမ၌။ ပမတ္တော၊ မေ့းလျော့သော သူသည်။ ဗျသနံ၊ ပျက်စီခြင်းသို့။ နိဂစ္ဆတိ၊ ရောက်၏။

www.dhammadownload.com

၉၅။ တသို့ဖြစ်ဟာကို၊ ထို့ကြောင့်လျှင်၊ ယော၊ အကြင် ပညာရှိတို့သည်၊ ဓာတုဂါမေဟိ၊ မိန်းမတို့မှ၊ နိဿဋ္ဌော၊ ကင်းကွာသည်ဖြစ်၍။ စရန္တိ၊ ကျင့်ကုန်၏။ တေ၊ ထိုပညာရှိတို့သည်၊ သုခိနော၊ ချမ်းသာကုန်၏၊ ဝီတသောကာ၊ စိုးရိမ်ခြင်းကင်းကုန်၏။ ဥဘော့မံ၊ မြတ်သော။ သိဝံ၊ ငြိမ်းချမ်းသော၊ ဇေတံ၊ ထိုစျာန်ချမ်းသာကို၊ အဘိပတ္ထယံ၊ တောင့်တသောသူသည်၊ မာတုဂါမေဟိ၊ မာတုဂါမတို့နှင့်၊ သန္ထဝံ၊ ပေါင်းဖော်ခြင်းကို၊ နကရေယျ၊ မပြုရာ၊

ဤသို့ဆို၍ ဒါနောရက္ခိုဿသည် ဘုရားလောင်း၏ ခြေတို့ဥ့် ရှိခိုး၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား....အရှင်ဘုရားကိုမှီ၍ အကျွန်ုပ်သည် အသက်ကို ရအပ်၏၊ ဤယုတ်မာသော အကျင့်ရှိသော မိန်းမသည် အကျွန်ုပ်အား ဝိဇ္ဇာဓိုရ်ကို သတ်စေ၏" ဟု ဆို၍ ဘုရားလောင်းအား ချီးမွမ်း၏။

မိန်းမကို ပြန်လွှတ်ပြီ

ဘုရားလောင်းသည်လည်း၊ ဒါနောရက္ခိုသ်အား၊ တရားဟော၍ "ဤမိန်းမအား တစ်စုံတစ်ခုသော မေးကာင်းမှုကို သင်မပြုရောင့်၊ သင်သည် သီလကို ယူလော့" ဟု ဆို၍ ဤဥသိတို့ဥ့် တည်စေ၏။

ဒါနောရက္ခိုဿသည် "ငါကား ဝမ်းဖြင့်လွယ်ငြားသော်လည်း ထိုမိန်းမကို စောင့်ရှောက်ခြင်းငှာ မဘတ်နိုင်၊ ငါမူတစ်ပါးသော အဘယ်သူသည် စောင့်ရှောက်နိုင်လတ္တံ့နည်း" ဟု ထိုမိန်းမကို လွှတ်လိုက်၍ မိမိတော်သို့ လျှင် သွား၏။

ဇာတ်ပေါင်း။ သမ္ဗဉ်ညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒိဗ္ဗစက္ခုရုဒ္ဓသ. ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စောင့်ရှောက်လျက်ပင်၊ ယုတ်မာချင်၊ မျှားပင်မိန်းမတတ်။)

ဆယ်ခုတို့၏ ပြည့်ကြွေးဖြစ်သော သမုဂ္ဂဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၁-ပူတိမံသဇာတ်

မကြည့်သင့်သောအခါ၌ ကြည့်၍ ဆုံးရှုံးခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နခေါ မေ ရုစ္စတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပူတိမံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဣန္ဒြေကို မစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ အခါတစ်ပါး၌ မျှားစဉ့်ကုန်သော ရဟန်းတို့သည် ဣန္ဒြေတို့၌ မစောင့်ရှောက်သော ဒုဂ္ဂတိကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် "ဤရဟန်းတို့ကို ဆုံးမခြင်းငှာ သင့်၏" ဟု ဆရှင်အာနန္ဒာမထေရ်အား မိန့်တော်မူပြီး၍ အသီးအခြား မမူတ်ဘဲ ရဟန်းသုံးဿာကို စည်းဝေးစေ၍ တန်ဆာဆင်အပ်သော မြက်သောနေရာအလယ်၌ နေတော်မူလျက် မျှားစွာကုန်သော ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့....ရဟန်းမည်သည်ဘား ရှုပါရုံ့ အစရှိသည်တို့၌ တင့်တယ်သည်၏ အစွမ်းအားဖြင့် အာရုံကို ယူခြင်းငှာ မအပ်၊ တင့်တယ်သည်၏ အစွမ်းအားဖြင့် အာရုံကို ယူသော အခါ၌ အကယ်၍ သေငြားအံ့၊ ငရဲအစရှိသည်တို့၌ ဖြစ်၏၊ ထို့ကြောင့် ရှုပါရုံ့ အစရှိသည်တို့၌ တင့်တယ်သည်၏ အစွမ်းအားဖြင့် အာရုံကို မယူကြကုန်လင့်၊ ရဟန်းတို့ မည်သည်ကား ရှုပါရုံ့ အစရှိသည်တို့၌ အာရုံကို ယူစတ်သည် မဖြစ်ရာ။ ရှုပါရုံ့ အစရှိသည်တို့၌ အာရုံကို ယူကုန်သော ရဟန်းတို့သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် ရဟန်းတို့...ဤသာသနာတော်၌ ပြောင်ပြောင်တောက်သော သံဃရတနာဖြင့် စက္ခုပသာဒကို ထိုးခြင်းသည် မြတ်၏" ဤသို့ အစရှိသည်ဖြင့် ခွါခတော်မူ၍ "ရဟန်းတို့....သင်တို့အား ရှုပါရုံ့ကို ကြည့်သော ကာလသည်လည်း ရှိ၏၊ မကြည့်သော ကာလသည်လည်း ရှိ၏၊ ကြည့်သောကာလ၌ အသုဘ အစွမ်းအားဖြင့် ကြည့်ကြကုန်လော့၊ ဤသို့ အသုဘ၏ အစွမ်းအားဖြင့် ကြည့်ကြကုန်သည်ရှိသော် မိမိ၏ အာရုံကို မယုတ်စေလတ္တံ့၊ သင်တို့၏ အာရုံတို့သည် အဘယ်သည်တို့နည်း ဟူမူကား- သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ပြတိုးသော အင္ဒြိယကမ္ဘင်, ကိုးပါးသော လောကုတ္တရာတရား ဤသည်တို့

www.dhammadownload.com

ဤား ထင်တို့၏ အာရုံတို့တည်း၊ ဤအာရုံ၌ ကျွမ်းစားကုန်သော ထင်တို့အား မာရ်သည် အခွင့်ကို မရလတ္တံ့၊ ကိလေသာ၏ အလိုသို့ လိုက်ဆည်ဖြစ်၍ သုဘအာရုံ၏ ဆစ္ဆမ်းအားဖြင့် အာကယ်၍ ကြည့်ကုန်အံ့၊ ပူတိမံသမည်သော မြေခွေးကဲ့သို့ မိမိအာရုံကို ယုတ်မာကုန်လတ္တံ့'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဟိမဝန္တာအရပ်ဝယ် တောင်္ခ တောင်လိုက်ဝယ် ဆရာမက မျှားစွာကုန်သော ဆိတ်တို့သည် နေကုန်၏။

မြေခွေးတို့ ဆိတ်သားစားကြ

ထိုဆိတ်တို့၏ နေရာအရပ်မှ မနီးမဝေးသော အရပ်ဝယ် တစ်ခုသော လိုက်၌ ပူတိမံသ မည်သော မြေခွေးသည် ဝေဏ္ဍာမည်သော မယားနှင့်တကွ ပင် ကျွမ်းစားလတ်ခဲ့သော် ထိုဆိတ်တို့ကို မြင်၍ ''တစ်ခုဆော ဥပါယ်ဖြင့် ဤဆိတ်တို့၏ အသားကို စားခြင်းငှာ ထင့်၏'' ဟု ကြံ၍ ဥပါယ်ဆားဖြင့် တစ်ခုသော ဆိတ်ကို ထတ်၏။

ပညာရှိ ဆိတ်မကိုစဉ်းရန်

ထိုမြေခွေးလင်မယား နှစ်ခုတို့သည်လည်း ဆိတ်သားကို စားကုန်လျက် အာနှင့် ပြည့်စုံကုန်၏၊ ဆူဖြိုးသောကိုယ် ရှိကုန်၏၊ အစဉ်သဖြင့် ဆိုတ်တို့သည် ကုန်ခြင်းသို့ ရောက်ကုန်၏၊ ထိုဆိတ်တို့၏ အတွင်း၌ မေတ္တာအမာတရာစည်သော တစ်ခုခသာ ဆိတ်မသည် ပညာရှိ၏။ ဥပါယ်၌ လိမ္မာ၏။ ပူတိမံသ မြေခွေးသည် ထိုမေတ္တာကမာတရ မည်သော ဆိုတ်မကို သတ်အံ့သောငှာ မတတ်နိုင်ရာအား တစ်နေ့သ၌ မယားနှင့်တကွ တိုင်ပင်လတ်သော် ''ရှင်မ—ဆိတ်တို့သည် ကုန်ကုန်ပြီ၊ ဤမေတ္တာကမာတာ မည်သော ဆိတ်မကို တစ်ခုသော ဥပါယ်ဖြင့် စားခြင်းကို ပြုအံ့သောငှာ ထင့်၏၊ ဤဆိတ်မကို သတ်ထု၌ အကြောင်း ဤသို့ရှိ၏၊ သင်သည် တစ်ခုတည်းလျှင် သွား၍ ထိုဆိတ်မနှင့်တကွ အဆွေခင်ပွန်းဖြစ်လော့၊ ထင်သည် ထိုဆိတ်မနှင့် အကျွမ်းဝင်လတ်သော် ငါသည် သေဟန့်ပြု၍ အိပ်အံ့၊ သင်သည် ဆိတ်မ၏ အထံသို့ ဆည်းကပ်၍ ''မေတ္တာကမာတာ မည်သော အဆွေခင်ပွန်း ဆိတ်မ—ငါ့လင်သည် သေ၏၊ ငါသည် ကိုးကွယ်ရာမရှိ ဖြစ်၏၊ ထင့်ကိုထား၍ ဝါးစား

www.dhammadownload.com

၉၈။ သမ္မ ပူတိမံ့သ၊ အမောင်ပူတိမံသ။ ယေဒ တ္ဝံ၊ အကြင် ဃင်သည်း မတာလယံ၊ သေဟန်ကို၊ ဇာတ္တာ၊ ပြု၍။ အကာလေန၊ အခါမဟုတ်သည်၌။ စိပေက္ခသိ၊ ကြည့်၏၊ သော တ္ဝံ ခေါ၊ ထိုသင်ဃည်းသာလျှင်၊ ဥမ္မတ္တော၊ ရူးသည်။ ဒုမ္မေဓော၊ ပညာမရှိသည်။ အဝိစက္ခဏော၊ အမြော်အမြင်မရှိသည်၊ အသိ၊ ဖြစ်၏။

ကြည့်သင့်မှကြည့်

သမ္မည၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၉၉။ နု အကာလေ ဝိပေက္ခေယျ၊ ကာလေ ပေက္ခေယျဲ့ ပဏ္ဍိတော၊ ပူတိမံသောဝ ပဇ္ဈာယိ၊ ယော အကာလေ ဝိပေက္ခတ္ဒိ-

ဟူသော ဤဂါထာကို ဟောတော်မူ၏၊

၉၉။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ ပညာရှိသည်။ အကာလေ၊ ဆာမဂုဏ်တို့ကို အာရုံပြု၍ တင့်တယ်သည်၏ အစွမ်းအားဖြင့် စိတ်ဖြစ်သော ကာလ၌၊ နု ဝိဓပက္ခေယျ၊ မကြည့်ရာ။ ဓာဒလ၊ အသုဘ၏အစွမ်းအားဖြင့် လည်းကောင်း၊ အနုဿတိ၏ အစွမ်းအားဖြင့်လည်းကောင်း၊ ကသိုဏ်း၏ အစွမ်းအားဖြင့် လည်းကောင်း၊ အာရုံကိုယူသောကာလ၌၊ ပေက္ခေယျ၊ ကြည့်ရာ၏။ ယော၊ အကြင်သူသည်။ အကာလေ၊ ဆာမဂုဏ်တို့ကို အာရုံပြု၍ သုဘ၏အစွမ်းအားဖြင့် စိတ်ဖြစ်သော ဓာလ၌။ ဝိပေက္ခတိ၊ ကြည့်၏၊ သော၊ ထိုသူသည်၊ ပူတိမံသောဝ၊ ပူတိမံသမြေခွေးကဲ့သို့။ ပဇ္ဈာယိ၊ စိုးရိမ်ပင်ပန်းရ၏။

နောက်ထပ်လှည့်စားခေါ်

ပေဏိမည်သောမြေခွေးမသည်လည်း ပူတိမံသကိုနှစ်သိမ့်စေ၍ "အရှင်သင်္ခမစိုးရိမ်လင့်၊ ငါသည် မေလ္လကမာတာကို တစ်ဖန်လည်း ဥပါယ်အားဖြင့် ဆောင်အံ့၊ လာသောကာလ၌ မမေ့မလျော့ ဖမ်းလော့" ဟု ဆို၍ မေလ္လကမာတာ၏ဆထံသို့သွား၍ "အဆွေခင်ဗျန်းမ__သင်လာသောကာလ၌လျှင် ငါတို့အား အကျိုးစီးပွားသည် ဖြစ်၏၊ သင်လာသာ ကာလ၌လျှင် ငါ့လင်သည် သတိရ၏၊ ယခု ရှင်မ၏ ငါ့လင်နှင့်တကွ ပဋိသန္ထာရကို သင် မပြုရသေး" ဟု ဆိုလိုး၍-

www.dhammadownload.com

၁၀၀။ ပိယံ ခေါ အာဠိ ဧ ဟောတု၊ ပုဏ္ဏပတ္တံ ဒဒါဟိ မေ။
ပတိ သဉ္ဇီစိတော မယ္ပံ၊ ယျောသိ ပိယ ပုစ္ဆိတာ·
ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၀။ အာဠိ၊ အဆွေခင်ပွန်းဖြစ်သော ၎င်းမ။ မေ၊ ငါ့အား။ ပိယံ ခေါ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ ပုဏ္ဏပတ္တံ၊ နှစ်သက်သော ပေးကမ်းခြင်းကို။ တံ၊ သင်ဆည်။ ဒဒါဟိ၊ ပေးလော့။ ဧယ့်၊ ငါ၏။ ပတိ၊ လင်သည်။ သဉ္ဇီစိတော၊ အသက်ရှင်၍ထ၏။ ပိယာ ပုစ္ဆိတာ၊ ငါ့လင်ကို၊ ဧမးအံ့သာဌ၁။ ယျောသိ၊ ငါနှင့်တကွလိုက်လော့။

အပေါင်းအသင်းနဲ့လာခဲ့မယ်

ဆိတိမသည် ယုတ်မာစွာသော ယဘောရှိသော "ဤမြေခွေးမကား ငါ့ကို လှည့်စားလို၏။ ဆန့်ကျင်ဘက်ကို ပြုခြင်းသည်ကား ငါ့အား မလျော်ကပ်တတ်၊ ဥပါယ်အားဖြင့် မြေခွေးမကို ငါ လှည့်စားအံ့" ဟု ကြံ၍-

၁၀၁။ ပိယံ ခေါ အာဠိ တေ ဟောတု၊ ပုဏ္ဏပတ္တံ ဒဒါမိ တေ။
မဟတာ ပရိဝါရေန၊ ဃော် ကယိရာဟိ ဘောဇနံ·
ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၀၀၁။ အာဠိ၊ အဆွေခင်ပွန်းမ။ ဘေ၊ သင့်အား။ ပိယံ ခေါ၊ ချစ်ခြင်းဆည်သဖလျင်။ ဟောတု၊ ဖြစ်စေသတည်း။ တေ၊ သင်အား။ ပုဏ္ဏပတ္တံ၊ နှစ်သက်သော ပေးကမ်းခြင်းကို။ ဒဒါမိ၊ ငါပေးအံ့။ မဟတာ၊ များစွာသော။ ပရိဝါရေန၊ အခြံအရံဖြင့်။ ဃော်၊ ငါလာအံ့။ ဘောဇနံ၊ အစာကို။ ကယိရာဟိ၊ ပြုလင့်လော့။

အပေါင်းအသင်း ဘယ်ဆူတွေ

ထိုအခါ မေဏ္ဍကမဟာတာကို ဝေဏိမည်သော မြေခွေးမသည် အခြံအရံကို မေးလို၍-

www.dhammadownload.com

၁၀၂။ ကိဒိသော တုယ္ဘံ ပရိဝါရော၊ ယေသံ ကာဟာမိဘောဇနံ။
ကိံနာမကာ စ တေ သမ္ဗေ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ-
ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၁၀၂။ အာဠိ၊ အဆေခင်ပုန်းမ။ ယေသံ၊ အကြင်အခြံအရံတို့၏၊ အတ္ထာယ၊ အကျိုးငှာ။ အဟံ၊ ငါသည်။ ဘောဇနံ၊ အစာကို။ ကာဟာမိ၊ ပြုရအံ့။ တုယ္ဘံ၊ သင်၏။ သောပရိဝါရော၊ ထိုအခြံအရံသည်။ ကိဒိသာ၊ အဘယ်သို့သဘောရှိသနည်း။ သမ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုအခြံအရံတို့သည်။ ကိံနာမကာ စ၊ အဘယ် အမည်လည်း ရှိကုန်သနည်း။ ပုစ္ဆိတာ၊ မေးအပ်သော ရှင်မသည်။ မေ၊ ငါ့အား။ တံ၊ ထိုဇာခြံအရံကို။ အက္ခာဟိ၊ ကြားလော့။

ဆိတိမသည် အခြံအရံကို ကြားလိုရကား...

၁၀၃။ မာလိယော စတုရင်္ဂေန၊ ပိဏ္ဍိယော အထ ဇမ္ဗုကော။
ဒေဒိသော မယ္ဘံ ပရိဝါရော၊ တေသံ ဏယိဆုဟိ ဘောဇနံ။
ဟူသော ရှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၃။ အာဠိ၊ အဆေခင်ပုန်းမ။ စတုရင်္ဂေန၊ စတုရင်္ဂမြေခွေးနှင့်။ သဒ္ဓိံ၊ တကွ။ မာလိယော၊ မာလိယမြေခွေး လည်းကောင်း။ ပိဏ္ဍိယော၊ ပိဏ္ဍိယမြေခွေးလည်းကောင်း။ အထ၊ ထို့မှီ။ ဇမ္ဗုကော၊ ဇမ္ဗုဏာမြေခွေးလည်းကောင်း။ ဒေဒိသော၊ ဤသို့သဘောရှိသော မြေခွေးအပေါင်းသည်။ မယ္ဘံ၊ ငါ၏။ ပရိဝါရော၊ အခြံအရံတည်း။ တေသံ၊ ထိုအခြံအရံတို့၏။ အတ္ထာယ၊ အကျိုးငှာ။ တုဘ်ံ၊ သင်သည်။ ဘောဇနံ၊ အစာကို။ ကယိဆုဟိ၊ ပြုလင့်လော့။

မြေခွေး ၂၀၀၀

"မာလိုယ အစရှိကုန်သော မြေခွေး လေးထောင်တို့တွင် တစ်ကောင်တစ်ထောင်သော မြေခွေးတို့အား ငါးရာ, ငါးရာစီ အခြံအရံ ရှိကုန်၏၊ ဤမြေခွေးနှစ်ထောင်တို့ဖြင့် ခြံရံလျက် ငါလာအံ့" ဟု ဆိုပြီး "ထိုမြေခွေးဘို့သည် အစာကို မရကုန်အံ့၊ သင်တို့ လင်မယားနှစ်ယောက်တို့ကို သတ်၍ စားကုန်လတ္တံ့" ဟု ဆို၏။ ထိုစကားကိုကြား၍ မြေခွေးမသည်

www.dhammadownload.com

ကြောက်ရကား "ဤဆိတ်မ၏ ငါတို့နေထုံသို့ လာခြင်းဖြင့် အကျိုးမရှိ၊ ဥပါယ်အားဖြင့် ဆိတ်မကို ငါသွေ့ည် မသာဖောင် ပို့အံ့" ဟု ကြံလို၍-

တော်ပါပြီ၊ သွားတော့မယ်

၁၀၄။ နိက္ခန္တာယ အဂါရသ္မာ၊ ဘက္ခာစရိယံ စိနဿတိ။
အာရောဂျံ အာဋ္ဌိနော ဝဇ္ဇံ၊ ဤဓေဝ ဝသ မာဂတာ-
ဟူသော ကိုးခုမြောက်သော ဤဂါထာကို ဆို၏။

၀၀၄။ အာဋ္ဌိ၊ အဒဆ္ဆခင်ပွန်းမ။ တယာ၊ သင်သည်၊ အဂါရသ္မာ၊ အိမ်မှ။ နိက္ခန္တာယ၊ ထွက်သည်ရှိသော်။ ဘက္ခာစရိယံ၊ ဥစ္ဆာဘက္ခာအဒပါင်း သည်လည်း။ ဝိနဿတိ၊ ပျက်စီးဆုံး၏။ အာဋ္ဌိနော၊ အာဋ္ဌိခနာ၊ အဒဆ္ဆခင်ပွန်းမ၏။ အာရောဂျံ၊ အနာကင်းသော အဖြစ်ကို။ ဝဇ္ဇံ၊ ငါပြောဆိုအံ့။ တွံ၊ သင်အဒဆ္ဆခင်ပွန်းမသည်။ ဤဓေဝ၊ ဤအရပ်၌သာလျှင်။ ဝသ၊ နေလော့။ မာဂတာ၊ မလာလင့်။

ဤသို့ဆို၍ သေဒဘးမှကြောက်ရကား လျင်မြန်သော အဟုန်ဖြင့် လင်၏ ဆံထုံသို့ ပြေး၍ သွား၏။ ထိုမြေခွေးလင်မယားတို့သည် တစ်ဖန် ထို အရပ်သို့ သွားအံ့သော်ငှာ မစံ့ကုန်။

ဇာတ်ပေါင်း။ သမ္မည်မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ "ယခုအခါ ငါဘုရားသည် ထိုအရပ်ဝယ် တောစိုး သစ်ပင်၌ ရုက္ခစိုးနတ်ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းဘော်မူ၏။

(စဉ်းလဲသူအား၊ ပြန်လှည့်စား၊ ကင်းပါးကြရသည်။)

တစ်ဆယ့်တစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဉ္စတိမံသဇာတ်သည် ပြီး၏။

၁၂-တိတ္တိရဇာတ်
သနားကရုဏာကင်းသော ရဿစဉ်းလဲအကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မည်မြတ်စွာဘုရားသည် "ယော တေ ပုတ္တဂေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိတ္တိရဇာတ်ကို ဂိဇ္ဈကူဋ်တောင်၌သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သတ်အံ့သောငှာ လုံ့လ ပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့... ဒေဝဒတ်သည် အရှက်ဓရှိ၊ သူတော်ကောင်းမဟုတ်၊ ဤသို့ မြတ်သော ဂုဏ်ကျေးဇူးကိုဆောင်သော သမ္မည္ဇုမြတ်စွာဘုရားအား ဆဇာတသတ်နှင့် တကွ တစ်ပေါင်းဆည်းပြု၍ လေးသမားတို့ကို စေလွှတ်ခြင်း, ကျောက်ကို လှိမ့်ခြင်း, နာဠာဂိရိဆင်ကို လွှတ်ခြင်းတို့ဖြင့် သဲတ်အံ့သောဌာ အားထုတ်၏"ဟု စကားကို ဖြစ်စေကုန်၏။

ဆမ္ဘည္ဇုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့... ယခုအခါ အဘယ်စကားဖြင့်စည်းဝေးကြကုန်သနည်း"ဟုမေးတော်မူလတ်၍ "ဘုန်း တော်ကြီးသော အရှင်ဘုရား.... ဤမည်သော်စကားဖြင့် စည်းဝေးပါကုန်၏"ဟု နားတော်လျောက်သည်ရှိသော် "ရဟန်းတို့—ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ့အား သဲတ်အံ့သောဌာ လုံ့လပြုသည်မဟုတ်သေး၊ ရှေး၌လည်း လုံ့လပြုသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ယောက်သော ဒိသာပါမောက္ခ ဆရာသည် လုလင်ငါးရာတို့အား အတတ်သင်လျက် တစ်နေ့သ၌ "ဗာရာဏသီပြည်၌နေသော ငါ့အား ပလိဗောဓသဲည် ရှိ၏"ဟု ထို လုလင်တို့အား အတတ်သည် အပြီးသို့မရောက်မီ ဟိမဝန္တစေတောအရပ်သို့ဝင်၍ ခရီးမှ မနှီးမဝေးသော အရပ်ဝယ် ကျောင်းဆောက်၍နေအံ့"ဟု ကြံ၏။ ကြံပြီး၍ ကြံတိုင်းနေ၏။ လုလင်တို့သည်လည်း မိမိ မိမိတို့အဖို့ ကျောင်းကိုဆောက်ကုန်၏။

တောထဲမှာပညာသင်

လုလင်တို့၏ ဆွမျိုးတို့သည် လုလင်တို့အား ဆန် အစရှိသည်တို့ကို ပို့ကုန်၏။ တိုင်းခြံနေကုန်သဲ့ သူတို့သည်လည်း ဒိသာပါမောက္ခဆရာသည် တောဝယ် ဤအမည်ရှိသော အရပ်၌နေလျက် လုလင်တို့အား အတတ်ကို သင်စေ၏"ဟု ထိုဒိသာပါမောက္ခဆရာအား ဆန် အစရှိသည်တို့ကို ပို့ကုန်၏။ ကန္တာရ ခရီးသွားတို့သည်လည်း ဒိသာပါမောက္ခဆရာအား လှူဒါန်းကုန်၏။ မထင်ရှားသော ယောကျ်ားတစ်ယောက်သည် နို့ရည်သောက်စိမ့်သောဌာ သဲငယ်နှင့်တကွ နွားမကို လှူ၏။

www.dhammadownload.com

ဆရာသေဆုံး

ဆရာ၏ ကျောင်းအနီးဌာ နှစ်ခုသော သဲငယ်တို့နှင့်တကွ တစ်ခုသော ဖွတ်မသည် နေ၏။ ခြင်္သေ့ ကျားတို့သည်လည်း ဒိသာပါမောက္ခဆရာအား ခစားအံ့သောငှာ လာကုန်၏။ တစ်ခုသော ခါသည်လည်း ထိုအရပ်၌ အမြဲနေ၏။ ထိုခါဆာည် ဒိသာပါမောက္ခဆရာ၏ လည်းကောင်း, တပည့်လုလင်တို့၏ လည်းကောင်း ဗေဒင်ရွတ်အံ့ သရဇ္ဈာယ်သံကို နာ၍ ဗေဒင်သုံးပုံကို လည်း တတ်၏။ လုလင်တို့သည် ခါနှင့်တကွ အလွန်အကျွမ်းဝင်ကုန်၏။ နောက်အဖို၌ လုလင်တို့သည် အတတ်၏အပြီးသို့ မရောက်ကုန်မီလျှင် ဆရာသည် သေလွန်၏၊ လုလင်တို့သည် ဆရာ၏အလောင်းကို သင်္ဂြိုဟ်၍ သဲဖြင့် စေတီဘုဉ်း၍ အထူးထူးသော ပန်းတို့ဖြင့် ပူဇော်၍ ငိုကြွေးကုန်၏။

ခါက ပညာဆက်သင်

ထိုအခါ ထိုလုလင်တို့ကို ခါသည် "လုလင်တို့...သင်တို့သည် အဘယ့်ကြောင့်ငိုကြွေးကုန်ပါသနည်း" ဟုဆို၏။ "ဆရာသည် ငါတို့၏အတတ်သည်အပြီးသို့မရောက်မီလျင် သေလွန်၏၊ ထို့ကြောင့် ငါတို့သည်ငိုကုန်၏" ဟု လုဆွင်တို့သည် ဆိုကုန်၏၊ "ဤသို့ဖြစ်သည်ရှိသော် သင်တို့သည်မစိုးရိမ်ကုန်လင့်၊ ငါသည် သင်တို့အား ဗေဒင်ကိုသင်ကြားအံ့" ဟု ခါသည် ဆို၏။ ထင်သည်အဘယ်သို့ပြု၍ ဗေဒင်ကိုတတ်သနည်း" ဟု လုလင်တို့သည် မေးကုန်၏။ ငါသည်သင်တို့အား ဆရာ သင်ကြားသည်ရှိသော် နာ၍ ဗေဒင်သုံးပုံတို့ကို 'တတ်၏" ဟု ခါသည်ဆို၏။ "ထိုသို့ တပြီးကား မိမိ၏ လေ့ဆာ ပွန်းတီးသော အဖြစ်ကို ငါတို့ကို သိစေလော့" ဟု လုလင်တို့သည် ဆိုကုန်၏။ ခါသည် "ထိုသို့တပြီးကား နှစ်ထောင်ကြာကုန်လော့" ဟု ဆို၍ ထိုလုလင်တို့၏ ခက်ခဲသော အဆုကိုလျင်ထောင်ထိပ်မှ မြစ်ရေသည် စီးသကဲ့သို့ ရွတ်၏။ လုလင်တို့သည် အလွန်နှစ်သက်ကုန်၍ ခါပညာရှိ၏ အထံ၌ အတတ်ကို သင်ကုန်၏၊ ခါသည်လည်း ဒိသာပါခမောက္ခဆရာ၏ အဆုဌာန်တည်၍ ထိုလုလင်တို့အား အတတ်ကိုသင်၏၊ လုံလင်တို့သည် ခါအား ရွှေမျိုင့်ကိုလုပ်၍ အထက်၌ မိတာန်ကြက်၍ ရွှေခွက်၌ ပျားရည်, ပေါက်ပေါက် အစရှိသည်တို့ကို ထည့်၍ ပေးကုန်လျက် အထူးထူးသော အဆင်းရှိသော ပန်းတို့ဖြင့် ပူဇော်၍ ချီးမြှောက်ခြင်းကို

www.dhammadownload.com

ပြုကုန်၏။ "ခါသည် တောအရပ်၌ လုလင်ငါးရာတို့ကို ပေဒင်ဆင်၏" ဟု အလုံးစုံသော ဇမ္မူဒိပ်၌ ကျော်စောထင်ရှားခဲ့၏။

လုလင်တို့ မြို့ရွာပြန်ကြ

ထိုအခါ ဇမ္မူဒိပ်၌ တောင်ထိပ်သဘင်နေ့ဝယ် ကြီးစွာသော ပဲ့သဘင်ကို ကြွေးကြော်ကုန်၏။ လုံလင်တို့၏ မိဘတို့သည် ပဲ့သဘင်ကို ကြည့်အံ့သောငှာ "လုလင်တို့သည် လာစေကုန်သတည်း" ဟု စေကုန်၏။ လုလင်တို့ဆည် ခါပညာရှိအား အစကြောင်းကိုကြား၍ ခါပညာရှိကို အလုံးစုံသော ကျောင်းကိုဆုပ်၍ မိမိ မိမိတို့၏ မြို့သို့လျှင် ဆွမ်းကြကုန်၏။

ရသေ့ပျက် ဖျက်ဆီးပြီ

ထိုအခါ တစ်ယောက်သော ကရဏာမရှိသော ရသေ့ပျက်သည် ထိုအရပ်၌ လှည့်လည်လတ်သော် ထိုကျောင်းသို့ ရောက်၏။ ထိုရသေ့ပျက်ကို ဖွတ်မသည် မြင်၍ ပဋိသန္ထာရပြု၍ "ဤမည်သော အရပ်၌ ဆန်ရှိ၏၊ ဤမည်သော အရပ်၌ ဆီ အစရှိသည်တို့သည် ရှိကုန်၏၊ ထမင်းချက်၍ စားလော့" ဟု ဆို၍ အစာရှာအံ့သောငှာ သွား၏။ ရသေ့သည် စောစောစီးစီးကလျှင် ထမင်းချက်၍ ဖွတ်မ၏ သားငယ်နှစ်ခုတို့ကို သတ်၍ စား၏။ နှစ်၌ ခါပညာရှိအိုလည်းကောင်း, နှစ်ငယ်ကိုလည်းကောင်း သတ်၍ စား၏။ ညချမ်း၌ လာလတ်သော နွားမကိုမြင်၍ ထိုနွားမကိုလည်း သတ်၍ အသားကိုစား၍ သစ်ပင်ရင်း၌ လျောင်း၍ ခြုံတဲ့ခြုံတဲမြည်သော ထွက်သက် ဝင်သက်ကို ဖြစ်စေလျက် အိပ်ပျော်၏။ ဖွတ်မသည် ညချမ်းအခါ၌ သားငယ်တို့ကို မမြင်လတ်သော် ရှာလျက်သွား၏။

နတ်ကပြောပြီ

ရဟန္တာစိုးနတ်သည် သားငယ်တို့ကို မမြင်၍ တုန်လှုပ်သော ဖွတ်မကိုကြည့်၍ နတ်၏ အာနုဘော်ဆောင်ဖြင့် ရပ်၍ "ဖွတ်မ....သင်သည် မတုန်လှုပ်လင့်၊ ဤယောကျ်ားယုတ်မသည် သင်၏ သားငယ်တို့ကို လည်းစောင်း, ခါကိုလည်းဆောင်း, နွားငယ် နွားမတို့ကို သတိုအပ်ကုန်ပြီ၊ ထိုယောကျ်ားယုတ်ကို လှည့်၌ ကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေလော့" ဟု ဆိုလို၍-

www.dhammadownload.com

၁၀၅။ ယော တေ ပုတ္တကေ အခါဒိ၊ ဒိန္နဘတ္တော အဒူသကေ။
တသ္မိ· ဒါဠ္ဍေ နိပါတေဟိ၊ မာ တေ မုဉ္ဇိတ္ထ ဇီဝတော·
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၃၀၅။ ဂေါဓေ၊ ဖုတ်မ။ ဒိန္နဘုတ္တော၊ သင်သည် ထမင်းပေးအပ်သော၊ ယောပါပဟုရိသော၊ အကြင်ယောကျ်ားယုတ်သည်။ အဒူသကေ၊ အပြစ်မရှိကုန်သော။ တေ၊ သင်၏။ ပုတ္တာ၊က၊ သားငယ်တို့ကို။ အခါဒိ၊ စားပြီ။ တသ္မိ·၊ ထိုယောကျ်ားယုတ်၌၊ တွ·၊ သင်သည်။ ဒါဠ္ဍေ၊ အစွယ်လေးချောင်းတို့ကို။ နိပါတေဟိ၊ ကျစေလော့၊ ဧ၊သော၊ ဤယောကျ်းယုတ်သည်။ ဇီဝကော၊ အသက်ရှည်သည်ဖြစ်၍။ တေ၊ သင်၏။ဟတ္ထာ၊စာ၊ လက်မှ။ မာ မုဉ္ဇိတ္ထ၊ မလွတ်စေလင့်။

ဖုတ်မ မသတ်လိုကြောင်း

ထို·နေ့ခင်မှ ဖုတ်မသည်-

၁၀၆။ အာကိဏ္ဏလုဒ္ဒါ ပုရိ၊သော၊ ဓ်ာတိ စေလံဝ ဓက္ခိတော၊။
ပဒေသဲ့ တံ နု ပဿာမိ၊ ယတ္ထ ဒါဠ္ဍ· နိပါတယေ။

၁၀၇။ အ ကတညူဿ ပေါသဿ၊ နိစ္စံ ဝိဝရဒ္ဒသိနော၊
သတ္ဗံ စေ ပထဝိ· ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ·
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၀၆။ ဒေဝတေ၊ နတ်။ ယတ္ထ၊ အကြင်ယုတ်မာသော ယောကျ်ား၌၊ ဒါဠ္ဍ·၊ အစွယ်ကို။ နိပါတ၊ယ၊ ချခြင်း၌၊ တံပဒေသံ၊ ထိုအရပ်ကို။ အဟံ၊ ငါသည်။ နု ပဿာမိ၊ မမြင်။ သေ၁ပုရိသော၊ ထိုယောကျ်းသည်။ အာ့ကိဏ္ဏလုဒ္ဒါ၊ ပြည်းသော မကောင်းမှုရှိ၏။ ဓာတိစေလံဝ၊ သားထိန်းဓ၏ အဝတ်ကဲ့သို့။ မက္ခိတော၊ မကောင်းမှုဖြင့် လိမ်းကျ·အပ်၏။

၁၀၇။ အကတညူဿ၊ ကျေးဇူးမသိသော။ နိစ္စံ၊ အမြဲ။ ဝိဝ၀ရဒ္ဒသိနော၊ အခွင့်အပေါက်ကို ရှုလေ့ရှိသော။ ပေါသဿ၊ ယောကျ်းအား။ သတ္ဗံပထဝိ·၊ အလုံးစုံသောမြေကို။ စေ ဒဇ္ဇာ၊ အကယ်၍ပေးငြားအံ့။ နံ၊ ထိုယောကျ်းကို။နေဝ အဘိရာဓယေ၊မနှစ်သက်စေနိုင်ရာသလျှင်ကတည်း။

ဖုတ်မသည် ဤသို့ဆို၍ "ဤသူနိုးသော် ငါ့ကိုလည်းစားရာ၏" ဟု မိမိအသက်ကို စောင့်ရှောက်လို၍ ပြေး၏။

P:၃၃-၁၅၀(ထ·တွဲ)

www.dhammadownload.com

ကျားလာပြီ

ထိုခြင်္သေ့ ကျားတို့သည်လည်း ခါ၏ အဆွေခင်ပွန်း ဖြစ်ကုန်၏။ ရုံခါ ခြင်္သေ့ ကျားတို့သည်လည်း လာ၍ ခါကို ဖူးမြင်ကုန်၏။ ရုံခါ ခါသည် သူ့ဘေး၌ ခြင်္သေ့ ကျားတို့အား တရားဟော၍ လွှာ၏။ ထိုနေ့၌ကား ခြင်္သေ့သည် ကျားကို "အဆွေကျား....ခါပညာရှိကို မမြင်ရသည် ကြာမြင့်ပြီ၊ ယခု ခုနစ်ရက် ရှစ်ရက်ရှိပြီ၊ သူ့၌ ခါပညာရှိ၏ အကြောင်းကို သိ၍လာလော့" ဟု ဆို၏။ ကျားသည် "ကောင်းပြီ" ဟု ဝန်ခံ၍ ဖွတ်မခြေးသော ကာလ၌ ထိုအမှပ်သို့ဆောက်၍ အိပ်ပျော်သော ကိုယောကျားယုတ်ကိုမြင်၍ "ထိုယောကျားယုတ်၏ ဆံကျစ်ကြားဌ ခါပညာရှိ၏ အမွေးတို့သည် ထင်ကုန်၏။ နှာမေ်အရိုးတို့သည် လည်းဆောင်း နှာငယ်တို့၏ အရိုးတို့သည်လည်းကောင်း ထင်ကုန်၏။ ကျားမင်းသည် ထိုအလှုံးစုံကိုမြင်၍ ရှေးချိုင့်၌ ခါပညာရှိကို မမြင်၍ ဤယောကျားယုတ်သည် ဤသတ္တဝါတို့ကို သတ်ကုန်၏" ဟု ထိုယောကျားယုတ်ကို ခြေဖြင့်ခတ်၍ ထစေ၏။ ရသေ့စဉ်းလဲသည်လည်း ကျားကိုမြင်၍ အလွန်ကြောက်၏။

ကျားက ခြင်္သေ့ထံခေါ်သွား

ထိုအခါ ရသေ့ပျက်ကို ကျားသည် "ဟယ် ယောကျ်ားယုတ်....သင်သည် ထိုသတ္တဝါတို့ကိုသတ်၍စားသလော" ဟု မေး၏။ "အရှင်....အကျွန်ုပ်မစားရ" ဟု ရသေ့ပျက်သည် ဆို၏။ "ယုတ်မာသော အကျင့်ရှိသော ယောကျ်ား....သင်မသတ်သည်ရှိသော် သင်မှတစ်ပါး အဘယ်သူသည်သတိသနည်း၊ မှန်သည်ကို မပြောဆိုသည်ရှိသော် သင့်အား အသက်မရှိရာ" ဟု ကျားသည်ဆို၏။ ရသေ့ပျက်သည် သဘေားဖြင့် ကြောက်လန့်၍ "အရှင် ဖွတ်မ၏သားတို့ကို လည်းစောင်း, နှာငယ်တို့ကိုလည်းကောင်း, နှာမကို လည်းကောင်း သတ်၍ အကျွန်ုပ် စား၏။ ခါကိုကား အကျွန်ုပ်မသတ်" ဟု ဆို၏။ ကျားသည် မျှားစွာဆိုငြားသော်လည်း ရသေ့ပျက်၏စကားကို မယုံကြည်၍ "သင်သည် အဘယ်အရပ်မှလာသနည်း" ဟု မေး၏။ ရသေ့ပျက်သည် "တလိင်္ဂတိုင်းမှ ကုန်သည်တို့၏ဥစ္စာကို ရှက်ဆောင်လျက် အစာက်မှေးခြင်းဟူသော အကြောင်းကြောင့် ဤမည်သော အမှုကိုလည်းကောင်း ဤမည်သောအမှုကို လည်းဆောင်း ပြု၍ ယခုအခါ၌ ဤအရပ်သို့ရောက်

www.dhammadownload.com

၏''ဟု ဆို၏။ ဤသို့ ထိုရဿ.ပျက်သည် မိမိသည် ပြုအပ်သော အလုံး စုံသေစအမှုကို ဆိုသည်ရှိသော် 'ယုတ်မာသောအကျင့်ရှိသောယောကျ်ား သင်သည် ခါကိုမသတ်သော် သင်မူတစ်ပါး အဘယ်သူသည် သတ်လတ္တံ့ နည်း၊ လာလော့။ ငါ့အဆွေခင်ပွန်းသားမင်း အထံသို့ သင့်ကိုဆောင်အံ့''ဟု ဆို၍ ထိုရဿ.ပျက်ကို ရွေ့.ထား၍ ခြိမ်းခြောက်လျက် လိုက်၏။

ဒီလူဘဲဘာကိစ္စ

ခြင်္သေ့.ဓင်းသည် ရဿ.ပျက်ကိုဆောင်ခဲ့သော ကျားကို မေးလို ရကား-

၁၀၈။ ကိ. နု သုဗာဟု တရမာနရူပေါ၊
ပစ္စာဂတောသိ ယဟ မာဏဝနု။
ကိ. ကိစ္စမတ္ထ. ဣဓ မတ္ထိ တုယ္ဟ၊
အာဟာဟိ မေ ပုစ္ဆိတော ဧတမတ္ထ.။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၈။ သုဗာဟု၊ ကောင်းသော မောင်းရှိသော အနွန်ကျား။ တ.၊ ထင်သည်။ ကိ.၊ အဘယ်ကြောင့်။ မာဏဝေနု၊ လုလင်နှင့်။ သဟ၊ တကွ။ တရမာ နု ရူပေါ၊ လျင်မြန်သောသဘော ရှိသည်ဖြစ်၍။ ပစ္စာဂတော၊ ပြန်လည်လာသည်။ အသိ နု၊ ဖြစ်သနည်း၊ တုယ္ဟ.၊ သင်အား။ ဣဓ၊ ဤငါ၏ အထံ၌။ ကိ. ကိစ္စမတ္ထ.၊ အဘယ်မည်သော အကျိုးရှိ၏ဟု သမုတ်အပ်သော ကိစ္စသည်။ အတ္ထိ၊ ရှိသနည်း။ ပုစ္ဆိတော၊ မေးအပ်သော၊ တ.၊ သင်သည်၊ မေ၊ ငါ့အား၊ ဧတမတ္ထ.၊ ထိုအကြောင်းကို၊ အာဟာဟိ၊ ကြားလော့။

ကျားသည် ထိုစကားကိုကြား၍-

၁၀၉၊ ယော တေ သခါ ဒဒ္ဒရော သာဓုရူပေါ၊
တဿ ဝဓံ ပရိသင်္ကာမိ အဇ္ဇ၊
ပုရိသဿ ကမ္မာယတနာနိ သုတ္ဝာ၊
နဒ္ဒဟံ သုခိ. ဒဒ္ဒရံ အဇ္ဇ မညေ-

ဟူသော ငါးခုမြောက်သော ဤဂါထာကိုဆို၏။

www.dhammadownload.com

ခါကိုသတ်သူထင်

၁၀၉။ မိဂရာဇ၊ သားမင်း၊ တေ၊ သင်၏။ သဒါ၊ အာဆဆုခင်ပွန်း ဖြစ်သော။ သာဓုရှုပေါ်၊ ကောင်းသောသဘောရှိသော၊ ယောဒဒ္ဒတော၊ အကြောင်ခါသည်။ ဖတ္ထိ၊ ရှိ၏။ အဟံ၊ ငါသည်။ ပုရိသဿ၊ ယောကျ်း၏။ အမှာယဆနာနိ၊ အသက်မွေးကြောင်းဖြစ်ကုန်သော အမှုတို့ကို။ သုတ္ဝာ၊ ကြားရ၍။ အဇ္ဇ၊ ယနေ့။ တဿ၊ ထိုခါ၏၊ ဣမမ္မာပုရိသာ၊ ဤယောကျ်းကြောင့်၊ ဝဓံ၊ သေခြင်းကို။ ဥရိသက်ဝမိ၊ တွေးတော၏။ အဟံ၊ ဝါသည်၊ အဇ္ဇ၊ ယနေ့၊ ဒဒ္ဒရံ၊ ခါကို။ သုခိံ၊ ချမ်းသာ၏ဟူ၍၊ နမညေ၊ မဆောက်မဲ့။

ဘဲ့ကြောင့် ထင်သနည်း

ထိုအခါ ကျွဲးမင်းကို ခြင်္သေ့သည်-

၁၁၀။ ကာနိဿ ကမ္မာယတနာနိ အာသု၊
ပုရိသဿ ဝံတ္တိ သမေးဓနတာယ။
ကံ ဝါ ပဋိညံ ပုရိသဿ သုတ္ဝာ၊
ပရိသက်သ ဒဒ္ဒရ မာဏဝေန-

ဟူဆော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၁၀။ သုဗာဟု၊ တောင်းသော မောင်းရှိသော အဆွကျွဲး။ အဿပုရိသဿ၊ ထိုယောကျ်း၏။ ကာနိကမ္မာယတနာနိ၊ အဘယ်မည်ကုန်သော အသက်မွေးဝကြောင်း အမှုတို့ကို၊ တံ၊ သင်သည်။ အဿု-အဿေဒသိ၊ ကြားသနည်း။ ဝတ္တိသမောဓာနတာယ၊ အသက်မွေးခြင်း အပေါင်း၏ အဖြစ်ဖြင့်။ ပုရိသဿ၊ ယောကျ်း၏၊ ကံ ဝါ ပဋိညံ၊ အဘယ်မည်သော ဝန်ခံခြင်းကိုမူလည်း။ သုတ္ဝာ၊ ကြား၍။ မာဏဝေန၊ လူလင်ကြောင့်၊ ဒဒ္ဒရံ၊ ခါကို။ ဝဓံ၊ သေ၏ဟူ၍။ ပရိသက်သိ၊ ဝတွေးတော်သနည်း။

သူ့အမှုအကျင့်အရ

ထိုအခါ ခြင်္သေ့မင်းအား ကျွဲးမင်းသည် ဆိုလိုရှိ-

၁၁၁။ စိတ္တာ ကလိင်္ဂါ စရိဘာ ဝဏ်ဇာ၊
ဝေတ္တာစရော သက်္ခပထောပိ စိတ္တော၊
နဒ္ဒေဟိ စိတ္တံ သဟ ဝါကုရေဟိ၊
ဒတ္တေန ယုဒ္ဓံပိ သမဇ္ဇမေတ္တ။

www.dhammadownload.com

၁၁၂။ ဗဒ္ဓါ ကုလိကာ မိတမာဠ္ဍဏေန၊
အက္ခာ ဇီတာ သံယမော အဇ္ဈတီတော။
ဏဗ္ဘာဟိတံ ပုဗ္ဗကံ ဏဓုရတ္ထံ၊
ဟတ္ထာ ဒဓု ပိဏ္ဍ-ဋ္ဌိဂ္ဂဟေန။
၁၁၃။ တာနိ သ ကဲမ္မာယတနာနိ ဏသု၊
ပုရိသသ စုတ္တိသမောဓာနတာယ။
ယထာ ဏယံ ဒိဿတိ သောမပိဏ္ဍော၊
ဂါဝေါ ဟတာ ကိ ပန ဒဒ္ဓရဿ-

ဟူသော ဤဂါထာတို့ကို ဆို၏။

၁၁၁။ မိဂဏုဇ၊ သားမင်း။ တေန၊ ထိုယေကျေး၊သည်။ ကလိင်္ဂါ၊ ကလိင်္ဂတိုင်းမှ။ စိဏ္ဏော၊ ကုန်သည်တို့၏ ဘဏ္ဍာကို ရွက်ဆောင်သဖြင့်၊ ဝဏိဇ္ဇ-ဝဏိဇ္ဇာနိပိ၊ ကုန်သွယ်ခြင်း တို့ကိုလည်း။ စရိတာ၊ ပြုအပ်ကုန်၏။ ဝေတ္တာဒစရော။ ကြိမ်နွယ်တို့ဖြင့် လှည့်ဖွဲ့ဆည်အပ်၏၊ သက်ုပထော၊ သစ်ငုတ် ခြောင့်ရှိသော ခရီးကို။ စိဏ္ဏော၊ သုံးဆောင်အပ်၏။ နဇ္ဇော်ဟိ။ ဏဝေ့ဆာဆည် တို့နှင့်၊ သဟ၊ တက္ခ၊ စိဏ္ဏံ၊ လေ့ကျက်အပ်၏။ ဝါကုရေဟိ၊ မုဆိုး တံငါတို့နှင့်လည်း။ သဟ၊ တက္ခ၊ စိဏ္ဏံ၊ လေ့ကျက်ဖူး၏၊ သမဇ္ဇဓဝေ့၊ ဏထူးထူးသော ပွဲသဘင်၏ဏလယ်၌၊ ဒဇ္ဇော်နေ၊ ဆောက်ပုတီဖြင့်။ ယုဒ္ဓံ၊ ထိုးဏပ်၏။

၁၁၂။ ကုလိကာ၊ ငှက်တို့ကို။ တေန၊ ထိုယောကျ်ဖြစ်သည်။ ဗဒ္ဓါ၊ နှောင်ဖွဲ့ဏပ်ကုန်၏၊ မိတမာဠ္ဍတေန၊ စပါးခြင်ခြင်း၌ ဏမ္ဗကို ပြုခြင်းနှင့်။ ဃဟ၊ တက္ခ။ ဏက္ခာ၊ ကြွေဏနီတို့ကို။ ဇီဘာ၊ သိမ်းထားဏပ်ကုန်၏။ သံယမော၊ သိလ စေးငှ်ရှောက်ခြင်းကို။ ဏဇ္ဈတီတော၊ လွန်ကျူး၏၊ ဏဗ္ဘာဟိတံ၊ မင်းပြစ်သင့်ကုန်သော သူတို့၏ လက်ခြေတို့ကိုဖြတ်၍ ထိုသူတို့ကို ဆောင်၍ ဇရပ်၌ အိပ်စေ၍ ဏနာဝတို့မှ ယိုစီးသော။ ပုဗ္ဗကံ၊ သွေးကို၊ ဏဓုရတ္ထံ၊ သန်းခေါင်ယံဏခါ၌ ထိုဏရပ်သို့သွား၍ ဏခစားပြု၍ ထား ဏပ်၏။ ပိဏ္ဍပဋ္ဌိဂ္ဂဟေန၊ ဆုမ်းပွဲကို ခံသဖြင့်။ ဟတ္ထာ၊ လက်တို့ကို။ ဒဓု၊ ဏပူသည် ဖေခင်ဖူးလှလေပြီ။

၁၁၃။ ဏသပုရိသသ၊ ထိုယောကျ်း၏။ စုတ္တိသမောဓာနတာယ၊ ဏသက်မွေ့ခြင်းကို ပေါင်းသည်၏ ဏဖြစ်ဖြင့်။ တာနိ ကဲမ္မာယတနာနိ၊ ထို

www.dhammadownload.com

အသက်မွေးကြောင်းအမှုတို့ကို၊ အဃု၊ ကြားရ၏၊ ယထာ၊ အကြင်သို့သော အခြင်းအရာအား ဖြင့်။ ဧဉ့်သ၊ ထိုယောကျ်ားယုတ်၏။ ဇဋ္ဌန်တရော၊ ဆံကျစ်ကြား၌။ အယံ၊ လောမပိင်္ဂလော၊ ဤခါ၏ အမွေစုသည်။ ဒိဿတိ၊ ထင်၏။ တထာ၊ ထိုသို့သော အခြင်းအရာအား ဖြင့်။ ဧတံ၊ ဤယောကျ်ားယုတ်သည် သာလျှင် ထိုခါကို သတ်ခြင်းဟူသောအကြောင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤမိန၁၊ ဤယောကျ်ားယုတ်သည်၊ ဂါဝေါ။ နွားတို့ကို။ ဟုတာ၊ သတ်အပ်ကုန်လျက်၊ ဒဒ္ဒရဿ၊ ခါကို၊ နှ ဟနိဘဗ္ဗံ၊ မသတ်သော အဖြစ်သည်။ ကိံ ပန အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း၊

ခြင်္သေ့မေးခြင်း အဖြေပေါ်

"အဘယ်ကြောင့် ခါကို မသတ်လတ္တံ့နည်း" ဟု ကျားမင်းသည် ဆို၏။ ခြင်္သေ့မင်းသည် ထိုယောကျ်ားကို "အို-ယောကျ်း....သင်သည် ခါပညာရှိကို သတ်သလော" ဟု မေး၏။ "အရှင် သတ်ပေ၏" ဟု ဆို၏။ ထိုအခါ ထိုရသေ့ပျက်၏ မူနှံသောစကားကိုကြား၍ ခြင်္သေ့မင်းသည် ထိုယောကျ်းကို လှတ်လိုက်၏။

ရသေ့ယုတ် သေရပြီ

ကျားမင်းသည်ဆား "ဤသူကို သတ်အပ်၏" ဟု ဆို၍ ထိုအရပ်၌လျှင် ထိုရသေ့ပျက်ကို အစွယ်တို့ဖြင့် ကိုက်ဖြတ်သတ်ပြီးလျှင် တုံးတူး၍မြုပ်၏။ လုလင်တို့သည် လာလတ်၍ ခါပညာရှိကို မမြင်၍ ငိုကြွေး၍ ပြန်ကုန်၏။

ဇာတ်ပေါင်း။ သပ္ပညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်း....ဤသို့ ဒေဝဒတ်သည် ရှေးဘဝ၌ အား သတ်ခြင်းဌာန လုံ့လပြု၏" ဟု မိန့်တော်မူ၍ "ယခုအခါ ဒေဝဒတ်သည် ထိုအခါ စဉ်းလဲသော ရဿေ့ဖြစ်ပြီ၊ ယခုအခါ ဥပုလဝဏ်သည် ထိုအခါ ဖွတ်မဖြစ်ပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ကျားဖြစ်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ခြင်္သေ့ဖြစ်ပြီ၊ ယခုအခါ ကဿပသည် ထိုအခါ ဒိသပါမောက္ခဆရာ ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ခါပညာရှိ ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျင့်စဉ်ယုတ်မာ၊ ရှိသူမှာ၊ ကြုံလာဘေးရန်တည်း။)

ဤဆယ့်နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော တိတ္တိရဇာတ်သည် ပြီး၏။

www.dhammadownload.com

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူရှမျှားရှင် ဘဝရှင်တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိ ဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ်၏ဖယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျောင်းတော်ခန ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော နဝကနိပါတ် ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏အစဉ် အနက်၏အစဉ် အားဖြင့် အပြီးသို့ ရောက်၏။

ဇတ္တာဝတာ

မင်္ဂလာဘူမိ ကိတ္တိဒျု၊ ဝသတာ မန္ဒိရ ရမွေ။
ဂုဏုနာ မြမွဘာသာယ၊ ဝုတ္တဂန္ဆော နိဋ္ဌံ ဂတော။

ဇတ္တာဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ရမွေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိမ်ကိတ္တိဒျု၊ မင်္ဂလာဘုံကျောင် အမည်ရှိသော၊ မန္ဒိရေ၊ အမှရပူရမြို့တော်စည် ဆင်ဖြူမျှားရှင် ဘဝရှင် တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌၊ ဝသတာ၊ သီတင်းသုံးနေသော။ ဂုဏုနာ၊ ဆရာတော်သည်။ မြမွဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ဆော၊ ဆိုအပ်သော တစ်ဆယ့်နှစ်ဇာတ် အဟိုင်း အရှည်ရှိသော နဝကနိပါတ်ကျမ်းသည်။ နိဋ္ဌံ၊ ပြီးခြင်းသို့၊ ဂတော၊ ရောက်၏။

နဝကနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရှေ့ပြီး၏။

www.dhammadownload.com

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ဒသကနိပါတ်

....

နုမော တ္တံ သဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-စတုဒ္ဒါရဇာတ်

မိဘကို ပုတ်ခတ်ခြင်းကြောင့် သင်ဝုန်းစက်၌ ခံရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတော်သော သမ္ဗုညူမြတ်စွာဘုရားသည် ''စတုဒ္ဒါမိဒံ နဂရံ'' အစရှိသော ဒါထာပုဒ်ဖြင့် တနိဆာဆင်ဖြစ်သော ဤစတုဒ္ဒါရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆုံးမခက်သော ရဟန်းဘစ်ါးကို အာဂကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုကို နဝကနိပါတ် ပထမဇာတ်၌ ခဲ့ပြီးသလျှင်ကတည်း။)

www.dhammadownload.com

ဤဒသကနိပါတ်စတုဒ္ဒါရဇာတ်၌ကား သမ္မာသမ္ဗုဒ္ဓရှင်ဘုရားသည် ထို ရဟန်းကို "ရဟန်း... သင်သည် ဆုံးမခက်သော ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား.... မှန်ပေ၏" ဟု နား တော်လျှောက်ထားသည်ရှိသော် "ရဟန်း.... သင်သည် ရှေးဦးလွန်းဆုံးမခက် သည်၏ အဖြစ်ကြောင့် ပညာရှိတို့၏ စကားကို မနာယူ၍ သင်ခုန်းစက်ကို ဆောင်ဖူး၏" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ တသိပဘုရား လက်ထက် တော်ဝယ် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူးဌေးအား မိတ်ဘ ဝိန္ဒက မည်သော တစ်ယောက်သောသားသည် ဖြစ်၏၊

မိတ်ဘဝိန္ဒက

ထိုမိတ်ဘဝိန္ဒက၏ မိဘတို့သည် သောတာပန် ဖြစ်ကုန်၏။ မိတ်ဘဝိန္ဒကဘာသည် ကား သိလုံမရှိ၊ သဒ္ဓါတရားလည်း မရှိ၊ ထိုအခါထိုမိတ်ဘဝိန္ဒကကို နှောက်ယှက် အဖို၌ အဘဒ္ဒသလွန်သည်ရှိသော် ဥစ္စာကိုစိုရွှင်သောအမိသည် "အမောင်... သင်သည် ရခဲသော လူ၏အဖြစ်ကို ရ၏၊ အလှူပေးခြင်း၊ သီလဆောက် တည်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ တရားနာခြင်း" ဟု ဆို၏။ "မိခင်... အကျွန်ုပ်အား အလှူပေးခြင်း အစရှိသည်တို့ဖြင့် အလိုမရှိ၊ အကျွန်ုပ်ကို မိခင်သည် တစ်စုံဘစ်ခုဒသာ စကားကို မဆိုလင့်၊ အကျွန်ုပ်သည် အလိုရှိ တိုင်း ပြုအံ့" ဟု မိတ်ဘဝိန္ဒကသည် ဆို၏။

ဥပုသ်စောင့်ခိုင်းခြင်း

ဤသို့ ဆိုပြောသော်လည်း ထိုမိတ်ဘဝိန္ဒကကို လပြည့်ဥပုသ်နေ့ ဖြစ်သော် တစ်နေ့သ၌ အမိသည် "အမောင်.... ယနေ့ မွတ်အပ်သော မြတ်သော ဥပုသ်နေ့တည်း၊ ယနေ့ ဥပုသ်ဆောက်တည်၍ ကျောင်းသို့သွား၍ ဓမ္မသိမ်းသော ညဉ့်ပတ်လုံး တရားကိုနာ၍ လာလော့၊ ထင့်အား ငါသည် တစ်ထောင်သော ဥစ္စာကိုပေးအံ့" ဟု အမိသည် ဆို၏။ မိတ်ဘဝိန္ဒကာသည် "ကောင်းပြီ" ဟု ဥစ္စာ၌ တပ်စွန်းသဖြင့် ဥပုသ်ဆောက်တည်၍ နံနက်စေ စား၍ ကျောင်းသို့သွား၍ နေ့ကို လွန်စေ၍ ညဉ့်အခါ အကြင်သို့သဒ္ဓာ ရှိသော အရပ်၌ နေသည်ရှိသော် တစ်ပုဒ်သော တရားသည်လည်း နာဘူး မတည်။ ထိုသို့သဘောရှိသော တစ်ခုသောအရပ်၌ လျောင်းစဖြင့် အိပ်

www.dhammadownload.com

ပျော်၍ တစ်ဖန် မိုးသောက်သောနှင့် စောစောကလျင် မျက်နှာသစ်၍ အိမ်သို့သွားလေ၏။

ငွေတစ်ထောင်ပေး

မိတ္တဝိန္ဒာ၏ အမိသည်ကား "ယနေ့ သားသည် တရားနာ၍ စောစော ကလျင် တရားဟောမထေရ်ကို ပင့်၍ လာ့လတ္တံ့" ဟု ယာဂု ခဲဖွယ် ဘောဇဉ်ကို စီရင်၍ နေရာခင်း၍ မိတ္တဝိန္ဒက၏ လာခြင်းကို မျှော်လတ်သော် တစ်ယောက်တည်းသာ လာသော မိတ္တဝိန္ဒကိုမြင်၍ "အမောင် ... တရားဟော မထေရ်ကို အားမာင်သည် မပင့်ခဲ့သလော" ဟု ဆို၍ "အကျွန်ုပ်အား တရားဟောမထေရ်ဖြင့် အလိုမရှိ" ဟု ဆိုလတ်သော် "ထိုသို့တပြီးကား ယာဂုကိုသောက်လော့" ဟု ဆို၏။ မိတ္တဝိန္ဒကသည် "မိခင် .... သင်တို့သည် တစ်ထောင်သော ဥစ္စာကို ပေးအံ့" ဟု ဝန်ခံအပ်၏၊ ရွှေဦးစွာ ငါ့အား တစ်ထောင်သော ဥစ္စာကို ပေးဦးလော့၊ ငါသည် နောက်မှ ယာဂုကို သောက်အံ့" ဟု ဆို၏။ "ချစ်သား ... ယာဂုကို သောက်ဦးလော့၊ နောက်မှ ပေးအံ့" ဟု အမိသည် ဆို၏။ "တစ်ထောင်သော ဥစ္စာကို ယူ၍သာလျင် ယာဂုကို သောက်အံ့" ဟု မိတ္တဝိန္ဒကသည် ဆို၏၊ ထိုအခါ မိတ္တဝိန္ဒက၏အမိသည် ဥစ္စာထောင်ထုပ်ကို ရှာ၌ထား၏။ မိတ္တဝိန္ဒကသည်ယာဂုကိုသောက်၍ ဥစ္စာထောင်ထုပ်ကိုယူ၍ ကုန်သွယ်ခြင်းကိုပြုလျက် မကြာမြင့်မီလျင် တစ်သိန်း နှစ်သောင်းသော ဥစ္စာကို ဖြစ်စေ၏။

အမိကိုတွန်းထိုး၍သွား

ထိုအခါ မိတ္တဝိန္ဒကအား "ငါသည် လှေတည်းထောင်၍ ကုန်းရောင်းခြင်းကို ပြုအံ့" ဟူသောအကြံသည် ဖြစ်၏။ ဖြစ်ပြီး၍ မိတ္တဝိန္ဒကသည် လှေကိုဖြစ်စေ၍ "မိခင် .... အကျွန်ုပ်သည် လှေဖြင့်ကုန်သွယ်ခြင်းကိုပြုအံ့" ဟု ဆို၏။ ထိုအခါ မိတ္တဝိန္ဒကကိုအမိသည် "အမောင် .... သင်းကား တစ်ယောက်တည်းသော သားတည်း၊ ဤအိမ်၌ ဥစ္စာသည်များ၏၊ သမုဒ္ဒရာသည် များသောအပြစ်ရှိ၏၊ သင် မသွားလင့်" ဟု မြစ်၏။ ထိုမိတ္တဝိန္ဒကသည် "မိခင် ... ကျွန်ုပ်သွားအံ့၊ ကျွန်ုပ်ကိုမိခင်သည်တားခြင်းငှာမတတဲ့ကောင်း" ဟု ဆို၍ "အမောင် ... သင့်ကို ငါတားအံ့" ဟု အမိသည် လက်၌ကိုင်သည်

www.dhammadownload.com

ဒီသေ့ လက်ကိုလွတ်စေ၍ အမိကိုပုတီခတ်၍ လည်းစေပြီးလျှင် အနှံ့ထွယ် ကိုပြု၍ လှေဖြင့် သမုဒ္ဒရာသို့သွား၏။

ပင်လယ်ထဲသင်္ဘောပျက်

လှေသည် ခုနစ်ရက်မြောက်သောနေ့၌ မိတ္တဝိန္ဒကကို မှီ၍ သမုဒ္ဒရာ အပြင်၌ မတုန်ခလှုပ်တည်၏။ သူယုတ်စာရေးတံ ချခြင်းကို ပြုလတ်သော် မိတ္တဝိန္ဒက၏ လက်၌သာလျှင် စာရေးတံ သုံးကြိမ်ကျ၏။ ထိုအခါ မိတ္တဝိန္ဒ အား ဖောင်ကိုခေးပး၍ "ဤသူကို အမှီပြု၍ မျှားစွာသောသူတို့သည် မပျက် စီးစေကုန်သဘည်း" ဟု မိတ္တဝိန္ဒကကို သမုဒ္ဒရာအပြင်၌ ပစ်ကုန်၏။ ထိုခဏ၌ လှေသည် လျင်မြန်သောအဟုန်ဖြင့် သမုဒ္ဒရာဆီးပြေး၏။

ပြိတ္တာမတို့နှင့်ညား

မိတ္တဝိန္ဒကသည်လည်း ဖောင်၌အိပ်၍ တစ်ခုသော ကျွန်းငယ်သို့ရောက်၏။ ထိုကျွန်းငယ်၌ ဖလ်ဗိမာန်စယ် လေးယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့ကိုမြင်၍ ထိုပြိတ္တာမတို့သည် ခုနစ်ရက် ဆင်းရဲကို ခံစားရကုန်၏။ ခုနစ်ရက်ချမ်းသာကို စံစားရကုန်၏။ ထိုဝေမာနိက ပြိတ္တာမတို့နှင့်တကွ ရုနစ်ရက် နတ်စည်းစိမ်ကို စံစားရ၏။ ထိုအခါ မိတ္တဝိန္ဒတကို ဝေမာနိက ပြိတ္တာမတို့သည် ဆင်းရဲကို ခံအံ့သောငှာ သွားလိုကုန်သည်ရှိသော် "အရှင် အကျွန်ုပ်တို့သည် ခုနစ်ရက်မြောက်သောနေ့၌လာကုန်အံ့၊ အကြင်မျှလောက် အကျွန်ုပ်တို့သည် မလာကုန်သေး၊ ထိုမျှလောက် မငြိုးငွေ့သည်ဖြစ်၍ ဤ ဗိမာန်၌လျှင် နေလင့်လော့" ဟု ဆို၍ သွားကုန်၏။

မိတ္တဝိန္ဒကသည် တဏှာအလိုသို့ လိုက်၍ ထိုဖောင်၌လျှင်အိပ်၍ တစ်ဖန် သမုဒ္ဒရာအပြင်ဖြင့် သွားလတ်သည်ရှိသော် တစ်ခုသော ကျွန်းငယ်သို့ ရောက်၍ ငွေဗိမာန်၌ ရှစ်ယောက်သော ဝေမာနိကပြိတ္တာမတို့ကို မြင်၍ ဤသို့ ရှေးနည်းဖြင့်လျှင် တစ်ခုခသာကျွန်းငယ်၌ ပတ္တမြားဗိမာန်ဝယ် တစ်ကျိပ်ခြောက်ယောက်ခသော ဝေမာနိက ပြိတ္တာမတို့ကိုမြင်၍ တစ်ပါးခသော ကျွန်းငယ်၌လျှင် ဝေဗိမာန်ဝယ် သုံးကျိပ်နှစ်ယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့ကိုမြင်၍ ထိုဝေမာနိက ပြိတ္တာမတို့နှင့်တကွ နတ်စည်းစိမ်ကို စံစား၍ ထိုပြိတ္တာမတို့သည်လည်း ဆင်းရဲခံအံ့ခသောငှာ သွားသောအာလဿ

www.dhammadownload.com

တစ်ဖန် သမုဒ္ဒရာအပြင်ဖြင့် သွားလတ်သည်ရှိသော် တစ်ခုသောတံတိုင်းဖြင့် ခြံရံထားပြီးသား လေးခုသော တံခါးရှိသေးမြို့ကို မြင်၏။

ငရဲပန်းကိုနှတ်ပန်းထင်

မျှားစွာကုန်းသော ငရဲသူ သတ္တဝါတို့သည် ဆင်းရဲကိုခံရာ အရပ်ဖြစ်သော ဥဿဒငရဲသည် မိတ္တဂိန္ဒကအား တန်ဆာဆင်အပ်သော မြို့ကဲ့သို့ ဖြစ်၍ထင်သတတ်၊ ထိုမိတ္တဂိန္ဒကသည် ဤမြို့သို့ဝင်၍ "ငါသည် မင်းဖြစ်အံ့" ဟု ကြံ၍ သင်ခုန်းစက်ကို ဦးခေါင်းဌ်ရွက်၍ မဒကာင်းမှုကိုခံရသော ငရဲသူ သတ္တဝါကို မြင်၏။

ထိုအခါ ငရဲသူ သတ္တဝါတို့၏ ဦးခေါင်းဌ် သင်ခုန်းစက်သည် မိတ္တဂိန္ဒကအား ပဒုမာကဲ့သို့ဖြစ်၍ ထင်၏။ ရင်ဌ် ငါးပါးသော အင်္ဂါရှိသော အနှောင်အဖွဲ့သည် ရင်လွှမ်းတန်ဆာကဲ့သို့ဖြစ်၍ ထင်၏။ ဦးခေါင်းမှ ယိုစီးသော သွေးသည် စန္ဒကူးနှံ့သာပျော်းကဲ့သို့ဖြစ်၏၊ ငုံကြွေးသော အသံသည် သာယာစွာသော သီချင်းသံကဲ့သို့ ဖြစ်၍ထင်၏။

သင်ခုန်းစက်ကိုဆောင်း

မိတ္တဂိန္ဒကသည် ထိုးရဲသူသတ္တဝါတို့၏ အထံသို့သွား၍ "အို ယောကျ်ားထင်သည် တင့်တယ်ထွန်းပသော ပဒုမာကို ဆောင်အပ်၏၊ ထိုပဒုမာကို ငါ့အား ပေးလော့" ဟု ဆို၏။ "အချင်း....ဤဝတ္ထုကား ပဒုမာမဟုတ်၊ ဤဝတ္ထုသည် သင်ခုန်းစက်တည်း" ဟု ငရဲသူသတ္တဝါတို့သည် ဆို၏၊ မိတ္တဂိန္ဒကလည်း "အို ယောကျ်ား—သင်သည်ကား ငါ့အား မပေးလိုသည်၏ အဖြစ်ကြောင့် ဤသို့ဆို၏" ဟု ဆို၏။ ငရဲသူသတ္တဝါသည်လည်း "ငါ၏ကံသည် ကုန်သည်ဖြစ်လတ္တံ့၊ ဤယောကျ်ားသည်လည်း ငါကဲ့သို့ အမိကို ပုတ်ခတ်၍လာသည် ဖြစ်ရာ၏။ ထိုယောကျ်ားအား ငါသည် သင်ခုန်းစက်ကို ပေးအံ့" ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါ မိတ္တဂိန္ဒကကို ငရဲသူသတ္တဝါသည် "အို ယောကျ်ား....သင်သည် လာလော့၊ ဤဝတ္ထုကို ယူခဲလော့" ဟု ဆို၍ သင်ခုန်းစက်ကို မိတ္တဂိန္ဒက၏ ဦးခေါင်းသို့ ပစ်အပ်သော် ထိုသင်ခုန်းစက်သည် မိတ္တဂိန္ဒက၏ ဦးခေါင်းသို့ကျ၏။

www.dhammadownload.com

ငရဲစံရပြီ

ထိုခဏ၌ မိတ္တဝိန္ဒကသည် ထိုဝတ္ထုကို "သင်ခုန်းစက်" ဟု သိ၍ "သင်၏ သင်ခုန်းစက်ကို သင်ယူလော့" ဟု ဝေဒနာသို့ ရောက်သည်ဖြစ်၍ ငိုကြွေး၏။ ငရဲသူသတ္တဝါဆည်လည်း ကွယ်လေ၏။

ကျွန်ုပ်မှာဘာအပြစ်ရှိ

ထိုဆဒါ ဘုရားလောင်းသည် ရဟန္တာစိုးနတ်ဖြစ်၍ မျှားစွာသော အခြံအရံတို့ဖြင့် ဥဿဒငရဲသို့ ဒေသစာရီ လှည့်လည်သည်ရှိသော် ထိုအရပ်သို့ ရောက်၏။ မိတ္တဝိန္ဒကသည် ဘုရားလောင်းကို မြင်၍ "ရှင်နတ်မင်း... သင်ခုန်းစက်သည် ကျည်ဆုံ့သည် နှမ်းတို့ကို ကြိတ်ဘိသကဲ့သို့ အကျွန်ုပ်ကို ကြိတ်၏၊ အကျွန်ုပ်သည် အာဘယ်မကောင်းမှုကို ပြုအပ်သနည်း" ဟု မေးလို၍·

၁။ စတုဒ္ဒါရမိဒ္ဓံ နဂရံ၊ အယသံ ဒဠ္ဍပါကာရံ။
ဩရုဒ္ဓ ပဋိရုဒ္ဓါ သ္မိ၊ ကိံ ပါပံ ပကတံ မယာ။

၂။ သဗ္ဗေ အုပိဟိတာ ဒ္ဝါရာ၊ ဩရုဒ္ဓါသ္မိ ယထာ ဒိဇော။
ကိ မဓိကရဏံ ယက္ခ၊ စက္ကာဘိနိဟတော အဟံ·

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁။ ယက္ခ၊ အရှင်နတ်မင်း။ ဤဒံနဂရံ၊ ဤမြို့သည်၊ စတုဒ္ဒါရံ၊ တံခါးလေးခုရှိ၏။ အယသံ၊ သံဖြင့်ပြီးသော။ ဒဠ္ဍပါကာရံ၊ မြဲမြံသေးတံတိုင်းရှိ၏။ အဟံ၊ အကျွန်ုပ်ကို။ ဩရုဒ္ဓပဋိရုဒ္ဓါ၊ အတွင်း၌ထား၍ ထက်ဝန်းကျင်မှ တံတိုင်းဖြင့် ရံအပ်သည်၊ အသို့၊ ဖြစ်၏။ မယာ၊ အကျွန်ုပ်သည်။ ကိံ ပါပံ၊ အဘယ်မကောင်းမှုကို၊ ပကတံ၊ ပြုအပ်သနည်း။

၂။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဒ္ဝါရာ၊ တံခါးတို့ကို။ အပိဟိတာ၊ ပိတ်အပ်ကုန်သော။ ဒိဇော၊ ယထာ၊ ငှက်ကဲ့သို့။ အဟံ၊ အကျွန်ုပ်ကို။ ဩရုဒ္ဓါ၊ ထက်ဝန်းကျင်မှ ပိတ်အပ်သည်၊ အသို့၊ ဖြစ်၏။ ကိံ အဓိကရဏံ၊ အဘယ်အကြောင်းကြောင့်။ အဟံ· အကျွန်ုပ်ကို။ စက္ကာဘိနိဟတော၊ သင်ခုန်းစက်သည် နှိပ်စက်အပ်သနည်း။

www.dhammadownload.com

မိခင်ကို ကြောက်ကန်တွန်းထိုးခဲ့

ထိုအခါနတ်သားသည် မိတ္တဝိန္ဒကဆား အကြောင်းကို ဆိုအံ့သောဒုခ-
၃။ လဒ္ဓါ သဘာသဟာဿာနိ၊ အတီဒရကာနိ ဝီသတိ။
အနုကမ္မကာနံ ဉာတီနံ၊ ဝဲစနံ သမ္မ နာဂကရိ။
၄။ လဿံ့ သမုဒ္ဒံ့ ပက္ခန္ဒိ၊ သာဂရံ့ အပ္ပသိဒ္ဓိကံ။
စတုဇ္ဇိ အဋ္ဌဏ္ဏ ဂမာ၊ အဋ္ဌာဘိပိ စ သောဋ္ဌသ။
၅။ သောဋ္ဌသာဘိ စ ဗတ္တိံ့သ၊ အတြဲ့ဒ္ဓာ စက္က မာသဒါ။
ကွစ္ဆာဟတာသ ပေါသဿ၊ စက္ကံ့ ဘမတိ မတ္ထကေ။
၆။ ဥပရိ ဝိသာလံ့ ဒုပ္ပဓုံ၊ ကွစ္ဆာ ဝိသယ ဂါမိနိံ့။
ယေ စ တံ အနုဂိဇ္ဈန္တိ၊ တေ ဟာန္တိ စက္ကဓာရိနေ။
၇။ ဗဟုဘက္ဆဥ္ဆ ဩဟာယ၊ မဂ္ဂံ့ အပ္ပဋိဝေက္ခိယ။
ယေသံ စေတံ အသဒ္ဓါတာ၊ တေ ဟာန္တိ စက္ကဓာရိနေ။
၀။ ကမ္မံ သမေက္ခေ ဝိပုလဥ္ဆ ဘောဂံ၊
ကွစ္ဆိံ နသေဝေယျ အနတ္ထသဉ္ဇိတံ။
ကဒရယျ ဝါကျံ့ အနုဇာမဂ္ဂာနံ၊
တံ တာဒိသံ့ နာတိဝတ္တေယျစက္ကံ့-
ဟူသော ဤခြောက်ဂါထာတို့ကို ဆို၏။

၃။ သမ္မ၊ အချင်း မိတ္တဝိန္ဒက၊ တုံ၊ သင်သည်၊ အတိရေဇာနိ ဝီသတို့ သဟာဿာနိ၊ နှစ်သောင်းအလွန်ရှိကုန်သော၊ သတသဟာဿာနိ၊ တစ်သိန်းသော ဥစ္စာတို့ကို။ လဒ္ဓါ၊ ရ၍၊ အနုကမ္မကာနံ၊ အစဉ် သနားကုန်သော၊ ဉာတိနံ၊ ဆွေမျိုးတို့၏။ ဝစနံ၊ စကားကို၊ နာဇရိ၊ မလိုက်နာ။

၄။ လဿံ့၊ လှေကို တံပိုးအဟုန်ဖြင့် ခုန်စေခြင်းငှာ စွမ်းနိုင်သော။ သာဂရံ၊ ရတနာတို့၏ တည်ရာဖြစ်သော။ အပ္ပသိဒ္ဓိကံ၊ နည်းသော ပြီးစီးခြင်းရှိသော၊ သမုဒ္ဒံ့၊ သမုဒ္ဒရာသို့။ ပက္ခန္ဒိ၊ သွား၏။ စတုဇ္ဇိ၊ လေးယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့မူ။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့ကို။ အဋ္ဌဂမာ၊ ရ၏။ ဆဋ္ဌာဘိပိ စ၊ ရှစ်ယောက်ကုန်သော ဝေမာနိကာ ပြိတ္တာမတို့မူလည်း၊ သောဋ္ဌသ၊ တစ်ကျိပ်ခြောက်မယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့ကို၊ အဋ္ဌဂမာ၊ ရ၏။

၅။ သောဋ္ဌသာဘိ စ၊ တစ်ကျိပ်ခြောက်ယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့မူလည်း၊ ဗဟတ္တိံ့သ၊ သုံးကျိပ်နှစ်ယောက်ကုန်သော ဝေမာနိကာ

www.dhammadownload.com

ပြိတ္တဲ့ဝမတို့ကို။ ဆင်္ခုဂမဘ၊ ရ၏။ အတြဲ့ဝွေ့ဆ၊ အလွန်အလိုကြီးသော သင်္ခ သည်။ မဘုတုပဟရဏ အကုသလ နိဿန္ဒန၊ အမိကိုပုတ်ခတ်သော အကုသိုလ်ကံ၏ အကျိုးဖြင့်။ စက္ကံ၊ သင်ဓုန်းစက်သို့။ အာသဒေါ၊ ထောက်၏။ ဣစ္ဆာဟတဿ၊ အလိုသည် နှိပ်စက်အပ်သော။ ပေါသဿ၊ ယောကျ်း ဖြစ်သော သင်၏။ မတ္ထဆ၊ ဦးခေါင်းထက်၌။ စက္ကံ၊ သင်ဓုန်းစက်သည်။ ဘမတိ၊ လည်၏။

၆။ ယေ စ၊ အကြင်သူတို့သည်လည်း။ ဥပရိဝိသာလံ၊ အထက်ကျယ်ထသော။ ဒုပ္ပ္ဂုရုံ၊ ပြည့်နှိုင်ခဲသော။ ဣစ္ဆာဂို့သယဂါမိနံ၊ အလိုရှိရာသို့လိုက်သော။ တံ၊ ထိုတဏှာကို။ အနုဂိဒ္ဓါ၊ အဖန်တလဲလဲ တပ်စွန်းကုန်၏။ တေ။ ထိုသူတို့သည်။ စက္ကဓာရိနော၊ သင်ဓုန်းစက်ကို ဆောင်ရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၇။ တံ၊ သင်သည်။ ဗဟုဘဏ္ဍဥ္စ၊ များစွာသော ဥစ္စာကို လည်း။ ဩဟာယ၊ စွန့်၍။ မဂ္ဂံ၊ ခရီးကို။ အပဋိပဇ္ဇိဝေကွံယ၊ မဆင်ခြင်မူ၍။ ဂစ္ဆတိ၊ သွား၏။ ယေသံ စ၊ အကြင်သူတို့သည်လည်း။ အသဉ်္ဇတာ၊ မဆင်ခြင်ကုန်မူ၍။ တေမဂ္ဂံ၊ ထိုခရီးသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ တေ စ၊ ထိုသူတို့ဆည်လည်း။ စက္ကဓာရိနော၊ သင်ဓုန်းစက်ကို ဆောင်ရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၈။ ကမ္မံ၊ အမှုကို။ သမေဒက္ခ၊ ဆင်ခြင်ရာ၏။ ဝိပုလံ၊ ပြန့်ပြောသော။ ဘောဂဥ္စ၊ စည်းစိမ်ဥစ္စာကို လည်း။ သမေက္ခ၊ ဆင်ခြင်ရာ၏။ အနတ္ထသဉ္ဉိတံ၊ အကျိုးမဲ့နှင့်စပ်သော။ ဣစ္ဆံ၊ အလိုကို။ နု သေဝေယျ၊ မမှီဝဲရာ။ အနုဏာမကာနံ၊ အစဉ်သနားကုန်သော မိဘတို့၏။ ဝါက္ယံ၊ စကားကို။ ဘဇေရယျ၊ လိုက်နာရာ၏။ ဘာဒိသံ၊ ထိုသို့သဘာရှိသသူကို။ တံစက္ကံ၊ ထိုသင်ဓုန်းစက်သည်။ နာတိ ဝဓေတ္တာယျ-န အတိဝဓေတ္တာယျ၊ မနှိပ်စက် မလွန်မိုးရာ။

ကျနှိပ်ဘယ်လောက်ကြာ ခံရမလဲ

မိတ္တာဝိန္ဒကသည် ထိုဓာတကားကိုကြား၍ ''ဤနတ်ဃားသည် ငါပြုသော အမှုကို အမှန်အားဖြင့် သိ၏။ ဤနတ်သားသည် ငါ၏ ဆင်းရဲမှု လွတ်အံ့သော ကာလအတိုင်းအရှည်ကိုလည်း သိလတ္တံ့၊ နတ်ဆားကို မေးအံ့'' ဟု ကြံ၍-

www.dhammadownload.com

၉။ ကီဝ စိရံ နု မေ ယက္ခ၊ စက္ကံ သိရသိ ဌဿတိ။
ကတိ ဝဿ သဟဿာနိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော-
ဟူဒ္ဓသာ ကိုးခုဒ္ဓမြောက်သော ဤဂါထာကိုဆို၏။

၉။ ယက္ခ၊ ရှင်နတ်ခင်း။ စက္ကံ၊ သင်ဓနုန်းစက်သည်း ကီဝစိရံ၊ အဘယ်မျှကြာမြင့်စွာလျှင်း မေ၊ ငါ၏။ သိရသိ၊ ဦးခေါင်းဌ်။ ဌဿတိ၊ တည်လတ္တံ့နည်း။ ကတိဝဿသဟဿာနိ၊ အဘယ်မျှသော နှစ်အထောင်တို့ပတ်လုံး။ ဌဿတိ၊ တည်လတ္တံ့နည်း။ ပုစ္ဆိတော၊ မေးအပ်ဒသာ အရှင်နတ်မင်းသည်။ မေ၊ ငါ့အား။ တံ၊ ထိုအကြောင်းကို။ ဆက္ခာဟိ၊ ကြားလော့။

သင့်အကုသိုလ်ကံမကုန်သရွေ့.

ထိုအခါ ဘုရားလောင်းသည် မိတ္တဝိန္ဒကအား ဆိုလိုရှာ.

၁၀။ အတိသရော ပစ္စသရော၊ မိတ္တဝိန္ဒ သုဏောဟိ မေ။
စက္ကဓနံ သိရသိ မာဝိဒ္ဓံ၊ နု တံ ဇီဝံ ပမောက္ခသိ.
ဟူဒ္ဓသာ ဆယ်ခုဒ္ဓမြောက်သော ဤဂါထာကို ဆို၏။

၁၀။ မိတ္တဝိန္ဒက၊ မိတ္တဝိန္ဒဏ၊ ခမ၊ ငါ၏။ ဝဓနံ၊ စကားကို။ တုံ၊ သင်သည်။ သုဏောဟိ၊ နာလော့။ တုံ၊ သင်သည်။ အတိသရော၊ အလွန်ကြမ်းကြုတ်သော အမှုကို ပြုအပ်သည်၏အဖြစ်ကြောင့် အတိုင်းအရှည်မရှိသော ကာလပတ်လုံး အလွန်ကြီးသော ဆင်းရဲကို အောက်မေ့ရလတ္တံ့။ ပစ္စသရော၊ အဖန်တလဲလဲ အလွန်ကြီးသောဆင်းရဲကို အောက်မေ့ရလတ္တံ့။ တော၊ သင်၏။ သိရသိ၊ ဦးခေါင်းဌ်။ စက္ကံ၊ သင်ဓနုန်းစက်သည်း အာဝိဒ္ဓံ၊ အိုးထိန်းစက်ကဲ့သို့ လည်၏။ တံ၊ ထိုသင်ဓနုန်းစက်ကို။ တုံ၊ သင်သည်။ ဇီဝံ၊ ကံ၏အကျိုး မကုန်သရွေ့ ကာလပတ်လုံး အသက်ရှည်လျက်။ နု ပမောက္ခသိ၊ မလွတ်စေနိုင်လတ္တံ့။

နတ်သားသည် ဤစကားကိုဆို၍ မိမိနေရာအရပ်သို့လျှင် သွား၏။ မိတ္တဝိန္ဒကသည်လည်း ကြီးစွာသော ဆင်းရဲကို ခံရ၏း

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ဆုံးမခံသော ရဟန်းသည် ထိုအခါ မိတ္တဝိန္ဒက

www.dhammadownload.com

ဖြစ်ပြီ၊ ယခုအခါငါဘုရားသည်လျှင် ထိုအခါနတ်မင်းဖြစ်ပြီ''ဟုဇာတ်ကို ပေါင်းတော်မူ၏။

(ချစ်ခင်ဃနား၊ မိဘအား၊ စကားနားထောင်ရာ။)

ရှေးဦးစွာသေခ စတုဒ္ဒါရ ဇာတ်ဆယ် ပြီး၏။

၂-ကဏ္ဍဇာတ်

အကျင့်ကောင်းခြင်းသည် အဆင်းလှပခြင်းပင် မည်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွနေသာ လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''တက္ကောဝတာယံ''-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏ္ဍဇာတ်ကို ကုပ္ပိလဝတ်ပြည်ကို အမှီပြု၍ နိဂြောဓာရုံကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ပြုံးတော်မူခြင်းကို အားကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ညချမ်းအချိန်ဝယ် နိဂြောဓာရုံကျောင်းတော်၌ ရဟန်း သံဃာခြံရုံလျက် စကြံကြွသွားတော်မူလတ်သည်ရှိသော် မဆင်ရွှေးသော အရပ်၌ ပြုံးခြင်းကိုပြုတော်မူသတတ်၊ အရှင်အာနန္ဒာမစဆရာသည် ''သဗ္ဗညုမြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်သို့နည်း၊ သဗ္ဗညုမြတ်စွာဘုရားရှင်ကို မေးလျှောက်အံ့''ဟု လက်အုပ်ချီ၍ ပြုံးတော်မူခြင်း၏ အကြောင်းကို မေးလျှောက်၏။

ထိုအခါ အရှင်အာနန္ဒာမစဆရာသည် သဗ္ဗညုမြတ်စွာဘုရားသည် ဖြစ်ဖူးသောဇာတ်ကို ဟောတော်မူ၏။ ''အာနန္ဒာ....ကဏ္ဍမည်သော ရထေ့သည် ဖြစ်ဖူး၏၊ ထိုရထေ့သည် ဤအရပ်၌ဈာန်ဖြင့် မွေ့လျော်သည်ဖြစ်၍နေ၏။ ထိုရထေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်၏''ဟု ပြုံးခြင်း၏အကြောင်းကိုမိန့်တော်မူ၍ ထိုဝတ္ထုသည် မတင်ရှားသည်၏ အဖြစ်ကြောင့် ထင်ရှားဖြစ်စိမ့်သောငှာ အရှင်အာနန္ဒာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော ဥစ္စာမရှိသော တစ်ယောက်သော ပုဏ္ဏားသည် သီလကိုဆောက်တည်၍ ဆားဆုတောင်းသည် ရှိသော် ဘုရားလောင်းသည် ထိုပုဏ္ဏား၏ ပုဏ္ဏားမ ဝမ်း၌ဖြစ်၏။

ကဏ္ဍသတို့သား

မည်းသောအဆင်းရှိသည်၏ အဖြစ်ကြောင့်ကား ဘုရားလောင်းအား အမည်မှည့်သောနှင့် "ကဏ္ဍသတို့သား" ဟူသောအမည်ကို မှည့်ကုန်၏။ ထိုကဏ္ဍသတို့သားသည် တစ်ဆယ့်ခြောက်နှစ်ရှိသောဆာလ မြဆင်းတုံ့ဝဲသို့ တင့်တယ်ခြင်းရှိ၏။ အဘသည် အတတ်ကို သင်စိမ့်သောငှာ စေလွှတ်အပ်သည်ဖြစ်၍ တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်ပြီး၍ ပြန်လည်၏။

အလှူကြီးပေး၍

ထိုအခါ ကဏ္ဍသတို့သားကို အဘသည် လျောက်ပတ်သော ယောနှင့် ယှဉ်စေ၏။ ထိုကဏ္ဍသတို့သားသည် မိဘတို့၏ လွန်သောကာလ၌ ခပ်သိမ်းသော ဥစ္စာ စည်းစိမ်ကို စီရင်၏။ တစ်နေ့သ၌ ရတနာ ကျီကျ တို့ကို ကြည့်၍ ပလ္လင်၏ အလယ်၌နေ၍ ရွှေပေကံဆောင်ခဲ့စေ၏။ ဤမျှသော ဥစ္စာတို့ကို ဤအမည်ရှိသောသူသည် ဖြစ်စေအပ်၏။ ဤသို့ ရှေးဦးဖြစ်ကုန်သော အမျိုးတို့သည် ရွှေဇွန်း ရေးအပ်ကုန်သော အကွဲရာတို့ကို ကြည့်၍ အကြင်သူတို့သည် ဤဥစ္စာကိုဖြစ်စေအပ်၏၊ ထိုသူတို့သည် မထင်ကုန်၊ ဥစ္စာသည်သာလျှင် ထင်၏။ ဤဥစ္စာကို ယူ၍သွားသော တစ်ယောက်သောသူမည်သည်လည်း မရှိ။ ဥစ္စာထုပ်ကို တမလွန်သို့ ယူအံ့သောငှာ တစ်စုံတစ်ယောက်သောသူသည်မစွမ်းနိုင်။ မင်း, ခိုးသူ, မီး, ရေ, မချစ်သောသူရန်သူမျိုးငါးပါးတို့၏ ဆက်ဆံသည်၏အဖြစ်ကြောင့် အနှစ်မရှိသော ဥစ္စာ၏ အနှစ်ကား အလှူ ပေးခြင်းလျှင်တည်း။ များစွာသော ဆွေဂါတို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် အနှစ်မရှိသောကိုယ်၏အနှစ်သည်ကား သီလရှိကုန်သောသူတို့၌ ရှိခိုးခြင်းအစရှိသော အဖြစ်လျှင်တည်း၊ အနိစ္စတာသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် အနှစ်မရှိသော၊ အသက်၏ အနှစ်

www.dhammadownload.com

သည်ကား အနိစ္စ အစရှိသည်တို့၏ အစွမ်းအာဒေးဖြင့် ဝိပဿနာစီးဖြန်းခြင်း လျှင်တည်း။ ထို့ကြောင့် ''ငါသည် အနှစ်မရှိကုန်သော ဥစ္စာ တို့မှ အနှစ်ကို ယူအံ့သောငှာ အလှူကို ပေးအံ့'' ဟု ကြံ၏။ ကြံပြီးလျှင် ထိုကဏ္ဍမည်သော ဘုရားဒလောင်းသည် နေရာမှထ၍ မင်း၏ အထံသို့သွား၍ မင်းကို ပန်၍ အလှူကြီးပေးခြင်းကိုဖြစ်စေ၏။

ရသေ့ဝတ်ပြု

ခုနစ်ရက်တိုင်အောင် ဥစ္စာတို့၏ မကုန်ခြင်းတို့ကိုမြင်၍ ''ဥစ္စာဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ အိုခြင်းတရားသည် ငါ့ကို မနှိပ်စက်မီ ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကိုဖြစ်စေ၍ ငြိဟ္မာန်ပြည်သို့ လားအံ့'' ဟုကြံ၍ အိမ်၌ ခပ်သိမ်းသော တံခါးတို့ကိုဖွင့်စေ၍ ''ငါလှူအပ်သည်ဟာ လျှင်ဖြစ်၏၊ ဆောင်ယူစေကုန်သတည်း'' ဟု ဆို၍ စေင်ကိုစက်ဆုပ်သကဲ့သို့ ဝတ္ထုဧကာဒမတို့ကိုပယ်၍ လူများငိုကြွေးစဉ် မြို့မှထွက်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် မိမိဓနရာ အကျိုးငှာ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့ကိုကြည့်လျက် ''ဤအရပ်သို့ဆောက်၍ ဤအရပ်၌နေအံ့'' ဟု တစ်ခုံသော ဣန္ဒာဝါရုဏိ မည်သော သစ်ပင်ကို ဆွမ်းခံရွာပြု၍ ဆဓိဌာန်၍ ထိုသစ်ပင်ရင်း၌လျှင်နေ၏။ ရွာနီးကျောင်းကိုပယ်၍ အာရညကင် ဆောက်တည်၏။ သစ်ရွက်မိုးသောကျောင်းကို မပြုမူ၍ ရုက္ခမူ ဆောက်တည်၏၊ အင်္ဂေါတာသိကကို ဆောက်တည်၏၊ နိသင်္ဓဝုတင်ကို ဆောက်တည်၏၊ အကယ်၍ ဆိပ်ငြားအံ့၊ မြေ၌သာလျှင်အိပ်၏၊ သွားဟူသော ကျည်ပွေ့ရှိသည်ဖြစ်၍ မီးဖြင့်မချက်သော အာဟာရတို့ကိုလျှင် စား၏။ ယလေးမုယော အစရှိသော တစ်စုံတစ်ခုသော အာဟာရကိုမစား။ တစ်နေ့၌ တစ်ကြိမ်သာလျှင်စား၏။ ကောသနိုက်ဆောက်တည်၏။ မြေဝယ်ပြန့်သော အားထုတ်၌ အရိပ်ကဲ့သို့ အသက်အပိုင်းအခြား ရှိသည်ဖြစ်၍ ထိုမျှလောက်ကုန်သော ထိုဓုတင်တို့ကို ဆောက်တည်၍နေ၏။

အကျင့်ပြင်းထန်

ဤဆဏ္ဍဇာတ်၌ ဘုရားဒလေးင်းသည် အလွန် အလိုနည်းသတတ်၊ ထိုဘုရားဒလောင်းသည် မကြာမြင့်မီလျှင်အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် ထိုအရပ်၌လျှင်နေ၏၊ သစ်သီးကြီးငယ်

www.dhammadownload.com

အကျိုးငှာလည်း တစ်ပါးအရပ်သို့မသွား။ သစ်ပင်၏ အသီးသီးသော ထာလင်္ဂ် သစ်သီးကိုစား၏၊ ပုဉ်သောကာလ၌ အပုဉ်ကိုစား၏၊ အရွက်ဖြစ်သောကာလ၌ အရွက်ကိုစား၏၊ အရွက်မရှိသောကာလ၌ အပွေးကိုစား၏။ ဤသို့ မြတ်သော ရောင့်ရဲခြင်းရှိသည်ဖြစ်၍ ဤအရပ်၌ ကြာမြင့်စွာနေ၏။ ထိုဘုရားလောင်းသည် တစ်နေ့သ၌ နံနက်အခါသစ်ပင်၏ မူလ်သောအသီးတို့ကိုယူ၏။ ယူသော်လည်း လောဘ၏ အစွမ်းအားဖြင့် ကျက်စားခြင်းရှိသဖြင့် ထ၍ တစ်ပါးသောအရပ်၌မယူ၊ ထိုင်မြဲတိုင်းလျှင် လက်ကိုဖြန့်၍ လက်ဖြန့်ရာအရပ်၌ တည်ကုန်သော အသီးတို့ကို ယူ၏။ ထိုလက်လှမ်းမီသော အသီးတို့တွင်လည်း နှစ်သက်ဖွယ်ရှိသော အသီးတို့ကို မစွန့်မူ၍ ရတိုင်း ရတိုင်းသော အသီးကိုသာလျှင် ယူ၏။

သိကြားမင်းလာပြီး

ဤသို့ အလွန်မြတ်သော ရောင့်ရဲခြင်းရှိသော ထိုဘုရားလောင်း၏ သီလတန်ခိုးအားဖြင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသောအခြင်းအရာကိုပြ၏။ ပဏ္ဍုကမ္ဗလာသည် သိကြားမင်း၏ အာသက်ကုန်သဖြင့်လည်း ပူသည်ဖြစ်သတတ်။ ကောင်းမှုကုန်သဖြင့်လည်း ပူသည်ဖြစ်သတတ်။ တစ်ပါးသော အာနုဘော်ကြီးသော်သူသည် ထိုသိကြားအရာကို တစင့်တသဖြင့်လည်း ပူသည်ဖြစ်သတတ်၊ တရားစောင့်ကုန်သော ကြီးသောတန်ခိုးရှိသော ရဟန်းပုဏ္ဏားတို့၏ သီလ တန်ခိုးအားဖြင့်လည်းကောင်း၊ ဒါနတန်ခိုးအားဖြင့် လည်းကောင်း ပူသည် ဖြစ်သတတ်။ သိကြားမင်းသည် "ငါ့ကို အာဘ၀်သူသည်လျှင် နေရာမှ ရွေ့စေလိုသနည်း" ဟု ဆင်ခြင်၍ ဤအရပ်၌ သစ်သီးတို့ကို ဆွတ်ယူလျက်နေသော ကက္ခဏသေ့ကို မြင်၍ "ဤရသေ့သည် ပြင်းထန်သော အကျင့်ရှိ၏။ ကောင်းစွာထားအပ်သော ဣန္ဒြေရှိ၏၊ ဤရသေ့ကို တရားဟောစေသဖြင့် မြတ်သော အသံကို ဖြစ်စေ၍ ချမ်းသာခြင်း၏ အားကြောင်းကို ကြားစေ၍ ဆုပေးသဖြင့် နှစ်သက်စေ၍ ဤသစ်ပင်ကို အမြဲသီးသောအသီး ရှိသည်ကိုပြု၍ လှူအံ့" ဟု ကြံ၏။

အမည်းအနက်ကို မကြည်ညို

ကြံပြီး၍ ထိုသိကြားမင်းသည် ကြီးစွာသော အာနုဘော်ဖြင့် လျှင်မြန်စွာ ဆင်းသက်၍ ထိုသစ်ပင်ရင်းဝယ် ကက္ခဏသေ့၏ နောက်အဖို့၌

www.dhammadownload.com

ရပ်၍ "မိမိ၌ ကျေးဇူးမဲ့ကို ဆိုသည်ရှိသော် "အမျက်ထွက်လတ္တံ့လော၊ မထွက်လတ္တံ့လော"ဟု စုံစမ်းလိုရကား-

၁၁။ ကဏ္ဍော ဝတာ ယံ ပုရိသော၊ ကဏ္ဍံ ဘူတိ ဘောဇနံ။
ကဏ္ဍော ဘူမိပ္ပဒေသသ္မိံ၊ နု မယ္ဟ မနာသာ ပိယော-

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၃။ ဝတာ၊ စင်စစ်။ ကဏ္ဍော၊ မည်းသော အဆင်းရှိသော။ ဆယံ ပုရိသော၊ ကျယောကျား သည်။ ကဏ္ဍံ၊ မည်းနက်သော။ ဘူမိပ္ပဒေသသ္မိံ၊ မြေအရပ်၌။ ကဏ္ဍံ၊ မည်းနက်သော အဆင်းရှိသော။ ဘောဇနံ၊ သစ်သီး ဆာစကို။ ဘုဉ္ဇတိ၊ စား၏။ မယ္ဟ၊ ငါ၏။ မနသော၊ စိတ်သည်။ နု ပိယော၊ မချစ်။

တရားဟောပြီ

ဤကဲ့ရဲသော သည် သိကြားမင်း၏စကားကိုကြား၍ ဆာဘုယ်သူသည်လျှင် ငါနှင့်တကွ ပြောဆိုသနည်းဟု ဒိဋ္ဌစကွဲဖြင့် ကြည့်လတ်သော် သိကြားဟု သိ၍ ပြန်၍ ဓကြည့်မူ၍လျှင်-

၁၂။ နု ကဏ္ဍော တစသာ ဟောတိ၊
အန္တော သာရော ဟိ ဗြာဟ္မဏော။
ယသ္မိံ ပါပါနိ ကမ္မာနိ၊ သဂေဝ ကဏ္ဍော သုဇံပတိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၁၂။ သုဇံပတိ၊ သုဇာနတ်သမီး၏လင်။ တစသာ၊ အဆင်းအရေဖြင့်။ ကဏ္ဍော၊ မည်းနက်ခြင်းသည်။ နု ကဏ္ဍော၊ မည်းနက်ခြင်းမမည်။ ဟိသစ္စံ၊ မှန်၏။ အန္တောသာရော၊ အတွင်း၌ သီလ သမာဓိ အစရှိသော အနှစ်တို့နှင့် ပြည့်စုံသာသူသည်။ ဗြာဟ္မဏော၊ ဗြာဟ္မဏမည်သည်၊ ဇဟာတိ၊ ဖြစ်၏။ ယသ္မိံ၊ အကြင်သူ၌၊ ပါပါနိ ကမ္မာနိ၊ မကောင်းမှုကံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဒသ၊ ထိုသူသည်၊ ဇေ၊ စင်စစ်။ ကဏ္ဍော၊ မည်းနက်၏။

ဤသို့ဆိုပြီး၍ သတ္တဝါတို့၏ မည်းသောအဖြစ်ကို ပြုတတ်ကုန်သော ကံတို့ကို ဘဝဝ အစရှိကုန်သော ကံအပြားတို့ဖြင့် အကျယ်ခဲ့၍ သီလအစရှိကုန်သော ကျေးဇူးတို့ကို ချီးမွမ်း၍ ကောင်းကင်၌ လ,ကိုထင်စေသကဲ့သို့ သိကြားအား တရားဟော၏။

www.dhammadownload.com

သိကြွားမင်းဆုပေး

သိကြွားမင်းသည် ဘုရားလောင်း၏ တရားစကားကို နာရရှိ၍ နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ဘုရားလောင်းကို ဆုဖြင့် ဖိတ်လိုရကား-

၁၃။ တေသ္မိ တေ သုလပိတေ၊ ပတိရူပေ သုဘာသိတေ။
ဝရံ ပြဓဟ္မဏ တေ ဒမ္မိ၊ ယံကိဉ္စိ မနသိစ္ဆသိ-

ဟူသော သုံးခုမြောက်သော ဤဂါထာကိုဆို၏။

၁၃။ ပြာဟ္မဏ၊ မဏောင်းမှုကိုအပပြုသောရှင်ရသေ့။ တေ၊ ရှင်ရသေ့သည်။ တေသ္မိ၊ ထိုစကားကို။ သုလပိတေ၊ ကောင်းစွာ မိန့်ဆိုအပ်သည် ရှိသော်။ ပတိရူပေ၊ လျောက်ပတ်သောစကားကို။ သုဘာသိတေ၊ ကောင်းစွာဆိုအပ်သည်ရှိသော်။ ယံကိဉ္စိ၊ အမှတ်မရှိသော ဆုကို။ တွံ၊ သင်သည်။ မနသာ၊ စိတ်ဖြင့်။ ဣစ္ဆသိ၊ အလိုရှိ၏။ တံ ဝရံ၊ ထိုဆုကို။ တေ၊ သင့်အား။ ဒမ္မိ၊ ပေး၏။

ယူလိုသောဆု ၄-ပါး

ဘုရားလောင်းသည် ထိုစကားကိုကြား၍ သိကြွားမင်းသည် "မိမိကျေးဇူးမဲ့ကို ဆိုသည်ရှိသော် အမျက်ထွက်လတ္တံ့လော၊ မထွက်လတ္တံ့လောဟု စုံစမ်းလျက် ငါ၏ အာရုံအဆင်းကို လည်းခံစားင်း, အစာကို လည်းကောင်း, နေရာကိုလည်းကောင်း ကဲ့ရဲ့၍ ယခု ငါ၏ အမျက်မထွက်သော အဖြစ်ကိုသိ၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ဆုကိုးပး၏၊ ဤသိကြွားမင်းသည် ငါ့ကို သိကြွားစည်းစိမ်, ပြဟ္မာ့စည်းစိမ်တို့၏ အကျိုးငှာ မြတ်သောအကျင့်ကို ကျင့်၏ ဟူ၍လည်း ထင်မှတ်ရာ၏၊ ထို့သို့ ထင်မှတ်ရာ၌ သိကြွားမင်းအား ယုံမှားကင်းစေခြင်းငှာ အမျက်ထွက်ခြင်း, ပြစ်မှားခြင်းတို့သည် ငါ့အား မဖြစ်စေကုန်သတည်း၊ သူ့စည်းစိမ်၌ တပ်စွန်းခြင်းသည်လည်း ငါ့အား မဖြစ်ခဲ့စသတည်း၊ သူတစ်ပါးတို့၌ ချစ်ခြင်းသည်လည်း ငါ့အား မဖြစ်ခဲ့စသ ဘည်း၊ လျစ်လျူရှု၍သာလျှင် ငါသည် နေနိုင်လို၏ ဟု ဤလေးပါးကုန်သော ဆုတို့ကို ငါသည် ယူခြင်းငှာသင့်၏" ဟု ကြံပြီး၍ ထိုဘုရားလောင်းသည် သိကြွားမင်းအား ယုံမှားကင်းစေခြင်း အကျိုးငှာ လေးပါးကုန်သော ဆုတို့ကို ယူလို၍-

www.dhammadownload.com

၁၄။ ဝရဉ္ဇေ မေ အဒေါ် သက္ကာ၊ သမ္ဗဘူတာနု မိဿရ။
သုနိက္ကောဓံ သုနိဒ္ဒေါသံ၊ နိလ္လောဘံ ဝုတ္တိ မတ္တနော။
နိဿဟ မဘိကခ်ါမိ၊ တေ မေ စတုရော ဝရေ-
ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၄။ သမ္ဗဘူတာနုံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို၊ ဣသရ၊ အစိုးရသော။ သက္က၊ သိကြားမင်း။ မေ၊ ငါ့အား။ ဝရံ၊ ဆုကို။ တုံ၊ သင်သည်။ စေ အဒေါ်၊ အဆယ်၍ ပေးငြားအံ့။ အဟံ၊ ငါသည်။ သုနိက္ကောဓဉ္စ၊ အလွန်အမျက်ထွက်ခြင်း မရှိသော အဖြစ်ကို လည်းကောင်း။ သုနိဒ္ဒေါသဉ္စ၊ အလွန်ပြစ်မှားခြင်း မရှိသော အဖြစ်ကို လည်းကောင်း။ နိလ္လောဘဉ္စ၊ လောဘမရှိသော အဖြစ်ကိုလည်းကောင်း။ နိဿဟဉ္စ၊ ချစ်ခြင်းမရှိသော အဖြစ်ကိုလည်းကောင်း။ အတ္တနော၊ မိမိ၏။ ဇေဋ္ဌပုံ၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော သဘောရှိသော။ ဝုတ္တိံ၊ ဖြစ်ခြင်းကို။ အဘိကခ်ါမိ၊ အလိုရှိ၏။ မေ၊ ငါ့အား။ စတုရော၊ လေးပါးကုန်သော။ ဇေတဝရေ၊ ထိုဆုတို့ကို။ ဒေဟိ၊ ပေးလော့။

လောဘ, ဒေါသတို့အပြစ် ဘာလဲ

ဤသို့ ဘုရားလောင်းသည် "အကြင်အခြင်းဖြင့် သိကြားမင်း၏ အထံ၌ ဆုကိုယူ၍ ပေးသဖြင့် အမျက်ထွက်ခြင်း အစရှိသည်တို့ကို ပယ်ခြင်းငှာ မတတ်ကောင်း ဟူ၍ မသိလောဟူမူကား မသိသည်မဟုတ်၊ သိသည်သာလျှင် ဖြစ်၏၊ သိငြားခဲသော်လည်း သိကြားမင်းသည် ဆုပေးသည်ရှိသော် ဆုကို ဝါမယူဟု ဆိုခြင်းသည် မလျောက်ပတ်၊ ထို့ကြောင့် သိကြားမင်းသည် ယုံမှားကင်းစေခြင်း အကျိုးငှာ ထိုအခြင်းဖြင့် ဆုကိုယူ၏။ ထိုနောင်မှ သိကြားမင်းသည်လည်း ကဏှပညာ ရှိသည့် ဆုကိုယူသည်ရှိသော် အလွန်လျှင် အပြစ်ကင်းကုန်သော ဆုကိုယူ၏၊ "ထိုဆုတို့၌ ကျေးဇူးအပြစ်ကို ဏှပညာရှိကိုလျှင် ဓမ်းအံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုဏှပညာရှိကို မေးလိုသော သိကြားမင်းသည်-

၁၅။ ကိံ နု ကောဓေ ဝါ ဒေါသေ ဝါ၊
လောဘေ သ္နေဟေ စ ဗြာဟ္မဏ။
ဏာဓီနဝံ တုံ ပဿသိ၊ တံ မေ ဏက္ခာဟိ ပုစ္ဆိတော-
ဟူသော ငါးခုမြောက်သော ဂျိဂါထာကို ဆို၏။

www.dhammadownload.com

၁၅။ ပြောဟူကာ၊ မဒကောင်းမှုတို့ကို အာပဇ္ဇိပြီးခဲသော ရှင်ရသေ့။ တုံ၊ သင်သည်၊ကောဓေ ဝါ၊ အမျက်ထွက်ခြင်း၌လည်းကောင်း။ ဒေါသေ ဝါ၊ ပြစ်မှားခြင်း၌သည်းကောင်း။ လောဘေ စ၊ တပ်စွန်းခြင်း၌လည်းကောင်း။ ဧသ္မဟေ စ၊ ချစ်ခြင်း၌လည်းကောင်း။ ကိံ နု အာဒီနဝံ၊ အဘယ်အပြစ်ကို။ ပဿသိ၊ မြင်သနည်း။ ပုစ္ဆိတော၊ မေးအပ်သော။ တုံ၊ သင်သည်။ မေ၊ ဝိဿာဒး။ တံ၊ ထိုအပြစ်ကို။ အက္ခာဟိ၊ ဆိုလော့။

လောဘတို့ အပြစ်များ

ထိုအခါ သိင်္ဂြီးမင်းကို ဘုရားသောင်းသည် ''သိင်္ဂြီး....ထိုသို့တပြီ။ ကဒး နုဘေသေ့'' ဟု ဆို၍-

၁၆။ အပေါ် ဟုတ္တာ ဗဟု ဟောတိ၊ ဝဓုတ ဒေသာ အာခန္တီဇော။
အာသင်္ကီ ဗဟုပါယာသော၊ တသ္မာ ကောဓံ နု ဇရော စဇယ။

၁၇။ ဒုဋ္ဌဿ ဖရုသာ ဝါစာ၊ ပရာမာသော အနုန္တုရော။
တတော ပါဏိ တတော ဒဏ္ဍော၊ သတ္ထဿ ပရာမသတိ။
ဒေါသော ကောဓသမုဋ္ဌာနော၊ တသ္မာ ဒေါသံ နု ဇရော စဇယ။

၁၈။ အာလ္လာပ သာဟသာကာရာ၊ နိကတီ ဝဉ္စနာနိ စ။
ဒဿန္တိ လောဘော ဓမ္မသု၊ တသ္မာ လောဘံ နု ဇရော စဇယေ။

၁၉။ တဇ္ဇဿ ဟ သင်္ကိသာ ဂန္ဓာ၊ သေန္တိ မနော့မယာပုထု။
ဧတ ဘုသံ ဥပတာပေန္တိ၊ တသ္မာ ဧဿဟံ နု ဇရော စဇယေ-

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

ဒေါသအပြစ်

၁၆။ ဝါသဝ၊ သိင်္ဂြီးမင်း။ အာခန္တီဇော၊ သည်းမခံခြင်းကြောင့် ဖြစ်သော၊ သော ကောဓော၊ ထိုအမျက်ထွက်ခြင်းသည်ကား။ အာပါ ဟုတ္တာ၊ ရှေးဦးစွာ အနည်းငယ်သာဖြစ်၍၊ ဗဟုဟောတိ၊ နောက်ပြီးတစ် ခါ များစွာဖြစ်တတ်၏။ ဝဓုတ၊ အဆင့်ဆင့် ပွားတတ်၏။ အာသင်္ကီ၊ ကပ်ငြိခြင်းကို ပြုတတ်၏။ ဗဟုပါယာသော၊ မျှားသောကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်၏။ တသ္မာ၊ ထိုသို့မျှားစွာသော အပြစ် ရှိသော်ကြောင့်၊ ကောဓံ၊ အမျက်ထွက်ခြင်းကို။ အဟံ၊ သည်။ နု ဇရော စဇယေ၊ မနှစ်သက်။

ဒီ. ၃၆.၅၅၀(ဆတွဲ)

www.dhammadownload.com

ကောဓအပြစ်

၁၇။ သဟာဿကို၊ တစ်ထောင်သောသူတို့ ကြံအပ်သော အနက်ကို စာစ်ခဏခြင်း သိမြင်စွမ်းနိုင်သော ပညာမျက်စိ ရှိသော။ ဒေဝိန္ဒ၊ သိကြား မင်း။ ယော ဒေါသော၊ အကြင်ဒေါသသည်။ ကောဓသမုဋ္ဌာနော၊ ကောဓကြောင့် ဖြစ်၏။ တေန ဒေါသေန၊ ထိုသို့ပြစ်မှားခြင်း လက္ခဏာ ရှိသော ဒေါသဖြင့်။ ဒုဋ္ဌဿ၊ အမျက်ထွက်ပြီး၍ နောက်အဖို့၌ ဖြစ်မှားသော သူအား။ ဖရုသဝါစာ၊ ကြမ်းကြုတ်ရှုန့်ရင်းသောစကားကို ဆိုတတ်သည်။ ဟောတိ၊ ၏။ အနန္တရာ၊ ကြမ်းကြုတ်သော စကားကို ဆိုပြီးသည်၏ အခြားမဲ့၌။ ပရာမာသော၊ ဆဲငေါ်ခြင်းစသည်ဖြင့် ထိပါးတတ်သည်။ ဟောတိ၊ ဖြစ်၏။ အနန္တရာ၊ ထိပါးသည်၏ အခြားမဲ့၌။ ပါဏိ၊လက်ဖြင့် ပုတ်ခတ်တတ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုသို့ လက်ရောက်ပြီး သည်မှ။ ဒဏ္ဍော၊ တုတ် လှံတံဖြင့် ပုတ်ခတ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို တုတ် လှံတံဖြင့် ပုတ်ခတ်ပြီးသည်မှ။ သတ္ထဿ၊ ဓားလက် နက်ကို။ ပရာမသတိ၊ သုံးသပ်ကိုင်စွဲတတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ မျှားသောအပြစ်ရှိသောကြောင့်။ ဒေါသံ၊ ပြစ်မှားခြင်းဒေါသကို။ န ရောစယေ၊ ငါမနှစ်သက်။

လောဘအပြစ်

၁၈။ မဃဝ၊ သိကြားမင်း။ အာလောပ သာဟသာ၊ အာရာ စ၊ ရွာကို လုယက်ခြင်း ၌၌ မား လှံ ထင်ထား၍ အနိုင်အထက်ပြု၍ယူခြင်း၊ တို့သည်လည်းကောင်း။ နိကတိဝဉ္စနာနိစ၊ အတုကိုပြု၍ လှည့်စားခြင်း အခြောင်း၌ လိမ္မာသည်၏အဖြစ်ဖြင့် သူတစ်ပါးဥစ္စာကို လှည့်ပတ်၍ယူ ခြင်းဟူသော လှည့်စားခြင်းတို့သည်လည်းခေါင်း။ လောဘဓမ္မေသု၊ သူ့ စည်းစိမ်ကိုတပ်မက်သော လောဘရှိသော သူတို့၌။ ဒိဿန္တိ၊ ထင်ကုန်၏။ တသ္မာ၊ ထိုသို့ မျှားသော အပြစ်ရှိသောကြောင့်။ လောဘံ၊ လောဘကို။ န ရောစယေ၊ ငါမနှစ်သက်။

တဏှာအပြစ်

၁၉၊ သက္က၊ သိကြားမင်း။ ဣဿသင်္ဂီတာ၊ သက်ရှိ သက်မဲ့ဖြစ် သော သတ္တဝါသင်္ခါရတို့၌ စေးကပ်ငြိတွယ်ခြင်း လက္ခဏာရှိသော တဏှာ

www.dhammadownload.com

ဟူသော အားစးဖြင့် စေးကပ် ငြိတွယ်ကုန်သော။ မနောဓာတ်ယာ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ပုထူ၊ မျှားကုန်သော၊ ဂန္ဓဗ္ဗာ၊ အာဘိဿွာကာယဂန္ဓဗ္ဗ အစရှိကုန်သော အကုသိုလ်တရားတို့သည်။ အာရုံမှားကာသူ၊ သတ္တဝါ သခ်ါရဟူ ဆိုအပ်သော အာရုံတို့ဦး။ သေန္တိ၊ အဖန်တလဲလဲ ဖြစ်ကုန်၏။ တဂန္ဓာ၊ ထိုသတ္တဝါ သခ်ါရတို့ဦး တပ်တတ်သော တဏှာနှင့်စပ်သော အာဘိဿွာကာယဂန္ဓဗ္ဗ အစရှိတာ အကုသိုလ်တရားတို့သည်။ ဘုသံ့၊ ပြင်းစွာ။ သတ္တေ၊ သတ္တဝါတို့ကို။ ဥပတာပေန္တိ၊ ပူပန်စေတတ်ကုန်၏။ တသ္မာ၊ ထိုသို့ မျှားစွာသော အပြစ်ရှိသောကြောင့်။ သ္မေ ဟံ၊ အာဘိဿွာကာယဂန္ဓဗ္ဗ အစရှိသည်တို့၏ အကြောင်းဖြစ်သော တဏှာဟူသော သ္မေဟကို၊ နဇ္ဇေစယေ၊ ငါမနှစ်သက်၊

တခြားဆိုလည်းယူပါဦး

သိကြားမင်းသည် ဖြေအပ်သော ပြဿနာကိုကြား၍ ''ကဏှပညာရှိသည် ဤပြဿနာတို့ကို ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် ဖြေအပ်ကုန်ပြီ၊ ငါစသည် အလွန်လျင် ရှင်ရသေ့အား နှစ်သက်သည်ဖြစ်၍ တစ်ပါးသော ဆုကို ယူလော့'' ဟု ဆိုလို၍-

၂၀။ ဘော သို့ တေ သုလပိုတေ၊ ပတိရူပ သုဘာသိတ၊
ဝရံ ဗြာဟ္မဏ တ ဒမ္မိ၊ ယံကိဉ္စိ မနသိ စ္ဆသိ.

ဟူသော ဆယ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂၀။ ဗြာဟ္မဏ၊ မဒကာင်းမှုကို အားပြုပြီး သာရှင်ရသ့။ သုဘာသိတ၊ကောင်းစွာဟောအပ်သော။ ပတိရူပ၊ ရှင်ရသ့တို့အား လျောက်ပတ်သော၊ ဘော်သို့ ဓနမှ၊ ထိုကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် စပ်သော တရားကို။ တေ၊ ရှင်ရသေ့သည်။ သုလပိုတေ၊ ကောင်းစွာ ဟောအပ်သည်ရှိသော်။ အဟံ၊ ငါသည်။ ယသ္မာ၊ အကြင်ကြောင့်။ ပသဒ္ဓာ၊ ကြည်ညို၏။ တသ္မာ၊ ထိုသို့ကြည်ညိုသောကြောင့်။ ယံကိဉ္စိ၊ အမှတ်မရှိသော အကြင်အကြင်ဆုကို၊ မနသာ၊ စိတ်ဖြင့်။ ဣစ္ဆသိ၊ အလိုရှိ၏။ တံဝရံ၊ ထိုဆုကို၊ တေ၊ ရှင်ရသေ့အား။ အဟံ၊ ငါသည်။ ဒမ္မိ၊ ပေးအံ့။

ကျန်းမာရပါစေ

ထိုးနှောင်မှ ဘုရားလောင်းသည် သိကြားဆိုသော ဂါထာ၏ အခြားမဲ့ဖြစ်သော-

www.dhammadownload.com

၂၁။ ဝရဥ္ဇေ မေ အဒေါသကော၊ သပ္ပဘူတာန မိဿရ။
အရညေ မေ ဝိဟရတော၊ နိစ္စံ ကေဝိဟာဆိနော၊
အာဗာဓာ မာ ဥပဒ္ဒေယျုံ၊ အန္တရာယကရာ ဘုသာ.
ဟူသော ဤဂါထာကို ဆို၏။

၂၁။ သပ္ပဘူတာနံ၊ ခပ်သိမ်းသောစာတုမဟာရာဇ်တာဝတိံသနတ်တို့ကို။ ဤသရ၊ အစိုးရသော။ သင်္ကော၊ သိကြားမင်း။ တုံ၊ သင်ဏာည်၊ မေ၊ ငါ့အား။ ဝရံ၊ ဆုကို။ စေ အဒေါ၊ အကယ်၍ ပေးသည်ဖြစ်အံ့။ အရညေ၊ တောခွ်။ ဝိဟရတော၊ ဤရိယာပုထ်လေးပါးကိုဆောင်လျက်။ နိစ္စံ၊ ဧမြဲ။ ကေဝိဟာရိနော၊ တစ်ယောက်တည်းသာနေလေ့ရှိသော။ မေ၊ ငါ့အား။ ဘုသာ၊ ပြင်းစွာကုန်သော၊ အန္တရာယကရာ၊ မြတ်သောအကျင့်၏အန္တရာယ်ကို ပြုတတ်ကုန်သော။ အာဗာဓာ၊ အနာတို့သည်။ မာ ဥပဒ္ဒေယျုံ၊ မဖြစ်စေကုန်သတည်း၊ ဤမံ၊ ဤအန္တရာယ်ကင်းသော ဆုကို။ ဒေဟိ၊ ပေးလော့။

တခြားဆုံကိုထည်းယူပါဦး

ထိုဗရသေ့စကားကို ကြား၍ သိကြားမင်းသည် "ကဏ္ဍုပညာရှိကံ့ဆုကိုယူသည်ရှိသော် ပစ္စည်းလေးပါးနှင့်စပ်သော ဆုကို မယူပေ၊ ခြိုးခြုံသော၊ အကျင့်နှင့်စပ်သော ဆုကိုသာလျှင် ယူ၏" ဟု ကြံ၍ အတိုင်းထက်အလွန် ကြည်ညိုသည်ဖြစ်၍ တစ်ပါးသောဆုကိုလည်း ပေးလိုရကား.

၂၂။ တေသ္မိံ တေ သုလပိတေ၊ ပတိဂ္ဂဟေ သုဘာသိတေ၊
ဝရံ ဒြာဟဟ္မဏ တေ ဒမ္မိ၊ ယံကိဉ္စိ မနသိစ္ဆသိ.
ဟူသော ဆိုခဲ့ပြီးသည်မှ တစ်ပါးသော ဤဂါထာကို ဆို၏။

၂၂။ ဒြာဟ္မဏ၊ မကောင်းမှုကို ဆပြုပြီးသော ရှင်ရဟန်း။ သုဘာသိတေ၊ ကောင်းစွာဟောအပ်သော။ ပတိဂ္ဂဟေ၊ ရှင်ရသေ့တို့အား၊ လျောက်ပတ်သော။ တေသ္မိံ၊ ဓနမှု၊ ထိုကုထိုလ်က် အကုသိုလ်ကံတို့နှင့်စပ်သော တရားကို။ တေ၊ ရှင်ရဟန်းသည်။ သုလပိတေ၊ ကောင်းစွာ ဟောအပ်ပြီးသည်ရှိသော်၊ ဆဟံ၊ ငါသည်။ ယသ္မာ၊ အကြောင်းကြောင့်။ ပသန္နော၊ ကြည်ညိုရ၏၊ တသ္မာ၊ ထိုသို့ ကြည်ညိုသောကြောင့်၊ ယံကိဉ္စိ၊ ဆမှတ်မှိသော အကြင် ဆကြင်ဆုကို၊ မနသာ၊ စိတ်ဖြင့်၊ ဤစ္ဆသိ၊ ဆလိုရှိ၏၊ တံ ဝရံ၊ ကိုဆုကို၊ တေ၊ ရှင်ရသေ့အား။ ဒမ္မိ၊ ပေး၏၊

www.dhammadownload.com

ဒုစရိုက်ကိုမပြုရလို

ဘုရားဓလောင်းသည် ဆု ကိုယူခြင်း၌ ဥပဒေသနည်းပေးသဖြင့် ယူသော အရိပ်အမြွက်ဖြင့်လည်း ထိုသိကြားမင်းအား တရားဟောလိုရကား၊

၂၃။ ဝရဥ္ဇေ မေ ဏဒေါ သက္က၊ သဗ္ဗဘူတာနု မိဿရ။
နု မနော ဝါ သရီရံ ဝါ၊ မံ ကံတေ သက္က ကဿစိ။
ကဒါစိ ဥပဟညေ်ထ၊ ဧတံ သက္က ဝရံ ဝေ၊ရ၊

ဟူသော ဏဆုံးဂါထာကို ဆို၏။

၂၃။ သဗ္ဗဘူတာနံ၊ ခပ်သိမ်းကုန်သော စာတုမဟာရာဇ်တာဝတိံသာနတ်တို့ကို။ ဣဿရ၊ ဏစိုးရသော၊ သက္က၊ သိကြားမင်း။ တွံ၊ သင်သည်။ မေ၊ ငါ့အား။ ဝရံ၊ ဆုကို။ ဧ၊ ဏဒေါ၊ ဏကယ်၍ပေးသည်ဖြစ်အံ့။ သက္က၊ သိကြားမင်း။ မံကတေ၊ ငါ့ဏကြောင်းကြောင့်။ ဣဿစိ၊ တစ်စုံတစ်ယောက်သော သတ္တဝါဏား။ မနောဝါ၊ မနောဒွါရသည်လည်းကောင်း။ သရီရံဝါ၊ ကာယဒွါရ ဝစီဒွါရသည် လည်းကောင်း။ ကဒါစိ၊ တစ်ရံတစ်ခါမျှ။ နု ဥပဟညေ်ထ၊ ပါဏာတိပါတ စသော ဆယ်ပါးခသော ဒုစရိုက်တို့ဖြင့် မပျက်ပါစေလင့်။ သက္က၊ သိကြားမင်း။ ဧတံ ဝရံ၊ ထိုငါ့ဏကြောင်းကြောင့် တစ်ပါးသော သတ္တဝါတို့ဏား ဒုစရိုက်ဆယ်ပါး မပွားစံသောဆုကို၊ ဝရေ၊ ယူ၏။

ဤသို့လျှင် ဘုရားလောင်းသည် ခြောက်ပါးသော ဏရာတို့၌လည်း ဆုကို ယူသည်ရှိသော်ငြားနှင့်ကိုမှီသော ဆုကိုသာလျှင် ယူ၏။ကိုယ်မည်သည်ကား ဏနာနှိပ်စက်ခြင်း သဘောရှိ၏။ ထိုနာခြင်းသဘောရှိသောကိုယ်ကို "သိကြားမင်းသည် နာခြင်းသဘော မရှိသည်ကို ပြုခြင်းငှာ မတတ်ကောင်း" ဟု ဘုရားလောင်းသည် သိ၏။ သတ္တဝါတို့၏လည်း သုံးပါးသော ဒွါရတို့၌ စင်ကြယ်သည်၏အဖြစ်ကို သိကြားမင်းသည် ပြုခြင်းငှာ မတတ်ကောင်း၊စင်ကြယ်ခြင်းသည် မိမိကိုယ်နှင့်သာ စပ်သလျှင်ကတည်း၊ ဤသို့ဖြစ်ငြားသော်လည်း ထိုသိကြားမင်းဏား တရားဟောခြင်းငှာ ဤခြောက်ပါးသော ဆုတို့ကိုယူ၏။ သိကြားမင်းသည်လည်း ထိုသစ်ပင်ကို ချိုသော ဏသီးရှိသည်ကို ပြုပြီးလျှင် ဘုရားလောင်းကို ရှိခိုးလျက် ဦးခေါင်း ထက်၌ လက်အုပ်ကို တည်လျက် ဤ ဏရပ်၌သာလျှင်

www.dhammadownload.com

အနာမရှိ ကျန်းမာပကတိ ရှိတော်မူသည် ဖြစ်ရစ်စေသတည်း''ဟုဆို၍ မိမိနေရာ တာဝတိံသာနတ်ပြည်သို့သာလျှင် သွားစေလေ၏။ ဘုရားလောင်း သည်လည်း မယုတ်သောစျာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်သို့လား၏။

ဇာတ်ပေါင်း။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ''အာနန္ဒာ-ဤအရပ်သည်ကား ငါဘုရားသည် ကဏ္ဍ ရသော ဖြစ်သောအခါ နေတော်မူသောအရပ်တည်း''ဟု မိန့်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကိုပေါင်းတော်မူသနည်းဟူမူ ကား-အာနန္ဒာ....ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်းဖြစ်ဖူးပြီး ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကဏ္ဍပညာရှိရသော ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်တော်ကို ပေါင်းတော်မူ၏။

(ဆောင့်ရဲခြိုးခြံ၊ အကျင့်မွန်၊ နိဗ္ဗာန်ဆောက်ကြောင်းသာ။)

နှစ်ခုမြောက်သော ကဏ္ဍဇာတ်သည်ပြီး၏။

၃-စတုပေါသထိကဇာတ်

''ယော-ကောပနေယျ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစတုပေါသထိကဇာတ်သည် ပုဏ္ဏားဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

သုံးခုမြောက်သော စတုပေါသထိကဇာတ်သည်ပြီး၏။

၄-သခ်ဇာတ်

အနည်းငယ်မျှကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်သောအကျိုးကိုရခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောက်ကို ဆုံးမတော်မူတတ်သော သပ္ပညူမြတ်စွာဘုရားသည် ''ဗဟုသုတော'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသခ်ဇာတ်ကို ဇေတဝန်ကျောင်း တော်၌ သီတင်းသုံး နေတော်မူစဉ် အလုံးစုံသော ပရိက္ခရာဆလျှူကို အကြောင်းပြု၍ ဟော်တော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ သာဝတ္ထိပြည်၌ တစ်ဦးသောဒါယကာသည် မြတ်စွာဘုရား၏ တရားတော်ကိုနာရလျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နက်ဖြန်

www.dhammadownload.com

ဆကျိုးဌာ ဆွမ်းဖိတ်ပြီးလျှင် မိမိအိမ်တံခါးဦး ဓဏ္ဍုပ်ကိုဆောက်၍ တန်ဆာဆင်ပြီးလျှင် နက်ဖြန်နေ့၌ မြတ်စွဲဘုရားအား ဆွမ်းဘုဉ်းပေးဖွဲ့သော အခါကို ကြားလျှောက်စေ၏။

မြတ်စွာဘုရားသည် ငါးရာသော ရဟန်းအခပါင်း ခြံရုံလျက် ထို ဒါယဓာအိမ်သို့ ကြွတော်မူ၍ ကောင်းစွာခင်းအပ်သော နေရာ၌ နေဆော်မူ၏။ ဒါယကာသည် သားမယား ဆွေမျိုးအကျွေး အခြံအရုံပရိသတ်နှင့်တကွ ဘုရားဆမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသောအလှူကိုလှူ၍ ဤကဲ့သို့ ခုနစ်ရက်ပတ်လုံး ပင့်ဖိတ်ပြီးလျှင် ကြီးစွာသောအလှူကို ဖြစ်စေ၍ ခုနစ်ရက်မြောက်သောနေ့၌ သပိတ်သင်္ကန်းအစရှိသော အလုံးစုံသော ပရိက္ခရာကိုလှူ၏။ ထိုအလှူကြီးကို လှူသော်ရှိသော်ကား ဖိနပ်အလှူကို မျှားစွာပြု၍လှူ၏။ မြတ်စွာဘုရားအား လှူအပ်သောဖိနပ်သည် အသပြာတစ်ထောင်ထိုက်၏။ နှစ်ပါးကုန်သော အဂ္ဂသာဝကာတို့အား လှူအပ်သော ဖိနပ်သည် အသပြာငါးရာထိုက်၏။ ကျန်ငါးရာကုန်သော ရဟန်းတို့အား လှူအပ်သောဖိနပ်သည် အသပြာ တစ်ရာစီ ထိုက်၏။ ထိုဒါယကာသည် ပရိက္ခရာရှစ်ပါးနှင့်တကွ မျှားစွာသောအလှူကိုလှူ၍ မိမိ၏ အိုးခိုရာ ပရိသတ်နှင့်တကွ မြတ်စွာဘုရား အထံးတော်၌နေ၏။

ထိုအခါ ထိုဒါယကာအား မြတ်စွာဘုရားသည် သာယာစွာသော အသံတော်ဖြင့် အနုမောဒနာ ပြုတော်မူလိုသည်ဖြစ်၍ "ဒါယကာ....သင်၏ အလုံးစုံသော ပရိက္ခရာ အလှူသည်မြတ်၏။ ဝမ်းမြောက်သည် ဖြစ်လော့။ ဧရှင်၌ ဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါဘုရားအား ဖိနပ်တစ်ရန်ကို လှူသော ကြောင့် သဘော်းပျက်သည်ရှိသော် တည်ရာမရှိသော မဟာသမုဒ္ဒရာ၌လည်း ဖိနပ်လှူသော အကျိုးဆက်ဖြင့် တည်ရာကို ရကုန်ပြီ၊ သင်သည်ကား ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလုံးစုံသော ပရိက္ခရာ အလှူကို လှူ၏၊ သင်၏ ဖိနပ်အလှူ၏ အကျိုးသည် အာဘယ့်ကြောင့် တည်ရာ မှီခိုရာသည် မဖြစ်လတ္တံ့နည်း" ဟုမိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်ဆည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ဒါယကာ....လွန်လေပြီးသောအခါ ဗာရာဏသီပြည်သည်မောဇ္ဈိနီအမည်ရှိ၏။ ထိုမောဇ္ဈိနီအမည်ရှိသောပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုတည်ရှိသော် ကြယ်ဝကုံလုံ ပြည့်စုံသစ မျှားစွာသော၊ ဥစ္စာရှိသော မျှားသော အသုံးအဆောင်ရှိသော နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော

www.dhammadownload.com

များသော အဆောက်အဦရှိသော များသော ဥစ္စာ စပါး ရွှေငွေရှိသော သခ်ၤမည်သော ပုဏ္ဏားသည် မြို့တံခါး လေးမျက်နှာတို့၌လည်းကောင်း မြို့လည်၌လည်းကောင်းမိမိ အိမ်တံခါး၌ လည်းကောင်း ဤသို့ ခြောက်ပါးသော အရပ်တို့၌ခြောက်ဆောင်သော အလှူတင်းကုပ်တို့ကို ဆောက်၍ နေ့တိုင်း နေ့တိုင်းခြောက်သိန်းသော အလှူဝတ္ထုတို့ကို လှူ၏။

ထီး ဖိနပ်လှူခြင်း

ထိုသခ်ပုဏ္ဏားသည် တစ်နေ့သ၌ ကြံ၏။ အဘယ်သို့ ကြံသနည်းဟူမူ ဆိုစး "ငါသည် အိမ်၌ ဥစ္စာကုန်သည်ရှိသော် အလှူပေးခြင်းငှာ မတတ်နိုင်လတ္တံ့၊ ထို့ကြောင့် ဥစ္စာမကုန်မီလျင် သဘော်ဖြင့် သုဝဏ္ဏဘူမိသို့သွား၍ ဥစ္စာကို ဆောင်အံ့ ဤသို့ ကြံ၏။ ကြံပြီး၍ လှေကိုပြုပြင်ပြီးလျင် ဥစ္စာဖြင့် ပြည့်စုံစေ၍ သားမယားကို ခေါ်ပြီးလျှင် "အကြင်မျှသော် ငါသည် လာအံ့၊ ထိုမျှလောက် ငါ၏ လှူမြဲဝတ်ကို မပြတ်ဒစမူ၍ လှူနှင့်ကြကုန်လော့" ဟု ဆို၍ ကျွန်အမှုလုပ်တို့ဖြင့် ခြံရံလျက် ထီးကိုဆောင်း၍ ဖိနပ်ကိုစီးလျက် မွန်းတည့်သောအခါ၌ ပဉ္စနသဘော်ဆိုပ်ရွာသို့ ရွှေ့ရွှေ့သွား၏။ ဘုရားလောင်း ထွက်သောခဏ၌ ဂန္ဓမာဒနတောင်ဝယ် တစ်ဆူသော ပစ္စေကဗုဒ္ဓါသည် ဆင်ခြင်၍ ဘုရားလောင်း သခ်ၤပုဏ္ဏား၏ ဥစ္စာဆောင်ခြင်းငှာ သဘော်ဆိပ်သို့ သွားသည်ကို မြင်လျှင် "ယောကျ်ားမြတ်သည် ဥစ္စာကို ဆောင်ခြင်းငှာ သွား၏၊ ထိုယောကျ်ားမြတ်အား မဟာသမုဒ္ဒရာ၌ အန္တရာယ်သည် ဖြစ်လတ္တံ့လော" ဟု ဆင်ခြင်ပြန်၍ အန္တရာယ်ဖြစ်လတ္တံ့ဟု သိလျှင် "သခ်ၤပုဏ္ဏားသည် ငါ့ကိုမြင်၍ ထီးကိုလည်းကောင်း၊ ဖိနပ်ကိုလည်းထောင်း ငါ့အား လှူ၍ ထိုထီး၊ ဖိနပ်လှူသော ကောင်းမှုဒစတနာ၏ အကျိုးဆက်ဖြင့် သမုဒ္ဒရာ၌ သဘော်ပျက်သည်ရှိစေဘ် တည်ရာကို ရလတ္တံ့၊ ထိုယောကျ်ားမြတ်အား ချီးမြှောက်ခြင်းကို ပြုအံ့" ဟု ကောင်းကင်ဖြင့် လားတော်မူ၍ ထိုဘုရားလောင်း၏ အနီး၌ သက်တော်မူပြီးလျှင် ပြင်းစွာသော ဒုက္ခဝေဒနာကြောင့် မီးကျီးအောင်းနှင့်တူသော ပူလှစွာသော သဲပြင်ကို နင်းတော်မူလျက် ထိုဘုရားလောင်းသို့ ရှေးရှုလာတော်မူ၏။

ထိုဘုရားလောင်းသည် ထိုအရှင်ပစ္စေကဗုဒ္ဓါကိုမြင်၍ "ငါ့အား ကောင်းမှုတည်း ဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေအောင်းသဖွယ်ဖြစ်သော အလှူခံသည် ရောက်လာပြီ၊ ယနေ့ ငါသည် ဤရှင်ပစ္စေကဗုဒ္ဓါ၌ အလှူ

www.dhammadownload.com

တည်းဟူသော မျိုးခစ့ကို စိုက်ပျိုးခြင်းငှာ သင့်၏''ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ လျင်မြန်စွာ ကပ်ပြီးလျှင် ရှိခိုး၍ ထုံးစံအပ်သော စစ်အပ်ပြီးသော ရေဖြင့် အရှင်ပစ္စေကဗုဒ္ဓါ၏ ခြေတော်တို့ကို ဆေးပြီးလျှင် နံ့သာဆီဖြင့် သုတ်၍ မိမိ၏ ဖိနပ်တို့ကို ခြေမူခွာတ်၍ သုတ်သင်ပြီးလျှင် နံ့သာဆီဖြင့် သုတ်လိမ်း၍ ထိုအရှင်ပစ္စေကဗုဒ္ဓါ၏ ခြေတော်တို့ကို စွဲပ်ပြီးလျှင် ''အရှင်ဘုရား....ဖိနပ်တို့ကို စီးတော်မူ၍ ထီးကို ဦးခေါင်းထက်၌ ထားတော်မူ၍ ကြွတော်မူလော့''ဟု ထီး, ဖိနပ်တို့ကို လှူ၏။ ထိုအရှင်ပစ္စေကဗုဒ္ဓါသည် ထိုဘုရားလောင်းအား ချီးမြှောက်စေတော်မူခြင်းငှာ ထီး, ဖိနပ်တို့ကို ယူ၍ ကြွသည်ရှိခြင်းသည် ပွားစိမ့်သောငှာ ထိုဘုရားလောင်း မြင်စဉ်ပင်လျှင် ကောင်းကင်သို့ ပျံဝဲတော်မူ၍ ဂန္ဓမာဒနတောင်သို့သာလျှင် ကြွတော်မူ၏။

ပင်လယ်၌ သင်္ဘောပျက်ပြို

ဘုရားလောင်းသည်လည်း ထိုကောင်းကင်သို့ ပျံကြွသော အရှင်ပစ္စေကဗုဒ္ဓါကိုမြင်လျှင် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သင်္ဘောဆိုပဲသို့ သွားပြီးလျှင် သင်္ဘောသို့ တက်လေ၏။ ထိုအခါ မဟာဃမုဒ္ဒရာသို့ လွှင့်သော ဘုရားလောင်း၏ သင်္ဘောသည် ခုနစ်ရက်မြောက်သောနေ့၌ ကဲ့ပျက်လျက် ရေဝင်ခြင်းသို့ ရောက်၏။ သင်္ဘောသို့ဝင်သော ရေကို ပြုံပယ်သို့ ပက်ခြင်းငှာ မတတ်နိုင်ကုန်။ သင်္ဘောသား အပေါင်းတို့သည် သေဘေးမှ ကြောက်ကုန်သည်ဖြစ်၍ မိမိတို့ ကိုးကွယ်သော နတ်တို့ကို ရှိခိုး၍ သည်းစွာသော မြည်တမ်းခြင်းကို မြည်တမ်းကုန်၏။ ဘုရားလောင်းသည် တစ်ယောက်သော အလုပ်အကျွေးကိုယူ၍ ကိုယ်အလုံးကို ဆီဖြင့်သုတ်၍ ထောပတ်နှင့်တကွ ဆန်မှုန့်တို့ကို အလိုရှိတိုင်း စားပြီးလျှင် ထိုအလုပ်အကျွေးကိုလည်း စားစေ၍ ထိုအလုပ်အကျွေးနှင့်တကွ လင်းယုန်တိုင်ဖျားသို့ တက်၍ ''ဤအရပ်မျက်နှာ၌ ငါတို့မြို့ရှိ၏''ဟု အရပ်မျက်နှာကို မူတော်၍ ငါးတည်းဟူသော ဘေးရန်မှ ကိုယ်ကိုလွတ်စေလျက် ခုန်ပြီးလျှင် အလုပ်အကျွေးနှင့်တကွ တဥသဒ အတိုင်းအရှည်ရှိသော အရပ်ကို လွန်၍ ကျော်ကြွင်းကုန်သော သင်္ဘောသား အပေါင်းတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်၏။ ဘုရားလောင်းသည်ကား အလုပ်အကျွေးနှင့်တကွ သမုဒ္ဒရာကို ကူးခြင်းငှာ အားထုတ်၏။ ထိုဘုရားလောင်း ကူးစဉ်ပင်လျှင် ခုနစ်ရက်

www.dhammadownload.com

မြောက်သေခဲ့နေသည် ဖြစ်၏။ ထိုဘုရားလောင်းသည် ထိုကဲ့သို့ ဆားငန်ရေဖြင့် ခံတွင်းကိုဆေး၍ ဥပုသ်ဆောက်တည်သည်သာလျှင် ဖြစ်၏။

မဓလာနတ်သမီး လာအစာကျွေး

ထိုအခါ၌ လေးယောက်ကုန်သော လောဇပါလ နတ်သားတို့သည် မကြီးမခလာ ဇာမည်ရှိသော နတ်သမီးကို သမုဒ္ဒရာ၌ သဘင်ပျက်သည်ရှိသော် ရတနာသုံးပါးတို့ကို ကိုးကွယ်သော သူတော်သည် လည်းကောင်း၊ သီလနှင့်ပြည့်စုံသော သူတို့သည်လည်းကောင်း၊ မိဘတို့ကို လုပ်ကျွေးကုန်သော သူတော်သည်လည်းခဘာင်း ဆင်းရဲခြင်းသို့ ရောက်ကုန်သည် ဆာဆာယဉ်၍ ဖြစ်ကုန်အံ့၊ ထိုသူတော်ကို စောင့်ရှောက် ဆယ်တင်လေလော့'' ဟု သမုဒ္ဒရာ၌ စောင့်ရှောက်စိမ့်သဘင္ဂာ ထား၏။ ထိုမကီမဓလာ နတ်သမီးသည် မိမိ၏ စည်းစိမ်ဖြင့် ခုနစ်ရက်ပတ်လုံး ခံစားလျက် မေ့လျော့၍ ခုနစ်ရက်မြောက်သောနေ့၌ သမုဒ္ဒရာကို ကြည့်သည်ရှိသော် မြတ်သော အကျင့်သီလနှင့် ပြည့်စုံသော ဘုရားလောင်း သခင်ပုဏ္ဏားကိုမြင်၍ ''ဤဘုရားလောင်းအား ခုနစ်ရက်ရှိပြီ၊ သမုဒ္ဒရာ၌ကျသော ဘုရားလောင်း၏ မှီခိုရာ ကိုးကွယ်ရာသည် မဖြစ်ငြားအံ့၊ ငါအား အလွန် ကဲ့ရဲ့ခြင်းသည် ဖြစ်လတ္တံ့'' ဟု ထိတ်လန့်သော စိတ်နှလုံးသည် ဖြစ်၍ တစ်ခုသော ရွှေခွက်ကို အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ဖြင့် ပြည့်စေ၍ လေကဲ့သို့ လျင်မြန်ခြင်းဖြင့် ထိုဘုရားလောင်းရှိရာ ဆိုက်သို့ လာလတံ့ပြီးလျှင် ထို ဘုရားလောင်း၏ ရှေ့၌ရပ်၍ ''ပုဏ္ဏား....သင်သည် ခုနစ်ရက်ပတ်လုံး ဆာစာပြတ်၍ နတ်၌ဖြစ်သော ဤအစာကို စားလော့'' ဟူ ဆို၏။

ဘယ်သူနှင့် စကားပြောသလဲ

ဘုရားလောင်းသည် ထိုနတ်သမီးကို ဦးခါင်းမော်၍ ကြည့်ပြီးလျှင် ''သင့်ထမင်းကို ဖယ်ဦးလော့၊ ငါသည် ဥပုသ်ဆောက်တည်၏'' ဟု ဆို၏။ ထိုသို့ ဆိုသောအခါဝယ် ဘုရားလောင်း၏ နောက်၌ လိုက်၍ ကူးသော အလုပ်အကျွေးသည် နတ်သမီးကိုမမြင်ဘဲ အသံကိုသာလျှင် ကြား၍ ''ဤပုဏ္ဏားသည် ပကတိအား ဖြင့် နူးညံ့၏၊ ခုနစ်ရက်ပတ်လုံး ဝမ်းဋ္ဌ ဆာမစွမ်းသည်၏ အဖြစ်ကြောင့် ဆင်းရဲသည်ဖြစ်၍ သေဘေးမှ ကြောက်သဖြင့် ငို

www.dhammadownload.com

ကြြးမြည်တမ်းယောင်တကား၊ ထို၎အခွင်ပုဏ္ဏား‌ကို သက်သး‌ရာ ရစေအံ့''ဟု ကြံ၍-

၂၄။ ဗဟုဿုတော သုတဓမ္မောသိ သံခ်၊
ဒိဋ္ဌော တယာ သမဏ ဗြာဟ္မဏော စ။
အထက္ခဏေ ဒဿယဆေ ဝိလောပံ၊
အညော နုကော ဇေတ ပဋိမန္တကေဝ မယာ-

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

၂၄။ သခ်၊ အရှင်သခ်ပုဏ္ဏား။ တုံ၊ အရှင်သည်။ ဗဟုဿုတော၊ များသော အကြားအမြင်ရှိသည်။ အသိ၊ ဖြစ်၏။ သုတဓမ္မော၊ အရှင်ပစ္စေကဗုဒ္ဓါတို့၏အထံ၌ နာအပ်ပြီးသော တရားရှိသည်။ အသိ၊ ဖြစ်၏။ တယာ၊ အရှင်သခ်ပုဏ္ဏား‌သည်။ သမဏဗြာဟ္မဏာ စ၊ ငြိမ်းစေအပ်ပြီးသော ကိလေသာရှိသော အပပြုအပ်ပြီးသော မကောင်းမှုရှိသော ပစ္စေကဗုဒ္ဓါဘုရား‌တို့ကိုလည်း။ ဒိဋ္ဌာ၊ ဖူ မြင်အပ်ပြီ။ အထ၊ ထိုသို့ဖြစ်လျက်။ အကွဇေ၊ စကား‌ပြောရာ အခွင့်မဟုတ်သည်၌။ ဝိလောပံ၊ မြည်တမ်းခြင်း‌ကို။ ဒဿယသေ၊ ပြဘိ၏တဲ့ကား။ ဇေတ။ အရှင်ပုဏ္ဏား‌အား။ မယာ၊ ငါမူ။ အညော၊ တစ်ပါး‌သော၊ ပဋိမန္တကေဝ၊ စကား‌ပြောဖက်သည်။ ကော၊ ဘယ်သူနည်း။

နတ်သမီး‌နှင့် စကား‌ပြောသည်

ထိုပုဏ္ဏား‌သည် အလုပ်အကျေး‌ဇ၏ စကား‌ကိုကြား၍ ''ဤငါ့အလုပ်အကျေး‌အား နတ်သည် မထင်ယောင်တကား'' ဟု ကြံ၍ ''အံ့ချင်း....ငါ့ဆည် သေဘေး‌မှကြောက်၍ မမြည်တမ်း၊ ငါ့အား သင်မှ တစ်ပါး‌သော စကား‌ပြောဖက်သည် ရှိသလျှင်ကတည်း'' ဟု ဆို၍-

၂၅။ သုဗ္ဘာသုဘာ သုပဋိမုက္က ကမ္မု၊
ပဂ္ဂယှ သောဝဏ္ဏမယာယ ပါတိယာ၊
ဘုဥ္ဇသု ဘတ္တံ ဣတိ မံ ဝဒေသိ၊
သဒ္ဓါ စိတ္တာ တမဟံ နောတိ ဗြူမိ-

ဟူသော နှစ်ခွန်းမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၅။ သမ္မ၊ အချင်း။ သုဗ္ဘ-သုဘမုခါ၊ အလွန်နီတင့်တယ်သော မျက်နှာရှိသော၊ သုဘာ၊ ကြည်ညိုဖွယ်သော မြတ်သော အဆင်၊ကိုဆောင်သော။ သုပ္ပဋိမိုက္ကတမ္မု၊ ရွှေရတနာဖြင့် တန်ဆာဆင်အပ်သော လည်ဘိုစွပ်အပ်သော ပတ္တမြား လည်ရွဲရှိထသော။ ယာဒေဝမိတာ၊ အကြင်နတ်သမီးသည်။ သဒ္ဓါစိတ္တာ၊ သဒ္ဓါနှင့် ယှဉ်သောစိတ် ရှိသည်ဖြစ်၍။ ဓသစဝဏ္ဏမယာယ၊ ရွှေဖြင့်ပြီးသော။ ပါတိယာ၊ ခွက်ကို။ ပဂ္ဂယှ၊ ချီ၍။ ဘတ္တံ၊ ထမင်းကို။ ဘုဥ္ဇဿု၊ စားလော့။ ဣတိ၊ ဤသို့။ မံ၊ ငါ့ကို။ ဓဒေယျ၊ ဆို၏။ တံ ဒေဝမိတံ၊ ထိုနတ်သမီးကို။ နေဒတိ၊ ဥပုသ်ဆောက်ဆည်သောကြောင့် ငါမစားဟူ၍။ အဟံ၊ ငါသည်။ ပြု။ မိ၊ ဆို၏။

မမေးလိုက်ဘူးလား

ထို့အခါ သခ်ပုဏ္ဏားဆား ထို့ဆလုပ်အကျားသည်-

၂၆။ တောဒိသံ ပြာဟ်ဟ်ဏ ဒိသွာန ယက္ခ်ံ။
ပုစ္ဆယျ့ ပေါသော သုခမာသီ သမာနေဓ။
ဥဋ္ဌေဟိ နံ ပဥ္ဇလိကတာ ဘိပုစ္ဆ၊
ဒေဝီ နု သီ တ့ံ ဥဒ မာနုသီ နု-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၂၆။ ပြာဟ်ဟ်ဏ၊ အရှင်သခ်ပုဏ္ဏား။ တောဒိသံ၊ ထိုသို့သဘောရှိသော။ ယက္ခ်ံ၊ နတ်သမီးကို။ ဒိသွာန၊ မြင်ရ၍။ သုခံ၊ ချမ်းသာကို။ အာသီသမာနော၊ တောင့်တသော။ ပေါသော၊ လောကျိုးသည်၊ပုစ္ဆယျ့၊ မေးလိုက်ဆု၏။ ဥဋ္ဌေဟိ၊ ထသော အခြင်းအရာကိုပြုလော့။ တုံ၊ ဆင်တား။ ဒေဝီ၊ နတ်သမီးသည်၊ အသိ နု၊ ဖြစ်သလော။ ဥဒ၊ ထိုသို့မဟုတ်မူ။ မာနုသီ၊ တန်ခိုးရှိသော လူမိန်းမသည်၊ အသိ နု၊ ဖြစ်သလော။ ဣတိ၊ ဤသို့။ နံ၊ ထိုနတ်သမီးကို။ ပဥ္ဇလိကတာ၊ လက်အုပ်ချီခြင်းကိုပြုလျက်။ အဘိပုစ္ဆ၊ရှေး ရှုမေးလိုက်လော့။

သင် နတ်လား၊လူလား

ဘုရားလောင်းသည် "သင့်သည်ကို ဆိုပေ၏" ဟု နှုတ်ဆိုးပြု၍ ထိုနတ်သမီးကို မေးလိုရကား-

www.dhammadownload.com

၂၇။ ယံ တွေ့ သုးခနာ ဘိသမေက္ခးသ မံ၊
ဘုဥ္ဇဿု ဘတ္တံ ဣတိ မံ ဝဒေသိ။
ပုစ္ဆာမိ တံ နာရိ မဟာနုဘာဝေ၊
ဒေဝိ နု သိ တွေ့ ဥဒ မာနုသီ နု-

ဟူးသာ လေးခုမြောက်သော ဤဂါထာကို ဆို၏။

၂၇။ ဒေဝတေ၊ နတ်သမီး။ ယံ-ယသ္မာ၊ အကြင့်ကြောင့်၊ တွေ့၊ သင်သည်၊ မံ၊ ငါ့ကို၊ သုးခန၊ ချစ်ဖွယ်သော မျက်စိဖြင့်၊ အဘိသမေက္ခေသ၊ ကြည့်ရှု၏။ ဘတ္တံ၊ ထမင်းကို။ ဘုဥ္ဇဿု၊ စားလော့။ ဣတိ၊ ဤသို့လည်း၊ မံ၊ ငါ့ကို။ ဝဒေသိ၊ ဆို၏။ မဟာနုဘာဝေ၊ ကြီးသော အာနုဘော်ရှိသော။ နာရိ၊ နတ်သမီး၊ တံ-တသ္မာ၊ ထို့ကြောင့်၊ ပုစ္ဆာမိ၊ ငါမေး၏။ တွေ့၊ သင်သည်၊ ဒေဝီ၊ နတ်သမီးသည်။ အသိ နု၊ ဖြစ်သလော။ ဥဒ၊ ထိုသို့မဟုတ်မူကား။ တွေ့၊ သင်သည်၊ မာနုသီ၊ တန်ခိုးကြီးသော အာနုဘော်ရှိသော လူမိန်းမသည်။ အသိ နု၊ ဖြစ်သလော။

ကျုပ်နတ်သမီးပါ၊ လိုတာတောင်း
ထို့နောင်မှ နတ်သမီးသည်-

၂၈။ ဒေဝီ အဟံ သစ် မဟာနုဘာဝိ၊
ဣဓာဂတာ သာဓုရူပါရိမဒ္ဓဂေ။
အန်ုကမ္ပိကာ နော စ ပဒုဋ္ဌစိတ္တာ၊
တဇေ ဝ အတ္ထာ့ယ ဣဓာဂတာ သ္မိ။
၂၉။ ဣမံန္နုပါနံ သယနာသနဉ္စ၊ ယာနာနိ နာနာဝိဓာနိ စာဒ်။
သဗ္ဗဿဲ တျာဟံ ပဒ္ဒါဒယာမိ၊
ယံကိဉ္စိ တုယ္ဟံ မနသာ ဘိပတ္ထိတံ-

ဟူးသာ ဤနှစ်ဂါထာတို့ကိုဆို၏။

၂၈။ သစ်၊ သစ်ပုဏ္ဏားး၊ ဣဓသာဓုရူပါရိမဒ္ဓေ၊ ဤ သမုဒ္ဒရာဇ၏ အလယ်သို့။ အာဂတာ၊ လာသော၊ အဟံ၊ ငါကား။ မဟာနုဘာဝါ၊ ကြီးသော တန်ခိုးအာနုဘော်ရှိသော၊ ဒေဝီ၊ နတ်သမီးလည်။ အသ္မိ၊ ဖြစ်၏၊ အနုကမ္ပိကာ စ၊ သနားတတ်သည်သာလျှင်၊ အသ္မိ၊ ဖြစ်၏၊ နော စ ပဒုဋ္ဌ

www.dhammadownload.com

စိတ္တာ၊ ပြစ်မှားဘတ်သောစိတ်မရှိ၊ တဝေဝ အတ္ထဒယ၊ သင်၏အကျိုးငှာ သာလျှင်။ ဣစ၊ ဤသမုဒ္ဒရာသို့၊ အာဂတာ၊ လာသည်။ အဿံ၊ ဖြစ်၏။

၂၉။ ထန်၊ သခ်ပုဏ္ဏစား။ ဣစ၊ ဤရွှေခွက်၌။ အန္နပါနဉ္စ၊ ထမင်းအဖျော်သည်လည်းကောင်း။ သယနာသနဉ္စ၊ အိပ်ရာနေရာသည် လည်းကောင်း၊ နဒနာဝိဓာနံ၊ အထူးထူးအပြားပြား မျှားကုန်သော။ ယဒနာနံစ၊ ဆင်ယာဉ်မြင်းယာဉ် အစရှိသည်တို့သည် လည်းကောင်း။ မေ၊ ငါ့ ငါ့အား။ အတ္ထိ၊ ရှိကုန်၏။ တုယ္ဟံ၊ သင်သည်။ ယံကိဉ္စိ၊ အလုံးစုံသော စည်းစိမ်ကို။ မနသာ၊ စိတ်ဖြင့်။ အဘိပတ္ထိတံ၊ တောင့်တအပ်၏။ တေ၊ သင်အား။ သဗ္ဗဿ၊ အလုံးစုံသော စည်းစိမ်၏။ သာမိကံ၊ အရှင်ကို။ တတ္ထာ၊ ပြု၍။ ဖဟံ၊ ငါသည်။ ပဋိပါဒယာမိ၊ ပေးအံ့၊

ကျွန်ုပ်ရှဲဘယ်ကောင်းမှု

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''ဤ နတ်သမီးသည်ကား သမုဒ္ဒရာရေအပြင်၌ ဤမည်သော ဤမည်သောစည်းစိမ်ကို ပေးအံ့''ဟု ''ထိုနတ်သမီးသည် ငါပြုအပ်သောကောင်းမှုကံကြောင့် ပေးလိုသလော၊ ထိုသို့တည်းမဟုတ်မူကား၊ မိမိ၏အစွမ်းဖြင့် ပေးလိုသလော၊ ထိုနတ်သမီးကို စမးအံ့''ဟု ကြံပြီး၍-

၃၀။ ယံကိဉ္စိ ယိဒ္ဓဉ္စ ဟုတဉ္စ မယှံ၊
သဗ္ဗံသနော ဣဿရာ တုံ သုဂတ္တေ။
သုဒသောဏိ၊ သုဘဂမု သုဝိလာတမင္ဂေ၊
ကိဿ မေ ကမ္မဿ အယံ ဝိပါကော။

ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကိုဆို၏၊

၃၀။ သုဂတ္တေ၊ တင့်တယ်သောကိုယ်ရှိသော၊ သုသောဏိ၊ တင့်တယ်သော ဥဂိရုလက္ခဏာရှိသော။ သုဘဂမု၊ တင့်တယ်သော မျက်မှောင်ရှိသော၊ သုဝိလာတမင္ဂေ၊ လျပါးသော ခါးရှိသော၊ ဒေဝတေ၊ နတ်သမီး။ မယှံ၊ ငါသည်။ ယံကိဉ္စိ၊ အကြင်လူ့အပ်သော ဝတ္ထုကို။ ယိဒ္ဓံ၊ လူ့အပ်ပြီ။ ဟုတံ၊ လာလာသမျှ အာဂန္တုတို့အား ပေးအပ်ပြီ၊ တုံ၊ သင်နတ်သမီးသည်။ နော၊ ငါတို့၏၊ သဗ္ဗဿ၊ အလုံးစုံသောကောင်းမှုဖြစ်၏၊ ဣဿရာ၊ အစိုးရ၏။ မေယ္ယံဝိပါကော၊ ဤသမုဒ္ဒရာ၌ တည်ရာကိုရသော် အကျိုးသည်။ မေ၊

www.dhammadownload.com

ငါသည်၊ ကတေသု၊ ပြုအပ်သေားကာင်းမှုတို့တွင်။ ကိုယကမ္မဿ၊ အဘယ်ကောင်းမှု ကံ၏။ ဝိပါကော၊ အကျိုးနည်း၊

သင်၏ ဖိနပ်အလွှ

ထိုစကားကိုကြား၍ နတိဿမိးသည် "ဤသခ်ပုဏ္ဏားဆည်ကား အကြင် ကုသိုလ်ကံ့ကို မိမိသည်းပြုအပ်၏၊ ထိုကုသိုလ်ကံ့ကို မသိ၊ ဤသို့သော အမှတ်ဖြင့် မေးယောင်တကား" ဟု ထိုပုဏ္ဏာကို ဖြေလိုသည်ဖြစ်၍-

၃၁။ ဃးမွ ပထေ ဗြာဟ္မဏ ကေဘိက္ခု၊
ဥဂ္ဃဋ္ဌပါဒ် တသိက် ကိလန္တံ၊
ပဋိပါဒယိ သခ် ဥပါဟနာနိ၊
သာ ဒက္ခိဏာ ကာမဒုဟာ တဝ၌-

ဟူသော ရွှစ်ခုမြောက်သော ဤဂါထာကိုဆို၏၊

၃၁။ သခ်၊ သခ်ဏာမည်ရှိသော။ ဗြာဟ္မဏ၊ ပုဏ္ဏားး။ တံ့၊သင်သည်း ဃ်မွေပထေ၊ ပူလှစွာသော သဲပြင်ခရီးဌ်။ ဥဂ္ဃဋ္ဌပါဒ်၊ သဲပူကျောက်တို့ဖြင့် ထိပါးသော ခြေတော်ရှိထသော။ တသိတံ၊ ရေမှတ်သည်ဖြစ်၍း ကိလန္တ်၊ ပင်ပန်းသော။ ကေဘိက္ခု၊ကိုလေသးတို့ကို မဂိဉာဏ်ဖြင့်ဖျက်ဆီးပြီး သော အရှင်ပဒစ္စေကဗုဒ္ဓါတစ်ပါးကို။ ဥပါဟနာနိ၊ ဖိနပ်တို့ကို။ ပဋိပါဒယိ၊ လှူ၏၊ အဋ္ဌ၊ ယခု။ တဝ၊ သင်၏၊ သာ ဒက္ခိဏာ၊ ထိုဆလှူတည်းဟူသော မျိုးစေ့သည်။ ကာမဒုဟာ၊ တောင့်တအပ်သော မြတ်သောအကျိုးကို ပေးတတ်၏၊

လွှဖန်ဆင်း၍ပို့ပေးပါ

ထိုနတ်သမီးစကားကို ကြား၍ ဘုရားလောင်းသည် "ဤသို့ ဃဘော ရှိသော တည်ဏကို မရကောင်းသော မဟာသမုဒ္ဒရာဇ်၌လည်း ငါသည် လူဆာပ်သော ဖိနပ်အလှူသည် ငါ့အား တောင့်တအပ်သော အလိုးစုံသော စည်းစိမ်ကို ပေးသည်ဖြစ်၏ဘကား၊ အရှင်ပစ္စေကဗုဒ္ဓါအား လှူအပ်သောဝတ္ထုကို ကောင်းစွာလှူအပ်စ့၊အံ့ဖွယ်ရှိပေစွ" ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍-

www.dhammadownload.com

၃၂။ သာ ဖေဟဲတု နာဝဂါ ဖလကူပပန္နာ၊
အနဝဿုတာ ရေကဝါတယုတ္တာ။
အညဿ ယာနာဿ နု ဟေတ္ထ ဘူမိ၊
အဇ္ဇေဝ မံ မောဠိနိ ပါပယဿု-
ဟူသော ကိုးခုမြောက်သော ဤဂါထာကို ဆို၏။

၃၂။ ဒေဝဒတ၊ နတ်သမီး။ ယံ နာဝံ၊ အကြင်လှေကို။ မာပေ-ဿသိ၊ ဖန်ဆင်းလတ္တံ့။ သာ နာဝါ၊ ထိုလှေသည်။ ဖလကူပပန္နာ၊ စေ့စပ်းသာ များစွာသော ပျဉ်ချပ်တို့ဖြင့် ပြည့်စုံသည်။ အနဝဿုတာ၊ ရေတစ်ပေါက်မျှ မဝင်နိုင်သည်။ ရေကဝါတယုတ္တာ၊ ကောင်းစွာယှဉ်သွား တတ်သော လေနှင်ယှဉ်သည်။ ဟောတု၊ ဖြစ်စေလော့။ ဟိ၊ ထိုစကားသည် သင့်၏။ တ္ထ၊ ဤသမုဒ္ဒရာ၌။ အညဿ၊ လှေသင်္ဘောမှ တစ်ပါးဝယ်။ ယာနဿ၊ ဆင်ယာဉ် မြင်းယာဉ် အစရှိသည်၏။ ဘူမိ၊ ဖြစ်ရာသည်။ နု ဟောတိ၊ မဖြစ်။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ မံ၊ ငါ့ကို။ မောဠိနိ၊ မောဠိနီ ဖြစ်သော ပြည်ကြီးသို့။ ပါပယဿု၊ ဆောက်စေလော့။

မဏိဇဝလာ နတ်သမီးသည် ထိုဘုရားလောင်း သခ်ၤပုဏ္ဏား၏စကားကို ကြားလျှင် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော လှေကို ဖန်ဆင်း၏။ ထိုးလှသည် အလျားဖြင့် ရှစ်ဉသဘရှိ၏၊ အနံအားဖြင့် ဝဉးဉသဘရှိ၏၊ အဒစက်အားဖြင့် တာနှစ်ဆယ်ရှိ၏၊ ထိုလှေ၏ သုံးခုသော လင်းယဉ်တိုင်တို့သည် ပတ္တမြားညိုဖြင့် ပြီးကုန်၏၊ စက်ကြိုးတို့သည် ရွှေဖြင့်ပြီးကုန်၏။ ရွက်တို့သည် ငွေဖြင့်ပြီးကုန်၏။ တက်မထိုးဝါးတို့သည် ရွှေစင်အတိ ပြီးသည်ဆောလျှင် ဖြစ်ကုန်၏၊

အိုမ်ပြန်ရောက်ကြပြီ

ထိုမဏိဇဝလာနတ်သမီးသည် ထိုလှေကို ရတနာခုနစ်ပါးဖြင့် ပြည့်စေပြီးလျှင် သခ်ၤပုဏ္ဏားကို လည်၌ဖက်၍ တန်ဆာဆင်အပ်သော သဘော်လှေထက်သို့တင်၏။ ထိုဘုရားလောင်း၏ အလုပ်အကျွေးကိုကား ကြည့်ကာထား၏၊ သခ်ၤပုဏ္ဏာဒးသည် မိမိပြုအပ်သော ကောင်းမှုမှ ထိုအလုပ်အကျွေးအား အဖို့ကို ဝေ၏။ ထိုအလုပ်အကျွေးသည် သာဓု, သာဓုဟု ဝမ်းမြောက်၏၊ ထိုအနုမောဒနာ ကုသိုလ်ကို ဖြစ်စေသောအခါ၌ ထိုအနုမောဒနာ

www.dhammadownload.com

ကုသိုလ်ဆက်ကြောင့် နတ်သမီးသည် ထိုအလုပ်အကျေးကိုလည်း လည်၌ ဖက်၍ သဘော်လျှင် တည်စေ၏။ ထိုနှစ်ယောက်သော သူတို့ကို တင်ပြီး သောအဆုံး၌ ထိုသဘော်လှကို ဓောဋိနိမည်ရှာ မြို့သို့ဆောင်၍ သခ်ၤပုဏ္ဏားအိမ်၌ ရွှေ ငွေ စသောဥစ္စာကို တည်စေပြီးလျှင် မိမိနေရာဗိမာန်သို့ သာလျှင် သွားလေ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၃၃။ သဒေ တုဋ္ဌစိတ္တာ သုမနာ ပတိတာ၊
နဒဝံ သုစိတ္တံ အာဘိနိမ္မိနိတ္ဝာ။
အာဒါယ သခ်ံ ပုရိသေန သဒ္ဓိံ၊
ဥပါနယိ နဂရံ သာဓုရမ္မံ-၊

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၃၃။ ဘိက္ခဝေ၊ ရဟန်းတို့။ သာ ဒေဝတာ၊ ထိုမင်းမခလာ နတ်သမီးသည်။ တုဋ္ဌစိတ္တာ၊ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ သုမနာ၊ ထောင်းသော စိတ်ရှိသည်ဖြစ်၍။ ပတိတာ၊ နုသောပိတိ ရှိသည်ဖြစ်၍။ သုစိတ္တံ၊ အလွန်ဆန်းကြယ်သော။ နဒဝံ၊ သဘော်လှကို။ အာဘိနိမ္မိတ္ဝာ၊ တန်ခိုးဖြင့် ပြီးစေ၍။ သခ်ံ၊ သခ်ပုဏ္ဏားကို။ ပုရိသေန၊ အလုပ်အကျေး ယောကျ်ားနှင့်။ သဒ္ဓိံ၊ တကွ။ အာဒါယ။ ယူ၍။ သာဓုရမ္မံ၊ သူတော် ကောင်းတို့၏ မြို့လျှော်ပျော်ရာ ဖြစ်သော။ နဂရံ၊ မောဋိနိမည်သော ဗာရာဏသီပြည်ကြီးသို့။ ဥပါနယိ၊ အရောက်ဆောင်ပြီ။

သခ်ပုဏ္ဏားသည်လည်း အသက်ထက်ဆုံး မနှိုင်းရသည်အပ်သော ဥစ္စာရှိသော အိမ်၌ အမြဲနေလျက် အလှူကို လှူ၍ သီလကိုစောင့်၍ အသက်၏ အဆုံး၌ သားမယား အခြံအရံနှင့်တကွ နတ်ပြည်ကို ပြည့်စေ၏၊

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆင်ဇောတ်ပေါင်းတော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူပြီး၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ တောင်းပန်အပ်သော ဒါယကာသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူထနည်းဟူမူကား- ဒါယကာ....ယခုအခါ ဥပဿဝက်သည် ထိုအခါ မင်းမခလာ နတ်သမီးဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အလုပ်

www.dhammadownload.com

အကျေးယောကျ်ား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ သခ်ၤ ပုဏ္ဏား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကုသိုလ်မူတွက်၊ တောင်းကျိုးဆက်၊ မပျက်ရကြောင်းထဲ၁။)

လေးခုမြောက်သော သခ်ၤဇာတ်ဃည် ပြီး၏။

၅-စူလဗော့ဓိဇာတ်

ပညာရှိတို့သည် အမျက်မထွက်သင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယော တေ လ္ဟမံ ဝိသာလက္ခိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဆာပ်သော ဤစူဠဒုဗ္ဗိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမျက်ထွက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် ဝင့်ဆင်းရဲမှုထွက်စေတတ်သော ဘုရားသာသနာတော်၌ ရဟန်းအဖြစ်ကို ရပါသော်လည်း အမျက်ဒေါသကို နှိပ်ခြင်းငှာ မတတ်နိုင်သတတ်၊ ပြင်းစွာ အမျက်ထွက်တတ်၏၊ အမျက်ဒေါသကြောင့် ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ ပင်ပန်းခြင်း များ၏၊ အနည်းငယ်သာ ဖြစ်လျှင်မူကား တပ်ငြိတတ် တုန်လှုပ်တတ်၏၊ ပကတိသဘောကို လွန်၍ ပေါက်ပြန်ခြင်းသို့ ရောက်တတ်၏၊ အမျက်ဒေါသ၌ သူတည်း၊

သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်း၏ အမျက်ထွက်တတ်သည်၏အဖြစ်ကို ကြားတော်မူလျှင် ခေါ်စေ၍ "ရဟန်း...သင်သည် အမျက်ဒေါသကြီးထယ်တတ် ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "အရှင်ဘုရား...မှန်ပေ၏" ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်း...အမျက်ဒေါသ၌ သည်သည်ကို မြစ်အပ်၏၊ ထိုစကားသည် မှန်၏၊ ဤသို့ သဘောရှိသော အမျက်ဒေါသသည်ပစ္စုပ္ပန်လွန်စကတ လမလွန်လောက၌ အကျိုးမဲ့ကိုသာပြုတတ်၏၊ သင်သည် အမျက်ဒေါသမရှိသော ငါဘုရား သာသနာတော်၌ ရဟန်းပြု၍ အဘယ်ကြောင့် အမျက်ထွက်ဘိသနည်း၊ ရှေးပညာရှိတို့သည်ကား သဗ္ဗညု

www.dhammadownload.com

ဘုရားသဲ့သနာတော်မူ ဆာပဖြစ်သော အခါဆာလင့် ရသေ့ရဟန်း ပြု၍ လည်း ဆာမျက်ထွက်ခြင်းကို မပြုကုန်''ဟု မိန့်တော်မူ၍ ဆတိတ်ကိုဆောင် တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်း....လွန်လေပြီးသော ဆာခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းဆည် မင်းပြုသည်ရှိသော် ဆာမတ်ဓရှိသော နိဂုံးရွာ၌ ကြွယ်ဝ ကုံလုံ ပြည့်စုံသော မျိုးသော ဥစ္စာရှိသော မျိုးသော အသုံးအဆောင်ရှိ သော ပုဏ္ဏားတစ်ယောက်သည် သားမရှိသည် ဖြစ်၏။ ထိုပုဏ္ဏား၏ ပုဏ္ဏား မယ်သည် သားကို တောင့်တ၏။ ထိုအခါ ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ ထိုပုဏ္ဏားမ၏ ဝမ်း၌ဖြစ်၏။

ဗြဟ္မဒေဝီးစား လင်မယား

ထိုဘုရားလောင်းအား ''ဗောဓိကုမာရ''ဟူသော အမည်ကို မှည့်ကုန် ၏။ ထိုဘုရားလောင်း၏ အရွယ်သို့ရောက်သော ကာလ၌ တက္ကသိုလ်ပြည်သို့ သွားပြီးလျှင် ဆလုံးစုံသော ဆာတတီတို့ကို သင်၍ တစ်ဖန် ပြန်လာသော ဆာခါ၌ အလိုမရှိဘဲလျက် မိဘတို့သည် တူသောဆာမျိုးရှိသော်ဆိမ်မှ သတို့ သမီးကို ဆောင်ကုန်၏။ ထိုသတို့သမီးသည်လည်း ဗြဟ္မာ့ပြည်မှ စုတေလာ သော သူဆည်း၊ မြတ်သောဆာဆင်းကို ဆောင်၏၊ နတ်သမီးနှင့် တူ၏။ ထိုနှစ်ယောက်ကုန်သော တူတို့၏ အလိုမရှိကုန်ဘဲလျက်လျှင် ထိမ်းမြားခြင်း မင်္ဂလာကို ပြုကုန်၏၊ နှစ်ယောက်ကုန်သော သူတို့အား ကိလေသာဖြစ်ခြင်း မည်သည် တစ်ကြိမ် တစ်ဖန်မျှ မဖြစ်စဘူး၊ ရာဂ၏ အစုမ်းအားဖြင့် တစ် ယောက်သည် တစ်ယောက်ကို မကြည့်စဘူး၊ အိပ်မက်၌လည်း မေထုန် အကျင့်မည်သည်ကို မမြင်မက်စဘူး။ ဤသို့ စင်ကြယ်သော သီလရှိသည် ဖြစ်ကုန်၏။

လင်မယား ၂-ယောက် ရသေ့ဝတ်ကြ

ထိုအခါနောက်အဖို၌ ဘုရားလောင်း မိဘတို့သည် သေလွန်ကုန်သည်ရှိ သော် ထိုမိဘတို့အား သင်္ဂြိဟ်ခြင်းကိစ္စကို ပြုပြီးလျှင် ထိုမယားကိုခေါ်၍ ''ရှင်မ ...သင်သည် ကုဋေရှစ်ဆယ်ရှိသော ဥစ္စာကိုယူ၍ ချမ်းသာစွာ အသက် မွေးလေးလော့''ဟု ဆို၏။ ''အရှင့်သားသည် အသို့နည်း''ဟု ဆို၏။ ''ငါ့

www.dhammadownload.com

အား ဥစ္စာဖြင့် ပြုဖွယ်ကိစ္စ မရှိ၊ ဟိဓဝန္တံဒသို့ ဝင်ပြီးလျှင် ရသေ့ရဟန်း ပြု၍ မိမိ၏ ဓာည်ရာ ကိုးကွယ်ထုကို ပြုအံ့''ဟု ဆို၏။ ''အရှင့်သား... ရဟန်းအဖြစ် မည်သည်ကား ယောကျ်ားတို့အားသာလျှင် အပ်သလော'' ဟု မေး၏။ ''ရှင်မ....မိန်းမတို့အားလည်း ဆပ်၏''ဟု ဆို၏။ ''ထိုသို့တပြီး ကား....အရှင်တို့သည် ထွေးဆပ်သော တံတွေးပေါက်နှင့်တူသော ဥစ္စာကို ငါသည် မယူအံ့၊ ငါ့အား လည်း ဥစ္စာဖြင့် ပြုဖွယ်ကိစ္စမရှိ၊ ငါသည်လည်း ရဟန်းပြုအံ့''ဟု ဆို၏။ ''ရှင်မ...ကောင်းပြီ''ဟု ဆို၍ နှစ်ယောက်ကုန် သော သူတို့သည် ဆလှူကြီးကို ပေးပြီးလျှင် အိမ်မှထွက်၍ မွေ့လျော်ဖွယ် ရှိသော မြေအဖို့၌ သစ်သီး၊ဆောက်၍ ရဟန်း ရသေ့ ရဟန်းပြုပြီးလျှင် သစ်သီး ကြီးငယ်တို့ကို ရှာမှီး၍ သစ်သီးကြီးငယ်တို့ဖြင့် မျှကုန်လျက် ဟိမဝန္တာ တောအရပ်၌ ဆယ်နှစ်ပတ်လုံး နေကုန်၏။

ထိုနှစ်ယောက်ကုန်သော သူတို့အား ဗျာန်သည်ကား မပြည့်စုံသေး။ ထိုနှစ်ယောက်ကုန်သော သူတို့သည် ထိုဟိမဝန္တာတောအရပ်၌ ရဟန်းချမ်း သာဖြင့်သာလျှင် ဆယ်နှစ်တို့ပတ်လုံး နေကုန်၍ ချဉ် ဆား မှဲဝဲအံ့ဩဝဉ္စ ဇနပုဒ်သို့ ဒေသစာရီ သွားကုန်သည်ရှိသော် အစဉ်ဆဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ မင်းဥယျာဉ်၌ နေကုန်၏။

မင်းကြီး ရသေ့,,မကိုကြိုက်ပြီ

ထိုအခါ တစ်နေ့သ၌ မင်းသည် လက်ဆောင်ကိုယူ၍ လာသော ဥယျာဉ် စောင့်ကိုမြင်၍ ''ဥယျာဉ်ကစား၊ ဥယျာဉ်ကို သုတ်သင်လော့''ဟု ဆို ပြီး၍ ဥယျာဉ်စောင့်သည် ကောင်းစွာစီရင်အပ်သော ဥယျာဉ်သို့ မျှား သော အခြံအရံဖြင့် သွား၏။ ထိုခဏ၌ ထိုနှစ်ယောက်ကုန်သော ရသေ့ ယောကျ်း, ရသေ့မိန်းမတို့သည် ဥယျာဉ်နံပါးတစ်ဖက်၌ ရဟန်းချမ်း သာဖြင့် လွန်စေ၍ နေကုန်၏။

ထိုအခါ မင်းသည် ဥယျာဉ်၌ လှည့်လဲသည်ရှိသော် ရဟန်းချမ်းသာ ဖြင့် နေကုန်သော ထိုနှစ်ယောက်ကုန်သော ရသေ့ယောကျ်း, ရသေ့ မိန်းမတို့ကိုမြင်၍ ဆလွန် ကြည်ညိုဖွယ် ရှိသော မြတ်သော ဆဆင်းကို ဆောင်သော ရသေ့မကို ကြည့်မိသည်ရှိသော် တပ်စွန်းသောစိတ်သည် ဖြစ်ပေါ်လေ၏။

www.dhammadownload.com

၅-ရွှင်ပေဒီဇာတ်

အာဘယ်သို့ တော်စပ်သနည်း

ထိုဗာရာဏသီမင်းသည် ကိုလသာ၏ အစ္စမ်းဖြင့် တုန်လှုပ်လျက် "ဤရဿ.မသည် ဤရသေ.ယောကျ်ားနှင့် အသို့ တော်သနည်းဟု၊ မေးဦးအံ့" ဟု ဘုရားလောင်းသို့တပ်၍ "အို-ရွှင်ရသေ.—ဤရသေ.မသည် အရွှင်ဘုရားနှင့် အဘို့တော်သနည်း" ဟု မေး၏။ "မြတ်သောမင်းကြီး—တစ်စုံတစ်ခု အမျိုးစောင့်၏၊ မခတင့်၏ဟု ဆိုဖွယ်သည် မဖြစ်၊ လူမှုနှင့် မထော သက်သက်တူသော ရဒ်သ.အကျင့်ဖြင့် ရသေ.အဖြစ်သို့ ရောက်သသူတည်း၊ စင်စစ်သော်ကား ငါ၏ လူဖြစ်သော အခါးခြရင်း၌ အလုပ်အကျွေးတည်း" ဟု ဆိုလေ၏။

ရသေ.မ စော်ကားလျှင် အသို့ပြုအံ့နည်း

ထိုစကားကိုကြား၍ မင်းသည် "ရသေ.မဏား ထိုရသေ.၏ တစ်စုံတစ်ခု ပိုင်ထိုက်သော ဥစ္စာသည် မဖြစ်သတတ်၊ စင်စစ်သော်ကား လူဖြစ်သော အခါသာလျှင် ထိုရသေ.၏ ခြရင်း၌ အလုပ်အကျွေး ဖြစ်သတတ်၊ ငါသည် ဤရသေ.မကို အစိုးရသော မင်း၏ အစ္စမ်းဖြင့် ယူ၍ အစားယ်၍ သွားသည်ဖြစ်အံ့၊ အသို့ပြုလတ္တံ.နည်း၊ ထိုရသေ.ကို စုံစမ်းအံ့" ဟု ကြံ၍ မျှင်းကပ်ပြီးလျှင်-

၃၄။ ယော တေ ဣမံ ဝိသာလကို်၊ ပိယံ သမို်တဟာသိနိ်။
အာဒါယ ဗလာ ဂစ္ဆယျ၊ ကိ်နု ကယိရာသိ ဗြာဟ္မဏ-

ဟူသော ဗျဉ်းဦးစွဲသော ဤဂါထာကို ဆို၏။

၃၄။ ဗြာဟ္မဏ၊ မကောင်းမှုကို အပပြုပြီးသော ရွှင်ရသေ.၊ ဝိသာလကို်၊ ဝန်းသော မျက်လုံးရှိသော။ သမို်ထဟာသိနိ်၊ စဉ်းငယ်ပြုံးရွှင်သော မျက်နှာရှိသော။ တေ၊ ရွှင်ရဿ.၏။ ဣမံပိုယံ၊ ဤလူ.လက်ထက်၌ မယားဖြစ်ဖူးသော ရသေ.မကို၊ ယော၊ အကြင်သူသည်။ ဗလာ-ဗလဣာဝရန်၊ နှိုင်ထက်ကလူပြုဆဖြင့်၊ အာဒါယ၊ ယူ၍၊ ဂစ္ဆယျ၊ သွားပြီးအံ့။ တံ၊ ထိုသူကို၊ တုံ၊ သင်သည်။ ကိ်နု၊ အဆို့လျှင်၊ ကယိရာသိ၊ ပြုအံ့နည်း။

www.dhammadownload.com

ပညာရှိအမျက် ပြင်မထုက်

ထိုအခါ မင်းဇဂဒးကိုကြား၍ ဘုရားလောင်းသည်-

၃၅။ ဥပပ္ပဇ္ဇိ မေန မုဇ္ဇေယျံ၊ နု မေ မုဇ္ဇေယျ ဇီဝတေ။
ရဇ်ဝ စိပုလာဝုဠ်၊ ခီပ်ပဲမေဝ နိဝါရယိ

ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၃၅။ မဟာရာဇ မြတ်သောမင်းကြီး။ မေ၊ ဝါအား။ ကောဒဝ၊ အမျက်ဒေါသသည် ဥပပ္ဇိ-ဥပပ်ဇ္ဇေယျ၊ ဖြစ်ငြားအံ့။ နု မုဇ္ဈေယျ၊ ဖြစ်သော အမျက်သည် ကိုယ်မှမထွက်ရာ။ ဇီဝတေဝ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ မေ၊ ငါအား။ နု မုဇ္ဈေယျ၊ ကိုယ်မှမထွက်ရာ။ စိပုလာဝုဠ်၊ ယည်းစွာသော မိုးပေါက်ရှိသော မိုးကြီးသည်။ ရဇ်၊ မြေကို။ နိဝါရယိ ဤဝ၊ မြစ်သကဲ့သို့။ တံ၊ ထိုအမျက်ကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဝါရယိ၊ မြစ်အံ့။

ရသေ့မကို အတင်းယူ

ဤသို့ဘုရားလောင်းသည် မြတ်သော တရားစကားကို ဟောတော်မူလေ၏။ ထိုသို့ဟောသော်လည်း မင်းသည် ဘုရားလောင်း၏ တရားစကားကို ကြားဝရှိလည်း အလွန်မိုက်သည်၏အဖြစ်ကြောင့် ရသေ့မဋ္ဌတပ်စွန်းသော မိမိစိတ်ကို တားမြစ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အမတ်တစ်ယောက်ကို "ဤရသေ့မကို မင်း၏ နန်းတော်သို့ ဆောင်သွားလေလော့" ဟု စေလိုက်၏။ ထိုအမတ်သည် "ကောင်းပြီ" ဟု ဝန်ခံ၍ ထိုမင်းဆိုတို့ကို ပြု၏။ ရသေ့မလည်း "အချင်းတို့....လောကဌ သူတော်မဟုတ် သူယုတ်တို့၏အကျင့်သည်ဖြစ်၏၊ မလျောက်ပတ်စွာတကား" ဤသို့အစရှိသော စကားတို့ကိုဆို၍ ငိုကြွေးမြည်တမ်းစဉ်ပင်လျှင် ထိုရသေ့မကို ယူ၍သွားလေ၏။

မကြည်ဖြူပုံ

ဘုရားလောင်းသည် ထိုရသေ့မ၏ ငိုကြွေးသံကိုကြား၍ တစ်ကြိမ်ကြည့်ပြီးလျှင် တစ်ဖန်မကြည့်ပြီး၊ ငိုမြည်တမ်းသော ရသေ့မကို မင်း၏

www.dhammadownload.com

နန်းတော် သို့သာလျှင် ဆောင်လေ၏။ ထိုပဿာဏ္ဍကသီမင်းသည်လည်း ဥယျာဉ်၌ ကြာမြင့်စွာ နေခြင်းကို မပြုမူ၍သာလျှင် လျင်မြန်စွာ သွားပြီး လျှင် ထိုရဿ.မကိုခေါ်စေ၍ ကြီးစွာသော မင်း၏စည်းစိမ်ဖြင့် ဖိတ်၏။ ထိုရဿ.မသည် မင်းစည်းစိမ်ဖြင့် ကျေးဇူးမရှိသည်ကို ရဟန်းအဖြစ်၌ သာလျှင် ကျေးဇူးရှိထည်ဆို၏။

ဥည့်မခံတော့ဘူးလား

မင်းသည် တစ်စုံတစ်ခုသော အားကြောင်းဖြင့် ရဿ.၏စိတ်ကို မရသည်ဖြစ်၍ ထိုရဿ.မကို တစ်ခုသော တိုက်ခန်း၌ထား၍ ကြ၏၊ "အာဘယ်သို့ ကြံသနည်း ဟူမူကား "ဤရဿ.မသည် သီလရှိ၏၊ ထောင်းသော အကျင့်ရှိ၏၊ ဤသို့သဘော်ရှိသော မိဖုရား စည်းစိမ်ကို အလိုမရှိ၊ ထိုရဿ.သည်လည်း ဤသို့ သဘောရှိသော မယားဖြစ်ဖူးသော ဒိန်းမကို နှိုင်းထက်ကလူ ယူ၍သွားသော ငါတို့ကို အမျက်ထွက်၍ပင် ကြည့်တာမျှကိုလည်း မပြု။ စင်စစ်လျှင် ရဿ.ရဟန်းတို့သည် မျှားစွာသောဓာတ်ယာ ရှိကုန်၏။ တစ်စုံတစ်ခုသော မန္တန် ဆေးဝါး မန္တရားကိုမှီ၍ ငါ့အား အကျိုးမဲ့ကိုလည်း ပြုကုန်ရာ၏။ သွားဦးအုံ၊ အာဘယ်သို့ ပြုလျက်နေသနည်း၊ သိအောင်ပြုအုံ" ဤသို့ ကြံ၏။ ကြံပြီး၍ရပ်တည်ခြင်းငှာ မတတ်နိုင်ရကား ဥယျာဉ်သို့ သွားပြန်၏။ ဘုရားလောင်းသည်လည်း သက်နှံးတို့ကို ချုပ်လျက် နေ၏။ မင်းသည် နည်းသော အခြံအရံရှိသည်ဖြစ်၍ ခြေသံ ပြင်းသည်ကိုလည်း မပြုဘဲ ဖြည်းဖြည်းသာသာ ချဉ်းကပ်လေ၏။ ဘုရားလောင်းသည် မင်းကို မကြည့်မူ၍ သက်နှံးကိုသာလျှင် ချုပ်၏။ မင်းသည် "အမျက်ထွက်၍ ငါနှင့်တကွ စကားမပြော" ဟု ဆောက်မေ့သည်ဖြစ်၍ "ဤရဿ.စဉ်းလဲသည် အမျက်အား ဖြစ်ခြင်းငှာ ဝါမပေးအုံ၊ အမျက်ဖြစ်သော်လည်း ထိုအမျက်ကို လျင်မြန်စွာ နှိပ်အုံ" ဟု ရှေးဦးစွာဆမူ ကြုံးဝါး၍ ယူမူအား အမျက်ဖြင့်သာလျှင် ခက်ထန်ခိုင်မာသည်ဖြစ်၍ ငါနှင့်တကွ စကားမပြော၊ ဤသို့သော အမူတ်ဖြင့်-

၃၆။ ယံ နု ပုပ္ဖေ ဝိကတ္ထိတာ၊ ဗသမိဝ အာပသိတေဒ။
သွဇ္ဇ တုဏ္ဍိကဲ့တော ဒါနိ၊ သဃ်ာဋိ် သိဗ္ဗမစ္ဆသိ-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၃၆။ ဘော တာပဿ၊ အိုရသေ့။ ပုဗ္ဗေ၊ ဧဝှးဋ္ဌိ။ စိဏ္ဏတ္ထိတော နု၊ ကြုံးဝါး၏ မဟုတ်လော။ အင်္ဂ၊ ယခုမူကား။ သော၊ ထိုရသေ့စဉ်းလဲသည်။ ယံ ဗလံ၊ အကြင် အမျက်ဒေါသ အစွမ်းကို၊ အပဿိတော ဣဝ၊ မှီသကဲ့သို့။ တုဏှီကတော၊ တစ်စုံတစ်ခုသော စကားကိုမျှ မဆိုမူ၍။ တေန ဗလေန၊ ထို အမျက်အစွမ်းဖြင့်။ သဃ်ဝဋ္ဋိ။ ဒုက္ခဋ္ဌသက်နှံးကို၊ သိပ္ပံ သိပ္ပန္တော၊ ချုပ်လျက်။ ဒါနိ၊ ယခု၊ အစ္ဆသိ၊ နေဘိ၏ စကားဟု။

ဖြစ်ပါလျက် အပြင်မထွက်

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "ဤမင်းကား အမျက်ဒေါသ၏ အစွမ်းဖြင့် စကားမပြောဘူး၍ ငါ့ကိုဆောက်မေ့၏၊ ယခုအခါ ထိုမင်းအား၊ ဖြစ်သော အမျက်ဒေါသ၏ ဆိုလိုသို့ မလိုက်သည်၏ အဖြစ်ကိုဟောအံ့" ဟု ကြံ၍-

၃၇။ ဥပပ္ပဒိ မေ နု မုဠှိတ္ထ၊ နု မေ မုဠှိတ္ထ ဇိဝတော၊
ရဇံဝ ရိပုလာဝုဋ္ဌ၊ ခိပ္ပမေဝ နိဝါရယိ။

ဟူသော ဧးခုမြောက်သော ဤဂါထာကိုဆို၏။

၃၈။ မဟာရာဇ၊ မြတ်စသောဓင်းကြီး။ မေ၊ ငါ့အား။ ဥပပဲဒ္ဓိ၊ ဖြစ်ကာဖြစ်၏၊ ပန၊ ထိုသို့ဖြစ်ငြားသော်လည်း၊ နု မုဠှိတ္ထ၊ သန္တာန်မူစာပမထွက်စေရ။ မေ၊ ငါ့အား။ ဇိဝတေ၊ သဇိဝသန္တာန်မူ။ နု မုဠှိတ္ထ၊ မထွက်စေရာသလော်ကတည်း။ ဝိပုလာဝုဋ္ဌ၊ ကြီးစွာသော မိုးပေါက်သည်။ ရဇံ၊ မြူကို။ နိဝါရယိ ဤဝ၊ ဖျောက်သကဲ့သို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်၊ နိဝါရယိ၊ မြစ်အံ့။

ဘဝများဖြစ်နေပါသလို

ထိုဘုရားလောင်းစကားကို ကြား၍ မင်းသည် "ဤရသေ့ကား အမျက်ကိုလာလျှင် ရည်၍ဆိုသနားလော၊ ထိုသို့ထည်းမဟုတ်မူ တစ်ပါးသော တစ်စုံတစ်ခုသောအတတ်ကို ရည်၍ ဆိုသလော၊ ထိုရသေ့ကို မေးဦးအံ့" ဟု ကြံ၍ ဝေးလိုရာဘး-

၃၉။ ကိန္နု ဥပပဇ္ဇိနော မုဏ္ဍ၊ ကိန္နော နု မုဠှိ ဇိဝတော။
ရဇံဝ စိပုလာဝုဋ္ဌိ၊ ကတမံ တံ နိဝါရယိ။

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏၊

www.dhammadownload.com

၃၈။ တာပသ၊ ရင်ရသေ့။ တေ၊ ရှင်ရသေ့အာ။။ ဥပ္ပဇ္ဇိ၊ ဖြစ်ကာ၊ ဖြစ်၏ ဟူသည်စာ။။ ကိ၊ အဘယ်သည်။။ ဥပ္ပဇ္ဇိ၊ ဖြစ်လည်းဖြစ်သနည်း။။ နော မုဠ္ဆိ၊ လွတ်လည်းမလွတ်သနည်း။။ ကံ၊ အဘယ်သည်။ တေ၊ ရှင် ရသေ့၏။ဇီဝတော၊ သဇီဝသန္တာန်မှ၊ နမုဠ္ဆိ၊ မလွတ်သနည်း။။ ဝိပုလာ ဝုဋ္ဌိ၊ ကြီးစွာသော မိုးပေါက်သည်။ ရဇံ၊ မြူကို။ နိဝါရယိ ဣဝ၊ ဖျောက်သကဲ့သို့။။ ကတမံ၊ အဘယ်မည်သော၊ တံ၊ ထိုဝတ္ထုကို။ နိဝါရယံ၊ ဖြစ်သနည်း။။

အမျက်ဖြစ်လျက် ပြင်မထုတ်

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''မြတ်သောမင်းကြီး - ဤသို့ မျှားစွဲဝသော အပြစ်ရှိသော တစ်ခုသော အမျက်သည် ငါ့အား ဖြစ်၏။။ ဖြစ်သော်လည်း ထိုအမျက်ကို မေတ္တာဘာဝနာဖြင့် မြစ်၏'' ဟု အမျက် ဓါတ်၌ အပြစ်ကို ပြလိုသည်ဖြစ်၍-

၃၉။ ယမ္ပိ ဇာတေ နု ပဿတိ၊ အဇာတေ သာဓု ပဿတိ။
သော မေ ဥပဇ္ဈံ နော မုဠ္ဆိ၊ ကောဓော ဒုဇ္ဈမဓ ဂေါစရော။။

၄၀။ ယေန ဇာတေန နန္ဒန္တိ၊ အမိတ္တာ ဒုက္ခမေသိနော။။
သော မေ ဥပဇ္ဈံ နော မုဠ္ဆိ၊ ကောဓော ဒုဇ္ဈမဓ ဂေါစရော။။

၄၁။ ယသ္မိ စ ဇာယမာနမ္ပိ၊ သဒတ္ထံ နာဝဗုဇ္ဈတိ။။
သော မေ ဥပဇ္ဈံ နော မုဠ္ဆိ၊ ကောဓော ဒုဇ္ဈမဓ ဂေါစရော။။

၄၂။ ယနာဘိဘူတော ကုသလံ ဇဟာတိ၊
ပရက္ကမေ ဝိပုလဉ္စာပိ အတ္ထံ။။
သဘီမသေနော ဗလဝါပမဒ္ဒိ၊
ကောဓော မဟာဆုဇ နု မေ မုဠ္ဆထ။။

၄၃။ ကဋ္ဌသ္မိံ မတ္ထမာနသ္မိံ၊ ပါဝကော နာမ ဇာယတိ။။
တမေဝ ကဋ္ဌံ ဒုဟတိ၊ ယသ္မာ သော ဇာယတေ ဂိနိ။။

၄၄။ ဧဝံ မန္ဒာ ပေါသာ၊ ဗာလာ အဝိဇာနတော၊
သာရဒ္ဓာ ဇာယတေ ကောဓော၊ သောပိ တေနေဝ ဒဟ္ယတိ။။

၄၅။ အဂ္ဂိဝ တိဏကဋ္ဌသ္မိံ၊ ကောဓော ယာသ ပဝဍ္ဎတိ။။
နိဟိယျတိ တသာ ယဓော၊ ကာဋ္ဌပက္ခေဝ စန္ဒိမာ။။

၈-၃၉-၅၅၀(ဆ-တွဲ)

www.dhammadownload.com

၄၆။ အနိန္ဒေါ ရူမဇကတူ ဈ၊ ကောဓေါ ယသူပသမ္မတိ။ အာပူရတိ တဿ ယသော၊ သုက္ကပက္ခေဝ စန္ဒိမာ-ဟူသော ဤဂါထာတို့ကို ဆို၏။

၃၉။ ဘူပါလ၊ ရေမြေသော်နှင်း ပြည့်ရွှင်မင်း။ ယမို့ ကောခဲ့၊ ဆကြင်ဆမျက်ဿည်း။ ဇာတေ၊ ဖြစ်လတ်သော်။ နှ ပဿတိ၊ မိမိဆကျိုး သူတစ်ပါးအကျိုးကို မမြင်း ယမို့၊ အကြင်အမျက်သည်း အဇာတေ၊ မဖြစ်သည်ရှိသော်။ သာဓု၊ ကောင်းစွာ။ ပဿတိ၊ မိမိအကျိုး သူတစ်ပါး ဆကျိုးကိုမြင်၏။ ဒုမ္မဓေါစရော၊ ပညာမရှိသောသူတို့၏ ကျွက်စား လေ့လာရာဖြစ်သော။ သောကော်ဓေါ၊ ထိုအမျက်သည်။ ဓေါ၊ ငါ့ဆာ။ ဥပပ္ဓိ၊ ဖြစ်၏။ နော မုဠ္ဠိ၊ ငါ့ကိုယ်မှ ပြင်သို့မထွက်။

၄၀။ ဇနိန္ဒ၊ လူတို့အရှင်မင်းမြတ်။ ဇာတေန၊ ဖြစ်သော။ ယေန၊ အကြင်ဆမျက်ဒေါသဖြင့်။ ဒုက္ခမေသိနော၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို အလိုရှိကုန်ဃော။ အမိတ္တာ၊ ရန်သူတို့သည်း နန္ဒန္တိ၊ နှစ်သက်ကုန်၏။ ဒုမ္မဓေါ-ဝေါစရော၊ ပညာမရှိသောသူတို့၏ ကျက်စားရာ အာဒရှိဖြစ်သော။ သော ကောခဲ့၊ ထိုအမျက်သည်။ ဓေါ၊ ငါ့ဆာ။ ဥပပ္ဓိ၊ ဖြစ်၏။ နော မုဠ္ဠိ၊ ငါ့ကိုယ်မှမထွက်။

၄၁။ ဒိသမွတိ၊ အရပ်မျက်နှာဆရှင်ဖြစ်သော မင်းကြီး။ ယသွိ' စ၊ အကြင်အမျက်ဒေါသသည်လည်း၊ ဇာယမာနမှိ၊ ဖြစ်လတ်သော်။ သဒတ္ထံ၊ မိမိဆကျိုးစီးပွားကို၊ နာဝဗုဇ္ဈတိ၊ မသိ။ ဒုမ္မဓေါစရော၊ ပညာမရှိသော သူတို့၏ ကျွက်စားလေ့လာရာဖြစ်သော။ သော ကောဓေါ၊ ထိုအမျက်သည်။ ဓေါ၊ ငါ့ဆာ။ ဥပပ္ဓိ၊ ဖြစ်၏။ နော မုဠ္ဠိ၊ ငါ့ကိုယ်မှ ပြင်ပသို့မထွက်။

၄၂။ ရဇ္ဇေသဓာ၊ တိုင်းပြည်သူအပေါင်းတို့ထက် မြတ်တော်မူသော။ ရာဇသေဋ္ဌ၊ မင်းမြတ်။ ယေန၊ အကြင်ဒေါသသည်း အဘိဘူတော၊ နှိပ်စက်အပ်သောသူသည်၊ ကုသလံ၊ ကုသိုလ်ကို။ ဇဟာတိ၊ စွန့်တတ်၏။ စိဗုဇ္ဈံ၊ ပြန့်ပြောသော။ အတ္ထဉ္စာပိ၊ အကျိုးစီးပွားကိုလည်း။ ပရက္ကဓေ၊ အပပ္ပိုလုံက်တတ်၏။ မဟာရာဇ၊ မင်းမြတ်။ ဘီမသေနော၊ မျှားစွဲသောကိလေသာဒဟ္ဍသော စစ်သည်နှင့်ပြည့်စုံသော၊ ဗလဝါပမဒ္ဒံ၊ အားရှိသောသူတို့ကို

www.dhammadownload.com

နှိပ်နင်းနိုင်ဃော။ သောကောဓော၊ ထိုအမျက်သည်။ မေ၊ငါ၏၊ သန္တိကာ၊ အထံမှ၊ နမုဉ္စထ၊ မထွက်။

အမျက်မီးပြောင် ကိုယ်.ကိုလောင်

၄၃။ ကဲဌဿိ.၊ မီးပုတ်ခုံကို။ မတ္ထမာနုဿိ.၊ မီးပုတ်သည်ရှိသော်။ ပါဝကော၊နုဒမ၊ မီးမည်သည်။ ဇာယတိ၊ ဖြစ်၏။ သော ဂိနိ၊ ထိုမီးသည်။ ယသ္မာ၊ အင်္ဂြိပုတ်ခုံမှ။ ဇာယ၊တ၊ ဖြစ်၏။ တ၊မေဝဏ္ဍ.၊ ထိုမီးဖြစ်ရာ ပုတ်ခုံကိုပင်လျှင်။ ဥဟတိ၊ လောင်၏။

အမျက်ဖြစ်မှုကျကိုယ်ပူ

၄၄။ မဟာရာဇ၊ မင်းမြတ်။ ဝေဒ၊ကျိအာတူ။ မန္ဒဿ၊ ပညာမရှိသော။ ဗာလဿ၊ မိုက်စွာသော။ ဆဝိဇာန၊တော၊ အကျိုး၊စီး၊ပွား၊ကို မသိသော။ ပေါဿဿ၊ ဃတ္တာဝါအာ၊း။ သာရဇ္ဇာ၊ နှင်လော,ငါလော စသည်ဖြင့် လွန်စွာပြုတတ်သော လက္ခဏာရှိသော။ ကောဓော၊ အမျက်သည်။ ဇာယတေ၊ ဖြစ်၏။ သေးပိ၊ ထိုအမျက်ထွက်သော သူသည်လည်း။ တေနေဝ၊ ထိုမိမိ အမျက်ဖြင့်သ၊လျှင်။ ဒုယ္ဘတိ၊ ပူလောင်၏။

ပညာနည်းပါး ဒေါသပွား

၄၅။ ရဇေထသာ၊ ရထာ၊စီး၊ချင်း မင်းတကာတို့ထက် အာသဘမြောက်စတော်မူ၊သော။ ရာဇသေဋ္ဌ၊ မင်းမြတ်။ တိဏကဋ္ဌဿိ.၊ မြက်ခြောက် သစ်ခက်ခြောက်ရှိရာအရပ်၌။ အဂ္ဂိ၊ လောင်သောမီးသည်။ ဝနုတိဏ္ဏဝ၊ ပွား၊လလေဖြစ်သကဲ့သို့။ ယဿ၊ အကြင်ပညာနည်းသော သူအာ၊း။ ကော၊ဓော၊ အမျက်သည်။ ပဝဍ္ဎတိ၊ ပွား၏။ တဿ၊ ထိုအမျက်ဒေါသ ပွား၊သော သူအာ၊း၊ ကာဋ္ဌပက္ခေ၊ လက္ခယ်ပက္ခ၌။ စန္ဒိမာဂ္ဂဝ၊ လကဲ့သို့။ ယသေး၊ စည်း၊စိမ်း၊ချမ်း၊သာသည်။ ဟိယျ်တိ၊ တ၊ရှ.ရှဲ.ယုတ်၏။

အမျက်ဇာတ်သိမ်းကိုယ်လုံးငြိမ်း

၄၆။ မန္ဒိဿရ၊ ရှေနန်း၊ရှင်။ အနိဇန္ဓော၊ မီး၊စာမရှိ၊သော၊ ဓူဝ၊ကတု၊ မီး၊လျှံသည်။ ဥပသမ္မတိ.ဂ္ဂဝ၊ ငြိမ်း၊သကဲ့သို့။ ယဿ၊ အကြင်ပညာရှိအာ၊း၊

www.dhammadownload.com

ကောခေါ၊ ဇာမျက်သည်။ စူပသမ္မတိ၊ ငြိမ်း၏။ တဿ၊ ထိုဆမျက်ငြိမ်း သောသူအား။ သုက္ကပက္ခေ၊ လဆန်းပက္ခ၌။ စန္ဒိမာလ္ကဝ၊ လကဲ့သို့။ ယသော၊ စည်းစိမ်ချမ်းသာသည်။ အာပူရတိ၊ တရွေ့ ရွေ့ ပြည့်၏။

ဗာရာဏသီခင်းသည် ဘုရားလောင်း၏ တရားစကားကို နာရလျှင် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ အမတ်တစ်ယောက်ကိုစေ၍ ''နန်းတော်သို့ ဆောင်လေပြီးသော ရသေ့မကို ဆောင်စေ၍ ''အမျက်ထွက်ခြင်း စရှိသော ရှင်ရသေ့....နှစ်ယောက်ကုန်သော ရှင်ရသေ့တို့သည် ရဟန်းချမ်းသာဖြင့် လွန်စေကုန်လျက် ဤ အကျန့်ပ် ဥယျာဉ်တော်၌သာလျှင် နောတော်မူကြကုန်လော့၊ အကျန့်ပ်သည် အရှင်ဘုရားတို့အား တရားနှင့် လျော်စွာ စောင့်ရှောက်ခြင်း, တရားနှင့်လျော်စွာ ချန်မူတံ၊ မြစ်ခြင်း, တရားနှင့်လျော်သော လုံခြုံခြင်းကို ပြုအံ့'' ဟု ဆို၍ ကန်တော့ပြီးလျှင် အကြိမ်ကြိမ် ရှိခိုး၍သွားလေ၏။

ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း ဥယျာဉ်တော်၌သာလျှင် နေကုန်၏။ နောက်အဖို၌ ရသေ့မသည် သေ၏။ ဘုရားလောင်းသည် ထို ရသေ့မ သေသည်ရှိသော် ဟိမဝန္တာတောသို့ ဝင်ပြီးလျှင် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ လေးပါးကုန်သော ဗြဟ္မဝိဟာရတို့ကို ပွားစေလျက် ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း။ သမ္မာသမ္ဗုဒ္ဓဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည် အနာဂါမ်ဖိုလ်၌တည်၏။ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူသနည်း ဟူမူ ကား-ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ ရသေ့မဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ စူဠဒေဝိရသေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မျက်ဒေါသမှာ၊ မီးပမာ၊ မှိုရာဇလောင်မြိုက်မည်။)
ငါးခုမြောက်သော စူဠဒေဝိဇာတ်သည်ပြီး၏။

www.dhammadownload.com

၆.ကကုဒိပါယနဇာတ်

လောကဋ္ဌ် မှန်သောစကားသည် သစ္စာမည်ခြင်း

ဟောဒတဝ်မူရာဌာန။ နတ်နှင့်တကွသော လေခကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''သတ္တာဟာရမဝါဟံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကကုဒိပါယနဇာတ်ကို ဇေတဝန်ကျောင်းဒဘဝ်၌ သီကင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အာကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ဝတ္ထုသည် ကုသဇာတ်၌ ထင်စွာဖြစ်လတ္တံ့.)

မြတ်စွာဘုရားသည် ထိုရဟန်းကို ''ရဟန်း.... သင်သည် သာသနာတော်၌ ငြီးငွေ့သဘော်ဟူသည် မှုန်သလော'' ဟု မေးတော်မူ၍ ''အရှင်ဘုရား...မှန်ပေ၏'' ဟု နားတော်လျောက်သည်ရှိသော် ''ရဟန်း...ရှေးပညာရှိတို့သည် သဗ္ဗညုမြတ်စွာဘုရားရှင်တို့သည် မပွင့်ကုန်မီ သာသနာတော်မှုအပဖြစ်သော ရဟန်းတို့၏အကျင့်ကို ကျင့်၍ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး ရဟန်းဘဖြစ်၌ မမွေ့လျော်ဘဲ မြတ်သောအကျင့်ကို ကျင့်ကုန်သည်ရှိသော် ဟိရိသြတ္တပ ပျက်အံ့သည်မှု ကြောက်သောကြောင့် မိမိ၏ရသေ့ရဟန်း၏အဖြစ်၌ မမွေ့လျော်သော ဆဖြစ်ကို တစ်စုံတစ်ယောက်သဲသူအား မပြောဆိုကုန်၊ ထင်သည် အဘယ့်ကြောင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ငါဘုရား သားဆနာတော်၌ ရဟန်းပြု၍ ငါကဲ့သို့သော လူနတ်တို့၏ ဆရာဖြစ်တော်မူသော ငါဘုရားမျက်မှောက်တော်၌တည်၍ ပရိသတ်လေးပါးအလယ်၌ မမွေ့လျော်သောအဖြစ်ကို ထင်စွာပြုဘိသနည်း၊ အဘယ်အကျိုးရှိသည်ဖြစ်၍ ဟိရိသြတ္တပ္ပကို မစောင့်သနည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့....လွန်လေပြီးသောအခါ ဝံသတိုင်း ဆောသမ္မိပြည်၌ ကောသမ္ဗက အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုအခါ အမှတ်မရှိသော နိဂုံးရှာ၌ ကုဋေရှစ်ဆယ်ဥစ္စာရှိကုန်သော အချင်းချင်းချစ်မြတ်နိုးကြကုန်သော အဆွေခင်ပွန်းဖြစ်ကုန်သော ပုဏ္ဏားနှစ်ယောက်တို့ သည်ရှိကုန်၏။ တစ်ယောက်ကစား မဏ္ဍဗျ အမည်ရှိ၏။

www.dhammadownload.com

ပုံတော်စုံ-ဂါးထုဂါးဆယ်ဇာတ်ဝတ္ထု

ပုဏ္ဏား ၂-ယောက် ရဿဝတ်

ထိုသူနှစ်ဧယောက်တို့သည် ကာမတို့၌ မျှားသောဇာပြစ်တို့ကို မြင်ကုန်၍ လျှင် ကြီးစွာသော အလှူကို ဖြစ်စေ၍ နှစ်ဧယောက်ကုန်သော သူတို့သည် လည်း ကာခတို့ကိုပယ်၍ လူအပေါင်းတို့ ငိုကြွေးမြည်တမ်းစဉ် အိမ်မှ ထွက်ကုန်၍ ဟိမဝန္တာတောအရပ်၌ သခ်ိမ်းဆောက်ပြီးလျှင် ရဿ.ရဟန်း ပြုကုန်၍ သစ်သီးဆွမ်း ရှာမှီးခြင်းတို့ဖြင့် ရဏပ်သော တော သစ်မြစ် သစ်သီးကြီးငယ်ဖြင့် မျှကုန်လျက် အနှစ်ဂါးဆယ်တို့ပတ်လုံး နေကုန်၏။ ဈာန်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်။ ထိုနှစ်ယောက်ကုန်သော ရဿ. တို့သည် အနှစ်ဂါးဆယ် လွန်သောအခါ၌ ချဉ် ဆား မှီဝဲအံ့သောငှာ ဇနပုဒ်သို့ လှည့်လည်ကုန်လျက် ကာသိတိုင်းသို့ ဆောက်လာကုန်၏။

ထိုဇနပုဒ်နိုဂုံးရွာ၌ ဒီပါယန ရဿ၏ လူ.လက်ထက်၌ အဆုခင်ပွန်း ဖြစ်ဖူးသော မဏ္ဍာဗျမည်သော သူကြွယ်သည်ရှိ၏။ ထိုနှစ်ယောက်သော ရဿ.တို့သည်လည်း ထိုသူကြွယ်၏အထံသို့ သွားကြကုန်၏။ ထိုသူကြွယ်သည် ထိုနှစ်ဧယောက်သော ရဿ.တို့ကိုမြင်၍လျှင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကျောင်းဆောက်၍ ထိုနှစ်ယောက်သော ရဿ.တို့ကို လည်း ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး၏။ ထိုနှစ်ယောက်သော ရဿ. တို့သည် ထိုကျောင်း၌ သုံးလေးနှစ်တို့ပတ်လုံး နေကုန်ပြီးလျှင် သူကြွယ်ကို ပန်ကြား၍ ဒေသစာရီ သွားကြကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်၍ အဓိမုတ္တက အမည်ရှိသော သုသာန်၌ နေကြကုန်၏။ ထိုသုသာန်၌ ဒီပါယန ရဿ.သည် မေ့.လျော်သရွေ့. နေပြီး၍ တစ်ဖန် ထိုအာဆုခင်ပွန်း ဖြစ်ဖူးသော သူကြွယ်၏အထံသို့သာလျှင် သွား၏။

မဏ္ဍာဗျရဿ. အဖမ်းခံရ

မဏ္ဍာဗျရဿ.ဘာည် ထိုသုသာန်၌သာလျှင် နေရစ်၏။ ထိုအခါ တစ်နေ့သ၌ ခိုးသူဘစ်ယောက်သည် မြို့တွင်း၌ ခိုးမှုကိုပြုပြီးလျှင် မြတ်သောဥစ္စာကို ယူ၍ အိမ်မှထွက်သည်ရှိသော် ခိုးသူဟူသို၍ အိပ်ပျော်ခြင်းမှ နိုးကုန်သော အိမ်ရှင်တို့သည် လည်းဆောင်း, စောင့်ရှောက်သော သူတို့သည် လည်း ကောင်း ထစဉ်အတိုင်း လိုက်ကုန်သည်ရှိသော် မြှုန်ပေါက်မှုတ်၍ လျင်မြန်သော အဟုန်ဖြင့် သုသာန်သို့ဝင်၍ ချဉ်ရဿ.၏ ကျောင်းတံခါး၌ ဥစ္စာထုပ်ကိုစွန့်၍ ပြေးလေ၏။ လူတို့သည် ဥစ္စာထုပ်ကိုမြင်၍ "ဟယ်

www.dhammadownload.com

မကောင်းစွာသော ရဿေ့....သင်သည် ညဉ့်အခါ၌ ခိုးသူပြု၍ နေ့ဆာခါ ရဿေ့အာသင့်ဖြင့် သွားဘိ၏''ဟု ခြိမ်းခြောက် ပုတ်ခတ်ပြီးလျှင် ထိုမဏ္ဍဗျ ရဿေ့ကိုယူ၍ မင်းအား ပြကုန်၏။ မင်းသည် မစူးစမ်း မဆင်ခြင်မူ၍ ''သွားကြကုန်၊ တံကျင်၌ လျှိုလေကုန်လော့''ဟု ဆို၏။

တံကျင်လျှိုခံရ

ထိုမဏ္ဍဗျရဿေ့ကို သုသာန်သို့ဆောင်၍ ရှားတံကျင်သို့ တင်ကုန်၏။ ရဿေ့၏ကိုယ်၌ တံကျင်သည်မဝင်။ ထိုနောင်မူ ထာမဿား တံကျင်ကို ဆောင်ကုန်၏။ ထိုတမဿားတံကျင်သည်လည်း မဝင်နိုင်။ သံတံကျင်ကို ဆောင်ကုန်၏။ ထိုသံတံကျင်သည်လည်း မဝင်နိုင်။ ရဿေ့သည် ''ငါ၏ ရှေးမဇောင်းမှုကံသည် အဘယ်မကောင်းမှုကံနည်း'' ဟု ကြံဆင်ခြင်၏။ ထိုသို့ ဆင်ခြင်သောအခါ၌ ထိုရဿေ့အား ဇာတိသရဉာဏ်သည် ဖြစ်၏။ ထိုဇာတိသရဉာဏ်ဖြင့် ရှေး၌ပြုခဲ့ဖူးသော မကောင်းမှုကံကို ကြည့်၍မြင်၏။ ထိုမဏ္ဍဗျရဿေ့၏ ရှေးမကောင်းမှုကံသည် အဘယ်နည်း ဟူမူကား၊ ပင်လယ်ကသစ် တံကျင်ဖြင့် ယင်ငယ်ကို ထိုးဖူးသေးကံတည်း။ ထိုမဏ္ဍဗျရဿေ့သည် ရှေးဘဝ၌လုက်သမားဖြစ်၍ အဘ၏ သစ်ရွှေ့ရာ အရပ်သို့သွား၍ တစ်ဆောင်သော ဆောင်ငယ်ကို ဖမ်းပြီးလျှင် ပင်လယ်ကသစ်မြစ်ဖြင့် ထိုး၏။ ထိုမကောင်းမှုကံသည်ပင်လျှင် ဤအရပ်သို့ရောက်၍ မြစ်ဝကိုင်၏။ ထိုရဿေ့သည် ''ဤယင်ငယ်ကို ပင်လယ်ကသစ်မြစ်ဖြင့် တံကျင်လျှိုသောသဖွာန် ထိုးဖူးသော မကောင်းမှုကံမူ ငါသည် လွတ်ခြင်းငှာ မဆောင်ကောင်းပြီ''ဟု သိ၍ မင်းချင်းတို့ကိုဆို၏။ ''ငါ့ကို တံကျင်လျှိုလိုကုန်သည် အကယ်၍ဖြစ်ကုန်အံ့၊ ပင်လယ်ကသစ် တံကျင်ကို ဆောင်ကုန်လော့''ဟု ဆို၏။ ထိုမင်းချင်းတို့သည် ရဿေ့ဆိုတိုင်းပြုကုန်၏။ ထိုရဿေ့ကို ပင်လယ်ကသစ်ဝှေ့၍ တံကျင်သို့တင်၍ အစောင့်အရှောက်ကို ပေးပြီး သွားကြကုန်၏။

ဒီပါယန ရဿေ့က

ဝေဌဗ္ဗရောက်သောသူတို့သည် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ ထိုရဿေ့၏ အထံသို့ လာကုန်သောသူတို့ကို ကြည့်ကုန်၏။ ထိုအခါ ဒီပါယန ရဿေ့သည် ''ငါ၏ အဆွေဖြစ်သော မဏ္ဍဗျရဿေ့တို့မမြင်ရသည် ကြာမြင့်ပြီ''

www.dhammadownload.com

ဟု မဏ္ဍဗျရသေ့၏ အထံသို့ လာလတ်သည်ရှိသော် "တံကျင်လျှို့ပြီ" ဟု ထိုးနှဉ်ပင်လျှင် ခရီးအကြွးဥကြွး၍ ထိုမဏ္ဍဗျ ရသေ့ကို တံကျင်လျှို၍ ထားရာအရပ်သို့ သွားပြီးလျှင် လျောက်ပတ်စွာ ရပ်လျက် "အဆွေ မဏ္ဍဗျ...အပြစ်ရှိသည်ဖြစ်သလော၊ အဘယ်အပြစ်ရှိသည်ဖြစ်သနည်း" ဟု မေး၍ "အပြစ်မရှိ" ဟု ဆိုလေသည်ရှိသော် "မိမိ၏ နှလုံးဖြင့် ပြစ်မှား ခြင်းကို အောင်ခြင်းငှာ တတ်နိုင်၏လော၊ မတတ်နိုင်လော" ဟု မေး၏။ "အဆွေ....အကြင်သူတို့သည် ဖမ်းဆပ်၏၊ ထိုသူတို့အပေါ်၌ ငါ့အား နှလုံး ဖြင့် ပြစ်မှားခြင်းသည် မရှိသလျှင်ကား၊ မင်း၏ အပေါ်၌လည်း ငါ့အား ပြစ်မှားခြင်းသည် မရှိသလျှင်ကတည်း" ဟု ဆိုလေ၏။ "ဤသို့ အမျက်မထွက်ခြင်းသည် ဖြစ်ပေသော အဆွေကဲ့သို့သော သီလရှိသော သူ၏ အရိပ်သည် ငါ့အား ချမ်းသာခြင်း၏ အကြောင်းဖြစ်၏" ဟု ဆို၍ ဒီပါယန ရသေ့သည် လျှို့ပြီး၍ စိုက်သော တံကျင်ကို မှီ၍နေ၏။

ကဏ္ဍဒီပါယနရသေ့ တရားဟော

ထိုသို့မှီသောအခါ၌ ထိုဒီပါယန ရသေ့၏ကိုယ်၌ မဏ္ဍဗျရသေ့၏ ကိုယ်မှ သွေးပေါက်တို့သည် စီးကျကုန်၏။ ရွှေအဆင်းနှင့်တူသော အဆင်း ရှိသောကိုယ်၌ ကျတိုင်းကျတိုင်းကုန်သော သွေးပေါက်တို့သည် ခြေခ်ကုန်၍ အာကွက်ဆာကွက် မည်းသော အဆင်းတို့ဖြင့် ဖြစ်ကုန်၏။ ထိုကိုယ်၌ မည်းသော အဆင်းရှိသော အသားပေါက်အပေါက်ဖြစ်သော အခါမှစ၍သာလျှင် ထိုဒီပါယန ရသေ့သည် ကဏ္ဍဒီပါယန အမည်သည်ဖြစ်၏။ ထိုကဏ္ဍဒီပါယန ရသေ့သည် ညဉ့်သုံးယံပတ်လုံး ထိုတံကျင်၌သာလျှင် နေ၏။ မိုးသောက်သောအခါ၌ စေ့ငှက်ရွာက်သော လူတို့သည် လာလတ်ကုန်၍ ထိုနှစ်ယောက်ကုန်သော ရသေ့တို့သည် ဟောပြောကြသော်အကြောင်းကို မပ်းအား ကြားလျောက်ကုန်၏။ မင်းသည် "ငါသည် မဖူးမစမ်း ပြုမိ ချေ၏" ဟု လျှင်မြန်စွာ ထိုရသေ့အတံသို့သွား၍ "အို ရသေ့ အဘယ် ကြောင့် တံကျင်ကို မှီ၍နေသနည်း" ဟု ဒီပါယန ရသေ့ကို မေး၏။ "မြတ်သော မင်းကြီး-ဤရသေ့ကို ဇစောင့်ရှောက်နေ၏" ဟု ဆို၏။

"ရှင်ရသေ့သည် ဤရသေ့၏ အပြစ်ရှိသည်၏အဖြစ်ကို လည်းကောင်း၊ အပြစ်မရှိသည်၏ အဖြစ်ကို လည်းကောင်းသိ၍ ဤသို့စောင့်ရှောက်ခြင်းကို ပြုသလော" ဟု မေး၏၊ ထိုဒီပါယန ရသေ့သည် အမှုကို သုတ်သင်ဆင်ခြင်

www.dhammadownload.com

စူးစမ်း၍ အပြစ်မရှိသော အဖြစ်ကိုကြား၍ ထိုနောင်မှ ထိုမင်းအား "မြတ်သော မင်းကြီး....ပြည်ထဲသခင် မင်းမည်သည်အား စူးစမ်းဆင်ခြင်၍ဆောပြုလေ့ရှိသည် ဖြစ်ရာ၏၊ ကာမဂုဏ်ချမ်းသာကို ခံစားသောသူ မည်သည်ထား ဟုင်းသည်ဖြစ်အံ့၊ မဏောင်း" ဤသို့ အစရှိသော စကား တို့ကို ဆို၍ မင်းကျင့်တရား ဆယ်ပါးကို ဟော၏။

တံကျင်ကိုဖြတ်ထား

မင်းသည် မဏ္ဍာဗျရသေ့၏ အပြစ်မရှိသော အဖြစ်ကိုသိ၍ "တံကျင်ကို နုတ်ကုန်လော့" ဟုစေ၏။ တံကျင်ကိုနုတ်ကုန်သည်ရှိသော် နုတ်ခြင်းငှာ မတတ်နိုင်ဟု မဏ္ဍာဗျရသေ့သည်ဆို၏။ အဘယ်သို့ ဆိုသနည်းဟူမူကား "မြတ်သော မင်းကြီး....ငါသည် ရွေးဦးပြုအပ်ပြီးသော မဟောင်းမှုကံ ဟူသော အပြစ်ကြောင့် ဤသို့ သဘောရှိသောဘေးသို့ ရောက်ချေပြီ၊ ငါ၏ ကိုယ်၌ တံကျင်ကို နုတ်ခြင်းငှာ မတတ်နိုင်ရာ၊ ငါအား အာဿက်ကို ပေးလိုသည် အကယ်၍ ဖြစ်ငြားအံ့၊ လွှဲကို ဆောင်စေ၍ တံကျင်ကို အခရနှင့်အမျှ ဖြတ်စေလော့" ဟု ဆို၏။ မင်းသည် ထိုရသေ့ဆိုတိုင်း ပြုစေ၏။ ကိုယ်တွင်းဦးတံကျင်သည် ကိုယ်တွင်းဦးသဘာလျင်ဖြစ်၏။

ရွေးဝိပါက်

(ထိုလက်သမားသား ဖြစ်သော အခါ၌ ထိုသူငယ်သည် သိမ်မွေ့သော ပင်လယ်ကသစ်မြစ်ကိုယူ၍ ယင်း၏ ဝစ္စမဂ်သို့ ထိုးလိုက်၏။ ထိုပင်လယ်ကသစ်မြစ်သည် ထိုယင်း၏ ကိုယ်တွင်းဦးသဘာလျင် ဖြစ်၏။ ဇိုယင်ငယ်သည် ထို ပင်လယ်ကသစ်မြစ်ဖြင့် လျှိုခြင်းဟူသော အကြောင်းကြောင့် မဒသမှုရှိ မိမိ၏ အသက်အပိုင်းအခြား ကုန်သဖြင့်သာလျှဲ သေ၏။ ထို့ကြောင့် ဤမဏ္ဍာဗျ ရသေ့သည်လည်း မသေ၊ ဤသည်လျှင် ရွေးမဟောင်းမှု ကံတည်း။)

အာဇာမဏ္ဍာဗျ ရသေ့

ဗာရာဏသီမင်းသည် ရသေ့တို့ကို ရှိခိုး၍ ကန့်တော့ပြီးလျှင် နှစ်ယောက်ကုန်သော ရဟန်းတို့ကိုလည်း ဥယျာဉ်တော်၌ နေစေလျက် လုပ်ခကျွေး၏၊

မှီး ၈၀-၅၅၀(စာတွဲ)

www.dhammadownload.com

ထိုလျှိုပြီးသော တံကျင်ကို အဃားနှင့်အညီ ဖြတ်၍ထားသော အခါမှစ၍ မင္ကဿရသော့်သည် အာဏိမင္ကဿရသေ့ မည်တွင်၏။ ထိုအာဏိမင္ကဿရသေ့သည် ဗာရာဏသီမင်းကို အမှီပြု၍ ထိုဥယျာဉ်တော်၌သစ်လျှင်နေ၏၊

အာဏိမင္ကဿ အကြောင်း

ကဏှဒီပါယန ရသေ့သည်ကား ထိုအာဏိမင္ကဿရသော့် တံကျင်လျှို ခြင်းကြောင့် ဖြစ်ဆော အနာကို ချမ်းသာအောင် ပြု၍ မိမိ၏ လူ့လက်ထက်၌ အဆွေခင်ပွန်းဖြစ်သော မင္ကဿသူကြွယ်၏ အထံသို့သာလျှင် သွား လေ၏။ ထိုဏှဒီပါယန ရသေ့သည် ကျောင်းသို့ ဝင်သည်ကို မြင်၍ တစ်ယောက်သော ယောကျ်ားသည် အဆွေဖြစ်သော မင္ကဿသူကြွယ်အား ကြား၏။ ထိုမင္ကဿသူကြွယ်သည် ကြားတည်း၍သာလျှင် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ယားမယားနှင့်တကွ မျှားစွဲခသော နံ့သာပန်းဆီ တင်လဲ အစရှိသည်တို့ကိုယူ၍ ကျောင်းသို့သွားပြီးလျှင် ကဏှဒီပါယန ရသေ့ကို ရှိခိုး၍ ခြေတို့ကို ဆေးပြီးလျှင် ဆီဖြင့်သုတ်၍ အဖျော်ကို သောက်စေ၍ အာဏိမင္ကဿရသေ့၏ ဖြစ်ကြောင်းကို နာလျက်နေ၏၊

မင္ကဿသား မြွေကိုက်

ထိုအခါ မင္ကဿသူကြွယ်သား ဖြစ်သော ယညဒတ်မည်သော သူငယ်သည် စကြံဦးဠ္ဍ အိမ်ကျင်ဖြင့် ကစား၏၊ ထိုသို့ ကစားသည်ရှိသော် တစ်ခုသော တောင်ပို့ဠ္ဍ မြွေဟောက်သည် နေ၏။ ယညဒတ်၏ မြေဠ္ဍခတ်အပ်သော အိမ်ကျင်(ဘောလုံး)လိမ့်လျက် သွားလေ၏။ ထိုဆောင်ပို့တွင်းဠ္ဍ မြွေဟောက်၏ ဥိးခေါင်းပေါ်ဠ္ဍ ကျလေ၏။ ထိုသူငယ်သည် မြွေဟောက်ရှိမှန်း မသိခြင်းကြောင့် ဘခင်ပို့တွင်းသို့ လက်ကိုသွင်း၏၊ ထိုအခါ ထိုသူငယ်ကို ဆမျက်ထုတ်၍ မြွေဟောက်သည် လက်ဠ္ဍ ကိုက်၏၊ ထိုသူငယ်ထည်လည်း မြွေဆိပ်၏ အဟုန်ဖြင့် မိန်းမောသည်ဖြစ်၍ ထိုအရပ်ဠ္ဍသာလျှင်လည်း၏၊ ထိုအခါ ထိုသူငယ်၏ မိဘတို့ဆည် မြွေကိုက်သော အဖြစ်ကို သိလျှင် သူငယ်ကိုချီ၍ ဗုဒ္ဓရထေ့၏ အထံသို့ ဆောင်ခဲ့ပြီးလျှင် ခြေရင်းဠ္ဍ အိပ်စေ၍ "အရှင်ဘုရား-ရဟန်းတို့မည်သည်ကား ဆေးကိုလည်းကောင်း၊

www.dhammadownload.com

အရုံးဆတာဒးကိုလည်းဆောင်း တတ်ကုန်၏၊ သာဒးငယ်ကို အနာမရှိသည်ကို ပြုခဆာ်မူလေ့'' ဟု ဆိုကုန်၏။

ရသေ့ သစ္စာဆိုပုံ

ထိုစကားကိုကြား၍ ကကုဓပါယနရသေ့သည် ဆို၏။ ''ဒါယကာတို့ ဝါသည် ဆေးကိုမတတ်၊ ဆေးကုသောအမှုကို မပြု'' ဟု ဆို၏။ ''အရှင်ဘုရား...ထိုသို့ ဆေးမကုစားမူ၍ သူငယ်၌ မေတ္တာကိုပြု၍ သစ္စာပြုခြင်းကို ပြုတော်မူပါခလေ့'' ဟု ဆိုကုန်သည်ရှိသော် ရသေ့သည် ''ကောင်းပြီ၊ သစ္စာပြုခြင်းကို ပြုအံ့'' ဟု ဆို၍ ယညဒတို့၏ ဦးခေါင်း၌ လက်ကိုထား၍-

၄၇။ သတ္တာဟ မေဝါဟ ပသန္နစိတ္တော၊
ပုညတ္ထိဆော အစရိ ပြဟ်ံစရိယံ။
အထာ ပရံ ယံ စရိတံ မမေဒံ၊
ဝဿာနိ ပညာသ သမဓိကာနိ။
အကာမကော ဝါ ဟိ အဟံ စရာမိ၊
ဒေတံနု သစ္စေန သုဝတ္ထိ ဟောတု၊
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော-

ဟူသော ရှေးဦးစွာသော ဂျိုဂါတာကို ဆို၏။

၄၇။ ဘောန္တော၊ ဒါယကာတို့။ အဟံ၊ ငါသည်။ သတ္တာဟာခမဝ၊ ရဟန်းပြုသည်မှ ခုနစ်ရက်သာလျှင်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ ပုညတ္ထိကော၊ တောင်းမှုကို အလိုရှိသည်ဖြစ်၍၊ ပြဟ်ံ-စရိယံ၊ မြတ်သောအကျင့်ကို။ အစရိ၊ ကျင့်၏။ အထ၊ ထိုခုနစ်ရက်မှ။ ပရံ၊ နောက်၌။ မမ၊ ဝါ၏။ စရိတံ၊ ကျင့်အပ်သော၊ ယံစရိတံ၊ အကြင်အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံပိ၊ ဤအကျင့်ကိုလည်း။ ပညာသ သမဓိ-ကာနိ၊ ငါးဆယ်အလွန်ရှိကုန်သော။ ဝဿာနိ၊ နှစ်တို့ပတ်လုံး။ အကာ-မကော၀၊ အလိုမရှိဘဲလျှင်။ အဟံ၊ ငါသည်။ စရာမိ၊ ကျင့်၏။ ဒေတနု-သစ္စေန၊ ဤသို့မှန်သော သစ္စာစကားကြောင့်။ ယညဒတ္တော၊ ယညဒတ်သည်။ သုဝတ္ထိ၊ ချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဝိသံ၊ အဆိပ်သည်။ ဟတံ-ဟညတု၊ ပျောက်စေသတည်း။ ယညဒတ္တော၊ ယညဒတ်သည်။ ဇီဝတု၊ အသက်ရှင်စေသတည်း။

www.dhammadownload.com

ပုံတော်စုံ-ငါးရောင်းဆယ်ဇာတ်ဝတ္ထု

ဤသို့ သစ္စာပြုသောအခါ၌ ထိုကဏ္ဍဒီပါယန ရဟန္တာ၏ သစ္စာပြုသည်နှင့်တကွ ယညဒတ်အား သားမြတ်တည်ရာ အရပ်မှ အထက်၌ နှုံးလဆောအဆိုပ်သည် လျော့ကျ၍ မြေသို့ ဝင်လေ၏။ သူငယ်သည်လည်း မျက်စိတို့ကို ဖွင့်ပြီးလျှင် မိဘတို့ကိုကြည့်၍ ''မိခင် ဖခင်တို့'' ဟူ၍ ဆို၍သာလျှင် ပြန်၍ အိပ်၏။ ထိုအခါ သူငယ်၏ အဘကို ကဏ္ဍဒီပါယန ရဟန္တာသည် ''ငါသည် ရှေးဦးစွာ ငါ၏ အစွမ်းကို ပြုအပ်ပြီ၊ သင်သည်လည်း မိမိ၏ အစွမ်းကို ပြုလော့'' ဟု ဆို၏။

အဘ သစ္စာဆိုပုံ

ထိုအဘသည်လည်း ''ငါသည် ပြုအပ်သော သစ္စာကို ပြုအံ့'' ဟု သား၏ ရင်၌ လက်ကိုထား၍-

၄၈။ ယသ္မာ ဒါနံ နာဘိနန္ဒိံ ကဒါစိ၊
ဒိသွာနာဟံ အတိထိံ ဝါသကာလေ။
နစာပိ မေ အပ္ပိယတံ အဝေဒုံ၊
ဗဟူသုတာ သမဏ ဗြာဟ္မဏာ စ၊
အကာမကော ဝါဟိ အဟံ ဒဒါမိ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော-

ဟူသော နှစ်ခုမြောက်သော ဂါထာကို ဆို၏။

၄၈။ ဘောဓန္တော၊ အရှင်တို့။ အဟံ၊ အကျွန်ုပ်သည်။ ယသ္မာ၊ အကြောင်းကြောင့်။ ဒါနံ၊ အလှူကို။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှ။ နာဘိနန္ဒိံ၊ မနှစ်သက်၊ အဟံ၊ အကျွန်ုပ်သည်။ အတိထိံ၊ အလှူခံဖြစ်သော ခရီးသွားည့်သည်ကို။ ဝါသကာလေ၊ ငါ၏အိမ်သို့ လာသောကာလ၌၊ ဒိသွာ၊ မြင်၍။ နာဘိနန္ဒိံ၊ မနှစ်သက်။ မေ၊ ငါ၏။ အပ္ပိယတံ၊ အလှူဒါန အလှူခံတို့ကို မနှစ်သက်သော အဖြစ်ကို။ ဗဟုသုတာ၊ များသော အကြားအမြင်ရှိကုန်သော၊ သမဏ ဗြာဟ္မဏာစ၊ ရဟန်းပုဏ္ဏားတို့သည်လည်း၊ နစာပိ-အဝေဒုံ၊ မသိကုန်၊ အကာမကောဝ၊ အလိုမရှိဘဲလျှင်။ အဟံ၊ ဝါသည်၊ ဒဒါမိ၊ လှူ၏၊ ဧတေန သစ္စေန၊ ဤအမှန်သစ္စာစကားကြောင့်။ ယညဒတ္တော၊ ယညဒတ်သည်။ သုဝတ္ထိ၊ ချမ်းသာသည်၊ ဟောတု၊ ဖြစ်

www.dhammadownload.com

စေသတည်း။ ဝိသံ၊ အဆိုပ်သည်။ ဟတ် ဟုညတ္ထ၊ ပျောက်စေသတည်း။ ယညဒတ္ထော၊ ယညဒတ်သည်။ ဇီဝတ္ထ၊ အသက်ရှင်စေသတည်း။

ဤသို့ အဘဓည် သစ္စာပြုပြီးသည်ရှိသော် ခါးမှ အထဲက်၌ အဆိပ်သည် လျောကျ၍ မြေသို့ဝင်လေ၏။ သူငယ်သည် ထ၍ ထိုင်၏။ ရပ်ခြင်းငှ ကဲ့း မတတ်နိုင်သေး။ ထိုအခါ သူငယ်၏ အဘသည် အမိကို "ရှင်မ... ငါထည် မိမိ၏ အစ္စမ်းကို ပြုအပ်ပြီ၊ သင်သည် ယခု သစ္စာပြု၍ သား၏ ထ၍ သွားနိုင်သော အဖြစ်ကို ပြုလော့" ဟု ဆို၏။ "အရှင်....အကျွန်ုပ် အား တစ်ခုသော သစ္စာသည် ရှိ၏၊ ထိုသို့ရှိသော်လည်း အရှင်၏ မျက် မှောက်၌ ဆိုခြင်းငှာ မတတ်ကောင်း" ဟု ဆိုသည်ရှိသော် "ဟုတ်မှန်သည် အတိုင်း ငါ့သားကို အနာမရှိသည်ကို ပြုလော့" ဟု ဆို၏။

မိခင် သစ္စာဆိုပုံ

ထိုအမိသည် ကောင်းပြီဟု ဝန်ခံ၍ သစ္စာကို ပြုလိုရကား-

၄၉။ အာသီဝိသော တာတ ဗဟုတ္တတေဇော၊
ယော တံ အဒုဿိ သစရာ ဥဒီစ္စ။
တဿိဒ္ဓ မေ အပ္ပိယတာယ အဇ္ဇ၊
ပိတရိ စ တေ နတ္ထိ ကောစိ ဝိသေသော။
ဧဒေတန သစ္စေန သုဝတ္ထိ ဟောတု၊
ဟတံ ဝိသံ ဇီဝတု ယညဒတ္ထော-

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၄၉။ တဒါတ၊ ချစ်သား။ ဗဟုတ္တတေဇော၊ များသော အဆိပ်ရှိသော။ အာသီဝိသော၊ အကြင်မြွေဟောက်သည်။ သစရာ၊ မိမိနေထိုစေတာင်ပို့တိုင်းမှ။ ဥဒီစ္စ၊ ထ၍။ တံ၊ သင်ချစ်သားကို။ အဒုဿိ၊ ကိုက်၏။ အဇ္ဇ၊ ယခု။ မေ၊ ငါ၏။ တဿိဒ္ဓ၊ ထိုမြွေဟောက်၌လည်းကောင်း။ တေ၊ သင်ချစ်ထား၏။ ပိတရိ၊ အဘ၌လည်းကောင်း။ အပ္ပိယဘာယ၊ မချစ်သောအဖြစ်၏။ ကောစိဝိသေသော၊ တစ်စုံတစ်ခုသော အထူးသည်။ နတ္ထိ၊ မရှိ။ ဧတေန သစ္စေန၊ ဤမှုန်သော သစ္စာစကားကြောင့်။ ယညဒတ္ထော၊ ယညဒတ်သည်။ သုဝတ္ထိ၊ ချမ်းသာသည်၊ ဟောတု၊ ဖြစ်စေသတည်း။ ဝိသံ

www.dhammadownload.com

အဆိပ်သည်၊ ဟတ်-ဟည်တုံ၊ ပျော်စေသတည်း၊ ယည္ဒတ္တော၊ ယည္ဒတ်သည်။ ဇီဝတု၊ အသက်ရှင်စေသတည်း။

သစ္စာပြုသည်နှင့်တကွ အလုံးစုံသော အဆိပ်သည် လျောကျ၍ မြေသို့ဝင်လေ၏၊ ယည္ဒတ်သည် အဆိုင်မရှိသော ကိုယ်ဖြင့် ကစား၊အံ့သောဌာန အားထုတ်၏၊

အဘယ်.ကြောင့် ရသေ.ဝတ်နေသနည်း

ဤသို့လျှင် သား၊သည် ထ၍ ကစား၊သည်ရှိသော် မဏ္ဍာဗျ သူကြွယ်သည် ကဏ္ဍဒီပါယနရသေ.၏ အလိုကို မေး၊လိုသည်ဖြစ်၍-

၅၀။ သန္တော ဒန္တော ယေ စ ပရိပ္ပဇန္တိ၊
အညတြ ကဏ္ဍာ နတ္ထာ ကာမရူပါ။
ဒီပါယန ကိသ ဇီဂုစ္ဆမာနော၊
အကာမကော စရသိ ပြဟူစရိယံ.
ဟူသော စေး၊ခုမြေက်ဝေသာ ဤဂါထာကို ဆို၏၊

၅၀။ ဒီပါယန၊ ဒီပါယနမည်သော၊ တာပသ၊ ရှင်ရသေ.။ ယေ ခတ္တိယာဒယော၊ အကြင်မင်း အစရှိကုန်သော သူတို့သည်။ ပရိပ္ပဇန္တိ၊ ရသေ.ရဟန်းပြုကြကုန်၏၊ ကဏ္ဍာ၊အရှင်ကဏ္ဍဒီပါယနရသေ.ကို။အညတြ၊ ထား၍။ တေခတ္တိယာဒယော၊ ထိုရဟန်းပြုပြီး၍သော မင်းအစရှိကုန်သော သူတို့သည်။ နတ္ထိ၊ မရှိကုန်။ သန္တော၊ ကိလေသာငြိမ်းကုန်သည်။ ဒန္တော၊ ဒဋ္ဌရသုံးပါး တို့ကို ဆုံးမအပ်ကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ပြဟူစရိယံ၊ မြတ်သောအကျင့်ကို။ စရန္တိ၊ ကျင့်ကုန်၏။ တုံ ပန၊ရှင်ရသေ.သည်ကား၊ ကိုယ၊ အဘယ်ကြောင့်၊ ဇီဂုစ္ဆမာနော၊ ရသေ.ရဟန်းအဖြစ်ကို စက်ဆုပ်ငြီးငွေ့နိုးသည်ဖြစ်၍။ အကာမကော၊ အလိုမရှိဘဲလျက်။ ပြဟူစရိယံ၊ မြတ်သော ရသေ.ရဟန်းအကျင့်ကို၊ စရသိ၊ ကျင့်ဘိသနည်း၊

ကဲ့ရဲ့မှာစိုးလို.

ထို့နောင်မူ ထိုမဏ္ဍာဗျသူကြွယ်အား ကဏ္ဍဒီပါယန ရသေ.သည် အကြောင်းကို ဆိုလိုရကား-

www.dhammadownload.com

၅၁။ ယဒုပါယ နိက္ခမ္မ နိဝတ္တော၊ သော ဇဋမူဂေါ စပလော ဝထာဒယံ။
တေသ ဝါဒဿ ဇိဂုစ္ဆမာနော၊
အကာမကော စဏမိ ဗြဟ္မစရိယံ။
ဝိညူပသတ္ထံ ဝသိတဉ္စ ဌာနံ၊
ဧဝံ အဟံ ပုညကရော ဘဝါမိ.
ဟူသော် ငါးခုမြောက်သော ဤဂါထာကိုဆို၏။

၅၁။ ဘောဇန္ဆာ၊ ဒါယဓာတ္မီး ယောကက္ခဳော၊ အကြင်ကက္ခဳဒိပါယန ရဿ သံသည်။ သဒ္ဓါယ၊ ကံ ကံ၏အကျိုးကို ယုံကြည်ဆည်ဖြစ်၍၊ နိက္ခမ္မ၊ ရဿ ရဟန်းပြုပြီး၍။ ပုန၊ တစ်ဖန်။ နိဝတ္တော၊ လူ၏ဘောင်သို့ ပြန်ပြန်၏။ အယံကက္ခဳော၊ ဤကက္ခဳသည်၊ ဇဋမူဂေါဝတ၊ ဆံထုံအသော သူကဲ့သို့တကား။ စပလောဝတ၊ လူယေ်ကဲ့သို့ လျှပ်ပေါ်စွတကား၊ ဣတိ၊ ဤသို့။ တေသဝါဒဿ၊ ထိုသို့သော ကဲ့ရဲ့ခြင်းကို။ ဇိဂုစ္ဆမာနော၊ စက်ဆုပ်သည်ဖြစ်၍၊ ဆောအဟံ၊ ထိုငါသည်၊ အတာမကော၊ အလိုမရှိသည်ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော၊အကျင့်ကို။ စဏမိ၊ ကျင့်၏။ တံ၊ ထိုရဿ ရဟန်းအဖြစ်ကို။ ဝိညူ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်၊ ပသတ္ထံ၊ ချီးမွမ်းအပ်၏။ တေသံ၊ထိုဘုရားအစရှိကုန်သော ပညာရှိသူတော်ကောင်းတို့၏။ ဝသိတဉ္စဌာနံ၊ နေရာအရပ်လည်း ဟုတ်၏။ ဧဝံ ဤမိနာဇာ ရဿန၊ ဤသို့သော ဆကြောင်းဖြင့်။ အဟံ၊ ငါသည်။ ပုညကရော၊ ကောင်းမှုကိုပြုသည်၊ ဘဝါမိ၊ ဖြစ်၏။

အဘယ့်ကြောင့်ဆိုနေသနည်း

ဤသို့ ဓာက္ခဳဒိပါယန ရဿ သည် မိမိ၏အလိုကို ဆိုပြီး၍ တစ်ဖန် မဏ္ဍဗျသူကြွယ်ကို မေးလိုရာဆား.

၅၂။ သမဏော တုဝံ ဗြာဟ္မဏော အဒ္ဓိတေ စ၊
သန္တိပ္ပယာသိ အန္နပါနေဟိ ဘိက္ခဳ။
ဩပါနဘူတံဝ ဃရံ တဝဿိဒံ၊
အန္နေန ပါနေန ဥပေတရူပံ။
အထ ကိဿ ဝါဒဿ ဇိဂုစ္ဆမာနော၊
အကာမကော ဒါနမိဒံ ဒဒါသိ-
ဟူသော် ခြောက်ခုမြောက်သော ဤဂါထာကိုဆို၏၊

www.dhammadownload.com

၅၂။ ဥပါသကာ၊ ဒါယကာ၊ တုံ၊ သင်သည်။ သမဏေ စ၊ ကိုလေ သာငြိမ်းပြီးသော အရှင်ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း။ ပြာဟ်းဏ စ၊ မကောင်းမှုကို အပပြုပြီးသော အရိယာတို့ကိုလည်းကောင်း။ အဒ္ဒိက စ၊ ဇရီးသွားချည်သည်တို့ကို လည်းဆောင်း။ အန္နပါနေဟိ၊ ထမင်းအဖျော်တို့ဖြင့်။ သန္တပ္ပယာသိ၊ ရောင့်ရဲစေ၏။ ဘိက္ခဉ္စ၊ ဆွမ်းကိုလည်းကောင်း။ ဒဒါသိ၊ လှူ၏။ တဝ၊ သင်၏။ ဣဒံ ဃရံ၊ ဤအိမ်သည်။ ဩပါနဘူတံဝ၊ ခရီးဝေးဆုံ၌ တူးထားသော ရေကန်နှင့်တူ၏၊ အဿ တေ၊ ထိုသင်၏။ ဣဒံ ဃရံ၊ ဤအိမ်သည်။ အန္နေန၊ လှူဖွယ်ထမင်းနှင့် လည်းကောင်း။ ပါနေန၊ လှူဖွယ်အဖျော်နှင့် လည်းဆောင်း။ ဥပေတရူပံ၊ ပြည့်စုံသော သဘောရှိ၏။ အထ၊ ထို့နောက်တိုင်းမပြတ် လာတိုင်းကုန်သော သူတို့အား လှူအပ်လျက်။ ကိဿဝါဒဿ၊ အဘယ်မည်သော ကဲ့ရဲ့ခြင်းကို။ ဇီဂုစ္ဆမာနော၊ စက်ဆုပ်သည်ဖြစ်၍။ အကာမကော၊ အလိုမရှိဘဲ။ ဣဒံ ဒါနံ၊ ဤအလှူကို၊ ဒဒါသိ၊ လှူကိသနည်း။

ဆွမျိုးစဉ်ဆက်အရ

ထို နောင်မှ မလွှတ်သူကြွယ်သည် မိမိ၏အလိုကို ဆိုလိုရကား၊

၅၃။ ပိတရော စ မေ အာသုံ ပိတာမဟာ စ၊
သဒ္ဓါ အာသုံ ဒါနပတီ ဝဒညု။
တံ ကုလဝံတုံ အနုဝတ္တမာနော၊
မာဟံ ကုလေ အန္တိမ ဂန္ဓိနော အဟုံ။
ဧတဿ ဝါဒဿ ဇီဂုစ္ဆမာနော၊
အကာမကော ဒါန မဒံ ဒဒါမိ.

ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၅၃။ ဘဒန္တေ၊ ရှင်ရဟန္တာ၊ မေ၊ အကျွန်ုပ်၏၊ ပိတရော စ၊ မိဘတို့သည် လည်းဆောင်း။ ပိတာမဟာ စ၊ အဘိုးအဘေးတို့သည် လည်းကောင်း၊ သဒ္ဓါ၊ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းရှိကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏။ ဒါနပတီ၊ အလှူရှင်တို့သည်။ အာသုံ၊ ဖြစ်ကုန်၏။ ဝဒညု။ အလှူခံတို့၏ အလိုကို သိကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏၊ တံကုလဝံတုံ၊ ထို မိဘ ဘိုးဘေးစသော ဆွခုနစ်ဆက်တို့၏ အလှူပေးခြင်းဆုံးဟူသော ကျင့်

www.dhammadownload.com

ဝတ်သို့။ အနုဝတ္တမဘနေ၊ အစဉ်လိုက်သော။ ဆဟုံ၊ အကျွန်ုပ်သည်။ ကုဓလ၊ အမျိုးစဉ်ဆက်၌။ အန္တိဂန္ဓဝနေ၊ အမျိုးတဏှာတို့အောက် အယုတ်ဆုံး အမျိုးတကာတို့အောက် အဖျင်းဆုံးသည်။ မာ အဟုံ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ ဓောဿ ဝါဒဿ၊ ထိုအမျိုးတို့အောက် အယုတ်ဆုံးအမျိုးတဏှာတို့အောက် အဖျင်းဆုံးဟူသော ကဲ့ရဲ့ခြင်းကို။ ဇိဂုစ္ဆမာနေ၊ စက် ဆုပ်ရွံရှာသည်ဖြစ်၍။ အကာမကော၊ အလိုမရှိဘဲ။ ဣဒံ ဒါနံ၊ ဤအလှူကို။ အဟုံ၊ အကျွန်ုပ်သည်။ ဒဒါမိ၊ လှူ၏။

အဘယ် ကြောင့်ပေါင်းနေသနည်း

ဤသို့သောစကားကို ဆိုပြီး၍ မဏ္ဍဗျ သူကြွယ်သည် မိမိ၏ စကားကို မေးလိုရကား-

၅၄။ ဒုဟရိ ကဏှာရိ အ သမတ္ထ ပညံ၊
ယံ တာနယိ ဉာတိကုလာ သုဂတ္တော။
န စာပိ မေ အပ္ပိယတံ အဝေဒိ၊
အညတြ တာမာ ပရိစာရယန္တာ၊
အထ ကေန ဝဏ္ဏေန မယာ ဟိ ဘောတိ၊
သံဝါသ မံသမွာ အဟု ဝေရွပေါ။

ဟူသော ရွှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၅၅။ သုဂတ္တော၊ တင့်တယ်သော ကိုယ်ရှိသော။ ဘောတိ၊ အိုအိမ်ရှင်မ။ ဒဟရိ၊ ပျိုရွယ်လှစွာသော။ ကုမာရိ၊ သတ္တိသမီးငယ်သာ ဖြစ်သေးသော။ ယံ တံ၊ အကြင်သင့်ကို။ အသမတ္ထပညံ၊ စည်းစိမ်ဥစ္စာကိုစီရင်ခြင်းငှာ စွမ်းနိုင်သော ပညာမရှိသော သူ ဖြစ်လျက်မူလည်း၊ ဉာတိကုလာ၊ မိဘအိမ်မှ၊ အာနယိ၊ ဆောင်၏။ တာမာ၊ အလိုရှိအပ် မြတ်နိုးအပ်ခြင်းကို။ အညတြ၊ ကြဉ်၍။ ပရိစာရယန္တာအပိ၊ လုပ်ကျွေးငြားသော်လည်း။ မေ၊ ငါ့အား။ အပ္ပိယတံ၊ မချစ်မနှစ်သက်လိုသည်၏ အဖြစ်ကို။ မံ၊ ငါ့ကို။ န စာပိ အဝေဒိ၊ မသိစေ။ အထ၊ ထိုသို့ မချစ်မနှစ်သက်လိုဘဲလျက်။ ကေန ဝဏ္ဏေန၊ အဘယ်အားကြောင်းဖြင့်။ မယာ၊ ငါနှင့်။ ဝေရွပေါ၊ ဤသို့ ဆဘောရှိသော။ သံဝါသမံသမွာ၊ ချစ်မြတ်နိုးသကဲ့သို့ ပေါင်းဖော်ခြင်းသည်၊ အဟု၊ ဖြစ်နိုင်ဘိသနည်း။

၉-ဂ၁-၅၅၀(တ-တွဲ)

www.dhammadownload.com

ဆွမျိုးတို့အကျင့်အရ

ထိုအခါ ဆွကြွယ်အား မယားသည် ဆိုလိုရကား-

၁၅။ အာရာ ဒူရေ နယိမ ကဒါစိ အတ္ထိ၊
ပရမ္မုခနာမ ကုလေ ဇာမသို့။
တံ ဟုလဝတ်ံ အနုဝတ္တမာနာ၊
မဒဟံ ကုလေ အန္တိမဂန္ဓိနီ အဟုံ၊
တေဿ ဝါဒဿ ဇိဂုစ္ဆမာနာ၊
အကာမကာ ပါဒစရာမိ တုယ္ဟံ

ဟူသော ကိုးခုမြောက်သော ဤဂါထာကို ဆို၏။

၁၅။ သဲမိ၊ အရှင်။ ဇာမသို့ ကုလ၊ ဤအမျိုးဌ်။ အာရာ ဒူရေ၊ အလွန်ဝေးလွန်းသေဒ။ ကုလေ၊ အဆွခုနစ်ဆက်အထက်မှ။ ပဋ္ဌာယ၊စ၍။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျ။ ပရမ္မုခနာမ၊ မိမိယောကျ်ားကိုစွန့်၍ တစ်ပါး သောယောကျ်ားကို ယူဖူးသော မိန်းမဒည်သည်။ နအတ္ထိ၊ မရှိစဖူး။ တံ ကုလဝတ်ံ၊ ထိုဆွခုနစ်ဆက် မပျက်သော အမျိုးတို့၏အကျင့်ကို။ အနုဝတ္တ-မာနာ၊ အတုလိုက်၍ကျင့်သော။ အဟံ၊ ငါသည်။ ကုလေ၊ အမျိုးခုနစ်ဆက်ဌ်။ အန္တိမဂန္ဓိနီ၊ အယုတ်ဆုံးဖြစ်သော မိန်းမအဖျင်း အသောင်းဖြစ်သော မိန်းမသည်။ မဒအဟုံ၊ မဖြစ်စေလင့်၊ ဤတို့၊ ဤသို့၊ တေဿ ဝါဒဿ၊ ထိုကဲ့လအန္တိမ ကဲ့လဂန္ဓိနီဟူသဲဒ ကဲ့ရဲ့ခြင်းကို။ ဇိဂုစ္ဆမာနာ၊ စက်ဆုပ်ရွံရှာနိုးသည်ဖြစ်၍။ အကာမကာ၊ အလိုမရှိဘဲ။ တုယ္ဟံ၊ သင်၏။ ပါဒစရာမိ၊ ခြေရင်းဌ် အလုပ်အကျေးသည် ဖြစ်၏။

လင်အားကန်တော့ခြင်း

ဤသို့လေဒ စကားကို ဆိုပြီး၍ "ငါသည် လင်၏မျက်မှောက်ဌ် မလိုအပ်သောစကားကို လင်အား ဆိုအပ်ပြီ၊ ငါ့အား စက်ဆုပ်ရွံရှာဆု၏။ ဆရာရှင်ရသေ့၏ မျက်မှောက်ဌ်လျင် ကန်တော့အံ့" ဟု ကြံ၍ ကန်တော့လိုရကား-

www.dhammadownload.com

၅၆။ မက္ကဗျ ဘာသီ'ယ မဘာသခနယျ်၊
တံ ခမျတံ ပုတ္တံတဟေတု မင္ဟ။
တံ ပုတ္တာပေမံ နဂ္ဂဓ ပရတ္တိ ကိဠိ၊
ဧသာ နော အယံ ဇ'ဝတိ ယညဒတ္တော၁-
ဟ္မဓသာ ဆယ်ခုမြောက်သော ဤဂါထာကိုဆို၏။

၅၆။ မက္ကဗျ၊ အရှင်မက္ကဗျ။ အဘာသနေယျ်၊ မဆိုအပ်သော။ ယံ ဝစနံ၊ အကြင်စကားကို။ ပုတ္တာကဟေတု၊ သား၏ အကြောင်းကြောင့်။ မယာ၊ ငါသည်။ ဘာသိ'၊ ဆိုအပ်ပြီ။ အင္ဟ၊ ဃခု။ မမ၊ ငါ့အား။ ခမျတံ ခမတု၊ သည်းခံပါလော့။ ဂ္ဂဓ၊ ဤအရပ်၌။ တံ ပုတ္တာပေမံ၊ ထိုသားနှင့်ချစ်ခြင်းသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ပရံ၊ သားနှင့်ချစ်ခြင်းမှတစ်ပါးသော။ ကိဉ္စိ၊ တစ်စုံတစ်ခုသည်။ မေ၊ ငါ့အား။ န အတ္ထိ၊ ဓနျှ။ ဃသာ၊ အကြင်သား၏။ ဟေတု၊ အကြောင်းကြောင့်။ ဘာသိတံ၊ ဆိုအပ်၏။ ဓနာ၊ ငါတို့၏။ ပုတ္တော၊ သားဖြစ်သော၊ သောအယံ ယညဒတ္တော၊ ထိုယညဒတ်သည်။ ဇ'ဝတိ၊ အသက်ကိုရပြီ။

ထိုအခါ မယားကို မက္ကဗျ သူကြွယ်သည် ''အိမ်ရှင်မ....ထလော့၊ သင့်အား ဝါသည် သည်းခံ၏။ ဤနေ့မူစ၍ ကြမ်းတမ်းသောစိတ်သည် မဖြစ်လင့်၊ ငါသည်လည်း ရှင်မအား မချစ်မနှစ်လိုသော အမူအရာကို မပြုအံ့'' ဟု ဆို၏။

ဘုရားလောင်း ကက္ကဒိပါယန ရဟန္တာသည်လည်း မက္ကဗျသူကြွယ်ကို ''ဒါယကာ....သင်သည် ဆည်းပူးအပ်သော ဥစ္စာကို ဆည်းပူး၍ ကံကို လည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း မယုံကြည်မှု၍ အလှူပေးခြင်းသည် မသင့်သောဇာရာကို ပြုဘိ၏။ ဤနေ့မူစ၍ ကံ ကံ၏အကျိုးကို ယုံကြည်သဖြင့် အလှူကို လှူလော့'' ဟု ဆို၏။ ထိုမက္ကဗျ သူကြွယ်သည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ မက္ကဗျသူကြွယ်သည် ဘုရားလောင်းကို ''အရှင်ဘုရား....အရှင်ဘုရားသည် အကျွန်ုပ်တို့၏ မြတ်သော အလှူခံပုဂ္ဂိုလ်၏အဖြစ်၌တည်၍ ရဟန္တာရဟန်းအဖြစ်၌ မေတ္တာလျော်ခြင်း၊ မရှိသည်ဖြစ်၍ မမြတ်သောအကျင့်ကို ကျင့်ခြင်းသည် မသင့်သောအဆုကို ပြုဘိ၏။ ဤနေ့မူစ၍ အကြင်းမဲ့လျော်သော အခြင်းအရာဖြင့် မြတ်သောအကျင့်ကို ကျင့်သည်ရှိသော် အရှင်ဘုရား၌ ပြုအပ်သော အကျွန်ုပ်တို့၏ အလှူသည် အကျိုးကြီးသည်ဖြစ်၏။ ထိုသို့သော အခြင်းအရာဖြင့် အကျွန်ုပ်တို့၏စိတ်ကို

www.dhammadownload.com

ကြည်ညိုစေ၍ စင်ကြယ်သောစိတ် ရှိလျက် ဈာန်ဟူသော ရသေ့ရဟန်း သာဿနာတော်၌ မေ့လျော့သည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်လော့'' ဟု ဆိုပြီး၍ ထိုသမီး ခင်ပွန်းနှစ်ယောက်တို့သည် ဘုရားလောင်းကို ရှိခိုးပြီးလျှင် ထ၍သွားကြကုန်၏။

အားလုံးကောင်းကြပြီ

ထိုနေ့မှစ၍ ဓယားသည် လင်၌ ချစ်ခင်လေးမြတ်ခြင်း ရှိသည်ဖြစ်၏။ မင်္ဂလာဟူကြွယ်သဲသည်လည်း ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ကံ ကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ အလှူကိုလှူ၏။ ဘုရားလောင်းသည်လည်း ဓမ္မလျော်သောစိတ်ကို ဖျောက်ပြီးလျှင် စျာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ ပြဟ္မာ့ပြည် သို့ လား၏။

ဇာတ်ပေါင်း။ ထိုဓည့်မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြိုးငဲ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကိုပေါင်းတော်မူသနည်း ဟူမူကား ရဟန်း_ယခုအခါ အာနန္ဒာသည် ထိုအခါ မင်္ဂလာသူကြွယ်ဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သူကြွယ်သားဖြစ်ဖူးပြီ၊ ယခုအခါ သံဃရိပုတြာသည် ထိုအခါ အာဏာမင်္ဂလာရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဇနကဒီပါယနရသေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အမှန်သစ္စာ၊ ဆိုသောခါ၊လိုရာပြီးနိုင်၏။)

ခြေက်ခုနဲမြောက်သော ဇနကဒီပါယနဇာတ်သည် ပြီး၏။

၇-နီကြောဓဇာတ်

သူ့ကျေးဇူးကို မသိခြင်းကြောင့် ပျက်စီးခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူထတိုသော သဗ္ဗညုမြတ်စွာဘုရားသည် ''နဝါဟတေတံ ဇာနာဒိ'' ဆုဓ

www.dhammadownload.com

ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနိဒြောဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားကို ခဲ့ဦးဟုံ၊ တစ်နေ့သ၌ ရဟန်းတို့သည် "ငါ့ရှင်....ဒေဝဒတ် မြတ်စွာဘုရားသည် သင့်အား မျှားစွာ ကျေးဇူးပြုတော်မူ၏။ ထိုစကားသည် မမှန်၏၊ သင်သည် မြတ်စွာဘုရားကို မှီ၍ သာမဏေအဖြစ်ကို လည်းကောင်း, ပဉ္စင်းအဖြစ်ကိုလည်းကောင်း ရ၏။ ပိဋကတ်သုံးပုံဖြစ်သော ဘုရားစကားဘော်ကို သင်၍ ဈာန်ကိုဖြစ်းစ၏၊ သင့်အား ပစ္စည်းလေးပါးတို့ကို ရခြင်းသည်လည်း မြတ်စွာဘုရား၏ဥစ္စာသာလျှင်တည်း" ဟု ရဟန်းတို့သည် ဆိုအပ်ကုန်သည်ရှိသော် "မြက် သစ်ရွက်မျှကို မြှောက်၍သာလျှင် ဤမျှသည်လည်း ရဟန်းဂေါတမသည် ငါ့အား ပြုအပ်သောကျေးဇူးကို ငါမမြင်" ဟု ဆိုသည်ရှိသော် စာရာသဘင်၌ ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာခဲတော်မူသတ်၍ "ရဟန်းတို့ ယခုအခါ အာဘ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာလျှင်ကျေးဇူးကို မသိတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် ကျေးဇူးကိုမသိတတ်သည် အဆွေခင်ပွန်းကို ပြစ်မှားတတ်သည်ဖြစ်ဖူးပြီ" ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏။ ထိုအခါ ရာဇဂြိုဟ်ပြည် သူဌေးသည် မိမိသားဖို့ဇနပုဒ်သူဌေး၏သမီးကို ဆောင်ယူ၏။ ထိုသူဌေးသမီးသာည် မြုံ၏။ ထိုသို့မြုံသည်ရှိသော် သူဌေးသမီးအား နောက်အဖို့၌ လာဘသက္ကာရသည် ယုတ်၏။ "ငါတို့သား၏အိမ်၌ အမြုံမ နေသည်ရှိသော် အမျိုးအနွယ်သည် အသို့ ပွားလတ္တံ့နည်း" ဟု အကြောင်းအခြင်းဖြင့် ဆိုသည်ရှိသော် သူဌေးသမီးသည် ကြား၏၊ ထိုအခြင်းဖြင့်လည်း စကားကို ဖြစ်စေကုန်၏။

ကိုယ်ဝန်ရှိဟန်ဆောင်

ထိုသူဌေးသမီးသည် ထိုသို့သောစကားကိုကြား၍ "ထိုသို့ ဆိုကြသည်ဖြစ်ခေ ကိုယ်ဝန်ဆောင်အမူအရာကိုပြု၍ ထိုသူတို့ကို လှည့်စားအံ့" ဟုကြံ၍

www.dhammadownload.com

မိမိအာကျိုးစီးပွါးကို ဆောင်သော အထိန်းကို "မိခင်_ ကိုယ်ဝန်ဆောင်သော မိန်းမတို့မည်သည်ကား အသို့လျှင် ပြုရကုန်သနည်း" ဟု ကိုယ်ဝန်ဆောင်သော မိန်းမတို့ကို မေး၍ ဥတုလာဒသာကာသ ဥတုခံအနှီးထည့်၍ ချဉ်သောအရသာတို့ကို အလိုရှိတတ်ကုန်သည်ဖြစ်၍ လက်ခြေတို့ကို ဖောဖောရှိသောကာလ၌ လက်ဖမိုး ခြေဖမိုးတို့ကို ထုခတ်စေ၍ အသားဖောဖောရှိသည်ကို ပြု၏။ နွေတိုင်းနွေတိုင်း ပုဆိုးနွမ်း ရှစ်ပတ်သဖြင့်လည်း၊ ဝမ်းကြီးသောအသွင်ကို ပြ၏၊ သားမြတ်ဖျားတို့ကို မည်းသောအဆင်းရှိသည်တို့ကို ပြု၏။ ကိုယ်လက်သုတ်သင်သော ကိစ္စကိုပြုသော်လည်း အထိန်း၊ မကိုထား၍ တစ်ပါးသော မိန်းမတို့၏ မြင်ရာအာရုပ်၌မပြု ဤသို့လှည့်စား၏၊

သားတစ်ယောက်ကောက်ရခြင်း

ထိုသူဋ္ဌေးသမီး၏လင်သည်လည်း ကိုယ်ဝန်အစောင့်အရှောက်ကိုပေး၏။ ဤသို့လျှင် ကိုးသတ္တုပတီလုံး လင်အိမ်၌နေပြီး၍ "ယခုအခါ ဇနပုဒ်၌ အာဘအိမ်သို့သွား၍ သားဖွားအံ့" ဟု ယောကျ္ဗမ ယောကျ်ားသူ, ယောကျ္ဗမမိန်းမသူတို့ကို ပန်ကြားပြီးလျင် ရထားစီး၍ များစွာသော အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်မှ ထွက်ခဲ့၍ ခရီးသို့သွား၏၊ ထိုသူဋ္ဌေးသမီး၏ ရှေ့မှတားလှည်းကုန်သည်တစ်ဦးသည် သွား၏။ လှည်းကုန်သည်သည် နေ၍သွားသော အရပ်သို့ သူဋ္ဌေးသမီးသည် နံနက်စာ စားပြီးသောအခါ၌ ရောက်၏။ ထိုအခါ တစ်နေ့သ၌ ထိုလှည်း၌ဆင်းရဲစွာသော တစ်ယောက်သောမိန်းမသည် ညဥ့်အခါ တစ်ခုသော ပညောင်ပင်ရင်း၌ သားယောကျ်ားကို ဖွား၍ နံနက်စောစောကလျင် လှည်းသွားသည်ရှိသော် "ငါသည် လှည်းနှင့်ကင်း၍ သွားခြင်းငှာ မဘတ်နိုင်လတ္တံ့၊ ထိုသို့ လှည်းနှင့်တင်း၍သွားခြင်းငှာ မတတ်နိုင်သောကြောင့် စင်စစ်လျင် အသက်ရှည်သည်ရှိသော် သားကိုရခြင်းငှာ တတ်ကောင်း၏" ဟု ပညောင်ပင်ရင်း၌၊ အချင်းကိုလည်းဆောင်း ကိုယ်ဝန် အညစ်အကြေးကိုလည်းကောင်း ခင်း၍ သားငယ်ကိုစွန့်၍ လှည်းနှင့်တကွ လိုက်လေ၏။ သူငယ်အားလည်း နတ်တို့သည်းစောင့်ရှောက်ကုန်၏။ ထိုစကားသည် မူန်၏၊ ထိုသူငယ်သည် ဟုတ်ဟုတ်ငြားငြားသော သူငယ်မဟုတ် ဘုရားဖလောင်းလျင်တည်း၊ ထိုသို့ဘုရားဖလောင်း ဖြစ်

www.dhammadownload.com

ငြားသော်လည်း ထိုဘုရားလောင်းသည် ထိုဘဝ၌ ထိုသို့သဘောရှိသော ယူဆင်းရဲမဝမ်း၌ ပဋိသန္ဓေကိုယူ၏။

ရာဇဂြိုဟ်သို့ပြန်ခဲ့ပြီ

သူဌေးသမီးသည် နံနက်စာ စားသောအခါ၌ ထိုအရပ်သို့ ရောက်၍ ကိုယ်လက်သုတ်သင်ခြင်း ကိစ္စကို ပြုအံ့ဟု ထိုအထိန်းစနှင့်တကွ ပညောင်ပင်ရင်းသို့ သွားသည်ရှိသော် ရွှေအဆင်းနှင့်တူသော အဆင်းရှိသောသူငယ်ကို မြင်၍ "မိခင် အကျွန်ုပ်တို့၏ ကိစ္စသည် ပြီးပြီ" ဟု ပုဆိုးနွမ်းကိုပယ်၍ ဝမ်းရင်ခွင်အရပ်ကို သွေးဖြင့်လည်းကောင်း၊ ကိုယ်ဝန်အညစ်အကြေးဖြင့်လည်းကောင်း လိမ်းကျံ၍ မိမိ၏ သားဖွားသောအဖြစ်သို့ ကြားစေ၏။ ထို့ခဏ၌ပင်လျှင် သူဌေးသမီးကို တင်းထိမ်ဖြင့် ကာရံ၍ အလွန်နှစ်သက်ခြင်းသည်ဖြစ်၍ ပရိသတ်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ သတင်းစကားကို စေလိုက်၏။ ထိုအခါ သူဌေးသမီး၏ ယောကျ်ားမမိန်းမသူ, ယောကျ်ားမ ယောကျ်ားသူတို့သည် "သားဖွားပြီးသော အာလုမူစ၍ သင့်မိဘအိမ်၌ အဘယ်ပြုလတ္တံ့နည်း၊ ဤငါတို့ ရာဇဂြိုဟ်ပြည်သို့သာလျှင် လာခဲ့လော့" ဟု စေလိုက်ကုန်၏။ ထိုသူဌေးသမီးသည် တစ်ဖန် ပြန်လည်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့သာလျှင် ဇင်၏။

မိတ်ဆွေ-ယောက်ပညာသင်

ထိုရာဇဂြိုဟ်ပြည်၌ သူဌေးသမီးကို လက်ခံ၍ သူငယ်၏အမည်ကို မှည့်ခြင်းကုန်သည်ရှိသော် ပညောင်ပင်ရင်း၌ ဖွားသည်၏အဖြစ်ကြောင့် "နိဂြောဓသတ္တိသားဟူသော အမည်ကို မှည့်ကုန်၏။ ထိုနေ့၌ပင်လျှင် သူဌေးငယ်၏ ချွေးမသည် သားဖွားခြင်းငှာ မိဘအိမ်သို့သွားသည်ရှိသော် ခရီးအကြေးဝယ် တစ်ခုသောသစ်ခက်အောက်၌ သားကိုဖွား၏။ ထိုသူငယ်အား "ဃာဓသတ္တိသား" ဟူသော အမည်ကို မှည့်ကုန်၏။ ထိုနေ့၌ပင်လျှင် ထိုသူဌေးကို မှီ၍နေသော အပ်လျှိုသမား၏ မှယားသည်လည်း ပုဆိုးနွမ်းအတွင်း၌ သားငယ်ကိုဖွား၏၊ ထိုသူငယ်အား "ပေါဋ္ဌိက" ဟူသောအမည်ကိုမှည့်ကုန်၏။ သူဌေးကြီးသည် နှစ်ယောက်ကုန်သောသူငယ်တို့ကို နိဂြောဓသတ္တိသား ဖွားသောနေ့၌ပင်လျှင် ဖွားကုန်၏ ဟု စေလိုက်၍ နိဂြောဓသကိုသားနှင့် သဘ္ဘလျှင် တကွ ကြီးစေ၏။ ထို သုံးယောက်ကုန်သော

www.dhammadownload.com

သူငယ်တို့သည် တစ်ပေါင်းတည်းကြီး ကုန်၍ ဆရှယ်သို့ ရောက်လတ်သော် ဓာကွ သိုလ် ပြည်သို့ သွား၍ ပညာသင်ကုန်၏။ သူဌေးသား နှစ်ယောက်တို့သည် ဆရာအား နှစ်ထောင်သောဥစ္စာတို့ကို ပေးကုန်၏။ နိဂြောဓ သတို့သားသည် ပေါဋ္ဌကအား မိမိ၏ အထံ၌ အတတ်ကို သင်စေ၏။ ထိုသုံးယောက်ကုန်သောသူတို့သည် သင်ပြီးသောအတတ် ရှိကုန်သည်ဖြစ်၍ ဆရာကိုပန်ကြား၍ ဆရာအထံမှ ထွက်ခဲ့သည်ရှိသော် ''ဇနပုဒ်သို့ လှည့်လည်ခြင်းကို လှည့်လည်ကုန်အံ့'' ဟု အစဉ်သဖြင့် လာကြ၍ ဗာရာဏသီသို့ ရောက်၍ တစ်ခုသောနတ်ကွန်း၌ အိပ်ကုန်၏။

ထိုအခါ ''ဗာရာဏသီပင်းသည် သေ၍ ခုနစ်ရက်ရှိပြီ၊ နက်ဖြန် ဗုဿရထား၌ လွှတ်ကုန်အံ့'' ဟု ဗာရာဏသီပြည်သို့ စည်ကို လည်စေကုန်၏။ ထိုအဆွေခင်ပွန်းသုံးယောက်တို့သည်အိပ်ကြကုန်သည်ရှိသော် ပေါဋ္ဌကသည် မိုးသောက်ထသောအခါ၌ ထ၍ နိဂြောဓ သတို့သား၏ခြေတို့ကို ဆုပ်နယ်လျက် နေ၏။

ကြက်တို ရန်ဖြစ်ကြပုံ

ထိုနတ်ကွန်း သစ်ပင်၌ နေကြသော ကြက်သည် အောက်၌ နေသော ကြက်၏ ကိုယ်ထက်၌ ကျင်ကြီးကို ချ၏။ ထိုအခါ အထက်၌ နေသော ကြက်ကို အောက်၌နေသောကြက်သည် ''အဘယ်သူသည် ကျင်ကြီးကိုချအပ်သနည်း'' ဟုဆို၏။ ''အဆွေ အမျက်မထွက်လင့်၊ ငါသည်မသိ၍ ချမိ၏'' ဟုဆို၏။ ''အချင်း... သင်သည် ငါ၏ကိုယ်ကို ကျင်ကြီးခချရာ အရှပ်ဟူ၍ အောက်မေ့သနေလော၊ ငါ၏ ပမာဏကို သင်မသိသလော'' ဟုဆို၏။

ထိုသို့ဆိုသောအခါ အောက်ကြက်ကို အထက်ကြက်သည် ''အချင်း... မသိ၍ ငါသည် ချမိ၏'' ဟု ဆိုပါသော်လည်း သင်သည် အမျက်ထွက်သလျှင်ကား၊ သင်၏ ပမာဏသည် အဘယ်နည်း'' ဟုဆို၏။ ''အချင်း.... အကြင်သူသည်ကား ငါ့ကိုသတ်၍ အသားကိုစားအံ့ ထိုသူသည် နံနက်စောစော ထလျှင် တစ်ထောင်သောဥစ္စာကို ရလတ္တံ့၊ ထို့ကြောင့် ဝါသည် မာန်ထောင်လွှားခြင်းကိုပြု၏'' ဟုဆို၏။ ထိုအခါ အောက်ကြက်ကို အထက်ကြက်သည် ''အချင်း... နံနက်စောစောဏ တစ်ထောင်သော ဥစ္စာကို မရစေတတ်သော အစွမ်းသတ္တိမျှဖြင့် သင်သည် မာန်ထောင်လွှားခြင်းကို ပြုသလော၊ ငါ့ကိုကား သုတ်၍ ဆူဖြိုးသော အသားကို အကြင်သူသည်

www.dhammadownload.com

စားအံ့၊ထိုသူသည်နံနက်စောစောကလျင် မင်းဖြစ်အံ့၊ အကြင်သူသည် မဆူမခြောက် အလယ်ဖြစ်သော အသားကိုစား၏၊ ထိုသူသည် စစ်သူကြီးအထူကို ရလတ္တံ့။ အကြင်သူသည် အရိုးဥကပ်သော အသစ်းကိုစားအံ့၊ ထိုသူသည် ဘဏ္ဍာစိုးဖြစ်လတ္တံ့ ဟုဆို၏။

မိတ်ဆွေ ၃-ယောက် ကြက်သားစားကြ

ပေါဒ်ဒိကသည် ထိုကြက်နှစ်ခု၏ စကားကိုကြား၍ "ငါတို့အား တစ်ထောင်ခသဝဲဥစ္စာဖြင့် အဘယ်အကျိုးရှိကုန်အံ့နည်း၊ မင်းအဖြစ်သည်သာလျင်မြတ်၏"ဟု ဖြည်းဖြည်းသစ်ပင်ထက်သို့တက်၍ အထက်ဥ အိပ်သော ကြက်ကို ဖမ်းပြီးလျင် သတ်၍ မီးကျီးဥဖာင်ပြီးလျင် ဆူခသော အသားကို နိဂြောဓအားပေး၏၊ အလယ်အသားကို သာခအားပေး၏၊ အရိုးဥကပ်သော အသားကို မိမိ စား၏။ စားကြပြီးလျင် "အဆွေ နိဂြောဓ....သင်သည် ယခုနေ့ မင်းဖြစ်လတ္တံ့၊ အဆွေသာခ....သင်သည် စစ်သူကြီးဖြစ်လတ္တံ့၊ ငါသည်ကား ဘဏ္ဍာစိုး ဖြစ်လတ္တံ့"ဟုဆို၍ "အသို့သော အကြောင်းဖြင့် ထင်သိသနည်း"ဟု မေးအပ်သည်ရှိသော် ပေါဒ်ဒိကသည် ထိုအကြောင်းကို တို့ကိုကြား၏။

ထိုသုံးယောက်သော သူတို့သည်လည်း နံနက်စာစားချိန် ကာလ၌ ဗာရာဏသီမြို့သို့ဝင်၍ ပုဏ္ဏားတစ်ယောက်၏အိမ်၌ ထောပတ်သကစနှင့်ထွေသော ဃနစထမင်းကို စားပြီးလျင် မြို့မှထွက်၍ မင်း၏ ဥယျာဉ်သို့ ဝင်ကုန်၏။ နိဂြောဓသတို့သုခသားသည် မင်္ဂလာဇကျောက်ဖျာ အပြင်၌ အိပ်၏။ သာခ, ပေါဒ်ဒိက နှစ်ယောက်တို့သည် အပင်၌ အိပ်ကုန်၏။

ဖုဿရထားဆိုက်ပြီ

ထိုအခါ မင်းမြောက်တန်ဆာ ငါးပါးတို့ကို ရထားနှင့်တင်၍ ဖုဿရထားကို လွှတ်ကုန်၏။ (ထိုဖုဿရထားလွှတ်ခသာ အခြင်းအရာ၏အကျယ်ဖြစ်သောစကားသည် မဟာဇနကဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)ဖုဿရထားသည် ဥယျာဉ်သို့သွားပြီးလျင် လည်၍ "တက်တော်မူလော့" ဟုခသာ အစီအရင် ရှိသည်ဖြစ်၍ ရပ်၏၊

ပုဏ္ဏားဟိတ်ပုဏ္ဏားသည် "မင်္ဂလာဥယျာဉ်တော်၌ ဘုန်းရှိသောသူသည် ဖြစ်ထု၏"ဟု ဥယျာဉ်တော်သို့ဝင်၍ နိဂြောဓ သတို့သားကို ခြေဖျားဖြင့်

www.dhammadownload.com

ပုဆိုးတို့ကိုဖွင့်၍ ခြေတို့၌ လက္ခဏာတို့ကို ဆင်ခြင်လျှင် "ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ထားဘိဦး ဇမ္ဗူဒိပ်ကျွန်း ဆာလုံးကို အစိုးရသော စာရာဇ်မင်းဖြစ်ခြင်းငှာ ထိုက်၏" ဟု အလုံးစုံသော တိုးမှုတ်မျိုးတို့ကို တိုးမှုတိစေ၏။ နိဂြောဓ သတ္တိသားသည် နှိုး၍ မျက်နှာမှုပုဆိုးကိုဖွင့်၍ လူမျှားတို့ကို ကြည့်ပြီးလျှင် ပြန်၍ လျောင်းလျက် အတန်ငယ်သော ဆာခလုတ်ကို လွန်စေ၍ ကျောက်ဖျာအပြင်၌ ထက်ဝယ်ဖွဲ့သဖြင့်နေ၏။ ထိုအခါနိဂြောဓသတ္တိသားကို ပုရောဟိတ်ပုဏ္ဏားသည် ပုဆစ်တုပ်၍ "အရှင်မင်းကြီး....ဗာရာဏသီပြည်သည် အရှင်မင်းကြီး၏ လက်တော်သို့ ရောက်၏" ဟူ နှုးဆော်လျှောက်လျှင် "ကောင်းပြီ" ဟု မိန့်လတ်သော် ထိုကျောက်ဖျာ အပြင်၌သာလျှင် ရတနာ အစုခွဲထား၍ အာဘိသိက်သွန်း၏။ ထိုနိဂြောဓ သတ္တိသားသည် မင်းအဖြစ်သို့ရောက်လျှင် သဒ္ဓ သတ္တိသားအား စစ်သူကြီး ဆရာကို ပေး၍ မျှားလှစ္ဆာသော ပူဇော်သက္ကာရဖြင့် ဗာရာဏသီမြို့သို့ ဝင်တော်မူ၏။ ပေါဋ္ဌိကသတ္တိသားသည်လည်း မင်းစဆဲသော ပြည်သူ အပေါင်းတို့နှင့် တကွသာလျှင်လိုက်၏။ ဘုရားလောင်းသည် မင်းအဖြစ်သို့ ရောက်သည်မှစ၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီသဖြင့်လျှင် မင်းပြု၏။

မိဘတို့ကိုခေါ်ခြင်း

ထိုဘုရားလောင်းသည် တစ်နေ့သ၌ မယ်းတော် ခမည်းတော်တို့ကို ဖောက်မေ့၍ သဒ္ဓ စစ်သူကြီးကို "ငါသည် မိဘတို့နှင့်ဆင်း၍ နေခြင်းငှာ မတတ်နိုင်၊ မျှားစွဲသောဇာခြုံအရံဖြင့်သွား၍ ငါတို့၏ ခမည်းတော် မယ်တော်တို့ကို ဆောင်ချေလော့" ဟု ဆို၏။

ထိုသဒ္ဓ စစ်သူကြီးသည် "ငါ့အား ထိုမင်းကြီး ဇယ်တော် ခမည်းတော်တို့ နေရာဆရပဲ၌ ပြုဖွယ်ကိစ္စဆုမှုသည် မရှိ" ဟု ပယ်၏၊ ထို့နောင်၌ ပေါဋ္ဌိကကို စေ၏။ ပေါဋ္ဌိကသည် "ကောင်းပြီ" ဟု ထိုမင်းကြီး မယ်တော်ခမည်းတော်တို့၏ အထံသို့သွား၍ နိဂြောဓ မင်းကြီး၏ မယ်တော် ခမည်းတော်တို့ကို "အရှင် သူဌေးတို့၏ သားတော်သည် ဗာရာဏသီပြည်၌ မင်းဖြစ်ပြီ၊ လာတော်မူကုန်၊ သွားကုန်အံ့" ဟုဆို၏။ ထိုမယ်တော် ခမည်းတော်တို့သည် "အမောင်....ငါတို့အား စည်းစိမ်ဟူသော အတိုင်းအရှည် မရှိပြီ၊ သားတော်ထံသို့ သွားဆဖြင့် မသင့်ပြီ" ဟု ပယ်ကုန်၏။ သဒ္ဓ စစ်သူကြီး၏ မိဘတို့ကိုလည်းဆို၏။ ထိုသဒ္ဓစစ်သူကြီး မိဘတို့သည်လည်း

www.dhammadownload.com

လိုက်ခြင်းငှာ အလိုမရှိကုန်။ မိမိ၏ အဓိအဘတို့ကိုဆို၏။ ''ချစ်သား— ငါတို့သည် အပ်ချုပ်သမား အမှုဖြင့်ဆာလျှင် အသက်မွေးပါကုန်အံ့'' ဟု ဆုံးမအပ်သို့ လိုက်ခြင်းငှာ မသင့်'' ဟု ပယ်ကုန်၏။

စစ်သူကြီးကျေးဇူးကန်းပုံ

ထိုပေါဋ္ဌိကသည် မိဘတို့၏ စိတ်ကိုဓရ၍ ဗာရာဏသီပြည်သို့ သာလျှင် တစ်ဖန်ပြန်၍ သာဓ စစ်သူကြီး၏ အိမ်၌ ခရီးပင်ပန်းခြင်းကို ဖျောက်၍ ''နောက်မှ အားဆွဖြစ်သော နိဂြောဓမင်းကြီးကို ဖူးမြင်အံ့'' ဟုကြံ၍ ထို သာဓ စစ်သူကြီး၏ အိမ်တံခါးကိုသွား၍ ''သင်၏အဆွေဖြစ်သောပေါဋ္ဌိက သည်လာသတတ်ဟု သာဓစစ်သူကြီးအားလျှောက်ပါချေလော့'' ဟု တံခါး စောင့်ကိုဆို၏။ ထိုတံခါးစောင့်သည် ပေါဋ္ဌိကဆိုတိုင်းပြု၏။ စစ်သူကြီး ထာဓသည်ကား ''ငါ့အား မင်းအဖြစ်ကို ဓပးမူ၍ အဆွေနိဂြောဓအား ပေး၏'' ဟု ထိုပေါဋ္ဌိက၌ ရန်ငြိုးပွဲ၏၊ ထိုစစ်သူကြီး သာဓသည် ''ပေါ ဋ္ဌိက် လဓ၏'' ဟူသော စကားကိုကြားရလျှင် အမျက်ထွက်သည်ဖြစ်၍ လာ လတ်၍ ''အဘယ်သူသည် ဤပေါဋ္ဌိက၏ အဆွေနည်း၊ အရွဲးတည်း၊ ကျွန်မသားတည်း၊ ထိုကျွန်မသားကို ဖမ်းကြကုန်'' ဟုဆို၍ လက် ခြေ ပုဆစ် ဒူး တံတောင်တို့ဖြင့် ထောင်းခတ် သတ်ပုတ်စေပြီးလျှင် လည်၌ကိုင်၍ နှင်ထုတ်စေ၏။

မင်းကြီးအားတိုင်ကြား

ထိုးပါဋ္ဌိကသည် ကြံ၏၊ အဘယ်သို့ကြံသနည်းဟူမူကား ''သာဓသည် ငါ့ထံမှ စစ်သူကြီး အရာကိုရပါလျက် ယူ့ကျေးဇူးကိုမသိ၊ အဆွခင်ပွန်း ကို ပြစ်မှားတတ်၏၊ ငါကဲ့သို့သော ကျေးဇူးရှင်ကို ထောင်းခတ် သတ်ပုတ် စေ၍ နှင်ထုတ်၏၊ ငါ့အဆွေ နိဂြောဓ မင်းကြီးသည်ကား ပညာရှိ၏၊ ယူ့ကျေးဇူးကို သိတတ်၏၊ သူတော်ကောင်းတည်း၊ ထိုနိဂြောဓမင်းကြီး၏ ဆထံသို့ဘာလျှင် သွားအံ့'' ဤသို့ကြံ၏၊ ကြံပြီး၍ ပေါဋ္ဌိကသည် မင်းအိမ် တံခါးသို့သွား၍ ''အရှင်မင်းကြီး အဆွေဖြစ်သော ပေါဋ္ဌိကသည် တံခါး၌ရပ်၏'' ဟု မင်းကြီးအား ကြားလျှောက်စေ၏။

မင်းသည် ခေါ်စေ၍ ထိုပေါဋ္ဌိက၏ လာလတ်သည်ကိုမြင်လျှင် နေ ရာမှ ထ,ပြီးလျှင် ခရီးဦးကြို့ဆိုလျက် စံကားဟာခပြာခြင်း၊ ပဋိသန္ထာရကို

www.dhammadownload.com

ပြုၗ် မုတ်ဆိတ်ပြုပြင်ခြင်းစသည်တို့ကို ပြုပြင်စေပြီးလျှင် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဆောင်အပ်ပြီးသော မြတ်သော ဆရသာနှင့်ပြည့်စုံသော အရသာရှိသော ဘောဇဉ်ရှိသော ထိုပေါင့်ံတနှင့် တကွ ချမ်းသာစွာနေပြီးသော် မယ်ခတော် ခမည်းတော်တို့၏ အကြောင်းကို မေး၍ နေပြည်တော်သို့ မလိုက်သော အဖြစ်ကို ကြားတော်မူ၏။

စစ်သူကြီး သာခသည်လည်း ပေါင့်ံကသည် ငါ့ကို မင်း၏အထံ၌ အသျှစ်ပျက်ခအောင်လျှောက်ရာ၏၊ ထို့ကြောင့် ငါသည် သွားသည်ရှိသော် တစ်စုံတစ်ခုသော စကားကိုဆိုခြင်းငှာ မတတ်နိုင်လတ္တံ့ ဟုနှလုံးသွင်း၍ ထို မင်းအမ်မသို့လျှင် သွားလေ၏။ ပေါင့်ံကသည် ထိုစစ်သူကြီးသာခ၏ မျှားမှောက်၌သာလျှင် မင်းကိုခေါ်၍ "အရှင်မင်းကြီး....အကျွန်ုပ်သည် ခရီးပင်ပန်း၍ သာခ၏အိမ်သို့သွား၍ အပန်းဖြေပြီးလျှင် အရှင်မင်းကြီး အထံတော်သို့ လာပါအံ့ဟုနှလုံးသွင်း၍ လာ၏။ အကျွန်ုပ်ကို သာခသည် 'ထိုသူကို ငါမသိ' ဟု ဆိုပြီးလျှင်ထောင်းခတ်သတ်ပုတ်စေ၍လည်၌ ကိုင်၍ နှင်ထုတ်စေ၏။ မြတ်သောမင်းကြီး ထိုစကားကို ယုံတော်မူလေ့ဟု ဆို၍-

၅၇။ နဝါဟ မေတံ ဇာနာမိ၊ ကော ဝါယံ ကဿ ဝါ တိဝါ။
ယထာ သာဒိခါ စရိ ဧဝံ၊ နိဒြောဓ ကိန္တိ မညသိ။

၅၈။ တဒါဟ စလ ဝိနိတေန၊ ပုရိသာ နိဒ္ဓါပယိ သုံ မံ။
ဒတ္ဝာ မုခ ပဟာရုနိ၊ သာခဿ ဝစနံ ကရုံ။

၅၉။ ဧကာဒိသံ ဒုမ္မတိနာ၊ အကတညုနာ ဒုဇ္ဇိနာ။
ကတိ အနရိယံ သာဒိခန၊ သခိနာ တေ ဇနာမိုပ-

ဟူ၍သာ ဤသုံးဂါထာတို့ကို ဆို၏။

၅၇။ နိဒြောဓ၊ နိဒြောဓံမင်းမြတ်။ အယံ၊ ဤသူကား။ ဧဒေါ၊ အဘယ်သူနည်း။ ဤတိ ဝါ၊ ဤသို့လည်း၊ ကောင်း။ ကဿ ဝါ၊ အဘယ်သူ၏လည်း။ သဟ္ဒါဒေယျ၊ အခဆွခင်ပွန်းနည်း။ ဤတိဝါ၊ ဤသို့လည်းထောင်း။ တေံ၊ ထိုသူကို၊ အဟံ၊ ငါသည်။ နဇာနာမိ၊ မသိ။ ဤတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ သာဒေါ၊ သာခသည်။ စရိယထာ၊ ကျင့်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ တွံ ပိ၊ အရှင်မင်းကြီးသည်လည်း။ ကိန္တိ၊ အဘယ်လျှင်။ မညသိ၊ အောက်မေ့တော်မူသနည်း။

၅၈။ ဇနာဓိပ၊ လူတို့သခင်နှင်း ပြည်ရှင်မင်း ဖြစ်တော်မူသော။ နိဒြောဓ၊ နိဒြောဓမင်းမြတ်။ တဒေဘာ၊ ထိုထောင်းခတ်သတ်ပုတ်စေပြီး၊

www.dhammadownload.com

သည်မှ။ ၎ သခဿ၊ သာဓု၏။ ဝစနံကရာ၊ စကားကို လိုက်နာကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်း၊ မံ၊ အာကျန့်ပ်ကို။ မုခပဟာဏာနိ ဒတ္ဝာ၊ နှုတ်လုံထိုးကုန်၍။ ဂလစိနိတေန၊ လည်ကို ကိုင်သဖြင့်။ နိဒ္ဓါပယိံသု၊ ငင်ထုတ်ကုန်၏။

၅၃။ ဇနာဓိပ၊ လူတို့၊သင်္ခနင်း ပြည့်ရှင်မင်း။ ဒုမ္မတိနာ၊ ပညာမရှိသော။ ဆကဘညုနာ၊ သူ့ကျေးဇူးကို မသိတတ်သော။ ဒုဿီနာ၊ အနဆဉ်ခင်ပွန်းတို့၏ အစီးအပွားကို ဖျက်တတ်၊သော အလေ့ရှိသော။ တေ၊ ဆရှင်မင်းမြတ်၏။ သခီနာ၊ အ၊ဆဉခင်ပွန်းဖြစ်သော။ သာ၊ခန၊ သာဓသည်း၊ ဇောဒီသံ၊ ထိုသို့သဘောရှိသော။ အနံရိယံ၊ သူ၊တော်မဟုတ် သူယုတ်တို့၏ အကျင့်ကို။ တတံ၊ ပြုဆပ်ပြီ။

စစ်သူကြီးကို ဆုံးမပြီ

ထိုပေါဋ္ဌိက စကား၊ကိုကြား၍ နိ၊ဂြောဓမင်းကြီး၊သည်-

၆၀။ နု ဝါဟ မေတံ ဇာန၊ာမိ၊ နု ပိ မေ ကောစိ သံဆတိ။
ယံ မေ တုံ သမ္မ အကွာသိ၊ သာ၊ခန ကရဏံ ကတံ။

၆၁။ သခီနံ အာဇီဝကရော၊ မမ သာဓဿု ဖူဘယံ။
တုံ နော သိဿရိယံ ဒါတာ၊ မနု၊ဿသု မဟန္တံ။

၆၂။ တယာ မာ လဇ္ဇိတာ ကွဒ္ဒိ၊ ဧတ္ထ မေ နတ္ထိ သံသယော။
ယထာပိ ဗီဇ မဂ္ဂိမ္ဟိ၊ ဥယ္ဟတိ နု ဝိရူဟတိ။
ဧဝံ ကတံ အသပ္ပုရိသေန၊ နဿတိ နု ဝိရူဟတိ။

၆၃။ ဆာတညုမှိ စ ပေါသမှိ၊ သီလဝန္တေ အရိယဝုတ္တိ၊နု။
သုခေတ္တေ ဝိယ ဗီဇာနိ၊ ကတံ တမှိ နု နဿတိ-

ဟူသော ဤ၊လး၊ဂါထာတို့ကို ဆို၏။

၆၀။ သမ္မ၊ အ၊ဆဉ၊ပါဋ္ဌိက၊ ငတံ၊ ထိုသူသို့။ အဟံ၊ ငါသည်။ နု ဇာန၊ာမိ၊ မသိ။ ကွတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ သာ၊ခန၊ သာဓသည်း၊ တဒုဏံ၊ တုန်းငင်ထော်း၊ခတ်သတ်ပုတ်ညှဉ်း၊ဆဲခြင်း၊ကို။ ကတံ၊ ပြုဆပ်၏။ ကွတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကား၊ကို။ တုံ၊ သင်သည်။ မေ၊ ငါ့အား။ အကွာသိ၊ ကြား၊လျှောက်၏။ တံ ဝစနံ၊ ထိုစကား၊ကို။ ကောစိ၊ တစ်စုံတစ်ယောက်၊သော သူသည်။ မေ၊ ငါ့ဆား။ နု ပိ သံသတိ။ ပြောလည်း မပြော။

www.dhammadownload.com

၆၀။ သမ္မ၊ အဆွေပေါ်ဦးက။ တုံ၊ သင်သည်။ မမ စ၊ ငါ့အား လည်းကောင်း၊ သာခဿ စ၊ သာခအား လည်းကောင်း၊ ဤတိ၊ ဤသို့။ ဥဘယုံ-ဥဘယေသံ၊ နှစ်ယောက်ကုန်သော။ လခိုနံ၊ အားဆဲခင်ပွန်းတို့အား။ အာဇီဝအာရော၊ ချမ်းသာသဖြင့် အသက်မွေးကြောင်းကို ပြုတတ်သည်၊ အသိ၊ ဖြစ်ပေ၏။ တုံ၊ သင်သည်။ နော၊ ငါတို့နှစ်ဘဝက်အား။ မနုဿသု၊ လူတို့၌။ မဟန္တံ၊ မြတ်သောအဖြစ်ဟု ဆိုအပ်သော။ ဤသုရိယံ၊ မင်းစည်းစိမ်ကို။ ဒါတာ၊ ပေးတတ်မသာသူသည်။ အသိ၊ ဖြစ်ပေ၏။

လူယုတ်မာ ကျေးဇူးမသိ

၆၂။ ဃမ္မ၊ အဆွေပေါ်ဦးက၊ ဤမာဤဒ္ဓိ၊ ဤမင်းစည်းစိမ်တို့ကို။ အားမူဟိ၊ ငါတို့သည်။ တယာ၊ သင့်အတံမွှာလျှင်။ လမ္ဘိတ၊ ရအပ်ကုန်၏။ တွေ့ထွေ၊ ဤမင်းစည်းစိမ်ကိုရရှာ၍၊ မေ၊ ငါ့အား။ သံဃယေဒး ယုံမှားခြင်းသည်။ နတ္ထိ၊ မရှိ။ အဂ်ိမ်္ဂိ၊ မီး၌။ ဗီဇံ၊ ထည့်အပ်သော မျိုးစေ့သည်။ ဒုယ္ဟတိ ယထာ၊ ပြာဖြစ်လေသကဲ့သို့။ နဝိရူဟတိ ယထာ၊ အပင်မပေါက်နိုင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အသပ္ပုရိသော၊ သူ့ကျေးဇူးကို မသိတတ်သော သူယုတ်မာ၌။ ထုတံ၊ ပြုအပ်သော ကျေးဇူးသည်။ နဿတိ၊ ပျောက်၏။ နဲ့ ဝိရူဟတိ၊ အကျိုးမရောက်။

၆၃။ ကတညုမို၊ သူ့ကျေးဇူးကို သိတတ်သော။ အရိယဝုတ္တိနေ၊ မြတ်သော အကျင့်ရှိသော၊ သီလဝန္တော၊ သီလရှိသော။ ပေါသမို စး ယောကျ်ားဌ်ကား။ ကတံ၊ ပြုအပ်သော ကျေးဇူးသည်။ ဝိရူဟတိ၊ မျာ၊ စ္စာသော အကျိုးရောက်၏၊ သုခေတ္တေ၊ ချိုင့်ဝှမ်းသော လယ်ကောင်း၌၊ ဗီဇာနိ၊ စိုက်ပျိုးအပ်ကုန်သော မျိုးစေ့တို့သည်။ ဝိရူဟန္တိဝိယ၊ အပင်ပေါက်ကုန်သကဲ့သို့။ နနဿန္တိဝိယ၊ မပျောက်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တမို၊ ထိုသူ့ကျေးဇူးကို သိတတ်သော ဝုဂ္ဂိုလ်၌၊ ထုတံ၊ ပြုအပ်သော ကျေးဇူးသည်။ နဿတိ၊ မပျောက်၊

ဒဏ်ပေးလိုက်ပုံ

ဤသို့သော စကားကိုဆို၍ နိဂြောဓမင်းကြီးသည် ဤမျှလောက်သော စကားကို ဆိုသည်ရှိသော် စစဉ်သူကြီး သားခသည် ထိုမင်း၏ ရှေ့တော်၌သာ

www.dhammadownload.com

လျှင် တည်း၏။ ထိုအခါ နိဂြောဓ မင်းကြီးသည် စစ်သူကြီး သာခကို ''သာခ....သင်သည် ဤပေါဠိဂါထာကိုသီပြီလေစ'ဟု မေးတော်မူ၏။ ထိုသာခ ဆရည် ဆိတ်ဆိတ်နေသည် ဖြစ်၏။ ထိုအခါ နိဂြောဓ မင်းကြီးသည် ထိုသာခ အား ဒဏ်ကို ပေးတော်မူလိုရကား-

၆၄။ ဤမှံ ဇမ္ဗံ နေကတိကံ၊ အာသပ္ပုရိသ စိန္တိတံ။
ဟနန္တံ သဒခံ သတ္ထာ၊ နဿေ ဤစ္ဆာမိ ဇီဝိတံ-

ဟူသော ရွှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၆၄။ တောအမစ္စော၊ အိုအမတ်တို့။ ဇမ္ဗံ၊ ယုတ်မာသော၊ နေဒကတိ-ကံ၊ စဉ်းလဲ စဉ်းစားမာယာ လှည့်ပတ်တတ်သော။ အာသပ္ပုရိသစိန္တိတံ၊ ထူတော်မဟုတ် သူယုတ်တို့၏ အကြံကိုသာ ကြံတတ်သော။ ဤမှံသာခံ၊ ဤသာခကို။ သတ္ထာ၊ လှံသော၊ လှံမတို့ဖြင့်။ ဟနန္တံ-ဟနန္တု၊ ထိုးသတ်ကြကုန်။ အာဿ၊ ထိုသာခအား။ ဇီဝိတံ၊ အသက်ရှင်ခြင်းကို။ အဟံ၊ ငါသည်။ နဿေ၊ အလိုမရှိ။

စစ်သူကြီးအရာ ကျပြီ

ထိုစကားကို ကြား၍ ပေါဠိဆရာသည် ''ဤသူကား၊ ငါ့ကိုမှီ၍ မပျက်စီးပါစေလင့်''ဟု ကြံ၍-

၆၅။ ခမတာဿ မဟာရာဇ၊ ပါဏာ နု ပဋိဆာနယာ၊
ခမ ဒေဝါ ဆပ္ပုရိသဿ၊ နာဿ ဤစ္ဆာမဟံ ဝဓံ-

ဟူသော ကိုးခုမြောက်စကား ဤဂါထာကို ဆို၏။

၆၅။ မဟာရာဇ၊ မြတ်ခဆာမင်းကြီး။ အာဿ၊ ထိုသူယုတ်မာအား။ ခမတံ-ခမတု၊ သည်းခံတော်မူပါလော့။ ပါဏာ၊ အသက်ကို။ နု ပဋိဆာ-နယာ၊ တစ်ဖန် ဆောင်ခြင်းငှာ မဆတ်ကောင်း။ ဒေဝ၊ ရှင်မင်းကြီး။ အာဆပ္ပုရိသဿ၊ သူတော်ကောင်းတို့၏ ဆန့်ကျင်ဘက် ရန်သူဖြစ်သော သူ ယုတ်မာအား။ ခမ၊ သည်းခံတော်မူပါလော့။ ဒေဝ၊ မင်းကြီး။ အာဿ၊ ထိုသူယုတ်မာ သာခအား။ ဝဓံ၊ သတ်ခြင်းကို။ အဟံ၊ အကျွန်ုပ်သည်၊ နဿာမိ၊ အလိုမရှိပါ။

www.dhammadownload.com

နိဂြောဓမင်းကြီးသည် ပေါဋ္ဌိကဏ် စကားကို ကြား၍ "သာဓုအား ငါသည် သည်းခံ၏၊ စစ်သူကြီး အရာကိုကား ပေါဋ္ဌိကအားလျှင် ပေးလို၏၊ ထိုပေါဋ္ဌိကသည် အလိုမရှိ၊ ထိုစစ်သူကြီး အရာကို အလိုမရှိသည် ရှိသော် ပေါဋ္ဌိကအား အလုံးစုံသော စစ်သည်တို့ကို စီရင်ခြင်းငှာထိုက်သော ဘဏ္ဍာစိုး အရာကို ပေးတော်မူ၏၊ ရှေးမင်းတို့ လက်ထက်၌လည်း ထိုသို့သော အရာအထူးမည်သည် မဖြစ်ဘူးသဘတ်၊ ထိုနိဂြောဓမင်း လက်ထက်မှစ၍ ဖြစ်၏။ နောက်အဖို့၌ ဘဏ္ဍာစိုးဖြစ်သော ပေါဋ္ဌိဏသည် သားသမီးတို့ဖြင့် ကြီးပွား စည်ပင်သည် ဖြစ်၍ မိမိ၏ သားသမီးတို့အား အဆုံးအမ ပေးသည်၏ အစွမ်းဖြင့်·

၆၆။ နိဂြောဓ ဓမေ သေဝေယျ၊ န သာဓု မုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေဓယျာ၊ ယဉ္ဉ သာဓမ္မိ ဇိဝိတံ·

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၆၆။ တာတ၊ ချစ်သား ချစ်သမီးတို့။ သာဓမ္မံ၊ သာဓုအထံ၌။ ယံ ဇိဝိတံ၊ အကြောင်းဆသက်ရှည်ခြင်းသည်။ စေ သိယာ၊ အကယ်၍ ဖြစ်ခြေးအုံ့။ တဇေဘာ၊ ထိုသာဓုအထံ၌ အသက်ရှည်သောထိုက်၊ နိဂြောဓသို့၊ နိဂြောဓင်းကြီး၏ အထံ၌။ မတံ၊ သေခြင်းသည်သာလျှင်။ သေယျော၊ မြတ်လှစွာ၏၊ တသ္မာ၊ ထို့ကြောင့်။ နိဂြောဓမေဝ၊ နိဂြောဓမင်းကြီးကို သာလျှင်။ သေဝေယျ၊ မှီဝဲခစား ဆည်းကပ်ရာ၏။ သာဓုံ၊ သာဓုကို။ န ဥပသံဝသေ၊ မမှီဝဲမဆည်းကပ်လင့်။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ "ရဟန်းတို့...ဤသို့လျှင် ဒေဝဒတ်သည် ရှေးဦးလည်း သူ့ကျွေးဋ္ဌကို မသိသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သာဓုဖြစ်ဖူးပြီ၊ ယခုအခါ အဘ်နန္ဒာသည် ထိုအခါ ပေါဋ္ဌိကဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ဗာရာဏသီပြည်၌ နိဂြောဓမင်းကြီး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးရှင်အား၊ ကျေးဇူးပြုပြီး၊ ထင်ရှားပျက်စီးမည်း)
ခုနစ်ခုမြောက်သော နိဂြောဓဇာတ်သည် ပြီး၏။

www.dhammadownload.com

မိန်းမမျှားသည့်ဝန်တိုတတ်ခြင်း

ဖဟာတော်မူရာဌာန၊ နတ်နှင့်တကွသော ဓလောကကို ဆုံးဓဏဝံမူ ထတ်ဓသာ သပ္ပဉညုမြတ်စွာဘုရားသည် "နတက္ကလာသန္တိနဲ ဏာလုဝါနိုဲ" ဏစရှိဓသာ ဂါထာပုဗ်ဖြင့် တန်ဆာဆင်ဏပ်သော ဤတက္ကသ ဇာတ်ကို ဧဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကစ်ဓယာက်သော ဏာဘကို လုပ်ကျွေးဓသာထာဏကို ဏဓကြောင်းပြု၍ ဟောဒၠာမ်မူ၏၊

ဏာဘကိုလုပ်ကျွေးသူ

ပစ္စုပ္ပန်ဝတ္ထု။ ထိုသူသည် သူဆင်းရဲဏာမျိုးဒ္ဒ်ဖြစ်၍ ဏမိဓေလွန်ဏာည် ရှိဓထော် နံနက်စောစောကသာလျှင် ထ၍ တံပူ မျက်ဆန်ရေ ဏစရှိဏာည် တို့ကို ဖြစ်စေလျက် ဏာဓစာဏာဘမူကိုလည်းတောင်၊ လယ်ထွန်ခြင်းဏမူကို လည်းထောင်း ပြုရဏပ်ဓသဓ ဥစ္စာဏာလျော်စွာ ယာဂု ထဓင်း ဏစရှိ သည်တို့ကို ပြည့်စုံစေ၍ ဏာဘကို မွေ့.မြူ၏။ ထိုဏာဓါ သာဏကို ဏာဘဏာည် "ချစ်ဏာ....ထင်သည် တစ်ယောကဲတည်းသည်လျှင် ဏိမ်တွင်း ဆိုမ်ပန်း ပြုဏပ်ဓသော ဘမူကိစ္စကို ပြုရ၏၊ သင်ချစ်ဏာဏာ၊ တစ်ယောက်ဓသော ဏမျိုးဏမိုးဏာည် သာဏိမ်မှ ပြုဏာ်ဓဏာဘမူကိစ္စကို ပြုလတ္တံ့" ဟုဆို၏၊ "ဖဓင်.... မိန်းဓတို့မည်သည်ကာ၊ ဏိမ်သို့ ဓထုက်ကုန်သည်ရှိဓော် ငါ၏ စိတ်ချမ်းဏာခြင်းကို မပြုကုန်လတ္တံ့၊ ဖဓင်တို့၏ စိတ်ချမ်းသာခြင်းကို လည်း ဓပြုကုန်လတ္တံ့၊ ထို.ဓကြောင့် ဤသို့ဏဓဘာရှိဓသော ဏကြက်ကဲမကြွေ ဏငဲ့၊ ဏကျန်ပဲဏာည် ဏဘက်ထက်ဆုံး ဖဓင်တို့ကို လုပ်ကျွေး၍ ဖဓင်တို့ လွန်ဓဘောကာလ၌ သီဏဲ့" ဟု ဆို၏၊

မိန်းမရဓသဉ်

ထိုသို့ဆိုဓသဉ်လည်း ဏာဘာဏာည် သာ၏ ဏလိုမရှိဓဉ်ဓင်လျှင် ထစ် ဓယောက်ဓသာ သတို့သမီးကို ဓဆောင်၏၊ ထိုသတို့သမီးသည် ဓယာကျွမဏာ၊ လည်းဓကောင်း၊ လင်ဏာ၊ ဏာည်းကောင်း၊ ဓကျေးဇူးပြုသည်၊ နှိပ်ချင်းနှိ ထုံ.ဝပ်ဓသာ ဏကျင့်ရှိသည် ဖြစ်၏၊ လင်သည်ထည်၊ "ဏာဏာ၊ ဓကျေးဇူး

www.dhammadownload.com

ပြုပေ၏''ဟု မယားဏား နှစ်သက်၍ ရတိုင်း ရတ္နိုင်းသော နှစ်သက်ဖွယ် ရှိသော စားဖွယ်သောက်ဖွယ် စသည်တို့ကို ဆောင်၍ပေး၏။

အဘနှင့်မတည့်၍

မယားသည်လည်း ထိုလင်ပေးသမျှသောဥစ္စာစသည်ကို ယောကျ်မဏား သာလျှင်ပေး၏။ ထိုမယားသည် နောက်အဖို့၌ကြံ၏။ ''လင်သည် ရတိုင်း ရတိုင်းသော ဥစ္စာကို အဘဏားမပေးမူ၍ ငါ့အားလျှင် ပေး၏။ စင်စစ်လျှင် ဏာဘ၌ ချစ်ခြင်းသည် မဖြစ်၏၊ ဤသက်ကြီးအိုကို တစ်စုံတစ်ခုသော အကြောင်းဖြင့် လင်၏ ဆန့်ကျင်ဘက်ကိုပြု၍ အိမ်မှနှင့်ထုတ်စေအံ့''ဟု ကြံ၏။ ထိုမယားသည် ထိုနေ့မှစ၍ အလွန်အားသော ရေကိုလည်းကောင်း, အလွန်ပူသော ရေကိုလည်းကောင်း ဆောင်၏။ အလွန်ငန်သော အာဟာရကိုလည်းတောင်း, အလွန်ပေါ့သော အာဟာရကိုလည်းတောင်း, မနပ်သော ထမင်းကိုလည်းကောင်း, အလွန်ပူသော ထမင်းကိုလည်းကောင်း ဤသို့ အစရှိသော အဘအား အမျက်ဒေါသဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော အမှုတို့ကိုပြု၍ အဘသည် အမျက်ထွက်လတ်သော် ''ဤသက်ကြီးအိုကို အဘယ်သူသည် လုပ်ကျွေးခြင်းငှာ တတ်နိုင်လတ္တံ့နည်း'' ဟု ကြွမ်းတမ်းချွန်ရင်းဆော စကားကိုဆို၍ ခိုက်ရန်ကိုပွားစေပြီးလျှင် ထိုကြွမ်းပြင်၌ တံတွေးပေါက် အစရှိသည်တို့ကိုစွန့်၍ လင်ကို အမျက်ထွက်စေ၏။

မိန်းမကိုနှင်ထုတ်ခြင်း

''မောင်ဏာအမှုကို ကြည့်ဝါလော့၊ ဤမည်းသာအမိုက်ကို မပြုပါလင့်ဟု ငံ့ဝါဆိုသည်ရှိသော် အမျက်ထွက်၏၊ ဤအိမ်၌ မောင့်အဘကိုမူလည်း မနေစေလင့်၊ ငါ့ကိုမူလည်း မနေစေလင့်'' ဟု ဆို၏။ ထိုသို့ ဆိုသောဏာဝါမယားကို လင်သည် ''ရှင်မ....သင်သည် ပျိုရွယ်နုနယ်သေး၏၊ တစ်စုံတစ်ခုသောအရပ်၌ အာသက်ခမ်းခြင်းငှာ တတ်နိုင်သေး၏၊ ငါ့အဘသည်ကား အာသက်ဏာရွယ်ကြီးပြီ၊ သင်သည် ငါ့အဘဏား သည်းမခံနိုင်သည်ရှိသော် ဤငါ့အိမ်မှ ထွက်လေလော့''ဟု ဆို၏။ ထိုမယားသည် ကြောက်သည်ဖြစ်၍ ''ဤနေ့မှစ၍ ဤကဲ့သို့ မပြုဝံ့ပါ''ဟု ယောကျ်မ၏ခြေတို့၌ဝပ်ပြီးလျှင် ''သည်းခံပါ''ဟု တောင်းပန်ကန်တော့၍ ပဏာတိ လုပ်ကျွေးမြဲဖြင့်

www.dhammadownload.com

သာလျှင် လုပ်ကျွေးခြင်းငှာ အားထုတ်၏။ ထိုအခါ ထိုအဘကိုလုပ်ကျွေး သော ဒါယကာသည် ရွေးနွေတို့၌ မယားသည် နှောင့်ယှက်အပ်သည်ဖြစ်၍ မြတ်စွဲဘုရား အထံတော်သို့ တရားနာခြင်းငှာ မသွားမူ၍ ထိုမယားဆဲသည် မကတိ လုပ်ကျွေးခြင်းဖြင့် လုပ်ကျွေးသောကာလ၌ သွားထေ၏။

တရားနာသွားနိုင်ပြီ

ထိုဒါယကာ လာသောအခါ၌ မြတ်စွာဘုရားသည် ထိုဒါယကာကို "ဒါသကာ...အဘယ်ကြောင့် ခုနစ်ရက် ရှစ်ရက်တို့ပတ်လုံး တရားတော်ကို နာခြင်းငှာ မလာသနည်း" ဟု မေးတော်မူ၏။ ဒါယကာသည် ထိုမယားကြောင့် ပြုကျွေးသောအကြောင်းကို ကြားလျှောက်၏။ "ဒါယကာ....ယခုအခါ၌ သင့်မယား၏ ကုန်းတိုက်သောစကားကို မယူမူ၍ သင့်အဘကိုသင် မနှင်ထုတ်ပေ။ ရွေးလွန်လေပြီးသော ဘဝ၌ကား သင့်မယား၏ စကားကို နားထောင်၍ အဘကို သူ့ဆောင်ပစ်ရာ သုသာန်သို့ဆောင်ပြီးလျှင် တွင်း၌ ပစ်ချ၍ သေအံ့သောအခါ ငါသည် ခုနစ်နှစ်အရွယ်သာ ရှိဖူးသည် ဖြစ်လျက် မိဘတို့၏ ဂုဏ်ကျေးဇူးကိုသိ၍ ပိတုဃာတဇာ အနန္တရိယတံမူ တားမြစ်ဖူးပြီ၊ ထိုအခါ သင်သည် ငါ့စကားကိုနားထောင်၍ သင်၏အဘကို အသက်ထက်ဆုံး ရှိခိုးစဉ်လုပ်ကျွေး၍ နတ်ပြည်သို့ လံ့းသည်ဖြစ်ဖူးပြီ၊ ငါသည် အကြင်အဆုံးအမကို ပေးအပ်၏။ ထိုငါပေးသော အဆုံးအမကို ဘဲဝတစ်ပါး၌ တည်သည်ဖြစ်လျှင်မူလည်း သင်သည် မစွန့်၊ ဤရွာဘဝ၌ ငါဆုံးမဖူးသော အခြောင်းကြောင့် ထိုမယား၏ ကုန်းတိုက်သောစကား ကို မယူမူ၍ ယခုဘဝ၌ သင်သည် အဘကို အိမ်မှ မနှင်ထုတ်" ဟု မိန့်ကော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်ထေ၏

အတိတ်ဝတ္ထု။ ။ ဒါယကာလူနဲ့လေပြီးသောအခါ ဗာရာဏသီပြည်၌ ဖြာဒုတိမင်းသည် မင်းပြုသည်ရှိသော် အမှတ်မရှိဖြစ်သော ဆာသိရွာဝယ် တစ်ယောက်သော အမျိုး၏အိမ်၌ တစ်ယောက်တည်းသော သားငယ်သည် ရှိသည်ဖြစ်၏။ အမ်အားဖြင့် 'သဝိဋ္ဌက' အမည်ရှိ၏။ ထိုသဝိဋ္ဌကအမည်ဆော သားငယ်သည် မိဘကို လုပ်ကျွေးစောင့်ရှောက်လျက် နောက်အဖို့၌ အမိ သေလွန်သည်ရှိသော် အဘကို လုပ်ကျွေးမွေးမြူ၏။

www.dhammadownload.com

(ဤသို့အစရှိသော အလုံးစုံသော အကြောင်းကို ပစ္စုပ္ပန်ဝတ္ထုကို အစဉ်မှီးလျက်သာလျှင် ဆိုအပ်၏။ ဤဆိုလတ္တံ့ သည်ကား ဤအတိတ်အကြောင်းဟု အထူးတည်း။

မိန်းမက အဘကိုသတ်ခိုင်း

ထိုအခါ၌ ထိုမိန်းမသည် "မောင့်အဘအမူကို ကြည့်ပါလော့၊ ဤမည်သော ဤမည်သောအမူကို မပြုလင့်ဟု ဆို၍သော်လည်း အမျက်ထွက်ပြန်ခဲ့၏ဟု ဆို၍ "အရှင်....မောင့်အဘစာည် ကြမ်းတမ်း၏။ ခက်ထန်စောင်းမာန့်ကြီး၏။ အခါခပ်သိမ်း ရန်ကိုပြု၏၊ အလွန်အိုမင်းပြီ၊ အနာနှိပ်စက်ပြီ၊ မကြာမြင့်မီလျှင် သေလတ္တံ့၊ ငါသည်လည်း မောင့်အဘနှင့်တကွ စစ်ဆိုမ်တည်းနေခြင်းငှာ မတတ်နိုင်ပါ၊ ထိုမောင့်အဘသည်လည်း မချွတ်လျှင် နှစ်ရက်သုံးရက်ဖြင့် သေလတ္တံ့သည်သာတည်း၊ သင်သည် သင့်အဘကို သူကောင်ပစ်ရာ သုသာန်သို့ ဆောင်ပြီးလျှင် တွင်းကိုတူး၍ ထိုတွင်း၌ သင့်အဘကိုထည့်၍ ပေါက်တူးဖြင့် ဦးခေါင်းကို ကွဲအောင်ရိုက်၍ သေသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် အပေါ်၌ မြေမှုန့်ဖြင့် ဖို့၍လာခဲ့လော့" ဟု ဆို၏။

မိန်းမ၏ ဉာဏ်နီဉာဏ်နက်

ထိုလင်သည် မယားတဖန်တလဲလဲ ဆိုအပ်သည်ဖြစ်၍ "ရှင်မ....လူတို့သတ်ခြင်း မည်သည်ကား အလွန်ဝန်လေးစွာ၏။ အဘယဲသို့လျှင် အဘကို သတ်ရအံ့နည်း" ဟု ဆိုသည်ရှိသော် "ငါသည် သင့်အား အကြောင်းကို ကြားအံ့" ဟု ဆိုလတ်သော် "ကြားဦးလော့" ဟု ဆို၏။ "အရှင်—သင်သည် မိုးခသောက်သောကာလ၌ သင့်အဘ နေထုအရပ်သို့သွား၍ အကြင်အခြင်းဖြင့် ပြုသင့်ရှိသော် ခပ်သိမ်းသောသူတို့သည် ကြားကုန်၏၊ ထိုအခြင်းဖြင့် သည်းစွာသောအသံကိုပြု၍ ဖခင် ဤမည်သောရှာ၌ ဖခင်တို့၏ မိဘဥစ္စာသည်ရှိ၏။ အကျွန်ုပ် သွား၍တောင်းသည်ရှိသော် မပေး၊ဖခင်တို့လွန်ခသောအခါ၌ ပျောက်အံ့သည်သာတည်း၊ နက်ဖြန် ယာဉ်ငယ်၌စီး၍ နံနက်စောစောတလျှင် သွားအံ့" ဟု ဆို၍ မောင့်အဘသည် လိုက်အံ့ဆို့ခသောအခါ၌သာလျှင် ထ၍ ယာဉ်ကို ကပြီးလျှင် ယာဉ်၌နေစေ၍ သုသာန်သို့ခဆောင်ပြီးလျှင် တွင်းကိုတူး၍ ခိုးသူတို့သည် လုယက်အပ်သကဲ့သို့

www.dhammadownload.com

ဧသော အသံကိုပြု၍ သတ်ပြီးလျှင် တွင်းဥ်ချ၍ ဦးခေါင်းကိုခွဲ၍ ရေျးမှ် သာလျှင် လာခဲ့လေ့"ဟု ဆို၏။

သုသာန်သို့ခေါ်သွား

သဝိဋ္ဌကသည် "ဤအကြောင်းသည်ကား၌၏" ဟု ထိုမယား၏စကားကို ဝန်ခံ၍ သုသာန်သို့ သွားအံ့လောဌာ အစီအရင်ကိုပြု၏။ ထိုသဝိဋ္ဌယအား တစ်ယောက်သော ခုနစ်နှစ်သာရှိသော သခားသည် ရှိ၏၊ ပညဲးရှိ၏။ ထို သားငယ်သည် အမိစကားကိုကြား၍ "ငါ့အမိသည် ယုတ်မာသော အကျင့် ရှိ၏။ ငါ့အဘကို ပိဟုဿကကဲ့ကို ပြုစေ၏။ ဤငါ့အဘ်အား အဘကို သတ်သောအမှုကို ပြုစိမ့်သောဌာ မပေးအံ့'ဟု အသာအသာ သွားပြီး လျှင် အဘိုးနှင်တက္ခ အိပ်၏။ သဝိဋ္ဌကသည်လည်း မယားသည် ကြားအပ် သောအခါ၌ ယာဉ်ကိုတ၍ "ဖခင် လာလှည့်မြီကို သုတ်သင်ကုန်အံ့" ဟု အဘကို ယာဉ်၌နေစေ၏၊ သားငယ်သည်လည်း ရှေးဦးစွာ ယာဉ်ထက်လျှို ထက်နှင့်၏။ သဝိဋ္ဌကသည် ထိုသားငယ်ကို မြစ်အံ့သောဌာ မတတ်နိုင် ဆည်ဖြစ်၍ထိုဆားငယ်နှင့်တက္ခသာလျှင် သုသာန်သို့သွား၍ အဘကိုလည်း သားငယ်နှင့်အတူ တစ်ခုသောအရပ်၌ ထားပြီးလျှင် မိမိသည် ယာဉ်မှ ဆင်းသက်၍ ပေါက်တူး ခြင်းဘောင်းကိုယူ၍ တစ်ခုသော ပုနှံးကွယ်သော အရပ်၌ လေးထောင့်ရှိသောတွင်းကို တူးခြင်းဌာ အားထုတ်၏၊

ဘာတွင်းတူးနေသလဲ

သားငယ်သည် ယာဉ်မှသက်၍ ထိုအဘဖြစ်သော သဝိဋ္ဌက၏အထံသို့ သွား၍ မသိသကဲ့သို့ စကားကိုဖြစ်စေ၍-

၆၇၊ နံ တက္ကလာ သန္တိ နံ အာလုဝါနိ၊
နံ ဗိဋ္ဌာလိယော နံ ကဋ္ဌမွာနိ တာတ်။
ကေော အရညသ္မိံ သုသာနမဇ္ဈေ၊
ကိမတ္ထိကော တာတ ခဏသိ ကာသုံ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏၊

၆၇။ တာတ၊ ဖခင်၊ အရညသ္မိံ၊ လူတို့မေ့လျော်ရာ မဟုတ်သော၊ သုသာနမဇ္ဈေ၊ သုသာန်၏အလယ်၌။ တက္ကလာ၊ ယထွေးဥတို့သည်၊ နံ သန္တိ၊ မရှိကုန်၊ အာလုဝါနိ၊ ကညင်ဥ (အာလံူး)တို့သည်။ နံ သန္တိ၊ မရှိကုန်၊

www.dhammadownload.com

ဗိဋ္ဌဲခလိဓယာ၊ ပိန်းဉတ္ထိသည်။ နု ထန္တိ၊ မရှိကုန်။ ကဋ္ဌမ္မဲဘနိ၊ မျေစက်ဥတ္ထိ ဃည်။ နု သန္တိ၊ မရှိကုံန်။ တဒတ၊ ဖခင်။ တုံ၊ သင်သည်။ ဓကော၊တစ်ယောက်ထည်း။ ကိမတ္ထိတော၊ အဘယ်ကို ဆာလိုရှိသည်ဖြစ်၍၊ ကဿုံ၊ တွင်းကို။ ခဏသိ၊ တူးသနည်း၊

မင်းအဘိုးကိုသတ်မလို့

ထိုဆဝါ သားငယ်၏အဘသည်-

၆၀။ ပိတာမဟော တာတ သုဒုမ္မဆော တေ၊
အနေက ဗျာဓိဟိ ဒုက္ခေန ပုဋ္ဌော၊
တမဇ္ဇဟံ နိခဏိဿာမိ သောဋ္ဌေ၊
နု ဟိဿ တံ ဇီဝိတံ ဆောစယာမိ-

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကိုဆို၏။

၆၀။ တာတ၊ ချစ်သား။ တေ၊ ဃင်ချစ်ဆား၏။ ပိတာမဟော၊ အဘိုးသည်၊ သုဒုမ္မလော၊ အလွန်အားနည်းပြီ။ အနေကဗျာဓိဟိ၊ များစွာသော အနာတို့သည်လည်းကောင်း။ ဒုက္ခေန၊ အိုခြင်းဆင်းရဲခြင်းသည်လည်းကောင်း။ ပုဋ္ဌော၊ နှိပ်စက်အပ်ပြီ၊ အင်္ဂ၊ ယခု၊ အဟုံ၊ ငါသည်၊ တံ၊ သင့်အဘိုးကို။ သောဋ္ဌေ၊ လေးထောင့်တွင်း၌။ နိခဏိဿာမိ၊ မြှုပ်ထတ်အုံး၊ ဟိ၊ ထိုစကားသည် မှန်၏။ အဿ၊ ထိုလွန်စွာ အိုမင်းပြီးသော သင့်အဘိုး၏၊ တံဇီဝိတံ၊ ထိုလွန်စွာ အိုမင်းဆင်းရဲလျက် အသက်ရှည်ခြင်းကို။ အဟံ၊ ငါသည်၊ နု ရောစယာမိ၊ မနှစ်သက်။

ပိတုဃာတက ကံကြီးထိုက်မည်

ထိုစကားကိုကြား၍ သားငယ်သည်-

၆၉။ သက်ပွဲ မေ တံ ပဋိသဒ္ဓ ပါပကံ၊
အစ္ဆာဟိတံ ကမ္မံ အာရောသိ လုဒ္ဒံ
ဟူသော ထက်ဝန်းသော ဂျိဂါထာကို ဆို၏၊

၆၉။ တာတ၊ ဖခင်၊ ကယာ၊ သင်အဘသည်၊ ပါပကံ၊ ယုတ်မာစွာဖြင့်သော။ ဇေတံသက်ပွဲ၊ထိုအဘကို ဆင်းရဲမှု လွတ်စေအံ့ဟူသော အကြံကို။ ပဋိလဒ္ဓံ၊ ရအပ်ပြီ။ တုံ၊ သင်ဘခင်သည်။ အစ္ဆာဟိတံ၊ ပစ္စုပ္ပန်စီးပွားနှင့် သံသဆုစီးပွားကိုလွန်းသော။ လုဒ္ဒံ၊ ကြမ်းကြုတ်စွာသော။ ကမ္မံ၊ ပိတုဃာတကံကို။ ကရောသိ၊ ပြုဘိ၏။

www.dhammadownload.com

ဒါအမျိုးတို့ ကျင့်ဝတ်လား

ဤသို့ထော ဇာတားကို ဆိုပြီးလျှင် သားငယ်သည် အဘလက်မှ ပေါက်တူးကိုယူ၍ မနီးမဝေးသော အရပ်၌ တစ်ခုသော တွင်းကို တူးခြင်းငှာ အဘထုတ်၏။ ထိုသို့ တူးသောဘာလည်၌ အဘသည် လားသို့တပ်၍ "ချစ်သား...အဘယ့်ကြောင့် တွင်းကိုတူးသနည်း" ဟု မေး၏။ သားငယ်ဈည် ထိုအဘအား ပြောလိုရကား-

၃၀။ မယာပိ တာတ ပဋိလစ္ဆသေ တုဝံ၊
တေဒိသံ ကမ္မံ ဇရောပနိတေဒ၊
တံ ကုလဝတ္တံ အပုဝတ္တမာဒနာ၊
အဟမ္ပိ တံ နိဓကိဿဓိ သောဇ္ဇေ-

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၃၀။ တာတ၊ ဖခင်။ တုဝံ၊ သင်ဖခင်ဆည်။ တေဒိသံ၊ ဤသို့ဆဘောရှိသော။ ကမ္မံ၊ ကံကို။ ဇဋိလစ္ဆထေ၊ ရပြီ။ မယာပို၊ ငါသည်လည်း။ ဇရောပနိတေဒ၊ အိုမင်းသော အရွယ်သို့ရောက်သော ဖခင်ကို။ နိဓကိဿဓိမိတိ၊ မြုပ်ဆတ်အံ့ဟူ၍။ ဓကိမတာ၊ တူးအပ်၏။ တံကုလဝတ္တံ၊ ထိုအဘ့တို့၏အစဉ်.အကျင့်သို့၊ အနုဝတ္တမာနော၊ အတုလိုက်၍ ကျင့်သည်ဖြစ်၍။ အဟမ္ပိ၊ ငါသည်လည်း။ တံ၊ ဆင်ဖခင်ကို။ သောဇ္ဇေ၊ တွင်း၌။ နိဓကိဿာမိ၊ မြုပ်သတ်အံ့။

အဘအကျိုး မသည်ပိုး

ထိုအခါ သားငယ် အဘဖြစ်သော သဝိဋ္ဌယသည်-
၃၀။ ဖရုသာဟိ ဝါစာဟိ ပကြုဇ္ဈမာနော၊
အာသဇ္ဇ မံ တွံ ဝဒသေ ကုမာရ၊
ပုတ္တော မမ သြရသောဓာ သမာနော၊
အဟိတစနုကမ္ပိ မမ တွံ သိ ပုတ္တ-

ဟူသော ဓလေးခုမြောက်သော ဤဂါထာကို ဆို၏။

၃၁။ ကုမာရ၊ ချစ်သား။ တွံ၊ ဆင်ချစ်သားသည်၊ ဖရုသာဟိ၊ ရှန့်ရင်းကြမ်းကြုတ်ကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်၊ ပကြုဇ္ဈမာ-နော၊ နှိပ်စက်လှမ်းမိုးလျက်၊ အာသဇ္ဇ၊ ထိပါး၍။ မံ၊ ငါ့ကို။ ဝဒသေ၊

www.dhammadownload.com

ဆိုဘိ၏။ ပုတ္တဲ၊ ချစ်သား။ တုံ၊ သင်ချစ်သားသည်။ သြရသကော၊ ရင်ဌ်ဖြစ်သော။ ပုတ္တော သမာနော၊ သဒ်းဖြစ်ပါလျက်။ မမ၊ ငါ၏။ ဆဟိတာနုကမ္မံ၊ ဆစ်းဆပ္ပားကို ဆလိုမရှိသည်။ အသိ၊ ဖြစ်ဘိ၏။

သားယ် တရားဖြ

ဤသို့ အဘာဆိုသည်ရှိသော် ပညာရှိသော သဒ်းငယ်သည်-

၂၂။ နု တျာဟံ တာတ အဟိတာနုကမ္မံ၊
ဟိတာနုကမ္မံ တေ ဆဟမ္မံ တာတ။
ပါပဉ္စ တံ ကမ္မံ ပကြုဗ္ဗမာနံ၊
အရဟာမိ နော ဝါရယိတုံ တတော။

၂၃။ ယော မာဒရံ ဝါပိဘရံ သဝိဋ္ဌ၊
အဒူသကေ ဟိံသတိ ပါပဓမ္မော။
ကာယဿ ဘေဒါ အဘိသမ္ပရာယံ၊
အသံသယိ သော နိရယံ ဥပေတိ။

၂၄၊ ယော မာတရံ ဝါ ပိတရံ သဝိဋ္ဌ၊
အန္နေန ပါနေန ဥပဋ္ဌဟာတိ၊
ကာယဿ ဘေဒါ အဘိသမ္ပရာယံ၊
အသံသယံ သော သုဂတိံ ဥပေတိ-

ဟူသော စကားတုံ့ပြန် တစ်ဂါထာ, ဥဒါန်းနှစ်ဂါထာအားဖြင့် ဤသုံးဂါထာတို့ကို ဆို၏၊

၂၂။ တာတ၊ ဖခင်။ အဟံ၊ ငါသည်။ သင်ဖခင်၏။ အဟိဘာနုံ-ဘမ္ဘံ၊ ဆစ်းဆပ္ပားကို ဆလှိမရှိသည်၊ နု ဟောမိ၊ မဖြစ်။ တာတ၊ ဖခင်။ အဟမ္ဘံ၊ ငါသည်လည်း။ တေ၊ သင်ဖခင်၏။ ဟိတာနုကမ္မံ၊ အစ်းဆပ္ပားကို။ ဆလိုရှိသည်လည်း။ အမှိ၊ ဖြစ်၏။ ပါပကမ္မံ၊ ယုတ်မာစွာသော အနန္တရိယကံကို၊ ပကြုဗ္ဗမာနံ၊ ပြုသော၊ တံ၊ သင်ဖခင်ကို။ အဟံ၊ ငါသည်။ ဝါရယိတုံ၊ မြစ်ခြင်းငှာ၊ ဆရဟာမိ စ၊ ထိုက်ပါတုံသေး၏။ တတော၊ ထို့ထက်။ တုံ၊ သင်ဖခင်သည်၊ နော၊ ငါတို့ကို။ ဝါရယိတုံ၊ မြစ်ခြင်းငှ။ ဆရဟသိ၊ ထိုက်ပါ၏၊

၂၃။ သဝိဋ္ဌ၊ သစိဋ္ဌက အမည်ရှိသော။ တာတ၊ ဖခင်။ ပါပဓမ္မော၊ ယုတ်မာသော အကျွန်ရှိသော။ ဓယာပုတ္တော၊ အကြင်သားသည်၊ မာတာရံ

www.dhammadownload.com

ဝါး အမိကိုလည်းကောင်း။ ပိတရုံဝါ၊ အဘိုကို လည်းတောင်း။ ဣတိ၊ ဤသို့။ အဒူသဏေ၊ မပြစ်မှားအပ်သော မိခင်ဖခင်တို့ကို။ ဟိ သတိ၊ ညှဉ်းဆဲ၏။ သောပုတ္တော၊ ထိုမိခင်ဖခင်တို့ကို ညှဉ်းဆဲသော သားသည်။ အာယသာဒါ၊ ဇီဝိတိန္ဒြေချုပ်သည်မှ၊ အာဘိသမ္ဘုဏယံ၊ အခြားမဲ့ဖြစ်သော တမလွန်ဘဝ၌။ အသံသယံ၊ ယုံမှားမရှိ။ နိရယံ၊ ငရဲသို့။ ဥပေတိ၊ လား ရ၏။

၃၄။ သဝိဋ္ဌ၊ သဝိဋ္ဌက အမည်ရှိသော။ တာတ၊ ဖခင်။ ယော-ပုတ္တော၊ အကြင်သားသည်။ မာတရံ ဝါ၊ အမိကိုလည်းကောင်း။ ပိတရံ စ၊ အဘိုကိုလည်းဆဉ်း။ အဒန္ဓုန၊ ထမင်းဖြင့်လည်းကောင်း။ ပါ-နေန၊ အဖျော်ဖြင့်လည်းကောင်း၊ ဥပဋ္ဌာဟာတိ၊ လုပ်ကျွေး၏၊ သော ပုတ္တော၊ ထိုမိဘတို့ကို လုပ်ကျွေးသောသားသည်။ ကာယဿ၊ ဘေဒါ၊ ဇီဝိ-တိန္ဒြေချုပ်သည်မှ။ အာဘိသမ္ဘုဏယံ၊ အခြားမဲ့ဖြစ်သော တမလွန်ဘဝ၌။ အသံသယံ၊ ယုံမှားစရှိ။ သုဂတိ၊ လူ့ဘုံနတ်ရပ်ဟု ဆိုအပ်သော သုဂတိ ဘဝသို့။ ဥပေတိ၊ လား၏။

သင့်အမိတို့က်တွန်းလို့

သားဖြစ်ခံသခ သူငယ်၏ တရားစကားကို ကြားရ၍ အဘ သဝိဋ္ဌက သည်-

၃၅။ နု မေ တုံ ပုတ္တ အဟိတာနုကမ္ပီ၊
ဟိတာနုကမ္ပီ မေ တုံ သိ ပုတ္တ။
အဟဉ္စ တံ မာတရ ဝုဋ္ဌမာနေ၊
ဧတာဒိသံ ကမ္မံ ကရောမိ လုဒ္ဒံ

ဟူသော ရှစ်ခုမြောက်သော ဂျိဂါဆဒကို ဆို၏။

၃၅။ ပုတ္တ၊ ချစ်သား။ တုံ၊ သင်ချစ်သားသည်။ နု မေ၊ ငါ၏။ အဟိတာနုကမ္ပီ၊ အစီးအပွားမဲ့ကို အလိုရှိသည်။ နု အသိ၊ မဖြစ်။ တုံ၊ သင်ချစ်သားသည်။ နု မေ၊ ငါ၏။ ဟိတာနုကမ္ပီ၊ အစီးအပွားကို အလို ရှိသည်။ အသိ၊ ဖြစ်ပေ၏။ တံ ဧတ၊ သင်ချစ်သား၏။ မာတရာ၊ အမိ သည်။ ဝုဋ္ဌမာနေ၊ တိုက်တွန်းအပ်သည်ဖြစ်၍၊ အဟဉ္စ၊ ငါသည်လည်း။

ဒု. ဂဋ္ဌ-၃၅၀(အတွဲ)

www.dhammadownload.com

တဲ့ဘဒိသံ၊ ထိုသို့ သဲဘောရှိသော၊ လုဒ္ဒ်၊ ကြမ်းကြုတ်သော၊ အာမဲ့၊ အနုန္တရိယကံကို။ ကဆိုမိ၊ ပြုအံ့ဟု ကြံမိ၏။

အမေကို နှင်ပစ်ပါ

ထိုအဘ၏စကားကို ကြား၍ သားငယ်သည် ''ဖခင်....မိန်းမတို့ မည်သည်ကား ဒါသဖြစ်လတ်သော် မနှိပ်ဆပ်ကုန်သည်ဖြစ်အံ့၊ အဖန်တလဲလဲ မကောင်းမှုကို ပြုတတ်ကုန်၏၊ ငါ့အမိသည်ကား ဆကြင်အခြင်းဖြင့် ခြိမ်းမောင်းသည်ရှိသော် အစ်ဖန် ဤသို့သဘောရှိသော မကောင်းမှုကို မပြု၊ ထိုအခြင်းဖြင့် အမိကို ခြိမ်းမောင်းခြင်းငှာ သင့်၏''ဟု-

၇၆။ ယာ တေ သာ ဘရိယာ အနရိယရူပါ၊
မာတာ မမေသာ ဇာတိယာ ဇနေတ္တိ။
နိဒ္ဒါပယေ တံ သကာ ဆဂါရာ၊
အညမ္မိ တေသာ ဒုက္ခာဝဟေယျ-
ဟူသော ကိုးခုမြောက်သော ဤဂါထာကိုဆို၏။

၇၆။ တာတ၊ ဖခင်။ တေ၊ သင်ဖခင်၏။ ယာ ဘရိယာ၊ အကြင်မယားသည်၊ အနရိယရူပါ၊ သူတော်မဟုတ် သူယုတ်တို့၏ သဘောရှိ၏။ သော ဘရိယ၁၊ ထိုဧယားသည်။ တေ၊ သင်ဖခင်ဆား။ အညမ္မိ ဒုက္ခံ၊ တစ်ပါးသော ဆင်းရဲကိုလည်း၊ အာဝဟေယျ၊ ဖြစ်စေရာ၏။ သော ဘရိယာ၊ ထိုဖခင်မယားသည်။ မမ၊ ငါ၏။ မာတာ၊ အမိဿည်လည်းဖြစ်၏။ ဇာတိယာ၊ ငါ့ကို ဖြစ်စေတတ်သောကြောင့်။ ဇနေတ္တိ၊ အမိရင်းလည်း မှန်၏။ တံ၊ ထိုငါ့အမိကို၊ သကာဆဂါရာ၊ မိမိအိမ်မှ၊ နိဒ္ဒါပယေ၊ နှင်ထုတ်ရာ၏။

အဘ သဝိဋ္ဌကသည် သားပညဒ္ဒိ၏ စကားကို ကြားရလျှင်ဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ''ချစ်သား....သားကြကုန်အံ့''ဟု သားနှင့်လည်းကောင်း၊ အဘနှင့်လည်းကောင်း တကွသာလျှင် ယာဉ်၌ စီး၍ သွား၏လေ၏။

မိန်းမကိုနှင်ထုတ်လိုက်ပြီ

ယုတိဓာသော အကျင့်ရှိသော ထိုမယားဆာည်လည်း ''အဆွေရေ၌ရှိသော သက်ကြီးအို သွယုတ်သည် ငါတို့အိမ်မှ ထွက်ပလေပြီ''ဟု အလွန်

www.dhammadownload.com

နှစ်သက် ရွှင်လန်းလျက် စိုသော နွဲ့ဝေးချေးဖြင့် အိမ်ကိုလိမ်းကျံ၍ နို့ ဃနာထမင်းကို ချက်၍ လာထုခရိုးကိုကြည့်လျက် လာကုန်သော မြေးဆာဘိုးတို့ကိုမြင်လျှင် ''အိမ်မထွက်လေပြီးသော အဆရေမရှိသာ သူယုတိ ကိုယူ၍ လာပြန်ခဲ့ပြီ''ဟု အမျက်ထွက်၍ ''ဟယ်....စဉ်းလဲစ့ဲသောသူယုတိ အိမ်မှ ထုတ်လေပြီးသော အသခရမရှိသော သူယုတိကို တစ်ဖန် ယူ၍လာ ပြန်၏''ဟု ဆဲရေးရေရွတ်၏။

သဝိဋ္ဌကဿည် တစ်စုံတစ်ခုသောစကားကို မဆိုမူ၍ ယာဉ်ကို ခွဲတ်ပြီး လျှင် ''ယုတ်မာသော အကျင့်ရှိသော မိန်းမယုတ်_အဘယ်စကားကို နှင် ဆိုသနည်း''ဟု ထိုမိန်းမကို ပြင်းစွာ ထေ့ာင်းခတ် သတ်ပုတ်ပြီးလျှင် ဤ ဓနမူစ၍ ဤမိန်းမယုတ်ကို အိမ်သို့မဝင်ရပြီဟု ခြေတို့ကို ကိုင်၍ နှင်ထုတ် လိုက်၏။

ထိုနောင်မှ အဘကိုလည်းကောင်း, သားကိုဆည်းကောင်း ရေချို့ စေ၍ မိမိနှင့်တကွ သုံးယောက်ကုန်သော သားဖအဖ ဆာဘိုးတို့သည် အတူ တကွ စားကြကုန်၏။ ထိုယုတ်မာသော မိန်းမဆည်လည်း နှစ်ရက်သုံးရက် တစ်ပါးသော အိမ်၌သာလျှင်နေ၏။ ထိုဆခါသားပညာရှိသည် ဆာဘကို ''ဖခင်_ငါ့အမိသည် ဤသို့ ခြိမ်းမောင်းဆဲဖျဖြင့် မသိလတ္တံ့။ သင် ဖခင်တို့သည် ငါ့အမိဆား နှလုံးမသာယာသာ ဆဖြစ်ကို ပြုခြင်းငှာ ဤ မည်သော ရွာ၌ သင်၏ဦးရီးသမီးသည် ရှိ၏။ ထိုဦးရီးသမီးသည် သင့် ဆာဘကိုလည်းကောင်း, ငါ့ကိုလည်းကောင်း ရှိသမျှာလုပ်ကျေးလတ္တံ့။ ထိုဦးရီးသမီးကို ဆောင်အံ့''ဟု ဆို၍ ပန်းနံ့သစ် အစရှိသည်တို့ကို ယူ၍ လှည်းဖြင့်ထွက်၍ လယ်တောသို့ လှည့်လည်၍ ညချမ်းဆခါ၌ လာခဲ့ကုန် လော့''ဟု ဆို၏။ ထိုသဝိဋ္ဌကသည် သားဆိုတိုင်းပြု၏။

နောက်မိန်းမယူမည်

အိုမ်နီးချင်း မိန်းမတို့သည် ''သင်၏လင်သည် တစ်ပါးသောမယားကို ဆောင်အံ့သောငှာ ဤမည်သောရွာသို့ သွားသတဲ့''ဟု ထိုနှင်ထုတ်ဆပ် သော မယားဆား ကြားကုန်၏။

ဝန်ချ၍ပြန်လာရခြင်း

ထိုမယားသည် ''ယခုအခါ ငါသည် ပျက်ချေပြီ၊ ဤနေ့စ၍ တစ်ဖန် ငါ၏လင်အိမ်၌ နေခွင့်သည် မရှိပြီ''ဟု ကြောက်သည်ဖြစ်၍ ''သားကို

www.dhammadownload.com

သာလျှင် ဘေးငါးပန်အံ့'' ဟု သားပညာရှိ၏အထံသို့ သွားပြီးလျှင် ခြေတို့ဦး ဝပ်၍ ''ချစ်သား—သင် ချစ်ဆားကိုထား၍ သင်ချစ်သားမှတစ်ပါး ငါ၏ ကိုးကွယ်ထုသည် မရှိ၊ ဤနေ့မှစ၍ သင်ချစ်သား၏အဘကို လည်းကောင်း အဘိုးကိုလည်းကောင်း တန်ဆာဆင်သော စေတီကဲ့သို့ ရိုသေစွာ လုပ်ကျွေး စောင့်ရှောက်ပါအံ့၊ ထို့ကြောင့်တဖန် ငါ့ကို ဤအိမ်သို့ဝင်ရခြင်း ကို ပြုပါလော့'' ဟု ဆို၏။ ''မိခင်....တစ်ဖန် ဤသို့သဘောရှိသော ယုတ်မာဝသာအမှုကို အကယ်၍ မပြုသည်ဖြစ်အံ့၊ တောင်း၏'' ဟု ဆို၏။ ''ချစ်သား....မပြုပါပြီ'' ဟု ဆို၏။ ''ထိုသို့တပြီးကား မမေ့မလျော့ဖြစ်လော့'' ဟု ဆို၍ အဘဲလာသောအခါ၌-

၄၇။ ယာတေသာ ဘရိယာ အနရိယရူပါ၊
မာတာ မာဓသာ ဇာတိယာ ဇနေတ္တိ။
ဒန္တော ကရေဏ္ဍဝ ဝသုပနီတာ၊
သာ ပါပဓမ္မာ ပုနဏ္ဍနဝဇာတု-

ဟူသော ဆယ်ခုမြောက်သော ဤဂါထာကိုဆို၏။

၇၇။ ဧာတာ၊ ဖခင်။ တေ၊ သင်ဖခင်၏။ ယာဘရိယာ၊ အကြင်မယား သည်။ အနရိယရူပါ၊ သူတော်မဟုတ် ယုတ်တို့၏အကျင့်ရှိ၏။ သောဘရိ ယာ၊ ထိုမယားသည်။ မမ၊ ငါ၏။ မာတာ၊အမိလည်းဖြစ်၏။ ဇာတိယာ၊ ငါ့ကို ဖြစ်စေဘတ်သောကြောင့်။ ဇနေတ္တိ၊ အမိရင်းလည်း မှန်၏။ ပါပ ဓမ္မာ၊ ယုတ်မာသော အကျင့်ရှိဖူးသော။ အာမဓတာ၊ ထိုငါ့အမိသည်။ ဒန္တာ၊ ယဉ်ကျေးပြီးသော။ ကရေဏ္ဍဝ၊ ဆင်မကဲ့သို့။ ဒန္တ၊ ယဉ်ကျေး သည်ဖြစ်၍။ ဝသုပနီတာ၊ ငါတို့အလိုသို့လိုက်ပြီ။ ပုနဏ္ဍဝဇာတု၊ အဘ အိမ်သို့ မိခင် တစ်ဖန် လာစေလော့။

ဤသို့ ထိုသားငယ် ပညာရှိသည် အဘအား တရားဟောပြီးလျှင် သွား၍ အမိကိုးဆောင်ယူ၏။ ထိုအမိသည်လင်ကိုလည်းကောင်း၊ ယောကျ်ားမ ကိုလည်းတောင်း ကန်တော့ပြီးလျှင် ထိုနေ့မှစ၍ ယဉ်ကျေးငြိမ်သက်သော သဘောနှင့် ပြည့်စုံသည်ဖြစ်၍ လင်ကိုလည်းကောင်း၊ ယောကျ်မကိုလည်း ကောင်း၊ သားပညာရှိကိုလည်းတောင်း ရိုသေစွာလုပ်ကျွေး၏။ ထိုနှစ် ယောက်သော သမီးခင်ပွန်းတို့သည်လည်း သားပညာရှိ၏ အဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့ လားကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း။ သဗ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စဝါဒီတို့ကို ပြန်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ အဘက်ိုလုပ်ကျွေးသော ဒါယကာသည် ဧသောတာပတ္တိဖိုလ်၌တည်၏၊ ဇာတ်ကို အဘယသို့ ပေါင်းတော်မူသနည်း ဟူမူ ဆာဒး ဒါယကာ ယခုအခါ အဘ သား ချွေးမသုံးယောက်တို့သည်သာလျှင် ထိုအခါ အဘ သား ချွေးမသုံးယောက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သားငယ်ပညာရှိ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သင့်မယဉ်းမှိုက်၊ နှင်ထုတ်လိုက်၊ နောက်၌ဆက်စီစဉ်၊)

ရွှစ်ခုမြောက်သော တက္ကလဇာတ်သည် ပြီး၏။

၉-ဓမ္မပါလဇာတ်

တရာစောင့်သောသူသည် ငယ်ငယ်ကမသေ

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "ကိုဏ်ဍဝသံ" အစရှိသော ဂါထာပုဒ်ဖြင့် တနုံဆာဆင်အပ်သော ဤဓမ္မပါလဇာတ်ကို ရှေးဦးစွာ ကြွတော်မူသဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၍ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခမည်းတော် နန်းတော်၌ သုဒ္ဓါဒနမင်းကြီး၏ မယုံခြင်းကို ဖောကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားကို ချဲ့ဦးအံ့-ထိုအခါ ခမည်းတော် သုဒ္ဓါဒန မင်းကြီးသည် နှစ်သောင်းသော ရဟန္တာအပေါင်းတို့သည် ခြံရံအပ်သော မြတ်စွာဘုရားဖော မိမိနန်းတော်၌ ယာဂုခဲဖွယ်ကို လှူတော်မူ၍ ဆွမ်းမဘုဉ်းပေးမီအတွင်း နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သောစကားကို ပြောဟောလျက် "ဖခင်ဘုရား....အခင်ဘုရားတို့၏ ဒုက္ကရစရိယာ ကျင့်ဆောင်မှုသော ထာလဿ နှတ်တို့သည် လာလတိုက်၍ ထောင်းကင်၌ ရပ်လျက် "ဖခင်မင်းကြီးသားတော်ဖြစ်သော သိဒ္ဓတ်ခင်းသည် ဖောဟာရနည်းသည်၏ ဖြစ်ကြောင့် သေပြီဟု ကျွန်ုပ်အား ကြာ

www.dhammadownload.com

လျှောက်ကုန်၏''ဟု လျှောက်၏။ သမ္ဗည္ဇုမြတ်စွာဘုရားသည် ''မြတ်သောမင်းကြီး....သင်မင်းကြီးသဲည် ယုံတော်မူသလော''ဟူ မိန့်တော်မူသည်ရှိသော် ''အရှင်ဘုရား....မယုံပါ၊ ကောင်းကင်၌ရပ်၍ ပြောဆိုလာသော်လည်း ထိုနတ်တို့ကို ''ငါ့သားတော် သိဒ္ဓတ်မင်းသား၏ ပေဝဓိမက္လို့င်အပြင်၌ ဘုရားအဖြစ်သို့ မရောက်မူ၍လျှင် စုဒတရခြင်းမည်သည် မရှိ၊ ဤသို့ပယ်၏''ဟု လျှောက်၏။ ''မြတ်သောမင်းကြီး.... သင်မင်းကြီးသည် ရွှေးလွန်လေပြီးသောအခါ မဟာဓမ္မပါလဖြစ်သော အခါ၌လည်း ''သင်မင်းကြီး၏ သားတော်ဖြစ်သော ဓမ္မပါလ သတ္တိသားသည် သေပြီ၊ ဤအရိုးတို့သည် ထိုသတ္တိသား၏ အရိုးတို့တည်း''ဟု ပြု၍ ပြောဆိုလာသော်လည်း ဒီသာပါဓောက္ခဆရာ၏ စကားကို မယုံ။ ''မင်းကြီး— လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဓမ္မပါလအမျိုးဝယ် ငယ်သောကာလ၌ သေခြင်းမည်သည် မရှိ''ဟု မယုံ။ ယခုအခါ၌ကား ''အဆယ်ကြောင့် ယုံရာလတ္တံ့နည်း''ဟု မိန့်တော်မူ၍ ထိုခဏည်းတော် သုဒ္ဓါဒနမင်းကြီးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆေးငင်တော်မူ၏။

အတိတ်ဝတ္ထု။ မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် စင်းပြသည်ရှိသော် ကာသိတိုင်း၌ ဓမ္မပါလအမည်ရှိသော ရွာသည် ရှိသည်ဖြစ်၏။

ဓမ္မပါလအမျိုး

ထိုရွာသည် ဓမ္မပါလအမျိုး၏ နေသည်၏အဖြစ်ကြောင့်၊ ဤဓမ္မပါလရွာဟူသောအမည်ကို ရ၏။ ထိုဓမ္မပါလရွာ၌ ဆယ်ပါးသော ကုသလကမ္မပထတရားတို့ကို စောင့်ခြင်းကြောင့် ဓမ္မပါလဟူ၍သာလျှင် ကျော်စေးထင်ရှားသော ပုဏ္ဏားသည် နေ၏။ ထိုဓမ္မပါလအမျိုး၌ အယုတ်သဖြင့် ကျန်းအမာ လုပ်တို့သည်လည်း ၊အလှူတို့ကိုလှူကုန်၏။ ငါးပါးသော သီလကို စောင့်ကုန်၏၊ ဥပုသ်ဆောက်တည်သော အမှုကို ပြုကုန်၏။ ထိုအခါ ဘုရားလောင်းသည် ဓမ္မပါလအမျိုး၌ဖြစ်၍ ဓမ္မပါလသတ္တိသားဟူသောအမည်ကို မှည့်ကုန်၏။

ဆရာ့သားသေခြင်း

ထိုအခါ အရွယ်သို့ရောက်သော ဘုရားလောင်း ဓမ္မပါလကို အဘသည် တစ်ထေခင်သော အသပြာကိုပေး၍ အတတ်သင်စိမ့်ဆောင့္ဂ တက္ကသိုလ်

www.dhammadownload.com

ပြည်သို့ စေလိုက်၏။ ဘုရားလောင်း ဓမ္မပါလသည် တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခ၏ အထံ၌ အတတ်ကိုသင်၏။ ငါးရာကုန်သော တပည့်လုလင်တို့၏ အကြီးဖြစ်၏။ ထိုအခါ ဒိသာပါမောက္ခ၏ သားအကြီးသည် သေ၏။ ဒိသာပါမောက္ခဆရာသည် တပည့်လုလင်အပေါင်း ခြံရံလျက် ဆွမျိုးအပေါင်းတို့နှင့်တကွ ဝိုင်ကြွးမြည်တမ်းလျက် သုသာန်၌သား၏ အလောင်းကို သင်္ဂြိဟ်ခြင်းကိစ္စကိုပြုစေ၏။ ထိုသုသာန်၌ ဆရာသည် လည်းထောင်း၊ တပည့်ငါးရာတို့သည်လည်းကောင်း အဖန်ထလဲလဲ ဝိုင်ကြွးကုန်၏။

ကြီးမှသေကြမြဲပါ

ဘုရားလောင်း ဓမ္မပါလ တစ်ယောက်တည်းသာလျှင် ဓဝိုင်ကြွး။ စင်စစ်သော်တာ့ ထိုငါးရာကုန်သော တပည့်လုလင်တို့သည် သုသာန်မှ လာလတ်ကုန်ပြီးလျှင် ဆရာ့အထံ၌ နေကြကုန်၍ ''သြော်....အံ့ဖွယ်ရှိစွ၊ ဤသို့သဘောရှိသော ဏောင်းသောအကျင့်နှင့် ပြည့်စုံသော ပျိုနုသော သူဝယ်သည် ငယ်ရွယ်သော ကာလကပင်လျှင် မိဘတို့နှင့်တကွ ကွေကွင်းရဘို၏၊ သေခြင်းသို့ ရောက်ဘို၏''ဟုဆိုကုန်သည်ရှိသော် ''အမောင်တို့....သင်တို့သည် ငယ်လွန်သေးသည်ဟူ၍ ဆိုကုန်၏၊ ထိုသို့ငယ်လျက် အဘယ်ကြောင့် ငယ်သောအခါ၌သာလျှင် သေသနည်း၊ ငယ်သောအခါ၌ သေခြင်းမည်သည် မသင့်သည် မဟုတ်လော'ဟု ဆို၏။ ထိုအခါ ဘုရားလောင်း ဓမ္မပါလကို ငါးရာကုန်သော လုလင်တို့သည် ''အဆွေ ဓမ္မပါလ....သင်သည် ယတ္တာဝါတို့၏ ဓဿမြဲမမှတာကို မသိသလော''ဟု ဆို၏။ ''အမောင်လုလင်တို့....သိစား သိ၏၊ ထိုသို့ သေမြဲမမှတာကို သိငြားသော်လည်း ငယ်ရွယ်သောကာလ၌ မသေကုန်၊ အသက်အရွယ် ကြီးရင့်သော ကာလ၌သာလျှင် သေကုန်၏၊ ဤသို့သာလျှင် သိ၏''ဟု ဆို၏။ ''အမောင် ဓမ္မပါလ....ခပ်သိမ်းသော သတ္တဝါတို့သည် မြဲထိုသဘောရှိကုန်သလော၊ ဖြစ်ကုန်ပြီး၍မရှိသည်မဟုတ်ကုန်လော''ဟု ဆိုကုန်၏၊ ''အမြဲမရှိကုန်သည် မှန်၏၊ ထိုသို့ အမြဲမရှိကုန်သော်လည်း ငယ်ရွယ်သောကာလ၌ သတ္တဝါတို့သည် မသေကုန်၊ အသက်အရွယ် ကြီးရင့်သော ကာလ၌သာလျှင် သေကုန်၏၊ အသက်အရွယ် ကြီးရင့်သော ကာလ၌ အနိစ္စသဘောသို့ ရောက်ကုန်၏''ဟုဆို၏။

www.dhammadownload.com

သင်တို့အမျိုးအစဉ်လော

''အမောင်ဓမ္မပါလ....သင်တို့အိမ်၌ တစ်စုံတစ်ယောက်သောသူတို့သည် မသေကုန်သလော'' ဟု မေးကုန်၏၊ ''ငါတို့၏အမျိုး၌ ဝယ်ရွယ်ဆောကာလ၌ သတ္တဝါတို့သည်မသေကုန်၊ အသက်အရွယ် ကြီးရင့်သောကာလ၌သာလျှင် သေကုန်၏'' ဟု ဆို၏။ ဤကြီးရင့်မှ သေခြင်းသည် သင်တို့၏အမျိုးအစဉ်လော'' ဟု မေးကုန်၏။ 'ငါတို့၏အမျိုးစဉ်ဆက်သဘောမှန်ပေ၏'' ဟုဆို၏။ လုလင်တို့သည် ထိုဓမ္မပါလ၏ စကားကို ဆထုအား ကြားလျှောက်ကုန်၏။ ထိုအခါ ဘုရားလောင်းဓမ္မပါလ လုလင်ကို ဒေါသစေ၍ ''အမောင်ဓမ္မပါလ့...သင်တို့အမျိုးဝယ် ဝယ်ရွယ်သောကာဆဉ်မသေကုန်ဟု ငါကြားရသည်မှန်သလော'' ဟုမေး၏၊ ''ဆထု...မှန်၏'' ဟုဆို၏။ ထိုဒိသာပါဒမောက္ခဆရာသည်ဓမ္မပါလလုလင်၏စကားကိုကြား၍ ''ဤဓမ္မပါလသည် အလွန်လျှင် အုံဖွယ်သရဲသော စကားကိုဆို၏၊ ဤမွေ့ပါလ၏ အဘထံသို့ သွားပြီးလျှင် မေး၍ ထိုဓမ္မပါလ၏ စကားသည် အကယ်၍ မှန်သည်ဖြစ်အံ့၊ ငါသည်လည်း ထိုအထက်ရှည်အံ့သော အကြောင်းကိုသာလျှင် ဖြစ်စေအံ့'' ဟုကြံ၏၊ ကြံပြီး၍ ထိုဒိသာပါမောက္ခဆရာသည် သေလေပြီးသော သား၏ ပြုအပ်သော ကိစ္စကိုပြု၍ ခုနစ်ရက်ရှစ်ရက် လွန်သောအခါ ဓမ္မပါလ လုံလင်ကို ခေါ်စေ၍-

ဆရာကြီးစုံစမ်းပြီးသော်

''အမောင်ဓမ္မပါလ....ငါ့သည် စုံစမ်းချေအံ့၊ ထို့ကြောင့် ငါလာသည်တိုင်အောင် ဤလူလင်တို့ကို အတတ်သင်နှင့်လော့'' ဟုဆို၍ စာစုံသော ဆိတ်၏ အရိုးကိုယူ၍ ရေဆေးပြီးလျှင် အိုတ်၌ထည့်၍ တစ်ယောက်သော အလုပ်အကျွေး သူငယ်ကိုခေါ်၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့ပြီးလျှင် အစဉ်သဖြင့် ထိုရွာသို့ရောက်လျှင် ''မဟာဓမ္မပါလအိမ်သည် အဘယ်ရာနည်း'' ဟု မေး၍ သွားပြီးလျှင် တံခါးခွဲရပ်၏။ မဟာဓမ္မပါလ ပုဏ္ဏား၏ ကျွန်အမှုလုပ်တို့တွင် ''အကြင်သူသည် ရှေးဦးစွာမြင်၏၊ ထိုသူသည် ဆရာ့လက်မှ ထီးကိုယူလင့်၏၊ ဖိနပ်ကိုယူလင့်၏၊ အလုပ်အကျွေးငယ်၏လက်မှလည်း အိတ်ကိုယူလင့်၏။ ထိုသူအား ''အရှင်ပုဏ္ဏား...အရှင့်သားတော်ခဲ့မှပါလ သတို့သား၏ ဆရာသည် အိမ်တံခါးခွဲရပ်၏'' ဟု ဓမ္မပါလသတို့

www.dhammadownload.com

သဒၶါ အဘာပုဏ္ဏားဆား ကြားလျှောက်ကုန်လော့''ဟု ဆိုလတ်သော် ပုဏ္ဏားကျွန်တို့သည် ''ဧက ဘင်းပြီ''ဟု သွား၍ ကြားလျှောက်ကုန်၏။

သင့်သားသေပြီ

ထိုအခါမဟာဓမ္မပါလပုဏ္ဏားသည် လျှင်မြန်စွာတံခါးအနီးသို့လာလတ်၍ ''ဤအရပ်သို့လာခဲတော်မူလော့'' ဟုထိုသားဓမ္မပါလ လှူးလင်၏ ဆရာကို အိမ်သို့ဆောင်ပြီးလျှင်ပလွဲဝဲ၌နေစေ၍ အလုံးစုံသော ခြေဆေးခြင်း အစရှိသောကိစ္စကိုပြု၏။ ဒိသာပါမောက္ခဆရာသည်ထမင်းစားပြီးသော်ချမ်းသာစွာဟောပြီးနေကြသောအား သဒ္ဓါ ''ပုဏ္ဏား....သင့်သားဖြစ်သော ဓမ္မပါလသတို့သားသည် ပညာရှိပေ၏၊ ဗေဒင်သုံးပုံတို့၏လည်းကောင်း, တစ်ဆယ့်ရှစ်ပါးသော အတတ်တို့၏လည်းကောင်း အပြီးသို့ ရောက်ပြီ၊ ထိုဗေဒင်သုံးပုံ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို အပြီးတိုင်တတ်ပါသော်လည်း တစ်စုံတစ်ခုသော ရောဂါအနာဖြင့် အသက်ကုန်ခြင်းသို့ ရောက်ချေပြီ၊ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲမရှိကုန်၊ မစိုးရိမ်လင့်''ဟု ဆို၏။ မဟာဓမ္မပါလပုဏ္ဏားသည် လက်ခုပ်တီး၍ ပြင်းစွာသော ရယ်ခြင်းကို ရယ်လေ၏။ ''ပုဏ္ဏား....အဘယ့်ကြောင့် ရယ်သနည်း''ဟု ဆိုသည်ရှိသော် ''ငါ့သား ဓမ္မပါလသည် မသေ၊ တစ်ပါးသော တစ်စုံတစ်ယောက်သောသူသည် သေသည်ဖြစ်လတ္တံ့''ဟု ဆို၏။ ''ပုဏ္ဏား....သင့်သား၏ အရိုးတို့ကို မြင်၍သာလျှင် ယုံလော့''ဟု အရိုးတို့ကို အိတ်မှထုတ်၍ ''ဤအရိုးတို့သည် သင့်သား ဓမ္မပါလ၏ အရိုးတို့တည်း''ဟု ဆို၏။ ''ထိုအရိုးတို့သည် ဆိတ်၏လည်းကောင်း, ခွေး၏သည်းကောင်း အရိုးတို့သည် ဖြစ်ကုန်လတ္တံ့၊ ငါ့သား ဓမ္မပါလသည်ကား မသေ၊ ထိုစကားသည် မှန်၏၊ ငါတို့အမျိုး၌ ဆွေခုနစ်ဆက် လည်အောင်တိုင်အောင် ငယ်ရွယ်သော ကာလ၌ သေဖူးသော မည်သည် မရှိကုန်၊ သင်သည် မုသားဆိုဘိ၏''ဟု ဆိုကြကုန်၏။ ထိုခဏ၌ ခပ်သိမ်းသော လူအပေါင်းတို့သည်လည်း ထက်ခုပ်တီး၍ ပြင်းစွာသော ရယ်ခြင်းကို ရယ်ကြကုန်၏။

ဘာကြောင့်မသေသနည်း

ဒိသာပါမောက္ခဆရာသည် ထိုဇော်ဖွယ်သရဲကို မြင်ရှိလျှင် ဝမ်းမြောက်ခြင်းသို့ ရောက်သဖြင့် ''ပုဏ္ဏား....သင်၏ အမျိုးအစဉ်၌ သူယေ်တို့၏မှန်သ

www.dhammadownload.com

ခြင်းမည်သည် အကြောင်းမရှိဘဲ ဖြစ်ခြင်းငှာ မတတ်နိုင်း၊ အဘယ် အကြောင်းကြောင့် သူငယ်တို့သည် မသေကုန်သနည်း''ဟု မေးလိုရာ ၏။

၂၀။ ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိသာ သုစိဏ္ဏသ အယံ ဝိပါကော။
အက္ခာဟိ မေ ဗြာဟ္မဏ ဇာတမတ္တံ၊
ကသ္မာ ဟိ တုမ္ဟံ ဒဟရာ နမိယျရေ-

ဟူသော စရှုးဦးစွာသော ဤဂါထာကို ဆို၏။

၂၀။ ဗြဟ္မဏ၊ ပုဏ္ဏား။ တေ တယာ၊ သင်သည်။ ဝတံ၊ ဆောက်တည်အပ်သော အသက်ရှည်ကြောင်းဖြစ်သော အကျင့်သည်။ ကိံ၊ အဘယ်နည်း။ ကိံ ပန ဗြဟ္မစရိယံ၊ အဘယ်မည်သော မြတ်သော အကျင့်ကို။ စရိတံ၊ ကျင့်အပ်သနည်း။ အယံ ဝိပါကော၊ ဤအသက်ရှည်ခြင်း အကျိုးသဲ့သည်။ ကိသ သုစိဏ္ဏသ၊ ကောင်းစွာ ကျင့်အပ်သော အဘယ်မည်သော အကျင့်၏။ ဝိပါကော၊ အကျိုးနည်း။ ဗြဟ္မဏ၊ ပုဏ္ဏား။ တေ မတ္တံ၊ ထိုအသက်ရှည်ကြောင်းဖြစ်သော အကျင့်ကို။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားပါလော့။ ကသ္မာ ဟိ၊ အဘယ်ကြောင့်လျှင်။ တုမ္ဟံ၊ သင်တို့၏။ ကုသော အမျိုးဌ၊ ဒဟရာ၊ သူငယ်တို့သည်။ န မိယျရေ၊ မဒသဲကုန်သနည်း။

မသေခြင်းအကြောင်းမျှား

ထိုစကားကိုကြား၍ မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် အကျင့်ဂုဏ်၏ အာနုဘော်ကြောင့် ထိုအမျိုးဌ သူငယ်သည် မသေကုန်၊ ထိုဂုဏ်ကျေးဇူးတို့ကို ပြလိုသည်ဖြစ်၍-

၂၉။ ဓမ္မဋ္ဌာမ နမုသာ ဘဏာမ၊
ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။
အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ၊
တသ္မာ ဟိ အမှံ ဟဒရံ နမိယျရေ။
၃၀။ သုဏောမ ဓမ္မံ အသတံ သတဋ္ဌ၊
နစာပိ ဓမ္မံ အသတံ ရောစယာမ။
ဟိတ္ဝာ အသဒ္ဓန္တိန ဇဟာမ သဒ္ဓေ၊
တသ္မာ ဟိ အမှံ ဒဟရာ နမိယျရေ။

www.dhammadownload.com

၈၁။ ပုဗ္ဗေ ဒါနာ သုမနာ ဘဝါမ၊
ဒဒမ်ိဳ စေ အတ္တမနာ ဘဝါမ။
ဒတ္ဝါပိ စေ နာနုတပါမ ပစ္ဆာ၊
တသ္မာ ဟိ အမ္ဟ ဒဟရာ နမိယျရေ။

၈၂။ သမဏော မယံ ဗြာဟ္မဏော ဇာဒ္ဓိကော စ၊
ဝနိဗ္ဗကော ယာစနကော ဒလိဒ္ဒါ။
အန္နေန ပါနေန ဇာဘိတပ္ပယာမ၊
တသ္မာ ဟိ အမ္ဟ ဟဒရာ နမိယျရေ။

၈၃။ မယဉ္စ ဘရိယံ နာတိက္ကမာမ၊
အာနမ္မ စ ဘရိယာ နာတိက္ကမန္တိ။
ဇာညတြ ဘဒဟိ ဗြဟ္မစရိယံ စရာမ၊
တသ္မာ ဟိ အမ္ဟ ဒဟရာ နမိယျရေ။

၈၄။ ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။
အမဇ္ဇပါနာပိ မုသာ ဘဏာမ၊
တသ္မာ ဟိ အမ္ဟ ဒဟရာ နမိယျရေ။

၈၅။ တေဒသု ယေ ဇာယရေ သုတ္တမာသု၊
မေဓာဝိနော ဟောန္တိ ပဟူတပညာ။
ဗဟုဿုတာ ဇေရဂ်ာဟာ စ ဟောန္တိ၊
တသ္မာ ဟိ အမ္ဟ ဒဟရာ နမိယျရေ။

၈၆။ မာတာ ပိတာ စ ဘဂိနီ ဘာတရော စ၊
ပုတ္တာ စ ဒါရာ စ မယ်ဉ္စ သဗ္ဗေ။
ဓမ္မဉ္စရာမ ပရလောကဟေတု၊
တသ္မာ ဟိ အမ္ဟ ဒဟရာ နမိယျရေ။

၈၇။ ဒါသာ စ ဒါသျာ အနုဇီဝိနော စ၊
ပရိစာရိကာ ကမ္မကရာ စ သဗ္ဗေ။
ဓမ္မံ စရန္တိ ပရလောကဟေတု၊
တသ္မာ ဟိ အမ္ဟ ဒဟရာ နမိယျရေ·

ဟူသော ဤကိုးဂါထာတို့ကို ဆို၏။

www.dhammadownload.com

ကောင်းမှုသာ ပြုကြသည်

၂၉။ ဆာဒရိယ၊ ဆရာ။ မယ်၊ ငါတို့သည်။ ဓမ္မံ၊ ဒါနသီလ ဆာစ ရှိုးသာ ကုသလကမ္မပထ ဘရားဆယ်ပါးကို။ စရာမ၊ ကျင့်ကုန်၏။ နမုသခ-ဘာဏာမ၊ မဟုတ်မမှန်သော စကားကိုလည်း မဆိုကုန်။ ပါပါနိုကမ္မာနိ၊ ဓနကောင်းမှုတို့ကို။ ပရိဝဇ္ဇယာမ၊ ရှောင်ကြဉ်ကုန်၏။ သဗ္ဗံ၊ အလုံးစုံသော။ ဆနရိယံ၊ သူတော်မဟုတ် သူယုတ်တို့၏အကျင့်ကို။ ပရိဝဇ္ဇေမု၊ ကြဉ်ရှောင်ကြကုန်၏။ တသ္မာဟိ၊ ထိုသို့သောတရားကို ကျင့်သောကြောင့်သာလျှင်။ ဆမှ်၊ ငါတို့၏။ ကုဒလ၊ အမျိုးဌ၊ ဟဒရာ၊ ပျိုရွယ်သောသူတို့သည်။ နမိယျရေ၊ မသေကုန်။

တရားကိုသာ လိုက်နာကြသည်

၃၀။ ဆာဒရိယ၊ ဆရာ။ မယ်၊ ငါတို့သည်။ အသတ္တဓမ္မံ၊ သူတော် မဟုတ် သူယုတ်တို့၏ တရားကိုလည်းကောင်း။ သဘဏ္ဍဓမ္မံ၊ သူတော်ကောင်း တို့၏ တရားကိုလည်းကောင်း။ သုဏောမ၊ နာကုန်၏။ စအပိ၊ ထိုသူစော် မဟုတ် သူယုတ်တို့၏စကားကို နာကုန်သော်လည်း။ အသတံဓမ္မံ၊ သူတော် မဟုတ် သူယုတ်တို့၏ တရားကို၊ နဆောစယာမ၊ မနှစ်သက်ကုန်။ အသန္တော၊ သူတော်မဟုတ် သူယုတ်တို့ကို၊ ဟိတ္တာ၊ စွန့်ကုန်၍။ သန္တော၊ သူတော် ကောင်းတို့ကို၊ နဇဟာမ၊ မစွန့်ကုန်။ တသ္မာဟိ၊ ထို့ကြောင့်လျှင်၊ အမှံ၊ ငါတို့၏။ ကုလေ၊ အမျိုးဌ၊ ဒဟရာ၊ ပျိုရွယ်သော သူတို့သည်။ နမိယျရေ၊ မသေကုန်၊

ကောင်းစွာလှူကြသည်

၃၁။ ဆာဒရိယ၊ ဆရာ၊ မယ်၊ ငါတို့သည်။ ပုဗ္ဗေဒဒါနာ၊ မလှူမီ ရှေးဆဖို့ဌ်လျှင်။ သုမနာ၊ ဝမ်းမြောက်ကုန်သည်၊ ဒဝါမ၊ ဖြစ်ကုန်၏။ ဒဒမ်ပိ၊စ၊ လှူစဉ်ဆဲဆဲဌ်လည်း၊ ဆတ္တမနာ၊ ဝမ်းမြောက်ကုန်သည်၊ ဒဝါ-မ၊ ဖြစ်ကုန်၏။ ဒတ္ဝာပိ၊စ၊ လှူပြီး၍လည်း။ ပစ္ဆာ၊ နောက်ကာလဌ်၊ နာနုတပါမ၊ နောင်တမရှိကုန်၊ တသ္မာဟိ၊ ထိုသို့ စေတနာသုံးတန်ပြတ်၍ လှူခဲ့လ. ရှိသောကြောင့်လျှင်။ ဆမှ်၊ ငါတို့၏၊ ကုလေ၊ အမျိုးဌ၊ ဒဟရာ၊ ပျိုရွယ်သောသူတို့သည်။ နမိယျရေ၊ မသေကုန်။

www.dhammadownload.com

ကောင်းစွာ ကျေးမွေးကြသည်

၈၂။ အာဒရိယ၊ ဆရာ။ မယံ၊ ငါတို့သည်။ ဣမကေ စ၊ ကိလေသာ ငြိမ်းပြီးသော ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း။ ဗြာဟ္မဏစ၊ မှကောင်းမှုကို အပပြုကုန်သော အရိယာတို့ကိုလည်းကောင်း။ အဒ္ဓိကေ စ၊ ခရီးသွားတို့ကိုလည်းကောင်း။ ဝနိဗ္ဗကတေ စ၊ သီချင်းသီ၍ ထောင်းလာကုန်သော သူတို့ကိုလည်းတောင်း။ ယာစကေ စ၊ သာမည တောင်းလာကုန်သောသူတို့ကိုလည်းကောင်း။ ဒလိဒ္ဒေ စ၊ သူဆင်းရဲတို့ကိုလည်းလောင်း၊ အန္ဓေန စ၊ ထမင်းဖြင့် လည်းကောင်း။ ပါနေန စ၊ အဖျော်ဖြင့် လည်းကောင်း။ အဘိဘပ္ပယာမ၊ လုပ်ကျွေးကုန်၏။ တသ္မာဟိ၊ ထို့ကြောင့်လျင်။ အမ္ဘံ၊ ငါတို့၏။ ကုလေ၊ အမျိုး၌။ ဒဟရာ၊ ပျိုရွယ်သောသူတို့သည်။ နမိယျရေ၊ မခသကုန်။

ကာမေသုမှ ရှောင်ကြသည်

၈၃။ အာဒရိယာ၊ ဆရာ။ မယဉ္စ၊ ငါတို့သည်လည်း။ ဘရိယံ၊ မိမိ မယားကို၊ နာတိက္ကမာမ၊ လွန်၍ တစ်ပါးသော မိန်းမသို့ သွားလာခြင်း မရှိကုန်။ ဘရိယာ စ၊ မယားတို့သည်လည်း။ အမှေ၊ ငါတို့ကို။ နာတိက္က-မန္တိ၊ လွန်၍ တစ်ပါးသော ယောကျ်ားသို့ သွားလာခြင်း မရှိကုန်။ တာဟိ ထိုသူ့ယင် သူ့မယားတို့မှ။ အညတြ၊ ကြဉ်ကုန်၍။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရာမ၊ ကျင့်ကုန်၏။ တသ္မာဟိ၊ ထို့ကြောင့်လျင်။ အမ္ဘံ၊ ငါတို့၏။ ကုလေ၊ အမျိုး၌။ ဒဟရာ၊ ပျိုရွယ်သောသူတို့သည်။ နမိယျရေ၊ မခသကုန်။

ငါးပါးသီလ မြဲကြသည်

၈၄။ အာစရိယ၊ ဆရာ။ မယံ၊ ငါတို့သည်။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝိရမာမ၊ ကြဉ်ကုန်၏။ သဒ္ဓေ၊ ခပ်သိမ်းကုန်သော ငါတို့သည်။ လောကေ၊ လောက၌။ အဒိန္နံ၊ အရှင်မပေးသော ဥစ္စာကို။ ပရိဝဇ္ဇယာမ၊ ကြဉ်ကုန်၏။ အမဇ္ဇပါနာ၊ သေရည်သေရက်ကို မသောက်ကုန်။ နောပိမုသာဘဏာမ၊ မုသားကိုလည်း မဆိုကုန်။ တသ္မာဟိ၊ ထို့ကြောင့် ငါးပါးသီလ မြဲသောကြောင့်လျှင်။ အမ္ဘံ၊ ငါတို့၏။ ကုလေ၊ အမျိုး၌။ ဒဟရာ၊ ပျိုရွယ်သောသူတို့သည်။ နမိယျရေ၊ မခသကုန်။

www.dhammadownload.com

ပညာကို ဆည်းပူးကြသည်

၈၅။ အာစရိယ၊ ဆရာ။ သုတ်ဆဲမဒသု၊ အလွန်မြတ်သော အကျင့်ရှိကုန်သော၊ ဇာသု၊ ထိုမိန်းမတို့၌။ ယေပုတ္တာ၊ အကြင် သားသမီးတို့သည်း ဇာယရေ၊ ဖြစ်ကုန်၏။ တေပုတ္တာ၊ ထိုမြတ်သော အကျင့်ရှိသော မိဘတို့၏ သားသမီးတို့သည်။ မေခုံဝိဒနာ၊ လျင်သော ပညာရှိကုန်သည်။ ပဟူတပညာ၊ အမှုခပ်သိမ်း၌ စွမ်းနိုင်သော ပညာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟုဿုဘာ စ၊ များသော အကြားအမြင် ရှိကုန်သည်လည်း ကောင်း။ ဃထဝုဂ္ဂာ စ၊ မြဲမြံခိုင်ခံ့သော သိလစသော ဂုဏ်ရှိသည်လည်း ကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာဟိ၊ ထိုသို့ မြဲမြံသော သီလ ပညာရှိကုန်သောကြောင့်သာလျှင်။ အမုံ၊ ဇာတို့၏။ ကုလေ၊ အမျိုး၌၊ ဒဟရာ၊ ပျိုရွယ်သော သူတို့သည်း နာ မိယျရေ၊ မသေကုန်။

ကုသိုလ်ဝဝ-ပ္ပါး ဖြုံကြသည်

၈၆။ အာစရိယ၊ ဆရာ၊ အမှာကံ၊ ဇာတို့၏။ ကုလေ၊ အမျိုး၌။ မာတာ စ၊ အမိသည်လည်းကောင်း၊ ပိတာ စ၊ အဘသည်လည်းကောင်း။ ဘာဂိနီ စ၊ နှမသည် လည်းကောင်း။ ဘာတရော စ၊ ညီနောင်တို့သည် လည်းကောင်း။ ပုတ္တာ စ၊ သားသမီးတို့သည် လည်းကောင်း။ ဒါရာ စ၊ မယားတို့သည် လည်းကောင်း။မယ္ဆ၊ဝါတို့သည်လည်းကောင်း။ ဆဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ ပရလောကဟေတု၊ တမလွန်ဘဝ၌ ဆပါယ်လားရအံ့သည်မှ ကြောက်ကုန်သောကြောင့်။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါးတရားကို။ စရာမ၊ ကျင့်ကြကုန်၏။ တသ္မာဟိ၊ ထိုသို့ ကုသိုလ်ဆယ်ပါးတရားကို ကျင့်ကုန်သောကြောင့်လျှင်။ အမှ ၊ ဇာတို့၏။ ကုလေ၊အမျိုး၌။ ဒဟရာ၊ ပျိုရွယ်သော သူတို့ဆည်။ နာ မိယျရေ၊ မသေကုန်။

၈၇။ အာစရိယ၊ ဆရာ။ အမှာကံ၊ ဇာတို့၏။ ကုလေ၊ အမျိုး၌။ ဒါသာ စ၊ ကျွန်ယောကျ်ားတို့သည် လည်းကောင်း။ ဒါသျော စ၊ ကျွန်မိန်းမတို့သည်လည်းကောင်း။အနုပဇီဝိနော စ၊ မှီ၍ အသက်မွေးသော သူတို့သည် လည်းကောင်း။ ပရိစာရိကာ စ၊ အလုပ်အကျွေးတို့သည် လည်းကောင်း။ ဓမ္မကရု စ၊ အမှုလုပ်တို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ပရလောကဟေတု၊ တမလွန်ဘဝ၌ ဆင်းရဲအံ့သည်မှ ကြောက်ကုန်သောကြောင့်။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါးတရားကို။ စရန္တိ၊ကျင့်

www.dhammadownload.com

ကုန်၏၊ တသွာဟိ၊ ထိုသို့ တရားကိုကျင့်ကုန်သောကြောင့်လျှင်။ အမှီ၊ ငါတို့၏။ ကုဒလ၊ အမျိုး၌။ ဒုဟရာ၊ ပျိုရွယ်သောသူတို့သည်၊ နှ မိယျရေ၊ မသေကုန်။

တရားစောင့်က တရားကစောင့်သည်

အမျိုးတို့၏ စာရိတ္တကို ပြောဆိုပြီး၍ ၎င်းစာရိတ္တ၏ အာနိသံသဖလနှင့်တကွ သား၏ မသေသည်၏ဆဖြစ် အရိုးမဟုတ်သည်၏ အဖြစ်ကို ပြောဆိုပြန်လိုရကား-

၈၈။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ̇၊
ဓမ္မော သုစိဏ္ဏော သုခ မာဝဟတိ။
သော နိသံသော ဓမ္မ သုစိဏ္ဏော၊
နှ ဒုဂ္ဂတိ̇ ဂစ္ဆတိ ဓမ္မစာရိ။

၈၉။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ̇၊
ဆတ္တံ မဟန္တံ ဝိယ ဝဿာကာလေ။
မေမှ ဂုတ္တာ မမ ဓမ္မပါလော၊
ဇာညဿ အင်္ဂီနိ သုခီ ကုမာရော-

ဟူသော ဤနှစ်ဂါထာတို့ဖြင့် တရားကိုကျင့်ကုန်သော သူတို့၏အကျိုးဆက်နှင့်တကွ ဆို၏။

၈၈။ ဇာစရိယ၊ ဒိသာပါမောက္ခဆရာ။ ဓမ္မော၊ ကုသိုလ်ဆယ်ပါး တရားဘည်။ ဓမ္မစာရိ̇၊ ကုသိုလ်ဆယ်ပါးတရားကို ကျင့်သောသူကို။ ဟဝေ၊ စင်စစ်၊ ရက္ခတိ၊ စောင့်ပေတတ်၏။ သုစိဏ္ဏော၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မော၊ ကုသိုလ်ဆယ်ပါးတရားသည်။ သုခံ၊ သုံးပါးသောချမ်းသာကို။ ဇာဝဟတိ၊ ရွက်ဆောင်တတ်၏။ ဓမ္မစာရိ̇၊ ကုသိုလ်ဆယ်ပါးတရားကို ကျင့်သောသူသည်။ ဒုဂ္ဂတိ̇၊ အပါယ်လေးဘုံသို့။ နှ ဂစ္ဆတိ၊ မလားရ။ သေ-သော၊ ဤအပါယ်မလားရခြင်းဇာကျိုးသည်။ သုစိဏ္ဏော-သုစိဏ္ဏသ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မော-ဓမ္မသ၊ ကုသိုလ်ဆယ်ပါး၏၊ တရား၏၊ ဇာနိသံသော၊ အကျိုးတည်း။

၈၉။ ဝဿကာလေ၊ မိုးရွာသောအခါ၌။ မဟန္တံ၊ ကြီးစွာသော၊ ဆတ္တံ၊ ထီးသည်။ ဓာရေန္တံ၊ ဆောင်းသောသူကို။ တေနှ-တော၊ မိုးစွတ်ခြင်းမှ။ ရက္ခတိဝိယ၊ စောင့်သကဲ့သို့၊ ဓမ္မော၊ ကုသိုလ်ဆယ်ပါးတရားသည်။

www.dhammadownload.com

ဓမ္မစာရီ၊ ကုသိုလ်ဆယ်ပါးတရားကို ကျင့်သောသူကို၊ ဟဲ့၊ စင်စစ်။ ရက္ခတိ၊ စေစင့်၏။ အာဝစရိယ၊ ဆရာ။ ဓမ္မေန၊ မိမိစောင့်သော တရားသည်။ ဂုဏ်တွာ၊ စောင့်အပ်သော။ မမကုမာရော၊ ငါ၏သား ဖြစ်သော၊ ဓမ္မပါလော၊ ဓမ္မပါလသည်၊ သုခီ၊ ချမ်းသာစွာအသက်ရှည်၏၊ အဋ္ဌိနိ၊ ဆရာဆောင်ခဲ့သော အရိုးတို့သည်။ အညဿ၊ တစ်ပါးသော သတ္တဝါ၏၊ အဋ္ဌိနိ၊ အရိုးတို့တည်း၊

ထိုစကားကိုကြား၍ ဒိသာပါမောက္ခဆရာသည် ''ငါ၏လာခြင်းသည် မျှားသောအကျိုးရှိ၏၊ အကျိုးမရှိသည် မဟုတ်'' ဟု တောင်းစွဲခဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဓမ္မပါလသဲတို့သား၏ ခမည်းတော်ပုဏ္ဏားကို ကန်တော့၍ ''ငါသည်လာသဖြင့် သင်တို့အား စုံစမ်းခြင်းငှာသာလျှင် ဆိတ်ရိုးတို့ကို ဆောင်အပ်ကုန်၏၊ သင်၏သား ဓမ္မပါလသည် အနာမရှိသည် သာလျှင်တည်း၊ သင်တို့သည် စောင့်အပ်သောတရားကို ငါ့အားလည်း ပေးကုန်လော့'' ဟု ဆို၏။ ဆိုပြီး၍လျှင် ပေဠဉ် ရေးပြီး၍ နှစ်ရက်သုံးရက် နေပြီးလျှင် တက္ကသိုလ်ပြည်သို့ သွားလေ၍ ဓမ္မပါလလုလင်အား ခပ်သိမ်းသော အတတ်တို့ကို သင်စေ၍ မျှားစွာသော အခြံအရံနှင့်တကွ ပို့လိုက်၏။

ဇာတ်ပေါင်း။ သမ္ဗညုမြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓါဒနမင်းကြီးအား ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူသနည်း ဟူမူကား-ယခုအခါ မြတ်သော သာကီဝင် မင်းမျိုးတို့သည် ထိုအခါ မယ်တော် ခမည်းတော်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ သာရိပုတ္တြာသည် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဒိသာပါမောက္ခဆရာ၏ ပရိသတ် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဓမ္မပါလ သတ္တိသား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သီလကိုဖြည့်၊ တရားပြည့်၊ ငယ်သည့်အခါ မသေရာ။)

ကိုးခုမြောက်သော မဟာဓမ္မပါလဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၀-ကုက္ကုဋ္ဌဇာတ်

ကိုယ်ကျိုးသက်သက်ရှာသော မိတ်ဆွေတုကိုမပေါင်းသင့်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမထောက်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်. ''နာသမ္မသ ကတပါပမှိ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုက္ကုဋ္ဌဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ မြတ်စွာဘုရားကို သတ်ခြင်းငှာ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားသည် မှန်၏၊ တရားသဘင်၌ ရဟန်းတို့သည် ဒေဝဒတ်၏ ကျေးဇူးမဲ့ဖြစ်သောစကားကို ဖြစ်စေကုန်၏၊ ''ငါ့ရှင်တို့ ဒေဝဒတ်သည် လေးသမားတို့ကို လွှတ်ခြင်း အစရှိသည်ဖြင့် မြတ်စွာဘုရားအား သတ်ခြင်းငှာသာလျှင် အကြောင်းပြု၏''ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့.... ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်း''ဟု မေးတော်မူ၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏''ဟု နှုတ်တော်လျှောက်သည်ရှိသော် ''ရဟန်းတို့ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့ကိုသတ်ခြင်းငှာ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း ဤဒေဝဒတိသည် သတ်ခြင်းငှာ လုံ့လပြုဖူးသည်သာလျှင်တည်း'' ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်လေပြီးသောအခါ ကောသမ္ဗီပြည်၌ ကောသမ္ဗကမည်သော မင်းသည်၌ မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် တစ်ခုသော ဝါးတောဝယ် ကြက်မျိုး၌ဖြစ်၍ မျှားစွာသော ကြက်အပေါင်း ခြံရံလျက် တော၌နေ၏။

ကြက်မျှားစွန်စား၍ကုန်

ထိုဘုရားလောင်း ကြက်မင်း၏ မနီးမဝေးသော အရပ်၌ တစ်ခုသော စွန်သည် နေ၏။ ဥပါယ်တံမျှဉ်ဖြင့် တစ်ခုတစ်ခုသောကြက်ကို ယူ၍စား သည်ရှိသော် ဘုရားလောင်းကြက်မင်းကို ထား၍ ကြွင်းသော ကြက်အပေါင်းကို စား၏။ ဘုရားလောင်း ကြက်မင်း တစ်ခုသည်သာလျှင် ကြွင်းသည်ဖြစ်၏။

www.dhammadownload.com

ကြက်မင်းကိုဖြားယောင်းပုံ

ထိုဘုရားလောင်းကြက်မင်းသည် မမေ့မလျော့ ထွက်သင့်သောအခါ၌ သားလျှင် အစာကိုယူပြီးလျှင် ဝါးတောသို့ ဝင်၍နေ၏။ ထိုစွန်သည် ဘုရားလောင်းကို ဖမ်းယူအံ့ သာဌ မတတ်နိုင်သည်ဖြစ်၍ ''တစ်ခုသောဥပါယ်တံမျဉ်ဖြင့် ဖြားယောင်း၍ ဖမ်းယူအံ့'' ဟု ကြံ၍ ထိုဘုရားလောင်းကြက်မင်း၏ မနီးမဝေးသော အရပ်ဝယ် တစ်ခုသောသစ်ခက်၌ နား၍ ''အဆွေကြက်မင်း....ထင်သည် ငါ့ကို အဘယ်ကြောင့် ကြောက်သနည်း၊ ငါသည် သင်နှင့်တကွ အကျွမ်းဝင်ခြင်းကိုပြုလိုပါ၏၊ ဤမည်သောအရပ်၌ ပြည့်စုံသောအစာ ရှိ၏၊ ထိုအရပ်၌ နှစ်ယောက်ကုန်သော ငါတို့သည် အစာကိုယူ၍ အချင်းချင်း ချစ်သောနေခြင်းဖြင့် နေကြကုန်အံ့'' ဟု ဆို၏။ ထိုအခါ စွန်ကို ဘုရားလောင်းကြက်မင်းသည် ''အချင်းစွန်.... သင်နှင့်တကွ ငါ၏အကျွမ်းဝင်ခြင်းသည် မရှိ၊ သင်သည် သွားလေလော့'' ဟု ဆို၏။ ''အဆွေကြက်မင်း....ငါသည် ရွှေ၌ မကောင်းမှုကို ပြုမိသည်၏ အဖြစ်ကြောင့် သင်ကြက်မင်းသည် မယုံ၊ ဤနေ့မှစ၍ ဤသို့သဘောရှိသော မကောင်းမှုကို မပြုအံ့'' ဟု ဆို၏။

ကြက်မင်း၏တရားများ

ငါ့အား သင်ကဲ့သို့သော မကောင်းမှုကိုပြုသော အနဆုခင်ပွန်းဖြင့် အလိုမရှိ၊ သင်သည် သွားလေလော့'' ဟု သုံးကြိမ်မြောက်အောင် ပယ်၍ ''ဤမျှလောက်ကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော သတ္တဝါနှင့်တကွ အကျွမ်းဝင်ခြင်း မည်သည်ကို ပြုခြင်းငှာမသင့်'' ဟု တောအုပ်ကို ပဲ့တင်ထပ်စေလျက် နတ်တို့သည် ကောင်းချီးပေးကုန်သည်ရှိသော်တရားစကားကို ဖြစ်စေလိုသည်ဖြစ်၍-

၉၀။ နာသ္မသေ ကတပါပမ္ပိ၊ နာသ္မသေ အလိတဝါဒိနေ။
နာသ္မသေ အတ္တတ္ထပညာမ္ပိ၊ အတ္တာသန္တေပိ နာသ္မသေ။

၉၁။ ဘဝံန္တိ ဟေတေ ပုရိသာ၊ ဂေါ-ပိပါသိတ ဇာတိအာ။
ဃသန္တိ မညေ မိတ္တာနိ၊ ဝါစာယ နစ ကမ္မုနာ။

၉၂။ သုက္ခဉ္ဇလံ• ပဂ္ဂဟိတာ၊ ဝါစာယ ပလိဂုဏ္ဌိတာ။
မနုဿ ဖဂ္ဂု နာသိတေ၊ ယသ္မိ• နတ္ထိ ကတညုတာ။

(၆၅)

။ဝဲဖက်ခြေထောင်းဝယ် ပြဇွဲလုပ်ကြံသူ ခွေးဝံမင်းကြီးတို့ :ထားဒေဝဒတ်ဖြာ:ဒဂုတ်လခ:ထမင်း ။၆င-ဝဲ

(ဇာတ်တော်ပြီးပုံ ၊ထ-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

၉၃။ နု ဟိ အညညစိတ္တာနံ၊ ဣတ္ထီ နံ ပုရိသာနံ ဝါ။
နာနာဝိကတ္ထာ သံသဂ္ဂံ၊ တာဒိသမ္ပိ စ နာသ္ဝသေ။

၉၄။ အနရိယကမ္မံ သြက္ကန္တံ၊ အထေတံ သမ္ဗ ဃာတိနံ၊
နိသီတံဝ ပဋိစ္ဆန္နံ၊ တာဒိသမ္ပိ စ နာသ္ဝသေ။

၉၅။ မိတ္တာ ရွဒ်ပေ နိဓေ ကဒ်စ္ဈ၊ သာဓလ္လေန အစေတသာ။
ဝိဝိဓေဟိ ဥပါယေဒ်ိ၊ တာဒိသမ္ပိဟိ နာသ္ဝသေ။

၉၆။ အာမိသံ ဝါ ဓနံ ဝါပိ၊ ယတ္ထ ပဿတိ တာဒိသော၊
ဒုဋ္ဌိ ကရောတိ ဒုမ္မေဓော၊ တဉ္စ ဟန္တ္ဝာန ပစ္ဆတိ။

ဟူသော ဤခုနစ်ဂါထာတို့ကို ဆို၏။

အကျမ်းမဝင်အပ်သူများ

၉၀။ ဘောန္တော ဒေဝတာဒယော၊ အိုနတ်များတို့၊ တကပါပမို့၊ မကောင်းမှုကိုပြုသောသူ၌၊ နာသ္ဝဲသေ၊ အကျမ်းမဝင်ရာ။ အလိကဝါဒိနေ၊ မုသားဆိုလေ့ရှိသောသူ၌လည်း၊ နာသ္ဝသေ၊ အကျမ်းမဝင်ရာ။ အတ္တတ္ထပုညမို့၊ မိမိအကျိုးကိုသာအလိုရှိ၍ ဆည်းတပ်ခစားလာသော သူ၌လည်း။ နာသ္ဝသေ၊ အကျမ်းမဝင်ရာ။ အတ္တသန္တေပိ၊ မိမိကိုယ်၌ ဂုဏ်မရှိဘဲလျက် ဂုဏ်ရှိသကဲ့သို့ ပြုသောသူ၌လည်း။ နာသ္ဝသေ၊ အကျမ်းမဝင်ရာ။

၉၁။ ဂေါ-ပိပါသိတဇာတိကာ၊ ရေငတ်သောနွားနှင့် တူကုန်သော၊ ဧးက၊ အချို့ကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်၊ ဘဝန္တိ၊ ရှိသည်ဖြစ်ကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်သာလျှင်။ မိတ္တာနိမညေ၊ အားဆုခင်ပွန်းတို့ကဲ့သို့၊ ဃသန္တိ၊ စပ်ကုန်၏။ ကမ္မုနာ စ၊ ကိုယ်ဖြင့်ကား။ နဃသန္တိ၊ မစပ်ကုန်၊ တေသုပိ၊ ထိုနှုတ်ဖြင့်သာလျှင် အဆုံခင်ပွန်း ဖွဲ့တတ်သော သူတို့၌လည်း။ နာသ္ဝသေ၊ အကျမ်းမဝင်ရာ။

၉၂။ ဘောန္တော၊ အိုနတ်များတို့၊ ယေနရာ၊ အကြင်သူတို့သည်။ သုက္ခဥလိ၊ အချည်းနှီးသောလက်အုပ်ကို၊ ပဂ္ဂဟိတာ၊ ချီကုန်၍၊ ဝါစာယ၊ နှုတ်ဖြင့်သာလျှင်၊ ပလိဂုံဏ္ဌံတာ၊ ဤမည်သော ဥစ္စာကိုပေး၊ အံ့ ဤမည်သော အမှုကိုပြုအံ့ဟု ဖုံးလွှမ်း၍ ဆိုတတ်ကုန်၏။ တေသုပိ၊ ထိုသူတို့၌လည်း။ နာသ္ဝသေ၊ အကျမ်းမဝင်ရာ။ မနုဿဖဂ္ဂု၊ ဟိရီသြတ္တပ္ပ တည်းဟူသော အနှစ်သာရမှကင်းသော အဟိရိက အနောတ္တပ္ပါတည်းဟူသော အကာသော ရှိသောသူကိုလည်း၊ နာသိဂေ၊ မဆည်းကပ်ရာ၊ ယသ္မိ၊ အကြင်သူ၌၊

www.dhammadownload.com

ကတညုတာ၊ ပြုသော သူ့ကျေးဇူးကို သိသဝ်အဖြစ်သည်။ နတ်ထိ၊ မရှိ။ တသို့ပါ၊ ထိုသူ့ကျေးဇူးကို မသိသောသူဌ်လည်း။ နာသူဓသ၊ အကျမ်း မဝင်ထူ။

၉၃။ ဘောန္တော်၊ အိုနတ်မျေားတို့။ အညညဝိတ္တာနံ၊ မုန်းလွယ် ချစ်လွယ်သောစိတ်ရှိကုန်သော၊ ဣတ္ထိနံ ဝါ၊မိန်းမတို့အားလည်းကောင်း။ ပုရိသာနံ ဝါ၊ ယောကျ်ားတို့အား လည်းကောင်း။ နာသူဓသ၊ အကျမ်း မဝင်ထူ။ ယောပိ၊ အကြင်သူသည်လည်း၊ နဓနာ၊ အထူးထူးသော အကြောင်းဖြင့်။ သံသဂ္ဂံ၊ ထောနှောသည်ကို၊ အာဝိကတွာ၊ ထင်စွာပြု၍။ အန္တရာယံ၊ အန္တံရာယ်ကို၊ ကဃာတိ၊ ပြုတတ်၏။ တာဒိသမ်ဟိ၊ ထိုသို့ အန္တံရာယ်ပြုရအောင် ပေါင်းယှဉ်လာသော သူကိုလည်း။ နာသူသော၊ အကျမ်းမဝင်ထူ။

၉၄။ ဘောန္တော်၊ အိုနတ်မျေားတို့။ အနရိယကမ္မံ၊ သူတော်မဟုတ် သူယုတိတို့၏ အမှုသို့။ သြက္ကန္တံ၊ သက်ဝင်သော။ အထေတံ၊ မြဲမြံခိုင်ခံ့ သော စကားမရှိသော။ ပဋိစ္ဆန္နံ၊ အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော။ နိသိတံ ဝ၊ ထက်စွာသော သန်လျက်နှင့်တူသော၊ ဆဗ္ဗဿာတိနံ။ ခပ်သိမ်း သော သတ္တဝါတို့ကို ညှဉ်းဆဲတတ်သော။ တာဒိသမ်ဟိ၊ ထိုသို့ သဘော ရှိသော သူကိုလည်း။ နာသူသော၊ အကျမ်းမဝင်ထူ။

၉၅။ ဘောန္တော်၊ အိုနတ်မျေားတို့။ ဣဓ၊ ဤလောက၌။ ကေစ္စဲ၊ အချို့သော သူတို့သည်။ သာဓလျှန၊ စဆာသာပြုပြစ်၍၊ ဆဝေ တသဒ္ဒ၊ စိတ်မပါသော။ မိတ္တဓုပေန၊ အဆွေခင်ပွန်း သဘောဖြင့်။ စိဝိုဓေဟိ ဥပါယေဟိ၊ အထူးထူး အပြားပြားသော အကြောင်းတို့ဖြင့်။ သြကာသပေက္ခာ၊ အခွင့်ကိုသာ ရှာကုန်လျက်။ ဥပါယန္တိ၊ ဆပ်ကုန်၏။ တာဒိသမ်ဟိ၊ ထိုသို့ သဒ္ဓာရှိသော ဆဆွေခင်ပွန်းယောင်ပြု၍ အခွင့်ကို ရှာ တတ်သော သူကိုလည်း။ နာ သူသော၊ အကျမ်းမဝင်ထူ။

၉၆။ ဘောန္တော်၊ အိုနတ်မျေားတို့။ ယောနရော၊ အကြင်သူသည်။ ယတ္ထ၊ အကြင် ဆဆွေခင်ပွန်းအိမ်၌။ အာမိသံ ဝါ၊ ထမင်း ခဲဖွယ်ကို လည်းကောင်း၊ ဓနံ ဝါပိ၊ ထိုမှတစ်ပါး သော ဥစ္စာကို လည်းကောင်း။ ပဿတိ၊ မြင်၏။ တဒိသော၊ ထိုသို့သဘောရှိသော၊ ဒုမ္မေဓော၊ ပညာ မဲ့သောသူသည်။ တံ၊ ထိုဆွေခင်ပွန်း ဥစ္စာကို၊ ဒုဘ္ဘိကရောတိ၊ ပြစ် မှား၏။ တဉ္စ၊ ထိုဆွေခင်ပွန်းကိုလည်း။ ဟန္ဒာနာ၊ ဖျက်ဆီး၍။ ဂစ္ဆတိ၊

www.dhammadownload.com

သွားတတ်၏။ တာဒိသမိုဖ်၊ ထိုသို့မြင်မြင်သမျှကို လိုချင်တတ်သော သူတို့လည်း။ နှံ့ဝသွေးသေ၊ အာကျွမ်းမဝင်ရာ၊
ဤခုနစ်ဂါထာတို့ကို ဘုရားလောင်းကြက်မင်းသည် ဟောခဲ့၏။

လိုက်နာဖွယ်ရာမျှား

၉၇။ မိတ္တရွပေန ဗဟုဝေါ၊ ဆန္နော သေဝန်္တိ သတ္တဝေါ။
ဇဟေ ကာပုရိသ ဒေတ၊ ကုက္ကုဋ္ဌော ဝိယ သေနကံ။
၉၈။ ယော စ ဥပ္ပတိတံ အတ္ထံ၊ နဒိပ္ပ မနုပဋ္ဌတိ။
အမိတ္တဝသ မန္နတိ၊ ပစ္ဆာ စ အနုတပ္ပတိ။
၉၉။ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေ နိဗောဓတို့။
မုစ္စတေ သတ္တုသမ္မာဓာ၊ ကုက္ကုဋ္ဌော ဝိယ သေနကာ။
၁၀၀။ တံ တာဒိသံ ကူဋမိဂေါဠိတံ ဝနေ၊
အဓမ္မိကံ နိစ္စ ဝိဓံသကံဝရိနံ။
အာရာ ဝိဝဇ္ဇယျ နဏ္ဍော ဝိစက္ခဏော၊
သေနံ ယထာ ကုက္ကုဋ္ဌော စံသတာနုနေ။
ဟူသော ဤဒေးလးဂါထာတို့သည် တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်သော ဂါထာတို့တည်း။

နှုတ်ချိုမိတ်ဆွေဆိုး

၉၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ဆန္နော၊ စကားဖြင့် ဖုံးလွှမ်း၍ ပျက်စီးသွားပြုတတ်ကုန်သော။ ဗဟဝေါ၊ များစွာကုန်သော။ သတ္တဝေါ၊ ရန်သူတို့ဆည်း။ မိတ္တရွပေန၊ အဆွေခင်ပွန်းအတုဖြင့်။ သေဝန်္တိ၊ မှီဝဲဆည်းကပ်လာကုန်အံ့။ ကာပုရိသေ၊ ယောကျ်ားယုတ် ဖြစ်ကုန်သော။ ဇေတ၊ ထိုအဆွေခင်ပွန်းတုတို့ကို။ ဇဟေ-ဇဝဟထ၊ စွန့်ကုန်ထုတ်။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း၊ ဟူမူကဲ့သား။ သေနကံ၊ သေကြောင်းကြံသော စွန်ကို။ ကုက္ကုဋ္ဌော၊ ကြက်မင်းသည်။ ဇဟတိဝိယ၊ စွန့်သကဲ့သို့တည်း။

ကိုတင် မကြည့်ဖြစ်

၉၈။ ယော စ၊ အကြင်သူသည်လည်း။ ဥပ္ပတိတံ၊ ဖြစ်လတ္တံ့သော။ အတ္ထံ၊ အကျိုးစီးပွားကို။ ခိပ္ပံ၊ လျင်မြန်စွာ၊ န အနုပဋ္ဌတိ၊ မသိ။

www.dhammadownload.com

သော၊ ထိုဖြစ်လတ္တံ့သော အကျိုးကို မသိသော်သူသည်။ အမိတ္တဝတ်။ ရန်သူလက်သို့၊ အားနွဲတိ၊ ထောက်တတ်၏။ ပစ္စာ စ၊ နောက်တာလဋ္ဌလည်း၊ အနုတပ္ပံတိ၊ နောင်တပူပန်ရတတ်၏။

ကြိုတင် မြင်ကျိုး

၅၉။ ယော စ၊ အကြင်သူသည်ကား။ ဥပ္ပတိတံ၊ ဖြစ်လတ္တံ့သော၊ အတ္ထံ၊ အကျိုးကို။ ခိပ္ပမေဝ၊ လျင်စွာလျင်။ နိဗောဓတိ၊ သိ၏။ သော၊ ထိုဖြစ်လတ္တံ့သော အကျိုးကို သိသော်သူသည်။ သတ္တာသမ္မာဓာ၊ ရန်သူလက်မှ၊ မုစ္စတေ၊ လွတ်၏။ ကိမိပ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကုက္ကုဋ္ဌော၊ ကြက်မင်းသည်။ သေနကာ၊ ရန်သူဖြစ်သော စွန်လက်မှ။ မုစ္စတေ၊ ဝိယ၊ လွတ်သကဲ့သို့တည်း။

အကျိုးဖျက်သူ မပေါင်းထိုက်

၁၀၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝနေ၊ တောင်၌။ သြဒ္ဓိတံ၊ မုဆိုးသည် ထောင်အပ်သော၊ ကူဋ္ဌံ၊ စည်းလဲသော ကျော့ကွင်းကို။ မိဂေါ၊သမင်သည်။ စိဝဇ္ဇေတိဣဝ၊ ရှောင်ကြဉ်သကဲ့သို့။ တာဒိသံ၊ ထိုမုဆိုးသည် ထောင်အပ်သော ကျော့ကွင်းနှင့်တူသော၊ အဓမ္မိကံ၊ တရားကိုမကျင့်သော။ နိစ္စဝိဓံသကာရိနံ၊ အမြဲလျှင် အကျိုးစီးပွားကို ဖျက်ဆီးတတ်သော၊ တံနရံ၊ ထိုသို့သောသူကို။ ဝိစက္ခဏော၊ ပညာအမြော်အမြင်ရှိသော။ နရော၊ လူသည်။ အာရာ၊ ဝေးစွာ။ စိဝဇ္ဇယျ၊ ကြဉ်ဖဲရာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ စံသကာဒနန၊ ဝါးခတာဋ္ဌ။ ကုက္ကုဋ္ဌော၊ ကြက်မင်းသည်။ သေနံ၊ အကျိုးစီးပွားကို ဖျက်ဆီးတတ်သော စွန်ကို။ စိဝဇ္ဇတိယထာ၊ ကြဉ်ဖဲသကဲ့သို့တည်း။

စွန်ယုတ်ပြေးပြီ

ထိုဘုရားလောင်းကြက်မင်းသည် ထို၊ါထောတို့ကို ဆိုပြီးလျှင် စွန်ကို ခေါ်၍ ''ဤအရပ်၌ အသင်သည် အကယ်၍ နေအံ့၊ သင့်အား ပြုအပ်သော အမှုကို သိရအံ့'ဟု ခြိမ်းခြောက်၏၊ စွန်သည် ထိုအရပ်မှ ပြေး၍ တစ်ပါးသော အရပ်သို့ သွားလေ၏၊

www.dhammadownload.com

ဇာတ်ပေါင်း။ သမ္ဗဉ္ဇူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ "ရဟန်းတို့...ဤသို့လျှင် ဒေဝဒတ်သည် ရှေးဦးလည်း ငါ့ကိုသတ်ခြင်းငှာ လုံ့လပြုဖူး၏" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ "ယခုအခါ ဒေဝဒတ်သည် ထိုအခါ စွန်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကြက်မင်းဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နှုတ်ချိုလှည့်စား၊ ထိုသူမျှား၊ ရှောင်ရှားကြရာသည်။)
ဆယ်ခုမြောက်သော ကုက္ကုဋဇာတ်သည် ပြီး၏။

၁၁-မဋ္ဌကုဏ္ဍလီဇာတ်
သေသူကိုတမ်းတ၍ မစိုးရိမ်သင့်ကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူထိုသို့လော သမ္ဗဉ္ဇူမြတ်စွာဘုရားသည် "အလက်တော မဋ္ဌကုဏ္ဍလီ" အစရှိသော ဂါထာပုဒ်ဖြင့် ဓာန်ဆာဆင်ဖော်သော ဤမဋ္ဌကုဏ္ဍလီဇာတ်ကို ဧတဒဂ်ကျော်ကြားတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော သားသေသေခဲ့သူကြွယ်ကို အားကြောင်းပြု၍ ဟောတော်မူ၏၊

ပစ္စုပ္ပန်ဝတ္ထု။ သာဝတ္ထိပြည်၌ တစ်ယောက်သောသူကြွယ်၏ ချစ်လှစွာသောသားသည် သေသတတ်၊ ထိုသူကြွယ်သည် သားဌဖြစ်သော စိုးရိမ်ခြင်းနှင့် နှိပ်စက်ဆင်းသည်ဖြစ်၍ ရေလည်းမချိုး၊ ထမင်းကိုလည်း မစား၊ လယ်လုပ်ကုန်သွယ်ခြင်း အစရှိသော အမှုတို့ကို မစီရင်၊ မြတ်စွာဘုရားထံသာ သွားခြင်းငှာမသွား၊ သက်သက်ကား ချစ်လှစွာသောသား ဝါကိုစွဲ၍ ရှေးဦးစွာ သွားသည်ဖြစ်၏၊ ဤသို့ အစရှိသော စကားတို့ကို ဆိုပြီး အဖန်တလဲလဲ ငိုမြည်တမ်း၏။

သားသေရာမှမဂ်ဖိုရ

သမ္ဗဉ္ဇူမြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ သတ္တလောကကို ကြည့်တော်မူသည်ရှိသော် ထိုသူကြွယ်၏ သောတာပတ္တိမဂ်ဖိုလ်၏ ဥပနိ

www.dhammadownload.com

သဃယကို မြင်တော်မူ၍ မိုးစသဒ်သောနွဲ့၌ ရဟန်းသံဃာအပေါင်း ခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလှူခံ၍ ကြွတော်မူ၍ ပြီးပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိလတ်သော် ရဟန်းတို့ကို လွှတ်လိုက်ပြီးလျှင် ဃာနန္ဒာမထေရ်ကို နောက်လိုက်ရဟန်းပြု၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွတော်မူ၏။ မြတ်စွာဘုရား ကြွလာတော်မူသောဃာဖြစ်ကို သူကြွယ်ဃား ကြားကုန်၏။ ထိုဃာ၌ သူကြွယ်၏အိမ်၌ လူတို့သည် နေရာကုန်ခင်း၍ မြတ်စွာဘုရားကို နေစေတော်မူပြီးလျှင် သူကြွယ်ကို၌ချီ၍ မြတ်စွာဘုရား ဆုတ်တော်သို့ ဆောင်ကုန်၏။ ရှိခိုး၍ လျှောက်ပတ်စွာနေသော ထိုသူကြွယ်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ချမ်းမြေ့လှစွာသော မဟာကရုဏာတော်နှင့် ယှဉ်သော စကားတော်ဖြင့် ခေါ်တော်မူ၍ ''ဒါယကာ... တမလွန်ဘဝသို့သွားလေသောသားငယ်ကို စိုးရိမ်လလော'' ဟု မေးတော်မူ၍ ''အရှင်ဘုရား.... စိုးရိမ်ပါ၏'' ဟု နှုတ်တော်လျှောက်သည် ရှိသော် ''ဒါယကာ ရှေးပညာရှိတို့သည် သားသေသည်ရှိသော် စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ငိုမြည်တမ်းကုန်သော်လည်း၊ ပညာရှိတို့၏စကားကို ကြား၍ တေးငံ့တ၍ မရအပ်သောအရာတည်းဟု မှန်သောဃားဖြင့်သိ၍ ဘနည်းငယ်မျှသော စိုးရိမ်ခြင်းကိုလည်း မပြုကုန်'' ဟု မိန့်တော်မူ၍ ထို သူကြွယ်သည် တောင်းပန်အပ်သည်ဖြစ်၍ ဃတိတ်ကို ဆောင်တော်မူ၏။

ဃတိတ်ဝတ္ထု။ ထူကြွယ် လွန်လေ့ပြီးသောဃာ ဗာရာဏသီပြည်၌ ဖြာဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ယောက်သော မျှားဆောစည်းစိမ်ရှိသော ပုဏ္ဏား၏သားသည် တစ်ဆယ့်ငါးနှစ် တစ်ဆယ့်ခြောက်နှစ် ဃရွယ်ရှိသောဃာ၌ အနာသည် နှိပ်စက်ဃပ်သည်ဖြစ်၍ သေလျှင်ဃာဝတ်သာ နတ်ပြည်၌ဖြစ်၏။ အဘပုဏ္ဏားသည် ထိုသား၏ သေသောကာလမှစ၍ သုသာန်သို့သွားပြီးလျှင် ပြာပုံကို လှည့်လည်လျှက်ငိုကြွေး၏၊ ဃလုံးစုံသော အမှုတို့ကိုစွန့်၍ စိုးရိမ်ခြင်း နှိပ်စက်ဃပ်သည်ဖြစ်၍ သွေး၏၊

သားနတ်သားငိုဟန်ဆောင်

ထိုဃာ၌ နတ်သားသည် လူ့ပြည်သို့ ကြည့်လတ်သည်ရှိသော် ''ထိုအဘပုဏ္ဏားကိုမြင်လျှင်'' တစ်ခုသော ဥပမာကိုပြု၍ ဘဘပုဏ္ဏား၏ စိုးရိမ်ခြင်းကိုပျောက်အံ့'' ဟု ကြံ၍ သုသာန်သို့သွား၍ ငိုကြွေးသောကာလ၌ ထိုပုဏ္ဏား၏

www.dhammadownload.com

သဒၵါအသွင်ကို ဖန်ဆင်း၍ ဆာလိုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် တစ်ခုခုသာဆရပ်၌ ရပ်လျက် လက်နှစ်ဖက်တို့ကို ဦးခေါင်း၌ထား၍ လျက်သည်းစွာသောအသံဖြင့် ငိုကြွေး၏။

ဘာကြောင့်ငိုသနည်း

ပုဏ္ဏားသည် ငိုသံကြားလျှင် ထိုသားအသွင် ဖန်ဆင်း၍ ငိုသော နတ်သားကို ကြည့်၍ သား၌ဖြစ်သော ချစ်ခြင်းကို ပြုပြီးလျှင် ထိုနတ်သား၏ ဆီသို့ ရပ်၍ ''ချစ်သားလုလင်...ဤသုသာန်ဆာလယ်၌ အဘယ်ကြောင့် ငိုကြွေးသနည်း'' ဟု မေးလိုရကား-

၁၀၁။ ဆာလက်ဒတာ မဋ္ဌကုဏ္ဍလီ၊ မာလဓ်ာရီ ဟရိ စန္ဒနုဿဒေါ။
ဟဒ်ထ္ထ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဇ္ဈေ ကိံ ဒုက္ခိတောတုဝံ-

ဟူထော ဧကွဲးဦးစွဲသော ဤဂါထာကိုဆို၏၊

၁၀၁။ တာတ မာဏဝ၊ ချစ်သားသူငယ်။ တုဝံ၊သင်ဆည်။ အလက်-ဒတာ၊ အထူးထူးဒသာ တန်ဆာတို့ဖြင့် တန်ဆာဆင်လျက်။ မဋ္ဌကုဏ္ဍလီ၊ ပြေပြစ်တင့်တယ်သော ရွှေနားတောင်းဝတီလျက်။ မာလဓာရီ၊ ဆန်းကြယ်သောပန်းကို ပန်ဆင်လျက်။ ဟရိစန္ဒနုဿဒေါ၊ စန္ဒကူးရွှေဖြင့် လိမ်းကျံလျက်။ ဟဒ်ထ္ထ၊ လက်တို့ကို။ ပဂ္ဂယှ၊ မြှောက်၍။ ဝနမဇ္ဈေ၊ သုသာန်တော၏အလယ်၌၊ ကိံ ဒုက္ခိဒတာ၊အဘယ်ဆင်းရဲနှိပ်စက်အပ်သည်ဖြစ်၍၊ ကန္ဒသိ ငိုမြည်တမ်းလေသနည်း။

ဘီးအစုံကိုမရ၍

ထိုဆာဒါ ပုဏ္ဏားဆား ပြောလိုသည်ဖြစ်၍ သားသူငယ်သဏ္ဌာန်ဖန်ဆင်းဓသော နတ်သားသည်-

၁၀၂။ ဓသာဝဏ္ဏမဒ်ဃာ ပဘာဿရော၊ ဥပပန္နဒ္ဓ ရထပဋ္ဌရော မမ။
တာဿ စက္ကယုဂံ နဝိန္ဒာမိ၊ တေန ဒုဒ်ကွန ဇဟာမိ ဇီဝိတံ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

www.dhammadownload.com

၁၀၂။ တာတ၊ ဖခင်ပုဏ္ဏား။ မေ၊ ငါ့အား။ သော၀ဏ္ဏမယော၁၊ ရွှေဖြင့် ပြီးသော။ ပဘဿ၁ရာ၊ ပိုးပိုးပြက်သော အာရောင်ရှိသော။ ရထပဉ္ဇရော၊ ရထ၁၊ချိုင့်သည်။ ဥပပန္နော၊ ဖြစ်၏။ တဿ၊ ထိုရထား၊ချိုင့်၏။ စက္ကယုဂံ၊ လှည်း၁ဘီးအစုံကို။ အဟံ၊ ငါသည်။ နံ စိန္တ၁မိ၊ ဓရ။ တေန ဒုက္ခေန၊ထို လှည်း၁ဘီးအစုံကို မရခြင်း၁ကြောင့်ဖြစ်၁သော ဆင်း၇ဖြင့်၊ အဟံ၊ ငါဆည်း၊ ဇီ၀ိတံ၊ ဆသက်ကို၊ ၀ဟာ၁မိ၊ စွန့်ရတော့အုံ၊

ငါပေးပါမည်

ပုဏ္ဏား၁သည် ဝမ်းနည်းလိုသည်ဖြစ်၍.

၁၀၃။ သော၀ဏ္ဏမယံ မဏိမယံ၊ လော၁ဟ၁မယံ အထ ရူပိယမယံ။
ပါ၀၁ ရထံ ကရိဿာမိ တော၊စက္ကယုဂံ ပဋိပါဒယာမိ တံ.
ဟူသော သုံးခုမြောက်သော ဤဂါထာကိုဆို၏၊

၀၀၃။ တာတ မာဏ၀၊ ချစ်သား၁ထွေယ်၊ သော၀ဏ္ဏမယံ၊ ရွှေဖြင့် ပြီးသော လှည်း၁ဘီး၁လည်း၁ဆောင်း။ မဏိမယံ၊ ပတ္တာမြား၁ဖြင့် ပြီး၁သော လှည်း၁ဘီး၁လည်း၁ကောင်း။ လော၁ဟ၁မယံ၊ ကြေး၁ဖြင့်ပြီး၁သော လှည်း၁ဘီး၁လည်း၁ကောင်း။ အထ၊ ထိုမှတစ်ပါး၊ ရူပိယ၁မယံ၊ ငွေဖြင့်ပြီး၁သော လှည်း၁ဘီး၁လည်း၁ဆောင်း။ ဘာဒိသံ၊ ထိုသို့ သ၁ဘောရှိသော လှည်း၁ဘီး၁ကို။ ပါ၀၁၊ ဆိုထော့။ အဟံ၊ ငါသည်။ တေ၊ သင်အား။ ရထံ၊ ရထား၁ကို။ ကရိဿာမိ၊ ပြုအုံ။ တံစက္ကယုဂံ၊ ထိုရထား၁လှည်း၁ဘီး၁အစုံကို။ ပဋိပါဒယာမိ၊ ရ၁အောင်ပြုအုံ။

နေ-လတို့ကိုပေးပါ

ထိုပုဏ္ဏား၁အား၁ကို ကြား၍ သူငယ်သည်ဆိုအပ်သော ဂါထာ၁ဖြင့် မြတ်စွာဘုရား၁သည် ဘုရား၁ဖြစ်တော်မူပြီး၍-

၁၀၄။ သော မာဏ၀ော ဝါ တဿ ပါ၀ ဒီ၊
စန္ဒသူရိယာ ဥဘယေတ္ထ ဘာတ၁ရော။
သော၀ဏ္ဏမယော ရထော၁ မမ၊
တေန စက္ကယုနေန သေဘုတိ'
ဟူ၁ထော ဤစတုတ္ထဂါထာကို ဟော၁တော်မူ၏။

www.dhammadownload.com

၁၀၉။ ဗြာဟ္မဏ၊ ပုဏ္ဏော်း။ ထွေ၊ဤ ကောင်းကောင်၌၊ ဘာတခေ့ထူ၊ ညီးနာင် ဖြစ်ကုန်သေဒ။ ဥဘယာ၊ နှစ်ပါးစုံကုန်သော၊ ယေ စန္ဒံ သူရိယာ၊ အကြင် လ နေတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ့နစ်က သုဂေနု၊ ထို လ နေ အစုံဖြင့်၊ သောဓဏ္ဍမယော၊ ရွှေဖြင့်ပြီးသော၊ မမ ရထော၊ ငါ၏ ရထခေးသည်။ သောဘတိ၊ တင့်တယ်၏။ ဣတိ၊ ဤသို့။ သော ဓာဏဝေါ၊ ထိုသူယေ်သည်။ တဿ၊ ထိုပုဏ္ဏားအား။ ပါဝဒိ၊ ဆို၏။

မရန့ိုင်တာလိုချင်သလားး

ထိုပုဏ္ဏားသည် ထိုဂါထာ၏ အခြားမဲ့ဦ့-

၁၁၅။ ဗာလော ခေါ တ့ံ သိ မာဏဝ၊
ယော တ့ံ ပတ္ထယသိ အပတ္ထိယံ၊
မညာမိ တုံ့ဝံ မရိဿသိ၊ နတ့ံ လစ္ဆသိ စန္ဒံသူရိယေ-
ဟူသော ဤပဒမြောက်ဂါထာကို ဆို၏။

၁၀၅။ မာဏဝ၊ သူငယ်။ ယော တ့ံ၊ အကြင် သင်သည်။ အပတ္ထိယံ၊ မတောင့်တအပ်သည်ကို။ ပတ္ထယသိ၊ တောင့်တ၏။ သော တ့ံ၊ ထိုသင် သည်။ ခေါ၊ စင်စစ်။ ဗာလော၊ မိုက်သည်၊ အသိ၊ ဖြစ်၏။ တုံ့ဝံ၊ သင် သည်။ မရိဿတိ၊ သေသေဘ်လည်း သေရလတ္တံ့၊ တ့ံ၊ သင်သည်၊ စန္ဒံ သူရိယေ၊ လ နေတို့ကို။ နတ့ံ လစ္ဆသိ၊ မရန့ိုင်လတ္တံ့။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ မညာမိ၊ ထောက်မေ့၏။

သေသူပြန်လာမည်လားး

ထိုဒေနာင်မှ သူငယ်သည်
၁၀၆။ ဂမနာ ဂမနမ့ဝိ ဒိဿတိ၊ ဝဏ္ဏဓာတု ဥဘာဒယတ္ထ။
ပေတော ပန နေဝ ဒိဿတိ၊
စော နု ခေါ ကန္ဒတံ ဗာလျတရော-
ဟူသော ဤဆဋ္ဌဂါထာကို ဆို၏။

၁၀၆။ ဗြာဟ္မဏ၊ ပုဏ္ဏော်း။ ဂမနာဂမနမ့ဝိ၊ ထွက်ထုအရပ် ဝင်ထု အရပ်သည်လည်း။ ဒိဿတိ၊ ထင်၏။ ဝဏ္ဏဓာတု၊ လ-နေ-ဟူသော ဝဏ္ဏ ဓာတ်သည်။ ဒိဿတိ၊ ထင်၏။ ဧတ္ထ၊ ဤကဲ့သို့ကင်းခရီးဦ့။ ဥဘ့ယာ၊

www.dhammadownload.com

နှစ်ပါးကုန်ခဲသော်၊ ဝိထိယော၊ လ သွားခဲသောခရီး နေ သွားသော ခရီးတို့သည်လည်း။ ဒိဿန္တိ၊ ထင်ကုန်၏။ ပေတော် ပန၊ တမလွန်ဘဝသို့ သွားခဲလပြီးသော်သူမူကား၊။ နေ့ ဒိဿတိ၊ မထင်သည်သာတည်း။ ကန္ဒတံ-ကန္ဒန္တာနံ၊ ငိုကြွေးသော ငါတို့နှစ်ယောက်တို့တွင်။ ကော၊ အာဘယ်သူသည်၊ ဗဗလ္ဂါတရော နုခေါ၊ ဖြစ်မိုက်မည်နည်း၊

ဟုတ်ပေသား၊ပဲ

ဤသို့ သူငယ်သည် ဆိုသည်ရှိသော် ပုဏ္ဏားသံည် သတိရ၍-

၁၀၇၊ သစ္စံ ခေါ၀ေဒသိ မာဏ၀၊ အဟမေ၀ ကန္ဒတံ ဗာလ္ဂါတရော၊
စန္ဒံ ဝိယ ဒါရေးတာ ရုဒံ၊ ပေတံ ကာလင်္ကတာ ဘိပတ္ထယေ-

ဟူသော ဤသတ္တဓာဂါထာကို ဆို၏။

၁၀၇၊ မာဏ၀၊ သူငယ်။ တံ၊ သင်သည်။ သစ္စံခေါ၊ မှန်သော စကားကိုသာလျှင်။ ၀ေဒသိ၊ ဆို၏။ ဒါရေတော၊ သူငယ်သည်၊ ရုဒံ ရုဒန္တော၊ ငိုကြွေးလျက်၊ စန္ဒံ၊ လ-နေ-ကို။ ပတ္ထေတိ ဝိယ၊ တောင့်တသကဲ့သို့၊ ယော ဆဟံ၊ အကြင်ငါသည်။ ပေတံ၊ ပစ္စုပ္ပန်ဘဝမှ တင်းလေပြီးသော၊ ကာလင်္ကတံ၊ သေသောသား၊ကို၊ အဘိပတ္ထယေ၊ တောင့်တ၏။ သော အဟုမေ၀၊ ထိုငါသည်သာလျှင်၊ ကန္ဒတံ-ကန္ဒန္တာနံ၊ ငိုကြွေးသော ငါတို့နှစ်ယောက်တို့တွင်၊ ဗာလ္ဂါတရော၊ ဆိုမိုက်၏။

ကျေးဇူးတင်ပါတယ်

ဤသို့လျှင် ပုဏ္ဏားသည် သူငယ်ယောင်ဆောင်သော နတ်သား၏ စကားကြောင့် စိုးရိမ်ခြင်းကင်းသည်ဖြစ်၍ ကောင်းချီးကိုပြုလိုရကား-

၁၀၈။ အာဒိတ္တံ ၀တ မံ သန္တံ၊ ဃတသိတ္တံ ၀ ပါ၀ကံ။
၀ါရိနာ ဝိယ သြဃိဠိ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၀၉။ အဗ္ဘုဠ္ဠံ ၀တ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သော္ကာဏပရေတဿ၊ ပုတ္တဲသောကံ အပါနုဒိ၊

၁၁၀။ သေဒဟံ အဗ္ဘုဠ္ဠ သလ္လော်ဿိ၊
ဝိတသောကော အနာဝိလော၊
နသောစာမိ နရောဒါမိ၊ တ၀ သုတ္တာန မာဏ၀၊

ဟူသော ကြွင်းသော ဤဂါထာတို့ကို ဆို၏၊

www.dhammadownload.com

၁၀၈။ မာဏဝ၊ သူငယ်၊ ဃတသိတ္တံ၊ ထောပတ်ဖြင့်သွန်းလောင်းဆပ်သော။ ပါဝကံ၊ မီးကို၊ ဝါရိနာ၊ ရေဖြင့်၊ ဩသိဉ္စိ ဝိယ၊ သွန်းဆောင်း၍ ငြိမ်းစေဘိသကဲ့သို့။ စေတထဝ၊ ထို့အတူ။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင်သောကမီး လောင်သည်၊ သဲ့နှံ့၊ ဖြစ်သော။ မံ၊ ငါ့ကို။ ဝတ၊ စင်စစ်၊ နိဗ္ဗာပယေ၊ ငြိမ်းစေပြီ။ သဗ္ဗံ၊ ဆလုံးစုံသော။ ဒရံ၊ စိတ်ဆင်းပူပန်ခြင်းကို။ နိဗ္ဗာပယေ၊ ငြိမ်းစေပြီ။

၁၀၉။ မာဏဝ၊ သူငယ်၊ သေးကပဓေတသာ၊ သောဏသည် နှိပ်စက်ဆပ်သော။ ဓမ၊ ငါ၏။ ဟဒယသိတံ၊ နှလုံးကိုမှီသော။ ယံ ပုတ္တသေဓကံ၊ ဆကြင် သားဦးဖြစ်သော စိုးရိမ်ခြင်းကို။ ယောတ္ထ၊ ဆကြင်သင်သည်၊ အပါနုဒိ၊ ပယ်နုတ်သည်။ ယသိ၊ ဖြစ်၏။ တေ တယာ၊ သင်ထည်။ မေ၊ ငါ၏။ တံသလ္လ၊ ထိုစိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို။ ဆပ္ပ။ဋ္ဌ၊ ဝတ၊ နုတ်အပ်ပြီး၍တကား၊

၁၁၀။ မာဏဝ၊ သူငယ်။ သောအဟံ၊ ထိုငါသည်၊ ဆပ္ပ။ဋ္ဌသလ္လော၊ နုတ်ဆပ်ပြီးသော စိုးရိမ်ခြင်းတည်းဟူသော ငြောင့်ရှိသည်၊ ဝီတသေဓော၊ ကင်းပြီးသော စိုးရိမ်ခြင်းရှိသည်။ အနာဝိလော၊ မနောက်ကျသော စိတ်ရှိသည်၊ ဆသို့၊ ဖြစ်ပြီ။ တဝ၊ သင်၏၊ ဝစနံ၊ စကားကို။ သုတ္ဝာန၊ နာရသောကြောင့်၊ န သောစာမိ၊ မစိုးရိမ်အံ့။ န ဆောဒါမိ၊မငိုအံ့၊

သားနှင့်ပြန်တွေ့ရ

ထိုအခါ ပုဏ္ဏားကို သူငယ်သည် ''ပုဏ္ဏား...အကြင်သား၏အကျိုးငှာ ဃာသည် ငို၏၊ သင်၏သားဖြစ်သော ထိုသူကား ငါပင်တည်း၊ ငါသည် နုတ်ပြည့်၌ဖြစ်၏၊ ဤနေ့မှစ၍ ငါ့ကိုမစိုးရိမ်လင့်၊ ဆလှူကိုပေးလော့၊ သီလကို ဆောက်တည်လော့၊ ဥပုသ်ကို ဆောက်တည်ခြင်းကိုပြုလော့'' ဟု ဆုံးမခဲ့ပြီးလျှင် မိမိနေရာ တခဝတိ်သာ နုတ်ရှာသို့သာလျှင် သွားဇေ၏။ ပုဏ္ဏားသည်လည်း ထိုသားဖြစ်ဖူးသော နုတ်သား၏ ဆုံးအမခံတည်၍ ဒါန ဆစရှိသော ကောင်းမှုတို့ကိုပြု၍ သေသည်ရှိသော် နုတ်ပြည့်၌ဖြစ်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သားသေသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

www.dhammadownload.com

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား-သူကြွယ်...ယခု အခါငါဘုရားသည်လျှင် ထိုအခါ မဖောက်မပြန် မှန်သောသဘောကို ပြဆတ်သောနတ်သား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သားက ဖေဖော်ပြု၊ တထူးရ၊ အဘ ချမ်းသာစွာ၊)

တစ်ဆယ့်တစ်ခုမြောက်သော မဋ္ဌကုက္ကလိဇာတ်သည် ပြီး၏။

၁၂၂-ဗိဠာရကောသိယဇာတ်

ပစ္စည်းဥစ္စာကိုလှူပြီးမှ သုံးဆောင်သင့်ကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော ဆဗ္ဗညုမြတ်စွာဘုရားသည် "အပစန္တာပိ ဒိစ္ဆန္တိ" အစရှိသော ဂါထာဓမ္မပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗိဠာရကောသိယဇာတ်ကို ငှတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အလှူပေးလေ့ရှိသော ရဟန်းကို အကြောင်းပြု၍ တောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် မြတ်စွာဘုရား၏ တထူးတော်ကို နာရလျှင် သာသနာတော်၌ ရဟန်းပြုသဖြင့် ရဟန်းပြုထော ကာလမှစ၍ အလှူပေးလေ့ရှိသည်။ အလှူပေးခြင်း၌ အလွန်အလိုရှိသည် ဖြစ်၏။ သပိတ်အတွင်း၌ရှိသော ဆွမ်းကို သူတစ်ပါးအား မလှူမူ၍မစား၊ အယုတ်သဖြင့် သောက်ရေမျှကိုလည်း ရ၍ သူတစ်ပါးအား မလှူမူ၍မသောက်၊ ဤသို့ လှူဒါန်းပေးကမ်းခြင်း၌ လွန်စွာမွေ့လျော်သည် ဖြစ်သတတ်၊

လှူချင်စိတ် ပါလာပုံ

ထိုအခါ ရဟန်းတို့သည် တထူးသဘင်၌ ထိုရဟန်း၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားကို ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူ လတ်၍ "ရဟန်းတို့...ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၍ "ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏" ဟု နားတော်လျောက်သည်ရှိသော် ထိုရဟန်းကို ခေါ်စေတော်မူ၍ "ရဟန်း...သင်သည် လှူဒါန်းပေးကမ်းခြင်း၌ အလွန် အလိုရှိသတတ်ဟု

www.dhammadownload.com

ငါကြွေးရလည်း မူန်ဃလော''ဟု မေးတော်မူ၍ ''အရှင်ဘုရား...မူန်ပေ၏''ဟု နှုတ်တော်လျှောက်သည်ရှိသော် ''ရဟန်းတို့....ချေးဥ၌ ကျရဟန်းသည် သဒ္ဓါခြင်းမရှိသည် အလှူခံတို့ကိုမြင်၍ ကြည်ညိုခြင်းမရှိသည်ဖြစ်၏၊ မြက်ဖျားဖြင့် ဆီးပါက်မျှကိုလည်းထုတ်၍ တစ်စုံတစ်ယောက်သောသူအားမပေး၊ ထိုအဒါထိုသူကြွယ်ကို ငါသည် ဆုံးမ၍ ငါမူတစ်ပါး မှီဝဲဆုံမရှိသည်ကိုပြု၍ အလှူ၏အကျိုးဥဒ္ဒတည်စေ၏၊ ထိုကြောင့် အလှူကို လှူလိုသော်စိတ်ကို ဘဝတစ်ပါးဥ၌ မစွန့်''ဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့—လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ရောက်ထတ်သော် ဥစ္စာကိုဖြစ်စေ၍ အဘလွန်သဖြင့် သူဌေးဆုကို ရ၍ တစ်နေ့သ၌ ဥစ္စာတိုက်ကိုကြည့်လျှင် ''ဥစ္စာသည်သာလျှင်ထင်၏၊ ထိုဥစ္စာကို ဆည်းပူးသော သူတို့သည် မထင်ကုန်၊ ဤဥစ္စာကို စွန့်ကြဲ၍ အလှူကြီးကို ပေးခြင်းငှာ သင့်၏''ဟု နှလုံးသွင်း၍ အလှူတင်းကုပ်ကို ဖွဲ့ဆီးပြီးလျှင် မီးတိုက်၍ အလှူခံတို့ကို ဆောက်စေ၍ အဆက်ထက်ဆုံး အလှူကြီးကိုဖြစ်စေ၍ ''အသက်၏အဆုံး၌ ဤအလှူဝတ်ကို ဖြတ်ဆောင့်''ဟုသားဆားဆုံးအဓိဋ္ဌာန်ကိုပေး၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏။

အဆက်ဆက် နတ်ဖြစ်ကြပြီ

ထိုဘုရားလောင်း၏သားသည်လည်း ထိုအတူလျှင် ဒါန ဝတ္ထုကိုလှူ၍ ဆားကိုဆုံးမ၍ အသက်၏ အဆုံး၌ စန္ဒနတ်သား၏ အဖြစ်ဖြင့် ဖြစ်၏၊ ထိုသူဌေးသားသည် သူရိယနတ်သား၏ အဖြစ်ဖြင့်ဖြစ်၏။ ထိုသူဌေး၏သားသည်လည်း ခိုးမြှောက်တတ်သော ဓာတလိနတ်သား၏ အဖြစ်ဖြင့်ဖြစ်၏၊ ထိုသူဌေးသားသည် ဂန္ဓမ္ဗနတ်မင်း၏သားဖြစ်သော ပဉ္စသိခ နတ်သား၏ အဖြစ်ဖြင့်ဖြစ်၏၊

အလှူဖြတ်သူ

ခြောက်ယောက်မြောက်ဖြစ်သော သားသည်ကား သဒ္ဓါခြင်း မရှိ၊ မက်ထန်သောစိတ်ရှိသည်၊ အလှူခံတို့အား ချစ်ခြင်းမရှိသည်၊ ဝန်တိုခြင်းရှိသည်ဖြစ်၏၊ အလှူတင်းကုပ်ကို ဖျက်ဆီးပြီးလျှင် မီးတိုက်၍ အလှူခံတို့ကို

www.dhammadownload.com

ပုတ်ခတ်ရိုက်နှက်၍ နှင်ထုတ်စေ၏၊ တစ်စုံတစ်ယောက်သောသူအား မြက်ဖျဲစးဖြင့် ထုတ်၍ ဆီပေါက်မျှကိုလည်း မပေး။

သိကြားမင်း လာပြီ

ထိုအခါ စတုမဟာရာဇ်တာဝတိံသာနတ်တို့၏မင်းဖြစ်သော သိကြားမင်းသည် မိမိ ရှေးကောင်းမှုကံကို ပညာမျက်စိဖြင့်ကြည့်၍ "ငါ၏အလှူဝတ်မည်သည် ဖြစ်၏လော၊ မဖြစ်၏လော" ဟု စူးစမ်း ဆင်ခြင်သည်ရှိသော် "ငါ၏ထားသည် အလှူဝတ်ကိုဖြစ်စေ၍ စန္ဒနတ်သားဖြစ်၏၊ တိုသူ၏သားသည် သူရိယနတ်သားဖြစ်၏၊ ထိုသူ၏သားသည် မာတလိနတ်သားဖြစ်၏၊ ထိုသူ၏သားသည် ဂန္ဓဗ္ဗနတ်မင်း၏သားဖြစ်သော ပဉ္စသိခနတ်သားဖြစ်၏၊ ခြောက်ယောက်မြောက်သောသူသည်ကား ထိုအန္ဓယ်ကို ဖြတ်၏" ဟုမြင်၏။ ထိုအခါ သိကြားမင်းအား ဤသို့သော အကြံသည် ဖြစ်၏။ "ဤယုတ်မာသောသူကို ဆုံးမ၍ အလှူဒါန၏ အကျိုးကိုသိစေပြီး လျှင် လဲ့ဘဲ့" ဟု အကြံသည်ဖြစ်၏၊ ကြံပြီး၍ ထိုသိကြားမင်းသည် စန္ဒနတ်သား, သူရိယနတ်သား, မာတလိနတ်သား, ပဉ္စသိခနတ်သားတို့ကိုခေါ်စေ၍ "အမောင်နတ်သားတို့.... ငါတို့၏အန္ဓယ်၌ ခြောက်ယောက်မြောက် ဖြစ်သောသူသည် မိဘ ဘိုးဘေးတို့၏ လူပြုအစဉ်ကိုဖြတ်၍ အလှူတင်းကုပ်ကို မီးတိုက်၍ အလှူခံတို့ကိုရိုက်ပုတ်နှင်ထုတ်၏၊ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ဥစ္စာကိုမပေး၊ လာကြကုန်၊ ထိုသူကို ဆုံးမအံ့" ဟု ထိုနတ်သား လေးယောက်တို့နှင့်တကွ ဗာရာဏသီသို့သွား၏။

ထိုခဏ၌ သူဌေးသည် မင်းအား ခစားခြင်းငှာသွား၍ ခုနစ်ခုမြောက်ဖြစ်သော တံခါးမုခ်၌ ခရီးမကိုကြည့်၍ စကြံသွား၏။

သိကြာမင်း အလှူခံပုံ

သိကြားမင်းသည် "သင်တို့ကား ငါဝင်ပြီးသော ဓာသ၌ နောက်မှ အစဉ်အတိုင်း လာခဲ့ကြကုန်" ဟုဆို၍ သွားလ၍ သူဌေး၏အထံ၌ ရုပ်ပြီးလျှင် "အို သူဌေးကြီး....ငါ့အား ထမင်းကို ပေးလော့" ဟု ဆို၏။ "ပုဏ္ဏား....ဤအိမ်၌ သင်အား ပေးအပ်ဆောင် ထမင်းသည်မရှိ၊ တစ်ပါးသော အိမ်သို့ သွားလေကုန်" ဟုဆို၏။ "အို သူဌေးကြီး....ပုဏ္ဏားတို့သည် ထမင်းကို တောင်းကုန်သည်ရှိသော် ပေးခြင်းငှာ မရသည်ဟုမဟုတ်၊

www.dhammadownload.com

ရသည်သာလျှင်ကတည်း''ဟုဆိုလတ်ံသော် ''ပုရွှား...ဝါအိုမ်၌ ချက်ပြီးသော ထမင်းသည်လည်းကောင်း၊ ချက်လုတ်တံ့သော ထမင်းသည် လည်းကောင်း မရှိ၊ တစ်ပါးအိမ်သို့ သွားလော့''ဟု ဆို၏။ ''သူဌေးကြီး... သူဌေးကြီးဏား တစ်စုံတစ်ခုသော ချီးမွမ်းခြင်းနှင့်စပ်သော ဂါထာကို ဟောအံ့၊ ထိုဂါထာကိုနာလော့''ဟုဆို၏။ ''ငါ့အား သင်၏ ဂါထာဖြင့် ဏာလိုမရှိ၊ ဤငါ့အိမ်၌ မရပ်လင့်''ဟုဆို၏။ သိကြားမင်းသည်လည်း၊ ထိုသူဌေး၏ စကားကို မကြားသကဲ့သို့-

၁၁၁။ အပစန္တောပိ ဒိစ္ဆန္တိ၊ သဇန္တော လဒ္ဓါန ဘောဇနံ၊
ကိမေဝ တွံ ပစမာနော၊ ယံ နဒဇ္ဇော နတံ သမံ၊

၁၁၂။ မဇ္ဈေဆဏ စ ပမာဒါ စ၊ တေံ ဒါနံ နဒိယျတိ။
ပုညံ အာဘာခံမာနေန၊ ဒေယျံ ဟောတိ ဝိဇာနတာ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၁၁။ မဟာသေဋ္ဌိ၊ သူဌေးကြီး၊ သဇန္တော၊ သူဌေးကောင်းတို့ဆည်။ အပစန္တောပိ၊ မချက်ရကုန်သော်လည်း။ လဒ္ဓါနဘောဇနံ၊ ဆွမ်းခံဝတ်ဖြင့် ရအပ်သော ထမင်းကို။ ဣစ္ဆန္တိ၊ လှူခြင်းငှာ အလိုရှိကုန်၏။ တွံ၊ ဘင် သည်၊ ပစမာနော၊ ချက်ရပါလျက်။ ကိမေဝ၊ အဘယ်ကြောင့်လျှင်။ ယံ၊ အကြောင်းဝတ္ထုကို။ နဒဇ္ဇော၊ မလှူသနည်း။ တံ၊ ထိုဒါနဝတ္ထုကို၊ အဒါနံ၊ မလှူခြင်းသည်။ နံ သမံ နံ အနုစ္ဆဝိကံ၊ မူလျောက်ပတ်။

ပညာရှိမျှားလှူကြသည်

၁၁၂။ မဟာသေဋ္ဌိ၊ သူဌေးကြီး၊ တေံဒါနံ၊ ထိုဆွမ်းလှူမည်သည်ကို၊ မဇ္ဈေဆဏ၊ ဝန်တိုခြင်းကြောင့်လည်းကောင်း။ ပမာဒါ၊ မေ့လျော့ခြင်းကြောင့်လည်းကောင်း။ ဣဓမဟိ၊ ဤနှစ်ပါးကုန်သော အကုသိုလ်တရား တို့ကြောင့်၊ နဒိယျတိ၊ မလှူ။ ပုညံ၊ ကောင်းမှုအကျိုးကို။ အာဘာခံမာနေန၊ တောင့်တသော။ ဝိဇာနတာ၊ ပညာရှိသည်။ ဒေယျံ၊ လှူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသူဌေးကြီးသည် သိကြားမင်း၏စကားကို ကြား၍ ''ထိုသို့တပြီးစား အိမ်သို့ဝင်၍နေလင့်၊ အနည်းငယ်သော ထမင်းကို ရလတ္တံ့'' ဟုဆို၏။ သိကြားမင်းသည် အိမ်သို့ဝင်၍ ထိုနှစ်ဂါထာတို့ကို သရဇ္ဈာယ်လျက်နေ၏။

P.၈၈-၅၅၀(ထ-တွဲ)

www.dhammadownload.com

စန္ဒနတ်သားအလှူခံပုံ

ထိုနေ့ခင်မှ သူဌေးကို စန္ဒနတ်သားသည် လာ၍ ထမင်းကိုဆောင်း၏။ ''သင့်ဖို့ ထမင်းမရှိ၊ သွားလော့'' ဟု ဆိုသော်လည်း ''သူဌေးကြီး.... အိမ်တွင်း၌ ပုဏ္ဏားတစ်ယောက်သည် နေ၏။ ပုဏ္ဏားတို့အား ဆွမ်းကျွေးလတ္တံ့ ယောင်တဆား'' ဟု ဆို၍-

၁၁၃။ ယဿေ ဝ ဘိတော နဒ္ဒဒါတိ ဓဉ္ဉရိ၊
တဒေဝါ ဒဒတော ဘယံ။
ဇိဂစ္ဆာ စ ပိပါသာ စ၊ ယဿ ဘာယတိ ဓဉ္ဉရိ။

၁၁၄။ တသ္မာ ဝိနေယျ မစ္ဆံရံ၊ ဒဒာဟိ ဒါနံ မလာဘိဘူ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ-

ဟူသော ဤနှစ်ကါထာတို့ကို ရွတ်၏။

၁၁၃။ မဟာသေဋ္ဌိ၊ သူဌေးကြီး။ မဉ္ဆရီ၊ ဝန်တိုသူသည်၊ ယဒသ္သ ဝ၊ အကြင်တစ်မှတ်ခြင်းမူသာလျှင်။ ဘိတော၊ ကြောက်လည်းဖြစ်၍။ နဒ္ဒဒါတိ၊ မလှူ။ ဇိဃစ္ဆာ စ၊ တစ်မှတ်ခြင်းသည် လည်းကောင်း။ ပိပါသာ စ၊ ဆာမှတ်ခြင်းသည်လည်းကောင်း။ ဤတို့၊ ဤသို့။ တဒေဝ-ဘယံ၊ ထိုတစ်မှတ်ခြင်း ဆာမှတ်ခြင်းဘေးသည်သာလျှင်၊ အဒဒတော၊ မလှူသောသူအား။ ဖုသတိ၊ နှိပ်စက်၏။ မဉ္ဆရီ၊ ဝန်တိုသော သူသည်။ ယဿ၊ အကြင်တစ်မှတ်ခြင်းမှ။ ဘာယတိ၊ ကြောက်၏။ အသ္မိံ လောကေ၊ ဤပစ္စုပ္ပန်လောကဘဲလည်းကောင်း။ ပရမ္ပိ စ၊ တမလွန်လောကဘဲ လည်းကောင်း။ တဒေဝ၊ ထိုတစ်မှတ်ခြင်းဘေးသည်လျှင်၊ ဗာလံ၊ ဝန်တို မစ္ဆရ မောဟ နှိပ်စက်သော သူမိုက်ကို။ ဖုသတိ၊ နှိပ်စက်၏။

ကောင်းမှုသည်ဘဝ၏တည်ရာ

၁၁၄။ တသ္မာ၊ ထို့ကြောင့်၊ မဉ္ဆရံ၊ ဝန်တိလွှာဘ မစ္ဆရကို။ ပိနေယျ၊ ဖျောက်၍။ မလာဘိဘူ၊ မစ္ဆရစသော အညစ်အကြေးကို နှိပ်နင်းလျက်၊ ဒါနံ၊ အလှူကို။ ဒဒ္ဒာ၊ လှူထု၏၊ ပုညာနိ၊ ဒါန သီလ စသော ကောင်းမှုတို့သည်။ ပရလောကသ္မိံ၊ တမလွန်လောက အဆက်ဆက်၌။ ပါဏိနံ၊ အလှူဒါနနှင့်ပြည့်စုံသော သတ္တဝါတို့၏။ ပတိဋ္ဌာ၊ ထည်ရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

www.dhammadownload.com

ထိုစနှနတ်သား၏ စကားကိုလည်း ကြား၍ "ထိုသို့တံပြိုးကား အိမ်သို့ ဝင်၍နေလော့၊ ဆန်ည်းငယ်သောထမင်းကို ရလတ္တံ့" ဟု ဆို၏။ ထိုစနှနတ်သားသည်လည်း ဝင်၍ သီကြားမင်းအထံ၌ နေ၏။

သူရိယနတ်သားအလှူခံပုံ

ထိုနောင်မှ အတန်ငယ်သောကာလကို လွန်စေ၍ သူရိယနတ်ဆားထည် လာလတ်၍ ထမင်းကို ဇတောင်းလိုရကား-

၁၁၅။ ဒုဒ္ဒဒံ ဒဒမာနာနံ၊ ဒုက္ကရံ ကမ္မ ကြုဗ္ဗတံ။
ဆသန္တော နာနု ကြုဗ္ဗန္တီ၊ သတံ ဓမ္မော ဒုရန္နယော၊

၁၁၆။ တသ္မာ သတဉ္စ ဆဃတံ၊ နာနာ ဟောတိ ဣတော ဂတိ။
ဆသန္တော နိရယံ် ယန္တိ၊ သန္တော သဂ္ဂ ပထုယနာ-

ဟူ၍သစ ဤနှစ်ဂါထာတို့ကို ရွတ်၏။

သူတော်ကောင်းမျာ၊ထူးကြသည်

၁၁၅။ မဟာသေဋ္ဌိ၊ ထူဋ္ဌေး၊ကြီး။ ဆသန္တော၊ ထူတော်ဓဟုတ် ထူယုတ်တို့သည်။ ဒုဒ္ဒဒံ လှူနိုင်ခဲသော ဆလှူဒါနကို။ ဒဒမာနာနံ၊ လှူကုန်သော။ ဒုက္ကရံ၊ ပြုနိုင်ခဲသော၊ ကမ္မံ၊ အလှူဒါနကောင်းမှုကို၊ ကြုဗ္ဗတံ-ကြုဗ္ဗန္တာနံ၊ ပြုကုန်သော။ တေသံ၊ ထိုသူတော်ကောင်းတို့သို့၊ နာနုကြုဗ္ဗန္တီ၊ ဆတုလိုက်၍ မပြုကုန်။ သတံဓမ္မော၊ သူတော်ဆောင်းတို့၏ ဆကျင့်ကို၊ ဒုရန္နယော၊ သူယုတ်တို့သည် လိုက်နိုင်ခဲ၏။

၁၁၆။ တသ္မာ၊ ထိုသူတော်ကောင်းတို့၏ ဆကျင့်သို့ လိုက်နိုင်ခဲသော ကြောင့်။ ဣတော၊ ဤပစ္စုပ္ပန်ဘဝမှ။ သဘဉ္စဂတိ၊ သူတော်တောင်းတို့၏ ဆလားသည်လည်းကောင်း။ ဆသတဉ္စဂတိ၊ သူတော်မဟုတ် သူယုတ်တို့၏ ဆလားသည်လည်းကောင်း၊ နာနာ၊ ထူးကြသည်၊ ဟောတိ၊ ဖြစ်၏၊ ဆသန္တော၊ ဝန်တို လောဘမစွဲဆရကြောင့် အလှူဒါနမရှိသော သူယုတ်တို့သည်၊ နိရယံ၊ချမ်းသာကင်းသောငရဲသို့။ ယန္တိ၊ လားရကုန်၏၊ သန္တော၊ ဝန်တိုလောဘ မစွဲဆရကို နှိပ်နှင်း၍ အလှူဒါနရှိသော သူတော်ကောင်း တို့သည်။ သဂ္ဂပထုယနာ၊ နတ်ပြည်သို့ လားရကုန်၏။

သူဌေးကြီးသည် စွဲလမ်းအပ်သော အယူကို မမြင်သည်ဖြစ်၍ "ထိုသို့ တပြီးကား ဝင်၍ပုဏ္ဏားတို့၏အတံ၌ နေလော့၊ ဆနည်းငယ်သောထမင်း ကို ရလတ္တံ့" ဟု ဆို၏။

www.dhammadownload.com

မာတလိနတ်သား အလှူခံပုံ

ထိုနောင်မှ ဆာတန်ငယ်သောကာလကို လွန်စေ၍ မာတလိနတ်သားသည် သာလုတ်၍ ထမင်းကိုတောင်းလျှင် မရှိဟူ၍ ဆိုကာမျှသော ထာလဘ်သာလျှင်-

၁၁၇။ ဆာပွသွေးက ပဝစ္ဆန်တိ၊ ဗဟူနေကေ န ဒိစ္ဆရ။
အာပွသွာ ဒက္ခိဏာ ဒိန္နာ၊ သဟဿေန သမံမိတာ;

ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကို ဆို၏။

နည်းသေဘ်လည်းအကျိုးကြီး၏

၁၁၇။ မဟာသတ္ဌိ၊ ထူဋ္ဌေးကြီး။ ဧးက၊ အချို့ကုန်သော ပညာရှိတို့သည်။ အပွသို့ပို၊ ဆနည်းငယ်သော ဒါနဝတ္ထုကိုသေဘ်လည်း။ ပဝစ္ဆန်တို့၊ လှူကုန်သည်သာတည်း။ ဧကေ၊ အချို့ကုန်သော မစ္ဆရရှိကုန်သော ထူတို့သည်။ ဗဟုနာ၊ များစွာသော လှူဖွယ်ဝတ္ထုနှင့်၊ သမန္နာဂတာပိ၊ ပြည့်စုံပါကုန်လျက်လည်း။ န ဒိစ္ဆရေ၊ မလှူကုန်။ ဒိန္နာ၊ ကံကံ၏ဆကျိုးကို ယုံကြည်၍ လှူဆပ်သော၊ အပွသွာ၊ ဆနည်းငယ်မျှသော၊ ဒက္ခိဏာ၊ ဆလှူဒါနမည်သည်ကို။ သဟဿေန၊ တစ်ထောင်သော ဆသပြောကိုစွန့်၍ လှူဆပ်သော ဆလှူဒါနနှင့်။ သမံမိတာ၊ ဆတူအမျှ နှိုင်းယှဉ်ဆပ်၏။

ထိုမာတလိနတ်သားကိုလည်း၊ ထူဋ္ဌေးကြီးသည် "ထိုသို့ ဓာပြီးကား ဝင်၍နေလော့" ဟု ဆို၏။

ပဥ္စသိခနတ်သားအလှူခံပုံ

ထိုနောင်မှ ဆာဘန်ငယ်သောကာလကို လွန်စေ၍ ပဥ္စသိခနတ်သားသည် ထာလဘ်၍ ထမင်းကိုတောင်းလျှင် "မရှိ၊ သွားလေလော့" ဟု ဆိုသည်ရှိသော် "ငါသည် မင်းထံကိုးပါး ဤအိမ်၌ ပုဏ္ဏားတို့ဆား ဆွမ်းကျွေးသည် ဖြစ်လတ္တံ့ယောင်တကား" ဟု ဆို၍ ထိုဘူဋ္ဌေးကြီးဆား ဇာထုးစကားကို ဆားထုတ်လိုရကား;

www.dhammadownload.com

၁၁၈။ မမ္မဉ္ဆရေ ယောပိ သမုဉ္ဆကံ စရေ၊
ဒါရဉ္ဆ ပေါသံ ဒဒ မပွတာသွိံ။
ကဿပွိ နာဂ္ဆ ဣတထာ ဓဿတော၊
သတံသဟဿာနံ သဟဿယာဂိနံ-
ဟူသော ရွှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

ဆင်းရဲသားအလှူပိုမြတ်

၁၀၈။ မဟာဒေဿဋ္ဌိ၊ သူဌေးကြီး။ ယော၊ အကြင်သူသည်။ စမ္မံ၊ သုစရိုက်ဆယ်ပါးတရားကို။ စရေ၊ ကျင့်၏။ ယောပိ၊ အကြင်ရဟန်းသည်လည်း။ သမုဉ္ဆကံ၊ ရွာ၌ အစိမ်းအကျက်ကို ဟရာနှင့်ဆည် ရွာမြို့ခြင်းတည်းဟူသော ဆွမ်းခံအကျင့်, ဒေဝဒတ်၌ သစ်သီးကြီးငယ်ကို ဆောင်ခြင်းဟူဆိုအပ်ထော ဆွမ်းခံအကျင့်ကို။ စရေ၊ ကျင့်၏။ ယော၊ အကြင်သူသည်။ ဒါရဉ္ဆ၊ မိမိသားမယားကိုလည်း။ ပေါသံ-ပေါသဿ္ဆော၀၊ မွေးလျက်လျင်။ အပွကသွိံ၊ အနည်းငယ်သော လှူဖွယ်၀တ္ထုသည်။ သန္တွပိ၊ ရှိသော်လည်း။ ဒဒ-ဒဒဧန္တော၀၊ အလှူခံတို့အား လှူလျက်၊ စမ္မံ၊ တရားကို။ စရေ၊ ကျင့်၏။ သဟဿယာဂိနံ၊ သူတစ်ပါးတို့ကို နှိပ်စက်ညှဉ်းဆဲ၍ ရအပ်သော တစ်ထောင် တစ်ထောင်သော ဥစ္စာကို စွန့်လှူကုန်သော။ သတံသဟဿာနံ၊ တစ်သိန်းသော သူတို့၏။ တေ ယာဂါ၊ ထိုလှူဒါန်းပူဇော်ခြင်းတို့သည်။ တထာဝိဓဿ၊ ထိုသို့သဘောရှိသော တရားနှင့်အညီ ရသော ဥစ္စာကို လှူသော သူဆင်းရဲအလှူ၏။ ကလမွိ၊ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှလည်း။ နာဂ္ဃန္တိ၊ မထိုက်ကုန်။

အဘယ်ကြောင့်မထိုက်သနည်း

သူဌေးကြီးသည် ပဋ္ဌသိခနတ်သား၏ စကားကိုမူတ်၍ ပဋ္ဌသိခနတ်သားကို မထိုက်သောအကြောင်းကို မေးလိုရကား-

၁၁၉။ ကေနေသ ယညော၀ိပုလော မဟဿဝေတော၊
သဒေမန ဒိန္နဿ နာဂ္ဃမေတိ။
ကထံ သတ သဟဿာနံ သဟဿယာဂိနံ၊
ကလမွိ နာဂ္ဃန္တိ တထာဝိဓဿ တေ-
ဟူသော၊ ကိုးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၁၉။ ပြာဟ္မဏာ၊ ပုဏ္ဏားကြီး။ ဝိပုလော၊ တစ်သိန်းဆောင်ဖွဲ့ဝါကို စွန့်ခြင်းငါဆစ္စမ်းဖြင့် မျှားသောဏကျိုး ရှိခဲ့ကောင်းပါလျက်။ မဟပ္ပုတော၊ ဆဖိုးမျှားစွာ ထိုက်ခဲ့ကောင်းပါလျက်။ သေ ဇော်သော ယခုသော၊ ဤတစ်သိန်း ထိုက်သောဏသပြာကို စွန့်ကြဲသော အလှူဒါနသည်း ကောန-ကာရဏောန၊ ဘာယဏဖြောင်းဖြင့်း သမေနဒိန္နသ၊ တရားနှင့်ညီစွာ ရရှာလှူအပ်သော ဏနည်းယော်သော ဆလှူ၏။ ဆဏ္ဍ်း၊ ဆဖိုးကို၊ နှ ဇတိ၊ မထိုက်သနည်း၊ ပြာဟ္မဏ၊ ပုဏ္ဏား၊ သဟဿယာဂိနံ၊ သူတစ်ပါးတို့ကို နှိပ်စက်ညှဉ်းဆဲ၍ ရဏပ်သော ဒုတစ်ထောင် တစ်ထောင်သော ဥစ္စာကို စွန့်လှူကုန်သော။ သတသဟဿဲခနံ-သတသဟဿ သခ်္ခါတာနံ၊ တစ်သိန်းဆရေအတွက်ရှိကုန်သော ယောကျ်းတို့၏။ တေ ယာဂါ၊ ထိုဆလှူတို့သည်း တထာဝိဓသ၊ ထိုသို့သဘောရှိသော လူဆင်းရဲတစ်ယောက်ဆလှူ၏း ဒါနံ၊ ဆလှူကို။ ကလမ္ပိ၊ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှလည်း၊ ကထံ ကေန၊ တာရဏောန၊ ဆာဘယ်သို့သော ဆကြောင်းဖြင့်၊ နာဂ္ဃန္တိ၊ မထိုက်ကုန်သနည်း။

ပစ္စည်းစင်ကြယ်၍

ထိုသို့ မေးစသော ဆခါ၌ သူဇဉ်းကြီး၊ဆား ပြေဒဆိုလိုသော ပဥ္စသိခနတိသ့ားသည်-

၀၂၀။ ဒဒန္တိ ဟဇော ဝိသဒမ နိဝိဋ္ဌော၊
ဆေတ္ဝာ ဝဓိတ္ဝာ ဆထ သေဒစယိတ္ဝာ။
သာ ဒက္ခိဏာ ဆသုမုခါ သဒဏ္ဍာ၊
သမေန ဒိန္နသ နှ ဆဋ္ဌမေတိ။
ဧဝံ သတသဟဿာနံ သဟဿယာဂိနံ၊
ထလမ္ပိ နာဂ္ဃန္တိ တထာ ဝိဓသ ဇော-

ဟူသော ဆဆုံးဖြစ်သော ဤဂါထာကိုဆို၏း

၁၂၀။ မဟာဒသဋ္ဌိ၊ သူဇဉ်းကြီး။ ဝိသဒမ၊ မည်မြည်တ်သော ကာယကံ စသည်၌း နိဝိဋ္ဌော၊ တည်ကုန်သော။ ဇဇော၊ ဆချို့ကုန်သော လူတို့သည်း ဆေတ္ဝာ၊ သူတစ်ပါးကို ပင်ပန်းစေ၍။ ဝဓိတ္ဝာ၊ သူတစ်ပါးကို သတ်၍။ ဆထ၊ ထိုမှတစ်ပါး။ သေစယိတ္ဝာ၊ သူတစ်ပါးတို့ကိုစိုးရိမ်စေ၍။ ဒဒန္တိဟိ၊ လှူကုန်သည်သောလျှင်တည်း၊ ဆသုမုခါ၊ သူတစ်ပါးတို့ကို

www.dhammadownload.com

မျက်ရည်ယိုစေတတ်သော။ သဒ္ဓာ၊ ယူတစ်ပါးတို့ကို ဥစ္စာဒဏ်လက်နက် ဒဏ်ပေးခြင်းနှင့်တကွဖြစ်သော။ သာဒကို့ကာ၊ ထိုသို့ တထူးနှင့်မညီထော အလျှူဃသည်။ သမေနဒိန္နသ၊ တထူးနှင့်ညီစွာရ၍ လျှူအပ်သော ဆန်သည်း ငယ်သော အလျှူဒါန၏။ ဆဋ္ဌ၊ ဆဖိုးကို။ နေတိ၊ မပိန်ဝင်း၊ မဟာသေဋ္ဌ၊ သူဌေးကြီး။ ဧဝ၊ ဤသို့လျှင်း သဟဿယာဂိနံ၊ သူတစ်ပါးတို့ကိုနှိပ်စက် ညှဉ်းဆဲ၍ ရဆပ်သော တစ်ထောင် တစ်ထောင်သော ဥစ္စာကို စွန့်လှူ ကုန်သော၊ သတသဟဿာနံ၊ တစ်သိန်းသောယောကျ်ားတို့၏။ တေ ယာဂါ၊ ထိုအလျှူဒါနတို့သည်း တထာစိဓဿ၊ ထိုသို့သဘောရှိသော လူဆင်း ရဲတစ်ယောကဲ့ အလျှူ၏း ကလမ္ပိ၊ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ် ကိုမျှလည်း။ နာဂ္ဃန္တိ၊ မထိုက်ကုန်။

ထိုသူဌေးကြီးသည် ပဥ္စသိခနတ်သား၏ တထူးစကားကို ကြား၍ ''ထိုသို့စကြိုးကား သွားချေ၊ ဆိပ်သို့ ဝင်၍နေလော့၊ အနည်းငယ်သော ထမင်းကို ရလတ္တံ့'' ဟု ဆို၏။ ထို ပဥ္စသိခနတ်သားသည်ဆည်း ထို့ဇ်း၊ ယောက်သော နတ်တို့၏အထံ၌ ဖန၏း

နွားစားထမင်းကျေးစခြင်း

ထိုနောင်မှ ကြောင်မျက်စိကဲ့သို့ မျက်စိရှိသောကြောင့် ဗိဠာရ ကဲ့သ သိယမည်သော ထိုသူဌေးသည် ကျွန်မကိုဆို၏း ''အိမ်ကျွန်မ....ထိုပုဏ္ဏား တို့အား တစ်ကျပ်းစားသော စပါးနှံကို ပေးလိုက်မလော့'' ဟု ဆို၏။ ထိုကျွန်မသည် မနင်းမနယ်သော စပါးနှံ တစ်ကျပ်းစားကို ယူပြီးလျှင် ပုဏ္ဏားတို့သို့ ဖျပ်၍ ''ဤစပါး တစ်ကျပ်းစားတို့ကိုယူ၍ အမှတ်မရှိသော အရပ်၌ ချက်စေ၍ စားလေကုန်လော့'' ဟု ဆို၏း ပုဏ္ဏားတို့သည် ''ငါ တို့အား စပါးနှံကိုအလိုမရှိ၊ ငါတို့သည် စပါးကို မသုံးသပ်ကုန်'' ဟု ထို ကုန်၏။ ထိုစကားကိုကြား၍ ကျွန်မသည် ''အရှင်သူဌေးကြီး....ထိုပုဏ္ဏား တို့သည် စပါးတို့ကို မကိုင်ကုန်သတတ်'' ဟု ဆို၏း ''ထိုသို့တပြီးဆား ထို ပုဏ္ဏားတို့အား ဆန်တို့ကိုပေးလော့'' ဟု ဆို၏။ ထိုကျွန်မသည် ဆန်တို့ကို ယူ၍သွားပြီးလျှင် ''အရှင်ပုဏ္ဏားတို့—ထိုဆန်တို့ကို ယူကုန်လော့'' ဟုဆို၏။ ''ငါတို့သည် ဆန်စိမ်းကို မခံကုန်'' ဟု ထိုကုန်၏း ''အရှင်သူဌေးကြီး.... ဆန်စိမ်းကို မခံကုန်သတတ်'' ဟု ဆို၏း ''အိမ်ကျွန်မ....ထိုသို့ ဆန်စိမ်းကို မယူမူ ထိုပုဏ္ဏားတို့အား နွားစာအလို့ငှာ ချက်သောထမင်းကို ထမင်းပဲ့၌

www.dhammadownload.com

ခူးခဲ့ပေးလေ့'' ဟု ဆို၏၊ ထိုကျွန်မသည် ထိုပုဏ္ဏားယောင်ဆောင်သော ငါးယောက်ခသာ သိကြားနတ်တို့အား နွားဆာပါင်းတို့၏ ဆာကျိုးငှာ ချက်အပ်သော ထမင်းကို ထမင်းပွဲ၌ ခူးပြီးလျှင်ဆောင်ခဲ့ပေး၏၊

ပုဏ္ဏားတို့လဲကုန်ပြီ

ငါးယောက်ကုန်သော ပုဏ္ဏားယောင်ဆောင်သောနတ်တို့သည် ဆာလုပ်ဆာလှဲ့ပြု၍ခံတွင်းခွဲထည့်၍လည်ခွဲ နှင်စေ၍မျက်လုံးတို့ကိုပြူးပြူးထွက်စေလျက် မိန်းမောကုန်သည်ဖြစ်၍ သေကုန်ဆဲသို့ လျှောင်းကုန်၏။ ကျွန်မသည် ထိုပုဏ္ဏားတို့ကိုမြင်၍ ''သေသည်ဖြစ်ကုန်လတ္တံ့'' ဟုးကြောက်သည်ဖြစ်၍ သွား၍ သူဌေးကြီးဆား ''ဆရင်သူဌေး...ပုဏ္ဏားတို့သည်နွားစာထမင်းကို မျိုခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ သေကုန်၏'' ဟု ကြားလျှောက်ကုန်၏။ ထိုသူဌေးကြီးသည် ယခုဆခါ၌ ''ယုတ်မာသောအကျင့်ရှိထော သူဌေးသည် သိမ်မွေ့နူးညံ့ကုန်သော ပုဏ္ဏားတို့ဆား နွားစာထမင်းကို ပေးစေ၏၊ ထိုပုဏ္ဏားတို့သည် နွားစာထမင်းကို မမျိုနိုင်ကုန်သည်ဖြစ်၍ သေကုန်ပြီ'' ဟု ငါ့ကို ကဲ့ရဲ့ကုန်လတ္တံ့ဟုကြံ၏။ ထိုသို့ကြံပြီးသည်မှ ကျွန်မကို ''အိမ်ကျွန်မ—လျင်မြန်စွာ သွား၍ ထိုထမင်းပွဲတို့၌ နွားစာထမင်းကိုပယ်၍ ဆထူးထူးသော မြတ်သော ဆာရဆာရှိသော ထမင်းကိုခူး၍ ထည့်ချေလော့'' ဟု ဆို၏း ထိုကျွန်မသည် သူဌေးကြီးဆိုတိုင်းပြု၏၊

ဆရပ်ကို သက်သေထူ

သူဌေးကြီးသည် ခရီးမဆုံး သွားကုန်သော လူဆာပါင်းတို့ကိုခေါ်ဝေ၍ ''ဆချင်းတို့...ငါသည် ငါစားသောနည်းဖြင့် ထိုပုဏ္ဏားတို့ဆားမြတ်သော ဆရသာရှိသော သလေးထမင်းကို ပေးစေ၏၊ ထိုပုဏ္ဏားတို့သည် လေစာကြီးခသောကြောင့် ကြီးစွာသောထမင်းလုတ်ကိုပြု၍ စားကြကုန်သည်ဖြစ်၍ လည်ခွဲနှင်၍ သေရကုန်၏၊ ငါ့ဆား အပြစ်မရှိသောဆဖြစ်ကို သိကြပါ၊ ကုန်ဆဲလော'' ဟုဆို၍ ပရိသတ်ကို စည်းဝေးစေ၏၊

ပုဏ္ဏားတို့ အန်၍ပြ

လူမျှားဆပေါင်းသည် စည်းဝေးကုန်သည်ရှိသော် ''ပုဏ္ဏားတို့သည် ထကုန်ပြီးလျှင် လူဆပေါင်းကိုကြည့်၍ ''အိုလူမျှားတို့—သူဌေး၏မဟုတ်

www.dhammadownload.com

မဓုန်သောစကားကို ရွှတ်ကြပါကုန်လော့၊ ငါစားသော ထမင်းကို ပေးစေ၏ဟူ၍ မုသားစကား ဆိုဘိ၏၊ ရှေးဦးစွာ နွားစာထမင်းကို ငါတို့ အား ပေးပြီး၍ ငါတို့သည် သေကုန်သကဲ့သို့ လျောင်းသည်ရှိသော် ဤသလေးထမင်းကို ခူး၍ ထည့်လာစေ၏'' ဟုဆို၍ မိမိတို့၏ ခံတွင်းတို့ဖြင့် ဖာန်သောထမင်းကို မြေ၌ထွေး၍ ပြကုန်၏။

လူတို့ အကဲ့ရဲခံရပြီ

လူအာဠဝကပါင်းသည် သူခြေးကို်ကဲ့ရဲ၍ ''သူခြေးမိုက် သင်သည် မိမိ၏ အဘ အဘိုး အဘေး ထစရှိသော သူတို့၏ လှူမြဲအစဉ် အမျိုးအနွယ်ကိုလည်း ဖျက်ဆီး၏၊ အလှူဘဏ်းကုပ်ကို မီးတိုက်၊စေ၏၊ အလှူခံတို့ကို သည်ဌ ကိုင်၍ နှင်ထုတ်စေပြီး၍ ယခုလည်း ဤသိမ်မွေ့နူးညံ့သော ပုဏ္ဏားတို့အား ထမင်းကို ပေးသည်ရှိသော် နွားစာထမင်းကို ပေးစေ၏၊ တမလွန်သို့ သွားရသည်ရှိသော် သင့်အိမ်ဌ်ရှိသော ဥစ္စာစည်းဝိမ်းကို လည်ဌ်ဆွဲ၍ သွားရ လတ္တံ့လော'' ဟု ကဲ့ရဲကုန်၏။

သိကြားမင်း ရှင်း၍ပြ

ထိုခဏဌ် သိကြားမင်းသည် လူအာဠဝကပါင်းကို ''အိုလူအာဠဝကပါင်းတို့.... ဤအိမ်ဌ်ရှိသမျှသော ဥစ္စာသည် အာဘယ်သူ၏ ဥစ္စာနည်း၊ သင်တို့ သိကုန်၏လော'' ဟုမေး၏။ ''မသိပါကုန်'' ဟု ဆိုသည် ရှိသော် ''ဆရာတို့.... ဤမြို့ဌ် ဤမည်သောမင်းလက်ထက် ဗာရာဏသီပြည်ဌ် မဟာသူဌေးကြီး ဆမည်ရှိသော သူဌေးကြီးသည် အလှူဘဏ်းကုပ်ကို ဆောက်လုပ်၍ အလှူ ကြီးကို ဖြစ်စေ၏ဟူ၍ သင်တို့သည် ကြားဖူးကြကုန်သလော'' ဟု မေး၏။ ''ကြားဖူးပါကုန်၏'' ဟု ဆိုသည်ရှိသော် ''ထိုအလှူကြီးကို ပေးသော သူဌေးထည် ငါပင်တည်း၊ ထိုသို့သော အလှူကိုလှူ၍ သိကြားမင်း ဖြစ်၍ ငါ၏ သားသည်လည်း ထိုအလှူကို မှဖျက်မူ၍ အလှူပေး၍လျှင် စန္ဒနတ်သားဖြစ်၏၊ ထိုသူ၏ သားသည်သည်း သူရိယနတ်သား ဖြစ်၏၊ ထိုသူ၏ သားသည်သည်း မာတလိနတ်သားဖြစ်၏၊ ထိုသူ၏ သားသည်လည်း ဂန္ဓဗ္ဗနတိမင်း၏သားဖြစ်သော ပဉ္စသိခနတ်သားဖြစ်၏၊ ဤသူ၏သား စန္ဒနတ်သား, ဤသူကား သူရိယနတ်သား, ဤသူကား ချီးမြှောက်ဘတ်စော မာတလိနတ်သား, ဤသူကား ဤသူဌေးယုတ်၏ အဘဖြစ်သော

www.dhammadownload.com

ဂန္ဓပ္ပနတ်မင်း၏ သားဖြစ်သော ပဉ္စသိခ နတ်သားတည်း။ ဤသို့လျှင် အလှူဖါနမည်သည်ကား မျှားစွာသော အကျိုးအာနိသင်ရှိ၏၊ ပညာရှိသော သူတို့သည် ထောင်းကျိုးချမ်းသာကို ပေးတတ်သော ဒါန သီလ အစရှိသော ကုသိုလ်ကို ပြုအပ်သည်သာလျှင်တည်း'' ဟု ဆိုလျက် လူအပေါင်း၏ ယုံမှားသင်္ကာကို ဖျောက်ခြင်းငှာ ဓကောင်းကင်သို့ ပျံတက်၍ ကြွေးစွာသော နတ်၏ အာနုဘော်ဖြင့် ကောင်းကင်၌ ထွန်းတောက်ပသော ကိုယ်ရောင်ကိုယ်ဝါ ရှိသည်ဖြစ်၍ တည်ကုန်၏။ မြို့အလုံးသည် ထွန်းတောက်ပသကဲ့သို့ ဖြစ်၏။

တရားဟော

သိကြားမင်းသည် လူအပေါင်းကိုခေါ်၍ ''ငါတို့ဆည် မိမိတို့၏ နတ်စည်းစိမ်အုပ်စုန်၍ လာကုန်သည်ရှိသော် အမျိုးအနွယ်ကိုဖျက်ဆီးတတ်သော ဤဗဋ္ဌာရကောသိယ သူဌေးယုတ်ကိုမှီ၍ လာကုန်၏။ ဤယုတ်မာသော အကျင့်ရှိသော သူဌေးသည် မိမိ၏ အမျိုးအနွယ်ကို ဖျက်ဆီး၍ အလှူတင်းကုပ်ကို မီးတိုက်ပြီးလျှင် အလှူခံတို့ကိုလည်း လည်ဋ္ဌကိုင်၍ နှင်ထုတ်စေလျက် ငါတို့၏ အနွယ်ကိုဖြတ်၍ ဤသူဌေးယုတ်သည် ဒါန သီလဟူသော ကောင်းမှုမှ ကင်းသည်ဖြစ်၍ ငရဲ၌ ဖြစ်ရာ၏ဟူ၍ ဤသူဌေးယုတ်အား သနားကုန်သည်ဖြစ်၍ လာကုန်၏'' ဟု ဆို၍ အလှူဒါန၏ အကျိုးဆက်ကိုပြလျက် လူအပေါင်းအား ဟောတော်မူ၏။

ကပ်စေးနဲသူဌေး ဝန်ခံ

ဗဋ္ဌာရကောသိယ သူဌေးသည်လည်း ဦးခေါင်းထက်၌ လက်အုပ်ကိုထား၍ ''အရှင်သိကြားမင်း.... အကျွန်ုပ်သည် ဤနေ့မှစ၍ ရှေးခေးခဲ့ဖြစ်သော ဆွေစဉ်မျိုးဆက်ကို မဖျက်မူ၍ အလှူကဲ့ ဖြစ်ပါစေအံ့၊ ယခုနှင့်အစ စွန့်ပြု၍ ဤယုတ်သဖြင့် ရောတံပူမျှကိုလည်း အစပြု၍ မိမိသည် ရအပ်သော အာဟာရကို သူတစ်ပါးအား မပေးလှူမူ၍ မစားပါအံ့'' ဟု သိကြားမင်းအား ဝန်ခံခြင်းကို ပေး၏။

သိကြားမင်းသည် ထိုဗဋ္ဌာရဒကာသိယ သူဌေးကို ဆုံးမ၍ ဥစ္စာခြွေမက်မောတတ်သော လောဘ ဟူသော အဆိပ်မရှိသည်ကဲ့သို့ပြု၍ ငါးပါးသော သီလကို၌ တည်စေပြီးလျှင် လေးယောက်ကုန်သော နတ်သားတို့ကို ယူ၍

www.dhammadownload.com

မိမိနေရာ တာဝတိံသာနတ်ရွာသို့သာလျှင် သွား၏၊ ထိုဗိဠာရကောသိယ သူဌေးသည်လည်း အသက်ထက်ဆုံး အလှူပေး၍ တာဝတိံသာ နတ်ပြည်၌ဖြစ်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည်ကျွမ်းမှဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့...ကျွှန်သို့လျှင် ကျွန်ရဟန်းသည် ဌေး ဗိဠာရကောသိယသူဌေးဖြစ်သော အခါ၌ သဒ္ဓါခြင်း မရှိသည်ဖြစ်၏၊ တစ်စုံတစ်ခုသော ဥစ္စာကို မပေးမလှူ၊ ထိုသို့ မပေးမလှူသော်လည်း သိကြားမင်းဖြစ်သော ငါသည် ထိုသူ၌ ဆုံးမ၍ အလှူ၏အကျိုးကို သိစေ၏၊ ထိုလှူလို သောစိတ်ကို ဘဝတစ်ပါးသို့ ရောက်သော်လည်း မစွန့်" ဟု မိန့်တော်မူ၍ "ရဟန်းတို့...ယခု အလှူပေးလေ့ရှိသော ကျွန်ရဟန်းသည် ထိုအခါ ဗိဠာရကောသိယ သူဌေးဖြစ်ဖူးပြီ၊ ယခုအခါသဒ္ဓါရှိပုဂ္ဂိုလ်သည် ထိုအခါ စန္ဒနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ သူရိယနတ်သား ဖြစ်ဖူးပြီ၊ ယခုသခါတသပသည် ထိုအခါ မာတလိနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပဥ္စသိခနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ဒေပါင်းတော်မူ၏။

(တရားဥစ္စာ၊ လှူဒါန်းရာ၊ မျှားစွာအကျိုးလာ)

တစ်ဆယ့်နှစ်ခုမြောက်သော ဗိဠာရဒကောသိယဇာတ်သည် ပြီး၏။

၁၃-စက္ကဝါကဇာတ်

အာဟာရ၌ လွန်စွာမက်မောခြင်းသည် ယုတ်မာခြင်း

ဟောတော်မူရာဌာန။ နုတ်နှုတ်ဖက်သော လေးကကို ဆုံးဖြတ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် "ဝဏ္ဏဝါ အဘိရူပေါသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ကျွန်စက္ကဝါကဇာတ်ကို ဟောတော်မူခဲ့၏ သီဘင်းသုံးနေတော်မူဦး လျှပ်ပေါလော်လည်သော ရဟန်းတစ်ပါးကို အစကြောင်းပြု၍ ဟောခဲ့တော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုရဟန်းသည် ပစ္စည်းလေးပါးတို့ဖြင့် မေးထောင်ရသည်ဖြစ်၍ "သံဃဘတ်သည် ဆာဘယဆရပ်၌ ရှိပါလိမ့်မည်း၊ နိမ့်နှုန်းဘတ်သည် ဆာဘယဆရပ်၌ ရှိပါလိမ့်မည်း" ဟု ရှာလျှက်သွား၏။

www.dhammadownload.com

ပစ္စည်းမက်သော ရဟန်း

ပစ္စည်းခလေးပါးဟူသော အာမိသနှင့် စပ်သော စကားကို ပြောဟော ခြင်းငှါသာလျှင် မေ့လျော့၏။ ထိုအခါ တစ်ပါးကုန်သော သီလကို ချစ်ကုန်သော ရဟန်းတို့သည် ထိုရဟန်းကို ချီးမြှောက်သောအားဖြင့် မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်ဘော်မူ၍ ''ရဟန်း....သင်သည် ပစ္စည်းလေးပါးတို့၌ မက်မောတတ်၏ဟု ငါကြားခဲ့တမူသည် မှန်သလော'' ဟု မေးတော်မူ၍ ''အရှင်ဘုရား မှန်ပေ၏'' ဟု နားတော် လျှောက်သည်ရှိသော် ''ရဟန်း....ဤဘယ်ကြောင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှု ထွက်မြောက်ဖွယ်တော်သော ငါဘုရား သာသနာတော်၌ ရဟန်းပြု၍ လောဘကို ဖြစ်စေဘိသနည်း၊ ပစ္စည်းလေးပါးတို့၌ မက်မောခြင်းမည်သည်ကား လွန်စွာ ယုတ်မာ၏၊ ရွံ့၌လည်း သင်သည် ဆာဟာရ၌ မက်မောဖွယ်သော လောဘကို အမှီပြု၍ ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသော အကောင်ပုပ်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ဓာတုအုပ်ကြီးသို့ ဝင်ဖူးပြီ'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ခုသော လောဘကြီးသော ကျီးသည် ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသည်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ''တောသည် အဘယ်သို့ ဖြစ်ရာသနည်း၊ တော၌ အဘယ်သို့သော အစာရှိသည် ဖြစ်ရာသနည်း'' ဟု ပုံသွေး၍ ထိုထိုသစ်ပင်၌ သစ်သီးငယ် သစ်သီးကြီးတို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ဂင်္ဂါနဒီသို့ ပုံသွား၍ လှည့်လည်သည်ရှိသော် လင်မယား အစုံဖြစ်သော စက္ကဝါဂ်တို့ကို မြင်၍ ''ဤငှက်တို့သည် ဆလွန်လျှင် တင့်တယ်ကုန်၏၊ ဤဂင်္ဂါနဒီ မျှားစွာသော ငါးတို့ကို စားရကုန်ယောင်တကား၊ ဤငှက်တို့ကို မေး၍ ငါသည်လည်း ဤငှက်တို့၏ အစာကိုစား၍ အဆင်းလှသည် ဖြစ်ခြင်းငှာ သင့်၏'' ဟု နှလုံးပြု၍ ထို စက္ကဝါဂ်တို့၏ အနီးသို့သွား၍ စက္ကဝါဂ်တို့ကို မေးလိုရကား-

၁၂၁။ ဝက္ကဝါ အဘိရူးပါ သိ၊ ဃနာ သဉ္ဇာတ ဇရာဟိမတာ။
စက္ကဝါက သုရူပေါ သိ၊ ဝိပ္ပသန္နာ မုခိန္ဒြိယာ။

www.dhammadownload.com

၁၂၂။ ပါဋ္ဌိနံ ပါစုသံ မစ္ဆံ၊ ဗလဇံ မုဉ္ဇ ရောဟိတံ၊
ဂင်္ဂါတီရေ နိသိန္နော သိ၊ ဧဝံ ဘုဉ္ဇသိ ဘောဇနံ·

ဟူသော ရွှေငါးစွာသော ဤနှစ်ပါးထားတို့ကို ဆို၏။

ဘာကိုစားကြသလဲ

၁၂၁။ စက္ကဝါက၊ ကောဝါက်။ တဲ့၊ သင်သည်။ ဝဏ္ဏဝါ၊ နှစ်သက်ဖွယ်သော အဆင်းရှိသည်။ အဘိရူပါ၊ အလွန်အဆင်းလှသည်။ ဃနော၊ တစ်ခဲနက်သော ကုံယ်ရှိသည်၊ သဉ္ဇာတရောဟိတော၊ ငါးသစ်သော ရွှေအဆင်းကဲ့သို့သော အဆင်းရှိသည်။ အသိ၊ ဖြင့်၏။ သုရူပါ၊ ချီးမွမ်းထိုက်သော ကိုယ်သဏ္ဌာန်ရှိသည်၊ စိပ္ပသန္နမုခီဿိ၊ ယော၊ ကြည်လင်သော မျက်စိကွန်ရှိသည်။ အသိ၊ ဖြစ်၏၊

၁၂၂။ စက္ကဝါက၊ စက္ကဝါက်။ ဂင်္ဂါတီရေ၊ ဂင်္ဂါနဒီ၌၊ နိသိန္နော၊ နေသောသင်သည်၊ ပါဋ္ဌိနံမစ္ဆံ၊ ငါးဖယ်လည်းကောင်း။ ပါဝုသံမစ္ဆံ၊ ငါးသိုင်းလည်းကောင်း၊ ဗလဇံ၊ ငါးဘတ်လည်းကောင်း။ မုဉ္ဇံ၊ ငါးရံ့လည်းကောင်း။ ရောဟိတံ၊ ငါးကြင်းလည်းကောင်း။ ဧဝံ·ဣဒံ·ဘောဇနံ၊ ဤအစာကို။ ဘုဉ္ဇသိ၊ စားရသလော၊

မျှော်ကိုစားကြသည်

စက္ကဝါက်သည် ထိုကျီး၏ စကားကို ပယ်လိုသည်ဖြစ်၍·

၁၂၃။ နဝါဟ မေတံ ဘုဉ္ဇာမိ၊ ဇင်္ဂလာနုဒကာနိ ဝါ။
အညတြ သေဝါလ ပဏကာ၊ ဧတံ မေ သမ္မ ဘောဇနံ·

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၁၂၃။ သမ္မကာက၊ အဆွေကျီး။ သေဝါလပဏကာ၊ မျှော်သေးမျှော်ကြီးတို့ကို။ အညတြ၊ ကြဉ်၍၊ ယာနိ ဇင်္ဂလာနိ ဝါ၊ အာကြင်မြဋ္ဌဖြစ်သော အသားတို့သည်လည်းကောင်း။ ယာနိ ဥဒကာနိ ဝါ၊ အကြင်ရေဋ္ဌဖြစ်သော အသားတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏၊ ဧတံ၊ ထိုကြည့်၊

www.dhammadownload.com

ဌဳဖြစ်သော အသား၊ ရေဌဳဖြစ်သဒ အသားကို၊ အဟံ၊ ဝါသည်။ နု ဘုဥ္ဇာမိ၊ မစား။ ယံ သေဝါလပဏကံ၊ အကြင် မှော်ဓသး မှော်ကြီး သည်၊ အတ္ထိ၊ ရှိ၏။ တေံ၊ ကျိုးမွဉ်သေး မှော်ကြီးသည်သာလျှင်၊ မေ၊ ဝါ၏၊ ဘောဇနံ၊ ဆစ်ဝတည်း။

ဝါမယုံပါ

ထို့နောင်မှ ကျိုးသည်-

၁၂၄။ နဝါဟ ဓမတံ သဒ္ဓဟာမိ၊ စက္ကဝါကဿ ဘောဇနံ၊
အဟမ္ပိ သမ္မ ဘုဥ္ဇာမိ၊ ဂါမေ လောကိယ ဓေလိကံ။

၁၂၅။ မနုဿသု ကတံ ဘတ္တံ၊ သုစိ မံသူပသေစနံ။
နု စ မေ တာဒိသော ဝဏ္ဏော၊ စက္ကဝါက ယာဒဝါ ဘဝ-
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏၊

၁၂၄။ သမ္မစက္ကဝါက၊ အဓဆုစက္ကဝါက်၊ အဟမ္ပိ၊ ဝါသည်လည်း၊ ဂါမေ၊ ဌဳ။ လောကိယဓတလိကံ၊ ဆားလူး၍ ဆီးကြော်သော အသား၊ ကို၊ ဘုဥ္ဇာမိ၊ စား၏။ မနုဿသု၊ လူတို့ဌဳ။ ကတံ၊ ချက်ပြုတ်အပ်သော၊ သုဒိ၊ စင်ကြယ်စွဲသော။ မံသူပသေစနံ၊ သားပြုမ်းဟူသော။ ဘတ္တံ၊ အစာကို၊ ဘုဥ္ဇာမိ၊ စား၏၊

၁၂၅၊ စ-တထာပိ၊ ထိုသို့ စား၍ပါလျက်လည်း။ တဝ၊ ထင်၏။ ဝဏ္ဏောယထာ၊ အဆင်းကဲ့သို့။ တာဒိသော၊ ထိုသို့သဘောရှိသော၊ ဝဏ္ဏော၊ အဆင်းသည်၊ မေ၊ ဝါ့အား။ ယသ္မာ၊ အကြင်ကြောင့်၊ နတ္ထိ၊ မရှိ၊ တသ္မာ၊ ထို့ကြောင့်။ စက္ကဝါကဿ၊ အဓဆုစက္ကဝါက်၏။ ဘောဇနံ၊ မှော်ဓသည်သာလျှင် အစာဟု သင်ဆိုသော။ ဓေတံဝစနံ၊ ထိုစကားကို။ အဟံ၊ ဝါသည်၊ နု သဒ္ဓဟာမိ၊ မယုံနိုင်ပါ၊

ရုပ်ဆင်းမလှရကြောင်း

ထိုသို့ဆိုသောအခါ ကျိုးအား စက္ကဝါက်သည် အဆင်းမလှခြင်း၏ အကြောင်းကိုဆို၍ တရားကို ဟောလိုရကား-

www.dhammadownload.com

၁၂၆။ ဆမ္မသဲ့ အတ္တာနိ ဝေရံ၊ ဟိ သာယ မာနုသံ ပဇံ။
ဥတြဿော ဃသသိ ဘီတော၊
တေန ဝဒဏ္ဍော တဝေဒိသော။

၁၂၇။ သမ္ဗဒလာလ ဝိရုဒ္ဓါသိ၊ ဓက် ပါပေန ကမ္မုနာ။
လဒ္ဓပိဏ္ဍော နု ပီဏေသိ၊
တေန ဝဒဏ္ဍော တဝေဒိသော။

၁၂၈။ အဟမ္ပိ သမ္မ ဘဒ္ဒြာမိ၊ အဟိံသံ သမ္ဗပါဏိနံ။
အပ္ပေါဿုက္ကော နိရာသင်္ကီ၊
အသောဏော အကုတော ဘယော။

၁၂၉။ သော ကရဿု အာနုဘာဝံ၊ စိတိဝတ္တာဿု သိလိယုံ။
အဟိံသာယ စရ လောကေ၊
ပိယော ဟောဟိသိ မံမိဝ။

၁၃၀။ ယော နု ဟန္တိ နု ဃာတေတိ၊ နု ဇိနာတိ နု ဇာပယေ။
မေတ္တံသော သဗ္ဗဘူတေသု၊ ဝေရံ တဿ နု ကေနစိ.
ဟူသော ကြွင်းသော ဤငါးဂါထာကို ဆို၏။

ထိတ်လန့်ကြောက်ရွံ့ မစားရ

၁၂၆။ သမ္မကာဂက၊ အာဒဆ္ဆကျိုး။ တံ့၊ သင်သည်။ ဝေရုံ၊ သူတစ်ပါး၊ တို့၌ ဖြစ်သော ရန်နှင့်ယှဉ်သောစိတ်ကို။ အတ္တာနိ၊ မိမိကိုယ်၌။ သမ္မသံ-သမ္မသဒန္တာ၊ မြင်သည်ဖြစ်၍။ ဥတြဿော၊ ထိတ်လန့်သည်ဖြစ်၍၊ ဘိုးတော၊ ကြောက်သည်ဖြစ်၍၊ ဃသသိ၊ စားရ၏၊ မာနုသံ၊ လူ၌ဖြစ်သော။ ပဇံ၊ သတ္တဝါကို၊ ဟိံသာယ၊ ညှဉ်းဆဲလျက်။ ဥတြဿော၊ ထိတ်လန့်သည်ဖြစ်၍၊ ဘိုးတော၊ ကြောက်သည်ဖြစ်၍။ ဃသသိ၊ စားရ၏။ တေန၊ ထိုသို့ကြောက်ရွံ့ ထိတ်လန့်လျက် စားရသောကြောင့်။ တဝ၊ သင်။ ဝဏ္ဏော၊ အဆင်းသည်။ ဒိသော၊ ဤသို့ မလှသော ထင်ဟော်ရှိ၏၊

ရသမျှဖြင့် ကျေနပ်ရာ

၁၂၇။ သမ္မဓက်၊ အာဒဆ္ဆကျိုး၊ တွံ၊ သင်သည်။ ပါပေန ကမ္မုနာ၊ ●●ကောင်းမှုဖြင့်။ သမ္ဗဒလာဘဝိရုဒ္ဓါ၊ လူအပေါင်းတို့နှင့် ဆန့်ကျင်

www.dhammadownload.com

လည်း အသီ၊ ဖြစ်၏။ လဒ္ဓပိဏ္ဍော၊ ရအပ်သော ဧစေးကိုလည်း။ နပီဏေသိ၊ မနှစ်သက်း တေန၊ ထို့ကြောင့်၊ ဇ၀၊ သင်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဧဒိသော၊ ဤသို့မလှဇသော သဒ္ဒါးရှိ၏။

သူတစ်ပါးကို မညှဉ်းဆဲရ

၁၂၇။ သမ္မ၀ါယသ၊ အဆွေကျိုး၊ အဟမ်ို၊ ငါသည်ကား၊ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တ၀ါတို့ကို။ ဆဟိ သံ-အဟိ သန္တော၊ မညှဉ်းဆဲမူ၍၊ ဘော၀နံ။ ရရသမ္မသော မှော် ရည်ရွယ်ဟူသော ဆစာကို။ ဘုဥ္ဇာမိ၊ စား၏။ အပ္ပေါသုဒ်ကာ၊ ကြောင့်ကြမရှိသည်ဖြစ်၍။ နိဆုသက်ိ၊ ရှုံရှားခြင်း မရှိသည်ဖြစ်၍။ အဒသာကော၊ စိုးရိမ်ခြင်း မရှိသည်ဖြစ်၍၊ ဆကုဒတာဘယော၊ ကြောက်ဆပ်ဒသာ တစ်စုံတစ်ခုသော်ဘား မရှိသည်ဖြစ်၍၊ ဝိဟရာမိ၊ နေ၏။

သူများ ချစ်အောင်နေ

၁၂၉။ သမ္မ၀က်ို၊ အဆွေကျိုး။ သော တ့ံ၊ ထိုသင်သည်။ ဆာနုဘာ၀ံ၊ ကောင်းသောဆကျိုးကို ပဒုးစေတတ်သော လုံ့လ၀ီရိယကို။ ကရသု၊ ပြုပါလေ၊လော့။ အသိလိယံ၊ မိမိ၏ သီလမှရှိသော အဖြစ်ကို။ ဝိတိ၀တ္တသု၊ လွန်၍ ကောင်းစွာကျင့်ပါလေ၊လော့။ လောတေ၊ လူ၌။ ဆဟိ သာယ၊ သတ္တ၀ါတို့ကို သနှားခြင်းကရှကာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ စရ၊ ကျင့်ပါလေ၊လော့၊ အဟမ်ို၊ ငါသည်လည်း။ ပိ၊ ယော၊ လူဆပေါင်း၌ ချစ်အပ်သော အကျင့်ရှိသည်။ ဟော၊ မိ ဣဝ၊ ဖြစ်သကဲ့သို့၊ ဓမံ၊ ငါနှင့်တူစွာ။ တ့ံ ပိ၊ သင်သည်လည်း။ ပိ၊ ယော၊ ချစ်ဆပ်ဒသော ဆကျင့်ရှိသည်။ ဟော၊ ဟိသိ၊ ဖြစ်၊ လေ၊လော့။

အမြဲမေတ္တာထား

၁၃၀။ သမ္မ၀က်၊ အဆွေကျိုး။ ယော၊ အကြင်သူသည်။ သတ္တေ၊ သတ္တ၀ါတို့ကို၊ နဟန္တိ၊ မသတ်၊ နဃာတေတိ၊ မညှဉ်းဆဲ။ နဇီနာတိ၊ ဥစ္စာဆုံးရှုံးခြင်းကိုမပြု။ နဇာပယေ၊ ဆုံးရှုံး၊ အောင် ပြုလော့ဟု သူတစ်ပါးတို့ကိုလည်း မတိုက်တွန်း။ သဗ္ဗဘူတေသု၊ ခပ်သိမ်းကုန်သောရန် သတ္တ၀ါ ရန်သူမဟုတ်သော သဲတ္တ၀ါတို့၌၊ မေတ္တံသော-မေတ္တာကောဋ္ဌာ

www.dhammadownload.com

ခံသော၊ မေတ္တာအဖို့ရှိသော စိတ်ရှိသော၊ တဿ၊ ထိုသို့သတ္တဝါတို့ကို မည္ဥဉ်းဆဲသောသူအား၊ ကေနစိ၊ တစ်စုံတစ်ယောက်သောသူနှင့်။ ဝေရံ၊ ရန်မည်သည်။ နတ္ထိ၊ မရှိ။

ကျီးကား မိုက်မြဲပင်

ဤသို့လျှင် စက္ကဝါက်သည် ကျီးအား တရားဟော၏။ ကျီးသည် ''သင်တို့သည်ကား မိမိတို့၏အစာကို ငါ့အားဟုတ်မှန်စွာ မဆိုကုန်'' ဟု ဆောကာ ဟူသော ကျီးသံကိုမြည်လျက် ပျံ၍ ဗာရာဏသီပြည် ကျင်ကြီးစွန်းရာ ဓမြေအရပ်၌သာလျှင် သက်လေ၏။

ဇောတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒဿနာကိုဆောင်တော်မူပြီးလျှင်သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကိုပြတော်မူသည်၏အဆုံး၌လျှပ်ပေါ်လော်လည်သောရဟန်းသည်အနာဂါမိဖိုလ်ဋ္ဌ တည်၏။ ဇာတ်ကို အာဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူစား-

''ရဟန်းတို့...ယခုအခါ၌ လျှပ်ပေါ်လော်သည်သော ရဟန်းသည် ထိုအခါ ကျီးဖြစ်ဖူးပြီ၊ ယခုအခါ ရဟုလမယ်တော်သည် ထိုအခါ စက္ကဝါက်ဌက်မဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စက္ကဝါက်ဌက်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စိတ်ရှင်ရောင့်ရဲ၊ မည္ဥဉ်းဆဲ၊ အမြဲမေတ္တာ လွှမ်းပါ။)

စာစ်ဆယ့်သုံးခုမြောက်သော စက္ကဝါကဇာတ်သည် ပြီး၏။

၁၄-ဘူရိယပညောတ်

''သစ္စံကိရ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘူရိပညောတ်သည် မဟာဥမင်္ဂဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

တစ်ဆယ့်လေးခုမြောက်သော ဘူရိပညောတ်သည် ပြီး၏။

www.dhammadownload.com

၁၅-မဟာမင်္ဂလာတ်

သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားအကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကိုသု နရော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာမင်္ဂလာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် မဟာမင်္ဂလသုတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊

ပစ္စုပ္ပန်ဝတ္ထု။ ရာဇဂြိုဟ်ပြည်၌ တစ်စုံတစ်ခုသော ပြဿနာကိစ္စကြောင့် စည်းဝေးရာ ဇရပ်၌ စည်းဝေး၍ လူအပေါင်း၏အလယ်၌ ယောကျ်းတစ်ယောက်သည် "ယနေ့ ငါ့အား ပြဿနာပြေအပ်သောမင်္ဂလာရှိ၏"ဟု ထ၍သွားလေ၏၊ တစ်ယောက်သော ယောကျ်းသည် ထိုယောကျ်း၏ မင်္ဂလာဟူသော စကားကိုကြား၍ "ဤသူသည် မင်္ဂလာဟုဆို၍ စောလျင်သွား၏၊ ထိုမင်္ဂလာမည်သည် အဘယ်နည်း" ဟု ဆို၏။

မင်္ဂလာအမျိုးမျိုး

ထိုယောကျ်းကို တစ်ယောက်သော ယောကျ်းသည် "အလွန်မင်္ဂလာဟု သမုတ်အပ်သော ရွှေပါရုံကို မြင်ရခြင်းသည် မင်္ဂလာမည်၏၊ ထိုစကားသည် မှန်၏၊ အချို့သောသူတို့သည် နံနက်စောစောကလျင် ထ၍ ကိုယ်လုံးဖြူသော ဥသဘကိုမူ သည်း မြင်၏။ ကိုယ်ဝန်ဆောင်သော မိန်းမကိုလည်းကောင်း, ငါးကြင်းကိုလည်းဆောင်း, ရေပြည့်အိုးကိုလည်းကောင်း, ဆီဦးကိုလည်းကောင်း, နွားနို့ ထောပတ်ကိုလည်းဆောင်း, အစာမဲ့သေးသော ပုဆိုးကိုလည်းကောင်း, နို့ဃနာထမင်းကိုလည်းကောင်း မြင်၏၊ ဤထက်အလွန် မင်္ဂလာမရှိပြီ"ဟု ဆို၏၊ ထိုယောကျ်းသည် ထိုအပ်သော စကားကို အချို့သောသူတို့သည် ကောင်းစွာ ဆိုအပ်ဆဲစကားဟူ၍ နှစ်သက်ကုန်၏၊

တစ်ယောက်သော ယောကျ်းသည် "ထိုမြင်အပ်သော ရွှေပါရုံသည် မင်္ဂလာမမည်။ ကြားအပ်သောအသံသည် မင်္ဂလာမည်၏။ ထိုစကားသည်

www.dhammadownload.com

မှန်၏။ အချို့သောသူတို့သည် 'ပြည့်ဝ၏' ဟု ဆိုကုန်သော သူတို့၏အသံကို ကြား၏။ ထိုမှထစ်ပါးလည်း 'ပွားသည်ထက်ပွား၏' ဟု ဆိုကုန်သော သူတို့၏အသံကို ကြား၏။ 'ချမ်းသာ၏' ဟု ဆိုကုန်သော သူတို့၏ အသံကို ကြား၏။ 'စားလေ့ သောက်လေ့' ဟု ဆိုကုန်သော သူတို့၏အသံကို ကြား၏။ ဤထက်အလွန် မဂ်လာမရှိပြီဟု ဆို၏။ ထိုသူတို့သည် ဆိုအပ်သော စကားကိုလည်း အချို့သော သူတို့သည် ကျောင်းစွာ ဆိုအပ်သော စကဲ့သို့ နှစ်သက်ကုန်၏။

တစ်ဖယောက်သောသူသည် ''ထိုမြင်အပ်သော ရုပါရုံသည် မဂ်လာမမည်၊ ကြားအပ်သော သဒ္ဒါရုံသည် မဂ်လာ မမည်၊ တွေ့ထိအပ်သော အာရုံသည် မဂ်လာမည်၏ဟု ထို၏။ ထိုစကားသည် မှန်၏။ အချို့သောသူသည် စောစောကလျှင် ထ၍ မြေကို သုံးသပ်၏။ စိမ်းသော နေ့စဉ် မြက်ကို စိုစသော နွားချေး စင်ကြယ်သန့်ရှင်းသော ပုဆိုး ငါးကြင်းရှေ့က် ငွေ့ခွက်ကို သုံးသပ်မိ၏။ ဤထက်အလွန် မဂ်လာမည်သည် မရှိ''ဟု ဆို၏။ ထိုသူသည် ဆိုအပ်သောစကားကိုလည်း အချို့သောသူတို့သည် ကောင်းစွာဆိုအပ်သော စကားဟူ၍ နှစ်သက်ကုန်၏။

မဂ်လာကိုမသိကြ

ဤသို့လျှင် ဒိဋ္ဌမဂ်လာ အယူရှိသော ပရိသတ်, သုတမဂ်လာအယူရှိသော ပရိသတ်, မုတမဂ်လာအယူရှိသော ပရိသတ်ဟူ၍ သုံးပါးကုန်သော ပရိဏတ်တို့သည် ဖြစ်ကုန်၍ အချင်းချင်း သိစေခြင်းငှာ မတတ်နိုင်ကုန်။ ဘုမ္မစိုးနတ်တို့ကို အစပြု၍ အဂ္ဂနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင်သော နတ်ဗြဟ္မာတို့သည် ''ဤသည်ကား မဂ်လာမည်ဆဲ'' ဟူ၍ မှန်သော အားဖြင့် မသိနိုင်ကုန်၊

မဂ်လသုတ်ကိုဟောတော်မူခြင်း

သိကြားမင်းသည် ကြံ၏။ အဘယ်သို့ကြံသနည်း ဟူမူကား- ''ဤမဂ်လာပြဿနာကို နတ်ပြည် ဗြဟ္မာပြည်နှင့်တကွသော လောကဋ္ဌ မြတ်စွာဘုရားကိုထား၍ ဘုရားမှ တစ်ပါးသောသူသည် ဖြေဆိုခြင်းငှာ တတ်နိုင်သော သူ မည်သည်မရှိ၊ မြတ်စွာဘုရားသို့ တပ်၍ ဤမဂ်လာပြဿနာကို မေးအံ့'' ဤသို့ကြံ၏။ ကြံပြီး၍ ထိုသိကြားမင်းသည် ညဉ့်အဖို်ဌ် မြတ်စွာဘုရားသို့

www.dhammadownload.com

ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် ''ဗဟူ ဒေဝါ မနုဿာ စ'' အစရှိသည်ဖြင့် ပြဿနာကို မေးလျှောက်၏။ ထိုသို့မေးလျှောက်သောအခါ မြတ်စွာဘုရားသည် ထိုသိကြားအား တစ်ဆယ့်တစ်ဂါထာတို့ဖြင့် သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတို့ကို ဟောတော်မူ၏။ မင်္ဂလသုတ်ကို ဟောတော်မူသည်ရှိသော် ကုဋေအသိန်း အတိုင်းအရှည်ရှိကုန်သော နတ်ပြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့၏ အရေအတွက်သည်ကား အတိုင်းအရှည်မရှိ။ သိကြားမင်းသည် မင်္ဂလစတုဏ်းကို နာပြီးလျှင် မိမိနေရာ တဒဝတိံ သာသို့လျှင် သုး၏။ မြတ်စွာဘုရားသည် မင်္ဂလာကို ဟောတော်မူပြီးခသော် နတ်ပြည် ပြဟ္မာပြည်နှင့် တကွသော လူအပေါင်းတို့သည် ''မဖောက်မပြန်မှန်သော ဒေသနာတော်တည်း'' ဟူ၍ အလွန်နှစ်သက် ဝမ်းမြောက်ကုန်၏။

ထိုအခါ တရားသဘင်၌ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားကို ပြောဟောကြကုန်၏။ ''ငါ့ရှင်တို့.... မြတ်စွာဘုရားသည် တစ်ပါး ကုန်သော လူနတ်ပြဟ္မာ လတ္တဝါတို့၏ အဆုံးမဟုတ်သော မင်္ဂလာနှင့် စပ်သော ပြဿနာကို နတ်ပြဟ္မာနှင့် တကွသော လူအပေါင်း၏ စိတ်ကို ယူ၍ တွေးတောခြင်းကို ဖြတ်တော်မူ၍ ကောင်းစွာပြင်၌ လကို ထင်စေဘိသကဲ့သို့ ဟောတော်မူ၏။ ''ငါ့ရှင်တို့.... ဤသို့လျှင် မြတ်စွာဘုရားသည် ကြီးမြတ်သောပညာ ရှိတော်မူ၏'' ဟု ဟောပြောကြကုန်၏။ မြတ်စွာဘုရားသည် လာဘောဘ်မူလတ်၍ ''ရဟန်းတို့....ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်း'' ဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏'' ဟု နားတော်လျှောက်သည်ရှိသော် ''ရဟန်းတို့.... ယခုအခါ၌သာလျှင် သမ္မည်ဘုရားအဖြစ်သို့ ရောက်တော်မူ၍ မင်္ဂလာနှင့်စပ်သော ပြဿနာကို ဖြေတော်မူခြင်းသည် မအုံ့သြအပ်သည်သာလျှင်တည်း၊ ငါဘုရားသည် ဘုရားလောင်းတို့၏ အကျင့်ကို ကျင့်တော်မူစဉ်လည်း နတ်တို့၏ ယုံမှားခြင်းကို ဖြတ်၍ မင်္ဂလာပြဿနာကို အကျဉ်း ဖြေဖူး၏။ ထိုဘုရားလောင်းဖြစ်စဉ် ဖြစ်သော ဂုဏ်ကျေးဇူးသည်လျှင် အလွန်အံ့ဖွယ်ရှိ၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်လွန်ပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားခလောင်းသည် တစ်ခုသော

www.dhammadownload.com

ရွာငယ်ဝယ် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသောပုဏ္ဏားမျိုးဌာဖြစ်၍ ဘုရားလောင်း အား "ရကို့တ" ဟူသော အမည်ကို မှည့်ကုန်၏၊

ရကို့တရသေ့

ထိုဘုရားလောင်းသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်ဆုပ်ပြီးသောအတတ် ရှိဆည်ဖြစ်၍ သားမယားကို သိမ်းဆည်းလျက် မိဘတို့လွန်သဖြင့် ရတနာဥစ္စာတိုက်ကို ကြည့်လျှင် ထိတ်လန့်သောစိတ် ရှိသည်ဖြစ်၍ ဆယ့်ကြိုးကို ဖြစ်စေပြီးလျှင် ကာမဂုဏ်တို့ကိုပယ်၍ ဟိမဝန္တာဆရပ်၌ ရဿေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ တောသစ်မြစ် တောသစ်သီးဟူသောအစာ ရှိသည်ဖြင့်၍ တစ်ခုသောဆရပ်၌ နေ၏၊ အစဉ်သဖြင့် ထိုရကို့တရသေ့၏ အခြံအရံသည် များသည်ဖြစ်၏၊ ငါးရာသောတပည့်တို့သည် ဖြစ်ကုန်၏။

တပည့်တို့လူ.ပြည်လာကြ

ထိုအခါ တစ်နေ့သ၌ တပည့်ရဿေ့တို့သည် ဆရာ ဘုရားလောင်းသို့ ဆပ်ပြီးလျှင် ရှိခိုး၍ ဆရာအား "ဆရာ_မိုးလွန်လေဖြာခါ၌ ဟိမဝန္တာတောမှသက်၍ ချဉ်ဆားမှီဝဲအံ့ သာဌာ ဇနပုဒ်သို့ ဒေသစာရီ သွားပါကုန်အံ့၊ ဤသို့ ဒေသစာရီ သွားသည်ရှိသော် ခန္ဓာကိုယ်သည် မြဲမြံခိုင်ခံ့သည်ဖြစ်လတ္တံ့၊ သွားခြင်း ဣရိယာပုထ်ဖြင့် ခန္ဓာမျှသည် ဖြစ်လတ္တံ့" ဟု ပန်လျောက်ကုန်၏၊ "ထိုသို့တပြီးကား သင်တို့သည် သွားလေကုန်၊ ငါမူကား ဤတောင်၌သာလျှင် နေအံ့" ဟုဆိုလတ်သော် ဘုရားဒလောင်း ရကို့တရဒေသ့ကို ရှိခိုးလျက် ဟိမဝန္တာမှ သက်ခဲ့ကုန်၍ ဒေသစာရီ သွားကုန်သည်ရှိသော် ဗာဒုဏသိပြည်သို့ရောက်၍ မင်း၏ဥယျာဉ်၌ နေကုန်၏၊

မင်္ဂလာပြဿနာ

ထိုရဒေသ့တို့အား များစွာအရိုအသေပြု၍ လှူခြင်း မြတ်နိုးခြင်းရှိသည်ဆောလျှင် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ဗာဒုဏသိပြည်ဝယ် မင်းတို့၏ စုဝေးရာ တိုင်ပင်ရာဇရပ်၌ စည်းဝေးသော များစွာသောလူအား ပါဒ်းခွ်မင်္ဂလာပြဿနာသည် ဖြစ်၏။

www.dhammadownload.com

ဥဒါဂ ပုံစတင်စုံ-ဝါးရာဝါးဆယ်ဇာတ်ဝတ္ထု၊

(အလုံးစုံသော မင်္ဂလာပြဿနာကို မမှုပ်ပွန်ဝတ္ထု၊ နှံညှးဖြင့်သာလျှင် သိအပ်၏။)

ထိုအခါ၌လည်း လူတို့၏ယုံမှားခြင်းကိုဖြတ်၍ မင်္ဂလာပြဿနာကို ဖြေဆိုခြင်းငှာ စွမ်းဆောင်နိုင်သောသူကို မမြင်ဆည်ဖြစ်၍ မျှားစွာသော လူအပေါင်းသည် ဥယျာဉ်ဘော်သို့သွား၍ ရသေ့တို့ကို မင်္ဂလာပြဿနာကို မေးကြကုန်၏။

ဆရာရသေ့ကြီးထံတောင်းပန်

ရသေ့တို့သည်မင်းကိုခေါ်၍ "မြတ်သောမင်းကြီး....ငါတို့သည် မင်္ဂလာပြဿနာကို ဖြေဆိုခြင်းငှာ မတတ်နိုင်ကုန်၊ ထိုသို့ မတတ်နိုင်သော်လည်း ငါတို့ဆရာဖြစ်သော ရက္ခိတ အမည်ရှိသော ရသေ့သည် ကြီးသောပညာရှိ၏။ ဟိမဝန္တာဌ်နေ၏။ ထိုငါတို့ဆရာ ရက္ခိတရသေ့သည် နတ်နှင့်တကွသော လူအပေါင်း၏စိတ်ကို ယူ၍ ထိုမင်္ဂလာပြဿနာကို ဖြေလတ္တံ့" ဟု ဆိုကုန်၏။ မင်းသည် "အရှင်ဘုရားတို့....ဟိမဝန္တာမည်သည်ဘား ဝေးလှစွာ၏။ ထွက်နိုင်ခဲသလျှင်ကတည်း၊ အကျွန်ုပ်တို့သည် ထိုဟိမဝန္တာသို့သွားခြင်းငှာ မတတ်နိုင်ကုန်၊ အရှင်ဘုရား....အကျွန်ုပ်တို့သည် တောင်းပန်ပါကုန်၏။ အရှင်ဘုရားတို့သာလျှင် ဆရာ့ထံသို့သွားပြီးလျှင် မေး၍ သင်ခဲ့၍ တစ်ဖန်လာလတ်၍ အကျွန်ုပ်တို့အား ဟောတော်မူပါကုန်လော့" ဟုဆို၏။ ထိုရသေ့တို့သည် "ကောင်းပြီ" ဟု ဝန်ခံ၍ ဆရာ့ထံသို့သွားပြီးလျှင် ဆရာကိုရှိခိုး၍ ပြုအပ်ပြီးသော ပဋိသန္ထာရရှိသည်ဖြစ်၍ ဆရာ ရက္ခိတရသေ့သည်မင်း၏တရားဆယ်ပါး စောင့်သည်၏ အာဖြစ်ကိုလည်းကောင်း, ဇနပုဒ်သားတို့ အလေ့အကျင့် စာရိတ္တကိုလည်းကောင်း မေးမြန်းပြီးသော် ထိုဒိဋ္ဌမင်္ဂလာ အစရှိသည်တို့၏ ဖြစ်ကြောင်းကို အစမှစ၍ပြောဆိုပြီးလျှင် မင်း၏တောင်းပန်ခြင်းကိုလည်းကောင်း၊ မိမိတို့၏ မင်္ဂလာပဉ္စာကို သိခြင်းငှာ လာသည်၏အဖြစ်ကို လည်းကောင်း ဇနပုဒ်သားတို့၏ ပြဿနာကိုပြော၍ "အရှင်ဘုရားတို့အား တောင်းပန်ပါကုန်၏။ အကျွန်ုပ်တို့အား မင်္ဂလာပြဿနာကို သင်ကြားပို့၍ ဟောတော်မူပါကုန်လော့" ဟု ရသေ့တို့သည် တောင်းပန်ကုန်၏၊ ထိုရသေ့တို့သည် တောင်းပန်ပြီးသည်နောက်မှ တပည့်ကြီးသည် ဆရာရက္ခိတရသေ့ကို မေးလျှောက်လိုရကား-

www.dhammadownload.com

၁၃၁။ ကိ်သုနော ဇပွဲ မဓိစ္စ ကာလေ၊
ံက ဝါ ဝိဇ္ဇ် ကတမံ ဝါ သုတာနံ။
သောမစ္စော အသ်ိ ဝါ ပရမ်ဳိ လောကေ၊
ဆထံကွော သောတ္ထာနေန ဂုတ္တော-
ဟူသော ရွေးဦးစွာသော ဤဂါထာကိုဆို၏။

၁၃၁။ ဘဒန္တေ၊ အရှင်ဘုရား။ ယော နော၊ အကြင် ယောကျ်ား သည်။ ကာလေ၊ မင်္လာကို တောင့်တသော အခါ၌။ ကိ်သု၊ အဘယ် မည်သော အတတ်ကို။ ဇပ်ံ-ဇပ္ပ ဒန္တော၊ ရွတ်ဖတ်-သရဇ္ဈာယ်လျက်။ ကံ ဝါ ဝိဇ္ဇ်၊ အဘယ်မည်သော ဗေဒင်ကိုမူလည်း။ အဓိစ္စ၊ သင်၍။ သုတာနံ၊ သင်အပ်ကြားအပ်သော အတတ်တို့တွင်။ ကတမံ ဝါ၊ အဘယ်မည်သော အတတ်ကိုမူလည်း။ အဓိစ္စ၊ သင်၍။ သောမစ္စော၊ ထိုယောကျ်ားသည်။ အသ်ိ ဝါ၊ ဤပစ္စုပ္ပန်လေစကို၌လည်းကောင်း။ ပရမ်ဳိ လောကေ ဝါ၊ တမလွန်ဘဝ၌လည်းကောင်း။ သောတ္ထာနေန၊ စင်ကြယ်ခြင်းသို့ ထွက် သဖြင့်။ ဂုတ္တော၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ ဇာတံ ကေနု နိယာမေန၊ အဘယ်မည်သော အမှတ်ဖြင့်။ ကထော၊ ပြုသနည်း။ အာထေဟိ၊ ဟောတော်မူပါလော့။

ပထမ မင်္လာ

ဤသို့ တပည့်ကြီးသည် မင်္လာပြဿနာကို မေးအပ်သည်ဖြစ်၍ ဘုရား လောင်းသည် နတ်လူတို့၏ ပဲ့မှားခြင်းကိုဖြတ်လျက် ဤမည်သော ဤ မည်သောအကြောင်းသည် မင်္လာမည်၏ဟူ၍ ဘုရား၏ တင့်တယ်ခြင်းဖြင့် မင်္လာကို ဟောလိုသည်ဖြစ်၍-

၁၃၂။ ယဿ ဒေဝါ ပိတရော စ သဗ္ဗေ၊
သရီ သပါ သဗ္ဗဘူတာနိ စာပိ။
မေတ္တာယ နိစ္စံ အပစိတာနိ ဟောန္တိ၊
ဘူတေသု ဝေ သောတ္ထာနံ တဒါဟု-
ဟူသော ဤဂါထာကိုဆို၏။

www.dhammadownload.com

၁၃၂။ ဘောန္တော သိဿာ၊ အို တပည့်အဓပါဒ်းတို့။ ယဿ၊ အကြင် ပုဂ္ဂိုလ်ဏား။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဒေဝါ စ၊ ဘုမ္မစိုးနတ် အစ ရှိသော ဆာမာဝစရ နတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်တို့ကို လည်း၊ ဓကာင်း။ ပိတရော စ၊ ရှပါဝစရ အရှပါဝစရ ဗြဟ္မာတို့ကို လည်း ကောင်း၊ သရီသပါစ၊ ကျောက်ရှည်မျိုးဖြစ်ကုန်သော သတ္တဝါတို့ကို လည်းကောင်း။ သဗ္ဗဘူတာနိစာပိ၊ ဆိုဏာပ်ပြီးသည်မှ ကြွင်းကုန်သော သတ္တဝါတို့ကိုလည်းကောင်း။ မေတ္တာယ၊ မေတ္တာဖြင့်။ နိစ္စံ၊ အာခပ်သိမ်း။ အာပစိဘာနိ၊ လေ့ကျင့်ပွားများအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘူတေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ တံ မေတ္တာဘာဝနံ၊ ထိုမေတ္တာကို ပွားစခြင်းကို။ သတ္ထာနံ၊ စင်ကြယ်သော အပြစ်မရှိသော မင်္ဂလာဟူ၍။ ဝေ၊ စင်စစ်။ ပဿိတာ၊ ပညာရှိတို့သည်။ အာဟု၊ ဟောကုန်၏။

ဒုတိယမင်္ဂလာ ၏သည် ဂ-ပါး

ဤသို့ ဘုရားလောင်းသည် ရှေးဦးစွာသော မင်္ဂလာကို ဟောထော်မူပြီး၍ ဒုတိယမင်္ဂလာ အစရှိသည်တို့ကို ဟောတော်မူလိုသည်ဖြစ်၍-

၁၃၃။ ယော သဗ္ဗလောကဿ နိဝါတဝုတ္တိ၊
ဣဋ္ဌံ ပုမာနံ သဟ ဒါရကာနံ၊
ခန္တိ ဒုရုတ္တာန မပွဋိကူလဝါဒီ၊
အမိဝါသံ သောတ္ထာနံ တဒါဟု။

၁၃၄။ ယော နာဝဇာနာတိ သဟာယ မိတ္တော၊
သိပ္ပေန ကုလျာဘိ ဓနေန ဇစ္စာ၊
ရုစိပညောအတ္ထာဝလ မတိမာ၊
သဟာယေသုဝေယောတ္ထာနံ တဒါဟု။

၁၃၅။ မိတ္တာနိ ဝေ ယဿ ဘဝန္တိ သန္ထဝေ၊
သံဝိဿဋ္ဌော အဝိသံဝါဒကဿ။
နမိတ္တဒုဋ္ဌိ သံဝိဘာဂီ ဓနေန၊
မိတ္တေသု ဝေ သောတ္ထာနံ တဒါဟု၊

www.dhammadownload.com

၁၃၆။ ယဿ ဘရိယာ တုလ္ယဝယာ သမဂ္ဂါ၊
အနုဗ္ဗတာ ဓမ္မကာမာ သဇာတာ။
ကောလီနိယာ သီလဝတီ ပတိဗ္ဗတာ၊
ဒါရေသု ဝေ သောတ္ထာနံ တဒါဟု။

၁၃၇။ ယဿ ရာဇာ ဘူတပတိ ယသဿီ၊
ဇာနာတိ သေဘေယျ ပရက္ကမဉ္စ။
အဒ္ဓဇ္ဈဘာ သုဟဒယံ ဓမန္တိ၊
ရာဇူသု ဝေ သောတ္ထာနံ တဒါဟု။

၁၃၈။ အန္နဉ္စ ပါနဉ္စ ဒဓါတိ သဒ္ဓါ၊
မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ။
ပသန္နစိတ္တာ အနုမောဒမာနာ၊
သဒ္ဓဂူသု ဝေ သောတ္ထာနံ တဒါဟု။

၁၃၉။ ယ မရိယ ဓမ္မေန ပုနန္တိ ဝုဒ္ဓိ၊
အဓမ္မိတာ သမဓရိယာယ ဒန္တော။
ဗဟုဿုတာဂ္ဂသယော သီလဝန္တော၊
အရိယန္တမဂ္ဂေသောတ္ထာနံ တဒါဟု။

ဟူသော ဤခုနစ်ဂါထာတို့ကို ဟော၏။

၁၃၃။ ဘောန္တော၊ အို့တပည့်အပေါင်းတို့၊ ငယာ နရော၊ အကြင် ဆွယည်။ သဗ္ဗလောကဿ၊ ခပ်သိမ်းသော လူအပေါင်းအား။ နိဝါတဝုတ္တိ နှိမ့်ချသောဖြစ်ခြင်းရှိသည်၊ ဟောတိ၊ ၏။ သဟဒါရဏာနံ၊ သူယေ်တို့နှင့် တကွ ဖြစ်ကုန်သော။ ဣတ္ထိပုမာနံ၊ မိန်းမယောကျ်ားတို့၏။ ဒုဗ္ဘဇာနံ၊ မစောင်းစားဖြင့် ဆိုအပ်သော ဖရုသဝါစာတို့ကို၊ ခန္တီ၊ သည်းခံလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။ အပ္ပဋိကူလဝါဒီ၊ သူတော်ကောင်းတို့အား၊ လျော်သောစကားကိုသာ ဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ တံ အဓိဝါသနံ၊ ထိုသည်းခံခြင်းကို။ သောတ္ထာနံ၊ အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ အာဟု၊ ဟောကုန်၏။

၁၃၄။ ဘောန္တော၊ အို့တပည့်အပေါင်းတို့။ ယောနရော၊ အကြင်လူသည်၊ သဟာယမိတ္တော၊ မြဲသော အဆွေခင်ပွန်းတို့ကို။ သိပ္ပေန စ၊

www.dhammadownload.com

အာတာပ်ပညာဖြင့်လည်းကောင်း။ ကုလျာဘိ၊ အမျိုးပြည့်စုံခြင်းတို့ဖြင့်လည်းဆောင်း။ ဓနနှင့်၊ ဥစ္စာဖာသာဖြင့်လည်းကောင်း။ ဇစ္စာ၊ ဇာတ်အာဒါးဖြင့်လည်းကောင်း။ နာဝဇာနံ့ာတိ၊ မထိမဲ့မြင် မပြု။ အတ္ထကာမလော၊ အကျိုးဆောင်ကြောင်းဖြစ်သော အာခါဒ်။ ရှစိပညော၊ နှစ်သက်အပ်သောဆောင်းသောပညာရှိသည် ဖြစ်၍၊ မတိမာ၊ အကျိုးအကြောင်းကိုပိုင်းခြားစိစစ်နိုင်သော ပညာရှိသည် ဖြစ်၍။ တေ သဟာယေ၊ ထိုအဆွေခင်ပွန်းတို့ကို။ နာဝဇာနာတိ၊ မထိမဲ့မြင် မပြု။ သဟာယေသု၊ အဆွေခင်ပွန်းတို့၌။ တံ နာဝဇာနနံ့၊ ထိုမထိမဲ့မြင်မပြုခြင်းကို။ ဝေ၊ စင်စစ်။ သေဒတ္ထာနံ့၊ အပြစ်မရှိ စင်ကြယ်သောမင်္ဂလာဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အာဟု၊ ဟောကုန်၏။

၁၃၅။ ဘောန္တော၊ အို တပည့်အပေါင်းတို့။ အဝိသံဝါဒကာသ၊ မဆွတ်ယွင်းစေတတ်သော အလေ့ရှိသော။ ယာသ နရာသ၊ အကြင်သူအား။ သံဝိဿဒ္ဓ၊ အကျွမ်းဝင်ခြင်းသို့ ရောက်ကုန်သော။ သန္တော၊ ပညာရှိ သူတော်ကောင်းတို့သည်။ ဝေ၊ စင်စစ်။ မိတ္တာနံ့၊ အဆွေခင်ပွန်းတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ မိတ္တဒုဗ္ဘိ ၊ အဆွေခင်ပွန်းတို့၏ အစီးအပွားကို ဖျက်ဆီးတတ်သည်။ နဟာတိ၊ မဖြစ်။ မိတ္တေသု၊ အဆွေခင်ပွန်းတို့၌။ ဓနနှင့်၊ မိမိဥစ္စာဖြင့်။ သံဝိဘာဂီ၊ အဆွေခင်ပွန်းတို့အား ဝေဖန်ခွဲခြမ်းလေ့ရှိသည်။ ဟောတိ၊ ၏။ တာသ နရာသ၊ ထိုသို့သောသူ၏။ တံ၊ ထိုအဆွေခင်ပွန်းကောင်းရှိခြင်း အဆွေခင်ပွန်းတို့အား၊ ဥစ္စာ ဆက်ဆံ ဝေဖန်ဖြန့်ချိခြင်းကို။ ဝေ၊ စင်စစ်။ သေဒတ္ထာနံ့၊ စင်ကြယ်သောမင်္ဂလာဟူ၍၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အာဟု၊ ဟော၏ကုန်၏။

၁၃၆။ ဘောန္တော၊ အို တပည့်အပေါင်းတို့။ ယာသ နရာသ၊ အကြင်သူအား။ တုလျံ ဝယာ၊ တူသောအရွယ်ရှိသော။ သမဂ္ဂါ၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေလေ့ရှိသော။ အနုဗ္ဗတာ၊ လင်၏ အလိုကိုသာလိုက်သော။ ဓမ္မကာမာ၊ သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့ကိုသာ နှစ်သက်တတ်သော။ သဇာတာ၊ မိန်းမမြုံစဟုတ်သော။ ကောလိနီယာ၊ မြတ်သောအမျိုးရှိသော။ သိလဝတီ၊ သီလရှိသော။ ပတိဗ္ဗတာ၊ လင်ကိုရှိသေသော အကျင့်ရှိသော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ တာသ နရာသ၊ ထိုသူ၏။ ဒါရေသု၊ မယားတို့၌။ တံ၊ ထိုဆိုခဲ့ပြီးသော ဂုဏ်နှင့်

www.dhammadownload.com

ပြည့်စုံသောမယားကို။ ဝေ၊ စင်စစ်။ လောင်္ဂဇာနံ၊ အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍။ အာဟု၊ ဟောကုန်၏။

၁၃၇။ ဘောန္တေ၊ အို တပည့်အပေါင်းတို့။ ယဿ နုရဿဲ၊ အကြင်သူ၏၊ သောစေယျဿ၊ စင်ကြယ်သည်၏အဖြစ်ကို လည်းကောင်း။ ပုရက္ခတမဿ၊ လုံ့လရှိသည်၏အဖြစ်ကို လည်းကောင်း။ အယံ၊ ဤသူသည်။ သုဟဒယံ၊ ဆောင်းသောစိတ် ရှိ၏၊ ဣတိ၊ ဤသို့။ ဓမံ၊ ငါ့ကို။ ဘူတပတိ၊ လူအပေါင်းတို့၏ အလွန် ဖြစ် ဓတာ်မူသော၊ ယသဿိ၊ မြတ်သော ကျော်စောခြင်းရှိသော၊ ဆုဇာ။ မင်းသည်၊ ဇာနာတိ၊ သိ၏။ ဆုဇူသုံ၊ မင်းတို့ကို၊ သေဝစာဿ၊ မှီဝဲဆည်းကပ်သော။ တဿံ-နုရဿ၊ ထိုသို့သောသူ၏၊ တံ၊ ထိုသောစေယျ အစရှိသည်ကိုလျှင်။ ဝေ၊ စင်စစ်၊ သေတ္ထာနံ၊ အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ အာဟု၊ ဟောကုန်၏။

၁၃၈။ ဘောန္တေ၊ အို တပည့်အပေါင်းတို့။ ယော နုဆော၊ အကြင်သူသည်၊ သဒ္ဓါ၊ ကံ ကံ၏ အကျိုးကို ယုံကြည်သည်ဖြစ်၍။ အနုဇ္ဇု၊ ထမင်းကိုလှည်းကေစင်း၊ ပါနဉ္စ၊ အဖျော်ကို လည်းကောင်း။ ဒဒါတိ၊ လှူ၏၊ မာလဉ္စ၊ ပန်းကိုလည်းစေကောင်း။ ဂန္ဓဉ္စ၊ နံ့သာကိုလည်းကောင်း။ စိပခလနဉ္စ၊ နံ့သာပျောင်းကိုလည်းကောင်း။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ အနုမောဒမာနော၊ ဝမ်းမြောက်သည်ဖြစ်၍။ ဒဒါတိ၊ လှူ၏၊ တဿ နုရဿ၊ ထိုအလှူရှင်၏၊ တံ ဒါနံ၊ ထိုအလှူကို၊ သဒ္ဓဂ္ဂသုံ၊ နတ်ပြည်တို့၌။ ဝေ၊ စင်စစ်၊ သောတ္ထာနံ၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော အပြစ်မရှိသော မင်္ဂလာဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ အာဟု၊ ဟောကုန်၏။

၁၃၉။ ဘောန္တေ၊ အို တပည့်အပေါင်းတို့။ ဝုဒ္ဓါ၊ ပညာအားဖြင့် ကြီးကုန်သော။ ဒဒန္တာ၊ ငြိမ်သက်ယဉ်ကျေးသော စိတ်ရှိကုန်သော၊ ဗဟုဿုတာ၊ ပဋိဘဏဗဟုဿုတရှိကုန်သော။ ဂုဏဝယာ၊ ရွှမ်းအပ်ပြီးသော ဂုဏ်ရှိကုန်သော၊ သီလဝန္တော၊ အရိယသီလရှိကုန်သော အရိယာတို့သည်။ သမစရိယာယ၊ ကောင်းသောအကျင့်ဖြင့်။ အာဇုဓိတာ၊ နှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍၊ ယံ ပုဂ္ဂလံ၊ အကြင်ပုဂ္ဂိုလ်ကို။ အရိယဓမ္မေန၊ မြတ်သော

www.dhammadownload.com

အကျင့်ဖြင့်။ ပုနွန်း၊ သုတ်သင်ကုန်၏။ အရဟန္တမင်္ဂ၌၊ ရဟန္တာတို့၏ အလယ်၌။ ပဋိလဒ္ဓံ၊ ရအပ်သော။ တဿ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ တံအရိယမဂ္ဂံ၊ ထိုအရိယာတို့၏ အရဟတ္တဖိုလ်တရားကို၊ သေတ္ထာနံ၊ အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍။ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိတို့သည်၊ အာဟု၊ ဟောကုန်၏။

မှိဝဲကြွေလေ

ဤသို့လျှင် ဘုရားအလောင်းတော်သည် အရဟတ္တဖိုလ်ဖြင့် ဒေသနာ၏ အဆုတ်ကိုတင်လျက် ဤရွှစ်ဂါထာတော်ဖွင့်ရွှစ်ပါးသော မင်္ဂလာကြီးတို့ကိုဟောတော်မူ၍ ထိုရွှစ်ပါးသောမင်္ဂလာကြီးတို့အားသဖွယ်လျှင် ချီးမွမ်းခြင်း ဓထောမနာကို ပြုလိုသည်ဖြစ်၍-

၁၄၀။ ဧတာနိ ခေါ သေဝေထ နရော သပညော၊
ဝိဒူ။ ပသတ္ထာနိ သုခုဒြယဓနိ။
တာဒိသိဓ သေဝေထ နရော သပညော၊
နဟိ မင်္ဂလေ ကိဉ္စန ဓတ္ထိ သစ္စံ-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟော၏။

၁၄၀။ ဘောန္တော၊ အို တပည့်အပေါင်းတို့။ လောကေ၊ သတ္တ ဓလာတ၌။ ဧတာနိ ခေါ၊ ဤရွှစ်ပါးသော မင်္ဂလာကြီးတို့သာလျှင်၊ သေဝိတ္ထာနာနိ၊ အပြစ်မရှိ စင်ကြယ်သော မင်္ဂလာများကုန်၏။ ဝိဒူ။ ပဏ္ဍိတာနိ၊ ဘုရားအစရှိသော ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်၏။ သုခုဒြယာနိ၊ နိဗ္ဗာန်တိုင်အောင် မြတ်သော ချမ်းသာကို ဖြစ်စေတတ်ကုန်၏။ ဣဓ၊ ဤလောက၌။ သပညော၊ ပညာရှိသော။ နရော၊ လူနတ်အပေါင်းသည်။ တာနိ၊ ထိုရွှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာလျှင်။ သေဝေထ၊ မှီဝဲကုန်ထုတ်။ ဟိ ကာသဝေ၊ ဆောဘယ့်ကြောင့်နည်းဟူမူကား။ မင်္ဂ ဓေ၊ ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုဘမင်္ဂလာ၌။ ကိဉ္စနံ၊ ဆင်စုံတစ်ခုသော မင်္ဂလာသည်မျှလည်း။ သစ္စံ၊ ပရမတ္ထသစ္စာမည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုရွှစ်ပါးသော မင်္ဂလာကြီးတို့ကို သာလျှင်။ သေဝေထ၊ မှီဝဲကုန်ထုတ်။

www.dhammadownload.com

မင်းကြီးအား ဟောပြခြင်း

မေးလျှောက်လာကုန်သော ရဇသ.အပေါင်းတို့သည် ထိုရှစ်ပါးသော မင်္ဂလာကြီးတို့ကိုနာ၍ ခုနစ်ရက် ရှစ်ရက် လွန်သဖြင့် ဆရာ ရက္ခိတရဇော.ကို ပန်ကြား၍ ထိုဗာရာဏသီပြည်သို့သာလျှင် လာကုန်၏။ ဗာရာဏသီမင်းသည် ထိုရဇော.တို့၏ အထံသို့သွား၍ မေး၏။ ထိုရဇော.တို့သည် မင်းအား ဆရာရက္ခိတရဇော. ဟောသော နည်းဖြင့်သာလျှင် မင်္ဂလာပြဿနာကို ဟောခဲ့၍ ဟိမဝန္တာသို့သာလျှင် ပြန်လာကုန်၏။ ထိုမင်္ဂလာကို ကြားနာရသော ကာလမှစ၍ လေးကဋ္ဌ မင်္ဂလာသည် ထင်ရှားသည် ဖြစ်၏။ မင်္ဂလာတို့ကို ကောင်းစွာကျင့်ကုန်၍ သေတို့င်းသေတို့င်း ကုန်သော လူတို့သည် နတ်ပြည်ကို ပြည့်စေကုန်၏။ ဘုရားလောင်းသည်လေးပါးကုန်သော ပြဟ္မဝိဟာရ တရားတို့ကို ပွားစေပြီးလျှင်ရသေ.အပေါင်းတို့ကို ယူဆောင်၍ ပြဟ္မာ့ပြိုည်၌ ဖြစ်၏။

ဇာတ်ပေါင်း။ သင်္ဃည္ဇ မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူပြီးလျှင် "ရဟန်းတို့....ယခုအခါ၌သာလျှင် သင်တို့ဆရာ ဝါဘုရားသည် ဓင်္ဂလာပြဿနာကိုဖြေဆိုသည်မဟုတ်သေး၊ ရှေးရက်ခဲ့ တရဇော. ဖြစ်သောအခါ၌လည်း ဤမင်္ဂလာပြဿနာကို ဖြေဆိုတော်မူပြီဟု မိန့်တော်မူ၍ "ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ တပည့်ရဇော. အပေါင်းတို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ ဓင်္ဂလာပြဿနာကို မေးလာသော ရဇော. တပည့်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆရာရက္ခိတရဇော. ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မင်္ဂလာတရား၊ လိုက်နာပွား၊ ကြီးပွားကြလိမ့်မည်။)

တစ်ဆယ့်ငါးခုမြောက်သာမဟာမင်္ဂလဇာတ်သည် ပြီး၏။

၁၆-ဃဋ္ဌပက္ကိတဇာတ်

သေသောသူအား စိုးရိမ်ခြင်းကို မပြုသင့်ကြောင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွဖြစ်သော လောကကို ဆုံးမနတ်မူတော်ရှင် သင်္ဃည္ဇမြတ်စွာဘုရားသည် "ဥဒ္ဒဟိ တဏှာ" အစရှိသော

www.dhammadownload.com

ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဃဋ္ဋပဏ္ဍိတဇာတ်ကို ဧတဝန်း ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဒေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် မဇ္ဈကုက္ကုလိဝတ္ထုနှင့် တူသည်သာ လျှင်တည်း။)

ဤဃဋ္ဋပဏ္ဍိတဇာတ်ကိုဦးကား သဗ္ဗညုမြတ်စွာဘုရားသည် ထိုသူကြွယ်ကို "ဒါယကာ....စိုးရိမ်သလော" ဟု မေးတော်မူ၍ "အရှင်ဘုရား—စိုးရိမ်ပါ၏" ဟု နားတော်လျှောက်သည်ရှိသော် "ဒါယကာ— ရှေးပညာရှိတို့သည် ပညာရှိတို့၏စကားကို နာကြား၍ ဧသဿသားကို မဒတာင့်တကုန်" ဟု မိန့်တော်မူ၍ ထိုဒါယစာသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ဒုါယကာ လွန်လေပြီးသော အခါ ဥတ္တရပထတိုင်း ဝယ် ကံသမင်းတို့၏ သုံးဆောင်ရာနေရာဖြစ်သော အသိတဉ္ဇနမြို့၌ မဟာကံသမည်သော မင်းသည် မင်းပြု၏။ ထိုမဟာကံသမင်းအား ကံသ,ဥပကံသ ဟူသော သားနှစ်ယောက်တို့သည် ရှိကုန်၏။

ဒေဝဂဗ္ဘာမည်သော သမီးတော်တစ်ယောက်သည် ရှိ၏။ ထို့ဒေဝဂဗ္ဘာ ဓင်းသမီးကို ဖွားသောနေ့၌ နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ကို ခေါ်မူ၍ နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့သည် "ထိုမင်းသမီးဝမ်း၌ ဖြစ်သော သားတို့သည် ကံသမင်း အနွယ်အဆက်ကို ဖျက်ဆီးကုန်လတ္တံ့" ဟု ကြားလျှောက်ကုန်၏။ မဟာကံသမင်းကြီးသည် ပြင်းစွာသော ချစ်ခြင်း စကြောင့် သမီးတော်ကို ဖျက်ဆီးခြင်းငှာ မတတ်နိုင်။ "မောင်တော်တို့သည် သိကုန်လတ္တံ့" ဟု အသက်ထက်ဆုံးတည်၍ မဟာကံသမင်းကြီးသည် နတ် ရွာလား၏၊

ပင်တိုင်စံနှမတော်

ထိုမဟာကသမင်းကြီး နတ်ရွာလားသည်ရှိသော် သားတော်အကြီး ကံသမင်းသားသည် မင်းပြု၏၊ ညီတော် ဥပကံသမင်းသားသည် အိမ်ရှေ့မင်းဖြစ်၏။ ထိုညီတော် နောင်တော်တို့သည် ကြုံကြကုန်၏။ "ငါတို့သည် နှမဓတော် ဒေဝဂဗ္ဘာမင်းသမီးကို အတယ်၍ ဖျက်ဆီးကုန်အံ့၊ ကဲရှဲခံရသည်

www.dhammadownload.com

ဖြစ်လတ္တံ့၊ ထိုကြောင့် နှမခတ်ကို တစ်စုံတစ်ယောက်သော ဓင်းဇား မပေးမူ၍ လင်မရှိသည်ကိုပြု၍ စောင့်ရှောက်ကုန်အံ့'' ဟု ကြံကြကုန်၏။ ကြံပြီး၍ ထိုဓမောင်တော်မင်းတို့သည် တစ်ခုသော တပင်တိုင်နန်းပြာသာဒ်ကို ဆောက်စေ၍ ထိုဘပင်တိုင် နန်းပြာသာဒ်၌ နေစေကုန်၏။ ထိုဒဝဂဇ္ဈာမင်းသမီး၏ အလုပ်အကျွေးသည် နန်းပြာသာဒ်၌ နေစေကုန်၏။ ''ထိုနန်းဂေါပါ၏လင် ဖြစ်သော အန္ဓကဝဏ္ဏာမည်သော ကျွန်သည် စောင့်ရှောက်ခြင်းကိုပြု၏။

ထိုအခါ၌ ဥတ္တရ ဓမ္မဒမည်သောပြည်၌ မဟာသာဂရ မည်သောမင်းသည် မင်းပြု၏။ ထိုမဟာသာဂရမင်းအား သာဂရ၊ဥပသာဂရဟူသော သားတော်နှစ်ယောက်တို့သည် ရှိကုန်၏။ ထိုသားတော်နှစ်ယောက်တို့တွင် လည်း သားတော်ဌာကြီး သာဂရမင်းသား၊သည် ခမည်းတော် မဟာသာဂရမင်းကြီး နတ်ရွာစံသောဌာ၌ မင်းဖြစ်၏။ ညီတော် ဥပသာဂရမင်း၊ သည် အိမ်ရှေ့မင်းဖြစ်၏။

ဥပသာဂရမင်းသား

ထိုဥပသာဂရမင်းသားသည် ဥပကံသမင်း၏ အဆွေခင်ပွန်းဖြစ်၍ ဘစ်ဦးသောဆရာအထံ၌ အတူတကွ အတတ်သင်ဘက်တည်း။ ထိုအိမ်ရှေ့မင်း ဥပသာဂရသည် နောင်တော်သာဂရမင်း နန်းတွင်း၌ ပြစ်မှား၍ နောင်တော်ကို ကြောက်သည်ဖြစ်၍ ထွက်ပြေးပြီးလျှင် ကဲသမင်းတို့၏ သုံးဆောင်ရာ နေရာဖြစ်သော အာသဘူနမြို့၌ အိမ်ရှေ့မင်း ဥပတဲသ၏ အထံသို့ သွားလေ၏။ ထိုအိမ်ရှေ့မင်း ဥပကဲသသည် ထိုဥပသာဂရ အိမ်ရှေ့မင်းကို နောင်တော် ကဲသမင်းကြီးအား ပြ၏။ ကံသမင်းကြီးသည် ထိုဥပသာဂရအား ကြီးစွာသောစည်းစိမ်ကို ပေး၏။

ပင်တိုင်စဲနှင့်ချစ်ကြပြီ

ထိုဥပသာဂရသည် အဲသမင်းကြီးအား ခစား၊အံ့သောငှာ သွားသည်ရှိသော် နှမတော် ဒေဝဂဇ္ဈာမင်းသမီး၏ စံရာ တပင်တိုင်နန်းပြာသာဒ်ကို မြင်၍ ''ဤပြာသာဒ်သည် အဘယ်သူ၏ နေရာပြာသာဒ်နည်း'' ဟု မေး၍ ထိုအကြောင်းကို ကြားသိရလျှင် ဒေဝဂဇ္ဈာ မင်းသမီး၌ တပ်စွန်းဆောစိတ်ရှိသည် ဖြစ်၏။ ဒေဝဂဇ္ဈာ မင်းသမီးသည်လည်း တစ်နေ့သ၌ ဥပသာ

www.dhammadownload.com

ဂရ မင်းသားသည် ဥပတံသ အိမ်ရှေ့မင်းနှင့်အတူ မင်းဆေား ခစားခြင်း ၄၁ လလတ်သည်ကို မြင်၍ "ဤမင်းသားသည် အဘယ် မင်းသားနည်း" ဟူ မေး၏။ "မဟာသာဂရမင်းကြီး၏ သားတော်ဖြစ်သော ဥပသာဂရ မင်းသားတည်း" ဟု နန္ဒိဂေါပါအမည်ရှိသော အလုပ်အကျွေးထမ်မှ ကြားသိရလျှင် ထိုဥပသာဂရ မင်းသားခွဲ စာပ်စွန်းသောစိတ် ရှိသည် ဖြစ်၏။ ဥပသာဂရ မင်းသားသည် နန္ဒိဂေါပါမည်သော အထိန်းတော်ဆေား တံစိုး ပေးပြီးလျှင် "နှမ....ငါ့အား ဒေဝဂဗ္ဘာ မင်းသမီးကို ပြခြင်း၄၁ တတ်နိုင်ဆေလော" ဟု ဆို၏။ ထိုနန္ဒိဂေါပါမည်သော အထိန်းတော်သည် "ဆရှင် မင်းသား....ထိုဒေဝဂဗ္ဘာ မင်းသမီးကို ပြခြင်းသည် ဝန်မလေး" ဟု ဆိုပြီး၍ ထိုဆောင်းကို ဒေဝဂဗ္ဘာ မင်းသမီးဆေား တင်လျှောက်၏။ ထိုဒေဝဂဗ္ဘာ မင်းသမီးသည် ပကတိအားဖြင့်လည်း ထိုဥပသာဂရ မင်းသားခွဲ တပ်စွန်း သောစိတ် မွဲသည်ဖြစ်၍ ထိုစကားကို ကြားရလျှင် "ကောင်းပြီ" ဟု ဝန်ခံ၍ နန္ဒိဂေါပါမည်သော အထိန်းတော်သည် ဥပသာဂရ မင်းသားဆော အမှတ်ကိုပေး၍ ညွှန်ဆဖို့၌ ထိုဥပသာဂရ မင်းသားကို ပြသာဒ်သို့ တင်၏။

ဥပသာဂရ မင်းသားဆည် ဒေဝဂဗ္ဘာ မင်းသမီးနှင့်တကွ မွေ့လျော်ပျော်ပါးခြင်းကို ပြု၏။ ထိုအခါ ထိုနှစ်ယောက်သောသူ မင်းသား မင်းသမီးတို့၏ အဖန်ဆလဲလဲ မွေ့လျော်ပျော်ပါးခြင်းကြောင့် ဒေဝဂဗ္ဘာ မင်းသမီးသည် ကိုယ်ဝန်ကို ရ၏။ နောက်အဖို့၌ ထိုဒေဝဂဗ္ဘာ မင်းသမီးဆော ကိုယ်ဝန်တည်ခြင်းသည် ထင်ရှားသည်ဖြစ်၍ မောင်တော် မင်းနှစ်ပါးသည် နန္ဒိဂေါပါကို မေးကုန်၏။ ထိုနန္ဒိဂေါပါသည် ဘေးမဲ့ကို တောင်း၍ ထိုအကြောင်းကို ကြားလျှောက်၏။ ထိုမောင်တော်မင်းနှစ်ပါးတို့ဆည် ကြားသိရလျှင် နှမတော်ကို ဖျက်ဆီးခြင်း၄၁ မတတ်နိုင်ကုန်၊ သမီးကိုတည်း အာဃာတ်၍ ဖွားအံ့၊ မဖျက်ဆီးကုန်အံ့၊ သားယောကျ်းကိုတည်း အာဃာတ်၍ ဖွားအံ့၊ ဖျက်ဆီးကုန်အံ့" ဟု ကြံ၍ ဒေဝဂဗ္ဘာ မင်းသမီးကို ဥပသာဂရ မင်းသားဆောသာလျှင် ပေးကုန်၏။ ထိုဒေဝဂဗ္ဘာ မင်းသမီးသည် ရင့်သော ကိုယ်ဝန်ရှိသည်ဖြစ်၍ သမီးကို ဖွား၏။

သားသမီး တစ်ကျိပ်ဟစ်ယောက် ဆွန်းကား

မောင်တော် မင်းနှစ်ပါးတို့သည် ကြားရလျှင် အလွန်နှစ်သက်ကုန်သည် ဖြစ်၍ ထိုတူမတော် မင်းသမီးဆော "အဠုနဒေဝီ" ဟူသော အမည်ကို မှည့်

www.dhammadownload.com

ကုန်၏။ ထိုနှမတော်, ယောကျ်ဖတော်တို့အား ဝဿုမာနမည်သော ရွာကို ကံးကျွးခံစားကုန်၏။ ဥပသာဂရ မင်းသားသည် မြေြာက်သားးတော် ဒေဝဂဗ္ဘာ မင်းသမီးကိုယူ၍ ဝဿုမာနမည်သော စားးကျွးရွာ၌ နေ၏။ ဒေဝဂဗ္ဘာ မင်းသမီးဌ် တစ်ဖန် ကိုယ်ဝန် တည်ပြန်၏။ နန္ဒိဂေါပါသည်လည်း ထို နေ့၌ပင် ကိုယ်ဝန်ရ၏။ ထိုနှစ်ယောက်သော မင်းသမီး ဒေဝဂဗ္ဘာ, အထိန်းတော် နန္ဒိဂေါပါတို့ဆည် ကိုယ်ဝန် ရင့်ကုန်သည်ရှိသော် တစ်နေ့ချင်းသာ လျှင် ဒေဝဂဗ္ဘာ မင်းသမီးသည် သားယောကျ်ားကို ဖွား၏။ အထိန်းတော် နန္ဒိဂေါပါသည် သားမိန်းမကို ဖွား၏။ ဒေဝဂဗ္ဘာ မင်းသမီးသည် သားကို မောင်တော်ဖျက်ဆီးအံ့သည်မူ ကြောက်သောကြောင့် သားကို နန္ဒိဂေါပါအား လျှို့ဝှက်သောအားဖြင့် ပေးလိုက်၍ ထိုနန္ဒိဂေါပါ၏ သမီးကို ဆောင်ယူခဲ့၏။ ထိုဒေဝဂဗ္ဘာ မင်းသမီး သားဖွားသော အဖြစ်ကို မောင်တော်တို့အား ကြားလျှောက်ကုန်၏။ ထိုမောင်တော်တို့သည် သားယောကျ်ားကို ဖွားသလော၊ သားမိန်းမကို ဖွားသလောဟု မေး၍ သားမိန်းမကို ဖွား၏ဟူ၍ တင်လျှောက်သည်ရှိသော် "ထိုသို့ သားမိန်းမ ဖွားတဖြိုးကား မေ့းလေကုန်" ဟု ဆိုကုန်၏။ ဤသို့သော နည်းအားဖြင့် ဒေဝဂဗ္ဘာမင်းသမီးသည် တစ်ကျိပ်သော သားတို့ကို ဖွား၏။ နန္ဒိဂေါပါဆည် ထစ်ကျိပ်သော သမီးတို့ကို ဖွား၏။ တစ်ကျိပ်သော သားတို့သည် အထိန်းတော် နန္ဒိဂေါပါ၏ အထံ၌ ကြီးကုန်၏။ တစ်ကျိပ်သော သမီးတို့သည် ဒေဝဂဗ္ဘာ မင်းသမီးအထံ၌ ကြီးကုန်၏။ တိုအကြောင်းကို တစ်စုံတစ်ယောက်သောသူသည် မှသိ။

သားတော် ၁၀-ပါး

ဒေဝဂဗ္ဘာမင်းသမီး၏ သားတော်အကြီးသည် ဝါသုဒေဝမည်၏၊ နှစ်ယောက်မြောက်သောသားသည် ဗလဒေဝမည်၏၊ သုံးယောက်မြောက်သော သားသည် စန္ဒဒေဝ မည်၏၊ ဒေးယောက်မြောက်သော သားသည် ကူရိယဒေဝမည်၏၊ ငါးယောက်မြောက်သော သားသည် အဂ္ဂိဒေဝ မည်၏၊ ခြောက်ယောက်မြောက်သော သားသည် ဝရုဏဒေဝ မည်၏၊ ခုနစ်ယောက်မြောက်သောသားသည် အဇ္ဇုနမည်၏၊ ရှစ်ယောက်မြောက်သောသားသည် ပဇ္ဇုနမည်၏၊ ကိုးယောက်မြောက်သော သားသည် ဃဋ္ဋပဏ္ဍိတမည်၏၊ ဆယ်ယောက်မြောက်သော သားသည် အကံုရမည်၏၊

www.dhammadownload.com

ဆိုးသွမ်းကြပြီ

ထိုတစ်ကျိပ်သော ညီနောင်တို့သည် ဇာန္ဓကဝေဏ္ဍကျွန်၏သား ညီနေဒင် တစ်ကျိပ်ဟူ၍ အလွန် ထင်ရှားသည် ဖြစ်ကုန်၏။ ထိုတစ်ကျိပ်သော ညီနောင်တို့သည် နောက်ဖဖိုဠ်၌ ကြီးခြင်းသို့ ရောက်ကုန်၍ အားဆစ်မ်းနှင့် ပြည့်စုံကုန်သည် ခက်ထန်ကြမ်းတမ်းကုန်သည်ဖြစ်၍ လုယက်ဖျက်ဆီးခြင်းကို ပြုကုန်လျက် လှည့်ပတ်သွားလာကုန်၏။ မင်းအား ဆက်ရောက်သော လက်ဆောင်ပဏ္ဏာကိုလည်း လုယက်ဖျက်ဆီးကုန်သည်သာလျှင်ကတည်း။ လူတို့သည် စည်းဝေးကုန်၍ "ဇာန္ဓကဝေဏ္ဍ ကျွန်၏သား ဖြစ်ကုန်သော ညီနောင်တစ်ကျိပ်တို့သည် တိုင်းနိုင်ငံကို လုယက်ဖျက်ဆီးကုန်၏" ဟု မင်းရင်ပြင်၌ ကြေးကြော်ကုန်၏။ ကံသမင်းကြီးသည် ဇာန္ဓကဝေဏ္ဍမည်သော ကျွန်ကိုခေါ်၍ "အဘယ့်ကြောင့် သားတို့ကို လုယက်ဖျက်ဆီးခြင်းကို ပြုစေသနည်း" ဟု ခြိမ်းခြောက်၏။ ဤသို့လျှင် နှစ်ကြိမ်မြောက်လည်းကောင်း၊ သုံးကြိမ်မြောက်လည်းကောင်း လူတို့သည် ကြေးကြော်ကုန်သည် ရှိသော် ကံသမင်းကြီးသည် ထိုဇာန္ဓကဝေဏ္ဍကျွန်ကို ခြိမ်းခြောက်သည် သဘောလျှင်တည်း။

မင်းသားတို့ကို ဖမ်းမည်

ထိုဇာန္ဓကဝေဏ္ဍသည် သဘောမူ ကြွေးကျသည်ဖြစ်ရကား အလုံးစုံသော အကြောင်းကို ပြောကြား၏။ မင်းကြီးသည် အလွန် ကြောက်သည်ဖြစ်၍ "အဘယ်သို့သော အကြောင်းဖြင့် ထိုမင်းသားတို့ကို ဖမ်းရကုန်အံ့နည်း" ဟု ဇာမတ်တို့ကို မေး၏။ "အရှင်မင်းကြီး...ထိုဘစ်ကျိပ်သော ညီနောင်တို့သည် လက်ဝှေ့သတ်ခြင်း, လက်ပမ်းလုံးခြင်း၌ ကြွေးကျော်ကုန်၏။ မြို့တော်၌ လက်ဝှေ့ပွဲသဘင်ကို ပြုစေ၍ "ထိုအခါ တစ်ကျိပ်သော ညီနောင်တို့ကို လက်ဝှေ့သတ်ရာ ပွဲသဘင်သို့ လှမ်းကုန်သော် လူတို့ကို ဖမ်းစေ၍ ဆောင်ကုန်အံ့" ဟု လျှောက်ကုန်သည် ရှိသော် စာရွက်မည်သော လက်ပမ်းသည်၊ မုဋ္ဌိကမည်သော လက်ပမ်းသည် ဤနှစ်ယောက်ကုန်သော လက်ပမ်းသည်တို့ကို စေလွှတ်၍ "ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ လက်ဝှေ့သတ်ခြင်း၊ လက်ပမ်းလုံးခြင်း ပွဲသဘင်သည် ဖြစ်လတ္တံ့" ဟု မြို့၌ စည်လည်စေ၍ မင်းရင်ပြင်၌ လက်ဝှေ့ပွဲသဘင် မဏ္ဍပ်ကို စီရင်ပြီးလျှင် သူကောင်းချစ် တွင်းကို တူးစေ၍ လက်ဝှေ့ပွဲသဘင်မဏ္ဍပ်ကို တန်ဆာဆင်၍ တံခွန်ကုက္ကားကို စိုက်စေကုန်၏။

www.dhammadownload.com

မင်းသားတို့ လာကြပြီ

မြို့ဆိုလုံးသည် အုတ်အုတ်ကျက်ကျက် ရှိဆည်ဖြစ်၏။ လှည်းဆင့်ဆင့် ညောင်စေ့းင်းဆင့်ဆင့်ဖဲ့၍ စာရေရ လက်ပမ်းသည်, မုဋ္ဌိဆ လက်ပမ်းသည် တို့သည် လက်ဝှေ့ပွဲသဘင်မကျွတ်သို့ လာကုန်လျက်, ကြွေးကြော်ကုန်လျက်, ကြုံးဝါးကုန်လျက်, လက်ပမ်းပေါက်ခတ်ကုန်လျက် သွားကုန်၏။ ညီနောင် တစ်ကျိပ်တို့သည်လည်း လာလတ်ကုန်၍ ထံမင်းရောင်းသော ခရီး, နံ့သာ ရောင်းသော ခရီး, ခဝါသည်ခရီး၌ လုယက်ဖျက်ဆီး၍ နီသောအဆင်း ရှိသော ပုဆိုးတို့ကို ဝတ်၍ နံ့သာရောင်းသော ဈေးတို့၌ နံ့သာကို, ပန်းရောင်းသော ဈေးတို့၌ ပန်းကို လုယက်၍ နံ့သာကို လိမ်းပြီးသော ကိုယ်ရှိကုန်သည်ဖြစ်၍ ပန်းပန်ကုန်လျက် ရွှေနားဆင်းဝတ်လျက် ကြွေးကြော်ကုန်လျက် လက်ပမ်းပေါက် ခတ်ကုန်လျက် လက်ဝှေ့ပွဲသဘင်သို့ ဝင်လာကြကုန်၏၊

စာရေရလက်ပမ်းသည် သေရပုံ

ထိုခဏ၌ စာရေရမည်ထော လက်ပမ်းသည်သည် လက်ပမ်းပေါက်ခတ်လျက် ပွဲသဘင်အလယ်၌ လှည့်ပတ်၏။ ဗလဒေဝ မင်းသားသည် ထိုစာရေရမည်သော လက်ပမ်းသည်ကို မြင်၍ "ထိုလက်ပမ်းသည်ကို လက်ဖြင့် မထိစေအံ့" ဟု ဆင်တင်းကုပ်မှ ကြီးစွာသော ဆင်ချည်ကြိုးကိုယူ၍ ကြွေးကြော် ကြုံးဝါးလျက် ဆင်ချည်ကြိုးကိုပစ်၍ စာရေ လက်ပမ်းသည်ကို ဝမ်းဘဲရစ်၍ လွှန်စနှစ်ဖက်တို့ကို တစ်ပေါင်းတည်းပြု၍ကျစ်ပြီးလျင် မြှောက်၍ ဦးခေါင်းထက်ဘဲ ချာချာလှည့်၍ မြေဘဲ ရိုက်ခတ်သတ်ပြီးလျင် ပွဲပြင်ဘဲ သူကောင်ချထု တူးသွေတွင်းသို့ ပစ်လိုက်၏

မုဋ္ဌိကလက်ပမ်းသည် သေရပုံ

စာရေရလက်ပမ်းသည် သေသည်ရှိသော်ကံသမ့ဉ်းကြီးသည် မုဋ္ဌိကမည်သော လက်ပမ်းသည်ကို စေ၏၊ ထိုမုဋ္ဌိက လက်ပမ်းသည်သည် ထ၍ ကြွေးကြော်ကြုံးဝါး၍ လက်ပမ်းပေါက်ခတ်၏၊ ဗလဒေဝ မင်းသားသည် ထိုမုဋ္ဌိကမည်သော လက်ပမ်းသည်ကို ပုတ်ခတ်၍ ဆရိုးတို့တို့ မှုန့်မှုန့်ညက်ညက်ကြေစေ၍ "လက်ပမ်းသည်ဟူသည် ဆရမျှင်စလော" ဟု ဖေး၍ "ငါ

www.dhammadownload.com

လက်ပမ်းသည် တကား''ဟူ၍ ဆို၏။ ထိုသို့ ဆိုစဉ်ပင်လျှင် ''ငါဆည် နှင့် လက်ပမ်းသည် ဟုဘ်သည်၏ အဖြစ်ကိုလည်း ခကာင်း, လက်ပမ်းသည် မဟုတီသည်၏ အဖြစ်ကိုလည်း ကောင်း မသိ''ဟု လက်ကုံကိုင်၍ မြေ၌ ရိုက်ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ပဲ့ပြင်၌ သူကောင်ချထုတ်ရာ သော တွင်းသို့ ပစ်ချလိုက်၏။

မုဋ္ဌိက လက်ပမ်းသည်သည် ဘီလူးကြီးဖြစ်၍ ထိုမင်းသားကို စားရလို၏ဟု ဆုခတားင်းခြင်းကို ဖြစ်ခစေ၏။ ထိုမုဋ္ဌိက လက်ပမ်းသည်သည် ကာလ မတိုက်မည်သော တောအုပ်၌ ဘီလူးကြီး ဖြစ်၏။

ကံသမင်း ၂-ပါး နတ်ရွာစံကြ

ဦးရီးခတော်ကံသမင်းကြီးသည် ''ကျန်သား ညီနောင် တစ်ကျိပ်တို့ကို ဖမ်းကြကုန်''ဟု ထ၏။ ထိုသို့ ထသော်ဇာ၌ ဝါသုဒေဝ မင်းသားသည် စက်လက်နက်ကို ပစ်၏။ ထိုစက်လက်နက်သည် ဦးရီးတော် ညီနောင်မင်နှစ်ပါးတို့၏ ဦးခေါင်းသို့ ကျစေ၏။ လူမျိုးအပေါင်းသည် ကြောက်ထိတ်လန့်သည်ဖြစ်၍ ''အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်ပါကုန်လော့''ဟု ဆို၍ ထိုညီနောင်တစ်ကျိပ်တို့၏ ခြေတို့၌ ဝပ်၍ လျှောက်၏။

အယုဇ္ဈပြည်ကိုသိမ်း

ထိုညီနောင် တစ်ကျိပ်တို့အား ဦးရီးတော်မင်းနှစ်ပါးတို့ကို သတ်၍ အသိတဉ္ဇနမြို့၌မင်းစည်းစိမ်ကိုယူ၍ မယ်တော်ခမည်းတော်တို့ကို အသိတဉ္ဇန မြို့၌ထား၍ နေကုန်၏။ ထိုတစ်ကျိပ်ခလာ မင်းညီနောင်တို့သည် ''ငမ္မ။ ဒိပ်ကျန်း အလုံး၌ရှိသော မင်းအဖြစ်ကိုယူကုန်အံ့''ဟု မြို့မှထွက်၍ အစဉ်သဖြင့် ကာဠဒေးယာနက မည်သော မင်း၏ နေရာဖြစ်သော အယုဇ္ဈမြို့သို့ ရောက်လျှင် မြို့ကို ခြံရံ၍တည်သော ကျုံးသစ်ပင် ချုံပိတ်ပေါင်းတို့ကို ထွင်ပြီးလျှင် မြို့တံဘိုင်းကို ဖျက်ဆီး၍ ယောနကမင်းကို ဖမ်းယူပြီးလျှင် ထိုအယုဇ္ဈပြည်ကို မိမိတို့လက်သို့ ရောက်သည်ပြု၍ ဒဠှရာဝတီပြည်သို့ ရောက်ခလကုန်၏။

www.dhammadownload.com

အာကာသပျံဝဲမြို့သံတွဲ

ထိုဒုဂါရုဝတိမြို့၏ တစ်ဖက်မျက်နှာမှာကား သမုဒ္ဒရာ တစ်ဖက်မျက်နှာမှာကား တောင်ရှိ၏။ ထိုဒုဂါရုဝတိမြို့ကို ဘီလူးတို့သည် သိမ်းဆည်းသည်ဖြစ်တသတ်၊ ထိုမြို့ကို စောင့်ရှောက်သော ဘီလူးတို့သည် ရန်သူတို့ကိုမြင်၍ မြည်းဓားအသွင်ဖြင့် မြည်းသံကိုမြည်၏။ ထိုသို့မြည်သောခဏ၌ ဘီလူးတို့၏ ဆာနုဘော်ဖြင့် မြို့ဆောက်သည် ကောင်းကင်၌ပျံဝဲ၍ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်တစ်ခုဲ့၌ တည်၏။ ရန်သူတို့ သွားကုန်သည်ရှိသော် တစ်ဖန်ပြန်လှည့်၍ မိမိနေရာ၌သာလျှင် တည်၏။ ထိုမင်းညီနောင်တစ်ကျိပ်တို့ရောက်လာသော ဆခါ၌လည်း မြည်းယောင်ဆောင်သော ဘီလူးသည် ထိုမင်းညီနောင် တစ်ကျိပ်တို့၏ လာခြင်းကိုသိ၍ မြည်း၏မြည်ခြင်းကို မြည်၏။ ထိုမြို့သည် ကောင်းကင်သို့ ပျံတက်၍ သမုဒ္ဒရာကျွန်းငယ်၌ တည်၏။ ထိုညီနောင်မင်းတို့သည် မြို့ကိုမမြင်ကုန်၍ ပြန်ကုန်သည်ရှိသော် တစ်ဖန် လာပြန်၍ မိမိနေရာ အရပ်၌တည်၏။

ထိုမင်းညီနောင်တို့သည် ဒုဂါရုဝတိမြို့သို့ တစ်ဖန်ပြန်လာကုန်၏။ တစ်ဖန်လည်းမြည်းသည် ထိုနည်းအတူသာလျှင်ပြု၏။ ထိုမင်းညီနောင်တစ်ကျိပ်တို့သည် ဒုဂါရုဝတိပြည်၌ မင်းအဖြစ်ကို ယူခြင်းငှာ မဘတ်နိုင်သည် ဖြစ်၍ ကဏ္ဍဒီပါယန အမည်ရှိသော ရဿေ အထံသို့ သွားပြီးလျှင် ရှိခိုးကုန်၍ "အရှင်ဘုရား....အကျွန်ုပ်တို့သည် ဒုဂါရုဝတိမြို့၌ မင်းအဖြစ်ကို ယူခြင်းငှာ မဘတ်နိုင်ပါကုန် အကျွန်ုပ်တို့အား တစ်ခုသောအခြင်းကို ပြုတော်မူပါကုန်လော" ဟု မေး၍ "ကျုံးအပြင်အရပ်၌ တစ်ခုသော မြည်းသည်ရှိ၏၊ ထိုမြည်းသည်လျှင် ရန်သူတို့ကိုမြင်၍ မြည်၏၊ ထိုမြည်သော ခဏ၌ မြို့သည် ပျံသွား၏၊ သင်တို့သည် ထိုမြည်း၏ ခြေတို့ကို ကိုင်လေကုန်၊ ဤသည်လျှင် သင်တို့၏ အလိုပြီးခြင်း၏ အကြောင်းတည်း" ဟု ဆိုလတ်သော် ထိုမင်းညီနောင် တစ်ကျိပ်တို့သည် ရှင်ရဿ ကို ရှိခိုးပြီးလျှင် သွားခဲ့လ၏။ ထိုတစ်ကျိပ်သော မင်းညီနောင်တို့သည်ပင်လျှင် မြည်း၏ ခြေ၌ကိုင်ပြီးဝင်၍ "အရှင်ကိုထား၍ အရှင်မှ တစ်ပါးသော သူသည် ကိုးကွယ်ဆုမရှိပါ၊ ငါတို့မြို့ကို သိမ်းယူသောအခါ မမြည်ပါလင့်" ဟု တောင်းပန်ကုန်၏။

www.dhammadownload.com

ဒဠှါရဝတီပြည်ကိုသိမ်းပြီ

မြည်းသည် "ငါဆည် မမြည်ဘဲ နေခြင်းငှာ မတတ်ဟောင်း၊ ထင်မင်းသားတို့သည်ကား ရှေးဦးစွာ လာလတ်ကုန်၍ လေးဖယောက်ကုန်ဆောဆူတို့သည် ကြီးစွာသော သံချောင်းတို့ကိုယူ၍ မြို့တံခါး လေးမျက်နှာတို့၌ ကြီးစွာသော သံတံသင်းတို့ကို မြေ၌စိုက်၍ မြို့၏ ပျံအံ့ထောတာလည်း သံချောင်းတို့ကိုကိုင်၍ သံချောင်း၌ဖွဲ့အပ်သော သံကွင်းကို သံတံသင်း၌စွပ်လေကုန်၊ မြို့သည်ပျံခြင်းငှာ မတတ်နိုင်လတ္တံ့ဟု ဆို၏။ ထိုမင်းညီနောင်တို့သည် "ကောင်းပြီ"ဟု ဆိုလေ၍ ထိုနေ့ ညဉ့်သန်းခေါင်ယံ၌ပင်လျှင် သံချောင်းတို့ကိုယူ၍ မြို့တံခါးလေးမျက်နှာတို့၌ သံတံသင်းတို့ကို မြေ၌စိုက်၍ တည့်ကုန်၏၊ ထိုခဏ၌မြည်းသည် မြည်၏။ မြို့သည် ပျံခြင်းငှာ အားထုတ်၏။ တံခါးလေးမျက်နှာတို့၌ တည်ကုန်သော မင်းသားတို့သည် လေးခုသော သံချောင်းတို့ဖြင့် ကိုင်ကုန်၍ သံချောင်း၌ ဖွဲ့အပ်ထော သံကွင်းတို့ကို "သံတံသင်း ပွဲကုန်၏။ မြို့သည် ပျံခြင်းငှာ မတတ်နိုင်။ မင်းညီနောင်တစ်ကျိပ်တို့သည် ထိုနေ့ည၌မူ မြို့သို့ဝင်ပြီးလျှင် မင်းကိုလတ်၍ ဒဠှာထုစတိပြည်ကို ယူကုန်၏။ ဤသို့လျှင် ထိုမင်းညီနောင်တစ်ကျိပ်တို့သည် ဇမ္ဗူဒီပ်ကျွန်း အလုံးဝယ် ခြောက်သောင်း သုံးထောင်သော မြို့တို့၌ ခြောက်ဆောင်းသုံးထောင်သော မင်းတို့ကို စက်လက်နက်ဖြင့် အသက်ကုန်ခြင်းသို့ ရောက်စေ၍ ဒဠှာထုစတိပြည်ကြီး၌ နေကုန်လျက် ပြည်ထောင်အပေါင်းတို့ကို ဆယ်စုံ၍ ခွဲဝေကုန်၏။

နှမတော် အဥ္ဇနဒေဝီကိုကား မအောက်မေ့မိကုန်။ ထိုနောင်တစ်ဖန် "ဆယ့်တစ်စုံစု၍ ဝေအံ့"ဟု ဆိုသည်ရှိသော် အကုံရမင်းသားသည် "အကျွန်ုပ်၏ အစုတစ်စုကို နှမတော် အဥ္ဇနဒေဝီထား ပေးတော်မူကုန်လော့၊ အကျွန်ုပ်သည် ကုန်သွယ်ခြင်းကိုပြု၍ အသက်မွေးပါအံ့၊ စင်စစ်သော်ထား နောင်တော်တို့သည် မိမိတို့၏ ဇနပုဒ်၌ အကျွန်ုပ်အား ကင်းခွန်ကိုသာ လွှတ်တော်မူကုန်လော့"ဟု ဆို၏။ ထိုနောင်တော် မင်းတို့သည် "ကောင်းပြီ"ဟု ဝန်ခံကုန်၍ ထိုအကုံရမင်းသား၏ အစုံကို နှမ်တော် အဥ္ဇနဒေဝီထား ပေး၍ ထိုနှမတော် အဥ္ဇနဒေဝီနှင့်တကွ ကိုးယောက်ကုန်သော မင်းတို့သည် ဒဠှာထုဝတီပြည်ကြီး၌ နေကုန်၏။ ညီးထွာအကုံရမင်းသားသည်ထား ကုန်သွယ်ခြင်းကိုပြု၏။ ဤသို့လျှင် ထိုမင်းသား

www.dhammadownload.com

ညီနောင်တို့ဈာည် နောက်ဈာဖို့ဒ်ဒ် သား သမီးတို့ဖြင့် ပွဲားများကုန်သည် ရှိသော် ရှည်မြင့်စွာသောကာလ လွန်လတ်သော် ဗယ်တဒ် ခမ္ဗည်းထော် တို့သည် သေကုန်၏။

မင်းကြီးသောဏကို မျောက်အုံ့

ထိုအခါ လူတို့၏ အသက်တစ်သောင်းရှည်ဆော ဈာလဒ်ဒ် ဖြစ်သတတ်။ ထိုအခါ ဝါသုဒေဝ မင်းကြီး၏ သားတော်တစ်ယောက်သည် သေ၏။ စါသုဒေဝ မင်းကြီးသည် စိုးရိမ်သောကနှိပ်စက်သည်ဖြစ်၍ ဈလုံးစုံထော ဈာမှကိစ္စတို့ကို ပယ်၍ ညောင်စောင်းပေါင်ဒ်ဒ် ဖက်၍ ငိုမြည်တမ်းလျက် လျောင်း၏။

ရွှးဟန်ဆောင်

ထိုဈာခါ ညီတော် ဃဋ္ဌပဏ္ဍိတ မင်းသားသည် ကြား၏။ "ငါ့ကိုထား၍ ငါမူတစ်ပါးသောတစ်စုံတစ်ယောက်သောသူသည် နောင်တော်မင်းကြီး၏ စိုးရိမ်ခြင်းကို ဖျောက်ခြင်းငှာ စွမ်းနိုင်သောသူ မည်သည်မရှိ၊ သင့်ဆော ဈာကြောင်းဖြင့် ထိုနောင်တော်မင်းကြီး၏ စိုးရိမ်ခြင်းကို ဖျောက်အုံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုဃဋ္ဌပဏ္ဍိတ မင်းသားသည် သူရွှးဈာသွင်ကိုယူ၍ "ငါ့ဈာား ယုန်ကို ပေးကုန်လော့၊ ငါ့ဈာား ယုန်ကို ပေးကုန်ခလော့" ဟု ဆို၍ ဆောင်းကွင်သို့ ကြည့်လျက် မြို့ဈာလုံးကို လှည့်လည်၏၊ "ဃဋ္ဌပဏ္ဍိထ မင်းသားသည် ရွှးသည်ဖြစ်၏" မြို့ဈာလုံးသည် ချောက်ချား၏။ ထိုခဏ၌ ထွေဟိဈောယျ ဈာမည်ရှိသော ဈာဓတ်သည် ဝါသုဒေဝ မင်းကြီး၏ဈာထံသို့ သွား၍ ထို့ဝါသုဒေဝမင်းကြီးနှင့်တကွ စကားကို ဖြစ်စေလိုသည်ဖြစ်၍-

၁၄၁။ ဥဋ္ဌေဟိ ကဏှ ကိံ သေသိ၊ ဆော ဈာတ္ထော သုပ္ပနေန ဆော။
ထောပိ တုယှံ သကော ဘာထာ၊ ဟဒယံ စက္ခု ဒက္ခိဏံ။
တဿ ဝါတာ ဗလီယန္တိ၊ ဃဋ္ဋော ဇပ္ပတိ တေသဝ။

ဟူသော ရွှးဦးစွာသော ဤဂါထာကို ဆို၏။

၁၄၁။ တေသဝ။ တင့်တယ်သော ဆံရှိစသ ။ ကဏှ၊ တဏှာယနုဈာယ်ဖြစ်တော်မူသော။ ဒေဝ၊ ဈာရှင်မင်းကြီး။ ဥဋ္ဌေဟိ၊ ထတော်မူဦး ထော့။ ကိံ၊ ဈာဘယ်ကြောင့်။ သေသိ၊ အိပ်တော်မူသနည်း။ တေ၊ ဈာရှင်မင်းကြီးဈာ။ သုပ္ပနေန၊ အိပ်ခြင်းဖြင့်။ ကော ဈာတ္ထော၊ ဈာဘယ်

www.dhammadownload.com

အကျိုးရှိအံ့နည်း။ သကောဘာတာ၊ ရှင်မင်းကြီး၏ညီတော်ရင်းဖြစ်သော။ ယောပီ၊ အကြင် ဃဋ္ဌပဏ္ဍိတ မင်းသားသည်လည်း၊ တုယ့်၊ အရှင်မင်းကြီး၏၊ ဟဒယဥ္စု၊ နှလုံးသည်းပုတ်နှင့်လည်းတူ၏။ ဒက္ခိဏ်စက္ခုစ၊ လက်ယာမျက်စိတော်နှင့်လည်းတူ၏၊ တဿ။ ထိုညီတော် ဃဋ္ဌပဏ္ဍိတမင်းသား၏။ ဟဒယံ၊ နှလုံးကို၊ ဝါတာ၊ လေတို့သည်၊ ယဒါတာ၊ အကြင်ကြောင့်။ ဗလီယန္တိ၊ ပို့လှုပ်လှုပ်မိုးကုန်၏။ တဇေတာ၊ ထို့ကြောင့်။ ဃဋ္ဌာ၊ ညီတော် ဃဋ္ဌပဏ္ဍိတ မင်းသားသည်၊ ဇပွတိ၊ ငါ့အား ယုန်ကိုပေးလော့, ငါ့အား ယုန်ကို ပေးခလော့''ဟု မြည်တမ်း၏။

ဝါသုဒေဝ မင်းကြီး လာပြီ

ဤသို့ ရောဟိဏေယျ မည်သောအမတ်သည် လျှောက်သည် ရှိသော် ညီတော်ဃဋ္ဌပဏ္ဍိတမင်းသား၏ရွှေ့ဝသောအဖြစ်ကို သိ၍ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍-

၁၄၂။ တဿ တံ ဝစနံ သုတ္ဝာ၊ ရောဟိဏေယျသော ကသ္မာဝေါ။

တရမာနရူပေါ ဝုဋ္ဌာသိ၊ ဘာတု သောစေန အင်္ဂီတော-ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဟောတော်မူ၏။

၁၄၂။ ဘိုက္ခဝေ၊ ရဟနဲးတို့။ တောသဝေါ၊ တင့်တယ်သေးဆဲပင်ရှိသော။ ဘာတု၊ နောင်တော် ဝါသုဒေဝ မင်းကြီးသည်၊ ရောဟိဏေယျသ၊ ရောဟိဏေယျ အမည်ရှိသော။ တဿ၊ ထိုအမတ်၏၊ တံဝစနံ၊ ထိုစကားကို။ သုတ္ဝာ၊ ကြား၍။ သောကေန၊ ညီတော် ဃဋ္ဌပဏ္ဍိတ၌ စိုးရိမ်ခြင်းသည်။ အင်္ဂီတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ တရမာနရူပေါ၊ ဆဆောစလျင်။ ဝုဋ္ဌာသိ၊ ထ၏၊

ဘာလို့ အော်နေသလဲ

ဝါသုဒေဝ မင်းကြီးသည် ထပြီး၍ လျင်မြန်စွာ ပြာသာဒ်ထက်မှဆင်းသက်၍ ညီတော် ဃဋ္ဌပဏ္ဍိတမင်းသားထံသို့သွား၍ လက်နှစ်ဖက်တို့ဖြင့်ကိုင်၍ ဃဋ္ဌပဏ္ဍိတနှင့်တကွ စကားပြောဆိုရကား-

၁၄၃။ ကိံ နု ဥမ္မတ္တရူပောသိ၊ ကေဝလံ နဂရံ ဇ္ဈမံ၊

သသော သသော ဝိလပသိ၊ ကောနု တေ သသ မာဟုရိ-ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၄၃။ ဘန်ဒ၊ ညီထွေး ဃဋ္ဌပဏ္ဍိတ၊ ကိုနု၊ အတယ်ကြောင့်လျင်၊ ဥမ္မတ္တာရှုပေါ၊ ရှုးသောသူကဲ့သို့ရှိသည်၊ အသိ၊ ဖြစ်သနည်း။ ကိုနု၊ အဘယ်ကြောင့်။ ကေဝလုံ၊ အလုံးစုံသော။ ဤမံနဂရုံ၊ ဤဒုါထုဝတီမြို့ကို၊ စရာန္တ၁၊ လှည့်ပတ်လျက်၊ သသော သသော၊ ယုန်ပေးပါ၊ ယုန်ပေးပါ ဟူ၍။ စိလပသိ၊ မြည်တမ်းဘိသနည်း။ ထော၊ အဘယ်သူသည်လျင်၊ တေ၊ သင် ညီချစ်၏။ သသံ၊ ယုန်ကို၊ ဆာဟရိနု၊ ခိုးယူလေသနည်း။

ယုန်ကိုငါပေးမယ်

ထိုဃဋ္ဌပဏ္ဍိတမင်းသားသည် နောင်တော် ဝါသုဒေဝမင်းကြီး ထိုသော်လည်း ဆာပန်တလဲလဲ ယုန်ပေးပါ, ယုန်ပေးပါဟူသော စကားကိုသာလျှင် ဆို၏။ နောင်တော် ဝါသုဒေဝမင်းကြီးသည်-

၁၄၄။ သောဝဏ္ဏမယံ မဏိမယံ၊ ဧလာဟမယံ ရူပိယမယံ။
သခ်ံ သိလာ ပဝါဠမယံ၊ ဆာရထိသာမိ တေ သသံ၊

၁၄၅။ သန္တိ ဆညေပိ သသဆာ၊ ဆရညေ ဝနဂေါစရာ၊
တေပိ တေ ဆာနုယီသာမိ၊ ကိဒိသံ သသမိစ္ဆသိ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၄၆။ ကနိဋ္ဌ၊ ညီထွေး ဃဋ္ဌပဏ္ဍိတ၊ တေ၊ သင်ညီချစ်ဆာ့။ သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ သသံ၊ ယုန်ကိုလည်းကောင်း။ မဏိမယံ၊ ပတ္တမြားဖြင့်ပြီးသော။ သသံ၊ ယုန်ကိုလည်းကောင်း။ လောဟမယံ၊ ကြေးဖြင့်ပြီးစေသာ၊ သသံ၊ ယုန်ကိုလည်းကောင်း။ ဆထ၊ ထိုမှတစ်ပါး။ ရူပိယမယံ၊ ငွေဖြင့်ပြီးသော၊ သသံ၊ ယုန်ကိုလည်းကောင်း။ သခ်ံသိလာပဝါဠ-မယံ၊ ခရုသင်း ကျောက်သလင်း သန္ဓာဖြင့်ပြီးသော။ သသံ၊ ယုန်ကိုလည်း၊ ကောင်း။ ဘာရထိသာမိ၊ ပြုစေအံ့။

၁၄၇။ ဆညေပိ၊ တစ်ပါးလည်းဖြစ်ကုန်သော။ ဆရညေ၊ ကောစ္ဆိ။ ဝနဂေါစရာ၊ တောင်္ခသာလျှင် ကျက်စားရာရှိကုန်သော၊ သသကာပိ၊ ယုန်ယေတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုတောင်္ခနေသော ယုန်တို့ကိုသည်း။ တေ၊ သင်ညီချစ်ဆာ။ ဆနုယီသာမိ၊ ဆောင်ရွက်ပေးအံ့။ ကိဒိသံ၊ အဘယ်သို့သဘောရှိသော။ သသံ၊ ယုန်ကို၊ တုံ၊ သင်ညီချစ်သည်။ လိုစ္ဆသိ၊ အလိုရှိသနည်း။

www.dhammadownload.com

လ-ယုန်ကိုပေးပါ

နေဒင်တော် ဝါသုဒေဝမင်းကြီး၏စကားကို ကြား၍ ညီတော် ဃဋ္ဋ ပဏ္ဍိတမင်းသားသည်-

၁၄၆။ နု စာဟ ဒမတေ ဣစ္ဆာမိ၊ ယေ သဘာ ပထဝိသိတာ။
စန္ဒတော သသ မိစ္ဆာမိ၊ တံ မေ သြဟရ ကေဆဝ-

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၄၆။ ကေသဝ၊ ကေသဝအမည်ရှိသော။ ဆဂ္ဂနု၊ နေဒင်တော်မင်းမြတ်။ ပထဝိသိတာ၊ မြေကိုမှီ၍ နေကုန်သော။ ယေ သသာ၊ အကြင်ယုန်တို့သည်။ ဃဋ္ဋိ၊ ရှိကုန်၏။ ဒေတ၊ ထိုမြေကိုမှီ၍နေကုန်သော ယုန်တို့ကို။ ဆဟံ၊ ငါသည်။ နု စ ဣစ္ဆာမိ၊ အလိုမရှိ။ စန္ဒတော၊ လမှ။ ယုံ ထယံ၊ အကြင်ယုန်ကို။ ဣစ္ဆာမိ၊ အလိုရှိ၏။ တံ သသုံ၊ ထိုလွန်ကိုမှီသောယုန်ကို။ ဓမ၊ ငါ့အား၊ သြဟရ၊ ချဆောင်တော်မူလော့။

မရနိုင်တာမှလိုချင်နှင့်

နေဒင်တော် ဝါသုဒေဝမင်းကြီးသည် ညီတော် ဃဋ္ဋပဏ္ဍိတ စကားကို ကြား၍ "မခွဲတ်လျင် ညီတော်သည် ရှုးသည်သဒ္ဒင်္ဂ ဖြစ်ချေပြီ" ဟု နှလုံးမသာခြင်းသို့ ရောက်သည်ဖြစ်၍-

၁၄၇။ သော နူန မဓုရံ ဘာတိ၊ ဇီဝိတံ ဂိဇဟိဿသိ။
အ ပတ္တယံ သော ပတ္ထယသိ၊ စန္ဒတော သသမိစ္ဆသိ-

ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၁၄၇။ ဘာတိ၊ ညီထွေး ဃဋ္ဋပဏ္ဍိတ။ သောတုံ၊ ထိုညီချစ်သည်။ စန္ဒတော၊ လမှ။ ယုံသသံ၊ အကြင်ယုန်ကို။ ဣစ္ဆသိ၊ တောင့်တ၏။ အပတ္တိယုံ၊ မတောင့်တအပ်သော။ တံ သသံ၊ ထိုယုန်ကို။ ပတ္ထယသိ၊ တောင့်တဘိ၏။ သောတုံ၊ ထိုညီချစ်သည်။ မဓုရံ၊ ကောင်းမြတ်လှစွာသော။ ဇီဝိတံ၊ အသက်ကိုသော်လည်း။ ဝိဇဟိဿသိ နူန၊ စွန့်အပ်ရသည်တကား။ သသုံ၊ လွန်ထင်စေသော ယုန်ကို။ နု လဘတိ၊ မရှိနိုင်လတ္တံ့။

www.dhammadownload.com

သားကောအသက်ပြန်ရှင်မလား

ဃဋ္ဌပဏ္ဍိတ မင်းသားသည် နောင်တော် ဝါသုဒေဝမင်းကြီး၏စကားကို ကြားလျှင် မတုန်မလှုပ် ရပ်၍ "နောင်တော်မင်းမြတ်သည် လမူ ယုန်ကို တောင့်စာသော အကျန်ပ်အား ထိုယုန်ကို မရနိုင်၍သာလျှင် ဤသက်ကုန် အံ့သောဇာဖြစ်ကို သိပါလျက် အဘယ့်ကြောင့် သေလေပြီးသော သား တော်ကို စိုးရိမ်ဘိသနည်း" ဟု ဆို၍

၁၄၈။ ဇဝဠ္ဟေ ကဏ္ဍ ဇာနာသိ၊ ယဒဥ္ဉ မနုံသာဃတိ၊
ကသ္မာ ပုရေ မတံ ပုတ္တံ၊ ဆဍ္ဍေပိ မနုသောစသိ.

ဟူသော ရှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၄၈။ ကဏ္ဍ၊ ကဏ္ဍဆန္ဒယ်ဖြစ်တော်မူသော၊ ဆဇ္ဇ၊ နောင်တော်မင်း မြတ်။ ဇဝံ၊ ဤသို့၊ ဧဝ ဇာနာသိ၊ ဆကယ်၍သိအံ့။ ဇာနန္တော၊ သိသည် ဖြစ်၍၊ အညံ၊ တစ်ပါး၊သောသူကို။ ယဒိ အနုဿာဃတိ၊ ဆကယ်၍ ဆုံးမ သည်ဖြစ်အံ့၊ အထ၊ ထိုသို့ဖြစ်ပါလျက်၊ ပုရေ၊ ရှေးလေးလအထက်၌။ မတံ၊ သေလေပြီး သော၊ ပုတ္တံ၊ သား၊တော်ကို၊ ကသ္မာ၊ အဘယ့်ကြောင့်။ ဆဍ္ဍေပိ၊ ယခုထက်တိုင်အောင်လည်း။ အနုသောစသိ၊ စိုးရိမ်ဘိသနည်း၊

မင်းကြီးကိုတရားပြ

ဤသို့လျှင် ဃဋ္ဌပဏ္ဍိတမင်းသားသည် ခရီးမှ၌ ရပ်လျက် သာလျှင် "နောင်တော်မင်းမြတ်....အကျန်ပ်သည် ထိုမျှလောက်ထင်ရှားသောယုန်ကို တောင့်တ၏၊ နောင်တော်မင်းမြတ်သည်မူကား မထင်သော သားတော်၏ အကျိုးငှာ စိုးရိမ်ဘိ၏" ဟု ဆို၍ ထိုနောင်တော် ဝါသုဒေဝမင်းအား၊ တရား၊ဟောလိုရကား-

၁၄၉။ ယံ နု လဇ္ဇာ မနုံသေန၊ အမ္မနုံသေန ဝါ ပုန၊
ဇာဒေဘာ ဧမ မာ မရိ ပုတ္တော၊ ကုတော လဇ္ဇာ ဆလဇ္ဇိယံ။

၁၅၀။ န မန္တော မူလဘေသဇ္ဇာ၊ ဩသဓေဟိ ဓနေန ဝါ၊
သက္ကာ မာနယိတုံ ကဏ္ဍ၊ ယံ ပေတ မနုသောစသိ.

ဟူသော ဤနှစ်ဂါထာကို ဆို၏။

၁၄၉။ ဘာတိက၊ နောင်တော်မင်းမြတ်။ ဇာတော၊ ဖြစ်ပြီးသော။ မေပုတ္တော၊ ငါ၏သားသည်။ ပုန၊ တစ်ဖန်၊ မာ မရိ၊ မြေသေပါစေလင့်၊ ဣတိ၊ ဤသို့။ ယံ သဘာဝံ၊ အကြင် မသေအံ့သော သဘော၌။ မနုဿေန

www.dhammadownload.com

ဝါ၊ လူသည်လည်းကောင်း။ ဇမနုသေန ဝါ၊ နတ်ပြဟ္မာသည် လည်း ကောင်း၊ ယသ္မာ၊ အကြင်ကြောင့်၊ နှ လဟ္တာ၊ မရအပ်ကုန်။ တသ္မာ၊ ထို့ကြောင့်၊ ဇာလဟ္တိယံ၊ တောင့်တခြင်းမရအပ်ခြင်းသော သဘောကို။ ကုဇာ လဟ္တာ၊ အာဘယ်မှာဝုနိုင်အံ့နည်း။

၁၅၀။ ကက္ခ၊ ထက္ခယနအနှယ် ဖြစ်တော်မူသော၊ ဘာတိဇာနောင် တော်မင်းမြတ်၊ တံ့၊ ထင်နောင်တော်မင်းမြတ်သည်၊ ယံ ပေတံ၊ အကြင် ထဓလွန်ဘဝသို့ သွားလေပြီးသောသူကို၊ အနုသောစသိ၊ စိုးရိမ်ဘိ၏၊ တံ ပေတံ၊ ထိုတမလွန်ဘဝသို့ သွားလေပြီးသောသူကို။ ဓန္တာ၊ ဓန္တကုမာ ပေဒင်ဖြင့်လည်းကောင်း။ မူလဘေသဇ္ဇာ၊ အမြစ်ပေါင်းဆေးဖြင့် လည်း ကောင်း။ လြသဓေဟိ၊ အထူးထူးသောဆေးတို့ဖြင့် လည်းကောင်း။ ဓံနှနှ ဝါ၊ ဥစ္စာပေးဆဖြင့် လည်းဓကောင်း၊ ဆာနုယိတုံ၊ တစ်ဖန်ဆောင်ခြင်းငှ။ နှ သက္ကာ၊ မတတ်တောင်း။

ငါးစိုးရိမ်တော့ပြီ

နောင်တော် ဝါသုဒေဝမင်းကြီးသည် ညီတော် ဃဋပဏ္ဍိတမင်းသား၏ စကားကိုကြား၍ "ညီချစ်....ဃဋပဏ္ဍိတ အမောင့်စကား ဆင့်လှပေပြီ၊ ငါသည် ထတိရပြီ၊ ငါ့အား စိုးရိမ်သောစာ ဗျာပါရတို့ကိုဖျောက်ခြင်းငှာ ထင် ညီချစ်သည် ဤသို့သော အမူအရာကို ပြုပေ၏ဟု ညီတော် ဃဋပဏ္ဍိတ မင်းသားကို ချီးမွမ်းလိုရထား·

၁၅၁။ ယဿ တေဒိသာ အဿု၊ အမစ္စာ ပုရိသပဏ္ဍိကာ။
ယထာနိဗ္ဗာပယေ အဇ္ဇ၊ ဃဋော ပုရိသပဏ္ဍိတော။

၁၅၂။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝ ရိနာ စိယ သြသိဉ္စိ၊ သပ္ပံ နိဗ္ဗာပယေ ဒရံ။

၁၅၃။ အဗ္ဘုဠ္ဠံ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ လောကပရေအဿ၊ ပုတ္တသောကံ အပါနုဒိ။

၁၅၄။ သောဟံအဗ္ဘုဠ္ဠံ သလ္လောဿ်ဘိ၊ ဝိတသောကော အနာဝိလော၊
နှ သောစာမိ နထောဒါမိ၊ တဝ သုတ္တာန မာဏဝ·

ဟူသော ဤဒေးဂါထာတို့ကို ဆို၏။

၁၅၅။ တောန္တော အမစ္စာယော၊ အို အဓိတ်အပေါင်းတို့။ ယထဒ· ယေန တာဝရဏေန၊ အကြင်သို့သော ဥပမာဖြင့်၊ ပုရိသပဏ္ဍိတော၊ ပညာရှိ

www.dhammadownload.com

ယေဝကျွဲးမြတီဖြစ်သော၊ ယံဒဉ္ဇာ၊ ညီတော် ဃဋ္ဌပက္ကိတသည်၊ အင်္ဂ၊ ယဒနု။ မံ၊ စိုးရိမ်ခြင်းနှိပ်စက်သောငါ့ကို။ နိဗ္ဗာပယေ၊ သီးစေ၊။ တဿာ-တေန ကာရဏေန၊ ထိုသို့သော အခြောင်းဥပမာဖြင့်။ ယဿ၊ အကြင်မင်းဆား။ တောဒိသာ၊ထိုသို့သဒိသဘာရှိကုန်သော၊ အမစ္စဝဲပုရိသပက္ကိတာ အမတ်ပညာရှိ ယောကျွဲးတို့သည်။ အသု-ဘဝေယျုံ၊ ရှိသည်ဖြစ်ကုန်ငြားအံ့၊ တဿ၊ ထိုအမတ်ပညာရှိထောကျွဲးနှင့် ပြည့်စုံသောမင်းဆား။ ကုတော သောကော၊ အဘယ်မှာ စိုးရိမ်သောက ရှိရအံ့နည်း။

၁၅၂။ ယတသိတ္ထံဝ၊ ထေရပတိဖြင့် သွန်းလောင်းဆပ်သည်သာလျှင်ဖြစ်သဲ၊ ပါဝကံ၊ မီးကို။ ဝါရိနာ၊ ရေဖြင့်။ ဩသိဉ္စိ ဝိယ၊ သွန်းလေင်းငြိမ်းစေဘိသကဲ့သို့။ စေတထာ၊ ထိုအတူ။ အာဒိတ္တံ၊ သောထတည်းဟူသော မီးလောင်သည်။ သန္တံ၊ ဖြစ်သော။ ဓံ၊ ငါ့ကို။ ဝတ၊ စင်စစ်။ နိဗ္ဗာပယေ၊ ငြိမ်းစေပြီး သဗ္ဗံ၊ အလုံးစုံသော၊ ဒုက္ခံ၊ ကိုယ်၏ပူပန်ခြင်း စိတ်၏ပူပန်ခြင်းကို။ နိဗ္ဗာပယေ၊ ပြီး။

၁၅၃။ ယော၊ အကြင်ငါ့ညီ ဃဋ္ဌပက္ကိတအား၊ သောဆပရေတံသာ၊ စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သော၊ မေ၊ ငါ၏၊ ပုတ္တဒါသကံ၊ သားသေလွန်ခြင်းကြောင့်ဖြစ်သော စိုးရိမ်ခြင်းကို။ အပါနုဒိ၊ ပယ်ဖျောက်၏၊ ဟဒယဿိတံ၊ နှလုံးကိုမှီသော။ ယံသောကဿလ္လံ၊ အကြင်စိုးရိမ်ခြင်းတည်း၊ ဟူသော ငြောင့်သည်။ အသိ၊ ဖြစ်၏။ မေ၊ ငါ၏။ တံ သလ္လံ၊ ထိုစိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို။ ဧတေန၊ ပက္ကိတေန၊ ထိုငါ့ညီ ဃဋ္ဌပက္ကိတသည်၊ အဗ္ဗူဠှံဝတ၊ နုတ်အပ်စွတကား။

၁၅၄။ မာဏဝ၊ ညီတော်ဃဋ္ဌပက္ကိတဆဆည်၊ တဝ၊ သင်ညီချစ်၏၊ ဝစနံ၊ စကားကို၊ သုတ္ဝာန၊ နာရရှိ။ သောအဟံ၊ ထိုငါသည်။ အဗ္ဘူဠှံ-သလ္လော၊ နုတ်အပ်ပြီးသော စိုးရိမ်ခြင်းတည်း ဟူသော ငြောင့်ရှိသည်။ အသ္မိ၊ ဖြစ်ပြီး ဝိဂတသောကော၊ စိုးရိမ်ခြင်းကင်းသည်။ အနာဝိလော၊ မနောက်ကျသည်၊ အသ္မိ၊ ဖြစ်ပြီး စါနိ၊ ယခု၊ နမသောစာမိ၊ မစိုးရိမ်။ နံ ဟေဒါမိ၊ မငိုကြွေး။

ပညာရှိမှ သောကကို ဖျောက်နိုင်

အဆုံးဌ်-

၁၅၅။ ဧဝံ ကဟော့ဿိ သပ္ပညော၊ ယော ဟောဿိ အနုတပ္ပကော၊
နိဝတ္တယဿ်ဿိ သောတမှာ၊ ယဒဋ္ဌော ဧဋ္ဌဝံ ဘာတရံ-

www.dhammadownload.com

ဟူသော ဤဂါထာသည် ဘုရားဖြစ်တော်မူပြီးမှ ဟောတော်မူသော ဘုရားဂါထာတော်တည်း။

၁၅၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇင္ဇဲ၊ နောင်တော်အကြီးဖြစ်သော၊ ဘာတရံ၊ အစ်ကိုဝါသုဒေဝမင်းကြီးကို။ ဃဇဋ္ဌော၊ ညီတော်ဃဋ္ဌပဏ္ဍိတသည်။ သောဏမှာ၊ စိုးရိမ်ခြင်းမှ။ နိဇဇတ္တတိ ဣဝ၊ နှစ်စေသကဲ့သို့။ ယေ၊ အကြင် သူတို့သည်။ ဘပွညာ၊ ပညာရှိကုန်သည်။ အနုကမ္ပကာ၊ သနားကရုဏာ ရှိကုန်သည်။ ဒဟာန္တိ၊ ဖြစ်ကုန်၏။ ဧဝ၊ ပညာရှိတို့သည်။ ဧဝံ၊ ဤယ်ဋ္ဌပဏ္ဍိတအတူလျှင်။ ကဆော်ဇ္ဈိ၊ ပြုကုန်မြဲဘည့်း။ သောဏမှာ၊ စိုးရိမ်ခြင်းမှ။ နိဝတ္တယန္တိ၊ နှစ်ခြကုန်မြဲတည်း။

ကဏ္ဍဒီပါယနရဿေ ကွယ်လွန်ပြီ

ဤသို့လျှင် ညီတော် ဃဋ္ဌပဏ္ဍိတ မင်းသားသည် အကြောင်း ဥပမာဆောင်၍ ငြိမ်းစေအပ်သော စိုးရိမ်ခြင်းရှိသော နောင်တော် ဝါသုဒေဝ မင်းကြီးသည် ပြည်သူအားပါင်းကို ဆုံးမလျက် ရှည်မြင့်စွာသော ကာလကို လွန်သဖြင့် ညီနောင် မင်းတစ်ကျိပ်တို့၏ သားစောဖြစ်ကုန်သော မင်းသားတို့သည် ကြံကြကုန်၏။ "အရှင်ကဏ္ဍဒီပါယန ရဿေကို ဒိဋ္ဌစက္ခု အဘိညာဉ်ရှိ၏ ဟူ၍ ဆိုကုန်၏၊ စုံစမ်းကုန်အံ့" ဟု ထိုမင်းသားတို့သည် တစ်ယောက်သော မင်းသားငယ်ကို တန်ဆာဆင်၍ ကိုယ်ဝန်ရှိသော အခြင်းအရာကို ပြု၍ ဝမ်းခွဲ သားရေကိုဖွဲ့၍ ထိုရှင်ရဿ၏ အထံသို့ ဆောင်ပြီးလျှင် "အရှင်ဘုရား....ဤသူငယ်မသည် အဘယ်ကို ဖွဲ့းလတ်အံ့နည်း" ဟု မေးကုန်၏။ ကဏ္ဍဒီပါယနရှင်ရဿသည် ဒိဋ္ဌစက္ခုဖြင့် ကြည့်ရှုသည်ရှိသော် "ညီးနှောင်တစ်ကျိပ် မင်းတို့၏ ပျက်စီးအံ့သောအခါ ရောက်ပြီ၊ ငါ၏ အာယုသင်္ခါရသည် အဘယ်သို့ သနည်း" ဟု ကြည့်ရှုလတ်သော် "ယနှပင်လျှင် ငါ့အား သေခြင်းသည် ဖြစ်လတ္တံ့" ဟု သိ၍ "မင်းသားတို့....ဤသားဖွဲ့းအံ့သောအခြောင်းဖြင့် သင်မင်းသားတို့အား အဘယ်အကျိုးရှိအံ့နည်း" ဟုဆို၏။ "အရှင်ဘုရား....ဆိုတော်မူကုန်လော့" ဟု ဆိုသည်ရှိသော် "ဤသူငယ်မသည် ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ရှားတုံးကို ဖွဲ့းလတ္တံ့၊ ထိုရှားတုံးဖြင့် ဝါသုဒေဝ မင်းမျိုးသည် ပျက်စီးလတ္တံ့၊ စင်စစ်သော်ကား သင်မင်းသားတို့သည် ဖွဲ့းလတ္တံ့သော ရှားတုံးကို ယူ၍ မီးဖုတ်ပြီးလျှင် ပြာကို မြစ်ပြင်၌ ချလေကုန်လော့" ဟု

www.dhammadownload.com

ဆို၏။ ထိုသို့ ဆိုသောအခါ၌ တိုကဏ္ဍဗိပါဃန ရသေ့ကို မင်းသစ်တို့သည် ''ဟယ် စဉ်းလဲသော ရသေ့ — ယေခကျွဲးသည် သားဖွားခသော မည်သည် မရှိတဆား'' ဟုံ ဆို၍ ရက်ကန်ကြိုးဖြင့် ထန်းဖူးစည်း စည်း၍ ညှဉ်းဆဲခြင်း မည်သည်ကို ပြုကုန်၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။

ညီနောင်တို့ သေကြပုံ

မင်းကြီးတို့သည် မင်းသားငယ်ကို ခေါ်စေ၍ ''အဘယ့်ကြောင့် ရှင် ရသေ့ကို သတ်ကုန်သနည်း'' ဟု မေး၍ အလုံးစုံသော စကားကို ကြားရလျှင် ကြောက်ကုန်သည်ဖြစ်၍ ထိုသူငယ်အား အစောင့်အရှောက်ကို ပေးပြီးလျှင် ''ခုနစ်ရက်မြောက်သောနေ့၌ ထိုသူငယ်၏ ဝမ်းမှဖွားခသော ရွှေးတုံးကို မီးဖုတ်၍ ပြာကို မြစ်၌ ပစ်ချကုန်၏။ ထိုပြာသည် မြစ်၌ မျောသည်ရှိသော် မြစ်ဝနံပါးတစ်ဖက်၌ တင်လေ၏။ ထိုးနာငဲမှု ပြီန်းမြက်သည် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ မင်းတို့သည် သမုဒ္ဒရာ၌ ကစားခြင်းကို ကစားကုန်အံ့'' ဟု မြစ်ဝတို့ သွားကုန်၍ ကြီးစွာသော မကွေ့ပ်ကို ဆောက်စေပြီးလျှင် တန်ဆာဆင်သော မကွေ့ပ်၌ စားသောက်ကုန်လျက် ကစားသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သည်ရှိသော် လက်ခြေ ထိပါးကြကုန်သည်ဖြစ်၍ နှစ်ကွဲ ကွဲကြကုန်၍ ကြီးစွာသော ခိုက်ရန်ကို ပြုကုန်၏။

ထိုသို့ ခိုက်ရန် ဖြစ်ကြကုန်သတဲ့သော် တစ်ယောက်သောသူသည် တစ်ပါးသော ဆောက်ပုတ်ကို မရသည်ဖြစ်၍ ပြီန်းမြက် ခတာမှု ပြီန်းရွက်ကို ကိုင်၏။ ထိုပြီန်းရွက်သည် ကိုင်မိကာစမျှဖြင့်လျှင် ရှားကျည်ပွေ့ ဖြစ်၏။ ထိုယောကျွဲးသည် ထိုရှားကျည်ပွေ့ဖြင့် လူအခပါင်းကို ရိုက်ပုတ်၏။ ထို့နောက်၌ တစ်ပါးသော အလုံးစုံသော ပြီန်းပင်အခပါင်းတို့သည်လည်း ကိုင်တိုင်း ကိုင်တိုင်း ရှားကျည်ခပွေ့တို့သည်သာလျှင် ဖြစ်ကုန်၏။ ထိုလူမျှားအပေါင်းတို့သည်လည်း ကိုင်တိုင်း ကိုင်တိုင်း ရှားကျည်ပွေ့တို့သည်သာလျှင် ဖြစ်ကုန်၏။ ထိုလူမျှားအပေါင်းတို့သည် အချင်းချင်း ရိုက်ပုတ်ကြကုန်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏။

ဗလဒေဝမင်းသား သေရပုံ

ထိုလူမျှားအပေါင်းသည် ကြီးစွာသော ပျက်စီးခြင်းဖြင့် ပျက်စီးကုန်သည်ရှိသော် ဝါသုခဒေဝ မင်းကြီးလည်းကောင်း, ဗလဒေဝမင်းကြီးလည်း

www.dhammadownload.com

ကောင်း, နှစ်တော် အဥ္ဇနဒဝိလည်းကောင်း, ပုထုဟိတ်ပုဏ္ဏားလည်း ကောင်း ဤလေးယောက်ကုန်သော သူတို့သည် ရထားစီး၍ မြေးကြကုန်၏၊ ကြွင်းကုန်သော အလုံးစုံသော လူအပေါင်းတို့သည် ပျက်စီးကုန်၏၊ လေးယောက်ကုန်သော သူတို့သည်လည်း ရထားတို့ဖြင့် ပြေးကုန်သည်ရှိသော် ကဒလမတ္တိတာမည်သော ဆောအုပ်သို့ ထွက်ကုန်၏၊ မုဒ္ဒိဓာမည်သော လက်ပမ်းထည်သည် ဘီလူးဖြစ်၍ စားရလိုသောဟု ဆုတောင်းခြင်းကိုပြု၍ ထိုတေးအုပ်၌ ဘီလူးကြီး ဖြစ်၏၊ ဗလဒေဝမင်း လာသည်၏ အဖြစ်ကို သိလျှင် ''ထိုတောအုပ်၌ ရှာပန်ဆင်း၍ လက်ပမ်းသည်၏ အသွင်ကို ယူပြီးလျှင် အဘယ်သူသည် လက်ဝှေ့သတ်လိုသနည်း၊ လက်ပမ်းလုံးလိုသနည်း'' ဟု ကြွေးကြော်ကြုံးဝါးလျက် လက်ပမ်းပေါက်ခတ်လျက် လှည့်လည်၏၊ ဗလဒေဝမင်းသားသည် ထိုလက်ပမ်းသည် အယောင်ဆောင်သော ဘီလူးကိုမြင်၍ နောင်တော် ဝါသုဒေဝမင်းကြီးကို ဆို၏၊ ''ဤလက်ပမ်းသည်နှင့်တကွ လုံးထွေးအံ့'ဟု ဆို၍ ဝါသုဒေဝမင်းကြီးသည် တားမြစ်စဉ်ပင်လျှင် ရထားမှ ဆင်းသက်ပြီးလျှင် ထိုဘီလူးဆီသို့သွား၍ ဟစ်အော်ကြုံးဝါးလျက် လက်ပမ်းပေါက်ခတ်၏။ ထိုအခါ ဗလဒေဝမင်းသားကို ထိုဘီလူးသည် ဆန့်ဘေးလက်၌သာလျှင်ကိုင်၍ ကြာစွယ်ကြစရင်းကိုကဲ့သို့ စား၏၊

ဝါသုဒေဝမင်းကြီး သေရပုံ

ဝါသုဒေဝမင်းကြီးဆည် ညီတော် ဗလဒေဝမင်းသား ထွေသော အဖြစ်ကိုသိ၍ နှမတော် အဥ္ဇနဒေဗီကိုလည်းကောင်း, ပုထုဟိတ်ပုဏ္ဏားကိုလည်းကောင်း ယူဇနီ ညှဉ်သုံးယုဒ်ပတ်လုံး ထွားး၍ နေထွက်သောအခါ ဆစ်ရုသော ရှာစွန်အရပ်သို့ ထွက်လျှင် ''ထမင်းကိုချက်၍ ဆောင်ခဲ့ကုန်လော့'' ဟု နှမတော်ကိုလည်းကောင်း, ပုထုဟိတ်ကိုလည်းကောင်း ရှာသို့စေလိုက်၍ မိမိသည် တစ်ခုသော ချုံထဲ၌ အိပ်၏၊ ထိုအခါ ဝါသုဒေဝမင်းကြီးကို ငဆူမည်သော တစ်ယောက်သော မုဆိုးသည် ချုံလှုပ်သည်ကိုမြင်၍ ဤချုံ၌ ဝက်သည် ရှိဏည် ဖြစ်လတ္တံ့ဟု ထောမှတ်ပြု၍ လှံကို လွှတ်လိုက်၍ ခြေခုံစူး၏၊ ''အဘယ်သူသည် ငါ့ကို ထိုးသနည်း'' ဟု ဆိုလတ်သော် လူကို ထိုးမိသောအဖြစ်ကိုသိလျှင် ကြောက်သည်ဖြစ်၍ ပြေးခြင်းငှာ အား ထုတ်၏၊ ဝါသုဒေဝမင်းကြီးသည် သတ္တိကို ဆောင်စည်း၍ ထပြီးလျှင်

www.dhammadownload.com

''ဦးရီး—မးကြောက်လင့်၊ လာလှည့်''ဟု ခေါ်၍ လာလတ်သော် မုဆိုးကို ''သင်သည် ဆာဘယ် အမည်ရှိသနည်း''ဟု မေး၍ ''အရှင်....ဆာကျွန်ုပ်သည် ဇရာ အမည်ရှိသတတ်''ဟု ဆိုသည်ရှိသော် ''ဇရာ မည်သောသူသည် ထိုး၍ သေလတ္တံ့ဟူ ငါ့ကို ပညာရှိတို့သည် ဟောဖူးကုန်သတတ်၊ မချွတ်လျင် ယနေ့ ငါသည် ဆေးရအံ့၊ ထို့ကြောင့် ဦးရီးသည် မကြောက်လင့်၊ လာလှည့်၊ ငါ့ခြေကို ကျပ်စည်းပါလော့''ဟု ထိုဇရာမည်သော မုဆိုးကို လှံစူးဆုံးအရပ်ကို ကျပ်စည်းစေပြီးလျှင် ဇရာမည်သော မုဆိုးကို လွှတ်လိုက်၏။ ဝါသုဒေဝ ဓင်းကြီးသည် ပြင်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်သည်ရှိသော် ထိုနှမတော်၊ ပုရောဟိတ်တို့သည် ဆောင်အပ်ခဲ့သော အစာကို စားခြင်းငှာ မတတ်နိုင်။ ထိုအခါ ထိုနှစ်ယောက်သော သူတို့ကို ခေါ်၍ ''ယနေ့ ငါသည် သေရအံ့''ဟု ဆို၍ ''သင်တို့သည်ကား နူးညံ့သောကိုယ် ရှိကုန်၏၊ တစ်ပါးသော အမှုကို ပြု၍ အသက်မွေးခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့၊ ဤအတတ်ဓနုန်ကို သင်ကြားကုန်သလော့''ဟု တစ်ခုသော မန္တန်ကို သင်စေပြီးလျှင် လှတ်လိုက်၍ ထိုချုံဥပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ဤသို့လျှင် နှစ်ဆတော် အဘုန့်ဒဝဗီကိုထား၍ အလိုးစုံသော မင်းညီနောင် စာစ်ကျိပ်တို့၏ သွားတော် မြေးတော် အစရှိကုန်သော ဒွါရာဝတီ ပြည်ကြီးသူ အပေါင်းတို့ဆည် ဟစ်စိုးခြင်းသို့ ရောက်လေကုန်ပြီ၊ ခပ်သိမ်းကုန်သော တောဘူမက သံဒါရတထွးတို့သည် အမြဲမရှိကုန်၊ ဆင်းရဲခြင်း၏ အကြောင်းသာလျှင် ဖြစ်ကုန်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောတ်တော်မူ၍ ''ဒါယကခ....ရွှေးပညာရှိတို့သည် ပညာရှိတို့၏ စကားကို နာရ၍ မိမိ၏ သားငယ်၌ဖြစ်သော စိုးရိမ်ခြင်းကို ပယ်ဖျောက်ကုန်၏၊ သင် ဒါယကာသည် မစိုးရိမ်လင့်''ဟု မိန့်တော်မူပြီးလျှင် သစ္စာတို့ကို ပြုတော်မူသည်၏ အဆုံး၌ သားသေသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား- ယခုအခါ အာနန္ဒာစသည် ထိုအခါ ရောဟိဏေယျအမတ် ဖြစ်ဖူးပြီး၊ ယခုအခါ သာရိပုတြာသည် ထိုအခါ ဝါသုဒေဝမင်းကြီး ဖြစ်ဖူးပြီ။ ယခုအခါ ဝါဘုရားပရိသတ်တို့သည် ထိုအခါ ကြွင်းကုန်သော ညီနောင်စသော ပရိသတ်

www.dhammadownload.com

တို့ဆည် ဖြစ်ပူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဃဋ္ဋပဏ္ဍိတ ဓင်းသား ဖြစ်ပူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရဿ.ရဟန်း၊ သတ်ညဉ်းပန်း၊ ကြင့်နှ်းမင်းနှယ်ပျက်တတ်သည်း)

တစ်ဆယ့်ခြောက်ခုမြောက်သော ဃဋ္ဋပဏ္ဍိတဇာတ်သည် ပြီး၏။

နိဒါန်း

ဘုန်းတော် အလွန်တရာကြီးမြတ်ခြောင်မှုလှသော ဆင်ဖြူများရှင် ဘဝရှင် တရားမင်းမြတ်၏ သားခတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့.မျက်နှာ အရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလစေတီကျောင်းတော်နေ ညောင်စာန်ဆရာဘော်သည် မြန်မာ ပြန်ဆိုအပ်သော ဒဿကနိပါတ် ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏ အစဉ် အနှက်၏ အစဉ်အစားဖြင့် အပြားသို့ ရောက်၏း

တွာဝစော.

မင်္ဂလာဘူမိ ကိတ္တိခေျ၊ ဝသတာ မန္ဒိရေ ရမေ။

ဂုဏ္ဍာ မြမွဘာသခယ၊ ဝုတ္တံ ဂန္ဆောနိဋ္ဌံ ဂတော။

ဧတ္တာဒဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ရမေ၊ မေ့.လျော်ဖွယ်ရှိဆော။ မင်္ဂလာဘူမိကိတ္တိခေျ၊ မင်္ဂလစေတီကျောင် အမည်ရှိသော၊ မန္ဒိရေ၊ အမရပုရ မြို့တော်တည် ဆင်ဖြူများရှင် ဘဝရှင် တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုဏ္ဍနာ၊ ဆရာတော်သည်။ မြမွဘာသယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တာန္ဆော၊ ဆိုအပ်သော တစ်ဆယ့်ခြောက်ဇာတိအတိုင်းအရှည်ရှိသော ဒသက နိပါတ်ကျမ်းသည်း နိဋ္ဌံ၊ ပြီးခြင်းသို့။ ဂတော၊ ရောက်၏။

ဒဿကနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရွေ့.ပြီး၏။

www.dhammadownload.com

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ကောဒဿကနိပါတ်

****

နမေ တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-မာတုပေါသကဇာတ်

တိရစ္ဆာန်ဖြစ်သော်လည်း မိဘကို လုပ်ကျေးခြင်း

ဟောတော်မူရာအရပ်။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဘုရား သခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် "တဿ နာဂဿ ဝိပ္ပဝါသေန" အစရှိသော ဂါထာပုဒ်ဖြင့် ထန်ဆာ ဆင်ဆောင်သော ဤမာတုပေါသကဇာတ်ကို မိဘလုပ်ကျေးသော မာဃဆရာ ကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် သုဝဏ္ဏသာမဇာတ်၌ ပယ့်ပုန်ဝတ္ထု နှင့် တူသည် သာလျှင်တည်း။)

အထူးကား- ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်း တို့...ဤရဟန်းကို မကဲ့ရဲ့ကြကုန်လင့်၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်ဆိုး

www.dhammadownload.com

၌ ဖြစ်ကုန်သော်လည်း အမိနှင့် ကင်းကုန်၍ ခုနစ်ရက်ပတ်လုံး အစာကင်းသည်၏ အဖြစ်ကြောင့် ခြောက်တပ်ကုန်သည်ဖြစ်၍ မင်းအား ထိုက်သေအစာကို ရသော်လည်း အမိနှင့်ကင်း၍ မစားကုန်၊ အမိကို မြင်ရမူသာလျှင် အစာကို ယူကုန်၏''ဟု မိန့်တော်မူ၍ ကုန့်လေ့ပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့—လွန်လေပြီးသော အခါ ဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြူသည်ရှိသော် သင်တို့ဆရာ ငါဘုရား၏ အလောင်းတော်သည် ဟိမဝန္တာဝယ် ဆင်အမျိုးဌ် ဖြစ်၍ ကိုယ်လုံးဖြူ၏၊ အလွန် အဆင်းလှ၏၊ ကြည့်လှိုဖွယ်ရှိ၏၊ စိတ်နှလုံး၏ ပွားခြင်းကို ပြုတတ်၏၊ ရွှစ်သောင်းသော ဆင်အခြံအရံရှိ၏။

အမိကို လုပ်ကျွေး

ဘုရားလောင်း၏ မယ်တော်သည်ကား၊ မျက်စိအလင်းကို ဓရ၊ ထိုဘုရားလောင်းသည် ချိုနိုးရာရာကုန်သော ဆန်စသီးတို့ကို ဆင်တို့အား ပေး၍ အမိထံသို့ ပို့စေ၏။ ဆင်တို့ဆည် ထိုဘုရားလောင်း အမိကို မပေးမူ၍ မိမိတို့သာလျှင် စားကုန်၏။ ထိုဘုရားလောဒ်းဆည် စုံစမ်းသည် ရှိသော် ထိုအကြောင်းကိုသိ၍ ဆင်အပေါင်းကိုစွန့်၍ ''အမိကိုလာလျှင် ငါမှုးအုံ့''ဟုကြံ၍ ညဉ့်အဖို၌ တစ်ပါးကုန်းသာ ဆင်တို့၏ မသိကုန်စဉ် အမိကို ခေါ်ယူ၍ စင်္ကာရဏ တောင်ခြေရင်းသို့သွား၍ တစ်ခုသော ပဒုမာကြာတောက်မှို၍ တည်သော တောင်ဝှမ်း၌ အမိကိုထား၍ လုပ်ကျွေးမွေးမြူ၏။ ထိုအခါ ဗာရာဏသီပြည်၌နေသော မုဆိုးသည် ခရီးခွား၍ အရပ်မျက်နှာကို မှတ်မိခြင်းငှာ မတာဆိုင်သည်ဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေး၏။

လူကိုကယ်ခြင်း

ဘုရားလောင်းသည် ထိုမုဆိုး၏ အသံကိုကြား၍ ''ဤလူကား ကိုးကွယ်ရာမရှိ၊ ငါသည် ထင်ရှားရှိစဉ် ဤသူသည် ဤအရပ်၌ အကျိုးမဲ့ပျက်စီးခြင်းသည် မုန်းလှစွာပတ်''ဟု အကြံတော်ရှိ၍ ထိုမုဆိုး၏အနီးသို့သွား၍ ကြောက်သဖြင့် ပြေးသော ထိုမုဆိုးကို မြင်၍ ''အိုယောကျ်ား—ငါ့ကိုမှီ၍ ဘေးသည် သင့်အား မရှိ၊ သင်မပြေးလင့်၊ အဘယ့်ကြောင့် သင်

(၃၄၆)　　။ဝံ့ယစ်ဆန်တဝေ နှံမဲ့ငွံ့ငင်းခဲ့လ်ဿ် ပြဒ္ဒဝတ္ထိုယထားနှံယယ်ယဒ်ယခ်းငင်းခွဲစဲ ငွေဝင်းဒုစ်ဒုထင်းဒုလေခ်းယ်ငင် ။ဖုင်-ဝံ့
(ဌာဇနယဝဏ္ဏဂုဇ်ဝင်ဇ ၊ဝေ-၀၆၆)



www.dhammadownload.com

www.dhammadownload.com

သည် ငိုလျက်သွားထနည်း''ဟု မေးတော်မူ၏။ ''သခင်...အကျွန်ုပ်သည် ခရီးမှား၍ အကျွန်ုပ်ထား ယခု ခုနစ်ရက်ရှိပြီ''ဟု ဆိုပေသော် ''အို ယောကျ်ား....သင် မခကြောက်လင့်၊ ငါသည် သင့်ကို လူ့ပြည်ခရီး၌ ထား အံ့''ဟု မိန့်တော်မူ၍ ထိုလူကို ဘုရားလောင်း၏ ကျောက်ကုန်း၌ နေစေ၍ တောမူထုတ်ပြီးလျှင် ပြန်၏။ ထိုလူသည်လည်း ယုတ်မာ၏။ ''မြို့သို့ရောက်လျှင် မင်းအား ကြားအံ့''ဟု ကြံ၍ သစ်ပင်အမွှာတော်အမွှာတို့ကို ပြုလျက်လျှင် တောမှထွက်၍ ဗာရာဏသီပြည်သို့ ရောက်၏။

ဆင်မင်းအဖမ်းခံရ

ထိုအခါ၌ မင်း၏ မင်္ဂလာဆင်တော်သည် သေ၏။ မင်းသည် အကယ်၍ တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသောအရပ်၌ မင်္ဂလာဆင်တော် ပြုခြင်းငှာ သွင်လျော်သော သဘောရှိသောဆင်ကို မြင်သည်ဖြစ်အံ့၊ ထိုသူသည် ကြားစေသတည်း''ဟု စည်လည်မောင်းခတ်စေ၏။ ထိုသူသည် မင်းသို့ချဉ်းကပ်၍ ''အရှင်မင်းကြီး...အကျွန်ုပ်သည် အရှင်မင်းကြီး၏ မင်္ဂလာဆင်တော်သည် ဖြစ်ခြင်းငှာ လျောက်ပတ်သော သဘောရှိသော ကိုယ်လုံးဖြူသော သီလရှိသော ဆင်ကို မြင်ပါ၏၊ အကျွန်ုပ်သည် ခရီးကိုညွှန်ပါအံ့-အကျွန်ုပ်နှင့် တကွ ဆင်ဆရာတို့ကို စေ၍ ထိုဆင်ဖြူ ရတနာကို ယူတော်မူပါ''ဟု လျှောက်၏။ မင်းသည် ''ကောင်းပြီ''၊ ဤသူကို ခရီးညွှန်ပြု၍ ဤသူသည် ပြောဆိုထုပ်သော ဆင်ကို ဆောင်ခဲ့''ဟုဆို၍ ထိုမုဆိုးနှင့် အတူတကွ များစွာသော အခြံအရံဖြင့် ဆင်ဆရာကိုစေ၏။ ထိုဆရာသည် ထိုမုဆိုးနှင့် အတူတကွသွား၍ ပဒုမာကြာတောသို့ဝင်၍ အစာကိုယူသော ဘုရားလောင်းကိုမြင်၏။ ဘုရားလောင်းသည်သည်း ဆင်ဆရာကို မြင်၍ ''ဤဘေးသည် တစ်ပါးသော သူမှ မဖြစ်၊ ထိုယောကျ်ား၏ အထံမှ ဖြစ်လတ္တံ့''ဟု သိတော်မူ၏။ ''စင်စစ်သော်ကား ငါသည် ကြီးသော အားရှိ၏၊ ဆင်တစ်ထောင်ကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်၏၊ အမျက်ထွက်၍ တိုင်းနိုင်ငံနှင့်တကွ စစ်သည်ဗိုလ်ပါဆင် မြင်းကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်၏၊ ထိုသို့ စွမ်းနိုင်သော်လည်း အကယ်၍ ငါအမျက်ထွက်ခဲ့ကေ ငါ၏ သီလသည် ပျက်လတ္တံ့၊ ထို့ကြောင့် ငါဉီးခေါင်းကို လှံမတို့ဖြင့်ထိုးသော်လည်း ငါ အမျက်မထွက်အံ့''ဟုဓိဋ္ဌာန်တော်မူ၍ ဉီးခေါင်းကို ညှတ်တော်မူ၍ မတုန်မလှုပ်ရပ်တည်တော်မူ၏။ ဆင်ဆရာသည် ပဒုမာကြာအိုင်သို့

www.dhammadownload.com

ဆက်ဆင်း၍ ထိုဘုရားလောင်း၏ ကြန်ဆင်လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍ "ချစ်သား_လာလှည့်" ဟု ငွေပန်းထိုင်းနှင့်တူသော နှဝမောင်းဖြင့် ကိုင်၍ ယူဆောင်လေ၏။ ခုနစ်ရက်မြောက်သောနေ့၌ ဗာဇွဏသိပြည့်သို့ ထွက်လေ၏။

ဆင်မယ်တော် ဝိုပြီ

ဘုရားလောင်း၏ မယ်တော်သည် သားမလာသည်ရှိသော် "ငါ့သားကို မင်း၏ ဆဓတ်ကြီး အစရှိသော သူတို့သည် ဆောင်ယူသည် ဖြစ်လတ္တံ့၊ ထို့ကြောင့် ယခုအခါ၌ ငါ့သားနှင့် ကွဲကွင်း ရှင်းကွာသဖြင့် ဤတော အုပ်သည် ပူဒေးလတ္တံ့" ဟု ငိုကြွေးမြည်တမ်းလို၍-

၁။ တဿဲ နာဂဿ ဝိပ္ပဝါသေန၊
ဝိရွဠဝော သလ္လကီ စ ကုဋ္ဌဇာစ။
ကုရုဝိန္ဒ ဆရဗီဇု ဘိသသာမာ စ၊
နိဝါတေ ပုပ္ဖိတာ စ ကဏိကာဇု။

၂။ ဆောစိဒေဝ သုဝဏ္ဏကာယူရာ၊
နာဂရာဇံ ဘရန္တိ ပိလ္လောန။
ယတ္ထ ရာဇာ ရာဇကုမာရော ဝါ၊
ကဝစ မံဘိ့ဟေဿတိ အဆမ္ဘီတော-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁။ တဿ နာဂဿ၊ ထိုဆင်မင်းမူ။ ဝိပ္ပဝါသေန၊ ကင်းသဖြင့်။ ဝိရွဠဝော၊ ပေါက်ရောက်ကုန်သော။ သလ္လကီ စ၊ နပဲပင်တို့သည် ဃည်းဆောင်း။ ကုဋ္ဌဇာ စ၊ လက်ထုပ်ပင်တို့ဃည်လည်းကောင်း။ ကုရုဝိန္ဒ-ကဲရဝိရာ။ ကုရုဝိန္ဒံ မည်သော သစ်ပင် တရဝိရ မည်သော မြက်ပင်ကြီးတို့ ဃည်လည်းကောင်း၊ ဘိဿသာမာ စ၊ ကြာစွယ် ကြာရင်း မြက်စပါး တို့သည်လည်းကောင်း။ နိဝါတေ၊ လေငြိမ်ရာ၌။ ပုပ္ဖိတာ၊ ပွင့်ကုန်သော။ ကဏိကာရာ စ၊ မဟာလှေကာပန်းတို့သည် လည်းဆောင်း။ ဝစိုဿန္တိ၊ ပွားများကုန်လတ္တံ့။

၂။ ကောစိဒေဝ၊ တစ်စုံတစ်ခုသော အရပ်၌သာလျှင်။ သုဝဏ္ဏ-ကာယူရာ၊ ရွှေတန်ဆာဆင်ကုန်သော မင်း၏ အဓတ်တို့ဃည်၊ နာဂရာဇံ၊

www.dhammadownload.com

ဆင်မင်းကို၊ ပိတ်လှောန၊ ထမင်းထုပ်ဖြင့်။ ဘုရန်ကို၊ ကျေးမွေးကုန်၏။ ယတ္ထ၊ ကြင်ဝါသား ဆင်မင်း၌၊ ဆုဇဒ ဝါ၊ မင်းသည်လည်းကောင်း၊ ဆုဇ်ကုမာဒဆု ဝါ၊ မင်းသားသည်လည်းကောင်း။ နိသ္သိဒိတ္ထာ၊ နေ၌၊ အဆမ္ဘီထော၊ မကြောက်မရွံ့သည်ဖြစ်၍။ ကဒစံ၊ ရန်သူ၏ ချပ်ဝတ်တန်ဆာကို၊ ဆောင်ဟသတ္တိ၊ ဖျံက်လတ္တံ့။

အစဝမစား

ဆင်ဆဏ္ဍသည်လည်း ခရီးအကြာ၌ ဖြစ်၍လျှင် မင်းဟား သထင်းစကားကို စေ၏။ မင်းဆည် မြို့ကို တန်ဆာဆင်စေ၏။ ဆင်ဆဏ္ဍသည် ဘုရားလောင်းကို နံ့သာဖြင့် ထုံအပ်သော တန်ဆာဆင်ခြင်းနှင့်စပ်သော ဆင်တင်းကုပ်သို့ ဆောင်၍ ဆန်းကြယ်သော တင်းထိမ်ဖြင့် ဝန်းရံစေ၍ မင်းဟား ကြားလျှောက်စေ၏။ မင်းသည်, ဆထူးထူးသော ဆရဆာရှိသော ဘောဇဉ်ကို ဆောင်လျက်သွား၍ ဘုရားလောင်းဟား ပေးစေ၏။ ဘုရားလောင်းသည် "မယ်တော်နှင့်ကင်း၍ ဆစာကို မယူအံ့" ဟု ကြံ၍ ဆစာကို ယူထောက်မမူ။

စားပါဆင်မင်း

ထိုအခါ၌ဘုရားလောင်းကို ဖောခင်းပန်လိုလျှို့ မင်းသည်-

၃။ ဂဏှာဟိ နာဂ ကဗဠံ၊ မာနာဂ ကိသဆော ဘဝ။
ဗဟူနိ ဆုဇကိစ္စာနိ၊ တာနိ နာဂ ဆရိဿသိ-

ဟူဆော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

၃။ နာဂ၊ ဆင်မင်း။ ကဗဠံ၊ ဆစာကို။ ဂဏှဟိ၊ ယူလော့။ နံဒဂ၊ ဆင်မင်း။ ကိသကော၊ ကြွံလှိသည်။ မာ ဘဝ။ မဖြစ်စေလင့်။ ဆုဇကိစ္စာနိ၊ မင်းမှုတို့သည်။ ဗဟူနိ၊ များစွာကုန်၏။ နဒဂ၊ ဆင်မင်း။ ဆရိနိ၊ ထိုဆမှုတို့ကို၊ တံ၊ ဆင်မင်းသည်။ ကရိဿသိ၊ ပြုရလတ္တံ့။

ဆင်မအိုဒုက္ခရောက်ပြီ

ထိုစကားကို ကြား၍ ဘုရားလောင်းသည်-

၄။ သဒ နူန သဒ ကပဏီဆာဒ၊ အန္ဓာ အပရိနာယိကာ၊
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိဂိ စဇ္ဈာဝရဏံ ပတိ-

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

www.dhammadownload.com

၄။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ ကပဏိကာ၊ အထီးကျန်သော၊ အန္ဓာ၊ မျက်စိမမြင်သော။ အပရိနာယိကာ၊ ဆောင်ယူသူမရှိသော။ သာ၊ ထိုဆင်မအိုသည်၊ စင်္ကြာရဏံ၊ စင်္ကြာရဏမည်သော။ ဂိရိ၊ တောင်သို့။ ပတိ၊ ရွေးရှုသည်ဖြစ်၍၊ ခါဏုံ၊ သစ်ငုတ်ကို၊ ပါဒေန၊ ခြေဖြင့်။ ဃဋ္ဋေတိ နှုန၊ ခတ်မိလေအံ့သည်တကား။

ဘယ်လိုတော်စပ်သနည်း

ထိုအခါ၌ ဘုရားလောင်းကို မေးလိုရကား-

၅။ ကာ နု တေ သာ မဟာနာဂ၊ အန္ဓာ အပရိနာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိ စင်္ကြာရဏံ ပတိ-
ဟူသော ငါးခုမြောက်သော ဂျိဂါထာကို ဆို၏၊

၅။ မဟာနာဂ၊ ဆင်မြတ်။ အန္ဓာ၊ မျက်စိမမြင်သော။ အပရိနာယိကာ၊ ဆောင်ယူသူမရှိစေဘဲ၊ ယာ၊ အကြင်ဆင်မအိုသည်၊ စင်္ကြာရဏံ၊ စင်္ကြာရဏ အမည်ရှိသော။ ဂိရိ၊ တောင်သို့။ ပတိ၊ ရွေးရှုသည်ဖြစ်၍၊ ခါဏုံ၊ သစ်ငုတ်ကို၊ ပါဒေန၊ ခြေဖြင့်။ ဃဋ္ဋေတိ၊ ခတ်မိ၏။ သာ၊ ထိုဆင်မအိုသည်၊ အာ နု၊ အဘယ်သို့တော်သနည်း။

မိခင်ဆင်မတည်း

ဘုရားလောင်းဆည်-

၆။ မာဘာ မေ သာ မဟာရာဇ၊ အန္ဓာ အပရိနာယိကာ၊
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိ စင်္ကြာရဏံ ဝတိ-
ဟူသော ခြောက်ခုမြောက်သော ဂျိဂါထာကိုဆို၏၊

၆။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အန္ဓာ၊ မျက်စိမမြင်သော။ အပရိနာယိကာ၊ ဆောင်ယူသူမရှိသော၊ ယာ။ အကြင် ဆင်မအိုသည်။ စင်္ကြာ-ဏံ၊ စင်္ကြာရဏ အမည်ရှိသော။ ဂိရိ၊ တောင်သို့။ ပတိ၊ ရွေးရှုသည်ဖြစ်၍၊ ခါဏုံ၊ သစ်ငုတ်ကို၊ ပါဒေန၊ ခြေဖြင့်။ ဃဋ္ဋေတိ၊ ခတ်မိ၏၊ သာ၊ ထိုဆင်မအိုသည်။ မေ၊ အကျွန်ုပ်၏။ မာတာ၊ အမိတည်း။

ဆင်မင်းကိုပြန်လွှတ်ကြ

မင်းသည် ခြောက်ခုမြောက်သော ဂါထာဖြင့် ထိုအကြောင်းကို ကြား သိရ၍ လွှတ်လိုရကား-

www.dhammadownload.com

၇။ မုဉ္စထေတံ မဟာနာဂံ၊ ယောယံ ဘရတိ မာတရံ။
သမေတု မာတထ နာဂေါ၊ သဟ သဒ္ဓမ္မဟိ ဉာတိဘိ-
ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၇။ ဘောဒန္တော၊ အိုဆရာမတ်တို့။ ယော ဆယံ မဟာနာဂေါ၊ အကြင် ဆင်မြတ်သည်။ မာတရံ၊ အမိကို။ ဘရတိ၊ မွေးကျွေး၏။ တေံ မဟာနာဂံ၊ ထိုဆင်မြတ်ကို။ မုဉ္စထ၊ လွှတ်ကြပါကုန်။ နာဂေါ၊ ဆင်မင်းသည်။ မာတရံ၊ အမိနှင့်လည်းကောင်း။ သဒ္ဓမ္မဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်လည်းကောင်း။ သဟ၊ ထက္၊ သမေတု၊ ညီညွတ်ခြင်းသို့ရောက်စေလော့။

၈။ မုတ္တောဝ ဗန္ဓနာ နာဂေါ၊ မုတ္တ မဒဒါယ ကုဉ္ဇရော။
မူဟုတ္တံ ဆာဿာသယိတ္ဝာ၊ အဂမာ ယေန ပဗ္ဗတော။
၉။ တတော သော နဒိံ နန္ဒံ၊ သိတံ ကုဉ္ဇရသေဝိတံ။
သေဒဿ္တာယုဒကာ မာဟိတ္ဝာ၊ မာဓာရံ ဆာဘိသဉ္ဆတ-
ဟူဆော ၅၈စ်ခုမြောက် ကိုးခုမြောက်သော ဤဂါထာတို့သည် ဘုရားဖြစ်မှ တောတော်မူသော ဂါထာတို့တည်း။

၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ကုဉ္ဇရော၊ ကြိုးကြာသံနှင့်စွာသော ဆာသံရှိသော။ နာဂေါ၊ ဆင်မင်းသည်။ ဗန္ဓနာ၊ ဆေးနှောင်ဆွဲမှ။ မုတ္တောဝ၊ လွတ်သည်ဖြစ်၍သာလျှင်။ မုတ္တံ၊ လွတ်ဆုကို။ ဆာဒဒါယ၊ ယူ၍။ မူဟုတ္တံ၊ တခဏ၊ ဆာဿာသယိတ္ဝာ၊ နားနေ၍။ ယေန၊ အကြင်ဆရပ်ဌာန်။ ပဗ္ဗတော၊ ဘွဏ္ဍာရကဆောင်သည်။ ဆတ္ထိ၊ ရှိ၏။ တေန၊ ထိုဆရပ်သို့။ ဆဂမာ၊ သွားတော်မူ၏။

၉။ သေဒ၊ ထိုဆင်မင်းသည်။ တတော၊ ထိုပြည်မှ။ သိတံ၊ ချမ်းအေးစွာသော။ ကုဉ္ဇရသေဝိတံ၊ ဆင်အပေါင်းတို့သည် မှီဝဲအပ်သော။ နဒိံ နန္ဒံ၊ ပဒုမာကြာဆတာသို့။ ဂန္ဒွာ၊ သွား၍။ သေဒဿ္တာယ၊ နှာမောင်းဖြင့်။ ဥဒကံ၊ ရေကို။ ဆာဟိတ္ဝာ၊ ယူ၍။ မာတရံ၊ မယ်တော်ကို။ ဆာဘိသဉ္ဆထ၊ ရေသွန်းလောင်းတော်မူ၏။

www.dhammadownload.com

ထိုဆင်မင်းသည် အနှောင်အဖွဲ့မှလွတ်၍ အတန်ငယ် နားနေ၍ မင်း အား့ ထုဇဓမ်ဆယ်ပါး တရားစကားဖြင့် တရားဟောတော်မူ၍ မင်းကြီး မမေ့မလျော့ဖြစ်လော့ဟု အဆုံးအမကိုပေး၍ လူမျှားသည် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက် မြို့မူထွက်၍ ထိုနေ့၌ပင်လျှင် ထိုပဒုခာကြာ အိုင်သို့ ရောက်၍ ငါ၏မယ်တော်ကို အစာအာဟာရကို ယူစေပြီးမှလျှင် မိမိသည်ယူအံ့ဟု ကြံ၍ မျှားစွာသော ကြာစွယ်ကြာရင်းကို ယူ၍ နှာ မောင်းဖြင့် ပြည့်သော ရေကိုယူ၍ တောင်လိုက်ခေါင်းမူထွက်၍ လိုက်၊ တံခါးဦးနေသော အမိ၏အထံသို့ သွား၍ ခုနစ်ရက်ပတ်လုံး အစာကင်း သည်၏ အဖြစ်ကြောင့် မယ်တော်ကို ကိုယ်အတွက်ကို ရစိမ့်သောငှာ အမိ၏ ဦးခေါင်းထက်၌ ရေကိုသွန်းလောင်း၏။ ထိုအကြောင်းကို ထင်ရှားစွာ ပြတော်မူလိုသော ဘုရားသခင်သည် ထိုနှစ်ခုသော ဂါထာတို့ကို ဟော တော်မူ၏။

ဘုရားလောင်း၏ မယ်တော်သည်လည်း မိုးရွာ၏ဟူသော အမှတ်ဖြင့် ဆဲရေးလိုရကား-

၁၀။ ကောယံ အနုရိယော ဒေဝေါ၊ အကာလေန ပဝဿတိ။
ဂတော မေ အတြဇော ပုတ္တော၊ ယောမယှံ ပရိစာရကော။

ဟူသော ဆယ်ခုမြောက်သော ဂျိဂါထာကိုဆို၏။

၁၀။ ဓမ၊ ငါ၏၊ အတြဇော၊ ရင်မှဖြစ်သော။ ဓယှံ၊ ဝါ့ကို။ ပရိစာရ ကော့၊ လုပ်ကျွေးထော။ ယော ပုတ္တော၊ အကြင်သားကဲ့သို့သော။ ဂတော၊ အရပ်တစ်ပါးသွားလေ၏။ အနုရိယော၊ ယုတ်မာသော။ ယော ဒေဝေါ၊ အကြင်မိုးသည်။ အကာလေနပိ၊ အခါမဟုတ်သဖြင့်လည်း။ ပဝ ဿတိ၊ ရွာ၏။ အယံ ဒေဝေါ၊ ဤမိုးသည်။ ကော့၊ အဘယ်မိုးနည်း။

ထိုအခါ၌ ထိုအမိကို သက်သာရာရစေလို၍ ဘုရားလောင်းသည်-

၁၁။ ဥဋ္ဌေဟိ အမ္မ ကိံ သေသိ၊ အာဂတော တျာဟ မတြဇော။
မုတ္တောမှိ ကာသိရာဇေန၊ ဝေဒေဟေန ယသဿိနာ။

ဟူသော အစ်ဆယ့်တစ်ခုမြောက်သော ဂျိဂါထာကို ဆိုတော်မူ၏။

www.dhammadownload.com

၁၁။ ဇာမှ၊ အိုမိခင်။ ဥဋ္ဌေဟိ၊ ဆပါလော။ ကိ'၊ အာဘယ့်ကြောင့်။ သေသိ၊ ဤမျှလောက်ပင် အိပ်သနည်း။ တေ၊ သင်မိခင်၏။ အတြဇော၊ သား ဖြစ်ခဲ့သော။ ဆဟံ၊ ဇကျွန်ုပ်သည်။ အာဂဆတော၊ လာခဲ့ပြီ။ ဝေဒေဟန လျင်မြန်သော ဥာဏ်ပညာရှိသော။ ယသဿိနော၊ မျိုးသောဆွေ ဆရံရှိသော။ ကာသိရာဇဧန၊ ဓာသိကရာဇ်မင်းဆည်။ မုတ္တော၊ လွတ်လိုက်ပေသည်၊ ဇမို၊ ဖြစ်၏။

ထိုဇာမိသည် မင်းအား ဇနေမောဒနော ပြုလိုရကား-

၁၂။ စိရံဇီဝတု သော ရာဇာ၊ ကာသိနံ ရဋ္ဌဝဍ္ဎနော။
ယော မေ ပုတ္တံ အမောစေသိ၊ သဒါ ဝုစ္စာပစာယိကံ။

ဟူသော ဤဒိဒသမ ဂါထာကိုဆို၏။

၁၂။ ကာသိနံ၊ ကာသိတိုင်း သူတို့၏။ ရဋ္ဌဝဍ္ဎနော၊ ပြည်တိုင်းကြီး၏ အကျိုးစီးပွားကိုဆောင်တော်မူတတ်သော။ ယော ရာဇာ၊ ဇကြင် မင်းကြီးသည်။ သဒါ၊ ဇခါခပ်သိမ်း။ ဝုစ္စာပစာယိကံ၊ အမိကို ဇရှိဇသေ ပြုသော။ မေ၊ ငါ၏။ ပုတ္တံ၊ သားကို။ အမောစေသိ၊ လွတ်လိုက်ပေ၏။ သော ရာဇာ၊ ထိုမင်းသည်။ သဒါ၊ ဇခါခပ်သိမ်း။ စိရံ၊ ရှည်မြင့်စွာ။ ဇီဝတု၊ သက်တော်ရှည်ပါစေသတည်း။

ဆင်ရုပ်တုပူဇော်ခြင်း

ထိုဇခါ၌ မင်းသည် ဘုရားလောင်း၏ ဂုဏ်ကျေးဇူး၌ ကြည်ညို၍ ပဒုမာကြာတော၏ မနီးမဝေး၌ ရှာတည်၍ ဘုရားလောင်းအား လည်းကောင်း၊ ဘုရားလောင်းမယ်တော်အား လည်းဆောင်း နိဗ္ဗဝတ်ကို ဖြစ်စေ၏။ အခါတစ်ပါး၌ ဘုရားအလောင်းသည် မယ်တော်သေလေသော် မယ်တော်၏အလောင်းကို သင်္ဂြိုဟ်ခြင်းကို ပြုပြီး၍ ဆာရတ္တကမည်သော သံဒ်မ်းသို့ သွားလေ၏။ ထိုဇာရုပ်၌ဟိမဝန္တာမှဆက်၍ ငါးရာသော ရသေ့တို့သည် နေကုန်၏။ ထိုဘုရားလောင်းသည် ဝတ်ကို ထိုရသေ့ငါးရာတို့အား ပေးလှူလေ၏။ မင်းသည် ဘုရားလောင်းနှင့်တူမျှသောသဏ္ဌာန် ရှိသော ကျောက်ဆင်အတုကို ပြုလုပ်၍ ကြီးစွာသော ပူဇော်သက္ကာရကို

www.dhammadownload.com

ဖြစ်စေခြင်းငှာ။ဒီပင်္ကန်း၌ဒုနဲကုန်သောသူတို့သည်နှစ်တိုင်းနှင်တိုင်းစုဝေး၍ ဆင်ထား ပူဇော်ခြင်းကို ပြုကြကုန်၏။

ဇာတ်ပေါင်း။ မြတ်စွာဘုရားသည် ဤမမြဒေသနာကို ဆောင်တော်မူလျက် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသာဆဲ၌ အမိကိုလုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ ထိုအခါ မင်းသည် အာနန္ဒာဖြစ်လာ၏။ ယုတ်မာသော ယောကျ်ားသည် ဒေဝဒတ်ဖြစ်လာ၏၊ ဆင်ဆရာသည် သာရိပုတြာဖြစ်ဆာ၏။ မယ်တော် ဆင်မသည် မယ်တော်မာယာ ဖြစ်လာ၏။ အမိကိုလုပ်ကျွေးသော ဆင်မင်းသည်ကား၊ သင်တို့ဆရာ ငါဘုရားဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျွေးငှားကြီးလွှ၊ မိန့်ဗျာ၊ တုပ်ကွေ့လုပ်ကျွေးရာ၊)

ဆောဒ္ဓသကဲ့နိပါတ်ကျမ်း၌ရွှေးဦးစွာသေးမာတုပေါသဇာတ်သည်ပြီး၏

၂၂-ဇုံကဲ့ဇာတ်

ကတိသစ္စာတည်သော ဇုံကုမင်းအကြောင်း

ဟောတော်မူရာဌာန်း နတ်နှင့်တကွသော လေးတကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သုဇောဟိ မယ္ဘံ ဝစနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဇုကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ရှိသော် အာနန္ဒာမထေရ်သည် ရအပ်သော ဆုရွှေစပါးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ။ထိုစကားကို ခဲ့ပြီးအံ့-

ဥပဋ္ဌာကရဟန်း မမြဲကြောင်း

ပဌမဗောဓိ၌ အဝါနှစ်ဆယ်တို့ပတ်လုံး ဘုရားသခင်အား အမြဲလုပ်ကျွေးသောသူ မရှိကုန်၊ ရံခါ နာဂသမာလထေရ် လုပ်ကျွေး၏၊ ရံခါ နာဂိဘထေရ် လုပ်ကျွေး၏၊ ရံခါ ဥပဝါဏထေရ် လုပ်ကျွေး၏၊ ရံခါ သုနက္ခတ်ရဟန်း လုပ်ကျွေး၏၊ ရံခါ စုန္ဒရဟန်း လုပ်

www.dhammadownload.com

ကျွန်း၏၊ ရုံခါ နန္ဒရဟန်း လုပ်ကျွန်း၏၊ ရုံခါ သာဂတခေတ်လုပ်ကျွန်း၏၊ ရုံခါ မေဃိယခေတ် လုပ်ခကျွန်း၏။ ထိုအခါဝယ် တစ်နေ့သ၌ ဘုရား သခင်သည် ရဟန်းတို့ကို မိန့်ဆိုတော်မူ၏။ ''ရဟန်းတို့....ယခုအခါဝယ် ငါ ဘုရားသည် ကြီးရင့်တော်မူပြီ၊ အချို့ကုန်သော ရဟန်းတို့သည် ဤခရီး ဖြင့် သွားကုန်အံ့ဟု ငါဆိုသော်လည်း တစ်ပါးသော ခရီးဖြင့်သာ သွားကုန်၏၊ အချို့သောရဟန်းတို့သည် ငါဘုရား၏ သပိတ်သင်္ကန်းတို့ကို မြဲဦး ချကုန်၏၊ ငါဘုရားကို အမြဲလုပ်ကျွေးအံ့သော တစ်ဦးယောက်သော ရဟန်းကို သိကြကုန်'' ဟု မိန့်တော်မူ၏။

(ဘုရားသခင်သည် ဤခရီးဖြင့် သွားကုန်အံ့ဟု မိန့်တော်မူလျက် ဖျက်၍ တစ်ပါးသော ခရီးသို့ သွားသည်ကား ရွှင်နာဂသမာလ မထေရ်တည်း၊ ဘုရားသခင်၏ သပိတ် သင်္ကန်းတော်ကို မြဲခိုးထား၍ သွားသည်ကား မေဃိယမထေရ်တည်း။

ဘုရားရှင့်စကားနားမထောင်ကြ

မြတ်စွာဘုရားသည် အခါတစ်ပါး၌ ရွှင်နာဂသမာလထေရိနှင့် အဓွန့် ရှည်သော ခရီးသို့ သွားသည်ရှိသော် ခရီးနှစ်ကြောင်းကွဲရာ အရပ်သို့ ရောက်တော်မူလေ၏။ နာဂသမာလထေရ်လည်း ခရီးမှဖဲကြဉ်၍ ''အရှင် ဘုရား—အကျွန်ုပ်တော်၊ ဤခရီးတစ်ကြောင်းဖြင့် သွားပါအံ့'' ဟု လျှောက်၏။ ဘုရားရှင်လည်း ''မသွားလေလင့်၊ ဤခရီးဖြင့်သာ သွားကြကုန်အံ့'' ဟု မိန့်တော်မူ၏။ နာဂသမာလထေရ်လည်း ဘုရားသခင်၏ သပိတ်သင်္ကန်း တော်ကို မြဲခိုးထား၍ ခရီးတစ်ကြောင်းဖြင့်သာသွားလေ၏။ ထိုခထေရ်၏ သပိတ်သင်္ကန်းတို့ကို ခိုးသူတို့သည် လုယူကုန်ပြီး၍ ဦးခေါင်းကွဲအောင် ပုတ်ခတ်ကုန်၏။ မထေရ်သည်း ''ဘုရားရှင်မှတစ်ပါး ငါ၏ကိုးကွယ်ရာ မရှိ'' ဟု သွေးဖြင့်ယိုစီးလျက် အထံတော်သို့လာ၏။ ဘုရားရှင် မေးတော်မူခဲလသော် ထိုအကြောင်းကိုလျှောက်၏၊ ဘုရားရှင်လည်း ''ချစ်သား ရဟန်း....မစိုးရိမ်လင့်၊ ဤအကြောင်းကိုမြင်၍ သင့်အား ငါတားမြစ်သည် မဟုတ်လော'' ဟု နှစ်သိမ့်ခစတော်မူ၏။

တရံရောအခါ၌ မေဃိယမထေရ်နှင့်တကွ သားတို့နေရာဖြစ်သော အရှေ့ဝါးတော၌ ဇန္တုခည်သော ရွာငယ်တစ်ခုသို့သွားလေ၏။ မေဃိယ မထေရ်ကား ထိုရွာ၌ ဆွမ်းခံသွား၍ မြစ်နား၌ နှလုံးမွေ့လျော်ဖွယ်သော

www.dhammadownload.com

သရက်ဥယျာဉ်တောကို မြင်လေသော် အရှင်ဘုရား၏ သပိတ်သင်္ကန်းတော်ကို ယူကုန်လော့၊ အကျွန်ုပ်ကား ဤသရက်ဥယျာဉ်၌ ရဟန်းတရားကို အားထုတ်အံ့''ဟု ဆို၏။ ဘုရားရှင်လည်း သုံးကြိမ်မြောက်အောင် မြစ်တော်မူသော်လည်း နားမထောင်မူ၍ သွားလေ၏။ ထိုမထေရ်အား အကုသလဝိဘက်သည် နှိပ်စက်ရကား တစ်ဖန်ပြန်၍ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြား၏- ဘုရားရှင်လည်း ''ဤအကြောင်းကို ငါ သိမြင်တော်မူ၍ မြစ်တော်မူသည်မဟုတ်လော'' ဟု မိန့်တော်မူ၏။

ဥပဋ္ဌာကရဟန်းလို

အစဉ်အတိုင်း သဲဝတ်ထိပြည်သို့ ရောက်တော်မူလျှင် ထိုသာဝတ်ထိပြည်၌ ရဟန်းသုံးဆယ် ခြံရံလျက် ဂန္ဓကုဋီတိုက်၌ ခင်းအပ်သော မြတ်သောဘုရားနရာ၌ နေတော်မူ၍ ''ချစ်သားရဟန်းတို့....ယခု ငါကား ကြီးရင့်ပြီး အချို့သောရဟန်းတို့စား ''ဤခရီးဖြင့်သွားကုန်အံ့''ဟု ငါဆိုလျက် ခရီးတစ်ပါးဖြင့်သာ သွားလေကုန်၏။ အချို့ထော ရဟန်းစား ငါ၏သပိတ်သင်္ကန်းတို့ကို ချထားကုန်ဘိ၏။ ''ငါ့အား ဓမ္မပြတ်လုပ်ကျွေးအံ့သော သူကို သိကြကုန်''ဟု မိန့်တော်မူလျှင် ရဟန်းတို့အား ဓမ္မသံဝေဂဖြစ်၏။

လက်ခံတော်မမူ

ထိုအခါ အရှင်သာရိပုတြာသည် ထ၍ ရှိခိုးလျက် ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား အကျွန်ုပ်၏ဘုရားရှင်ကိုတောင့်ထလျက် တစ်သင်္ချိန့် ကမ္ဘာတစ်သိန်း ပါရမီတို့ကိုဖြည့်၏၊ အကျွန်ုပ်ကဲ့သို့ ပညာကြီးသော သူသည် လုပ်ကျွေးအပ်၏၊ အကျွန်ုပ်လျှင် လုပ်ကျွေးပါအံ့''ဟု ချေနှုးတော်လျှောက်၏။ ဘုရားရှင်ထည်း ''ချစ်သား သာရိပုတြာ မသင့်၊ အကြင်အရပ်၌ သာရိပုတြာနေ၏၊ ထိုအရပ်ကား ဆိတ်ညံခြင်းမရှိ၊ သာရိပုတြာ၏အဆုံးအမဆည်ကား ငါဘုရား၏ အဆုံးအမနှင့်တူ၏။ သာရိပုတြာကား လုပ်ကျွေးဖွယ်ကိစ္စမရှိပေ''ဟု ပယ်တော်မူ၏။ ဤသို့သောနည်းဖြင့် ဓမ္မာမောဂ္ဂလာန် အစရှိသော မဟာသာဝကတို့ကိုလည်း ပယ်တော်မူ၏။

အရှင်အာနန္ဒာကား ဆိတ်ဆိတ်နေ၏။ သံဃာတို့လည်း ''ငါ့ရှင် အာနန္ဒာ သံဃာတို့သည် အလုပ်အကျွေးအရာကို တောင်းကြကုန်ပြီ၊ အရှင်အာနန္ဒာလည်း တောင်းလော့''ဟု ဆိုကုန်၏။ ရှင်အာနန္ဒာလည်း ''အရှင်

www.dhammadownload.com

တို့...တေခင်းရှိရသော အရာအတူးသည်စား အသို့လျှင်ဖြစ်သနည်း၊ အကျွန်ုပ်ကိုလည်း ဘုရားသခင် မြင်တော်မူသည်ပင်၊ အလိုတော်ရှိက ''အာနန္ဒာ....ငါ့ကိုလုပ်ကျွေးဘိသော'' ဟု မိန့်တော်မူလတ္တံ့'' ဟု ဆို၏။ ဘုရားရှင်လည်း ''ချစ်သားတို့....အာနန္ဒာကို ယူတစ်ပါးတို့ မတိုက်တွန်းရပြီ၊ မိမိဆလိုလိုသိ၍ ငါဘုရားကို လုပ်ကျွေးလတ္တံ့'' ဟု မိန့်တော်မူ၏။ (ဤကား ကေကနိပါတ်အဂုံတို့၏ အဋ္ဌကထာ) ''ဆရှင် ဘုရားကို အကျွန်ုပ်သည် လုပ်ကျွေးပါအံ့'' ဟု ဦးခေါင်း၌ လက်အုပ်ကိုတင်၍ ထကုန်သော သာရိပုတြာမထေရ် အစရှိသည်တို့ကို သင်တို့၏ဆုတောင်းခြင်းသည် အပြီးသို့ရောက်ကုန်ပြီ၊ မသင့်ဟု ပယ်တော်မူ၏။

အရှင်အာနန္ဒာဆုတောင်းပြီ

ထို့နေ့ဧကမှ ရှုဟန်းတို့သည် အာနန္ဒာမထေရ်ကို ''ငါရှင်.... ဆင်သည် အလိုပ်ဆကျွေးဆထွက်ကို တောင်းပါလော့'' ဟု ဆိုကုန်၍ အရှင်အာနန္ဒာ ဆုဆောင်း၏။ တခင်းဟန်ကား-

တောင်းသောဆုလေးပါး

၁။ ဘုန်းတော်ကြီးသော အရှင်ဘုရား....အရှင်ဘုရားသည် အကျွန်ုပ်အား ကိုယ်တော်ဘည်ရတော်မူသောသက်နှံးကို မပေးပါသည်ဖြစ်အံ့။

၂။ ဘွဉ်းပေးတော်မူခသာ ဆွမ်းကို မပေးပါသည်ဖြစ်အံ့။

၃။ တစ်ခုသော ကုဋိ တိုက်ခန်း၌ အတူတကွနေခြင်းကို မပေးပါသည် ဖြစ်အံ့။

၄။ အကျွန်ုပ်ကို့ခေါ်၍ ပင့်ဖိတ်ရာသို့ မကြွပါသည်ဖြစ်အံ့။

ပယ်သောဆုလေးပါး

၁။ အကျွန်ုပ်သည် ပင့်အပ်သော ပင့်ဖိတ်ရာကို အရှင်ဘုရားသည် အကယဲ၍ ကြွတော်မူပါသည်ဖြစ်အံ့။

၂။ အကျွန်ုပ်သည် တိုင်းတစ်ပါးမှ ဇနပုဒ်တစ်ပါးမှ အရှင်ဘုရားကို ဖူးမြင်ခြင်းငှာ လာသောသော ပရိသတ်ကိုလာသောခဏ၌ ပြခြင်းငှာ အကယဲ၍ ရပါသည်ဖြစ်အံ့။

www.dhammadownload.com

၃။ အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသင်္ကာဖြစ်၏၊ ထိုခဏ၌ လျင် အရှင်ဘုရားကို ဆည်းကပ်ခြင်းငှာ မပါသည်ဖြင့်အံ့။

၄။ အရှင်ဘုရားသည် အကျွန်ုပ်၏မျက်ကွယ်၌ အကြင်တရားကိုတော အံ့၊ ထိုတရားကိုပြန်ကြွလာသည်ရှိသော် အကျွန်ုပ်အားအကယ်၍ ဟောတော်မူပါသည်ဖြစ်အံ့။

ဤဆုရွစ်ပါးကို ရသည်ရှိသော် အရှင်ဘုရားကို အကျွန်ုပ်သည် လုပ်ကျွေးပါအံ့ဟု တောင်းဆို၏။

ဘုရားသခင်သည်လည်း ထိုအာနန္ဒာအား ပေးတော်မူ၏။ ထိုအရှင် အာနန္ဒာသည် ထိုအခါမှစ၍ နှစ်ဆယ့်ငါးဝါတို့ပတ်လုံး မြဲသောအလုပ် အကျွေးဖြစ်၏။

အရှင်အာနန္ဒာ၏ ဂုဏ်၃-ပါး

ထိုအရှင်အာနန္ဒာသည် ငါးပါးဆောအထူး၌ တေဇင်ထား၍ခြင်း၊သို့ ရောက်၍-

၁။ ဓမ္မကထာပေါင်းရွစ်ဆောင်းလေးထောင်ကို ဆောင်နိုင်သည်နှင့် ပြည့်စုံခြင်း။

၂။ သောတာပတ္တိဖိုလ်ကိုရသည်နှင့် ပြည့်စုံခြင်း။

၃။ ရွှေကောင်းမှုအကြောင်းနှင့် ပြည့်စုံခြင်း။

၄။ မိမိစီးပွားကိုစေးသည်နှင့် ပြည့်စုံခြင်း။

၅။ ဘုရားမျက်မှောက်တော်၌ နေရသည်နှင့်ပြည့်စုံခြင်း။

၆။ အသင့်အတင့် နှလုံးသွင်းခြင်းနှင့်ပြည့်စုံခြင်း။

၇။ ဘုရားကိုအမှီရသည်နှင့် ပြည့်စုံခြင်း။

ဤသို့ ခုနစ်ပါးသောဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ဘုရားအထံတော်၌ ဆုရွစ်ပါးဟူသော အမှုကိုရ၍ ဘုရားသခင် သာသနာတော်ဝယ် ကောင်းကဲလယ်၌ လှကဲ့သို့ ထင်ရှားစွာ ဖြစ်လေ၏။ ထိုအခါ စာစ်နွေသ၌ ရဟန်းတို့သည် စာရုံးသဘင်၌ စကားကိုဖြစ်စေကုန်၏။ ''ငါ့ရှင်တို့... ဘုရားသခင်သည် ရှင်အာနန္ဒာကိုဆုပေးသဖြင့်ရောင့်ရဲစေတော်မူ၏' ဟု စကားကို ဖြစ်စေကုန်၏။ ဘုရားသခင်သည် ကြွတော်မူလာ၍ ''ရဟန်းတို့... ယခုငါလာတော်မူသောအခါ၌ အဘယ်မည်သော စကားကြောင့် စုဝေးကုန်

www.dhammadownload.com

လုနည်း''ဟု မေးတော်မူ၍ ''ဤမည်သောစကားကြောင့် စုဝေးပါသည်'' ဟု ရှေးတော် လျှောက်လတ်သော် ''ရဟန်းတို့ ယခုသာလျှင် အာနန္ဒာကို ဆုးပေးသည် မဟုတ်သေး၊ ရှေးဦးလည်း ငါဘုရားသည် အကြင် အကြင်ဆုကို အာနန္ဒာသည် တောင်း၏၊ ထိုထို တောင်းတိုင်းသော်ဆုကို ပေးဖူးသာလျှင်တည်း'' ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်ခဲ့လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းဆက် မင်းပြုလတ်သော် ဘုရားလောင်းသည် ထိုမင်း၏ သားဖြစ်သော ဇနကမည်သော မင်းသားသည် ဖြစ်၍ တက္ကသိုလ်ပြည်၌ အာဘတို့ကိုသင်၍ ဆရာအား ခက်ဆစ်ခက်ရပ် မေးလျှောက်ခြင်းကို သုတ်သင်၍ ညှဉ်းဆဲဖို့ မှောင်မိုက်လောအခါ၌ ဆရာ့အိမ်မှထွက်၍ မိမိနေရာအရပ်သို့ လျင်စွာ သွားသည်ရှိသော် တစ်ယောက်သောပုဏ္ဏားသည် ဥစ္စာဆွမ်းခံ၍ မိမိ၏ နေထိုင်ရပ်သို့ သွားသည်ကိုမမြင်၍ လက်ရုံးဖြင့် ခတ်မိ၍ ပုဏ္ဏား၏ ထမင်းခွက်ထည် ကွဲ၏။ ပုဏ္ဏားသည် လူးလဲ၍ ငိုမြည်တမ်း၏၊ မင်းသားသည် သနားသဖြင့် ပြန်၍ ပုဏ္ဏားကို လက်ဖြင့်ကိုင်၍ ထူ၏။

ဗာရာဏသီမင်းထံလာခဲ့

ပုဏ္ဏားသည် ''ခဲ့စ်သား....ထင်သည် ငါ၏ထမင်းခွက်ကို ခဲ့ဘိ၏၊ ငါ့အား ထမင်းခွက်အိုးကို ပေးခဲ့ဟု ဆို၏၊ မင်းသားသည် ''ပုဏ္ဏား... ငါသည် ယခုအခါ၌ သင်၏ထမင်းခွက်အိုးကို ပေးခြင်းငှာ မတတ်နိုင်၊ ငါဆည်ကား ဗာရာဏသီမင်း၏သားဘည်း၊ ဇနကမင်းသားဟူသောအမည် ရှိ၏၊ ငါသည် မင်းအဖြစ်၌ တည်သည်ရှိသော် လစ၍ ငါ့အား ဥစ္စာကို သင်တောင်းလော့'' ဟု ဆို၍ အတတ်သင်ပြီးသော် ဆရာကိုရှိခိုး၍ ဗာရာဏသီပြည်သို့ ပြန်၍အဘအား အတတ်ကိုပြ၏၊အဘသည် 'အသက်ရှင်စဉ် ငါ့သားကိုမြင်ဖွယ်ဖြစ်ပြီ၊ မင်းဖြစ်ပြီးသော ငါ့သားကို ငါကြည့်ရှုအံ့''ဟု မင်းအဖြစ်၌ အဘိသိက်သွန်း၏၊ ထိုဘုရားလောင်းသည် ဇနကအမည်ရှိသော မင်းဖြစ်၍ တရားနှင့်အညီ မင်းပြု၏။

ပုဏ္ဏားလာပြီ

ပုဏ္ဏားသည် ထိုအကြောင်းကိုကြား၍ ''ယခု ငါ၏ ထမင်းခွက်ပိုးကို တောင်းအုံဟုကြံ၍ ဗာရာဏသီပြည်သို့သွား၍ တန်ဆာဆင်အပ်သောမြို့ကို

www.dhammadownload.com

လက်ယာရစ် လှည့်လည်လျက် သူ့ဦးခေါင်းကို တစ်ခုသော မြင့်သော အရပ်၌ တည်လျက် လက်ကိုဖြန့်၍ အောင်ဆုပေး၏။ မင်းသည် မကြည့်မူ၍လျှင် လွန်လေ၏။

ရပ်တော်မူပါ

ပုဏ္ဏားလည်း၊ ထိုမင်းသွဲ့သည် မမြင်သောအဖြစ်ကို သိ၍ စကားကို ဖြစ်စေလိုရကား-

၁၃။ သုဏောဟိ မယ္ဘံ ဝစနံ ဇနိန္ဒ၊ အတ္ထဉ္စ ဇုက္ကမ္ပိ ကုဓနုပဒ္ဒတ္ထ။
နံ ပြာဟွဓာ အဒ္ဒိကေ တိဋ္ဌမာနေ၊ဂန္တ္ဓာ ဗျမာဟံ ဒ္ဝိဝဒိန္ဒ သေဋ္ဌ-
ဟူသော ရွှေဦးစွာသော ဤဂါထာကိုဆို၏။

၁၃။ ဇနိန္ဒ၊ မင်းမြတ်။ မယ္ဘံ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သု
ဏောဟိ၊ နဒတော်မူဦးလော့။ ဇုက္ကမ္ပိ၊ ဇုက္ကမင်းကြီး၌။ အတ္ထဉ္စ၊ အလိုရှိ
သောကြောင့်။ ကုဓ၊ ဤအရပ်သို့။ အနုပတ္တော၊ ရောက်ပါ၏။ ဒ္ဝိပဒိန္ဒ၊
အခြေနှစ်ချောင်း လူအဓပါင်းကို အစိုးရတော်မူသော။ သေဋ္ဌ၊ မင်းမြတ်။
အဒ္ဒိဆော၊ အဓွန့်ရှည်သောခရီးကို လာကုန်သော။ တိဋ္ဌမာနေ၊ အလွန်ခံရပ်
ကုန်သော။ ပြာဟွဓော၊ ပုဏ္ဏားတို့ကို။ အဓနာဓလာဓကတ္တာ၊ မကြည့်မူ၍၊
ဂန္တ္ဓာ၊ သွားအပ်၏ဟု။ နု အာဟာ၊ ပညာရှိတို့ မဆိုကြကုန်။

အလိုရှိရာဆိုပါ

မင်းသည် ထိုပုဏ္ဏား၏စကားကိုကြား၍ ဆင်ကို ချွန်းဖြင့်နှိမ်၍-

၁၄။ သုဏောမိ တိဋ္ဌာမိ ဝဓေဟိပြာဟွ၊
ယေနာပိ အတ္ထော ဂုဓာနုပတ္တော။
ကံ ဝါ တုမတ္ထံ မယိ ပတ္ထယာနော၊
ဂုဓာဂမာ ပြာဟွတာဒိသံပြုဟိ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကိုဆို၏။

၁၄၊ ပြာဟွ၊ ပုဏ္ဏား။ သုဏောမိ၊ ငါနာအံ့။ တိဋ္ဌာမိ၊ ငါရပ်အံ့။
ယေနာပိ အတ္ထော၊ အကြင်အကြောင်းကြောင့်လည်း။ ဂုဓာ၊ ဤအရပ်သို့။

www.dhammadownload.com

အနုပတ္တော၊ ရောက်၏။ တံအတ္ထ်၊ ထိုအကြောင်းကို။ ဝဒေဟိ၊ သင်ဆို
တော့လော့။ တွ်၊ သင်ပုဏ္ဏား၊သည်၊ ကံဝါ ဇ၊တ္ထ်၊ အဘယ်အကျိုးကိုမူ
လည်း။ မယိ၊ ငါ၌၊ ပတ္ထယာနော၊ တောင့်တ၍။ ဣဓ၊ ဤအရပ်သို့၊
အာဂမာ၊ လာသနည်း။ ဗြာဟ္မဲ၊ ပုဏ္ဏား။ တံ၊ သင့်ကို။ ဣဿံ၊ ငါ
တိုက်တွန်း၏။ ဗြူ။ ဟိ၊ ကြိုက်ရာဆိုလော့။

မင်းနှင့်ပုဏ္ဏား အချေအတင်

ထိုဂါထာမှတစ်ပါး ပုဏ္ဏား၏လည်းကောင်း, မင်း၏ လည်းအောင်
စကားတုံ့လှယ် ဟောပြောလိုသော မင်းပုဏ္ဏားနှစ်ယောက်တို့သည်-

၁၅။ ဒဒါဟိ မေ ဂါမဝရာနိ ပဉ္စ၊
ဒါသီ ဆာတံ သတ္တဂဝံသတာနိ။
ပရော သဟဿဉ္စ သုဝဏ္ဏနိဒ္ဓံ၊
ဟရိယာ စ မေ သာဒိသီ ဒဒ္ဒ ဒဒါဟိ။
၁၆။ တဒေါ နုံ တေ ဗြာဟ္မဏ ဘီသရူပေါ၊
မန္တာ နုံ တေ ဗြာဟ္မဏ စိတ္တရူပါ။
ယဂ္ဘာ နုံ တေ အဿဝါ သန္တိကေစိ၊
အတ္ထံ ဝါ မေ အဘိဇာနာသိ ကတံ။
၁၇။ နုံ မေ တဒေါ အတ္ထိ နစာပိ မန္တာ၊
ယဂ္ဘာပိ မေ အဿဝါ နတ္ထိ ကေစိ။
အတ္ထံ ပိ တေ နာဘိဇာနာမိ ကတံ၊
ပုဇ္ဇေ စ ခေါ သဂ််တိမတ္တာ မာသိ။
၁၈။ ပဌမံ ဣဒံ ဒဿနံ ဇာနတော မေ၊
နာ တာဘိဇာနာမိ ကိဉ္စတော ပုရတ္ထာ။
အက္ခာဟိ မေ ပုစ္ဆိတော ဧတ မတ္ထံ၊
ကဒါ ကုဟိံ, ဝါ အဟုသဂ််မာနော။
၁၉။ ဂန္ဓာရ ရာဇဿ ပုရမ္ဟိ ရမ္မေ၊
အဝသိမှသေ တက္ကသိလာယံ ဒေဝ။
တတ္ထန္ဓကာရမ္ဟိ တိမိသိကာယံ၊
အံသေန် အံသံ သမဿဋ္ဌယိမှ။

www.dhammadownload.com

၂၀။ ဥေ တတ္ထ ဌတ္ဝာန ဥဒဘာ ဇနိန္ဒ၊
သာရဏီယံ ဝိတိသ်ာရယိမ္မ တတ္ထ။
သာယေဝ နော သက််တိမတ္တာ မာသိ၊
တတော နံ ပစ္ဆာ နပုရေ အဇဟာသိ၊

၂၀၊ ယဒါ ကဒါစိ မနုဇေသု ဗြာဟ္မဏ၊
သဓဂမော သပ္ပုရိသေန ဟောတိ။
နံ ပဏ္ဍိတာ သက််တိ သန္ဓဝါနိ၊
ပုဗ္ဗေ ကတံဝါပိ ဝိနာသယန္တိ။

၂၂၊ မာလာဝ ခေါ သက််တိ သန္ဓဝါနိ၊
ပုဗ္ဗေ ကတံဝါပိ ဝိနာသယန္တိ၊
ဗဟုမ္ပိ ဗာလေသု စာတံ ဝိနသ်တိ၊
တထာ ဟိ ဗာလာ အဇာတညု၌ပါ။

၂၃၊ ဓိရာ စ ခေါ သက််တိ သန္ဓံဝါနိ၊
ပုဗ္ဗေ ကတံဝါပိ နံ နာသယန္တိ။
အပ္ပမ္ပိ ဓိရေ သုကတံ နံ နသ်တိ၊
တထာ ဟိ ဓိရာ သုကာဘညု၌ပါ။

၂၄၊ ဒဒါမိ ဘေ ဂါမဝရာနိ ပဉ္စ၊
ဒါသီ သတံ သ်ာမာကဂံသတာနိ။
ပရော သဟဿံ့ သုဝဏ္ဏနိက္ခေ၊
ဘရိယာ စ တေ သာဒိသိဒ္ဓေ ဒဒါမိ၊

၂၅။ ဧဝံ သဘံ ဟောတိ သဒ်မစ္စ ရာဇ၊
နက္ခတ္တရာဇာရိဝံ တာရကာနံ။
အာပုဏတိ ဂဂသိပတိ ယထာဟံ၊
တထာပိ မေ သဂ််မော အာဇ္ဇ လဒ္ဓါ-
ဟူသော ဤဂါထာတို့ကို ဆို၏။

စည်းစိမ်ကိုပေးပါ

၁၅၊ မဟာရာဇ၊ မြတ်သော မင်းကြီး။ ပဉ္စဂါမဝရာနိ၊ ငါးရွာသော ရွာဆုကိုတို့ကို၊ မေ၊ အကျွန်ုပ်အား။ ဒဒါဟိ၊ ပေးလော့။ တော်မူလေ၊ ဒါ သို့သတ်၊ ကျွန်မဟစ်ရာကိုလည်း၊ ဒဒါဟိ၊ ပေးခဿု။ သတ္တဂံသတာနိ၊

www.dhammadownload.com

နို့.ညစ်နွားမ ခုနှစ်ထုတို့ကိုလည်း။ ဒဒါဟိ၊ ပေးလေ့။ ပရော်သဟာယဉ္စ သုဝဏ္ဏနိက္ခေ၊ တစ်ထောင်မကသော ရွှေစင်နိက္ခတို့ကိုလည်း။ဒဒါဟိ၊ ပေးတော်မူလေ့။ သာဒိသိ၊ အဆင်းသဏ္ဌာန်ဇာတ် အမျိုးညွှန်းခြင်းဆောင်းဖြင့် တူကုန်သော၊ ဒွေ၊နှစ်ယောက်ကုန်သော၊ ဘရိယာ စ၊ မယား့တို့ကိုလည်း။ မေ၊ ငါ့အား။ ဒဒါဟိ၊ ပေးခဲ့တော်မူခဲ့လေ့။

ဂုဏ်ကျေးဇူးရှိသလော

၁၆။ ပြဒဟ္မာ၊ ပုဏ္ဏား။ ဘိသရွေပေါ်၊ ကြီးစွာခဲသော ဂုဏ်ကျေးဇူးဟု ဆိုအပ်သော။ တဒေပါ၊ အကျင့်သည်။ တေ၊ သင်ပုဏ္ဏားအား။ အတ္ထိ နု၊ ရှိပါကုန်၏လော။ ပြဒဟ္မာ၊ ပုဏ္ဏား။ တေ၊ သင်ပုဏ္ဏားအား။ စိတ္တရွှေပါ်၊ ဆန်းကြယ်သောသဘော ရှိကုန်သော၊ မန္တာ၊ မန္တဆုံးတို့သည်။ အတ္ထိ နု၊ ရှိပါကုန်၏လော့။ အာသဝေါ။ သင့်သောစကားကို လိုက်နာတတ်ကုန်ဆော။ ကေစိ၊ အချို့ကုန်သော။ ယက္ခာ၊နတ်တို့သည်။ တေ၊ သင်ပုဏ္ဏားအား။ သန္တိ၊ ရှိပါကုန်၏လော။ မေ၊ ငါ၏၊ အတ္ထံ၊ အကျိုးစီးပွားကို။ ကတံ ဝေါ၊ ပြုဖူးသည်ကိုလည်း။ အဘိဇာနာသိ၊ သင်သိပါ၏လော။

မြင်ဖူးခဲ့ရှိပါ၏

၁၇။ မဟာရာဇ၊ ကြီး၊ မေ၊ အား။ တဒေပါ၊ အကျင့်ကျေးဇူးသည်လည်း။ နု အတ္ထိ၊ မရှိပေ၊ မန္တာအပိ၊ မန္တန်သည်လည်း။ နု အတ္ထိ၊ မရှိပေ။ မေ၊ အကျွန်ုပ်အား။ အာသဝေါ၊ စကားကို လိုက်နာတတ်ကုန်ဆော။ ဆော၊ အချို့ကုန်သော။ ယက္ခာ စ၊ နတ်တို့သည်လည်း။ နတ္ထိ-နု သန္တိ၊ မရှိပေကုန်။ တေ၊ အရှင်ခင်းကြီး၏။ အတ္ထံ၊ အကျိုးစီးပွားကို။ ဆာတံပိ၊ ပြုဖူးဆာည်ကိုလည်း။ နဘိဇာနာမိ၊ မသိပေ။ ပုဗ္ဗေ စ၊ ဒုဗ္ဘိမူကား။ သင်္ကိမတ္တံ၊ ပေါင်းမိကာမျှသည်။ ဆာသိ၊ ဖြစ်ဖူး၏။

ဘယ်တုန်းကမြင်ဖူးသနည်း

၁၈။ ဇာနတော၊ သိဒသာ၊မေ၊ ငါ့အား။ ကွဒံ၊ ကျွှမြင်ခြင်းသည်။ ပဋ္ဌမံ ဒဿနံ၊ ရွှေးဦးစွာမြင်ခြင်းဘည်း။ ကွဒတာ၊ ကျွှမြင်းသာအခါမှ။ ပုရတ္ထာ၊ ရွှေး၌။ တံ၊ သင့်ကို။ နဘိဇာနာမိ။ မသိစဘူး။ ကဒါဝါ

www.dhammadownload.com

အဘယ်အခါ၌သည်းကောင်း။ ကုဗ္ဘ'ဝါ၊ အဘယ်ဆရပ်၌လည်းကောင်း။ သင်္ကမာနေ၁၊ တက္ခ ပေါင်းဖော်မိကြသည်။ အဟု၊ ဖြစ်ထနည်း။ ပုစ္ဆိတော၁၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ ဘေဒတ္ထ'၊ ထို အခကြောင်းကို။ ဆကျော်ဟိ၊ ကြားဘိလော့။

တိုးမိခဲ့ကြသည်

၁၉။ ဒေဝ၊ ရွှင်မင်းကြီး။ ဂန္ဓာရရာဇာသ၊ ဂန္ဓာရမင်း၏။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ တက္ကသိလာယံ၊ တက္ကသိုလ်အမည်ရှိသော။ ပုရမ္ပိ၊ ပြည်၌။ အဝသိမ္မသေ၊ နေဖူးကုန်၏။ တတ္ထ၊ ထိုတက္ကသိုလ်ပြည်၌။ တိမိသိထာဃံ၊ တိမိသိကဟု ဆိုအပ်သော။ အန္ဓကာရမ္ပိ၊ အမိုက်တိုက်၌။ အံ့ဓသန၊ အရွှင်မင်းကြီး၏ပခုံးနှင့်။ အံသံ၊ အကျန်ုပ်၏ပခုံးကို၊ သမ္ဖဿယိမ္မ၊ ခတ်မိကုန်၏။

၂၀။ ဇနိန္ဒ၊ မင်းမြတ်။ တတ္ထ၊ ထိုခတ်မိရာ၌။ ဥဘေဒ၊ နှစ်ယောက်ကုန်သော။ တေ မယံ၊ ထိုအကျန်ုပ်တို့သည်။ ဌတ္ဝာန၊ ရပ်၍။ သာရဏီယံ၊ အောက်မေ့အပ်သောစကားကို။ ဝီတိသာရယိမ္မ၊ ပြောကြကုန်၏။ တတ္ထ၊ ထိုခတ်မိရာ၌။ နော၊ အကျန်ုပ်တို့အား။ သာယေဝ ဃင်္ဂ်တိမတ္တံ၊ ထိုပေါင်းဖော်ခြင်းမျှသည်။ အဟောသိ၊ ဖြစ်၏။ တတော၁၊ ထိုအခါမှ။ ကဒါစိ၊ တစ်ရံဘစ်ဆစ်၌။ ပစ္ဆာ၊ နောက်၌လည်းကောင်း။ နာ အာသိ၊ မသိကြပေ။ ပုရေ ဝါ၊ ရှေး၌လည်း။ နာ အာသိ၊ မသိကြပေ။

ပေးလှူပုံမည်

၂၁။ ဗြာဟ္မဏ၊ ပုဏ္ဏား၊ ဓနုဇသု၊ လူတို့၌။ ယဒါတဒါစိ၊ အမှတ်မရှိသောအခါ၌၊ သပ္ပုရိသေန၊ သူတော်ကောင်းနှင့်။ သမာဂမော၊ ပေါင်းဖော်ခြင်းသည်။ ဟောတိ၊ ၏။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သင်္ဂ်တိ သန္ထဝါနိဝါ၊ ခဏပေါင်းဖော်ခြင်း ရှည်မြင့်စွာ ပေါင်းဖော်ခြင်းတို့ကိုလည်းကောင်း။ ပုဗ္ဗ၊ ရှေး၌။ ကတံဝါပိ၊ ပြုဖူးသော ကျေးဇူးကိုလည်းကောင်း။ နံ ဝိနာသယန္တိ၊ မဖျက်ကုန်။

၂၂။ ဗာလာဝ၁ခါ၊ သူမိုက်တို့သည်သာလျှင်။ သင်္ဂ်တိ သန္ထဝါနိဝါ၊ ခဏပေါင်းဖော်ခြင်း ရှည်မြင့်စွာ ပေါင်းဖော်ခြင်းတို့ကို လည်းကောင်း။

www.dhammadownload.com

ပုဗ္ဗေ၊ ရွေးဦ။ ထတံဝါပိ၊ ပြုဖူးသော သူ့ကျေးဇူးကို လည်းခကာင်း။ ဝိနာသယန္တိ၊ ဖျက်ကုန်၏။ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ ဗာလာ၊ သူမိုက်တို့သည်။ အကတညုရူပါ၊ သူ့ကျေးဇူးကို မသိတတ်သော သဘောရှိကုန်၏။ တထာဂတသ္မာ၊ ထို့ကြောင့်။ ဗာလေသု၊ သူမိုက်တို့၌။ ဗဟုမ္ပိ၊ များစွာလည်း ဖြစ်သော။ ထတံ၊ ပြုဖူးဒသာ သူ့ကျေးဇူးကို။ ဝိနသ္ဍတိ၊ ပျက်ဆီးတတ်၏။

၂၃။ ဓိရာ စ ခေါ၊ ပညာရှိတို့သည်ကား။ ဆဂ်တိ သန္ဆဝါနိဝါ၊ ခကာပေါင်းဖော်ခြင်း ရှည်မြင့်စွာ ပေါင်းဖော်ခြင်းတို့ကို လည်းကောင်း။ ပုဗ္ဗေ၊ ရွေး၌။ ကတံဝါပိ၊ ပြုဖူးသော ကျေးဇူးကို လည်းကောင်း။ နာနာသယန္တိ၊ မဖျက်ဆီးကုန်။ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ ဓိရာ၊ ပညာရှိတို့သည်။ သုကတညုရူပါ၊ ကောင်းစွာ သူ့ကျေးဇူးကို သိသော သဘောရှိကုန်၏။ တထာဂတသ္မာ၊ ထို့ကြောင့်။ ဓိရာ၊ ပညာရှိ၌။ အပ္ပမ္ပိ၊ အနည်းငယ်လည်းဖြစ်သော။ သုကတံ၊ ကောင်းစွာပြုအပ်သော သူ့ကျေးဇူးကို။ နာနသ္ဍတိ၊ မဖျက်။

၂၄။ ပြာဟ္မဏ၊ ပုဏ္ဏား။ တေ၊ သင့်အား။ ပဋိကရိမဝထုနိ၊ ငါးရွာသော ရွာဆုတ်ကို။ ဒဒါမိ၊ ငါပေး၏။ ဒါသီသတဉ္စ၊ ကျွန်မိန်းမတစ်ထောက်ကိုလည်းကောင်း။ သတ္တဂဝံသတာနိ၊ နို့ညစ်နွားမ ခုနစ်ရာတို့ကိုလည်း ကေစင်း။ ပဏ္ဍုသဟဿဉ္စသုဝဏ္ဏနိဓ္ကဉ၊ ဆယ်သောင်းမကသော ရွှေစင်နိုက္ခတို့ကိုလည်းကောင်း။ ဒဒါမိ၊ ငါပေး၏။ သာဒိသိ၊ ဆဆင်းသဏ္ဌာန် ဇာတ်အမျိုးညွှန်းခြင်းဆောင်းဖြင့် တူကုန်သော။ ဒွေဘရိယာ စ၊ မယားနှစ်သောက်တို့ကိုလည်းကောင်း။ တေ၊ သင့်အား။ ဒဒါမိ၊ ငါပေး၏။

၂၅။ ရာဇ၊ မင်းမြတ်။ ဧဝံ၊ ဤသို့။ သတံ၊ သူတော်ကောင်းတို့နှင့်။ ဃမေစ္စ၊ ကပ်၍၊ သင်္ဂမော၊ ပေါင်းဖော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကဿသိပတိ၊ ကာသိတိုင်းရှင်။ တာရကာနံ၊ ကြယ်အပေါင်းတို့၏။ မဇ္ဈေ၊ အလယ်၌။ နက္ခတ္တရာဇာ၊ လမင်းသည်။ အာပူရတိလ္လဝ၊ ပြည့်သကဲ့သို့။ တထာ၊ ထို့အတူ။ အဟံပိ၊ အကျွန်ုပ်သည်လည်း၊ ဂါမဝရာဒီဟိ၊ ရွာဆုအစရှိသည်တို့ဖြင့်။ အာပူရတိ၊ ပြည့်၏။ ကာသိပတိ၊ ကာသိတိုင်းရှင်ဖြစ်သော မင်းကြီး။ မေ၊ အကျွန်ုပ်သည်၊ တယာ၊ ရှင်မင်းကြီးနှင့်။ သင်္ဂမော၊ ပေါင်းမိခြင်းကိုလည်း။ အဇ္ဇ၊ ယခု။ လဒ္ဓါ၊ ရအပ်ပြီ။

www.dhammadownload.com

ဘုရားလောင်းသည် ထိုပုဏ္ဏားအား များစွာသော စည်းစိမ် အခြံအရံကို ပေး၏။

ဇာတ်ပေါင်း။ ဘုရားသခင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့—ယခုမှသာလျှင် အာနန္ဒာအား ဆုမြတ်တို့ကို ပေးသည် မဟုတ်သေး၊ ရှေးဦးလည်း ငါသည် မြတ်သောဆုဖြင့် ရောင့်ရဲစေဖူးသည်သာတည်း" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ "ထိုအခါ ပုဏ္ဏားသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏၊ မင်းသည် သင်တို့ဆရာ ငါဘုရား ဖြစ်လာ၏" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နည်းငယ်ပေးပို့၊ သူ.ကျော်ဇူး၊ အထူးသိအပ်စု၁။)

ထောဒသကနိပါတ်ကျမ်း၌ နှစ်ခုမြောက်သော ဇုက္ကဇာတ်သည် ပြီး၏။

၃-ဓမ္မဒဒဝပုတ္တဇာတ်

မတရားကျင့်သူကို တရားကျင့်၍ အောင်နိုင်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လေဒကို ဆုံးမတော်မူစဉ်သော ဘဒ္ဒဇည်မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ရှိသော် "ယသော ကရော ပုညကရော ဟဒယဿိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓမ္မဒဒဝပုတ္တ ဇာတ်ကို ဒဒ္ဒဝဖတ်၏မြေမျိုသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။။ ထိုစကားသည် မှန်၏၊ ထိုရောအခါ ဓမ္မသဘင်၌ စကားကို ဖြစ်စဖကုန်၏၊ "ငါ့ရှင်တို့....ဒဒ္ဒဝဖတ်သည် ဘုရားသခင်နှင့်တကွ ဆန့်ကျင်ဘက်ပြု၍ မြေမျိုခံ၏" ဟု စကားကို ဖြစ်စေကုန်၏။ ဘုရားသခင်သည် ကြွတော်မူလာ၍ "ရဟန်းတို့....ယခုအခါ၌ အဘယ်အကြောင်း၊ ကြောင့် စည်းဝေးကုန်သနည်း" ဟု မေးတော်မူ၍ "ဤမည်သော အကြောင်းကြောင့် စည်းဝေးပါကုန်၏" ဟု နားတော် လျှောက်သည်ရှိသော် "ရဟန်းတို့....ယခုအခါ၌သာလျှင် ငါဘုရား၏ သာသနာတော်စက်၌ ပုတ်ခတ်ခြင်းကိုပြု၍ မြေမျိုသည်မဟုတ်၊ ရှေး၌လည်း ဓမ္မစက်၌ ပုတ်ခတ်ခြင်းကိုပေး၍ မြေမျိုခဲ့ဖူးလည်း လျှောင်းရသည် ဖြစ်၏" ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ကားမှာဝစရုနတိပြည်၌ ဓမ္မနတ်သား ဖြစ်၏၊ ဒေဝဒတ်သည် အဓမ္မနတ်သား ဖြစ်၏။

ဓမ္မနတ်သား

ထိုနှစ်ယောက်သော နတ်သားတို့တွင် ဓမ္မနတ်သားသည် နတ်၌ဖြစ်သော တန်ဆာကိုဆင်လျက် မြတ်သော နတ်ရထားကိုစီး၍ အမတ်အပေါင်းခြံရံလျက် လူတို့သည် ညဉ့်အခါ ထမင်းကိုစား၍ မိမိတို့၏ အိမ်တံခါးတို့ဦး နေကုန်စဉ် ရွာနိုဂုံး ဇနပုဒ် မင်းနေပြည်ဝယ် ကောင်းကင်၌ရပ်၍ "သတ္တဝါတို့ကိုသတ်ခြင်း အစရှိကုန်သော အကုသလကမ္မပထတရား ဆယ်ပါးတို့ကို ကြဉ်၍ မိဘတို့ကိုကျေးမွေးသော ကျင့်ဝတ်ကိုလည်းကောင်း၊ သုံးပါးဆော်သုစရိုက်တို့ကိုလည်းကောင်း ဖြည့်ကျင့်ကုန်သည်ရှိသော် နတ်ပြည်သို့ လားကုန်၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရကုန်လတ္တံ့' ဟု လူတို့ကို ကုသလကမ္မပထတရား ဆယ်ပါးတို့ကို ဆောက်တည်စေလျက် ဇမ္ဗူဒီပ်ကို လက်ယာရစ် လှည့်လည်၏။

အဓမ္မနတ်သား

အဓမ္မနတ်သားကား "သူ့အသက်ကို ဆုတ်ကြကုန်" ဤသို့ အစရှိသော နည်းဖြင့် အကုသလကမ္မပထတရား ဆယ်ပါးတို့ကို နှိုးဆော်လျက် ဇမ္ဗူဒီပ်ကျွန်းကို လက်ဝဲရစ် လှည့်လည်၏။

ခရီးရင်ဆိုင်မိကြ

ထိုအခါ ထိုနတ်သားနှစ်ဦးတို့၏ ရထားတို့သည် ထောင်းကင်၌ ရွေးရွှေ့ဆိုင်မိကြကုန်၏။ ထိုနှစ်ဦးတို့ပရိသတ်တို့သည် 'သင်တို့သည် အသူ၏ပရိသတ်တို့နည်း၊ သင်တို့သည် အသူ၏ ပရိသတ်တို့နည်း' ဤသို့ ဝေးကြကုန်၍ "ငါတို့သည် ဓမ္မနတ်၏ ပရိသတ်တို့ဘည်း၊ ငါတို့သည် အဓမ္မနတ်၏ ပရိသတီတို့တည်း" ဟု ပြောဆိုကြကုန်၍ ခရီးမှ သက်ကုန်၍ နှစ်ဖြာဖြစ်ကုန်၏။

၄-၉၃-၅၅၀(တ-တွဲ)

www.dhammadownload.com

လမ်းဖယ်ပေးပါ

ဓမ္မနတ်သားသည်လည်း အဓမ္မနတ်သားကို ခေါ်၍ "အစ်ဆွေ....ငါ့သည် အဓမ္မနတ်သား မည်၏။ ငါ့အား ဓမ္မနတ်သား မည်၏၊ ခရီးထည် ငါ့အား လျော်ပတ်၏၊ သင်၏ ရထားကိုဆုတ်၍ ငါ့အား ခရီးကို ပေးလော့" ဟု ဆိုလိုရကား-

၂၆။ ယသေဒကရော ပုညကရော ဟ မသ္မိ၊
သဒ္ဒတ္ထုတော သမဏဗြာဟ္မဏာနံ။
မဂ္ဂါရဟော ဒေဝ မနုဿ ပူဇိတော၊
ဓမ္မော အဟံ ဒေဟိ အဓမ္မ မဂ္ဂံ-

ဟူသော ဝေးဦးစွာဆော ဤဂါထာကို ဆို၏။

၂၆။ အဓမ္မ၊ အဓမ္မနတ်သား။ အဟံ၊ ငါသည်။ ယသောအကော၊ လူနတ်တို့၏ စည်းစိမ်ချမ်းသာကိုပြုသည်၊ အသို့၊ ဖြစ်၏။ ပုညကရော၊ လူနတ်တို့၏ ကုသိုလ်ဆောင်းမှုကို ပြုသည်။ အသို့၊ ဖြစ်၏။ သမဏဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏားတို့အား။ သဒ္ဒတ္ထုတော-သဒ္ဒါထုံးစော၊ အခါခပ်သိမ်း ချီးမွမ်းသည်၊ အသို့၊ ဖြစ်၏။ ဓမ္မော၊ ဓမ္မမည်သော၊ အဟံ၊ ငါသည်။ ဒေဝမနုဿပူဇိတော၊ နတ်လူတို့သည် ပူဇော်အပ်သည်ဖြစ်၍။ မဂ္ဂါရဟော၊ ခရီးအားထိုက်၏။ မဂ္ဂံ၊ ခရီးကို။ မေ၊ ငါ့အား။ ဒေဟိ၊ ပေးလော့။

အချေအတင် ပြောကြပုံ

ထိုဂါထာဝယ် ဓနာဂက်ဖြစ်ကုန်သော-

၂၂။ အဓမ္မ ယာနံ ဒဋ္ဌ မာရုဟိတ္ထာ၊
အသန္တိ သဒ္ဓါ ဗာလဝါဟခသ္မိ။
သ ကိသ္မိ ဟေတုမ္ဟိ တဝဋ္ဌ ဒဋ္ဌံ၊
မဂ္ဂံ အဟံ ဓမ္မ အဒိန္နပုဗ္ဗံ။

၂၇။ ဓမ္မာ ဟဓဝ ပါတု ရဟာသိ ပုဗ္ဗေ၊
ပစ္ဆာ အ ဓမ္မော ဥဒပါဒိ ဆောကေ။
ဇေဋ္ဌော စ သေဋ္ဌော စ သနန္တနော စ၊
ဥယျာဟိ ဇေဋ္ဌသ္သ အနိဋ္ဌမဂ္ဂါ။

www.dhammadownload.com

၂၉။ နာ ယာစနာယဟိ နာပတိဗ္ဗပါ၊
အရဟတ္တိ ဧတ ဟံ ဒုဒ္ဒေယျ ဓဂ္ဂံ။
ယုဒ္ဓဉ္ဉေ နော ဟောတု ဥဘိန္နံ မင္ဂေ၊
ယုဒ္ဓမ္ပိ ယော ဇယတိ အာသ မဂ္ဂါ။

၃ဝ။ သဗ္ဗာဒိသာအနုဝိသဋ္ဌောဟဓသ္မိံ၊
မဟဗ္ဗလော အမိတယသော အတုလ္လော၊
ဂုဏေဟိ သဗ္ဗေဟိ ဥပေဆဗ္ဗပေါ၊
ဓမ္မော အဓမ္မ တံ့ ကထံ ဝိဇိဿသိ။

၃၁။ ဓလာဟေန ဝေ ဟညတိ ဇာတဗ္ဗံ၊
နာ ဇာတဗ္ဗပေန ဟန်္တိ ဓလာဟံ။
ဧဓ အဓမ္မော ဟညတိ ဓမ္မမင္ဂေ၊
အယေဓ သုဝဏ္ဏံ ဝိယ ခံသနေယျ။

၃၂။ ယစေ တုဝံ ယုဒ္ဓဗလော အဓမ္မ၊
တုယ္ဟံ နာ ဝုစ္စာ ဓ ဂဗ္ဘ ဓ အတ္ထိ။
မဂ္ဂဉ္ဉ တေ ဒမ္မိ ပိယာပိဓေန၊
ဓါစာ ဒုဗ္ဘာနိပိ တေ ခမာမိ-

ဟူသော ဤခြေစက်ဂါထာတို့ကို ထိုနတ်သားနှစ်ဦးတို့ထံသည်လျှင် ကော၊ တုံ့လှယ် ပြောဆိုကြသည်၏ အစွမ်းအားဖြင့် ဆိုအပ်ကုန်၏။

ဘဝကြောင့် ဖယ်ရမတုံး

၂၇။ ဓမ္မ၊ ဓမ္မနတ်သား။ အဟံ၊ ငါသည်၊ အဓမ္မယာနံ၊ အဓမ္မရထား ကို၊ ဒဠှံ၊ မြဲစွာ။ အာရုဟိတွာ၊ စီး၍၊ အသန္တေ သန္တေ၊ ဓကြောက်သည်။ ဗလဝါ၊ အားကြီးသည်၊ အသို့၊ ဖြစ်၏။ ဓယာဆဟံ၊ ထိုငါသည်။ ကိဿဟေသုမှိ၊ အဘယ်အကြောင်းကြောင့်၊ အဒိန္နပုဗ္ဗံ၊ ဓပေးစွာ၊ ဓယာ၊ ဓဂ္ဂံ၊ ခရိုးကို။ တဝ၊ သင့်အား၊ ဆင်္ခံ၊ ယခု။ ဒဇ္ဇံ၊ ပေးရအံ့နည်း။

ငါက အကြီးဖြစ်တယ်

၂၈။ အဓမ္မ၊ အဓမ္မနတ်။ ပုဗ္ဗေ၊ ရှေးဆမ္ဘာဦး၌ ဖြစ်ဓယော။ ဓလာဓေန၊ လူ၌၊ ဟဓဝ၊ စင်စစ်၊ ဓမ္မော၊ ကုသိုလ်ဓမ္မဆည်။

www.dhammadownload.com

ပါထုရဟော၊ ထင်ရှားဖြစ်၍။ ပစ္ဆာ၊ နောက်မှ။ အခံမှော၊ အကဲသိုလ်ဝမ္မသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အဟံ၊ ငါသည်။ ဇင်္ဃော စ၊ ကြီးတည်းကြီး၏။ သေဋ္ဌော စ၊ မြတ်လည်းမြတ်၏။ သန်္ဓနော စ၊ ရှေးဦးလည်းဖြစ်၏။ ကနိဋ္ဌော၊ အငယ်သည်။ ဇေဋ္ဌဿ၊ အကြီးအား။ မဂ္ဂါ၊ ခရီးမှ။ ဥယျာဟိ၊ ဖဲခလော့။

စစ်ရှုံးမှဖယ်မယ်

၂၉။ ဓမ္မ၊ ဓမ္မနုတ်၊ အဟံ၊ ငါသည်။ ယာဝနာယပိ။ စတောင်းသဖြင့်လည်း။ တေ၊ သင့်အား။ မဂ္ဂံ၊ ခရီးကို။ နဒဒယျံ၊ ဓပေး။ ပတိရူပါပိ၊ သင့်ဆင့်စွာ ဆိုသဖြင့်လည်း။ နဒဒယျံ၊ ငါမပေး။ နဇာရဟာတိ၊ မထိုက်။ အင်္ဂ၊ ယခု။ ဥဘိန္နံ၊ နှစ်ယောက်ကုန်သော။ နော၊ ငါတို့အား။ ယုဒ္ဓဉ္စ၊ စစ်ထိုးခြင်းသည်လျှင်။ ဖဟာတု၊ ဖြစ်ခဖလော့။ ယုဒ္ဓမ်ပိ၊ စစ်ထိုးထွဋ်။ ယော၊ အကြင်ထွသည်။ ဇယတိ၊ အောင်၏။ တဿ၊ ထိုသူအား။ မဂ္ဂါ၊ ခရီးသည်။ ဟောတု၊ ဖြစ်စေဆုတည်း။

ငါ့ကို မင်းမနိုင်ဘူး

၃၀။ အဓမ္မ၊ အဓမ္မနုတ်၊ အဟံ။ ငါသည်။ ဆဗ္ဗဒါသော၊ အရပ်ရှစ်မျက်နှာတို့၌။ အနုဝိတဋ္ဌော၊ ပြန့်နှံ့ထင်ရှားသည်။ အသ္မိ၊ ဖြစ်၏။ မဟပ္ပဒလော၊ ကြီးစွာသောခွန်အား၌၏။ အမိတယသော၊ ဓနိုင်းယှဉ်အပ်သော အခြံအရံ၌၏။ အတုလျော၊ ငါနှင့်တူသောသူမရှိ။ သဗ္ဗေဟိ အလှိုးစုံကုန်သော။ ဂုဏဟိ၊ ဂုဏ်ကျေးဇူးတို့နှင့်၊ ဥပဇဝဋ္ဌပေါ၊ ပြည့်စုံသော သဘောရှိသော။ ဓဓမ္မော၊ ငါဓမ္မနုတ်သားကို။ တုံ၊ သင်သည်။ ကဲထံ၊ အဘယ့်ကြောင့်။ ဝိဇိဿသိ၊ အောင်လိမ့်နည်း။

ရွှေကို သံဖြင့်ဖြတ်နိုင်တယ်

၃၁။ ဓမ္မ၊ ဓမ္မနုတ်။ ဝေ၊ စင်စစ်။ လောဟေန၊ သံဖြင့်။ ဇာတရူပံ၊ ရွှေကို။ ဟညတိ၊ ဖြတ်နိုင်၏။ ဇာတရူပေန၊ ရွှေဖြင့်။ လောဟံ၊ သံကို။ နဟညန္တိ၊ မဖြတ်နိုင်ကုန်။ ဧဝ၊ ဆဆယ်၍။ အင်္ဂ၊ ယခု။ အဓမ္မော၊ အဓမ္မ

www.dhammadownload.com

နတ်သည်။ ဓမ္မံ၊ ဓမ္မနတ်ကို။ ဟညီတိ၊ သတ်အံ့။ အာဃယာ၊ သံသည်း သုဝဏ္ဏံ၊ ရွှေကို။ ဓံသးနယျံ ဝိယ၊ ဖျက်ဆီးသကဲ့သို့။ ဓံသနေယျံ၊ ငါ ဖျက်ဆီးအံ့။

ငါကပဲ လမ်းဖယ်ပေးပါတယ်

၃၂။ အဓမ္မ၊ အဓမ္မနတ်။ သစေ၊ အကယ်၍။ တုဓံ၊ သင်သည်။ ယုဒ္ဓဗုးလ၁၊ စစ်ထိုးခြင်း၌ အားရှိအံ့။ တုယ္ဟံ၊ သင့်အား။ ဝုဏ္ဏော၀၊ ကြီးခသာသူတို့သည်လည်းတောင်း၊ ဂရု၀၊ အချိအ၁သပြုအပ်ခဟာသူတို့သည် လည်းဆောင်း၊ နအတ္ထိ၊ မရှိကုန်။ ပိယာပိဒယန၊ ချစ်,မချစ်သဖြင့်။ ဓဂ္ဂဠ၊ ခရီးကိုသည်း။ တေ၊ သင့်အာ။။ ဒမ္မိ၊ ငါပေး၏။ တေ၊ သင်၏။ ဓါစာဒုရွတ္တာနိပိ၊ ကြမ်းကြုတ်ခက်ထန်ခသာ စကားတို့ကိုလည်း။ ခမာမိ၊ ဝါ သည်းခံ၏။

အဓမ္မနတ်သား မြေမျိုခံရ

ဘုရားလောင်းသည်ကား ဤဂါထာကို မိန့်ဆိုတော်မူသော ခဏ၌ အဓမ္မနတ်သားသည် ရထား၌ မတည်နိုင်၍ ဦးခေါင်းဇောက်ထိုး မြေသို့ကျ၍ မြေမျိုပြီးလျင် အဝီစိငရဲ၌ ဖြစ်လေ၏။ ထိုအကြောင်းကို သိတော်မူ၍ ဘုရားဖြစ်ပြီ လျင်-

၃၃။ ဣဒ္ဓိ သုတ္ဝာ ဝစနံ အဓမ္မော၁၊
အဝံသိထေ ပတိတော ဥဒ္ဓပါဒေါ၊
ယုဒ္ဓတ္ထိဓော ခစ နလဘာမိ ယုဒ္ဓံ၊
တွောဝတာ ဟောတိယဟံတာအဓမ္မော၊

၃၄။ ခန္တီ ဗလော ယုဒ္ဓဗလံ ဝိဓေတ္ဝာ၊
ဟန္ဒ အဓမ္မံ ဝိဟနိတ္ဝာ ဘူမျံ၊
ပါယာသိ စိတ္တော၁ အဘိရှယ္ဟ သံဒ္ဓနံ၊
မဂ္ဂံနဝအတိဗလော၁ သစ္စနိက္ကဓော၁၊

၃၅။ မာတာ ပိတာ သမဏာဗြာဟ္မဏာစ၊
အသမ္မနိတ္ဝာ ယဿ သဓ အဂါဓရံ၊
ဣဓေဝ နိက္ခိပ သရီရဒဟံ၊

www.dhammadownload.com

ထာယဿ ဘေဒါ နိရယံ ဝဇန္တိ တေ။
ယထာ အဓမ္မော ပတိတော အာဝသိရော။

၃၆။ မာထာပိတာ သမဏဗြာဟ္မဏာစ၊
သုသ္မူနိတ္ထာ ယဿ သဒေ အဂါရေ။
ဣဓေဝ နိက္ခိပ သရီရဒ္ဒေဟံ၊
ကဒ္ဃယဿ ဘေဒါ သုဂတိံ ဝဇန္တိဓတ။
ယထာပိ ဓမ္မော အဘိရွယ္ဟ သန္တနံ-

ဟူသော ကြွင်းသော ဤဂါထာကိုကို ဟောတော်မူ၏။

၃၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ယုဒ္ဓတ္ထိကော၊ စစ်ထိုးခြင်းကို အလိုရှိသော။ အဓမ္မော၊ အဓမ္မနတ်သည်။ ဣဒဉ္စဝစနံ၊ ဤဓမ္မနတ်၏ စကားကိုလျှင်၊ သုတ္တာ၊ ကြား၍။ အာဝသိရော၊ ဦးခေါင်းဇောက်ထိုး။ ဥဒ္ဓံပါဒါ၊ ခြေမိုးမြှောက်။ ယုဒ္ဓံ၊ စစ်ထိုးခြင်းကို။ နဂလာဒမိ၊ ငါမရပြီး၊ ဤတိ၊ ဤသို့ မြည်တမ်း၍။ ပတိတော၊ ကျခြင်း၏။ တတ္ထောဝတာ၊ ဤသို့ ကျသဖြင့်။ အဓမ္မော၊ အဓမ္မနတ်ကို၊ ဟတော၊ သတိအပ်သည်၊ ဟောတိ၊ ဖြစ်၏၊

၃၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ခန္တီဗလော၊ သည်းခံခြင်းဟူသော်၊ မြတ်သည်ဖြစ်သော။ အတိဗလော၊ အလွန်ဟူသော်ကြီးစွာ။ သစ္စနိဂ္ဂမော၊ မှန်သော လုံ့လရှိသော၊ ဝိတ္တော၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော၊ ဓမ္မနတိ၊ သည် ယုဒ္ဓဗလံ၊ ဟူသော စစ်သည်ဗိုလ်စုကို။ ဝိဇေတ္တာ၊ အောင်၍။ ဟူ ဓမ္မံ၊ ဟူသော တရားတော်ကို။ ဟန္ဒ၊ သတ်၍။ ဘူမျံ၊ မြေ၌၊ ဝိဟနိတ္တာ၊ မြုပ်စေတတ်၍။ ဆန္ဒနံ၊ မိမိရထား၏၊ အဘိရွယ္ဟ၊ စီး၍။ ဓဇဂ္ဂေန ဝ၊ ခရိုးဖြင့်သော်လျှင်။ ပါယာသိ၊ သွားလေ၏။

ကြီးသူမိဘ မရိုသေပြစ်

၃၅။ ဘိက္ခဝေ ဝ၊ ရဟန်းတို့။ ယဿ၊ အကြင်စူးဆား။ သဒါက အဂါရေ၊ မိမိအိမ်၌။ ဓာတာ စ၊ အမိသည်လည်းကောင်း။ ပိတာ စ၊ အဘသည် ဆည်းကပ်ခင်း။ သမဏဗြဟ္မဏာ စ၊ ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအမိ အဘ ရဟန်းပုဏ္ဏားတို့ကို၊ အသမ္မုနိတ္တာ၊

www.dhammadownload.com

ဆရှိဆာသေ မပြုသောကြောင့်။ ဤမေဝ၊ ဤလောကဲ၌လျှင်၊ သရိုရဒေဟုံ၊ ကိုယ်ခန္ဓာကို။ နိုက္ခိပ၊ စွန့်ပစ်၍။ ဆာဓမ္မာ၊ အဓမ္မနုတ်သည်။ ဆဝံသိရော၊ ဦးခေါင်းဇောက်ထိုး။ ပတိဒတာယထာ၊ ကျသကဲ့သို့။ တထာ၊ ထို့ဆတူ၊ တေ၊ ထိုသူတို့သည်။ ဆာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ၊ ပရံ၊ ●နာက်၌၊ နိရယံ၊ ငရဲသို့။ ဥဇ္ဈိ၊ သွားရကုန်၏။

ကြီးသူမိဘရှိသေကျိုး

ခု၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ယဿ၊ အကြင်သူသည်၊ ဓာဘာ စ၊ အမိကို့ လည်းကောင်း။ ပိတာ စ၊ အဘကိုလည်းကောင်း။ သဓကဗြာဟ္မ ကာ စ၊ ရဟန်းပုဏ္ဏားတို့ကို လည်းကောင်း။ သဒ္ဓ အဂါရေ၊ မိမိအိမ်၌။ သုသမ္မနိတ္ထာ၊ ကောင်းစွာ အရှိအဆသပြု၊ သောကြောင့်။ ဤဓေဝ၊ ဤလောကဉ်လျှင်။ သရိရဒေဟံ၊ ခန္ဓာကိုယ်ကို။ နိုက္ခိပ၊ စွန့်ပစ်၍။ ဓဒမ္မာ၊ ဓမ္မနုတ်သား၊ သည်။ သန္ဒနံ၊ မိမိရထား၌။ အာဘိရုယှ၊ စီး၍။ ဝဇ်တိယထာ၊ သွား၊သကဲ့သို့။ တထာ၊ ထို့ဆတူ။ တေ၊ ထိုသူတို့သည်။ ဆာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ဆုံးမှ၊ ပရံ၊ နောက်၌။ သုဂတိ၊ သုဂတိဘဝသို့။ ဝဇ္ဈိ၊ ထွားရကုန်၏။

ဇာတ်ပေါင်း။ မြတ်စွာဘုရား၊သည် ဤသို့ တရား၊တော်ကို ဟော တော်မူ၍ "ရဟန်းတို့—ယခုမူသာလျှင် ဒေဝဒတ်သည် ငါဘုရား၊နှင့်ဆန့် ကျင်၊သောကြောင့် မြေမျိုသည်မဟုတ်၊ ရှေး၌လည်း ဒေဝဒတ်ကို မြေမျို ပူးဆည်လာတည်း" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါ အဓမ္မနုတ်သည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ထိုအဓမ္မနုတ်၏ ပရိသတ် တို့သည်လည်း၊ ဒေဝဒတ်၏ ပရိသတ်တို့ ဖြစ်လေကုန်၏၊ ဓမ္မနုတ်သား၊ သင်္ဘောဆရာ ငါဘုရား ဖြစ်တော်မူလာ၏၊ ဓမ္မနုတ်၏ ပရိသတ်တို့သည်ကား၊ ယခုအခါ ငါဘုရား၏ပရိသတ်ဖြစ်လာကုန်၏၊ ဤသို့ ဇာတ်ကို၊ပေါင်းတော် မူ၏။

(အထူးမလိုက်၊ အမှားဘက်၊ အမျက်ဇော်လိမ့်မည်။)

ဤဓေဝဒတ္တအနိပါတ်ကျမ်းဌ သုံးခုမြောက်၊ သာဓမ္မဒေဝပုတ္တဇာတ်သည် ပြီး၏။

www.dhammadownload.com

၄-ဥဒယဘဒ္ဒဇာတ်

နတ်သမီးနှင့်တူသောမိန်းမနှင့်သော်လည်းမပြစ်မှားခြင်း

ဟောတော်မူရာဌာန။ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော သမ္ဗညူ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည် ရှိသော် သာသနာတော်မူ ဆန့်ကျင်သောရဟန်းတစ်ယောက်ကိုအကြောင်း ပြု၍ "ကောနိသိန္နော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဥဒယဘဒ္ဒဇာတ်ကို ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ (ပစ္စုပ္ပန်ဝတ္ထုသည် ကုသဇာတိ၌ ထင်ရှားစွာ ဖြစ်လတ္တံ့၊)

အထူးကိုဆိုအံ့-ဘုရားသခင်သည် ထိုရဟန်းကို "သာသနာတော်၌ ပြီးငွေ့မရှင် ဆန့်ကျင်သောဟု ငါကြားတော်မူသည် မှန်သလော" ဟု မေးတော်မူ၍ "အရှင်ဘုရား-မှန်ပါ၏" ဟု နားတော်လျှောက်လတ်သော် "ရဟန်း-အဘယ့်ကြောင့် ကိုလသာ၏အစွမ်းဖြင့် ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှု ထွက်မြောက်ရာ ဝါဘုရားသာသနာတော်၌ ရဟန်းပြုလျက် ဆန့်ကျင်ဘိသနည်း၊ ဂုဏ်ပညာရှိတို့သည် ကြွယ်ဝပြည့်စုံသော တစ်ဆယ့်နှစ်ယူဇနာရှိသော သုရဋ္ဌနိုင်ငံ မုဒုပြုဘည်ရှိသော် နတ်သမီးနှင့်တူသော မိန်းမနှင့်တကွ အာနှစ်ခုနစ်ရာတို့ပတ်လုံး တစ်ခုသောတိုက်ခန်း၌ နေကုန်လတ်သော်လည်း၊ ဤနွဲ့တို့ကိုဖျက်၍ လောဘ တဏှာ၏ အစွမ်းဖြင့် မကြည့်ဘူးကုန်" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဆော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့-လွန်လေပြီးသောအခါ ကာသိတိုင်း သုရဋ္ဌနိုင်ငံ၌ ကာကဏ္ဍဇမင်းသည် မင်းပြု၏၊ ထိုမင်းအား သားသမီးတို့သည် မရှိကုန်၊ ထိုမင်းသည် မိမိ၏ မိဖုရားတို့ကို "သားဆုကို တောင်းလော့" ဟု တိုက်တွန်း၏၊ ထိုအခါ ဘုရားလေးငံးသည် ဗြဟ္မာ့ပြည်မှ စုတေ၍ မင်း၏ မိဖုရားကြီး၏ဝမ်း၌ ဖြစ်၏။ ထိုအခါ မင်းသားအား လူမျှား၏ နှလုံးကို ပွားစေ၍ ဖွားမြင်သည်၏အဖြစ်ကြောင့် "ဥဒယဘဒ္ဒ" ဟူသော အမည်ကို မှည့်ကုန်၏။

မင်းသားသည်ခြေဖြင့်သွားနိုင်သောအခါ စာစပါးသောသတ္တဝါတည် ဗြဟ္မာ့ပြည်မှစုတေ၍ ထိုမင်း၏ မိဖုရားတစ်ယောက်ဝမ်း၌ သတ္တဿမီးဖြစ်၏။ ထိုမင်းသမီးအားလည်း "ဥဒယဘဒ္ဒါ" ဟူသောအမည်ကိုမှည့်ကုန်၏၊

www.dhammadownload.com

မင်းသားသည် အရွယ်သို့ရောက်ထည်ရှိသော် အလုံးစုံဆောဇအတတ်နှင့် ပြည့်စုံခြင်းသို့ ရောက်၏။ ဖွားသည်မှစ၍ မြတ်သောအကျင့်ကိုသာကျင့်၏၊ အိပ်မက်ဖြင့်သော်လည်း မေထုန်အကျင့်ကို မသိစဘူး၊ ထိုမင်းသား၏ စိတ်သည် ကိလေသာတို့၌မကပ်ငြို၊ မင်းသည် သားတော်ကို "မင်းအဖြစ်၌ အာဘိသိက်သွန်း၍ ကချေသည်တို့ကို လုပ်ကျွေးစေအံ့" ဟု မင်းသားအထံသို့ သတင်းစကားကိုစေ၏။ ဘုရားလောင်းသည် "အကျွန်ုပ်သည် မင်းအဖြစ်ကို အလိုမရှိပါ၊ ကိလေသာတို့၌ အကျွန်ုပ်၏စိတ်သည် မကပ်ငြို" ဟု ပယ်၏။ အပန်တလဲလဲ ဆိုလတ်သော်လျှင် ဇမ္ဗူရုစ်ရွေစင်ဖြင့်ပြီးခဲသော မိန်းမရုပ်ကို ပြုလုပ်စေ၍ "ဤအရုပ်နှင့်တူဆော မိန်းမကိုရသော် မင်းအဖြစ်ကို ဝန်ခံအံ့" ဟု မယ်တော် ခမည်းတော်တို့အား စေ၏။ ထိုမိဘတို့သည် ထိုရွှေရုပ်ကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်ဖျားစေ၍ ထိုအရုပ်နှင့် တူသော မိန်းမကို မရကုန်၍ ဥဒယဘဒ္ဒါမင်းသမီးကို တန်ဆာဆင်၍ ထိုရွှေရုပ်၏ အနီး၌ ထားကုန်၏။

မင်းဖြစ်ပြီ

ထိုဥဒယဘဒ္ဒါ မင်းသမီးသည် ထိုရွှေရုပ်ကိုလွှမ်းမိုး၍ တည်၏။ ထိုအခါ၌ ထိုသူနှစ်ယောက်တို့သည် အလိုမရှိကုန်ဘဲလျှင် အဘတူ အမိခြားနှစ်မ ဖြစ်သော ဥဒယဘဒ္ဒါမင်းသမီးကို မိဖုရားကြီးပြု၍ ဘုရားလောင်းကို မင်းအဖြစ်ဖြင့် အာဘိသိက်သွန်းကုန်၏။

ရဟန်းပြုခြင်း

ထိုနှစ်ယောက်သော သူတို့သည်လည်း မြတ်သောအကျင့်ဖြင့် နေခြင်းကိုသာလျှင် နေကုန်၏။ နောက်အဖို၌ မိဘတို့၏ သေလွန်သဖြင့် ဘုရားလောင်းသည် မင်းပြု၏၊

ကတိကဝတ်

နှစ်ယောက်သော မင်းမိဖုရားတို့သည် တစ်ခုသောတိုက်ခန်း၌ နေကုန်သော်လည်း တဏှာ၏အစွမ်းဖြင့် ဣန္ဒြေတို့ကိုဖျက်၍ အချင်းချင်း မကြည့်တူးကုန်။ စင်စစ်သော်ကား ငါတို့နှစ်ယောက်တို့တွင် အကြင်သူသည် ရှေး

www.dhammadownload.com

ဦးစွာသေအံ့၊ ဆိုသူသည် ဖြစ်ရာအနပ်မှလေ့၍ ကျွမ်းသောအရပ်၌ ဖြစ်သည်ဟု ကြားလေ့'' ဟု ကတိကဝတ်ကိုပြုကုန်၏။

သိကြားမင်းဖြစ်ပြီ

ထိုအခါ ဘုရားလောင်းသည် အဘိသိက်ခံသည်မှ အနှစ်ခုနှစ်ရာလွန်သဖြင့် သေခဲ့၏။ တစ်ပါးသောမင်းသည် မဖြစ်။ ဥဒယဘဒ္ဒါမင်းသမီး၏ အာဏာဖြင့်သာ အမတ်တို့သည် တိုင်းပြည်ကို အုပ်မကုန်၏။ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏အဖြစ်သို့ရောက်၍ စည်းစိမ်အခြံအရံများသည်၏ အဖြစ်ကြောင့် ခုနှစ်ရက်ပတ်လုံး အောက်မေ့ခြင်းငှာ မတတ်နိုင်။ ထိုဘုရားလောင်းသည် လူတို့၏ အသက်အရွယ်အနှစ်ခုနှစ်ရာလွန်သဖြင့် ဆင်ခြင်၍ ဥဒယဘဒ္ဒါမင်းသမီးကို ဥစ္စာဖြင့် ဖြားယောင်း စုံစမ်း၍ ''မြတ်သောအသံကိုးဆိုစေ၍ တရားဟော၍ အတိကဝတ်ကိုလွတ်စေ၍ ပြန်အံ့'' ဟု ကြံ၏။ ထိုအခါဝယ် လူတို့အား အနှစ်တစ်သောင်း အသက်ရှည်သောအခါ ဖြစ်သဘတ်။ မင်းသမီးလည်း ထိုနည်းအဖို့၌ ပိတ်ကုန်သော မြတ်သော ပြာသာဒ်အထက်၌ တန်ဆာဆင်သော ကျက်သရေရှိသော တိုက်ခန်းဝယ် တစ်ယောက်အထီးတည်းလျှင် မတုန်မလှုပ် မိမိ၏သီလကို ဆင်ခြင်လျက်နေ၏။

မိဖုရားကိုစမ်းကြည့်ပုံ

ထိုအခါ၌ သိကြားမင်းသည် ရှေးပဲရပ်ဖြင့်ပြည့်စုံသော ရွှေခွက်တစ်လုံးကို ယူ၍လာပြီးလျှင် အိပ်ရာတိုက်ခန်း၌ ထင်ရှားဖြစ်၍ တင့်အပ်သောအရပ်၌ ရပ်လျက် ထိုမင်းသမီးနှင့် အတူတကွ စကားပြောဟောလိုရကား၊

၃၇။ ကော နိသိန္နော သုစိ သညတ္တရူ၊
ပါသာဒ မာရုယှ အနိန္ဒိတာ။
ယာစာမိ တံ ကိန္နုရနေတ္တစက္ခု၊
လူခေကရတ္တိံ ဥဘယာ ဝသေမ။

ဟူသော ရွှေးဦးစွာသော ဂါထာကိုဆို၏။

ချစ်ပါရစေ

၃၇။ သုစိ၊ စင်ကြယ်သော အဝတ်ကိုလည်း ဝတ်ဆင်သော၊ သညတ္တရူ၊ သိမ်းဆည်း၍ ထားအပ်သော ပေါင်ခိုသော၊ အနိန္ဒိတာ၊ ကဲ့ရဲ့

www.dhammadownload.com

အပ်သော ကိုယ်ရှိသော။ ကိန္နရနေတ္တစက္ခု၊ ကိန္နရိနှင့်တူသော် မျက်စိရှိသော။ ထူဇ ဓိတာ၊ မင်းသမီး။ ပါဿာဒံ၊ ပြာသာဒ်ထက်သို့။ အာရှယ္ယ၊ တက်၍။ ဧကော၊ ထစ်ယောက်ထီးတည်း။ နိသိန္နော၊ နေ၏။ တံ၊ သင့်ကို။ ယာစမိ၊ ငါခွင့်တောင်း၏။ ကြမ်းကေရတ္တိ၊ ကျိတစ်ညဉ့်ကို။ ဥဘယ၊ နှစ်ယောက်ကုန်သော ငါတို့သည်။ ဝသေမ၊ အတူတကွနေလိုပါကုန်၏။

ဘယ်လိုလာသလဲ

ထိုနောင်မှ မင်းသမီးသည်-

၃၈။ ဩကိဏ္ဏန္တရ ပရိက္ခံ၊ ဒဠ္ဆမဉ္စာလ ကေဒ္ဒကံ။
ရက္ခိတံ ခဂ္ဂဟတ္ထေဟိ၊ ဒုပ္ပဝေသ မိဒံ ပုရံ။
၃၉။ ဒဟရသ္သ ယုဓိနော စာပိ၊ အာဂမော စ နတ္ထိတို့။
အထ တောန ဒု ဝဏ္ဏေန၊ သင်္ကမံ ကွစ္ဆသေ မယာ-

ဟူသော နှစ်ခုသော ဂျိုဂါထာတို့ကို ဆို၏။

၃၈။ ကွဒံပုရံ၊ ဤသုသုရန္ခနပြည်သည်။ ဩကိဏ္ဏန္တရပရိက္ခံ၊ ကျုံးသုံးတန်ခြုံရံ၏။ ဒဠ္ဆမဉ္စာလကောဋ္ဌကံ၊ မြဲမြံသော ပြအိုး ပစ္စင် တံခါးမုခ်နှင့်လည်း ပြည့်စုံ၏။ ခဂ္ဂဟတ္ထေဟိ၊ သန်လျက်လက်စွဲကုန်သော သူတို့လည်း ရက္ခိတံ၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ ဒုပ္ပဝေသံ၊ ဝင်နိုင်ခဲ၏။

၃၉။ ဒဟရသ္သ ဝါ၊ ထူဇယ်၏လည်းကောင်း။ ယုဓိနော၊ စာပိ၊ ထူရဲသူခက်၏လည်းကောင်း။ အာဂမော၊ လာခြင်း မည်သည်လည်း။ နတ္ထိတို့၊ မရှိစဘူး။ အထ၊ ထိုသို့ မရှိစဘူးလျက်။ ကေန ဝဏ္ဏေန၊ အဘံယ် အကြောင်းကြောင့်။ မယာ၊ ငါနှင့်။ သင်္ကမံ၊ အုံးအိပ်ရာယှဉ်တွဲ၍ မတ္တာရစ်ခွေ ကြာနှင့်ရေကဲ့သို့ အဆင်ပွန်းဖွဲ့၍ နေခြင်းကို၊ ကွစ္ဆသေ နု၊ အလို ရှိသနည်း။

ငါနတ်သား ဖြစ်တယ်

ထိုအခါ သိကြားမင်းသည်-

၄၀။ ယဒကွာ ဟ သို့ ကလျာဏိ၊ အာဂတော သို့ တဝန္တိကေ။
တွံ မံ နန္ဒသု ဘဒ္ဒန္တေ၊ ပုဏ္ဏကံသံ ဒဒါမိ တေ-

ဟူသော လေးခုမြောက်သော ဂျိုဂါထာကို ဆို၏။

www.dhammadownload.com

၄၀။ ကလျာဏိ၊ ထောင်းစသော အဆင်းနှင့် ပြည့်စုံသော ဝတ်းသမီး၊ အတံ၊ ငါထွား။ ယဇကွာ၊ နတ်သားဆည်။ အသို့၊ ဖြစ်၏။ တဝန္တိကေ၊ ထင်၏ဆိုထံသို့။ အာဂတော၊ တန်ခိုးဖြင့်လာသည်၊ ဆိုသို့၊ ဖြစ်၏။ တေ၊ သင်အား။ ဘဒ္ဒံ၊ တောင်းခြင်းသည်၊ ဆိုတို့၊ ဖြစ်စေဆုတည်း။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ နန္နသု၊ ကြိုက်နှစ်သက်လော့။ ဧဝံ၊ ဤသို့ကြိုက်နှစ်သက်သည်ရှိစေထိ။ ပုဏ္ဏကံသံ၊ ပဲရုပ်ဖြင့် ပြည့်သော ဤရွှေခွက်ကို။ တေ၊ သင်နှစ်အား။ ဒဒါမိ၊ ငါပေး၏။

ကန်တော့ဆုမ်းပါ

ထိုစကားကိုကြား၍ မင်းသမီးဆည်-

၅၁။ ဧဝံ ဝါ ယက္ခံ ဆထဝါ ဓနုသံ၊
နံ ပတ္ထယေ ဥဒယ မတီစ္ဆ ဆည်၊
ဂန္ဓဗ္ဗဝ တုံ ယက္ခ ဓဇာနုဘာဝဝ၊
မာ စသု ဂန္ဆ ပုနထုဝဇီတ္ထံ-

ဟူ၍သော ငါးခုမြောက်ထောသ ဤဂါထာကို ဆို၏။

၄၁။ မဟုဓနုဘဓဝ၊ ကြီးစသော တန်ခိုးရှိသော။ ယက္ခ၊ နတ်ဓင်း။ ဆဟံ၊ ငါသည်။ ဒေဂံ ဝါ၊ နတိကိုလည်းကောင်း။ ယက္ခံ ဝါ၊ ဘီလူးကိုလည်းကောင်း။ အထ၊ ထို့မှတစ်ပါး။ မနုဿံ ဝါ၊ လူကိုလည်းကောင်း၊ ဥဒယ်၊ ဥဒယမင်းကို၊ အတိစ္ဆ၊ လွန်၍၊ ဆည်၊ ဥဒယ ဓင်းသားမှ တစ်ပါးသော သူကို။ နံ ပတ္ထဓယ- နံ ပတ္ထေမိ၊ ငါမတောင့်တ။ တုံ၊ သင်သည်။ ဂန္ဓဗ္ဗဝ-ဂန္ဓဗေဝ၊ မြန်စွာသော သွားလေလော။ ဂန္ဆ၊ သွားပြီး၍။ ပုနံ၊ တစ်ဖန်။ ဆာဝံဇီတ္ထ၊ လာပြန်ခြင်းသည်၊ မာ စ အာသု၊ မဖြစ်ပါစေလင့်။

ထိုဂါထာ၏ အဓိပ္ပာယ်ကဲ့သား- "နတ်ဓင်း....ငါသည် နတ်ကိုလည်းကောင်း, ဘီလူးကိုလည်းကောင်း, ဥဒယမင်းသားကို လွန်၍ စာစ်ပါးသော သူကို မတောင့်တ၊ သင်သည်သာ သွားပါ၊ ဤအရပ်၌ မရပ်ပါစင့်၊ ငါ့ဖို့ဆောင်ခဲ့သော ပဏ္ဏာလက်ဆောင်ကို ငါအလိုမရှိ၊ သွားပြီး၍ တစ်ဖန် ဤအရပ်သို့ ပြန်မလာပါလင့်" ဟု ဆိုလိုသည်။

သိကြားမင်းထည် ထိုမင်းသမီး၏ စကားသံကို ကြားရ၍ မရပ်မူ၍ သွားသကဲ့သို့ ထိုအရပ်၌ပင်လျှင် ကွယ်လေ၏။

www.dhammadownload.com

ဒုတိယနေ့လူပျိုစကားပြော

နက်ဖြန်နေ့၌ ထိုညဉ့်အခါ၌လျင် ရှေပဲရွပ်ဖြင့်ပြည့်သော ငွေခွက်ကိုယူ၍ ထိုမင်းသမီးနှင့်တကွ စကားပြောလိုလျှင်-

၄၂။ ယာ ရတိ ဥတ္တမာ ကာမဘောဂိနံ၊
ယံ ဟေတု သတ္တာ စိဆမံ စရန္တိ။
မာ တံရတိံ ဇီယိ တုဝံ သုစိမ္ဟိတေ၊
ဒဒါမိ တေ ရွှပိယကံသပူရံ-

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၂။ ဘဒ္ဒေ၊ နှုမ။ ကဒေဘောဂိနံ၊ ကာမစည်းစိမ်ကို ခံစားကုန်သော သူတို့ဆား။ ယာ ရတိ၊ အကြင် မေထုန်ကာမဋ္ဌ မွေ့လျော်ခြင်းသည်၊ ဥတ္တမံ၊ မြတ်၏။ ယံ ဟေတု၊ အကြင်မေထုန်ကာမဋ္ဌ မွေ့လျော်လိုဆေးကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ စိသမံ၊ ကွာယဒုစရိုက် အစရှိသော မဒကာင်းမှုကို၊ စရန္တိ၊ ကျင့်ကုန်၏၊ သုစိမ္ဟိ၊ နှစ်သက်ဖွယ် ပြုံး ရယ်တတ်သော မင်းသမီး။ တုဝံ၊ သင်သည်၊ တံရတိံ၊ ထိုမေထုန်ကာမဋ္ဌ မွေ့လျော်ခြင်းကို။ မာဇီယိ၊ မပျက်စေလင့်။ ရွှပိယကံသပူရံ၊ ရွှေပဲရွပ်ဖြင့်ပြည့်သော ငွေခွက်ကို၊ တေ၊ သင့်အား။ ဒဒါမိ၊ ငါပေး၏။

ထိုဂါထာ၏ အဓိပ္ပာယ်ဆား- "မင်းသမီးဖြစ်သော နှုမ....အာမစည်းစိမ်ကို ခံစားသော သူတို့အား။ မွေ့လျော်ခြင်းတို့တွင် အကြင်မေထုန်ကာမဋ္ဌ မွေ့လျော်ခြင်းသည် လွန်သော် မွေ့လျော်ခြင်းမည်၏၊ အကြင် ကာမဋ္ဌ မွေ့လျော်ခြင်းဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် ကာယဒုစရိုက် အစရှိသော မဒကာင်းမှုကို ကျင့်ကုန်၏၊ နှစ်သက်ဖွယ် ပြုံး ရယ်တတ်သော နှုမ....ထိုမွေ့လျော်ခြင်းကို မပျက်စေလင့်၊ ငါသည်လည်း၊ လာသည်ရှိသော် လက်ချည်းဆက်သက် မလာ၊ ယမန်နေ့ ရွှေပဲခွပ်နှင့်ပြည့်သော ရွှေခွက်ကို ယူဆောင်ခဲ့၏၊ ယနေ့ ရွှေပဲရွပ်နှင့်ပြည့်သော ငွေခွက်ကို ဆောင်လာ၏၊ ငါသည် ရွှေပဲရွပ်နှင့်ပြည့်သော ဤငွေခွက်ကို သင့်အား ပေး၏"ဟု ဆိုလိုသည်။

တတိယနေ့ လာပြောသော်

မင်းသမီးသည် ကြံ၏၊ "ဤသူသည် စကားပြောဟာခြင်းကို ရသည်ရှိသော် အဖန်ဖန် လာလတ္တံ့၊ ထို့ကြောင့် ယခုအခါ၌ ထိုသူနှင့် စကား

www.dhammadownload.com

မဒပြောအံ့''ဟု ကြံ၍ ထိုမင်းသမီးသည် တစ်ခွန်းသော စကားကိုမျှ မပြော ထုတ်ဆော်သိကြားမင်းသည် ထိုမင်းသမီး၏ စကားမပြောသော အဖြစ်ကို သိ၍ ထိုအရပ်၌ပင်လျှင် ကွယ်၍ တစ်နေ့သ၌ ထိုညဉ့်အခါဝယ် အသပြာဖြင့် ပြည့်သော ကြေးခွက်ကို ယူ၍ ''နှမ...ငါ့ကို တာမ၌ မွေ့လျော်ခြင်းဖြင့် ရောင့်ရဲစံပယ်စေလော့၊ သင့်အား အသပြာဖြင့်ပြည့်သော ဤကြေးခွက်ကို ပေးအံ့''ဟု ဆို၏။

လက်ဆောင်က နည်းနည်းလာသ့ကိုး

ထိုသိကြားမင်းကိုမြင်၍ မင်းသမီးသည်-

၄၃။ နာရီ နရော နိဗ္ဗာပယံ ဓံဒနှန့၊
ဥက္ကံသတိ ယတ္ထ ကရောတိ ဆန္ဒံ။
ဝိပစ္စနိကော တဝ ဒေဝဓံမွော၊
ပစ္စက္ခတော တေဓကာတရေန ဇေသိ-

ဟူဆော ခုနစ်ခုမြောက်သော ဂျဂါထာကို ဆို၏။

၄၃။ ဘော ပုရိသ၊ အိုယောကျ်ား။ နရော၊ ယောကျ်ားသည်။ နာရိံ၊ မိန်းမကို။ ဓနေန၊ ဥစ္စာဖြင့်။ နိဗ္ဗာပယံ-နိဗ္ဗာပယန္တော၊ သိစေသည်ရှိသော်။ ယတ္ထ၊ အကြင်မိန်းမ၌။ ဆန္ဒံ၊ အလိုကို။ ကရောတိ၊ ပြုအံ့။ တံ၊ ထိုမိန်းမကို။ ဥက္ကံသတိ၊ ချီးမွမ်း၏။ တဝ၊ သင်၏။ ဒေဝဓမ္မော၊ နတ်၏သဘောသည်။ ဝိပစ္စနိကော၊ ဆန့်ကျင်၏။ ပစ္စက္ခတော၁၊ မျက်မှောက်လျှင်။ ထော်ကဟရေန၊ အလွန်နည်းသော ဥစ္စာဖြင့်။ ဇေသိ။ လာ၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား- ''အို ယောကျ်ား....သင်သည် အလွန်မိုက်စွ၊ ထိုစကားသည် မှန်၏၊ ယောကျ်ားမည်သည်ကား မိန်းမကို ကိလေသာဖြင့် မွေ့လျော်ခြင်းကို ခံစားလိုသောကြောင့် ဥစ္စာလက်ဆောင်ဖြင့် စုံစမ်းဆင်ခြင်၍ သိစေသည်ရှိသော် အကြင်မိန်းမ၌ အလိုကို ပြု၏၊ ထိုမိန်းမအား ချီးမွမ်းဆောမနာ၍ မျှားသည်ထက် မျှားသော ဥစ္စာဖြင့် ဖြားယောင်းလှည့်ပတ် သွေးခေါ်၏၊ သင်နတ်၏ အကျင့်သဘောသည် ဆန့်ကျင်၏၊ သင်သည် ယမန်နေ့တ၁၂အား မျက်မှောက်လျှင် အလွန်နည်းသော ဥစ္စာဖြင့် လာ၏၊ ဂျူးဦးစွာသော နွဲ့၌ ရွှေဖြင့်ပြည့်သော ရွှေ

www.dhammadownload.com

ခွက်ကို ဆေးခြင်ယူလာ၏၊ နှစ်ရက်မြောက်သောနေ့၌ ရွှေဖြင့် ပြည့်သော ငွေခွက်ကို ဆောင်ယူခဲ့၏၊ သုံးရက်မြောက်သောနေ့၌ အသပြာဖြင့် ပြည့်သော ကြွေးခွက်ကို ဆောင်ယူ၏''ဟု ဆိုလိုသည်။

သင့်ရုပ်လွှာက အိုအိုလာ

ထိုစကားကိုကြား၍ သိကြွဲးမင်းသည် ''နှမ မင်းသမီး...ငါသည် လိမ္မာသော ကုန်သည်နှင့် တူ၏၊ အကျိုးစီးပွား မရှိသည်၌ ဥစ္စာကို မဆုတ် မယုတ်စေ၊ အကယ်၍ သင်သည် အသက်ဖြင့်လည်းတောင်း, အဆင်းဖြင့် လည်းကောင်း တိုးပွားသည် ဖြစ်အံ့၊ ငါသည် သင့်အား ပဏ္ဏာလက် ဆောင်ကို တိုးပွား၍ ဆောင်ရာ၏၊ သင်သည် ဇာစ်နွေတစ်ပါး အသက် ရှည်ခြင်း, အဆင်းလှခြင်းဖြင့် ဆုတ်ယုတ်သည်သာတည်း၊ ထို့ကြောင့် ငါ သည် ဥစ္စာလက်ဆောင်ကို ဆုတ်ယုတ်စေ၏''ဟု ဆိုလိုရကား-

၄၄။ အာယု စ ဝဏ္ဏော စ မနုဿလောကော၊
နိဟီယတိ မနုဇာနံ သုဂတော်။
တေနေဝ ဝဏ္ဏေန ဓနမ္ပိ တုယှံ၊
နိဟီယတိ ဇိဏ္ဏတရာသိ အဇ္ဇ။

၄၅။ ဧဝံ မေ ပေက္ခမာနဿ၊ ရာဇပုတ္တိ ယဿသိနိ။
ဟာယတေဝ တဝ ဝဏ္ဏော၊ အဟောရတ္တာန မစ္စယေ။

၄၆။ ဣမိနာဝ တွံ ဝယသာ၊ ရာဇပုတ္တိ သုဒုမ္မဒေ။
ဗြဟ္မစရိယံ စရေယျာသိ၊ ဘိယ္ယော ဝဏ္ဏဝတီ သိယာ-

ဟူသော ဤသုံးဂါထခတို့ကို ဆို၏။

၄၄။ သုဂတော်၊ ကောင်းသော ကိုယ်ရှိသော မင်းသမီး။ မနုဿ လောကော၊ လူ့ပြည်၌။ မနုဇာနံ၊ လူတို့အား။ အာယု စ၊ အသက်သည် လည်းကောင်း။ ဝဏ္ဏော စ၊ အဆင်းသည် လည်းကောင်း။ နိဟီယတိ၊ စုတ်နွေတစ်ပါး၊ တစ်လတခြား၊ ဆုတ်ယုတ်၏။ တေနေဝ ဝဏ္ဏေန၊ ထို့သို့ အသက် အဆင်း ဆုတ်ယုတ်သော အကြောင်းကြောင့် သာလျှင်၊ တုယှံ၊ သင့်အား။ ဓနမ္ပိ၊ ဥစ္စာကိုလည်း။ နိဟီယတိ၊ ဆုတ်ယုတ်စေ၏၊ အဇ္ဇ၊ ဇိဏ္ဏတရာ၊ အလွန်အိုသည်၊ အသိ၊ ဖြစ်ပြီ။

www.dhammadownload.com

၄၅။ ယသဿိနီ၊ မျှားဆောအခြံဆရုံရှိသော။ ထုဇပုတ္တိ၊ မင်းသမီး။ ဧဝံ၊ ဤသို့၊ ဒေမ ပေကွမာနသော၀၊ ငါမြင်စဉ်ပင်လျှင်၊ တ၀၊ သင်၏၊ ၀ဏ္ဏော၊ အဆင်းသည်။ ဟာယတေ၀၊ ယုတ်သည်သာတည်း။ အာဟာရတ္တာနံ၊ နေ့ ညဉ့်တို့၏။ အစ္ဆယော၊ လွန်သည်ရှိသော်။ အပဏ္ဏတ္တိကဘာဒ၀ ဓေ၀၊ ပညတ်စရာ အကောင်ဆထည်မရှိသည် အဖြစ်သို့သာလျှင်။ဂမိဿတိ၊ ထောက်လတ္တံ့။

၄၆။ သုမေဓသော၊ ကောင်းသော ပညာရှိသော။ ထုဇပုတ္တိ၊ မင်းသမီး။ တုံ၊ သင်သည်။ ဣမိနာ ၀ယသာ ဇော၊ ဤအရွယ်ဖြင့်လျှင်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို၊ စရေယျာသိ၊ ကျင့်လော့။ ဘိယ္ယော၊ လွန်စွာ။ ၀ဏ္ဏ၀တီ၊ အဆင်းနှင့်လည်းပြည့်စုံသည်။ သိယာ၊ ဖြစ်ထိုက်၏၊

နှတ်တွေကောမအိုပြီကော

ထို့နောင်မှ ခင်းဆမီးထည် ဤမှတစ်ပါးသော·

၄၇။ ဓဒ၀ါ နဇိရန္တိ ယထာ ဓနုံသာ၊
ဂတ္တေသု တေသံ ၀လိဓယစ နု ဟောန္တိ၊
ပုစ္ဆာမိ တံ ယက္ခ မဟာနုဘာဝ၊
ကထံ နု ဒေ၀ါနံ သရီရဒေဟော·

ဟူသော ဤဂါထာကို ဆို၏။

၄၇။ ဓဟာနုဘာဝ၊ ကြီးသောတန်ခိုးရှိသော။ ယက္ခ၊ နတ်မင်း။ မနုဿာ၊ လူတို့သည်။ ဇိရန္တိယထာ၊ အိုကုန်သကဲ့သို့။ တတာ၊ ထို့အတူ။ ဒေ၀ါ၊ နတ်တို့သည်။ နု ဇိရန္တိ၊ မအိုကုန်သလော။ တေသုံ၊ ထိုနတ်တို့၏၊ ဂတ္တေသု၊ ကိုယ်တို့၌။ ၀လိယော၊ အရေတွန့်လိပ်ခြင်းတို့သည်။ နု ဟောန္တိ၊ မဖြစ်ကုန်ဘဲလော။ ဒေ၀ါနံ၊ နတ်တို့၏။ သရီရဒေဟော၊ ခန္ဓာကိုယ်ဘဏ်၊ ကထံ နု၊ အဘယ်ကြောင့်လျှင်၊ နု ဇိရတိ၊ မအိုဘဲနည်း။ တံ၊ ထင်နတ်ခင်းကို။ ပုစ္ဆာမိ၊ ငါမေး၏၊

နှတ်တွေမအိုပါ

ထို့အနေ့ မင်းသမီးအား ပြောလို၍ သိကြားသည် ဤမှ တစ်ပါး အခြားမဲ့သော·

www.dhammadownload.com

၄၀။ ဒေဝါ နု ဇီဝန္တိ ယထာ မနုဿာ၊
ဂတ္တေသု တေသံ ဝလိယော နု ဟောန္တိ။
သုဝေသုဝေ ဘိယျုတရော စ တေသံ၊
ဒိဗ္ဗော စ ဝဏ္ဏော ဝိပုလာ စ ဘောဂါ-
ဟူသော ဤဂါထာကို ဆို၏။

၄၀။ မနုဿာ၊ လူတို့သည်။ ဇီဝန္တိ ယထာ၊ အိုကုန်သကဲ့တို့။ဒေဝါ၊ နတ်တို့သည်။ နု ဇီဝန္တိ၊ မအိုနိုင်ကုန်။ တေသံ၊ ထိုနတ်တို့၏။ ဂတ္တေသု၊ ကိုယ်တို့၌။ ဝလိယော၊ အရေတွန့်လိပ်ခြင်းတို့သည်။ နု ဟောန္တိ၊ မဖြစ်နိုင်ကုန်။ တေသံ၊ ထိုနတ်တို့ဟာ။ သုဝေ သုဝေ၊ နေ့တိုင်း ည့နေ့တိုင်း၊ ဘိယျုတရော၊ လွန်သော၊ ဒိဗ္ဗော၊ နတ်၌ဖြစ်သော။ ဝဏ္ဏော စ၊ အဆင်းသည်အည်းကောင်း၊ ဝိပုလာ၊ များစွာပြန့်ပြောကုန်သော။ ဘောဂါ စ၊ စည်းစိမ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

နတ်ပြည်ရောက်ချင်တယ်

ထိုမင်းသမီးသည် နတ်ပြည်၏ ဂုဏ်ကျေးဇူးကိုကြား၍ ထိုနတ်ပြည်သို့သွားထု သွားခြင်းခရီးကို မေးမြန်းလိုရကား-

၄၉။ ကိံ သူဓ ဘီတာ ဇနတာ ဆနေကာ၊
မဂ္ဂါစ နေကာယတနံ ပဝေတ္တာ။
ပုစ္ဆာမိ တံ ယက္ခ မဟာနုဘာဝ၊
ကထ္ထ ဌိးတာ ပရလောကံ နု ဘာယေ-
ဟူသော ဤမှတစ်ပါး အခြားမဲ့သော ဤဂါထာကိုဆို၏။

၄၉။ မဟာနုဘာဝ၊ ကြီးသောတန်ခိုးရှိသော။ ယက္ခ၊ နတ်မင်း။ ဣဓ၊ ဤလူ့ရွာ၌။ ဆနေကာ၊ များစွာသော။ ဇနတာ၊ လူအပေါင်းသည်။ ကိံ သု၊ အဘယ်ကို၊ ဘီတာ၊ ကြောက်၍။ ဒေဝလောကံ၊ နတ်ပြည်ဘို့။ နု ဂစ္ဆတိ၊ မသွားရသနည်း။ အနေကာယတနံ၊ များသောတည်ထူရှိသော။ ပဝေတ္တာ၊ ပညာရှိတို့သည်ဟောဆိုပ်သော။ မဂ္ဂါ၊ နတ်ရွာခရီးသည်၊ ဧကာ၊ အဘယ်နည်း။ တံ၊ သင်နတ်မင်းကို၊ ပုစ္ဆာမိ၊ ငါမေးပါ၏။ ကထ္ထ၊ ဆဘယ်ခရီး၌၊ ဌိတာ၊ တည်သော သူသည်လျှင်၊ ပရလောကံ၊ တမလွန်လောကကို။ နု ဘာယေ၊ မကြောက်သနည်း။

www.dhammadownload.com

နတ်ရွာလမ်းပြတရား

ထိုဆာခါ၌ ထိုမင်းသမီးအား ပြောကြားလိုသော သိကြားမင်းသည်-

၅၀။ ဝါစံ မနုဉ္ဉ ပဏိဓေယျ သမ္မဒ၊
ကာယေန ပါပါနိ ဆာကုပ္ပမာဒနော။
ဗဟုန္ဒ ပါနံ ဃရ မာဝသာန္တော၊
သန္ဒိဒ္ဓါမုဒ္ဒူ သံဝိဘာဂိ ဝဒညူ။
သင်္ဂါဟကော သခိလေဒ သက္ခဝါစော၊
တွော် ဌိတော ပရလေးကံ နု ဘာယေ-
ဟူသော တစ်ပါးသော ဤဂါထာကိုဆို၏။

၅၀။ ဘဗ္ဒ၊ နုမ၊ ဝါစံ၊ နုတ်ကိုလည်းခတောင်း။ မနုဉ္ဉ၊ နှလုံးကို လည်းကောင်း။ သမ္မာ၊ ကေခင်းစွာ။ ပဏိဓာယ၊ ဆောက်တည်၍။ ကာယေန၊ ကိုယ်ဖြင့်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ဆာကုပ္ပမာနော၊ မပြုသည်ဖြစ်၍။ ဃရံ၊ အိမ်၌။ ဆာဝသန္တော၊ နေသည်ရှိသော်။ ဗဟုံ၊ များစွာသော။ အန္နပါနံ။ ထမင်းအဖျော်ကို။ ဒတွာ၊ လှူ၍။ သန္ဒိဒ္ဓါ၊ သန္ဒိဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍။ မုဒ္ဒူ၊ နူးညံ့သောစိတ် ရှိသည်ဖြစ်၍ သံဝိဘာဂိ၊ ဆလှူအဖို့ကို ခွဲဝေလျက်။ ဝဒညူ၊ ဆုံးမခြင်းကို သိသည်ဖြစ်၍။ သင်္ဂါဟကော၊ သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့် သင်္ဂြိုဟ်သည်ဖြစ်၍။ သခိလော၊ ချစ်ဖွယ်သောစကားကို ဆိုသည်ဖြစ်၍။ သက္ခဝါစော၊ ပြေပြစ်သောစကား ရှိသည်ဖြစ်၍။ တွော်၊ ဤဂုဏ်ကျေးဇူးအနေပါင်း၌။ ဌိတော၊ တည်သောသူသည်။ ပရလောကံ၊ တမလွန်လောကကို။ နု ဘာယေ၊ မစဉ်းစားကြောက်။

ထိုဂါထာ၏ အဓိပ္ပာယ်ကား "ဥဒယဘဒ္ဒါ ဆာမည်ရှိသောနှမ-နုတ်နှလုံးကို ကောင်းစွာထား၍ ကိုယ်ဖြင့် မကောင်းမှုကို မပြုသည်ဖြစ်၍ ဤဆယ်ပါးသော ကုသိုလ် ဓာမ္မပထတို့ကို ဆောက်တည်လျက် ကျင့်၍ များစွာကုန်သော ထမင်းဆာဖျော် လှူဖွယ်ဝတ္ထုတို့ကို အိမ်၌နေလျက် ဆလှူ၏ ဆာကျိုးသည် ရှိ၏ဟု သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ နူးညံ့သောစိတ် ရှိသည်ဖြစ်၍ ဆလှူဆာဖို့တို့ကို ဝေဖန်သည်၏ဆာဖြစ်ဖြင့် ရဟန်းတို့သည် ဆွမ်းဆာလှီဒုာ ကြွလာကုန်သည်ရှိသော် ကျင့်သည်မည်ကုန်၏၊ ပစ္စည်းဓလေး

www.dhammadownload.com

ပါးတို့ကို လှူသဖြင့် ထိုရဟန်းတို့၏ အဆုံးအဓကို သိသောကြောင့် ပစ္စည်းလှူခြင်း ဆုံးမခြင်းကိုယူသဖြင့် သိသည် သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ထင်ိုဟ်ဒေသက်ပုံသည်ဖြစ်၍ ချစ်ဖွယ်ဆိုသည်၏အဖြစ်ဖြင့် ပြေပြစ်သောစကား ရှိသည်၏အဖြစ်ဖြင့် ဖြစ်၍၊ ဤကုဏ်ခကျေးဇူးဥာဉ်တည်သော သူသည် တမလွန်သို့သွား သည်ရှိသော် မကြောက်''ဟု ဆိုလိုသည်။

သင်ဘယိသူလဲ

ထို နောင် ငင်းသမီးသည် ထိုသိကြားမင်း၏စကားကို ကြား၍ ချီးမွမ်းခြင်းကို ပြုလိုရကား-

၅၁။ အနုသာသသိ မံ ယက္ခ၊ ယထာ မာတာ ယထာ ပိတာ။
ဥဋ္ဌာရဝဏ္ဏော ပုစ္ဆာမိ၊ ကော နု တုမှသိ သုဇြဟာ-

ဟူသော ဤမှတစ်ပါး အခြားမဲ့သော ဤဂါထာကို ဆို၏။

၅၁။ သုဇြဟာ၊ အလွန်မြတ်သော ကိုယ်ရှိသော။ ယက္ခ၊နတ်မင်း။ မာတာ ယထာ၊ အမိကဲ့သို့။ ပိတာ ယထာ၊ အဘကဲ့ကို၊ မံ၊ အကျွန်ုပ်ကို။ အနုသာသသိ၊ ဆုံးမပေ၏။ ဥဋ္ဌာရဝဏ္ဏော၊ တင့်တယ်သော အဆင်းရှိသော။ တံ၊ သင်နတ်မင်းကို။ ပုစ္ဆာမိ၊ မေးပါ၏။ တုမှ၊ သင်နတ်မင်းသည်။ ကော၊ အဘယ်သူသည်။ အသိ နု၊ ဖြစ်သနည်း။

ထိုဂါထာ၏ အဓိပ္ပာယ်ကား ''အမိအဘတို့သည် သားသမီးတို့ကို ဆုံးမကုန်သကဲ့သို့ ထို့အတူ အကျွန်ုပ်ကို ဆုံးမပေ၏၊ အလွန်မြတ်သော ကိုယ်ရှိသော တင့်တယ်သော ကိုယ်ရှိသောနတ်မင်းသည် အဘယ်သူနည်း'' ဟု ဆိုလိုသည်။

ဂါဥဒယမင်းတည်း

ထို့နောင်မူ ဘုရားလောင်းသည်-

၅၂။ ဥဒယော ဟ မသ္မိ, ကလျာဏိ၊ သင်္ဂရတ္တာ ဣဓာဂတော၊
အာမန္တ ခေါတံ ဂစ္ဆာမိ၊ မုတ္တောသ္မိ တဝ သင်္ဂဟာ-

ဟူသော ဤမှတစ်ပါး အခြားမရှိသော ဤဂါထာကို ဆို၏၊

၅၂။ ကလျာဏိ၊ ကောင်းသောအပြင်ရှိသော မင်းသမီး။ အဟံ၊ ငါကား။ ဥဒယော၊ လူ၏အဖြစ်တွင် သင်၏ချစ်လင်ခင်ပွန်း ဥဒယမင်းသား၊

www.dhammadownload.com

သည်း ဆာသို့၊ ဖြစ်၏။ သင်္ဂရတ္တာ၊ ရွှေဥ္ဒ် ကတိတဝတ်ကြောင့်။ ဣဓ၊ဤ သင်၏အထဲသို့။ ဆာဂတော၊ လာခဲ့၏။ တံ၊ သင်နှမခွေစ်ကို။ ဆာမန္တာ၊ တိုင်ပင်၍။ ဂစ္ဆာမိ၊ သွားအံ့။ တဝ၊ ဃင်၏၊ သင်္ဂရ၊ ရွှေဥ္ဒ်ပြုသော ဆတိကဝတ်မှု။ မုဒတ္တာ၊ လွတ်သည်။ ဆာသို့၊ ဖြစ်၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား "ကောင်းသော ဆပြင်ဆလျာရှိသော မင်းသမီး_ငါကား ရွှေးဘဝဥ္ဒ် သင်၏ခွေစ်လင် ခင်ပွန်းဖြစ်သော ဥဒယမင်းသားတည်း၊ တာဝတိံသာနတ်ပြည်ဥ္ဒ် သိကြားမင်းဖြစ်၏၊ ဤဆရပ်သို့ လာသည်မှာလည်း သင်နှမကို ကိလေသာဖြင့် ခွေစ်ခင်လေးမြတဲ့ နှစ်သက်ဆပ်သည်ဖြစ်၍ မလာ၊ သင်နှမကို စုံစမ်းပြီး၍ ဆတိကဝတ်ကို ဖြေအံ့သောဆကျိုးငှာ ရွှေးဘဝဥ္ဒ် ကတိကဝတ် သစ္စာရှိဖူးသည်၏ဆဖြစ်ကြောင့်လော၏၊ ယခု သင်နှမကိုခေါ်၍ သွားအံ့၊ ဏင်၏ ကတိဆဝတ်သစ္စာမှ လွတ်ပြီ"ဟု ဆိုလိုသည်။

ခေါ်တော်မူပါ

မင်းသမီးသည် နှစ်သက်၍ "သခင်....သင်သည် ဥဒယမင်းဆားဧပလော" ယု ဝမ်းနည်းခြင်ဖွယ် ဆသွယ်သွယ်ဆင်းသော မျက်ရည်တို့ဖြင့် ငိုမြည်ဘမ်းလျက် "ဆကျွန်ုပ်သည် သခင်တို့နှင့် ကွေကွင်း၍ နေခြင်းငှာ မတတီနိုင်ပါ၊ သခင်တို့၏ဆထံဥ္ဒ် ဆတူတက္ခ ခစားလုပ်ကျွေး၍ နေပါရဆောင် ကျင့်ဆောင်ဆုံးမ ပြဿသွန်သင် ပဲ့.ပြင်တော်မူပါ"ဟု လျောက်ဆိုလိုရကား·

၅၃။ သစေ ခေါ တွဲ ဥဒယော သိ၊ သင်္ဂရတ္တာ ဣဓာဂဒတာ။
ဆနုသာသ မံ ဆဇပုတ္တာ၊ ယထာသုပုန သင်္ဂမော·

ဟူ သာ တစ်ပါးသော ဤဂါထာကိုဆို၏။

၅၃။ ဆဇပုတ္တာ၊ ဆရှင်မင်းသား။ တွဲ၊ ဆရှင်မင်းသည်။ ဥဒယော၊ ဥဒယ မင်းသားသည်။ သစေ ဆသို၊ ဆကယ်၍ဖြစ်ပါအံ့။ သင်္ဂရတ္တာ၊ကတိကဝတ်သစ္စာကြောင့်။ ဣဓ၊ ဤဆကျွန်ုပ်၏ စံရာတိုက်ခန်းသို့။ ဆာဂတော၊ လာသည်ဖြစ်အံ့။ ယထာ၊ ဖယကြင်ဆခြင်းဖြင့် ဆုံးမသည်ရှိသော်။ ပုန၊ တစ်ဖန်။ သင်္ဂမော၊ အုံးအိပ်ရာယှဉ်တွဲ၍ မေတ္တာရစ်ခွေ ကြာနှင့်ရေကဲ့သို့ ဆဆွေခင်ပွန်းဖွဲ့သဖြင့် ပေါင်းမိကြပြန်သည်။ ဆသူ ဘဝေယျ၊ ဖြစ်ရာ၏။

www.dhammadownload.com

တထာ၊ ထိုသို့ပေါင်းမိတ်ဖြစ်ရအောင်။ မုံ၊ အကျွန်ုပ်လို့။ အနုသာသ၊ ဆုံးမတော်မူပါလေ၃။

ကုသိုလ်ကောင်းမှုပြု၍

ထိုအခါ မင်းသမီးကို ဆုံးမလိုသော ဘုရားလောင်းသည်-

၁၄။ အတိပတတိ ဝယော ခဏော တထေဝ၊
ဌာနံ နတ္ထိ ဓုဝံ စဝန္တိ သတ္တာ။
ပရိဇိယျတို့ အဓုဝံ သရီရံ၊ ဥဒယ မာ ပမာဒ စရဿု ဓမ္မံ၊

၁၅။ ကသိကာ ပထဝီ ဓနဿ ပူရာ၊
ကေဿဝ သိယာ အနုညဓေယျာ။
တဉ္ဉာပိ ဇဟတိ အဝိတရာဂေါ၊
ဥဒယ မာ ပမာဒ စရဿု ဓမ္မံ။

၁၆။ ဓဝဘာဝ ပိဘာဝ ဘာတရော၊
ဘရိယာစပိ ဓနနာ ဟောန္တိ အတိတ္တာ။
တေဝါပိ ဇဟန္တိ အညမညံ၊ ဥဒယ မာ ပမာဒ စရဿု ဓမ္မံ၊

၁၇။ ကာဒယာ စ ပရဘောဇနံ ဝိဒိတ္ဝာ၊
သံသာရေ သုဂတိံ ဒုဂ္ဂတိဉ္စ၊
ဣတ္တဲရဝါဆောတိ ဇာနိယ၊ ဥဒယ မာ ပမာဒ စရဿု ဓမ္မံ-

ဟူသော ဤလေးဂါထာတို့ကို ဆို၏၊

၅၄။ ဥဒယ၊ ဥဒယဘဒ္ဒမည်သော မင်းသမီး။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝယော၃၊ အရွယ်သုံးပါးသည်။ အတိပတတိ၊ လျင်မြန်စွာ လွန်တတ်၏၊ ခဏော၃၊ ဥပါဒ် ဌီဘင် ဟူသော ခဏသုံးပါးသည်။ တထေဝ၊ ထို့အတူလျင်၊ အထိပတတိ၊ အလွန်လျင်မြန်၏။ ဌာနံ၊ မပြိုမကဲ့ အမြဲတည်သော အရပ်သည်၊ နတ္ထိ၊ မရှိ၊ သတ္တာ၃၊ သတ္တဝါတို့တည်း။ ဓုဝံ၊ မခွတ်မလဲ အမြဲနေကန် အမှန်မုချ။ စဝန္တိ၊ ရွေ့၊ ကုန်၏။ ပရိဇိယျတိ၊ ကုန်းကွ ရွတ်ယို့တွတ်အို၏။ သရီရံ၊ ကိုယ်သည်။ အဓုဝံ၊ မမြဲ၊ မာ ပမာဒ၊ မမေ့မလျော့လင့်၊ ဓမ္မံ၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို။ စရဿု၊ ကျင့်လော့။

www.dhammadownload.com

၅၅။ ဥဒယော၊ ဥဒ္ဒယဘဒ္ဒမည်သောမင်းသမီး။ အနုညဧယျော၊သူ တစ်ပါးနှင့်မစပ်သော။ ဧနသ၊ ဥစ္စာဖြင့်။ ပူရ၊ ပြည့်သော။ ကသိကာ၊ အလုံးစုံသော။ ပထဝီ၊ မြေသည်း ကေသော၀၊ တစ်ယောက်တည်းသော မင်းဏာသာလျှင်။ သိယာ၊ ဖြစ်စေကာမူ။ အဝိတထုဂေါ၊ တက္ကာနိုင်ငံသို့ လိုက်ခသာ သူသည်။ တဥ္စာပိ၊ ထိုအလုံးစုံသော ကေရာဇ်မင်းအဖြစ်ကို လည်း။ ဇဟတိ၊ စွန့်ရ၏။ မာ ပမာဒ၊ မမေ့မလျော့လင့်။ ဓမ္မံ၊ ကုသိုလ် ဆယ်ပါးကို။ စရသု၊ ကျင့်လော့။

အဓိပ္ပာယ်ကား ''ဇမ္ဗူဒီပါကျွန်းကို အစိုးရသော ကေရာဇ်မင်း ဖြစ် ခြင်းသော်လည်း တက္ကာနိုင်ငံသို့လိုက်သော သူသည် မရောင့်ရဲနိုင်ခြေ ထို့ကြောင့် မာမ.မလျော့ ကုသိုလ်တရားကို ကြိုးစား၍ ကျင့်လော့''ဟု ဆိုလိုသည်။

တရားသဖြင့်ကျင့်လေ

၂၆။ဥဇုယော၊ဥဇုယဘဒ္ဒါမည်သောမင်းသမီး။ မာစာဇစ၊အမိလည်းလည်း ကောင်း။ ပိတာ စ၊ အဘသည်လည်းကောင်း။ ဘာတရော စ၊ ညီသား အစ်ကိုတို့သည်လည်းကောင်း။ ဘရိယာ စာပိ၊ ဓယားတို့သည်လည်းကောင်း ဓနေန၊ ဥစ္စာဖြင့်။ အတိတ္တာ၊ မရောင့်ရဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၀ါပိ၊ ထိုအမိအဘ အစရှိသော သူကိုသည်လည်း။ အညမညံ၊အချင်း ချင်း။ ဇဟန္တိ၊စွန့်ရကုန်၏။ မာ ပမာဒ၊ မမေ့မလျော့လင့်။ ဓမ္မံ၊တရား ကို။ စရသု၊ ကျင့်လော့။

၂၇။ ဥဒဇယ၊ ဥဒယဘဒ္ဒမည်သော မင်းသမီး။ ကာယော၊ ကိုယ် သည်။ ပရဘောဇနံ၊ကျီးရဲ့ စုန်ရဲ့ ကျားရဲ့ သစ်ရဲ့ ဘီလူးရက္ခိုသ် အစရှိ သော တစ်ပါးသော သတ္တ၀ါတို့၏ အစာအဟာရတည်း။ ဣတိ၊ ဤသို့။ ဝိဒိတ္ဝာ၊ သိ၍။ သံသာရေ၊ သံသရာ၌။ သုဂတိဥ္စ၊ သုဂတိဘုံဘ၀၌ လည်း ကောင်း။ ဒုဂ္ဂတိဥ္စ၊ ဒုဂ္ဂတိဘုံဘ၀၌လည်းကောင်း။ ဣတ္တရ၀ါသော၊ မမေ့မလျော့လင့်။ ဓမ္မံ၊ တရားကို။ စရဿုံ၊ ကျင့်လော့။

ရသေ့မပြုလုပ်ပြို

ဤသို့ ဘုရားလောင်းသည် ထိုမင်းသမီးအား အဆုံးအမ၌ သြ၀ါဒ်ကို ပေး၏၊ ထိုမင်းသမီးသည်လည်း ဘုရားလောင်း၏ တရားစကား၌ ကြည်ညို၍ ချီးမွမ်းခြင်းကို ပြုလိုရကား၊

www.dhammadownload.com

၅၈။ သဒ္ဓမ္မံ ဘာသတိ ယံ ယက္ခော၊ အပ္ပံ မစ္စေန ဇီဝိတံ။
ကသိရဉ္ဉ ပရိတ္တဉ္ဉ၊ တဉ္ဉ ဒုက္ခေန သံယုတံ။
သဒ္ဓဟံ ကေဒ ပဗ္ဗဇိဿာမိ၊ ဟိတ္ဝာ ဓာသိံ သုဂ္ဂန္ဓနံ-
ဟူသော ဤဂါထာကိုဆို၏။

၅၈။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊အာသက်ဟည်။ အပ္ပံ၊ နည်း၏။ ကသိရဉ္ဉ၊ ဆင်းလည်းဆင်းရဲ၏။ ပရိတ္တဉ္ဉ၊ တိုလည်းတို၏။ တဉ္ဉ၊ထိုဆင်းရဲငြိုငြင်သော အာသက်သည်လည်း။ ဒုက္ခေန၊ ဝဋ်ဆင်းရဲနှင့်၊ သံယုတံ၊ ယှဉ်၏။ ဣတိ၊ ဤသို့။ အယံ့ယက္ခော၊ ဤနတ်သည်။ ဘာသတိ၊ ဆို၏။ သာဓု၊ ကောင်းပေစ့ တကား။ သာဟံ၊ ထိုငါသည်။ ကာသိံ သုဂ္ဂန္ဓနံ၊ ကာသိတိုင်း သုရဉ္ဇနမြို့ကို။ ဟိတ္ဝာ၊ စွန့်ပစ်၍။ ကေဝ၊ တစ်ယောက်ထီးတည်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုခဲ့အံ့။

ဘုရားခလောင်းသည် ထိုမင်းသွဲမီးအား အဆုံးအမ ဩဝါဒကို ပေးပြီး၍ မိမိနေရာ နတ်ရွာသို့လျင် သွားလေ၏။ ထိုမင်းသမီးသည်လည်း၊ မိုးသောက်ခသာနေ့၌ အမတ်တို့အား ပြည်ကို ဆောက်နှင်းခပေးခဲ့၍ မြို့တွင်း၌ ပင်လျင် နှလုံးမွေ့လျော်ဖွယ်ရှိသော ဥယျာဉ်၌ ရသေ့ရဟန်း ပြုလုပ်ပြီးလျင် တရားကိုကျင့်၍ အသက်အဆုံး၌ တဝတိံသာ နတ်ပြည်ဝယ် ဘုရားလောင်း၏ အလုပ်အကျေး မယားဖြစ်လေ၏။

ဇာတ်ပေါင်း။ သမ္ဗည်ုမြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြပြီး၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသော အဆုံး၌ သာသနာတော်၌ ငြိုးငွေ့မရှင် လူထွက်ချင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။ ထိုအခါမင်းသမီးသည် ရာဟုလမယ်တော် ဖြစ်လာ၏၊ သိကြားမင်းသည် သင်္ဂီဆရာ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တစ်နေ့ကား ဤ၊ တစ်နေ့ငွေ့၊ လျှံလေ ဆင်းရဲပဝါ)

ဇကာဒ္ဒသက နိပါတ်ကျမ်း၌ လေးခုမြောက်သော ဥဒယဘဒ္ဒဇာတ်သည် ပြီး၏။

www.dhammadownload.com

၅၅-ပါနီယဇာတ်

အကုသိုလ်ကို နည်း၏ဟု မထေမဲ့မြင်မပြုသင့်ခြင်း

ဟောတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော ဿဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိုလသာကို နှိပ်ခြင်းကို အကြောင်းပြု၍ "မိတ္တောမိတ္တာဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပါနီယဇာတ်ကို ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ တစ်ရံရောအခါ သာဝတ္ထိပြည်၌ နေကုန်သော ငါးရာကုန်သော အဆွေခင်ပွန်းဖြစ်ကုန်သော သူတို့သည် ဘုရားသခင်၏ စံမွန်းဒဿနာကို ကြားနာ၍ ရဟန်းပြုပြီးဆော် ပဉ္စင်းဖြစ်ကုန်ပြီး၍ ဇေတဝန်ကျောင်းတော်၌လျှင် နေကုန်လျက် ညဉ့်သန်းခေါင်အခါဝယ် ကာမဝိတက်ကို ကြံကုန်၏။ (အလုံးစုံအောက်၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် သိအပ်၏။) ထိုထူးကား- မြတ်စွာဘုရား၏ စေတော်မူခြင်းဖြင့် ဇာရှင်အာနန္ဒာသည် ရဟန်းအပေါင်းကို စုဝေးစေသည်ရှိသော် မြတ်စွာဘုရားသည် ခင်းအပ်သော မြတ်သောနေရာ၌ သီတင်းသုံး နေတော်မူသည်ဖြစ်၍ မရည်သည်ကို ပြု၍ "ကာမဝိတက်ကို ကြံကုန်သလော" ဟု အလုံးစုံကို သိမ်းကျုံးသည်၏ အစွမ်းဖြင့်သာလျှင် မေးတော်မူ၍ "ရဟန်းတို့...ကိုလဿာသည် ငယ်သောမည်သည် မရှိ၊ ရဟန်းမည်သည်ကား ဖြစ်သော ကိလေသာကို နှိပ်စက်အပ်ကုန်၏၊ ရှေးပညာရှိတို့သည် ဘုရားမဖြစ်သော ကာလ၌လည်း ကိလေသာကို နှိပ်၍ ပဒေသိညာဏ်သို့ ရောက်ဖူးကုန်ပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြိုဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော အာဒီသိတိုင်း၌ တစ်ခုသော ရွာ၌ အဆွေခင်ပွန်း နှစ်ယောက်တို့သည် ရေဘူးတို့ကိုယူ၍ လယ်သို့သွားကုန်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ထား၍ လယ်ခုတဲ့ထွင်၍ ရေသိပ်သောအခါ လာ၍ ရေကို သေဒက်ကုန်၏။ ထိုနှစ်ယောက်တို့တွင် တစ်ယောက်

www.dhammadownload.com

သောသူသည် ရေသောက်ဖော်သောငှာ လာ၍ မိမိ၏ရကို ဧစောင့်သည်ဖြစ်၍ တစ်ယောက်လောသူ၏ ဧရုဘူးမှ ဒကသောက်၍ ညချမ်းဧသာအခါ၌ ဧဆာမှုထွက်၍ ဧရမျိုး၍တည်လျက် ''ငါ့အား ကာယဒဠှရ အစရှိသည်တို့ဖြင့် ယခု တစိုးတစံစိသော မင်းကျင်းမှုကို ပြုမိခြင်းသည် ရှိသဧလော'' ဟု ဧစုးစမ်းဆင်ခြင်လတ်သော် ရေကိုခိုး၍ ဧသောက်မိသော အပြစ်ကိုမြင်၍ ထိုသူသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ ''ဤဘဏ္ဍာသည် ပွဲဘးလတ်သော် ငါ့ကို အပါယ်တို့၌ ပစ်ချလတ္တံ့၊ ဤကိလေသာ နှိပ်အံ့'' ဟု ဧရကိုခိုး၍ ဧသောက်မိသော အပြစ်ကို အာရုံပြု၍ ဝိပဿနာကို ပွားဧစ၍ ပစ္စေကဗောဓိဉာဏ်အို ဖြစ်ဧစ၍ ရဒသာ ဧကျးဇူးကို ဆင်ခြင်လျက် တည်၏။

လယ်သမား ပစ္စေကဗုဒ္ဓါ

ထိုအခါ၌ ထိုပဒဧစ္စကဗုဒ္ဓါကို အဖော်တစ်ယောက် ရေချိုး၍ တက်လတ်သော် ''အေဆွ....လာလှည့်၊ အိမ်သို့သွားကုန်အံ့'' ဟု ဆို၏။ ''သင်သည် သွားလေ၊ ငါ့အား အိမ်ဖြင့် ကိစ္စမရှိ၊ ငါတို့သည် ပဒဧစ္စကဗုဒ္ဓါ မည်ကုန်၏'' ဟုဆိုလတ်သော် ''ပစ္စေကဗုဒ္ဓါတို့သည် သင်နှင့်မတူကုန်'' ဟု ဆို၏။ ထိုအခါ ထိုလူကို ''ပစ္စေကဗုဒ္ဓါတို့သည် အဘယ်သို့ အဘယ် သဘောရှိကုန်သနည်း'' ဟု မေး၏။ ''ဆဲသက်နှစ်သစ် ရှိကုန်သည်ဖြစ်၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ကုန်သည်သာဖြစ်၍ မြောက်အရပ် ဟိမဝန္တာနှုန်းမှုလိုက်၌ နေကုန်၏'' ဟု ဆိုသည်ရှိသော် ထိုပဒဧစ္စကဗုဒ္ဓါသည် ဦးခေါင်းကို သုံးသပဲတော်မူ၏။ ထိုခဏ၌ပင်လျှင် ထိုပဒဧစ္စကဗုဒ္ဓါအား လူ၏ အသွင်ကွယ်လေ၏။ နီဧသာ နှစ်ထပ်သော သင်းပိုင်ကို ဝတ်လျက်လျှင် လျှပ်စစ်နွယ်နှင့်တူဧသော ခါးပန်းဖွဲ့စည်း၍ သယ်ခေါင်ရန်းပန်း အဆင်းနှင့်တူဧသော ကိုယ်ဝတ်သင်္ကန်းကို လက်ဝဲဇစ်ဖက် ပခုံးထက်၌ဘင်၍ တိမ်အဆင်းနှင့်တူသော ပုံသဏ္ဌာန်သင်္ကန်းကို ပခုံးစွန်း၌တင်ထား၍ ပိုတုန်းတောင် အဆင်းနှင့်တူဧသော မြေသပိတ်ကို လက်ဝဲပခုံးစွန်း၌လွယ်လျက် တည်၏။ ထိုပဒဧစ္စကဗုဒ္ဓါသည် ဧကောင်းကင်၌ရပ်လျက် တရားဟော၍ ပျံ၍ နန္ဒမူပိုက်၌ သက်ဆင်း၏။

သူကြွယ် ပစ္စေကဗုဒ္ဓါ

ကာသိကရဋ္ဌာ၌သာလျှင် တစ်ဦးယာက်ဧသာ သူကြွယ်သည်လည်း ဧနထူ၌ ဧနလျက် တစ်ဦးယာက်သော ယောကျ်ားသည် မိမိ၏ မယားကို ဧခါ်၍

www.dhammadownload.com

သွားသည်ကိုမြင်လျှင် မြတ်သောအဆင်းကို ဆောင်သော ထိုမိန်းမကို ဤနွေတို့ကိုဖျက်၍ တစိန်းစိန်းကြည့်လျက် တစ်ဖန်ကြံ၏။ ''ငါ့အား ဤလောဘသည် ပွားလုတ်သော် ငါ့ကို အပါယ်ဘုံတို့၌ ပစ်ချလတ္တံ့'' ဟု ထိတ်လန့်သော စိတ်နှလုံး ရှိသည်ဖြစ်၍ ဝိပဿနာကို ပွားစေပြီးလျှင် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၍ ကောင်းကင်၌တည့်လျက်တထွားဟော၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွလေ၏။

တစ်ဖန်ယောက်သောသူသည်လည်း ထာသိတိုင်း ကာသိကရွာ၌သာလျှင် နေကုန်သော သားအဖ နှစ်ယောက်တို့သည် အတူတကွ ခရီးဆွားကုန်၏။ တစ်အုပ် ဆင်၌ သူခိုးတို့သည် ထကုန်၏။ ထိုခိုးသူတို့သည် သားဖအဖ နှစ်ယောက်တို့ကို ရသည်ရှိသော် သားကိုချုပ်၍ ''ဥစ္စာကိုဆောင်၍ သင့်သားကို ယူခဲလော့'' ဟု အဘကို လွှတ်ကုန်၏။ ညီအစ်ကိုကို ရသည်ရှိသော် ညီကို ချုပ်ထား၍ အစ်ကိုကို လွှတ်လိုက်၏။ ဆရာတပည့်ကို ရသည်ရှိဆော် ဆရာကိုချုပ်ထား၍ တပည့်ကို လွှတ်ကုန်၏။ တပည့်သည်လည်း ဖြား ယောင်း၍ ဥစ္စာကိုဆောင်၍ ဆရာကိုယူ၍သွား၏။

သားပစ္စေကဗုဒ္ဓါ

ထိုအခါ၌ ထိုသားအဖ နှစ်ယောက်တို့သည်လည်း ထိုအရပ်၌ ခိုးသူတို့၏ ထင်သောအဖြစ်ကို သိ၍ ''သင်သည် ငါ့ကို အဘဟူ၍ မဆိုသင့်၊ ငါသည်း သင့်အား သားဟူ၍ မဆိုအပ်'' ဟု ကတိကဝတ်ပြု၍ ခိုးသူတို့သည် ဖမ်းယူခဲသောအခါ ''သင်တို့သည် အချင်းချင်း အဘယဿို့ တော်ကုန်သနည်း'' ဟု မေးအပ်သည်ရှိသော် ''စိုးစဉ်းမျှ မတော်ကြကုန်'' ဟု သိလျက်ချတ်ယှင်းသောစကားဆိုခြင်းကိုပြုကုန်၏။ ထိုသားအဖနှစ်ယောက်တို့သည် တောအုပ်မှထွက်၍ ညချမ်းခဲ့ ရေချိုး၍ တည့်ကြကုန်သည်ရှိသော် ထိုလူနှစ်ယောက်တို့တွင် သားသည် မိမိ၏ သီလကို သုတ်သင်သည် ရှိခဲသော် ထိုမုသာဝါဒကံကြောင့်၍ ''ဤမကောင်းမှုသည် ပွားများသည်ရှိသော် ငါ့ကို အပါယ်ဘုံတို့၌ ပစ်ချလတ္တံ့၊ ထို့ကြောင့် ဤကိုးလသာကို နှိမ်အံ့'' ဟု ဝိပဿနာကိုပွား၍ ပစ္စေကဗောဓိဉာဏ်ကိုဖြစ်စေ၍ ကောင်းကင်၌ တည့်လျက် အဘအား တထွားဟော၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွတော်မူ၏။

www.dhammadownload.com

ရွာစားပစ္စေကဗုဒ္ဓါ

ထိုမှတစ်ပါးလည်း ကာသိတိုင်း တစ်ခုသော ရွာဌ်သာလျှင် တစ်ယောက်သော ရွာစားသည် "သားကြီး၊ ငါးကြီး မသတ်လင့်" ဟု စည်လည် မောင်းခတ်ခြင်းကို ပြုစေ၏။ ထိုအခါဝယ် ရွာစားကို အခွန်အတုတ် ဆက်သောအခါဌ် လူမျှားသည် စုဝေးရှိဆို၏၊ "ရွာရှင်... အကျွန်ုပ်တို့သည် သမင်, ဝက်အစရှိသည်တို့ကို သတ်ရှိ နတ်တို့အား ဗလိနတီစာကို ပြုကုန်အံ့၊ ဤအခါသည် ဗလိနတ်စာ တင်သောအခါတည်း" ဟု ဆိုလေလျှင် "သင်တို့ ရွှေးထုံးစံရှိသည်အတိုင်းပြုကုန်းလော့" ဟု ဆိုသည်ရှိသော် လူတို့သည် မျှားစွာသော သတ္တဝါတို့ကို သတ်ခြင်းကို ပြုကုန်၏။ ထိုရွာစားသည် မျှားစွာသော ငါး အမဲကိုမြင်ရှိ "ဤလူတို့သည် ဤမျှကုန်သော သတ္တဝါတို့ကို သတ်ကုန်သည်ရှိသော် ငါတစ်ယောက်၏ စကားကြောင့်လျှင် သတ်ကုန်၏" ဟု အလို့အလို့ကဲ့ပြုရှိ လေသွန်တံခါးကို မှိရှိ ရပ်လျက်လျှင် ဝိပဿနာကို ပွားစေသော ခဏဌ်ဘင်ပစ္စေကဗုဒ္ဓါဘုရားကို ဖြစ်စေရှိ ကောင်းကင်ဌ်တည်လျက် "လူအမျှားအား တရားဟောရှိ နှစ်မူလိုက်သို့သာလျှင် ကြွတော်မူလေ၏။

ရွာစားပစ္စေကဗုဒ္ဓါ

ကာသိက တိုင်းဌ်ပင်လျှင် တစ်ယောက်သော ရွာစားသည် သေအခါက် ထောင်းဝယ်ခြင်းကို မြစ်တားရှိ "သခင်....ရှေးဌ်ဤအခါဝယ် သေသောကို သဘင်ဖြစ်၏၊ အဘယ်သို့ ပြုကုန်အံ့နည်း" ဟု လူမျှားသည် ဆိုလတ်သော် သင်တို့၏ ရွှေးထုံးစံရှိတိုင်း ပြုလေကုန်" ဟု ဆိုလိုက်၏။ လူဘို့သည် သဘင်ကိုပြုရှိ သေကိုသောက်ရှိ ခိုက်ရန်ပြုကုန်လျက် လက်ခြေတို့ကို ချိုးရှိ ဦးခေါင်းကို ပေါက်ခဲ့ရှိ နားတို့တို့ဖဲ့ရှိ မျှားစွာသော ဆင်းရဲဖြင့် ဖဲ့ကုန်၏။ ရွာစားသည် ထိုဆင်းရဲသူတို့ကိုမြင်ရှိ ကြံ၏၊ "ငါသည် ခွင့်မပြုသည်ရှိသော် ဤသူတို့သည် ဤဆင်းရဲကိုမရကုန်ရာ" ဟု ကြံရှိ ထိုရွာစားသည် ဤမျှဖြင့် အလို့လို့ကဲ့ပြုရှိ လေသွန်တံခါးကို မှိရှိရပ်လျက်လျှင် ဝိပဿနာကို ပွားစေရှိ ပစ္စေကဗုဒ္ဓါဘုရားဖြစ်စေရှိ "ကုသိုလ်ဘရားဌ် မမေ့ခလျော့ဖြစ်ကြကုန်" ဟု ကောင်းကင်ဌ်တည်လျက် တရားဟောရှိ နှစ်မူလိုက်သို့သာလျှင် ကြွတော်မူလေ၏၊

www.dhammadownload.com

ဘယ်လိုရဟန်းပြုကြပါသလဲ

နောက်ဆုဖို့၌ ငါးပါးသော ပဒေသကဗုဒ္ဓါတို့သည် ဆွမ်းခံခြင်းငှာ ဗာ ထုဏသီပြည် တံခါး၌ သက်ဆင်းကုန်၍ ကောင်းစွာ ဝတ်ရုံကုန်လျက် ကြည်ညိုဖွယ်ရှိကုန်သော ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း အစရှိသည်တို့ဖြင့် ဆွမ်းဆာလှငှာ ကြွတော်မူကုန်သည်ရှိသော် မင်းအိမ်တံခါးသို့ ရောက်ကုန်၏။ မင်းသည် ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်လျှင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ မင်းအိမ်သို့ပင့်ဆောင်၍ ခြေတို့ကိုဆေး၍ ဆီမွှေးဖြင့် လိမ်းကျံ၍ ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၍ တင့်ဆုပ်လျောက်ပတ်သောအရပ်၌ နေ၍ ''အရှင်ဘုရားတို့.... ဆရှင်မြတ်တို့အား ပထမအရွယ်၌ ရဟန်းပြုကုန်သည်ရှိသော် ကာမဂုဏ်ငါးပါးတို့၌ အဘယ်အပြစ်ကို မြင်ကုန်သနည်း၊ အရှင်ဘုရားတို့အား အဘယ်အားရှိသည် ဖြစ်သနည်း'' ဟု မေး၏။

၅-ပါးတို့အဖြေ

ထိုပစ္စေကဗုဒ္ဓါတို့သည် ထိုမင်းအား ကြားလိုရကား-

၅၉။ မိတ္တော မိတ္တာသ ပါနီယံ၊ အာဒိန္နံ ပရိဘုဉ္ဇိသံ။
တေန ပစ္ဆာ ဝိဇဂုဆ္ဆိ၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရိ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

၆၀။ ပရဒါရဉ္စ ဒိသ္ဝာန၊ ဆန္နော မေ ဥပပဇ္ဇထ။
တေန ပစ္ဆာဂုဆ္ဆိ၊ တံ ပါပံ ပဏ္ဍိတံ မယာ။
မာ ပုန အကရိ ဝါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

၆၁။ ပိတရံ မေ မဟာရာဇ၊ စောရာ အဂ္ဂိံ ကာနနေ။
တေသာတံ ပုစ္ဆိတော ဇာနံ၊ အညထာ နံ ဝိယာကရိ။
တေန ပစ္ဆာ ဝိဇဂုဆ္ဆိ၊ တံ ပါပံ ပကတံ မယာ၊
မာ ပုန အကရိ ပါပံ၊ တသ္မာ ပဗ္ဗဇိမာ အဟံ။

၆၂။ ပါဏာတိပါတ မကရံ၊ ဒသာမယာဂေ ဥပဋ္ဌိတ။
တေသာဟံ သမနုညာသိံ၊ တေန ပစ္ဆာ ဝိဇဂုဆ္ဆိံ။
တံ ပါပံ ပကတံ မယာ၊ မာ ပုန အကရိ ပါပံ၊
တသ္မာ ပဗ္ဗဇိတော အဟံ။

www.dhammadownload.com

၆၃။ သုဏာမေရဿ မာခဲ့ဏာ၊ ယေ ဇနာ ဧဋ္ဌမာသုနော။
ဗဟူနံ တေ အနတ္ထာယ၊ မဇ္ဈ ပါန မကပ္ပယျုံ။
တေသာဟံ သမနုညာသိံ၊ တန ဘဏ္ဍာ စိဇ္ဈိ ဂုဏ္ဍိ ဝ်ိ။
တံ ပါပံ ပကတံ မယာ၊ မာ ပုန အကရိံ ပါပံ။
တသ္မာ ပဋ္ဌိတော အဟံ၊
ဟူသော ငါးဂါထာတို့ကို အစဉ်အတိုင်း ရွတ်ဆိုတော်မူကုန်၏။

ရေခိုးသောက်မှုသံဝဂ

၅၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မိတ္တော၊ အာဆေဝင်ပွန်းဖြစ်သော့ ငါအား၏။ မိတ္တာဿ၊ အာဆေဝင်ပွန်၊ တစ်ယောက်၏၊ ပါနီယံ၊ ရေကို။ အဒိန္နံ၊ မပေးဘဲ၊ ပရိဘုဉ္ဇိသိဿံ၊ သုံးဆောင်မိ၏။ မယာ၊ ငါသည်။ တံပါပံ၊ ထိုမကောင်းမှုကို။ ပကတံ၊ ပြုမိ၏၊ ပုန၊ တစ်ဖန်။ ပါပံ၊ မကောင်းမှုကို။ မာ အကာရိံ၊ ငါမပြုပြီ။ ဇဘန၊ ထို့ကြောင့်။ ပစ္ဆာ၊ နောက်၌။ ဝိဇိဂုစ္ဆာ၊ ငါစက်ဆုပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ပဋိဃာ၊ ငါစက်ဆုပ်ပြီ၊ ရဟန်းပြု၏။

သူ့မယားကြိုက်မှုသံဝဂ

၆၀။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ပရဒါရဋ္ဌာ၊ သူ့မယားကို ဆည်း။ ဒိသ္မာန၊ မြင်၍။ မေ၊ ငါ၏။ ဆဒ္ဒါ၊ ကာမဆန္ဒသည်း ဥပ္ပဇ္ဇထာ၊ ဖြစ်ပြီ။ မယာ၊ ငါသည်။ တံပါပံ၊ ထိုမကောင်းမှုကို။ ပကတံ၊ ပြုမိ၏။ ပုန၊ တစ်ဖန်။ ပါပံ၊ မကောင်းမှုကို။ မာ အကာရိံ၊ ငါမပြုပြီ၊ ဇဘန၊ ထို့ကြောင့်။ ပစ္ဆာ၊ နောက်၌။ ဝိဇိဂုစ္ဆာ၊ ငါစက်ဆုပ်ပြီ၊ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ပဋ္ဌိတော၊ ရဟန်းပြု၏။

လိမ်ပြောမှုသံဝဂ

၆၁။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ ငါ၏။ ပိတရံ၊ အဘ၊ ဘိုး။ ဇရာဇုရာ၊ ခိုးသူတို့သည်း ကာနဂနံ၊ တောအုပ်ကြီး၌။ အာကံ၊ ဖမ်း၊ ကုန်၏။ ပုစ္ဆိတော၊ မေးအပ်သော့။ အဟံ၊ ငါသည်။ ဇတာသံ၊ ထိုခိုးသူတို့အား။ ဇဘန်

www.dhammadownload.com

သိလျှက်။ ဖာသထဲဝ၊ တစ်ပါးသောဖာထုဖြင့်။ နံ၊ ထိုပြဿနာကို။ ဝိယာကရိ်၊ ပြောကြား၊မိ၏။

မယာ၊ ငါသည်။ တံ်ပါပံ်၊ ထိုမဂေါ၌းမှုကို။ ပကတံ်၊ ပြုမိ၏။ ပုန၊ တစ်ဖန်။ ပါပံ်၊ မဂေါင်းမှုကို။ မာ ဖာတရိ်၊ ငါမပြုပြီး၊ တေန၊ ထို့ကြောင့်။ ပစ္ဆာ၊ နောက်၌။ ဝိဇိဂုစ္ဆိ်၊ ငါစက်ဆုပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဖာဟံ၊ ငါသည်။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။

အသက်သတ်မှုသံဝေဂံ

၆၂။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ သောမယာဓဂ၊ ဆန်းသစ်သော၊ တက်လတ်သောအခါ နတ်တို့အား ပူဇော်သော မဟာဂယင်္ဂသည်။ ဥပဋ္ဌိတော၊ ဖြစ်လတ်သော်။ မနုဿာ၊ လူတို့သည်။ ပါဏာတိပါတံ၊ သူ့အသက်သတ်ခြင်းကို။ ဖာကရုံ၊ ပြုကုန်၏။ ဖာဟံ၊ ငါသည်။ တေသံ၊ ထိုသူတို့ဖာဝ။ သမနုညာသိ်၊ ခွင့်ပြုမိ၏။ မယာ၊ ငါသည်။ တံ်ပါပံ်၊ ထိုမဂေါင်းမှုကို။ ပကတံ်၊ ပြုမိ၏။ ပုန၊ ထစ်ဖန်၊ ပါပံ်၊ မှုဆောင်း၊ မှုကို။ မာ ဖာကရိ်၊ ငါမပြုပြီး၊ ဟောန၊ ထို့ကြောင့်။ ပစ္ဆာ၊ နောက်၌။ ဝိဇိဂုစ္ဆိ်၊ ငါစက်ဆုပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဖာဟံ၊ ငါဆည်။ ပဗ္ဗဇိဟတော၊ ရဟန်းပြု၏။

သေဘရက်သံဝေဂံ

၆၃။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မယ ဇနာ၊ အကြင် လူတို့သည်၊ ပဌမံ၊ ရှေးဦးစွာ။ သုဘမေဃယမာဓုဏာ၊ သေဘရက်ကို သစ်မည်စည်သီး မှည့်ရည် ပျားရည်ကဲ့သို့ချိုသော အရသာရှိ၏ဟု ထင်ကုန်သည်။ ဘာသုနော၊ ဖြစ်ကုန်၏။ ဟတဇနာ၊ ထိုသူတို့သည်၊ ဗဟူနံ၊ များစွာသော သူတို့၏။ ဖာနတ္ထာယ၊ ပျက်စီးခြင်းငှာ၊ မင္ဆပါနံ၊ သေဘရက်သောက်ခြင်းကို။ ဖာကပွယုံ၊ ပြုကုန်၏။

ဖာဟံ၊ ငါသည်။ တေသံ၊ ထိုသူတို့ဖာဝ။ သမနုညာသိ်၊ ခွင့်ပြုမိ၏၊ မယာ၊ သည်။ တံ်ပါပံ်၊ ထိုမဂေါင်းမှုကို။ ပကတံ်၊ ပြုမိ၏။ ဟောန၊ ထို့ကြောင့်။ ပစ္ဆာ၊ နောက်၌။ ဝိဇိဂုစ္ဆိ်၊ ငါစက်ဆုပ်၏၊ တသ္မာ၊ ထို့ကြောင့်။ ဖာဟံ၊ ငါသည်။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။

www.dhammadownload.com

မင်းသည်လည်း တစ်ပါး တစ်ပါး၏ ဖြခြင်းကိုကြားရ၍ "အရှင်ဘုရားတို့—ဤရဟန်း အဖြစ်သည် အရှင်ဘုရားတို့အား သာလျှင် လျော်ပတ်၏" ဟု ချီးမွမ်းထောမနာခြင်းကို ပြု၏။ မင်းသည် ထိုပဒေသကဗုဒ္ဓါတို့၏ တရားကို ကြားနာရ၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ သက်နှံးလျော အဝတ်ပုဆိုးတို့ကိုလည်းကောင်း၊ ဆေးတို့ကိုလည်းကောင်း လှူ၍ ပဒေသကဗုဒ္ဓါ တို့ကို လှတ်လိုက်၏။ ထိုပဒေသကဗုဒ္ဓါဘို့သည်လည်း ထိုမင်းအား အနုဝေဒနာ ပြု၍ ထိုနန္ဒမူလိုဏ်သို့သာလျှင် ကြွကုန်၏။

ကာမဒကြောင့်ဆင်းရဲသည်

ထိုအခါမှစ၍ မင်းသည် ဝတ္ထုကာမတို့၌ တပ်ခြင်း ငဲ့ကွက်ခြင်း ကင်းသည်ဖြစ်၍ အတူးထူးသော အရသာရှိသော ဘောဇဉ်ကိုစား၍ မိန်းမတို့ကို စကားမပြောဘဲ မကြည့်ရှုဘဲ တပ်ခြင်းကင်းသောစိတ် ရှိသည်ဖြစ်၍ ထ၍ ကျက်သရေရှိသော တိုက်ခန်းသို့ ဝင်၍နေလျက် ဖြူသောနံရံ၌ ဩဒါတကသိုက်းကိုပြု၍ ဈာန်ကို ဖြစ်စေ၏။ ထိုမင်းသည်ဈာန်သို့ရောက်၍ အာမဂုဏ်တို့ကို ကဲ့ရဲ့လိုရကား-

၆၄။ ဓိရတ္ထု သု ဗဟ္မ တာမေ၊ ဒုဂ္ဂန္ဓံ ဗဟု ကဏ္ဏထေ။
ယော အဟံ ပဒီသေဝံ၊ ဧန္တော၊ နံ လဘိံ တာဒိသံ သုခံ-

ဟူထော၊ ဤဂါထာကိုဆို၏။

၆၄။ ဘော၊ အိုအချင်းတို့၊ ကာမာ၊ ကာမဂုဏ်တို့သည်၊ ဓိရတ္ထု၊ စက်ဆုပ်ဖွယ် ရှိစွတကား။ ယော အဟံ၊ အကြင် ငါသည်။ ဒုဂ္ဂန္ဓံ၊ မကောင်းသောအနံ့ ရှိကုန်သော၊ ဗဟုကဏ္ဏကေ၊ များစွာသော ဆူးငြောင့်ရန်သူ ရှိကုန်သော။ ဗဟုကာမေ၊ များစွာသော ကာမဂုဏ်တို့ကို။ ပဒီသေဝံ၊ မှီဝဲသည်ဖြစ်၍။ တာဒိသံ၊ ထိုသို့သဘာရှိသော။ သုခံ၊ ဈာန်ချမ်းသာကို၊ နံ လဘိံ၊ မရ။

ကာမဂုဏ်ဟာ ချမ်းသာတယ်

ထိုဘဒါ ဘုရားလောင်း၏ မိဖုရားကြီးသည် "ဤမင်းသား ပဒေသကဗုဒ္ဓါတို့၏ တရားစကားကို ကြားနာရ၍ဆန်ကျင်သောသဘောရှိ၏။ ငါတို့နှင့်တကွ စကားမပြောဘဲလျှင် ကျက်သရေရှိသော တိုက်ခန်းသို့ဝင်၏၊ ထိုမင်းကို စုံစမ်းဦးအံ့" ဟုကြံ၍ ကျက်သရေရှိသော တိုက်ခန်းတံခါးဖွင့်

www.dhammadownload.com

ရုပ်လျက် ကာမဂုဏ်တို၌ ကဲ့ရဲ့သော မင်း၏ ဥဒါန်းစကားကို ကြားလျှင် "မင်းကြီး... ဆရှင်မင်းကြီးသည် ကဲာမဂုဏ်တို့ကို ကဲ့ရဲ့၏။ ကာမဂုဏ်ချမ်းသာနှင့်တူသော ချမ်းသာမည်သည် မရှိ" ဟု ဃာမဂုဏ်တို့ကို ချီးမွမ်းလို ရကား-

၆၅။ မဟာဃာဒါ သုခါ ကာမာ၊ နတ္ထိ ကာမာ ပရံ သုခံ၊
ယေ ကာဓမ ပဋိသဝန္တိ၊ သဂ္ဂန္တေ ဥပပဇ္ဇရေ-

ဟူသော ဤဂါထာကို ဆို၏။

၆၅။ မဟာရာဇ၊ မြတ်ဓသာ မင်းကြီး၊ ကာမာ၊ ကာမဂုဏ်တို့သည်၊ မဟာဃာဒါ၊ မျှားစွာ သာယာဖွယ်ကုန်ဓသာ၊ သုခါ၊ ချမ်းသာမည်ကုန်၏၊ ကာမာ၊ ကာမဂုဏ်ထက်။ ပရံ၊ လွန်ဓသာ၊ သုခံ၊ ချမ်းသာမည်သည်။ နတ္ထိ၊ မရှိ။ ယေ၊ အကြင်သူတို့သည်။ ကာဓမ၊ ကာမဂုဏ်တို့ကို၊ ပဋိဓသဝန္တိ၊ မှီဝဲကုန်၏၊ တေ၊ ထိုသူတို့သည်၊ သဂ္ဂံ၊ နတ်ပြည်သို့။ ဥပပဇ္ဇရေ၊ ရောက်ကုန်၏။

မင်းကြီး တရားဟောခြင်း

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "သူယုတ်မ ပျက်ထဓလော့၊ အဘယ်သို့ ဆိုဘိသနည်း၊ ကာမဂုဏ်တို့၌ ချမ်းသာမည်သည် အဘယ်မှာ ရှိအံ့နည်း၊ ဤကာမဂုဏ်တို့သည် ဖေးကျပြန်တတ်သော ဆင်းရဲမည်ကုန်၏" ဟု ကဲ့ရဲ့လိုရကား-

၆၆။ အပ္ပဿာဒါ ဒုခါ ကာမာ၊ နတ္ထိ ကာမာ ပရံ ဒုခံ။
ယေ ထာဓမ ပဋိသဝန္တိ၊ နိရယံ တေ ဥပပဇ္ဇရေ။
၆၇။ အသိ ယထာ သုနိသိတော၊ နေတ္တိံသော ဝ သုပါယိတော။
သတ္တိ ဝ ဥရသိ ခိတ္တာ၊ ကာမာ ဒုက္ခတရာ တတော။
၆၈။ အင်္ဂါရာနံဝ ဇလိတံ၊ ကာသုံ သဗ္ဗဓိကပေါရိသံ၊
ဗဟုလံ ဓိဝလံ တတ္တံ၊ ကာမာ ဒုက္ခတရာ တတော။
၆၉။ ဝိသံ ယထာ ဟလာဟလံ၊ တေလံ ပက္ကုဓိတံ ယထာ။
တမ္မဓလာဟံ ဝိလီနံဝ၊ ကာမာ ဒုက္ခတရာ တတော-

ဟူသော ဤဂါထာတို့ကို ဆို၏။

www.dhammadownload.com

ကာမဂုဏ်သည် ငရဲပို့.

၆၆။ ဒေဝီ၊ မိဖုရား။ ကာမာ၊ ကာမဂုဏ်တို့သည်။ အပ္ပဿာဒဒု၊ မသာယာအပ်သော သဘောရှိကုန်၏၊ ဒုခါ၊ ဆင်းရဲကုန်၏။ ကာမာ၊ ကာမဂုဏ်တို့ထက်။ ပရံ၊ လွန်သော၊ ဒုခံ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။ ယော၊ အကြင်သူတို့သည်။ ဇာမေ၊ ကာမဂုဏ်တို့ကို။ ပဋိသေဝန္တိ၊ မှီဝဲကုန်၏။ စတ၊ ထို့သူတို့သည်။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇရေ၊ ရောက်ကုန်၏။

ကာမဂုဏ်သည် သန်လျက်-လှံ

၆၇။ ကာမာ၊ ကာမဂုဏ်တို့သည်။ သုနိသိတာ၊ ထက်စွာသွေးအပ်ဆာ၊ အသိ ယထာ၊ သန်လျက်နှင့် တူ၏။ သုပါယိတော၊ လူတို့၏သွေးကို လွန်စွာ သောက်တတ်ဆာ။ နေတ္တိံသော၀၊ သန်လျက်ကြီးနှင့် တူ၏။ ဥရသိ၊ ရင်ဘဲ့။ ခိတ္တာ၊ ထိုးပစ်အပ်သော။ သတ္တိ၀၊ လှံမှန့် ထု၏။ တဒတာ၊ ထိုလှံဖြင့် ထိုးခြင်း, သန်လျက်ဖြင့် ခုတ်ခြင်းတို့ထက်။ ကာမာ၊ ကာမဂုဏ်တို့သည်။ ဒုက္ခတရာ၊ လွန်စွာဆင်းရဲကုန်၏။ ဝါ-ဆင်းရဲခြင်း ပြင်းပြကုန်၏။

ကာမဂုဏ်သည် မီးကျီးတွင်း

၆၈။ သာဓိစာပေါရိသံ၊ တစ်သူကျော်လွန်သော အတိုင်းအရှည်ရှိသော။ ဇလိတံ၊ ပြောင်ပြောင်လောင်သော။ အင်္ဂါရာနံ ကာသုံ့ဂ္ဂ၀၊ မီးကျီးခဲမီးကျီးတွင်းနှင့် တူ၏။ တစ်နည်း-အင်္ဂါရာနံ၊ မီးကျီးခဲတို့၏။ ကာသုံ့ဂ္ဂ၀၊ တွင်းနှင့်တူ၏။ ဒီဝသံတတ္တံ၊ နေ့အခါ ပြင်းစွာပူဆော။ ဗာလသံဂ္ဂ၀၊ နေလုလင်နှင့် တူ၏။ တဇတာ၊ ထိုမီးကျီးတွင်း နေပူထက်။ ကာမာ၊ ကာမဂုဏ်တို့သည်။ ဒုက္ခတရာ၊ အလွန် ဆင်းရဲကုန်၏။

ကာမဂုဏ်သည် အဆိပ်

၆၉။ ဟလာဟလံ၊ လတ်တလော သေးစေတတ်သော၊ ဝိသံ ယထာ၊ အဆိပ်နှင့် တူ၏။ ပက္ကုမိတံ၊ ကျိုက်ကျိုက်ဆူ၀ေသော။ တေလံယထာ၊ဆီနှင့် တူ၏။ ဝိလီနံ၊ မီးဖြင့် ချက်၍ကြေသော၊ တမ္မုလာဟံဂ္ဂ၀၊ ကြေး

www.dhammadownload.com

နီရည်နှင့် တူ၏။ တတော၊ ထိုဖဆိုပ် ဆီပူ ခြင်းနီရည်တို့ထက်၊ ကာဝေ၊ ကာမဂုဏ်တို့သည်။ ဒုက္ခတရာ၊ အလွန်ဆင်းရဲကုန်၏။

မင်းကြီး ရသေ့ဝတ်ပြု

ဤသို့ ဘုရားလောင်းသည် မိဖုရားအား တရားဟော၍ အာမတ်တို့ကို စည်းဝေးစေ၍ "အို အာမတ်တို့....သင်တို့သည် တိုင်းပြည်ကို စီရင်ကြကုန်လော့၊ ငါသည် ရဟန်းပြုတော့အံ့" ဟု မိန့်တော်မူ၍ လူအများသည် ငိုကုန်စဉ်ပင်လျှင် ထ၍ တောင်းတင်၌ချပ်လျက် သြဝါဒပေး၍ ကောင်းကင်၌ လေယာဉ်ခရီးဖြင့်သာလျှင် မြောက်ဟိမဝန္တာသို့ ကြွတော်မူ၍ နှလုံးမွေ့လျော်ဖွယ်ရှိသော အရပ်၌ ဂန္ဓာရုံဆောက်၍ ရသေ့ရဟန်းပြု၍ ဆယ်ကျိပ် အဆုံး၌ ဗြဟ္မာပြည်သို့ လည်းလျှင်းသည် ဖြစ်၏။

ဇာတ်ပေါင်း။ သမ္မည္ဇုမြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ကိုးလသာမည်သည် ငယ်သည်ဟူ၍မရှိ၊ အနည်းငယ်သော ကိလေသာကိုပင်သော်လည်း ပညာရှိတို့သည် နှိပ်စက်သည်သာတည်း" ဟု မိန့်တော်မူ၍ သစ္စာတို့ကိုပြ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသောအဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ထိုအခါ၌ ပစ္စေကဗုဒ္ဓါတို့သည် ပရိနိဗ္ဗာန်ပြုကုန်ပြီ၊ မိဖုရားသည် ရာဟုလမယ်တော် ဖြစ်လာ၏၊ မင်းသည် ဆင်တို့၏ဆရာ ဥဒါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဟူသမျှ၊ ရှောင်ကုန်ကြ၊ ဒုက္ခထောက်မည်သာ။)

ကောဒသကနိပါတ်ကျမ်း၌ ငါးခုမြောက်လောပါနိယဇာတ်သည် ပြီ၏။

၆-ယုဓဉ္စယဇာတ်

ကာမဂုဏ်တို့ကိုဝန့်၍ တောဆွတ်ခြင်းအကြောင်း

ဟောတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူကာတ်သော သမ္မည္ဇုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်း

www.dhammadownload.com

သုံးနေတော်မူသည်ရှိသော် "မိတ္တာမစ္စပရိဗျူဠ္ဠံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤယုဇ္ဇယဇာတ်ကို မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားကို ခွဲဦးအံ့....တစ်နေ့သ၌ တရားသဘင်ဝယ် စည်းဝေးကုန်သော ရဟန်းတို့သည် "ငါ့ရှင်တို့.... ဘုရားသခင်သည် လူ့ဘောင်လောက၌ နေတော်မူသည်ဖြစ်အံ့၊ အလုံးစုံသော စကြဝဠာတိုက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော တန်ခိုးခေးပါးနှင့် ပြည့်စုံသော တစ်ထေစင် အလွန်ရှိသော သားအပေါင်းဖြင့် ခြံရံအပ်သော စကြာမင်းဖြစ်ဆုံး၏၊ ဤသို့ဖြစ်လျက် ဤသို့သော ကျက်သရေ၏ ပြည့်စုံခြင်းကို စွန့်ပယ်၍ အာဝမဂုဏ်တို့၌ အပြစ်ကိုမြင်၍သန်းခေါင်အခါဝယ် ဆန္နအမတ်လျှင်အဖော်ရှိသည်ဖြစ်၍ ကဏ္ဍကိုကမြင်းကို တက်စီးလျက် တောထွက်၍ အနော်မာမြစ်နားဌ၌ ရဟန်းပြု၍ ခြောက်နှစ်ပတ်လုံး ပြုနိုင်ခဲလှစွာသော ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၍ ထပ္ပညတဉာဏ်သို့ ရောက်တော်မူ၏" ဟု ထပ္ပညတဘုရားသခင်၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကုန်၏၊

ဘုရားသခင်သည် ကြွတော်မူလာ၍ "ရဟန်းတို့....ယခု ငါလာတော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နားတော်လျှောက်လတ်သော် "ရဟန်းတို့....ငါဘုရားသည် ယခုမှသာလျှင် မြတ်သော တောထွက်ခြင်းကို ပြုသည်မဟုတ်၊ ရှေး၌လည်း တစ်ဆယ့်ရှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ မင်းအဖြစ်ကိုစွန့်၍ တောထွက်တော်မူသည်သာတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့... လွန်လေပြီးသောအခါ ရှမ္မပြည်၌ ဌာပဓဒတ္တ အမည်ရှိသော ရှမ္မမင်းသည် မင်းပြု၏၊

ဗာရာဏသီခုနစ်မည်

ထိုစဉ်ကားကို ထင်စွာပြဦးအံ့-ဗာရာဏသီပြည်သည် ဥဒ္ဒယဘဒ္ဒဇာတ်၌ သုရဉ္ဇနအမည်ရှိသော မြို့ဖြစ်၏၊ စူဠသုတသောမဇာတ်၌ သုဒဿနမြို့မည်၏။ သောဏနန္ဒဇာတ်၌ ဗြဟ္မဝဍ္ဎနမြို့မည်၏။ ခဏ္ဍဟာလဇာတ်၌ ပုပ္ပဝတီမြို့မည်၏။ သခ်ပဗြဟ္မဇာတ်၌ မောဠိနီမြို့မည်၏။ ဤယုဇ္ဇယဇာတ်၌ ရှမ္မမြို့မည်၏၊ ဤသို့ ဗာရာဏသီပြည်၏ အမည်သည် ရံခါ ပြောင်းလဲ၏၊

www.dhammadownload.com

ထိုရမ္မနဂိုရ်၌ သမ္မဒတ္တမင်းဏား သားတင်ဆောင်ရှိ၏။ ယုဓဉ္ဇယဏမည်ရှိသော သွားကြိုးဏား အိမ်ရှေ့မှင်းအဖြစ်ကို ပေး၏။

ရဟန်းပြုခွင့်တောင်း

ထိုအိမ်းရှေ့မင်းသည် နေ့တိုင်းနေ့တိုင်း ကြိုးစွာသာလို့ကို ဖြစ်စေ၏။ ဤသို့ တစလမြင့်ရှည်လတ်သော် ဘုရားလောင်းသည် နံနက်စောစောထလျှင် မြတ်သောရထားကို တက်စီး၍ မျှားစွာသော ကျက်သရေ၏ တင့်တယ်ခြင်းဖြင် ဥယျာဉ်ကစားအံ့သောငှာ သွားလတ်သော် သစ်ပင်ဖျားမြက်ဖျားသစ်ခက်ဖျား, ပင့်ကူမြွေး, ပင့်ကူချည် ကွန်ယက် အစရှိသည်တို့၌ ပုလဲကွန်ရက်၏ အသွင်ဖြင့် တပ်ငြိသော ဆီးနှင်းပေါက်တို့ကို မြင်၍ "ဆရာရထားထိန်း.... ဤအပေါက်သည် ဏာယ်နည်း" ဟု မေး၍ "အရှင်မင်းသား.... ဤဏပေါက်ကား ဆီးနှင်းပေါက်မည်ကုန်၏" ဟု ကြား၍ နေဏဖို့ပတ်လုံး ဥယျာဉ်ကစား၍ ညချမ်းသောအခါ၌ ပြန်ခဲ့သည်ရှိသော် ထိုဆီးနှင်းပေါက်တို့ကိုမမြင်၍ "အရှင်းရထားထိန်း.... ထိုဆီးနှင်းပေါက်တို့သည် ဏာယ်မှာနည်း။ ယခုဏခါ၌ ထိုဆီးနှင်းပေါက်တို့ကို ငါမမြင်ရ" ဟု မေး၏။ "ဏရှင်မင်းသား—နေ့ထက်သည်ရှိသော် ထိုဏလုံးစုံသော ဆီးနှင်းပေါက်တို့သည် ပျက်စီး၍မြေ၌ကျ၏" ဟု ကြား၍ ထိတ်လန့်ခြင်းသို့ရောက်၍ ဤသတ္တဝါတို့၏ ဇီဝိတသင်္ခါရတို့သည်လည်း မြက်ဖျားဥ၌ ဆီးနှင်းပေါက်နှင့်တူကုန်သည်သဖြင့်လည်း၊ ငါသည် အိုခြင်း နာခြင်း သေခြင်းတို့သည် မနှိပ်စက်မီလျှင် မယ်တော် ခမည်းတော်တို့ကို ပန်၍ ရဟန်းပြုခြင်းငှာသင့်၏" ဟု ဆီးနှင်းပေါက်ကိုသာ အားရုံပြု၍ ဘဝဆုံးပါးကို ရဲရဲပြောင်ပြောင် လောင်သကဲ့သို့ ရှုလျက် မိမိ၏အိမ်သို့မသွားဘဲ တနံဆာဆင်ခြင်းနှင့်စပ်သော တရားစိုရင်ထု လွတ်ဦးသဘင်၌နေသော အဘ၏ဇရထံသို့သွား၍ ဏာကိုရှိခိုး၍ တင့်ဏပ်လျောက်ပတ်သောဏရပ်၌ ရပ်လျက် ရဟန်းဏဖြစ်ကို ဘောင်းပန်လိုသော ဘုရားလောင်းသည်-

၂၀။ မိတ္တာ ပစ္စရိဗျူဠ္ဠံ၊ ဏဟံ ဝန္ဒေ ရထေသဘာ၊
ဥဒ္ဓဇိဿာမ ဟံ ဏာဂ၊ တံ ဒေဝါ အနုမညတု·

ဟူသော ရွှေဦးစွာသော ဤဂါထာကိုဆို၏။

၂၀။ ရထေသဘ၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော။ ဏာ၊ ခမည်းတော်မင်းကြီး။ မိတ္တဿမစ္စပရိဗျူဠ္ဠံ၊ ချစ်သော

www.dhammadownload.com

ဏမတ်အပေါင်းခြံရုံသေဒ ခမည်းတော်မင်းကြီးကို၊ အဟံ၊ အကျွန်ုပ်သည်။ ဝဓန္ဒ၊ ရှိခိုးပါ၏။ အဟံ၊ အရှင်မင်းကြီးသည်း အနုမညတု၊ ခွင့်ပြုတော်မူပါဒလဉ့်။

ခွင့်မပေးနိုင်

ထိုအခါ၌ မင်းသားကို မြစ်တားလိုသော မင်းကြီးသည်-

၇၁။ သဒေ ဧတဉ်နကာဒမဟိ၊ အဟံ ဝ ပူရယာမိ တေ။
ယော တံ ဟိံသတိ ဝါဒရမိ၊ မာ ပဇ္ဇ ယုဓဇ္ဇယ-

ဟူသော နှစ်ခုမြောက်သော ဂျိုဂါထာကို ဆို၏၊

၇၁။ ပုတ္တ၊ ချစ်သား၊ သဒေ၊ အကယ်၍။ ကာမေမဟိ၊ ကာမဂုဏ်တို့ဖြင့်၊ တေ၊ သင်ချစ်သား အား၊ ဉီနံ၊ ယုတ်အံ့။ အဟံ၊ ငါသည်။ တေ သင်ချစ်သားအား၊ ပူရယာမိ၊ ပြည့်စေအံ့။ ယော၊ အကြင်သူသည်။ တံ၊ သင်ချစ်သားကို၊ ဟိံသတိ၊ ညှဉ်းဆဲအံ့။ တံ၊ ထိုညှဉ်းဆဲသောသူကို၊ ဓါရေမိ၊ မြစ်အံ့၊ ယုဓဇ္ဇယ၊ ငါ့သား ယုဓဇ္ဇယ။ မာ ပဇ္ဇ၊ ရဟန်းမပြု ပါလင့်၊

ရဟန်းပဲပြုလိုပါသည်

ထိုစကားကို ကြား၍ မင်းသားသည်-

၇၂။ နမတ္ထိ ဉီန ကာဓေဟိ၊ ဟိံသိတာ မေ နဝိဇ္ဇတိ၊
ဒီပဇ္ဇ ကာတုမိစ္ဆာမိ၊ ယံ ဇရာ နာဘိကီရတိ-

ဟူသော သုံးခုံမြောက်သော ဂျိုဂါထာကိုဆို၏။

၇၂။ တာတ၊ ဖခင်။ မေ၊ အကျွန်ုပ်အား၊ ကာမေမဟိ၊ ကာမဂုဏ်တို့ဖြင့်။ ဉီနံ၊ ယုတ်ခြင်းသည်။ နအတ္ထိ၊ မရှိပေ။ မေ၊ အကျွန်ုပ်အား၊ ဟိံသိတာ၊ ညှဉ်းဆဲသောသူသည်လည်း၊ နဝိဇ္ဇတိ၊ မရှိပေ။ ယံ ဒီပံ၊ အကြင်တည်ထုကျွန်းကို။ ဇရာ၊ အိုခြင်းသည်း နာဘိကီရတိ၊ မဖျက်ဆီးနိုင်၊ တံ ဒီပဇ္ဇ၊ ထိုတည်ထုကျွန်းကိုသာလျှင်။ ကာတုံ၊ ပြုခြင်းငှာ၊ ဣစ္ဆာမိ၊ အလိုရှိပါ၏။

www.dhammadownload.com

ထိုသို့ ဆဖန်တလဲလဲ မင်းသားသည် ရဟန်းဆဖြစ်ကို မတောင်းပန်၏။ မင်းသည် "ရဟန်းမပြုလင့်" ဟု မြစ်၏။ ထိုဆင်းကြောင်းကို ထင်စွာပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၃၃။ ပုတ္တော ဝါ ပိတရံ ယာစေ၊ ပိတာ ဝါ ပုတ္တံ ဓမာရသံ· ဟူသော ထဲက်ဝက်သော ဂျိဂါထာကို ဟောတော်မူ၏။

၃၃။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုဆခါ၌။ ပုတ္တော၁ဝါ၊ သား သည်လည်း။ ပိတရံ၊ ဆဘကို၊ ယာစေ၊ တောင်းပန်၏။ ပိတာ ဝါ၊ဆဘ သည်လည်း၊ သြရသံ၊ မင်၌ဖြစ်ခသား၊ ပုတ္တံ၊ သားကို။ ယာစိ၊ တောင်း ပန်၏။

ထိုမှကြွင်းသော·

ဓနဂဓမော တံ ယာဒစ တာတ၊ မာ ပဗ္ဗဇ ယုဓဋ္ဌယ· ဟူသော ထဲက်ဝက်သော ဂျိဂါထာကို မင်းသည် ဆို၏။

တာတ၊ ဆခမာဒ်။ တံ၊ ထိုငါ့သားကို၊ ဓနဂဓမော၊ နိဂုံးသူဆခပါဒ်၊ ထည့်၊ ယာစေ၊ တောင်းပန်၏။ ယုဓဋ္ဌယ၊ ငါ့သား ယုဓဋ္ဌယ၊ တူ၊ ဆင်သည်၊ မာ ပဗ္ဗဇ၊ ရဟန်းမပြုလင့်၊

ရဟန်းပဲပြုပါရစေ

မင်းသားသည် တစ်ဖန်လည်း-

၃၄။ မာ မံ ဒဓ နိဝါဓရဟိ၊ ပဗ္ဗဇန္တံ ရတေသဘ၊
မာ မံ ကာဓေဟိ သမ္မဇ္ဇတ္တာ၊ ဇရုယ ဝသ မန္ဝဂူ·

ဟူဆသော ဝါးခုမြောက်သော ဂျိဂါထာကို ဆို၏၊

၃၄။ ရထေသဘ၊ ရာဇားစီးချင်း၊ ငင်းတကဲ့တို့ထက် မြတ်သော ဒဓဝ၊ ခမည်းတော်မင်းကြီး၊ မံ၊ အကျွန်ုပ်ကို။ တံ ပဗ္ဗဇံ၊ ထိုရဟန်းပြုခြင်း ကို၊ မာနိဝါဓရဟိ၊ မမြစ်ပါလင့်၊ မံ၊ အကျွန်ုပ်ကို၊ ကာဓမဟိ၊ ကာဓမဂုဏ် တို့ဖြင့်၊ မာ သမ္မဇ္ဇတ္တာ၊ မယစ်မူးပါဒစလင့်။ ဇရုယ၊ အို၌ခြင်း၏။ ဝသံ၊ နိုင်ငံသို့။ မန္ဝဂူ၊ အစဉ်တစိုက်လိုက်ရသည်။ မာ ဟောမိ၊ မဖြစ်ဆစလင့်၊

မယ်တော်ပါတားမြစ်

ဤသို့ မင်းသားဆိုသည်ရှိသော် မင်းကြီးသည် စကားဆိုထူမရဖြစ်၏။ ထိုမင်းသား၏အမိဖြစ်သော မိဖုရားကြီးသည် "သားတော်ကား၊ ရဟန်း

www.dhammadownload.com

ဏာပြစ်ကို ခွင့်တောင်း၏''ဟုကြား၍ ''သင်တို့သည် အသို့ဆိုကုန်သနည်း ဟု အာသင်္ကမရှုနိုင်သော မျက်နှာဖြင့် ရှေထမ်းစင်၌နေ၍ လျင်စွာ တရားစီရင်ရာ လွှတ်ဦးသဘင်သို့သွား၍ တောင်းပန်လိုရာ၏။

၂၅။ အဟံ တံ တာတ ယာစာမိ၊ အဟံ ပုတ္တ နိဝါရယေ။
စိရန္တံ ဒဋ္ဌုမိစ္ဆာမိ၊ မာ ပဇ္ဇ ယုဓဉ္ဇယ။

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကိုဆို၏။

၂၅။ တာတ၊ အမောင်ငါ့သား။ တံ၊ သင်ငါ့သားကို။ အဟံ သည်။ ယာစာမိ၊ တောင်းပန်ပါ၏။ ပုတ္တ၊ ချစ်သား။ အဟံ၊ ငါသည်။ နိဝါရယေ၊ တားမြစ်၏။ တံ၊ ငါ့သားကို။ စိရံ၊ မြင့်ရှည်စွာ၊ ဒဋ္ဌုံ၊ မြင်ခြင်းငှာ၊ ဣစ္ဆာမိ၊ အလိုရှိ၏။ ယုဓဉ္ဇယ၊ ဝါသား ယုဓဉ္ဇယ။ မာ ပဇ္ဇ၊ ရဟန်းမပြုပါလင့်။

မတားပါနှင့် မယ်တော်

ထိုစကားကိုကြား၍ မုဉ်းသားသည်-

၂၆။ ဥဿဝေါ ဝ တိဏဂ္ဂမ္ပိ၊ သူရိယုဂ္ဂမနံ ပတိ။
ဇဝမာယု မနုဿာနံ၊ မာ မံ အမ္မ နိဝါရယ။

ဟူသော ခုနစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂၆။ အမ္မ၊ မိခင်။ သူရိယုဂ္ဂမနံ၊ နေထွက်သည်ရှိသော်၊ တိဏဂ္ဂမ္ပိ၊ မြက်ဖျားခွံ၊ ဥဿာဝေါ၊ ဆီးနှင်းပေါက်သည်။ ပတိုဂ္ဂေါ၊ ကျသကဲ့သို့၊ ဇဝံ၊ ဤအတူ၊ မနုဿာနံ၊ သူတို့၏။ အာယု၊ အသက်သည်။ အပ်ံ၊ နည်း၏။ မံ၊ အကျွန်ုပ်ကို။ မာ နိဝါရယ၊ မမြစ်ပါလင့်။

ဤဂါထာ၏ အဓိပ္ပာယ်ကား ''မိခင် မြက်ဖျားခွံဆီးနှင်းပေါက်ဘည် နေထွက်သည်ရှိသော် တည်ခြင်းငှာ မဘတ်နိုင်၊ မြေခွံကျသကဲ့သို့ ဤအတူ ထိုသတ္တဝါတို့ အသက်သည် တို၏။ အခိုက်အတန့် တစ်ခဏ သာတည်း၊ မြင့်ရှည်စွာမတည်၊ ဤသို့သဘောရှိသော လူတို့၏ နေရာ၌ အဘယ့်ကြောင့် မခင်သည် မြင့်ရှည်စွာ အကျွန်ုပ်ကို မြင်ချင်ဘိသနည်း၊ အကျွန်ုပ်ကို မတားမြစ်ပါလင့်'' ဟုဆိုလိုသည်။

www.dhammadownload.com

မယ်တော်ကို ခေါ်သွား ပါ

ဤသို့ဆိုလေသော်လည်း ထိုမယ်တော်သည် အဖန်တလဲလဲ တောင်းပန်သည်သာတည်း။ ထိုနောင်မှ ဘုရားလောင်းသည် ခမည်းတော်ကိုခေါ်စေလိုၗ်-

၂၇။ တရစဉ်နော ဣမံ ယာနံ၊ အာဒာယပေတု ရဉ်ဝေထသဘ။ မာ မေ မာတာ တဝန်္ဆဿ၊ အန်္ဆထုယ ကရု အဟု-ဟ္မာသော ရွှင်ခုမြောက်သော ဤဂါထာကိုဆို၏။

၂၇။ ရဉ်ဝေထသဘ၊ ရထားစီးချင်း မင်းတကဒ်တို့ထက် မြတ်သော ဖခင်၊ ဣမံ၊ ဤမယ်တော်ကို။ တရမာနော၊ အဆောတလျင်။ ယာနံ၊ ယာဉ်သို့။ အာဒာပေတု၊ တင်စေလော့။ မာတာ၊ မယ်တော်သည်၊ တရန်္ဆဿ၊ ခရီးခဲကို ကူးသော၊ မေ၊ အကျွန်ုပ်၏။ အန်္ဆထုယကရု၊ အန်္ဆထုယ်ကို ပြုတတ်လည်။ မာ အဟု၊ မဖြစ်စေလင့်၊

ထိုဂါထာ၏ အဓိပ္ပာယ်ကား ''ရထားစီးချင်း မင်းတကဒ်တို့ထက် မြတ်သော ဖခင်...အကျွန်ုပ်၏ မယ်တော်ကို လျင်မြန်သော ယောဂျိုးသည် ရွှေထဲမ်းစင်ဦ် တင်စေလော့၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြပ်း, ဆေခြင်းတည်းဟူသော ခရီးခဲကိုကူးသော အကျွန်ုပ်၏ အန်္ဆထုယ်ထို့ မယ်တော်သည် မပြုပါစေလင့်'' ဟု ဆိုလိုသည်။

မယ်တော်ငိုကြွေးရပြီ

ဤ မင်းကြီးသည် ထားတော် စကားကိုကြား၍ ''မိဖုရားကြီး...သွားလော့၊ သင်၏ ယာဉ်ဦးနေ၍ ရတို့ဝစုန ပြာသာဒ်သို့ တက်လော့'' ဟု ဆို၏။ ထိုမိဖုရားကြီးသည် မင်း၏ စကားကိုကြားလျင် တည်တံ့ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ မောင်းမအစပါင်း ခြံရံလျက် ပြာသာဒ်သို့တက်၍ ''ဆာတော်အကြောင်းကား အသို့နည်း'' ဟု လွှတ်တော်ကို ကြည့်လျက်ရပ်၏။ ဘုရားလောင်းသည် အမိ၏ သွားသောအခါဦး ခမည်းတော်ကို တစ်ဖန် တောင်းပန်၏။ မင်းကြီးလည်း တားမြစ်ခြင်းငှာ မတတ်နိုင်၍ ''ချစ်သား...သွားလိုသော် သင်၏စိတ်ကို အပြီးသို့ရောက်စေ၍ ရဟန်းပြုလော့'' ဟု ခွင့်ပြု၏။ မင်းခွင့်ပြုသောအခါ ဘုရားလောင်းဆည် ညီတော်ဖြစ်သော ယုဓိလ မင်းသားသည် ဆာဘကို ရှိခိုး၍ ''ဖခင်...အကျွန်ုပ်ဆာ၊

www.dhammadownload.com

ဇည်း ရဟန်းအဖြစ်သို့ အခွင့်ပြုတော်မူပါလော့''ဟု တောင်းပန်၍ ခွင့်ပြုလျှင် ညီနောင်နှစ်ယောက်တို့သည် အဘကို ရှိခိုး၍ ကာမဂုဏ်တို့ကိုပယ်စွန့်၍ လူမျှအများပါင်း ခြံရံလျက် ရွှေလွှတ်တော်မှထွက်ကုန်၏။ မယဒေဝီမဟုဏ်းလည်း ဘုရားလောင်းကိုကြည့်၍ ''ငါ့သားသည် ရဟန်း ပြုပြီးသော် ရမ္မမြို့သည်ကို ဆိတ်ညံလတ္တံ့'' ဟု ငိုကြွေးလိုရာဇား-

၂၈။ အဘိဓာဝထ ဘဒ္ဒန္တေ၊ သုညော ဟေဿတိ ရမ္မကော။
ယုဓဉ္ဇယော အနုညာတော၊ သမ္မဒါဒ္ဓတ္တောန ထုဇိနာ။

၂၉။ ယော ဟု သေဋ္ဌော သဟဿဓနံ၊ ယုဝါ ကဉ္ဇန သန္နိဘော။
သောယံ ကုမာရော ပဗ္ဗဇိတော၊ ကာသာယ ဝသနော ဗလီ-

ဟူသော နှစ်ခုကုန်သော ဤဂါထာကိုဆို၏။

၂၈။ ဘော်ဓန္တော်နှစ်ရိယော၊ အို မောင်းမတို့။ တုဓမ္မ၊ သင်တို့သည်။ အဘိဓာဝထ၊ လျင်စွာ ပြေးကြကုန်။ တေ၊ ရွှင်မင်းကြီးအား။ ဘဒ္ဒ်၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်စေသဘည်း။ ဣတိ၊ ဤသို့။ ဝဒေထ၊ ဆိုကြပါလျက်။ ဆမ္မဒတ္တောန၊ သမ္မဒတ္တ အာဉ်ရှိသော။ ထုဇိနာ၊ မင်းသည်။ ယုဓဉ္ဇယော၊ ငါ့သား ယုဓဉ္ဇယကို။ အနုညာတော၊ ခွင့်ပြုလိုက်ခဲ့ပြီ။ ရမ္မကော၊ ရမ္မမြို့သည်၊ သုညော၊ ဆိတ်ညံသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့တကား။

၂၉။ ယုဝါ၊ ပျိုနုစွာဖသော။ ကဉ္ဇနသန္နိဘော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော၊ ယော ကုမာရော၊ အကြင်မင်းသားသည်။ သဟဿာနံ၊ သား၀တ်ထောင်တို့၏။ သေဋ္ဌော၊ အကြီးဆုံးသည်။ အဟု၊ ဖြစ်၏။ ဗလီ၊ ခွန်အားရှိသော။ သော အယံ ကုမာရော၊ ထိုအကြီးဆုံးမင်းဘားသည်၊ ကာသာယဝသနော၊ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်လျက်နေသော နေခြင်းဖြင့်၊ ပဗ္ဗဇိတော၊ ရဟန်းပြုဖြစ်တကား။

ထိုဘုရားလောင်းသည် မိဘတို့ကို ရှိခိုး၍ ညီတော်ဖြစ်သော ယုဓိဋ္ဌိလမင်းသားကိုယူ၍ မြို့မှထွက်၍ လူအများကိုပြန်စေ၍ ညီနောင်နှစ်ယောက်တို့သည် ဟိမဝန္တာသို့ဝင်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော အရပ်၌ ကျောင်း

၈၊ ၁၀၂-၅၅တွဲတ-တွဲ)

www.dhammadownload.com

သခ်ၤမ်း ဆောက်လုပ်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် တောသစ်မြစ် တောသစ်သီး ဆေစရိုသည်တို့ဖြင့် အသက်ထက်ဆုံးမျက္ခုန်၍ ပြဟ္မာပြည်သို့ လည်းလျောင်းကုန်၏။

ထိုဆင်ကြောင်းကို ဘုရားဖြစ်ပြီး၍ အဆုံးဌ် သဗ္ဗညုမြတ်စွာဘုရားသည်-

၈၀။ ဥဒေဘာ ကုံမာဇာ ပဗ္ဗဇိတာ၊ ယုဓဋ္ဌးယာ ယုဓိဋ္ဌိလော၊
ပဟာယ မာဒ္ဒာ ပိတရော၊ သင်္ဃံ ဆေတ္ဝာန မစ္စုနော-

ဟူသော ဂျိုဂါထာဖြင့် ပြတော်မူ၏။

၈၀။ ဘိက္ခဝေ၊ ရဟန်းတို့၊ ယုဓဋ္ဌေယာ စ၊ ယုဓဋ္ဌယမင်းသားသည် လည်းကောင်း။ ယုဓိဋ္ဌိလော စ၊ ယုဓိဋ္ဌိလမင်းသားသည် လည်းကောင်း။ ဥဒေဘာ၊ နှစ်ပါးကုန်သော။ ကုမာဇာ၊မင်းသားတို့သည်၊ မာတာပိတရော၊ မိဘတို့ကို၊ ပဟာယ၊ စွန့်၍။ မစ္စုနော၊ မစ္စုမာရ်၏။ သင်္ဃံ၊ ထို၊ ဒေါသမောဟဟူသော ကမ်ပြိုခြင်းကို၊ ဆေတ္ဝာန၊ ဖြတ်၍၊ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကိုဆောင်၍ သစ္စာတို့ကို ပြတော်မူ၍ "ရဟန်းတို့...ယခုမှုသာလျှင် တေဇဏ်မှကို ပြုသည်မဟုတ်၊ ရှေးဌ်လည်း ငါဘုရားသည် မင်းဆိုဖြစ်ကို စွန့်ပစ်ခဲ့ရှောင်၍ ရဟန်းပြုဖူးသည်သာတည်း" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါဌ် မယ်တော်ခမည်းတော်တို့သည် မြတ်သောသာကီဝင် မင်းမျိုးတို့သည် ဖြစ်လာကုန်၏။ ယုဓိဋ္ဌိလမင်းသားသည် ဆာနန္ဒာ ဖြစ်လာ၏။ ယုဓဋ္ဌယမင်းသားသည် ငါဘုရားဖြစ်တော်မူလာ၏၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(အိုနာ သေးဘုး၊ လာမည်ခေး၊ ကြံတွေး ကြောက်သင့်စွာ။)

ကောဒသကနိပါတ်ကျမ်းဌ် ခြောက်ခုမြောက်သော ယုဓဋ္ဌယဇာတ်သည် ပြီး၏။

၇-ဒသရထဇာတ်

တည်ကြည် ဖြောင့်မတ်သော ရာဇမင်းအကြောင်း

ဟေဒတော်မူရာဌာန။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ဌ် သီတင်း

www.dhammadownload.com

သုံးနေကောင်မှသည်ရှိခဲသော် အဘခသသေ့ တစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ "ဧထံ လက္ခဏ သီတာဒ" အစရှိသော ဂါထာပုဒ်ဖြင့် တံနှံဆာဆင်အပ်သော ဤဒဿရထဇာတ်ကို ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားကို ခွဲ.ဦးအံ့-ထိုသူကြွယ်သည် အဘသေသည် ရှိသော် စိုးရိမ်ခြင်း နှိပ်စက်ခံသည်ဖြစ်၍ အလုံးစုံသော ကိစ္စတို့ကို စွန့်၍ နေ၏။

သမ္မာသမ္ဗုဒ္ဓဘုရားသည် မိုးသောက်ထအခါ၌ လေဒကို ကြည့်တော်မူလတ်သော ထိုသူကြွယ်၏ အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းအလို.ငှခ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သော် ရဟန်းတို့ကို လွှတ်တော်မူ၍ တစ်ယောက်သော် နောက်ပါရဟန်းကိုခေါ်၍ ထိုသူကြွယ်အိမ်သို့ ကြွတော်မူ၍ ရှိခိုး၍နေသောသူကြွယ်တို့ သာယာစွာသောစကားဖြင့် ဝေါတော်မူ၍ "ဥပသကာ.... စိုးရိမ်သလော" ဟု မေးတော်မူ၏။ "အရှင်ဘုရား_စိုးရိမ်သည်မှန်ပေ၏။အဘ၌ စိုးရိမ်ခြင်းသည် အကျွန်ုပ်ကို နှိပ်စက်၏" ဟု နားတော် ခံလျှောက်ပေ၏။ "ဒါယကာ_ရှေးပညာရှိတို့သည် လောကခံဘရား ရှစ်ပါးတို့ကို ဟုတ်မှန်သောအားဖြင့် သိကုန်သည်ဖြစ်၍ အဘသေလွန်လတ်သော် အနည်းငယ်မျှတည်းသော စိုးရိမ်ခြင်းကို မပြုကုန်" ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဒဿရထမည်သော မင်းကြီးသည် အဂတိလေးပါးသို့ လိုက်ခြင်းကိုစွန့်၍ တရားနှင့်အညီ မင်းပြု၏။ ထိုမင်းအား တစ်သောင်းခြောက်ထောင်သော မောင်းမတို့၏ အကြီးဖြစ်သော မိဖုရားသည် သားနှစ်ယောက်တို့ကိုသည်းကောင်း, သမီးတစ်ယောက်ကိုလည်းကောင်း ဖွားမြင်၏။ သားကြီးသည် ရာမသုခမိန် မည်၏။ နှစ်ယောက်မြောက်သောသားသည် လက္ခဏမင်းသား မည်၏။ သမီးတော်သည် သီတာ့မင်းသမီး မည်၏။

အခါတစ်ပါး၌ မိဖုရားကြီးသည် သေလွန်ခဲ့၏။ မင်းသည် ထိုမိဖုရားကြီးသေခြင်းကြောင့် အလွန်ရှည်မြင့်စွာ စိုးရိမ်ခြင်းနှိုင်ငံသို့ လိုက်၍ အဓမ္မတို့သည် သိုးစအပ်သည်ဖြစ်၍ ထိုမိဖုရားကြီးအား ပြုအပ်ဆောက်အပ်သည်ကိုပြု၍ မင်းလမိးတစ်ယောက်ကို မိဖုရားကြီးအထား၌ ထား၏။

www.dhammadownload.com

သားထွေးကို မင်းဖြစ်စေလို

ထိုမိဖုရားကြီးကို မင်းသည် အလွန်ချစ်နှစ်သက်၏။ ထိုမိဖုရားသည်လည်း အခါတစ်ပါးဦ့ ကိုယ်ဝန်ယူ၍ ရအပ်သော ကိုယ်ဝန်၏ စေ့ငှဉ် ရှောက်ခြင်း ရှိသည်၏ အဖြစ်ကြောင့် သားကို ဖွားမြင်၏။ ထိုသားအား "ဘရတမင်းသား" ဟူသော အမည်ကို မှည့်ကုန်၏။ မင်းကြီးလည်း သားဦ့ချစ်သဖြင့် "မိဖုရား...သင်အား ဆုကို ငါပေး၏၊ ယူလော့" ဟု ထို၏။ မိဖုရားသည် ယူသည်ကို ပြု၍ ထား၏။ မင်းသား၏ ခုနစ်နှစ် ရှစ်နှစ်ရှိသော အခါဦ့ မင်းသို့ကပ်၍ "မင်းကြီး....ရှင်မင်းကြီးသည် ကျွန်ုပ်၏ သားအား ဆုကို ပေးတော်မူ၏၊ ယခုအခါဦ့ ထိုကျွန်ုပ်၏သားအား ဆုကို ပေးတော်မူလော့" ဟု ဆို၏။ "မိဖုရား...ယူလော့" ဟု ထိုလတ်သော် "အရှင်မင်းကြီး...အကျွန်ုပ်၏ သားအား မင်းအဖြစ်ကို ပေးပါလော့" ဟု ထိုလတ်သော် မင်းသည် လက်ဖျစ်တီး၍ "ဟယ် သူယုတ်မ...ပျက်ဆေးလော့၊ ငါ၏ သားတော်နှစ်းယောက်တို့သည် မိုးပုံကြီးကဲ့သို့ ထွန်းတောက်ပကုန်၏၊ ထိုငါ့သားနှစ်ယောက်တို့ကို သတ်စေ၍ နှင့်သားအား မင်းအဖြစ်ကို တေ့ငင်းဘိ၏" ဟု ခြိမ်းခြောက်၏။ ထိုမိဖုရားသည် ကြောက်၍ ကျွတ်သရဖိုက်ခန်းကိုဝင်၍ တစ်ပါးသော နွေဦ့လည်း အဖန်တလဲလဲ မင်းအဖြစ်ကိုသာလျှင် တေ့ငင်း၏။

သားကြီးတို့ကို တောသို့ပို့

မင်းကြီးသည် ထိုမိဖုရားအား ထိုဆုကို ခပေးမူ၍လျှင် ကြံ၏။ "မိန်းမသည်ကား သူ့ကျေးဇူးကို မသိဘတ်၊ ခင်ပွန်းပြစ်မှားတတ်၏၊ ဤမိဖုရားသည် ငါ၏ သားတော်တို့ကို တောက်ကျစ်သော ပဏ္ဏာကာရကိုလည်း ထောင်း, ကောက်ကျစ်သော တံစိုးလက်ဆောင်ကို လည်းကောင်း ပြု၍ သတ်ရာ၏" ဟု ကြံ၍ ထိုမင်းသည် သားတို့ကိုခေါ်၍ ထိုအကြောင်းကို ကြား၍ "ငါ့သားခင်တို့....သင်တို့အား ဤပြည်ဦ့ နေသည်ရှိသော် အန္တရာယ်ဖြစ်ရာ၏၊ ငါ့သားတော်တို့သည် ရွာတစ်ပါးသို့လည်းကောင်း, တောသို့လည်းကောင်း သွား၍ ငါသေသောအခါဦ့ လာ၍ အဘအမွေဖြစ်သော မင်း၏အဖြစ်ကို ယူကြကုန်" ဟု ဆို၍ တဧဖန် နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ကိုခေါ်၍ မိမိ၏ အသက်အပိုင်းအခြားကို မေး၍ "တစ်ဆယ့်နှစ်နှစ်သာ အသက်ရှည်လတ္တံ့" ဟု ကြား၍ "ငါ့သားတော်

www.dhammadownload.com

တို့...ကျွန်ုပ်မှ တစ်ဆယ့်နှစ်နှစ် လွန်သဖြင့် လာ၍ ထီးဖြူကို ဆောင်းကြကုန်'' ဟု ဆို၏။

မောင်နှမ ၃-ဦး ထွက်ခွာကြ

ထိုသားတော်တို့သည် ''ကောင်းပြီ'' ဟု အဘကို ရှိခိုးလျက် ငိုကုန်လျက် ပြာသာဒ်မှ သက်ဆင်းကုန်၏။ သိတာမင်းသမီးသည် ''အကျွန်ုပ်သည် မောင်တော်တို့နှင့်တကွ လိုက်ပါအံ့'' ဟု အဘကို ရှိခိုး၍ ငိုကြွေးလျက် ထွက်၏။ မင်းသုံးပါးတို့သည် မျှားစွာသော အခြံအရံရှိကုန်သည် ဖြစ်၍ ထွက်ကြကုန်၍ လူမျှားတို့ကို ပြန်စေ၍ အစဉ်သဖြင့် ဟိမဝန္တာသို့ ဝင်ကုန်၍ ပြည့်စုံသော ရေရှိသော ရလွယ်သော သစ်သီးကြီးငယ်ရှိသော တောအုပ်၌ ကျောင်းသစ်မ်း ဆောက်လုပ်၍ သစ်သီးကြီးငယ်ဖြင့် မျက်နှာလျက် နေကြကုန်၏။ လက္ခဏပဏ္ဍိတ သုခမိန်သည်လည်းကောင်း သိတာဒေဝီသည်လည်းကောင်း ထုမသုခမိန်ကို တောင်းပန်၏။ ''နှောင်တော်တို့ထည် အကျွန်ုပ်တို့၏ အဘအရာ၌ တည်ကုန်၏၊ ထို့ကြောင့် ကျောင်း၌သာလျှင် နေကုန်းဆဲဝ့်၊ ကျွန်ုပ်တို့သည် သစ်သီးကြီးငယ်ကို ဆောင်ယူ၍ နှောင်တော်ကို လုပ်ကျွေးပါအံ့'' ဟု ဝန်ခံကုန်၏။ ထို့နောက် ထုမပဏ္ဍိတ်ထည် ထိုးကျောင်း၌သာ နေ၏။ ထုမသုခမိန်မှ တစ်ပါးကုန်သော မောင်နှမနှစ်ယောက်တို့သည် သစ်သီးကြီးငယ်ကို ဆောင်ယူ၍ ထိုထုမသုခမိန်ကို လုပ်ကျွေးကြကုန်၏။

မင်းကြီးကံကုန်

ထိုမင်းသုံးပါးတို့သည် သစ်သီးကြီးငယ်ဖြင့် မျှနေကြကုန်စဉ် ဒဿရထမင်းကြီးသည် သားတော် သမီးတော်တို့၌ စိုးရိမ်သဖြင့် ကိုးနှစ်မြောက်၌ လွန်စေ၏၊

သားထွေး တောသွား အကြောင်းကြား

ထိုမင်း၏ သင်္ဂြိဟ်ခြင်းကိစ္စကို ပြုစေ၍ မိဖုရားကြီးသည် ''မိမိ၏သံ့ဝ်း ဖြစ်သော ဘရတမင်းသားအား ထီးဖြူကို ဆောင်နှင်းကုန်လော့ဟု ဆို၏၊ အမတ်တို့သည် ''ထီးနန်းရှင်တို့တော် တောင်၌သာ ရှိကုန်၏'' ဟု ဆိုကုန်၍ စေပေးကုန်။ ဘရတမင်းသားသည် ''ငါ၏ နှောင်တော်ဖြစ်သော ထုမ

www.dhammadownload.com

သုခမိန်ကို တောမှဆောင်၍ ထီးဖြူကို ဆောင်းစေအံ့''ဟု မင်းမြွောက်တန်ဆာ ငါးပါးတို့ကိုယူ၍ ဈာဂ်ါလေးပါးရှိသော စစ်သည်ဖြင့် ထိုရာမသုခမိန်၏ နေရာသို့သွား၍ မနီးမဝေးဌာ သစ်တပ်တည်၍ ထိုသစ်တပ်၌နေ၍ နှစ်ယောက် သုံးယောက်ကုန်သော အမတ်တို့နှင့်တကွ လက္ခဏာသုခမိန်၏ သည်းကောင်း, သီတာဒေဝီ၏ လည်းကောင်း တောသို့ သွားသော ဆောခါဌ် ကျောင်းသခ်မ်းသို့ဝင်၍ ကျောင်းသခ်မ်းတံခါးဌ် ထားအပ်သော ရွှေဆင်းတုကဲ့သို့ ရုံ့ ရှားခြင်း မရှိဘဲ ချမ်းသာစွာနေသော ရာမသုခမိန်သို့ကပ်၍ ရှိခိုး၍ တင့်အပ်သောအရာဌ် တည်လျက် မင်း၏ ဆင်ကြောင်းကို ကြား၍ အမတ်တို့နှင့်တကွ ခြေတို့ဌ် ဝပ်၍ ငိုး၏။ ရာမသုခမိန်ကား မစိုးရိမ်မငိုကြေး။ ထိုရာမသုခမိန်အား ဣန္ဒြေ၏ ဖောက်ပြန်ခြင်းသည် မဖြစ်။

ညီနှင့် နှမတို့ကို ပြောပြပုံ

ဘရတမင်းသားကား ငိုပြီး၍ နေသောအခါဝယ် ညချမ်းသောဆောခါဌ် ရာမသုခမိန်မှ တစ်ပါးကုန်သော မောင်နှမ နှစ်ယောက်တို့သည် သစ်သီးကြီးငယ်ကို ယူ၍ လာကုန်၏။ ရာမသုခမိန်သည် ကြံ၏။ ''ငါ့ညီ, ငါ့နှမတို့သည် ငယ်ကုန်၏၊ ဤငါ့ညီ ငါ့နှမတို့အား ငါကဲ့သို့ အဆင်ဆခြင်အသိမ်းအဆည်း ပညာသည် မရှိကြ၊ သင်တို့၏ ခမည်းတော်သည် သေခဲ့၏''ဟု အဆောတလျင်ပြောဆိုသည်ရှိသော် စိုးရိမ်ခြင်းကို တည်တံ့စေခြင်းငှာ မတတ်နိုင်ကုန်သည် ဖြစ်၍ ထိုငါ့ညီ, ငါ့နှမတို့၏ နှလုံးသည် ကဲ့ရာ်၏ တကား၊ ဥပါယ်တံမျဉ်ဖြင့် ထိုသူတို့အား ဒရသို့ သက်ဆင်းစေ၍ ဤကြောင်းကို ကြားအံ့''ဟု ကြံ၏။ ထိုသို့ ကြံပြီး၍ ထိုနှမောင်နှမ နှစ်ယောက်တို့၏ ရှေ့မှ ရေကန်တစ်ခုကိုပြု၍ ''သင်တို့သည် အလွန်ကြာမှ လာကုန်၏၊ သင်တို့ဖား ဤသို့ ဒဏ်ခပေးခြင်းသည် ဖြစ်စေလော့၊ ဤရေဖန်သို့ သက်ဆင်း၍ တည်ကြကုန်''ဟု ဒဏ်ခပေးလိုရကား-

ဂ၁။ ဆေ လက္ခဏ သီတာစ၊ ဥဒဘာ သြတ္တရထောဒက်-
ဟူသော ထက်ဝက်သော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဂ၁။ ဘောန္တော လက္ခဏသီတာ၊ အို လက္ခဏ, သီတာတို့၊ ဆေ၊ လာကြကုန်။ ဥဒဘာ၊ နှစ်ယောက်ကုန်သော သင်တို့သည်၊ ဥဒကံ၊ ရေကန်သို့၊ သြတရထ၊ သက်ဆင်းကြကုန်။

www.dhammadownload.com

ထိုမောင်နှမ နှစ်ယောက်တို့သည် တစ်ခုန်းတည်းဟော စကားဖြင့် ရေကန်သို့ သက်ဆင်းကြကုန်၏။ ထိုအခါ ထိုသူ နှစ်ယောက်တို့အား ခမည်းတော်၏ အကြေင်းကို ကြားလိုသော ဆုမပတ္ထိတသည်-

ဧဝါယံ ဘရတော အာဟ၊ ဆုဇ်ခ ဒသရထော မတော-ဟူဆော ကြွင်းသော ထက်ဝက်သော ဤဂါထာကို ဆို၏။

ဒသရထော၊ ဒသရထ အမည်ရှိသော၊ ဆုဇာ၊ ခမည်းတော်မင်းကြီးသည်။ မတော၊ နတ်ရွာလား၏။ ဧဝံ၊ ဤသို့။ အယံ ဘရတော၊ ဤဘရတ မင်းသားဆည်။ အာဟ၊ ဆို၏။

ထိုမောင်နှမ နှစ်ယောက်တို့သည် အဘ၏ နတ်ရွာလားကြောင်း စကား ကို ကြား၍ မိန်းမောကုန်၏။ တစ်ဖန်လည်း ထိုမင်းနှစ်ပါးတို့အား ပြောကြား၏။ တစ်ဖန်လည်း ထိုမင်းနှစ်ပါးတို့သည် မိန်းမောကုန်၏၊ ဤသို့လျှင် သုံးကြိမ်မြောက်အောင် မိန်းမောသော အဖြစ်သို့ ရောက်ကုန်သော ထိုမင်းနှစ်ပါးတို့ကို အမတ်တို့သည် ချီ၍ ရေမှ ထုတ်ဆယ်၍ သက်သာရာကို ရစေကုန်၏၊ ထိုအလုံးစုံသော သူတို့သည် အချင်းချင်း ငိုကြွေးမြည်တမ်းကုန်၏။

အဘယ် ကြောင့် မငိုသနည်း

ထိုအခါ ဘရတမင်းသားသည် ကြုံ၏။ "ငါ၏ နောင်တော်ဖြစ်သော လက္ခဏမင်းသားသည်လည်းကောင်း, နှမတော်ဖြစ်သော သီတာဒဝီသည်လည်းကောင်း ခမည်းတော်၏နတ်ရွာလားကြောင်း စကားကိုကြား၍လျှင် စိုးရိမ်ခြင်းကို တည်တံ့စေခြင်းငှာ မတတ်နိုင်ကြကုန်၊ နောတော် ဆုမ ပတ္ထိတသည်တား မစိုးရိမ် မငိုကြွေး၊ ထိုဆုမပတ္ထိတ၏ မစိုးရိမ်ခြင်း အကြောင်းကား အသို့နည်း၊ ထိုဆုမသုခမိန်ကို မေးအံ့" ဟု ကြုံ၍ ထိုဘရတမင်းသားသည် ထိုဆုမသုခမိန်ကို မေးလိုမူအစား-

၈၂။ ကေန ဆုမ ပဘာဝေန၊ သောစိတပ္ပံ နု သောစသိ။
ပိတရံ ဆဒလက််တံ သုတ္ဝာ၊ နု တံ ပဿဟတေ့ ဒုက္ခ

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

၈၂။ ထုမ၊ ထုဗဏမည်ရှိသော၊ ဒေဝ၊ အရှင်မင်းကြီး၊ ကန်-ပဘာဝေန၊ အဘယ်အာနုဘော်ကြောင့်၊ သေစိတဗ္ဗံ၊ စိုးရိမ်ဏပ်သည်ကို၊ နသောစသိ၊ ဓစိုးရိမ်သနည်း။ ပိတရံ၊ ဓမည်းတော်၏။ ကာလက်-တံ၊ နတ်ရွာလားသည်ကို။ သုတ္တာ၊ ကြား၍။ တံ၊ သင်နှောင်တော်ကို။ ဒုက္ခံ၊ စိုးရိမ်ခြင်း၊ ဆင်းရဲသည်။ ကထံ ကဲ့နည ကာရဏေန၊ အဘယ်အဖြောင့်းဖြောင့်။ နပသဟတေ၊ မနှိပ်စက်ဏပ်ဆနည်း။

မငိုခြင်း အကြောင်းများ

ထိုဏာခါ၌ ထိုဘရတမှင်းသားဏား ရာမသုခမိန်သည် မစိုးရိမ်ခြင်း အကြောင်းကို ပြောလိုရကား-

၈၃။ ယံ နသက္ကာနိပါလေတုံ၊ သောဃေန လုပတံ ဗဟုံ၊
သ ကိဿဝိညူ။ မေဓာဝီ၊ ဆတ္တာနု မုပတာပယေ။

၈၄။ ဒဟရာစ ဟိ ဝုဒ္ဓါစ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
အဆုံ့ာ ဧစဝ ဒွလိဒ္ဓါ စ၊ သဗ္ဗေ မစ္စုပရာယနာ။

၈၅။ ဖလာနမိဝ ပက္ကာနံ၊ နိစ္စံ ပတနတော ဘယံ၊
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

၈၆။ သာယ မေဂေ နဒိဿန္တိ၊ ပါဓေတာ ဒိဋ္ဌာ ဗဟူဇနဓ။
ပါဓေတာ ဧဓ နဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူ ဇနာ။

၈၇။ ဓိဒေဝဓမဓာနာ ဧဓ၊ ကိဉ္စိ ဒတ္ထံ ဥဒဗ္ဗဟေ။
သံမူဠ္ဟော ဟိ သ မ္တာနံ၊ ကယိရာ တံ ဝိစက္ခဏာ။

၈၈။ ကိဿော ဝိဝဇ္ဇော ဘဝတိ၊ ဟိ သ မတ္တာန မတ္တနော။
နာ တေန ပေတာ ပါလေန္တိ၊ နိရတ္ထာ ပရိဝေနာ။

၈၉။ ယထာ သရက မာဒိတ္တံ၊ ဝါရိနာဝ နိဗ္ဗာပယေ။
ဧဝမ္မိ ဓံရော သုတဝါ၊ မေဓာဝီ ပဏ္ဍိတော နရော။
ခိပ္ပ မုပ္ပတ္တိတံ သောကံ၊ ဝါဂေါ တူလံဝ မံသယေ။

၉၀။ မစ္စော ကော၀ အဇ္ဈဂတိ၊ ကော၀ ဇာယဓတ ကုလေ။
ယံယောဂ ပရမတ္တော၀၊ သမ္ဘောဂါ၊ သဗ္ဗပါဏိနံ။

၉၁။ တာသ္မာ ဟိ ဓီရသ ဗဟုဿုတဿ၊
သမ္မယ္ဟသဒ္ဓတာ လေခကမိမံ ပဋ္ဌ။
အညာယ ဓမ္မံ ဟဒယံ မနဋ္ဌ၊
သေဏော မဟန္တာပိ နတခယန္တိ။

www.dhammadownload.com

၉၂။ ဘောဟံ ယသဠ္ဟ ဘောဂဠ္ဟ၊ ဘရိယာပိ စ ဥတဒၚက။
တေသံ စ ပါလယိသာမိ၊ ကိစ္စံ မေတံ ဝိဇာနတော-
ဟန္ဒသာ ဤဆယ်ဂါထာကို ဆို၏။

သေကြရမှာချည်း

၈၃။ တာတဘရတ၊ ညီးထွး ဘရတ။ သောသေန၊ ခြောက်ထတ် ထဖြင့်။ ဗဟုံ၊ များစွာ။ လပတံ·လုပန္တာနံ၊ ငိုမြည်တမ်းသာသူတို့တွင်။ ဧကနပိ၊ တစ်ယောက်မျှသည်လည်း။ ယံ၊ အကြောင်း ဇိဝိတိန္ဒြေသည်၊ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဇိဝိတိန္ဒြေကို။ နိပါလေတုံ၊ စောင့်ခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်။ အထ၊ ထိုသို့ဖြစ်လျက်။ ကိဿ၊ အဘယ်ကြောင့်။ ဝိညူ၊ သိကြားလိမ္မာသော။ မေဓာဝိ၊ ပညာရှိသော။ သော၊ ထိုသူသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပတာပယေ၊ ပူပန်စေအံ့နည်း။

၈၄။ တာတဘရတ၊ ငါ့ညီဘရတ၊ ယေ ဒဟရာ စ၊ အကြင်သူငယ်တို့သည်လည်းကောင်း။ ယေဝုဒ္ဓါ စ၊ အကြင်ကြီးစွာတို့သည်လည်းကောင်း၊ ယေဗာလာ စ၊ အကြင်သူမိုက်တို့သည်လည်း ထောင်း။ ယေပဏ္ဍိတာစ၊ အကြင်ပညာရှိတို့သည်လည်းကောင်း၊ ယေအဓုာစေဝ၊ အကြင် ကြွယ်ဝထာ သူတို့သည်လည်းကောင်း။ ယေ ဒလိဒ္ဒါ စ၊ အကြင်သူဆင်းရဲတို့သည်လည်းကောင်း အတ္ထိ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံသော သူတို့သည်။ မစ္စုပရာယနာ၊ သေမင်းခံတွင်းဥလျင် လည်းလျောင်းရာရှိကုန်၏၊

ဖြစ်လျင်ပျက်မည်

၈၅။ ပက္ကာနံ၊ မှည့်ကုန်သော။ ပလာနံ၊ သစ်သီးတို့အား၊ နိစ္စံ၊ အမြဲ။ ပတနတော၊ ကြွေကျခြင်းမှ။ ဘယံ၊ ဘေးသည်။ ဟောတိ ဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇာတာနံ၊ ဖြစ်ကုန်သော။ မစ္စာနံ၊ သတ္တဝါတို့အား။ မရဏတော၊ သေခြင်းမှ။ နိစ္စံ၊ အမြဲ။ ဘယံ၊ ဘေးသည်၊ ဟောတိ၊ ဖြစ်၏။

နေ့မြင်ည့ပျောက်

၈၆။ ကဏိဋ္ဌ၊ ညီထွေ.အငယ်။ ပါတော၊ နံနက်မှ။ ဗဟူဇနဿ၊ များစွာကုန်သော သူတို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ တေသု၊ ထိုနံနက်၌

www.dhammadownload.com

မြင်သောသူတို့တွင်။ ဧကာ၊ ဆချို့သောသူတို့ကို။ သဒ္ဒယံ၊ ညဆခါ၌။ နဒိဿန္တိ၊ မမြင်ကုန်။ ဗဟူဇနာ၊ များစွာသောလူတို့ကို။ သဒ္ဒယံ၊ ညချမ်း ဆခါ၌။ ဒိဋ္ဌာ၊ မြင်ဆပ်ကုန်၏။ တေသု၊ ထိုညမြင်သော သူတို့တွင်။ ဧကော၊ ဆချို့သော သူတ်ကို။ ပါဟေဝ၊ နံနက်ဆခါ၌။ နဒိဿန္တိ၊ မမြင်ကုန်။ ဂ၇။ ဧစ၊ ဆတယ်၍။ ပရိဒေဝယမာနော၊ ငိုကြွေးသောသူသည်။ ဆတ္တာနံ၊ မိမိကိုယ်ကို။ ဟိ သံ-ဟိ သဒ္ဒော၊ ညဉ်းဆဲသည် ဖြစ်၍။ သံမူဠ္ဟော၊ တွေဝေသည်ဖြစ်၍။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ အတ္ထံ၊ အကျိုး စီးပွားကို။ ဉဒၢ၊ စင်စစ်။ ဆဒေဗဟေ-ဆာဝဓဟ ဆာဟရေယျ၊ ဆောင် ခြွေးအံ့။ တံ၊ ငိုကြွေးခြင်းကို။ စိစက္ခဏော၊ ပညာရှိသည်။ ကယိရာ၊ ပြုရာ၏။

ကိုယ်ကို မညှဉ်းဆဲ

ဂဂ။ ပရိဒေဝေန၊ ငိုသဖြင့်။ ဆတ္တနော၊ မိမိ၏။ ဆတ္တာနံ၊ ဆတ္တဘောကို။ ဟိ သံဟိ သဒ္ဒော၊ ညဉ်းဆဲသည်ဖြစ်၍။ ကိဿ၊ ကြုံလို့သည်။ ပိဝဏ္ဏော၊ အဆင်းမလှသည်။ ဘဝတိ၊ ဖြစ်၏။ တေန၊ ထိုသို့ ငိုသဖြင့်။ ပေတာ၊ တမလွန်ဘုဝသို့သွားသောသူတို့သည်။ နံ ပါလေန္တိ၊ မစောင့်ပေကုန်။ တေန၊ ထို့ကြောင့်။ ပရိဝေဒနာ၊ ငိုကြွေးခြင်း သည်။ နိရတ္ထာ၊ ဆကျိုးမရှိ။

ဂဇ။ ဇာဏိဒ္ဓ၊ ညိုထွေး။ ယထာ၊ ဥပမာကား။ သရဏံ၊ နေထုအိမ်ကို။ ဆာဒိတ္တံ၊ မိုးလောင်သည်ရှိသော်။ ဝါရိနာ၊ ရေအိုး အထုဆထောင်ဖြင့်။ နိဗ္ဗာ-ပယေ ဣဝ၊ ငြိမ်းစေသကဲ့သို့။ ဧဝံ၊ ဤဆတူ။ မြေမြုံတည်ကြည်သော။ သုတဝါ၊ ဆကြားဆမြင်ရှိသော။ ပဏ္ဍိတော၊ ပညာရှိသော။ နဇော၊ လူသည်။ ဥပဓိတံ၊ ဖြစ်သော။ သောကံ၊ စိုးရိမ်ခြင်းကို။ ခိပ္ပံ၊ လျင်စွာ။ နိဗ္ဗာပယေ၊ ငြိမ်းစေ၏။ ဝါတော၊ လေသည်။ တူလံ၊ သဲကို။ မံသယဏ္ဍော၊ လွှင့်သကဲ့သို့။ သေးကံ၊ စိုးရိမ်ခြင်းကို။ မံသယေ၊ လွှင့်ဖျောက်ထု၏။

တစ်ယောက်တည်း လာရ-သွားရ

၉၀။ တာဒဘာဘရတာ၊ ဆမောင်ဘရှိတ။ မစ္စော၊ သတ္တဝါသည်။ ဇာတော၀၊ တစ်ယောက်တည်းသာလျှင်။ ဆစ္စတို့၊ လွှန်ရ၏။ ဧကော၀၊

www.dhammadownload.com

စာစ်ယောက်တည်းသဲလျင်။ ကုလေ၊ အမျိုးလေးပါး၌။ ဇာယတေ၊ ဖြစ်၏။ သမ္ဗပါကိန်၊ ဆလုံးစုံသောသတ္တဝါတို့အား။ သံယောဂပရမာတ္ထဝ၊ အဆွေအမျိုးနှင့် စပ်ယှဉ်ခြင်းသည်သာလျင် အလွန်ဖြစ်ကုန်၏။ သမ္ဖောဂါဧဝ၊ အဆွေအမျိုးဟု သုံးဆောင်ခြင်းသာလျင် ရှိကုန်၏။

၉၁။ တသ္မဲးဟိ၊ထို့ကြောင့်လျင်။ ဗဟုသုတသ၊မျဉ်းသော အကြောင်းမြင်ရှိသော။ ဣမဉ္စ လောကံ၊ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း။ ပရလော်ကဉ္စ၊ တဓလွန်လောကကိုလည်းကောင်း။ သမ္မဿတာ၊ မျဉ်းစဉ့်ရှုမြင်သော။ ဓီရသ၊ ပညာရှိအား။ ဓမ္မံ၊ လောကဓံတရား ရှစ်ပါးကို။ အညာယ၊ သိ၍။ ဟဒယဉ္စ၊ ဟဒယဝတ္ထုကိုလည်းကောင်း။ မနဉ္စ၊စိတ်ကိုလည်းကောင်း။ မဟန္တာဝပိ၊ မျဉ်းစုံလည်း ဖြစ်ကုန်သော။ သောကာ၊ စိုးရိမ်ခြင်းတို့သည်၊ န တာပယန္တိ၊ မပူပန်စေနိုင်ကုန်။

၉၂။ သော အဟံ၊ထို၎ါသည်း ယသဉ္စ၊ အခြံအရံကိုဆည်းကောင်း၊ ဘောဂဉ္စ၊ စည်းစိမ်ဥစ္စာကိုလည်းကောင်း။ ဘရိယာပိ စ၊ မယားကိုလည်းကောင်း။ ဉာတဧ စ၊ အဆွေအမျိုးတို့ကိုလည်းစောင်း။ သေသဉ္စ၊ ကြွင်းသောသူ ခပ်သိမ်းကိုလည်းကောင်း၊ ပါလယိဿာမိ၊ ကောင်းစွာစောင့်ရှောက်အံ့။ ဝိဇာနဇေတာ၊ သိသောသူဆား။ တေံကိစ္စံ၊ ဤစောင့်ရှောက်ခြင်းကိစ္စသည်၊ အနုရူပံ၊ လျော်၏။

ဤဆယ်ဂါထာတို့ဖြင့် အမြဲမရှိဆသာ အဖြစ်ကို ပြတော်မူ၏။ ပရိသတ်တို့သည် ထာဇပဏ္ဍိတ၏ ဤသို့ အမြဲမရှိသောအဖြစ်ကိုပြသော ဓမ္မဒဿနာစောင်ကို ကြားနာရ၍ စိုးရိမ်ခြင်းကင်းကြကုန်၏၊

တိုင်းပြည်ကိုအပ်နှင်းခြင်း

ထိုနောင်မူ ဘရတမင်းသားသည် ထုမပဏ္ဍိတကိုရှိခိုး၍ "ဗာရာဏသီပြည်ကို နောင်တော်တို့သည် ဝန်ခံတော်မူပါကုန်" ဟု လျှောက်ကြား၍ "အမောင်ညီထွေး....ညီတော်ဆရာတ် လက္ခဏကိုလည်းတောင်း, သီတာဒေဝီကိုလည်းကောင်း ခေါ်၍ ပြည်ကိုဆုံးမလကုန်" ဟု ထိုလတ်သော် "အရှင်မင်းကြီး....အရှင်မင်းကြီးတို့သည် အသို့ပြုကုန်အံ့နည်း" ဟုလျှောက်ဆိုသည်ရှိသော် "ညီထွေး....ငါ့အဘသည် တစ်ဆယ့်နှစ်နှစ် လွန်သဖြင့်

www.dhammadownload.com

လာ၍ ပြည်ကို မင်းပြုရစ်ခဲ့သ့''ဟု ငါ့ကို မှာတော်မူခဲ့၏။ ဝါသည် ယခု သွားချေသော် ငါ့အဘ၏စကားကို နားမထောင်သည်မည်ရာ၏၊ ဤနှစ်မှု စ၍ သုံးနှစ်လွန်သဖြင့် လာခဲ့အံ့''ဟု မိန့်တော်မူလေလျှင် ''သုံးနှစ်သော တာလပတ်လုံး အာဘယ်သူသည် ပြည်ကို မင်းပြုလိမ့်မည်နည်း''ဟု ဘရတ မင်းသားက မေးလျှောက်သည်ရှိသော် ''ငါ့ညီထွေး....သင်တို့သည် ပြည်ကို မင်းပြုကြကုန်''ဟု မိန့်တော်မူလျှင် ''အကျွန်ုပ်တို့သည် မင်းမပြုပါကုန်'' ဟု လျှောက်ကြကုန်သော် ထိုသို့ မင်းမပြုလိုကုန်သည်ဖြစ်မူ ''ငါလာ သည့်တိုင်အောင် ဤမြက်ခြေနင်းတို့သည် မင်းပြုကုန်လတ္တံ့''ဟု ဘုရား လောင်း၏ မြက်ခြေနင်းတို့ကို ချုတ်၍ ဒေးလိုက်၏။

သုံးနှစ်ကြာသော်မင်းပြုပြီ

ထိုမင်းသားသုံးပါးတို့သည်လည်း ခြေနင်းတို့ကိုယူကုန်၍ ရာမသုခမိန်ကို ရှိခိုး၍ လူမျှားအာဒေပါင်းခြံရံလျက် ဗာရာဏသီပြည်သို့ ပြန်ကြလေကုန်၏။ ပြည်သို့ရောက်လျှင် သုံးနှစ်တို့ပတ်လုံး ခြေနင်းတို့သည်ပြည်ကိုမင်းပြုကုန်၏၊ ဆဓတ်တို့သည် မြက်ခြေနင်းတို့ကို ရာဇပလ္လင်၌တင်ထား၍ တရားကို ဆုံးဖြတ်ကုန်၏။ မစောင်းသဖြင့် ဆုံးဖြတ်သည်ရှိသော် ခြေနင်းတို့သည် အချင်းချင်း တိုက်ခတ်ကုန်၏။ ထိုအမတ်ဖြင့် တစ်ဖန် ဆုံးဖြတ်ကုန်၏။ စောင်းစွာ ဆုံးဖြတ်မိသည်ဖြစ်အံ့။ ခြေနင်းတို့သည် အသံမရှိကုန်သည်ဖြစ်၍ ငြိမ်သက်စွာ တည်ကုန်၏။ ရာမသုခမိန်သည် သုံးနှစ်တို့ကိုလွန်သဖြင့် စောမှထ၍ ဗာရာဏသီပြည်သို့ရောက်၍ ဥယျာဉ်သို့ ဝင်တော်မူ၏။

ထိုရာဓ မင်းကြီး၏ လာဒသာအဖြစ်ကို သိ၍ မင်းသားတို့သည် အမတိ ဆေပါင်းခြံရံကုန်လျက် ဥယျာဉ်သို့သွား၍ နှမတော် သီတာဒေဝီကို မိဖုရား ကြီးပြု၍ မင်းမိဖုရား နှစ်ယောက်တို့ဏား အဘိသိက် သွန်းကုန်၏။ ဤသို့ ဆာဘိသိက်သွန်းခြင်းသို့ ရောက်သော ဘုရားလောင်းသည် တန်ဆးဆင် သောရထား၌ တည်၍ များစွာသော အခြံအရံဖြင့် မြို့သို့ ဝင်တော်မူ၍ လက်ယာရစ်လှည့်၍ စန္ဒကပြဲသာဒ်၏အပြင်သို့ တက်လေ၏။ ထိုအခါမှစ၍ အနှစ်တစ်ဆယ်ခြောက်ထောင်တို့ပတ်လုံး တရားနှင့်အညီ ပြည်ကို မင်း ပြု၍ အသက်၏အဆုံး၌ နတ်ပြည်ကို ပြည့်စေ၏။

www.dhammadownload.com

သမ္မတုမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍-

၉၃။ ဒဃ ဝဿ သဟဿာနိ၊ သဋ္ဌိ ဝဿ သဘာနိ စ။
ဧကမ္ပုဂိဒပါ မဟာပဘာဟု၊ ရာဇမာ ရဋ္ဌ မကာသယိ-
ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၉၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧကမ္ပုဂိဒဝါ၊ ရှေးရှေးစည်နှင့်တူးသာလည်တော်ရှိတော်မူသော။ မဟာပဘာဟု၊ ကြီးသော လက်ရုံးအားလည်းရှိတော်မူထသော။ ရာမော၊ ရာမမင်းသည်။ ဒဃ ဝဿ သဟဿာနိ၊ အနှစ်တစ်သောင်းတို့ပတ်လုံး လည်းကောင်း။ သဋ္ဌိဝဿသဘဿာနိ၊ အနှစ်ခြောက်ထောင်တို့ပတ်လုံး လည်းတောင်း။ ရဋ္ဌံ၊ ပဘာရာဇာသီပြည်၌ မင်းအဖြစ်ကို။ အကာရယိ၊ ပြုတော်မူ၏။

ဇာတ်ပေါင်း။ သမ္မတုမြတ်စွာဘုရားသည် ဤသို့ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူပြီး၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူပြီးသည်အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။ ထိုရာမမင်း ဖြစ်းတော်မူသောအခါ၌ ဒဿရထမင်းကြီးသည် သီဓိသုဒ္ဓါဒနမင်းကြီး ဖြစ်လေ၏၊ မယ်တော်သည် မယ်တော်မာယာမိဖုရား ဖြစ်လော၏၊ နှမတော် သီတာဒေဝီသည် ရာဟုလာမယ်တော် ဖြစ်လော၏၊ ဘရတမင်းသံဃသည် အာနန္ဒာဖြစ်လော၏။ ညီတော်လက္ခဏသည် သာရိပုတြာ ဖြစ်လော၏။ ရာမ မင်းကြီး၏ ပရိသတ်တို့သည် ဂါဘုရား ပရိသတ် ဖြစ်လာကုန်၏၊ ရာမသုခမိန်သည်ကား ဂါဘုရားဖြစ်လော၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘစလား၊ နားထောင်ငြား၊ သံပြားကျောက်စောင်း
ကျိုက်သော်ပျောင်း။)

ကောဒဿကနိပါတ်ကျမ်း၌ ခုနစ်ခုမြောက်ဆယ့်ဒဿရထဇာတ်သည်ပြီး၏။

၈-သံဝရဇာတ်

ပညာရှိတို့စကားကိုနာယူ၍ မင်းဖြစ်ခြင်း

ဟောတော်မူရာဌာန၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော သမ္မတုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီဘင်းသုံးနေတော်မူသည့်

www.dhammadownload.com

ရှိသော် စာစ်ယောက်သော ဝိရိယကိုလျော့သော ရဟန်းကို အာဇကြောင်း ပြု၍ "ဇာနန္တော နော မဟာရာဇ်" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသံဝရဇာတ်ကို ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားကို ခဲ့ဦးအံ့-သာဝတ္ထိပြည်၌နေသော အမျိုးကောင်းသား တစ်ယောက်သည် ဘုရားသခင်၏ တရားဒေသနာကို ကြားနာရ၍ ရဟန်းပဉ္စင်းအဖြစ်ကို ရပြီးသော် ဥပဇ္ဈာယ်ဆရာဝတ်ကိုဖြည့်လျက် နှစ်ပါးသော ပါတိမောက်တို့ကို နှုတ်တက်လေ့ လာသည်ကိုပြု၍ ငါးဝါပြည့်လျှင် ကမ္မဋ္ဌာန်းကို သင်၍ "တောဋ္ဌနေအံ့" ဟု ကြံ၍ ဆရာဥပဇ္ဈာယ်ကို ပန်ကြား၍ ကောသလတိုင်း၌ တစ်ခုသော ပစ္စန္တရစ်ရွာသို့ သွား၍ ထိုရွာဝယ် ဣရိယာပုထ်၌ ကြည်ညိုသောလူတို့သည် သစ်ရက်မိုးသော ကျောင်းဆောက်လုပ်၍ လိုပ်ကျွေးလျှင် ဝါဆိုလျက် လုံ့လပြုလတ်သော် အာရုံစိတ်ကိုထိစေလျက် အလွန်အားထုတ်သော လုံ့လဖြင့် ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်းကို ပွားစေ၍ တရားအထူးကို ရခြင်း၏ အရိပ်နိမိတ်မျှလည်း ဖြစ်စိမ့်သောငှာ မတတ်နိုင်၍ကြံ၏။ "ငါအား ဘုရားသခင်သည် ဟောတော်မူအပ်ကုန်သော လေးယောက်သော ပုဂ္ဂိုလ်တို့တွင် ပဒပရမတည်း။ (ပုဂ္ဂိုလ်ခလေးယောက်ဟူသည် ဥဋ္ဌဂါမိတည်။ ပုဂ္ဂိုလ်တစ်ယောက်, ဝိပဉ္စိတည်။ ပုဂ္ဂိုလ်တစ်ယောက်, နေယျပုဂ္ဂိုလ်တစ်ယောက်, ပဒပရမပုဂ္ဂိုလ်တစ်ယောက် ဤလေးယောက်တည်း။) ငါအား တောဋ္ဌနေ၍ အဘယ်အကျိုးရှိအံ့နည်း၊ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားသခင်၏ အဆင်းတော်၏ တင့်တယ်ခြင်းကို ဖူးမြင်လျက် သာယာစွာသော ဟရားဒေသနာတော်ကို ကြားနာလျက် ကာလကို လွန်စေအံ့" ဟုံ ကြံလျက် ထိုရဟန်းသည် ဗိရိယကို လျှော့၍ ထိုတောကျောင်းမှ ထွက်ခဲ့၍ အစဉ်သဖြင့် ဇေတဝနီကျောင်းတော်သို့ သွား၍ ဆရာဥပဇ္ဈာယ်တို့သည် လည်းကောင်း၊ မြင်ဖူးသော အဆွေခင်ပွန်း အတူတကွ သုံးဆောင် စားသောက်ဖူးသော အဆွေခင်ပွန်းတို့သည် လည်းကောင်း လာကြောင်းကို မေးသည်ရှိသော် ထိုအကြောင်းကိုကြား၍ ထိုဥပဇ္ဈာယ် အားဆွေခင်ပွန်းတို့သည် "အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း" ဟု ကဲ့ရဲ့၍ ဘုရားသခင်၏ အထံသို့ ဆောင်၍ "ရဟန်းတို့.... အဘယ့်ကြောင့် အလိုမရှိသော ရဟန်းကို ခေါ်ခဲ့ကုန်သနည်း" မိန့်တော်မူသည်ရှိသော်၊ အရှင်ဘုရားဤ ရဟန်းသည် ဝိရိယကို လျှော့ လာ၏" ဟူ

www.dhammadownload.com

ကြားလျှောက်သည်ရှိဆော် ဘုရားသခင်သည် ''မှန်သလော'' ဟု မေးတော်မူလျှင် ''အရှင်ဘုရား မှန်ပေ၏'' ဟု လျှောက်လတ်သော် ''ရဟန်း... အာဘယ်ကြောင့် ဝိရိယကို လျှော့ဘိသနည်း၊ ဤသဒ္ဓါသနာတော်၌ လုံ့လ မရှိ၊ ပျင်းရိသော ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်မည်သည်မရှိ၊ အားထုတ်သော လုံ့လရှိသော သူကိုသာလျှင်ဤဘုရား တရားတော်သည်နှစ်သက်စေကုန်၏။ သင်သည် ရွေးခွဲလည်း လုံ့လရှိ၏။ ဆုံးမခြင်းငှာ ခံ့၏၊ ထို့ကြောင့်သာလျှင် ဗာဇုဏဿိမင်း၏ သားတစ်ဆူတွင် အငယ်ဆုံးဖြစ်၍လည်း ပညာရှိတို့၏ အဆုံးအမ၌တည်၍ ထီးဖြူကို ဆောင်းရခြင်းသို့ရောက်၏'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့.... လွန်လေပြီးသောအခါ ဗာဇုဏဿိပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် သံဝရမည်သော မင်းသားသည် သားတစ်ဆူတို့၏ အငယ်ဆုံးဖြစ်၏။ မင်းသည် တစ်ယောက်တစ်ယောက်သော သားကို ''အတတ်ပညာ သင်ကြကုန်'' ဟုဆို၍ တစ်ယောက်တစ်ယောက်သော အမတ်အား ပေးအပ်၏။ သံဝရမင်းသား၏ ဆရာဖြစ်သော အမတ်သည် ဘုရားလောင်းဖြစ်၏။ ပညာရှိ၏၊ လိမ္မာ၏၊ အဘဆရာ၌တည်၏။ အမတ်တို့သည် သင်ပြီးသင်ပြီးကုန်သော မင်းသားတို့ကို မင်းအစား အတတ်ကို ပြစေကုန်၏။ မင်းသည် ထိုသားတို့အား ဇနပုဒ်မြို့ရွာကိုပေး၍ လွှတ်လိုက်၏။

ခြေရင်းမှာနေပါရစေ

သံဝရမင်းသားသည် အလုံးစုံသော အတတ်၏ ပြီးခြင်းသို့ရောက်၍ ဘုရားလောင်းကိုမေး၏။ ''ဆရာအမတ်.... အကယ်၍ အကျွန်ုပ်ခမည်းတော် မင်းကြီးသည် ဇနပုဒ် ပြည်ရွာကို ပေးလတ်အံ့၊ အသို့ပြုရအံ့နည်း'' ဟု မေးဏ။ ''မင်းသား.... သင်သည် ဇနပုဒ်ပြည်ရွာကို ပေးသည်ရှိသော် ထိုဇနပုဒ်ကို မယူမူ၍ အရှင်မင်းကြီး.... အကျွန်ုပ်သည် အလုံးစုံသော သားတို့၏ အငယ်ဆုံးတည်း၊ အကျွန်ုပ်လျှည်း သွားသည်ရှိသော် ခမည်းတော် မင်းကြီး၏ ခြေရင်းသည် ဆိုတ်ညှံသည် ဖြစ်လတ္တံ့၊ အကျွန်ုပ်ဆည် ခမည်းဆောတို့၏ ခြေရင်း၌သာလျှင် နေပါအံ့'' ဤသို့ တင်လျှောက်လော့'' ဟု ဆို၏။

www.dhammadownload.com

ထိုအခါဝယ် တစ်နေ့သ၌ ရှိခိုးရှိ တင့်အပ်သော အရပ်၌နေသော ထိုသံဝရမင်းသားကို မင်းကြီးသည်မေး၏။ ''ချစ်သား....အသို့နည်း၊ သင်ချစ်သားအား အတတ်သည် ပြီးပြီလော''ဟု မေး၏။ ''ခမည်းတော်မင်းကြီး ပြီးပြီ''ဟု လျှောက်သတ်သော် ''ချစ်သားအားလည်း ဇနပုဒ်မြို့ရွာကို ငါပေး၏''ဟုဆို၏။ ''ရှင်မင်းကြီး....ခမည်းတော်တို့၏ ခြေရင်းဿည် ဆိတ်ညံလှတ်တံ့၊ အကျွန်ုပ်သည် ခမည်းတော်တို့၏ ခြေရင်း၌သာလျှင် ဖြစ်ပါအံ့''ဟုဆို၏။ မင်းသည် နှစ်သက်၍ ''ကောင်းပြီ''ဟု ဝန်ခံ၏။ ထိုသံဝရမင်းသားသည် ထိုအခါမှစ၍ မင်းကြီး၏ ခြေရင်း၌သာလျှင် ဖြစ်၍ တစ်ဖန် ဘုရားလောင်းကို မေး၏။ ''ဖခင်....တစ်ပါးသောဆွမ္မကို ဆာသို့ပြုရအံ့နည်း''ဟု မေး၏။ ''ချစ်သား...မင်းကြီး၌ တစ်ခုသော ဥယျာဉ်ဟာင်းကို တောင်းလော့''ဟုဆို၏။ ထိုသံဝရမင်းထားသည် ''ကောင်းပြီ''ဟု ဥယျာဉ်တောကိုတောင်း၍ ထိုဥယျာဉ်၌ ဖြစ်ကုန်သော ပန်းသီးတို့ဖြင့်ပြည့်၌ အစိုးရသော သူတို့ကို ထုတ်ပိုင်ထောက်ပံ့၏။

နန်းတွင်းကိစ္စများ ကိုင်ထား

တစ်ဖန် ''အသို့ပြုရအံ့နည်း''ဟု မေးပြန်၏။ ''ချစ်သား....မင်းတို့ပန်ကြား၍ မြို့တွင်း၌ ထမင်းရိက္ခာကို သင်ချစ်သားသာလျှင်ပေးလော့'' ဟုဆို၏။ ထိုသံဝရမင်းသားသည် ထိုဘုရားလောင်းဆိုတိုင်းပြု၍ မြို့တွင်း၌ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုကို မယုတ်စေမူ၍ ထမင်းရိက္ခာကို ပေးပြီး၍ အဖန်တလဲလဲ ဘုရားလောင်းကို မေး၍ မင်းကြီးကို သိစေ၍ နန်းတွင်း၌ ကျွန်အမှုလုပ်ဆောင်သူတို့ဖား၊ လည်းကောင်း၊ ဆင်တို့ဖားလည်းကောင်း၊ မြင်းတို့ဖားလည်းတောင်း၊ ဗိုလ်ပါအပေါင်းတို့ဖားလည်းကောင်း ဝတ်ကို မယုတ်စေမူ၍ပေး၏။ တိုင်းတစ်ပါးမှ လာကုန်သော တမန်စသည်တို့၏ နေရာစသည်တို့ကိုလည်းကောင်း၊ ကုန်သည်တို့၏ ကင်းခွန်ကိုလည်းကောင်း ဤသို့ဖားရှိသော အလုံးစုံသော ပြုဖွယ်ကိစ္စတို့ကို မမေ့သည်လျှင်ပြု၏။ ဤသို့လျှင် ထိုသံဝရမင်းသားသည် ဘုရားလောင်း၏ ဆုံးမခြင်း၌တည်၍ အလုံးစုံသော အတွင်း၌နေလေ့ သူကိုလည်းကောင်း၊ အပ၌နေသောသူကိုလည်းကောင်း၊ ပြည်သူတို့ကိုလည်းကောင်း၊ တိုင်းနေသူတို့ကိုလည်းကောင်း၊ ဥယျာဉ်သည်ကိုကိုလည်းကောင်း၊ အခွန်အတုတဲတို့ကိုလည်းကောင်း ထိုသို့သဘောရှိသော သင်္ဂဟဝတ္ထု၊ တို့ဖြင့် မွေ့ယှဉ်၍ အလုံးစုံသောသူတို့သည် ချစ်နှစ်လိုသည်ဖြင့်၏။

www.dhammadownload.com

သံဝရမင်သား မင်းဖြစ်ပြီ

နောက်အဖို၌ သေရာ ညောင်စောင်းဝယ် လျောင်းသော မင်းကြီးကို အမတ်တို့သည် မေးလျောက်ကုန်၏။ ''အရှင်မင်းကြီး....အရှင်မင်းကြီးတို့၏ သေလွန်သဖြင့် ထီးဖြူကို အဘယ်သူအား ပေးရအံ့နည်း'' ဟု မေးကုန်၏။ ''အမတ်တို့....ငါ၏ အလုံးစုံသော သားတို့သည်လည်း ထီးဖြူအား ထိုက်လျောက်သည်သာတည်း၊ ထိုသို့ထိုက်သော်လည်း အကြင်သူသည် အမတ်တို့၏ စိတ်နှလုံးကို နှစ်သက်စေ၏၊ ထိုသူအား ထီးဖြူကိုပေးကြကုန်'' ဟု မှာခဲ့၏။ ထိုအမတ်တို့သည် ထိုမင်း သေလွန်သည် ရှိသော် ထိုမင်း၏ သင်္ဂြိဟ်ခြင်း ကိစ္စကို ပြု၍ ခုနစ်ရက်မြောက်သောနေ့၌ စုဝေးကုန်၍ ''ငါတို့သခင် မင်းကြီးသည် အမတ်တို့၏ စိတ်နှလုံးသက်သာရာကို ထီးဖြူကို ပေးကြကုန်လော့'' ဟု မှာတော်မူခဲ့၏၊ ဤသံဝရ မင်းသားသည် ငါတို့၏ စိတ်နှလုံးကို နှစ်သက်စေ၏ဟု ထိုသံဝရမင်းအား ရွှေပန်းကိုလည်းကောင်း, ထီးဖြူကိုလည်းကောင်း ဆောင်းကုန်၏။

နောင်တော်များ စစ်ပြုလာ

သံဝရမင်းသားသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ တရားနှင့်စည်ပင် မင်းပြု၏။ သံဝရမင်းသားမှ တစ်ပါးကုန်သော ထိုဘုံးကျိပ်ကိုးယောက်သော မင်းသားတို့သည် ''ငါတို့၏ ခမည်းတော် နတ်ရွာလားလျှင် သံဝရမင်းသားအား ထီးဖြူကို ဆောင်းကုန်၏၊ ထိုသံဝရမင်းသားသည် အလုံးစုံတို့အောက် ငယ်လျက် ထီးဖြူသည် ဆွေက်၏၊ အကြီးဆုံးဖြစ်သော ဥပေါသထမင်းအား ပေးကုန်အံ့'' ဟု တိုင်ပင်၍ အလုံးစုံသော မင်းသားတို့သည် တကွ လာကုန်၍ ''ငါတို့အား ထီးနန်းကိုမသင့်လည်း ပေးအံ့သော၊ စစ်ကိုလည်း ထိုးအံ့လော'' ဟု သံဝရမင်းကြီးအား သဝေ့ဆက်စာကိုစေ၍ မြို့ကို ဝန်းရံကုန်၏။

အဖိုကို ပေးပါ့မယ်

မင်းကြီးသည် ဘုရားလောင်းအား ထိုအကြောင်းကို ကြား၍ ''ယခု အခါ၌ အဘယ်သို့ ပြုအံ့နည်း'' ဟု မေး၏။ ''မင်းကြီး....အရှင်မင်းကြီးအား နေ့ဝင်တော်တို့နှင့် စစ်ထိုးအံ့သာ ကိစ္စသည် မရှိ၊ အရှင်မင်းကြီးသည် အဘအစမဲ့ဖြစ်သော ဥစ္စာကို အဘုတစ်ရာစု၍ ကိုးကျိပ် ကိုးယဉ့်သာ

www.dhammadownload.com

နှောင်တော်တို့ဆား ပို့စေ၍ နောင်တော်တို့၏ အာဘအမွေဖြစ်သော ဤအစုကို ယူကြပါကုန်၊ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟု သတင်းစကားကို စေခတ်မူးလွှဲ့''ဟု ဆို၏။ သံဝရမင်းကြီးသည် ဘုထူးလောင်းဆိုတိုင်း ပြု၏။

မင်းအဖြစ် သိမှတ်ကြပြီ

ထိုအခါ သံဝရမင်းကြီးအား ဖာလုံးစုံသော မင်းသားတို့၏ အစ်ကို ဖာကြီးဖြစ်သော ဥပေါသထ မင်းသားသည် ကြွင်းသော ညီတော်တို့ကို ခေါ်၍ ''ငါ့ညီတို့...မင်းမည်သည်ကို နှိပ်စက်ခြင်းငှာ စွမ်းနိုင်သောသူ မည်သည် မရှိကုန်၊ ငါတို့၏ ညီထွေး သံဝရ မင်းသားသည်လည်း ရန်သူအဖြစ်ဖြင့် မခုခံပေ၊ ငါတို့အားလည်း အာဘအမွေဖြစ်သော ဥစ္စာကို ပို့လာ၍ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟု စေလာပလေ၏၊ အလုံးစုံသော ငါတို့သည်လည်း တစ်ပြိုင်နက် ထီးဖြူမဆောင်းနိုင်ကုန်၊ ငါတို့ညီထွေး သံဝရအားသာလျှင် ဆောင်းစေကုန်အံ့၊ ငါတို့၏ ညီထွေး သံဝရသည်လျှင် မင်းဖြစ်ပါစေ'' ဆို၍ လာကြကုန်၏။ ညီးထွေး သံဝရကို ဖူးမြင်၍ မင်းဆွဲ မင်းမျိုးကို အပ်နှင်း၍ ငါတို့၏ ဇနပုဒ်သို့သာ သွားကြကုန်အံ့''ဟု ဆို၏။

ဘဉ့်ကြောင့် နောင်တော်တို့ထက် သာသနည်း

ထိုအခါ အလုံးစုံသော မင်းသားတို့သည် မြို့တံခါးကို ဖွင့်စေ၍ ရန်သူတို့သည် မဖြစ်ကုန်မူ၍ မြို့တွင်းသို့ ဝင်လေကုန်၏။ မင်းသည်လည်း အာမတ်တို့ကို ထိုနောင်ခတဲတို့အား ပဏ္ဏာသက်ဆောင်ကို ယူစေ၍ ခရီးဦး ကြိုဆို စိမ့်သောငှာ စေ၏၊ မင်းသားတို့သည် အလွန်မမျှားလွန်းသော အခြံအရံဖြင့် ခြေကျင်လာကြကုန်၍ မင်းအိမ်နန်းတော်သို့ တက်ကုန်၍ သံဝရမင်းကြီးအား ရှိသမျှမ်ခဲ့ခြင်းကို ပြုကုန်၍ နိမ့်သောနေရာ၌ နေကုန်၏၊ သံဝရမင်းကြီးသည် ထီးဖြူအောက်၌ မြတ်သောနေရာဝယ် မျှားစွာသော စည်းစိမ်အခြံအရံ ကြီးစွာသော ကျက်သရေ၏ တင့်တယ်ခြင်းသည် ဖြစ်၏။ ကြည့်လေရာရာသော အရပ်၌ တုန်လှုပ်၏၊ ဥပေါသထ မင်းသားသည် သံဝရမင်းကြီး၏ ကျက်သရေ၏ တင့်တယ်ခြင်းကို ကြည့်၍ ''ငါတို့၏ ခမည်းတော်သည် ကိုယ်တော်၏ လွန်သဖြင့် သဝရမင်းသား၏ မင်းအဖြစ်

www.dhammadownload.com

ကိုသိ၍ ငါတို့အား ဇနပုဒ်မြို့ရွာတို့ကို ပေး၍ ဤသံဝရ မင်းသားအား ဇနပုဒ်မြို့ရွာကို မပေးလေသည် ထင်၏''ဟု ကြံ၍ ထိုညီတော်တို့နှင့် တကွ စကားပြောဟောလိုရကား။

၉၄။ ဇာနန္တော နော မဟာရာဇ၊ တဝ သီလံ ဇနာမိပေါ။
ဣမေ ကုမာရေ ပူဇေန္တော၊ နံ တံ ကေနစိ မညထ။

၉၅။ တိဋ္ဌန္တံ နော မဟာရာဇေ၊ အဒု ဒေဝေ ဒိဝင်္ဂတေ။
ဉာတီနံ သမနုညိ သု၊ ဃမွသံ အတ္ထ မတ္တာနော။

၉၆။ ဧကေန သံဝရ ဝတ္တေန၊ သဗ္ဗာတေ အာဘိတိဋ္ဌသိ။
ကေန တံ နာတိဝတ္တာန္တိ၊ ဉာတီသဃ်ာ သမာဂတာ။

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၉၄။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တဝ၊ ရှင်မင်းကြီး၏။ သီလံ၊ သီလကို။ ဇနာမိပေါ၊ လူတို့ကို အစိုးရသော ငါတို့၏ ခမည်းတော် မင်းကြီးသည်။ ဇနန္တော၊ သိသည်ဖြစ်၍။ ဤမေကုမာရေ၊ ကိုးကျိမ် ကိုးယောက်သော ဤမင်းသားတို့ကို။ ပူဇေန္တော၊ ဇနပုဒ်မြို့ရွာ ပေးသည်ရှိသော်။ တံ၊ ရှင်မင်းကြီးကို။ ကေနစိ၊ တစ်စုံတစ်ခုသော မြို့ရွာဖြင့်။ နံ မညထ၊ မဆောက်မံ့သလော။

၉၅။ နော၊ အကျွန်ုပ်တို့၏။ မဟာရာဇေ၊ မြတ်သော ဖခင်မင်းကြီးသည်။ တိဋ္ဌန္တော၊ ထင်ရှားရှိဘဝ်မူစဉ်လည်းကောင်း။ အဒု၊ ထိုသို့ဖဟုတ်။ ဒေဝေ၊ ငါတို့ဖခင် ပြည့်ရှင်မင်းကြီးသည်။ ဒိဝင်္ဂတေ၊ နတ်ရွာလားခဲ့သော်လည်းထောင်း။ အတ္တာနော၊ ကိုယ်တော်၏။ အတ္ထံ၊ အကျိုးစီးပွားကို။ သမွသံ၊ကောင်းစွာ မြင်ဘော်မူသည်ဖြစ်၍။ ဉာတီ၊ အဆွေအမျိုးတို့သည်။ တံ၊ သင်သံဝရမင်းကြီးကို။ သမနုညိ သု၊ နှစ်သက်လေကုန်သလော့။

၉၆။ သံဝရ၊ ညီထွေး သံဝရ။ ကေန၀တ္တေန၊ အဘယ်အကျင့်ဖြင့်။ သဗ္ဗာတေ၊ ဇာတ်တူဖြစ်ကုန်သော ကိုးကျိပ် ကိုးယောက်သော နောင်အစ်တို့ကို။ အဘိတိဋ္ဌသိ၊ ငါ့ညီ လွှမ်းမိုးရှိတည်လေသနည်း။ ကေန၊ အဘယ်အကြောင်းကြောင့်။ သမာဂတာ၊ အညီအညွတ် လာကုန်သော။ ဉာတီသဃ်ာ၊ အဆွေအမျိုး အပေါင်းဖြစ်သော ကိုးကျိပ်ကိုးယောက်ကုန်သော နောင်တော်တို့သည်။ တံ၊ သင်ညီထွေး သံဝရကို၊ နာတိဝတ္တာန္တိ၊ မလွန်နိုင်ကုန်သနည်း၊

www.dhammadownload.com

နှောင်တော်တို့ထက် သာသည်မှာ

ထိုစကားကိုကြားရ၍ သံဝရမင်းကြီးသည် မိဒိ၏ ဂုဏ်ကျေးဇူးကို ပြောကြားလိုရကား

၉၇။ ဇာဇပုတ္တ နုဿုယျောမိ၊ သမဏာနံ မဟေသိနံ။
သက္ကစ္စံ တေ နမဿာမိ၊ ပါဒေ ဝန္ဒာမိ တာဒိနံ။

၉၈။ တေ မံ ဓမ္မဂုဏေ ယုတ္တံ၊ သုဿုသ မနုသုယျကံ။
သမဏာ အနုသာသန္တိ၊ ဣသိဓမ္မဂုဏေ ရတာ။

၉၉။ တေသာ ဟံ ဝစနံ သုတ္ဝာ၊ သမဏာနံ မဟေသိနံ။
နကိဉ္စိ အတိမညာမိ၊ ဓမ္မေ မေ နိရတော မနော။

၁၀၀။ ဟတ္ထာရောဟာ အနီကဋ္ဌာ၊ ရထိကာ ပတ္တိကာရကာ။
တေယံ နပ္ပဋိဗန္ဓာမိ၊ နိဝိဋ္ဌံ ဘတ္တဓဝတနံ။

၁၀၁။ မဟာမတ္တာ စ မေ အတ္ထိ၊ မန္တိနော ပရိစာရကာ။
ဗာရာဏသိံ ဝေါဟာရန္တိ၊ ဗဟုမံသ သုရောဒကံ။

၁၀၂။ အတောပိ ဝါဏိဇာ ဖီတာ၊ နာနာရဋ္ဌေတာ အာဂတာ။
တေသု မေ နဟိတာ ရက္ခာ၊
ဧဝံ ဇာနာဟု ပေါသထ-

ဟူသော ဤခြောက်ဂါထာကို ဆို၏။

၉၇၊ ဇာဇပုတ္တ၊ နောင်တော် ဥပါသထမင်းသား။ နုဿုယျာမိ၊ ကျွန်ုပ် မငြူစူ၊ မဟေသိနံ၊ မြတ်သော ကျေးဇူးအာဒေါင်းကို ရှာလေ့ရှိကုန်သော၊ တာဒိသံ၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်သော်။ သမဏာနံ၊ ရဟန်းပုဏ္ဏားတို့၏၊ ပါဒေ၊ ခြေတော်တို့ကို။ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏၊ တေ၊ ထိုရဟန်းပုဏ္ဏားတို့ကို။ သက္ကစ္စံ၊ ရှိသေစွာ နမဿာမိ၊ ရှိခိုး၏။

၉၈။ ဣသိဓမ္မဂုဏာ၊ ရဟန်းပုဏ္ဏားတို့၏ အကျင့်ကျေးဇူး ဆစ်၌၊ ရတာ၊ မွေ့လျော်ကုန်သော။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ ဓမ္မဂုဏာ၊ အကျင့်ကျေးဇူးအစု၌။ ယုတ္တံ၊ ယှဉ်သော၊ သုဿုသံ၊ စကားကိုနားထောင်သော အနုဿုယျကံ၊ ထူတစ်ပါးကို မငြူစူသော။ မံ၊ အကျွန်ုပ်ကို၊ အနုသာသန္တိ၊ ဆုံးမကုန်၏။

၉၉။ ဣသိဓမ္မဂုဏာ၊ ရဟန်းပုဏ္ဏားတို့၏ အကျင့်ကျေးဇူး ဆစ်၌၊ ရတာ၊ မွေ့လျော်ကုန်သော။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ ဓမ္မဂုဏာ၊ အကျင့်ကျေးဇူးအစု၌။ ယုတ္တံ၊ ယှဉ်သော၊ သုဿုသံ၊ စကားကိုနားထောင်သော အနုဿုယျကံ၊ ထူတစ်ပါးကို မငြူစူသော။ မံ၊ အကျွန်ုပ်ကို၊ အနုသာသန္တိ၊ ဆုံးမကုန်၏။

www.dhammadownload.com

မထိမဲ့မြင် မပြု

၉၉။ ဆဟံ၊ ဆာကျွန်ုပ်သည်။ မဒဟသိနံ၊ မြတ်သော သိလက္ခန္ဓံ ဆစရှိသော ကျေးဇူးကိုရွာလေ့ရှိကုန်သော။ တေသံ သမဏာနံ၊ထိုရဟန်း ပုဏ္ဏားတို့၏။ ဝစနံ၊ စကားကို။ သုတ္ဝာ၊ နာယူ၍။ ကိဉ္စိ၊ တစ်စုံ တစ် ယောက်ကိုမျှ။ နဆတိ မညာမိ၊ ဓထိမဲ့မြင်မပြု။ မေ၊ အကျွန်ုပ်၏၊ မနော၊ စိတ်နှလုံးသည်။ ဓဒမ္မ၊ ကုသိုလ်တရား၌။ နိရတော၊ ဆမြဲမွေ့လျော်၏။

လဓရိက္ခဒမပြတ်စေ

၁၀၀။ ဟတ္ထာရောဟာ၊ ဆင်စီးသူရဲတို့သည်လည်း၊ကောင်း။ ဆနီကာဒ္ဒာ၊ ဆင်၏အနီးစသည်တို့၌ တည်သော မြင်းစီးသူရဲ စသည်တို့သည် လည်းကောင်း။ ရထိကာ၊ ရထားစီးသူရဲတို့သည်လည်းကောင်း၊ ပတ္တိ-ကာရတာ၊ ခြေသည်သူရဲတို့သည်လည်းကောင်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏၊ တေသံ၊ ထိုသူတို့အား။ နိဝိဋ္ဌ၊ ပေးသွင်းအပ်သော။ ဘတ္တဝေတနံ။ ထမင်းရိက္ခာကို။ နပုဋ္ဌိဟန္တိ၊ မပို့တ်ပင်။

ပညာရှိကို ကိုးကွယ်

၁၀၁။ ဘာသိကာ၊ နောင်တော်။ ဓမ၊ အကျွန်ုပ်ဘား။ မန္တီနော၊ ဆတိုင်အပင်ပညာနှင့်ပြည့်စုံသော။မဟာမတ္တာ စ၊အမတ်ကြီးတို့သည်လည်း ကောင်း။ မန္တီဒနော၊ အတိုင်အပင်ပညာနှင့် ပြည့်စုံကုန်သော၊ ပရိစာရကာ စ၊ အမတ်ငယ်တို့သည်လည်းကောင်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဆဇဝ်ာပိ၊ ထိုမှတစ်ပါးလည်း။ ဖီတာ၊ ကြွယ်ဝကုန်သော။ ဝါဏိဇာ၊ ကုန်သည်တို့ သည်။ နာနာရဋ္ဌဒတာ၊ တိုင်းတစ်ပါးမှ။ ဆာဂတာ၊ လာကုန်၍။ ဗာရာဏသိံ၊ ဗာရာဏသီပြည်၌။ ဗဟုမံသသုရောဒကံ၊ များစွာဆော ငါး, အမဲ, သေရည်အချက်ကို။ ဝေါဟာရန္တိ၊ ရောင်းဝယ်ကုန်၏။

၁၀၂။ မေ၊ အကျွန်ုပ်သည်။ တေသု၊ ထိုကုန်သည်တို့၌၊ ဆာရက္ခာ၊ ဆစောင့်အာရက္ခာတို့ကို။ ဝိဟိတာ၊ စီရင်အပ်ကုန်၏။ ဥပေါသထ၊ နောင်တော် ဥပေါသထ။ ဇဝံ၊ ကျိသို့။ တုံ၊ သင့်သည်။ ဇာနာဟိ၊ သိးတော်မူလော့။

www.dhammadownload.com

တိုင်းပြည်ကိုအပ်ပြီးသော်

ထိုအခါဝယ် သံဝရမင်းကြီး၏ ဂုဏ်ကျေးဇူးကိုကြား၍ ဥပေါသထမင်းသားသည် ထိုညီတော် သံဝရမင်းသားအား ချီးမွမ်းလိုရာသား-

၁၀၃။ မမွေန ကိရ ဥာတိနံ၊ ရဇ္ဇံ ကာရေဟိ သံဝရ။
မေမဓာဝီ ပဏ္ဍိတော စဲသိ၊ အထောပိ ဥာဏိနံ ဟိဒတာ။

၁၀၄။ တံတံ ဥာတိ ပရိဗျူဠှံ၊ နုဒနာ ရတန မေဓာဝိတံ၊
အမိတ္တာ နပ္ပသာဟန္တိ၊ ဣန္ဒံ၀ အသုရာဓိပေါ။

ဟူသော ဤနှစ်ဂါတို့ကို ဆို၏။

၁၀၃။ သံဝရ၊ ညီထွေးသံဝရ။ တုံ၊ သင်ဆည်။ မမွေန်၊ တရားနှင့်အညီ၊ ဥာတိနံ၊ အဆွေအမျိုးဖြစ်သော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့ကို။ အဘိဘဝိကိရ၊ လွှမ်းမိုးသတတ်၊ တုံ၊သင်သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေဟိ၊ ပြုလော့၊ တုံ၊ သင်သည်။ မေဓာဝီ စ၊ ထိုးထွင်းသောပညာနှင့် ပြည့်စုံသည်လည်းကောင်း။ ပဏ္ဍိတော စ၊ အကျိုးအကြောင်းကိုသိသော ပညာရှိသည်လည်းကောင်း။ အသိ၊ ဖြစ်၏။ အထောပိ၊ ထို့မှတစ်ပါးလည်း။ ဥာတိနံ၊ အဆွေအမျိုးတို့၏။ ဟိတော စ၊ အစီးအပွားကိုလည်း ဆောင်၏။

၁၀၄။ ဥာတိပရိဗျူဠှံ၊ အဆွေအမျိုးဟု ဆိုအပ်သော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့သည် ခြံရံအပ်သော၊ နာနာရတနမောစိတံ၊ အထူးထူးသော ရတနာတို့ဖြင့် သွန်းအပ် စီရင်အပ်သော။ တံတံဂုဏသမ္ပန္နံ၊ ထိုထိုဂုဏ်အပေါင်းနှင့်ပြည့်စုံသော။ တံ၊ သင်ညီထွေးကို။ အမိတ္တာ၊ ရန်သူတို့သည်၊ နပ္ပသာဟန္တိ၊ မနှိပ်စက်နိုင်ကုန်။ ကိမိ၀၊ အဘယ်ကဲ့သို့နည်းဟူမူကား၊ အသုရာဓိပေါ၊ အသုရာမင်းသည်။ ဣန္ဒံ၊ သိကြားမင်းကို၊ နပ္ပသဟတိဣ၀၊ မနှိပ်စက်နိုင်သကဲ့သို့ဘည်း။

နောင်တော်တို့ပြန်ကြပြီ

သံဝရမင်းကြီးသည် ဤလုံးစုံသော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့အား မျှော်စင်းသော စည်းစိမ် အခြံအရံကိုးပေး၍ ထိုနောင်တော်တို့သည် ထိုသံဝရမင်းကြီး၏ အထံ၌ တစ်လခွဲနေ၍ "သံဝရမင်းကြီး၏ ဇနပုဒ်တို့၌ ခိုးသူတို့သည် ထကုန်သည်ရှိသော် အကျန်ပ်တို့သည် အဘယ်သို့သိနိုင်ကုန်အံ့နည်း၊ ရှင်မင်းကြီးသည် မင်းစည်းစိမ်ကို ခံစားတော်မူလော့" ဟု မှာထားခဲ့၍ မိမိတို့၏ ဇနပုဒ်သို့ သွားကြလေကုန်၏၊ သံဝရ

www.dhammadownload.com

မင်းဃည်လည်း ဘုရားလောင်း အဆုံးအမ၌်တည်၍ အသက်အဆုံး၌် နတ်ပြည်ကို ပြည့်စေလျက် သွား၏။

ဇာတ်ပေါင်း။ သဗ္ဗညုမြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူပြီး၍ "ရဟန်း....သင်သည် ဤသို့ရွေး၌် အဆုံးအမကို နားထောင်၏။ ယခုအခါ၌် အဘယ်ကြောင့် လုံ့လကိုလျော့သနည်း" ဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသော အဆုံး၌် ထိုလုံ့လကိုလျော့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌် တည်၏။ ထိုအခါ၌် သံဝရမင်းကြီးဆည် ဝိရိယကိုလျော့သော ရဟန်း ဖြစ်လာ၏။ ဥပါသကမင်းကြီးသည် သာရိပုတ္တြာဖြစ်လာ၏။ ဥပါသကမင်း သံဝရမင်းမှ ကြွင်းသော ညီတော် နောင်တော်တို့သည် ရှစ်ကျိပ်သော မဟာသာဝကထေရ်ကြီး ပကတိသာဝကထေရ်ငယ်တို့သည် ဖြစ်သတကုန်၏။ သံဝရမင်းကြီး၏ ပရိသတ်တို့သည် ဘုရားသခင်၏ပရိသတ် ဖြစ်လေကုန်၏။ အဆုံးအမကို ပေးတတ်သော အမတ်သည်ကား ဝါဘုရား ဖြစ်လေ၏။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဆရာစကား၊ နားထောင်ပြား၊ ထွတ်ဖျားမင်းဖြစ်လာ၊)

ကောဓဃကနိပါတ်ကျမ်း၌် ရှစ်ခုမြောက်သော သုံဝရဇာတ်သည် ပြီး၏။

၉-သုပ္ပါရကဇာတ်

သစ္စာသီလတန်ခိုးဖြင့်အသက်ဘေးမှခွာသောခြင်း

ဗာဟတော်မူရာဌာန၊ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ရှိသော် ပညာပါရမီကို အကြောင်းပြု၍ "ဥမ္မဒန္တီ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုပ္ပါရကဇာတ်ကို ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု။ ထိုစကားကို ခဲ့ပြီးအံ့-တစ်နေ့သ၌် ညချမ်းသောအခါ ဝယ် မြတ်စွာဘုရား၏ တရားဟောတော်မူခြင်းငှာ ထွက်ခြင်းကို ငံ့လင့်ကုန်သော ရဟန်းတို့သည် တရားသဘင်၌်းနေ၍ "ငါ့ရှင်တော်....အံ့ဖွယ်ရှိပေစွ၊ သဗ္ဗညုမြတ်စွာဘုရားသည် ကြီးသောပညာရှိ၏။ မြေကြီးဆုနှင့် တူဆောပညာရှိ၏။ ရွှင်ဆောပညာ ရှိတော်မူ၏၊ လျင်သောပညာ ရှိတော်မူ၏။ ထက်သောပညာ ရှိတော်မူ၏။ အလုံးစုံသောတရားကို ထိုးထွင်း၍

www.dhammadownload.com

သိသောပညာ ရှိတော်မူ၏။ ထိုထိုအရာ၌ ဥပါယ်တံမျဉ် ပညာနှင့် ပြည့်စုံတော်မူ၏။ ကြီးကျယ်ပြန့်ပြောသော မြေကြီးအထုနှင့်တူသော ပညာနှင့် ပြည့်စုံတော်မူ၏။ မဟာသမုဒ္ဒရာကဲ့သို့ နက်နဲသောပညာနှင့် ပြည့်စုံတော်မူ၏။ ကောင်းကင်ကဲ့သို့ ပြန့်ပြောသော ပညာနှင့် ပြည့်စုံတော်မူ၏။ ထိုစကားသည် မှန်၏။ ဇမ္ဗူဒီပ်ကျွန်းအလုံး၌ဖြစ်သော ပညာရှိသည် ဘုရားသခင်ကိုလွန်၍ သိခြင်းဌာန စွမ်းနိုင်သောသူ မည်သည်မရှိ။ မဟာသမုဒ္ဒရာ၌ ထကုန်သော လှိုင်းတံပိုးတို့သည် ကမ်းကိုမလွန်နိုင်ကုန်၊ ကမ်းသို့ရောက်၍သာလျှင် ပျောက်ကုန်ဘိသကဲ့သို့ တစ်စုံတစ်ယောက်သောပညာရှိသည် မြတ်စွာဘုရားကို မလွန်နိုင်၊ မြတ်စွာဘုရား၏ ခြေဘေဘင်းသို့ရောက်ကုန်သော် ပျောက်ပျက်ကုန်သည်သာတည်း' ဟု မြတ်စွာဘုရား၏ မျှးမြတ်သော ပညာရှိသည့် မြတ်စွာဘုရားကို မလွန်နိုင် မြတ်စွာဘုရား၏ ခြေတော်ရင်းသို့ ရောက်ကုန်သော် ပျောက်ပျက်ကုန်သည်သာတည်း'' ဟု မြတ်စွာဘုရား၏ မျှးမြတ်သော ပညာပါရမီးဘော်ကို ချီးမွမ်းကုန်လျက် နေကုန်၏၊

သမ္ဗညူမြတ်စွာဘုရားသည် လွှာတော်မူ၍ ''ရဟန်းတို့...ယခု ငါလာတော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း'' ဟု မေးတော်မူ၍ ''ဤခည်သောစကားဖြင့် စည်းဝေးပါကုန်သည်'' ဟူ လျှောက်ထားတော် လျှောက်ကုန်သော် ''ရဟန်းတို့....သင်တို့ဆရာ ငါဘုရားသည် ယခုမှသာလျှင် ပညာရှိသည်မဟုတ်၊ ရှေးဖြစ်သော ပညာ မရင့်သေးသောအခါ၌လည်း ပညာရှိခဲ့တော်မူ၏။ မျက်မမြင်ဖြစ်လျက်လည်း သမုဒ္ဒရာရေအမှတ်ဖြင့် ဤသမုဒ္ဒရာဝယ် ဤမည်သောရတနာ ရှိသည်၏အဖြစ်ကို ငါသိ၏'' ဟု မိန့်တော်မူ၍ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။ ရဟန်းတို့ လွန်လေပြီးသောအခါ၌ ကုရုတိုင်း၌ ကုရုမည်သောမင်းသည် ခင်းပြု၏။ ကုရုတစ္ဆမည်သော သင်္ဘော်ဆိပ်ရွာသည် ရှိ၏။ တိုအခါဝယ် ဘုရားလောင်းသည် ကုရုကစ္ဆသင်္ဘော်ဆိပ်၌ သင်္ဘောသူကြီးသားဖြစ်၏။ ကြည်ညိုဖွယ်ရှိ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ ဘုရားလောင်းအား ''သုပ္ပါရက'' ဟူသော အမည်ကို မှည့်ကုန်၏။

သင်္ဘော်သူကြီး

ထိုသတ္တိသားသည် မျှားစွာသော အခြံအရံဖြင့် ကြီးသည်ဖြစ်၍ တစ်သယ်ခြောက်နှစ် ရှိသောအခါ၌လျှင် သင်္ဘော်သူကြီးဆုတ်၌ ပြီးခြင်းသို့

www.dhammadownload.com

ရောက်၍ အခါတစ်ပါး၌ ဘာလွန်သဖြင့် သင်္ဘောသူကြီးဖြစ်၍ သင်္ဘော်သားသောအမှုကို ပြု၏။ ပညာနှင့်ပြည့်စုံ၏။ ထိုဘုရားလောင်းသည် စီးအပ်သော သင်္ဘောသည် ပျက်စီးခြင်းဥပဒ်သည်မရှိ။

ရာဖြတ်အရာရှိ

ထိုဘုရားလောင်းဟာ အခါတစ်ပါး၌ ဆားငန်ရေဖြင့် ခတ်မိသည်ဖြစ်၍ မျက်စိနှစ်ဖက်တို့သည် ပျက်ကုန်၏။ ဘုရားလောင်းသည် ထိုအခါမှစ၍ သင်္ဘောသူကြီး ဖြစ်သော်လည်း သင်္ဘော်သားသောအမှုကို မပြုမူ၍ "မင်းကိုမှီ၍ ဆိတ်မွေးအံ့" ဟု ကြံ၍ မင်္ဂလာသို့ကပ်၏။ ထိုအခါမင်းသည် ထိုဘုရားလောင်းကို ရာဖြတ်အရာစုံထား၏။ ထိုဘုရားလောင်းသည် ထိုအခါမှစ၍ မင်း၏ ဆင်ရတနာ, မြင်းရတနာ, ပုလဲဥစ္စာနှစ် ပတ္တမြားဆစ်ရှိသည်တို့ကို ဆုပိုးဖြတ်၏။ ထိုအခါဝယ် တစ်နေ့သ၌ "မင်း၏ မင်္ဂလာဆင်ဟာ ဖြစ်လတ္တံ့" ဟု မျက်စဉ်းတောင်းထွတ်နှင့်တူသော ဆင်တစ်စီးကို ဆောင်ခဲ့ကုန်၏။ ထိုဆင်ကိုမြင်၍ မင်းသည် "သုခမိန်ပညာရှိအား ပြလေကုန်" ဟု ဆို၏။ ထိုအခါ ထိုဆင်ကို သုပ္ပါရက သုခမိန်ဆထံသို့ ဆောင်ယူကုန်၏။ ထိုသုခမိန်သည် လက်ဖြင့် ဆင်၏ကိုယ်ကို သုံးသပ်၍ "ဤဆင်သည် မင်္ဂလာဆင်ဖြစ်ခြင်းငှာ မဝေလျာက်ပတ်၊ ဤဆင်သည် ဓနာက်ခြေနိမ့်၏။ ဤဆင်ကို အမှတ်သည့် ဖွဲးဓသာဆခါ နေ့ကျခြေဖြင့် ခံခြင်းငှာ မတတ်နိုင်၊ ထိုကြောင့် မြေ၌ကျ၍ နေ့က်ခြေနိမ့်၏" ဟု ဆို၏။ ဆင်ကို ယူ၍လာသောသူတို့ကိုဓမ်းလျင် ထိုသူတို့သည် "သုခမိန်ဆိုသည့်အတိုင်း မှန်ပေ၏" ဟု ဆို၏၊ ထိုအကြောင်းကို မင်းသည်ကြား၍ နှစ်သက်သည်ဖြစ်၍ ထိုသုခမိန်အား ရွှစ်သပြွာတို့ကို ပေးဓစ်၏၊

တစ်ဖန် တစ်နေ့သ၌ "မင်း၏ မင်္ဂလာမြင်းတော်သည် ဖြစ်လတ္တံ့" ဟု မြင်းတစ်စီးကို ဆောင်ယူခဲ့ကုန်၏၊ ထိုမြင်းကိုလည်း ပညာရှိဆထံသို့ ပို့ဓစ်၏။ ထိုသုခမိန်လည်း မြင်းကို လက်ဖြင့်သုံးသပ်၍ "ဤမြင်းသည် မင်္ဂလာမြင်းဖြစ်ခြင်းငှာ မထိုက်၊ ဤမြင်း၏အမိသည် ဖွဲးဆောနှင့် သေသောကြောင့် အမိနို့ရည်ကိုမရ၍ ဓကောင်းစွာမကြီးရ၊ နို့မျက်၏" ဟု ဆို၏။ထိုသုခမိန်စဆေားသည် မှန်သည်ဆောတည်း။ ထိုအကြောင်းကိုကြား၍ မင်းသည် ဆလွန်နှစ်သက်၍ ရွှစ်သပြွာတို့ကို ပေးဓစ်၏၊

ထိုဆခါဝယ် တစ်နေ့သ၌ "မင်း၏ မင်္ဂလာရထားဆည် ဖြစ်လတ္တံ့" ဟု မထားကို ဆောင်ခဲ့ကုန်၏၊ ထိုရထားကိုလည်း မင်းသည် သုခမိန်၏အထံသို့ ပို့ဓစ်၏၊ ထိုသုခမိန်သည် ရထားကို ဆက်ပြင့်ထုံးသပ်၍ "ဤရထားသည်

www.dhammadownload.com

အခေါင်းရှိသောသစ်ဖြင့် ပြုလုပ်သောကြောင့် မင်းအား မလျောက်ပတ်" ဟု ဆို၏။ ထိုသုခမိန်၏စကားသည် မှန်၏။မင်းသည် ထိုစကားကိုကြား၍ ရှစ်သပြာတို့ကိုသာ ပေးစေ၏။

ထိုအခါ၌ မင်းဆား များသော ဆဖိုးထိုက်သော ကမ္မလာရတနာကို ဆောင်ခဲ့ကုန်၏။ ဤကမ္မသာကိုလည်း သုခမိန်အား သာလျှင် ပို့စေကုန်၏။ ထိုသုခမိန်သည် ကမ္မလာတို့ကိုလည်း လက်ဖြင့် သုံးသပ်၍ "ဤကမ္မလာဝယ် တစ်ခုသော အရပ်၌ ကြွက်ခဲရာသည် ရှိ၏"ဟု ဆို၏။ သုတ်သင်သည်ရှိသော် ထိုကြွက်ခဲရာကိုမြင်၍ မင်းဆား လျှောက်ကုန်၏။ မင်းသည်ကြား၍ အလွန်နှစ်သက်၍ ရှစ်သပြားတို့ကိုသာ ပေးစေ၏။

(ဤအရာတွင် ငါးရာငါးဆယ် ဇာတ်ဆကျဉ်း စကားပြေကို စိရင်သော ဆရာမူကား အသပြာဝက်ပေးသည်၊ မင်းကိုလည်း ဒွန်းစကွား မျိုးဖြစ်သည်ဟု ဆို၏။ မဏိကုဏ္ဍလ ဆရာဆိုသည်ကား နှစ်သပြာပေးသည်။ မင်းကိုလည်း ဆတ္တာသည်အမျိုးဟု ဆို၏။ စဆားပြေဆရာ၏ စကားကို ဆင်ခြင်အပ်၏။)

ထိုသုခမိန်သည် ကြံ၏။ ဤဓင်းသည် ဤသို့သဘောရှိကုန်သော အုံဖွယ်တို့ကို မြင်လျက် ရှစ်သပြာတို့သာ ပေးစေ၏၊ ဤမင်းသည် ဆတ္တာသည်တို့၏ ပေးခြင်းတည်း။ ဆတ္တာသည်မျိုး ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါ့အား ဤသို့သော မင်းဆား ခစားသဖြင့် အာဘယ်အကျိုး ရှိအံ့နည်း၊ မိမိနေရာသို့သာလျှင် သွားအံ့"ဟု ကြံ၍ ထိုသုခမိန်သည် ကုရုကစ္ဆ သဘော်ဆိပ်သို့သာလျှင် ပြန်ခဲ့၏။ သုခမိန်သည် ထိုသဘော်ဆိပ်၌ နေလတ်သော် ကုန်သည်တို့သည် သဘော်ကို စီရင်၍ ထိုသုပ္ပါရတ သုခမိန်ကို သဘော်သူကြီး ပြုကုန်အံ့"ဟု တိုင်ပင်ကြကုန်၏။ သုပ္ပါရက သုခမိန်သည် စီးသော သဘော်သည် မပျက်နိုင်၊ ထိုသုခမိန်သည် ပညာရှိ၏၊ ဥပါယ်တံမျဉ်၌ လိမ္မာ၏၊ မျက်စိမမြင်သော်လည်း ထိုသုခမိန်သည် ငါတို့ထက် မြတ်၏"ဟု ထိုသုခမိန်သို့ ချဉ်းကပ်၍ "အကျွန်ုပ်တို့၏ သဘော်သူကြီး ဖြစ်တော်မူပါ" ဟု ဆို၏။

"ငါသည် မျက်စိမမြင်၊ အာဘယ်သို့လျှင် သဘော်သူကြီးအမှုကို ပြုရအုံနည်း"ဟု ဆိုလတ်သော် "သခင်....မျက်စိပင် မမြင်သော်လည်း သခင်သည်သာလျှင် အကျွန်ုပ်တို့ထက် မြတ်၏"ဟု အဖန်တလဲလဲ တောင်းပန်သည်ရှိသော် "အမောင်တို့....ကောင်းပြီ၊ အမောင်တို့သည် ကြားသောအမှတ်ဖြင့် သဘော်သူကြီး ဖြစ်အံ့"ဟု ဆို၍ ထိုသူတို့၏ သဘော်ကို တက်

www.dhammadownload.com

စီး၏။ သင်္ဘော်သည် မဟာသမုဒ္ဒရာသို့ ပြေးခဲ့၏။ သင်္ဘော်သည် ခုနစ်ရက်တို့ပတ်လုံး ဘေးမရှိသည်ဖြစ်၍ သွားလေ၏။ ထို့နောက် နှောင့်ယှက်သော လေဖြစ်လတ်သည်ရှိသော် ခရီးလွဲ၍ သင်္ဘော်သည် လေးလတို့ပတ်လုံး ပကတိ မဟာသမုဒ္ဒရာအပြင်၌ သွား၍ ခုရမာ့လိမည်သော သမုဒ္ဒရာသို့ ရောက်လေ၏။

ဘာသမုဒ္ဒရာနည်း

ထိုခုရမာလိ သမုဒ္ဒရာ၌ ငါးတို့သည် လူနှင့်တူသော ကိုယ်ရှိသည် ဖြစ်၍ လျှင် သင်ခုန်းသွားနှင့်တူသော နှာခေါင်းရှိသည်ဖြစ်၍ ပေါ်ခြင်းငုပ်ခြင်းကို ပြုကုန်၏။ ကုန်းသည်တို့သည် ထိုငါးတို့ကိုမြင်၍ ဘုရားလောင်းအား ထိုသမုဒ္ဒရာ၏အမည်ကို မေးလိုရကား-

၁၀၅။ ဥမ္မဒ္ဒန္တီ နိမုဒ္ဒန္တီ၊ မနုဿာ ခုရနာသိကာ၊

သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒါ ကတမော အယံ-

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

၁၀၅။ ပဏ္ဍိတ၊ ပညာရှိ။ သုပ္ပါရကံ၊ သုပ္ပါရက အမည်ရှိသော။ တံ၊ ထင်ပညာရှိကို။ ပုစ္ဆာမ၊ ငါတို့မေးပါကုန်အံ့။ ခုရနာသိစာ၊ သင်ခုန်းသွားနှင့် တူသော နှာခေါင်းရှိကုန်သော။ မနုဿာ၊ လူတို့သည်။ ဥမ္မဒ္ဒန္တီ၊ ပေါ်လည်း ပေါ်ကုန်၏။ နိမုဒ္ဒန္တီ၊ ငုပ်လည်းငုပ်ကုန်၏။ အယံ၊ ဤသမုဒ္ဒရာကား။ ကတမော၊ အဘယ်မည်သော။ သမုဒ္ဒါ၊ သမုဒ္ဒရာနည်း။

ခုရမာလိသမုဒ္ဒရာ

ဤသို့ သင်္ဘောသားတို့သည် မေးအပ်သော ဘုရားလောင်းအား၊ မိမိ၏ သင်္ဘောကျမ်းနှင့် ညီညွတ်၍-

၁၀၆။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ မဓုသိနံ။

နာဝါယ ဝိပ္ပနဋ္ဌာယ၊ ခုရမာလိတိ ဝုစ္စတိ-

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၁၀၆။ တာဘာ၊ အနမာင်တို့၊ ကုရုကစ္ဆာ၊ ကုရုကစ္ဆ သင်္ဘောဆိပ်မှ။ ပယာတာနံ၊ သွားကုန်သော။ မဓုသိနံ၊ ဥစ္စာကို ရှာလေ့ရှိကုန်သော၊ ဝါဏိဇာနံ၊ ကုန်သည်တို့၏၊ နာဝါယ၊ သင်္ဘောသည်။ ဝိပ္ပနဋ္ဌာ၊ အရပ်တစ်ပါးသို့ သွားသည်ရှိသော်။ အယံ၊ ဤသမုဒ္ဒရာကို။ ခုရမာလိတိ၊ ခုရမာလိသမုဒ္ဒရာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammadownload.com

ထိုသမုဒ္ဒရာ၌ ဝဇိရစိန်ကျောက်မျိုးသည် များ၏။ ဘုရားလောင်းသည် ''အကယ်၍ ငါထား၌သမုဒ္ဒရာသည် ဝဇိရသမုဒ္ဒရာတည်းဟု ထိုသူတို့အား ကြားအံ့၊ ဩဘာကြီးသဖြင့် များစွာသော ဝဇိရစိန်ကျောက်တို့ကိုယူ၍ ထဘော်ကို နစ်စေကုန်လတ္တံ့၊ ထိုသဘော်သားတို့အား မကြားမူ၍ သင်္ဘောကို ရပ်စေ၍ ဥပါယ်တံမျဉ်ဖြင့် ကြိုးလွန်တို့ကို ကိုင်၍ ငါးဖမ်းသော ဇာဟန်ဖြင့် ကွန်ပိုက်ကို ချစေ၍ ဝဇိရစိန်ကျောက်ဥစ္စာနှစ်ကိုဆယ်ယူ၍ သင်္ဘော၌ထည့်၍ တစ်ပါးသော အဖိုးနည်းထိုက်သော ဥစ္စာကို စွန့်စေ၏။ ထိုသဘော်သည် ဝဇိရသမုဒ္ဒရာကို လွန်၍ ရှေ့မှ အဂ္ဂိမာလိ အမည်ရှိသော ဇမုဒ္ဒရာသို့ ရောက်လေ၏။

ဘာသမုဒ္ဒရာနည်း

ထိုအဂ္ဂိမာလိသမုဒ္ဒရာသည် တောက်ပသော မီးပုံကြီးနှင့် တူ၏။ မွှန်းတည်နေနှင့် တူ၏၊ အရောင်ကို လွှတ်လျက်တည်၏။ ဤသို့ သဘောရှိသော သမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်းဟု ကုန်သည် သဘော်စသဖြင့်တို့သည် ဘုရားလောင်းကို မေးလိုရကား၊·

၁၀၇။ ယထာ အဂ္ဂိဝ ထူရိယော၀၊ သမုဒ္ဒါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ အမုဒ္ဒါ ကတမော အယံ·

ဟူသော တတိယဂါထာစကို ဆို၏။

၁၀၇။ ပဏ္ဍိတ၊ ပညာရှင်၊ သုပ္ပါရကံ၊ သုပ္ပါရကအမည်ရှိသော၊ တံ၊ အရှင်ကို၊ ပုစ္ဆာမ၊ မေးပါကုန်အံ့။ ယထာ၊ ဥပမာမည်သည်ကား၊ အဂ္ဂိဝ၊ မီးပုံကြီးကဲ့သို့၊ သူရိယော၀၊ မွှန်းတည်နေကဲ့သို့။ ယော သမုဒ္ဒါ၊ အကြင်သမုဒ္ဒရာသည်၊ ပဋိဒိဿတိ၊ ထင်၏။ အယံသမုဒ္ဒါ၊ ဤသမုဒ္ဒရာသည်။ ကတမော၊ အဘယ်မည်သော သမုဒ္ဒရာနည်း၊

အဂ္ဂိမာလိသမုဒ္ဒရာ

ဘုရားလောင်းသည်လည်း၊ ထိုသဘော်သားတို့အား၊ ပြောကြားလိုရကား၊·

၁၀၈။ ကုရုကံစ္ဆော ပယာတနံ၊ ဝါကိဿာနံ ဓနေသိနံ၊
နာ၀ါယံ စိပ္ပနဒ္ဓာယ၊ အဂ္ဂိမာလိတိ ဝုစ္စတိ·

ဟူသော အခြားမဲ့သော ဤဂါထာကို ဆို၏၊

၁၀၈။ တာတ၊ အမောင်တို့။ ကုရုကစ္ဆာ၊ ကုရုထစ္ဆာသဘော်ဆိပ်မှ၊ ပယာတာနံ၊ သွားကုန်သော။ ဓနေသိနံ၊ ဥစ္စာကိုရှာကုန်သော၊ ဝါကိဿာနံ၊ ကုန်ဆာည်တို့၏။ နာ၀ါယ၊ သဘော်သည်။ စိပ္ပနဒ္ဓာယ၊ အရပ်တစ်

www.dhammadownload.com

ပါးသို့ သွားသည်ရှိခဲ့သော်။ အယံ၊ ဤသမုဒ္ဒရာကို။ အဂ္ဂိမဟာလိဘိ၊ အဂ္ဂိမဟာလိ သမုဒ္ဒရာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသမုဒ္ဒရာ၌ ရှေးသည် များ၏။ ထိုဘုရားလောင်းသည် ရှေးကိုယူစေ၍ လေသော်ဘဲ၌ ထည့်စေ၏။

ဘာသမုဒ္ဒရာနည်း

သဒေဝ်ဘာသည် ထိုအဂ္ဂိမဟာလိသမုဒ္ဒရာကိုလည်း လွန်ခဲ့၍နို့ရည်နို့ဓမ်းကဲ့သို့ ထွန်းဆောက်ပခဲသော ဒဓိမဟာလိ အခည်ရှိသော သမုဒ္ဒရာသို့ ရောက်လေ၍ ထိုသမုဒ္ဒရာကို ကုန်သည်တို့ဆည် ဘုရားလောင်းအား မေးလိုရကား-

၁၀၉။ ယထာ ဒဓိ ဝ ခီရံ ဝ၊ သမုဒ္ဒေါ ပဋ္ဌိဒိဿသိ၊
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ အတ္ထမေဝ အယံ-

ဟူသော ဤဂါထာကို ဆို၏။

၁၀၉။ ပဏ္ဍိတ၊ ပညေ၎င်။ သုပ္ပါရကံ၊ သုပ္ပါရက အမည်ရှိသော။ တံ၊ အရှင်ကို။ ပုစ္ဆာမ၊ မေးပါကုန်၏။ ဒဓိဣဝ၊ နို့ဓမ်းရည်ကဲ့သို့။ ခီရံ-ဣဝ၊ နို့ရည်ကဲ့သို့။ ယောသမုဒ္ဒေါ၊ အကြင် သမုဒ္ဒရာဆည်။ ပဋ္ဌိဒိဿတိ၊ ထင်၏။ အယံ သမုဒ္ဒေါ၊ ဤသမုဒ္ဒရာကား။ အတ္ထမေဝ၊ အဘယ်သမုဒ္ဒရာနည်း။

ခီရမဟာလိသမုဒ္ဒရာ

ဘုရားလောင်းသည် ထိုသမုဒ္ဒရာ အမည်ကို ကြားလိုရကဲ့။

၁၁၀။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ ခီရမဟာလိတိ ဝုစ္စတိ-

ဟူသဖြင့် ဤဂါထာကို ဆို၏။

၁၁၀။ တာတ၊ အမောင်တို့။ ကုရုကစ္ဆာ၊ ကုရုကစ္ဆ သဘော်ဆိပ်မှ။ ပယာတာနံ၊ သွားကုန်သော။ ဓနေသိနံ၊ ဥစ္စာကိုရှာကုန်သော။ ဝါဏိဇာနံ၊ ကုန်သည်တို့၏။ နာဝါယ၊ သဘော်သည်။ ဝိပ္ပနဋ္ဌာယ၊ အရပ်တစ်ပါးသို့ သွားသည်ရှိသော်။ အယံ၊ ဤသမုဒ္ဒရာကို။ ခီရမဟာလိတိ၊ ခီရမဟာလိ သမုဒ္ဒရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုသမုဒ္ဒရာ၌ကား ငွေသည် များ၏။ ဘုရားလောင်းသည် ထိုငွေတို့ကိုလည်း ဥပါယ်တံမျဉ်ဖြင့် ယူစေ၍ သဘော်၌ ထည့်စေ၏။

ဘာသမုဒ္ဒရာနည်း

ဆသဘော်သည် ထိုသမုဒ္ဒရာကိုလည်း လွန်၍ စိမ်းထော သမန်းမြက်နှင့်တူသော စပါးကောင်းနှင့်တူသော ထွန်းပခဲသော စိမ်းညိုစသော အဆင်းရှိ

www.dhammadownload.com

သော် ကုသမာလိ အမည်ရှိသော သမုဒ္ဒရာသို့ ရောက်လျှင် ထိုကုန်သည်တို့သည် ဘုရားလောင်းကို မေးလိုကြကား·

၁၁၁။ ယထာ ကုသော၀ သသော၁၊ သမုဒ္ဒါ ပဋိဒိသတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ။။ သမုဒ္ဒါ ကတရာမာ အယံ·
ဟူသော ဤဂါထာကို ဆို၏။

၁၁၁။ ပဏ္ဍိတ၊ ပညာဝန္တ။ သုပ္ပါရကံ၊ သုပ္ပါရက အမည်ရှိသော။ တံ၊ အမျှင်ကို။ ပုစ္ဆာမ။ မေးပါကုန်၏။ ယဿာ၊ ဥပမာမည်သည်ကား။ ကုသော၀၊ သမန်းမြက်သည်လည်းကောင်း။ သသော၀၊ ကောက်ကွဲသို့လည်းကောင်း။ ယောသမုဒ္ဒါ၊ အကြင်သမုဒ္ဒရာသည်။ ပဋိဒိသတိ၊ ထင်၏။ အယံ သမုဒ္ဒါ၊ ဤသမုဒ္ဒရာသည်။ ကတရာမာ၊ အဘယ်သမုဒ္ဒရာနည်း။

ကုသမာလီသမုဒ္ဒရာ

ထိုသို့ မေးအပ်သော် ဘုရားလောင်းသည် ထိုကုန်သည်တို့အား ပြောကြားလိုရသား·

၁၁၂။ ကုရုက်ဆာ ပယာတာနံ၊ ဝါဏိဇာနံ မနေသိနံ၊
နာ၀ါယ ဝိပ္ပနဋ္ဌာယ၊ ကုသမာလိတိ ဝုစ္စတိ၊
ဟူသော်ဤဂါထာကိုဆို၏။

၁၁၂၊ တာတ၊ အားမာင်တို့၊ ကုရုကစ္ဆာ၊ ကုရုကစ္ဆာသဘော်ဆိပ်မှ၊ ပယာတာနံ၊ သွားကုန်သော၊ မနေသိနံ၊ ဥစ္စာကိုရှာကုန်သော။ ဝါဏိဇာနံ၊ ကုန်သည်တို့၏။ နာ၀ါယ၊ သဘော်သည်။ ဝိပ္ပနဋ္ဌာယ၊ ဆုံးစေ့ပါးသို့ သွားသည်ရှိသော်။ အယံ၊ ဤသမုဒ္ဒရာကို။ ကုသမာလိတိ၊ ကုသမာလိ သမုဒ္ဒရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုသမုဒ္ဒရာ၌ကား ပတ္တာမြားညိုဟူဆိုအပ်သော မြကျောက်ညို၊ ရတနာသည် မျှား၏၊ ဘုရားလောင်းသည် ထိုမြကျောက်ညို၊ ရတနာကိုဆည်း ဥပါယ်တံမျှင်ဖြင့် ယူစေ၍ သဘော်ကို ထည့်စေ၏။

ဘာသမုဒ္ဒရာနည်း

သဘော်သည် ထိုသမုဒ္ဒရာကိုလွန်၍ ကျွဲတောကဲ့သို့ ဝါးတောကဲ့သို့ ထင်သော နဋ္ဌမြေလိ အမည်ရှိသာ သမုဒ္ဒရာသို့ ရောက်လျှင် ကုန်သည်တို့သည် ထိုသမုဒ္ဒရာ၏ အမည်ကိုလည်း ထိုဘုရားလောင်းအား မေးလိုရကား·

www.dhammadownload.com

၁၁၉။ ယထာ နဋ္ဌောဝ ဝေဋ္ဌေါဝ၊ သမုဒ္ဒေါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒါ နာဘမေ အယံ။

ဟူသော်ကျိုက်ထာကိုဆို၏။

၁၁၃။ ပဏ္ဍိတ၊ ပညာရှင်။ သုပ္ပါရကံ၊ သုပ္ပါရက အမည်ရှိသော။ တံ၊ သင်ပညာရှင်ကို။ ပုစ္ဆာမ၊ မေးပါကုန်၏။ ယထာဝ၊ ဥပမာကား။ နဋ္ဌောဝ၊ ကျွေတောက်သို့။ ဝေဋ္ဌေါဝ၊ ဝါးတောက်သို့။ ယော သမုဒ္ဒေါ၊ အကြင် သမုဒ္ဒရာသည်။ ပဋိဒိဿတိ၊ ထင်၏။ အယံ သမုဒ္ဒေါ၊ ဤ သမုဒ္ဒရာသည်။ ကတမော၊ အဘယ်သမုဒ္ဒရာနည်း။

နဋ္ဌမာလိသမုဒ္ဒရာ

ထိုသင်္ဘောသားတို့အား ထိုသမုဒ္ဒရာ၏အမည်ကိုကြားလိုရကား၊ ဘုရား၊ လျောင်းသည်.

၁၁၄။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ နဋ္ဌမာလီတိ ဘုစ္စတိ.

ဟူသောဤဂါထာကိုဆို၏။

၁၁၄။ တာတ၊ အမောင်တို့။ ကုရုကစ္ဆာ၊ ကုရုကစ္ဆသင်္ဘောဆီပ်မှ။ ပယာတာနံ၊ သွားကုန်သော။ ဓနေသိနံ၊ ဥစ္စာကို ရှာကုန်သော။ ဝါဏိဇာနံ၊ ကုန်သည်တို့၏။ နာဝါယ၊ သင်္ဘောသည်။ ဝိပ္ပနဋ္ဌာယ၊ အရပ်တစ်ပါးသို့ သွားသည်ရှိသော်။ အယံ၊ ဤသမုဒ္ဒရာကို။ နဋ္ဌာမာလီတိ၊ နဋ္ဌာမာလီသမုဒ္ဒရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုသမုဒ္ဒရာ၌ကား မသာရဂလိ ဆိုအပ်သော ကျောက်မျက်၌, ပြာယိုးယား, ဝင်းသဝါ ကျောက်မျိုးတို့သည်များ၏။ ဘုရားလျောင်းသည် ထိုကျောက်မျိုးတို့ကိုလည်း ဥပါယ်တံမျဉ်ဖြင့် ယူစေ၍ သင်္ဘော၌ ထည့်စေ၏။

ဘာသမုဒ္ဒရာနည်း

ကုန်သည် သင်္ဘောသားတို့သည် နဋ္ဌာမာလိသမုဒ္ဒရာကိုလွန်၍ ဗလဝါမုခ မည်သော သမုဒ္ဒရာကို မြင်ကုန်၏။ ထိုဗလဝါမုခမည်သော သမုဒ္ဒရာ၌ ရေသည် ငင်၍ငင်၍ ထက်ဝန်းကျင် အထက်အဖို့ဖြင့် တတ်၏။ ထို ထက်ဝန်းကျင် အထက်အဖို့ဖြင့် တက်ဆည်ရှိသော် ရေသည် ထက်ဝန်းကျင် အထက်အဖို့ဖြင့် ကမ်းပါးပြတ်ကြီးစွာသော ဇလုပ်ဟောင်းကဲ့သို့ ထင်၏။ လျှိုင်းတံပိုးသည် ထဖတ်သော် တစ်ဖက်မှ ထက်ဝန်းကျင် အထက်အဖို့ဖြင့် ကမ်းပါးပြတ်နှင့်တူ၏။ ကြောက်ဖွယ်ကို ဖြစ်စေတတ်သော အသံသည်

www.dhammadownload.com

ဖြစ်၏။ ထိုဆာသံဃည် နားအုံတို့ကို ဖုံးသကဲ့သို့ နှလုံးကိုခဲ့သကဲ့သို့ဖြစ်၏။ ထိုဗလဝါမုခ သမုဒ္ဒရာကိုမြင်၍ ကြောက်လန့်သည်ဖြစ်၍ ကုန်သည်တို့သည် မေးလိုကုန်ရကား-

၁၁၅။ မဟာဇနတော ဘိံသနဏော၊ သဒ္ဒါ သုယျတိ မာနုသော။
ယထာ သောဇ္ဈော ပပါတော၀၊ သမုဒ္ဒါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒါ ဏတမော ဏယံ-

ဟူသော်ကြောင့်ထာကိုဆို၏။

၁၁၅။ ပဏ္ဍိတာ၊ ပညာရှင်။ မဟာဇနယော၊ များသောဘေး ရှိ၏။ ဘိံသနကျော၊ ကြောက်မက်ဖွယ်ရှိသော။ အမာနုသော၊ ဘီလူးသံနှင့်တူသော။ ဝါ-ပြင်းထန် ကြီးကျယ်လှစွာသော။ သဒ္ဒါ၊ အသံကို သုယျတိ၊ ကြား၏။ သုပ္ပါရကံ၊ သုပ္ပါရကဏအမည်ရှိသော။ တံ၊ အရှင်ကို။ ပုစ္ဆာမ၊ မေးပါကုန်၏။ ယထာ၊ ဥပမာမည်သည်အား။ သောဇ္ဈဒုက္ခ၀၊ ငလုပ်ကြီး ထုံးအိုင်ကြီးကဲ့သို့လည်း ယောင်း။ ပပါတောဇ္ဈ၀၊ အမ်းပါး ပြုတ်ကဲ့သို့လည်း ကောင်း။ ယောသမုဒ္ဒါ၊ အကြင်သမုဒ္ဒရာအား။ ပဋိဒိ-ဿတိ၊ ထင်၏။ ဏယံ သမုဒ္ဒါ၊ ဤသမုဒ္ဒရာသည်။ ဏတမော၊ အဘယ် သမုဒ္ဒရာနည်း။

ဗလဝါမုခသမုဒ္ဒရာ

ဗလဝါမုခသမုဒ္ဒရာသည်ထေရာဋ္ဌကထာဆိုလာသော အပြောကျယ်သော ဝဲလည်သကဲ့သို့ လည်၍ကား သော ဗလဝါမုခ သမုဒ္ဒရာလည်းရှိ၏။ ဤသုပ္ပါရဆ ဇာတ်၌လာသော ကျယ်စွာသောငလုတ်တုန်းခြင်းကသကဲ့သို့ ကား သော ဗလဝါမုခ သမုဒ္ဒရာလည်းရှိ၏။ ထိုနှစ်ပါးတို့တွင် အပြောကျယ်သော ဝဲလည်သကဲ့သို့လည်၍ကား သော ဗလဝါမုခ သမုဒ္ဒရာလည်းကား အဝီစိငရဲသူတို့၏ ကံကြောင့် ငရဲတံခါးမသည် ပိတ်တုံပွင့်တုံဖြစ်၍ ပွင့်သောအခါ၌ အဝီစိငရဲ မီးလျှံသည် ထွက်ပြေး၍ ကျယ်စွာသော တစ်ယူဇနာ အလွှား အနံရှိသော ထမုဒ္ဒရာအောက်အပြင်ကို ဖြာ၍ သမုဒ္ဒရာရေသည် ခုံလောက်၌ အိုးဆူသကဲ့သို့ဆူသဖြင့် ဝဲလည်သကဲ့သို့လည်၍ ကြောက်မက်ဖွယ်သော အသံကိုဖြစ်စေလျက် ကျ၏။ ကျယ်စွာသော ငလုပ်တုန်းခြင်း ကဲ့သို့ကား သော ဗလဝါမုခ သမုဒ္ဒရာကား ရေကိုင်၍ ထက်ဝန်းကျင် အထက်အပိုဖြင့်တက်၍ ချောက်ကမ်းပါးပြတ်၌ ကဲ့သို့ ကျ၍ ကျယ်စွာသော ငလုပ်တုန်းခြင်းကဲ့သို့ထင်၏။ တံပိုး၏အဟုန်ဖြင့် ရေသည်း ထန်စွာပြေး၍ စကြဝဠာတံတိုင်းကို ခတ်မိစေဖြင့် တစ်ယူဇနာ နှစ်ယူဇနာ

www.dhammadownload.com

တိုင်အောင် ဆန်တက်ပြီးလျှင် တစ်ဖန်ပြန်၍ မဟာသမုဒ္ဒရာ၌ ကျ၏။ ထို ကျရာ၌ ကြီးသော နဂါးချောက်ကဲ့သို့ဖြစ်၍ နားအုံ ပွင့်အံ့သကဲ့သို့လည်း ကောင်း၊ နှုတ်းကဲ့အံ့ဘိသကဲ့သို့ လည်းဆောင်း ကြောက်မက်ဖွယ်သော အသံကိုဖြစ်စေ၏။ ထိုနှစ်ပါးသော သမုဒ္ဒရာတို့တွင် ဤသဘော်သားတို့သည် နောက်၌ပြုအပ်သော ပလဝါမုခ သမုဒ္ဒရာသို့ရောက်၍ ကြောက်မက်ဖွယ် သော အသံကိုကြားရလျှင် ဘုရားလောင်းအား မေးကုန်၍ ပြောကြားလိုသော ဘုရားလောင်းသည်-

၃၁၆။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါကိဇာနံ ဓနသိနံ။
နဝဝါယ စိပ္ပနဒ္ဒာယ၊ ဗသဝါမုခါတိ ဝုစ္စတိ-

ဟူ၍သော်ဤဂါထာကိုဆို၏။

၀၁၆။ တာတ၊ အဓိမောင်တို့။ ကုရုကစ္ဆာ၊ ကုရုကစ္ဆသဒ္ဒေါ့ဆိုပ်မူ။ ပယာတာနံ။ သွားကုန်သော။ ဓနေသိနံ၊ ဥစ္စာကိုရှာကုန်သော၊ ဝါကိဇာနံ၊ ကုန်သည်တို့၏၊ နဝဝါယ၊ သဘော်သည်။ စိပ္ပနဒ္ဒာယ၊ အရုပ်တစ်ပါး သို့သွားသည်ရှိသော်။ အယံ၊ ဤသမုဒ္ဒရာကို၊ ပလဝါမုခါတိ၊ ပဿဝါမုခသမုဒ္ဒရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘုရားလောင်းသည် ဤဂါထာဖြင့် ထိုသမုဒ္ဒရာ၏ အမည်ကိုကြား၍ "အမောင်တို့....ဤပသဝါမုခသမုဒ္ဒရာသို့ ရောက်ကုန်သော သူတို့သည် ပြန်ခြင်းငှာမတတ်နိုင်ကုန်၊ ဤသို့ပလဝါမုခသမုဒ္ဒရာသည်ရောက်သောသဘော်များကိုနှစ်စေ၍ ပျက်စီးခြင်းသို့ ရောက်စေ၏" ဟု ဆို၏။ ထိုသဘော်ကို လည်း ခုနှစ်ရာသော သဘော်သားတို့သည် တက်စီးကုန်၏။ ထိုအလုံးစုံသော သဘော်သား ခုနှစ်ရာတို့သည် ဆေးဘားမှကြောက်ကုန်၍ တစ်ပြိုင်နက်လျှင် အဓိဝိဇရဲ၌ခံရသော သူတို့ကဲ့သို့ အလွန်သနားဖွယ်ရှိသော ငိုကြွေးမြည်တမ်းသံကို လွှတ်ကုန်၏။ ဘုရားလောင်းသည်လည်း "ငါ့ကိုထား၍ ငါမှတစ်ပါးသော သူသည် ထိုသဘော်သားတို့၏ ချမ်းသာသောအဖြစ်ကို ပြုခြင်းငှာ စွမ်းဆောင်နိုင်သောသူမည်သည်မရှိ သစ္စာပြုသဖြင့်ထိုသဘော်သားတို့၏ ချမ်းသာခြင်းကိုပြုအံ့" ဟု ကြံစေတော်မူ၍ ထိုသဘော်သားတို့ကို ခေါ်၍ "အမောင်တို့....လျင်မြန်စွာနှံ့သာရေဖြင့်ငါ့ကိုချီးစေ၍ ပုဆိုးသစ်တို့ကိုဝတ်စေ၍ ရေဖြင့်ပြည့်သော ရွှေခွက်ကိုစီရင်၍ သဘော်ဦးဆောင်ထားကြကုန်" ဟု ဆို၏။ ထိုသဘော်သားတို့သည် လျင်မြန်စွာ ဘုရားအလောင်း၏ မိန့်တော်မူတိုင်း ပြုကုန်၏။

ဧ။ ၁၀၆-၅၅၀(တ-တွဲ)

www.dhammadownload.com

သစ္စာဆို၍ ကယ်တင်ခြင်း

ဘုရားရှင်သည်လည်း လက်နှစ်ဖက်တို့ဖြင့် ရေပြည့်သော ရွှေခွက်ကို ကိုင်၍ သင်္ဘောဦးဦးရပ်လျက် သစ္စာကို ပြုလိုရကား၊

၁၁၇။ ယတော သဏှမိ အတ္တာနံ၊ ယတော ပတ္တေးသ္မိ ဝိညုတံ။
နခဘိဇာနာမိ သဉ္စိစ္စ၊ ကောပါဏမ္ပိ ဟိ သိတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ နာဝါ နိဝတ္တတု၊

ဟူသော ဤဂါထာကိုဆို၏၊

၁၁၇။ ယတော၁၊ အကြင်အခါမှ၊ ပဋ္ဌးယ၊ စ၍၊ အတ္တာနံ၊ မိမိကိုယ်ကို။ သဏှမိ၊ အောက်မေ့မိ၏။ ယတော၊ အကြင်အခါ၌။ ပဋ္ဌာယ၊ စ၍။ ဝိညုတံ၊ သိကြားလိမ္မာသော အဖြစ်သို့။ ပတ္တော၁၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ တတော၊ ထိုအခါမှ၊ ပဋ္ဌာယ၊ စ၍။ သဉ္စိစ္စ၊ သေစေလိုသော စေတနာ ရှိသည်ဖြစ်၍။ ကောပါဏမ္ပိ၊ တစ်ယောက်သော သတ္တဝါထို့မျှလည်း။ ဟိ သိတံ၊ ညှဉ်းဆဲဖူးသည်ကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့မှန်သော သစ္စာစကားကြောင့်။ နာဝါ၊ သင်္ဘော သည်း၊ သောတ္ထိ၊ ချမ်းသာစွာ။ နိဝတ္တတု၊ ပြန်စေသတည်း၊

ဘုရားဓမ္မာသောကသည်ကား မြက်ဝါးခြမ်းစိပ်ကို အစပြု၍ သူတစ်ပါးဥစ္စာကို မယူစဘူး၊ လောဘ၏ အစွမ်းဖြင့် သူ့မယားကို မကြည့်စဘူး၊ မမှန်သော စကားကိုမဆိုစဘူး၊ မြက်ဖျားဖြင့်လည်း သေရည်သေရက် မသောက်စဘူး၊ ဤသို့ ငါးပါးသော သီလ၏အစွမ်းဖြင့် သစ္စာပြု၏။ သစ္စာကို ပြုပြီး၍ ရေပြည့်သော ရွှေခွက်မှ ရေကို သင်္ဘောဦး၌ သွန်းလောင်း၏၊ ဓလေးလတို့ပတ်လုံး အရပ်တစ်ပါးသို့ ပြေးသွားသော သင်္ဘောသည် ပြန်၍ တန်ခိုးကြီးသော သူသည် သားသမက်သို့ သစ္စာ၏ အာနုဘော်ဖြင့် တစ်နေ့ချင်းလျှင် ကုရုကစ္ဆ သင်္ဘောဆိပ်သို့ ရောက်လေ၏။ ရောက်ပြီး၍ ကြည်းဦးလည်း ရှစ်ဉဿဘ အတိုင်းအရှည်ရှိသော အရပ်သို့ ပြေး၍ သင်္ဘောသူကြီးအိမ်၌ သာလျှင် တည်၏။ ဘုရားရှင်သည် ထိုကုန်သည်တို့အား ရွှေငွေ ပတ္တမြားသန္တာ ပုလဲဝံဇိရစိန်တို့ကို ခွဲဝေ၍ ပေး၏။ "ဤမျှသော ရတနာတို့ဖြင့် သင်တို့အား တန်ပြီ၊ တစ်ဖန် သမုဒ္ဒရာသို့ မဝင်ကြကုန်လင့်" ဟု ထိုသင်္ဘောသားတို့အား အဆုံးဆမကို ပေး၍ အသက်

www.dhammadownload.com

ထကီဆုံး အလှူပေးခြင်း ဏာစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်ကို ပြည့်စေတော်မူ၏။

ဇာတ်ပေါင်း။ သမ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ရှေးဦးလည်း ငါဘုရားသည် မျှားမြတ်သော ပညာရှိတော်မူသည်သာတည်း" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုဏာ သုပ္ပါရဂကသုခမိန်၏ ပရိသတ်တို့သည် ငါဘုရား ပရိသတ် ဖြစ်လာ၏၊ သုပ္ပါရဂက သုခမိန်သည်ကား ငါဘုရား ဖြစ်တော်မူ၏၊ ဤသို့ ဇာတ်ကို ခပေါင်းတော်မူ၏။

(ပညာရှိဏာ။၊ ဆည်းကပ်ခြင်း၊ ကြီးပွားတိုးတက်လာ။)

ကောဓသကနိပါတ်ကျမ်းဌ ကိုးခုမြောက်သော

သုပ္ပါရဂကဇာတ်သည် ပြီး၏။

www.dhammadownload.com

နိဒါန်း

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူများရှင် ဘဝရှင် တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာခံယဉ်းစွာသော ရခိုင်ပြည်ကြီးကို ဓင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိ ဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျောင်းကျောင်းတော်၌ ဤသကဓီတာ နိပါတ် ဇာတ်ဝတ္ထုသည် ဤမျှဟု သဒ္ဓါ၏ အစဉ် အနက်အစဉ်အားဖြင့် အပြီးသို့ ဆွက်၏။

ဝတ္ထုဝတ္ထု ၁-

မင်္ဂလဒေဘုမိ ကိတ္တိဓေျ၊ ဝသတော မန္ဒီရေ ရမေမှ၊
ဂုရုနာ မြမွဘာသဓယ၊ ဝုတ္တဂန္ဆော နိဒ္ဒံ ဂတော။

ဤတွင် ဝတ္ထုဝတ္ထုသည် ဤမျှဆိုအပ်သော မင်္ဂလဒေဘုမိကိတ္တိဓေျ၊ မင်္ဂလာဘုံကျောင် အမည်ရှိသော၊ မန္ဒီရေ၊ အမရပူရ မြို့တော်တည် ဆင်ဖြူများရှင် ဘဝရှင် တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌၊ ဝသတော၊ သီတင်းသုံးနေထိုင်သော။ ဂုရုနာ၊ ဆရာတော်သည်၊ မြမွဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ဆော၊ ဆိုအပ်သော ကိုးဇာတ် အတိုင်းအရှည်ရှိသော ကေဒဓသကနိပါတ်ကျမ်းသည်။ နိဒ္ဒံ၊ ပြီးဆုံးခြင်းသို့၊ ဂတောဝ၊ ရောက်၏။

ဤကေဒဓသကနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရွေ့.ပြီး၏။